မန္တလေးတောင်, စေတီပုထိုး,သုဓမ္မာစရပ်တော်ကြီး, သုဓမ္မာစရပ်တန်း,
ပဌမပြန်စာမေးပွဲ, မဟာသက္ကျမာရဇိန် ကျောက်တော်ကြီး, စန္ဒမုနိဗုဒ္ဓရုပ်ပွားတော်,
ကျောက်စာတော်များ, မဟာလောကမာရဇိန် ကုသိုလ်တော်စေတီတော်ကြီး,
မဟာဇောတိကာရာမစံကျောင်းတိုက်သာသနာဝင်,
သာသနာ့ဝန်ဆောင်အာဇာနည်မထေရ်မြတ်တို့၏
သာသနာပြုလုပ်ငန်းဆောင်ရွက်တော်မူပုံများကို
ကြည်ညိုဖွယ်, သံဝေဂယူဖွယ်တို့ဖြင့်တန်ဆာဆင်အပ်သော

# မန္တလေးသာသနာဝင်

## (ကောဝီသတိမတွဲ)


ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်
အဂ္ဂမဟာပဏ္ဍိတ

## အရှင်ကေလာသ

(ဓမ္မာစရိယ၊ ဂဏဝါစက)

B.A ဝိဇ္ဇာဂုဏ်ထူး၊ သီရိလင်္ကာ


( ပြု စု ရေး သား သ ည် ။ )


သာသနာ - ၂၅၅၇ ကောဇာ - ၁၃၇၅ ခရစ် - ၂၀၁၃



အတွဲအမှတ်စဉ်(၂၀)

# ဆုတောင်းပတ္ထနာ

-----ooo-----

ဤသည့်ပုည၊ ကုသလကြောင့်၊ လောဘ,ဒေါသ၊
မောဟကင်းကွာ၊ သံသရာဝယ်၊ ကျင်ပါရဘိ၊ ပညာရှိနှင့်၊
ယှဉ်မိပေါင်းသင်း၊ ဉာဏ်မဲ့ကင်း၍၊ ပြည့်တင်းလှူဖွယ်၊
လှူစဉ်ဝယ်လည်း၊ သုံးသွယ်စေတနာ၊ ဖြောင့်ညီညာသည်
ခေမာအထွတ်တိုင်စေသောဝ် .....။

(မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး)

မယာကတာ၊ ကုသလကို၊ များလှဝေနေ၊
ရကြစေ၊ ပေးဝေအမျှသာ။

များသတ္တဝါ၊ ဝေနေယျာလည်း၊ ရောဂါခပင်း၊
ကင်းလွတ်ရှင်း၊ ငြိမ်းခြင်းရောက်စေပါ။

ကောင်းကြံဟူသမျှ၊ ပြည့်စုံကြလျှက်၊ သက္ကာယရန်၊
ပယ်သတ်ဉာဏ်၊ မြန်မြန်လင်းစေပါ။

ဒိဋ္ဌိသတ်နည်း၊ တရားကြီးလည်း၊ ငြီးငြီးထိန်ဝါ၊
မှောင်ပယ်ခွါ၊ မြန်စွာလင်းစေပါ။

မြန်စွာထွန်းပ၊ သက္ကယကို၊ ပယ်ချပြီးခါ၊
ရိယာဇာတ်တွင်း၊ ရောက်တုံလျှင်း၊ လင်းစေသာသနာ။

(အဂ္ဂမဟာပဏ္ဍိတ မဟာဗောဓိဆရာတော်ဘုရားကြီး၊ သုံးခွမြို့)

မန္တလေးတောင်, စေတီပုထိုး, သုဓမ္မာစရပ်တော်ကြီး,
သုဓမ္မာစရပ်တန်း, ပဋ္ဌမပြန်စာမေးပွဲ, မဟာသကျမာရဇိန်
ကျောက်တော်ကြီး, စန္ဒမုနိဗုဒ္ဓရုပ်ပွားတော်, ကျောက်စာတော်များ,
မဟာလောကမာရဇိန် ကုသိုလ်တော်စေတီတော်ကြီး,
မဟာဇောတိကာရာမစံကျောင်းတိုက် သာသနာ့ဝင်,
သာသနာ့ဝန်ဆောင်အာစာနည် မထေရ်မြတ်တို့၏
သာသနာပြုလုပ်ငန်း ဆောင်ရွက်တော်မူပုံများကို
ကြည်ညိုဖွယ်, သံဝေဂယူဖွယ်တို့ဖြင့် တန်ဆာဆင်အပ်သော

# မန္တလေး သာသနာ့ဝင်

## ( ကေဝိသတိမတွဲ )

## အတွဲအမှတ်စဉ်(၂၁)


ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်
အဂ္ဂမဟာပဏ္ဍိတ

**အရှင်ကေလာသ**

(ဓမ္မာစရိယ၊ ဂဏဝါစက)
B.A ဝိဇ္ဇာဂုဏ်ထူး၊ သီရိလင်္ကာ
ပြုစုရေးသားသည်။

မန္တလေးသာသနာ့ဝင်

ကေဝိသတိမတွဲ

ကျမ်းစာအုပ်အလှူရှင်

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း

သီတဂူကျောင်းအမကြီး

# ဒေါ်ယဉ်ထွေး

၏

(၇၅)နှစ်ပြည့်

စိန်ရတုမွေးနေ့ အလှူတော်

ဓမ္မဒါန–ဓမ္မပူဇာအလှူတော်ငွေ

ကျပ် သိန်း(၂၀) လှူဒါန်းပူဇော်ပါသည်။

(၄-၉-၂၀၁၃)

မန္တလေးသာသနာဝင် နှင့် အခြားကျမ်းပေါင်းများစွာတို့ကို
ရေးသားပြုစုတော်မူသော



ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်
အဂ္ဂမဟာပဏ္ဍိတ

# အရှင်ကောသလ

(ဓမ္မာစရိယ၊ ဂဏဝါစက)
B.A ဝိဇ္ဇာဂုဏ်ထူး၊ သီရိလင်္ကာ

# မန္တလေးသာသနာဝင် ကေဝိသတိမတွဲ မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | စန္ဒမုနိဘုရားသမိုင်း | ၄၄ |
| ၁၇။ | ကျောက်စာတော်များသမိုင်း | ၅၁ |
| ၁၈။ | မဟာလောကမာရဇိန်ကုသိုလ်တော် စေတီတော်ကြီး | ၆၀-၈၇ |


■

## ဒုတိယပိုင်း

### (ဒုတိယပိုင်း စာမျက်နှာ ၈၈-မှ ၁၆၆-ထိ)


| | | |
|---|---|---|
| ၁၉။ | မဟာဇောတိကာရာမစံကျောင်းတိုက်ကြီးသမိုင်း | ၈၉ |
| ၂၀။ | ယင်းကျောင်းတိုက်ကြီး၏ မဟာနာယကဆရာတော်များ ဖြစ်တော်မူကြသော- 'စန္ဒိမာဘိသိရီဓဇမဟာဓမ္မရာဇာဓိဂုရု'ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်စန္ဒိမာ၏ အဖြစ်တော်စဉ် | ၉၂ |
| ၂၁။ | 'မေဓာဘိဝံသ သဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု' စသည့် ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ပြည်ဆရာတော်ဘုရားကြီး အရှင်မေဓာ၏ အဖြစ်တော်စဉ်အကျဉ်း။ | ၉၉ |
| ၂၂။ | 'သုဒဿနဝရဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု၊ သုဒဿန ဓဇအတုလာဓိပတိ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော် ၂-ထပ်ရ ဆရာတော်ဘုရားကြီး အရှင် သုဒဿန အစရှိသော မထေရ်မြတ်တို့၏ အဖြစ်တော်စဉ် | ၁၀၁ |


■

# မန္တလေးသာသနာဝင်
# ကေဝိဩသတိမတွဲ
# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## တတိယပိုင်း
## (တတိယပိုင်း စာမျက်နှာ ၁၆၇–မှ ၁၇၄–ထိ)

၂၃။ မဟာဇောတိကာရာမစံကျောင်းတိုက် ဂဏဝါစကစာချ အကျော် အလုံဆရာတော် အရှင်ပဏ္ဍိတ, နှင့် စလင်း ဆရာတော်အရှင်ပဏ္ဍိစ္စတို့၏ အဖြစ်တော်စဉ်များ ၁၆၇-၁၇၄

■

## စတုတ္ထပိုင်း
## (စတုတ္ထပိုင်း စာမျက်နှာ ၁၇၅– မှ ၄၃၁–ထိ)

၂၅။ မဟာဇောတိကာရာမစံကျောင်းတိုက်ကြီး၌ စာသင်, စာချ၊ ၁၆-ဝါ သီတင်းသုံးတော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင် မုံရွာမြို့၊ လယ်တီဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ်။ ၁၇၅-၄၃၁

■

## ပဉ္စမပိုင်း
## (ပဉ္စမပိုင်း စာမျက်နှာ ၄၃၂– မှ ၅၄၈–ထိ)

၂၆။ မဟာဇောတိကာရာမ စံကျောင်းတိုက်တွင် ပဌမကျော် ဆရာတော် အရှင်အာဒိစ္စရံသီ (ဦးကြည်)၏ ဆရာရင်း ဆရာတော် အရှင်တေဇဝန္တာဘိဓဇ၏ အဖြစ်တော်စဉ် အကျဉ်းနှင့် မဟာဇောတိကာရာမ စံကျောင်းတိုက်၌ ကြာမြင့်စွာသီတင်း၍ စာပေသင်ကြား ချပို့တော်မူခဲ့သော

# မန္တလေးသာသနာဝင်
## ကောဝိဒသတိမတွဲ
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ရွှေရေးဆောင်ဆရာတော် အရှင်အာဒိစ္စရံသိ (ဦးကြည်)၏ အဖြစ်တော်စဉ်။ | ၄၃၃ |


■

## ဆဋ္ဌမပိုင်း
### (ဆဋ္ဌပိုင်း စာမျက်နှာ ၅၄၉-မှ ၅၆၁-ထိ)


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၇။ | မဟာဇောတိကာရာမ စံကျောင်းတိုက်ကြီး၌ ကြာမြင့်စွာ သီတင်းသုံး၍ စာပေကျမ်းဂန် သင်ကြားချပို့တော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မြင်းခြံမြို့ သက်တော်ရှည် မင်းကျောင်းဆရာတော်ဘုရားကြီး အရှင်ဝိစာရ၏ အဖြစ်တော်စဉ်။ | ၅၅၀ |
| | ၎င်းဆရာတော်ဘုရားကြီး၏ ညီအရင်းများဖြစ်ကြသော မဟာဇောတိကာရာမစံကျောင်းတိုက်ထွက် ဆယ်နှစ်မြို့ ဂိုဏ်းချုပ်ဆရာတော် အရှင်ဒေဝိန္ဒနှင့် အရှင်စက္ကိန္ဒတို့၏ အဖြစ်တော်စဉ်။ | ၅၅၉ |


■

## သတ္တမပိုင်း
### (သတ္တမပိုင်း စာမျက်နှာ - ၅၆၂-မှ ၅၈၂-ထိ)


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၈။ | မဟာဇောတိကာရာမ စံကျောင်းတိုက်ကြီး၏တိုက်ထွက် ဆင်ဖြူမရှင် မိဖုရားကြီး၏ဆရာ တောင်တွင်းကြီး ဝွေးကုန်း ဆရာတော် အရှင်ဝဏ္ဏဓဇ အဖြစ်တော်စဉ်။ | ၅၆၃ |

# မန္တလေးသာသနာဝင်

## ကောဝိဒသတိမတွဲ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| = | ဆရာတော် အရှင်လက္ခဏ၏ အဖြစ်တော်စဉ်။ | ၅၆၅ |
| = | ဆရာတော် အရှင်သီရိဓမ္မ၏ အဖြစ်တော်စဉ်။ | ၅၆၈ |
| = | ဆရာတော် အရှင်ခေမိန္ဒ၏ အဖြစ်တော်စဉ်။ | ၅၇၂ |
| = | ဆရာတော် အရှင်ပညာ၏ အဖြစ်တော်စဉ်။ | ၅၇၄ |
| = | သုမနာစာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု”ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သုမန၏ အဖြစ်တော်စဉ်။ | ၅၇၉ |
| = | လေးတန်းဆရာတော် အရှင်အာစာရ၏ အဖြစ်တော်စဉ်။ | ၅၈၁ |


■

## အဋ္ဌမပိုင်း

### (အဋ္ဌမပိုင်း စာမျက်နှာ – ၅၈၃–မှ ၆၂၈–ထိ)


၂၉။ ပုဂ္ဂိုလ်ထူးများသမိုင်း၊

| | | |
|---|---|---|
| = | ပခုက္ကူသာသနာဝင်စသည်တွင် ကျော်စောလှသော မဟာဇောတိကာရာမစံကျောင်းတိုက်ထွက် ဆရာတော် အရှင်ကိတ္တိသာရ (ဦးကြည်)၏ အဖြစ်တော်စဉ်နှင့် ဖြစ်ရပ်ဆန်းများ။ | ၅၈၄ |
| = | ပဏ္ဍာဝံသာဘိလင်္ကာရကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ပဏ္ဍာဝံသ ဖြစ်တော်စဉ်။ | ၅၉၁ |
| = | “ဝိသုဒ္ဓသီလာစာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု” စသည့် ၄-ဘွဲ့ရ တောင်ခွင်သာသနာပိုင်ဆရာတော် အရှင်ဝိသုဒ္ဓါစာရ အဖြစ်တော်စဉ်။ | ၅၉၅ |

# မန္တလေးသာသနာ၀င်
# ကေ၀ိသတိမတွဲ
# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ပဌမစာချဆရာတော် အရှင်အာဒိစ္စ (ပဌမကျော်ဆရာကြီး ဦးအုန်း)၏ အတ္ထုပ္ပတ္တိ။ | ၆၀၀ |
| = | ညောင်လေးပင်တောရဆရာတော်ကြီး အရှင်သောမ ၏ အဖြစ်တော်စဉ် | ၆၀၅ |
| = | အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်ကာဝိန္ဒ၏ အဖြစ်တော်စဉ်။ | ၆၀၇ |
| = | အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အရှင်ပဏ္ဍာဝ၏ အဖြစ်တော်စဉ်။ | ၆၁၂ |
| = | အလုံမြို့ ကြေးခေါင်းတောရတိုက်တည်ဆရာတော် အရှင်ဉာဏဝံသ၏ အဖြစ်တော်စဉ်။ | ၆၁၉ |
| = | မန္တလေးသာသနာ၀င် ကေ၀ိသတိမတွဲ အပြီးသတ်ခြင်း။ | ၆၂၄-၆၂၈ |


■ ■ ■

# သာသနာရေးဦးစီးဌာနသို့ ခွင့်တောင်းစာ (ဆ)

ဘဒ္ဒန္တကုမာရ
အဂ္ဂမဟာပဏ္ဍိတ
ပဓာနနာယကဆရာတော်
မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်
အမှတ်-၅၅၀၊ မဟာဗန္ဓုလလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၅၀ ၄၅၉၅၆ ၊ ၀၁-၃၇၀၉၆၁

ရက် နေ့

သို့/
ညွှန်ကြားရေးမှူးချုပ်
သာသနာရေးဦးစီးဌာန
သာသနာရေးဝန်ကြီးဌာန
နေပြည်တော်

အကြောင်းအရာ။ ။ သုတေသနလုပ်လိုသော ပုဂ္ဂိုလ်များအတွက် မန္တလေးသာသနာဝင်ကျမ်းစာ (အတွဲ- - - ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊)များ ရိုက်နှိပ်ထုတ်ဝေခွင့်ပြုရန်ကိစ္စ။

၁။ သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ခဲ့ကြသော ဆရာကြီးဦးလှမောင် (နိုင်ငံတော်ကောင်စီဝင်)နှင့် ဦးကြည်ညွန့်(ဒု-ဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန)တို့၏ လျှောက်ထားချက်အရ ဘုန်းကြီး၏ အနုဂ္ဂကျေးဇူးရှင် ဆရာတော်အရှင်ကေလာသ (အဂ္ဂမဟာပဏ္ဍိတ၊ ဘီအေ ဂုဏ်ထူး) မထေရ်မြတ်က ရေးသားပြုစု၍ မန္တလေးသာသနာဝင် (ပဌမတွဲ မှ ပဉ္စဝီသတိမတွဲအထိ) ၂၅-တွဲကို ရေးသားပြုစု၍ တစ်တွဲလျှင် လက်နှိပ်စက်စာမူ ငါးမူစီကို ဦးကြည်ညွန့် (ညွှန်ကြားရေးမှူးချုပ်)အား ပေးအပ်ခဲ့ပါသည်။

၂။ ယင်းစာမူများအနက် ပဌမတွဲမှ ပဉ္စမတွဲအထိသာ (ငါးတွဲကို) သာသနာရေးဦးစီးဌာနက ရိုက်နှိပ်ဖြန့်ဝေခဲ့ပါသည်။

၃။ ဘုန်းကြီးသည် ဆရာတော်၏ စာမူများဖြစ်သော-
(က) ပင်းယသာသနာဝင်ကျမ်း၊
(ခ) ဝိမုတ္တိမဂ္ဂ (သီဟိုဠ်မူမှ မြန်မာပါဠိစာမူ)
(ဂ) အဘိဓာန်နိဒါန်းစာမူတို့ကို ကွန်ပျူတာစာစီ၍ တစ်အုပ်လျှင် (၅၀၀)စီ ရိုက်နှိပ်လှူဒါန်းပူဇော်ခဲ့ပါသည်။
(ဃ) ပုဂံသာသာဝင်
(င) အင်းဝသာသနာဝင်၊
(စ) အမရပူရသာသနာဝင်ကျမ်းစာတို့ကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က ရိုက်နှိပ်ဖြန့်ဝေလျက်ရှိပါသည်။

၄။ ဆရာတော်၏ စာကြည့်တိုက်မှ မန္တလေးသာသနာဝင် (၂၁-မှ၂၅)အထိ လက်နှိပ်စက်စာမူကြမ်းများကို တာဝန်ရှိဆရာတော်များက ပေးလိုက်သဖြင့် လက်ခံရရှိခဲ့ပါသည်၊

# (၈) သာသနာရေးဦးစီးဌာနသို့ ခွင့်တောင်းစာ

၅။ ယင်းစာမူကြမ်းများကို ကွန်ပျူတာစာစီ၍ သင့်လျော်သည့်အခါ သုတေသီများလေ့လာရန် တစ်တွဲလျှင် (၃၀၀)အုပ်စီ ရိုက်နှိပ်၍ စာကြည့်တိုက်များ သုတေသီများသို့ ဓမ္မဒါနအဖြစ် လှူဒါန်းပူဇော်၍ ဆရာတော်၏ အနန္တကျေးဇူးဂုဏ်များကို ပေးဆပ်လိုပါသဖြင့် ရိုက်နှိပ်ထုတ်ဝေခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ရက်စွဲ။ ။ ၁၃၇၄-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၉)ရက်
၂၀၁၂-ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်၊ ကြာသပတေးနေ့

ဘဒ္ဒန္တ [illegible]
အဂ္ဂမဟာပဏ္ဍိတ
ပဓာနနာယကဆရာတော်
မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 370961



မိမိ၏ အနန္တကျေးဇူးရှင်

ဆရာသခင် ထေရ်အရှင်မြတ်၏

ကျေးဇူးဂုဏ်ကို အာရုံပြုရည်မှန်းလျက်

အမျိုးဘာသာ သာသနာအကျိုး

သယ်ပိုးဆောင်ရွက်လိုသော

စေတနာ သဒ္ဓါတရားသက်သက်ဖြင့်သာ

ဤ ကျမ်းစာအုပ်ကို လက်နှိပ်စက်မူမှ

(ကွန်ပျူတာစီ)ပုံနှိပ်မူသို့ ပုံနှိပ်ထုတ်ဝေ၍

ဓမ္မဒါနပြု လှူဒါန်းခြင်းဖြစ်ပါသည်။

အရှင်ကုမာရ
အဂ္ဂမဟာပဏ္ဍိတ

ရက်စွဲ။ ။၁၃၇၅-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့
၂၀၁၃-ခုနှစ်၊ အောက်တိုဘာလ(၁၈)ရက်၊ စနေနေ့။

# သာသနာရေးဦးစီးဌာနမှ ခွင့်ပြုစာ (၈၂)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

စာအမှတ်၊ ၀၁ / ၇- စာမူစိစစ်/ သသန(စာမေးပွဲ)
ရက်စွဲ ၊ ၂၀၁၂ - ခုနှစ် ၊ နိုဝင်ဘာလ ၁၆ ရက်

ဆက်ကပ်ပါရန်
ဆရာတော်ဘဒ္ဒန္တကုမာရ
(အဂ္ဂမဟာပဏ္ဍိတ)
သိမ်တော်ကြီးပရိယတ္တိစာသင်တိုက်
အမှတ်၅၅၀၊ မဟာဗန္ဓုလလမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

အကြောင်းအရာ။ ပုံနှိပ်ခြင်းမပြုရသေးသည့် မဇ္ဈေလေးသာသနာဝင်ကျမ်းများ ပုံနှိပ်ခွင့်ပြုရန် မေတ္တာရပ်ခံလာခြင်းကိစ္စပါဘုရား

၁။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းတိုက်၊ ကျမ်းပြုဆရာတော်ဘဒ္ဒန္တကေလာသ (အဂ္ဂမဟာပဏ္ဍိတ၊ ဘီအေဂုဏ်ထူး) ရေးသားပြုစုခဲ့သည့် ပုံနှိပ်ကျန်ရှိနေသော မဇ္ဈေလေးသာသနာဝင်ကျမ်း (အတွဲ-၂၁ မှ ၂၅ထိ) လက်နှိပ်စက်စာမူများကို ကျမ်းပြုဆရာတော်၏ စာကြည့်တိုက်မှ ရရှိထားသဖြင့် သာသနာရေးဦးစီးဌာနမှ ရိုက်နှိပ်ရန် အစီအစဉ်မရှိသေးပါက စောင်ရေ(၃၀၀)စီပုံနှိပ်၍ ဓမ္မဒါန လှူဒါန်းလိုပါကြောင်း မေတ္တာရပ်ခံစာကို လက်ခံရရှိပါသည်ဘုရား။

၂။ ဆရာတော်ပြုစုသော ကျမ်းစာများသည် သုတေသီပုဂ္ဂိုလ်များအတွက် အကျိုးများ၍ ရှားပါးသော ကျမ်းစာများဖြစ်ပါသဖြင့် ဆရာတော်၏ဆန္ဒအတိုင်း ပညာပါရမီ ကုသိုလ်ဒါနပြုနိုင်ပါကြောင်းနှင့် ပုံနှိပ်ပြီးကျမ်းစာများကိုလည်း သာသနာရေးဝန်ကြီးဌာန လက်အောက်ရှိ စာကြည့်တိုက်များသို့ လှူဒါန်းနိုင်ပါရန် ရိုသေစွာလျှောက်ထားအပ်ပါသည်ဘုရား။

(မိုးဇော်ရှု)
ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို
- ညွှန်ကြားရေးမှူး၊စာမေးပွဲဌာနခွဲ၊ သာသနာရေးဦးစီးဌာန
  (ဆရာတော်၏ မဇ္ဈေလေးသာသနာဝင်အမှတ်-၆မှ ၁၈ထိစာမူများ ကျမ်းပြုဌာနခွဲ၌ ရှိ/မရှိ စိစစ်တင်ပြပေးရန်)
- လက်ခံစာတွဲ
- မျှောစာတွဲ

Win 7 D:\Myanmar-3\ppw (z).doc(21)

# မန္တလေးသာသနာဝင် ကေဝီသတိမတွဲ ဖြစ်ပေါ်လာပုံ

မိမိ၏ အနန္တကျေးဇူးရှင် ဖြစ်တော်မူသော ဆရာတော် အရှင်ကေလာသ (ဓမ္မာစရိယ, ဂဏဝါစက၊ B.A.ဂုဏ်ထူး သီရိလင်္ကာ, အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်သည် ဝီရိယဓာတ် လွန်ကဲတော်မူလှပါသည်။ နေ့စဉ် ဓာတွတ္ထသင်္ဂဟ, အဘိဓာနပ္ပဒီပိကာ, ဓမ္မပဒ, အပါဒါန်အစရှိသော အာဂုမ်နှုတ်တက် အရကျက်ထားသော ကျမ်းစာများကို ပြန်လှန်အလွတ်ရွတ်ဆိုခြင်း အစရှိသော စာကျက်စာပြန် လုပ်ငန်းတို့ကိုလည်း ပရိစယ အာသေဝနသတ္တိ ဖြစ်အောင်အားထုတ်တော်မူပါသည်။ နိကာယ်ပိဋကတ်တော်တို့ကို ချပို့ရန် အတွက် ပြင်ဆင်ခြင်း လုပ်ငန်း၊ ကျမ်းစာပြုစုရေးသားမှုလုပ်ငန်းတို့ဖြင့်သာ လူ့ဘဝ၏အချိန်ကို တန်ဖိုးရှိရှိ အသုံးချနိုင်သော ပုဂ္ဂိုလ်မြတ်ဖြစ်ပါသည်။

၁၇၇၃-ခုနှစ်၊ ဝါဆိုပြီးချိန်၌ နောင်တော်အရင်းပမာဖြစ်သော ဝိမုတ္တိတောင်ဆရာတော် အရှင်ဇောတိကထေရ်၏ ကျန်းမာရေးကိစ္စကို ကြည့်ရှုရန်နှင့် မဟာဝံသပါဠိ(သီဟိုဠ်မူ)စာအုပ်ကို ခေတ္တငှါးရမ်းလိုမှု အစရှိသောကိစ္စဖြင့် ပခုက္ကူသို့သွားရောက်ခဲ့ပါသည်။ မဟာဝံသပါဠိစာအုပ်လည်း အရှင်ပညာသီဟ (ဂဏဝါစက)ထေရ်၏ ကူညီရှာဖွေပေးမှုကြောင့် ရရှိခဲ့ပါသည်။ အရှင်ပညာသာမိ (ဂဏဝါစက၊ သဒ္ဓမ္မဇောတိက)နှင့် အရှင်ပညာသီဟ (ဂဏဝါစက၊ တိပိဋကာလင်္ကာရ)ထေရ်များက ကျေးဇူးတော်ရှင် ဆရာတော်ဘုရား၏ မန္တလေးသာသနာဝင် (တိုက်ပရိုက်တာစာမူကြမ်း)များကို ရှာဖွေစုဆောင်းထားကြပြီး မပျောက်မပျက်စေရန် တပါတည်းယူသွားဖို့ လျှောက်ထားကြသဖြင့် မိမိလည်း စာအုပ်များကို ကတ္တူပုံးဖြင့် ထည့်၍ယူခဲ့ပါသည်။ တပည့်-အရှင်တေဇောဘာသ (ဓမ္မာစရိယ၊ M.A. )က ကွန်ပျူတာစာစီပေးပါမည်ဟု လျှောက်ထားသဖြင့် တွေ့ရှိသည့်စာမူများကို ကောက်ယူပြီးပေးလိုက်ပါသည်။ ကွန်ပျူတာစာစီမူများကို ရရှိလာသည့်အခါမှ မန္တလေးသာသနာဝင်၊ စတုဝီသတိမတွဲ ဖြစ်နေသည်ကို သိရပါသည်။

ထိုအချိန်မှစ၍ ကတ္တူပုံးထဲကစာမူများကို တစ်တွဲစီထုတ်၍ စိစစ်ကြည့်

သည့်အခါ ဧကဝီသတိမတွဲ-မှ ပဥ္စဝီသတိမတွဲအထိ စာအုပ် ၅-အုပ်စာ ဖြစ်နေကြောင်း သိရှိရပါသည်။ ကွန်ပျူတာစာစီလုပ်ငန်း အတော်အသင့် ပြီးစီးနေသဖြင့် ပြီးစီးသည့်ကျမ်းစာမှစ၍ စာအုပ်အဖြစ် ရိုက်နှိပ်ရန် ဆုံးဖြတ်ရပါတော့သည်။ သို့ဖြင့် မန္တလေးသာသနာဝင် အတွဲ-၂၄ (စတုဝီသတိမတွဲ) ကို ၂၀၁၃-ခုနှစ်၊ ဇူလိုင်လတွင် ရှေးဦးစွာ အုပ်ရေ (၅၀၀)ကျော် ထုတ်ဝေလှူဒါန်းနိုင်ခဲ့ပြီး ယခုအခါ ၂၀၁၃-ခုနှစ်၊ စက်တင်ဘာလတွင် မန္တလေးသာသနာဝင် 'ဧကဝီသတိမတွဲ'ကျမ်းကို ဒုတိယအကြိမ်အဖြစ် ထုတ်ဝေ လှူဒါန်းခြင်းဖြစ်ပါသည်။

မန္တလေးသာသနာဝင်ကျမ်းစာ ပဌမတွဲမှ ပဥ္စဝီသတိမတွဲအထိ ကျမ်းစာများကို သာသနာရေးဦးစီးဌာနသို့ ဆရာတော် သက်တော်ထင်ရှားရှိစဉ်က ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းကျမ်းစာများအနက် ပဌမတွဲမှ ပဥ္စမတွဲအထိ စာအုပ်အဖြစ် သာသနာရေးဦးစီးဌာနက ရိုက်နှိပ်ထုတ်ဝေပြီးဟု သိရပါသည်။ ကျန်အတွဲများ ယခုအချိန်အထိ ထုတ်ဝေသည်ကို မတွေ့ရပါ။

ထို့ကြောင့် မန္တလေးသာသနာဝင် (စာမူကြမ်း) ၅-တွဲကို သုတေသီတို့အတွက် ရိုက်နှိပ်လှူဒါန်းခွင့်ပြုပါရန် (နိုဝင်ဘာ ၈-ရက်၊၂၀၁၂)နေ့စွဲပါ စာဖြင့် ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာနသို့ တင်ပြခွင့်တောင်းခဲ့ပါသည်။ (နိုဝင်ဘာ ၁၆-ရက်၊၂၀၁၂)နေ့စွဲပါစာဖြင့် ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာနက ခွင့်ပြုခဲ့ပါသည်။ စာမူများသည် ဆရာတော်ဘုရား ပြန်လည် စိစစ်ခြင်းမရှိသော လက်နှိပ်စက်စာမူများဖြစ်ပါသည်။ သို့ဖြစ်၍ လက်နှိပ်စက်စာမူများကို မိမိသင့်သလို ပြန်လည်စီစစ်၍ စာအုပ်အဖြစ် ရိုက်နှိပ်လှူဒါန်းခြင်း ဖြစ်ပါသည်။

ပြန်လည်စီစစ်ရန်ကိစ္စမှာ - မိမိမကျွမ်းကျင်သော လုပ်ငန်းဖြစ်နေ၍ မစိစစ်နိုင်တော့ပါ၊ သုတေသီများ လိုအပ်သလို အသုံးပြုနိုင်ရန် ရိုက်နှိပ်လှူဒါန်းခြင်း ဖြစ်ပါသည်။ သို့အတွက် လိုအပ်ချက်များ မှားယွင်းချက်များ အသင့်အတင့်ပါရှိနေသည်ကို ပြင်ဆင်၍ အသုံးပြုတော်မူပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မိမိသည် ဆရာသခင် အနန္တကျေးဇူးရှင်၏ ဗုဒ္ဓသာသနာ့သမိုင်း မှတ်တိုင်များအဖြစ် စိုက်ထူခဲ့သော ကျမ်းစာတို့ကို အနန္တကျေးဇူးဂုဏ်တော်များကို တတ်

နိုင်သမျှ ပူဇော်လိုသဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ထိုကျမ်းစာများ ထွက်ပေါ်လာရေးအတွက် အရှင်တေဇိန္ဒာစာရ (ဓမ္မာစရိယ၊ M.A မဟာစည်)၊ အရှင်တေဇောဘာသ (ဓမ္မာစရိယ၊ M.A, Ph.D (Thesis) )နှင့် တပည့်-ကျောင်းသား မောင်အောင်ကျော်ဇော-တို့က စိတ်ရှည်ရှည်ဖြင့် ကွန်ပျူတာစာစီပြီးကျမ်းစာ လက်နိုပ်စက် မူကြမ်းများမှတစ်ဆင့် ကွန်ပျူတာစာမူဖြစ်အောင် ဆောင်ရွက်ပေးကြပါသည်။ ကွန်ပျူတာစာစီ အချောမူများဖြစ်အောင် ဆရာ့တပည့် (မြစ်ကျိုး)က ပြန်လည်ပြင်ဆင် မွမ်းမံပေးပါသည်။

တပည့်ဖြစ်သူ- ဒေါက်တာအရှင်ဥက္ကဋ္ဌ (ဆရာ့တပည့်-မြစ်ကျိုး)နှင့် အရှင်နန္ဒသီရိ(ရွှေမြေ-နန္ဒ)တို့က ကျမ်းစာအုပ်ပုံစံဖြစ်အောင် အဖက်ဖက်က ပံ့ပိုးဆောင်ရွက်ပေးကြပါသည်၊ စေတနာရှင်များက ထက်ထက်သန်သန်ဖြင့် လှူဒါန်းထောက်ပံ့ကြပါသည်။ ပုံနှိပ်တိုက်, စာအုပ်ချုပ် လုပ်အားရှင်များကလည်း ပံ့ပိုးကူညီကြပါသည်။ ဤအကြောင်းတရားပေါင်းများစွာ၏ ကျေးဇူးပြုမှုကြောင့် ကျမ်းစာအုပ်အဖြစ် ဒုတိယအကြိမ် ပေါ်ထွက်လာသော "မန္တလေးသာသနာဝင်၊ ဧကဝီသတိမတွဲ" မိမိ၏ အနန္တကျေးဇူးရှင်၏ သာသနာပြုလုပ်ငန်းကို သုတေသီတို့လက်သို့ အရောက် ပို့ဆောင်ပေးလိုက်ပါသည်။ ကျေးဇူးတင်ထိုက်သူ ပုဂ္ဂိုလ်အားလုံးတို့ကိုလည်း ကျေးဇူးတင် ဝမ်းမြောက်ဝမ်းသာစွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။

**သုဇနာနံ ပသာဒါယ၊ သုဇနေသု ဝိရုဠှိယာ။**
**သုဇနာနံ ကမ္မံ ကတွာ၊ ပဏ္ဍိတာ သုဇနာ သဒါ။**

**အရှင်ကုမာရ**
**(အဂ္ဂမဟာပဏ္ဍိတ)**
**ဒုတိယပါမောက္ခချုပ်ဆရာတော်**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)**
**၁၉-၉-၂၀၁၃၊ ကြာသပတေးနေ့။**

# မန္တလေးသာသနာ၀င် ကေ၀ီသတိမတ္တွဲ ကျမ်းဦးမှတ်ဖွယ်

မန္တလေးသာသနာ၀င် ၀ိသတိမတ္တွဲကျမ်းကြီး ပြုစုရေးသားပြီးသဖြင့် မန္တလေး သာသနာ၀င် ကေ၀ီသတိမတ္တွဲကျမ်းကြီးကို ဆက်လက်ပြုစုရေးသား စီရင်သုတ်သင် တည်းဖြတ်ရာပြီးစီးခဲ့ပြန်လေသည်။ ဤမန္တလေး သာသနာ၀င် ကေ၀ီသတိမတ္တွဲကျမ်း ကြီးကိုပြုစုရေးသားရာ၌ ပါဠိ, မြန်မာ, သီဟိုဠ်ဘာသာကျမ်းစာ အမျိုးအစား မှတ်စုမှတ်ရာပေါင်းများစွာတို့ကို ကြည့်ရှုလေ့လာရေးသားရသည်။

မန္တလေးသို့ အခေါက်ခေါက်အခါခါသွား၍လည်း လေ့လာရသည်။ မိမိသည် ဤမန္တလေး သာသနာ၀င် ကေ၀ီသမတ္တွဲကျမ်းကြီးကို–

၁။ ပဌမပိုင်း
၂။ ဒုတိယပိုင်း
၃။ တတိယပိုင်း
၄။ စတုတ္ထပိုင်း
၅။ ပဉ္စမပိုင်း
၆။ ဆဋ္ဌပိုင်း
၇။ သတ္တမပိုင်း
၈။ အဋ္ဌမပိုင်း အားဖြင့် ၈–ပိုင်း သတ်မှတ်ပိုင်းခြား၍ ပြုစုရေးသား ပါသည်။

## ပဌမပိုင်း၌ ပါ၀င်သည့်အကြောင်းအရာများ

ယင်း ၈– ပိုင်းအနက် ပဌမပိုင်းတွင် မန္တလေးတောင်သမိုင်း, မန္တလေး တောင်ရှိစေတီပုထိုး စသည့်အဆောက်အအုံများသမိုင်း, သုဓမ္မာစရပ်တော်ကြီး သမိုင်း, မင်းတုန်းမင်း သီပေါမင်းလက်ထက် ပဌမပြန်စာမေးပွဲများကျင်းပပုံ, သုဓမ္မာစရပ်တန်းကြီးသမိုင်း, မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားသမိုင်း, စန္ဒမုနိဘုရားသမိုင်း, ကျောက်စာတော်များသမိုင်း, မဟာလောကမာရဇိန်ကုသိုလ် တော် စေတီတော်ကြီးသမိုင်း စသည်တို့ ပါရှိလေသည်။

## ဒုတိယပိုင်း၌ ပါဝင်သည့်အကြောင်းအရာများ

ဒုတိယပိုင်း၌ မဟာဇောတိကာရာမစံကျောင်းတိုက်ကြီးသမိုင်း၊ ယင်း မဟာဇောတိကာရာမစံကျောင်းတိုက်ကြီး၏ မဟာနာယကဆရာတော်များဖြစ်တော်မူကြသော ''စန္ဒိမာဘိသိရီဓဇမဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်စန္ဒိမာအဖြစ်တော်စဉ်, ''မေဓာဘိဝံသ သဒ္ဓမ္မဓဇမဟာဓမ္မ ရာဇာဓိရာဇဂုရု'' စသည့်ဘွဲ့တံဆိပ်တော် ၃ ထပ်ရ ပြည်ဆရာတော်ဘုရားကြီးအဖြစ်တော်စဉ်အကျဉ်း, ''သုဒဿနဝရဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု, သုဒဿနဓဇ အတုလာဓိပတိ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော် ၂-ထပ်ရ ဆရာတော်ဘုရားကြီး အရှင်သုဒဿန အစရှိသော မဟာထေရ်မြတ်တို့၏ အဖြစ်တော်စဉ်တို့ ပါရှိလေသည်။

## တတိယပိုင်း၌ပါဝင်သည့် အကြောင်းအရာများ

တတိယပိုင်းတွင် မဟာဇောတိကာရာမစံကျောင်းတိုက် ဂဏဝါစကစာချ အကျော်အလုံဆရာတော် အရှင်ပဏ္ဍိတ, စလင်းဆရာတော် အရှင်ပဏ္ဍိစ္စတို့၏ အဖြစ်တော်စဉ်များ ပါရှိလေသည်။

## စတုတ္ထပိုင်း၌ပါဝင်သည့်အကြောင်းအရာများ

စတုတ္ထပိုင်း၌ မဟာဇောတိကာရာမစံကျောင်းတိုက်ကြီး၌ စာသင်, စာချ ၁၆-ဝါ သီတင်းသုံးတော်မူခဲ့သော ''အဂ္ဂမဟာပဏ္ဍိတ'' ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင် မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ်ကို စုံလင်စွာ ဖော်ပြထားရာ စာရှုသူတို့ လွန်စွာစိတ်ဝင်စားဖွယ်ရာ ဖတ်ရှုလေ့လာရပါလိမ့်မည်။

## ပဥ္စမပိုင်း၌ ပါဝင်သည့်အကြောင်းအရာများ

ပဥ္စမပိုင်း၌ မဟာဇောတိကာရာမစံကျောင်းတိုက်တွင် ပဌမကျော်ဆရာတော် အရှင်အာဒိစ္စရံသီ (ဦးကြည်)၏ဆရာရင်း ဆရာတော် အရှင်တေဇဝန္တာဘိဓဇ၏ အဖြစ်တော်စဉ် အကျဉ်းနှင့် မဟာဇောတိကာရာမ စံကျောင်းတိုက်၌ ကြာမြင့်စွာ သီတင်းသုံး၍ စာပေသင်ကြားချပို့တော်မူခဲ့သော ရွှေရေးဆောင်ဆရာတော် အရှင် အာဒိစ္စရံသီ (ဦးကြည်)၏အဖြစ်တော်စဉ်ကို ကျယ်ဝန်းစွာ ဖော်ပြထားပါသည်။

## ဆဋ္ဌပိုင်း၌ ပါဝင်သည့် အကြောင်းအရာများ

ဆဋ္ဌပိုင်း၌ မဟာဇောတိကာရာမစံကျောင်းတိုက်၌ ကြာမြင့်စွာ သီတင်းသုံး စာပေကျမ်းဂန် သင်ကြားချပို့တော်မူခဲ့သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ မြင်းခြံမြို့ သက်တော်ရှည် မင်းကျောင်းဆရာတော် ဘုရားကြီး အရှင်ဝိစာရ၏ အဖြစ်တော်စဉ်, ၎င်းဆရာတော်ဘုရားကြီး၏ ညီအရင်းများဖြစ်ကြသော မဟာ ဇောတိကာရာမ စံကျောင်းတိုက်ထွက် ဆယ့်နှစ်မြို့ဂိုဏ်းချုပ်ဆရာတော် အရှင် ဒေဝိန္ဒ၏ အဖြစ်တော်စဉ်, ဂိုဏ်းထောက်ဆရာတော် အရှင်စက္ကိန္ဒတို့၏ အဖြစ် တော်စဉ်တို့ ပါရှိလေသည်။

## သတ္တမပိုင်း၌ ပါဝင်သည့် အကြောင်းအရာများ

သတ္တမပိုင်း၌ မဟာဇောတိကာရာမစံကျောင်းတိုက်ထွက် ဆင်ဖြူမရှင် မိဖုရား၏ဆရာ တောင်တွင်းကြီး ငွေးကုန်းဆရာတော် အရှင်ဝဏ္ဏဓဇ အဖြစ်တော် စဉ်, "ဥဘတောဝိဘင်္ဂရေရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်လက္ခဏ အဖြစ်တော်စဉ်, အရှင်သီရိဓမ္မအဖြစ်တော်စဉ်, ဓမ္မာစရိယဂိုဏ်းထောက်ဆရာတော် အရှင်သုမန အဖြစ်တော်စဉ်, "ရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ အရှင်ခေမိန္ဒ အဖြစ်တော်စဉ်, "ပညာရံသီဘိ သာသနဓဇသိရီပဝရ" နန်းမတော်စာချဆရာတော် အရှင်ပညာ အဖြစ်တော်စဉ်, "သုမနာစာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ် တော်ရ ဆရာတော်အရှင်သုမန အဖြစ်တော်စဉ်နှင့် လေးတန်းဆရာတော် အရှင်အာစာရ၏ အဖြစ်တော်စဉ်တို့ သံဝေဂယူဖွယ်နှင့်တကွ ပါရှိလေသည်။

## အဋ္ဌမပိုင်း၌ ပါဝင်သည့် အကြောင်းအရာများ

အဋ္ဌမပိုင်း၌ ပုဂ္ဂိုလ်ထူးများသမိုင်းနှင့် ပခုက္ကူသာသနာဝင်စသည်တွင် ကျော်ဇောလှသော မဟာဇောတိကာရာမစံကျောင်းတိုက်ထွက် ဆရာတော် အရှင် ကိတ္တိသာရ (ဦးကြည်)၏ အဖြစ်တော်စဉ်နှင့် အံ့ဩဖွယ်ရာအဖြစ်ဆန်းများ "ပဏ္ဍာ ဝံသာဘိလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ပဏ္ဍာဝံသ အဖြစ်တော်စဉ်, "ဝိသုဒ္ဓသီလာစာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇ ဂုရု" စသည့် ဘွဲ့တံဆိပ်တော် ၄-ထပ်ရ တောင်ခွင်သာသနာပိုင်ဆရာတော် ဘုရားကြီး အရှင်ဝိသုဒ္ဓါစာရ အဖြစ်တော်စဉ်, ပဋ္ဌမကျော် စာချဆရာတော်

အရှင်အာဒိစ္စ (ပဌမကျော်ဆရာကြီးဦးအုံး) ၏ အတ္တုပ္ပတ္တိ, ညောင်လေးပင်တောရ ဆရာတော် အရှင်ပရမ၏ အဖြစ်တော်စဉ်, အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ အရှင်ပဏ္ဍဝအဖြစ်တော်စဉ်, အလုံမြို့ ကြေးခေါင်းတောရတိုက်တည်ဆရာတော် အရှင်ဉာဏဝံသ၏ အဖြစ်တော်စဉ်တို့ ပါရှိလေသည်။

## မပေါ်စဖူး ထူးခြားစွာပေါ်လာသောကျမ်းကြီး

ဤမည်သောအပိုင်းကဏ္ဍ ပရိစ္ဆေဒအပေါင်း ၈– ခုတို့ဖြင့် တန်ဆာဆင်၍ ပြုစီရင်အပ်သော မန္တလေးသာသနာဝင် ကေဝီသတိမတွဲကျမ်းကြီးသည်လည်း သာသနာတော်၌ ရှေးယခင်က မပေါ်စဖူးထူးခြားစွာ ပေါ်ထွက်လာလေပြီ သာသနာတော်၌ ဖြစ်ခဲ့သောအံ့ဖွယ်၊ အတုယူဖွယ်ရာ အကြောင်းအရာများ၊ သံဝေဂဖြစ်ဖွယ်ရာအကြောင်းအရာများကို မန္တလေးသာသနာဝင် စာတော်ဖတ်တို့ ဖတ်ရှုတွေ့ရှိရမည် ဖြစ်ပေသည်။

## အတုယူသာသနာပြုတော်မူကြရန် ဆန္ဒပြုခြင်း

ဤမန္တလေးသာသနာဝင် ကေဝီသတိမတွဲကျမ်းကြီး၌ အတုယူစရာတွေ များစွာပါရှိလေသည်။ ယင်း များလှစွာသော အတုယူစရာများအနက် မိမိအလိုရှိရာ နှစ်သက်ရာ ဆရာတော်များ၏ လုပ်ဆောင်ပုံကို အတုယူကာ ဘုရားမြတ်စွာ သာသနာတော်မြတ်ကြီးကို သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်နိုင်ပါစေ ဟု ဆန္ဒပြုပါသတည်း။

**ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေသို့ ထွန်းစေသော်....။**


**အရှင်ကေလာသ**

ဓမ္မစရိယ၊ ဂဏဝါစက၊ B.A (ဂုဏ်ထူး–သီရိလင်္ကာ)

သာသနဇောတိပါလကျောင်း

မဟာဝိသုတာရာမတိုက်

ပခုက္ကူမြို့။


၁၃၄၈–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆–ရက်။

# မန္တလေးသာသနာဝင်
# ကေဝီသတိမတွဲ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

---

## ဗုဒ္ဓပူဇာမ

**သာသနံ ပဋ္ဌပေတွာန၊ စိရံ ဌာဒံ သုမာပယိ။**
**ဝန္ဒာမိ သိရသာ တမ္ပိ၊ ဂန္ထကိစ္စေ သုသံယုတော။**

ယောဘဂဝါ၊ ဘုန်းတော်သရဖူဆောင်းတော်မူသည့် အောင်သူဥက္ကဋ္ဌ အကြွင်ဘုရားရှင်ကိုယ်တော်မြတ်သည်။ သာသနံ–သာသနဝံသံ၊ သဒ္ဓမ္မသုံးဖြာ သာသနာတော်အနွယ်အဆက်ကို။ ပဋ္ဌပေတွာန၊ ကရုဏာရှေးရှု တည်ထားဖြစ်စေတော်မူပြီး၍။ ဌာဒံ၊ ဤသဒ္ဓမ္မသုံးဖြာ သာသနာတော်ကို။ စိရံ၊ မြင့်ရှည်များမြောင် နှစ်ငါးထောင်ရှည် ကာလတည်အောင်။ သုမာပယိ၊ ဝေနေများစွာ သတ္တဝါအား သံသာနှောင်ညွတ် လွတ်ရန်ရည်ရော် ဖန်ဆင်း တည်ထောင်တော်မူခဲ့လေပြီ။ တမ္ပိဘဂဝန္တံ၊ ဘုန်းတော်သရဖူ ဆောင်းတော်မူသည့် အောင်သူဥက္ကဋ္ဌ ထိုဘုရားရှင် ကိုလည်း။ ဂန္ထကိစ္စေ၊ စာကျက်စာပြန် ကျမ်းဂန်ရေးပြု စာချမှုကိစ္စ၌။ သုသံယုတော၊ ပညာသံဝဏ္ဏနိက ရှေးကမ္ဘကြောင့် နှေ့ညမကွာ ယှဉ်ခွင့်ပြုခွင့်ကိုရရှိပါသော။ အဟံ၊ အရှင်ကေလာသ နာမသမုတ် အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ ဝန္ဒာမိ၊ ရှိသေမြတ်နိုး ရှိခိုးပါ၏။

(မိမိသည် မန္တလေးသာသနာဝင် ဝီသတိမတွဲကျမ်းကြီး ရေးသားပြုစုပြီး၍ မန္တလေးသာသနာဝင် ကေဝီသတိမတွဲကျမ်းကြီးကို ဆက်လက်ပြုစုစီရင်ရာ၌ အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက်ခြင်းကို လွန်စွာ အလိုရှိပါသည်။ သို့ဖြစ်၍ ''သာသနံ ပဋ္ဌပေတွာန'' အစရှိသောဂါထာဖြင့် ဘုရားမြတ်စွာအား ရှိခိုးဦးချပါသည်။ ယင်းသို့ ဘုရားရှင်အား ရှိခိုးဦးချ ပူဇော်ရသဖြင့် ဗုဒ္ဓါရမ္မဏပီတိတွေရပြီး ကာယဗလ၊ ဉာဏဗလတွေနှင့်ပြည့်စုံပြီး မန္တလေးသာသနာဝင် ကေဝီသတိမတွဲကျမ်းကြီး ပြီးဆုံး အောင်မြင်အောင် ပြုစုရေးသားနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။)

■ ■ ■

## ဓမ္မပ္ပဏာမ

ဗုဒ္ဓေါပိ ဘာဝေတွာ စေဝ၊ သစ္ဆိကတွာ နိရုန္တရုံ။
တံ ဓမ္မံ အဘိဝန္ဒာမိ၊ ဗုဒ္ဓတ္တံ သမုပါဂတော။

ဗုဒ္ဓေါပိ၊ သစ္စာလေးပါး တရားသိမြင် ဘုရားရှင်သည်သော်မှလည်း။ ယံ ဓမ္မံ၊ အကြင်မဂ်ဖိုလ် နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်မြတ်ကို။ နိရုန္တရုံ၊ အစဉ်မပြတ် ကြားမလပ်အောင်။ ဘာဝေတွာ စေဝ၊ ဖြစ်စေ ပွားစေ တော်မူပြီး၍လည်းကောင်း။ သစ္ဆိကတွာ၊ ကိုယ်ထိလက်ရောက် မျက်မှောက်ပြု တော်မူပြီး၍လည်းကောင်း။ ဗုဒ္ဓတ္တံ၊ ဘုရားမြတ်စွာ၏အဖြစ်သို့။ ဝါ၊ ဘုရားမြတ်စွာ၏ ဖြစ်ကြောင်းဖြစ်ရာ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်သို့။ သမုပါဂတော၊ ကိလေသာစက် သုံးထောင်ဝက်ဟူ ရန်သူအလုံး ချေမှုန်းဖျက်ဖျောက် ရောက် တော်မူခဲ့လေပြီ။ တံ ဓမ္မံ အပိ၊ ထိုမဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်မြတ်ကိုလည်း။ အဘိဝန္ဒာမိ၊ ဘယ လာဘ စသည်အပြစ် မညစ်မလူး အထူးအားဖြင့် ရှိခိုးပါ၏။

(ဘုရားမြတ်စွာအား ရှိခိုးပြီး ''ဗုဒ္ဓေါပိ ဘာဝေတွာ စေဝ'' အစရှိသော ဂါထာဖြင့် တရားတော်အားလည်း ရိုသေမြတ်နိုး ရှိခိုးပါသည်။ တရားတော်အား ရှိခိုးရသဖြင့် ပိုမို၍ ကာယစွမ်းအင်၊ ဉာဏစွမ်းအင် ထက်မြက်ပြီး အနှောက်အယှက် မရှိဘဲ မန္တလေးသာသနာဝင် ကေဝီသတိမတွဲကျမ်းကြီးအပြီးတိုင် ရေးသားနိုင်လိမ့် မည်ဟု ယုံကြည်ပါသည်။)

■ ■ ■

# သံဃပဏာမ

**ဩရသာနံ မုနိန္ဒဿ၊ မာရသေနဝိဃာတိနံ။**
**ပုတ္တာနံ အရိယသံဃံပိ၊ ဂဏံ ဝန္ဒာမိ အာဒရံ။**

မုနိန္ဒဿ၊ မုနိငါးဦး အမျူးခေါင်ဖွေ ပရမေထွတ်ထား မြတ်စွာဘုရား၏။ ဩရသာနံ၊ တရားရင်နှစ် သားတော်အစစ်ဖြစ်တော်မူကြကုန်သော။ မာရသေန ဝိဃာတိနံ၊ မာရ်နတ် မာရ်နတ်၏ကိလေသာ စစ်သည် အလုံးကို ချေမှုန်းဖျောက် ဖျက်တော်မူကြကုန်သော။ ပုတ္တာနံ၊ သားတော်တို့၏။ ဂဏံ၊ သချ်ာတွက်စစ် ရှစ်ယောက်အပေါင်းဖြစ်သော။ သံဃံ ပိ၊ အရိယာသံဃာတော်မြတ်ကိုလည်း။ အာဒရံ၊ လေးမြတ်ကြည်ညို ရိုသေလှစွာ။ ဝန္ဒာမိ၊ သဒ္ဓါအစွမ်း ပညာလွှမ်းလျှက် ချီးမွမ်းပါ၏။ ဝါ၊ ရှိခိုးပါ၏။

(ဘုရားရှင်နှင့်တရားတော်အားရှိခိုးပြီး “ဩရသာနံ မုနိန္ဒဿ” အစရှိသော ဂါထာဖြင့် မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန်သော အရိယာသံဃာတော်မြတ်အပေါင်း ကိုလည်း ရှိခိုးပါသည်။ ယင်းသို့ အရိယာသံဃာတော်မြတ်တို့ကို ရှိခိုးရသဖြင့်လည်း အန္တရာယ်တစ်စုံတရာမသန်းဘဲ မန္တလေးသာသနာဝင် ကေဝီသတိမတွဲကျမ်းကြီး ပြီးမြောက် အောင်မြင်အောင် ပြုစုစီရင်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။)

■ ■ ■

# အာစရိယပူဇာမ

နမာမိ ထေရသေဋ္ဌေပိ၊ တိပေဋကဝိသာရဒေ။
သီလာဒိဂုဏသံယုတ္တေ၊ ထေရေသု နိန္နမာနသော။

ထေရေသု၊ ကျေးဇူးရှင် မဟာထေရ်မြတ်တို့၌။ နိန္နမာနသော၊ ညွတ်ယိမ်းကိုင်းရှိုင်းသော စိတ်ရှိသော။ အဟံ၊ အရှင်ကေလာသ နာမသမုတ် အကျွန်ုပ်သည်။ တိပေဋကဝိသာရဒေ၊ ပိဋကသုံးပုံ ပါဠိအဋ္ဌကထာ ဋီကာအခန်းခန်း ကျမ်းဂန်များ၌ ရွံ့ရှာခြင်း ကင်းတော်မူကြကုန်သော။ သီလာဒိဂုဏသံယုတ္တေ၊ သီလသမာဓိ ပညာဂုဏ်နှင့် ယှဉ်တော်မူကြကုန်သော။ ထေရသေဋ္ဌေပိ၊ ပခုက္ကူမြို့ မဟာဝိသုတာ ရာမတိုက် တိုက်အုပ် ဆရာတော် အရှင်နန္ဒိယ၊ မန္တလေးမြို့ တောင်ပြင်ဒက္ခိဏာ ရာမတိုက် အမရပူရကျောင်း နိုင်ငံတော်သံဃမဟာနာယကဆရာတော် အရှင် ဥက္ကံသာဘိဝံသဟူသော မထေရ်မြတ်တို့ကိုလည်း။ နမာမိ၊ ရိုသေမြတ်နိုး ရှိခိုးပါ၏။

(မိမိသည် ပျံလွန်တော်မူကြပြီးဖြစ်သော ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ, မန္တလေးမြို့ တောင်ပြင်ဒက္ခိဏာရာမတိုက် အမရပူရကျောင်း နိုင်ငံတော်သံဃမဟာနာယကဆရာတော် အရှင်ဥက္ကံသာဘိဝံသ စသော ဆရာတော်သခင် ကျေးဇူးရှင်တို့၏ ဂန္ထန္တရအဝဝကို ချပို့သင်ပြပေးမှုကြောင့် ချပို့လိုသည့် နေ့ဝါညဝါကျမ်းစားများ, ရေးသားလိုသည့်ကျမ်းစာများကိုချပို့ ရေးသားနိုင်ပါသည်။ သို့ဖြစ်၍ ကျေးဇူးကြီးမားလှသော ထိုဆရာတော်ဘုရားတို့ကို လည်း ရှိခိုးပါသည်။)

■ ■ ■

## အဘိယာစက ပဋိညာဉ်

ကရိဿာမိ သုသမ္ဗုဏ္ဏံ၊ ဝံသံ သဗ္ဗင်္ဂသောဘနံ။
ယာစိတော ဒီဃဒဿီဟိ၊ မဟာသယေဟိ သာဓုဟိ။

ဝန္ဒိတွာ၊ ရတနာသုံးပါး ဆရာသမားတို့ကို ရှိသေမြတ်နိုး ရှိခိုးပြီး၍။ ဒီဃဒဿီဟိ၊ အရှည်မြော်မြင် သမိုင်းဝါသနာရှင် ဖြစ်ကြကုန်သော။ မဟာသယေဟိ၊ မြင့်မြတ်သော အလိုအဇ္ဈာသယ ဆန္ဒရှိကြကုန်သော။ သာဓုဟိ၊ သူကျိုး,ကိုယ့်ကျိုး ဤနှစ်မျိုးကို သည်ပိုးမပြတ် ပြီးစေတတ်ကုန်သော ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင် ဦးလှမောင်, သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်တို့သည်။ ယာစိတော၊ ရိုသေလေးမြတ် တောင်းပန်အပ်သည်ဖြစ်၍။ သုသမ္ဗုဏ္ဏံ၊ မယုတ်ကုံလုံ ပြည့်စုံသော။ သဗ္ဗင်္ဂသောဘနံ၊ အလုံးစုံသော သာသနာဝင်အခန်းတိုင်း အစိတ်အပိုင်းတိုင်း၌ တင့်တယ်သော။ ဝံသံ– မန္တလေး သာသနဝံသံ၊ မန္တလေးသာသနာဝင် ဧကဝီသတိမတွဲကျမ်းကြီးကို။ ကရိဿာမိ၊ ဂန္ထဓုရ ကိစ္စလပ်လျား ချိန်အကြား၌ ရေးသားပြုပြင် စီရင်ပါအံ့သတည်း။

(ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီဝင် ဖြစ်ခဲ့သော **M.A., M.S., B.I.,** ဦးလှမောင်နှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်, နောက်တွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်ညွန့်တို့သည် မိမိအား မန္တလေးသာသနာဝင်ကျမ်းကြီးကို လေ့လာတွေ့ရှိ ဉာဏ်သက်သက်သမျှ ပြည့်စုံစွာ ရေးသားပြုစုပေးရန် အကြိမ်ကြိမ် လျှောက်ထားကြသည်။ သို့နှင့် မန္တလေးသာသနာဝင် ဧကဝီသတိမတွဲကျမ်းကြီးကိုလည်း ရေးသားပြုစု စီရင်မည်ဟူလို။)

**ပဌာမ, အဘိယာစက, ပဋိညာဉ် ပြီး၏။**

-

■ ■ ■

# မန္တလေးသာသနာဝင် ကေဝီသတိမတွဲ

## ပဋ္ဌမပိုင်း

= မန္တလေးတောင်သမိုင်း

= မန္တလေးတောင်ရှိ စေတီပုထိုးစသည် အဆောက်အအုံများသမိုင်း

= သုဝဏ္ဏစရပ်တော်ကြီးသမိုင်း

= မင်းတုန်းမင်း, သီပေါမင်းလက်ထက် ပဋ္ဌမပြန်စာမေးပွဲများ ကျင်းပပုံ

= သုဝဏ္ဏစရပ်တန်းကြီးသမိုင်း

= မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား သမိုင်း

= စန္ဒမုနိဘုရားသမိုင်း

= ကျောက်စာတော်များသမိုင်း

= မဟာလောကမာရဇိန်ကုသိုလ်တော် စေတီတော်ကြီး

# ပဌမပိုင်း

---

## မန္တလေးတောင်

ရှေးက ပတ္တမြားကျောက်မြတ်ရတနာတွေ့ဘူးသဖြင့် အနောက်မြောက်ထောင့်ရှိတောင်ကို ပတ္တမြားတောင် ဟုခေါ်ကြသည်။ ယင်းတောင်၌ ရှေးမင်းများတည်ထားခဲ့သည့် လက်ရာစေတီဟောင်း, စောင်းတန်းလှေခါးဟောင်းများရှိသေးသည်။ ထိုနည်းမခြား အလားတူစွာ ရွှေစသော ထိုထိုအရာဝတ္ထု တွေ့ဘူးသည်ကိုစွဲ၍ ထိုထိုတောင်ရံများသည် ရွှေတောင်, ငွေတောင်, ဆေးဒါန်းတောင်, မြင်းသီလာတောင်, ဒုတ္ထာတောင် ကြေးနီတောင်ဟုတွင်သည်။ ရေလည်၌ကန်တော့သဖွယ် ကျဆင်းသည်ကိုစွဲ၍ ရေလှည့်တောင်ဟုလည်း ခေါ်သည်။ အနောက်စောင်းတန်းမုခ်အနီး သစ်ဆိမ့်တိုက်ဦးရှိ တောင်နိမ့်ကလေးကို ဘီးလူးမတောင် ဟုခေါ်သည်။ တစ်ချို့က စန္ဒမုခီဘီလူးမရုပ်ထုရှိတောင်ကို ဘီလူးမတောင်ဟုခေါ်သည်ဟု ဆိုကြသည်လည်းရှိ၏။ ယင်းတောင်ငယ် တောင်ရံရှိ တောင်ကြီးတစ်ခုလုံးကို မန္တလေးတောင်ဟု ခေါ်သည်။

မန္တလေးတောင်သည် မန္တလေးမြို့ဦးမြို့ထိပ်နှင့် ကိုက် ၅၀၀-ကျော်အကွာတွင်တည်ရှိ၍ ပင်လယ်ပြင်မှ ရရ၆-ပေ မြင့်သည်ဟု ဆိုကြသည်။ မြေပြင်မှဆိုလျှင် ၅ရ၆-ပေခန့် မြင့်သည်ဟု သိရသည်။ တောင်ထိပ်ကနေ တောင်ဖက်ကိုလှမ်းမြော်ကြည့်ရှုလျှင် မန္တလေးတစ်မြို့လုံးကို သိမ်းကြုံးမြင်နိုင်လေသည်။ စင်စစ်တမူကား မန္တလေးတောင်သည် သဘာဝမျှော်စင်ကြီးဟု ဆိုရပေမည်။ မန္တလေးတောင်ခြေတွင် မဟာဇောတိကာရာမကျောင်းတိုက်ကြီး, အဘယာရာမမိုးထိတိုက်ကြီး, မဏ္ဍလာရာမတိုက်, သစ်ဆိမ့်တိုက်, ရမည်းသင်းတိုက်, ထရံကာတိုက်, မင်းခင်းတိုက်, မြတောင်တိုက်, မဟာဓမ္မိကာရာမတိုက်, ဝေဠုဝန်ကျောင်းတိုက် အစရှိသော ကျောင်းတိုက်များ, ကျောက်တော်ကြီး, ကုသိုလ်တော်, စန္ဒာမုနိအစရှိသော စေတီပုထိုးများ, ပဥ္စမသံဂါယနာတင် ကျောက်စာတော်များ, ရသေ့ကြီးဦးခန္တီ စီမံပြုလုပ်တည်ထားခဲ့သည့် အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရကျောက်စာမူများစသည်တို့မှာ ဖူးမြော်ကြည့်ရှုလေ့လာ၍ မကုန်နိုင်အောင် ရှိလေသည်။

## မင်းအဆက်ဆက် စေတီပုထိုးစသည်တည်ဆောက်ခဲ့ခြင်း

သာသနာသက္ကရာဇ် ၁၀၁–ခုနှစ်တွင် သရေခေတ္တရာပြည် (ပြည်မြို့)၌ နန်းတက်သော ဒွတ္တဘောင်မင်းကြီးသည် နန်းမှနှင်လိုက်သော စောမြဝတီအား လိုက်ခေါ်ရန် ထွက်ကြွလာတော်မူရာ "သားတော်ရစေတီအနီးရပ်၌ ယာယီတဲ မဏ္ဍပ်၌ စံတော်မူစဉ် တောင်ငယ်ကိုးလုံးတို့ ဝန်းရံပတ်လည်တည်နေသဖြင့် လှပတင့် တယ်သော မန္တလေးတောင်ရဲ့ ပတ္တမြားတောင်ထိပ်၌ ဆုတောင်းပြည့်စေတီ တည်ပြီး လျှင် အနောက်ဖက်, တောင်ဖက်စောင်းတန်းနှစ်သွယ်နှင့်တကွ စရပ်တန်ဆောင်း များ ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

သက္ကရာဇ် ၃၇၉–ခုနှစ်တွင် ပုဂံပြည်၌နန်းတက်သော အနော်ရထာ မင်းကြီး သည် တရုတ်ပြည် ဦးတည်ဘွားမင်းထံ စွယ်တော်ပင့်ရန်သွားရာ အပြန်တွင် မန္တလေးတောင်ထိပ်၌ ဆုတောင်းပြည့်စေတီ တည်ထားကိုးကွယ်ပြီး ရွှေလုံးပြည့် ပူဇော်တော်မူခဲ့လေသည်။

သက္ကရာဇ် ၈၃၀–ပြည့်နှစ်တွင် အင်းဝနေပြည်တော်၌ နန်းတက်သော ထူပါရုံစေတီတော်ဒါယကာ နရပတိမင်း၏သားတော် ရတနမဥ္ဇူစေတီတော် ဒါယကာမင်းကြီး မဟာသီဟသူရသည် သက္ကရာဇ် ၈၃၄–ခုနှစ်တွင် မန္တလေး တောင်ဆုတောင်းပြည့်စေတီတော်ကြီးကို အသစ်တဖန် ထပ်မံပြုပြင်၍ ဇရပ်တန် ဆောင်းများ ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

၄င်းပြင် မှန်နန်းရှင်မင်းတရားကြီး၏ ခမည်းတော်အိမ်ရှေ့မဟာဥပရာဇာ သည် သက္ကရာဇ် ၁၁၆၇–ခုနှစ်တွင် မန္တလေးတောင်၌ ဆုတောင်းပြည့်စေတီတော်ကို အသစ်မွမ်းမံတော်မူ၍ ရွှေထီးအထွတ်တင်တော်မူပြီး ရွှေပိန်းချပူဇော်တော်မူခဲ့ လေသည်။ ထိုမှတပါး အာရုံခံရွှေဇရပ်ကြီးကိုလည်းကောင်း ရင်ပြင်တော်မှ တောင် ခြေအထိ ယွန်းမှခ်အမိုးနှင့်တကွ စုလစ်မွန်းချွန် မှန်ကင်းတန်ဆောင်းကြီးကိုလည်း ကောင်း လှူဒါန်းတော်မူခဲ့လေသည်။

သက္ကရာဇ် ၁၁၈၁–ခုနှစ်တွင် အမရပူရမြို့ စတုတ္ထမြို့တည်နန်းတည် မဟာ ဝိဇယရံသီစေတီတော်ဒါယကာ မှန်နန်းရှင်မင်းတရားကြီးသည် ခမည်းတော်၏ ကောင်းမှုတော်စေတီနှင့်တကွ အာရုံခံဇရပ်တန်ဆောင်းတို့၌ ပျက်စီးယိုယွင်းသည် များကို ပြင်ဆင်မွမ်းမံစေပြီးလျှင် ဆုတောင်းပြည့်စေတီတော်ကြီးကို ရွှေပိန်းချပူဇော်

လှူဒါန်းခဲ့လေသည်။ မှန်လေးမျက်နှာ ရင်ပြင်တော်၌ ဇရပ်လေးဆောင်အသစ် ဆောက်လုပ်လှူဒါန်းခဲ့လေသည်။ အရှေ့တောင်စောင်းတန်းအဆင်း တောင်ခြေရင်း၌ လည်း လာလာသမျှ ရှင်လူအများ သောက်ချိုးသုံးဆောင်ရန် ရေကန်ကိုပါ လှူဒါန်း ခဲ့လေသည်။

ရတနာပုံ မန္တလေးမြို့တည်နန်းတည် ပဋ္ဌမသံဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီးသည် မြတောင်မြို့စား သေနပ်ဝန်ကြီးကို တာဝန်ပေးလျက် ပန်းပုကျော်များအပ်နှင်းကာ ဘုရားဖိနော် အရပ်တော် ပဏာမကို သဏ္ဌာန်တော်တူ မြို့တော်ဖက်မျက်နှာတော်မူ၍ မတ်ရပ်ကိုယ်တော် ဗျာဒိတ်တော်ညွှန်း ဆင်းတုတော် ပုံနှင့် မျက်နှာတော်ငုံ့ မြှောက်လျှောက်ထားသည့် ပုံဟန်သဏ္ဌာန်တူသည့် ညီတော် အာနန္ဒာပုံတော်ကို သပ္ပါယ်စွာထုလုပ်စေ၍ သစ်သားရိုးမွမ်းမံလျက် ရွှေကိုယ်တော် ကြီးပြီးစီးစေပြီးလျှင် တင့်တယ်သပ်ယပ် လှသောတန်ဆောင်းပြသာဒ်တော်နှင့်တကွ ပူဇော်ခဲ့လေသည်။

**ဗုဒ္ဓကာယပမာဏံ စ၊ ပဋိမံ စာရုဒဿနံ။**
**သဏ္ဌိတသဏ္ဌာနံ ရူပံ၊ မင်းတုန်းရာဇာ အကာရယိ။**

ထို့ပြင် ရင်ပြင်တော်မှ ဗောဓိပင်ရောက်စောင်းတန်းကိုလည်းကောင်း, နာဂရာဇ်တောင်နှင့် ငွေတောင်အကြား မှန်ဦးထားသော အနောက်စောင်းတန်းကို လည်းကောင်း မကွေးမြို့စား မြတောင်မြို့စား ပခန်းမြို့စားဝန်ကြီးများကို ကြီးကြပ် ဆောက်လုပ်စေပြီး ရေစက်သွန်းချ လှူဒါန်းတော်မူခဲ့လေသည်။

သက္ကရာဇ် ၁၂၂၆–ခုနှစ်တွင် ဆုတောင်းပြည့်ယင်ပြင်၌ မှန်စီရွှေချ အာရုံခံပြသာဒ်ကို သားတော် စလင်းမြို့စားမင်းသားအား ကြီးကြပ်ဆောက်လုပ် စေပြီး ကိုယ်တော်တိုင် ရေစက်သွန်းချ လှူဒါန်းတော်မူခဲ့လေသည်။

၄င်းပြင် အနောက်စောင်းတန်းအလယ်ကျောဖက်၌ ပလ္လင်ခံရပ်ပွားတော် နှင့်တကွ မှန်စီတန်ဆောင်းတော်ကြီးကို ''ပဒုမာရတနာဒေဝီ''ဘွဲ့ခံ ဆင်ဖြူမရှင်က ကုသိုလ်တော်ပွား ဆောက်လုပ်လှူဒါန်းခဲ့လေသည်။ ယခုအခါ တောင်ခုလတ် တောင်တဝက်တွင်ဖြစ်၍ တဝက်ဘုရားဟု ခေါ်ကြသောဟူ၏။

## ရွှေတောင်,ငွေတောင်အကြား နဂါးရေကန်

သက္ကရာဇ် ၁၂၃၄-ခုနှစ် နတော်လတွင် ပဲခူးဒေသမှ အသက် ၄၀-ရွယ်ရှိ မောင်ရဲဆိုသူသည် ဆားကျင်းအလုပ်ဖြင့် အသက်မွေးနေစဉ် နဂါးကြီးတစ်ကောင်က မြန်မာမင်းသည် ဘုရားရှင်သာသနာတော်ကို လွန်စွာချီးမြှောက်သောမင်းဖြစ်၍ ကွန်တော်မျိုး ခံလိုပါသည်။ နန်းတော်သို့ မောင်ရဲရောက်ပြီးနောက် တလခန့်အကြာတွင် အဖူးမြှော်ဝင်ပါမည်။

နဂါးတို့မည်သည် အသရေရှိသည့် အရပ်မှာသာ နေနိုင်သည်ဖြစ်၍ မင်္ဂလာရှိသောနေရာတွင် ကြာမျိုးစုံရှိသော ရေကန်ကြီးတစ်ခု ပြုလုပ်ထားပါစေမည့်အကြောင်းနှင့် မောင်ရဲအား တမန်စေလွှတ်လိုက်ရာ မောင်ရဲသည် ရွှေမြို့တော်သို့ ရောက်လေသော် မှူးတော် မတ်တော် ဆင်းရဲသား ကွန်တော်မျိုးများ ဝင်ထွက်မြဲမလွယ်ပေါက်က မဝင်ပါဘဲ တံခါးတောင်က ဝင်သောကြောင့် တံခါးနီးအမှုထမ်းတို့က ဖမ်းဆီးရာ နဂါးတမန်ဖြစ်ကြောင်း ပြောသဖြင့် တံခါးနီးပိုလ်က အမိန့်တော်မြတ်ခံလျှင် မတားဆီးစေနှင့်ဟု ရှေ့တော်သို့ သွင်းစေဆို၍ သွင်းလေသည်။နဂါးမင်းမှာသမျှ အကြောင်းအရာများကို တင်လျှောက်သည့်ကာလ မင်းတရားကြီး ယုံကြည်တော်မူသည်ဖြစ်၍ မောင်ရဲကို ကံကျွေးအိမ်ရာလခစား ပေးစေပြီးလျှင် နဂါးနေစေရန် မန္တလေးတောင်ရံဖြစ်သော ရွှေတောင် ငွေတောင်တို့အကြား အလယ်ကြောဝယ် အနောက်မျက်နှာက ကျောက်ရိုးဆည်၍ ကျောက်ရိုးအတွင်း ဒိုင်းနမိုင်းဖြင့် ခွဲဖောက်တူးဆွစေပြီးလျှင် ဆောင်း,နွေ,မိုး, မခန်းနိုင်သော ရေကန်ကြီးကို ပြုလုပ်စေလေသည်။

မောင်ရဲကလည်း ကွန်တော်မျိုးတင်လျှောက်သောအချိန် ရောက်လေလျှင် မှန်နန်းတော်နှင့် မိဖုရားအဆောင်တော်များမှာ နဂါးအခိုးအရောင် ပြပါလိမ့်မည်ဟု ၃-ကြိမ်တိုင် တင်လျှောက်သောကြောင့် ကြည့်ရှုကြရာ နဂါးအခိုးအရောင်တပြောင်ပြောင်ထွက်ကြောင်းကိုလည်း မင်းတရားကြီးအား တင်လျှောက် ကြသောဟူ၏။ ဤကန်ကား ယခုအခါ ဂေါက်သီးရိုက်ကွင်း အရှေ့ထိပ်အတက်နား တောင်စောင်းတွင်ရှိသည်။ သို့ရာတွင် ပျက်စီးနေလေပြီ။ နေရာမျှသာရှိတော့၏။ အရှင်နန္ဒိယသီတင်းသုံးခဲ့သည့်ကျောက်ဂူ တစ်လုံးလည်းရှိသည်။ အရှင်နန္ဒိယဂူဟု ခေါ်ကြသည်။

## သုဓမ္မာစရပ်တော်ကြီး

သုဓမ္မာစရပ်တော်ကြီးသည် မန္တလေးမြို့ မြောက်ပြင် ကျောက်တော်ကြီး ဘုရား အရှေ့ဖက်အဆင်း လက်ျာဖက်၌ တည်ရှိခဲ့လေသည်။ ''ယင်းသုဓမ္မာစရပ် တော်ကြီးကား မြေဝင် ၃–တောင်, ကျော ၁၁– တောင်, စမြင်ရေဆင်း ၃– တောင် ၁–မိုက်, ၎င်းလည် ၅–တောင်, ဒုတိယဘုံဆင်း ၃–တောင် ၁–မိုက်, ၎င်းလည် ၅–တောင် ၂–မိုက်, စုစုပေါင်း ၃၆–တောင် ၁–မိုက် ၄–သစ် ဖြစ်လေသည်။ စရပ်တော်အလျား တောင်ပေါင်း ၆၀, အနံ ၄၁–တောင်, ဆယ်ခန်း တွင် ပဌမစမြင်ခန်းဖွင့် ၇–တောင်, ဒုတိယနှာရောင် ၆–တောင် ၁–မိုက်, တတိယ ၆–တောင်, ကွန်း ၄–ခန်းတွင် တစ်ခန်းလျှင် ၅–တောင် ၁–မိုက်ကျ ၄ ခန်းလျှင် ၂၃–တောင် ၁–မိုက် တစ်ဖက်စမြင် အောက်နည်းတူ အနံ ပဌမဘုံ ၆–တောင်, ဒုတိယ ၅–တောင်၂–မိုက်, တတိယ ၅–တောင်၁–မိုက်, ကွန်းခန်းတွင်းပ လက်ဝဲ, လက်ျာမျှသာတည်း။''ဟူသော သုဓမ္မာစရပ်တော်ကျောက်စာဖြင့် သုဓမ္မာစရပ် တော်ကြီး၏အတိုင်းအရှည်ပမာဏ ကြီးကျယ်ခမ်းနားပုံကို သိရာသည်။ မည်မျှပင် ခမ်းနားစေကာမူ ''ဘိဇ္ဇနဓမ္မော ဘိဇ္ဇတိ၊ ပျက်စီးတတ်သောသဘောရှိသောအရာ ဝတ္ထုဟူသမျှသည် ပျက်စီးရသည်သာ''ဟူသည့်အတိုင်း ဒုတိယကမ္ဘာစစ်ဒဏ် ကြောင့် ပျက်စီးခဲ့ရာ အုတ်ခုံအကျည်မျှသာ တွေ့ရလေတော့သည်။

## သမိုင်းအကျဉ်း

ယင်းသုဓမ္မာစရပ်တော်ကြီးမှာလည်း မြို့တော်, ကျုံးတော်, စေတီတော်, စသည်တို့နှင့်အတူ ပေါက်ဖွားခဲ့သည့် သာသနိကအဆောက်အအုံပင်ဖြစ်လေသည်။ ယင်းသုဓမ္မာစရပ်တော်ကြီးကို ''မြို့ကျုံးစေတီ သိင်္ဂီလှုံမောင်း သိမ်ကျောင်းသုဓမ္မာ, ရွှေစာအမြတ် ပိဋကတ်တိုက် သမိုက်မြဲမှန် ခုနှစ်ဌာန်ကို ဆော်ဖန်အောင်စည် တပြိုင်တည်က'' ဟူသည့် မင်္ဂလာချေင်းနှင့်အညီ ခုနှစ်ဌာနအပါအဝင် သိမ်တော်နှင့် တကွ မင်းတုန်းမင်းတရားကြီး၏ မြောက်နန်းတော်မိဖုရား ''သီရိမဟာရတနာ မင်္ဂလာဒေဝီ''က ကုသိုလ်တော်ပွား ဆောက်လုပ်လှူဒါန်းခဲ့ရာ သက္ကရာဇ် ၁၂၂၃– ခု ဒုတိယဝါဆိုလဆန်း ၁၃–ရက်နေ့တွင် ပြီးစီးသဖြင့် ဘဝရှင်မင်းတရားကြီး ဘုရား အရှင်မိဖုရားခေါင်ကြီးဘုရားနှင့်နှစ်ပါး မင်းခမ်းမင်းနားနှင့်ထွက်တော်မူ၍ ရေစက်သွန်းချ လှူဒါန်းခဲ့လေသည်။ သုဓမ္မာစရပ်တော်အတွက် ကုန်ငွေ ၃၂၇၈၀–

(သုံးသောင်းနှစ်ထောင် ခုနှစ်ရာရှစ်ဆယ်) ဖြစ်လေသည်။ ယောမြို့စား မင်းကြီးမင်းလှ မဟာစည်သူကြပ်မ ဆောက်လုပ်ခဲ့လေသည်။ အောက်ပါ သုဓမ္မာစရပ်တော်ကြီး မော်ကွန်းကိုလည်း ထိုးမှတ်ခဲ့ကြကုန်၏။

## သုဓမ္မာရွှေစရပ်တော်ကြီး မော်ကွန်း

မင်္ဂလာရောင်ထွေ ထွန်းပြောင်ဝေသား အောင်မြေပျံ့မွှေး မန္တလေးဝယ် ဖွေးဖွေးရောင်ကွန့် ရွှေတောင်ညွန့်ထက် ဝေယန်ချက်တည် နတ်မင်းပြည်နှင့် နှိုင်းရည်ထပ်တူ ပြည်ကြီးထူလျက် ဗမ္မာချက်ချာ သမုဒ္ဒရာရစ်ဝိုက် ကျွန်းကျွန်းတိုက်ကို သိမ်းပိုက်စိုးဆောင် ရန်မျိုးအောင်သား ဘုန်းခေါင်ထွတ်ဖျား တို့ဘုရားလျှင် ဆယ်ပါးမင်းကျင့် အဆင့်ဆင့်ကို နုရင့်မဟူ ကျင့်တော်မူလျက် ပြည်သူ့ကောင်းကျိုး ဖြန့်မိုးကရုဏာ စံစဉ်ခါဝယ် ရတနာပုံ ရိပ်မြုံဌာန ရွှေပြည်မနှင့် တကွတည်ရန် သတ္တဌာန်တွင် တွက်ကျုံးဝင်သား နတ်ခွင်ကြော်ညာ သုဓမ္မာကို ရတနာဥက္ကဋ္ဌ မြောက်နန်းနတ်လျှင် ထိမ်းမှတ်သေချွေ တည်လုပ်စေသား ဥပဒေကြီး ထုံးမှီနည်းရှိ ဋ္ဌပ္ပတ္တိကို ပါဠိဂါထာ လင်္ကာစကားပြေ သုံးထွေနှောနှောက် သဘောလျှောက်ဖြင့် မျှော်ထောက်သုတ်သင် တန်ဆာဆင်လျက် မင်းထင်စည်သူ ရွေးယူသိပိုင်း ခြီးဝှဲလှိုင်းသည် မြန်တိုင်းဆက်စဉ် မော်ကွန်းတည်း။

## သုဓမ္မာရွှေစရပ်တော်ကြီး တိုင်ထူခြင်း

ရွှေမြို့တော်ကြီး အုတ်မြစ်စီခင်းမည့်အခါတော်နှင့်တချိန်တည်း သုဓမ္မာ ရွှေစရပ်တော်ကြီး တိုင်ထူမည့်အခါတော် မရောက်မီ ပွဲလမ်းသဘင် စည်ပင်သာယာ အောင် တီးမှုတ်ကခုန်စေရန် ဆိုင်းအတီးအကခုံများကို ဆိုင်ရာဆင့်ဆို တီးမှုတ်ကခုန် စေပြီးလျှင် အခါတော်မရောက်မီ တရက်က သံဃာတော် ၈-ပါးပင့်၍ ပရိတ်တော် ဂုဏ်တော်များကို ရွတ်မန်းရာ လှူဒါန်းရန် အဖွယ်အရာများမှာ အုန်း,ငှက်ပျောပွဲစုံ, ဆွမ်းဆန်ပွဲစုံ, ငါးသိုင်း, ငါးသွေး, ငါးပိ, ဆား, ငြုပ်, ကြက်သွန်, ဟင်းသီး ဟင်းရွက်ပွဲစုံ, ပရိတ်အိုးပန်းစုံစိုက်, သင်္ကန်းလျှာပုဆိုးပိတ်အုပ်, အပ်ထုပ် ၈- စီများနှင့် ချည်လုံး ၄၀-များကို ဆိုင်ရာအသီးအသီး ဆင့်ဆို အခင်းအကျင်းရှိစေရ လေသည်။

သုဓမ္မာရွှေစရပ်တော်တိုင်ထူမည့်နေရာ ရတနာသုံးပါး, သိကြား ဖြဟ္မာ, စတုလောကပါလ, သာသနာတော်စောင့်သမ္မာဒေဝနတ်, ရက္ခစိုး, ဘုမ္မစိုး, အာကာ

သစိုးနတ်တို့အား တင်ကြွားပသရန် အဖွယ်အရာများမှာ ဖျင်ဖြူဖျင်နီ နှီးခေါက်၊ သင်ဖြူး၊ အုန်း၊ ငှက်ပျောပွဲစုံ ဖယောင်းတိုင်တဆဲ့လေးစီများကို ဆိုင်ရာဆင့်ဆို၍ တင်ကြွားပသမည့်သူမြန်မာပုဏ္ဏား ၈-ပါး၊ ပုဏ္ဏားလူ ၅-ယောက်တို့သို့ အသီးသီးပေးအပ် တင်ကြွားပသ ပူဇော်စေရသည်။

သုဓမ္မာစရပ်တော်တိုင်ထူရာသည့် ကောင်းမြတ်သော မင်္ဂလာအခါတော်စာဆို၍ ပညာရှိတို့ တင်ပေးသည်မှာ သက္ကရာဇ် ၁၂၂၁-ခု ကဆုန်လဆုတ် ၆-ရက်နေ့ည၌ ၃-ချက်တီးကျော် ၇-ရက် တနင်္လာနေ့ သို့အဝင် ၄-နာရီ၊ ၂-ပါဒ်၊ ၂-ဗီဇနာ၊ ၅-ပြန်၊ ၅-ခရာပြည့်၊ မိဿလက်၊ မကာရစန်း ၅-တေးတြင်း၊ ၆-ကြာနဝင်း၊ နက္ခတ် ၁-လုံး၊ ၂-ပါဒ်။ ၇-ဃဋီထက်လက်စီးလျှက် ထိုနာရီ၏ တည့်နက္ခတ်သော်ကား သရဝဏ်နက္ခတ် စတုတ္ထပါဒ်မွန်းတည့်အချိန်သို့ ရောက်လျှင် ရတနာသုံးပါး သိကြား၊ ဗြဟ္မာ၊ စတုလောကပါလ သာသနာတော်စောင့် သမ္မာဒေဝ နတ်တို့အား တင်ကြွားပသပူဇော်ပြီးလျှင် အရှေ့အရပ်သို့ မျက်နှာရည်လျက် ၅-တေးသား၊ ၆-ကြာသားတို့ အရှေ့အရပ်ကစ၍ လက်ျာရစ်လှည့်ပြီးလျှင် သုဓမ္မာစရပ်တော်ကို တိုင်ထူစေရလေသည်။

ဆောင်ရာသောပန်းကား - - - အုန်း၊ ကန့်ကော်၊ နေဇာ၊ မုယား၊ သပြေညွန့်၊ ဒန်းညွန့်တို့ ဖြစ်ကြကုန်၏။ အခါစောင့်အခါကြား ခင်းကျင်းစောင့်နေရန်များမှာ အထက်ဆိုခဲ့သည့်နည်းအတိုင်း ဆိုင်ရာခင်းကျင်း စောင့်နေစေရသည်။

ရွှေမြို့တော်ကြီး အုတ်မြစ်ချအခါတော်နှင့်တစ်ခါတည်း သုဓမ္မာစရပ်တိုင်ထူရမည့်အခါတော် မရောက်မီ ကျွန်းသစ်များကို ထွင်းသင့်ရာယှဉ်ထား၍ မြှင့်တင်ပြီးလျှင် အခါတော်နီးသည့်ကာလ ပွဲသဘင် အတီးအက ခံများကို ငြိမ်သက်စေရလျှက် ရွှေမြို့တော်ကြီးကအခါကြား မင်္ဂလာအမြောက်သံပေးလျှက် မတိမ်းမယိမ်းစေရ နေ့သင့်သားတို့ မစထူရပ်စေရမည့်အကြောင်းနှင့် အကြီးအကြပ်တို့သို့ မှတ်စာပေးအပ်ဆင့်ဆိုရသည်။ မစထူရပ်စေရန် နေကျော်သား ရွှေပြည်ရန် အောင်မြင်းတော်သည် လူ ၂-ယောက်တို့ကို ဆိုင်ရာဆင့်ဆိုပြီးလျှင် ယောမြို့စားမင်းလုစည်သူ အသုံးစာရေး မင်းလုထင်ကျော်တို့ ကြီးကြပ်ဆင့်ဆို စီရင်ရသည်။

## ပဋ္ဌမပြန်စာပွဲသဘင်ကျင်းပခြင်း

ဖော်ပြပါလောကီ, လောကုတ္တရာအစီအစဉ်အမျိုးမျိုးဖြင့် ဆောက်လုပ်ထားသည့် သုဓမ္မာစရပ် တော်ကြီး၌ ပဋ္ဌမပြန်စာမေးပွဲသဘင်ကြီးများကို နှစ်စဉ် နယုန်လဆန်း ၈–ရက်နေ့မှစ၍ ဝါဆိုလဆန်း ၈–ရက်နေ့အထိအောင် တခမ်းတနား ကျင်းပမြဲရှိလေသည်။

ထိုစဉ်က မန္တလေးမြို့ လေးပြင်လေးရပ်မှ စာပွဲသဘင်သို့ ကြွရောက်ချီးမြှောက်ကြသော ရဟန်း ပရိသတ်မှာ မဟာသကျမာရဇိန်ကျောက်တော်ကြီးစေတီတော်မြတ်၏ တောင်ဖက်မျက်နှာ, အနောက်ဖက်မျက်နှာ, မဟာဇောတိကာရာမ စံကျောင်းတိုက်ကြီး၏ အရှေ့ဖက်မျက်နှာ, တောင်ဖက် မျက်နှာများတွင် အုတ်စီသမန်တလင်းနှင့် ဆောက်လုပ်ထားသော သုဓမ္မာစရပ်တန်း ၃၃–ဆောင်ပင် မဆန့်အောင်ရှိလေသည်။

## သုဓမ္မာကျောင်းတော်

သံဃာ့ဦးကိုင် သာသနာပိုင်ဆရာတော်ဘုရားကြီးမှာ မဟာဇောတိကာရာမ စံကျောင်းတိုက်ကြီး၏ တောင်ဖက်၌ရှိသော သုဓမ္မာကျောင်းတော်တွင် သီတင်းသုံးတော်မူ၍ ရံဖန်ရံခါ စာတော်ပြန်ရာ သုဓမ္မာရှေ့ စရပ်တော်သို့ ထွက်ကြွတော်မူ၍ စာပြန်ပုဂ္ဂိုလ်တို့ ပြန်ဆိုသည်ကို စာနာတော်မူလေ့ရှိပေသည်။

## ခမ်းနားစွာ ပြင်တင်ခြင်း

သုဓမ္မာစရပ်တော်တွင် စမြင်ပတ်လည်မှ လက်တီး (အဖီ) ချ၍ သစ်လွင်သော ရိုင်ဖျာများကာရံပြီးမှ ပိတ်ဖြူမျက်နှာကြက်, သတောင်းလည်ကြာယပ်တို့ဖြင့် တင့်တယ်လှပစွာ ဆင်ယင်ထားလေသည်။ စမြင်ပတ်လည်၌လည်း ငှက်ပျောပင်, ကြံပင်များစိုက်၍ ရေပြည့်အိုးများ တည်ထားရလေသည်။

သုဓမ္မာစရပ် ကွန်းစင်များမှာမူကား အလယ်တွင် ၅–တောင်ခန့် ချန်ထားပြီးလျှင် တောင်မြောက် အရှေ့ဖက်တတန်း ကတ္တီပါကွပ်သင်ဖြူးတချပ်စီကို ကတ္တီပါမှိအုံးတချပ်ကျစီနှင့် အသင့်စီစဉ် ခင်းကျင်းထားရလေသည်။ အချိန်ကျလျှင် ရာဇဂုရု, ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ရဆရာတော်ဘုရားကြီးများ နေရာအစဉ်လိုက် သီတင်းသုံးတော်မူကြရလေသည်[၁]။

---

၁။ မန္တလေးသာသနာဝင်– ၄။ ၁၂၆–၁၂၇–ကြည့်။

## စာပြန်ကြပုံ

ဆရာတော်ဘုရားကြီးများ၏အလယ်ကွက်လပ်ဗဟို၌ မှန်စီရွှေချပြာသာဒ်တော်နှင့်ရုပ်ပွားတော်တစ်ဆူ သီတင်းသုံးစမွာယ်စေလေသည်။ စာတော်ပြန်များသည် ရုပ်ပွားတော်ဖက်သို့ မျက်နှာမူကြ၍ ရိုသေစွာပြန်ဆိုကြရလေသည်။ စာပြန်ပွဲမှာ ရေးဖြေမပါဘဲ အာဂုံပြန်စာမေးပွဲသာ ဖြစ်လေသည်။ စာတော်ပြန်သည်ကို မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော်တို့သည် ဆရာတော်ကြီးများ၏ နောက်တော်ကနေထိုင်၍ စာနာကြကုန်၏။ အရပ်ရပ်မှ လာရောက်ကြသော အများပြည်သူတို့မှာ အဖီအောက်ကနေ၍ စာနာကြရကုန်၏။

## အဆင့်အတန်းလိုက်တန်ဆာများ

စာပြန်ပွဲဝင် ပုဂ္ဂိုလ်များမှာ ရှင်သာမဏေငယ်, ကြီးတို့ဖြစ်ရာ စာပြန်သော အခါတွင် လူဝတ်လဲ၍ စာပြန်ကြရကုန်၏။ အတန်းအားဖြင့် ပဌမကျော်, ပဌမကြီး, ပဌမလတ်, ပဌမငယ်တို့ဖြစ်ရာ ပဌမကျော်နှင့် ပဌမကြီးပြန်ဆိုသူတို့မှာ ပတ္တမြား နားဒောင်း, ပတ္တမြားလက်ကောက်, ပုတီး, လက်စွပ်, စလွယ်ဆင်ယင်၍ ရွှေထီး လေးချက်ဆောင်မိုး၍ လူဆွဲရွှေရထားတော်ထက်၌ စီးရလေသည်။ အဆောင်အရွက် စုံကိုင် နောက်လိုက်နောက်ပါ လူနှစ်ကျိပ်တို့က ဝတ်ကောင်းဝတ်သန့်နှင့် လိုက်ပါကြရကုန်၏။

ပဌမလတ်ပြန်ဆိုမည့်ပုဂ္ဂိုလ်များမှာ မြနား ဒောင်း, မြလက်ကောက်, ပုတီး, လက်စွပ်, စလွယ်ဆင်ယင်၍ ရွှေထီးနှစ်ချက် ဆောင်းမိုးရသည်။ ရွှေက, ရွှေကတောင်, ရွှေခတ်တို့ဖြင့် လှပစွာဆင်ယင်ထားသော မြင်းတော်များကို စီးရလေသည်။

ပဌမငယ်ပြန်ဆိုမည့်ပုဂ္ဂိုလ်တို့မှာလည်း ပဌမလတ်ပြန်ဆိုမည့် ပုဂ္ဂိုလ်များကဲ့သို့ ဝတ်ဆင်ကြရသည်။ ရွှေထီးတချက် ဆောင်မိုးရသည်။ ရွှေက, ရွှေကတောင်, ရွှေခတ်တို့ဖြင့် လှပစွာဆင်ယင်ထားသော မြင်းတော်များကိုစီးရလေသည်။ အဆောင် အရွတ်စုံကိုင် နောက်လိုက်နောက်ပါလူတကျိပ်တို့ကလည်း ဝတ်ကောင်းဝတ်သင့်နှင့် လိုက်ပါကြရသည်။

## ပြဋ္ဌာန်းသောကျမ်းစာများ

ပဌမငယ်တန်း၌ ပြန်ဆိုရသော ကျမ်းဂန်များမှာ သဒ္ဒါကြီးရှစ်စောင် ပါဠိ

အနက်, ရုပ်၊ သဂြိုဟ်ကိုးပိုင်း, ဆန်း, အလင်္ကာ, အဘိဓာန်ပါဠိအနက်, မာတိကာ, ဓာတုကထာ, ယမိုက်ငါးကျမ်း, ပါဠိအနက် အရကောက်တို့ဖြစ်ကုန်၏[၁] ။

ပဌမလတ်တန်း၌ ပြန်ဆိုရသောကျမ်းဂန်များမှာ သဒ္ဒါကြီးရှစ်စောင်ပါဠိအနက်, ရုပ်၊ ဆန်းပါဠိအနက်, အလင်္ကာပါဠိအနက်, သဂြိုဟ်ကိုးပိုင်းပါဠိအနက်, အဘိဓာန်ပါဠိအနက်, မာတိကာပါဠိအနက်အရကောက်, ဓာတုကထာပါဠိအနက်အရကောက်, ယမိုက်ဆယ်ကျမ်းပါဠိအနက်အရကောက်တို့ ဖြစ်ကုန်၏။

ပဌမကြီးတန်း၌ ပြန်ဆိုရန်ပြဋ္ဌာန်းသောကျမ်းများမှာ သဒ္ဒါကြီးရှစ်စောင်ပါဠိအနက်, ရုပ်၊ ဆန်းပါဠိအနက်, အလင်္ကာပါဠိအနက်, သဂြိုဟ်ကိုးပိုင်းပါဠိအနက်, အဘိဓာန်ပါဠိအနက်, မာတိကာပါဠိအနက်အရကောက်, ဓာတုကထာပါဠိအနက်အရကောက်, ယမိုက်ဆယ်ကျမ်းပါဠိအနက်အရကောက်, ပဋ္ဌာန်းကုသလတိက်တို့ဖြစ်ကုန်၏[၂] ။

ပဌမကျော်တန်း၌ ပဌမကြီးတန်း၌ ပြဋ္ဌာန်းသည့်ကျမ်းများအပြင် ဝိနည်းငယ်လေးစောင်, အဘိဓမ္မတ္ထဝိဘာဝနီ ဋီကာကျော်ကျမ်းကိုပါ ပြန်ဆိုရလေသည်။

## ဆုချီးမြှင့်ပုံ

ဆုချီးမြှင့်ပုံမှာ ပဌမငယ်, ပဌမလတ်အောင်မြင်သော ပုဂ္ဂိုလ်တို့အား ဆုတော်ငွေ ဒေါင်းဒင်္ဂါးတစ်ထောင်နှင့် အထည်အဝတ်များ ချီးမြှင့်၍ ပဌမကြီးအောင်ပုဂ္ဂိုလ်တို့အား ကျောက်နီလက်စွပ်တစ်ကွင်း, ဒေါင်းဒင်္ဂါး ၁၅၀၀-နှင့် အမိအဖစသော နီးစပ်ရာဆွေမျိုး ၁၅-ဦးအထိ ၁၂-မှု မင်းတိုင်းစသော အခွန်တော် လွတ်ငြိမ်းခွင့်ပြုလေသည်။

ပဌမကျော်အောင်မြင်သူများအား ကျောက်နီလက်စွပ်တစ်ကွင်း, ကျောက်စိမ်းလက်စွပ်တစ်ကွင်း, ဆုတော်ငွေ ၂၅၀၀ နှင့် အထည်အဝတ်ကောင်းများ ချီးမြှင့်လေသည်။ အောင်လက်မှတ်နှင့်ဆုပေးအခမ်းအနားသို့ ဘုရင်မင်းတရားကိုယ်တိုင်ကြွရောက်ချီးမြှင့်လေသည်။

---

၁။ ကုန်းဘောင်ဆက် ၃၊ ၄၂၁-ကြည့်။

၂။ ကုန်းဘောင်ဆက် ၃၊ ၄၃၀-၄၃၁-ကြည့်။

ဤသည်ကား သုဓမ္မာစရပ်၌ ကျင်းပသော ပဋ္ဌမပြန်စာမေးပွဲအကြောင်းကို ဖော်ပြချက်ဖြစ်လေသည်။ ၎င်းပြင် သာသနာတော်အတွက် အလွန်အရေးကြီးသော အစည်းအဝေးအမျိုးမျိုးကိုလည်း သာသနာပိုင်ဆရာတော် သုဓမ္မာဆရာတော်တို့ ဤသုဓမ္မာစရပ်၌ စည်းဝေးတိုင်ပင် ဆုံးဖြတ်ကြကုန်၏။

**သုဓမ္မာ တာဝတိံသေဝ၊ သာလာ သံဃသမောသဋ္ဌာ။**
**မန္တလာစလပါဒမှိ၊ သုသောဘာ သုပ္ပတိဋ္ဌိတာ။**

တာဝတိံသေ၊ တာဝတိံသာထက်နတ်ရွာ၌။ သုဓမ္မာဝ၊ နတ်တို့ပျော်ရာ သုဓမ္မာသဘင်ကြီးကဲ့သို့။ မန္တလာစလပါဒမှိ၊ မန္တလေးတောင်မင်း၏လက်ျာခြေရင်း၌။ သုသောဘာ၊ ကမ္မာကမ္မစသည်ဆောင်ရန် သိမ်တော်ကြီးဖြင့် ခြံရံအပ်သည်ဖြစ်၍ လွန်စွာကြီးကျယ် တင့်တယ်ကောင်းမြတ်ထသော။ သံဃသမောသဋ္ဌာ၊ သံဃာတော် အပေါင်း အရှင်ကောင်းတို့၏ စည်းဝေးရာဖြစ်ပေထသော။ သုဓမ္မာသာလာ၊ ကောင်းစွာဓမ္မ ဟောပြဆုံးဖြတ်ရာ သုဓမ္မာစရပ်ကြီးသည်။ နဂရာ၊ မြို့တော်မှ။ ပုဗ္ဗုတ္တရဘာဂေ၊ အရှေ့မြောက်အရပ်၌။ သုပ္ပတိဋ္ဌိတာ၊ ကောင်းစွာတည်ရှိ၏။

## ပဋ္ဌာန်းသိမ်ဇရပ်တော်ကြီး

ပဋ္ဌမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး ကောင်းမှုတော် ပဋ္ဌာန်းသိမ်စရပ်တော်ကြီးသည်လည်း သုဓမ္မာစရပ်နှင့် ပုံစံတူအမြင့်အလျား အနံ့အကွာ တထပ်တည်း ဖြစ်လေသည်။ ယခုမူ ကျောက်တော်ကြီး ဆင်းတုတော်မြတ် ကိန်းဝပ်ရာစေတီ တော်ကြီး အရှေ့ပေါက်အနီးတွင် နေရာမျှသာ မြင်နိုင်တော့သည်။

## သံဝေဂယူရန်

ဖြစ်ဖြစ်သမျှ သင်္ခါရဥဿုံ အလုံးစုံကား အဟုန်မြင့်စွာ မတည်ပါဘဲ မှန်စွာ ပျက်စီးခြင်းသဘော ရှိချေ၏တကား။

## သုဓမ္မာဇရပ်တန်း

သုဓမ္မာစရပ်တန်းကြီးသည် ကျောက်တော်ကြီးဘုရားတောင်ဖက်နှင့် အနောက်ဖက်တွင် တည်ရှိလေသည်။ အဆောက်အအုံများမှာ အုတ်ခုံစိန်ရံ သမံသလင်းနှင့်တကွ ၄-ပင်, ၇-ပင်, ၃-ဖက်ပြင်ထောင်ကာ ကွန်း ၄-ခန်းရှိ ဘုံ

၂-ဆင့်လည်ပေါ်တို့ ဖြစ်ကုန်၏။ ယင်းသုဓမ္မာစရပ်တန်းကြီးမှာ မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် ယဉ်ကျေးမှု အနုပညာလက်ရာများ ဖြစ်ကုန်၏။

## သမိုင်းအကျဉ်း

မင်းတုန်းမင်းတရားကြီးသည် သုဓမ္မာဇရပ်တော်နှင့်တကွ သုဓမ္မာဇရပ်တန်းကြီးများကို စာပြန်ပွဲသဘင် အခမ်းအနားများနှင့် အခြားသာသနာရေးဆိုင်ရာ အခမ်းအနားများကို သင့်သလိုကျင်းပရန် ရည်ရွယ်တော်မူ၍ သက္ကရာဇ် ၁၂၂၆-ခုနှစ်တွင် ဤသုဓမ္မာဇရပ်တန်းများကို စတင်ပန္နက်ချ၍ တည်ဆောက်ခဲ့လေသည်။

မင်းတရား၏ ရည်ရွယ်ချက်အတိုင်း ထိုဇရပ်ကြီးများ၌ နှစ်စဉ် နယုန်လဆန်း ၈- ရက်နေ့မှစ၍ ဝါဆိုလဆန်း ၈- ရက်နေ့တိုင် ကျင်းပမြဲဖြစ်သော စာတော်ပြန်ပွဲကြီးတွင် မေးစီစစ်ရန် နောက်ပါရဟန်းတော်တစ်ပါး, နှစ်ပါးနှင့်တကွ စာထောက်စာမ, စာနာဆရာတော်များ သီတင်းသုံးတော်မူကြကုန်၏။

အခြားသာသနာရေး အခမ်းအနားကိုလည်း အခါအားလျော်စွာ ဤသုဓမ္မာဇရပ်တန်းများ၌ ကျင်းပလေ့ရှိသည်။ ကျောက်တော်ကြီးဘုရားပွဲ ကျင်းပရာအခါတွင်လည်း ဤဇရပ်တန်းများသည် များစွာမှ အသုံးဝင်လေသည်။ တောင်ခွင်သာသနာပိုင်လက်ထက်တွင် သုဓမ္မာဇရပ်တော်၌ အဂ္ဂမဟာပဏ္ဍိတတံဆိပ်ကပ်ပွဲများ ကျင်းပလေ့ရှိရာ ပရိသတ်အချို့ ဤသုဓမ္မာဇရပ်တန်းများ၌ နားနေမှီခိုကြရကုန်၏။ သာသနာ ၂၅၀၀- ပြည့်မြောက်ရာ ၁၃၁၈- ခုနှစ်က ဝိနယာနုဂ္ဂဟ စာပြန်ပွဲကြီးကိုလည်း ဤသုဓမ္မာဇရပ်တန်း၌ ရဟန်းပျိုအဖွဲ့မှ ဦးစီးကျင်းပခဲ့ကြလေသည်။

ဇရပ်တန်ဆောင်း, ကျောင်းကိုလှူဒါန်းခြင်းသည် ခွန်အား, အဆင်း, ချမ်းသာ, မျက်စိတို့ကို ပေးလှူသည်မည်၏[၁] ။

## နတ်ပြည်စံရကြောင်း ကုသိုလ်

ဇရပ်တန်ဆောင်း စသည်ဆောက်လုပ်လှူဒါန်းခြင်းသည် ကွယ်လွန်ပြီးနောက် နတ်ပြည်စံ ရောက်ရကြောင်း ကုသိုလ်ဖြစ်သည်။

---

၁။ သံ၊ ၁။ ၂၉။ ဝိ၊ ဌ၊ ၄၊ ၅၈။

လက်ာ။ အရံသစ်ပင်၊ စည်ပင်သာမော၊ တောကိုပျိုးလှ၍၊ တံတားလှ၍နှင့်၊ ကြည်ဖြူလှစွာ၊ သဒ္ဒါပြည့်ဖြိုး၊ ရေအိုးစင်လှ၍ တမူသန့်ရှင်း၊ ရေတွင်းရေကန် တန်ဆောင်းဂူကျောင်း၊ ရောင်မောင်းပြာသာဒ်၊ ဇရပ်ဟူသည်၊ အလှူရှစ်ပါး၊ လွန်ထူးခြား၏။ တစ်ပါးပါးပြု ကုသိုလ်ရှင်ကား သေလျှင်နတ်ပြည် စံရသည်ဟု ဝိဒူဆရာ မိန့်မြွက်မှာသည် နောင်လာမှတ်ဖို့ ကဗျာတည်း[၁] ။

## စာပြန်ပွဲမှ လှည်းပွဲသို့

ယင်းသို့ နှစ်ဆယ်ဂဏန်းပေါင်းများစွာ စာမေးပွဲ, စာပြန်ပွဲ, အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲ, သာသနာပိုင်ရွေးပွဲ စသည်ကျင်းပခဲ့ရာ သုဓမ္မာဇရပ်တန်း ကြီးသည် လှည်းပွဲလည်း ကျင်းပခဲ့ဘူးသည်။ ယင်းသို့ဖြစ်ကြောင်း နတ်မောက် ထွန်းရှိန်၏ ၁၉၈၃– ခုနှစ် ဖေဖော်ဝါရီလ ၁၈–နေ့ထုတ် လုပ်သားသတင်းစာဖြင့် သိရာ၏။

> သုဓမ္မာဇရပ်ဆီက လွမ်းစရာ့လှည်းပွဲ
> ဟဲ့ဆိုကာ ကြိမ်တံမြှောက်မှုဖြင့်
> လှည့်လိုရာ တိမ်ယံရောက်နိုင်ရဲ့
> အိမ်ခြံပေါက် နွားညီနောင်–

ရွှက်ဝါနှင့် ပေါ်လွင်တို့ဒုန်းလှည်းနှစ်စီးက တာလွှတ်ဒိုင်၏ အချက်ပေးသံကို နားစွင့်လျက်ရှိ၏။ ဟဲ့ဆို လိုက်သည်နှင့် သူတို့ ဒုန်းလှည်းနှစ်စီးသည် မိုးတိမ်ယံသို့ ထိုးဖောက်သွားတော့မည့်အလား တဟုန်ထိုး ပြေးရန်ဟန်ပြင်နေ၏။ ဘေးမှ နွားပွဲကြည့် ပရိသတ်ကြီးကမူ အသည်းတယားယားနှင့် ပေါ်လွင်က ရှေ့က ရောက်မည်လား ရွှက်ဝါက ရှေ့ကရောက်မည်လား အမျိုးမျိုး တွက်ဆနေကြ၏။ မြင်ကွင်းမှာ ၁၉၈၃– ခုနှစ် မန္တလေး လွပ်လပ်ရေးအောင်ပွဲနေ့က တွေ့ခဲ့ရသော နွားလှည်းပြိုင်ပွဲ မြင်ကွင်းပေတည်း။ ပေါ်လွင်ဆိုသည်မှာ စဥ့်ကိုင်မြို့နယ်၊ ရွှက်ဝါဆိုသည်မှာ အမရပူရမြို့နယ်တို့မှ နာမည်ကျော် နွားများဖြစ်ပေ၏။

---

၁။ ဒါနဂုဏ်ရည်ကျမ်း နှာ– ၁၀၉။

# (၁၄) မန္တလေးသာသနာဝင် ကေဝီသတိမတွဲ

ကျေးလက်တောရွာများမှ တောင်သူဦးကြီးများသာမက မြို့ပေါ်မှလူအများလည်း စိတ်ဝင်စားကြသော ဤနွားလှည်း ပြိုင်ပွဲ မန္တလေး၌ကျင်းပ နိုင်ခဲ့သည်မှာ နှစ်နှစ်ရှိပြီဖြစ်ရာ ယခုနှစ်ပိုမိုစည်ကား များပြားလာသည်ဟု ထင်ရ၏။ ယခုနှစ်တွင် ဤနွားလှည်းပြိုင်ပွဲကို ကျုံးဘေးသုမေ္မာဇရပ်တန်း မြောက်ဖက်ကွင်းပြင်တွင် ကျင်းပခဲ့လေသည်။ အနောက်မှအရှေ့သို့ တာလွှတ်သည်။ ပရိသတ်များမှာ သုမေ္မာဇရပ်တန်းဘေးတလျှောက်ကြိတ်ကြိတ်တိုးနေ နေတော့သည်။ တချို့ကလည်း ဇရပ်ခေါင်မိုးပေါ်မှ နွားလှည်းပြိုင်ပွဲကို အားတက်သရော ကြည့်ရှုအားပေးနေကြ၏။

မန္တလေး၏ ဆောင်းနံနက်ခင်းသည် အေးစိမ့်စိမ့်ပင် ရှိနေသေးသည်။ မြူနှင်းများလည်း ကွဲသွားပြီ။ လှေပြိုင်ပွဲ, လှည်းပြိုင်ပွဲသို့ ကြည့်ရှုရန်လာနေကြသော ပရိသတ်များ ကျုံးဘေးတလျှောက် စည်ကားနေသည်။ ခေါင်းပေါင်းကြီးများနှင့် တောင်သူဦးကြီးမိသားစုများလည်း တွေ့ရသည်။ လှေ, လှည်းဆိုသည်မှာ သူတို့ပွဲပေကလား။ စပါးတလင်းသိမ်းချိန်ပင် ဖြစ်သော်လည်း လွတ်လပ်ရေးပွဲသို့ လာရောက်ဆင်နွှဲလိုက်ချင်သေးသည်။ သူ့နွား ကိုယ့်နွား အလှချင်း ပြိုင်လိုက်ချင်သေးသည်။ သုမေ္မာဇရပ်တန်းတစ်လျှောက်တွင် မြင်းခြံ, မလှိုင်, တောင်သာ, နွားထိုးကြီး, ပုဂံ, ညောင်ဦး, အမရပူရ, ကျောက်ဆည်, စဉ့်ကိုင်, ပုသိမ်ကြီး, မတ္တရာ စသည်ဖြင့် မြို့နယ်အလိုက် စခန်းချ တဲထိုးကာ လှည်းတွေ, နွားတွေနှင့် အလှူပွဲကြီးလာရောက်ဆင်နွှဲနေကြရော့သလား အောက်မေ့ရသည်။

နွားလှည်းပြိုင်ပွဲမစမီ ရှေးဦးစွာ ပြိုင်ပွဲဝင် နွားလှည်းများက ကွင်းတစ်ပတ်မောင်းပြသည်။ ပရိသတ်ကို နှုတ်ဆက်သည်။ နွားလှည်းယဉ် ကလေးတိုင်းပင် ခြူသံလွင်လွင်နှင့် နွားအဆင်အယင်တန်ဆာများက ကြော့ကြော့မော့မော့ ရှိလှတော့သည်။ ရှင်လောင်းလှည့်ပွဲ ခြောက်စထောင်လှည်းယဉ် အလှကလေးတွေပေလောဟု ထင်မှတ်ရသည်။ နွားလှည်းတွေကများလှသဖြင့် ဖုန်တွေကအလိပ်လိပ်တက်လာသည်။ နယ်ပေါင်းစုံက နာမည်ကျော် နွားများပါလာကြသဖြင့် တောင်သူဦးကြီးတို့သာလျှင် သူတို့အချင်းချင်း သိနိုင်ပေလိမ့်မည်။ သူတို့သည် နွားကို အလွန်ချစ်ကြ၏။ ယုယကြ၏။ နွားယဉ်, နွားကြော့, ဒုန်းနွား အမျိုးမျိုး သင်ကြားလေ့ကျင့်ပေးထားကြရုံသာမက ပြိုင်ပွဲအတွေ့အကြုံရှိနေသော နွားများလည်း ပါဝင်ကြ၏။

ပရိသတ်စိတ်ဝင်စားသည်မှာ ဒုန်းနွားများပင် ဖြစ်ချေသည်။ ဒုန်းနွားဆိုသည်မှာ နွားပြေး (နပြေး) ကို ဆိုလိုသည်။ ဒုန်းလှည်းပြိုင်ပွဲနှင့်အတူ နွားလိုက် (နလိုက်)

ပြိုင်ပွဲကလည်း စိတ်ဝင်စားဖွယ်ဖြစ်သည်။ သာမန်ပရိသတ် ကြည့်ရှုအကဲခတ်ဖို့ မလွယ်ချေ။ နွားအကြောင်း ညက်ညက်ကြေအောင် သိရှိနေသော တောင်သူဦးကြီး များသာလျှင် သိကြ၏။ နွားလိုက် (နလိုက်) ဆိုရာတွင် နွားသမားလက်သုံးစကားအရ ခြေတတ်သော နွားကိုဆိုလိုခြင်းဖြစ်၏။ နွားလိုက်ပြိုင်ပွဲမှာ ဒုန်းနွားကဲ့သို့ တဖွတ် ထိုးပြေး အရုပ်အသိမ်း ကိုယ်နေဟန်အမူအရာ လှုပ်ရှားမှုများကို ကြည့်ရှုအကဲဖြတ် ရာ၏။ ခြေဖောက်လျှင် ရှုံးတော့၏။ ဤနွားယဉ် နွားကြေ့(နလိုက်)ကို တောင်သူ ဦးကြီးများသည် ခြံပေါက်နွားငယ် ငယ်ကတည်းက နှင်တံ (တံပြာ)နှင့် ကောင်းစွာ ရိုက်နှက် သင်ကြားလေ့ကျင့်ပေးထားရခြင်းဖြစ်၏။ ခြေမှန်အောင် တစ်ကောင်ချင်း လည်း လေ့ကျင့်ပေးကြရ၏။ နွားပြေးဟန်များမှာ ဆင်ဟန်ပြေးသည့်နွား, မြင်းဟန် ပြေးသည့်နွား ဟူ၍ နွားသမားတို့ သတ်မှတ်ကြ၏။ ဆင်ဟန်ပြေးသည့်နွားသည် ပန်းတိုင်ရောက်သည့်တိုင်အောင် ဆင်ဟန်မှ မဖောက်စေရ။ ထို့အတူ မြင်းဟန်ပြေး သည့်နွားသည်လည်း လေးလုံးခွာကျတသမတ်တည်း မဖောက်အောင် ပြေးလွှား တတ်ရသည်။

ဒုန်းနွား (နပြေး) မှာလည်း တောင်သူဦးကြီးတို့ အထူးအလေးထားကြ၏။ တန်ဖိုးရှိလှသည်။ ထိုနေ့က နွားလှည်း ပြိုင်ပွဲတွင် တောင်သူဦးကြီးတို့သည် မိမိတို့ပြိုင်မည့်နွား, လှည်းဦးစီးမောင်းသူစသည်တို့ကို ပြိုင်ပွဲမဝင်မီကတည်းကပင် စာရင်းအတိ အကျပေး စာချုပ်ထားကြရသည်။ လူစားထိုးမောင်းနှင်၍ မရချေ။ ပြိုင်ပွဲဦးစီးသူများမှာလည်း မြို့နယ်ကောင်စီ, လယ်သမား အစည်းအရုံးစသည်တို့မှ အတွေ့အကြုံရှိကြသူများ ဖြစ်သည်။ ခေါင်းပေါင်းကြီးများနှင့် တောင်သူဦးကြီးများ သည် ကွင်းထဲ၌ အလုပ်ရှုပ်နေကြတော့သည်။ မြို့နယ်အလိုက် ယှဉ်ပြိုင်ရာတွင် တူညီဝတ်စုံတွေနှင့် စနစ်တကျရှိလှ၏။ တလား နှစ်လား သုံးလား ယှဉ်ပြိုင်မောင်းနှင် ရာတွင် ပြေးလမ်းကို ပထမဦးဆုံး မဲချပြီးမှ မောင်းနှင်ယှဉ်ပြိုင်စေ၏။

တာထွက်ရန် ကွင်းထဲ ဝင်လာရာတွင်လည်း သူပြေးလမ်းအလိုက် ပြိုင်ပွဲဝင် လှည်းနှစ်စီးတို့သည် နွားများကို တစ်ကောင်စီ ဆွဲငင်ယူလာကြ၏။ လှည်းကိုလည်း မယူလာကြ၏။ ပြိုင်လှည်းယှဉ်ကလေးတို့မှာ အထူးပေါ့ပါးလှ၏။ ပြိုင်ပွဲများတွင် အသုံးပြုရန် ပြိုင်လှည်းများကို တယုတယပြုလုပ်ထားကြရလေသည်။ ဒုန်းပြေး ယှဉ်ပြိုင်ရသဖြင့် ခိုင်မာဖို့လည်း အရေးကြီး၏။ ပေါ့ပါးဖို့လည်း အရေးကြီး၏။ ပြိုင်လှည်းကို ပေါ့ပါးခိုင်မာသောသစ်သား ရွေးသုံးကြရ၏။ အသားပျော့ ပေါ့ပါးသော

သမုန်းသား, ရေတမာသား, ယမနေသားစသည်တို့ကို ရှာဖွေသုံးစွဲကြသည်။ ကျွန်းသားကို မသုံးချေ။ ကျွန်းသားမှာ ကျိုးပဲ့တတ်သောကြောင့် ရှောင်ကြဉ်ကြ၏။ ဤဒုန်းလှည်းသည် နွားကောင်းဖို့လိုသလို လှည်းကလည်း ကောင်းမွန်ခိုင်ခံ့ဖို့ အရေးပါလှပေသည်။

လှည်းအကြောင်း, နွားအကြောင်း ရေးဖွဲ့ရလျှင် ကုန်နိုင်ဖွယ်မထင်။ မြန်မာမှု မြန်မာဟန်အသွင်ဆောင်သော ဤလှည်းယဉ် ပြိုင်ပွဲသည် မြို့ကြီးများတွင် တွေ့ရခဲ သော်လည်း အညာဒေသ ကျေးလက်များတွင် အလှူပွဲ, ဘုရားပွဲ, ဘုန်းကြီးပျံပွဲတို့၌ တွေ့နိုင်ကြ၏။ သို့ကြောင့်လည်း ပြိုင်လှည်း ပြိုင်နွား (ဒုန်းနွား) ပိုင်ဆိုင်သော တောင်သူများသည် အညာတခွင်၌ ရှာရိုးကျော်နေတော့သည်။

ပြိုင်ပွဲဝင် လှည်းယဉ်သမားတို့ကလည်း ပန်းတိုင်ထိပ်က ဝိုင်းအုံစောင့်ကြည့် ကာ အနိုင်ရပြီဆိုလျှင် လှည်းသမားရော လှည်းရောဝိုင်းမပြီးလျှင် ဂုဏ်ယူကြတော့ သည်။ ဤမြင်ကွင်းများမှာ ပျော်စရာလည်း ကောင်းလှပေသည်။ တောင်သူဦးကြီး တို့၏ အလှအပ တန်ဖိုးထားကြသောလှည်း နွားတို့ကို ပြိုင်ပွဲဝင်စေပြီး ဂုဏ်ပြုခြင်းပင် ဖြစ်သည်။ စပါးအထွက်နှုန်းကောင်း တောင်သူတို့အား ချီးကျူးဂုဏ်ပြုဆုပေးသကဲ့သို့ သူတို့မိဖသဖွယ်အားထားရသော အသက်သခင်နွားများ၏ အတတ်ပညာစွမ်းပကား များကို ဖော်ထုတ်ခွင့်ယှဉ်ပြိုင်ခွင့်ပေးရာလည်း ရောက်ပေသည်။ ရှာပြန်ရောက်သွား သောအခါ ကြေးတက်သွားလေတော့ သည်။

မန္တလေးလွှပ်လပ်ရေးအောင်ပွဲတွင် အနိုင်ရရှိကြသော လှည်းနွားများသည် ပြိုင်ပွဲဆုပေးမဏ္ဍပ်ရှေ့သို့ လှည်းယဉ်ကလေးတွေနှင့် စုရုံးရောက်ရှိလာကြရာ ပရိသတ်က ချီးကျူးသြဘာပေးကြသည်။ ဆုဖလားကြီးများကို တိုင်းဒေသကော်မတီ ဥက္ကဋ္ဌ ဦးရဲမြင့်ကိုယ်တိုင် ချီးမြှင့်ခဲ့သည်။ ခြေအလှ(နလိုက်)ပြိုင်ပွဲတွင် အကြီးတန်း(ပ) ကျောင်းသား တံတားဦးမြို့နယ်၊ (ဒု)မိုးကျော် ကျောက်ဆည်၊ (တ)ထိပ်သီး ကျောက် ဆည်၊ (စ) သိန်းတန် မလှိုင်မြို့နယ်တို့ ဆုရရှိကြ၏။ ခြေအလှ နွားအငယ် တန်း ပြိုင်ပွဲတွင် (ပ)တိုင်းကျော် ပုသိမ်ကြီးမြို့နယ်၊ (ဒု)တိုင်းကျော် မလှိုင်မြို့နယ်၊ (တ) ယုန်မိုလ် တံတားဦးမြို့နယ်၊ (စ) မုန်တိုင်း တံတားဦးမြို့နယ်တို့ ဆုရရှိကြ၏။ ဒုန်းနွားအငယ်တန်း ပြိုင်ပွဲတွင် (ပ) သိန်းထိုက် အမရပူရ၊ (ဒု) တောင်ကြီးမောင် စဥ့်ကိုင်၊ (တ) လှထိပ်တင် စဥ့်ကိုင်၊ (စ) သိန်းတန် ကျောက်ဆည်တို့ ဆုရရှိကြ၏။

ယခုနှစ်လည်း ပြိုင်ပွဲသို့ ၂၁– မြို့နယ်မှ ၆၃– ရှဉ်း ယှဉ်ပြိုင်ခဲ့ကြသည်။ အထူးဆုအဖြစ် ပုသိမ်ကြီးမြို့နယ်မှ မေထုန်မဲ့နွားက ဆွတ်ခူးသွားပေသည်။

မည်သို့ရှိစေ သုဓမ္မာဇရပ်တန်းဆီက လှည်းနွားပြိုင်ပွဲကလေး ကြည့်ရှုရသည်မှာ အညာနေခဲ့ကြသူများအဖို့ အညာကို သတိရစေသည်။ ရွာကို သတိရစေသည်။ စာရေးသူအဖို့ အမေ့အိမ်က နွားပြာကြီးတရှဉ်းကို လွမ်းဆွတ်မိတော့၏။ ခုချိန်ဆိုလျှင် ဖေ့သားကြီးတို့ စပါးတလင်းထဲမှ အနားယူနေပေရော့မည်။ သည့်မျှမက ဘုန်းကြီးကျောင်းသားဘဝက ရွာဦးဘုန်းကြီးနှင့်အတူ ဒုန်းလှည်းစီးပြီး အလှူလိုက်ရသည်ကိုလည်း လွမ်းဆွတ်မိ၏။ ခြူသံလွင်လွင်ဖြင့် ရွာအဝင် အပျိုစင်တို့ ငေးမောကြည့်မိကြသည့်တိုင်အောင် ရှိုးထုတ်ခဲ့ကြရသည်ကိုလည်း အောက်မေ့မိပေတော့၏။ လှည်းပြိုင်ပွဲကား ပြီးလေပြီ။ အညာတခွင်မှ မြန်မာ့လှည်းယဉ် လှလှကလေးများကိုလည်း မြို့နေပြည်သူတို့အား ပြသခွင့်ရလိုက်ပေပြီ။ ဤသို့လျှင် မြန်မာ့ရိုးရာပွဲများကို အခါအခွင့်သင့်တိုင်း ဖော်ထုတ်ကျင်းပလျက် မြန်မာ့ယဉ်ကျေးမှု မြန်မာမှုမြန်မာ့ဓလေ့ကလေးများကို အစရှာ ဖော်ထုတ်မြှင့်တင်ပေးသွား နိုင်ကြပါစေသတည်း။

## မင်းတုန်းမင်းကောင်းမှုတော် ပိဋကတ်တိုက်တော်

မြို့တော်, ကျုံးတော်စသည် ခုနှစ်ဌာနအပါအဝင် မင်းတုန်းမင်းတရားကြီး တည်ဆောက်ခဲ့သော ပိဋကတ်တိုက်တော်သည် မန္တလေးတောင် တောင်ဖက်တောင်ခြေ ဦးခန္တီပြတိုက်အနီးတွင် ပျက်စီးလျက် တည်ရှိလေသည်။ မင်းတုန်းမင်းတရားကြီးသည် ပိဋကတ်တိုက်တော်ကို အုတ်, အင်္ဂတေတို့ဖြင့် အခိုင်အခန့်တည်ဆောက်စေတော်မူခဲ့လေသည်။ တဖက်လျှင် ပြတင်းပေါက် ၃– ပေါက်စီသာ ပါရှိလေသည်။ ယင်းပိဋကတ်တိုက်တော်၌ ရွှေရေး မင်ရေး ကညစ်ရေးတို့ဖြင့် ရေးကူးစေခဲ့သောပါဠိ, အဋ္ဌကထာ, ဋီကာ, မှီရာနိဿယစာအုပ်များကို သေတ္တာတလုံးစီဖြင့် ထည့်သွင်းပြီး သေတ္တာပေါင်း ၄၀၀ ကျော်တို့ဖြင့် ထည့်သွင်းပူဇော်ခဲ့လေသည်။ ယခုအခါ မရှိတော့ပြီတကား။

## အုတ်မြစ်စီခင်းခြင်း

ရွှေမြို့တော်ကြီး အုတ်မြစ်ချအခါတော်နှင့်တချိန်တည်း ပိဋကတ်တိုက်တော်

အုတ်မြစ်စီခင်းမည့် အခါတော်မရောက်မီ ပွဲခံကန္နားပြင် ပွဲသဘင်စည်ပင်သာယာ အောင် တီးမှုတ်ကခုန်စေရန် ဆိုင်းအတီးအကစုံများကို ဆိုင်ရာဆင့်ဆို ကခုံတီးမှုတ်စေ ပြီးလျှင် အခါတော်မရောက်မီ တရက်က သံဃာတော် ရှစ်ပါးပင့်ဖိတ်၍ ပရိတ်တော် ဂုဏ်တော်များကို ရွတ်မွန်းရာ လှူဒါန်းဖွယ်ရာများမှာ အုန်း, ငှက်ပျောပွဲစုံ, ဆွမ်းဆန် ပွဲစုံ, ငါးသိုင်း, ငါးသွေး, ငါးပိ, ဆား, ငြုပ်, ကြက်သွန်, ဟင်းသီးဟင်းရွက်ပွဲစုံ, ပရိတ်အိုး ပန်းစုံစိုက်, သက်န်းလျာပိတ်အုပ် ၈– အုပ်စီနှင့် ချည်လုံး ၄၀– များကို ဆိုင်ရာဆင့်ဆို ခင်းကျင်းအသင့်ရှိစေရသည်။

ပိဋကတ်တိုက်တော် အုတ်မြစ်စီခင်းသည့်နေ့ ရတနာသုံးပါး, သိကြား, ပြဟ္မာ, စတုလောကပါလ သမ္မာဒေဝနတ်, ရုက္ခစိုး, ဘုမ္မစိုး, အာကာသစိုးနတ်တို့အား တင်ကြားပသရန်အဖွယ်အရာများမှာ ဖျင်ဖြူ, ဖျင်နီ, နှီးခေါက်, သင်ဖြူး, ထမင်းပွဲစုံ, ညောင်ရေအိုးပန်းစုံစိုက်, ဖယောင်းတိုင် ၁၄–တိုင်စီများကို ဆိုင်ရာဆင့်ဆိုတင်ကြား ပသမည့်သူ မြန်မာပုဏ္ဏား ၈– ပါး, လူပုဏ္ဏား ၁၄– ယောက်တို့အား အသီးသီးခွဲဝေ ပေးအပ်တင်ကြားပသပူဇော်စေရသည်။

ပိဋကတ်တိုက်တော်အုတ်မြစ်စီခင်းစေရသည့် ကောင်းမြတ်သော မင်္ဂလာ အခါတော်စာဆို၍ ပညာရှိတို့ပေးသည်မှာ–

သက္ကရာဇ် ၁၂၂၀– ခု (သက္ကရာဇ် ၁၂၂၂– ခု မှုကွဲ) ကဆုန်လပြည့်ကျော် ၆– ရက်နေ့ညဉ့် ၃– ချက်တီးကျော် ၇–ရက် ၂– လာနေ့သို့အဝင် ၄– နာရီ ၂– ပါဒ်။ ၂– ဗိဇနာ, ၅– ပြန်, ၅– ခရာပြည့် မိဿလက် မကာရစန်း ၅– တေးတြင်း ၆– ကြာနဝင်း နက္ခတ်တလုံး ၂–ပါဒ် ၇– ဃဋီထက်လက်စီးလျက် ထိုနာရီ၏ တည့်နက္ခတ်သော်ကား သရဝဏ် နက္ခတ်စတုတ္ထပါဒ် မွန်းတည့်ချိန်သို့ ရောက်လျှင် ရတနာသုံးပါး သိကြား, ပြဟ္မာ, စတုလောကပါလ, သာသနာတော် စောင့် သမ္မာဒေဝနတ်တို့အား တင်ကြားပသ ပူဇော်ပြီးလျှင် ဂြိုဟဇာပွင့်ရာ အရှေ့ အရပ်သို့ မျက်နှာရည်လျက် ၅–တေးသား, ၆–ကြာသားတို့အရှေ့အရပ်ကစ၍ လက်ျာရစ် လှည့်ပြီးလျှင် ပိဋကတ်တိုက်တော်အုတ်မြစ် စီခင်းစေရသည်။ အုန်း, ကန့်ကော်, နေဇာ, မုယား, သပြေညွန့်, သီးညွန့်, ဒန်းညွန့်တို့ကို ပန်ဆောင်စေရသည်။ အခါစောင့်အခါကြား ခင်းကျင်းစောင့်နေရန်များမှာ အထက်ဆိုခဲ့ပြီးသည့်နည်းအတိုင်း ဆိုင်ရာဆင့်ဆို ခင်းကျင်းအသင့်စောင့်နေစေရသည်။

ပိဋကတ်တိုက်တော် ရွှေအုတ်, ငွေအုတ်, စီခင်းမည့်အခါတော်နီးလျှင် အရှေ့, အနောက်, တောင်, မြောက်မတိမ်း မစောင်းစေရ၊ ကြိုးမျဉ်းတံတား သေချာမှန်ကန်အောင် တိုင်းတာမှတ်သားစေလျှက် အခါတော်နီးသည့်ကာလ ပွဲသဘင် အတီးအကခုံတို့ကို ငြိမ်သက်စေပြီးလျှင် ရွှေမြို့တော်ကြီး အုတ်မြစ်စီခင်းမည့် အခါတော် ပြည့်စုံ၍ ၇– ဌာန တိုင်းအချိန်နာရီ မှန်ကန်အောင် အခါကြားမင်္ဂလာ အမြောက်သံပေးလျှင် နေ့ကျော်သား မြင်းတော်သည်တို့ ရွှေအုတ်, ပတ္တမြားအုတ် စသည့် အုတ်မျိုး ၇– ပါးတို့ဖြင့်စ၍ စီခင်းစေရမည့် အကြောင်းနှင့်အကြီးအကြပ်တို့သို့ မှတ်စာပေးအပ်ဆင့်ဆိုရသည်။

ရွှေအုတ်, ငွေအုတ်စီခင်းစေရန် နေ့ကျော်သား ရွှေပြည့်ရန်အောင်မြင်းတော် သည်လူ ၂– ယောက်တို့ကို ဆိုင်ရာဆင့်ဆို စီးခင်းစေပြီးလျှင် အုတ်ဝန်မင်းလှ သီရိကျော်ထင် အသုံးစာရေး မင်းလှကျော်ထင်တို့ကို ကြီးကြပ်လုပ်ဆောင်စေရသည်။

## ပိဋကတ်တိုက်တော်များ ပင့်ဆောင်ခြင်း

သက္ကရာဇ် ၁၂၂၅– ခုနှစ် တပို့တွဲလတွင် အမရပူရမြို့တော်ရှိ ပိဋကတ်တော် များကို အမြောက်သံကြား အခါတော်နှင့် ဘေးတော်, ဘကြီးတော်, ခမည်းတော်မင်း တရားတို့လက်ထက် ပင့်ယူသည့်နည်းအတိုင်း ဝေါတော်, ဆင်တော်, ထမ်းစင်တော် များနှင့် စီစဉ်ခင်းကျင်းဆောင်ယူစေ၍ ဖော်ပြပါ ပိဋကတ်တိုက်တော်သို့ ပင့်ဆောင်ခဲ့ လေသည်[၁] ။

ယင်းပိဋကတ်တိုက်တော်သည် ရတနာပုံခေတ်တွင် ပိဋကတ်စာပေအမျိုးမျိုး တို့ကို လေ့လာရာဌာနမွန်ကြီး ဖြစ်လေသည်။

**အာလယော ပေါတ္ထကာနမ္ပိ၊ သုရညာ ကာရိတော မဟာ။**
**သမ္ဗုဒ္ဓဓမ္မဂန္ထာနံ၊ စိရကာလာဘိဝုဒ္ဓိယာ။**

သီပေါမင်းပါတော်မူစ ရုရှားပညာရှင် အိုင်ဗင်ပဗလိုဗစ်မိနာယီဖီ= **(IVAN-PUV LOVICHMINA YEFE)** သည် ၁၈၈၆–ခုနှစ် ဖေဖော်ဝါရီ ၇– ရက်နေ့တွင် မန္တလေးတောင်ခြေ ပိဋကတ်တိုက်နှင့်ပတ်သက်၍ အတွေ့အကြုံကို အောက်ပါ အတိုင်း ရေးမှတ်ခဲ့လေသည်။

မနေ့က ကြည့်ခဲ့တဲ့နေရာတွေကို ထပ်သွားပြန်တယ်။ တောင်ခြေမှာ

ပိဋကတ်တိုက်ကို တွေ့ပြန်တယ်။ မင်းအဆက်ဆက်လှူတဲ့ ပေစာတွေထားတဲ့နေရာ ပဲလို့ သိရတယ်။ အရင်နှစ်ရက်လောက်က ဒမြဝင်မွှေသွားပြီတဲ့။ ဒီတော့ ပေစာတွေ အစီးအထုပ်ပြေပြီး ပြန့်ကြဲနေတာပေါ့။ ဟိုဆွဲကြည့် ဒီဆွဲကြည့်လုပ်တော့ သီဟိုဠ်က ပေစာတွေလဲတွေ့ရတယ်။ အမှတ်တရသိမ်းထားဖို့ နဲနဲဆွဲယူခဲ့သေးတယ်။ အချို့က ရှေးလက်ရေးနဲ့ ပေပေါ်မှာ မှင်နဲ့ရေးထားတယ်။ အဲ့ဒါမျိုးကတော့ မန္တလေး မတည် ခင်နှစ်တွေ အကြာကြီးကလဲ ရေးခဲ့တဲ့ပေစာဆိုပါတော့။ ဘုန်းကြီးနှစ်ပါးကို တွေ့ရလို့ ပိဋကတ်တိုက်အကြောင်း မေးကြည့်တယ် ဘာမှ မပြောတတ်ဘူး။

ရှေးမင်းအဆက်ဆက်ကလှူတဲ့ ကျမ်းတွေကို အပြင်ဘက်, မင်းတုန်းမင်း ရဲ့ကုသိုလ်ကို အတွင်းဘက်ထားပါတယ်။ သီပေါမင်းရဲ့ကုသိုလ်ကိုတော့ အတွင်းဘက် အကျဆုံးအလယ်မှာ ထားတယ်လို့ပြောကြတယ်။ စာတိုက်နှစ်ဆယ်ကျော်ရှိပါတယ်။ ပိဋကတ်တိုက်တွေကို သူ့အစိတ်ပိုင်းနဲ့သူ ခွဲပြီးထားတာဖြစ်တယ်။ စာတိုက်ထဲက လက်ရာကောင်း အဖိုးတန်ဆိုတာကိုရွေးပြီး ဒမြယူသွားပြီတဲ့။ လက်ကျန်စာတိုက် တွေကို ကြည့်ပြီး ဆုံးရှုံးတဲ့စာတိုက်ကို မှန်းဆကြည့်နိုင်ပါတယ်။ ရွှေရောင်တွေတော့ မှိန်ကုန်ပြီ။ ဒီနေရာက ရှုခင်းသိပ်လှတယ်။ ဘုံအဆင့်ဆင့် ရွှေပြသာဒ်မှန်ရောင်ပြိုးပြိုး ပြက်ပြက်နဲ့။ မန္တလေးဟာ နှစ်နဲနဲအတွင်းမှာ အံ့သြစရာကြီးကျယ်လာတယ်[၁] ။

## သုံးဆယ့်တစ်ဘုံဇရပ်ကြီး

အရှေ့တောင်ယွန်း ဓာတ်တော် စောင်းတန်းဦး အနောက်ဖက် ဤမည်သော ဒါနကောင်းမှု, သီလကောင်းမှု, ဘာဝနာကောင်းမှုကြောင့် ဤမည်သောသုဂတိဘုံ၌ စံစားကြရသည်။ ဤမည်သောမကောင်းမှု အကုသိုလ်ကြောင့် ဤမည်သော ဒုဂ္ဂတိဘဝ၌ ဒုက္ခခံရသည် စသည်ဖြင့် သရုပ်ပေါ်အောင် သဏ္ဍာန်ဆောင်သည့် သုံးဆယ့်တဘုံရုပ်စုံပုံတို့ဖြင့် ပြသထားသဖြင့် သုံးဆယ့်တဘုံဇရပ်ကြီး ခေါ်သော ဇရပ်ကြီးလည်း ရှိခဲ့ဘူးသည်။ ယခုသော် ပျောက်ကွယ်ပျက်စီးခဲ့လေပြီ။

## ရုပ်စုံဇရပ်ကြီး

ဓာတ်တော်စောင်းတန်းဦး တောင်ဖက် ယခုကွက်လပ်မြေပြင်၌ လာလာသမျှ ဘုရားဖူးများ တည်းခိုနေထိုင်ကြရန် ကျယ်ဝန်းစွာ ဆောက်လုပ်အပ်သော ဇရပ်ကြီး

---

၁။ ကုန်းဘောင်ဆက်။ ၃။ ၃၁၄။

တဆောင်ရှိလေသည်။ အတွင်း၀ယ် နိပါတ်တော်လာ ဇာတ်ဝတ္ထုအသွယ်သွယ် ရုပ်ပုံချယ်၍ ကြည့်ရှုစဖွယ် ချယ်လှယ်ပြုလုပ်ထားသဖြင့် ရုပ်စုံဇရပ်လည်း ရှိခဲ့လေသည်။ ယခုမရှိပြီတကား။

မင်းတုန်းမင်းကြီး၏ ကောင်းမှုတော် တောင်ပေါ်ရှိ စေတီတော် ရုပ်ပွားတန်ဆောင်း, စောင်းတန်း, ဇရပ်, ပြသာဒ်အရပ်ရပ်တို့သည် သက္ကရာဇ် ၁၂၄၅-ခုနှစ်တွင် ရွှေကျီးမြင့်စေတီအနီးမှ စတင်လောင်ကျွမ်းခဲ့သောမီးတွင် မန္တလေးတောင် အနောက်ဖက်ကျောင်းတိုက်များနှင့်အတူ ပျက်စီးလောင်ကျွမ်းခဲ့လေသည်။ ဗျာဒိတ်ညွှန်ရွှေရုပ်တော်ကြီးလည်း မကျန်ခဲ့ပါချေ။

## သံဝေဂယူတရားကျင့်ရန်

လောက၌ ပစ္စည်းဥစ္စာတို့သည် မမြဲပါကုန်ချေ။ မခိုင်ခန့်ပါကုန်ချေ။ အလိုအတိုင်း မဖြစ်ပါကုန်ချေ။ သို့ဖြစ်၍ စည်းစိမ်ဥစ္စာတို့၌ မတွယ်တာ မကပ်ငြိဘဲ သံဝေဂပွားတရားကျင့်ရာ၏။

**ဝံ အနိစ္စာ ဘောဂါဟိ၊ အစုဝါ အသယံ ဝသီ။**
**တသ္မာ အလဂ္ဂေတွာန၊ ဘာဝေတွာ ကုသလံ ကရေ။**

## လက်ရာပြောင်မြောက်သည့် ခြသေ့်ကြီးနှစ်ကောင်

မန္တလေးတောင်ပေါ်တွင် ယခုတွေ့မြင်ရသော စေတီပုထိုး, ဆင်းတု, တန်ဆောင်းကျောင်းတော်စသည့် အဆောက် အအုံများမှာ များသောအားဖြင့် သက္ကရာဇ် ၁၂၆၉ ခုနှစ်ကစ၍ ရသေ့ကြီးဦးခန္တီ ဦးစီးဦးဆောင်ဆောက်လုပ်ခဲ့သည့် သာသနိက အဆောက်အအုံများ ဖြစ်လေသည်။ အနယ်နယ်အစိုစို အမြို့မြို့အရွာရွာမှ ရောက်ရှိလာကြသော ရဟန်းရှင်လူဘုရားဖူး သူတော်စင်တို့သည် မန္တလေးတောင်တက် စောင်းတန်းဦးတွင် ငွေရောင်လျှပ်သည့် မုခ်ဦးပြာသာဒ်တော်ကြီးနှင့်တကွ တောသုံးတောင်ပိုင် ဦးကိုင်ချုပ်ချာ ကေသရာခြသေ့်မင်းနှစ်စီး ရွှေဂူမှထွက်၍ ဟောက်မည့်အဟန် သဏ္ဍာန်တူစွာ လုပတင့်တယ် လက်ရာပြောင်မြောက်သည့် ခြသေ့်ကြီးနှစ်ကောင်ကို တွေ့မြင်နိုင်လေသည်။ ယင်းခြသေ့်ကြီးနှစ်ကောင်ကို

---

၁။ နယ်လှဲ့ရာဇဝင်၊ ၃။ ၄၂၁-၂။ ၂၉၀၂၅

မြင်လိုက်သည်ကစ၍ မန်းတောင်ထိပ်ပေါ်သို့ အရောက်သွားလိုသည့်စိတ်သစ်များ ပေါ်ပေါက်လာလေသည်။

## ဦးခန္တီကျောင်းကြီးနှင့်ဓာတ်တော်ပြတိုက်

ရသေ့ကြီးဦးခန္တီ သီတင်းသုံးခဲ့သော ကျောင်းကြီးသည် တောင်ခြေအနောက်ဖက် အဘယာရာမ မိုးထိတိုက်ကြီးအတွင်း၌ တည်ရှိလေသည်။ ကျောက်သံ၊ အင်္ဂတေတို့ဖြင့် ပြုလုပ်ထားသော ၉– ခန်း ၆– ခန်းပတ်လည်ရှိ နှစ်ထပ်ကျောင်းကြီးဖြစ်၍ ခေတ်တန်ဖိုးအားဖြင့် သိန်း ၂၀–ခန့် တန်ဖိုးရှိမည်ဖြစ်သည်။ ဤတိုက်ကျောင်းကြီး၏ အောက်ထပ်၌ ၄– ခန်းပတ်လည်ရှိ ဆင်ဝင်ခန်းဆောင်ကို ဓာတ်တော်ပြတိုက်အဖြစ် ပစ္စည်းမျိုးပေါင်းစုံလင်စွာကို ခမ်းနားစွာပြထားလေသည်။

## ကိုးခန်းပတ်လည် အာရုံခံကြီး

အလယ်ဗဟိုတွင် ကြေးဆင်းတုရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်ရာ ၉– ခန်းပတ်လည်ရှိ အုတ်တိုက်အာရုံခံကြီးသည်လည်း အဘယာရာမ မိုးထိကျောင်းတိုက်အတွင်းမှာပင် တည်ရှိလေသည်။ ၉– ခန်းပတ်လည် ဖြစ်သဖြင့် “ကိုးခန်းကြီး” ဟု တွင်လေသည်။ ယင်းကိုးခန်းပတ်လည်တန်ဆောင်းတော်ကြီးအတွင်း၌ ဘုရားမြတ်စွာ မြောက်ဦးခေါင်း ယာန်တောင်းဖြင့် လျောင်းတော်မူကာ ပရိနိဗ္ဗာန်ဝင်စံတော်မူဟန် ဉာဏ်တော် ၁၈– တောင်ရှိ ရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်လျက်တည်ရှိပေသည်။ ယင်းပရိနိဗ္ဗာန်စံတော်မူဟန် ဆင်တုတော်ကြီးကို အောက်ပါဝန္ဒနာဂါထာဖြင့် ရှိခိုးပူဇော်ရာ၏။

## ပရိနိဗ္ဗာန်ပြုဟန် ဆင်းတုတော်ကြီးအား ရှိခိုးဂါထာပါဠိနိဿယ

မန္တလာစလပါဒမှိ၊ ပဋိမံ စာရုဒဿနံ။
ပရိနိဗ္ဗာနသဏ္ဌာနံ၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ မန္တလာစလပါဒမှိ၊ မန္တလေးတောင်ခြေ အဘယာရာမ မိုးထိတိုက်အတွင်း၌။ သဏ္ဌိတံ၊ ကောင်းစွာတည်ရှိသော။ စာရုဒဿနံ၊ ဖူးချင်စဖွယ် ကင့်တယ်သော ရှုမြင်ရခြင်းရှိသော။ ပရိနိဗ္ဗာနသဏ္ဌာနံ,ပဋိမံ၊ ပရိနိဗ္ဗာန်ဝင်

စံတော်မူပုံအဟန် သဏ္ဍာန်တူသော ဆင်းတုတော်မြတ်ကြီးကို။ သိရသာ၊ ဦးခေါင်း ရတနာ မြတ်အင်္ဂါဖြင့်။ အာဒရုံ လေးမြတ်ကြည်ညို ရှိသေလှစွာ။ ဝန္ဒာမိ၊ ရှိခိုးဦးချ ပါ၏။

## ဗုဒ္ဓမြတ်စွာခြေတော်ရာ ပါဒစေတီနှစ်ဆူ

ဘိုးတော်မင်းတရားလက်ထက်မှစ၍ ထုလုပ်ကိုးကွယ်ခဲ့သည့်အားလျော်စွာ "သာသနဟိတဓရနာယက"ဟု ရသေ့ကြီး ဦးခန္တီသည် ဤမည်သော မန္တလေး တောင်၌ အောက်အထက်ခြေတော်ရာနှစ်ဆူကို ထုလုပ်ပူဇော်တော်မူခဲ့လေသည်။ နမ္မဒါနဂါးမင်းနှင့် သစ္စဗန္ဓထေရ်တောင်းပန်ပုံများကို မန္တလေးမြို့ ၃၄-လမ်း ယူအက်စ်စတိုးမှ ထပ်မံပြုပြင်ခဲ့လေသည်။

## ခြေတော်ရာဘုရားရှိခိုး

မန္တလေးတောင်သို့ ဘုရားဖူးရောက်သော သူတော်စင်သူတော်ကောင်းသည် ဖော်ပြပါခြေတော်ရာ (စက်တော်ရာ)နှစ်ဆူကို အောက်ပါအရှင်မဟာရဋ္ဌသာရ ပုဂ္ဂိုလ် ကျော်၏ ဘုရားမြတ်စွာ ခြေတော်ရာဘုရားရှိခိုး (စက်တော်ရာဘုရာရှိခိုး) လင်္ကာ ကြီးကို ပြီပြီပြင်ပြင်ရွတ်ဆို၍ ဖူးမြော်ရာ၏။

## အရှင်မဟာရဋ္ဌသာရ၏ စက်တော်ရာဘုရားရှိခိုးလင်္ကာ

အတိုင်းမသိ ကျေးဇူးရှိသည့် မုနိသကျ ဂေါတမ၏ ပါဒမြတ်ကျော် ဖဝါး တော်၌ ထွန်းပေါ်ကျစ်လစ် တရာ့ရှစ်ကို စီစစ်ကောင်းထွေ လှည့်လည်ရေးအံ့ ချီထွေ အစ လုံမအိမ်မွန် မကျန်ပွင့်ချပ် ဖလပ်ပျံ့မွှေး လည်ရေးသုံးဆင့် လှတင့်သွန်းသွန်း ဦးဆောက်ပန်းက စသည်မကွဲ ထမင်းပွဲတည်ဟန် ရွှေသလွန်ချွန်းတောင်း ရောင်မောင်းပြသာဒ် အထွတ်မြင့်ခိုင် တံခါးတိုင်နှင့် အပြိုင်ထီးဖြူ အတူသံလျက် ထမ်းရွက်ယပ်ဝန်း တခန်းတကြောင်း ဥဒေါင်းမြီးယပ် သင်းကျစ်တခြား ပတ္တမြား ရောင်ဖိတ် သပိတ်ပန်းဆိုင်း တုနှိုင်းမရ ပွင့်လှထွားထွား ငါးပါးကြာမျိုး ရေအိုးဖလား ထူးခြားသမုဒြာ စက္ကဝါမြင့်မိုရ် ထိုထိုနေလ နက္ခတ်စသား ဒေသလေးခု ဇမ္ဗူဒီပါ ပြုဗ္ဗာဥတ္တရ အပရဂေါယီ တလီအံ့ဖွယ် ကျွန်းငယ်နှစ်ထောင် ဘုန်းခေါင်လျှံဝင်း စကြာမင်းနှင့် ခရသင်း ဖြူဆွတ် ငါးကြင်းပွက်စကြာ သီတာခုနှစ်တန် သတ္တရဗ္ဗာန် တောင်စဉ်ခုနှစ်ထပ် ကြပ်ကြပ်မြင့်ခိုင် ခုနှစ်အိုင်တသုန် ဂဠုန်တကြောင်း မိကျောင်း ရေသား ကုက္ကားတံခွန် မင်းတန်သံလျှင်း မကြွင်းတစ်သီး သားမြီးကေသာ ကေလာ

သဘာ သိဟကျားမင်း ဆင်မင်းမြတ်စွာ ဥပေါသထယဥ့်မွန် ဆဒ္ဒန်တခြား နဂါးဝမ်းဘဲ မကွဲတူကွ ဥသဘမကျန် ရေဝဏ်မကာရံ ထူးဆန်းအံ့ဘွယ် တင့်တယ်လှထွေ ရွှေလေ့လှေ့ဝါ မျက်နှာလေးပါး နွားသားမိသစ် အဖြစ်များစွာ ကိန္နရာကိန္နရီ တူပြီကရဝိတ် ထိတ်ထိတ်သံညောင်း ဥဒေါင်းကြိုးကြာ သံသာစက္ကဝတ် ငှက်၏အမျိုး ဇီဝစိုးအစုံ ခြောက်ဘုံနတ်ရွာ ဆကာမာနှင့် ပြဟ္မာထက်ရပ် ဆယ်ခြောက်ထပ်က စေ့စပ်မကြွင်း ခပင်းများစွာ ရံခကာနှင့် စကြာခြေမွန် တင့်စဟန်ကို ထက်စွန်မိုးဖျား သိကြားပြဟ္မာ ရေးထုကာလည်း ဘယ်မှာတူမျှ အတူရမြို့ အသမသမာ သုံးလူ့ချာ၏ ရတနာထိန်ဝင်း နီလင်းသန့်စင် အကန့်တစ်ထောင် ရွှေရောင်ခြယ်ကာ သန္တာအကွပ် ထိန်လျှပ်မြကောင်း ပုံတောင်းပြိုးပြက် ခြေတော်စက်ကို စုံမက်မြတ်နိုး ရှိလျှင်ခိုးသည် ကောင်းကျိုးလျှင်ဆော ပြည့်စေသော။

## သမ္ဗုဒ္ဓေ ရုပ်တော်မူ ဆင်းတုတော်ကြီး

အထက်ခြေတော်ရာ ပါဒစေတီတော်မှ အရှေ့ဖက်စောင်းတန်းလမ်းဖြင့် ဆင်းသွားခဲ့လျှင် အရပ် ၁၈– တောင် အမြင့်ဆောင်တော်မူသော ရုပ်ပွားတော်မြတ်ကြီးနှင့် ၉– ခန်းပတ်လည်ရှိ နှစ်ထပ်အုတ်တိုက် အာရုံခံသမ္ဗုဒ္ဓေဘုရားကို သဒ္ဓါဖောင် ဖူးမြင်နိုင်လေသည်။ သမ္ဗုဒ္ဓေဘုရား မြောက်ဖက်အနီးတွင် လွမ်းစေတီနှင့် ရေကန်ကြီးတည်ရှိလေသည်။

## ပြည်လုံးအေး စေတီတော်

အထက်ခြေတော်ရာမှ မြောက်သို့ဆက်လက်၍ တက်သွားခဲ့လျှင် ရဟန်းပျို ဆရာတော်များလက်ထက်က တိုးချဲ့တည်ထား ကိုးကွယ်ခဲ့သော အာရုံခံနှင့်တကွ ရုပ်ပွားတော်မြတ်သုံးဆူ ကိန်းဝပ်ရာ ပြည်လုံးအေးစေတီတော်ကို ဖူးမြော်နိုင်လေသည်။

## ပြည်လုံးချမ်းသာ ရွှေရုပ်တော်ဆင်းတုတော်ကြီး

သာသနာ့အကျိုးဆောင် ရသေ့ကြီးဦးခန္တီသည် မြန်မာပြည်သူပြည်သား အားလုံး လောကုတ်,လောကီနှစ်လီသော ချမ်းသာသုခ လိုအင်ဆန္ဒပြည့်ဝစေရန် သမ္မာဆန္ဒဖြင့် ဉာဏ်တော် ၁၈–တောင် အမြင့်ဆောင်သော ရွှေရုပ်ပွားတော်မြတ်ကြီးကို ပြည်လုံးချမ်းသာအမည်တော်တပ်ကာ ကိုးခန်းပတ်လည် အာရုံခံသံတန်ဆောင်း ပြသာဒ်တော်နှင့်အတူ ပူဇော်ပြုလုပ်ခဲ့လေသည်။

## စိုင်တမော့စေတီတော်

ပြည်လုံးချမ်းသာစေတီတော်ကို ဖူးမြော်ပြီးနောက် ခရီးတထောက်ဆက်ခဲ့လျှင် မကြာခင် စိုင်တမော့စေတီတော်သို့ ရောက်တော့သည်။ စိတ်အားမလျှော့ဘဲ တအားခဲ၍တက်ပါဟု ကျိုက်ထီးရိုးဆံတော် စေတီတော်လမ်းကို စိုင်တမော့အသွင် မြင့်မြိုးလွင်သည်ကို အကြောင်းပြု၍ ''စိုင်တမော့''စေတီဟု ခေါ်ဆိုပညတ် သမုတ်ခဲ့ကြလေသည်။

## ရွှေပြည်အေးစေတီတော်

စိုင်တမော့စေတီတော်မှ မဆုတ်မနစ်အားသစ်လုံ့လ ဝီရိယဖြင့် တက်ခဲ့လျှင် ရဟန်းပျိုဆရာတော်များ အသစ်ထပ်မံ တိုးချဲ့တည်ထားသော မြန်မာတနိုင်ငံလုံး တပြည်လုံးအေးအောင် အတိတ်နိမိတ်ဆောင်သည့် ရွှေပြည်အေးစေတီတော်ကို ဖူးမြော်နိုင်လေသည်။

## ဗျာဒိတ်စကား မိန့်ကြားတော်မူဟန် ဆင်းတုတော်ကြီး

ရွှေပြည်အေးမှာ တထောက်နား၍ ဆက်လက်တက်ပြန်လျှင် ''အထက် ရွှေရပ်တော်မူ'' ခေါ် ရွှေမန်းတောင်၏ ပဓာနတဆူဖြစ်တော်မူသော ဗျာဒိတ်ပေး ဆင်းတုတော်ကြီးကို ဖူးမြော်ရပေသည်။ ဤဗျာဒိတ်ပေးရွှေရပ်တော်ဆင်းတု တော်ကြီးကို မူလပဋ္ဌမဒါယကာ ရတနာပုံ မန္တလေးမြို့တည်နန်းတည် ပဥ္စမသံဂါ ယနာတင် မင်းတုန်းမင်းတရားကြီး စီမံပြုလုပ်တော်မူခဲ့သည့် ပုံသဏ္ဌာန်အတိုင်း နန်းမြို့ဖက်မျက်နှာပြုကာ လက်ညှိုးညွှန်ပြဉာဏ်တော် တဆယ့်ရှစ်တောင်အမြင့် ဆောင်တော်မူသော ရုပ်ပုံတော် နှင့် အရှင်အာနန္ဒာလျှောက်ထားဟန် ရုပ်ပုံတော် ကိုလည်း အလျား ၁၈–တောင်, အနံ ၉– တောင်, ဒု–လက်မရှိသူ ပင်ကိုယ်ပကတိ ကျောက်လွှာချပ်တို့ဖြင့် ရသေ့ကြီးဦးခန္တီပြုလုပ် ပူဇော်ခဲ့လေသည်။

ရုပ်ပွားတော်မြတ်ကြီးကိုမူ ဆရာတော်အရှင်နန္ဒိယလက်ထက်က ထုလုပ် ပူဇော်ခဲ့သည်ဟု သိရ၏။ သမိုင်းစဉ်ကား ဤသို့တည်း– ကသာဖက်၌ သစ်ကုန်သည် ကြီးတစ်ဦးထံ၌ ရောင်းမည်ဆိုလျှင် ရေမြုပ်နေပြီး မရောင်းဟုဆိုလျှင် ရေပေါ်ပေါ်နေ သော ထူးခြားသော သစ်တုံးကြီးတစ်တုံးရှိကြောင်း အရှင်နန္ဒိယကြားသိရသဖြင့်

ကြွရောက်အလှူခံရာ သစ်ကုန်သည်က ဝမ်းမြောက်ဝမ်းသာ သဒ္ဓါကြည်ဖြူ ပေးလှူခဲ့လေသည်။ သစ်တုံးကြီးကို မန္တလေးတောင်ခြေအရောက် ယူဆောင်လာပြီးသောအခါ ထိုစဉ်က "ကန်တိုမင်" စစ်ခြေ (= မြင်းကွင်းရာပြည့်ကွင်း) စစ်သားများရှိနေရာ ထိုစစ်သားများ၏ အကူအညီဖြင့် စက်ကြိုးများဖြင့်ဆွဲ၍ တင်ဆောင်ခဲ့ပြီးလျှင် တစ်နှစ်ရှစ်လကြာမျှ ပန်းပုပညာကျော်များဖြင့် ထုလုပ်ခဲ့ရသောဟူ၏။

## ဘုရားမြတ်စွာ မိန့်ကြားတော်မူခြင်း

ဘုရားမြတ်စွာ ဝေနေယျတို့ကို ချီးမြှောက်ရန် ဒေသစာရီကြွချီမြန်းတော်မူစဉ် ဤမည်သော မန္တလေးတောင်ထိပ်သို့ ရောက်ခိုက် တောင်ဖက်ကို မျက်နှာတော်မူ၍ ပြုံးတော်မူလေရာ ညီတော်အရှင်အာနန္ဒာက ပြုံးတော်မူခြင်း၏အကြောင်းကို လျှောက်ထားလေရာ ဘုရားမြတ်စွာက "ညီဘွားလိမ္မာ အာနန္ဒာ ။ ။ ငါဘုရားပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာ ၂၄၀၀-ရှိသောအခါတွင် ဤနေရာ ဤဒေသ၌ မြို့ကြီးတည်လတ္တံ့။ စန္ဒမုခီဘီလူးမသည်လည်း ထိုအခါ ကေရာဇ်မင်းနှင့် နှစ်စင်စစ်ဖြစ်လတ္တံ့။ တိုင်းကားပြည်ရွာ အေးချမ်းသာယာလျက် ငါဘုရားသာသနာတော် လွှန်စွာစည်ပင်လတ္တံ့" ဟု ဘုရားဖိနော်သည် လက်ညှိုးတော်ညွှန်ကာ သာယာချိုငေါ် ဗျာဒိတ်တော်စကား မြွက်ကြားတော်မူခဲ့လေသည်။

## မော်ကွန်းလင်္ကာ

မြမန်းသေလာ မည်သညာဖြင့် ဒီပါကျွန်းမွန် ကျော်စောထင်လျက် ယခင်မဆွ ကပ်တည်စက ပြဟ္မာ့နိမိတ် ရှေးအတိတ်နှင့် ကောင်းဟိတ်သြဘာ မင်္ဂလာတည်း ပေါ်လာတည်ထွန်း သပြေကျွန်းဝယ် နေဝန်းသဘင် ကဲ့အသွင်သို့ သုံးခွင်လူ့ဖျား မြတ်ဘုရားလည်း နောက်ပါးသံဃာ အာနန္ဒာနှင့် ကြွလာချီမြန်း တောင်ရွှေမန်းဝယ် စခမ်းရပ်တည် ဗျာဒိတ်ရည်သည် တည်ရာစင်စစ် မြို့ကြီးဖြစ်လျက် ခေတ်လောကဓာတ် သင့်လျောက်ပတ်အောင် နာဂတ်မြင့်ရှည် တည်လိမ့်မည်ဟု သာကြည်မြွက်ဟ ညှိုးညွှန်ပြပြီး စန္ဒမုခီ နတ်နာရီကို အညီရှေးရှု သက်သေပြု၍ သုံးလူ့မျက်ရှင် ဗျာဒိတ်တင်သည် ။ ။ ။ ။ မြန်ခွင်မကိုဋ်မန်းပေတည်း။

ထို့ပြင်တပါး -

ရွှေတောင်သိုက်မန်း၊ မကိုဋ်နန်းမူ၊ ရေပန်းစီးဆိုင်၊ ဘဝင်တိုင်အောင်၊ အပြိုင်

ထွန်းပ၊ သုံးလူဘလျှင်၊ ချီကြွဒေသ၊ မန်းသေလာဘကာ – စသည်ဖြင့် စပ်ဆိုခဲ့ကြသည်။ (မင်္ဂလာချောင်း။)

## နဂါးရုံပုံတော်မြတ်

ဗျာဒိတ်ပေးရွှေကိုယ်တော်ကြီး၏ကျောဖက်လိုဏ်မုခ်တွင် ဗောဓိမဏ္ဍိုင်မြေဦးကိုင်မှ အရှေ့တောင်ယွန်း အတောင်နှစ်ရာ ကျော်ခန့် အကွာတွင်ရှိ မုစလိန္ဒာ ကျည်းပင်အိုင်ဝယ် ဘုရားမြတ်စွာ ဆဋ္ဌမသတ္တာဟ စံတော်မူစဉ်အခါက ပြင်းထန်မောက်ဖြိုး ရွာသည့်မိုးကို တနင်္ဂနိုးပြင်းထန် မုစလိန္ဒာနဂါးမင်းသည် ဆီးနှင်းပေါက်မျှ မကျစိမ့်သောငှါ ပါးပျဉ်းကာလျက်ပေးပုံ ''နဂါးရုံ'' ဆင်းတုတော်ကိုလည်း ကြည်ညိုဖွယ်ရာ ဖူးတွေ့နိုင်လေသည်။ မန္တလေးမြို့ ၈၄– လမ်းနှင့် ၃၁– လမ်းဒေါင့်ရှိ ယူအက်စစ်စတိုး၏ ကောင်းမှုဖြစ်သည်။

**နဂါးရုံပဋိမာစာပိ၊ သောဘနာ သုမနောဟရာ။**
**မန္တလေးသိလုစ္စယမှိ၊ သဏ္ဌိတာ သာဓုပူဇိတာ။**

## နိမိတ်ကြီးလေးပါးနှင့် ကြာချည်လှပ်ဟန်ရုပ်ထုတော်

''ရွှယ်မူနုဖြိုး နှစ်ဆယ့်ကိုးတွင် လေးမျိုးနိမိတ် နတ်ပြဟိတ်ကြောင့် သဲထိတ်လိုက်ခုန် ကဆုန်လပြည့် ကျားမင်းနေ့ဝယ် ချမ်းမြေ့ရဂုံ တောရပ်လှုံသည် စုံမြိုင်ပင်ရိပ်ခန်းမှာကိုဝ်း'' ဟူသည်နှင့်အညီ သိဒ္ဓတ္ထလောင်းလျာသည် ကာမအနှောင် ပယ်ရှောင်ခွာဖျက် တောထွက်တော်မူရန်အကြောင်း နတ်တို့ဖန်ဆင်းပြအပ်သော သူအို, သူနာ,သူသေ,ရဟန်း ''နိမိတ်ကြီးလေးပါး ပုံတူရုပ်တုများနှင့် တောထွက်ခါနီးသန်းခေါင်ယာမ်တွင် ပါရမီဖြည့်ဖော်ကြင်ဖက်နန်းပျော် ယသော်ဓရာ လုကလျာနှင့် ရာဟုလာ သားကလေးတို့ကို ကြာချည်လှပ်သဏ္ဍာန်တူစွာ ထုလုပ်ထားသော ရုပ်ပုံများကိုလည်း နဂါးရုံဆင်းတုတော်ရှေ့တူရူတွင် ချက်တွေ့ထင်ထင်မြင်နိုင်လေသည်။

## မြတ်စောညီနောင် ဆင်းတုတော်နှစ်ဆူ

နဂါးရုံဆင်းတုတော် စသည်တို့ကို ဖူးမြော်ပြီးနောက် ဆက်လက်တက်သွားလျှင် ကျယ်ဝန်းခမ်းနား သာယာလှသော မြတ်စောညီနောင် ဆင်းတုတော်များကိန်းဝပ်ခဲ့ရာ တန်ဆောင်းတော်ကြီးသို့ ရောက်ပေ၏။ တန်ဆောင်းတော်ကြီးမှာ

သိမ်တန်ဆောင်ကြီးဖြစ်လေသည်။ သိမ်တိုင်ပေါင်း ၃၄၈– တိုင်ရှိသည်ဟု သိရသည်။ ၁၁–ပေ ၁၂–ပေပတ်လည်ရှိ အခန်းပေါင်း အရှေ့အနောက် ၁၅–ခန်း, တောင်မြောက် ၁၉– ခန်းဖြစ်၍ စုစုပေါင်း ၂၈၅– ခန်း ရှိလေသည်။ အကျယ် တောင်မြောက် ၂၂၈– ပေရှိ၍ အရှေ့အနောက် ၁၆၅– ပေရှိလေသည်။ သမံတလင်း မှ အမိုးထိ အောက်ဆင့် အမြင့်ပေ ၂၇–ပေရှိလေသည်။ အထက်အမြင့်ပေ ၁၉– ပေရှိလေသည်။ အထက်ရှိ မှန်စီရွှေချ ဂန္ဓကုဋိတိုက်အတွင်းဝယ် ဗောဓိပင်နှင့် ရွှေပလ္လင် အောင်မြင်တော်မူဟန်– ဗောဓိပင်နှင့်ရွှေပလ္လင်စံတော်မူ ရုပ်ပွားတော်ကို ဖူးမြင်နိုင်လေသည်။

မြတ်စောညီနောင်ဟူသည် အမြတ်ဆုံးဖြစ်သော အရှင်နှစ်ပါး အမြတ်ဆင်းတုနှစ်ဆူဟူ၍ အဓိပ္ပာယ်ရသည်။ ရသေ့ကြီး ဦးခန္တီသည် မိမိမရောက်မီ ရှေးအတိက်က တည်ရှိခဲ့သော ဤရုပ်ပွားတော်မြတ် နှစ်ဆူကို သက္ကရာဇ် ၁၂၇၁– ခုနှစ် အသစ်ထပ်မံ သံရုပ်ပုံတော်များ အစားသွင်းခဲ့ရာ "မြတ်စောညီနောင်တော်,မြတ်စောညီတော်"ဟု ကမ္ပည်းထိုးစေပြီးလျှင် ဤနေရာတွင် ပူဇော်ထားခဲ့လေသည်။ ယင်းသို့ မြတ်စောညီနောင် အမည်တွင်ခဲ့သော်လည်း ဤမှန်စီရွှေချ ဂန္ဓကုဋိတိုက်တော်နှင့် ယခုရှိသည့် ရုပ်ပွားတော်မြတ် ပြုလုပ်ပြီးသည့်အခါတွင် ရသေ့ကြီးဦးခန္တီသည် "မြတ်သောနောင်တော်, မြတ်သောညီတော်"နှစ်ဆူ ပုံတော်များကို မြွေကြီးနှစ်ကောင် အထက်ပေါ်၌ ရွှေ့ပြောင်းပူဇော်ထားခဲ့လေသည်။ မြတ်စောညီနောင်ကို ဖူးမြော်လိုလျှင် မြွေကြီး နှစ်ကောင် အထက်၌ရှိကြောင်း ဖော်ညွှန်အပ်ပါသည်။

## ရှုခင်းသာအောင်စမ္မာရုံ

မြတ်စောညီနောင်မြောက်ဖက် ဆင်မင်းစေတီတော် အထက်အနီး၌ မန္တလေးမြို့ ၈၄–လမ်း မင်းသားစု အောင်ကုမ္ပဏီက ရှုခင်းသာ အုတ်အာရုံခံ တိုက်တလုံးကို တစ်ဦးတည်း ပြုလုပ်လှူဒါန်းခဲ့လေသည်။

## နှစ်ကျိပ်ရှစ်ဆူ လိုဏ်ဂူတော်

လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလအတွင်း ပွင့်တော်မူကြသော– (၁) တဏှင်္ကရာ၊ (၂) မေဓင်္ကရာ၊ (၃) သရဏင်္ကရာ၊ (၄) ဒီပင်္ကရာ၊ (၅) ကောဏ္ဍညာ၊ (၆) မင်္ဂလာ၊ (၇) သုမနာ၊ (၈) ရေဝတာ၊ (၉) သောဘိတာ၊ (၁၀) အနောမဒဿီ၊

(၁၁) ပဒုမ၊ (၁၂) နာရဒ၊ (၁၃) ပဒုမုတ္တရ၊ (၁၄) သုမေဓ၊ (၁၅) သုဇာတ၊ (၁၆) ပိယဒဿီ၊ (၁၇) အတ္ထဒဿီ၊ (၁၈) ဓမ္မဒဿီ၊ (၁၉) သိဒ္ဓတ္ထ၊ (၂၀) တိဿ၊ (၂၁) ဖုဿ၊ (၂၂) ဝိပဿီ၊ (၂၃) သိခီ၊ (၂၄) ဝေဿဘူ၊ (၂၅) ကကုသန်၊ (၂၆) ကောဏဂုံ၊ (၂၇) ကဿပ၊ (၂၈) ဂေါတမ- ဟူသော နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့ကို ရည်မှန်းကာ အတုထုလုပ် ကိုးကွယ်ထားသော နှစ်ကျိပ်ရှစ်ဆူ ဆင်းတုတော်တို့ကိုကား ဥမင်လိုဏ်ဂူကြီးဖြင့် ပြုလုပ်ပူဇော်ထားလေသည်။

## ဆင်မင်းစေတီ

ဘုရားအလောင်းတော် ခုနစ်ဘဝတိုင်တိုင် ဆင်မင်းဖြစ်ခဲ့လေရာ ရာဇဂြိုဟ် မြို့တော် မဂဓမင်း မင်းပြုစဉ်အခါ တောဒွှေပျော်စံခိုလှုံ ဆင်ရုပ်ကို၄င်း, သီဝလနာဂ ဇာတ်, ကုက္ကုဋ္ဌဇာတ်, လဋ္ဌုကိကဇာတ်, မာတုပေါသကဇာတ်အရ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဟိမဝန္တာမြိုင်ဝနာဒွှ ပျော်ကာလှည့်စံ ဆင်ရုပ်ဖြစ်ဟန်ကို၄င်း, ဆဒ္ဒန္တဇာတ်အရ ဟိမဝန္တာ ဆဒ္ဒန်အိုင်၌ ကျက်စားခဲ့ဟန် ဆင်ဖြစ်ဟန်ကို၄င်း မှန်းဆ ရည်ရော် ကြံစည်မျှော်ဟန် ဤတောင်၌ ပုံတူဖန်၍ ဆင်မင်းစေတီတော်ကို တည်ထား ကိုးကွယ်ခဲ့လေသည်။

## ခြင်္သေ့မင်းစေတီတော်

ဝိရောစဇာတ်, သိင်္ဂါလဇာတ်, သူကရဇာတ်, ဂုဏဇာတ်, ဒဒ္ဒရဇာတ်, သီဟကောတ္ထုဇာတ်, ဒဒ္ဒဘဇာတ်, ဗဗ္ဗုကဇာတ်, မနောဇဇာတ်, မဟာဥက္ကုသဇာတ် များအရ ဘုရားမြတ်စွာသည် ဆယ်ဘဝတိုင်တိုင် ခြင်္သေ့မင်းဖြစ်ခဲ့လေရာ ဗာရာဏ သီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဟိမဝန္တာတောဝနာဝယ် ရွှေဂူ, ငွေဂူ, ကျောက်ဂူ တို့၌ ဖြစ်ခဲ့ဟန်ပုံ အလုံးစုံကို သိမ်းကြုံး၍ ဤတောင်ရံဝယ် ပုံတူစီမံ၍ ခြင်္သေ့မင်း စေတီတော်ကိုလည်း တည်ထားကိုးကွယ်ကြခဲ့လေသည်။

## ဆတ်မင်းစေတီတော်

ကေနိပါတ် ကုရုင်္ဂမိဂဇာတ်, ဒုကနိပါတ် ကုရုင်္ဂမိဂဇာတ်, ဒွါဒသနိပါတ် ကုရုမိဂဇာတ်များအရ သုံးဘဝတိုင်တိုင် ဆတ်မင်းဖြစ်ခဲ့ရာဝယ် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် တစ်ခုသောတောဒွှ လှည့်လည်ကျက်စားခဲ့သည့် အလောင်း တော်ဆတ်မင်းကို ရည်စူး၍ ဆတ်မင်းစေတီတော်ကိုလည်း ဤမန္တလေးတောင် သေလာဒွှ တည်ထားကိုးကွယ်ခဲ့လေသည်။

## ကြက်မင်းစေတီတော်

ဆက္ကနိပါတ် ကုက္ကုဋ္ဋဇာတ်တော်အရ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် တစ်ခုသောတော၌၎င်း၊ ဒသကနိပါတ် ကုက္ကုဋ္ဋဇာတ်အရ ကောသမ္ဗီပြည် ဝါးတော၌၎င်း နှစ်ဘဝတိုင်တိုင် ဖြစ်ခဲ့သော အလောင်းတော်ကြက်မင်းကို ရည်စူး၍ အထိမ်းအမှတ်ပြု၍ ဤတောင်၌ ကြက်မင်းစေတီတော်ကိုလည်း တည်ထားကိုး ကွယ်ခဲ့လေသည်။ ၂၄၇-ဇာတ်တို့ကို ဗုဒ္ဓမြတ်စွာ လောင်းလျာ၏ အပါဒါန်, ဗုဒ္ဓါ နုဿတိကမ္မဋ္ဌာန်းလည်းရ ဗုဒ္ဓပဏ္ဏာမလည်းဖြစ်အောင် အောက်ပါဖြစ်တော်ပေါင်း လင်္ကာကိုလည်း နှုတ်တက်ရဆောင် ကြည်ညိုရာ၏။

## ဖြစ်တော်စဉ်ပေါင်းလင်္ကာ

အတိုင်းမသိ၊ ကျေးဇူးရှိသည့်၊ မုနိသကျ၊ ဂေါတမကား၊- မဆွရှေးခါ၊ သုမေဓာ ပြဟ္မဏ၊ တာပသဇာတ်၊ ရသေ့ဖြစ်၍၊ သုံးခေတ္တရှင်၊ ဒီပင်္ကရာ၊ စောမြတ်စွာ၏၊ နိယတခွန်း၊ ဗျာဒိတ်ပန်းကို၊ ဦးစွန်းထိပ်ပြင်၊ ပန်ဆင်သည်မှ၊ လေးဝသင်္ချာ၊ သိန်းနေကမ္ဘာ၊ ရှည်မြင့်ကြာအောင်၊ ပါရမီတော်သာ၊ ပဉ္စစာဂါ၊ စရိယာသုံး လောင်းတို့ ထုံးကို၊ ရုံးစည်းဖွေရှာ၊ ကျင့်ခြင်းရာဖြင့်၊ မိန့်မှာပိုင်းခြား၊ ဇာတ်တော်များတွင်၊ မပြားမျိုးတူ၊ ပေါင်းယူတွက်လစ်၊ သင်္ချာစစ်မူ၊ လူဖြစ်ဇာတ်မှာ၊ သုံးရာစွန်းကဲ၊ ငါးဆယ်သုံးဖြစ်၊ လျှပ်စစ်ရောင်ဝါ၊ ပြဟ္မာငါးကြိမ်၊ ဝတီသာဖျား၊ သကြားဆယ့်ကိုး၊ မိုးဝထက်နတ်၊ ဇာတ်စုဒ္ဒသ၊ ရုက္ခနတ်ဖြစ်၊ သုံးဆယ့်တစ်ကောက်၊ မျောက်ဒွါဒသ၊ ဂူဝဟောက်လေ့၊ ခြင်္သေ့ဆယ်ခါ၊ ဟင်္သာကျေးသား၊ နှစ်ပါးတူညီ၊ ကိုးဖြစ်စံပင်၊ သမင်ရှစ်ဟု၊ ဆင်မူခုနစ်၊ နိုဖြစ်ခြောက်ခါ၊ နွားမှာပဥ္စ လင်းတ-ငုံး-မြင်း၊ ရေမြင်းနဂါး၊ ဤလေးပါးဇာတ်၊ လေးဖြစ်စီပေါင်း၊ ဒေါင်း-ခွေး-ငှက်-ဆတ်၊ ဖွတ်နှင့်ရေငါး၊ ဤခြောက်ပါးမှာ၊ သုံးစီသာတည့်၊ ကျီး-ခါ-ကြက်-ကြွက်၊ ဂဠုန်ငှက်နှင့်၊ စက္ကဝါက်ဥဩ၊ ပေါင်းရောတွက်မှတ်၊ ခုနှစ်ဇာတ်မှာ၊ နှစ်စီသာထား၊ ဖား-ဗိလုံးငှက်၊ ကျွဲ-ဝက်-ခေါက်ရှာ၊ ကိန္နရာတင်ကျီး၊ စာဝတီးငှက်၊ ဆက်ရက်ယုံလျှောက်၊ သစ်တောက်ငှက်ဟု၊ ဆယ်တစ်ခုမှာ၊ တွက်ခါအညီ၊ တစ်ကြိမ်စီတည့်၊ ပေါင်းလီ သင်္ချာ၊ ငါးရာလေးဆယ်၊ စွန်းကယ်ခုနစ်၊ တို့ရှင်ချစ်လျှင်၊ ပတ်ရစ်ဝ၊ ဩယနစ်သူ၊ သုံးပါးလူကို၊ ရှစ်ဆူမဂ္ဂင်၊ သဘောယာဉ်ဖြင့်၊ ဆယ်တင်ယူဆောင်၊ နိဗ္ဗာန်သောင်သို့၊ ရောက်အောင်ပို့အံ့၊ ခိုင်ကြံစွဲဟူ၊ ကြံတော်မူသား၊ လောင်းတော်များကို၊ သုံးပါဝန္ဒနာ၊

စေတနာဖြင့်၊ သဒ္ဓါမြတ်နိုး၊ ရှိလျှင်ခိုးသည်၊ ကောင်းကျိုးတက်ဝန်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်အထွတ် ရောက်စေသော်[၁] ။

## ရှခင်းသာဆေးနီလုံးဓမ္မာရုံ

ဆင်မင်းစေတီတော်နှင့်ကြက်မင်းစေတီတော်အကြား အနောက်ဖက်တောင် စွန်း၌ ရန်ကုန်မြို့ ဆရာမောင်ဆေးနီလုံး ဆေးတိုက်က အုတ်တိုက်ဓမ္မာရုံတစ်လုံးကို တစ်ဦးတည်း ဒါယကာခံပြုလုပ်လှူဒါန်းခဲ့ရာ ရောက်ရှိတည်းခိုကြသော ရဟန်းရှင်လူ တို့ စိတ်ချမ်းသာကြကုန်၏။ ယင်းအုတ်တိုက် ရှုခင်းသာဆေးနီလုံးဓမ္မာရုံ၌ အနာမဲ့သူ ရှင်ဗာကူ၏ ဝတ္ထုဇာတ်လမ်းကို ခမ်းနားစွာ ပန်းချီကားချပ်များဖြင့် ပြသထားလေ သည်။

## ငုံးမင်းစေတီတော်

ကေနိပါတ် ဝဋ္ဋကဇာတ်, ဆက္ကနိပါတ် ဝဋ္ဋကဇာတ်တော်များအရ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် တောတစ်ခု၌ လေးဘဝတိုင်တိုင် ငုံမင်းဖြစ်ခဲ့သည်ကိုအထိမ်းအမှတ်ပြု၍ ဤမန္တလေးတောင်တော်၌ ငုံမင်းစေတီတော် ကိုလည်း တည်ထားကိုးကွယ်ခဲ့လေသည်။ မင်းတုန်းမင်းလက်ထက်က ဗျာဒိတ်ပေး ဆင်းတုတော်ကြီးမှ တောင်ဖက်စောင်းတန်းအဆင်း အရှေ့ဖက်နားတွင် အလောင်း တော် ငုံးမင်း၏ အသိုက်ရာဌာနဟု ရည်မှတ်၍ ငုံမင်းရုပ်ပုံကို ထုလုပ်စေ၍ တန်ဆောင်းတစ်ခု နှင့် ရှိခဲ့ဘူးကြောင်း သမိုင်းဟောင်း၌ ဆိုသတတ်။

## သိမ်တော် ဖွတ်မင်းစေတီတော်

ကေနိပါတ်,စတုက္ကနိပါတ်တော်လာ ဂေါဓဇာတ် သုံးဇာတ်အရ ဗာရာ ဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် သုံးဘဝတိုင်တိုင် ဖြစ်ခဲ့သော အလောင်းတော် ဖွတ်မင်းကို အကြောင်းပြု၍ ဤတောင်တော်၌ ဖွတ်မင်းစေတီတော်ကိုလည်း တည်ထားခဲ့လေသည်။ ဤဌာနပတ်ဝန်းကျင်၌ ရှေးအခါက ဆိတ်ငြိမ်အေးချမ်းစွာ တရားဘာဝနာပွားကာ ရဟန်းတော်များ သီတင်းသုံးခဲ့ဘူးရာ ကျောင်းများ, သိမ်များ,ဇရပ်များရှိခဲ့လေသည်။ ဤကျောင်းသို့ ဘေးမဲ့လွှတ်ထားသော ကြက်များ

---

၁။ ဝုဋ္ဌဝိနိစ္ဆယ၊ ၁။ ၅၄-၅၅။

ပေါက်ဖွား များပြားလွန်းရကား ကြက်ကျောင်းဟုပင် တွင်ခဲ့လေသည်။ ယခုစေတီတော်နေရာမှာ သိမ်ဟောင်းတစ်ခု ရှိခဲ့ဘူးသည်။ ထို့ကြောင့် မန္တလေးတောင်တော် အုပ်ချုပ်ရေးအဖွဲ့က ရွှေသိမ်တော်စေတီတော်ဟု အမည်ပြောင်းသမုတ်ထားလေသည်။ အလှူရှင်အချို့တို့သည် အစွဲအလန်း ကြီးကြသဖြင့် ဖွတ်မင်းစေတီ၌ စောင်းတန်းခန်းစသည် မလှူလိုကြ ငြင်းဆန်တတ် သောကြောင့်ဟု ဆိုသည်။ သို့ဖြစ်၍ ဖွတ်မင်းစေတီတော်ကို ရွှေသိမ်တော်စေတီတော်ဟု အမည်ပြောင်းခြင်း ဖြစ်လေသည်။

## ဘီလူးမစေတီတော်

ဘုရားမြတ်စွာသည် ဝေနေယျများစွာ သတ္တဝါတို့အား ချွေချွတ်တော်မူလို၍ သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်မှ အလုပ်အကျွေးရဟန်းတော် အရှင်အာနန္ဒာ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်စသည့် တပည့်ကျော် ရဟန်းတော်တို့နှင့် အတူတကွ ဒေသစာရီ လှည့်လည်တော်မူလာရာ ဤမန္တလေးတောင်သေလာသို့ ရောက်တော်မူလေသော်-

လဝန်းပမာ ကြည်လင်သန့်ရှင်းစွာသော မျက်နှာအသွေးအဆောင်ရှိခြင်းကြောင့် "စန္ဒမုခီ" အမည်တွင်သော နတ်ဘီလူးမသည် မောင်တော်အရှင်ဘီလူးမင်းများနှင့်တကွ ငါးရာသော အခြံအရံဘီလူးများက သားပွဲမ်းဆွမ်း (ဒန်ပေါက်ဆွမ်း) သစ်သီး သစ်ဥ အစုစုတို့ကို လှူဒါန်းဆက်ကပ်၍ လိုရာဆုကို တောင်းကြသောအခါ ငါလဲပဲသုံးလောကဓာတ်အမြတ်ဆုံးပုဂ္ဂိုလ်အား အမြတ်ဆုံးဝတ္ထုကို လှူဒါန်းအံ့ဟု ကြံစည်ကာ နူးညံ့သိမ်မွေ့သော အတွေ့ညှက်ညော မက်မောဖွယ်ရာ ပြည့်ဖြိုးစွာဖြင့် ကြောသေးကြောမွှာ သွယ်ဖြာယှက်ကူး စိမ်းရောင်မြူးလျှက် လနှစ်ဆူပြိုင် ဘော်ဆိုင်ပုလဲ မုတ္တာခဲပမာ ဝင်းဝင်းဖြာသည့် မိမိ၏ရင်သားသားမြတ် ပန်းနှယ်အလား ခူးဆွတ်ဖြတ်ရွေ လှူဒါန်းခဲ့လေသည်။ ထိုအခါ ဘုရားမြတ်စွာက-

" ညီဘွားလိမ္မာ အာနန္ဒာ . . . ဤစန္ဒမုခီ အမည်တွင်ကျူး ဘီလူးမသည် ငါဘုရားသာသနာ နှစ်ထောင်သာ၍ လေးရာစွန်းက အဝမင်းရိုး နွယ်သတိုးလျှင် မြင့်ဖြိုးသီးခေါင် ဤတောင်ဌာန မန်းသေလအနီးဝယ် နဂရပြည်ကြီး တည်ပြီးကာလ ဘုန်းတန်ခိုးကြီးမားသည့် မင်းထီးတစ်ဆူ ဖြစ်လတ္တံ့."ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်။

ယင်းသို့ဖြစ်ကြောင်း– ဘ၀န္တဂူ သယမ္ဘူလျှင် နှစ်ဆူစကြာ ဒေသစာဖြင့် သုနာပရန် နတ်သန်ဌာနီ တမ္ဗဒီသို့ ပါရမီရင့်နှ ဝေနေစုကို မျှော်ရှုရည်ရွယ် ကျွတ်အံ့လည်သော် မြန်ပြည်အခေါင် ရွှေမန်းတောင်ဝယ် လရောင်ထက်ဝါ လက္ခဏာနှင့် မျက်နှာကြည်မြ ရွှန်းရွှန်းပသည့် စန္ဒမုခ် နတ်နာရီလျှင် သီဂီဦးသစ် ဇမ္ဗူရစ်သို့ ကျစ်လစ်ဖွံ့ထွား ရင်ညွှံသားကို တရားညွှတ်နူး ပန်းနယ်ခူး၍ ကျေးဖူးလေးနက် လှူဒါန်းဆက်သော် ရွှေငှက်ကရဝိတ် တောင်လုံးငြိမ့်မျှ ထိတ်ထိတ်သံဝှန် ရင့်ကာတွန်သို့ ဆင်းကြွန်အင်ညီ မယ်ဒေဝီအား ဝစီနတ်ထံ ဗျာဒိတ်သံဖြင့် တောင်ရံနိုးနိမ့် ဖြိုးဖြိုးသိမ့်သည့် ငြိုးငြိမ့်ပဲ့တင် ခတ်တီးသည်။ (ဘုန်းတော်ဘွဲ့မော်ကွန်း) ဟူ၍ စပ်ဆိုခဲ့ကြလေသည်။

## ရင်ပြင်တော်ရှိ ရုပ်ထုများ

မန္တလေးတောင်ပေါ် ရင်ပြင်တော်၌ –

(၁) အရှေ့ရုပ်မျက်နှာ၌ စန္ဒမုခ်ဘီလူးမ သားမြတ်အစုံလှူဒါန်းနေပုံ။
(၂) ထောင့်လေးထောင့်မှ ငတောင်ကြီး, ငတောင်သမန်, ငတောင်မြင့်, ငတောင်ပြုးခေါ်မောင်တော်ဘီလူးမင်းများ သားပေါင်း ၂၅– စီနှင့် ဘုရားဖိနော်အား ဖူးမြှော်နေပုံ။
(၃) တောင်မျက်နှာက ရဟန္တာမထေရ် ဘုရားဖူးနေပုံ။
(၄) အနောက်မျက်နှာက ကျန်စစ်သား ဘုရားဖူးနေပုံ။
(၅) မြောက်မျက်နှာက သားမုဆိုးခွေးကလေးများနှင့် ဘုရားဖူးနေပုံ စသည်တို့ ရှိကုန်၏။

## ဆုတောင်းပြည့်စေတီတော်ကြီး

ဆုတောင်းပြည့်စေတီတော်ကြီးသည် ရှေးမင်းများအဆက်ဆက် တည်ထားကိုးကွယ်ပြင်ဆင်ခဲ့သည့် စေတီတော်ကြီး ဖြစ်လေသည်။ ရသေ့ကြီးဦးခန္တီသည် ဤစေတီတော်ကြီးကို ထက်ဆင့်တည်ကာ မှန်ဝလေးခုထား၍ ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီးသော ကကုသန်, ကောဏဂုံ, ကဿပ, ဂေါတမဟူသော ဘုရားလေးဆူ အမည်တော်တပ်လျက် ထည့်သွင်းပူဇော်ပြီးလျှင် ကျယ်ဝန်းသာယာ ခမ်းနားစွာသော ကိုးခန်းပတ်လည် အုတ်အာရုံခံ တန်ဆောင်းကြီးကိုလည်း စီမံဆောက်လုပ်ခဲ့လေသည်။

## ဤဌာနဝယ် သိမှတ်ဖွယ်

ဤဆုတောင်းပြည့် စေတီတော်ကြီးတည်ရာ တောင်ထိပ်အပြင်သည် ပင်လယ်ရေပြင်မှ ၇၇၆– ပေမြင့်၍ တောင်ခြေမြေပြင်မှ ပေပေါင်း ၅၀၀– မြင့်လေသည်။

ခြသေ့်နှစ်ကောင်မုခ်ဦးမှ ဤစေတီတော်ကြီးအထိ တောင်စောင်းတန်းလမ်း ခန်းရေ ၃၅၆– ခန်းရှိပြီး လှေကားထစ်ပေါင်း ၉၀၀–ကျော် ရှိလေသည်။

ဤစေတီတော်ကြီးမှ အနောက်စောင်းတန်းလမ်းမှာ ၃၈၁– ခန်း ရှိသည်ဟူ၏။ တောင်လယ်လောက်မှာရှိသော တန်ဆောင်းနှင့်တကွ ဆင်းတုတော် ရုပ်ပွားကြီးကိုလည်း တဝက်ဘုရားဟု ခေါ်သည်။

ဤစေတီတော်မှ မြောက်ဖက် ရွှေကျောင်ငါးတိုက်သို့ ဆင်းနိုင်ရန် ပြုလုပ်ထားသော မတ္တရာ, မိုးကုတ်သွား ကျောက်လမ်းမအထိ မြောက်ဖက်စောင်းတန်းလမ်းမှာ ခန်းရေပေါင်း ၉၄၂– ရှိလေသည်။

စောင်းတန်းမုခ်ဦး၌လည်း တင့်တယ်စွာ ပြုလုပ်ထားသည်။ မယ်ဥရုပ်ပုံနှင့်တကွ မရွှေဥနှန်းကို ဆောက်လုပ်ပြီးလျှင် မယ်ဥ၏ အတ္တုပ္ပတ္တိဇာတ်စုံကိုပါ ပန်းချီကားများဖြင့် ပြထားလေသည်။

မရွှေဥသည် တပည့်တော်မတောင်ကိုလည်း ပြုပြင်ပြီး တပည့်တော် အတွက်ပါဟု နန်းလည်းဆောက်ပေးပါဦးဘုရားဟု လျှောက်ဆို၍ ရသေ့ကြီးဦးခန္တီထံ ငွေများလာရောက်လှူဒါန်း၍ ဤစောင်းတန်းမှဆင်းပြန်သွားသတဲ့။ ထိုသို့ ပြန်သွားသည့်ပုံကို အမှတ်တရဖြစ်စိမ့်သောငှါ ရသေ့ကြီးက ပြုလုပ်ခဲ့သည်ဟု ပြောဆိုကြလေသည်။

မြောက်ဖက်စောင်းတန်းအဆင်း လက်ဝဲဖက် ဂူအတွင်း၌ ရသေ့ကြီးဦးခန္တီ ထုလုပ်ပူဇော်အပ်သော ရွှေကျောင်နိကာယ သမုဒ္ဒာပကဆရာတော်ဘုရားကြီး အရှင် ဇာဂရ၏ ကြေးရုပ်ပုံတော်ကို ဖူးမြော်နိုင်လေသည်။

၄င်းပြင် မြောက်ဖက်စောင်းတန်းအလယ်လောက်ရှိ အနောက်ဖက်ဘေးအနီး တရားထိုင်ခဲ့ဘူးရာ အလျားပေ ၂၀–ခန့်ရှိ သဘာဝကျောက်ဂူကြီးအတွင်း၌ ရသေ့ကြီး ဦးခန္တီပုံတူရုပ်ထုတစ်ခု ရှိကြောင်းလည်း သိရလေသည်။

## မန္တလေးတောင် မြွေကြီးနှစ်ကောင်

ရသေ့ကြီး ဦးခန္တီ မန္တလေးတောင်မရောက်မီ အရှင်နန္ဒိယလက်ထက် ဗျာဒိတ်ပေး ဆင်းတုတော်ကြီးထုလုပ်စဉ်က မန္တလေးမြို့ မြောက်ပြင် လင်းဇင်းရပ် (လှေတော်သားများ နေထိုင်ရာအရပ်)နေ ပန်းဘဲလဲလုပ် ဆေးလဲကုသသည့် ပန်းဘဲ ဆရာ, ဆေးဆရာကြီး ဦးဘေတို့ ဇနီးမောင်နှံအိမ်ဝင်းအတွင်း တညတွင် ယုတ်တရက် မြွေကြီးအဖိုအမနှစ်ကောင် တွေ့ရှိလေသည်။

ထိုအခါ မြွေဆရာကြီး ဦးလုံးအား အကြောင်းကြားခေါ်ယူပြသလေရာ ဦးလုံးက မြွေကောင်းကြီးများ ဖြစ်သည်ဟု ပြောပြပြီးလျှင် ဘမ်းယူလေသည်။ ဦးလုံးသည် ထိုမြွေကြီးနှစ်ကောင်ကို မြောက်ပြင်မိဘာဈေးမှစ၍ မန္တလေးမြို့ပေါ်ရှိ ရပ်ကွက် အသီးသီး၌ အဖိုးအခယူ လိုက်လံပြသရာ ငွေ ၃၀၀- လောက်ရရှိလေသည်။

ထိုအခါ အရှင်နန္ဒိယက ဦးလုံးအား ဒီမျှလောက်ရရှိက ကျေနပ်သင့်ပါပြီ။ မိမိဗျာဒိတ်ပေးဆင်းတုတော်ကြီး ထုလုပ်နေရာတွင် ထားလိုပါသည်။ လူအများ မပြတ်လာရောက်လျှင် ပန်းဘဲဆရာများလည်း အပြင်းပြေစေရန် ဖြစ်ပါသည်ဟု ပြောဟောကာ အလှူခံရာ ပေးလှူလိုက်လေသည်။ ဗျာဒိတ်ပေးဆင်းတုတော်ကြီး ထုလုပ်စဉ် တစ်နှစ်ရှစ်လတိုင်တိုင် မန္တလေးတောင်၌ထားခဲ့ရာ လူအများပါးစပ်မှ ''မန္တလေးတောင် မြွေကြီးနှစ်ကောင် သွားလို့ကြည့်ရအောင်'' ဟူသော စကားဖြစ်လာပြီး လာရောက်ကြည့်ရှုသူတွေ အလွန်ပေါ်များရကား လာသူတိုင်းလိုလို ငွေလှူဒါန်းကြသဖြင့် ငွေအတော်များများ ရရှိခဲ့လေသည်။

ဗျာဒိတ်ပေးဆင်းတုတော်ကြီး ထုလုပ်ပြီးသောအခါတွင် မြွေကြီးနှစ်ကောင်ကို ရန်ကင်းတောင်သို့ ယူဆောင်ပြီး ဘုရားကြီးလဲ ထုလုပ်ပြီးပါပြီ၊ ဘုရားတကာ, ဘုရားအမတို့လဲ အလိုရှိရာ သွားကြပေတော့ ဟုဆို၍ လွှတ်လိုက်ရာ တွင်းကြီးထဲသို့ ဝင်သွားကြသော ဟူ၏။

ထိုမြွေကြီးနှစ်ကောင်ကို နောင်လာနောက်သားများ အမှတ်တရဖြစ်စိမ့်သောငှာ ရသေ့ကြီးဦးခန္တီသည် ပုံတူလွင်း လုပ်စေပြီးလျှင် ဆုတောင်းပြည့်စေတီတော်ကြီးကို မြောက်ဖက်စောင်းတန်းမှတက်လာ၍ ဖူးမြော်စောအဟန်သဏ္ဌာန်ဆောင်ပြီး ဆုတောင်းပြည့်စေတီတော်ကြီး မြောက်ဖက်အဆင်း စောင်းတန်းထိပ်တွင် သံတန်ဆောင်းဖြစ် ကာထားခြင်း ဖြစ်လေသည်။

## ဆုတောင်းရစေတီတော်

ဗျာဒိတ်ပေးဆင်းတုတော်ကြီးမှ အရှေ့ဖက်ဆင်းသော စောင်းတန်းလမ်းဖြင့် သက်ဆင်းခဲ့ပါလျှင် နောက်ထပ် တိုးချဲ့ပြုလုပ်ထားသော "ဆုတောင်းရ" စေတီတော်သို့ ရောက်ပါသည်။ ၄င်းမှ စိုင်တမော့စေတီဆင်းနိုင်ရန် စောင်းတန်းလမ်း ဆက်သွယ် ထားလေသည်။

## ဓာတ်တော်တိုက်စေတီတော်

ဆုတောင်းတိုင်းရဟူသော အမိပ္ပါယ်ဖြင့် တည်ထားအပ်သော ဆုတောင်းရ စေတီတော်မှ စောင်းတန်းလမ်းအတိုင်း ဆင်းခဲ့သော် အိန္ဒိယနိုင်ငံ ပဿျဝါမြို့မှ ရရှိသော ဘုရားမြတ်စွာဓာတ်တော် မွေတော်တို့ ကိန်းဝပ်စမ့်ပါယ်တော်မူခဲ့ဘူးရာ ကြီးမားခန့်ငြား တင့်တယ်သာယာလှသည့် ကိုးခန်းပတ်လည်ရှိ အုတ်ပြာသာဒ် တန်ဆောင်းကြီးသို့ ရောက်လေသည်။ ယင်းသည် ဓာတ်တော်တိုက်စေတီတော်, ဓာတ်တော်တိုက်ဘုရားဟု တွင်လေသည်။ အုတ်တိုင်ကြီးများ၌ ဇာတ်ကြီးဆယ်ဖွဲ့ သရုပ်ဖော် ပန်းချီကားများရှိသည်။ ဂန္ဓကုဋီတိုက်အတွင်း၌ ယခင်က ဓာတ်တော် များကိန်းဝပ်တော်မူခဲ့ရာ လှုမသမာတို့ ဖောက်ထွင်းခိုးယူသဖြင့် ပူဇော်ဖွယ်ရွှေ ငွေစသောရတနာပစ္စည်းများ များစွာပါသွားသဖြင့် ရသေ့ကြီး ဦးခန္တီသည် ဓာတ်တော် ပြတိုက်တွင် ရွှေ့ပြောင်း၍လုံခြုံစွာ ကိုးကွယ်ထားရှိခဲ့လေသည်။ နှစ်စဉ် တပိုတွဲလ ပြည့်မှစ၍ ၃- ရက်တိုင် တောင်တော်ပွဲချိန်တွင် ညှော်ခံမဏ္ဍာပ်တွင်း၌ အပူဇော်ခံ ထားရှိသည်။

အိန္ဒိယနိုင်ငံ ပဿျဝါမြို့ ကနိသျှကမင်းတည်ခဲ့သော စေတီတော်ကြီးအတွင်းမှ တူးဖော်ရရှိခဲ့သော ဘုရားရှင်၏ဓာတ်တော် မွေတော်များကို မြန်မာနိုင်ငံ ဘုရင်ခံမင်း ဆာသာကယ်ဝိုက်၏ ကူညီတင်လျှောက် ထောက်ခံပေးချက်ဖြင့် အိန္ဒိယဘုရင်ခံချုပ် လက်မင်တိုသည် မြန်မာနိုင်ငံ မန္တလေးသို့ပင့်ယူရန် ခွင့်ပြုချက်အရ-

မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ ဖြစ်ကြသော-

(၁) ပျဉ်းမနားမြို့စားမင်းသားကြီး။ (၂) မင်းတိုင်ပင်အမတ်ဦးဘတူ။ (၃) ကျောက်စာဝန်မစ္စတာ တော်စိန်ခို။ (၄) မဟာမုနိဘဏ္ဍာတော်ထိန်းလူကြီး သမာဓိ မြို့ဝန်ဦးဘော။ (၅) မြူနီစီပါယ်လူကြီး သမာဓိမြို့ဝန် ရွှေပြည်မောင်ကလေးတို့သည်

ကာလကတ္တားမြို့သို့ သွားရောက်၍ အိန္ဒိယဘုရင်ခံချုပ်က ပေးအပ်ချီးမြှောက်လိုက်သော ဓာတ်တော်များကို မူလကြုတ်တော်နှင့် ပင့်ဆောင်ခဲ့ရာ သက္ကရာဇ် ၁၂၇၁– ခုနှစ် နှောင်းတန်းခူးလဆန်း ၁၃– ရက် (၂၂၊ ၃၊ ၁၀) နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိ၍ ရန်ကုန်မြို့၌ ၅– ရက်တိုင် အပူဇော်ခံထားပြီးလျှင်–

ငှင်းလပြည့်ကျော် ၄– ရက် (၂၈၊ ၃၊ ၁၀) နေ့တွင် မန္တလေးမြို့သို့ ရောက်၍ တောင်ပြင် စိတြမဟီရပ်ကြေးမြင်မိဖုရားအိမ်တော်ရှိ တန်ဆောင်းတော်၌ ခေတ္တထားပြီးလျှင် မဟာမုနိဂန္ဓကုဋိတိုက်အတွင်း အပူဇော်ခံထားခဲ့လေသည်။

ရသေ့ကြီးဦးခန္တီသည် ဓာတ်တော် မွေတော်များကို လုံခြုံစွာ ခမ်းခမ်းနားနား ပူဇော်ရန် ဤဓာတ်တော်တိုက်ကြီးကို ဆောက်လုပ်ပြီးသောအခါ ၁၂၈၅– ခု သီတင်းကျွတ်လဆန်း ၁၅– ရက် ဗုဒ္ဓဟူးနေ့ ၁၀– နာရီအချိန်တွင် မဟာမုနိရုပ်ရှင်တော်မှ ကြီးကျယ်ခမ်းနားစွာသော အဆောင်အယောင်များနှင့် ပင့်ဆောင်လျက် ဓာတ်တော်တိုက်ကြီးအတွင်း ထည့်သွင်း ပူဇော်ထားခဲ့လေသည်။

## သစ်ကနက်ဆင်းတုတော်

ဓာတ်တော်စောင်းတန်းမုခ်ဦး အနောက်ဖက်အနီးတွင် မင်းတုန်းမင်းတရားကြီး ဆောက်လုပ်ခဲ့သော ၃၀– ဘုံဇရပ်ကြီး တစ်ဆောင်ရှိသည်။ ထိုဇရပ်တွင် ထားရှိပူဇော်တော်မူခဲ့သော မင်းတုန်းမင်းကြီး၏ သက်နက်သား အစစ်ရုပ်ပွားတော်မြတ်ကြီးကို ထိုဇရပ်ကြီးပျက်စီးသွားသည့်အခါတွင် ရသေ့ကြီးက ပြောင်းရွှေ့ယူလာပြီး ဤနေရာ၌ ၃– ခန်းပတ်လည် တန်ဆောင်းပြသာဒ်၌ ထားရှိကိုးကွယ်ခဲ့လေသည်။

## စွယ်တော်တိုက် ဂေါတမဘုရား

မင်းတုန်းမင်းတရားကြီးလက်ထက်က စွယ်တော်ဓာတ် (စွယ်တော်ပွား) ယာယီကိန်းဝပ်ခဲ့သော နေရာကို ရသေ့ကြီး ဦးခန္တီသည် အုတ်မြစ်ချ စတင်ဆောက်လုပ်ခဲ့ရာ တောင်တော်အုပ်ချုပ်ရေးအဖွဲ့က နှစ်ရှည်စီမံကိန်းဆွဲကာ အများဒါယကာ, ဒါယိကာမတို့၏အလှူငွေဖြင့် ဆင်ဝင်လေးဖက်နှင့်တကွ ၁၅– ပေအကျယ် ၉– ခန်းပတ်လည်ရှိသည့် အခန်းပေါင်း ၁၀၈– ခန်းရှိသည့် အာရုံခံတိုက်သစ်ကြီးကို နှစ်ပေခွဲပတ်လည်ရှိ အုတ်တိုင်တို့ဖြင့် ဆောက်လုပ်စေပြီး ရသေ့ကြီး သွန်းလုပ်ခဲ့သော ကြေးရုပ်ပွားတော်ကြီးကို ထားရှိကိုးကွယ်ခဲ့ကြလေသည်။ ရုပ်ပွားတော်ကြီး၏အမည်ကို

ရသေ့ကြီးဦးခန္တိက ဂေါတမမြတ်စွာဘုရား ထိုးမှတ်စေခဲ့လေသည်။ ယင်းတိုက်ကြီးသည် မူလက စွယ်တော်ကိန်းဝပ်ခဲ့သော အကြောင်းကိုလည်းကောင်း, ဆင်းတုတော်မြတ်ကြီး၏ အမည်ကိုစွဲ၍ စွယ်တော်တိုက် ဂေါတမမြတ်စွာဘုရားဟု တွင်လေသည်။

## ဘိုးတော်ဂူနှင့် ကျောက်ဆင်ရုပ်

ပုဂံပြည်ရှင် အနော်ရထာမင်းစော၏ ရွှေလွှတ်တော်၌ တရားဆုံးဖြတ်ရသော ပုဏ္ဏားသားအမတ်ကြီးသည် ပန်းဆက် နေမြင့်သဖြင့် ဗျတ္တကွပ်မျက်ခံရပြီးနောက် ပုပ္ပါးတောင်၌နေသော ရွှေဖျဉ်းညီနောင်တို့ကို အနော်ရထာ၏အလိုတော်အရ မွေးစားရလေသည်။ အနော်ရထာမင်း တရုပ်ပြည်မှအပြန် တောင်ပြုန်းကြီးအရပ်၌ ရွှေဖျဉ်းညီနောင်တို့သည် အုတ်နှစ်ချပ် လပ်သည်နှင့် အကွပ်မျက်ခံရလေကုန်၏။

ထိုအခါ အမတ်ကြီးသည် မင်္ဂလာတပ်ဦး မန္တလေးတောင်မှ တန့်ရပ်ကြိုဆိုနေစဉ် ငါ့လည်းအကွပ် မျက်ခံရဖွယ်ရှိသည်ဟုကြံစည်ပြီး ကျောက်ဆင်ကို ခြေမန်းကွင်းစွပ်၍ ဆင်ရှင်ဖြစ်လျှင် စီးနင်းထွက်ပြေးမည်ဟု ကြံစည်ခိုက် မန္တလေးတောင် အရပ်၌ အကွပ်မျက်ခံရလေသည်။ ထိုနတ်ကို မန္တလေးဘိုးတော်နတ်ဟု ခေါ်သည်။ ထိုဂူအနီး ကျောက်ဆင်ရုပ်ကြီး ထင်ရှားရှိလေသည်။ ဘိုးတော်နတ်လည်း ငါ့တွင် အပြစ်တစ်စုံတရာ လက်တဆစ်မျှမရှိဘဲ ကွပ်မျက်ခံရသည်။ ငါ၏နတ်ရုပ်ကို လက်တဆစ်ပြု ထုလုပ်ကြလေဟု ဆိုသည့်အတိုင်း မတ်တတ်ရပ်လက်ဆစ်ပြဟန် ထုလုပ်ခဲ့ကြသည်။ ရွှေဖျဉ်းညီနောင်တို့၏ အဘိုးဖြစ်၍ ဘိုးတော်နတ်ဟု ခေါ်ကြသည်။

ရတနာပုံ မန္တလေးမြို့တော်ကြီး တည်မည်ဖြစ်၍ သက္ကရာဇ် ၁၂၁၈– ခုနှစ် တပို့တွဲလဆန်း ၈–ရက်နေ့တွင် တောခုတ်တွင် ရှင်းလင်းစေရာသည့် မင်္ဂလာအခါတော်တွင် မန္တလေးတောင်စောင့်ဘိုးတော်နတ်ကို–

ပုဏ္ဏားပညာရှိ ဝိစာရသုန္ဒရက–

ဣဓာဂစ္ဆ ပါလဒေဝ၊ ကဥ္စနမန္တလာစလံ။
ဗလိံ ဒေမ သင်္ဂဟတ္ထံ၊ ရာဇံ ပါလသဉာတကံ။

ဟူသော ဂါထာ, ယင်းဂါထာပါဠိအနက်ဖြင့် တင်ကြားပသပူဇော်ခဲ့လေသည်[၁]။

---

၁။ မန္တလေးသာသနာဝင်–၄။ ၂၃–၂၄–ကြည့်။

## ဆင်ရုပ်ပေါ်က ကျောက်သမ္ဘာန်စေတီတော်

ဘိုးတော်နတ်ဂူ၏အရှေ့ဖက်ကပ်လျက်ရှိသော ကျောက်ဆင်ရုပ်ကြီးမှာ မိုးကြိုးပစ်သဖြင့် လေးစိတ်ကွဲလျက် ခေါင်း နားရွက် အောက်ခြေပြတ်လေသည်။ ယင်းဆင်ရုပ်ကွဲကြီးကို ဆီးမင်းလောင်းထည့်၍ အပေါ်က မန္တလေးမြို့ တရုပ်တန်းရပ် အငြိမ်းစားရှေ့နေကြီး ဦးကျော်သည် ကျောက်သမ္ဘာန်စေတီတော် တည်ထားကိုး ကွယ်ခဲ့လေသည်။

## စေတီယတောင်ဟုခေါ်ထိုက်

ဖော်ပြပါ မန္တလေးတောင်သည် ဘုရားမြတ်စွာ၏ ကိုယ်စားတော်စား စေတီအမျိုးမျိုးတို့၏ ကိန်းဝပ်ရာဌာနမွန်ဖြစ်သဖြင့် တတောင်လုံး စေတီတော်ကြီးကဲ့သို့ ဖြစ်နေလေသည်။ တကယ်တော့ စေတီယတောင်ဟု ခေါ်ထိုက်ပါသတည်း။

အဌသု သမ္မာသမ္ဗုဒ္ဓ– ဓာတုယော ပဋိမာပိ စ။
တေနေဝ စေတိယဂိရိ– သမညာဥပနာရဟော။

## မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား

မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားသည် မန္တလေးမြို့မြောက်ပြင် မန္တလေးတောင်ခြေ တောင်ဖက်မျက်နှာ၌ တည်ရှိတော်မူသည်။ မဟာသကျ မာရဇိန်ကျောက်တော်ကြီးဘုရား၏အနောက်ဖက်တွင် သာသနာတော်တွင် အလွန် လျှင် ကျော်စောထင်ရှားခဲ့သည့် မဟာဇောတိကာရာမစံကျောင်းတိုက်ကြီး တည်ရှိ လေသည်။

## သမိုင်းအကျဉ်း

ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် ရတနာပုံမန္တလေးမြို့ တော်ကြီး တည်ထောင်ပြီးစ ငါးနှစ်ခန့်အကြာ သက္ကရာဇ် ၁၂၂၆–ခုနှစ်တွင် ကျောက်ဆစ်ပညာကျော်တို့ကို မတ္တရာမြောက်ကျော်စဉ်တိုက် စကျင်တောင်သို့ စေလွှတ်လျက် ထူးခြားစွာ တူးဖော်ရရှိခဲ့သော ဖြူဖွေးဝင်းတောက်စကျင်ကျောက်ကြီး ကို ပုံတော်ကြမ်း ဆစ်ထုစေတော်မူခဲ့လေသည်။

ပုံတော်ကြမ်းပြီးပြီးနောက် ဝါခေါင်လ ရေများချိန်တွင် တောင်ခြေရှိ အင်းရေ

ပြင်နှင့် ချောင်းမကြီးမြစ်ကို ပြောင်းတူး ဖောက်ဆက်သွယ်၍ လှေဖေါင်ထက်တွင် တင်လျှက် ရေဝတီမြစ်အတွင်းသို့ အရောက်ဆွဲယူပြီးလျှင် မြန်နန်းစကြာ မီးသဘော ဖြင့် မန္တလေးမြို့ "အကင်းရွာဆိပ်"သို့ ခမ်းနားစွာ ပင့်ဆောင်ခဲ့လေသည်။

ထိုမှတဖန် ခံကုန်းရွာမြောက်ဖက်ရှိ ရွှေတချောင်းမြောင်းမှ အမှုထမ်းပေါင်း ၁– သောင်း နှစ်ထောင်ကျော်ကို အိမ်ရှေ့မင်းနှင့်ဝန်ကြီးများ ကြပ်မစေလျက် တန်ဆောင်မုန်းလဆန်း ၂–ရက်နေ့တွင် ယခုရှိသည့် ပလ္လင်တော်ထက်သို့ ပင့်ဆောင် တော်မူခဲ့လေသည်။

တပေါင်းလတွင် အားလုံးနီးပါး အချောပြီးသဖြင့် ၁၂၂၇–ခုနှစ်ကူးပြီးစ ကဆုန်လပြည့်ကျော် ၇–ရက်နေ့တွင် ကိုယ်တော်တိုင် ရွှေစုပ်တော်ဖြင့် မျက်ခုံးမျက် ရေးတို့ကို ရေးဆွဲတော်မူလျက် မျက်နှာတော်ကို ဖွင့်လှစ်ပေးတော်မူခဲ့လေသည်။ "မဟာသကျမာရဇိန်"ဟူ၍လည်း ကမ္ပည်းတပ်တော်မူခဲ့လေသည်။

## ရုပ်ပွားတော်မြတ်ကြီး၏ အတိုင်းအတာပမာဏ

မဟာသကျမာရဇိန်ကျောက်တော်ကြီးဆင်းတုတော်မြတ်ကြီး၏ အတိုင်း အတာပမာဏကား အောက်ပါအတိုင်း ဖြစ်လေသည်။

- စမ္ပခံမှ ရောင်လျှံတော်အထိ ဉာဏ်တော်အမြင့် ၁၇–တောင် ၁–မိုက် ၄–သစ်။
- ထက်ဝယ်တော်ပြန့် ၁၂–တောင်။ အဝန်း ၂၈–တောင် ၂–မိုက် ၄–သစ်။
- ခါးတော်အဝန်း ၁၀–တောင်၊ ၂–မိုက်၊ ၄–သစ်။
- ရင်ဖွင့်တော်ပခုံးစွန်းဝဲမှယာအကျယ် ၈–တောင်၊ အဝန်းအတောင်–၂၀။
- ဦးခေါင်းတော်အဝန်း ၁၃–တောင် ပမာဏရှိတော်မူသည်။

မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားသို့ ဘုရားဖူးရောက်ရှိသူသည် အောက်ပါဝန္ဒနာဂါထာပါဌ်နှိသသယဖြင့် ရှိခိုးပူဇော် ဖူးမြော်ရာ၏။

■

## မဟာသကျမာရဇိန်ကျောက်တော်ကြီး ဘုရားရှိခိုးဂါထာပါဠိနိဿယ

မဟာသကျမာရဇိန်တိ၊ တိလောကေဟိ သုပူဇိတံ။
မင်းတုန်းရာဇေန မာပိတံ၊ ပသိဒ္ဓံ ပဋိမံ နမေ။

အဟံ၊ နှစ်ပါးနာမ်ရုပ် အကျွန်ုပ်သည်။ မဟာသကျမာရဇိန်တိ၊ မဟာသကျမာရဇိန်ဟူ၍။ ပသိဒ္ဓံ၊ ကျော်စောထင်ရှား တော်မူသော။ တိလောကေဟိသုပူဇိတံ၊ ဖြဟ္မာနတ်လူ သုံးဘုံသူတို့ ကြည်ဖြူကော်ရော် ကောင်းစွာပူဇော်အပ်တော်မူသော။ မင်းတုန်းရာဇေန၊ ရတနာပုံမြို့ မန္တလေးမြို့တည်နန်းတည် ပဥ္စမသံဂါယနာတင် မင်းတရားကြီးသည်။ မာပိတံ၊ တည်ထားကိုးကွယ်အပ်သော။ ပဋိမံ၊ ကျောက်တော်ကြီးဆင်းတုတော်မြတ်စွာဘုရားကြီးကို။ နမေ၊ သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးဦးချပါ၏ဘုရား။

ကျောက်တော်ကြီးရုပ်ပွားတော်မြတ်ကြီး သိတင်းသုံးရာ ဂန္ဓကုဋိတိုက်တော်ကြီးနှင့် အာရုံခံကို မင်းတုန်းမင်းတရားကြီး နတ်ရွာစံပြီးနောက် ညောင်ရွှေစော်ဘွားကြီးက ဆက်လက်လုပ်ဆောင်ရာ ရှမ်းစော်ဘွားကြီးများ၏ ထီးဖြူရုံကန်တော့ကြီးပုံကို တွေ့နိုင်လေသည်။ မူလက မင်းတုန်းမင်းတရားကြီး၏ ဂန္ဓကုဋိပုံစံမှာ လွန်စွာကျယ်ဝန်းလေသည်။ မဟာရံတံတိုင်းပတ်လည်၌ အသီတိမဟာသာဝကကြီးများ၏ ရုပ်ထုတော်များကို အုတ်ပြာသာဒ်ငယ်များဖြင့် ကိုးကွယ်ထားလေသည်။

## ငါးဆယ့်ခြောက်ခန်း စောင်းတန်းဇရပ်ကြီး

ဘုရားဖူးရောက်ရှိသူ အများပြည်သူတို့ ရောက်ရှိတည်းခိုနားနေရန် စားဖွယ်သောက်ဖွယ် သုံးဆောင်ဖွယ် လွယ်ကူရန် ပန်းညောင်ရေအိုး မွှေးမျိုးစုံကြိုင် ဖယောင်းတိုင်မှစ ဒါတဗ္ဗဝတ္ထုအစုစုကို ရစေနိုင်ရန် စီမံဖန်လျက် ငါးဆယ့်ခြောက်ခန်းရှိ ကျယ်ဝန်းလှစွာသော စောင်းတန်းဇရပ်တော်ကြီးကို ရသေ့ကြီးဦးခန္တီသည် ဤကျောက်တော်ကြီး ဆင်းတုတော်မြတ်စွာဘုရား မြောက်ဖက်၌ အရှေ့အနောက်တန်းကာ ဗောဓိပင်ခြေအထိ ဆောက်လုပ်ထားခဲ့လေသည်။

## မဇ္ဈိမဒေသမှ မဟာဗောဓိပင်

သက္ကရာဇ် ၁၂၂၇– ခုနှစ် ဝါဆိုလပြည့်ကျော် ၄–ရက် အင်္ဂါနေ့တွင် မဇ္ဈိမဒေသမှ ဆောင်ယူဆက်သလာသည့် ဗောဓိပင်ကို မဟာနွယ်စင်ရပ်ရှိ ဗောဓိပင် အခမ်းအနားအတိုင်း[၁] သဘင်ကြီးစွာဖြင့် ထွက်တော်မူပြီးလျှင် ကျောက်တော်ကြီး ပရိဝုဏ် အနောက်မြောက်ထောင့်၌ အခါတော်ရောက်သော် အမြောက်သံ ၃– ချက် ကြားစေလျက် ဘုရားဒါယကာမြို့တည်နန်းတည် ပဉ္စမသံဂါယနာတင် မင်းတရားကြီးကိုယ်တိုင် မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော်တို့ကို မြေဖို့ညှိစေတော်မူလေသည်။ ကျန် ၃– ထောင့်တွင်လည်း ဤနည်းအတိုင်းပင် စိုက်တော်မူခဲ့လေသည်။ ထိုသုံးပင်ကား မရှိတော့ပြီ။ ပလ္လင်မြေခုံမျှသာ ကျန်ရှိတော့သည်။

## သီရိလင်္ကာဗောဓိပင်ပျို့ စိုက်ပျိုးခြင်း

၄င်းပြင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်သို့ သီရိလင်္ကာ (သီဟိုဠ်) နိုင်ငံအစိုးရက ဓမ္မလက်ဆောင်အဖြစ် ပေးပို့သည့်မဟာဗောဓိပင်ပျို့ သုံးပင်အနက် မဟာဗောဓိပင်ပျို့တစ်ပင်ကို ၁၃၄၂– ခုနှစ် ပဋ္ဌမဝါဆိုလဆန်း ၁၁– ရက် (၂၃၊ ၆၊ ၈၀) နေ့ မွန်းလွဲ ၁– နာရီမိနစ် ၂၀–အချိန်တွင် မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား အင်္ဂါထောင့်တွင် မန္တလေးတိုင်း ပြည်သူ့ကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးလှတင်က မြေချစိုက်ပျိုးရာ ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်အရှင်မြတ်များက အနေကဇာတိသံသာရံ စသောဥဒါန်း ဂါထာများဖြင့် ရှိခိုးပူဇော်ကာ သာဓုအနုမောဒနာ သုံးကြိမ်ပြုတော်မူကြသည်။ ဓမ္မလက်ဆောင် မဟာဗောဓိပင်ပင်ပျို့ကို ၁၃၄၂– ခုနှစ် ပဋ္ဌမဝါဆိုလဆန်း ၁၁–ရက် နေ့ နံနက် ၉–နာရီ ၅–မိနစ်အချိန်တွင် သီရိလင်္ကာနိုင်ငံ ယဉ်ကျေးမှုဌာန ဒုတိယ ဝန်ကြီး မစ္စတာဗန္ဒ ဆရာတော်ပလ္လေဂါမဉာဏရတနထေရ် နှင့် ဒုတိယဝန်ကြီး၏ဇနီး တို့သည် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်နှင့်ဇနီး ဒေါ်အေးအေးမြင့်, သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့နှင့်အတူ ပုဂံညောင်ဦးမှ တဆင့် လေကြောင်းခရီးဖြင့် မန္တလေးမြို့သို့ ပင့်ဆောင်ကြသည်။

---

၁။ မန္တလေးသာသနာဝင်–၁။ ၁၉၈–၂၁၄–ကြည့်။

## လွှဲပြောင်းခြင်း

မန္တလေး ချမ်းမြသာစည်လေဆိပ်တွင် မန္တလေးတိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်များ မြို့နယ်ပြည်သူ့ ကောင်စီဝင်များ မြို့မိမြို့ဖများ ဘာသာရေးအသင်းအဖွဲ့များက စည်ကားသိုက်မြိုက်စွာ ကြည်ညိုပူဇော်ကြပြီးနောက် မဟာဗောဓိပင်ပျိုကို သီရိလင်္ကာဆရာတော်က တိုင်းပြည်သူ့ကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးလှတင်လက်သို့ လွှဲပြောင်းပေးအပ်ပြီးနောက် မန္တလေး လေးမြို့နယ်မှ မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌများက လက်ဆင့်ကမ်းပင့်ဆောင်ကြသည်။

ထို့နောက် မန္တလေးမြို့တွင်းသို့ ဖြတ်သန်းပင့်ဆောင်ပြီးနောက် မဟာဗောဓိပင်ပျိုစိုက်ပျိုးမည့် မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရားအရှေ့မုခ်သို့ ပင့်ဆောင်ရောက်ရှိခဲ့လေသည်။ မန္တလေးမြို့ကို ဗုဒ္ဓဘာသာဝင်များက လမ်းဘေးဝဲယာများမှ စည်ကားသိုက်မြိုက်စွာ ပူဇော်ကြည်ညိုကြသည်။

## လျှောက်ထားခြင်း

ထို့နောက် မွန်းလွဲ ၁– နာရီ ၂၅– မိနစ်တွင် မဟာဗောဓိရောပနမင်္ဂလာ ဗောဓိပင် စိုက်ပျိုးသည့် အခမ်းအနားကို စတင်ကျင်းပရာ ရေးဦးစွာဒေ့သ်ပရိသတ်များအား နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ရွှေကျင်သာသနာပိုင်ဆရာတော် အရှင်ဇောတယာဘိဝံသက ငါးပါးသီလချီးမြှင့်တော်မူသည်။ ဆက်လက်၍ သီရိလင်္ကာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက မိတ်ဆက်အမှာစကားလျှောက်ထားပြီး တိုင်းပြည်သူ့ကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးလှတင်က ဝမ်းမြောက်စကားလျှောက်ထားသည်။ ဆက်လက်၍ တိုင်းသာသနာရေးဦးစီးမှူးက မဟာဗောဓိပင်စိုက်ပျိုးရန် အချိန်ကျရောက်ကြောင်း လျှောက်ထားရာ ဆရာတော်သံဃာတော်များက "ဇယန္တော ဗောဓိယာ" အစရှိသော ဗောဓိဝံသ ဒေသနာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

## ဗောဓိပင်စိုက်ပျိုး, အနုမောဒနာပြု အခမ်းအနားသိမ်း

ထို့နောက် တိုင်းပြည်သူ့ကောင်စီအတွင်းရေးမှူးက မဟာဗောဓိပင်ပျိုကို မြေချစိုက်ပျိုးပြီး နံ့သာပျောင်းတို့ဖြင့် စရနယ်ထားသော ဗောဓိမြေဖြင့် ဖုံးလွှမ်းကာ နံ့သာထုံရည် သွန်းလောင်းပက်ဖြန်းသည်။ တဆက်တည်းပင် ရွှေမြေ ငွေမြေ

ရတနာမြေတို့ဖြင့် အပင်ရင်းကိုဖို့ပေးသည်။ ကြွရောက်လာကြသည့် ပရိသတ်များက ပန်းပေါက်ပေါက်ရတနာရွှေငွေများ ဖြန့်ကြသည်။ ပန်းမန်များဖြင့် ပူဇော်ကြပြီးနောက် ဆရာတော်သံဃာတော်များက အနေကဇာတိသံသာရံ စသော ဥဒါန်း ဂါထာများဖြင့် ရှိခိုးပူဇော်ကာ သာဓုအနုမောဒနာ သုံးကြိမ်ပြု၍ အခမ်းအနားကို ရုပ်သိမ်းလိုက်လေသည်။

ဝေဠုလက်ာတော ဗောဓိ၊ ရောပိတော မန္တလေးပုရေ။
ကျောက်တော်ကြီး ပရိဝေဏမှိ၊ ဘူမိသေဋ္ဌေ မနောရမေ။

## စန္ဒမုနိဘုရား

မန္တလေးတောင်မှဆင်းပြီးလျှင် မဟာသကျမာရဇိန်ကျောက်တော်ကြီး ဘုရားကို ဖူးကြရသည်။ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရားဖူးပြီးနောက် စန္ဒမုနိဘုရားကို ဖူးကြရသည်။

ဘိုးတော်မင်းတရားသည် မင်းကွန်းအလယ်ကျွန်းယာယီစံနန်း၌နေစဉ် သက္ကရာဇ် ၁၁၆၄– ခုနှစ် တန်ခူးလဆန်း ၁၄– ရက်နေ့တွင် သံချိန်ပိဿာ ၁၁၃၆၈– ပိဿာတို့ဖြင့် သွန်းလုပ်တော်မူခဲ့၍ စံနန်းတော်အရှေ့မြောက်ယွန်းတွင် တန်ဆောင်း ဆောက်လုပ်၍ ကိုးကွယ်တော်မူသည်။

သက္ကရာဇ် ၁၁၇၇–ခုနှစ် တော်သလင်းလပြည့်ကျော် ၇–ရက်နေ့တွင် မင်းကွန်းအလယ်ကျွန်းမှ ဖောင်တော်ဖြင့် ပင့်ဆောင်ခဲ့ပြီးလျှင် အမရပူရမြို့ မြောက်ဖက်၌ တန်ဆောင်းပြာသာဒ်တံတိုင်း မီးတားတို့နှင့်တကွ ဆောက်လုပ် ကိုးကွယ်ခဲ့လေသည်။

မှန်နန်းရှင်မင်းတရားလက်ထက်တွင် စန္ဒမုနိရုပ်ပွားတော်ကို ၁၁၈၉– ခုနှစ် ဝါခေါင်လပြည့်ကျော် ၅– ရက်နေ့၌ အမရပူရမြို့မှ ရတနာပုရအင်းဝမြို့တော်သို့ ပင့်ဆောင်ကိုးကွယ်ခဲ့လေသည်။

မှန်နန်းရှင်၏ညီတော် မင်းတရားလက်ထက် သက္ကရာဇ် ၁၂၀၀– ပြည့်နှစ် တွင် တဖန်ရတနပူရအင်းဝမှ အမရပူရသို့ ပြန်လည်ပင့်ဆောင်၍ ကိုးကွယ် တော်မူခဲ့လေသည်။

သက္ကရာဇ် ၁၂၂၈– ခုနှစ်တွင် ညီတော်အိမ်ရှေ့မင်း (=ကနောင်မင်းသားကြီး) သည် သားတော်မြင်ကွန်းစား အရေးတော်ပုံ၌ စံလွန်တော်မူ၍ အလောင်းတော်ကို "နန်းမြေဘုံသာစံနန်းတော်" ဆောင်မတွင်ထားပြီးလျှင် ဝဲယာထီးဖြူ လေးစင်းစီနှင့် ဆင်ယင်ကျင်းပခဲ့လေသည်။ မလွန်မင်းသား, ပြင်စီမင်းသား, စကုမင်းသားတို့ကို လည်း မယ်တော်မိဖုရား အောက်အိမ်တော်ဆောင်များတွင်ထားပြီး ဝဲယာထီးဖြူ နှစ်စင်းစီနှင့် ဆင်ယင်ကျင်းပခဲ့ပြီးသော် "နန်းမြေဘုံသာစံနန်းတော်" ဆောင်ကိုဖျက်၍ အုတ်ဂူတည်ပြီးလျှင် အိမ်ရှေ့မင်းနှင့်မင်းသားအပေါင်းတို့ကို ဂူသွင်းသင်္ဂြိုဟ်ခဲ့ လေသည်။

ထိုဂူအနီး နှစ်တောင်ကွာ၌ ဂန္ဓကုဋီအုတ်ပြာသာဒ်တော်ဆောက်လုပ်၍ အမရပူရ စန္ဒမုနိရုပ်ပွားတော်မြတ်ကို ပင့်ဆောင်ကိုးကွယ်ပြီးလျှင် ၁၂၂၉–ခုနှစ် နယုန်လပြည့်နေ့၌ စေတီတော်ကို တည်ထားခဲ့လေသည်။

## အဋ္ဌကထာ ဋီကာကျောက်စာများ

ရသေ့ကြီးဦးခန္တီသည် ပါဠိတော်, အဋ္ဌကထာ, ဋီကာပါဠိကျမ်းများ အဓွန့်ရှည် ကြာစွာ တည်တံ့ရေးအတွက် မြော်တွေးပြီးလျှင် မြန်မာနိုင်ငံတော်၌ သာသနာ့အစ သထုံကဟူသည်နှင့်အညီ အနော်ရထာမင်းစောသည် မနူဟာမင်းနှင့်တကွ တိုက်ယူ ပင့်ဆောင်အပ်သော ပိဋကတ်တော်များမှ ပြန့်ပွားလာရကား အစအမွန်တည်ရှိခဲ့သော သုဝဏ္ဏဘူမိသထုံ၌ ပါဠိတော်ကျောက်စာများစေတီတည်ထားပြီးလျှင် မင်းတုန်းမင်း တရားကြီးကျောက်စာစေတီများအနီး ဤစန္ဒမုနိစေတီဝန်းကျင်တွင် အဋ္ဌကထာ ဋီကာပါဠိများကို ကျောက်စာစေတီ တည်ထားကိုးကွယ်ခဲ့လေသည်။

ဤသို့ဖြင့် ရသေ့ကြီးဦးခန္တီသည် ၁၂၇၅– ခုနှစ်တွင် ကျောက်ထက်တင်ရန် "ဝိသုဒ္ဓသီလာစာရ သိရီပဝရ ဓမ္မသေနာပတိ မဟာသံဃရာဇာ" တောင်ခွင် သာသနာပိုင်ဆရာတော်ဘုရားကြီးကို အမှူးထားပြီး သုဓမ္မာဝင်ဌာနချုပ်အနုဝိဇ္ဇက မဟာနာယက ဆရာတော်များကို စာဖြင့်လျှောက်ထားတင်ပြသောအခါ ထိုစာအရ ဆရာတော်များသည် မဟာဇောတိကာရာမစံကျောင်းတိုက်၌ စည်းဝေးတော်မူကြကာ တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီးက သင့်လျော်ရာကျမ်းစာအသီးသီးကို တာဝန်ပေးအပ်စေသည်များကို ဆောင်ရွက်တော်မူခဲ့ကြလေသည်။

## သုတ်သင်ပေးတော်မူကြသော ဆရာတော်များ

၁။ ကင်္ခါဝိတရဏီအဋ္ဌကထာပါဠိနှင့်ဝိနည်းငါးကျမ်းအဋ္ဌကထာပါဠိကို အရှေ့ပြင် မဟာဝိသုတာရာမတိုက်တော် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ကျောက်ပန်းတောင်းဆရာတော်, အရှေ့ပြင် ခင်မကန်တိုက်ဆရာတော်နှင့် အတုမရှိဆရာတော်တို့က သုတ်သင်ပေးတော်မူကြသည်။

၂။ အဘိဓမ္မာခုနစ်ကျမ်းအဋ္ဌကထာကို မန္တလေးမြို့ အနောက်ပြင် ဒိုင်းဝန်တိုက်ဆရာတော်ဘုရားကြီးနှင့် စံကျောင်းတိုက် ဆရာတော်အရှင်နန္ဒ, ၄င်းတိုက်ဆရာတော် အရှင်စိတြတို့က သုတ်သင်ပေးတော်မူကြသည်။

၃။ မူလပဏ္ဏာသအဋ္ဌကထာများ, မဇ္ဈိမပဏ္ဏာသအဋ္ဌကထာနှင့် ဥပရိပဏ္ဏာသအဋ္ဌကထာကို မန္တလေးမြို့ အနောက်ပြင် တိုက်တော်မောက်ကြိုးဆရာတော်က ပြင်ဆင်ပေးတော်မူသည်။

၄။ သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ, နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ, ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ, သဠာယတနဝဂ္ဂ သံယုတ်အဋ္ဌကထာ, မဟာဝဂ္ဂသံယုတ်အဋ္ဌကထာကို မန္တလေးမြို့ အနောက်ပြင် စိန်ပန်းတိုက်သစ်ဆရာတော်က သုတ်သင်ပြင်ဆင်ပေးတော်မူသည်။

၅။ အင်္ဂုတ္တိုရ် ၁၁-ကျမ်း အဋ္ဌကထာကို သက်ပန်းဆရာတော်က ပြင်ဆင်သုတ်သင်ပေးတော်မူသည်။

၆။ ခုဒ္ဒကပါဌ အဋ္ဌကထာကို အဂ္ဂမဟာပဏ္ဍိတ ခေမာသီဝံဆရာတော် အရှင်အဂ္ဂဝံသက ပြင်ဆင်သုတ်သင်ပေးတော်မူခဲ့လေသည်။

၇။ ဓမ္မပဒအဋ္ဌကထာပါဠိကို အဂ္ဂမဟာပဏ္ဍိတ ဒီပဲယင်းဆရာတော်က သုတ်သင်ပြင်ဆင်ပေးတော်မူခဲ့လေသည်။

၈။ သုတ္တနိပါတ်အဋ္ဌကထာ, ဣတိဝုတ်အဋ္ဌကထာကို ရွှေရေးဆောင်ဆရာတော်က သုတ်သင်ပြင်ဆင်ပေးတော်မူခဲ့လေသည်။

၉။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာကို တံခွန်တိုင်ဆရာတော်က ပြင်ဆင်ပေးတော်မူသည်။

၁၀။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို ဂူကြီးတိုက် အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ဝါယမက ပြင်ဆင်ပေးတော်မူသည်။

၁၁။ ကျန်အဋ္ဌကထာ, ဋီကာများကို မိုးထိတိုက် အဂ္ဂမဟာပဏ္ဍိတ ကျောက်စာကြပ်ဆရာတော် အရှင်ဇာဂရက သုတ်သင်ပြင်ဆင်ပေးတော်မူသည်။

စန္ဒမုနိစေတီတံတိုင်း ကျောက်စာစေတီတော်များမှာ–

(က) ဝိနည်းအဋ္ဌကထာများ, ခုဒ္ဒကနိကာယ် ၅–ကျမ်း, ဝိနယသင်္ဂဟ, ဝိနယသခေ်ပ, ဝိနယဝိနိစ္ဆယ, ဥတ္တရဝိနိစ္ဆယ, ခုဒ္ဒသိက္ခာ, မူလသိက္ခာ, နိပုဏပဒ သင်္ဂဟာသီလာဝဟာသိက္ခာပဒဝဠဉ္ဇနအဋ္ဌကထာများဖြစ်သည်။

(ခ) သုတ္တန်အဋ္ဌကထာများ။ ။ မဇ္ဈိမနိကာယ် ၃– ကျမ်း, သံယုတ် ၅– ကျမ်း, အင်္ဂုတ္တိုရ် ၁၁– ကျမ်း, ခုဒ္ဒကနိကာယ် ၄၇– ကျမ်း, သုတ္တသင်္ဂဟ, သာရ သင်္ဂဟ, ဝိသုဒ္ဓိမဂ်, ထေရီအပဒါန်, ပေဋကောပဒေသ အဋ္ဌကထာများဖြစ်သည်။

(ဂ) အဘိဓမ္မာအဋ္ဌကထာများ။ ။ ခုဒ္ဒကနိကာယ် (၇) ကျမ်း, အဘိဓမ္မတ္ထ သင်္ဂဟ, ပရမတ္ထဝိနိစ္ဆယ, နာမရူပပရိစ္ဆေဒ, အဘိဓမ္မာဝတာရ, ရူပါရူပဝိဘာဂ, ခေမာပကရဏ, နာမစာရဒီပက, သစ္စသံခိပ်အဋ္ဌကထာများတည်း။

(ဃ) ဋီကာကျမ်းများ။ ။ ကင်္ခါဋီကာသစ်, သာရတ္ထဒီပနီဋီကာ, ဝိမတိဝိနောဒနီဋီကာ, သီလက္ခန်ဋီကာ, သုတ်မဟာဝါဋီကာ, သုတ်ပါထေယျဋီကာ, မူလဋီကာ, အနုဋီကာတို့ ဖြစ်ကုန်၏။ စုစုပေါင်း ကျောက်ချပ်ရေ ၁၇၇၄– ချပ်ဖြစ်သည်။ ယင်းသို့ ဖြစ်ပုံကို ''ဥဒေတယံ ကျောက်ချပ်မှန်''ဟု လင်္ကာနှင့် ပြဆိုကြလေသည်။

## မဟာလောကမာရဇိန် ကုသိုလ်တော်စေတီတော်ကြီး

စန္ဒမုနိဘုရား ဖူးမြော်ပြီးလျှင် မဟာလောကမာရဇိန် ကုသိုလ်တော်စေတီ တော်ကြီးကို ဖူးမြော်ကြလေသည်။ ယင်းစေတီတော်ကြီးကို သက္ကရာဇ် ၁၂၂၁– ခုနှစ်–ကဆုန်လပြည့်ကျော် ၇–ရက် တနင်္လာနေ့အဝင် နံနက်စော ၃– ချက်တီးကျော် မင်္ဂလာအခါတော်တွင် အမြောက်သံကြားကာ ခုနစ်ဌာနတပြိုင်နက်တည်း အုတ်မြစ်ချ ခဲ့ရာတွင် ဤလောကမာရဇိန်ကုသိုလ်တော် စေတီတော်ကြီးလည်း ပါဝင်ခဲ့လေသည်။ ၃– နှစ်ကြာမျှ တည်ခဲ့ရာ သက္ကရာဇ် ၁၂၂၄–ခုနှစ် ဝါဆိုလတွင်မှ ဖိနပ်တော်အချင်း

၆၅– တောင်၊ဥဏှိတော်အမြင့် ၅၁–တောင်တစ်မိုက်လေးသစ်ရှိ စေတီတော်ကြီး သည် မဟာရံ၊ ပရိဂုဏ်၊ တံတိုင်း ၃–ထပ်နှင့်တကွ အရံဇရပ် ၃၆–ဆောင်တို့ပါ ပြီးစီးခဲ့လေသည်။ ဝါဆိုလပြည့်ကျော် ၉–ရက်နေ့တွင် အောင်ပွဲဘသင် ဆင်ယင်ပြီး လျှင် ရွှေထီးအထွတ်တင်တော်မူ၍ ''မဟာလောကမာရဇိန်''ဟု ကမ္ပည်း တပ်တော်မူသည်။

## စေတီတော်အတွင်း ဌာပနာပစ္စည်းများ

ပဌမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် –

(၁) မဇ္ဈိမဒေသမှ ဆောင်ယူဆက်သလာသည့် အပရာဇိတပလ္လင်တော်မြေနှင့် မဟာဗောဓိဒက္ခိဏာသာခါရုပ်ပွားတော်။

(၂) သီဟိုဠ်ကျွန်း (သီရိလင်္ကာ)မှ ဆောင်ယူဆက်သလာသည့် အရုဏဝတီမြေ၊ ရတနာဆင်းတုတော်၊ ဒက္ခိဏာသာခါ ရုပ်ပွားတော်နှင့်လက်ဝဲအောက်စွယ်တော်ပွား။
(၃) ပုလဲအဆင်း၊ ရွှေအဆင်း၊ မြလေးပန်းအဆင်းရှိ ဘိုးဘေး မင်းဆက်နန်းထက် တင်ကာ ကိုးကွယ်လာသည့် ကွမ်းစား (တစလှယ်သား) ပမာဏရှိသော သာရီရိက ဓာတ်တော်များ။

(၄) အနယ်နယ်အစိုစို အမြို့မြို့အရွာရွာမှ ပို့ဆက်လာသည့် ဓာတ်တော်များနှင့်တကွ (၅၄၇) ဓာတ်တော်အတ္တုပ္ပတ်ရုပ်ပုံတော်များ၊ အလောင်းတော် သေတကေတုနတ်သား တောင်းပန်သည်မှစ၍ ပဋိသန္ဓေနေတော်မူခန်း၊ ဖွားမြင်တော်မူခန်း၊ တောထွက်ခန်း၊ ဗောဓိပင်နှင့်ရွှေပလ္လင်အောင်မြင်ခန်း၊ သတ္တဌာနစံခန်း၊ ၄၅– ဝါတိုင် ဝါဆိုတော်မူခန်း၊ ပရိနိဗ္ဗာန်စံခန်း၊ တဇောဓာတ်လောင်ခန်း၊ ဓာတ်တော်ဝေခန်းပုံတော်သဏ္ဍာန်များကို တင့်တယ်စွာထုလုပ်စေ၍ ကိုယ်တော်တိုင် ဌာပနာသွင်း ပူဇော်တော်မူခဲ့လေသည်။ စေတီကြီးကား တံတိုင်း ၃–ထပ်အတွင်း ခမ်းနားတင့်တယ်လှ၏။ တံတိုင်းများအတွင်း ၁၂၃၀–ပြည့်နှစ်တွင် စကျင်ကျောက်များကို ဆစ်၍ ပိဋကတ်တော်များကို ကျောက်ချပ်ရေ ၇၂၈–ချပ် သမိုင်းကျောက်ချပ်ပါ စုစုပေါင်း ၇၂၉–ချပ် အုတ်ဂူပြာသာဒ်တဆူစီဖြင့် သွင်းထားသည်။ စေတီတော်မြတ်ကြီး၏ အနောက်စောင်းတန်းနှင့်တောင်စောင်းတန်း၌ ပန်းချီဆရာ ဆရာအေး ဆရာမြတို့၏ ရတနာပုံခေတ် မြန်မာမှုပန်းချီများကိုလည်း တွေ့မြင်နိုင်လေသည်။

## ကုသိုလ်တော်ဘွဲ့ မင်္ဂလာဧချင်း

ရတနာပုံ ရွှေဘုံကြငှန်း သေန်ယွန်းတွင် ခြောက်ခန်းနတ်ရွာ ကမ္ဘလာသန် ဗိမာန်ဘုံသူ ရှင်လူသောင်းခေတ် ကိုးရာဖြစ်အောင် ခုနစ်ဌာန်ဝင် ရွှေစင်သိဂီ စေတီ တည်ရန် ရည်တော်သန်က ဘဝဏ္ဏဂူ ဘုန်းလူဒေသစာ သုံးခါဖြန့်ယွန်း ထိုသည့်ကျွန်းမှ နီမြန်းရောင်လှ နေရှုံမှျသည် အရဏဝတီ ဤမြေတကွ မြဗောဓိမြတ် စွယ်ဓာတ် တင့်ကဲ ပုလဲသောဏ္ဏာ သုမနဟု များလှဓာတ်ပုံ ဆက်လာတုံရှင့် ရစ်ရုံငါးရပ် နိမိတ်တပ် လျက် ပညတ်သမိုက် မဖွှောကိုက်မှ အကိုက်ညွှန့်ရှင် ဗောဓိပင်နှင့် ပလ္လင်တော်ဖွေ အောင်ရပ်မြေကို အုပ်ထွေများလှ ဆက်လာရ၏ သည်ပအခြား များလှတုံချေ ဓာတ်မွေရုပ်ရှင် စုံလင်ဌာပနာ သွင်းပြီးခါလျှင် နာရကာရွှေ မြေထိအလှျံ မွန်းမံတုံလတ် နဝရတ်ရည်ညီး ဖိတ်ဖိတ်စီးသည် ရွှေထီးတင်လှု ပြီးတော်မူက ဇမ္ဗူလက်ျာ ပွဲတင်ကြောအောင် ''မဟာလောကမာရဇိန်'' စက်ရှိန်သံတင် မော်ကွန်းယင်သည် ရောင်ရှင်သည့်ဈွေးဈွေး ခြောက်ရောင်ပြေး[၁] ။—

## ကုသိုလ်တော်လွှမ်းချင်း

လာမေလှမ်းကြစို့ ညာမန်းမြို့ပြည်ဘောင်၊ ထူးမြတ်တဲ့ရွှေတောင်မှာ မြတ်ဘုန်းခေါင်စေတီယငယ်နှင့် စက်ပါဒနက်သန်ကို သက္ကစွံပဏာမိရယ်နှင့် သဒ္ဓါရှိ အတူပျော်အောင် အပူဇော်သွားစို့မိငယ်လေး။

တချောင်းရွှေရယ် မြောင်းရေငယ်ပတ်သန်း တောင်စဉ်ငယ်ထပ်ဇရပ်တန်းနှင့် လမ်းမတော်သာ သုဓမ္မာရောင်ကညီး ကျောက်တော်ကြီးမီးရေစုံခ ဗျာဒိတ်တော် သပါတဲ့ မြသေလာင္ဂ ရပ်တော်မူနှင့် ရွှေဂူအတွင်းပိဋ္ဋကတ်ကို ရေးမှတ်သွင်းလို့ တလင်းငယ်မှညီညီ ဖန်အုတ်ကယ်စီပါတဲ့ စေတီတော်ပြင် ဆုထူးတော်ဆင်ရအောင် မောင်ကြင်တဲ့ နိုင်စပယ်ရယ် တသက်လယ် မယ်မဆုတ်ပါနဲ့ အိုမခင်စိန်မှုန် အုပ်ကယ်နှင့် သင်ပုတ်တော်ပြင်ဆင် ဆွမ်းတော်တင် နေမလွဲစေနှင့် မယ်နှင့်မောင် လက်စုံတွဲလို့ လှည်းမပါ ခြေလျင်လှမ်းကြစို့ (အိုခင်ရယ်) ပန်းနှင့်ကွဲ့လေး[၂] ။

---

၁။ ကင်းဝန်မင်းကြီး ဆက်သွင်းသည့် မင်္ဂလာချင်း။

၂။ မဟာဂီတပေါင်းချုပ်။ ၂၂၁။

ကုသိုလ်တော်စေတီတော်ကြီး ပဌမမဟာရံအတွင်း အင်္ဂါထောင့်၌ အုတ်ပြသာဒ်ဖြင့် မူလစိုက်ထူခဲ့သော ပဌမသံဂါယနာသမိုင်းအပြည့်အစုံကို ပြောနေသည့် သမိုင်းကျောက်စာကိုလည်း ဖတ်ရှုလေ့လာရာ၏။

■■■

## ပဥ္စမ မဟာရံအတွင်း အင်္ဂါထောင့်၌ ဆုတ်ပြာသာဒ်ဖြင့် မူလစိုက်ထူခဲ့သော ကျောက်စာ သက္ကရာဇ် ၁၂၁၄–ခု၊ တပေါင်းလဆန်း (၁၁)ရက်၊ကြာသပတေးနေ့ မင်းအဖြစ်သို့ရောက်တော်မူသော မန္တလေးရတနာပုံ ပဥ္စမမြို့တည်နန်းတည် ပဥ္စမသံဂါယနာတင်အသျှင်ဘဝရှင်မင်းတရားကြီးဘုရား ကုသိုလ်တော် ပိဋကတ်သုံးပုံပါဠိတော်များကို သာသနာတော်ငါးထောင်တည်စေခြင်းအကျိုးငှါ ကျောက်ထက်အက္ခရာ ရေးသားထုလုပ်တော်မူသည့် အကြောင်းရာသံပိုင်း မော်ကွန်းနိဂုမ်းကျောက်စာ

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကတွာန ဒုက္ကရံ ကမ္မံ၊ ယော ပတ္တော ဗောဓိနုတ္တရံ။
လောကော တဿ ပါဒဒ္ဒွန္ဒံ၊ သဒေဝကော နမဿတိ။

(တတိယရကာာရဝိပုလာဂါထာ)

ယော ဗုဒ္ဓေါ၊ အကြင်ဥဒေယျငါးဖြာ လေးသစ္စာကို ဆရာမရှိ သိတော်မူ၍ နတ်လူများစွာ သတ္တဝါအပေါင်းကို သိစေတော်မူတတ်သော သဗ္ဗညုရှင်တော် ဘုရားသည်။ ဒုက္ကရံ သမ္မာဆန္ဒ လုံ့လပညာ သဒ္ဓါတရား အားမကြီးသူ လူသာမန်တို့ ပြုနိုင်ခဲသော။ ကမ္မံ၊ မဟာပရိစ္စာဂအစရှိသော ကောင်းမှုအဆောက်အအုံကို။ ကတွာန၊ ပြုဆည်းဘူးတော်မူ၍။ အနုတ္တရံ၊ အလွန်အကဲမရှိ ကြီးကျယ်မြတ်ထွတ် သော။ ဗောဓိံ သဗ္ဗညုတဉာဏ် အရဟတ္တမဂ်ဉာဏ်ကို။ ပတ္တော၊ ရောက်တော်မူ၏။ တဿဗုဒ္ဓဿ၊ ထိုဥဒေယျငါးဖြာ လေးသစ္စာကို ဆရာမကူ သိတော်မူ၍ နတ်လူများစွာ

သတ္တဝါအပေါင်းကို သိစေတော်မူတတ်သော သဗ္ဗညုတရှင်တော်ဘုရား၏။ ပါဒဒွန္ဒံ၊ တစ်ရှုရှစ်ကွက် စက်လက္ခဏာဖြင့် မှတ်အပ်သော ခြေတော်အစုံကို။ သဒေဝကော၊ သမုတိနတ် ဥပပတ္တိနတ်နှင့်တကွသော။ လောကော၊ သတ္တဝါအပေါင်းသည်။ နမဿတိ၊ ဦးခိုက်၏။

**သက္ကော ဝိယ ဒေဝါလယေ၊ အယံ နော ခ မဟီတလေ။**
**ဓမ္မဋ္ဌရသတ္တုဋ္ဌယာ-ဒိဂုဏောဟိ ပဘာသတိ။**

**(ပထမတတိယ တကာရဝိပုလာဂါထာ)**

နော၊ ငါတို့၏။ အယံ- မဟာဓမ္မရာဇာ၊ ဤပဥ္စမသံဂါယနာတင် ဘဝသျှင်မင်းတရားကြီးဘုရားသည်။ ဒေဝါလယေ၊ တာဝတိံသာနတ်ပြည်၌။ သက္ကောဝိယ၊ သိကြားမင်းကဲ့သို့။ ဣမမဟီတလေ၊ ဤဇမ္ဗူသောင်းခွင် မြေအပြင်၌။ ဓမ္မဋ္ဌရသတ္တုဋ္ဌယာဒိဂုဏောဟိ၊ တရားဆယ်ပါး ကျင့်တော်မူခြင်း ရန်အောင်ခြင်းစသော ဂုဏ်တို့ဖြင့်။ ပဘာသတိ၊ ထွန်းတောက်ပတော်မူ၏။

**သီလာယံ ဓမ္မလေခဿ၊ တိက္ခသဒ္ဓေန သာသနေ။**
**သိဒ္ဓဿ ဒီပကန္တေန၊ ကဿံ ပါသာဏ လေခိတံ။**

သာသနေ၊ သဗ္ဗညုတရှင်တော်ဘုရားသာသနာတော်၌။ တိက္ခသဒ္ဓေန၊ ထက်သန်သောသဒ္ဓါပသန္နရှိတော်မူသော။ တေနမဟာဓမ္မရာဇေန၊ ထိုပဥ္စမသံဂါယနာတင်ဘဝသျှင်မင်းတရားကြီးဘုရားသည်။ သီလာယံ၊ သလင်းကျောက်ဖျာ၌။ ဓမ္မလေခဿ၊ ရေးထုတော်မူစေအပ်သော ပိဋကတ်ကျောက်စာတော်၏။ သိဒ္ဓဿ၊ အပြီးတိုင်ရောက်သည်ကို။ ဒီပကံ၊ ပြတတ်သော။ ပါသာဏလေခိတံ၊ ကျောက်စာသံပိုင်းကို။ ကဿံ=ကဿာမိ၊ ရေးထုပေအံ့။

ဘုန်းတော်အလွန်အလွန် ကြီးမြတ်တော်မူလှသော ကာဠာဝက ဂင်္ဂေယျဟုဝံသမျိုးပြား ဆင်ဆယ်ပါးမှ ပွားများပတ်ရစ် နွယ်မျိုးဖြစ်၍ ရှစ်ရပ်ဒိသာ ခမ်းဝါပိတ်ဆို့ သံမြို့ဆယ်ထပ် ခံနှင့်ရပ်လည်း ရွပ်ရွပ်ပျက်ကြေ ရေမကြည်ရ မဟာ့တ္တဖြင့် ခဏာပိုင်ပိုင်တိုက်လှည်းနိုင်သော အသိန်းမကသော ဆင်ရတနာမျိုးတို့၏ အသျှင်တမူလည်း ဖြစ်ထသော။ ဝလာဟက သိန္ဓဝဟု သိန္ဓုမြစ်နား မွေးဖွားနွယ်စ မိုးဝကောင်းကင်စိုင်းနှင်ပျံတက် ကြာတောချက်ဝယ် တရွက်ကြာချပ် ကြွင်းလပ်မရှိ ကြည်းတိတိသို့

ထိကာနင်းသွား လက်ဝါးပြန့်ပြန့် ဖြန့်ကာဝန်းလျက် ထိုအထက်ဝယ် လေးဘက်စုံပြိုင် ရပ်စွမ်းနိုင်သော ကြံ့ခိုင်ကြီးမား ခွန်အားတန်ခိုး မျိုးရိုးဆက်မှန် စိတ်ထက်မြန်၍ ရန်အသချေ် တွက်ရေပြီးထက် သူကတပ်ကို ရှပ်ရှပ်နှိပ်နင်း တစီးခြင်းဖြင့် ဖောက်ထွင်း လွယ်ကူ နှုန်းတူမမှု ဇာနေယျစစ် ဘုန်းကျိုးလှစ်သော အထူးထူးသော မြင်းရတနာတို့၏ အသျှင်တမူလည်းဖြစ်ထသော။ မုတ္တာမုတ္တ မုတ္တာယန္တ သိကြားလက်ချိန် ဝရဇိန်ကဲ့သို့ အရှိန်အဝါ တေဇာလျှံလက် နှစ်လက်သုံးဘက် လေးဘက်အသွား ဘွားဘွားမိုးရန် မီးလျှံလျှပ်ရောင် တောတောင်သမုဒ္ဒြာ စက္ကဝါချင်းဖောက် ရည်တိုင်းရောက်သော အထူးထူးသောလက်နက်ရိန္ဒမာ စကြာမျိုးတို့ အသျှင်တမူလည်း ဖြစ်ထသော။ ပတ္တမြားတွင်း ရွှေတွင်းငွေတွင်း ပယင်းကျောက်စိမ်း ရှိန်းရှိန်းရောင်ငြိ မဏိပဗ္ဗတ ဝေပုလ္လနှင့် မည်ရတွက်ဘွဲ့ ငါးဆယ်ခြောက်ဌာန် အမွန်ရတနာ တည်ရာပြဋ္ဌာန်း အခန်းခန်းတို့မှ ထူးဆန်းလျှံလူ အဖြူအဝါ သိဂ်ခြည်ရောင် မိုးခေါင်တက်ပျံ ပိုးပရန်စစ် နန္ဒင်းနှစ်သွေး ရွှေရေးငွေရေး စွေးစွေးနီရင့် မိုးစွေပွင့်လို ကြာညိုပွင့်စ ပမာဏာသို့ တရာငါးဆယ် ခြောက်သွယ်ပကတိ ကြိုးပေါင်းငြိသော မဏိစိန္တာ ရတနာမျက်ကြံ ဝင်းလျှံကျောက်ပေါင်း ရှစ်သောင်းမက လေးထောင်ရသော အနဂ္ဃမြတ်စွာ ရတနာမျိုးတို့၏ အသျှင်တမူလည်းဖြစ်ထသော။

ဆင်စီးမြင်းစီး ရထားစီးနှင့် သင်းသီးတတွဲ သူရဲထူးလည် လုံ့ရှည်အဲမောင်း ကာတောင်းဒိုင်းလွှာ လေးမြှားမီးပေါက် အမြောက်စိန်ပြောင်း သောင်းသောင်းထိတ်ထိတ် မြေပြင်ပိတ်မျှ အတိက်ရှေးက ဝိဒေဟဝယ် ဖျဖျညီညာ မင်းတရားတို့ ဗိုလ်ပါ ပည်းသီ ခေါဘိဏီစစ် တဆယ့်ရှစ်ဖြင့် ပတ်ရစ်ကြွေးကျော် ရန်လတ်သော်လျှင် မပေါ်ပဏ္ဍိ မှန်းတိုင်းသိသား ပါရမီရှင် ဉာဏ်အမြင်ဖြင့် ကြာတင်မလင့် မှူးလိုက်လွှင့်က မဖင့်မခို မွေးတိုင်းကိုယ်နှင့် ယွင်းယိုကြေပျောက် ပျက်စီးရောက်သို့ ရှေ့မှောက်ဘုန်းတက် ရှင်မူထွက်က သက်မမှတ်ချင် အဆောတလျင် ဘမ်းငင်ရုပ်ရှင် ဦးလည်ငုတ်အံ့ သုတ်သုတ်လျှင်မြန် ရဲစွမ်းအံ့နှင့် ရန်အမည်မည် အတည်တည်ကို ရှေကြည်မနှောက် ကြွင်းမပျောက်နိုင်သော အသိန်းမကသော ဗိုလ်မှူးတပ်ကဲ သူရဲဘာကာတို့၏ အသျှင်တမူလည်းဖြစ်ထသော။ မင်္ဂလာရိပ်မြုံ ရွှေဘုမ်လျှံပတ် ပြာသာဒ်သွန်းသွန်း ထူးဆန်းတင့်တယ် အံ့ဘွယ်မဆိတ် ကရဝိတ်မည်ခေါ် ရွှေဘောင်တော်နှင့် ရွှေလျော်စွေးစွေး ရောင်လျှံပြေးသား လက်ရွေးမင်္ဂလာ ဂဂ်ါဇေယျ စသည်တကွဲ တိုင်းကျွဲမိကျောင်း ဥဒေါင်းဟသ်ာ သာရကာက သာရဗိမာန် လျှင်ထန်လက်တု သုံးလူပူဇော်

ရေပေါ်ကြွားကြွား မင်းတရားစက် လက်မြန့်ပြိုင်ထု သုံးလုတောက်ပ ဒွါလောင်းစသား ဖြင်မျှညီးညီး ရွှေရည်စီးလျက် အံ့ချီးထင်ပေါ် လှော်ကားတော်နှင့်တကွ စိန်ပန်းစိန်တုန်း မြကုမ်းမင်းစံ ဝင်းလျှံရောင်ပြေး ရန်ဝေးရန်နင်းစသောလှေတော် မြနန်းစကြာ စကြာယဉ်မွန် ဒေါင်းယဉ်ပျံ ရေနန်းစကြာ စကြာယဉ်ပျံ မြနန်းယဉ်သာ ရေနန်းယဉ် သာစသော သဘော်သမွန် ကတ္တူလွန်းကျင် လှေပုမ်ယဉ်တို့ဖြင့် ရေပြင်စံပျော် ထွက်ရှုမြော်က ရှေးသော်နရပတိ ဘုန်းရှိမင်းဖျား မြင်းမိုရ်သွားနှင့် ခမ်းနားမိုလ်ပါ ညီမောစွာလိမ့် ကြေညာအောက်ထက် ရဲမက်ထပ်ထူ သုံးယူဇနာ ဘယ်ညာမဆိတ် မြစ်လုံးပိတ်မျှသော်၊ ဖောင်တော်–လှေတော် လှော်ကားတော် သဘော်တော်တို့၏ အသျှင်တမူလည်းဖြစ်ထသော။ ကကုသန်၊ ဂေါဏာဂုမ်၊ ကဿပ၊ ဂေါတမဘုရား တို့၏ သန့်သက်တော်, တောင်ဝှေးတော်, ဒုကုဠ်တော်, ဆံတော်ဌာပနာသော ရာမညတိုင်း ဥက္ကလာပမြို့ ရန်ကုန်အရပ်ဝယ် သိင်္ဂုတ္တရတောင်ထိပ်၌ အရပ်တော် သံတောင် တစ်ရာရှစ်ဆယ် ခြောက်တောင်တမိုက် လေးသစ်ရှိသော စေတီတော်တွင် ဘေးလောင်းတော် ဘိုးလောင်းတော်တို့ တင်ထားသော ထီးတော်အချက်အလက် ပျက်ပြားယွင်းယိုရှိသည်ကို သာသနာတော် ငါးထောင်ပတ်လုံး မဆုံးမချင်း ထွန်းလင်း တောက်ပတော်မူစေလိုသော သမ္မာဆန္ဒ ဥဿာဟသတ္တိ ရဲရဲငြိသည်ဖြစ်၍ စေတီတော်အလုံးကိုလည်း ရွှေအတိမွမ်းမံပြီးလျှင် ရှိရင်းထီးတော်ထက်တိုး၍ အဘိုးအနဂ္ဃထိုက်သောစိန် အဘိုအနဂ္ဃထိုက်သောမြ အဘိုးအနဂ္ဃထိုက်သောပတ္တမြား နဝရတ်ကိုးပါးတို့ဖြင့် ချယ်လယ်စီမံ၍ ရွှေသားဆည်းလည်း, မိုးကြိုးဆည်းလည်း, ငွေဆည်းလည်းစသော များစွာသောရတနာတို့ဖြင့် ပြည့်စုံစေလျက် ရွှေသား အတိဖြစ်သော ထီးအချင်း ကိုးတောင်နှစ်မိုက်, အရပ်တော်နှစ်ဆယ်ငါးတောင်ရှိသော ရွှေထီးကိုလည်း ဇမ္ဗူအလုံး ညွှတ်ရုံးကြေညာ မင်္ဂလာကောင်းခြီး အောင်စည်တီး၍ ရွှေထီးအသစ် ထပ်ဆင့် တင်လှူတော်မူသည်လည်းဖြစ်ထသော။

သဗ္ဗညုတဘုရား ပရိနိဗ္ဗာန်စံတော်မူသည့်နောက် လေးလမြောက်ဝယ် ရာဇဂြိုဟ်ပြည်၌ ပဌမသင်္ဂါယနာတင်သော အဇာတသတ်မင်း, ဝေသာလီပြည်၌ ဒုတိယသံဂါယနာတင်သော ကာလာသောကမင်း, ပါဋလိပုတ်ပြည်၌ တတိယ သင်္ဂါယနာတင်သော သီရိဓမ္မာသောကမင်း, သီဟိုဠ်ကျွန်း၌ စတုတ္ထသင်္ဂါယနာတင် သော ဝဋ္ဋဂါမဏိမင်းကောင်းမင်းမြတ်တို့ကဲ့သို့၊ ဇမ္ဗူဒီပ–အပရန္တ တိုင်းမဥသျှောင် ရန်ပေါင်းအောင်သော ရတနာပုံ ရွှေပြည်တော်ကြီး၌ ပဥ္စမသံဂါယနာတင်တော်မူမည် ကြံရည်တော်မူလျှင် သာသနာတော်စောင့် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့သည်

နှိုးဆော်တိုက်တွန်းသည်ဖြစ်၍ သာသနာပြု သုဓမ္မာဆရာတော်ရှစ်ပါးအား လျှောက်ထားပြီးလျှင် တိပိဋကဓရ သိက္ခာကာမ သီလဝိသုဒ္ဓိဖြစ်သော တံဆိပ်တော်ရ, မရသံဃာတော်နှစ်ထောင်လေးရာကျော်တို့သည် ရွှေနန်းပြသာဒ်တော်ကြီး သီဟာသန ရာဇပလ္လင်ရှေ့တွင် ဝိနည်းပိဋကတ်တော်ကို အဦးထား၍ သက္ကရာဇ် ၁၂၃၃–ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁–ရက်၊ နှစ်ဆန်း ၁–ရက် စနေနေ့ကစပြီးလျှင် အစဉ်သဖြင့်ပေါင်း၍ ပြန်ဆိုသရဇ္ဈာယ်တော်မူကြရာ၄င်းနှစ် တော်သလင်းလပြည့်ကျော် ၁၄–ရက်၊ အင်္ဂါနေ့ ခြောက်လနှင့်ပြီးစီး၍ ပဥ္စမသင်္ဂါယနာတင်တော်မူခြင်းနှင့် ပြည့်စုံတော်မူသည်လည်းဖြစ်ထသော။

သက္ကရာဇ် လေးရာငါးဆယ်တွင် ပုဂံနရပတိစည်သူမင်းကြီး၏ သမီးတော်ကျောင်းတော်သည်နှင့် အလောင်းတော်စည်သူမင်းကြီး၏မြစ်တော် အနန္တသူရိယကို စုံဘက်ရာတွင် သားတော်မင်းသိဒ္ဓိကာကစ၍ ဘဲကြီးရတနာ ဘဲငယ်ရတနာ လမ္ဗျုံးရန္တသူ ပေါက်မြို့မင်းပုလဲ မြေနဲစောဒိဋ္ဌာဟူသော နေနတ်ရိုးနွယ်ဖြစ်သော ပုဂံမင်းနွယ်က ရတနာပူရမြို့၌ မင်းပြုတော်မူသော ရတနာစေတီဒါယကာ မိုးညှင်းမင်းတရား ဝပါနော်ရထာ, မြောက်ဘက်နော်ရထာ, အသင်္ခယာ, မင်းနေဝန်း, မင်းရဲထွေး, မင်းကြီးရွှေ, မင်းဘိုးခင်, မင်းစစ်နိုင်, သီရိမဟာဓမ္မရာဇာ စည်ခဲ့ဖြာ၍ ရတနာသိင်္ဃ ပြည်မအုပ်မိုး တည်ထောင်စိုးသော ဘေးလောင်းတော် အလောင်းမင်းတရားကြီး၏ သားတော် အမရပူရမြို့ ပဌမမြို့တည် အောင်မြေလောကကျောက်စေတီ သက္ကလဋ္ဌိတ သိကြားတံဆိပ်ခပ်နှိပ်ခဲ့သော စေတီတော်ကြီးဒါယကာ ဆဒ္ဒန်ဆင်မင်းသခင်မင်းတရားတော်ကြီး၏ မပြားနွယ်ရစ် မြစ်တော်ချစ်တမူလည်းဖြစ်တော်မူထသော။ ကျွန်းရံခုနှစ်ရာကျော်ရှိသော ဓညဝတီ, ဒွါရဝတီ, ရမ္မာဝတီ, မေဃဝတီမည်သောရခိုင်ပြည်ကို တပွင့်နှယ်အလွယ်တကူ သိမ်းရုံးယူသဖြင့် လက်နက်နိုင်ငံဖြစ်စေခြင်း, ထိုအခါ သဗ္ဗညုဘုရားဖြစ်တော်မူ၍ ငါးဝါမြောက် ဓညဝတီပြည်သို့ ဒေသစာရီကြွရောက်တော်မူခါ စန္ဒသူရိယမင်းလက်ထက် ပဥ္စလောဟာကြေးကို ကိုယ်တော်ထုသွန်းလုပ်သည် မအောင်နိုင် သဗ္ဗညုဘုရားရှင် ရင်ငွေ့တော်ကိုယူ၍ သွန်းလုပ်မှအောင်မြင်သော မဟာမုနိရုပ်ရှင်တော်ကို လူနတ်ပြဟ္မာသတ္တဝါအပေါင်းတို့ ပူဇော်ကိုးကွယ်ရအောင် ပင့်ဆောင်နိုင်သော ဘုန်းပညာလက္ခဏာအပေါင်းနှင့် ပြည့်စုံတော်မူသော ''သီရိမဟာဓမ္မာဘိဇယသီဟသူရ'' တံဆိပ်နာမံခံသော ရွှေဂူကြီးဘုရား, သာယာ

ရွှေဂူကြီးဘုရား, ချမ်းသာကြီးဘုရားဒါယကာ မဟာဉပရာဇ် မြေးတော်ချစ်တမူလည်း ဖြစ်ထသော။

ရတနာပူရ စတုတ္ထမြို့တည် ဇာနည်ကေရာလောကာဓိပတိဖြစ်တော်မူသော သီရိတြိဘဝနာဒိတျာ ပဝရပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ တံဆိပ်နာမံ ခံတော်မူသော အတွင်းပတ္တမြား အပကားငွေ မြူတေဝင်းဝှန် လဗိမာန်ကို ရန်အသူရိန် အရှိန်မိုးသန်း တမ်း၍လွှတ်ရာ ထိုအခါ၌ စကြာဝဠာမိုးမြေ ရိုက်ကြိုးစေလျက် ကြက်သရေမျိုးယူ တည်တော်မူသော မဟာဝိဇယရံသီ စေတီတော် ဒါယကာဘကြီးတော်မင်းတရားကြီး ဘုရား၏ တူရင်းတော်မြတ် သမုတိဉက္ကဋ္ဌနာထ နတ်တမူလည်းဖြစ်ထသော။ အမရ ပူရဒုတိယရွှေပြည် ထောင်တည်စိုးချုပ် ဘုန်းကြိုးအုပ်၍ ဌပ္ပတ္တိတော် ထင်ပေါ် မှတ်သား ဘုန်းတော်အားကို ပိုင်းခြားပိုင်ပိုင် မချိုးနိုင်သော ပါရမီပုညာ ဒဗ္ဗသမ္ဘာရ ကုသလကြောင့် ဝေးကြီးမြေတာ ဟံသာဝတီဒေသ သိဂုံတ္တရတိဂုမ္ဘဝယ် ဘုရား ဆံမြတ် ဓမ္မတော်ဓာတ်ကို လေးမြတ်ကော်ရော် ရှိပူဇော်ဟု ရေးသော်မင်းခေါင် ဒွတ္တဘောင်နှင့် မြန်ဘောင်ကျော်သောင်း အလောင်းစည်သူ တိန့်ဆူမြေပေါ် အနော် ရထာ ရာဇာစောမီး ဘေးလောင်းကြီးကို သင်းသီးခြွေရွေ မျှားမိုလ်ခြေနှင့် ကြည်ရေ သိတ်သိတ် ရေမြေပိတ်မျှ မဆိတ်မည့် ထွက်စံရှုမြော် ရှိပူဇော်သို့ ဘုန်းတော်ဂုဏ်တော် ထင်ပေါ်မြူတေ ကြက်သရေကို လူမြေတသွန် သိစိမ့်ညွှန်လျက် ဟေဝန်သမုဒ္ဒရာ မင်္ဂလာမြေခံ မင်းဝန်တောင်ညွှန့် ရှည်သွယ်ကွန့်သော အညွှန်းသုံးထွေ ဖျားရေရစ်ချို ရွှေဒဂုံကို ရွှေပုံရံပတ် ငယ်ဘော်နတ်က သတ်မှတ်ခန့်ရွယ် ချစ်ဖွယ်မညီး သားသမီးတော် မျိုးဘော်ရံကာ ဗိုလ်ညီလာဖြင့် ရတနာဆုကြီး ရည်ပြီးအောင်မြောက် ဇမ္ဗူသပြေရောက်ရာ ဇမ္ဗူဒီပါထွက်ညှောက် တမွတ်ဆောက်သဖြင့် ''သီရိပဝရာ ဒိတျာလောကာဓိပတိ ဝိဇယမဟာဓမ္မရာဇာဓိရာဇာ'' တံဆိပ်နာမံ ခံတော်မူသော လောကမဏိစူဠာစေတီတော်ဒါယကာမင်းခေါင်မင်းဖျား မင်းတရား၏သားတော် မြတ်စစ် ရင်တော်နှစ်တမူလည်းဖြစ်ထသော။

ဤသို့လျှင် ဘောဂဗလ, ဗာဟုဗလ, အာဘိဇစ္စဗလ, အမစ္စဗလ, ပညာဗလ ဟူသော အားငါးပါး၊ အတ္တညုတ, ဓမ္မညုတ, မတ္တညုတ, ကာလညုတ, ပရိသညု တဟူသော အမြင်တော်ငါးပါး၊ ပဋိရူပစက်, ပုဗ္ဗေကတပုညတာစက်, အတ္တသမ္မာပဏိ ဓိစက်, သပ္ပုရိသူပနိဿယစက်ဟူသော စက်လေးပါး၊ ဂတိသမ္ပတ္တိ, ဉပဓိသမ္ပတ္တိ, ကာလသမ္ပတ္တိ, ပယောဂသမ္ပတ္တိဟူသော သမ္ပတ္တိလေးပါးတို့ဖြင့် ယှဉ်းချွတ်မရှိ ပကာတိ

ပြည့်စုံတော်မူ၍ မဟာသုဒဿန, မဃဒေဝ, နေမိ, ကုသပဝရစောဓိး ဘေးလောင်းကြီးတို့၏ အရိုက်အရာ ဇမ္ဗူဒီပါ စက္ကဝါဝိုက်ချုပ် တိုက်တာအုပ်ကို ''သီရိပဝရဝိဇယာနန္တယသပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ''တံဆိပ်နာမံ ခံတော်မူသော ပဥ္စမသင်္ဂါယနာတင်အသျှင်ဘဝရှင်မင်းတရားကြီးဘုရားသည် ''သီရိပဝရမဟာရာဇိန္ဒာဓိပတိ ရတနာဒေဝီ''တံဆိပ်နာမံ ခံတော်မူသောမြတ်သော တောင်မိဖုရားခေါင်ကြီးနှင့်တကွ ရာဇာဘိသေ က မုဒ္ဒါဘိသေက ခံတော်မူ၍ ရတနာပုံ ရွှေပြည်တော်ကို လက်မွန်အစ ပဌမတည်ထောင်စိုးစံတော်မူသော ပဥ္စမသင်္ဂါယနာတင်အသျှင်ဘဝရှင်မင်းတရားကြီး ဘုရားသည် လူအဖြစ်ဝယ် နှစ်ဆစ်သိန်းသောင်း အပေါင်းသချာ ရှည်မြင့်ကြာလည်း တခါတရံ ဆက်ဆန်မှတ်တင် အိပ်မက်တွင်မှ မမြင်ရသော ဒေဝရိပ်ငြိမ် နတ်စည်းစိမ်သို့သော စည်းစိမ်တော်၌ မူးယစ်စုံမက် နှစ်သက်မြတ်နိုးမရှိ ''အဋ္ဌာသံဝေဂဝတ္ထုနိ နာမ ဇာတိဇရာ ဗျာဓိမရဏာနိ စတ္တာရိ အပါယဒုက္ခံ, ပဥ္စမံ အတီတေဝ မူလကံ ဒုက္ခံ, အနာဂတေဝ မူလကံ ဒုက္ခံ, ပစ္စုပ္ပန္နေ အဟာရ ပရိယေဋ္ဌိမူလကံ ဒုက္ခံ'' န္တိဟူသော သံဝေဂဝတ္ထုအင်ရှစ်ခုကို၊ ဂရုကတွာ၊ လုံ့လစွမ်းအင် သိမြင်တော်မူသည့် အတိုင်း မင်းတို့သိက္ခာ ရာဇဓံ သင်္ဂဟာအပရိဟာနိယစသော တရားအပေါင်းတို့ကို မချွတ်မယွင်းရ ကျင့်ဆောင်တော်မူလျက်။

ပိဋကတ်သုံးပုံမှလာသော ဒါနနှစ်ဆယ်တို့တွင် ဝိနည်းပိဋကတ်တော်လာ ဆွမ်း သင်္ကန်း ကျောင်း ဆေး ဟူသော အလှူလေးပါး၊ သုတ္တန်ပိဋကတ်တော်လာ ဆွမ်းအဖျော်အိပ်ရာနေရာစသော ဒါနဝတ္ထုဆယ်ပါး၊ အဘိဓမ္မာပိဋကတ်တော်လာ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံဟူသော ဒါနခြောက်ပါးအားဖြင့် ဒါနနှစ်ဆယ်တို့ကို တနေ့တရက် ဆက်လက်မပြတ် နိစ္စဘတ်အားဖြင့် လှူဒါန်းတော်မူခြင်းကို ဈာန်အဘိညာသမာပတ္တိရှိသည့်အရိယာရဟန္တာတို့မှတစ်ပါး အခြားသော ပုထုဇဉ်ပညာရှိတို့သည် ပုထိုးစေတီ သရီမွေပုံ စည်းခုံအပေါင်း ရွှေကျောင်းရွှေသိမ် ဓမ္မအိမ်ဆင့်ထပ် တန်ဆောင်းစရပ် လျှက်လျှပ်ဝင်းဝင်း ရေတွင်းရေကန် ဗိမာန်ထူးဆန်း ရဟန်းနှင့်ကျောင်း သုံးကောင်းသမျှ ဒါနဒါတဗ္ဗအစု ကောင်းမှုအပေါင်းတို့ကို အသောင်းအသိန်း အကိန်းအသချေ တွက်ရေမှုချ ဤသည်မျှဟု မပြနိုင်းရာ ဥပမာကား မဟာမေဒနီ ပထဝီဟု အမှီပြုသည့် အစုသာမျှ ပမာဏလျှင်ဖြစ်သတည်း။ ဤသို့ပြုတော်မူသော ကောင်းမှုတော်နှင့် ပိဋကတ်တော် ကညစ်မင်သေး ရွှေရေး အက္ခရာ နည်းသုံးဖြာတို့ဖြင့် ပိဋကတ်တော်ကိုးခု ရေးသားကိုးကွယ်ခြင်း ရှိသည်ကို

တလုံလဲလဲ ဗဟုကုသလ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်တော်ဖြင့် ဆင်ခြင်တော်မူလျှင် ပိဋကတ်တော်ဆိုသည်အရာသည် ကမ္ဘာ၌အခါခပ်သိမ်း ရှိသည်မဟုတ်။ ဂေါတမ ဘုရားအလောင်းတော် ပညာဓိကဘုရားတို့ကျင့်စဉ် လေးသင်္ချေနှင့် ကမ္ဘာတသိန်း အတွင်း ဆဲ့တကမ္ဘာသာ ဘုရားပွင့်၍ ဘုရားပေါင်းနှစ်ကျိပ်ရှစ်ဆူသာရချေသည်။ ထိုဘုရားရှင်တို့ သက်တော်ရှိစဉ် ပရိနိဗ္ဗာန်ယူပြီးနောက် ပိုင်းခြားထားတော်မူခဲ့သော အဆုံးအမတော်နှစ်တွင်၌သာ ရှိချေသည်။

ဤသို့ဝဋ္ဋဒုက္ခအပေါင်းမှထုတ်၍ လူနတ်နိဗ္ဗာန်သုံးတန်သောချမ်းသာကို အချွတ်မလွဲ ပေးစွမ်းနိုင်သည်။ ထိုသို့ရခဲလှစွာသော ပိဋကတ်တော်ကို တကမ္ဘာ ပတ်လုံးတည်စေတော်မူလိုသော သမ္မာဆန္ဒတော်နှင့် ထောက်ထားတော်မူ၍ ဤကမ္ဘာတွင် ကဿပဘုရားရှင်လက်ထက်တော်က တိရစ္ဆာန်ဝက်တို့ တူးခဲ့သော လိုဏ်သည် တကပ်ကျော်၍ ဂေါတမဘုရားရှင် ထိုလိုဏ်တွင် ကိန်းဝပ်တော်မူကြောင်း ကျမ်းဂန်လာရှိသည် ပိဋကတ်တော်ကို ကျောက်၌ ရေးတော်မူမည်ကြံရည်တော်မူ၍ ရွေးချယ်လျှင် စူဠဝါပါဠိတော်တွင် မုတ္တာ ပုလဲ မဏိ ပတ္တမြား ဝေဠုရိယော၊ ကျောက်မျက်ရွှဲ သင်္ခါ၊ ခရုသင်း သိလာ၊ ကျောက်သလင်း ပဝါဠ၊ သန္တာ ရဇတံ၊ ငွေ ဇာတရူပံ၊ ရွှေ လောဟိတင်္ဂေါ၊ ပတ္တမြားနီ မသာရဂလ္လံ၊ ပတ္တမြားပြောက်ဟူ၍ ရတနာဆယ်ပါးကို ဟောတော်မူသည်။ ဥဒါန်းအဋ္ဌကထာတွင်လည်း ဝဇိရော၊ မဟာနီလော ဣန္ဒနီလော မဟာရင်္ဂေါ ဝေဠုရိယော ပဒုမရာဂေါ ဖုဿရာဂေါ ကက္ကေတနော ပုလာကော ဝိမလော လောဟိတင်္ကော ဖလိကော ပဝါဠော ဇောတိရသော ဂေါမုတ္တကော ဂေါမေဒကော သောဂန္ဓိကော မုတ္တာ သင်္ခေါ အဥ္ဇနမူလော ရဇာပဋ္ဋော အမတံသကော ပိယကော ဗြာဟ္မဏိစာတိ စတုဝီသတိ မဏိနာမ။ ။ ဝဇိရော၊ စိန်။ မဟာနီလော၊ မြသိုကြီး။ ဣန္ဒနီလော၊ ဣန္ဒနီလာ။ မဟာရင်္ဂေါ၊ မဟာရင်ပတ္တမြား။ ဝေဠုရိယော၊ ဝင်းသဝဏ်။ ပဒုမရာဂေါ၊ ပဒုမ္မာအဆင်းရှိသောပတ္တမြား။ ဖုဿရာဂေါ၊ သခွားဆစ်အဆင်းရှိသောပတ္တမြား။ ဝါ၊ ဥဿဘယား။ ကက္ကေတနော၊ ကက္ကေတနမည်သောပတ္တမြား။ ပုလာကော၊ ပုလာကပတ္တမြား။ ဝိမလော၊ အညစ်အကြေးကင်းသောပတ္တမြား။ လောဟိတင်္ကော၊ ပတ္တမြားနီ။ ဖလိကော၊ ဖလ်။ ပဝါဠော၊ သန္တာ။ ဇောတိရသော၊ ဇော်တရည်။ ဂေါမုတ္တကော၊ ဂေါမုတ်။ ဂေါမေဒကော၊ ဂေါမြိတ်။ သောဂန္ဓိကော၊ ကြသိမ်းအဆင်းရှိသောပတ္တမြား။ မုတ္တာ၊ ပုလဲ။ သင်္ခေါ၊ ခရုသင်း။ အဥ္ဇနမူလော၊

မျက်စဉ်းကျောက်။ ရာဇာပဋ္ဋော၊ အရောင်တလျှက်လျှက်လည်သောပတ္တမြား။ အမတံသြကော၊ အမြိုက်သုတ်။ ပိယကော၊ ပယင်း။ ဗြာဟ္မဏီစ၊ ကြီးသောပတ္တမြား။ က္လတိ–က္လမေစတုဝီသတိ၊ ဤနှစ်ဆယ့်လေးပါးတို့သည်။ မဏိနာမ၊ ပတ္တမြား မည်ကုန်၏ဟူ၍ မျက်မဏိကျောက်နှစ်ဆယ်လေးပါးလာသည်။

ထိုကျောက်သလင်းသည် အကြီးအကျယ်ချောမော ပြေပြစ်သည်။ အထူးထူးသော တိုင်းကြီးပြည်ကြီးတို့၌ မထင်မရှိ၊ မြန်မာနိုင်ငံတော်တွင်သာ မြင်းမိုရ်စကြာဝဠာနှင့် တပြိုင်တည်းပေါ်ထွန်းသော ကျောက်သလင်းပတ္တမြား အတိပြီးသော စကျင်တောင်တော်တွင်ရှိ သည်။ ရှေးရှေးသောမင်းတို့ ဘုရားဂူကျောင်း၌ ကျောက်စာ ထိုးမှတ်လှူဒါန်းသော ကျောက်သည် ပါသာဏကျောက်မျိုးဖြစ်၍ အရှည်မတည် အထက်ရည်ရွယ်တော်မူတိုင်းတည်အောင် သလင်းကျောက်ဖြင့် ထုလုပ်ရေးသား ကိုးကွယ်တော်မူ မည်ရည်ရွယ်၍ ပုပ္ပါးစောရဖာန်းဖြိုင်ကြွင်းသက္ကရာဇ် ငါးရာကျော် သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်းလက်ထက် ရဟန္တာအရှင်မြတ်တို့ ပေထက်အက္ခရာတင်သည်ကကို ယခုတိုင်ပိဋကတ်တော်ကို ကျောက်ဖြင့် ရေးသားထုသည်မရှိ။ ငါအသျှင်ကေရာဇ်မင်း မြတ်ကုသိုလ်တော်ပွား ရေးသားကိုးကွယ်ရမည့်ကို နတ်တို့ သိ၍ ဘီတားလေယောင်ဟု ဝမ်းမြောက်တော်မူသဖြင့် အထက်ပိဋကတ်ကို သုတ်သင်တည်းဖြတ်သော တိပိဋကဓရ သီလဝိသုဒ္ဓိ ဒက္ခိဏေယျနွယ်စည် ဓမ္မဥ္စရ ဓမ္မရုစိ ရွှန်းရွှန်းငြိသော “ဇာဂရာဘိဝံသတိပိဋကဓရမဟာဓမ္မရာဇာဓိရာဇဂုရု၊ သုမင်္ဂလသာမိသီရိပဝရမဏိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု၊ နရိန္ဒာဘိသီရိ သဒ္ဓမ္မဇောတိပါလဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု” တံဆိပ်တော်ရသောဆရာတော်သုံးပါးတို့ ပုဒ်ပါဠ်အက္ခရာ ကျောက်စာ အရေးအသား မချွတ်မယွင်းစေရအောင် သန့်ရှင်းပြင်ဆင်ပြီးပြေသည်ကို ခန်းပတ်မြို့စားဝန်ကြီး မင်းကြီးသီရိမဟာဥဇနာ၊ ယောမြို့စား မင်းကြီးမင်းလှ မဟာစည်သူ၊ ခင်မမင်းဝန် မိုင်းနိုင်းမြို့စား မဟာသီရိဇေယျသူ သံတော်ဆင့် နေမျိုး ရာဇစည်သူ အမိန့်တော်ရေး မင်းထင်ဇေယျသူ အသုံးစာရေး နေမျိုးသီရိကျော်သူ တို့ကို မှူးကြီးကြပ်မစေ၍ ဝိနည်းငါးကျမ်းပါဠိတော် ကျောက်ချပ်ရေ တရာ တစ်ဆယ့်တစ်၊ အဘိဓမ္မာခုနစ်ကျမ်းပါဠိတော် ကျောက်ချပ်ရေ နှစ်ရာ့ရှစ်၊ နိကာယ် ငါးကျမ်း သုတ်ပါဠိတော် ကျောက်ချပ်ရေ လေးရာတဆယ် ပေါင်းကျောက်ချပ်ရေ ခုနစ်ရာနှစ်ဆယ့်ကိုး (၇၂၉)ထုလုပ် ရေးသားရှိသည်ကို မြို့တော်, ကျုံးတော်, စေတီတော်, သိမ်တော်, ကျောင်းတော်, ပိဋကတ်တိုက်တော်,

သုဓမ္မာဇရပ်တော်–ဟူသော ခုနစ်ဌာနအဝင် မဟာလောကမာရဇိန် စေတီတော် ပဌမမဟာရံအတွင်း ဂူပြသာဒ်လုံးရေ လေးဆယ့်နှစ်၊ ဒုတိယမဟာရံအတွင်း ဂူပြသာဒ်လုံးရေ တရာခြောက်ဆယ်ရှစ်၊ တတိယမဟာရံအတွင်း ဂူပြသာဒ် ငါးရာတဆယ့်ကိုးတို့၌ အစဉ်အတိုင်း ပိဋကတ်ကျောက်စာတော်တို့ကို သွင်းထား စိုက်ထူ ကိုးကွယ်တော်မူသော အဗ္ဗုတပုဗ္ဗ အစ္ဆရိယ အဟောဝတဖြစ်သော ခြီးမွမ်း အံ့အဲ၍ မကုန်နိုင်သော ကျောက်စာစေတီတော် ခုနစ်ရာနှစ်ဆယ့်ကိုးကို ကမ္ဘာဉ်မြေ မကြေမခြင်း ဌာဝရ အခွန့်ရှည်စွာ တည်စိမ့်ငှါ ဤကျောက်စာသံပိုင်းကို ထိုးစေရ သတည်း။

မင်္ဂလာဗဟိုရ် လေးရောင်စိုးသား မြင်းမိုရ်လက်ယာ စက္ကဝါတပိုင်း မြမြှိုင်း သည် ပြန့်တိုင်းထွတ်ထိပ် တမ္ဗဒိပ်ထက် ဂီရိဗ္ဗဇ နဂရသို့ ထွန်းပဆယ်ဖြာ ရတနာလျှင် ထပ်ခါဖြိုးဝေ မိုးနှယ်စွေ၍ ကြက်သရေပွားရာ ထင်ရှားစွာသိ ရတနာပုံ ရိပ်မြုံရွှေပြည် ထောင်ဦးတည်သား ဇာနည်ဓမ္မရာဇ် ဘုန်းသစ်တက်ပွား တို့ဘုရားလျှင် ငါးပါးထင်ပေါ် အမြင်တော်ဖြင့် သုံးဘော်လုံးနတ် ဟောခဲ့မှတ်သည် ပိဋကတ်သုံးဆူ ပန်းမဥ္ဇူလျှင် နတ်လူပြဟ္မာ သတ္တဝါအား ဂန္ဓာကြိုင်ရွှန်း မြိုက်ရည်မန်းလျက် ကုန်ကျွန်းကမ္ဘာ မြင့်ကြာအဟို တည်စေလို၍ ကြည်ညိုပတ္တနာ နန်းစည်စာကို နာရကာရောင်ချက် ရွှေပြားထပ်ဝယ် ရွှေအက္ခရာဆင့်တန်းဆာဖြင့် မဟာမင်းလှသကြံ ရွှေခွန်းခံသား နတ်ထံကာဝိ မတ်ပဏ္ဍိလျှင် ကြားသိဟုတ်တိုင်း ခြီးဝုံလှိုင်းသည် သံပိုင်းရွှေစာ မော်ကွန်း တည်း။

မန္တလေးမြို့တော်ကြီးသမိုင်းနှင့် မဟာလောကမာရဇိန်စေတီတော်ကြီး၏ အတ္ထုပ္ပတ္တိကို ပြောနေသည့် ၁၂၅၄–ခုနှစ်က ထုတ်ဝေခဲ့သည့် နိဗ္ဗာနကထာ ကျူးရင့် စာကို ဆက်လက်ဖတ်ရှုရာ၏။

■ ■ ■

## နိဒါန်း

စစ်မြို့[၁] မြေတိုင်းစာရေးကြီး ဦးအောင်ပန်းနှင့် အရပ်နေလူကြီးပေါင်း ၃၀– ကျော်တို့ နှိုးဆော်တိုက်တွန်းပါသည်။ ဆရာစာရေးတော်ကြီးမင်း။ ။

---

၁။ စစ်ကိုင်းမြို့ ဖြစ်ဖွယ်ရာ ရှိသည်။

အရုပ်ရုပ်ဘုရားကြော်ငြာစာများမှာ စက္ကူတစ်ရွက်တချပ်မျှသာများ၍ ပျောက်လွင့်ပျက်ပြားများလေသည်။ ဆရာရေးသားသော မဟာလောက မာရဇိန်စေတီတော်အဋ္ဌုပ္ပတ္တိမှာ သံပိုင်းကျမ်းစာ တဆောင်ဖြစ်ပေသည်။ ၎င်းကျမ်း အစမှာ အန္တရာယ်ပျောက်ပကြောင်း။ ကျမ်းပြီးကြောင်း။ နမောတဿ ပဏာမချီ။ သာသနာတော် ငါးထောင်တည်ကြောင်း။ သိကြားစောင့်ကြောင်း။ ဇယတု။ ဂိုဏ်းက္လဌချီ။ ဘုန်းပွားကြောင်း။ လာဘ်များကြောင်း သခ်ျေလေးလီ။ မဂိုဏ်းက္လဌချီ။ သခ်ျေ၍။ သင်ဝဏ္ဏကို။ ဗုဒ္ဓ၊ ရာဇ၊ ဟူညွှန်ပြသော ဝံသက္ခရချီ။ စသော သဒ္ဒတ္တနည်း။ ဆန်းနည်း။ အလင်္ကာနည်း။ အသတ်အစပ်ကာရန်။ အမှန်အကန်။ စပ်နည်းဆိုနည်း။ ထီးသုံးနန်းသုံး။ အယဉ်အကျေး။ အခေါ်အဝေါ်နည်းမှစ၍ လောကဝမ္ဘ အနှစ်အဆီ ပြည့်ဝ ပညာဗဟုသုတ မှတ်ရသားရနည်းယူရသော အလင်္ကာသာရကြီးဖြစ်ပေ သည်။ သို့ရာတွင်၊ ပဌမစာအုပ်ကို။ ကြည့်ညှိရကာမျှ မရောင့်ရဲကြသည်လည်း တကြောင်း။

ကြည့်ရှုကြားမြင်သမျှ သူတော်ကောင်းအပေါင်းတို့သည်။ စေတီတော် ပိဋကတ်တော်တို့ကို တက်ပွားကြည်ညို ပူဇော်စေလိုသည်တကြောင်းများကြောင့် ပဌမစာအုပ် အကျဉ်းစကားကို ထပ်ပွားချဲ့ထွင်၍ ဒုတိယစာအုပ် ချီးမြှင့်ရေးသား တော်မူပါ ဆရာစာရေးတော်ကြီးမင်း။

■ ■ ■

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဇယတု။ ။ သခ်ျေလေးထပ်ညီတွင်။ ဌာယီဝိဝ လက်မွန်စဥ်၌ မြသားဗုဒ္ဓဟော ရွှေညောင်ညွှန့်ရှင် ပလ္လင်ဝဇီရာ အပရာဇိတ ဌာနအင္ဂ ဘူသိခရာဇ် မြေသကျံစ်ထက် ရှစ်ချပ်ပရိက္ခရာ ဥသံပါလျက် ရွှေကြာပဒုံ ရှစ်စုံငါးပွင့် စွင့်ရာရွှင့်ကို ဘုံမြင့်မိုးသူ နိမိတ်ယူ၍ ငါးဆူပွင့်ရာ သမိုက်သာသည် ဤမှာဘဒ္ဒက ကပ်ဦးစက မဟာသမတ မ်င်း ထွန်းလင်းတောဇိန် သမ္ဘိန်နေလာ ဥက္ကာကရာဇ် ထွန်းသစ်သကျ ပဝရရာဇာ မဟာဗောဓိသတ် လောင်းသိဒ္ဓတ်မှ မပြတ်နွယ်ပေါင်း အလောင်းဘုန်းခေါင် ကုန်းဘောင်ဝံသ ဒသမရဝိ ရဲရဲငြိသော ပါရမီသခင် ပဉ္စမသင်္ဂါယနာတင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရားသည် များစွာသော ကပ်ကမ္ဘာကာလတို့က ပါရမီဒဗ္ဗ

သမ္မာရတို့ကြောင့် ရာဇိန္ဒတုလွတ် အထွတ်သနင်း မြတ်သောမင်းအဖြစ်သို့ ရောက်တော်မူလျှင် အမြင်ငါးတန် စိန္တသုတ ဘာဝနာမယဉ္စေဥာဏ်တော်တို့ဖြင့် ဝေဘန်ဆင်ခြင်တော်မူသည်မှာ တာဝတိန်သာ မဟာသုဒဿန သိကြားစံရာ ပမာ ကပြေး မန္တလေးစွန်း တောင်ဝန်းလက်ယာ ရတနာပုံ မဟာရာဇဗ္ဗာနီ မင်းနေပြည် ကြီးကို လက်မွန်တည်ထောင်ဘန်ဆင်းရခြင်း ကနက္ကဒဏ် သူရိယ ပဒုမ သမုတိ ဟူသော လက်ဝဲထီးဖြူတော်လေးစင်း ကမ္ဗု စန္ဒ ကုမုဒ ဝိသကြဲဟူသော လက်ယာထီးဖြူတော်လေးစင်း နုဗဒဏ္ဍ မနောဟရ အာတပတြ ဝိဇယပတြ အမည်လေးပါး အပြားထီးဖြူတော်ရှစ်စင်းတို့ကို ခင်းကျင်းစိုက်ဆောက်တော်မူလျက် နဝရတ်ဥကင် သီဟာသနရာဇပလ္လင်ထက် ဘုရင်ရာဇူတို့ဓိပတိ "သီရိပဝရဝိဇယာနန္တ ယသပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ" တံဆိပ်နာမံတော်ခံ၍ "သီရိပဝရ မဟာရာဇိန္ဒာ ဓိပတိရတနာဒေဝီ"တံဆိပ်နာမံတော်ခံသော တောင်ဆောင်တော် မိဖုရားကြီးနှင့်တကွ မင်းသာမန်တို့ခံဝန်ခြင်း မဝံ့ရဲသော ရာဇာဘိသေက မုဒ္ဓါဘိသေကကို နှစ်ကြိမ်မြောက် ခံတော်မူရခြင်း နန်းမတော်တောင်မိဖုရားကြီး အမှူးရှိသော မိဖုရားကြီးပေါင်း သားတော်သမီးတော် ဆွေတော်မျိုးတော် မှူးတော်မတ်တော်အပေါင်း သောင်းသောင်းရံခလျက် ဒေဝိန္ဒြ သိကြား ဗွေအိမ် စည်းစိမ်တသွန် အလွန်အကြူး စည်းစိမ်တော်ထူးကို ခံစံရခြင်းများသည် ရတနာသုံးပါး၏ အဆုံးအမကိုခံ၍ သံသရာဘဝဘဝတို့က ပူဇာမာန ဒါနသီလ ဘာဝနာတို့ကို လေ့လာဆည်းဘူးခဲ့သော ဘုရားကျေးဇူး တရားကျေးဇူး သံဃာကျေးဇူးတို့ကြောင့် ချီးမွမ်းအံမူး၍ မကုန်မဆုံး နိုင်သော မဟာသမ္မတ ဝရမန္ဓာတု သုဒဿန ကုသ နေမိ စသော ဘုရားအလောင်း မင်းကောင်းမင်းမြတ်တို့ကဲ့သို့ မြတ်သော ဤမင်းစည်းစိမ်တော်ထူးကို ရပေသည် တကား။

ဤကဲ့သို့ လွန်ကဲထူးမြတ်သော စည်းစိမ်တော်ကြီးများကို ခံစားစံစားတော် မူစဉ် ပညာပသာဒ နှစ်ဝစက္ခု ကြည့်ရှုအာရုံ တလုံလဲလဲ သံဝေစွဲလျက် နှိုက်နှဲဆင်ခြင် တော်မူပြန်ရာ လောကီရတနာ ချမ်းသာရိပ်ငြိမ် ဤစည်းစိမ်ကား တိမ်တခဲနက် မငြိမ်ရတ်ရက် ကြည့်တွင်ပျက်သို့ မျက်လှည့်၏သည် တမည့်မျှသာ တသက်လျှာပင် ပဋ္ဌာဝေရ နိုပ်နှံကမူ တခဏခြင်း ကြွင်းမဲ့ဆုံးကြီး ပြုံးတီးယွမ်းယို လူကိုကံထား သွား၏လည်းကောင်း။ ကံဟောင်းဖန်လာ ဤခန္ဓာကို မရဏာစောရဲ သေမင်းမဲ၍ ဖမ်းဆွဲကြည်းငင် လိုက်ရကျင်မူ လူလျှင်ကတ္တား သွား၏လည်းကောင်း အကြောင်း

နှစ်ပါး ကံကတ္တားကို ပတ္တမြားမြက်ရှင် လက်တော်ဝယ် တင်သကဲ့သို့ ထင်ထင်ကြီး မြင်တွေ့တော်မူ၍ ငြီးငွေ့ထိတ်လန့်ခြင်း ပြင်းစွာဖြစ်လတ်ရကား ထိုကံကတ္တားနှစ်ပါးမရှိ ဝိပရိကင်းရာ သစ္စာလေးဆင့် ပွင့်အံ့ရည်ဖော သံဗောဓိမှန် သဗ္ဗညုတ်ကို ဆင်ပန် တော်မူ၍ နိဗ္ဗူရွှေနန်း အမတတိုင်းခန်းကို သိမ်းမြန်းတော်မူရခြင်းအကျိုးငှါ မဇ္ဈိမဒေသမှ ဆက်လာရသော "အပရာဇိတပလ္လင်တော်ရာမြေ, မဟာဗောဓိဒက္ခိဏာ သာခါရုပ်ပွားတော်, သီဟိုဠ်ကျွန်းမှ ဆက်လာရသော အရဟာဝတီမြေ, ရတနာ ဆင်းတုတော်, သီဟဠဗောဓိဒက္ခိဏာသာခါရုပ်ပွားတော်, မြတ်စွာဘုရားလက်ဝဲ အောက်စွယ်တော်, ပုလဲအဆင်း ရွှေအဆင်း မုလေးပန်းအဆင်းရှိသော ဘိုးလောင်း တော် ဘေးလောင်းတော် မင်းအဆက်ဆက် ရွှေနန်းတော်ထက် ကိုးကွယ်တော်မူ သော ကွမ်းစားပမာဏသရီရဓာတ်တော်, အရပ်ရပ်မြို့ရွာနိုင်ငံတို့မှ ဆက်ပို့လာရသော သရီရဓာတ်တော်များနှင့် ဘုရားအလျာ။ သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံတော်မူတတ်။ သိဒ္ဓတ္ထမင်းသား မီးရှူးဘွား တော်မူသည်ကစ၍ ဘုရားဖြစ်တော်မူသောနေ့ ဗောဓိ မဏ္ဍိုင်သို့ ဝင်တော်မူသည်တိုင်အောင် အခန်းခန်းသော ဗုဒ္ဓဝင်အဖြစ်တော်ပုံအဟန် ဝဇိရာသန ပလ္လင်တော်ထက် ထက်ဝယ်ဖွဲ့ခွေနေတော်မူဟန် ရှေးဦးမဆွ အနေက ဇာတိသံသာရံ စသော ပဋိစ္စသမုပ္ပါဒ တရားဦးဖြင့်။ ဥဒါန်းကျူးတော်မူဟန် သတ္တ ဌာန်၌ သီတင်းသုံးတော်မူဟန် လေးဆဲ့ငါးဝါ ဝါဆိုတော်မူဟန် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်စံတော်မူဟန် တေဇောဓာတ်လောင်တော်မူဟန် ဒေါနပုဏ္ဏား ဓာတ်တော် ဝေဘန်ဟန် ငါးရာ့ငါးဆယ် ဇာတ်တော်အဖြစ်ဟန် သေတကေတုနတ်သား အဖြစ်မှသည် သာသနာတော် (၅၀၀၀) ကာလ ဓာတုပရိနိဗ္ဗာနတိုင် အထူးထူးသော ပုံသဏ္ဍာန် အဟန်များကို ဌာပနာသွင်းထားတော်မူ၍ ပုရိန္ဒ သိကြားစံရာ မြင့်မိုရ်ထိပ်ချာ ဝတီသာမြို့ကြီး၏ အရှေ့မြောက်အရပ်မျက်နှာ စူဠမုနိဆံတော် စေတီရာပမာ။ ရတနာပုံ ရွှေပြည်တော်ကြီး၏ သေန်ရပ်သာ မန္တလေးရွှေတောင် ဂီရိ၏သိခိဖေယလက္ခဏာ ဦးစွန်းအောင်မြေရပ်အဂ်ါတွင် မည်သည့်ကမ္ဘာ မည်သည့် ဘုရားသာသနာ၌ မည်သည့်မင်းလက်ထက်အခါကမှ ဒိဋ္ဌအားဖြင့်လည်းကောင်း။ လောကီလောကုတ္တရာ ကျမ်းစာသုတအားဖြင့်လည်းကောင်း မကြားစဘူး မမြင်စဘူး မတွေ့စဘူး မကြုံစဘူး ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရား ရွှေဉာဏ် တော်ထူးဖြင့် ကမ္ဘာအသခေျကုန်ကြူးသည်တိုင် ချီးကျူးအံ့သြပြောပ၍ ဥဒါန်းမကုန် မဆုံးနိုင်သော ပိဋကတ်သုံးပုံ သေလက္ခရာဘုရား (၈၄၀၀၀) ဓမ္မခန္ဓာတို့ကို ကိန်းဝပ်ရာ ဓမ္မစေတီ ဂူတော်တို့နှင့်တကွ ဇင်္ကာတိုင်းသုံးထပ်တို့အကြား တည်ထားတန်ဆာဆင်

တော်မူအပ်သော။ အနန္တစကြာဝဠာ လူရှာလောကဓာတ် နတ်ဆကာမာ ဗြဟ္မာ ၂၀ အထက် ဘဝဂ်ထုတ်ချင်း စုန်ဆင်းမိုးမြေ ပတ်ပတ်နှောက်မွှေလျက် ရှာဘွေစူးစမ်း ငြားသော်လည်း အပွါးတဆူမထင် ရေးနှောင်းခုပင် နှုန်းစံအသွင် မမြင်မတွေ့ နိုင်သော။

သက္ကရာဇ် ၁၂၂၁–ခုနှစ်။ ကဆုန်လပြည့်ကျော် ၆–ရက်နေ့။ ညဥ့် ၃–ချက်တီးကျော် ၅–ရက်။ တနင်္လာနေ့အဝင် ၄–နာရီ ၂–ပါဒ်။ သိုက်ဗျာဒိတ်မြတ် ကိန်းဓာတ်ထာဝရ ဇေယမင်္ဂလာ အောင်သိဒ္ဓိအခါတွင် အကာပရိတ်တော်ကြီးသံ မန္တာန်တော်ကြီးသံ အမြောက်မီးဖောက်တော်ကြီးသံ ကြေးသံ တပိုးသံ စည်ကြီးသံ စည်ပုတ်သံ ဒုန်းမင်းသံ ခရုသင်းသံ ခွက်ခွင်းသံစသော အထူးထူးသော တီးသံမျိုး မှုတ်သံမျိုးတို့ဖြင့် မြေမိုးသံရှင် ပွဲတင်ကောင်းခြီး ဟီးဟီးကျုံကျုံ ဆူညံရိုက်မွန်းစေလျက် တပြိုင်ချင်း ရွှေပန္နက်မှတ်တော်မူသော မြို့ကျုံးစေတီယာ သိမ်ကျောင်းသုဓမ္မာ ရွှေစာပိဋကတ်တိုက်ဟူသော ခုနှစ်ဌာနအဝင်အပါ မြေမှပေါက်လာ နာယကာ ရောင်ညီး ရွှေတောင်ကြီးကို နတ်ထီးပန်းပု သိကြားထုသကဲ့သို့ အတုလထူပထူပါ ဤမဟာလောကမာရဇိန် စေတီတော်ကြီးကို မြှောက်ချီးတည်ထားတော်မူခြင်း။

မဟာသကျမာရဇိန် ကျောက်တော်ကြီး ကိုယ်စားတော် ဝတ်လဲရုပ်ပွားတော် ဗောဓိဆင်းတုတော် စသော အတိုင်းမသိသောပုထိုးစေတီ သရီစည်းခံဘုရားတို့ကို တည်ထားတော်မူခြင်း။ နိုင်ငံတော်ရှိ စေတီရုပ်ပွား ဟောင်းနွမ်းပျက်ပြားသရွေ့ကိုလည်း ပြုကတော့ ကောင်းမွန်သစ်လွင်အောင် ပြင်ဆင်တော်မူခြင်း။ ရွှေပန်းခိုင် ငွေပန်းခိုင် စိန်ပန်းခိုင် မြပန်းခိုင် ပတ္တမြားပန်းခိုင်။ ရွှေတန်ဆောင်တိုင် ငွေတန်ဆောင်တိုင် စိန်တန်ဆောင်တိုင် မြတန်ဆောင်တိုင် ပတ္တမြားတန်ဆောင်တိုင်။ ရွှေတံခွန် ငွေတံခွန် စိန်တံခွန် မြတံခွန်စသော အဘိုးအနဂ္ဃ အတင်အလှူတော်များကို မဟာဗောဓိပင် တော်ရောက် ချီးမြှောက်တင်လှူတော်မူခြင်း မဟာဗောဓိဒက္ခိဏာသာခါ တောင်ကိုင်း ကို စိမ်းရှင်သောအတိုင်း ဖြတ်ပိုင်းဆောင်ယူတော်မူ၍ သီဟိုဠ်ကျွန်း ဒေဝါနံပိယတိဿ မင်းကြီးတမူ မဟာဗောဓိမျိုး စိုက်ပျိုးကိုးကွယ်တော်မူခြင်း။ အချင်းကိုးတောင်နှစ်မိုက်။ အရပ်တဆဲ့ငါးတောင်ရှိ မဏိဇောတိရသ် ကျောက်မြတ်သဘွယ် နဝရတ်ကိုးသွယ် ဆန်းကြယ်စီမံ အလှုံ့ညီးညီး တောက်ပြုံးဖိတ်စီး ဇမ္ဗူရာဇ်ရွှေစင် ထီးတော်ကြီးဖြင့် ဒဂုမ်စေတီတော်ကြီးတွင် မိုးနီးစွင့်စွင့် မြှောက်မြင့်တင်လှူတော်မူခြင်း။

“ဥဿျဓမ္မာလင်္ကာရစသော ပဌမ။ ဥဿျဓမ္မာဘိဝံသစသော ဒုတိယ။ ဥဿျဓမ္မာဘိ မုနိပဝရ ဉာဏာကိတ္တိသီရိသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု” တတိယတံဆိပ် နာမံတော်သုံးတန် အလှူတော်ခံရသော သာသနာပိုင်ဆရာတော် ဘုရားကြီးအမှူးရှိသော သုဓမ္မာသာသနာပြုဆရာတော်၊ တံဆိပ်တော်ရ,မရ ဆရာတော်သံဃာတော် ၂၄၀၀-ကျော်တို့ကို ရွှေနန်းတော် ဦးကင်း ရာဇပလ္လင်တော်ရှေ့။ မြေနန်းတော်ထက် စည်းဝေးစေ၍ နေ့စဉ်မပြတ် ဝိနည်းပိဋကတ်တော်ကို အစပြုသဖြင့် အပေါင်းအစု ရွတ်ဖတ်ခြင်းဟူသော ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာကို။

ကောဇာသက္ကရာဇ် ၁၂၃၃-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁-ရက်၊ နှစ်ဆန်း ၁-ရက် စနေနေ့ကစ၍ ရွတ်ပြန်သဇ္ဈာယ်တော်မူကြရာ ၄င်းကောဇာနှစ် တော်သလင်းလပြည့်ကျော် ၁၄-ရက် အင်္ဂါနေ့ အပြီးအဆုံးသို့ ရောက်ကြသဖြင့် ခြောက်လတိုင်တိုင် ပဥ္စမသင်္ဂါယနာ တင်တော်မူခြင်း သုတ္တန်, ဝိနည်း, အဘိဓမ္မာ ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာကို ပါဠိအက္ခရာ သဒ္ဒါဝါကျ ဆန်းဂိုဏ်းဒေါသ သဝေပိုဒ်မ နိဂ္ဂဟိတ်မှစ၍ မချွတ်မယွင်းစေရ နေရာကျ သေချာမှန်ကန်အောင် အဖန်ဖန်အထပ်ထပ် ကြိုးကြပ်ကြည့်ရှု တည်းဖြတ်ပြင်ဆင်စေပြီးကာလ တိပိဋကအရာ လိမ္မာတတ်ပွန်သော အရာမကသော ပိဋကတ်တော်ရေး ပိဋကတ်တော်သားတို့ကို သိကြားမှုကုန် ဝိသကြုံနတ်မင်းကြီးသဏ္ဍာန်ပုံ နဝရတ်လက်စွပ် ရွှေစလွယ် ရွှေဖောင်းကြက်ရင် ရွှေနားဒေါင်း ရွှေဝတ်လုံ အစုံအစုံ ခြီးမြှင့်ဆင်ရင်စေပြီးလျှင်။ ရွှေစင်သိင်္ဂနိက်စုတ် ရွှေစင်သိင်္ဂနိက်ကညစ်တို့ဖြင့် မင်္ဂလာအခါတော်ဆက် အမြောက်တော်ကြီး ဘောက်ပစ်ချက် မှန်နန်းတော်ဦး တန်ဆောင်းတော်သစ်တွင် ပြေပြစ်ရေးတင်စေ၍ ရွှေရေးပိဋကတ်တော်တစုံ မင်ရေးတစုံ။ ကညစ်ရေး ခြောက်စုံ အဋ္ဌကထာ ဋီကာအနု မဓုလက်သန်း ဂန္ထန္တရ အစုံအစုံ ဥသျှံပိဋကတ်တော် ရှစ်ထပ်များကို ပိဋကတ်တိုက်တော် မဟာအတုလဝေယန် ကျောင်းတော်ကြီးများတွင် ကောင်းမွန်စွာ သွင်းထားကိုးကွယ်တော်မူခြင်း။

ဝိဝဋ္ဋာ ကမ္ဘာကပ်ကြေ မကြေဉဒါန်း စာတန်းမော်ကွန်း တည်ထွန်းပကာတိ ပဥ္စမကပ္ပဋ္ဌိတိ တည်ရှိထင်ရှားရစ်စေခြင်းငှါ ပိဋကတ်တော်ရေးထုံခြင်းအရာ တတ်လိမ္မာသော အရာမကသော ဒေဝဗမာ့ ပန်းတမော့ ယောက်ျားတို့ကို သိကြားဝေယန်ပိုင့်အသွင် နဝရတ်လက်စွပ် ပတ္တမြားတင်ရွှေစလွယ် ရွှေကြယ်ရွှေဗောင်းကြက်ရင်ရွှေနားဒေါင်း ရွှေဝတ်လုံ အစုံအစုံ ချီးမြင့်ဆင်ရင်စေပြီးလျှင် သိင်္ဂနိတ်ရွှေစင်စုတ်ဆောက်သွားတို့ဖြင့် မင်္ဂလာအောင်သံကြား အမြောက်တော်ကြီး ပစ်ဘောက်စေ

လျှက် ရွှေနန်းတော်ကြီးအတွင်း မြေနန်းတော်ရှေ့ ကျောက်ဆတ်တန်ဆောင်းတော်ကြီးမှာ ၂၄ ပါး ပတ္တမြားအပါ သလင်းဘော်သား ကျောက်ဖျာ (၇၂၉) အနက်။ သေလက္ခရာ။ သုတ္တန်ပါဠိတော် ကျောက်ဖျာ (၄၁၀)။ ဝိနည်းပါဠိတော် ကျောက်ဖြာ (၁၁၁)။ အဘိဓမ္မာပါဠိတော် ကျောက်ဖျာ (၂၀၈)များကို ပြတ်သားသေချာစွာ ရေးထုရိုက်ထွင်းစေ၍။ ရွှေမင်ဝင်းဝင်း ထည့်သွင်းတော်မူပြီးလျှင် ဤမဟာလောကမာရဇိန်စေတီတော်ကြီးတွင် ပဌမဇဂ်မဟာရံအတွင်း ဓမ္မစေတီတော်ဂူတော် (၄၂)။ ဒုတိယအတွင်း (၁၆၈)။ တတိယအတွင်း (၅၁၉) ၃ စု (၇၂၉)။ ပဌမ မဟာရံအတွင်း သံပိုင်းဂူတော် (၁) ၄ စုပေါင်း ဂူတော် (၇၃၀)များကို တည်ထား ကိုးကွယ်တော်မူခြင်း။ မဟာအတုလဝေယန်ကျောင်းတော်၊ မဟာဝိသုတာရာမကျောင်းတော်၊ မင်္ဂလာစံကျောင်းတော်စသော အရာမကသော ရွှေကျောင်းတော်ကြီးတို့ကို ဆောက်လုပ် လှူဒါန်းတော်မူခြင်း။

သင်္ခေပအကျဉ်းချုပ်အားဖြင့် ဒါနတရားကိုယ်ခြောက်ပါး။ သရုပ်အပြားအားဖြင့် ဒါနအပြား နှစ်ဆယ်ပါးတို့ကို သာသနာတော်ဝယ် ကြီးကျယ်နိစ္စပတ်နေ့စဉ်မပြတ် လှူဒါန်းတော်မူခြင်း။

သူတော်သီလသည် အိုသူ, နာသူ, အထီးကျန်ဆင်းရဲသူ ကိုးကွယ်ရာမဲ့လူတို့ကို ဆောက်အုံနေအိမ် ချမ်းငြိမ်ရိပ်ရှည် ဥယျာဉ်ရေကန် ပတ်ချန်ဝင်းမြေနှင့်တကွ ဝတ်စားမနွမ်းစေရ ပေးချသနားတော်မူ၍ နေ့စဉ် မွေးမြူပြုစုကုမတော်မူခြင်း။

ရပ်ရှစ်မျက်နှာ လာလာသသူ ရဟန်းရှင်လူ တိရစ္ဆာန်ဟူဟူ ငြီးမူနေနားစားသောက်မိုတင်းလိုသမျှ မဝမင မရှိစေရ လိုတစုံလင်စေခြင်းငှါ ရှစ်ဌာနအရပ်တို့၌ အုတ်ဇရပ်တော်ကြီးရှစ်ဆောင် ဆောက်လုပ်တည်ထား၍ သမားတော် အနှိပ်တော်လက်သည်တော်တို့နှင့်တကွ အချိုအချဉ်စသော အာဟာရ ရသာအမျိုးမျိုး နံ့သာဖီးမှုန် ပန်းမာန်အမျိုးမျိုး ညှော်သည်ခရီးသွား ဆင်းရဲနွမ်းပါး ဝန်ဆောင်မိန်းမတို့အားသားဖွားမြင်စေရန် ကိရိယာစုံ အမျိုးမျိုးစသည်များကို လစဉ်နေ့စဉ်အားဖြင့် ကြီးမားသော အဌဒိသာဒါန ပေးချစွန့်လှူတော်မူခြင်း။

ဝါတွင်းဝါပမဟူ ရွှေပြည်တော်သူ မိန်းမယောက်ျား ဥပုသ်သီတင်းသည်တို့အား ငွေတော်ဒင်္ဂါး တသပြာကျ သတင်းစဉ်ထောက်မ ပေးလှူတော်မူခြင်း။ အလှူခံပုဂ္ဂိုလ် အယုတ်အားဖြင့် ခွေးဝက်ဆိတ်ကြက် ပရွက်စသော သဝိညာဏက

မှန်သမျှတို့ကို လတိုင်းနေ့တိုင်း ထောက်မ ကျွေးမွေးတော်မူခြင်း။ စသော ဤရွှေ ဤမျှဟု ဂဏန်းတွက်ချ၍ မရနိုင်မဆုံး မကုန်နိုင်သော မဟာပုညက္ခန္ဓအစုတို့ကို ပြုစုမွေးမြူ ပေးလှူစွန့်ကြဲတော်မူသတည်း။

မြတ်စွာဘုရား လက်ဝဲအောက်စွယ်တော် မင်းတရားကြီး ရွှေလက်တော်သို့ ရောက်၍ ဤမဟာလောကမာရဇိန်စေတီတော်ကြီးတွင် ဌာပနာတော်မူသော အကြောင်းမှာ မဟာသက္ကရာဇ် ၁၄၈–ခုနှစ်၊ နယုန်လဆန်း ၅–ရက်၊ တနင်္လာနေ့ ရှစ်ပြည်ထောင်မင်းတို့အား သရီရဓာတ်တော်များကို ဒေါနပုဏ္ဏား ဝေသောအခါ လက်ယာအထက်စွယ်တော်မှာ သိကြားမင်း။ ၎င်းအောက်စွယ်တော်မှာ နဂါးမင်း။ လက်ဝဲအထက် စွယ်တော်မှာ ဂန္ဓာလရာဇ်မင်း။ ၎င်းအောက်စွယ်တော်မှာ ကလိင်္ဂရာဇ် မင်းတို့ရ၍ အသီးသီး ပူဇော်ကိုးကွယ်ကြသည်။ နောက်ကလိင်္ဂမင်းလက်ထက်သို့ ရောက်သော် လက်ဝဲအောက်စွယ်တော်ရတနာသည် သာသနာတော် ၈၄၇– နှစ်။ ဒေါဒေါရသာ။ ဖြိုကြွင်းသက္ကရာဇ် ၂၂၅–ခုနှစ်။ 'ဂုဟာသီဝမင်း'လက်ထက်ရောက်လတ်သော် ပုဂံပြည် 'ယဉ်မင်းပိုက်မင်း' နန်းတက်လေးနှစ်။ သီဟိုဠ်ပြည် 'ကိတ္တိသီရိ မေဃဝဏ္ဏမင်း'နန်းတက်နှစ် ကိုးနှစ်နှင့်ဆိုင်ကြ၏။

ယင်းသို့သောအခါ 'ဂုဟာသီဝမင်း'ကို စွယ်တော်ရလိုမှုဖြင့် ပရန္တမင်း စစ်ပြုသည်နှင့် 'ဂုဟာသီဝမင်း' စစ်တွင်းကျဆုံးလေသောကြောင့် 'ဟေမမာလာ'သမီးတော် 'ဒန္တမင်းသား' သမက်တော်တို့သည် စွယ်တော်ကို ဆောင်ယူ၍ ဇမ္ဗူဒိပ်မှ သီဟိုဠ်သို့ ကူးရောက်ကြပြီးလျှင် 'ကိတ္တိသီရိ မေဃဝဏ္ဏမင်း'အား ဆက်သသဖြင့် ဝဋ္ဋဂါမဏိမင်း ကသိုလ်တော် ဓမ္မစက္ကကျောင်းတော်တွင်ထား၍ 'ရာဇသီဟမင်း'တိုင် ထင်ရှား ကိုးကွယ်ရှိကြသည်။ ဘုရားသာသနာတော် ၁၃၄၁။ မြန်မာသက္ကရာဇ် ၁၁၅၉။ ခရာဇ်သက္ကရာဇ် ၁၇၉၇။ လွန်ခဲ့သောနှစ် ၉၅။ 'ဘိုးတော်ဗဒုံမင်း'နန်းစံ ၁၆– နှစ်များနှင့်ဆိုင်သောအခါ။ ရာဇသီဟမင်း ဘုန်းစဲငြိမ်းခြင်းရှိလေသည်။ နောက် သီဟိုဠ်မှာ သာသနာပြု မင်းမဲ့ခြင်းသို့ ရောက်လေရာ။ မဟာဝိဟာရဂိုဏ်း သင်္ဃာတို့သည် လုံခြုံစွာသိုမှီး ထိန်းသိမ်း၍ထားသတည်း။

သာသနာတော် ၂၃၉၆–နှစ်။ သက်တော် ၃၈–နှစ်။ သက္ကရာဇ် ၁၂၁၄၊ တပေါင်းလဆန်း ၁၁–ရက်၊ ကြာသာပတေးနေ့။ မင်းအဖြစ်သို့ ရောက်တော်မူသော ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရား သက်တော် ၄၅–နှစ်။ သက္ကရာဇ် ၁၂၂၁– ခုနှစ် ရောက်လတ်သောအခါ စွယ်တော်မြတ်၏ ဒါယကာခံစိမ့်သော၄ါ သိကြားစတု

လောကပါလ သာသနာတော်စောင့် သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့ မပြတ်တိုက်တွန်း လှုံ့ဆော်လတ်ရကား။

သီဟိုဠ်ကျွန်းသားတို့၌ ၅-ပါးသော တိတ်ကြီး နိမိတ်ကြီးတို့သည် ထင်လတ်ကုန်၏။

(၁) ထင်လတ်သည်ကား ဘုရားစွယ်တော်ခေတ်မှ နီလ, ပီတ, အညို, အဖွေး စသော ရောင်ခြည်တော်ခြောက်သွယ်တို့သည် မိုးလယ်ကောင်းကင်သို့ ထိန်းလုလင်ခုနှစ်ဆင့်မျှ တက်တော်မူပြီးမှ မန္တလေးရတနာပုံ ပြည်တော်ရှိရာ အရှေ့မျက်နှာ ပတ်ပါတူရူ ဈာန်ကြွတော်မူသည်ကို ရှင်လူအများ မျက်ဝါးထင်ထင် ဖူးမြင်ကြရသည်လည်းတစ်ပါး။

(၂) ၄င်းဖူးမြင်ကြရသောည ပစ္ဆိမယာမ်တွင် ရှင်ဓမ္မက္ခန္ဓ၊ ရှင်ဝဏ္ဏရတန၊ ရှင်မေဓာသာရ မဟာထေရ်သုံးပါးတို့သည် စွယ်တော်ထားသော ဓမ္မစက္ကဒါဌာဃရ ကျောင်းတော် ရင်ပြင်တော်ရှေ့ မနီးမဝေး စဉ်းငယ်အိပ်မြေး မျောက်မျည်းစဉ်ခဏ ငါဗုဒ္ဓမား နတ္ထွားညက်မွတ် အသားမြတ်ကို ရက်ရက်ဖြတ်လှူ သီတဂူကြန့်ညီ စန္ဒမုနိ နတ်ယက္ခိသည်။ ဤမြေမျက်နှာ မန်းလက်ယာ၌ သာသနာနှစ် တွက်စစ်သချာ ၂၄၀၀ ရောက်သောအခါလျှင် ရတနာပုံပြည်ကြီး တည်လတ့် ချီးအံ့ရာဇဌာန် အာနန်ညီအား ဗျာဒိတ်ကြားတိုင်း တိုင်းကားပြည်ကြီး တည်လေပြီ။ ဤပြည်ဓမ္မရာ ငါတကာ၏ များစွာသော ပူဇော်သက္ကာရကိုခံလိုသည် ကိုယ်တော်တိုင် ခေါင်းရင်းပါး က မားမားရပ်၍ တပ်တပ်အမိန့်တော်ရှိသည်။ သုံးပါးလုံးတချက်တည်း အိပ်မက်မြင်ကြသည်လည်းတစ်ပါး။

(၃) သက်တော်ထင်ရှားရှိသော ဘုရားကိုယ်တော်သည် ရေမီးအစုံအစုံ တံခိုးပြတော်မူလျက် ကောင်းကင်ထက်ဝယ် လက်ဝဲလက်ယာ သဃာတော် ၅၀၀ နှင့် လင်္ကာဒီပသီဟိုဠ်ကျွန်းမှ မန္တလေး ရွှေတောင်ဝန်းသို့ ဈာန်ယွန်းဖြန့် ကြွတော်မူသည်။ အိပ်မက်မြင်သည်လည်းတစ်ပါး။

(၄) ဘုရားရှေ့တော် ၁၂-တောင်ခန့်က အရဏဝတီမြေတော် ရတနာဆင်းတုတော် ဒက္ခိဏာသာခါရုပ်ပွားတော် ခေတ်တော်ကျောင်းတော် သိမ်တော်များနှင့်တကွ ဒုမရာဇာ မဟာဗောဓိပင်သည် ကောင်းကင်လုံး ပြိုးပြိုးပျက်။ ရောင်ခြည်တော်လွှတ်ပြလျက် ကြွသွားတော်မူလေသည် အိပ်မက်မြင်ကြသည်လည်းတစ်ပါး။

(၅) သီဟိုဠ်သင်္ဃာအများ ကွဲပြားဖြစ်ပွားကြသော အဓိကရုဏ်းဝိဝါဒကို အဆုံးအဖြတ်ခံလာကြမည်။ ကြံစည်ညီညွှတ်ကြသည်လည်းတစ်ပါး။

ဤ ငါးပါးသော တိတ်ကြီးနိမိတ်ကြီးတို့သည် ဖြစ်လေကုန်၏။ ထိုနိမိတ်ကြီး ငါးပါး ထင်ရှားဖြစ်သောအကြောင်း စွယ်တော်ဓာတ်ရတနာကို ဗျာဒိတ်သိုက်ဝင် မန္တလေးရတနာပုံ မြို့တည်မင်းမြတ်သို့ ပို့ရောက်ဆက်သရလျှင် စွယ်တော် ရှင်သည် ထင်ပေါ်တံခိုး မြေမိုးနှံ့သိ ကိုးကွယ်ရာဖြစ်ဘိမည် မဟာထေရ်တို့ ကြံရည်နိုင်း ညှိ သဘောတူညီ ရှိကြပါကြောင်းများနှင့် မင်းတရားကြီးဘုရားထံ စာဆက်သွင်းအို့ ရောက်ရှိသည့်အတိုင်း ၎င်းသီဟိုဠ်ကဏ္ဍတိတ္ထမြို့က စာပို့ဆက်သွင်းလာရင်းသူ ရဟန်း တော်ရှင်ဓမ္မက္ခန္ဓ ရှင်ဝဏ္ဏရတနတို့နှင့်အတူ ဆောင်တော်မြဲ မောင်ကြီး ဥပုသ်တော် မောင်မွှေး မောင်အောင်ထွန်းတို့ကို စွယ်တော်ပင့်အကြီးအမှူး အတွင်းဝန် ရေနံ့ချောင်း မြို့စားမင်း ဝန်ထောက်တော် ဘောင်ဝန်မြို့သစ် မြို့စားမင်းတို့ကို စွယ်တော်ကြို အကြီးအမှူးခန့်ရန် စေလွှတ်တော်မူပြီးသောအခါ အောက်မြစ်စဉ် ကျေးရွာ မြို့ဝန် စစ်ကဲအရာရှိ မြို့ရှင်ရွာရှင်တို့ကို အသီးအသီး စွယ်တော်ကွန်းထောက် တန်ဆောင်ကြီး ဆောက်လုပ်စေ၍ ရေလျှင်ရေဝတီ စီစီကျျက်ကျျက် အုတ်ကျက်လိုက်ဆူ ပင့်ဆောင် ကြိုယူ ပူဇော်ကြည်ညိုစေပြီးမှ ရှမ်းကလေးကျွန်း တန်ဆောင်းတော်မှသည် စွယ်တော် မြတ်မှာ ရတနာရွှေပန်းတောင်းနှင့် ဓာတ်တော်များမှာ မြတပ်ကွမ်းခွက်တော်နှင့် ရတနာထမ်းစင်ထက် ဆရာတော်ကြီးဦးစန္ဒိမာ ပိုက်ပွေ့စေလျက် စိန်ဆင်းတုတော် စသည်များမှာ ရတနာဝေါတော်ထက် ဆရာတော်ကြီး ဦးကျန်ပိုက်ပွေ့စေလျက် ပင့်ဆောင်စေပြီးလျှင် ဘဝသျှင်မင်းတရားကြီးဘုရားကိုယ် တော်တိုင် ခမ်းနားကြီး ကျယ်စွာ ကြိုယူပင့်ဆောင်တော်မူ၍ ၄င်းနှစ် နယုန်လဆန်း ၁၄–ရက်နေ့ ရွှေပြည် တော်သို့ ရောက်သတည်း[၁] ။

ရွှေပြည်တော်သို့ရောက်လျှင် ဘဝသျှင်မင်းတရားကြီးဘုရား အသျှင်နန်းမ တော်မိဖုရားခေါင်ကြီးဘုရား ဘုရားညီတော်အိမ်ရှေ့ဥပရာဇာမှစ၍ မင်းမိဖုရား သားတော် သမီးတော် ဆွေတော်မျိုးတော် မှူးတော် မတ်တော်တို့နှင့် ပြည်တော်သူ ပြည်တော်သားအပေါင်းတို့သည် သောင်းသောင်းအုတ်အာ ညီညာဖြိုဖြိုး နေ့ညမစဲ ပွဲကြီးခြိမ့်ခြိမ့် နှစ်သိမ့်အားရ ရက်လအများ ဝပ်တွားကော်ရော် ပူဇော်ကြည်ညို ကြပြီးသောအခါ။

---

၁။ စွယ်တော်ပွား ဖြစ်ပါမည်။ စာမူရင်းအတိုင်း ဖော်ပြပါသည်။

ဌာပနာအခမ်းအနားမှာ မောရိယပစ္စယနာဂရာဇာဆင်မင်း ဦးကင်းတော်ထက် ရတနာရွှေပန်းတောင်းတွင် စွယ်တော်ရှင် ကိန်းဝပ်စေသည် နောက်အစဉ်အားဖြင့် အရာမကသော စွယ်စုံပေါက်လှ သီရိနာဂမင်္ဂလာဆင်တော် ဦးကင်းတော်တို့ထက် မြတပ်ကွမ်းခွက်တော်များတွင် သရီရဓာတ်တော် မွေတော်အရုပ်ရုပ်တို့ကို ကိန်းဝပ်စေသည်။ နောက်အရာမကသော ရတနာဝေါတော် လင်းဇင်းဝေါတော်တို့ထက် ရုပ်ပွားတော် ဆင်းတုတော်တို့ကို ကိန်းဝပ်စေသည်။ နောက်အရာမကသော ရွှေဝေါပလာတော် ရွှေထမ်းစင်တော်တို့ထက် ဗုဒ္ဓဝင်အဖြစ်တော် ဇာတ်တော် ရုပ်ထုတော်တို့ကို စံနေစေသည်။ နောက်အရာမကသော ရွှေဝေါပလာတော် ရွှေထမ်းစင်တော်တို့ထက် ရွှေတန်ဆောင်တိုင်ပူဇော်ဟန် မင်းရုပ်ထုတော် မိဖုရားကြီးအပေါင်း သားတော်သမီးတော်အပေါင်းတို့၏ ရုပ်ထုတော်တို့ကို စံနေစေသည်။

စွယ်တော်မြတ်နှင့် သရီရဓာတ်တော် မွေတော်ရုပ်ပွားဆင်းတုတော်များမှာ ထီးဖြူတော်ရှစ်ချက်စီ ဗုဒ္ဓဝင်အဖြစ်တော်စသော နောက်အစီအစဉ်များမှာ ထီးဖြူတော် ရွှေထီးတော်အသီးအသီး အထိုက်အလျောက် ရှစ်ချက်တန် လေးချက်တန် နှစ်ချက်တန် စိုက်ဆောက်ဆောင်းမိုးစေသည်။

သဃ်ရာဇာ သာသနာပိုင်ဆရာတော်ဘုရားကြီးမှာ ထီးဖြူလေးချက် သုခမ္မာ သာသနာပြုဆရာတော် ရှစ်ပါးမှာ ထီးဖြူနှစ်ချက်စီ တံဆိပ်တော်ရ မရဆရာတော် သင်္ဃာတော် ၂၄၀၀–ကျော်တို့မှာ ထီးဖြူတော်တချက်စီ ဆောင်းမိုးစေ၍ ဌာပနာတော်ကို ကြပ်မစေသည်။

ဤသို့စသဖြင့် အဆုံးအဆမရှိနိုင် မသိနိုင်သော ဌာပနာတော်ပူဇာ ဒါနဝတ္ထုတော်တို့ကို စီစဉ်တော်မူပြီးသောကာလ ရွှေနန်းတော်ကြီးမှသည် မဟာလောကမာရဇိန်ကုသိုလ်တော်ကြီးဘုရားသို့ တူရိယာမျိုးငါးပါး နရည်းဆရာခြောက်ပါး။ တပိုးသံရှစ်ပါး ကြေးသံဆယ်ပါး စည်တော်စုံသုံးပါးစသော အထူးထူးသော တီးမျိုးမှုတ်မျိုးများကို သိကြားမင်းစွဲမှုတ်သော ဝိဇယုတ္တရခရုသင်းသံကဲ့သို့ ဆူညံမစဲ သဲသဲရုတ်ရုတ် အုတ်အုတ်ကျက်ကျက် တပြိုင်နက်မှုတ်တီးစေလျက် စက္ကဝါတုန်ညောင်း နိမ့်စောင်းပထဗျာ မြေကြီးလျောင် နဘာကောင်းကင် ပဲ့တင်ကြွေးကြော စတုသေနင်္ဂါ တပ်တော်ကြီးနှမန္တာဖြင့် ခမ်းနားကြီးကျယ်စွာ ပူဇော် ပင့်ဆောင်တော်မူသတည်း။

စေတီတော်သို့ ရောက်တော်မူလျှင် ပြဟ္မာတသိန်းတို့၏အသျှင် ဟာရိတ ပြဟ္မာမင်းကြီးအသွင် အဘိုးအကုဋေမကသော ပြဟ္မာ့ဉက္ကဋ္ဌတော် ပြဟ္မာ့တန်းဆာ တော်တို့ကို ဆင်ယင်တော်မူ၍ ထီးဖြူစိုက်ဆောင် ပြည်ထောင်ရာစင်း ပဒေသရာဇ်မင်း တို့သည် ဟာရိတပြဟ္မာမင်း၏အရံအပါ တသိန်းသောပြဟ္မာတို့ကဲ့သို့ မင်းတရားကြီး နောက်တော်မှ ခြံရံခစားကာ သဟံပတိပြဟ္မာမင်း ဝါသဝသိကြားမင်း အဇာတသတ် မင်း သီရိဓမ္မာသောကမင်း အဘယဒုဋ္ဌဂါမဏိမင်း စသော လူမင်း နတ်မင်း ပြဟ္မာမင်း တို့သည် မြတ်စွာဘုရားသရီရ ဓာတ်တော် ဆံတော် စွယ်တော် ဝတ်လဲတော်တို့ကို ကြည်ညိုကြိုယူပင့်ဆောင် ဌာပနာတော်မူခြင်း ထုံးစံတော်အရ ဆင်တော်ဦးကင်းနှင့် အညီမျှသော ဆင်ရှဥ်တော်မှ မင်းတရားကြီးဘုရားကိုယ်တော်တိုင် ရတနာ ရွှေပန်းတောင်းကို ရွှေလက်တော်ဖြင့် ဆီးကြိုလှမ်းယူ မကိုဋ်ဉက္ကဋ္ဌတော်ဖျားထက် ရွှေလက်တော်နှစ်ဘက် မြှောက်ချီပင့်ဆောင်တော်မူ၍ ဌာပနာဂူတိုက်သို့ ရောက်သောအခါ သိဒ္ဓိမင်္ဂလာအခါတော်ကြီး မဆက်မသမီ ဤသို့ဝမ်းမြောက်ကြေကွဲ ပူဇော်တော်မူ၏။

ဇမ္ဗူရွှေဆိုင် မဏ္ဍိုင်ဗဟိုရ် မြင့်မိုရ်နှုန်းနှန်း ဤမန်းတော်မော့ စွယ်တော် ဒါယကာ ငါသျှင်ဖြစ်စေ ရွှေဗျာဒိတ်မြတ် သိုက်ဓာတ်လောကီ အညီအလာ မေရု လက်ယာ ငါတည်းကေရာဇ် မင်းထီးဖြစ်၍ ရှင်ချစ်မိန့်မှာ သာသနာကို သံဝါကြီးဝှန် မိုးကြီးသွန်သို့ ကဲလွန်စေတနာ သဒ္ဓါနှင့် အရှိုအလျောက် ချီးမြှောက်ပြုစု ရပေသည်ဟု ကြည်ညိုဝမ်းသာ ဖရဏာပီတိ ဆီထိဂွမ်း ကိုယ်လုံးတင်ကျမ်း ကြက်သီးမွမ်းတော်မူ သဖြင့် ပြုံးရွှင်တော်မူခြင်း။

ဤမန်းဂိရိပ် ရွှေတောင်ထိပ်၌ လူ့ထိပ်လောကမာ စောဘဂဝါကို ငါသည်ဒိဋ္ဌ အတိတ်ဘဝ ဖူးတွေ့ရလျက် အင်္ဂါရှစ်လီ မညီလေဘိ ချွတ်ယွင်းရှိ၍ သံဗောဓိဟိတ် ဗျာဒိတ်အောင်သံ မခံရလေ ဆုဝေပြင်းပြ ယူကြုံးမရ သောကဖြိုးစည် နှင်းမိုးလည်သို့ မဆည်တော်နိုင်း ရွှမ်းအိုင်စိမ်းကြည် ရွှေမျက်ရည်ကို ဖြေဆည်အနိုင် သိမ်းတော်မူ ခြင်းများကို ပြုတော်မူ၏။

ထိုသို့ပြုတော်မူသောခဏ ဘဝသျှင်မင်းတရားကြီးမှာ ဌာပနာတိုက် ကျောက်သေတ္တာတော်ကြီး၏ အနောက်မြောက် ရာဟုအရပ်မှသည် အရှေ့တောင် အင်္ဂါရပ်တူရူ နံတော်ငြိုဟ်ဇာ မျက်နှာတော်မူလျက် ဦးခေါင်းမကိုဋ်တော်ဖျားထက် ရတနာရွှေပန်းတောင်းကို ရွှေလက်တော်နှစ်ဘက် မြှောက်ချီကြည်ညိုတော်မူ၏။

ဆရာတော်သင်္ဃာတော်ကြီးများမှာ အင်္ဂါအရပ်မှ ရာဟုအရပ်သို့ မျက်နှာမူ၍ ကြည်ညိုတော်မူကြ၏။

"သုဓာတာဘိဓေ့ သီရိသဒ္ဓမ္မယသပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်နာမံ အလှူတော်ခံရသော သုဓမ္မာတော်သာသနာပြု မတ္တရာ ဆရာတော်ဘုရားကြီးက သာသနာ့ဒါယကာ မင်းကေရာဇ်သည် အတုမဲ့ဖြစ်သော မြတ်စွာဘုရားစွယ်တော် သရီရဓာတ်တော်တို့ကို ကြည်ညိုတော်မူဆဲတွင် ပဋ္ဌမပြုံးရွှင် တော်မူသည် ဒုတိယနှလုံးကြေကွဲတော်မူသည်ဖြစ်၍ လက်ယာလက်တော်ကို ရွှေပန်းတောင်းမှလွတ်ယူ မျက်ရည်သိမ်းမတော်မူသည်ထင်သည်။ ပြုံးရွှင်ခြင်း ကြေကွဲခြင်းအကြောင်းများကိုလည်း မှတ်သားလိုပါသည်။ အမိန့်အခွင့်တောင်းပန်၏။ ယင်းသို့ တောင်းပန်သောကာလ မင်းတရားကြီးက လျှောက်ကြားတော်မူသည်မှာ။

ဆရာတော်ထင်မြင်ရှိသည့်အတိုင်း ပြုံးလည်းပြုံးရွှင်မိသည် ကြေလည်း ကြေကွဲသည် ပြုံးရွှင်မိသည့်အကြောင်းမှာ မြတ်စွာဘုရားလက်ထက်တော်က တပည့်တော်သည် ထွက်ပေါ်ရွှန်းရွှန်းလပြည့်ဝန်းနှင့် ပုံသွန်းတပြေး မျက်နှာလရေး ယဉ်ကျေးယုယ အလှရူ၍ ငါးကြန်ညီသောကြောင့် စန္ဒမုခီဟူသော အမည်နာမဖြင့် နတ်ယက္ခအမျိုး၌ တံခိုးပေါ်ထင်လျက် ဤမန္တလေးတောင်တော်တွင် အမြဲလျှင် စောင့်နေရပါသည်။

ဘုရားမြတ်စွာလည်း ညီတော်အရှင်အာနန္ဒာနှင့် မဇ္ဈိမဒေသမှ လယ်ကိုင်း ကျောင်းတော်ရာ လယ်ကိုင်းကျောင်းတော်ရာမှ ဘိုးဦးတန့်ကြည်တောင်[၁] တန့်ကြည် တောင်မှ မန္တလေးရွှေတောင်သို့ ပြန်ကြွလာ၍ ငတောင်တမန် ငတောင်ကြီး ငတောင် မြင့် ငတောင်ပြုံး အမည်ရသော နတ်ယက္ခကြီးလေးဦးပါ ရောဝတီမြစ်ကြီးဝဲယာ ရေမြေတောတောင်စောင့်မှတ်သော နတ်ဘီလူးကြီး ငါးရာတို့နှင့် တပည့်တော် ကိုယ်တိုင် ဖူးတွေ့ရပါသည်။

ဖူးတွေ့ရသောအခါ နတ်ဘီလူးကြီးငါးရာတို့သည် ပဒုမ္မာကြာပန်းစသည် တို့ဖြင့် ညွတ်ခပူဇော်၍ မိမိတို့ အာဘော်ဆန္ဒရှိရာ ပဏ္ဍနာဆုများကို လျှောက်ထား ပန်ယူကြပါသည်။

---

၁။ ပြည်မြို့အနောက်ဖက် တဖက်ကမ်းရှိ ဖိုးဦးတောင်ကို ဆိုလိုသည်။

တပည့်တော်မှာ ဗာဟိရအပဝတ္တုအစုစုကို ပြုစုမွေးမြူ ပေးလှူပူဇော်သည်ထက် အဂ္ဂိကိုယ်လက် အသက်မညှာ ပူဇော်လှူဒါန်းလိုသောစေတနာ ဖရဏာကြွက်သီး ကိုယ်လုံးဖိတ်စီး ဇောကြီးအဝှန်း သဒ္ဓါမွန်းလျက် အလွန်ချစ်ခင်စုံမက် သနားလှသော ကြောသေးရှစ်မြွာ သွယ်ဖြာညှံ့နု သောက်ရှုးကြွယ်ပြိုင် ဘော်စိုင်ငွေစု ပုလဲဥနှစ်အဆင်းသဏ္ဌာန်ရှိသော စုစုကသဒ္ဒါ မြန်မာပြန်ကြား ငုံဖူးညွှန့်ဖျား ပတ္တမြားတရထည် ရဲရဲကြည်လျက် ညှင်းလည့်ရွှန်းစက် အလွန်လှမြတ်သော အသားနိုင် နှစ်ဘက်ကို ဓားသန်လျက်ဖြင့် ရက်ရက်လှီးဖြတ်ပြီးလျှင် သွေးစိမ်းရှင်ရှင်နှင့်တကွ ဘုရားရှေ့တော်ပါး၌ အသာစုပုံတင်ထား၍ သံဗောဓိရွှေဉာဏ်ကို ကေန်ချစ်မြတ်ရစေသားဟု ပြတ်သားရဲရင့်သော ပူဇော်ခြင်းကို ပြုပါသည်။

ပူဇော်ဝပ်တွား အဥ္စလီငါးပါး ရှိစုံထား၍ ခစားဆဲအခါ ဘုရားမြတ်စွာသည် ရွှေဇာကွန်ယက် ချယ်ခက်လွှမ်းဖုံးသော ငွေဆိုင်ငွေတုံးကြီးသဏ္ဌာန် ဆဒ္ဒန်ဆင်မင်းနှာမောင်းတော်နှင့်တူသော လက်ယာရွှေလက်တော်ကို ရွှေသက်န်းတော်မှထုတ်ဖော် ရွှေလက်ညှိုးညွှန်ပြတော်မူလျက် "အဟော်အစ္ဆရိယ အံ့ဘွယ်ရှိစွ မဖြစ်ဘူးစွ အလှူရဲစွ သဒ္ဓါကဲစွ အာနန္ဒအာနန္ဒာ ငါဗုဒ္ဓအား ကြီးမားလွန်မင်း သဒ္ဓါပြင်းသော လှဆင်းကြွန်ညီ စန္ဒမုခီ နတ်ယက္ခီသည် ဤမြေမျက်နှာ မန်းလက်ယာ၌ သာသနာနှစ်တွက်စစ်သချာ ၂၄၀၀ ရောက်သောခါလျှင် သာသနာပြု တိုင်းပြုပြည်ပြု သမုတိနတ်မင်းမြတ်ထင်ရှားဖြစ်လမည်။ ထိုရောအခါ နေလပမာ ငါ့သာသနာ စည့်ထွန်းသာအောင် သံဝါကြိုးဝှန် မိုးကြီးသွန်သို့ အလွန်အကြူး ကျေးဇူးပုံထောက် ချီးမြှောက်၍ စောင့်ရှောက်ပြုစုရစ်လမည်" သံခြည်ဖော်မြွက် ရွှေဗျာဒိတ်စက် ညွှန်ကြားတော်မူသည်နှင့်တပြိုင်နက် အိုးထိန်းစက်ပမာ မြေကြီးစကြာဝဠာ တောတောင်သမုဒ္ဒရာ ချာချာတုန်ဟီး ပဲ့တင်တီးလျက် ကောင်းချီးမြည်အော် ကြွေးကြော်ပူဇော်သောအသံ အရံပရိသတ် ဘီလူးနတ်ကြီးငါးရာနှင့်တကွ ဘုမ္မရက္ခာ အာကာသဋ္ဌာ စတုမဟာရာဇ်စသော ဆကာမနတ်အပေါင်းတို့ ကောင်းချီးကြွေးကြော် ပူဇော်သောအသံ ပြဟ္မာ့ပါရိသဇ္ဇစသော တစ်ဆယ့်ငါးဘုံသော ပြဟ္မာအပေါင်းတို့ ကောင်းချီးကြွေးကြော် ပူဇော်သောအသံတို့သည် ဆူညံတခဲနက် ကြော်လွှမ်းတက်၍ ဘဝဂ်မိုးဖျားလွန်ပါသည်။

အတိက်ဘာဝ စန္ဒမုခီ သည်ညီတွင်ခေါ် တပည့်တော်လည်း ကိုးဘော်ဂုဏ်အင် ဘုရားရှင်၌ ကြည်ရွှင်ထက်သန်သော မဟာကုသလ သောမနဿဥက္ကဋ္ဌ ပဌမ

ဇောဝါရသည် ဒိဋ္ဌဓမ္မလက်ငင်း ကောင်းကျိုးထူး ပေးနိုင်းသဖြင့် ရှေးရှိရင်းနှပန်းစုံထက် အနုအထွတ် အမွတ်အညက် အလှအစက် ညှံ့သက်လွန်ဘိ ရှေးမူရှိပင် ပကတိတိုင်း ဖြစ်လာသည်။

သို့စသည့်အကြောင်းဟိတ်တို့ဖြင့် ရာဇိဒ္ဓိရာဇာသမ္ပတ္တိ ရာဇာနုဘာဝတို့နှင့်တကွ ဘုရားဗျာဒိတ်ခံရသောမင်း တိုင်းပြုပြည်ပြုမင်း မင်းသာမန်တို့ ခံဝန်ခြင်း မဝံ့ရဲသော ရာဇာဘိသိက် မုဒ္ဓာဘိသိက်ကို နှစ်ကြိမ်မြောက်ခံဝန် ဝံ့ရဲသောမင်း မြတ်စွာဘုရား သာသနာတော်ကို စေတနာဖြစ်ပွားတိုင်း ဖြစ်ပွားတိုင်း သဒ္ဓါအလျှိုင်းအားကြီးတိုင်း အားကြီးတိုင်း စိတ်ထင်တိုင်း ချီးမြှောက်ပြုစုရသောမင်း မြတ်စွာဘုရား့ဒါယကာ ဖြစ်သောမင်းဟု ကိုယ်၏အဖြစ်ကို နှစ်သက်ဝမ်းမြောက်တော်မူ၍ ပြုံးရွှင်တော်မူမိသည်။

ကြေကွဲတော်မူသောအကြောင်းမှာ။ မြတ်စွာဘုရားကို မျက်ဝါးဒိဋ္ဌ ဖူးတွေ့ရသောအခါက မနုဿလူ့သား ယောက်ျားကောင်းစင်စစ် ဈာန်သမာပတ် ပျော်မွေ့သော ရသေ့ရဟန်းကောင်းစင်စစ် ဖြစ်ပါဘိတမူကား မြတ်စွာဘုရားအဘယ် တရားသည် ဘုရားဖြစ်အံ့သောအကျင့်ပါနည်း အဘယ်ကပ်၊ အဘယ်ကမ္ဘာ အဘယ် နံ့ရောအခါ၌ သစ္စာလေးပါးမြတ်တရားကို တပါးသူမဆို အလိုလိုသိစွမ်းသော သံဗောဓိအစစ် ဖြစ်ပွင့်ပါရအံ့နည်းဟု တည်းလည်းပဏ္ဍာ ဗျာဒိတ်စကား ခံသောအားဖြင့် ပန်ကြားလျှောက်ထားရလေ၏။

မပန်မကြား မလျှောက်ထားသော အင်္ဂါရှစ်လီ မညီချို့တဲ့ မဲ့သောအခိုက် ကြုံကြိုက်လေခြင်း ရှေးရင်းကြောင်းဟိတ် အတိက်ဘဝ စန္ဒမုခီ နတ်ပြည်မည်နည်း ကံနည်းသည်ကို ကြံစည်မနော တွေးတောယူဆ နှမျောလှသောကြောင့် ယူကြုံးမရ သောကဖြိုးစည် နှင်းမိုးလည်သို့ မဆည်တော်နိုင် သွယ်ပြိုင်ရွှမ်းစို လှိုက်ဖိုဝိပရိ တောင်နှယ်ဖိ၍ ကြေလည်းကြေကွဲမိသည် ဆရာတော်ဟု အမိန့်ရှိလျက် ရွှေလက် တော်ဖြင့် မျက်ရည်တော်စတဖန် သိမ်းမတော်မူပြန်သည်။

ဤသို့ အတိတ်ပစ္စုပ္ပန်နှစ်ပါး မင်းတရားကြီးဘုရား စပ်၍လျှောက်ကြားသော ကာလ မတ္တရာဆရာတော်ဘုရားကြီးက သာသနဒါယကာမင်းကောရာဇ် ဖြစ်ခဲ့ပြီး သောအကြောင်းကို ထပ်လောင်း၍ ပူပန်ပွားခြင်းသည် ကိုယ်စိတ်တော်ရှုံးရှားခြင်းမျှသာ မြတ်စွာဘုရားကို အာရုံပြုတော်မူပါဟု အမိန့်ရှိတော်မူ၏။ ဆရာတော်အမိန့်

ရှိတော်မူလတ်သော် "တပည့်တော်သည် စေတီတော်-၈၄၀၀၀ ဒါယကာ သီရိဓမ္မာသောကမင်း ဟေမမာလာမဟာစေတီတော်ဒါယကာ အဘယဒုဌဂါမဏိမင်းစသော ဘိုးလောင်းတော် ဘေးလောင်းတော်တို့ ဘုရားပူဇော်တော်မူသောနည်း ဘုရားပူဇော်ပါသည် ဆရာတော်များ နားစိုက်တော်မူကြပါ"ဟု အမိန့်တော်ရှိပြီးကာလ။

"တပည့်တော် သာသနာ့ဒါယကာသည် ဘုရားမြတ်စွာ၏ ကျွန်ပါတည်း။ တရားထီးဆောင်း မင်းအပေါင်းတကွ စိုးပိုင်သသော ရဋ္ဌခရိုင်နိုင်ငံတိုင်းကား ပြည်ရွာများကို ဘုရားအားပူဇော်ပါသတည်း သိန္နေလက်ယာ ဇမ္ဗူမျက်နှာ စက္ကဝါတွင်း ပန္နာသွင်းသော ဤမင်းဧကရာဇ်အဖြစ်ကိုလည်း ပူဇော်ပါသတည်း ကေသာလောမာ စသော ဒွတ္တိံသကာယာ ကိုယ်ခန္ဓာကိုလည်း ပူဇော်ပါသတည်း ဖိဝိတိန္ဒြေ ကြာရေ နှိုင်းစံ ရုပ်နာမ်နှစ်ချက် ဇီဝိန်သက်ကိုလည်း ဆက်လက်ပူဇော်ပါသတည်း"။

ယင်းသို့ပူဇော်တော်မူပြီးလျှင် ဥာပနာတော်မူရန် မင်္ဂလာအခါတော် ရောက်ပါပြီဘုရားဟု ရှစ်ပါးသော ပုဏ္ဏားတော်တို့က ရှိုးသံတော်ဦးတင်ဆက်သည် နှင့် တပြိုင်နက် တူရိယာသံ နရည်းသံ ကြေးသံ တပိုးသံ စည်ကြီးသံ စည်ပုတ်သံ ဒုံမင်းသံ ခွက်ခွင်းသံ ခရုသင်းသံတို့နှင့် မင်္ဂလာအောင်သံ အမြောက်မီးပေါက်တော်ကြီး တဆဲ့ခုနှစ်ချက်ပစ်ဖောက်လျက် ဦးခေါင်းတော်ထက်မှာ ရွှေလက်တော်ဖြင့် ယုယမယူ ပင့်ဆောင်တော်မူပြီးလျှင် ဘဝသျှင်မင်းတရားကြီးဘုရားကိုယ်တော်တိုင် ကောင်းမွန် ရှိသေလေးမြတ်စွာ ဌပနာတော်မူသတည်း။

ပိဋကတ်တော်ကို ကျောက်ထက်အက္ခရာတင်မည် ကြံရည်ထင်မြင်တော်မူ သည်မှာ "တစ်ကမ္ဘာဘာ ရှည်မြင့်ကြာလည်း ဗုဒ္ဓုပ္ပါဒ စသည်ငါး၀ ဒုလ္လဘကို ရနိုင် ကြံနိုင်ခဲလှချေတကား"။

ဘုရားပါရမီဆိုသည်မှာလည်း အနည်းဆုံး ပညာဓိကဘုရားရှင်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်တော်မူရသည်တကား။

တကမ္ဘာဆိုသည်မှာလည်း အန္တရကပ်တကပ်၏ အသက်ကိုရေတွက်လျှင် ထုပ်မျက်နှံလျား ယူဇနာကြီးမားသော ကျောက်ဖျာကို အနှစ်တရာလျှင်တခါ လဲဝါဂွမ်း ဖြင့်တို့ယူက မဟာသေလကျောက်ဖျာ ကုန်ခြင်းသို့ရောက်ရာ၏ အန္တရကပ် သက်မကုန်ရာ ဤသို့ရှည်ကြာသော အန္တရကပ်ခြောက်ဆဲ့လေးကပ်မှ အသင်္ချေယျ တကပ် အသင်္ချေယျ့လေးကပ်မှ တစ်ကမ္ဘာဟူချေသည်တကား။

ပညာဓိက ငါတို့ဂေါတမဘုရား ပါရမီဖြည့်တော်မူသောအခါ ဘုရားပွင့်တော်မူသောကမ္ဘာ တဆဲ့တကမ္ဘာမျှသာ တွေ့ချေသည်တကား။

ဤသို့ရှည်မြင့်စွာ သင်္ချေကမ္ဘာကာလ, အတိဒုက္ကရ ဖြည့်ကျင့်တော်မူ၍ သဗ္ဗညုတဉာဏ်တော်ကိုရမှ ဟောပြမိန့်ကြားနိုင်သော ဒေသနာတော်သည် အက္ခရာတလုံးမျှကိုပင် အနှုန်းအဆမရှိ အဘိုးအနဂ္ဃ ထိုက်လှပေသည်တကား။

ဘုရားပွင့်သောကမ္ဘာ ပွင့်တော်မူသောအခါ ကြုံကြိုက်ပါသော်လည်း သာသနာတော်ကို မကြည်ညိုသောအမျိုး တိရစ္ဆာန်ဖြစ်၍ ရှိနေချေလျှင် အလွန်ပင်ဆုံးရှုံးခြင်းကြီးလေစွတကား။

ကဿပဘုရားသာသနာတော်ပ ဓမ္မသုန္ဒရမင်းမြတ်သည် မုက္ခပတ်တရားတော် ရှစ်လုံးတပါဒ လေးပါဒတဂါထာမျှ ဟောနိုင်သူရလျှင် ၁၀၀၀ဝ ကျပ်ငွေတော်ပေးပူဇော်မည်ဟု ဆင်တော်ကျောက်ကုန်းထက်တင်၍ မြေပြင်အလုံး လိုက်ရှာပါသော်လည်း အက္ခရာတလုံးမျှ ဟောနိုင်သောသူ မရသောကြောင့် သံဝေဂပြင်းစွာဖြစ်သဖြင့် မင်းစည်းစိမ်ကိုစွန့်၍ ထွက်သွားလိုက်ရှာရာ လေးပါဒတရားကို ဟောကြားနိုင်သော ဘီးလူးနှင့်တွေ့ကာလ ငါ့ကိုယ်လည်းစားပါ တရားကိုလည်းဟောပါဆိုပြီးလျှင် အသက်ကိုစွန့်၍ တရားနာရချေသည်တကား။

ငါတို့ဘုရား ပွင့်တော်မူသောအခါ မဟာကပ္ပိန္န မင်းဖျားသည် ဘုရားတရားသံဃာ ကြားရကားနှင့် အသပြာသုံးသိန်း ပူဇော်သည်တကား။

ဘုရားမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူခါနီးအခါ အရှင်အာနန္ဒာက တပည့်တော်မှာ သောတာပန် ဖြစ်ပါသေးသည် အထက်မဂ်သုံးဆူကို ဘယ်သူချီးမြှောက်ပေးလိမ့်မည် မျက်ရည်တီးတီး ယိုစီးငိုတ လျှောက်ထားသောထိုကာလ။

"ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော သော မမစ္စယေန တုမှာကံ သတ္ထာ" မိန့်ရွှေဗျာဖြင့် ငါတည်းဘုရား မရှိငြားလည်း ကိုယ်စားဓမ္မခန် လေးထောင်ကျော် ရှစ်သောင်းပင် ဘုရားပေါင်း ကျန်သေးသည် နိဗ္ဗာန်ကူး မဂ်ကူးတို့ ငါကဲ့သို့ပို့လိမ့်မည် စိုးရိမ်ဘို့မရှိသာဟု သာသနာတော်ရောင် ငါးထောင်စကား ကြားတော်မူခဲ့သည်တကား။

ပိဋကတ်တော်ကို ကြည်ညိုစောင့်ရှောက် ရေးသားကိုးကွယ်ရသော အကျိုးအာနိသံသ ဇာတ်တော်မှာ "အက္ခရာ ဧကမေကဉ္စ၊ ဗုဒ္ဓရူပံ သိယာ" စသည်ဖြင့်

တလုံး တစ်လုံးမျှသော အက္ခရာသည် တစ်ဆူတစ်ဆူသော ဘုရားရှင်နှင့် တူသည်သာဟု ကျမ်းစာထင်ရှား ရှိပေသည်တကား။

ပရိယတ္တိ တလာကေ ဌိဇတ ပရိယတ်ကန်ရိုး ကန်ပေါင်ခိုင်လုံချေမှ ပဋိပတ်ရေ ပဋိဝေဓ ကြာမျိုးငါးပါး စည်ကားပွင့်လင်းလေသည်။ ပရိယတ်ကွယ် ပျောက်ချေက သာသနာတော်ကွယ်ပလေတော့သည် အရှည်နောင်လာ အလေးဂရု ပြုစုကိုးကွယ် စောင့်ရှောက်ရစ်စိမ့်သောငှါ မိန့်မှာတော်မူခဲ့သည်တကား။

ယင်းသို့ဖြစ်၍ သာသနာတော်၏ အမြစ်မူလဘူတ မြတ်စွာဘုရား ပိဋကတ်တော်ကို သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်းလက်ထက်တွင် နာဂတ်နောင်လာ မတိမ်မပျောက် ထွန်းတောက်ထင်ရှားရစ်စေခြင်းငှါ ပေါ်ဌကာရုဠ စတုတ္ထသင်္ဂါယနာ ပေထက်အက္ခရာ သေချာတင်ထား ရှိပေသည်တကား။

ငါအသျှင် ကေရာဇ်မင်းမြတ်သည်လည်း မြတ်စွာဘုရား သာသနာတော်ကို သက်ဝင်ကြည်ညိုတော်မူသောအလျောက် လွန်မြောက်ခဲ့သော နှစ်ပေါင်းသုံးဆယ် ကျော် မင်္ဂလာအိမ်တော် စံတော်မူစဉ်ကပင် စာသင်ရဟန်းပျိုတို့အား ပစ္စည်းလေးပါး ချီးမြှောက်၍ နှစ်ထောင်လေးရာကျော်မျှလောက် ကျမ်းဂန်ချင်းနင်း တတ်မြောက်သော ပေါက်လှပုဂ္ဂိုလ်ကျော် ဆရာတော်သင်္ဃာတော်တို့ကိုရသည်။ ၎င်းဆရာတော် သင်္ဃာ တော်တို့နှင့် အသင့်ယုတ္တိ နှိုင်းညှိသုတ်သင်၍ မင်ရေးရွှေရေး ကညစ်ရေးဥသုံ အဌကထာ ဋီကာအစုံ ပိဋကတ်သုံးပုံကို အပုံပုံအထပ်ထပ် ကိုးကွယ်ရလေပြီ ဤသို့ ကိုးကွယ်ရသော်လည်း တော်ပြီဖန်လဲ ရောင့်ရဲမသတ် ဟဒယဝတ္ထုနှလုံးတော်မြတ်ကို သာသနာတော်စောင့် သမ္မာဒေဝနတ်တို့ မပြတ်ဆော်လှုံ့သဖြင့် တလှုံ့လဲလဲ ရွှေဉာဏ် ဝေခွဲ နှိုက်နဲဆင်ခြင်တော်မူပြန်ရာ။ ရွှေရေးမင်ရေး ကညစ်ရေး ပိဋကတ်ကျမ်းစာသည် တကမ္ဘာတည်ထွန်းနိုင်ရန်မရှိ သခါရိကသဘော ဟောင်းနွမ်းဆွေးမြည့်လွယ်သော အကြောင်းလည်းရှိသည် ပရံပရ အဆင့်ဆင့်ကူးယူကြသဖြင့် ပဒအက္ခရာ ယွင်းချွတ် ရာသော အကြောင်းလည်းရှိသည်။ ရေမီးမင်းခိုးသူ မနာလိုသူ ရန်သူငါးသွယ် အန္တရာယ်တို့နှင့် ဆက်ဆံလွယ်သောအကြောင်းလည်း ရှိသည် သို့စသည်အကြောင်း အလျော်တို့ကို မြင်မြော်တော်မူပြီးနောက် စကျင်ပတ္တမြားတောင်တော်မှ ထွက်ပေါ် ထွန်းပေါက်သော ပတ္တမြားဖြူကျောက်ဖျာ ဘူမိဥက္ကဋ္ဌ ပဝရသေလာတွင် အက္ခရာ ထွင်းထု၍ ပြုစုကိုးကွယ်ရလျှင် အန္တရာယ်ကင်းဆိုးအောင်သော်လည်း တည်ရာ၏ နောင်ပွင့်လတံ့သော အရိမိတေယျဘုရားရှင် လက်ထက်တော် တိုင်အောင်သော်

လည်း တည်ရာ၏ ဤဘဒ္ဒကကမ္ဘာ ကုန်ကျွန်းအောင်သော်လည်း တည်ရာ၏။ ထိုသို့ ပိဋကတ်တော် မြဲမြဲတည်ထွန်းအံ့သောအရာကိုလည်း ဝဋ္ဋဂါမဏိစသော ငါတို့ဂေါတမမြတ်စွာဘုရား သာသနာတော်ကို ကြည်ညိုတော်မူကြသောမင်းမြတ်, ပွင့်တော်မူကုန်ပြီးသော အဆူဆူသောဘုရားရှင်တို့၏ သာသနာတော်ကို ကြည်ညိုတော်မူကြသော မင်းမြတ်တို့သည် ပတ္တမြားသေလာကျောက်ဥက္ကင်၌ ပိဋကတ်တော် တင်ထု ကိုးကွယ်ဘူးကြောင်း ထုံးဟောင်းကျမ်းစာများတွင် မတင်မရှိ ယင်းသို့ မတင်မရှိခြင်းကား ငါမင်းတရားတပါးသာ တင်ထားကိုးကွယ်စေရန် တံခိုးအန်ကြီးမြတ်သော သမ္မာဒေဝနတ်အဆက်ဆက်တို့ ကွဲဝှက်ဖယ်ထား လှည့်ပတ်ကြယောင် ရှိလေစွတကား။

ဤသို့စသည်ဖြင့် ဘုရားသာသနာတော်ကို သဒ္ဓါဝီရိယ၊ အဘိပ္ပသန္န, အစလစေတနာတော်ထူးဖြင့် အလွန်အကြူး ကြည်နူးကြေကွဲ ကြံစည်နှိုက်နဲ နှလုံးစွဲတော်မူလှသောကြောင့် အတိဂမ္ဘီရ အတိသုခုမ အလွန်ကြံရ တွေ့ရကြားရ နာရခဲလှစွာသော ပိဋကတ်တော်ကို သာသနာတော်နှစ် ငါးထောင်ခေတ်တိုင် ဆုတ်နှစ်မြှုပ်တိမ် ဂုဏ်သိမ်နိုသင် မထင်မရှား တဖြင့်တပါး ကွဲပြားယွင်းချွတ်မရှိစေရ ကဿပဘုရားလက်ထက်တော်က ဝက်တူးသောလိုင်သည် ငါတို့ဂေါတမဘုရား လက်ထက်တော်တိုင် တကပ်ကျော်ခိုင်ခန့်တည်ရှိသကဲ့သို့ တိတိကွင်းကွင်း လင်းလင်းသစ်သစ် နေလတမူ နောင်နာဂတ်သူ ပြဟ္မာနတ်လူ ကိုးရာမူရစ်စေခြင်းငှါ မြင့်မိုရ်စကြာဝဠာနှင့် တပြိုင်နက် ထွန်းပေါ်သောစကျင်တောင်တော်မှဖြစ်သော ပတ္တမြားဖြူကျောက်ဖျာတွင် ပိဋကတ်သုံးပုံဓမ္မက္ခန္ဓာကို သေချာစွာ ရေးထွင်းထုလုပ် တပ်ထားပြုစု ကိုးကွယ်တော်မူသတည်း"။

ဤသို့ဆိုအပ်ပြီးသော စက္ကဝါဠမေရု မြေထုမက အနန္တကုသိုလ်တော်ရှင်ဖြစ်သော ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရားသည် ၄ဝါးသော သခါရမင်းနိုင်ငံမှ ဆက်ဆံတော်မူခြင်း မကင်းတော်မူရှာသေးသည်ဖြစ်၍ သက္ကရာဇ် ၁၂၄၀-ပြည့်နှစ် သီတင်းကျွတ်လဆန်း ၆-ရက် အင်္ဂါနေ့တွင် အနိစ္စရောက်တော်မူရှာသတည်း။

မင်းတရားကြီးဘုရား အနိစ္စရောက်တော်မူလျှင် သားတော်သီပေါ ရွှေနန်းရှင် ဘုရားသည် မင်းတရားကြီးဘုရား လွှဲအပ်တော်မူခဲ့သည့်အတိုင်း ရွှေထီးရွှေနန်း အရိုက်အရာတော်များကို ဆက်ခံစိုးစံတော်မူ၍ လေးဆူသောဘုရားရှင်တော်တို့ မာန်ငါးပါးအောင်တော်မူရာ မဟာဗောဓိပင်အရှေ့ဘက် လေးတောင်ထွာထွာ

အပရာဇိတပလ္လင်တော်ရာမြေနှင့် မဟာဗုဒ္ဓဟောဗောဓိမှ ဒက္ခိဏသာခါရုပ်ပွားတော် ဘုရားဒေသစာရီ သုံးကြိမ်ကြွချီ ဖြန့်ယွန်းတော်မူသော သီဟိုဠ်ကျွန်းမှ ဆက်ပို့လာရသော လက်ဝဲအောက်စွယ်တော်စသော သရီရဓာတ်တော်မွေတော် ရုပ်ပွားဆင်းတုတော်ကြီးတို့ကို ဌာပနာတော်မူသော ဤမဟာလောကမာရဇိန် စေတီတော်ကြီးတွင် ရွှေစင်ကနက္ကဒဏ်အရိုးဝယ် နဝရတ်ကိုးသွယ် ချယ်လှယ်စီတပ်သော အဘိုးနှစ်သိန်းကျော်စီတန် စိန်ထီးဖြူတော်ကြီးကို တန်ဆောင်းတော်နှင့်တကွ အမြဲစိုက်ထူ ဆောက်လုပ်ပူဇော်တော်မူခြင်း အဘိုးတသိန်းကျော်တန် ဗြဟ္မာ့ဉက္ကဋ္ဌတော်ကြီးကို ပူဇော်တော်မူခြင်း အဘိုးသုံးသိန်းကျော်တန် ဗြဟ္မာ့တန်ဆာတော်ကြီးကို ပူဇော်တော်မူခြင်း ကျောက်စီခြေနင်းစသော မင်းမြောက်တန်ဆာ ငါးပါးတို့ကို ပူဇော်တော်မူခြင်း ခုနှစ်ရာ့သုံးဆယ်သော ပိဋကတ်ကျောက်စာတို့ကို တခရာမကြွင်း ရွှေမင်ဝင်းဝင်း ထည့်သွင်းပူဇော်တော်မူခြင်းစသော ခမည်းတော်မင်းတရားကြီးဘုရား ကုသိုလ်တော်အရပ်ရပ်တို့ကို ထပ်မံပြုစု ပူဇော်တော်မူခြင်း။

မာန်အောင်ရတနာစေတီတော်, မှန်ကျောင်းတော်, ရွှေကျောင်းတော်ကြီးများကို တည်ထားဆောက်လုပ် ကိုးကွယ်တော်မူခြင်းစသော ကုသိုလ်တော်တို့ကို ပြုစုကိုးကွယ်တော်မူသတည်း။

ဤသို့လျှင် ကြီးကျယ်များမြတ် ကုသိုလ်တော်ရှင်ဖြစ်သော သီပေါရွှေနန်းရှင်ဘုရား နန်းမတော်မိဖုရားခေါင်ကြီးဘုရား အသျှင်နှစ်ပါးသည် ပတ္တမြားနှစ်ဆူ, နေသူရကန် လဝိမာန်တို့သည် အပရန္တ အပရဂေါယာ ဒီပါကျွန်းဆွယ် မီးခိုးတိမ်မြူ သူရိန်အန္တရာယ် မြင့်မိုရ်စွန်းကွယ်သကဲ့သို့ စံပယ်လှည့်မြန်းတော်မူရန် ရွှေဘုန်းတော်ဖန်သည်ဖြစ်၍ သက္ကရာဇ် ၁၂၄၇–ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈–ရက် တနင်္ဂနွေနေ့တွင် ရှင်လူအများ တိုင်းသူပြည်သားတို့အား သနားငဲ့ကွက် ကြင်နာတော်မူလျက် နှစ်ဆူနေလ ကမ္ဘာ့ပတ္တမြား အသျှင်နှစ်ပါးတို့သည် ဘုန်းအားကြုံကြိုက် ကံတော်ဆိုက်သဖြင့် တိမ်တိုက်သို့ စံဝင်တော်မူသတည်း။

သီပေါရွှေနန်းရှင်ဘုရား နေစက်ပတ္တမြား ကျွန်းခြားတိမ်ပြင် လှည့်သွားစံဝင်တော်မူဆဲတွင် ဘုရားရှင်သာသနာတော်ကို မကြည်မသဒ္ဓါ အလိုဆိုးပါပိစ္ဆာ အဝိဇ္ဇာတုံး မှောင်ကြီးဖုံးသော လူဆိုးလူသွမ်း လူပျက်လူသရမ်းတို့သည် ခမ်းနားကြီးကျယ်စွာ တစ်ကမ္ဘာတည်ရန် ရည်သန်တည်ထားတော်မူခဲ့သော ဤမဟာလောကမာရဇိန်စေတီတော်ကြီး ထီးတော်ရွှေသက်န်းတော်မှစ၍ အရပ်ရပ်စေတီရုပ်ပွား သိမ်

တန်ဆောင်း ကျောင်းကန်တံတား ဇရပ်စသည်များကို အားပန်းတကြီး ဖျက်ဆီးပြု လုပ်ကြသောကြောင့် ဇိတဝင်ရှား ဘုရားကိုယ်တိုင်တော်ပင် ရှင်ဒေဝဒတ္တ ကျောက်နှင့် ချ၍ ခြေမတော်နု သွေးခြည်ဥသကဲ့သို့ သဗ္ဗညုကိုယ်စား စေတီရုပ်ပွားစသော အခမ်းအနားတို့သည်များစွာ ပျက်စီးယိုယွင်း ရှိလေသတည်း။

အရပ်ရပ်ယိုယွင်း ပျက်ပြားသော စေတီရုပ်ပွားကျောင်းဘုရားစသည်များကို နီးပါးရာဌာန ရပ်ကွက်အသီးအသီး ကြီးကြပ်ပြင်ဆင်လုပ်ဆောင်ကြသည့်အနက် ဤမဟာလောကမာရဇိန်စေတီတော်ကြီးနှင့် အတုမရှိကျောင်းတော်တွင် ဝတ်လဲရုပ်ပွားတော် ဗောဓိဆင်းတုတော်ကြီးများမှာ ကျွန်တော်တို့မြို့ အရှေ့ပြင်ရပ်နေ စစ်မြို့မြေတိုင်းစာရေးကြီး ဦးအောင်ပန်းနှင့်ဘုရားလူကြီး အရပ်လူကြီးတို့က အားထုတ်လို့လ ညှိနှိုင်း နှီးသော်ကြပြီးလျှင် ပွဲသဘင် ဇာတ် ရုပ်သေး အတီးအက အခမ်းအနားများနှင့်တကွ ၁၂၅၀-ပြည့်နှစ်ကစ၍ တနှစ်လျှင်တယောင်းမီးပွင့်ပေါင်း တသောင်းကျ မြတ်စွာဘုရားစွယ်တော် ကိန်းဝပ်တော်မူသော ဤမဟာစေတီတော် ဝတ်လဲရုပ်ပွားတော် ဗောဓိဆင်းတုတော်များကို နှစ်စဉ်ပူဇော်ပွဲကြီး ပြုလုပ်ပါသတည်း။

ဤမဟာလောကမာရဇိန်စေတီတော်မြတ်နှင့် ပိဋကတ်ကျောက်စာတော်များ ယိုယွင်းပျက်ပြားသည်များကို သွားတိုင်းလာတိုင်းမြင်တိုင်းတွေ့တိုင်းသောကာလ စိတ်မချမ်းမြေ့ ကြေကွဲယူဆရှိကြသည်လည်းတကြောင်း။

ဗုဒ္ဓဘာသာသာသနာဝင် ရှင်လူတစု မကြည့်မရှု မပြုမပြင် မစောင့်မရှောက် ရှိနေချေလျှင် သည်ထက်သည်ပင် ကစင်ကရဲ အလဲလဲဖျက်ဆီး၍ ပျက်စီးရာတော့ မည် ကြံစည်မိကြသည်လည်းတကြောင်း။

ဘုရားမြတ်စွာအား သဒ္ဓါကြည်ညိုကြသည်လည်းတကြောင်း။ ဗုဒ္ဓုပ္ပါဒ ဘုရားပွင့်တော်မူသော နဝမခဏကို ကြုံရခဲခြင်း တရားတော်ကို အလွန်ကြားနာရ ခဲခြင်း ဒုလ္လဘတရားရင်းကို နှလုံးသွင်းရှိသဖြင့် ပိဋကတ်တော်ကျောက်စာ ပျက်စီးယို ယွင်းမည့်နေရာကို လွန်စွာစိုးရိမ် ပူပန်ကြသည်လည်းတကြောင်း။

ဤမဟာလောကမာရဇိန်စေတီတော်ဒါယကာ မာန်အောင်ရတနာစေတီ တော်ဒါယကာတို့ကို ခြင်းရာစုံစေ့ အောက်မေ့သနား တရားသံဝေဂ ဖြစ်ကြသည် လည်းတကြောင်း။

စေတီဒါယကာ မင်းတရားကြီးသည် တိုင်းသူပြည်သား ရှင်လူအများတို့အား ရင်ဝယ်သားကဲ့သို့ ချစ်ခင်သနား တရားသဖြင့် မင်းပြုတော်မူ၍ ရှင်လူတကာ ကိုယ်စိတ်ချမ်းသာလိုလွန့်စွာ အသက်မွေးရပေသော ကျေးဇူးတော်ထူးကို တအေးအေး တငြိမ့်ငြိမ့် တစိမ့်စိမ့် ကြည့်နူးကြသည်လည်းတကြောင်း။

ဘုရားကျေးဇူး တရားကျေးဇူး သံဃာကျေးဇူး မင်းတရားကျေးဇူးကြီးများကို မတိမ်မမြုံး ကြည်နူးရွှက်ဆောင် ပြုစုရက ယခုဘဝပင် ဒိဋ္ဌဓမ္မ သုခပွားများ နိဗ္ဗာန်တရားတိုင် ထင်ရှားမျက်မှောက် ပြုရအံ့ဟု ယုံကြည်စိတ်ချ ရှိကြသည်လည်း တကြောင်း။

သပ္ပုရိသ ကလျာဏအပေါင်း သူတော်ကောင်းတို့နှင့် သောင်းသောင်း ကြွေညာ ဝဲယာဖိုလ်မက် ရှစ်ချက်ထီးဖြူ စိုက်ထူညီးညီး ရွှေတောင်ကြီးဖြင့် ပြည်ကြီးခေမာ အမတအောင်ချာသို့ မဂ္ဂါတူကွ ဆန်လိုကြပါသည်လည်း တကြောင်း။

သို့စသည်ဖြင့် အကြောင်းများကို မနောထား ပဏိဓိ အမြဲဆောက်တည်ရှိကြ သဖြင့် သင်္ဃာသာမိ သင်္ဃာဓိပတိ ပရိယတ္တိဝိသာရဒ လင်္ကာပေသလ သိက္ခာကာမဖြစ် တော်မူသော ဆရာတော်ဘုရားကြီးကို အမှီပြု၍ ရတနာသုံးပါးအမှု၌ ဂရုနစ်လို ကြည်ညိုမြတ်လေးလေ့ရှိသော မြေတိုင်းစာရေးကြီး ဦးအောင်ပန်းနှင့် ဘုရားလူကြီး ဆယ့်ငါးဦးတို့က ဥဿာဟာအရင်းမူလျက် ပြည်သူတို့ ကုသိုလ်တရား တိုးပွားဖြစ်ထွန်း ရှိကြအောင် ရွှက်ဆောင်ဆော်ဘန်ကြပြီးလျှင် စေတီတော်ကြီးတွင် ခရားသီးပန်းဘူး ကစ၍ ရွှေသကၤန်းချလုပ် ကပ်လှူပူဇော်ခြင်း ပိဋ္ဋကတ်ကျောက်စာတွင် တချပ်လျှင် တလုံးတပါဒ စသဖြင့် အစေ့အင ဘတ်ရွတ်ပူဇော်လိုသူ စာတည်းလိုသူ မှုမှန်ရေးကူး လိုသူ ရဟန်းရှင်လူတို့ ဘတ်ရွတ်ကူးယူ ထင်မြင်လွယ်ကူစေခြင်းငှါ အက္ခရာများတွင် မင်လိုက်ထပ် ရေးသွင်းခြင်း ကျောက်စာဂူတော်များတွင် ကုန်စင် ပျက်ပြားသော ဆည်လည်းသံ ထီးတော်များအစား မပျက်မပြားနိုင် ထာဝရကြံ့ခိုင်သော ကျောက်ဖြူထီးထွတ်တင်လှူခြင်း ထီးဘိုးငွေ ၁၀။ မင်ထင်ခ ၅–ဂဲ။ နှစ်ပါးစုငွေ ၁၅–ဂဲ။ ခြီးဝှဲ့ပူဇော်က မည်သည့်မြို့ရွာဒေသနေ မည်သူထပ်မံပြင်ဆင်သောကုသိုလ်ဂူ ဟု ရှင်လူသိကြား ထင်ရှားသိစေခြင်းငှါ ကမ္ဗည်းစာရေးထိုး၍ထားခြင်း စသည်များကို အားသစ်၍ စောင့်ရှောက် ပြင်ဆင်လုပ်ဆောင်ပါသတည်း။

သို့ဖြစ်ပါ၍ အဟိုဟိုသောကမ္ဘာ အဆူဆူသောဘုရားရှင်တို့ သာသနာ၌ အမြွတ်မြွတ်သော မင်းတကာတို့ ပိဋကတ်သုံးပုံဓမ္မက္ခန္ဓာ သေလက္ခရာ တန်ဆာဆင်ထား၍ စေတီကြီးတည်ထားဘူးသည့် မည်သည့်ကျမ်းတွင်မှ မတင်မတွေ့ မင်းတရားကြီးဘုရား ဉာဏ်တော်ထူးကြောင့်သာ ယခုခေတ်ပုဂ္ဂိုလ်ထူးတို့ ကံထူးဖူးတွေ့ကြုံရသော အလွန်လျှင်ဖူးရမြင်ရ ပူဇော်ရခဲလှစွာသော ဤမဟာလောကမာရဇိန် စေတီတော်ကို ကြည်ညိုတော်မူကြ သဖြင့်လည်းကောင်း။

သာသနာတော်–၅၀၀၀ ၏အမြစ်မူလ ဘူတကြီးအစစ် အနှစ်အဆီ အစိုင်အခဲအပေါင်းတို့၏ စုဝေးစုပုံတည်ရှိရာ ပိဋကတ်ကျောက်စာဂူတော် ဓမ္မစေတီတော်တို့ကို ကြည်ညိုတော်မူကြသဖြင့်လည်းကောင်း။

မင်းတရားကြီးဘုရားနှင့် သီပေါရွှေနန်းရှင်ဘုရား အသျှင်နှစ်ပါးအား အောက်မေ့သနား တရားသံဝေဂ ဖြစ်တော်မူကြသဖြင့်လည်းကောင်း။

ဗုဒ္ဓဘာသာ သာသနာဝင် သူတော်စင် သပ္ပုရိသ ကလျာဏမိတ္တတို့သည် ဘဝတိုင်းရေစက်ဆုံ၍ တွေ့ကြုံချစ်ခင်လိုကြသဖြင့်လည်းကောင်း။

လူနတ်နိဗ္ဗာန် သုံးတန်သုခ အတူတကွ ရလိုကြသဖြင့်လည်းကောင်း။ အောက်၌ ပြဆိုရေးသားလျက်ပါရှိသော ပူဇာဒါနဝတ္ထု အစုစုတို့တွင် တခုခုနှစ်သက်တော်မူရာ ဒါယကာအဖြစ် ခံယူလိုသည်ဖြစ်စေ စေတနာပြဌာန်းတော်မူသမျှဖြစ်စေ ဤစေတီတော် ပိဋကတ်ကျောက်စာတော်ဂူတော် ပူဇော်ပြင်ဆင်သော အခမ်းအနားပွဲကြီးတွင် ကုသိုလ်ပါဝင်တော်မူကြပါမည့်အကြောင်း။

## စေတီတော်ကြီးတွင် ပျက်စီးပျောက်ဆုံးသည့်စာရင်း

- ထီးတော်အတွက် စိန်ဘူးဖျားတွင် တပ်ထားသော ပတ္တမြားစစ် ကျောက်နီကြီး – ၁။
- နာယကာရွှေသားဇာတိအချိန် ၇၅– ရှိသော ငှက်မြတ်နားတော်ကြီး – ၁။
- ၄င်းငှက်မြတ်နားတွင် အနားရေး၌ စီတပ်သော ဝဇီရာစိန်စစ်လုံးရေ ၅၀။
- အတွင်းအခံ သံထီးတော်ကြီး – ၁။
- ၄င်းသံပေါက ထပ်၍ကွပ်သော ငွေဘော်သား ဇာတိအချိန် –၂၅၀။

- ငှင်းဘော်ပြားအပေါ်က ထပ်၍ကွပ်သော ရွှေသားဇာတိအချိန် - ၂၅။
- ပန်းဘူးပတ်လည်တွင် ရွှေပြားဝန်း ၁- လျှင် ရွှေချိန် ၁ဝ -၁၃။ -၁၃ဝ။
  ရွှေပြားဝန်းရွှေချိန်
- ငှင်းရွှေပြားဝန်အလယ်တပ်သော ကျောက်နီတော်ကြီး - ၁၃။
- ငှင်းရွှေပြား ၁ လျှင် အနားရေး၌စီတပ်သော နဝရတ်လုံးရေ ၄၅။ ရွှေပြား ၁၃။
  သင့်နဝရတ်လုံးရေ ၅၈၅။
- ခရားသီးရွဲ ၁ လျှင် ရွှေချိန် ၁ စီ ရွဲလုံး ၂၇။ ရွှေချိန် ၂။ ၇ဝ။
- ငှင်းရွဲလုံးအလယ်တွင်တပ်သော ပတ္တမြားကျောက်နီးကြီးလုံးရေ - ၂၇။
- ခရားသီးရွဲ ၁ လျှင် အနားရေး၌တပ်သော နဝရတ် ၄၅။ ၂၇ အကျ ၁၂၁၅။
ငွေဘော်သားဇာတိ တလုံးတပိဿာရှိဆည်းလည်းကြီး ၁၅ သင့်။ အချိန် ၁၅။
ဆည်းလည်းညှောင်ရွက် ၁ လျှင် ရွှေရောင်တင်ဘော်ချိန် ၅။ ၁၅ အချိန် ၇၅။
- နာယကာရွှေတုံးကြီးကဲ့သို့ အထပ်ထပ်မွမ်းချသော ရွှေဆိုင်း - ၃၅။
  ခတ်လုပ်သော ရွှေချိန်။
- စေတီတော်ပတ်လည် ပဋ္ဌမပစ္စယာမ်များတွင် စီထားသော - ၁၅ဝဝဝ။
  ဖလ်အုတ် မှန်အုတ်
- အဖိုးနှစ်သိန်းကျော်တန် စိန်ထီးဖြူတော်ကြီး - ၁။
- အဖိုးတစ်သိန်းကျော်တန် ဗြဟ္မာ့ဥက္ကဌ်တော်ကြီး - ၁။
- အဖိုးသုံးသိန်းကျော်တန် ဗြဟ္မာ့တန်ဆာတော်ကြီး - ၁။
- မင်းမြောက်တန်းဆာ - ၁။
  အဖိုးတရာတန် ဖလ်မီးပဒေသာကြီး - ၈။
  စေတီရံ သံထီးတော် - ၄။
  ကြာသွယ်ပန်းအိုးတွင် သံပန်းခိုင်ကြီး - ၅။
- ရွှေခေါင်းလောင်းတော်ကြီး - ၂။
- စောင်းတန်းစောင့်ကျောက်ဘီလူး - ၄။
  ပေါင်း ----------

## စေတီတော်ကြီးတွင် ကျိုးပဲ့ပျက်စီးယိုယွင်းသည့်စာရင်း

- နတ်စောင်းတန်းစောင့် ကျောက်ဖြူဘီးလူးလုပ် - ၁၂။
- ခြင်္သေ့ကြီးလေးကောင်များမှာ အစွယ်သွား ခြေသည်း -အများ။

လက်သည်းစသည်
- စေတီတော်ပစ္စယာထောင့်မြေ ကျောက်ဖြူငုတ် -အများ။
အုတ်အင်းကတေအနည်း။
- မုခ်တံခါးကြီးအစုံ ၁၂ ခုမှာ နတ်ရုပ်ပန်းဘူး ပန်းနွယ် ရွှေစသည် -အများ။
- အာရုဏ်ခံတန်ဆောင်းတော်ကြီး ကန္နားပြင်း -အများ။
ပေါင်း ------------

## ကျောက်ဂူတော်များတွင် ပျက်စီးပျောက်ဆုံး ယိုယွင်းသည့်စာရင်း

-သံထီးတော် - ၇၃၀။
-ထီးတခုလျှင် ဆည်းလည်းကြီး ၆၊ ၇၊ ၈၊ ၉၊ ၇၃၀ အကျ -၆၅၀၀ ကျော်
-အက္ခရာတွင် မင်ပျက်စီးသော ကျောက်ချပ်ပေါင်း - ၇၃၀။
-တံတိုင်းပြင်ဘက် အလုံးပျက်စီးသော အုတ်ဇရပ်ကြီးပေါင်း - ၁၅။
-အုတ်အင်းကတေ ပျက်ကွာယိုယွင်းသော အုတ်ဇရပ်ကြီးပေါင်း - ၂၁။
ပေါင်း ------------

စေတနာသုံးတန် ထက်သန်ကြည်ညို၍ စေတီတော်ဒါယကာ ပိဋကတ်သုံးပုံဒါယကာ ဓမ္မစေတီဂူတော်ဒါယကာ စသည်ခံလို ကုသိုလ်ဝင်လို ချီးမြှောက်ထောက်ပံ့လိုသော အနီးအဝေးမြို့ကျေးရွာ အစိုးရမင်းအရာရှိ သပ္ပုရိသ ဘုရားတကာ ကျောင်းတကာစသော သူတော်ကောင်းအပေါင်းတို့သည် ကိုယ်တိုင်လာရောက်၍ဖြစ်စေ သင့်ရာလူစေလွှတ်၍ဖြစ်စေ အစိုးရမင်းစာတိုက်တွင် စာအသေအချာ ရေးသား၍ ကုသိုလ်ဝင်လိုသော ဝတ္ထုပစ္စည်းများကို ထည့်သွင်း၍ဖြစ်စေ အောက်စာရင်းပါ ဘုရားလူကြီးများထံ ကုသိုလ်ဝင်လိုကြောင်းနှင့်စာပို့လျှင် ဘုရားလူကြီးတို့က လာရောက်ဆောင်ကြဉ်း၍ဖြစ်စေ စေတီတော်ဒါယကာ ပိဋကတ်သုံးပုံဒါယကာ ဓမ္မစေတီဂူတော်များဒါယကာ စသည်ခံနိုင် ကုသိုလ်ပါဝင်နိုင်ပါကြောင်း။

စေတီတော်ကို သဒ္ဓါကြည်ညို ဖူးမြော်လာရောက်လိုသူများနှင့် ကုသိုလ်ပါဝင်လိုသူအများတို့ တည်းခိုနေနား သုံးဆောင်ရန် တန်ဆောင်းကန္နားပြင်းကွပ်ပျစ် ရေချမ်းစင် နီးကြောသင်ဖြူး အခင်းအနီးများလည်း အခါမပြတ် အသင့်ရှိပါကြောင်း။

ဤမဟာလောကမာရဇိန် အဌုပ္ပတ္တိစာတန်းကို ရေးသားသော အကျွန်ုပ်စာရေးကြီးဦးရာကျော်သည် မိမိအာဘော် အတ္တနောမတိ အထင်အယူရှိသည်များနှင့် ရေးသားရသည်မဟုတ်ပါ ပိဋကတ်ကျမ်းစာ သာသနာလင်္ကာရ, ဒီပဝင်, စူဠဝင်, နလာဋဓာတုဝင်, ဒါဌာဓာတုဝင်, မဟာဝင်စာကိုယ် ၄င်းအဋ္ဌကထာ ဝံသမာလာ ကလျာဏီကျောက်စာ မင်းတရားကြီးဘုရားလက်ထက် စွယ်တော်ပင့်အခမ်းအနား စာတန်းစာ စသော ဓမ္မပဒေသ ဆရာမြတ်တို့ထံမှ ရအပ်သော ဂရုပဒေသများတွင် သိမြင်မှတ်သားမိသမျှ သာသနာ့ဝံသ ဓာတုဝံသ ရာဇဝံသ မူလဘူတ အနွယ်အဆက် အထောက်အကြောင်း ယုတ္တိသာဓကများကို အမှီပြုသဖြင့်လည်းကောင်း။

တာဝတိံသာ နတ်သာမန်တို့ မသိမထင်ရှား နိမ္မိတကိုယ်တော်ပွား အဘိဓမ္မာတရားဟောကြားရစ်၍ ကိုယ်တော်စစ်ဘုရားရှင်သည် အနောတတ္တအိုင်တွင် အရဏ်ခံတော်မူခြင်း မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူခြင်း အနောတတ္တအိုင်မှာ ဆွမ်းဘုဉ်းပေးတော်မူခြင်းစသော ချီးမွမ်းအံ့ဩ ထောမနာ၍မကုန်မဆုံးနိုင်သော အစိန္တေယျဘုရားတန်ခိုးတော် သတ္တဝါဝေနေယျတို့ အကျိုးစီးပွား ပူဇာသက္ကာရများပြားရာ တိုင်းပြည်မြို့ရွာ ဌာနအရပ်သို့ ဒေသစာရီ ကြွချီကိန်းဝပ်မြဲဖြစ်သော ဓာတုအစိန္တေယျတန်ခိုးတော် နိုင်ငံတော်သူ ဟူဟူသမျှတို့၏ ဒုစရိတကမ္မ ဘေဒအလိုတော်မရှိ အမိတချမ်းသာ ခေမာအောင်မြို့သို့ ဆောင်ပို့တိုက်တွန်းတော်မူလေ့ရှိသော မင်းတရားကြီးဘုရား၏ ဘုန်းတော်ဉာဏ်တော်များကို ထောက်ထားမြော်ရှုအကြောင်းပြုသဖြင့်လည်းကောင်း။

သုဒဿနစကြာမင်းကြီး၏ ပတ္တမြားရတနာကဲ့သို့ သဒ္ဓါတရား တိုးပွားကြည်ညိုမင်္ဂလာဖိုလ်ထုတ်ချောက် မျက်မှောက်ပြုနိုင်ကြစေခြင်းအကျိုးငှါ စီကုံးရေးသားပါသည်။

သို့ဖြစ်ပါ၍ သာသနန္တရ မဟုတ်ကြသော ဗုဒ္ဓဘာသာ ကလျာဏမိတ္တသပ္ပုရိသတို့သည် စောဒကနိုက်နဲ့ စည်းလဲငြိုငြင်ခြင်းမရှိ ဣဒ္ဓိအစိန္တေယျဘုရားတန်ခိုးတော်ကိုသာ မကြံအပ်မကြံရာ ပီတိဖရဏာ သာဓုသာဓု အနုမောဒနာ အဘိပ္ပသန္နအစလစေတနာ သဒ္ဓါပွင့်ပန်း ကွန့်ကွန့်လန်းလျက် စာတန်းရေးသားသော အကျွန်ုပ်အား လူရှင်နတ်များ အပြစ်မထား အချစ်ပွား၍ တရားအောင်ဆုပေးတော်မူကြစေကုန်သော်ဝ်။

ဘုရားလူကြီး ၁၅-ဦးအနက် ဤစာရေးသူ ရတနာသိဃ်မြို့ မြောက်လက်

ဆီဆုံကြီးရွာဇာတိ။ ယခုမန္တလေး ရွှေမြို့တော်ရှေ့ပြင် ပဝတ္တိရှိသော စာရေးကြီး ဦးရာကျော်။

မဟာလောကမာရဇိန်စေတီတော်တွင် ရွှေသက်န်းကပ်လှူပူဇော်ရန် ပိဋကတ်တော် ကျောက်စာများတွင် မင်လိုက်ထပ် ရေးသားရန် ကျောက်စာဂူတော် များတွင် ကျောက်ဖြူထီးထွင်မှုတင်လှူရန်မှစ၍ စေတီတော် ပိဋကတ်တော်နှင့်စပ်လျဉ်းသမျှ ကြီးကြပ်ပြင်ဆင်ရန်အတွက် ပြည်သူတို့အား ဘိတ်ကြား နှီးဆော် ကုသိုလ်တော် ပွား ကုသိုလ်ဝင်ငွေခံယူ ခေတ္တထိမ်းသိမ်းထားနိုင်သောအခွင့် အောင်စာပါဂုဏ်သရေရှိ မင်းများကို ဘုရားလူကြီးတို့က လျှောက်ထားကိုယ်စားလှယ် လွဲထားပါသည်။
အတွင်းဝန်လှေသင်းဝန် စလေမြို့စားမင်း။
ညောင်ရွှေစော်ဘွား သခင်ကြီး။
တောင်တရာ့ငါးဆယ်မိုလ် မိုးဗြဲတပ် စစ်ကဲတော်ကြီး။

## ဘုရားလူကြီး ၁၅ ဦးတို့နှင့် အသင်းသဘောတူ ဘုရားလူကြီး စာရင်း

၁။ အရပ်လူကြီး ဘုရားတကာ ဦးချမ်းငြိမ်း။
၂။ ၄င်း သံတော်ဆင့် ဦးဘ။
၃။ ၄င်း တပ်ရေးကြီး ဦးအိုင်။
၄။ ၄င်း စကျင်းဝ မိုလ်ဝ။
၅။ ၄င်း စကိုင်း မိုလ်လုံး။
၆။ အကွက်လူကြီး ဆရာမွန်း။
၇။ ၄င်း ပယ်တော်အုပ် ဦးစုံမြိုင်။
၈။ ၄င်း ဘုရားတကာ ဦးနု။
၉။ ၄င်း ဦးအောင်။
၁၀။ ၄င်း ရွှေထားမိုလ်ကြီး ဦးလုံး။
၁၁။ ၄င်း ဘောင်စာရေးမင်း ဦးနု။
၁၂။ ၄င်း ဆရာဦးထုံး။
၁၃။ ၄င်း မြင်းကလေး မိုလ်မြတ်ထွန်း။

၁၄။ ၄င်း ဘုရားတကာ ဦးပို။
၁၅။ ၄င်း ဦးခက်။
၁၆။ ၄င်း ဦးဆိုင်။
၁၇။ ၄င်း ဦးနီတာ။
၁၈။ ၄င်း ဘုရားတကာ ဦးသဲ။
၁၉။ ၄င်း ဦးဆား။
၂၀။ ၄င်း ဦးထွန်းပေါ်။
၂၁။ ၄င်း ဦးဆိုင်းကြီး။
၂၂။ ၄င်း ဦးဆိုင်းကလေး။
၂၃။ ၄င်း ဦးသောင်း။
၂၄။ ၄င်း ဦးကိုင်း။
၂၅။ ၄င်း ဦးစိ။
၂၆။ ၄င်း မြို့ခံ ဦးပု။
၂၇။ ၄င်း တပယ်မြို့သူကြီး ဦးပြောင်း။
၂၈။ ၄င်း ပန်းထိမ်ဆရာကြီး ဦးချောင်း။
၂၉။ အသျှင်နန်းမတော်ဘုရား စာတော်ရေး ဦးဘော။
၃၀။ တွဲဘက်စာရေးကြီး ဦးရာကျော်။

ပဥ္စမပိုင်း ပြီး၏။

■ ■ ■

# ဒုတိယပိုင်း

## မဟာဇောတိကာရာမ သာသနာဝင်

မဟာဇောတိကာရာမကျောင်းတိုက်သည် မန္တလေးမြို့မြောက်ပြင် ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီး၏ ကောင်းမှုတော် မဟာသကျမာရဇိန်ကျောက်တော်ကြီး မြတ်စွာဘုရား အနောက်ဘက်၌ ကပ်လျှက်တည်ရှိသည်။ မဟာရာမ်တံတိုင်းနှစ်ထပ်ဖြင့် လွန်စွာကျယ်ဝန်းလှ၏။ မင်းကရောစ် စံနန်းတော်ကို ကျောင်းဆောက်လှူဒါန်းသဖြင့် စံကျောင်းတိုက်ဟုလည်း ခေါ်ကြသည်၊ တိုက်တွင်း၌ ယခုအခါ တစ်ထပ်တိုက်နှစ်လုံးနှင့် သစ်သားကျောင်းနှစ်ဆောင်သာ တွေ့ရှိရလေသည်။ မူလက ကျောင်းအရံ နှစ်ဆယ်ကျော်နှင့် ရတနာပုံစံကျောင်းတော်ကြီးတို့ကား သင်္ခါရစက်ကွင်း မလွန်ဆန်နိုင်ကုန်သဖြင့် ပျက်စီးခဲ့လေကုန်ပြီ။

## ရှေးယခင်က စံကျောင်းတိုက်မြင်ကွင်း

ပဋ္ဌမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးလက်ထက်တော်က မဟာဇောတိကာရာမတိုက်ခေါ် စံကျောင်းတိုက်ကြီးသည် လွန်စွာ စည်ကားလှပေ၏။ အလယ်က ငါးရှောင်ငါးဆယ်ဇာတ်လာ ရုပ်လုံးတို့ဖြင့် တန်ဆာဆင်ပြီး စမြင်လေးဘက် လှည့် စနု,ဘောဂ,ဆောင်မ, မာရဂင်ဆီး,ရတနာဘုံစံ အမည်ရှိသော ရွှေကျောင်းတော်ကြီးကို အရံကျောင်းပေါင်း နှစ်ဆယ်ကျော်ဖြင့် တန်ဆာဆင်ထားရာ လွန်စွာမှ ကျက်သရေ ရှိခဲ့ပေမည်။ကျောင်းတိုက်၏ အတွင်း၌ကား ချိုမြိန်သော ရေတွင်းရေကန်တို့ဖြင့် သာယာလှ၏၊ သီးပွင့်စုံလင် သစ်ပင်မျိုးစုံတို့ဖြင်လည်း တင့်တယ်လှလေသည်။ ယင်းကျောင်းတိုက်ကြီး၌ တစ်ထောင်ကျော်သော သံဃာတော်တို့၏ စာကျက်စာဆို စာလှည့်သံတို့မှာလည်း နေ့ညမစဲ ရုတ်ရုတ်သဲမျှရှိ၏။ "သုဒဿနဝရဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇာဂုရု" ဘွဲ့တံဆိပ်တော်ရ စံကျောင်းဆရာတော် အရှင်သုဒဿနသည် မိမိပြုစုသော စူဠဝါပါဠိတော်နိဿယနိဂုံး၌ –

တေနေဝ ဓမ္မရာဇေန၊ သမ္ဗန္ဓသသိလာသယေ။
ဇောတိကာရာမဟ္ဘန္တရေ၊ နာနာဒုမသမာကိဏ္ဏေ။

ကတော သုဝဏ္ဏပါသာဒေ၊ မာလာကမ္မာဒိသောဘိတေ။
ဇာတကာဂတာလင်္ကာတေ၊ ရတနာဘုံစန္တိနာမကေ။

တေနေဝဓမ္မရာဇေန၊ ထိုသာသနာ့ဒါယကာ ပဉ္စမသံဂါယနာတင် မဟာဓမ္မရာဇ်မင်းတရားမြတ်သည်သာလျှင်။ သမ္မန္တသသိလာသယေ၊ ချိုမြိန်သော ရေ၏ တည်ရာဖြစ်သော ရေတွင်းရေကန်ရှိထသော။နာနာဒုမသမာကိဏ္ဏေ၊ အပွင့်အသီးကို ဆောင်သော အထူးထူးသော အပင်တို့ဖြင့်ပြွမ်းထသော။ ဇောတိကာရာမဗ္ဘန္တရေ၊ မဟာဇောတိကာရာမကျောင်းတိုက်ကြီးအတွင်း၌။ ကတော၊ ဆောက်လုပ်အပ်သော။ မာလာကမ္မာဒိသောဘိတေ၊ ခြူးပန်းခြူးနွယ်စသည်တို့ဖြင့် တင့်တယ်သော။ ဇာတကာဂတာလင်္ကာတေ၊ ငါးရာ့ငါးဆယ်ဇာတ်၌လာသော အရုပ်မျိုးစုံတို့ဖြင့် တန်ဆာဆင်အပ်သော။ ရတနာဘုံစန္တိနာမကေ၊ မဟာရတနာဘုံစံဟူသော အမည်ရှိသော။ သုဝဏ္ဏပါသာဒေ၊ ရွှေပြာသာဒ်ကျောင်း၌။

ဟူသော ပါဠိဂါထာ အနက်မြန်မာတို့ဖြင့် မဟာဇောတိကာရာမစံကျောင်းတိုက်ကြီးနှင့် ရတနာဘုံစံကျောင်းတိုက်ကြီးတို့၏ တင့်တယ်ပုံသာယာပုံတို့ကို ဖွဲ့ဆိုပြတော်မူခဲ့လေသည်။

## သမိုင်းအကျဉ်း

ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် သက္ကရာဇ် ၁၂၂၀-ပြည့်နှစ် နယုန်လဆန်း ၄-ရက်နေ့တွင် စံကျောင်းမတည်မီ စံကျောင်းတိုက်အတွက် မိမိငယ်ဆရာဖြစ်သော “စန္ဒိမာဘိသိရီဓဇပဝရ မဟာဓမ္မရာဇာဓိရာဇာဂုရု” ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား သီတင်းသုံးရန် ယာယီကျောင်းတော်ကို ဆောက်လုပ်ပြီးလေသဖြင့် လှူဒါန်းရန်အဖွယ်အရာများနှင့် အတွင်းဝန်သံတော်ဆင့် တို့ကို ကျောင်းအပ် တင်လှူတော်မူလေသည်[၁] ။

ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် အမရပူရမြို့ တည်သော အခါ အင်းဝမြို့နန်းတော်ကို ရွှေ့ပြောင်း၍ ရေနန်းတည်တော်မူသည်။ မန္တလေးမြို့ တည်သောအခါ နောက်ထပ်တဖန် ယင်းရေနန်းတော်ကို ရွှေ့ပြောင်း၍ မဟာဇောတိ

---

၁။ ကုန်းဘောင်ဆက်။ ၃။ ၂၆၇-ကြည့်။

ကာရာမကျောင်းတိုက်ဝန်းအတွင်း ကျောင်းအရံနှစ်ဆယ်ကျော်နှင့်တကွ ရတနာဘုံစံ အမည်တပ်၍ လေးဖက်စမြင်လှည့် စနု,ဘောဂ,ဆောင်မ,မာရဂင် ဆီးကျောင်းတော်ကြီးကို ဆောက်လုပ်စေ၍ ကြီးကျယ်စွာ ကျောင်းလှူတ်ပူဇော်ပွဲ ကျင်းပ၍ မိမိဆရာရင်း "စန္ဒိမာဘိသိရီဓဇ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်စန္ဒိမာအား–

က္ကမံ ဘန္တေ မဟာထေရ၊ စက္ခုဒ္ဒယရသာယနံ။
နေကပါသာဒဘူသိတံ၊ အာရာမံ သမ္ပဋိစ္ဆတု။

ဆရာတော်အရှင်သူမြတ်ဘုရား ဆရာတော်ဘုရားသည် စက္ခုဒ္ဒယ ရသာယနခေါ်ရလောက်အောင် လှပတင့်တယ်လှသော ပြာသာဒ်ပေါင်းများစွာတို့ဖြင့် တန်ဆာဆင်အပ်သော မဟာဇေတိကာရာမကျောင်းတိုက်အရံကြီးကို လက်ခံတော်မူပါဘုရား–မြွက်လျှောက်ထား၍ ရွှေကရားဖြင့် ရေစက်သွန်းချ လှူဒါန်းတော်မူခဲ့လေသည်။

ယင်းကျောင်းတိုက်ကြီးကား သာသနာတော်တွင် အလွန်ထင်ရှားလှ၏။ ယင်းကျောင်းတိုက်ထွက် ရဟန်းပညာရှိတို့ကား တိတိကျကျ ဂဏန်းထိုးမပြနိုင်အောင် များလှကုန်၏။

■ ■ ■

# "စန္ဒိမာဘိသိရီဓဇပဝရမဟာဓမ္မရာဇာဓိရာဇာဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်စန္ဒိမာ

ဆရာတော်အရှင်စန္ဒိမာသည် ပဥ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးနှင့် အိမ်ရှေ့ကနောင်မင်းသားကြီးတို့၏ ကန့်ကူလက်လှည့် ဆရာရင်းဖြစ်တော်မူသည်။

ပခန်းမြို့ ကြက်မောက်ရွာ၌ သက္ကရာဇ်-၁၁၆၀-ကျော်ခန့်လောက်တွင် ဖွားမြင်တော်မူခဲ့လေသည်။အရွယ်ရောက်သော် ရှင်ရဟန်းပြုကာ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

## ပညာသင်ကြားခြင်း

ဆရာတော်လောင်းလျာသည် ''သူရိယာဘိဝံသာဘိသိရီပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ သဲအင်းသာသနာပိုင် ဆရာတော်ထံတွင် ရောက်ရှိ၍ စာပေသင်ကြား တတ်မြောက်တော်မူခဲ့လေသည်။

## မင်းတုန်းနှင့် ကနောင်တို့ပညာသင်

ခမည်းတော် သာယာဝတီမင်းတရားကြီးက သဲအင်းသာသနာပိုင်ဆရာတော်ထံ မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့အား ငယ်စဉ်က ပညာသင်ရန် အပ်နှံသောအခါ ဆရာတော်အရှင်စန္ဒိမာသည် သဲအင်းဆရာတော်ဘုရားကြီး၏ အမိန့်တော်အရ ပညာသင်ပေးတော်မူခဲ့ရလေသည်။

## ရာဇာဓိရာဇာဂုရုဘွဲ့တံဆိပ်

သက္ကရာဇ်-၁၂၁၆ခုနှစ်က မင်းတုန်းမင်းတရားကြီးသည် ဆရာတော် ဦးဥေယျအား ''ဥေယျဓမ္မာဘိမုနိဝရညာဏကိတ္တိသိရီဓဇဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု''ဘွဲ့တံဆိပ်ဆက်ကပ်၍ သာသနာပြုအပ်တော်မူစဉ် ဆရာတော် ဦးစန္ဒိမာသည် ''စန္ဒိမာဘိသိရီဓဇပဝရ မဟာဓမ္မရာဇာဓိရာဇာဂုရု'' ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

## အိမ်ရှေ့မင်းက ဆရာတော်အရှင်စန္ဒိမာအား သာသနာပိုင်ခန့်လို

မင်းတုန်းတရားက ဆရာတော်အရှင်ဥေယျအား သာသနာပြုအပ်တော်မူလို သော် ညီတော်အိမ်ရှေ့မင်းသည်လည်း နောင်တော်မင်းတရားကြီး မင်းအဖြစ်သို့ ရောက်အောင် သက်စွန့်ကြိုးပမ်းဆောင်ရွက် သယ်ပိုးတော်မူသဖြင့် မင်းတရားကြီး အား လွန်စွာကျေးဇူးဥပကာရများလှသော ညီတော်ရင်းဖြစ်လေသည်။စိတ်နှလုံး တော် တင်းမာခက်ထန်ကြွပ်ဆပ်၍ သတ္တိဗျတ္တိလည်း ရှိလှသည်။ ထို့ကြောင့် ညီတော် အိမ်ရှေ့မင်းက ဖော်ပြပါကန့်ကူလက်လှည့် ငယ်ဆရာအရင်းဖြစ်တော်မူ သော ဆရာတော်အရှင်စန္ဒိမာအား သံဃာ့ဦးကိုင် သာသနာပိုင် သာသနာပြုအပ် တော်မူလိုသည်။ ယင်းသို့ဖြင့် ညီနောင်၂–ပါး အလိုမတူဖြစ်ခဲ့ကြလေသည်။

မင်းတရားကြီးသည် အရှင်မိဖုရားခေါင်ကြီးကိုလည်းငဲ့ရ ညီတော်အိမ်ရှေ့ မင်းသားကိုလည်း ငဲ့ရနှင့် ကြောင့်ကြဗျာပါရတွေများနေလေသည်။ညီတော်အိမ်ရှေ့ မင်းသားကို သိမ်မွေ့စွာ ချော့မော့ဖြားယောင်း သွေးဆောင်တော်မူရလေသည်။ "ညီခင် ငါတို့ဆရာက ရိုးသားလွန်းလှသည် လောကဦမကျွမ်းကျင် ဓမ္မဦသာ ကျွမ်းကျင်တော်မူလေသည် သာသာနာပိုင်နှင့် မသင့်လျော်ပါ၊ မမရဲ့ဆရာတော်က လောကဓမ္မအဝဝ၌ ကျွမ်းကျင်လိမ္မာ ချက်ချာသွက်လက်သည် ထို့ကြောင့် မမ၏ ဆရာတော်အား သာသနာပြုအပ်နှင်းတော်မူကြစို့ ညီခင် စိတ်နှလုံးတော် အလိုမကျ မသာမယာ မချမ်းမသာမရှိပါလေနှင့် ငါတို့ဆရာတော်ကို သာသနာပိုင်ဘွဲ့မှ တပါး ညီခင် အလိုရှိသမျှ ချီးမြှောက်တော်မူလေတော့"ဟု မိန့်တော်မူလေသည်။

## မယားပါ သာသနာပိုင်ပါကွယ်

ယင်းသို့နောင်တော်မိန့်ကြားချက်ကို အလိုတော်ကားမကျပါချေ သို့ရာတွင် မည်သို့မျှ မလျော့ကံ့သဖြင့် ရှေ့တော်မှထွက်ခဲ့ပြီးလျှင် မှူးတော်မတ်တော်တို့ရှေ့၌ "ငါတို့ဆရာတော်ကား ရိုးသားလွန်းသောကြောင့် သာသနာပိုင်အဖြစ်နဲ့ မသင့်လျော် ဘူးတဲ့၊ မမဆရာတော်က သွက်လက်ချက်ချာ လိမ်မာပါးနပ်သောကြောင့် သာသနာ ပိုင်အဖြစ်နှင့် သင့်လျော်သတဲ့ ရိုးသားသောကြောင့် သာသနာပိုင်ကိစ္စကို မဆောင် ရွက်နိုင်တော့ဘူးတဲ့လား၊ သာသနာပိုင်အနီးအပါးမှာ ခိုင်းစေစရာ ရဟန်းပညာရှိ လူပညာရှိတွေ မရေမတွက်နိုင် လောက်အောင် များစွာရှိကုန်၏။ သည်ပုဂ္ဂိုလ်တွေကို

နိုင်းစေဆောင်ရွက်လျှင် ဘယ်ကိစ္စမဆို ပြီးစီးနိုင်သည်။ သို့ဖြစ်လျှက် ငါတို့ဆရာတော်ကို သာသနာပိုင်မမြှောက်နိုင်ဘူး။ မမ၏ဆရာတော်ကိုသာ သာသနာပိုင် မြှောက်မည်တဲ့၊ "မယားပါသာသနာပိုင်ပါကွယ်"ဟု ညည်းညူမိန့်ကြားခဲ့သတတ်။ မိဖုရားခေါင် ကြီးက ဆရာတော်အရှင်ဥေယျကိုမှ သာသနာပိုင်ခန့်ရန် ပြင်းထန်လှသဖြင့် မင်းတရားကြီးနှင့် အိမ်ရှေ့မင်းတို့၏ဆရာ အရှင်စန္ဒိမာမှာ သာသနာပိုင်အဖြစ်နှင့် လွဲခဲ့ရလေသည်။

## မဟာဇောတိကာရာမ ကျောင်းတိုက်ကြီးအလှူခံ

ဆရာတော်အရှင်စန္ဒိမာသည် သက္ကရာဇ် ၁၂၂၀–ပြည့်ကပင် မဟာဇောတိကာရာမစံကျောင်းမတည်မီ စံကျောင်းတိုက်အတွင်း သီတင်းသုံးရန် မင်းမြတ်တင်လှူသော ကျောင်းကို အလှူခံတော်မူပြီး နောက်တွင်မှ ကျောင်းရန်နှစ်ဆယ်ကျော်နှင့် တကွ ရတနာဘုံစံရွှေကျောင်းကြီးဖြင့် တင့်တယ်လှသည့် မဟာဇောတိကာရာမတိုက်ဟု သမုတ်အပ်သည့် စံကျောင်းတိုက်ကြီးကို အလှူခံတော်မူလေသည်။ သာသနာပိုင် မဟုတ်သော်လည်း သာသနာပိုင်လောက်နီးနီး မင်းမြတ်၏ချီးမြှောက်ထောက်ပံ့ခြင်းကို ခံယူတော်မူရလေသည်။

## စွယ်တော်ပင့်ဆောင်ခဲ့

သက္ကရာဇ် ၁၂၂၃–ခုနှစ်တွင် ရွှေမြို့တော်သို့ စွယ်တော်ပွား ပင့်ဆောင်လာ၍ ရွှေမြို့တော်သို့ ဖောင်တော်ဆိုက်ကပ်လျှင် ယင်းသည့်နယုန်လဆန်း (၁၄) ရက်နေ့တွင် ဝင်းအခင်းအကျင်း ပွဲသဘင်များနှင့် ရောဝတီမြစ်ကနေပြီး စွယ်တော်မြတ်ကိန်းဝပ်သည့် ရတနာပန်းတောင်း ဓာတ်တော်ကိန်းဝပ်သည့် မြကွမ်းခွက်တော်များကို ရတနာထမ်းစင်တော်ထက် တင်ဆောင်၍ "စန္ဒိမာဘိသိရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ စံကျောင်းဆရာတော် အရှင်စန္ဒိမာက ပိုက်ပွေ့တော်မူလျှက် ပင့်ဆောင်ခဲ့ရလေသည်။ ၄င်းစွယ်တော်ပွားနှင့် ဆင်းတုတော်များကို မဏ္ဍလာရာမတိုက်ပြသာဒ်၌ ခေတ္တကိန်းဝပ်စေတော်မူပြီး ၁၂၂၃–ခု တပေါင်းလပြည့်ကျော် (၁) ရက်နေ့တွင် မဟာလောကမာရဇိန် ဒုတိယဌာပနာတိုက်၌ ဌာပနာထည့်သွင်း ပူဇော်ခဲ့ကြလေသည်[၁] ။

---

၁။ ကုန်းဘောင်ဆက်။ ၃။ ၂၈၀။

## စာပြန်ပွဲ ကြပ်မတ်ရ

ဆရာတော်အရှင်စန္ဒိမာသည် မြေနန်းတော် လက်ဝဲလက်ယာဆောင်တို့၌ ကျင်းပသည့် ဝိနည်းစာပြန်ပွဲများတွင် သာသနာပိုင်ဆရာတော် ပြည်ဆရာတော် ပုသိမ်ဆရာတော်တို့နှင့်အတူ နေရာတော်ရှေ့နေ၍ စာကြပ်မတ်ရလေသည်[၁] ။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

မင်းတုန်းမင်းနှင့်ကနောင်အိမ်ရှေ့မင်းသားကြီးတို့ဆရာ "စန္ဒိမာဘိသိရီဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဦးစန္ဒိမာသည် သက္ကရာဇ် ၁၂၂၄- ခုနှစ် တပေါင်းလ၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်[၂] ။

## သံဝေဂယူရန်

သဗ္ဗေ ခယန္တာ နိစယာ၊ ပတနန္တာ သမုဿယာ။
သဗ္ဗေသံ မရဏာမာဂမ္မ၊ သဗ္ဗေသံ ဇီဝိတမဒ္ဓုဝံ[၃] ။

သဗ္ဗေနိစယာ၊ သိုမှီးသိမ်းထားအပ်သမျှ ဥစ္စာအားလုံးတို့သည်။ ခယန္တာ၊ တနေ့နေ့တွင် ကုန်ဆုံးပျက်စီးခြင်းလျှင် အဆုံးရှိကုန်၏။ သမုဿယာ၊ စပ်ကာချုပ်ထား ခန္ဓာငါးပါးတို့သည်။ ပတနန္တာ၊ တစ်နေ့နေ့တွင် ကျွေမှပျက်စီးခြင်းလျှင် အဆုံးရှိကုန်၏။ သဗ္ဗေသံ၊ သန္ဓေစွဲကာ တည်ဖြစ်လာသော သတ္တဝါအားလုံးတို့၏။ မရဏံ၊ စုတိပြတ်ကြွေ သေလွန်ရခြင်းကို။ အာဂမ္မ၊ စွဲ၍။ သဗ္ဗေသံ၊ စွဲလာသန္ဓေ တည်ကာ ဖြစ်လာ သတ္တဝါအားလုံးတို့၏။ ဇီဝိတံ၊ အသက်ဇီဝိန်သည်။ အဒ္ဓုဝံ၊ ပုံသေမုချ မမြဲလေစွတကား။

---

၁။ ကုန်းဘောင်ဆက်။ ၃။ ၂၈၈။
၂။ ဆရာတော်အရှင်စန္ဒိမာ၏သက်တော်မှာ ၇၀ ပတ်ဝန်းကျင် ဖြစ်လိမ့်အံ့ဟု မှန်းဆမိ၏။
၃။ နေတ္တိပါဠိ။ ၁၂၅။

## ကြီးကျယ်လှသော ရှာပန

မင်းတုန်းမင်းကြီးက မိမိနှင့်ညီတော်မင်းသား၏ ဆရာအရင်းဖြစ်သဖြင့် အခမ်းအနားကြီးကျယ်စွာ လုပ်ဆောင်သင်္ဂြိုဟ်ရမည်ဟုအမိန့်တော်နှင့် သင်္ဂြိုဟ် အရပ်မှာ စံကျောင်းတော် အရှေ့တောင်ယွန်းယွန်း မဟာရာမ်တံတိုင်းအတွင်း အထူးအဆန်း အကြီးအကျယ် အာလိန်ငါးဆင့်လောင်တိုက်ပြုလုပ်ပြီးလျှင် နန်းမြေ ဘုံသာ စံနန်းတော်မှ စံကျောင်းတော်သို့ အရှင်နှစ်ပါး ထွက်တော်မူ၍ နှောင်းတန်ခူး လပြည့်ကျော် (၈)ရက်နေ့တွင် သင်္ဂြိုဟ်တော်မူလေသည်။ ဆရာတော် အရှင်စန္ဒိမာ ၏ရှာပနတွင် ပင့်သံဃာပေါင်း တစ်သောင်းတို့အား ဒါတဗ္ဗဝတ္ထုအမျိုးမျိုးတို့ကို မင်းတရားသည်လှူဒါန်းတော်မူခဲ့သည့်အပြင် ထီး–ဖျာ–ထောင် ပြသာဒ်တစ်ထောင် ခြံရံကျင်းလျှက် ကိုယ်တော်တိုင်ကြပ်မတ်၍ သင်္ဂြိုဟ်တော်မူခဲ့ရာ အကြီးကျယ်ဆုံး သာဓုကီဠနသဘင်ကြီး ဖြစ်ခဲ့လေသည်။

## စလေဦးပုည၏ ငိုချင်းလေးပုဒ်

ထိုစဉ်က စာဆိုတော် စလေဆရာကြီးဦးပုညသည် ငိုချင်းလေးပုဒ် ရေးသား သီကုံး၍ ပူဇော်ခဲ့ရာ ဤသို့ရေးသား ဖော်ပြအပ်ပါသည်။

(၁) သခင်လေ၊ အောင်မြေနဂရ၊ ကပ္ပိလမှာ၊ ဥက္ကာကနတ်၊ သားသြရဉ် လျှင်၊ မုက္ခပါဋ္ဌအရောင်၊ ဝါဝါငယ်ပြောင်သည့်၊ ညာတောင်ဇမ္ဗူ၊ ရှစ်ဆိုင်းငယ်မိုးလို့၊ စိုးတော်မူသည့်၊ တဆူနန်းလယ်၊ သမ္မတဘုန်းလျှံ၊ ကပ်ဦးစံတဲ့သမ္ဘိန်နွယ်မှာ၊ နှစ်သွယ်ထီးရိုး၊ လှည့်ပေါက်မပြင်၊ ရာဇဝင်ဖြင့်၊ ဥကင်စိုးလို့ မျိုးသိဒ္ဓတ္ထ၊ သာကီဝင် ဇာတ်၊ သိက္ခာတော်မြတ်ပါတဲ့၊ နတ်ဘုံကြွကြောင်း၊ စငယ်မှာထွေလာ၊ ဆယ်ခိုင် ရုပ်ပါတဲ့၊ လက်အုပ်ကြာကို၊ ချီကာမြှောက်ကပ်လိုက်ပဲ့မယ်၊ တုသိတာနယ်၊ ဘုံပြာသာဒ်က၊ တပတ်ကယ်လှည့်လယ်၊ နားဝယ်ဆင်တော်မူလှဲ့လား။ ။ ရွှေမန်း ရယ်ပြည်သူ၊ ဆွမ်းဦးငယ်လှူသည့်၊ ဒါယကနန်းငယ်တဲ့လေး ။ ။ ဘုန်းဘုရား။

(၂) သခင်လေ၊ ရစ်ခွေသလ္လာ၊ မြသီတာနှင့်၊ ရောရံကြွ ၊ အုဋ္ဌစတုရန်း၊ ချိုးခိုနန်းနှင့်၊ ရွှေမန်းမြို့မှာ၊ လွမ်းပို့ထူးသည်၊ စံတည်မယွင်း၊ ကိုးအင်းကိုးကုံး၊ ဂူကိုးလုံးနှင့်၊ ထုံးငယ်သနစ်၊ ကိုးကျိုးငယ်ရစ်သည်၊ ကိုးဆစ်ကယ်အင်းရံ၊ ကိုးတန် ကိုးပြွန်၊ တသွန်ကိုးထီး၊ သမိုင်းငယ်ဝင်သည်၊ အင်းကိုးစီးနှင့်၊ မင်းကြီးစောမည်၊ လက်ရုံးအနန်နှင့်၊ ဗိမာန်ငယ်တည်၊ ဆက်ရှည်စလျား၊ ရွှေခန်းငယ်မှိုင်းမို့၊ ဂုဏ်မချို့

သည့်၊ မြို့မြောက်ပါးက၊ ဆန်းပြားငယ်သီသညာ၊ သဲဖြူငွေစင်၊ ချောင်းရေရှင်နှင့်၊ လွမ်းပင်ငယ်ပေါက်ပါတဲ့၊ ကြက်မောက်ရွာကို၊ ဆရာဘုန်းလျှံ မင့်ပါပဲ၊ မျက်နှာလွှဲသို့ နတ်ပွဲငယ်စံ၊ ဘုန်းပျံ့စိမ်းခဲ့ပြီးတကား။ ရွှေမန်းငယ်မှပြည့်ရှင်၊ နန်းဥကင်မှာ ရွှေပင်စိုက်ပါတဲ့၊ မကိုဋ်ဖျာလေး။

(၃) သခင်လေ၊ ချက်ကြွေဇာတိ၊ ရွှေခန်းငယ်မင်္ဂလာ၊ ကြက်မောက်ငယ် သာသည့်၊ ရွာသီရိမှာ၊ မွေးမိမယ်တော်၊ ခမည်းတော်တို့၊ စံပျော်နဂိုရ်၊ ရေညိုဝန်း ယှက်၊ ကျွန်းတဘက်နှင့်၊ ရွှေချက်သိုက်ကို၊ ပုဂ္ဂိုလ်များနောင်၊ ထွဋ်ဘုန်းခေါင်ငယ်၊ မရှောင်သင့်ပါ၊ သန္ဓေမူလ၊ နာလန္ဒဟု၊ မိဘရွာကို၊ လက်ျာတော်နေ၊ ထေရ်ဘုန်း ဝေလည်း၊ စက်ရွှေကွန့်မြူး၊ မယ်တော်ထံကို၊ ပြန်လာဘူးပါတဲ့၊ ကျေးဇူးသခင်၊ တို့ထိပ်တင်မှာ၊ မိခင်ပျော်ရင်း၊ ချက်တော်သပါတဲ့၊ မူလရင်းကို၊ အလျင်းမပြန်၊ ရွှေနှုတ်တော်ခွန်းမြွက်၊ ညွှန်းမဆက်ပဲ၊ ဖောင်မင်္ဂကိုစီးလို့၊ ပြည်ကြီးကိုဆန်၊ စိတ်ခံ ဘယ့်နှယ်ရှိလိမ့်မယ်၊ တကယ်စင်စစ်၊ မယ်တော့်ရွာကို၊ မလာဖြစ်လည်း၊ တနံ့တစ် ကယ်ရှင်ပင်၊ ရစ်ဝန်းငယ်ရော၊ သာထက်သာတဲ့၊ ကွမ်းရွာတွင်လည်း၊ ရုပ်ရှင်တော် မြတ်၊ သရက္ခန်နှစ်၊ နံ့သာစစ်တဲ့၊ သကျစ်နတ်ကို၊ သတ္တပတ်ကြာ၊ ဆယ်ဖြာညွှတ် ယှက်၊ တမွတ်ကယ်ဆက်လို့၊ ဝတ်တက်ကယ်လာ၊ ဒေသာစံမြန်းခဲ့ သင့်ပါတယ်၊ ဘုန်းကြွက်ငယ်မှထွဋ်တင်၊ စည်သူ့ရှင်နှင့်၊ မြဝက်ပါ၊ ညိုပြာမှိုင်းမှောင်၊ သုံးဆယ့်သုံး ဖြာ၊ ကျောက်သေလာငယ်၊ ခွေကာရယ်ခပါတဲ့၊ ရှင်မတောင်မှာ၊ ဘုန်းခေါင်တစ်ဆူ၊ သည့်ပြင်မူလည်း၊ ရွှေကူဆင်ကြီး၊ တန်ဖိုးဝှန်းချောင်း၊ ပျံ့ပျံ့ငယ်လောင်းသည်၊ ဓာတ်ပေါင်းမဋ္ဌူ၊ ဘုန်းလူသခင်၊ ရွှေမြင်တင်နှင့်၊ ရှင်ပင်သကျ၊ ရွှေမြင်တဟု၊ သရီရဓာတ်ပုံ၊ အလုံးစုံကို၊ ကြည်ယုံငယ်မှ၊ သဒ္ဓါဝတ်တက်ပြီးမှ၊ နတ်ထီးရယ် ကာသည်၊ နတ်ရွာပြန်သင့်သည်တကား။ ရွှေမန်းငယ်မှပြည့်ရှင်၊ ဥကင်မှာ၊ ပလ္လင် ဦးကစိန်ဖူးငယ်တင်သည်၊ မျက်ရှင်လိုယွန်းပါတဲ့၊ တကျွန်းသွားလေ။

(၄) သခင်လေ၊ မန်းမြေသာစွ၊ နန်းဌာနမှာ၊ ဘဝဦးကိုင်၊ ကြင်နှန်းပိုင်က၊ ရွှေဆိုင်ပတ္တမြား၊ သာကီယဘော်၊ ထီးရိပ်ပျော်တဲ့၊ သားတော်များကို၊ ဆယ်ပါးရစ်ပုံ၊ တတ်မျိုးစုံအောင်၊ အာဂုံလေ့ကျက်၊ အရည်မနိမ့်၊ သင်စေစိမ့်ဟု၊ မိန့်တော်မူ ခေတ်နှင့်၊ အပ်ဆက်ကယ်ကိုးကွယ်၊ ဇမ္ဗူလယ်မှာ၊ ဆွယ်မနှိုင်းသာ၊ ကံတဒေသ၊ စံကေငါဆရာဟု၊ ရတနာဗိမာန်၊ ဝေဇယန်လည်း၊ မတန်ရာတတ်၊ ကိုးမျက်ကယ် ချယ်ရံ ပြာသာဒ်ပျံနှင့်၊ စံကျောင်းတော်မြတ်ကို၊ လျှောက်ပတ်တင့်တယ်၊ သမ္မာတော်

ရင့်၊ ဘုန်းကိုးငယ်ပင့်လို့၊ ချီးမြှင့်တယ်၊ မန်းစွယ်ငယ်မျှရိပ်လှုံ၊ သားမျိုးပေါင်းစုံတဲ့၊ ကျောင်းရွှေဘုံမှာ၊ အာရုံချမ်းမြေ့၊ သက္ကရာဇ်ဆန်း၊ နှစ်သစ်ငယ်လှမ်းရုံမျှ၊ မန်းတောင်ရှေ့မှာ၊ မဖွေ့ရာရ၊ ရွှေနှလုံးတော်၊ ရှင်မပျော်သည်၊ စိုက်ခေါ်တ၍၊ ပြည်မအောင်ချာ၊ ကုသိန္နာမှာ၊ မဟာမုနိန်၊ မာရဇိန်လည်း၊ ပြက္ခဒိန်သစ်၊ ကဆုန်ခေတ်တွင်၊ ကေရာဇ်တကာ၊ နတ်ပြဟ္မာတို့၊ ညီညာပျော်၊ ဟိုနိဗ္ဗာန်နန်းမော်၊ စံမြန်းပျော်တဲ့၊ ရုပ်တော်ကိုလျှင်၊ သဂြိုဟ်သော့နှင်၊ ကိုးတရာရံ၊ ဗိုလ်ရှုခံနှင့်၊ ထွင်မှုစမ္ပယ်၊ ကျွန်းလုံးဇမ္ဗူ၊ လိုက်ဆူကျော်ခြောက်၊ ပွဲတင်ပေါက်အောင်ချီးမြှောက်တယ်။ နေသွယ်ဥက္ကာ၍၊ ပြည်ကြီးနတ်နှင့်၊ သမသတ်စက်ဝန်း၊ လနှယ်ထွန်းသည့်၊ ညာနန်းသခင်၊ တေဇာငယ်ဖြိုးလေ၊ တန်ခိုးငယ်ကြွေသည်၊ အိမ်ရှေ့ရှင်နှင့်၊ မဟာဝန်အစုံ၊ ဗိုလ်ပုံရုံပေါင်း၊ ရှင်ပင်ပျော်တဲ့ စံကျောင်းတော်ကို၊ ကွန့်ညောင်းငယ်မှုစကြာ၊ အောင်တပ်တော်နှင့် ဖူးမျှော်ကယ်လာသည်၊ ဆရာရှုပါအုံးတော့လား။ မင်္ဂငြိမ်းငယ်ဆိုက်အောင်၊ သံဃာ့ဘောင်မှာ၊ တန်ဆောင်လိုညီးပါတဲ့၊ ထီးတစ်ပါးလေး[၁] ။

## အရိုးစေတီ တည်ထားကိုးကွယ်

ဆရာတော်အရှင်စန္ဒိမာ၏ ရုပ်အလောင်းတော်ကို မီးသဂြိုဟ်ပြီး အရိုးများကို ဌာပနာ၍ မဟာဇောတိကာရာမတိုက်၏ အရှေ့တောင်ထောင့် အလယ်မဟာရံအတွင်း စေတီတည်ထားခဲ့လေသည်။ တဖန် တောင်ဆောင်တော်မိဖုရားဟောင်းက အရိုးအိုးစေတီကိုမျို၍ အုဋ္ဌရိုးသိမ်ပြသာဒ်တည်လုပ်ရာ ပြီးပြေသဖြင့် ၁၂၄၀-ပြည့်နှစ် နတ်တော်လဆန်း(၆) ရက်နေ့တွင် တောင်ဆောင်တော်မိဖုရားဟောင်းနှင့် သမီးတော်မိုးညှင်းမြို့စားမင်းသမီးတို့ အရိုးအိုးသိမ်ပြသာဒ်သို့ထွက်၍ ရေစက်သွန်းချကြကုန်၏။

## ဂုဏ်သတင်းသာကျန်ရစ်ခဲ့

ဆရာတော်အရှင်စန္ဒိမာကား မဟာဇောတိကာရာမစံကျောင်းတိုက်ကို စတင်တည်ထောင်သူအဖြစ်, မင်းတရားနှင့်အိမ်ရှေ့မင်းတို့၏ ဆရာအဖြစ်စသည့် ဂုဏ်သတင်းမျှသာလျှင် ကျန်ရစ်လေတော့သည်။

ဘဒ္ဒန္တစန္ဒိမာ ထေရော၊ ဇောတိကာရာမဣသရော။
မဟာပုညော မဟာစေရော၊ ဂုဏောဘာသောဝသေသကော။

---

၁။ ကဗျာသင်္ဂဟမေဒနီ။ ၂၃၀-၂။

## မေဓာဝီဘိဝံသသဒ္ဒမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု
## စသည့်ဘွဲ့တံဆိပ်တော်(၃)ထပ်ရ
## ဆရာတော်ဘုရားကြီး အရှင်မေဓာ (ပြည်ဆရာတော်)

ဆရာတော်သည် မုံရွာခရိုင် ဗုတလင်မြို့နယ် အဝင်အပါ ညောင်ကန်ရွာ၌ အဖ–ဦးဖြူ၊ အမိ–ဒေါ်ညွန့်တို့မှ သက္ကရာဇ် ၁၁၅၀–ပြည့်နှစ်၌ ဖွားမြင်တော်မူခဲ့လေသည်။ ပြည်ဆရာတော်ဟူ၍လည်းကောင်း၊ မင်္ဂလာရာမဆရာတော်ဟူ၍လည်းကောင်း လွန်စွာထင်ရှားတော်မူသည်[၁]။

ဝိသုဒ္ဓိမဂ်နိဿယ၊ အဘိဓာနီနိဿယ၊ ဋီကာကျော်နိဿယ အစရှိသော ကျမ်းပေါင်းများစွာ တို့ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။

''မေဓာဝီဘိဝံသသဒ္ဒမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု''စသည့်ဘွဲ့တံဆိပ် သုံးထပ်ကို လည်း အလှူခံရရှိတော်မူသည်။

## မဟာဇောတိကာရာမတိုက်အလှူခံ

သက္ကရာဇ် ၁၂၂၅– ခုနှစ် တန်ဆောင်မုန်းလတွင် ပဉ္စမသံဂါယနာတင် မင်းတရားကြီး၏ မဟာဇောတိကာရာမတိုက် ရတနာဘုံစံကျောင်းတော်ကြီးကို တင်လှူကိုးကွယ်ခြင်း ခံတော်မူရလေသည်။ မဟာဇောတိကာရာမတိုက်ကို အလှူခံပြီး ရွှေပြောင်းသီတင်းသုံးတော်မူရာ ငါးလခန့်အကြာ ၄င်းနှစ် တန်ခူးလဆန်း ၁၃– ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

ယမေကရတ္တိံ ပဌမံ၊ ဂဗ္ဘေ ဝသတိ မာဏဝေါ။
အဗ္ဘုဋ္ဌိတောဝ သော ယာတိ၊ သဂစ္ဆံ န နိဝတ္တတိ။

ယံယော မာဏဝေါ၊ အကြင်သတ္တဝါသည်။ ကေရတ္တိံ၊ တည့်ညဉ့်၌။ ဝါ၊

---

၁။ အကျယ် မင်္ဂလာရာမ သာသနာဝင်ကြည့်။

တစ်ညဉ့်ပတ်လုံး။ ပဌမံ၊ ရှေးဦးအစ ပဋိသန္ဓေခဏာ၌။ ဂဗ္ဘေ၊ အမိဝမ်းတိုက်၌။ ဝသတိ၊ စွဲပိုက်သန္ဓေ တည်နေ၏။ သောမာဏဝေါ၊ ထိုသတ္တဝါသည်။ အဗ္ဘုဋ္ဌိတောဝ၊ တက်လာသောမိုးတိမ်တိုက်ကဲ့သို့။ ယာတိ၊ တရွေ့ရွေ့သွားရရှာ၏။ ဂစ္ဆံ၊ သေရန် ရှေးရှု၍ တသွားတည်း သွားရရှာသော။ သောမာဏဝေါ၊ ထိုသတ္တဝါသည်။ နနိဝတ္တတိ၊ တအောင့်တခဏ တဆံချဉ် တနာရီမျှ မဆုတ်နစ်ပါချေ။

■ ■ ■

# သုဒဿနဓမ္မသာမိမဟာဓမ္မရာဇာဓိရာဇဂုရု
# သုဒဿနဓဇအေတုလာဓိပတိသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု
# ဘွဲ့တံဆိပ်တော် (၂)ထပ်ရ
# ဆရာတော် အရှင်သုဒဿန

ဆရာတော်အရှင်သုဒဿနသည် သာသနာတော်၌ လွန်စွာထင်ရှားတော်မူသည့် ဆရာတော်ဖြစ်တော်မူလေသည်။ ပရိယတ္တိဖက်၌ လွန်စွာမှထူးချွန်တော်မူသည့် ပရိယတ္တိသာသနာပြု ပုဂ္ဂိုလ်ထူးလည်း ဖြစ်တော်မူလေသည်။ "မဟာဇောတိကာရာမ" စံကျောင်းတိုက်ကြီး၏ တတိယမြောက်ဆရာတော်လည်း ဖြစ်တော်မူသည်။ ဆရာတော်အရှင်သုဒဿနလက်ထက်တော်၌ စံကျောင်းတိုက်သည် အစည်ကားဆုံးဖြစ်လေသည်။

## ဖွားမြင်တော်မူခြင်းစသည်

ဆရာတော်သည် မြင်းခြံခရိုင် နွားပြင်းရွာ၌ သက္ကရာဇ် ၁၁ဂုဂု-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂-ရက် သောကြာနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ မိဘတို့၏ဇာတိမှာ ပခန်းကြီးမြို့ ကျေးလက်ဖြစ်သည်။ မိဘတို့၏ ဇာတိကိုစွဲ၍ ဆရာတော်ကျော်ကြားသောအခါ ပခန်းဆရာတော်ဟူ၍လည်း နာမည်တော်တွင်ခဲ့လေသည်။ ဆရာတော်လောင်းလျာ၏ ငယ်မည်မှာ မောင်ရွှေသာဖြစ်လေသည်။

## ထူးခြားသောလက္ခဏာ

ဆရာတော်လောင်းလျာ၌ ထူးခြားသောလက္ခဏာမှာ ဦးခေါင်းထိပ်တည့်တည့်တွင် ဆံပင်ခြောက်ပင်ခန့် ဥဒေါင်းစွန်းကဲ့သို့ ထောက်လျှက်ရှိသည်ဟု ကြားဘူး၏။ ၎င်းကား ဘုန်းသမ္ဘာကြီးခြင်း၏ အမှတ်နိမိတ်ပင်တည်း။

## သဲအင်းသာသနာပိုင်ထံ မိဘတို့အပ်နှံ

သူရိယဝံသာဘိသိရီပဝရာလင်္ကာရ ဓမ္မသေနာပတိမဟာဓမ္မ ရာဇာဓိရာဇဂုရုဘွဲ့ တံဆိပ်တော်ရ သဲအင်းသာသနာပိုင်ဆရာတော်ဘုရားကြီး မြင်းခြံမြို့သို့ သာသနာရေးကိစ္စဖြင့် ကြွလာတော်မူရာ မြင်းခြံသဘော်ဆိပ်တွင် မိဘတို့က

၁၂-နှစ်သားအရွယ်ခန့်သာရှိသေးသော စံကျောင်းဆရာတော် လောင်းလျာ မောင်ရွှေသာကို သဲအင်းသာသနာပိုင် ဆရာတော်ကြီးထံ အပ်နှံလိုက်ကြလေသည်။ သဲအင်းသာသနာပိုင်ဆရာတော်ဘုရားကြီးက သာမဏေဝတ်ပြီး တဆင့်တပည့် မောင်းထောင်ဆရာတော်အရှင်ဥေယျထံ စေလွှတ်အပ်နှံတော်မူလေသည်။ သာမဏေဘွဲ့မှာ ရှင်သုဒဿနဖြစ်လေသည်။

## မန်းကျီးသီထောင်းနိုင်းရမည့် ကိုရင်မဟုတ်

သဲအင်းသာနာပိုင်ဆရာတော်ဘုရာကြီးသည် မန်းကျည်းသီးစိမ်းထောင်းကို အလွန်ကြိုက်နှစ်သက်တော်မူသည်။ မန်းကျည်းသီးစိမ်းထောင်းနှင့် ဆွမ်းဘုဉ်းပေးရလျှင် ဆွမ်းတော်တော်များများ ဘုဉ်းပေးတော်မူနိုင်လေသည်။ တနေ့တွင်မိမိ၏ တပည့် မောင်းထောင်ဆရာတော် အရှင်ဥေယျထံ သဲအင်းသာသနာပိုင်ဆရာတော်ကြီး ကြွလာတော်မူသဖြင့် စံကျောင်းဆရာတော်လောင်းလျာ သာမဏေအား မန်းကျည်းသီးထောင်းနိုင်းရာ သဲအင်းသာသနာပိုင်ဆရာတော်ကြီးက ဆရာတော် အရှင်ဥေယျအား "ဥေယျ--- မင်း သည့်ကိုရင်ကို ဘာပြုလို့ မန်းကျည်းသီးထောင်းနိုင်းရသလဲ သည့်ကိုရင်ဟာ မန်းကျည်းသီးထောင်းနိုင်းရမဲ့ ကိုရင်မဟုတ်ဘူး"ဟု မိန့်တော်မူလေသည်။

## ပညာသင်ကြားခြင်း

ဆရာတော်သည် သူရိယဝံသာဘိသိရီပဝရာလင်္ကာရ ဓမ္မသေနာပတိမဟာ ဓမ္မရာဇာဓိရာဇဂုရုဘွဲ့ တံဆိပ်တော်ရ သဲအင်းသာသနာပိုင်ဆရာတော်ဘုရားကြီးနှင့် ဥေယျဓမ္မာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော် ဥေယျဓမ္မာဘိဝံသသိရီ ပဝရာလင်္ကာရ ဓမ္မသေနာပတိမဟာဓမ္မ ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်နှင့် ဥေယျ ဓမ္မာဘိမုနိဝရဉာဏကိတ္တိသိရီဓဇဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဒုတိယမောင်းထောင်သာသနာပိုင်ဆရာတော်ဘုရားကြီး၊ ပညာဇောတာဘိသိရီပဝရ ဝိဇယာလင်္ကာရ ဓမ္မသေနာပတိမဟာဓမ္မရာဇာ ဓိရာဇဂုရု စသောဘွဲ့တံဆိပ်တော်ရ ဒုတိယဖားကရားသာသနာပိုင်ဆရာတော်ဘုရားကြီးတို့ထံ ဗျာကရိုဏ်းကျမ်းများနှင့်တကွ ပိဋကတ်ကျမ်းဂန်များကို သင်ယူတတ်မြောက်တော်မူခဲ့လေသည်။

ဆရာတော်အရှင်သုဒဿနသည် မိမိပြုစုသော စူဠဝါပါဠိတော်နိဿယ

ဂန္ဓာရမ္ဗ၌ ဆရာသခင် ကျေးဇူးရှင်သုံးပါးတို့ကို–

**သောဟဇ္ဇံ သံဃရာဇာနံ၊ ဘူခါပဟောနုပတ္တဋ္ဌံ။**
**သူရိယာဒိကနာမံပိ၊ ဂရုံ နမာမိ သာဒရံ။**

**ဂန္ဓဏ္ဏဝေသု ပါရဂုံ၊ ဒွိက္ခတ္တုံ သံဃရဇ္ဇဂုံ။**
**ဥေယျာဝမ္မ သိဿံ တဿ၊ ပိယသီလံ သုပုညဝံ။**

**သံဃရာဇံ မဟာပုညံ၊ ပညာဇောတံ မမာစေရံ။**
**ဘာတုရာဇာနုသာသဋ္ဌ၊ ဝန္ဒာမဿ မဟာသိဿံ။**

ဟူသော သုံးဂါထာဖြင့် ရှိခိုးဦးချ ပဏာမပြုတော်မူခဲ့လေသည်။

## ရဟန်းဘဝ ဒုလ္လဘ

စံကျောင်းဆရာတော်လောင်းလျာ အရှင်သုဒဿနသည် သက်တော်၂၀– တွင်“မုနိန္ဒာဘိဝံ ဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ရ စလင်းသာသနာပိုင်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝဒုလ္လဘသို့ ရောက်တော်မူခဲ့လေသည်။ ထို့ကြောင့်စူဠဝါပါဠိတော်နိဿယ ဂန္ဓာရမ္ဘ၌ပင် မိမိဥပဇ္ဈာယ် စလင်းသာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်မုနိန္ဒကို –

**မဟာဂဏံ မဟာဉာဏံ၊ မဟာရညာ မမာယိတံ။**
**မဟာပါလံ မမုနိန္ဒံ၊ မမုပဇ္ဈမဟံ နမေ။**

ဟူသောဂါထာဖြင့် ဝစီပဏာမ ပြုတော်မူခဲ့လေသည်[၁]။

## စာပေပို့ချခြင်း စသည်

ဆရာတော်အရှင်သုဒဿနသည် အမရပူရမြို့တော် မဟာဝိဇိတာရုံတိုက် သာသနာပိုင်ဆရာတော် အရှင်ဥေယျထံ၌ ကြာမြင့်စွာသီတင်းသုံး၍ စာပေပို့ချတော်မူခဲ့လေသည်။ သာသနာပိုင်ဆရာတော်ကြီး၏ သာသနာမှုရေးရာများကိုလည်း ကူညီဆောင်ရွက်တော်မူခဲ့လေသည်။

---

၁။ မမုနိန္ဒံ–၌ မေမုနိန္ဒံ–ဟု ပဒစ္ဆေဒပြု၊ ကြေရာ၌ အ–ရောက်၍ မမုနိန္ဒံ– ပြီးစေ။ (စူဠဝါနိဿယအမှာ)။

သာသနာပိုင် မောင်းထောင်ဆရာတော်ကြီး ၁၂၁၆– ခုနှစ်က ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော နတ်ရဲတောင်ဘုရား ပူဇော်ကြွတော်မူစဉ်က ဆရာတော်အရှင်သုဒဿန ပါဝင်ခဲ့လေသည်။ လောကမာရဇိန်စေတီတော်ကြီး အရှေ့မျက်နှာမုခ်အဝင် လက်ျာပထမကျောက်ထီးတလက်ကိုလည်း စိုက်ထူလှူဒါန်းခဲ့လေသည်။

၁၂၁၉–ခုနှစ် နတ်တော်လဆန်း ၅–ရက်နေ့တွင် မန္တလေးမြို့တော်သစ် မဟာ ဝိသုတာရာမတိုက်တော်၌ သာသနာပိုင်ဆရာတော်ကြီးနှင့်အတူ လိုက်ပါသီတင်းသုံးတော်မူခဲ့လေသည်။

## ကျေးတောင်ဦးတောကျောင်း ဣန္ဒသာလတောရကျောင်းတို့၌ သီတင်းသုံးတော်မူခြင်း

စစ်ကိုင်းမြို့မြောက်ဖက် ကျေးတောင်ဦးတောကျောင်းနှင့် မင်းကွန်းမြောက်ဖက် အုန်းသဇင်ရွာ ဣန္ဒသာလတောရကျောင်းတို့၌လည်း ကိန်းအောင်းစံပျော်တော်မူလျှက် သန့်စင်ချမ်းမြ သီလလေးမည် နှင်းရေကြည်ကဲ့သို့ မြူနယ်မနှောက်မပြောက်မကျား ခြောက်ပါးဣန္ဒြေ လုံခြုံစေလျှက် နှစ်ထွေဘာဝနာကို ပွားများအားထုတ်တော်မူခဲ့လေသည်။

## မဟာဇောတိကာရာမ စံကျောင်းတိုက်ကြီး အလှူခံ

ဆရာတော်အရှင်သုဒဿနသည် သက္ကရာဇ် ၁၂၂၇–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅–ရက်နေ့တွင် မင်းမြတ်၏ ရွှေမြို့တော်မြောက်ပြင် မဟာဇောတိကာရာမတိုက် ရတနာဘုံစံကျောင်းတော်ကြီးကို တင်လှူခြင်းခံရလေသည်။ ထိုစဉ်ဆရာတော်အရှင်သုဒဿနအား အရံသံဃာတော်ငါးဆယ်နှင့်တကွ မြတောင်မြို့စားသေနတ်ဝန်ကြီး, လောင်းရှည်မြို့စားဝန်ကြီး၊ ရွှေတိုက်ဝန် အတွင်းဝန် ကောလင်းမြို့စားတို့၏ အလှူတန်းများနှင့်တကွ စံကျောင်းတော်သို့ သွားရောက်တင်လှူကြရကုန်၏။

## ဘွဲ့တံဆိပ်များ အလှူခံရရှိတော်မူခြင်း

သက္ကရာဇ် ၁၂၁၇–ခုနှစ် ပဌမဝါဆိုလပြည့်ကျော် ၁၄–ရက်နေ့တွင်

မင်းတုန်းမင်းတရားကြီး ဆက်ကပ်လှူဒါန်းအပ်သော "သုဒဿနဝရဓမ္မသာမိမဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူလေသည်။ တဖန် ၁၂၄၆-ခုနှစ် တော်သလင်းလတွင် မာရ်အောင်ရတနာစေတီတော် ဒါယကာ သီပေါမင်းတရား ဆက်ကပ်လှူဒါန်းအပ်သော "သုဒဿနဓဇ အတုလာဓိပတိ သိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

## ဘုရင်နှင့် မိဖုရားတို့ရှီးမြှောက်

ဆရာတော်သည် ဘုရင်နှင့်မိဖုရားတို့တည်အပ်သော ဆွမ်းကို ဘုဉ်းပေးတော်မူရသည်။ ရံဖန်ရံခါ နန်းတော်တွင်းသို့ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူ၍ ဘုရင်နှင့်မိဖုရားတို့အား တရားဓမ္မဟောတော်မူရလေသည်။မိဖုရားကြီးနေမကောင်းစဉ်ကနေ့စဉ်ကြွ၍ ပရက္ကမဆရာတော်၊ မင်္ဂလာရာမဆရာတော်၊ သစ်ဆိမ့်ဆရာတော်၊ ဝိစိတ္တာရာမဆရာတော်၊ မဟာဝိဇိတာရာမဆရာတော်၊ မဟာသဒ္ဓမ္မဇောတိကာရာမဆရာတော်တို့နှင့်အတူ ပဋ္ဌာန်းတရားတော်၊ ဗောဇ္ဈင်သုတ်ပါဠိတော်၊ မဟာသတိပဋ္ဌာန်သုတ်ပါဠိတော်တို့ကို ရွတ်ဖတ် ဟောကြားတော်မူခဲ့ရလေသည်။

အန္ဓေပုရမှိ သော ဂန္ဒာ၊ ထေရော ထိရေသု သဏ္ဌိတော။
ဓမ္မာမတေန တောသေတိ၊ ရာဇာနံ ရာဇမာနကံ။

## မင်းတုန်းမင်းလက်ထက် သုဓမ္မဆရာတော်များတွင်ပါဝင်

ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် သာသနာပိုင်ဆရာတော်အပြင် သုဓမ္မာဆရာတော်ရှစ်ပါး ခန့်အပ်တော်မူ၍ သာသနာပိုင်ဆရာတော်နှင့် တိုင်ပင်၍ သာသနာတော်ကိုသုတ်သင် သန့်စင်တော်မူခဲ့လေသည်။ ထိုသုဓမ္မာဆရာတော်ရှစ်ပါးအနက် စံကျောင်းဆရာတော် အရှင်သုဒဿနလည်း ပါဝင်ခဲ့လေသည်။ သာသနာပိုင်ဆရာတော် ပျံလွန်တော်မူပြီးနောက် သုဓမ္မာဆရာတော်များဖြင့် သာသနာတော်ကို သုတ်သင် သန့်စင်တော်မူခဲ့လေသည်။

## သီပေါမင်းလက်ထက် သာသနာပြု ၁၂-ပါးတွင် ပါဝင်ပြန်ခြင်း

ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီး နတ်ရွာစံပြီး သက္ကရာဇ် ၁၂၄၀ ပြည့်နှစ်တွင် သားတော်သီပေါမင်းတရားသည် သာသနာပြု သုဓမ္မာဝင် ၁၂-ပါး ခန့်အပ်တော်မူ၍ သာသနာပြုစေတော်မူခဲ့လေသည်။ ၄င်း ၁၂-ပါးတွင်လည်း စံကျောင်းဆရာတော်အရှင်သုဒဿန ပါဝင်ခဲ့လေသည်။

## သီပေါမင်း၏ သုဓမ္မာဝင်ခန့်အပ်လွှာ

ငါအသျှင် ကေရာဇ်မင်းမြတ်သည်လည်း သာသနာပြုမင်းကောင်းမင်းမြတ်တို့ ဖြည့်ကျင့်မြဲရွက်ဆောင်မြဲ ရာဇပြကတေ့ ဓလေ့ထုံးစံနှင့်အညီ သာသနာတော်မြတ်သုံးပါး ပြန့်ပွားစည်ပင်ကြောင်းများကို အထူးသဖြင့် ရွက်ဆောင်တော်မူလိုသောမနောပဏိဓိ ရှိတော်မူသည်နှင့်အညီ ခမည်းတော်ပဥ္စမသံဂါယနာတင် မင်းတရားကြီးဘုရား ရွေးချယ်ခန့်အပ်တော်မူခဲ့သော–

၁။ မဟာဝိသုတာရာမဆရာတော်
၂။ မဏ္ဍလာရာမဆရာတော်
၃။ မင်္ဂလာရာမဆရာတော်
၄။ စံကျောင်းဆရာတော် (၄င်းဆရာတော်ကြီး ၄–ပါးတို့တွင်)
၅။ မဟာခေမိကာရာမဆရာတော်
၆။ တောင်တော်ဆရာတော် (၂–ပါးသွင်း၍ ဆရာတော်ကြီး ၆–ပါး)
၇။ သက်ပန်းဆရာတော်
၈။ လှထွေဆရာတော်
၉။ ပခန်းဆရာတော်
၁၀။ ဝိစိတ္တာရာမဆရာတော်
၁၁။ မဟာဝိဇိတာရာမဆရာတော်
၁၂။ မဟာဓမ္မဇောတိကာရာမဆရာတော်

ခြောက်ပါးနှစ်ရပ် တံဆိပ်တော်ရ ဆရာတော် တစ်ကျိပ်နှစ်ပါးတို့ကို သာသနာပြု သုဓမ္မာဝင်အပ်တော်မူသည်။ ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း သီတင်းသုံးနေသည့် ရဟန်းသံဃာတော်တွင် ဓမ္မကံကြောင်းအလျှောက် ဆုံးဖြတ်စီရင်ရန်ရှိသည်များကို သာသနာပြု သုဓမ္မာဝင် ဆရာတော်တစ်ကျိပ်နှစ်ပါးတို့က ဆုံးဖြတ်စီရင်မြဲ ဆုံးဖြတ်စီရင်စေ။ ဘဝရှင်မင်းတရားကြီး အမိန့်တော်ရှိသည် အမိန့်တော်ပြန်တမ်းကိုလည်း ထုံးစံရှိရာ သုဓမ္မာတွင် နာခံတော် နေမျိုးမင်းထင်ကျော်ခေါင် ပြန်ဆိုစေသည်[၁] ။

---

၁။ ကုန်းဘောင်ဆက်၊ ၃။ ၄၉၀။

## သာသနာ့အရေးအခင်းများဆောင်ရွက်

စံကျောင်းဆရာတော်အရှင်သုဒဿနသည် ယင်းသို့မင်းနှစ်ဆက်တိုင်တိုင် သုဓမ္မာဝင်သာသနာပြုခန့်အပ်ခြင်းကို ခံရသည့်အလျှောက် သာသနာရေးနှင့် စပ်သည့် အမှုကြီးငယ် အသွယ်သွယ်ကို မရိုမကပ် ဆောင်ရွက်တော်မူခဲ့သဖြင့် ဆရာတော်၏ကောင်းသတင်းဂုဏ်သည် ယနေ့တိုင် ပျံ့နှံ့ခဲ့လေသည်။

## စာပေပို့ချခြင်း

ဆရာတော်မှာ သုဓမ္မာဝင်သာသနာရေးကိစ္စများဖြင့် လွန်စွာအလုပ်များလျက်ရှိ၏။ သို့ရာတွင် စာပေပို့ချမှုကိစ္စကို လစ်ဟင်းမှုများမပေးပဲ စာပေကို ကြိုးစားပို့ချတော်မူခဲ့လေသည်။ ယင်းသို့စာပေကျမ်းဂန်တို့ကို ကြိုးစားပို့ချမှုကြောင့် ပညာတတ်တပည့်အပေါင်း မြောက်များစွာ ပေါ်ထွန်းခဲ့လေသည်။ ၎င်းတို့မှာ–

၁။ ကိုယ်တော်အရှင်လက္ခဏ၊
၂။ မကုဋာရာမဆရာတော် အရှင်ခေမိန္ဒ၊
၃။ ရွှေရေးဆောင်မိုင်းနိုင်ဆရာတော် အရှင်ပဏ္ဍိတ၊
၄။ ဝိနည်းဂဏ္ဌိကျမ်းကြီးများကို ပြုစုခဲ့သော အရှင်ပဏ္ဍိတ၊
၅။ တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဝိသုဒ္ဓ၊
၆။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ လယ်တီဆရာတော်ဘုရားကြီး အရှင်ဉာဏ၊
၇။ မြင်းခြံမြို့အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မင်းကျောင်းဆရာတော်ဘုရားကြီး အရှင်ဝိစာရ၊
၈။ ပခုက္ကူမြို့ သဲပုံစေတီယတောင် ဆရာတော်ဘုရားကြီး ဦးကြည်၊
၉။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ချမ်းသာကြီးဆရာတော်ဘုရားကြီး အရှင်ပဏ္ဍဝ၊
၁၀။ ပဌကျော်ဆရာကြီး ဦးအုန်း စသည်တို့ဖြစ်ကုန်၏။

## မိုင်းနိုင်အရှင်ပဏ္ဍိတက ချီးကျူးထောမနာ ဝစီပဏာမပြု

ဖော်ပြပါ တပည့်ရင်းချာ ပုဂ္ဂိုလ်များအနက် ရွှေရေးဆောင်မိုင်းနိုင်ဆရာတော်မှာ သာမဏေဘဝဖြင့် စံကျောင်းဆရာတော်ကြီးထံ မင်းကွန်းဖက်၍ သီတင်းသုံးစဉ် ရောက်ရှိ၍ ပညာသင်ကြားခဲ့သည့် တပည့်ရင်းဖြစ်၍ စံကျောင်းဆရာတော်ထံ၌

ကျမ်းပေါင်းမျိုးစုံအောင် သင်ကြားတတ်မြောက်ခဲ့ရသည်။ ရဟန်းခံသောအခါတွင်လည်း ဥပဇ္ဈာယ်ဖြစ်ခဲ့လေသည်။ စံကျောင်းဆရာတော်၏ ဗျတ္တိဗလဟူသမျှသည် မိုင်းခိုင်းအရှင်ပဏ္ဍိတဖြစ်လာသည်ဟု ဆိုရလောက်အောင် နည်းစုံရခဲ့လေသည်။ မိုင်းခိုင်ဆရာတော် အလုံအရှင်ပဏ္ဍိတက မိမိ၏ တိပိဋကဝိနိစ္ဆယကျမ်းကြီး၏ ဂန္ထာရမ္ဘ၌---

**မဟာဝီရံ မဟာဉာဏံ၊ မဟာရညာ မမာယိတံ။**

**မဟာပါလံ မဟာလဋ္ဌံ၊ မမုပဇ္ဈမဟံ နမေ[၁] ။**

မဟာဝီရံ၊ မယိမ်းမယိုင် ကျောက်စာတိုင်သို့ မြဲမြံခိုင်ပြီး ကြီးမြတ်သော သမာဓိလည်းရှိထသော။ မဟာဉာဏံ၊ ချက်ချင်းခဏ ရှုကာမျှဖြင့် စူးရှသက်ဝင် သိမြင်နိုင်သည်ဖြစ်၍ ကြီးမြတ်သော ဉာဏ်ပညာရှိထသော။ မဟာရညာ၊ မိဖုရားခေါင်ကြီးနှင့်တကွ ရတနာပုံ ပဋ္ဌမမြို့တည်နန်းတည် ပဉ္စမသံဂါယနာတင် မင်းတရားကြီး, သားတော်သီပေါမင်းတရားမြတ်တို့သည်။ မမာယိတံ၊ မရက်မစက် စုံမက်မြတ်နိုးကိုးကွယ်တော်မူအပ်သော။ မဟာပါလံ၊ အသက်ပမာ ကောင်းစွာစောင့်ရှောက်အပ်သော စတုပါရိသုဒ္ဓိသီလ အာစာရပဋိပတ် အကျင့်မြတ်ရှိထသော။ ဝါ၊ တုမနိုင်းဖွယ် ကြီးကျယ်သော ကိုယ်၏စောင့်စည်းခြင်း နှုတ်၏စောင့်စည်းခြင်းရှိထသော။ မဟာလဋ္ဌံ၊ များမြတ်သော "သုဒဿနဝရ ဓမ္မသာမိမဟာဓမ္မရာဇာဝိရာဂုရု" ဟူသော ပထမတံဆိပ်တော် "သုဒဿနဓဇအေတုလာဓိပတိ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဒုတိယဘွဲ့တံဆိပ်တော်ရှိထသော။ မေ-ငါ၏။ ဥပဇ္ဈံ ဥပဇ္ဈာယ်ဆရာ ဓမ္မာစရိယအထူး ကျေးဇူးရှင်ဖြစ်တော်မူသော စံကျောင်း ဆရာတော်ဘုရားကြီးကို။ နမေ၊ ရှိသေစွာ ရှိခိုးပါ၏။ နမိတွာ၊ ရှိခိုးပြီး၍။ ဟူသော အနက်မြန်မာပြန်တို့ဖြင့် ဝစီပဏာမ ပြုတော်မူခဲ့လေသည်။

---

၁။ ၄င်းဂါထာသည်ပင်လျှင် စံကျောင်းဆရာတော်၏ စူဠဝါပါဠိတော် နိဿယပဏာမ အသွားအတိုင်း ရေးသားထားလေသည်။ စူဠဝါပါဠိတော် နိဿယလာ ဥပဇ္ဈာယ ပဏာမ ဂါထာကား-

**မဟာဂဏံ မဟာဉာဏံ၊ မဟာရညာ မမာယိတံ။**
**မဟာပါလံ မမုနိန္ဒံ၊ မမုပဇ္ဈမဟံ နမေ။** ဖြစ်လေသည်။

## တောင်ခွင်သာသနာပိုင်ကလည်း ချီးကျူး၍ ပဏာမပြု‌ခဲ့

"ဝိသုဒ္ဓသီလာစာရသိရီပဝရဓမ္မသေနာပတိ" ဘွဲ့တံဆိပ်တော်ရ တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီးကလည်း မိမိ၏ ဂုဏ္ဍတ္ထဝိနိစ္ဆယဂန္ထာရမ္မ၌-

**သုဒဿနာဒိလဉ္ဆိတံ၊ ပရိယတ္တိဝိသာရဒံ။**
**သောဟဇ္ဇံ ဒုတိယာစေရံ၊ ပုညဝံ ဗဟုဝါစကံ။**

ပရိယတ္တိဝိသာရဒံ၊ ပရိယတ်၌ ရွံရှာခြင်းကင်း ရဲရင့်ခြင်းလည်းရှိထသော။ သောဟဇ္ဇံ၊ ကောင်းသောစိတ်နှလုံးလည်းရှိထသော။ ပုညဝံ၊ ဘုန်းလည်းရှိထသော။ ဗဟုဝါစကံ၊ များစွာသောဂိုဏ်းသံဃာအပေါင်းတို့အား ပရိယတ္တိဓမ္မကို ပို့ချတော်မူပေတတ်ထသော။ သုဒဿနာဒိလဉ္ဆိတံ၊ သုဒဿနစသော ဘွဲ့နာမံတံဆိပ်လည်းရှိထသော။ ဝါ၊ သုဒဿနဝရဓမ္မသာမိ မဟာဓမ္မရာဇာဓိ ရာဇဂုရု ဟူသော ဘွဲ့တံဆိပ်တော်နာမံလည်း ရှိထသော။ ဒုတိယာစေရံ၊ နှစ်ကြိမ်မြောက် ဓမ္မာစရိယဖြစ်တော်မူသော စံကျောင်းဆရာတော်ကြီးကိုလည်းကောင်း။ သိရသာ၊ ဦးဖြင့်။ အာဒရံ၊ ရိုသေစွာ။ ဝန္ဒိတွာ- ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဟူသော ပါဠိအနက်မြန်မာပြန်စကားရပ်တို့ဖြင့် ချီးကျူးဩဘာသောမနာ၍ ဝစီပဏာမပြုတော်မူခဲ့လေသည်။

## စံကျောင်းတပည့်များသာများခဲ့

ကုန်းဘောင်ခေတ်နောက်ပိုင်းနှင့် အင်္ဂလိပ်ခေတ်ဦးပိုင်းက ဘုရားမြတ်စွာသာသနာတော်၌ ပိဋကတ်တတ်ပညာရှင်တို့ကား ယေဘုယျအားဖြင့် စံကျောင်းဆရာတော်၏ ဗျတ္တိဗလနှင့်စပ်သော စံကျောင်းဆရာတော်၏ တပည့်များသာဖြစ်ကြောင်း -

**သာသနေ ဒါနိ ယေနေကေ၊ ဓမ္မဝိနယကောဝိဒါ။**
**ယဿ ပဘာဝ နိဗ္ဗတ္တါ၊ သဗ္ဗေ တေ ပါယသော ဇနာ။**

- ဒါနိ=ဣဒါနိ၊ ယခုအခါကာလ၌။ သာသနေ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်အတွင်း၌။ အနေကေ၊ များစွာကုန်သော။ ယေဇနာ၊ အကြင်နဝမဋ္ဌမထေရဖြစ်ကုန်သောရဟန်းတို့သည်။ ဓမ္မဝိနယကောဝိဒါ၊ သုတ် အဘိဓမ္မာ ဝိနည်းကျမ်းဂန်တို့၌ လိမ္မာကျွမ်းကျင် တတ်မြောက်ကြကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော၊ တေဇနာ၊

ထိုသုတ်အဘိဓမ္မာ ဝိနည်းကျမ်းဂန်တို့၌ လိမ္မာကျွမ်းကျင် တတ်မြောက်သူ ဟူသမျှတို့သည်။ ပါယသော-ယေဘုယျေန၊ များသောအားဖြင့်။ ယဿ၊ အကြင် ငါတို့ကျေးဇူးရှင် သုဒဿနဝရဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်နာမံ ရှိတော်မူသော စံကျောင်းဆရာတော်ဘုရားကြီး၏။ ပဘာဝနိဗဒ္ဓါ၊ ဗျတ္တိဗလတည်း ဟူသော အကြောင်းရင်းရှိ မူလရှိကြကုန်သည်သာလျှင်တည်း[၁]။ ဟူ၍ လယ်တီဆရာတော်ဘုရားကြီးက ပါရမီဒီပနီကျမ်းနိဂုံး၌ ဖော်ပြတော်မူခဲ့လေသည်။

## ပိဋကတ်အကြပ်အမ ဆရာတော်ဖြစ်ခဲ့ရခြင်း

စံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿနသည် အမရပူရမြို့တော် မဟာဝိဇိတာရာမ ကျောင်းတိုက်၌ သီတင်းသုံးစဉ် ၁၂၁၈-ခုနှစ်က မင်းတုန်းမင်းတရားကြီး၏ ပိဋကတ်တော်များကို ရွှေရေး မင်ရေး ကညစ်ရေးတို့ဖြင့် ပေထက်ရေးကူးစဉ် ပွဲသဘင်ကြီး၌ ပိဋကတ်အကြပ်ဆရာတော်အဖြစ် အခြားဆရာတော်ကိုးပါးနှင့်အတူ သာသနာပိုင် ဒုတိယမောင်းထောင်ဆရာတော်ဘုရားကြီး၏ အမိန့်အရ ဆောင်ရွက်တော်မူခဲ့လေသည်[၂]။

## တောရကျောင်း၌ သီတင်းသုံး တရားအားထုတ်

စံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿနသည် ဖေယျာပူရမည်သော စစ်ကိုင်းမြို့မြောက် ကျေးတောင်ဦးက္ကန္ဒသာလတောရကျောင်း၌လည်း သီတင်းသုံး၍ တရားအားထုတ်တော်မူခဲ့ဘူးလေသည်။ ယင်းသို့တောရကျောင်း၌ သီတင်းသုံးစဉ် ကုဋီအဆုံးအဖြတ်ကို ပြုစီရင်တော်မူခဲ့လေသည်။

အရညဝိဟာရေသု ပိ၊ ဝိသုဒ္ဓဉာဏိကော ဝိဒ္ဓါ။
ဝသိတွာန ဝါသဓုရ - ပူရဏံ သာဒရံ အကာ။

---

၁။ ပါရမီဒီပနီ။ ၂၁၁။ ၂၁၂။
၂။ မန္တလေးသာသနာဝင်- ၂။ ၇၇။

## ကျမ်းဂန်ပြုစုတော်မူခြင်း

စံကျောင်းဆရာတော်ဘုရားကြီးအရှင်သုဒဿနသည် ကျမ်းဂန်များစွာကို လည်း ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ–

၁။ စူဠဝါပါဠိတော်နိဿယ
၂။ ဓမ္မသင်္ဂဏီပါဠိတော်နိဿယ
၃။ ကင်္ခါစုဒ်စောဒနာ
၄။ ဋီကာကျော်ကျမ်းရိုး
၅။ ဋီကာကျော်စုဒ်စောဒနာ
၆။ ဒုစ္စရိတဝိနိစ္ဆယ
၇။ ဒွိသန္တကဝိနိစ္ဆယ
၈။ မတာသန္တကဝိနိစ္ဆယ
၉။ ကုဋီအဆုံးအဖြတ်
၁၀။ အဿဒီပ,ဂဇာဒီပ,နရာဒီပ –ထီးသုံးစင်းအဓိပ္ပါယ်
၁၁။ သပိတ်အိပ်နှင့်တကွ မြို့တွင်းရွာတွင်း ဆွမ်းခံဝင်အပ် မဝင်အပ်အဆုံးအဖြတ်
၁၂။ သင်္ကန်းအနားပတ်အိမ် အဆုံးအဖြတ်
၁၃။ ပဥ္စသီလဝိနိစ္ဆယ
၁၄။ ဝိသတိပုစ္ဆာပါဌ် – စသည်တို့ ဖြစ်ကုန်၏။

## စူဠဝါပါဠိတော်နိဿယ

၎င်းကျမ်းများအနက် စူဠဝါပါဠိတော်ကို နိဿယဆိုင်ရာ ဝိနိစ္ဆယတို့ဖြင့် တန်ဆာဆင်၍ ရေးသားတော်မူခဲ့လေသည်။ ရိုက်ပြီးမူ ပထမ ဒုတိယနှစ်တွဲရှိ၏။ ပဥ္စမသံဂါယနာတင် မင်းတရားကြီးက စူဠဝါပါဠိတော်နိဿယကို ကျောက်စာ ထုထွင်းရေးသားထားရန် လျှောက်ထားခဲ့သည်။ သို့ဖြစ်၍ စံကျောင်းဆရာတော်သည် အဌကထာ ဋီကာဆရာမြတ်တို့၏နည်း သံဃဦးကိုင် သာသနာပိုင်ဆရာတော်ကြီး ၄– ပါးတို့၏နည်းကို မှီ၍ ရေးသားတော်မူခဲ့သည်။

ကျမ်းဦး၌–

၁။ မဟာကာရုဏိကံ ဗုဒ္ဓံ၊ ဓမ္မံ အမတနာယကံ။
စူဠဝဂ္ဂိယုသီတဥ္စ၊ နတွာ သံဃံ ဇိနောရသံ။

၂။ မဟာဂဏံ မဟာဉာဏံ၊ မဟာရည္သာ မမာယိတံ။
မဟာပါလံ မမုနိန္ဒံ၊ မမုပဇ္ဈမဟံ နမေ။

၃။ သောဟဖွံ့ သံဃရာဇာနံ၊ ဘူခါပဟောနုပတ္ထဋ္ဌံ။
သူရိယာဒိတနာမမ္ဗိ၊ ဂရုံ နမာမိ သာဒရံ။

၄။ ဂန္ထဏ္ဏဝေသု ပါရဂံ၊ ဒိက္ခတ္တုံ သံဃရဇ္ဇဂံ။
ဥေယျခမ္မံ သိသံ တသ္သ၊ ပိယသီလံ သုပုညဝံ။

၅။ သံဃရာဇံ မဟာပုညံ၊ ပညာဇောတံ မမာစေရံ။
ဘာတုရာဇာနုသာသဥ္စ၊ ဝန္ဒာမသ္သ မဟာသိသံ။

၆။ သာသနောဘာဘူတသ္သ၊ မန္တလာစလသန္တိကာ။
ရတနာပုဥ္စပုရသ္သ၊ သုမာပကဿ ရာဇိနော။

၇။ သဒ္ဓါတျာဓိဝါသဿ၊ ရာဇဓမ္မေန သာသိနော။
သာသနောဒယကာရဿ၊ မဟာစေတိယကာရိနော။

၈။ သာသနဿမုနှဟုတံ၊ ဋ္ဌိတတ္တံ သေလမက္ခရံ။
အကရံ အညရာဇူဟိ၊ လိခါပေတွာ ဌပေတဝေ။

၉။ စောဒိတော ဝရစိတ္တေန၊ သမ္မာသမ္ဗုဒ္ဓဒေသိတေ။
ဝိနယပိဋ္ဌကေပါဌ- စူဠဝဂ္ဂဿ နိဿယံ။

၁၀။ ပုဗ္ဗာစရိယသေဋ္ဌာနံ၊ နယံ နိဿာယ သာဓုကံ။
သံဃရာဇာနမေသမ္ဗိ၊ ကရိဿာမိ ယထာဗလံ။

၁၁။ သေလက္ခရာယပေက္ခိယ၊ သုလိခိတမိမံ တိသာသနဝရံ ပုဗ္ဗံ။
သုဇနာ ကုလပုတ္တာ၊ ဉာဏာစက္ခုနာ စသ္သ ရက္ခဝှေါတိ။

၁။ အဟံ၊ ငါသည်။ မဟာကာရုဏိကံ၊ မြတ်သောမဟာကရုဏာ ရှိတော်မူထသော။ အမတနာယကံ၊ သေခြင်းကင်းရာဖြစ်သော နိဗ္ဗာန်သို့ဆောင် တော်မူထသော။ ဗုဒ္ဓဥ္စ၊ သမန္တစက္ခု သဗ္ဗညုဘုရားကိုလည်းကောင်း။ အမတနာယကံ၊ သေခြင်းကင်းရာဖြစ်သော နိဗ္ဗာန်သို့ဆောင်တော်မူထသော။ ဓမ္မဥ္စ၊ ဆယ်ပါးသောတရားတော်မြတ်ကိုလည်းကောင်း။ စူဠဝဂ္ဂိယုသိတံ၊ သာသနာတော်၏

အသက်ဖြစ်သော စူဠဝါပါဠိတော်ကို မှီတင်းကျင့်သုံးတော်မူထသော။ ဇိနောရသံ၊ သဗ္ဗညုဘုရားရှင်၏ ရွှေရင်တော်အနှစ် သားတော်အစစ်ဖြစ်တော်မူထသော။ သံဃဋ္ဌ၊ ရှစ်ပါးအရိယာ မြတ်သံဃာကိုလည်းကောင်း။ သာဒရံ-သုအာဒရံ၊ အလွန်ရိုသေစွာ။ နတွာ-နမာမိ၊ ရှိခိုးပါ၏၊ နတွာ၊ ရှိခိုးပြီး၍။

၂။ မဟာဂဏံ၊ များစွာသော ဂိုဏ်းသံဃာလည်းရှိထသော။ မဟာဉာဏံ၊ ကြီးမြတ်သော ဉာဏ်ပညာလည်းရှိထသော။ မဟာရညာ၊ ရတနာပူရ စတုတ္ထမြို့တည်နန်းတည်ဖြစ်သော မဟာဝိဇယရံသီစေတီတော်ကြီး မဟာသကျသီဟ မဟာသကျရံသီရုပ်ရှင်တော်များဒါယကာ မင်းတရားကြီးသည်။ မမာယိတံ၊ မရက်မစက် စုံမက်မြတ်နိုးကိုးကွယ်အပ်သောဆရာတော်လည်းဖြစ်ထသော။ မဟာပါလံ၊ အင်္ဂါကိုးသွယ် အံ့ဖွယ်ရှစ်ဖြာ သာသနာတော်မြတ်ကို ကောင်းစွာစောင့်ရှောက်ထသော။ မုနိန္ဒံ၊ မုနိန္ဒာဘိဝံသဓမ္မသေနာပတိမဟာဓမ္မရာဇာဒိရာဇဂုရု တံဆိပ်တော်လည်းဖြစ်ထသော။ မေ၊ ငါ၏။ ဥပဇ္ဈံ ဥပဇ္ဈာယ်ဆရာဖြစ်သော စလင်းသာသနာပြုဆရာတော်ကိုလည်း။ မမံ မမာယနံ၊ မရက်မစက် နှစ်သက်မြတ်နိုးစွာ။ နမေ-နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။

၃။ သောဟဇ္ဇံ၊ သဘောကောင်းမြတ် လျှောက်ပတ်သော စိတ်နှလုံးရှိထ သော။ သံဃရာဇာနံ၊ သဃံရာဇ်မင်းလည်းဖြစ်ထသော။ ဘူခါမဟောနပတ္တဋ္ဌံ၊ မြေကြီးအပြင် ကောင်းကင်မဆန့် ပြန့်နှံ့ကျော်စောသံရှိထသော။ သူရိယာဒိကနာမံ၊ သူရိယာဝံသာဘိသိရီပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရလည်းဖြစ်ထသော။ မေ၊ ငါ၏။ ဂရုမ္ပိ၊ ဓမ္မာစရိယဖြစ်သော သဲအင်းသာသနာပြုဆရာတော်ကိုလည်း။ သာဒရံ ရိုသေစွာ- ရိုသေခြင်းနှင့်တကွ။ နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။

၄။ တဿသံဃရာဇဿ၊ ထိုသာသနာပြုသဲအင်းဆရာတော်၏။ သိဿံ၊ ဓမ္မန္တေဝါသိက တပည့်ဖြစ်ထသော။ ဒွိကွတ္တုံ၊ နှစ်ကြိမ်မြောက်။ သံဃရဇ္ဇဂံ၊ သာသနာပြုဆရာတော်အဖြစ်သို့ရောက်ထသော။ ဂန္ထဏ္ဏဝေသု၊ ပါဠိအဋ္ဌကထာဋီကာနေတ္တိအစရှိသော သာသနာတော်ကျမ်း လောကီကျမ်းဗျာကရဏ်ကျမ်းတည်းဟူသော သမုဒ္ဒရာတို့၌။ ပါရဂံ၊ တဖက်ကမ်းကပ် ကူးခပ်နိုင်ထသော။ ဉေယျဓမ္မံ၊ ဉေယျဓမ္မာဘိဝံသ သိရီပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ

ရာဇဂုရုဘွဲ့တံဆိပ်တော်ရလည်းဖြစ်ထသော။ ပိယသီလံ၊ ချစ်အပ်သောသီလရှိထသော။ သုပုညဝံ၊ ဘုန်းရှိသော ရဟန်းတို့ထက် အလွန်ဘုန်းရှိထသော။ မေ၊ ငါ၏။ ဂရုံ စ၊ ဓမ္မာစရိယဖြစ်သော သာသနာပြုဆရာတော်ကိုလည်း။ သာဒရံ၊ ရှိသေစွာ။ နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။

၅။ အဿသံဃရာသေဝ၊ ထိုသဲအင်းသာသနာပြုဆရာတော်၏သာလျှင်။ မဟာသီသံ၊ တပည့်ကြီးလည်းဖြစ်ထသော။ သံဃရာဇံ၊ သဃ်ရာဇ်လည်းဖြစ်ထသော။ မဟာပညံ၊ ကြီးမြတ်သော ဉာဏ်ပညာလည်းရှိထသော။ ပညာဇောတံ၊ ပညာဇောတာဘိသိရီပဝရ ဝိဇယာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဒိရာဇဂုရု တံဆိပ်တော်ရလည်းဖြစ်ထသော။ ဘာတုရာဇာနုသာသံ၊ မဟာလောကရံသီစေတီတော်ဒါယကာ နောင်တော်မင်းတရား၏ ဆရာတော်လည်းဖြစ်ထသော[၁] ။ မမ၊ ငါ၏။ အာစေရံ၊ ဓမ္မာစရိယဖြစ်သော ဗားကရာသာသနာပြု ဆရာတော်ကိုလည်း။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။

၆-၇။ မန္တလာစလသန္တိကာ၊ မန္တလေးဟူသည့် ရေရည်လျှံပြောင်တောင်၏ အနီး၌။[၂] သာသနောဘာဘူတဿ၊ သာသနာတော်အရောင် ပြောင်ပြောင်ထွန်းလင်းရာဖြစ်ထသော။ ရတနာပုဥ္စပုရဿ၊ ရတနာအပေါင်းတို့စုဝေးရာ ရတနာပုံမည်သော ရာဇဓာနီမင်းနေပြည်တော်ကြီးကို။ သုမာပကဿ၊ တည်ထောင်ဖန်ဆင်းတော်မူထသော။ သဒ္ဓါဒျာမိဝါသဿ၊ လွန်ကဲထူးမြတ်သော သဒ္ဓါပညာအစရှိသည့်တို့၏ တည်ရာဖြစ်တော်မူထသော။ ရာဇဓမ္မေန၊ မင်းကျင့်တရားဆယ်ပါးဖြင့်။ သာ သိနော၊ တိုင်းသားပြည်သူ ရှင်လူအပေါင်းတို့ကို ဆုံးမတော်မူလေ့ရှိထသော။ သာသနောဒယကာရဿ၊ အင်္ဂါကိုးသွယ် အံ့ဖွယ်ရှစ်ဖြာ သာသနာတော်မြတ်၏ တက်ထွန်းတောက်ပခြင်းကို ပြုတော်မူထသော။ မဟာစေတိယကာရိနော၊ မဟာလောကမာရဇိန် စေတီတော်မြတ်ကြီး၏ ဒါယကာဖြစ်တော်မူထသော။ ရာဇိနော၊ သာသနဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်သည်။

၈။ သာသနဿ၊ ပရိယတ္တိသာသနာတော်၏။ အဗုနပဟုတံ၊ သောင်းဝက်

---

၁။ မန္တလေးမြို့ အနောက်ပြင် မဟာလောကရံသီ အိမ်တော်ရာစေတီတော်ဒါယကာ ပုဂံမင်းကိုဆိုသည်။

များမြောင် နှစ်ငါးထောင်ပတ်လုံး။ ဌီတတ္တံ၊ မချို့မယွင်း တည်စေခြင်းအကျိုးငှာ။ အညရာဇူဟိ၊ တရာ့တယောက် ထီးဆောက်နန်းတည် အပြည်ပြည်ထောင်သော မင်းအပေါင်းတို့သည်။ အကရံ၊ မပြုဘူးသော။ သေလက္ခရံ၊ သလင်းကျောက်စာ အက္ခရာကို။ လိခါပေတွာ၊ ရေးသားထုလုပ်စေ၍။ ဌပေတဝေ၊ ထားတော်မူခြင်းငှာ။

၉။ ဝရစိတ္တေန၊ မြတ်သောစိတ်ဖြင့်။ စောဒိတာ၊ တိုက်တွန်းတော်မူအပ် သည်ဖြစ်၍။ သမ္မာသမ္ဗုဒ္ဓဒေသိတေ၊ သဗ္ဗညုဘုရား၏ ဟောကြားတော်မူအပ်သော။ ဝိနယေ၊ ဝိနည်းဖြစ်သော။ ပိဋ္ဋကေ၊ ပိဋကတ်တော်၌။ ပါဠိစူဠဝဂ္ဂဿ၊ စူဠဝါ ပါဠိတော်၏။ နိဿယံ၊ မှီရာအတ္တ နိဿယအသစ်ကို။

၁၀။ ပုဗ္ဗာစရိယသေဋ္ဌာနံ၊ ရှေးအဋ္ဌကထာဋီကာဆရာမြတ်တို့၏။ နယမ္ပိ၊ နည်းကိုလည်းကောင်း။ သေံသံဃရာဇာနံ၊ ထိုသာသနာပြုဆရာတော်လေးပါးတို့၏။ နယမ္ပိ၊ နည်းကိုလည်းကောင်း။ နိဿာယ၊ မှီ၍။ ယထာဗလံ၊ စွမ်းရည်သတ္တိ ရှိသည့်အလျောက်။ သာဓုကံ၊ ကောင်းမွန်စွာ။ ကရိဿာမိ၊ ပြုစီရင်ပေအံ့။

၁၁။ စ၊ ဆက်ဦးအံ့။ ကုလပုတ္တာ၊ ဇာတိကုလပုတ္တ, အာစာရကုလပုတ္တ ဖြစ်ကုန်သော။ တုမှေသုဇနာ၊ သင်သူတော်ကောင်းတို့သည်။ သေလက္ခရာယ၊ ကျောက်ထက်အက္ခရာ တင်ခြင်းအကျိုးငှာ။ သုလက္ခိတံ၊ ကောင်းစွာစီရင်အပ်သော။ ပုဗ္ဗံ၊ အသစ်စက်စက်ဖြစ်သော။ ဣမံ နိဿယံ၊ ဤစူဠဝါပါဠိတော်နိဿယကို။ ဉာဏစက္ခုနာ၊ ဉာဏ်ပညာတည်းဟူသောမျက်စိဖြင့်။ ပေက္ခိယ၊ ကြည့်ရှုဆင်ခြင်၍။ အဿ၊ ထိုသဗ္ဗညုဘုရား၏။ တိသာသနဝရံ၊ သာသနာတော်မြတ်သုံးပါးကို။ ရက္ခဝှေါ-ရက္ခထ၊ စောင့်ရှောက်ကြစေကုန်သတည်း။ ဣတိ၊ ဤသည်လျှင် ပဏာမစကားရပ် အပြီးသတ်တည်း။ ဟူသော ၁၁-ဂါထာ ပါဠိနိဿယဖြင့် အကြောင်းအရာ ပြည့်စုံစွာဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ထိုစူဠဝါပါဠိတော်နိဿယကျမ်း၏အဆုံး၌လည်း-

၁။ ပရိက္ခိတ္တော ယထာ နေရု၊ ယုဂန္ဓရာဒိနာ ယထာ။
သမန္တတော ပရိက္ခိတ္တံ၊ သုဝဏ္ဏပဗ္ဗတာဒိနာ။

၂။ ဂိရိရာဇသရိက္ခံဝ၊ နိဿာယ မန္တလာစလံ။
သမာနမယုဇ္ဈပူရေန၊ ရတနာပုဥ္ဆနာမကံ။

၃။ မာပေန္တော ယော အာဒေါ ရာဇာ၊ အနုဂ္ဂဏှာတိ သဗ္ဗဒါ။
ပစ္စယေဟိ သဗ္ဗံ သံဃံ၊ သဂါယာပေသိ ပဌမံ။

၄။ တေနေဝ ဓမ္မရာဇေန၊ သမ္ပန္နသသီလာသယေ။
ဇောတိကာရာမဗ္ဘန္တရေ၊ နာနာဒုမသမာကိဏ္ဏေ။

၅။ ကတေ သုဝဏ္ဏပါသာဒေ၊ မာလာကမ္မာဒိသောဘိတေ။
ဓာတကာဂတာလင်္ကိတေ၊ ရတနာဘုံစန္တိ နာမကေ။

၆။ ဝသတာ မဟာထေရေန၊ သုဒဿနာဒိလဒ္ဓိနာ။
နာတိသင်္ခေပဝိတ္ထာရာ၊ ရစိတာယံ ယထာဗလံ။

၇။ ဝိဂတန္တရာယေနေဝ၊ သမ္ပတ္တော သောဠသာဓိကေ။
မုနိန္ဒော စက္ကဝဿမှိ၊ ဒွိသဟဿ စတုဿတေ။

၈။ ယုဂဂ္ဂိနေတ္တမေရုမှိ၊ ဂေါစရေ မာဃမာသတေ။
ကာဠပက္ခေ တေရသမေ၊ အနာယာသာယုဇေ ဒိနေ။

၉။ နိဋ္ဌိတော စူဠဝဂ္ဂဿ၊ နိဿယော သဝိနိစ္ဆယော။
တထာ သဗ္ဗေပိ သင်္ကပ္ပါ၊ သီဃံ သိဇ္ဈန္တု ပါဏိနံ။

၁။ နေရု၊ မြင့်မိုရ်တောင်မင်းကို။ ယုဂန္ဓရာဒိနာ၊ ယုဂန္ဓိုအစရှိသော တောင် အပေါင်းတို့သည်။ ပရိက္ခိတ္တော ယထာ၊ ဝန်းဝိုင်းခြံရံအပ်သကဲ့သို့။ တထာ၊ ထို့အတူ။ သုဝဏ္ဏပဗ္ဗတာဒိနာ၊ ရွှေတောင် ငွေတောင် ပတ္တမြားတောင်အစရှိသော တောင် အပေါင်းတို့သည်။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ပရိက္ခတ္တံ၊ ဝန်းဝိုင်းခြံရံ အပ်သော။

၂။ ဂိရိရာဇသရိက္ခံဝ၊ မြင့်မိုရ်တောင်မင်းနှင့် တူသည်သာလျှင်ဖြစ်သော။ မန္တလာစလံ၊ မန္တလေးတောင်မင်းကို။ နိဿာယ၊ မှီတင်း၍။ အယုဇ္ဈပူရေန၊ အယုဇ္ဈမည်သော နတ်တို့ပြည်နှင့်။ သမာနံ၊ တူသော။ ရတနာပုဏ္ဏနာမကံ၊ ရတနာပုံ အမည်ရှိသော မင်းနေပြည်ကြီးကို။

၃။ အာဒေါ၊ ရှေးဦးအစ မဆွလက်မွန်။ မာပေန္တော၊ ဖန်ဆင်းတည်ထောင် တော်မူသော။ ယော ရာဇာ၊ အကြင်မဟာဓမ္မရာဇ် တရားမင်းမြတ်သည်။ သဗ္ဗံ၊ အလုံးစုံသော။ သံဃံ၊ သံဃာတော်ကို။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ပစ္စယေဟိ၊

ပစ္စည်းလေးပါးတို့ဖြင့်။ အနုဂ္ဂဏှာတိ၊ ချီးမြှောက်ထောက်ပံ့တော်မူ၏။ ပဌမံ၊ ငါးကြိမ်မြောက်။ သင်္ဂါယာပေတိ၊ သင်္ဂါယနာတင်စေတော်မူပြီ။

၄။ တေနေဝ ဓမ္မရာဇေန၊ ထိုသာသနာ့ဒါယကာ ပဌမသံဂါယနာတင် မဟာဓမ္မရာဇ် တရားမင်းမြတ်သည်သာလျှင်။ သမ္ဗန္ဓသသိလာသယေ၊ ချိုမြိန်သော ရေ၏ တည်ရာဖြစ်သော ရေတွင်း ရေကန်ရှိသော။ နာနာဒုမသမာကိဏ္ဏေ၊ အပွင့် အသီးကိုဆောင်သော အထူးထူးသော သစ်ပင်တို့ဖြင့် ပြွမ်းထသော။ ဇောတိကာရာ မဗ္ဘန္တရေ၊ ဇောတိကာရုံကျောင်းတိုက်အတွင်း၌။

၅။ ကတေ၊ ဆောက်လုပ်အပ်သော။ မာလာကမ္မာဒိသောဘိတေ၊ ခြူးပန်းခြူးနွယ်စသည် တို့ဖြင့်တင့်တယ်သော။ ဇာတကာဂတာလင်္ကိတေ၊ ငါးရာ့ငါးဆယ်ဇာတ်တော်၌လာသော အရုပ်အမျိုးမျိုးတို့ဖြင့် တန်ဆာဆင်အပ်သော။ ရတနာဘုံစန္တိနာမကေ၊ မဟာရတနာဘုံစံဟူသော အမည်ရှိသော။ သုဝဏ္ဏပါသာဒေ၊ ရွှေပြာသာဒ်ကျောင်း၌။

၆။ ဝသတာ၊ သီတင်းသုံးနေသော။ သုဒဿနာဒိလဉ္စိနာ၊ ''သုဒဿနဝရ ဓမ္မသာမိမဟာဓမ္မ ရာဇာဓိရာဇဂုရု''ဟူသော တံဆိပ်နာမံရှိသော။ မဟာထေရေန၊ မဟာထေရ်သည်။ ယထာဗလံ၊ အစွမ်းအလျောက်။ နာတိသခေ်ပဝိတ္ထာရာ၊ မကျဉ်းလွန်းမကျယ်လွန်းသောအားဖြင့်။ ရစိတော၊ ရေးသားပြုပြင်စီရင်အပ်သော။ သဝိနိစ္ဆယော၊ အဆုံးအဖြတ် ဝိနိစ္ဆယနှင့်တကွဖြစ်သော။ စူဠဝဂ္ဂဿ၊ စူဠဝါ ပါဠိတော်၏။ အယံနိဿယော၊ ဤအနက်မြန်မာ မှီရာနိဿယည်းသည်။

၇။ ဝိဂတန္တရာယေနေဝ၊ အန္တရာယ်ကင်းသဖြင့်သာလျှင်။ မုနိနော၊ မြတ်စွာဘုရား၏။ စက္ကဝဿမှိ၊ သာသနာတော်နှစ်သည်။ သောဠသာဓိကေ၊ တစ်ဆယ့်ခြောက်နှစ်အလွန်ရှိသော။ ဒွိသဟဿစတုဿတေ၊ နှစ်ထောင့်လေးရာ သို့။ သမ္ပတ္တေ၊ ရောက်လတ်သော်။

၈။ ယုဂဂ္ဂိနေတ္တမေရုမှိ၊ တစ်ထောင့်နှစ်ရာသုံးဆယ့်လေးခုဖြစ်သော။ ဂေါစရေ၊ ဂေါစာသက္ကရာဇ်၌။ မာဃမာသေ၊ တပို့တွဲလ၌။ ကာဠပက္ခေ တေရသမေ၊ လဆုပ်ပက္ခ တစ်ဆယ့်သုံးရက်မြောက်သော။ တုဇေဒိနေ၊ အင်္ဂါနေ့၌။ အနာယာ သာ-အနာယာသေန၊ မငြိုမငြင် မပင်မပန်းသဖြင့်။ နိဋ္ဌိတော၊ ပြီးပြီ။

၉။ အယံ နိဿယော၊ ဤစူဠဝဂ္ဂပါဠိတော်၏အနက်မြန်မာ မှီရာနိဿယ

သည်။ နိဋ္ဌိတော ယထာ၊ အပြီးသို့ရောက်သကဲ့သို့။ တထာ၊ ထို့အတူ။ ပါဏိနံ၊ သတ္တဝါတို့၏။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ သင်္ကပ္ပါ၊ ကောင်းသောအကြံ အစည်တို့သည်။ သီဃံ၊ လျှင်မြန်စွာ။ သိဇ္ဈန္တု၊ ပြီးစေကုန်သတည်း။

ဟူသော ၉-ဂါထာ ပါဠိနိဿယတို့ဖြင့် ရတနာဘုံ မန္တလေးမြို့သမိုင်း, မဟာဇေတိကာရုံကျောင်းတိုက်ကြီးသမိုင်း, ရတနာဘုံစံကျောင်းတော်ကြီးတင့်တယ် ပုံ ကျမ်းပြုသူ ကျမ်းပြီးရာကာလ တောင့်တချက်စသည်တို့ကိုဖော်ပြ၍ နိဂုံးအုပ်တော် မူခဲ့လေသည်။

ယင်းစူဠဝါပါဠိတော်နိဿယကို မန္တလေးမြို့ သုဝဏ္ဏဝတီပိဋကတ်ပုံနှိပ်တိုက် တွင် ခေတ်ဦးပိုင်းက ပုံနှိပ်ထုတ်ဝေခဲ့ရာ နောက်တွင်မှ ပိဋကတ်တော်ပြန့်ပွားရေး ပုံနှိပ်တိုက် အောင်ဆန်းလမ်း မန္တလေးမြို့ စသည်တို့တွင် ရိုက်နှိပ်ခဲ့လေသည်။ ပထမတွဲ ဒုတိယတွဲ နှစ်တွဲရှိရာ ပထမတွဲမှာ ရှိုင်ဆိုက်ဖြင့် စာမျက်နှာ ၃၇၄၊ ဒုတိယတွဲမှာ ၃၀၃၀-စာမျက်နှာ ရှိလေသည်။

**စူဠဝဂ္ဂပါဠိယာပိ၊ နိဿယံ နိဿယာရဟံ။**
**ရစတိ ထေရော မိတိမာ၊ ဉာဏီ ဝီရပရက္ကမော။**

## ကင်္ခါစုဒ်စောဒနာကျမ်း

စံကျောင်းဆရာတော်ဘုရားကြီးသည် ကင်္ခါဝိတရဏီအဋ္ဌကထာကို အခါ အားလျှော်စွာ ချပို့တော်မူလေ့ရှိ၏၊ ချပို့ယင်းလည်း တပည့်တပန်းများ နည်းရ လောက်အောင် စုဒ်စောဒနာစသည် စုံလင်စွာပြောဆို၍ ချပို့တော်မူမြဲဖြစ်၏၊ ဆရာတော်ချပို့သည့်အတိုင်း ကင်္ခါအဋ္ဌကထာဂဏ္ဌာရမ္ဘ ခြောက်ဂါထာနှင့် စုဒ်စောဒနာ များကို တပည့်တို့က ရေးမှတ်စုဆောင်း၍ ကင်္ခါစုဒ်စောဒနာအမည်ဖြင့် စာအုပ်ရိုက် ထုတ်ဝေခဲ့လေသည်[၁] ။

## ဒုစ္စရိတဝိနိစ္ဆယ

ဤသတ္တဝါသည် သေကြေပျက်စီးစေသတည်းဟူ၍ဖြစ်သော သေစေလို သော စေတနာမရဏာဓိပ္ပါယနှင့် တကွဖြစ်ရုံမျှဖြစ်သော်လည်းကောင်း၊ ထိုမရဏာ ဓိပ္ပါယနှင့်တကွ မသေလောက်သော ပယောဂကို ပြုသော်လည်းကောင်း၊ ဗျာပါဒ

---

၁။ အဋ္ဌုပ္ပတ္တိအဆုံးကြည့်။

ကမ္မပထမြောက်သည်၊ အမျက်ဒေါသဖြစ်ရုံမျှဖြင့် ဗျာပါဒ ကမ္မပထမမြောက်သေး ဒုစရိုက်အကုသိုလ်သာ ဖြစ်သေးသည်။ ဤသတ္တဝါကို သတ်ဖြတ်ညှင်းဆဲဖျက်ဆီး တော့အံ့ဟူ၍ဖြစ်သော သေစေလိုသော စေတနာ မရဏာဓိပ္ပါယဖြစ်ရုံမျှဖြစ်သော် လည်းကောင်း၊ ထိုမရဏာဓိပ္ပါယနှင့်တကွ သေလောက်သော ပယောဂကိုပြုသဖြင့် တပါးသောသတ္တဝါတို့ သေကြေပျက်စီးသော် ပါဏာတိပါတကမ္မပထမြောက်သည်။ မသေသည်ရှိသော်ကား ပါဏာတိပါတကမ္မပထမမြောက်၊ ဒုစရိုက်အကုသိုလ်မျှသာ ဖြစ်သည်။ ပါဏာတိပါတကမ္မပထ၏ ရှေ့အဖို့ ပုဗ္ဗပယောဂဖြစ်သော ဓားလှံ သေနတ်ကိုင်စွဲခြင်းစသော ကာယပယောဂ၊ ဝစီပယောဂအကုသိုလ်စေတနာတို့ သည်ကား အကုသိုလ်ကမ္မပထမျှသာဖြစ်၏။ ပါဏာတိပါတကမ္မပထ မမြောက် ကေန်မုချပင်တည်း[၁]။ စသည်ဖြင့် ဒုစ္စရိတဝိနိစ္ဆယကျမ်းကို ပြုစီရင်တော်မူခဲ့ လေသည်။

ဒုစ္စရိတနိစ္ဆယမ္ပိ၊ နိစ္ဆယေသု သုကောဝိဒါ။
စံကျောင်းထေရော ယတိသေဋ္ဌော၊ ရစယိတ္တ သုဇာတိမာ။

## ဒွိသန္တကဝိနိစ္ဆယကျမ်း

ဆရာတော်ဘုရားကြီးသည် ဒွိသန္တကဝိနိစ္ဆယကျမ်းကိုလည်း ဒွိသန္တက ပစ္စည်းဆိုင်ရာ၌ တစုံတစ်ယောက်သူ နှစ်ပါးအားလှူသော ဒွိသန္တက၊ ရဟန်းသုံးပါး နေရာ၌ တဦးတည်းသောရဟန်းသည် တစုံတယောက်ကိုမျှ မပေးမကမ်းမူ၍ စုတိ ကမ္မဇရုပ်ချုပ်ရာ ကြွင်းကျန်ရှိရစ်သော လဟုဘဏ်ပစ္စည်းဟူသော ဒွိသန္တက၊ နှစ်ဦး သောရဟန်းတို့သည် မိမိတို့ပိုင်ဆိုင်သည့်ပစ္စည်းတို့ကို ဝိနည်းမိုရ်ထံ အပ်နှံကာ နှစ်ဦးသောရဟန်းတို့အား လှူဒါန်းစေသော ပစ္စည်းဟူသောဒွိသန္တက ညီညွတ်ခိုးယူ သော ပစ္စည်းဟူသောဒွိသန္တက၊ နှစ်ဦးသောရဟန်းတို့ အချင်းချင်းသမာနပရိက္ခာရ ပြုသော ပစ္စည်းဟူသော ဒွိသန္တက–ဤသို့စသည်ဝေဖန်လျက် ယခုကာလ ပြုကြ သော ဒွိသန္တကများလည်း ပါဠိအဋ္ဌကထာများနှင့် မည်သို့ပြုမှ မြောက်သည်ဟု မဟောရကား ကင်္ခါဒုတိယပါရာဇိကအရာတွင် ''ဒွိသန္တကံ အဝိဘတ္တံ''စသော ပါဠိအဋ္ဌကထာများ၌ ထည့်သွင်း၍ ယူရမည်ဟု အကျဉ်းချုပ် ဆုံးဖြတ်မိန့်ကြား တော်မူခဲ့လေသည်။

---

၁။ မန္တလေးသာသနာဝင်– ၂။ ၇၇။

ဒွိသန္တကနိစ္ဆယမ္ဗိ၊ နိစ္ဆယေသု သုကောဝိဒါ။
စံကျောင်းထေရော ယတိသေဋ္ဌော၊ နိစ္ဆာရယိ သုဗုဒ္ဓိမာ။

## မတသန္တက ဝိနိစ္ဆယ

စံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿနသည်--

သာသနာတော်၌ သဒ္ဓါယုံကြည်၍ ရှင်ရဟန်းပြုကုန်သော ပုဂ္ဂိုလ်မွန်ပုဂ္ဂိုလ်မြတ်တို့သည် မတသန္တက သံဃိကအရာဝယ် ဂတာဂတဌာန၌ သံဃိကဖြစ်သင့် မဖြစ်သင့် ဝိဝါဒစကား ကွဲပြားကြသဖြင့် အယူဝါဒမကွဲပြားစေခြင်းငှာ ပါဠိ အဋ္ဌကထာ ဋီကာ သာရတ္ထဒီပနီ ဥာပကနှင့် ထုတ်ဆောင်ပြဆို ဆုံးဖြတ်ပေအံ့ဟု ပဋိညာဉ်ခံ၍ မတသန္တကဝိနိစ္ဆယကိုလည်း စီရင်ဆုံးဖြတ်တော်မူခဲ့လေသည်[၁]။

မတသန္တကနိဏ္ဏာယ၊ သုကထမ္ပိ သုဓီတိမာ။
ရစယိ တိက္ခဉာဏေန၊ သုဒဿနော သုဇာတိမာ။

## ကုဋီအဆုံးအဖြတ်

စံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿနသည်-

သာသနာတော်ထမ်း ရဟန်းသံဃာတော်တို့ နေ့တွင်မိုတ်င်း ကိန်းစက်ခြင်း အကျိုးငှာ ရည်မှတ်ဆောက်လုပ်အပ်သော ဝါသတ္ထကလည်းဖြစ်စေ အမိုးအကာ အရံပြည့်စုံသည်လည်းဖြစ်၍ သဟသေယျအာပတ် သင့်လောက်သည်လည်း ဖြစ်စေ ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံသောကျောင်းသခ်နံးသည် ရာဂဒေါသအစရှိသော အဇ္ဈတ္တဘေးရန်၊ ခြင်္သေ့သစ်ကျား သားရဲမြွေအစရှိသော ဗဟိဒ္ဓဘေးရန်တို့ကို ဖြတ်လှီးဖျက်ဆီး ပယ်တွန်းတားမြစ်ရာတားမြစ်ကြောင်းဖြစ်သောကြောင့် ကုဋီမည်၏ စသည်ဖြင့် ကုဋီအဆုံးအဖြတ်ကိုလည်း ကျေးတောင်ဦးတောကျောင်း၌ သီတင်းသုံးစဉ် ကျယ်ဝန်းပြည့်စုံစွာ ဆုံးဖြတ်တော်မူခဲ့လေသည်။

---

၁။ ဝိနယသမုဟဝိနိစ္ဆယ၊ ၂။ ၉၉-၁၀၁-ကြည့်။

ဝိနိစ္ဆယအဆုံး၌ –

ဣတိ ဇေယျပူရနဂရဿ ဥတ္တရဒိသာဘာဂေ ကျေးတောင်ဦးဣတျာ ဘိဓာနေ အရည္ဝိဟာရေ ဣန္ဒသာလာဘိဓာနေ စ အရည္ဝိဟာရေ ဝသန္တေန သုဒဿနေန မဟာထေရေန ပထဝိတော ပထဝေါဇောဝိယ သိနေရုပဗ္ဗတပါဒတော စ အတိသေဿမုတ္တရာသိ သင်္ကာသဝါလိကာ ဝိယ ပါဠိအဋ္ဌကထာဟိ ဥဒ္ဓရိတွာ ဝိဘူတကရံ ကတော ကင်္ခါဝိနိစ္ဆယော နိဋ္ဌိတော။

ပိဋကတ္တယဆေကလင်္ကာပေယသာလသိက္ခာကာမ သဒ္ဓမ္မာမကာသံသာရာဘိရုက စသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော သုဒဿနဇေအေတုလာဓိပတိ သိရီပဝရမဟာ ဓမ္မရာဇာဓိရာဇဂုရု လွှတ်ထုခပ်နိုပ် တံဆိပ်နာမံ ခံတော်မူသော စံကျောင်းဆရာ တော်ဘုရားကြီးသည် ဇေယျပူရမည်သော စစ်ကိုင်းမြို့မြောက် ကျေးတောင်ဦး တောရကျောင်း၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံးတော်မူစဉ် ရေးသားစီရင် တော်မူသော ကင်္ခါအဆုံးအဖြတ်ပြီး၏။ ဟူသောစကားဖြင့် နိဂုံးအုပ်ခဲ့လေသည်။

ထေရော ကင်္ခါနိစ္ဆယမ္ပိ၊ နိစ္ဆယဉာဏိကော ဝိဒ္ဒါ။
ရစယိ မြန်မာဘာသာယ၊ သာသနေ သုဟိတာဝဟံ။

## "အဿဒီပ, ဂဇာဒီပ, နရာဒီပထီး ၃–စင်း အဓိပ္ပါယ်"

ယင်း အဿဒီပ,ဂဇာဒီပ,နရာဒီပထီး ၃–စင်းအဓိပ္ပါယ်မှာ စာမျက်နှာ သုံးမျက်နှာမျှသာရှိသော အဆုံးအဖြတ်ဖြစ်ပေသည်။ သက္ကရာဇ် ၁၂၄၈–ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁–ရက်နေ့တွင် ဝန်ရှင်တော် ကင်းဝန်မင်းကြီးလျှောက် ထားသဖြင့် စံကျောင်းဆရာတော်ဘုရားကြီး မိန့်ကြားဆုံးဖြတ်တော်မူခဲ့လေသည်။ ဆရာတော်ဘုရားကြီးမှာ လောကုတ္တရာပိဋကတ်ကျမ်းတို့၌သာ တတ်မြောက်သည် မဟုတ် ဗေဒင်ဖက်ဆိုင်ရာ ကျမ်းတို့၌လည်း တတ်မြောက်တော်မူပါပေသည်။ ဖော်ပြပါ ထီး ၃–စင်း အဓိပ္ပါယ်များကိုလည်း မများလှသဖြင့် ဤ၌ ဖော်ပြအပ် ပါသည်။

လောကီကျမ်းများတွင် အဿဒီပ,ဂဇာဒီပ,နရာဒီပ ဟူသောငှင်းထီး ၃– စင်းသို့ စနေဂြိုဟ်ချဉ်းနင်းသော် ငှင်းချဉ်းနင်းရာ တိုင်းရှင်ပြည်ရှင်မင်းတို့ ဥပါဒ်တည်း ဟု သဗ္ဗညုတဉာဏ်တော်ကို ရတော်မူရာ မဟာဗောဓိပင်ကို ပဓာနပြု၍ မဟာဗောဓိ

ပင်မှသည် အရှေ့တောင် ဆင်တို့ပေါ်များရာ ယိုးဒယားတိုင်းပြည်သည် ဂဇာဒီပထီး၊ မဟာဗောဓိပင်မှသည် အရှေ့မြောက် မြင်းတို့ပေါ်များရာ တရုတ်ပြည်သည် အဿဒီပထီး၊ မဟာဗောဓိပင်မှသည် အနောက်တောင် ရဲမက်သားတို့ပေါ်များရာ နရာဒီပထီးမည်ကြောင်း ၄င်းထီး ၃–စင်း စက်ပိုင်းခြားရာ မဟာဗောဓိပင်မှ အနောက်မြောက်ရာဟုအရပ်ကြွင်းကျန်သော လောကီကျမ်းများ၌ အညေသံ ဘူဘူတာနံ ဟူသောပါဠိအရ ၄င်း ထီး၃–စင်း စက်အပိုင်းအခြားတွင် အဿဒီပထီး၌ စနေဂြိုဟ် တိုက်ခိုက်ချဉ်းနင်းရာ တိုင်းပြည်ရှင်တို့ဥပါဒ်၊ ကြွင်းထီး ၂–စင်း ဝေါဟာရ သမိုက်ရာအရပ်နှင့် ရာဟုထောင့်နေ မင်းတို့ဥပါဒ်မရှိ။

ဂဇာဒီပထီး၌ တိုက်ခိုက်ချဉ်းနင်းပြန်သော် စနေဂြိုဟ်တိုက်ခိုက်ရာ ဂဇာဒီပထီးဟူ၍ သမိုက်ဝေါဟာခေါ်ရာအရပ် တိုင်းရှင်ပြည်ရှင်မင်းတို့ဥပါဒ်။ ကြွင်းသော အဿာဒီပထီး နရာဒီပထီး အမည်ရသောအရပ်ဌာနနေ တိုင်းပြည်ရှင်မင်းတို့နှင့် ရာဟုထောင်နေ မင်းတို့ဥပါဒ်မရှိ။

နရာဒီပထီး၌ စနေဂြိုဟ်တိုက်ခိုက်ချဉ်းနင်းပြန်သော် နရာဒီပထီးဟူ၍ သမိုက်ခေါ်ဝေါ်ရာ အရပ်တိုင်းရှင်ပြည်ရှင်မင်းတို့ ဥပါဒ်။ ကြွင်းသောအဿာဒီပထီး ဂဇာဒီပထီးဟုအမည်ရသော အရပ်ဌာနနေ တိုင်းရှင်ပြည်ရှင်မင်းတို့နှင့် ရာဟုထောင့်နေမင်းတို့ ဥပါဒ်မရှိ။

ထီးဟူသောဝေါဟာရကိုမရ ကြွင်းကျန်သော ရာဟုအရပ်ဌာနသို့ စနေဂြိုဟ်တိုက်ခိုက် ချဉ်းနင်းပြန်ခဲ့သော် ၄င်းစနေဂြိုဟ်တိုက်ခိုက်ချဉ်းနင်းရာ ရာဟုထောင့်နေမင်းတို့နှင့် ထီး၃–စင်း အမည်ရသော အရပ်ဌာနနေ တိုင်းရှင်ပြည့်ရှင်မင်းတို့လည်း ဥပါဒ်ပင်တည်းဟု လောကီကျမ်း စာကိုယ်အဓိပ္ပါယ်။

၄င်းလောကီကျမ်းအဖွင့်ဋီကာ၌ကား ထီးဟူသောအမည်ဝေါဟာရကို မရသော ရာဟုထောင့်ဌာန၏ အလယ်ဗဟိုကိုပိုင်းခြား၍ တောင်အပိုင်းကာ နရာဒီပထီးအရပ်သို့ ထည့်သွင်း၍ယူရမည်ဟု သာဓကဋီကာပါဌ်ကိုမတင်ပြ မြန်မာဘာသာစကားရပ်ဖြင့်သာ ဆုံးဖြတ်ရေးသားရှိသည်ကို စွဲ၍လည်းကောင်း, "အညေသံ ဘူဘူတာနံ"ဟူသော တိစက္ကသုံးဌာနအပိုင်းအခြားမှတစ်ပါး စတုစက္ကလေးဌာနအပိုင်းအခြားတွင် "အညေသံ ရာဇူနံ"ဟူ၍ ပုဒ်ပါဌ်အနေ နှစ်ထွေကွဲပြား ရှိသည်များကို စွဲ၍လည်းကောင်း, ဘကြီးတော်မင်းတရား လက်ထက်တော်၌ ရဟန်းရှင်လူ

ပညာရှိတို့ကို ဝိဝါဒငြင်းခုံဖြစ်ပွား စကားအလျဉ်းမပြတ် လစ်လပ်ကြွင်းကျန်ရှိရာ ညီတော်ရွှေဘိုမင်းတရားလက်ထက် ဆက်လက်ပြောဆိုကြပြန်ရာတွင်လည်း စကားအလျဉ်းမပြတ် လစ်လပ်ကြွင်းကျန် သားတော်ပုဂံမင်းလက်ထက် ဆက်လက်ပြောဆိုကြပြန်ရာလည်း စကားအလျဉ်းမပြတ် လစ်လပ်ကြွင်းကျန်ခဲ့ရာ ညီတော်ရတနာပုံပထမမြို့တည် ပဥ္စမသံဂါယနာတင် မင်းတရားလက်ထက် ဆက်လက်ပြောဆိုကြပြန်ရာ ရဟန်းရှင်လူ ပညာရှိတို့တွင် ယောမြို့စားအတွင်းဝန် ပညာရှိက ''နန်းမတော်မိဖုရားခေါင်းကြီးဘုရား ရှေ့ပုဒ်ပါဌ်အနေအထား ပျက်ပြားချွတ်ယွင်းသည်ဟု ထင်ပါကြောင်း, အနက်မြန်မာ ပြန်ဆိုသောအရာလည်း ချွတ်တလွဲသည် ထင်ပါကြောင်း, အဩသံ၊ စနေဂြိုဟ် တိုက်ခိုက်ချဉ်းနင်းရာ ထီးရှင်နန်းရှင်မင်းမှ တပါးကုန်သော။ ဘူဘူတာနံ၊ မြေဦးဖြစ်ကုန်သောသတ္တဝါတို့၏။ ဤသို့အနက်လွဲမသမွန်မူ၍ အဩသံ– ဟူသောပုဒ်၏ အညအပါဒါန် မင်းကိုခံရကား ဘူဘူတာနံ–အရလည်း မင်းကိုသာ ပဓာနယူသင့်သည် ထင်ပါကြောင်း။

အဿဒီပထီး၌လည်း တိုက်ခိုက်ချဉ်းနင်းသော အဿဒီပထီးဟူ၍ အမည်ရဌာနအရပ်နေ ပြည်ရှင်မင်းထီးဟူ၍ ဝေါဟာရမရသော ရာဟုထောင့်ဌာနအရပ်နေ ပြည်ရှင်မင်းတို့ ဥပဒ်တည်း။ ကြွင်းဂဇာဒီပအမည်ရ ဌာနအရပ်နေမင်းနေရာ, နရာဒီပထီးအမည်ရ ဌာနအရပ်နေမင်းတို့ဥပဒ်။ ဂဇာဒီပ, နရာဒီပတို့ကို စနေဂြိုဟ် တိုက်ခိုက်ချဉ်းနင်းရာတို့၌လည်း တိုက်ခိုက်ချဉ်းနင်းရာ ထီးရှင်နန်းရှင်မင်းထီးအမည်ရ ရာဟုထောင့်ဌာနနေ မင်းတို့ဥပဒ်တည်းဟု သို့ထီးအမည်မရ ရာဟုထောင့်ဌာနနေမင်းတို့ကို ထီး ၃–စင်းအမည်ရဌာနသို့ ထည့်သွင်း၍ ယူသင့်သည်ထင်ပါကြောင်းနှင့် လျှောက်ထားရှိသဖြင့် ၄င်းစကားရပ်တို့ ဆိုင်ရာလောကီကျမ်းကို ဆရာတော်ဉာဏ်၌ ယောမြို့စားအတွင်းဝန်ပညာရှိ လျှောက်ထားထင်မြင်သည့်အတိုင်း ထင်မြင်သဘောရှိကြောင်း ထီး ၃– စင်း၏ အဓိပ္ပါယ်ကို မိန့်ဆိုတော်မူသည်[၁] ။

## ပဥ္စသီလဝိနိစ္ဆယ

စံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿနသည် ပဥ္စသီလဝိနိစ္ဆယကိုလည်း အောက်ပါအတိုင်း ဆုံးဖြတ်တော်မူခဲ့လေသည်။

---

၁။ ၁၃၁၉– ခုနှစ် မန္တလေး ဂုဏဝတီပုံနှိပ်တိုက်ရိုက် အသီတိခေတ်ကျမ်း ၁၁၂–၄။

ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ ,မုသာဝါဒ, သုရာမေရယ–ဤငါးပါးတို့၏အင်္ဂါ, ထူးထွေသောအဓိပ္ပါယ်, လွန်ကျူးခြင်းကြောင့်ဖြစ်သောအပြစ်တို့ကို ကြည့်ရှုဆင်ခြင်၍ စီရင်ရေးသားပေအံ့။

## ၁။ ပါဏာတိပါတကို ပြဆိုခြင်း

တဿ ပဉ္စ သမ္ဘာရာ ဟောန္တိ ပါဏော ပါဏသညိတာ ဝဓကစိတ္တံ ဥပက္ကမော တေန မရဏန္တိ။ (အဋ္ဌသာလိနီ အဋ္ဌကထာ)

၁။ ပါဏော၊ သတ္တဝါလည်းဖြစ်စေ။

၂။ ပါဏသညိတာ၊ သတ္တဝါဟု အမှတ်ရှိသည့်လည်းဖြစ်စေ။

၃။ ဝဓကစိတ္တံ၊ သတ်လိုသော စိတ်ရှိသည့်လည်းဖြစ်စေ။

၄။ ဥပက္ကမော၊ လုံ့လပြုသည့်လည်း ဖြစ်စေ။

၅။ တေန၊ ထိုလုံ့လဖြင့်။ မရဏံ၊ သတ္တဝါသေသည့်လည်းဖြစ်စေ။ ဣတိ၊ ဤသို့။ တဿ၊ ထိုပါဏာတိပါတကံ၏၊ ပဉ္စ၊ ငါးပါးကုန်သော။ သမ္ဘာရာ၊ အဆောက်အဦတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

(ဤကား ပါဏာတိပါတကံ၏ အင်္ဂါကိုပြသော စကားရပ်တည်း)

## ပါဏာတိပါတအဓိပ္ပါယ်

ထူးထွေသော အဓိပ္ပါယ်ကိုဆိုပေအံ့

၁။ သတ္တဝါအများကို တပြိုင်နက် သေအောင်သတ်သော် ပါဏာတိပါတကံ တစ်ချက်လော၊ အများလော ဤသို့မေးသည်ရှိသော်---

ယထာ အရိယမဂ္ဂက္ခဏေ စတ္တာရော သတိပဋ္ဌာနာ စတ္တာရော သမ္မပ္ပဓာနာ ကိစ္စဝသေန ဣဇ္ဈန္တိ၊ ဧဝံ စေတနာယ ဧကတ္တေပိ ကိစ္စဝသေန အနေကပါဏာတိပါတာတိ ဣဇ္ဈန္တီတိ အာဟ၊ တတ္ထကာ ပါဏာတိပါတိ။ဟု သာရတ္ထဒီပနီ ဋီကာလာသောကြောင့် ပါဏာတိပါတအများဟု သတ်မှတ်ရမည်။

**အနက်ကား=** အရိယမဂ္ဂက္ခဏေ၊ အရိယာမဂ်ခဏ၌။ သတိယာ စ၊ သတိ၏လည်းကောင်း။ ဝီရိယဿ စ၊ ဝီရိယ၏လည်းကောင်း။ ဧကတ္တေပိ၊ တစ်ခုတည်းပင်ဖြစ်သော်လည်း။ ကိစ္စဝသေန၊ ကိစ္စ၏အစွမ်းအားဖြင့်။ စတ္တာရော သတိပဋ္ဌာနာတိ၊ သတိပဋ္ဌာန်လေးပါတို့ဟူ၍လည်းကောင်း။ စတ္တာရော သမ္မပ္ပဓာနာ

တိ၊ သမ္ပပ္ပဓာန်လေးပါတို့ဟူ၍လည်းကောင်း။ ဣစ္ဆန္တိ ယထာ၊ အလိုရှိကုန်သကဲ့သို့။ ဓေဝံ တထာ၊ ထို့အတူ။ စေတနာယ၊ ပါဏာတိပါတစေတနာ၏။ ကေတ္တေပိ၊ တပါးတည်းဖြစ်သော်လည်း။ ကိစ္စဝသေန၊ သတ်အပ်သောကိစ္စ၏အစွမ်းအားဖြင့်။ အနေကပါဏာတိပါတာတိ၊ ပါဏာတိပါတကံအများတို့ဟူ၍။ ဣစ္ဆန္တိ အလိုရှိကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တတ္ထကာ ပါဏာတိပါတိ၊ တတ္ထကာပါဏာတိပါတဟူ၍။ အာဟ၊ အဋ္ဌကထာဆရာဆို၏။

၂။ ။ နှစ်ကောင်သောကြွက်သူငယ် အစာစား၍နေရာ လက်ဝဲကြွက်သူငယ်ကို သတ်အံ့ဟု နှလုံးသွင်းပြီးလျှင် ဒုတ်လုံတံဖြင့် ပုတ်ခတ်လိုက်သည်ရှိသော် လက်ျာကြွက်သူငယ်ကို ပုတ်ခတ်မိ၍ ၄င်းလက်ျာဖက် ကြွက်သူငယ်သေဆုံးအံ့။ ပါဏာတိပါတကံထိုက်မည်လော၊ မထိုက်မည်လော-ဟု မေးသည်ရှိသော်-

ယံ ဥဒ္ဒိဿ ပဟရတိ တဿေဝ မရဏေန ကမ္မဗဒ္ဓေါ-ဟု ကင်္ခါဝိတရဏီ အဋ္ဌကထာ လာသောကြောင့် မထိုက်ဟုမှတ်ရမည်။

အနက်ကား= ယံ၊ အကြင်သတ္တဝါကို။ ဥဒ္ဒိဿ၊ ရည်၍။ ပဟရတိ၊ ပုတ်ခတ်၏။ တဿေဝ၊ ထိုရည်၍ပုတ်ခတ်သော သတ္တဝါ၏သာလျှင်၊ မရဏေန၊ သေခြင်းကြောင့်။ ဝါ၊ သေမှ။ ကမ္မဗဒ္ဓေါ၊ ပါဏာတိပါတကံဖွဲ့ရသည်၊ ဟောတိ၊ ဖြစ်၏။

၃။ အမိအိပ်၍နေစဉ် သိုးဟုမှတ်ထင်၍ အမိကိုသတ်အံ့၊ မာတုဃာတကကံ ထိုက်၏လော၊ မထိုက်၏လော မေးသည်ရှိသော်-

ဧဠကဿ စ နိပန္နောကာသေ တဿ မာတာ ဝါ ပိတာ ဝါ အရဟာ ဝါ ပဏ္ဍုကသာဝံ ပါရုပိတွာ နိပန္နော ဟောတိ။ သော ရတ္တိဘာဂေ အာဂန္တွာ ဧဠကံ မာရေမီတိ မာတရံ ဝါ ပိတရံ ဝါ အရဟန္တံ ဝါ မာရေတိ ဣမံ ဝတ္ထုံ မာရေမီတိ စေတနာယ အတ္ထိဘာဝတော ဃာတကော စ ဟောတိ၊ အာနန္တရိယကမ္မဥ္စ ဖုသတိ။ ဟု ပါရာဇိကကဏ် အဋ္ဌကထာ၌လာသောကြောင့် မာတုဃာကကံ ထိုက်၏ဟု မှတ်ရမည်။

အနက်ကား။ ။ ဧဠကဿ၊ သိုး၏။ နိပန္နောကာသေ၊ အိပ်ရာအရပ်၌။ တဿ၊ ထိုပုဂ္ဂိုလ်၏။ မာတာဝါ၊ အမိသည်လည်းကောင်း။ ပိတာဝါ၊ အဖသည် လည်းကောင်း။ အရဟာဝါ၊ ရဟန္တာသည်လည်းကောင်း။ ပဏ္ဍုကသာဝံ၊

ဖြော့တော့သော အဆင်းရှိသော အဝတ်သက်န်းကို။ ပါရုပိတွာ၊ ရုံ၍။ ဝါ၊ ခြုံ၍။ နိပန္နော၊ အိပ်သည်။ ဟောတိ၊ ဖြစ်၏။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ရတ္တိဘာဂေ၊ ညဥ့်အဘို့၌။ အာဂန္တွာ၊ လာ၍။ ဥဒ္ဓကံ၊ သိုးကို။ မာရေမီတိ၊ သတ်အံ့ဟူ၍။ မာတရံဝါ၊ အမိကိုလည်းကောင်း။ ပိတရံဝါ၊ အဖကိုလည်းကောင်း။ အရဟန္တံဝါ၊ ရဟန္တာကို လည်းကောင်း။ မာရေတိ၊ သတ်မိ၏။ ဣမံဝတ္ထုံ၊ ဤဝတ္ထုကို။ မာရေမီတိ၊ သတ်အံ့ ဟူ၍။ စေတနာယ၊ သတ်လိုသောစေတနာ၏။ အတ္ထိဘာဝတော၊ ရှိသောကြောင့်။ ဃာတကော စ၊ ပါဏာတိပါတကံသည်လည်း။ ဟောတိ၊ ဖြစ်၏။ အာနန္တရိယကမ္မဥ္စ၊ အာနန္တရိယကမ္မပထသို့လည်း။ ဖုသတိ၊ ရောက်၏။

၄။ တိရစ္ဆာန်ဖြစ်သော သားသည် လူဖြစ်သောအမိကို သတ်အံ့၊ မာတုဃာတကကံထိုက်မည်လော၊ မထိုက်မည်လော–ဟု မေးသည်ရှိသော်–

ယေန မနုဿိတ္ထိဘူတာ ဇာနိတာ မာတာ သယမ္ပိ မနုဿဇာတိကောနေဝ သဉ္စိစ္စ ဇီဝိတာ ဝေါရောပိတာ အာနန္တရိယေန မာတုဃာတကကမ္မေန မာတုဃာတကော။ ဟု မဟာဝါအဋ္ဌကထာ၌ လာသောကြောင့် မာတုဃာတကကံ မထိုက်ဟု မှတ်ရမည်။

အနက်ကား။ ။ ယေန ပုဂ္ဂလေန၊ အကြင်ပုဂ္ဂိုလ်သည်။ မနုဿိတ္ထိဘူတာ၊ လူမိန်းမဖြစ်၍ဖြစ်သော။ ဇာနိတာ၊ အမိရင်းဖြစ်သော။ မာတာ၊ အမိကို။ သယမ္ပိ၊ မိမိကလည်း။ မနုဿဇာတိကောနေဝ၊ လူဇာတ်ရှိသဖြင့်သာလျှင်။ သဉ္စိစ္စ၊ စေ့ဆော်၍။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပိတာ၊ ချအပ်၏။ အယံ၊ ဤသို့သတ်သောပုဂ္ဂိုလ်သည်။ အာနန္တရိယေန၊ အနန္တရိယဖြစ်သော။ မာတုဃာတကကမ္မေန၊ မာတုဃာတကကံဖြင့်။ မာတုဃာတကော၊ အမိကိုသတ်သည်။ ဟောတိ၊ ဖြစ်၏။

၅။ အမိကျွတ္တိလိင်မှ ပုလ္လိင်ပြန်၍နေစဉ် သတ်သည်ရှိသော် အနန္တရိယကံ ထိုက်မည်လော၊ မထိုက်မည်လော–ဟု မေးသည်ရှိသော်–

ပရိဝတ္တေပိ လိင်္ဂေ တသော၀ ကောကမ္မနိဗ္ဗတ္တသော သန္တာနဿ ဇီဝိတာ ဝေါရောပနတော ဝေါဟာရဘေဒတော သော ကျတ္တိဃာတကောဝါ ပုရိသဃာတကောဝါ ဟောတု အာနန္တရိယကမ္မတော န မုစ္စတီတိ ဒွေကမေဝ ဝတ္တဗ္ဗံ။ ဟု သာရတ္ထဒီပနီဋီကာ၌ လာသောကြောင့် အနန္တရိယကံ ထိုက်၏ဟု မှတ်ရမည်။

**အနက်ကား**။ ။ လိင်္ဂေ၊ လိင်သည်။ ပရိဝတ္တေပိ၊ ပြန်သော်လည်း။ ကေကမ္မနိဗ္ဗတ္တဿ၊ တခုသော ကံကြောင့်ဖြစ်သော။ တဿေဝသန္တာနဿ၊ ထိုခန္ဓာအစဉ်ကိုသာလျှင်။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပနတော၊ ချခြင်းကြောင့်။ သော၊ ထိုသတ်သောသူသည်။ ဝေါဟာရဘေဒတော၊ ဝေါဟာရပြားသောအားဖြင့်။ ဝါ၊ ဝေါဟာရပျက်သောအားဖြင့်။ ဣတ္ထိဃာတကောဝါ၊ မိန်းမသတ်သည်မှုလည်း။ ဟောတု၊ ဖြစ်စေ။ ပုရိသဃာတကောဝါ၊ ယောကျ်ားသတ်သည်မှုလည်း။ ဟောတု၊ ဖြစ်စေ။ အာနန္တရိယကမ္မတော၊ အနန္တရိယကံမှ။ န မုစ္စတိ၊ မလွတ်။ ဣတိဝတ္တေက မေဝ၊ ဤမျှသောစကားကိုသာလျှင်။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။
(အပရိဝတ္တတိလိင်္ဂ အရကို ဋီကာဆရာ မဆန့်ကျင်အောင် ကြံတော်မူ၏။)

၆။ အကြင်ပုဂ္ဂိုလ်ကို ပုထုဇဉ်အဖြစ်၌ သတ်အပ်၏။ ထိုသတ်အပ်သော ပုဂ္ဂိုလ်သည် ရဟန္တာအဖြစ်၌ သတ်တတ်သောပုဂ္ဂိုလ်သည် အရဟန္တဃာတကကံ ထိုက်မည်လော၊ မထိုက်မည်လော-ဟု မေးသည်ရှိသော်-

မနုဿအရဟန္တဿ စ ပုထုဇ္ဇနကာလေယေဝ သတ္ထပဟာရေဝါ ဝိသေဝါ ဒိန္နေပိ ယဒိ သော အရဟတ္တံ ပတ္တာ တေနေဝ မရတိ အရဟန္တဃာတကောယေဝ။ ဟု သမ္မောဟဝိနောဒနီပါဠိ၌ လာသောကြောင့် အရဟန္တဃာတကကံ ထိုက်၏။

**အနက်ကား**။ ။ မနုဿအရဟန္တဿ၊ လူရဟန္တာအား။ ပုထုဇ္ဇန ကာလေယေဝ၊ ပုထုဇဉ်အခါ၌သာလျှင်။ သတ္ထပဟာရေဝါ၊ ဓားလှံဖြင့် ပုတ်ခတ် သတ်ဖြတ်ခြင်းကိုလည်းကောင်း။ ဝိသေဝါ၊ အဆိပ်ကိုသော်လည်းကောင်း။ ဒိန္နေပိ၊ ပေးသော်လည်း။ သော၊ ထိုသတ်အပ်သောပုထုဇဉ်ပုဂ္ဂိုလ်သည်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တာ၊ ရောက်၍။ တေနေဝ၊ ထိုလက်နက်ဖြင့် ပုတ်ခတ်ခြင်း, အဆိပ်ကို ပေးခြင်းကြောင့်သာလျှင်။ ယဒိ မရတိ၊ အကယ်၍ သေငြားအံ့။ သော၊ ထိုသတ်တတ်သောပုဂ္ဂိုလ်သည်။ အရဟန္တဃာတကောယေဝ၊ ရဟန္တာကိုသတ်သည် မည်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

၇။ နတ်ရဟန္တာကိုသတ်သော် အရဟန္တဃာတကကံ ထိုက်မည်လော၊ မထိုက်မည်လောဟု မေးသည်ရှိသော်-

အရဟန္တဃာတကောပိ မနုဿအရဟန္တဝသေနေဝ ဝေဒိတဗ္ဗော။ ဟု မဟာဝိအဋ္ဌကထာ၌ လာသောကြောင့် အရဟန္တဃာတကကံ မထိုက်ဟု မှတ်ရမည်။

**အနက်ကား**။ ။ အရဟန္တဃာတကောပိ၊ ရဟန္တာကို သတ်သောသူသည်လည်း။ မနုဿအရဟန္တဝသေနေဝ၊ လူရဟန္တာ၏အစွမ်းအားဖြင့်သာလျှင်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

၈။ တိရစ္ဆာန်သည် လူရဟန္တာကိုသတ်လျှင် အရဟန္တဃာတကကံထိုက်မည်လော၊ မထိုက်မည်လောဟု မေးသည်ရှိသော် –

တိရစ္ဆာနော မနုဿအရဟန္တံ ဃာတေတွာပိ အာနန္တရိယော န ဟောတိ၊ ကမ္မံ ပန ဘာရိယံ။

ဌင်းအဋ္ဌကထာလာသောကြောင့် အရဟန္တဃာတကကံ မထိုက်ဟုမှတ်ရမည်။

**အနက်ကား**။ ။ တိရစ္ဆာနော၊ တိရစ္ဆာန်သည်။ မနုဿအရဟန္တံ၊ လူရဟန္တာကို။ ဃာတေတွာပိ၊ သတ်သော်လည်း။ အာနန္တရိယော၊ အနန္တရိယကံသည်။ န ဟောတိ၊ မဖြစ်။ ကမ္မံ ပန၊ ကံသည်ကား။ ဘာရိယံ၊ ဝန်လေး၏။

## ပါဏာတိပါတ၏အပြစ်

ပါဏာတိပါတကံကို လွန်ကျူးခြင်းကြောင့်ဖြစ်သော အပြစ်တို့ကို ဆိုပေအံ့။
၁။ ဆိုအပ်ပြီးသော ပါဏာတိပါတကံတို့တွင် မာတုဃာတကကံ, ပိတုဃာတကကံ, အရဟန္တဃာတကကံတို့ကြောင့် အဝီစိငရဲ၌ ခံရသည်။

ထို့ကြောင့် မူလဋီကာ၌ သဗ္ဗာ အာနန္တရိကာ အဝီစိဖလတ္တာ–ဟု မိစ္ဆတ္တ တိက်၌ မိန့်တော်မူ၏။

**အနက်ကား**။ ။ သဗ္ဗာအာနန္တရိကာ၊ အလုံးစုံသော အနန္တရိယကံကို ပြုသောပုဂ္ဂိုလ်တို့သည်။ အဝီစိဖလတ္တာ၊ အဝီစိငရဲလျှင် အကျိုးရှိသည်၏ အဖြစ်ကြောင့်တည်း။

၂။ ရဟန်းသူတော်မြတ်ကို သတ်ခြင်းကြောင့် ကာလသုတ်ငရဲ၌ ခံရသည်။ ထို့ကြောင့် ပါဠိဇာတ်၌–

ယော စ ပဗ္ဗဇိတံ ဟန္တိ၊ ကတကိစ္စံ မဟေသိနံ။

ကာလသုတ္တေ စ နိရယေ၊ စိရရတ္တာယ ပစ္စတိ။ ဟု မိန့်တော်မူ၏။

အနက်ကား။ ။ ယော စ၊ အကြင်သူသည်ကား။ ကတကိစ္စံ၊ ပြုအပ်ပြီးသော ကိစ္စရှိသော။ မဟေသိနံ၊ မြတ်သောသီလက္ခန္ဓ စသည်ကို ရှာမှီးလေ့ရှိသော။ ပဗ္ဗဇိတံ၊ ရဟန်းသူတော်သူမြတ်ကို။ ဟန္တိ၊ သတ်ဖြတ်ညှဉ်းဆဲမိ၏။ သော၊

ထိုသူသည်။ ကာလသုတ္တေနိရယေ၊ ကာလသုတ်ငရဲ၌။ စိရရတ္တာယ၊ ကြာမြင့်စွာ။ ပစ္စတိ၊ ကျက်ရလေ၏။

တိရစ္ဆာန်စသည်ကို သတ်ခြင်းကြောင့် ခံရဟန်ကို နေမိဇာတ်ပါဠိတော်၌ ဟောတော်မူ၏။ ကျယ်မည် စိုးသောကြောင့် မရေးလိုက်သည်။
(ဤကား ပါဏာတိပါတကံ၏ အပြစ်ကိုပြသော စကားရပ်တည်း။)

ပါဏာတိပါတကို ပြဆိုခြင်းပြီး၏။

■

## ၂။ အဒိန္နာဒါနကို ပြဆိုခြင်း
## အဒိန္နာဒါနအင်္ဂါ

အဒိန္နာဒါန်၏အင်္ဂါ ထူးထွေသော အဓိပ္ပာယ်နှင့် လွန်ကျူးခြင်းကြောင့် ဖြစ်သောအပြစ်တို့ကို ဆိုပေအံ့။

**တဿ ပဉ္စ သမ္ဘာရာ ဟောန္တိ၊ ပရပရိဂ္ဂဟိတံ ပရပရိဂ္ဂဟိတ သညိတာ ထေယျစိတ္တံ ဥပက္ကမော တေန ဟရဏန္တိ [၁] ။**

၁။ ပရပရိဂ္ဂဟိတံ၊ သူတစ်ပါး သိမ်းဆည်းသော ဥစ္စာလည်းဖြစ်စေ။
၂။ ပရပရိဂ္ဂဟိတသညိတာ၊ သူတစ်ပါးသိမ်းဆည်းသောဥစ္စာဟု အမှတ်ရှိသည် လည်းဖြစ်စေ။
၃။ ထေယျစိတ္တံ၊ ခိုးလိုသောစိတ်ရှိသည်လည်းဖြစ်စေ။
၄။ ဥပက္ကမော၊ လုံ့လပြုသည်လည်းဖြစ်စေ။
၅။ တေန၊ ထိုလုံ့လဖြင့်။ ဟရဏံ၊ ခိုးယူသည်လည်းဖြစ်စေ။ ဣတိ၊ ဤသို့။ တဿ၊ ထိုအဒိန္နာဒါန်ကံ၏။ ပဉ္စ၊ ငါးပါးကုန်သော။ သမ္ဘာရာ၊ အဆောက်အဦး တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

(ဤကား အဒိန္နာဒါနကံ၏ အင်္ဂါကိုပြသော စကားရပ်တည်း။)

---

၁။ အဋ္ဌသာလိနီ အဋ္ဌကထာ။

## အဒိန္နာဒါနအဓိပ္ပာယ်

ထူးထွေသော အဓိပ္ပာယ်ကို ဆိုဦးအံ့။

၁။ သူ့ကျွန်မဟုတ် တော်လှန်သောသူကို ခိုးယူသော် အဒိန္နာဒါန်ထိုက်မည်လော၊ မထိုက်မည်လော ဟု မေးသည်ရှိသော်–

**ဘုဇိဿံ အဝဟရန္တဿ အဝဟာရော နတ္ထိ**–ဟု ပါရာဇိကဏ် အဋ္ဌကထာ၌ လာသောကြောင့် မထိုက်ဟူ၍ မှတ်ရမည်။

**အနက်ကား။** ။ ဘုဇိဿံ၊ သူ့ ကျွန်မဟုတ် တော်လှန်သောသူကို။ အဝဟရန္တဿ၊ ခိုးသောသူအား။ အဝဟာရော၊ အဒိန္နာဒါန်ကံသည်။ နတ္ထိ၊ မရှိ။

၂။ လူ၏ ဥစ္စာမှတစ်ပါး နတ်တိရစ္ဆာန်တို့၏ ဥစ္စာကိုခိုးသော အဒိန္နာဒါန်ထိုက်မည်လော၊ မထိုက်မည်လော–ဟု မေးသည်ရှိသော် –

သစေပိ ဟိ သက္ကော ဒေဝရာဇာ အာပဏံ ပသာရေတွာ နိသိန္နော ဟောတိ၊ ဒိဗ္ဗစက္ခုကော စ ဘိက္ခု တံ ဥတွာ အတ္တနော စီဝရတ္ထာယ သတသဟဿဃ္ဃနကမ္ပိ သာဋကံ တဿ မာဂဏ္ဍာ မာဂဏ္ဍာတိ ဝဒန္တဿာပိ ဂဟေတွာ ဂစ္ဆတီတိ။ ဟူ၍လည်းကောင်း

သစေပိ ဟိ နာဂရာဇာ ဝါ သုပဏ္ဏမာဏာဝကော ဝါ မနုဿရူပေန အာပဏံ ပသာရေတိ၊ တတော စဿ သန္တကံ၊ ကောစိ ဘိက္ခု ပုရိမနယေနေဝ ဂဟေတွာ ဂစ္ဆတီတိ၊ ဟူ၍လည်းကောင်း ပါရာဇိကဏ်၌လာသောကြောင့် အဒိန္နာဒါန် မထိုက်ဟု မှတ်ရမည်။

**အနက်ကား။** ။ ဟိသစ္စံ၊ မှန်၏။ သက္ကောဒေဝရာဇာ၊ သိကြားနတ်မင်းသည်။ အာပဏံ၊ အိမ်ဈေးကို။ ပသာရေတွာ၊ ခင်းထား၍။ နိသိန္နော၊ နေသည်။ ဟောတိ၊ ဖြစ်၏။ ဒိဗ္ဗစက္ခုကော စ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ရသည်လည်းဖြစ်သော။ ဘိက္ခု၊ ရဟန်းသည်။ တံ၊ ထိုဈေးခင်းသည်ကို။ ဥတွာ၊ သိ၍။ အတ္တနော၊ မိမိ၏။ စီဝရတ္ထာယ၊ သင်္ကန်းအလို့ငှါ။ သတသဟဿနဃ္ဃမ္ပိ၊ အသိန်းတသိန်းထိုက်သည်လည်း ဖြစ်သော။ သာဋကံ၊ ပုဆိုးကို။ တဿ၊ ထိုသိကြားနတ်မင်းသည်။ မာဂဏ္ဍ၊ မယူလင့်။ မာဂဏ္ဍ၊ မယူလင့်။ ဣတိ၊ ဤသို့။ ဝဒန္တဿာပိ၊ ဆိုသော်လည်း။၊ ဂဟေတွာ၊ ယူ၍။ သစေပိ ဂစ္ဆတိ၊ အကယ်၍သွားစေဦးတော့။ ဝဋ္ဋတိ၊ အပ်၏။

ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ နာဂရာဇာဝါ၊ နဂါးမင်းသည်လည်းကောင်း။
သုပဏ္ဏမာဏဝကောဝါ၊ သူယောင်ဖန်ဆင်းသော ဂဠုန်မင်းသည်လည်းကောင်း။
မနုဿရူပေန၊ လူ့အသွင်ဖြင့်။ အာပဏံ၊ အိမ်ဈေးကို။ ပသာရေတိ၊ ခင်းထားအံ့။
တတောစ၊ ထိုအိမ်ဈေးမှသာလျှင်။ အဿ၊ ထိုနဂါးမင်း၏။ သန္တကံ၊ ဥစ္စာကို။
ကောစိ၊ တစုံတယောက်သော။ ဘိက္ခု၊ ရဟန်းသည်။ ပုရိမနယေနေဝ၊
ရှေးနည်းဖြင့်သာလျှင်။ ဂဟေတွာ၊ ယူ၍။ သစေပိဂစ္ဆတိ၊ အကယ်၍မူလည်းသွားအံ့။
ဝဋ္ဋတိ၊ အပ်၏။

(ဤ၌ ပရာဘဏ္ဍ လက္ခဏာမရှိသောကြောင့် နတ်, တိရစ္ဆာန်တို့၏ ဥစ္စာကိုခိုးသော်
လည်း အပြစ်မရှိသကဲ့သို့ လူတို့၌လည်း အပြစ်မရှိဟု မှတ်ရမည်။)

(ဤကား အဒိန္နာဒါနကံ၏ ထူးသောစကားရပ်တည်း။)

## အဒိန္နာဒါန၏ အပြစ်

အဒိန္နာဒါနကို လွန်ကျူးခြင်းကြောင့်ဖြစ်သော အပြစ်ကိုဆိုပေအံ့။
အကြင်ပုဂ္ဂိုလ်သည် အရှင်မပေးသော သူတစ်ပါးဥစ္စာကို ခိုး၏။ ထိုပုဂ္ဂိုလ်သည်
အလျှံပြောင်ပြောင် တောက်လောင်သော လှံမတို့ဖြင့် နံပါးနှစ်ဖက်တို့ကို ထိုးသွင်း
လျက် ခံရ၏။

ထို့ကြောင့် နေမိဇာတ်၌

ယေ ဇီဝလောကသ္မိံ အသာဓုဓမ္မိနော၊ အဒိန္နမာဒါယ ကရောန္တိ ဇီဝိတံ။
ဓညံ ဓနံ ရဇတံ ဇာတရူပဥ္စ၊ အဇေဠကဉ္စာပိ ပသုံ မဟိံသံ။
တေ လုဒ္ဒကမ္မာ ပသဝေတွာ ပါပံ၊ တေ မေ ဇနာ သတ္တိဟတာ သယန္တိတိ။

ဟု ဟောတော်မူ၏။

**အနက်ကား။** ။ ဇီဝလောကသ္မိံ သတ္တလောက၌။ အသာဓု ဓမ္မိနော၊ မကောင်းမှုကို
ပြုလေ့သဘောရှိကုန်သော။ ယေ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ ဓညဥ္စ၊ စပါးကိုလည်း
ကောင်း။ ဓနဥ္စ၊ ဥစ္စာကိုလည်းကောင်း။ ရဇတဥ္စ၊ ငွေကိုလည်းကောင်း။ ဇာတရူပဥ္စ၊
ရွှေကိုလည်းကောင်း။ အပိ၊ ထိုမှတစ်ပါး။ အဇေဠကဉ္စ၊ ဆိတ်သိုးကိုလည်းကောင်း။
ပသုံစ၊ သားကောင်ကိုလည်းကောင်း။ မဟိံသစ၊ ကျွဲကိုလည်းကောင်း။ ဣတိ၊
ဤသို့။ အဒိန္နံ၊ အရှင်မပေးသောဥစ္စာကို။ အာဒါယ၊ ယူ၍။ ဇီဝိတံ၊ အသက်ကို။
ကရောန္တိ၊ မွေးမြူကြကုန်၏။ တေ၊ ထိုပုဂ္ဂိုလ်တို့သည်။ လုဒ္ဒကမ္မာ၊ ကြမ်းတမ်း

သောအမှုကိုပြုကုန်သည်ဖြစ်၍။ ပါပံ၊ မကောင်းမှုကို။ ပသဝေတွာ-ပသဝန္တိ၊ ပွားစေကုန်၏။ ပသဝေတွာ၊ ပွားစေကုန်ပြီး၍။ တေမေဇနာ၊ ထိုလူအပေါင်းတို့သည်။ ဥဘောပသေ၊ နံပါးနှစ်ဖက်တို့ကို။ နိရယပါလေဟိ၊ ငရဲထိန်းတို့သည်။ သတ္တိဟတာ၊ အလျှံပြောင်ပြောင်တောက်သော လှံမတို့ဖြင့် ထိုးအပ်ကုန်သည်ဖြစ်၍။ သယန္တိ၊ အိပ်နေရကုန်၏။ ဣတိ၊ ဤသို့။ မာတလိ၊ မာတလိနတ်သားသည်။ ဗျာကာသိ၊ ဖြေကြား၏။

(ဤကား အဒိန္နာဒါနကံ၏ အပြစ်ကို ပြသော စကားရပ်တည်း။)

အဒိန္နဒါနကို ပြဆိုခြင်းပြီး၏။

■

## ၃။ ကာမေသုမိစ္ဆာစာရကို ပြဆိုခြင်း ကာမေသုမိစ္ဆာစာရအင်္ဂါ

ကာမေသုမိစ္ဆာစာရကံ၏အင်္ဂါထူးထွေသော အဓိပ္ပါယ်လွန်ကျူးခြင်းကြောင့် ဖြစ်သောအပြစ်တို့ကို ဆိုပေအံ့။

တသ္သ စတ္တာရော သမ္ဘာရာ ဟောန္တိ အဂမနီယဝတ္ထု တသ္မိံ သေဝနစိတ္တံ သေဝနပယောဂေါ မဂ္ဂေန မဂ္ဂပ္ပဋိပတ္တိ အဓိဝါသနန္တိ။ (အဋ္ဌကထာ)

၁။ အဂမနီယဝတ္ထု၊ မသွားလာအပ်သော ဝတ္ထုလည်းဖြစ်စေ။

၂။ တသ္မိံ၊ ထိုမသွားလာအပ်သော ဝတ္ထု၌။ သေဝနစိတ္တံ၊ မှီဝဲလိုသောစိတ်ရှိသည်လည်းဖြစ်စေ။

၃။ သေဝနပယောဂေါ၊ မှီဝဲခြင်းငှါ လုံ့လပြုသည်လည်းဖြစ်စေ။

၄။ မဂ္ဂေန မဂ္ဂပ္ပဋိပတ္တိ အဓိဝါသနံ၊ မဂ်တစ်ပါးဖြင့် မဂ်တစ်ပါးကိုသွင်း၍ သာယာသည်လည်းဖြစ်စေ။ ဣတိ၊ ဤသို့။ တဿ၊ ထိုကာမေသုမိစ္ဆာစာရကံ၏။ စတ္တာရော၊ လေးပါးကုန်သော။ သမ္ဘာရာ၊ အဆောက်အဦးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

(ဤကား ကာမေသုမိစ္ဆာစာရကံ၏ အင်္ဂါကို ပြသောစကားရပ်တည်း။)

## ကာမေသုမိစ္ဆာစာရအဓိပ္ပာယ်

ထူးထွေသော အဓိပ္ပါယ်ကို ဆိုပေအံ့။
ယောက်ျားတို့ မသွားလာအပ်သော မိန်းမသည် ၂-ကျိပ် ဖြစ်သတည်း။
ထို့ကြောင့် အဋ္ဌသာလိနီအဋ္ဌကထာ၌-

အဂမနီယဋ္ဌာနံနာမ ပုရိသာနံ တာဝ မာတုရက္ခိတာ ပိတုရက္ခိတာ မာတာပိတုရက္ခိတာ ဘာတုရက္ခိတာ ဘဂိနီရက္ခိတာ ဉာတိရက္ခိတာ ဂေါတ္တရက္ခိတာ ဓမ္မရက္ခိတာ သာရက္ခာ သပရိဒဏ္ဍာတိ မာတုရက္ခိတာဒယော ဒသ၊ ဓနက္ကီတာ ဆန္ဒဝါသိနီ ဘောဂဝါသိနီ ပဋဝါသိနီ ဩဒပတ္တကိနီ ဩဘဋစုမ္ဗဋာ ဒါသီ စ ဘရိယာ စ ကမ္မကာရီ စ ဘရိယာ ဓဇာဟဋာ မုဟုတ္တိကာတိ တော ဓနက္ကီတာဒယော ဒသာတိ ဝီသတိ ဣတ္ထိယော။ ဟု မိန့်ဆို၏။

၁။ မာတုရက္ခိတာ၊ အမိစောင့်သောမိန်းမလည်းကောင်း။
၂။ ပိတုရက္ခိတာ၊ အဘစောင့်သောမိန်းမလည်းကောင်း။
၃။ မာတာပိတုရက္ခိတာ၊ အမိအဘစောင့်သောမိန်းမလည်းကောင်း။
၄။ ဘာတုရက္ခိတာ၊ အစ်ကိုကြီးစောင့်သောမိန်းမလည်းကောင်း။
၅။ ဘဂိနီရက္ခိတာ၊ အစ်မကြီးစောင့်သောမိန်းမလည်းကောင်း။
၆။ ဉာတိရက္ခိတာ၊ ဆွေမျိုးစောင့်သောမိန်းမလည်းကောင်း။
၇။ ဂေါတ္တရက္ခိတာ၊ အနွယ်စောင့်သောမိန်းမလည်းကောင်း။
၈။ ဓမ္မရက္ခိတာ၊ သီတင်းသုံးဖော်စောင့်သောမိန်းမလည်းကောင်း။
၉။ သာရက္ခာ၊ အမိအဘနှစ်ပါးတို့ ချိန်းချက်စောင့်ရှောက်မှုရှိသောမိန်းမလည်းကောင်း။
၁၀။ သပရိဒဏ္ဍာ၊ ဤမိန်းမကို သွားလာသည်ရှိသော် ဒဏ်မည်မျှဟု ထားအပ်သော ဒဏ်ရှိသော မိန်းမလည်းကောင်း။ ဣတိ၊ ဤသို့။ မာတုရက္ခိတာဒယော၊ မာတုရက္ခိတအစရှိကုန်သော။ ဒသ၊ တကျိပ်သောမိန်းမတို့လည်းကောင်း။

၁။ ဓနက္ကီတာ၊ မယားပြုလုပ်ခြင်းအကျိုးငှါ ဉစ္စာဖြင့်ဝယ်အပ်သော မိန်းမလည်းကောင်း။
၂။ ဆန္ဒဝါသိနီ၊ အလိုတူ၍နေသော မိန်းမလည်းကောင်း။
၃။ ဘောဂဝါသိနီ၊ စည်းစိမ်လို၍နေသော မိန်းမလည်းကောင်း။

၄။ ပဋ္ဌဝါသိနီ၊ ပုဆိုးအဝတ်ကိုလို၍နေသော မိန်းမလည်းကောင်း။
၅။ သြဒပတ္တကိနီ၊ ရေခွက်၌လက်ကိုချ၍ မယားအဖြစ်သို့ရောက်သော မိန်းမလည်းကောင်း။
၆။ သြဘဋ္ဋစုမ္ဗာ၊ ခေါင်းခုချ၍ မယားအဖြစ်သို့ရောက်သောမိန်းမလည်းကောင်း။
၇။ ဒါသီစဘရိယာ၊ ကျွန်မလည်းဖြစ် မယားလည်းဖြစ်သောမိန်းမလည်းကောင်း။
၈။ ကမ္မကာရီစဘရိယာ၊ အမှုလုပ်လည်းဖြစ် မယားလည်းဖြစ်သောမိန်းမ လည်းကောင်း။
၉။ ဓဇာဟဋ္ဌာ၊ တံခွန်ဖြင့်ထောင်၍ရသောမိန်းမလည်းကောင်း။
၁၀။ မုဟုတ္တိကာ၊ တခဏမျှပေါင်းဖော်ဘူးသောမယားလည်းကောင်း။

ဣတိ၊ ဤသို့။ ဓနက္ကီတာဒယော၊ ဓနက္ကီတာအစရှိကုန်သော။ ဝေါဒသ၊ ဤတကျိပ်သော မိန်းမတို့လည်းကောင်း။ ဣတိ၊ ဤသို့။ ဝီသတိက္ကတ္တိယော၊ နှစ်ကျိပ်သော မိန်းမတို့သည်။ တာဝ၊ ရှေးဦးစွာ။ ပုရိသာနံ၊ ယောကျ်ားတို့၏။ အာဂမနီယဋ္ဌာနံ နာမ၊ မသွားလာ အပ်သောအရာဌာနမည်၏။

ဤနှစ်ကျိပ်သောမိန်းမတို့တွင် မာတုရက္ခိတာအစ ဓမ္မရက္ခိတာအဆုံးတိုင်အောင် တို့ကို ယောကျ်ားတပါး သွားလာသည်ရှိသော် မိန်းမတို့ကား ကာမေသုမိစ္ဆာစာရကံ မထိုက်။
ထို့ကြောင့် သာရတ္ထသင်္ဂဟာကျမ်း၌–

ဧတေသု မာတုရက္ခိတာဒီနံ အဋ္ဌန္နံ ပုရိသန္တရ ဂမနေ။ စသည်ဖြင့် မိန့်တော်မူ၏။

**အနက်ကား။** ။ ဧတေသု၊ ထိုနှစ်ကျိပ်သောမိန်းမတို့တွင်။ မာတုရက္ခိတာဒီနံ၊ မာတုရက္ခိတာအစရှိကုန်သော။ အဋ္ဌန္နံ ရှစ်ယောက်ကုန်သော မိန်းမတို့အား။ ပုရိသန္တရ ဂမနေ၊ ယောကျ်ားတစ်ပါးသွားလာသည်ရှိသော်။ မိစ္ဆာစာရော၊ ကာမေသုမိစ္ဆာစာရ ကံသည်။ နတ္ထိ၊ မရှိ။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ မာတာဒယော၊ အမိအစရှိသည်တို့သည်။ တာသံ၊ ထိုမိန်းမတို့၏။ သမ္ဗဿော၊ အတွေ့တည်းဟူသော ဖောဋ္ဌဗ္ဗာရုံ၌။ န ဣဿရာ၊ အစိုးမရကုန်။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ မာတာဒယော၊ အမိအစရှိသည်တို့သည်။ အတ္တနော၊ မိမိ၏။ ဖဿာနိ၊ အတွေ့တည်း ဟူသော ဖောဋ္ဌဗ္ဗာရုံတို့ကို။ အနုဘဝနတ္တံ၊ ခံစားခြင်းငှါ။ တာသံ၊ ထိုမိန်းမတို့ကို။ န ရက္ခတိ၊ မစောင့်ရှောက်ကုန်။ ကေဝလံ၊ သက်သက်။ အနာစာရံ၊ မလွန်ကျူး

အပ်သည်ကို။ နိသေဓေန္တော၊ တားမြစ်ကုန်သည်ဖြစ်၍။ တာသံ၊ ထိုမိန်းမတို့၏။ ပုရိသန္တရဂမနံ၊ ယောကျ်ားတစ်ပါးသွားလာခြင်းကို။ ဝါရေန္တိ၊ တားမြစ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်တည်း။

ကြွင်းသော တစ်ကျိပ်နှစ်ယောက်သော မိန်းမတို့ကို ယောကျ်ားတပါး သွားလာသည်ရှိသော် ကာမေသုမိစ္ဆာစာရကံထိုက်၏။

ထို့ကြောင့် ၎င်းကျမ်း၌–

သေသာနံ ဒွိန္နံ သာရက္ခသပရိဒဏ္ဍာနံ ဒသန္နဉ္စ ဓနက္ကီတာဒီနံ ဣတ္ထီနံ ပုရိသဂမနေ မိစ္ဆာစာရော အတ္ထိ၊ ကသ္မာ သသာမိကဘာဝတော။ ဟု မိန့်တော်မူ၏။ အနက်ကား။ ။ သေသာနံ၊ ကြွင်းကုန်သော။ ဒွိန္နံ၊ နှစ်ယောက်ကုန်သော။ သာရက္ခသပရိဒဏ္ဍာနံ၊ သာရက္ခသပရိဒဏ္ဍမိန်းမတို့အားလည်းကောင်း။ ဒသန္နံ၊ တကျိပ်ကုန်သော။ ဓနက္ကီတာဒီနံ၊ ဓနက္ကီတ အစရှိကုန်သော။ ဒသန္နံ၊ တကျိပ် ကုန်သော။ ဣတ္ထီနဉ္စ၊ မိန်းမတို့အားလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွါဒသန္နံ၊ တကျိပ်နှစ်ယောက်ကုန်သော။ ဣတ္ထီနံ၊ မိန်းမတို့အား။ ပုရိသန္တရဂမနေ၊ ယောကျ်ား တပါးသွားလာခြင်းကြောင့်။ မိစ္ဆာစာရော၊ ကာမေသုမိစ္ဆာစာရကံသည်။ အတ္ထိ၊ ရှိ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ သသာမိကဘာဝတော၊ လင်ရှိသည်၏ အဖြစ်ကြောင့်တည်း။

(ယောကျ်ားတို့ကား နှစ်ကျိပ်လုံးပင် ကာမေသုမိစ္ဆာစာရကံထိုက်သည်။ ထိုအကြောင်းကို ''အဂမနီယဋ္ဌာနံ နာမ တာဝ မာတုရက္ခိတာဒယော'' အစရှိသော အောက်စကားရပ်နှင့်ပင် သိလောက်ပြီ။)

အကြင်ယောကျ်ားသည် ညအခါ မိမိမိန်းမဟု ထင်မှတ်သည်ဖြစ်၍ တစ်ပါး သောမိန်းမအား သွားလာမိ၏။ ထိုယောကျ်ားအား ကာမေသုမိစ္ဆာစာရကံ ထိုက်မည်လော၊ မထိုက်မည်လော–ဟု မေးသည်ရှိသော် –

ပါဏာတိပါတအရာဝယ် ပါဏသညိတာဟု ပါသကဲ့သို့ ဤ၌ အဂမနီယ သညိတာဟု မပါသောကြောင့် ထိုက်၏ဟုမှတ်ရမည်။ အချို့သောပုဂ္ဂိုလ်တို့က တသ္မိံဟူသော အာခ်ာရဖြင့် အဂမနီယဝတ္ထုသညိတာကို ပြသည်ဟုဆိုကြ၏။ ထိုစကားသည်မသင့်၊ အဘယ့်ကြောင့်နည်းဟူမူကား ပဋ္ဌသမ္ဘာရာ–ဟု မလာသော ကြောင့်တည်း။

၁။ မာတုရက္ခိတ– အစရှိသော ရှစ်ယောက်သော မိန်းမတို့ကို သွားလာသည်ရှိသော် ပိုင်သူလင်မရှိသောကြောင့် ကာမေသုမိစ္ဆာစာရကံထိုက်၏ ဟု ဆိုရသည်။

၂။ သာရက္ခ– အစရှိသော တကျိပ်နှစ်ယောက်သောမိန်းမတို့ကို သွားလာသည် ရှိသော် ပိုင်သူလင်ရှိသောကြောင့် ကာမေသုမိစ္ဆာစာရကံလည်း ထိုက်၏။ ပရဒါရကံလည်းထိုက်၏ ဟု ဆိုရသည်။

(ဤကား ကာမေသုမိစ္ဆာစာရကံ၏ ထူးသော စကားရပ်တည်း။)

## ကာမေသုမိစ္ဆာစာရ၏ အပြစ်

လွန်ကျူးခြင်းကြောင့်ဖြစ်သော အပြစ်တို့ကို ဆိုပေအံ့၊ အကြင်လူအပေါင်းတို့သည် ကာမေသုမိစ္ဆာစာရကံကို လွန်ကျူးကုန်၏။ ထိုလူအပေါင်းတို့ကို ငရဲထိန်းတို့သည် အလျှံပြောင်ပြောင်တောက်သော မီးကျီးတွင်း၌ ပစ်ချကြကုန်၏။ ထို့ကြောင့် နေမိဇာတ်ပါဠိတော်၌–

ယေ ဇီဝလောကသ္မိံ အသာဓုဓမ္မိနော၊ ပရဿ ဒါရာနိ အတိက္ကမန္တိ။

တေ တာဒိသာ ဥတ္တမဘဏ္ဍထေနာ၊ တေမေဇနေ အဝံသိရာ နရကေ ပါတယန္တိ။ ဟု ဟောတော်မူ၏။

**အနက်ကား**။ ။ ဇီဝလောကသ္မိံ သတ္တလောက၌။ အသာဓုဓမ္မိနော၊ မကောင်းမှုကို ပြုလေ့သဘောရှိကြကုန်သော။ ယေ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ ပရဿ၊ သူတပါး၏။ ဒါရာနိ၊ မယားတို့ကို။ အတိက္ကမန္တိ လွန်ကျူးကုန်၏။ တာဒိသာ၊ ထိုသို့ လွန်ကျူးခြင်း ရှိကုန်သော။ တေဇနာ၊ ထိုသူအပေါင်းတို့သည်။ ဥတ္တမဘဏ္ဍထေနာ၊ မြတ်သော ဥစ္စာဟု ဆိုအပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံကို ခိုးသူတို့မည်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေမေဇနေ၊ ထိုလူအပေါင်းတို့ကို။ နိရယပါလာ၊ ငရဲထိန်းတို့သည်။ အဝံသိရာ၊ ဦးခေါင်းဦးစောက်။ နရကေ၊ အလျှံပြောင်ပြောင် တောက်သောမီးကျီးတို့ဖြင့် ပြည့်သော နရက်ချောက်ငရဲ၌။ ပါတယန္တိ၊ ပစ်ချကုန်၏။

ဤမျှသာမဟုတ် နပုံးပဏ္ဍုတ်ဖြစ်ရခြင်းတို့သည် ကာမေသုမိစ္ဆာစာရကံ ဟု သာရတ္ထစသော ကျမ်းအစောင်စောင်တို့၌ ဆိုကြကုန်၏။ ကျယ်မည်စိုးသောကြောင့် မရေးလိုက်သည်။

(ဤကား ကာမေသုမိစ္ဆာစာရကံ၏ အပြစ်ကို ပြသော စကားရပ်တည်း။)

ကာမေသုမိစ္ဆာစာရကို ပြဆိုခြင်း ပြီး၏။

## ၄-မုသာဝါဒကို ပြဆိုခြင်း
## မုသာဝါဒအင်္ဂါ

မုသာဝါဒကံ၏အင်္ဂါ ထူးထွေသော အဓိပ္ပါယ် လွန်ကျူးခြင်းကြောင့်ဖြစ်သော အပြစ်တို့ကို ပြဆိုပေအံ့။

တဿ စတ္တာရော သမ္ဘာရာ ဟောန္တိ၊ အတထံဝတ္ထု၊ ဝိသံဝါဒနစိတ္တံ၊ တဇ္ဇော ဝါယာမော ပရဿ တဒတ္ထဝိဇာနနန္တိ။ (အဋ္ဌသာလိနီ အဋ္ဌကထာ)

၁။ အတထံဝတ္ထု၊ မဟုတ်မမှန်သော ဝတ္ထုလည်းဖြစ်စေ။
၂။ ဝိသံဝါဒနစိတ္တံ၊ ချွတ်ယွင်းစေလိုသော စိတ်ရှိသည်လည်း ဖြစ်စေ။
၃။ တဇ္ဇော ဝါယာမော၊ ထိုချွတ်ယွင်းခြင်းအားလျော်သော လုံ့လပြုသည်လည်းဖြစ်စေ။
၄။ ပရဿ၊ သူတစ်ပါး၏။ တဒတ္ထဝိဇာနနံ၊ ထိုအနက်အဓိပ္ပါယ်ကို သိသည်လည်း ဖြစ်စေ။ ဣတိ၊ ဤသို့၊ တဿ၊ ထိုမုသာဝါဒကံ၏။ စတ္တာရော၊ လေးပါးကုန်သော။ သမ္ဘာရာ၊ အဆောက်အဦတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

( ဤကား မုသာဝါဒကံ၏ အင်္ဂါကိုပြသော စကားရပ်တည်း။ )

## မုသာဝါဒ အဓိပ္ပါယ်

ထူးထွေသော အဓိပ္ပါယ်ကို ဆိုပေအံ့။
ဤသို့သော အင်္ဂါလေးပါးနှင့် ပြည့်စုံသော်လည်း အကျိုးမပျက်စီးက ကမ္မပထ မမြောက်ဟု မှတ်ရမည်။
ထို့ကြောင့် ခုဒ္ဒကအဋ္ဌကထာ၌-

**ယော ပန အတ္ထဘဉ္ဇကော၊ သော ကမ္မပထပတ္တော၊ ဣတရော ကမ္မမေဝ။** ဟု မိန့်တော်မူ၏။

**အနက်ကား။** ။ ယော ပန မုသာဝါဒေါ၊ အကြင်မုသာဝါဒကံသည်ကား။ အတ္ထဘဉ္ဇကော၊ အကျိုးကိုဖျက်ဆီးတတ်၏။ သော မုသာဝါဒေါ၊ ထိုမုသာဝါဒကံသည်။ ကမ္မပထပတ္တော၊ ကမ္မပထမြောက်၏။ ဣတရော၊ ဤမှတစ်ပါးသော မုသာဝါဒကံသည်။ ကမ္မမေဝ၊ ကံမည်သည်သာလျှင်တည်း။

လှည့်စားလေဟုစေရာ၌ ဆောင်သောသူ လှည့်စားသည်ဖြစ်၍ တစ်ပါးသော

သူ၏ အကျိုးပျက်စီးသည်ရှိသော် စေရင်းပုဂ္ဂိုလ်မှာ မုသာ၀ါဒကံထိုက်မည်လော၊ မထိုက်မည်လောဟု မေးသည်ရှိသော်-

**ဧကော ပယောဂေါ သာဟတ္ထိကော၀။** ဟု အဋ္ဌသာလိနီ အစရှိသော အဋ္ဌကထာ အစောင်စောင်တို့၌ လာသောကြောင့် မထိုက်ဟုမှတ်ရမည်။

**အနက်ကား။ ။** သာဟတ္ထိကော၀၊ ကိုယ်တိုင်လှည့်စားခြင်းဟုဆိုအပ်သော။ ဧကော၊ တခုသော။ ပယောဂေါ၊ ပယောဂသည်သာလျှင်တည်း။

( ဤကား မုသာ၀ါဒကံ၏ ထူးသော စကားရပ်တည်း။ )

## မုသာ၀ါဒ၏အပြစ်

လွန်ကျူးခြင်းကြောင့်ဖြစ်သော အပြစ်တို့ကို ဆိုပေအံ့။

အကြင်ရဟန်းတို့သည် ဈာန်, မဂ်, ဖိုလ်ကို မရပဲနှင့် ရ၏ဟု လိမ်လည်လှည့်ဖျားလျက် ပြောဆိုကြကုန်၏။ ထိုရဟန်းတို့သည် သေသည်၏အခြားမဲ့၌ အလျှံပြောင်ပြောင် တောက်သောမီးကျီးရေ၌ သက်နိုးကို လည်၌ရောက်လျက်၊ ခံရကုန်၏။

ထို့ကြောင့် ၀ိဘင်းပါဠိတော်၌-

**ကာသာ၀ကဏ္ဌာ ဗဟ၀ေါ၊ ပါပဓမ္မာ အသညတာ။**
**ပါပေဟိ ကမ္မေဟိ၊ နိရယေ တေ ဥပပဇ္ဇရေ။** ဟု ဟောတော်မူ၏။

**အနက်ကား။ ။** ပါပဓမ္မာ၊ ယုတ်မာသောတရားမှ။ အသညတာ၊ မစောင့်စည်းကုန်သော။ ဗဟ၀ေါ၊ များစွာကုန်သော။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ ပါပေဟိ၊ ယုတ်မာကုန်သော။ ကမ္မေဟိ၊ ကံတရားတို့ကြောင့်။ ပရံမရဏာ၊ သေသည်မှနောက်၌။ ကာသာ၀ကဏ္ဌာ၊ သက်နိုးလည်၌ရောက်ကုန်လျက်။ နိရယေ၊ ငရဲ၌။ ဥပပဇ္ဇရေ၊ ခံရကုန်၏။

(ဤကား မုသာ၀ါဒကံ၏ အပြစ်ကိုပြသော စကားရပ်တည်း။)

မုသာ၀ါဒကိုပြဆိုခြင်းပြီး၏။

■

## ၅–သုရာမေရယကို ပြဆိုခြင်း။
## သုရာမေရယအင်္ဂါ

သုရာမေရယကံ၏အင်္ဂါ ထူးထွေသောအဓိပ္ပါယ် လွန်ကျူးကြောင်းဖြစ်သော အပြစ်တို့ကို ပြဆိုပေအံ့။

သုရာဒီနဉ္စ အညတရံ ဟောတိ၊ မဒနီယပါတုကမျတာ စိတ္တဉ္စ ပစ္စုပဋ္ဌိတံ ဟောတိ၊ တဇ္ဇဉ္စ ဝါယာမံ အာပဇ္ဇတိ၊ ပီတေ စ ပဝိသတီတိ ဣမာနိ စတ္တာရိ။ **(ခုဒ္ဒကပါဌ အဋ္ဌကထာ)**

၁။ သုရာဒီနဉ္စ၊ သေအစရှိသည်တို့တွင်လည်း။ အညတရံ၊ တစ်ပါးပါးသည်။ ဟောတိ၊ ဖြစ်၏။

၂။ မဒနီယပါတုကမျတာစိတ္တဉ္စ၊ မူးယစ်သည့်သေကိုသောက်ခြင်းငှါအလိုရှိသောသူ၏ အဖြစ်တည်းဟူသော စိတ်သည်လည်း။ ပစ္စုပဋ္ဌိတံ၊ ရှေးရှုဖြစ်၍တည်သည်။ ဟောတိ၊ ဖြစ်၏။

၃။ တဇ္ဇံ၊ ထိုအားလျော်သော။ ဝါယာမဉ္စ၊ လုံ့လသို့လည်း။ အာပဇ္ဇတေ၊ ရောက်၏။

၄။ ပီတေ၊ သောက်သည်ရှိသော်။ ပဝိသတိ စ၊ ဝင်လည်းဝင်၏။ ဣတိ၊ ဤသို့။ ဣမာနိစတ္တာရိ၊ ဤလေးပါးတို့သည်။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနဿ၊ ယစ်မူးမေ့လျော့ကြောင်းဖြစ်သော သေရည်အရက်ကိုသောက်သောကံ၏။ အင်္ဂါ၊ အင်္ဂါတို့တည်း။

( ဤကား သုရာမေရယကံ၏ အင်္ဂါကိုပြသော စကားရပ်တည်း။ )

## သုရာမေရယ အဓိပ္ပါယ်

ထူးထွေသော အဓိပ္ပါယ်ကို ဆိုပေအံ့–

၁။ ဤသုရာမေရယကံသည် ကမ္မပထမြောက်သောကံလော၊ မမြောက်သောကံလော ဟု မေးသည်ရှိသော် – ဣဿာ မစ္ဆရိယ ဝိစိကိစ္ဆာ တရားတို့သည် ကမ္မပထတရား ၁၀–ပါး၌ မပါသော်လည်း အပါယ်ပဋိသန္ဓေကိုပေးသည် ဖြစ်၍ ကမ္မပထမြောက်သောကြောင့် ကမ္မတရား ၁၀–ပါးတို့တွင် တော်ရာလျော်ရာ သွင်း၍ ယူရာသကဲ့သို့ ထို့အတူ သုရာမေရယကံသည်လည်း အပါယ်ပဋိသန္ဓေကို ပေးသည် ဖြစ်၍ ကမ္မပထမြောက်သောကြောင့် တော်ရာလျော်ရာသို့ သွင်း၍ယူရမည်။(ဤကား ယုတ္တိဒဋ္ဌိ)

အာဂမဒဠှီအားဖြင့်ကား

ကော သေသောတိ ပဠပိ ကမ္မပထမေဝ – ဟူသော သမ္မောဟဝိနောဒနီအဋ္ဌကထာ, ပါဏာတိပါတောနာမ နိရယသံဝတ္တနိကော ဟောတိ တိရစ္ဆာနယောနိသံဝတ္တနိကော ပေတ္တိဝိသယသံဝတ္တနိကော။ တထာ အဒိန္နာဒါနာဒီနိ – ဟူသော မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ ၎င်းအဋ္ဌကထာ စကားနှစ်ရပ် ကိုထောက်လျှင် ကမ္မပထမြောက်၏ဟုမှတ်ရမည်။

၂။ ဘိန်းစားခြင်း, သေသောက်ခြင်း, ရှူခြင်းတို့သည် သုရာမေရယကံ ထိုက်မည်လော မထိုက်မည်လော–ဟု မေးသည်ရှိသော် –

ယံ ဝါ ပန အညမ္ပိ အတ္ထိ မဒနီယံ၊ ယေန ပီတေန ပမတ္တော ဟောတိ၊ ဣဒံ ဝုစ္စတိ မဇ္ဇံ။ ဟု ခုဒ္ဒကအဋ္ဌကထာ၌ လာသောကြောင့် ထိုက်၏ဟု မှတ်ရမည်။

**အနက်ကား**။ ။ ဝါပန၊ ထိုမှတစ်ပါး။ အညမ္ပိ၊ တပါးလည်းဖြစ်သော။ ကိဉ္စိ၊ အမှတ်မရှိသော။ ယံ မဒနီယံ၊ အကြင်မူးယစ်ကြောင်းဖြစ်သောဝတ္ထုသည်။ အတ္ထိ၊ ရှိ၏။ ယေန ဝတ္ထုနာ၊ အကြင်ဝတ္ထုဖြင့်။ ပမတ္တော၊ မေ့လျော့သည်။ ဟောတိ၊ ဖြစ်၏။ ဣဒံ သဗ္ဗံ၊ ဤအလုံးစုံ မေ့လျော့ကြောင်းဖြစ်သောဝတ္ထုတို့ကို။ မဇ္ဇံ မဇ္ဇဟူ၍။ ဝါ– သေဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၃။ သေအရက်ကို ဆေးဟင်းလျာတို့၌ ထည့်စေခြင်းငှါလည်းကောင်း , ကောင်းစေခြင်းငှါလည်းကောင်း သေအရက်တို့၏ အနံ့အရသာကို မထင်စေပဲ အနည်းငယ်ထည့်စေလျက် ၎င်းဆေးဟင်းလျာတို့ကို သုံးဆောင်သောသူသည် သုရာမေရယကံ ထိုက်မည်လော မထိုက်မည်လောဟု မေးသည်ရှိသော်–

အနုဇာနာမိ ဘိက္ခဝေ ယသ္မိံ တေလပါကေ မဇ္ဇဿ န ဝဏ္ဏော ဂန္ဓော ရသော ပညာယတိ၊ ဧဝရူပံ မဇ္ဇပက္ခိတ္တံ တေလံ ပါတုံ။ ဟု မဟာဝါပါဠိတော်၌ လာသောကြောင့် မထိုက်ဟု မှတ်ရမည်။

**အနက်ကား**။ ။ ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မိံ တေလပါကေ၊ အကြင်ဆီကျက်၌။ မဇ္ဇဿ၊ သေ၏။ ဝဏ္ဏော၊ အဆင်းသည်။ န ပညာယတိ၊ မထင်။ ဂန္ဓော၊ အနံ့သည်။ န ပညာယတိ၊ မထင်။ ရသော၊ အရသာသည်။ န ပညာယတိ၊ မထင်။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ မဇ္ဇပက္ခိတ္တံ၊ သေအရက်ထည့်အပ်သော။ တေလံ၊ ဆီကို။ ပါတုံ၊ သောက်ခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။

(ဤကား သုရာမေရယကံ၏ ထူးသော စကားရပ်တည်း။ )

## သုရာမေရယ၏အပြစ်

သုရာမေရယ၏ လွန်ကျူးခြင်းကြောင့်ဖြစ်သော အပြစ်တို့ကို ဆိုပေအံ့။ အကြင်ပုဂ္ဂိုလ်သည် သုရာမေရယကံကို လွန်ကျူး၏၊ ထိုပုဂ္ဂိုလ်သည် ငရဲ၌ ကြိမ်ဖန်များစွာခံရ၏။ လူဖြစ်သော်လည်း ရူးခြင်း, အ-ခြင်းဖြစ်သေးသည်။
ထို့ကြောင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ၌-

ဥမ္မတ္တကသံဝတ္တနိကော ဟောတီတိ ဥမ္မတ္တကဘာဝံ သံဝတ္တေတိ၊ တေန ဟိ မနုဿော ဥမ္မာဒေါ ဝါ ခိတ္တစိတ္တော ဝါ ဧဠမူဂေါ ဝါ ဟောတိ၊ အယံ သုရာပါနဿ နိဿန္ဒော။ ဟု မိန့်တော်မူ၏။

**အနက်ကား။** ။ ဥမ္မတ္တကသံဝတ္တနိကော ဟောတီတိ၊ ဥမ္မတ္တကသံဝတ္တနိကော ဟောတိဟူသည်ကား။ ဥမ္မတ္တကဘာဝံ၊ ရူးသည်၏အဖြစ်ကို။ သံဝတ္တေတိ၊ ဖြစ်စေ၏။ ဟိ သစ္စံ၊ မှန်၏။ တေန၊ ထို့ကြောင့်။ မနုဿော၊ လူသည်။ ဥမ္မာဒေါဝါ၊ ရူးခြင်းသည်လည်းကောင်း။ ခိတ္တစိတ္တောဝါ၊ စိတ်ပြန့်လွင့်ခြင်းသည်လည်းကောင်း။ ဧဠမူဂေါဝါ၊ အ ခြင်းသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသော အကျိုးတရား ဟူသမျှသည်။ သုရာပါနဿ၊ သေကိုသောက်ခြင်းတည်းဟူသော သုရာပါနကံ၏။ နိဿန္ဒော၊ အကျိုးဆက်တည်း။

(ဤကား သုရာမေရယကံ၏ အပြစ်ကို ပြသောစကားရပ်တည်း။)

### သုရာမေရယကို ပြဆိုခြင်း ပြီး၏။

လူတို့သည် အပတ်တကုတ် မပြတ်မလပ် ကျင့်ဆောက်တည်အပ်သော ၅- ပါးသောကံ၏အင်္ဂါ, ထူးထွေသောအဓိပ္ပါယ်, လွန်ကျူးခြင်းကြောင့်ဖြစ်သော အပြစ်တို့ကို ပါဠိ, အဋ္ဌကထာ ဋီကာ အရပ်ရပ်တို့ကို ကြည့်ရှုဆုံးဖြတ်အပ်သော စကားရပ်ကား ပြီး၏။

စံကျောင်းဆရာတော် ဆုံးဖြတ်သော ပဉ္စသီလ ဝိနိစ္ဆယပြီး၏။

■ ■ ■

## ဝိသတိပုစ္ဆာပါဠိကျမ်း

စံကျောင်းဆရာတော်ဘုရားကြီးသည် –

ပဉ္စာဗျာကရဏာစ္ဆေကာ၊ ဗုဒ္ဓံ ပဏမျ ပုစ္ဆိသံ။
ပဉ္စာဗျာကရဏာစ္ဆေကာ၊ တံတံ ဗောဓိသုသံယုတ္တံ။

ယော ကောစိ လောကိယ လောကုတ္တရသုခါနိ ပတ္တေတွာ ဒါနာဒိပါရမိယော ပူရေတိ၊ သော လောကိယသုခမေဝ ဝါ လဘေယျ ကိံ၊ လောကုတ္တရသုခမေဝ ဝါ။ ဥဒါဟု တဒုဘယသုခမ္ပိ။ ကိံ ဝါ နေဝ တဒုဘယသုခမ္ပိ။ စသည်ဖြင့် ပုစ္ဆာပေါင်း ၂၀–ပါရှိသော ပါဠိကျမ်းကို ပြုစီရင်၍ ပညာရှိပုဂ္ဂိုလ်များ ဖြေဆိုရန် ရေးသားစီရင်တော်မူခဲ့လေသည်။ ယင်း ပုစ္ဆာပေါင်း ၂၀– ပါဠ်ကို လယ်တီဆရာတော်လောင်းလျာ ရဟန်းတော် အရှင်ဉာဏက ဖြေဆိုတော်မူခဲ့လေသည်။ ယင်း အဖြေများသည် ပါရမီဒီပနီကျမ်းအမည်ဖြင့် ထင်ရှားလေသည်။

## စံကျောင်းဆရာတော်၏ သိမ်ကမ္မဝါစာဖတ်ပုံ

စံကျောင်းဆရာတော်ဘုရားကြီးသည် သိမ်နုတ်, သိမ်သမုတ်ကမ္မဝါစာများ ဖတ်ရာ နည်းမျိုးစုံဖြင့် ဖတ်လေ့ရှိ၏။ ကံပျက်မည်ကို လွန်စွာမှ စိုးရိမ်တော်မူသဖြင့် ရနိုင်သမျှနည်းမျိုးစုံဖြင့် ဖတ်တော်မူခြင်း ဖြစ်လေသည်။ ယင်းဖတ်နည်းများကို ဤ၌ ဖော်ပြအပ်ပါသည်။

သမ္မတော
သံမတော
သမတော
သမ္မနိတော
သံမနိတော
သမနိတော
သမ္မန္နိတော
သံမန္နိတော
သမန္နိတော (၉)ကြိမ်ဖတ်။ (မန ဗောဓနေ)
သမုဟာနေယ
သမုဟာနေ့ယ

သမုဟာနေတ်ယ
သမုဟာနေစ်ယ
သမုဟာနင်ယ
သမုဟာနည်ယ
သမုဟာနယ်ယ
သမုဟာနိန်ယ (ဥ– ရဿနှင့် ၈– ကြိမ်ဖတ်)
သမုဟာနေယ စသည် ဒီဃနှင့် ၈– ကြိမ်ဖတ်။
(ဟန– ဥဿုါတေ)
သောဘာသေယျ– စသည်ကို ထို့အတူ ၈– ကြိမ်ဖတ်။
သမုဟာနတိ
သမူဟာနတိ ၂– ကြိမ်ဖတ်။
ခမတိ
ခမ္မတိ ၂– ကြိမ်ဖတ်။

နက္ခမတိ
နက္ခမ္မတိ
နခမတိ
နခမ္မတိ ၄– ကြိမ်ဖတ်

တုဏှိ
တုဏှီ ၂– ကြိမ်ဖတ်

သမ္မတာ စသည် ရှေ့နည်းတူ (၉) ကြိမ်ဖတ်။

ကောပေါသထာ
ကောပေါသထာ ၂– ကြိမ်ဖတ်

ကောပေါသထံ, ကောပေါသထာယ စသည်အတူ။

သမ္မနေယျ– မ္မသံယုဂ်, နသံယုဂ်မဲ့နှင့် ၈– ကြိမ်ဖတ်။
သမ္မန္နေယျ– မ္မသံယုဂ်, န္နသံယုဂ်နှင့် ၈– ကြိမ်ဖတ်။
သံမနေယျ– သံဣ် နိဂ္ဂဟိတ်နှင့် မသံယုဂ်မဲ့, နသံယုဂ်မဲ့နှင့် ၈– ကြိမ်ဖတ်။
သံမနေယျ– သံဣ် နိဂ္ဂဟိတ်နှင့် မသံယုဂ်မဲ့, နသံယုဂ်နှင့် ၈– ကြိမ်ဖတ်။

သံမံနေယျ– သထက်မထက် နိဂ္ဂဟိတ်နှင့် ၈– ကြိမ်ဖတ်။
သမ္မနတိ (မသံယုဂ်, နသံယုဂ်မဲ့)
သမ္မန္နတိ
သံမနတိ
သံမန္နတိ
သံမံနတိ
သမနတိ (၆) ကြိမ်ဖတ်။
သံပုဗ္ဗ မနတေတ် မန– ဗောဓနေ= သိခြင်း။
သမ္မုတိ (မကာရန္တ)
သံမုတိ (နိဂ္ဂဟိတန္တ) (၂) ကြိမ်ဖတ်
သံပုဗ္ဗ မု ဗန္ဓနေ။
သီမာ။ ။ ဒီဃ
သိမာ။ ။ ရဿ (၂) ကြိမ်ဖတ်
သိ ဗန္ဓနေ ဒီဃော။
ဂါမဋ္ဌ
ဂါမူပစာရဋ္ဌ
ဂါမံစ
ဂါမူပစာရံစ
ဂါမင်စ
ဂါမူပစာရင်စ
ဂါမည်စ
ဂါမူပစာရည်စ
ဥဝဏ္ဏန္တ ၊ နိဂ္ဂဟိတန္တ ၊ ငဝဏ္ဏန္တ ၊ ညဝဏ္ဏန္တ (၈) ကြိမ်ဖတ်။
ထပေတွာ
ထပေ့တွာ
ထပေတ်တွာ
ထပေစ်တွာ
ဒန္တဇ ဒုတိယထနှင့် (၄) ကြိမ်ဖတ်။
ထပ= ထပနေ။

ဌပေတွာ
ဌပေ့တွာ
ဌပေတ်တွာ
ဌပေစ်တွာ
မုဒ္ဓဇဒုတိယ ဌ– ဝမ်းဘဲနှင့် (၄)ကြိမ်ဖတ်။
ထဿ ဌတ္ထံ။ ပဿ ဝတ္တံ။
ဝဿ ဒွိတ္တံ။ ဝကာရဒွယဿ ဗကာရဒွယံ ဘဝတိ။ ဝေါဋ္ဌဗ္ဗနံ။ သဒ္ဒနီတိ ထောက်။
ဓပေတွာ– ကား သာဓကမရှိ။ မဖတ်ရ။

ကျေပေါသဓာ ထို့အတူ သာဓကမရှိ။ မဖတ်ရ။ သက္ကရာဇ် ၁၂၄၆– ခုနှစ်ဝါတွင်းက စံကျောင်းဆရာတော်ဘုရားကြီး မိန့်ကြားအပ်သောနည်းတည်း[၁] ။

## နာမကျန်းဖြစ်ခြင်း

စံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿနသည် သက်တော် ၆၈–နှစ်ရှိပြီဖြစ်ရာ ဟာနိဒသကခေါ် ကိုယ်အဆင်း, ခွန်အားတို့ ယုတ်လျော့ရာ အခိုက်အတန့် ဆဋ္ဌ ၁၀–နှစ်ကို လွန်မြောက်၍ ပဗ္ဘာရဒသကခေါ် ရှေ့သို့ကိုင်းခါးကုန်းရာ အခိုက်အတန့် သတ္တမ ၁၀–နှစ်ဆုံးလုနီး ဖြစ်လေပြီ။ နာမကျန်းဖြစ်ရာ နေရာပြောင်းနေထိုင်ရလျှင် အနာရောဂါသက်သာလိမ့်မည်ဟု မှတ်ထင်တော်မူသဖြင့် စတုပစ္စယဒါယကာ သီပေါမင်းတရားအားသိစေရာ မင်းမြတ်က တောင်ပြင်ဓမ္မာရုံဝင်းအတွင်း သီတင်းသုံးရန် ကျောင်းဆောက်လုပ်ရာပြီးပြေသဖြင့် ယင်းသည့် ၁၂၄၅–ခုနှစ် နတ်တော်လဆန်း ၁၂–ရက်နေ့တွင် ဆရာတော်ဘုရားကြီးကို ပြောင်းရွှေ့ပင့်ဆောင်ကျောင်းစတင်လှူတော်မူလေသည်။ ယင်းကျောင်းတိုက်သည်လည်း ဓမ္မာရုံစံကျောင်းတိုက်ဟု ယနေ့တိုင် တွင်သည်[၂] ။

---

၁။ အဂ္ဂမဟာပဏ္ဍိတ တောင်သာမြို့ကျွန်းရွာ တောရဆရာတော်ဘုရား၏ သိမ်မျိုးစုံမဟာဋီကာကျမ်း။ ၂၁၈–၂၂၀။ ကြည့်။

၂။ မန္တလေးသာသနာဝင်– ၅။ ဓမ္မာရုံစံကျောင်းသာသနာဝင်လည်းကြည့်။

## စာပေအနည်းအကျဉ်းချ မရဏာဿတိ နှလုံးသွင်း

သက်တော်ကြီးရင့်လာသည့်သာမက ရောဂါဝေဒနာကလည်း နှိပ်စက်လျက်ရှိရာ စာပေအနည်းအကျဉ်း ချပို့ပြီး ''မရဏံ မေ ဘဝိဿတိ'' ငါ့အား သေဘေးဖြစ်လိမ့်မည် သေဘေးနှင့် တွေ့ရလိမ့်မည်'' စသည်ဖြင့် နှလုံးသွင်းဆင်ခြင်ကာ သတိနှင့် သီတင်းသုံးတော်မူခဲ့လေသည်။

## ဘဝနတ်ထံ ဝင်စံပြီ

ဖော်ပြခဲ့သည့်လုပ်ငန်းတို့ကြောင့် ဘုရားမြတ်စွာသာသနာတော်၌ လွန်စွာမှထင်ရှားလှသော မဟာဇောတိကာရာမစံကျောင်းတိုက်, ဓမ္မာရုံစံကျောင်းတိုက်ကြီးတို့၏ အဓိပတိကဝိကဝိန်သုခမိန်ကြီးဖြစ်သော ဘွဲ့တံဆိပ်တော် ၂-ထပ်ရ စံကျောင်းဆရာတော်ဘုရားကြီးသည် သက်တော် ၇၃-နှစ်ရှိရာ ၁၂၅၀-ပြည့်နှစ် တော်သလင်းလဆန်း ၈-ရက်နေ့တွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

## ဂုဏ်သတင်းမျှသာ ကြွင်းကျန်ခဲ့

သုဒဿနော မဟာထေရော၊ စံကျောင်းအာရာမ ဣဿရော။
ဥဒ္ဓယျတ္တော ဓုရဒ္ဓယေသု၊ ဂုဏသေသတ္တနံ ဂတော။

မန္တလေးမြို့ မြောက်ပြင် မဟာဇောတိကာရာမစံကျောင်းတိုက်ကြီးနှင့် တောင်ပြင်ဓမ္မာရုံ စံကျောင်းတိုက်တို့ကို အစိုးရတော်မူခဲ့သော ''ဂန္ထဓုရ ဝိပဿနာဓုရ'' တို့၌ ကြိုးပမ်းအားထုတ်တော်မူခဲ့သော ''သုဒဿနဝရမဟာဓမ္မရာဇာဓိရာဇဂုရု'' ''သုဒဿနဇေအတုလာဓိပတိသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု'' တံဆိပ်တော်ရဆရာတော်ကား ဂုဏ်သတင်းမျှ ကြွင်းကျန်ခြင်းသို့ ရောက်ခဲ့ပါပြီ။

## စံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿန ချီးပို့စဉ် ကခ်ါစုဒ်စောဒနာ

မဟာသမုဒ္ဒရာ၏ ထိုမှာဖက်ကမ်း၌ ကူးသန်းရောင်းဝယ်ကုန်စလယ်သွယ်လေ့ရှိသော တမြို့သူကြီး သဘောၤစီးတို့သည် လိပ်ကြောက်မကန်း ငမန်းငဖားငနွား ငဆင် ရေတွင်သွားနိုင်လပိုင်မိကျောင်း ငစောင်းငတန် ဉာဏ်သတ္တဝါစသောသာရဲအတိပြွမ်းသော မဟာသမုဒ္ဒရာသို့ ကူးဆပ်အံ့သောအခါ များစွာသော ဦမိဝေဂ

လှိုင်းတံပိုးစသည်ကို မြင်သဖြင့် ကြောက်ခြင်း ထိတ်ခြင်း လန့်ခြင်း ကြက်သီးမွေးညှင်း ထခြင်းစသည် ဖြစ်သည်ရှိသော် ထိုထိုသို့သော စိတ္တုတြာသဘယကို ပယ်ဖြောက်အံ့ သောငှါ မိရိုးဖလာ စန္ဒာ စန္ဒီစသော နတ်ကောင်းနတ်မြတ်တို့အား ကိုးကွယ်ပသပန် ထွာ ပဏာမကို ပြုဘိသကဲ့သို့ ထို့အတူ အရှင်ဗုဒ္ဓဃောသအဋ္ဌကထာ ဆရာမြတ် သည်လည်း ဘိက္ခုပါတိမောက် ဘိက္ခုနီပါတိမောက်ဟုဆိုအပ်သော အမည်နာမ ဝိသေသဖြင့် ပြဋ္ဌာန်းတော်မူအပ်သော ဒွေမာတိကာ၏ လက်သန်းအဋ္ဌကထာကျမ်းကို ဖွင့်ဆိုအပ်သောအခါ များစွာသော သဒ္ဒနယ အတ္ထနယ မုချ ဥပစာ သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရ နီတတ္ထ နေယျတ္ထ ဥဇုဝုစ် ဝင်္ကဝုစ်စသောနည်းတို့ဖြင့် သိမ်မွေ့နက်နဲ ခဲခက်လွန်မြတ်သော ဒွေမာတိကာကို ပြန်လှန်ကာ ထောက်လှန်းနိုင်းယှဉ် ကြည့်ရှု ဆင်ခြင်လျှင် အသာဓာရဏအနည္ဒဝိသယဖြစ်၍ ကြောက်ခြင်းထိတ်လန့်ခြင်း ကြက်သီးမွေးညှင်းထခြင်း စသည်ဖြစ်သည်ရှိသော် ထိုထိုသို့သော စိတ္တုတြာသ ဘယကို ပယ်ဖျောက်၍ အတိသူရ နိရာသင်္ကဖြစ်သဖြင့် သင့်တင့်လျော်ကံစွာ ဆရာမြတ်တို့၏ နည်းနာနယ ဥပဒေသအလျောက် အဟုတ်အမှန် ယထာဘူတ သံဝဏ္ဏနာဖြစ်စေခြင်းအကျိုးငှါ ဗုဒ္ဓါနုဿတိ အစရှိသော ရတနာသုံးပါးတို့၏ ဂုဏ်ကို အာရုံပြု၍ဖြစ်သော ရတနတ္တယပဏာမ စေတနာသည်သာ စွမ်းနိုင်ရာသတည်းဟု နှလုံးပိုက်တော်မူ၍ ဗုဒ္ဓံ ဓမ္မဥ္စ သံဃဥ္စ စသည်ကို မိန့်သတည်း။ ထိုပါဌ်တို့တွင် ဖြေလိုရင်းပါဌ်ကား ဝန္ဒိတွာဟူသတည်း။ ထိုပါဌ်၏ အဓိပ္ပါယ်ကား ရှိုးပါ၏ဟူလိုသော်။ ခပ်သိမ်းသော ကုသိုလ်တရားတို့၏ အကြီးအမှူးဖြစ်သော ပြန့်ပြော မွန်မြတ်သော ဂုဏ်ထူးဝိသေသကို ရွက်ဆောင်တတ်သော အလွန်နက်နဲသော ပါတိမောက်၏ အတ္ထသံဝဏ္ဏနာကို ပြုခြင်းငှါအလိုရှိသော အရှင်ဗုဒ္ဓဃောသဆရာ မဟာထေရ်မြတ် သည် ရှေးဦးစွာ စင်ကြယ်စေအပ်ပြီးသော စိတ်သန္တာန်လျှင် မှီရာရှိသောပညာ၏ တိက္ခဝိသဒအဖြစ်သို့ ရောက်သဖြင့်သာလျှင် အကြင်အကြင်အလိုရှိအပ်သော သံဝဏ္ဏနာအဋ္ဌကထာ၏ ပြီးဆုံးခြင်းသို့ရောက်ခြင်းငှါ စွမ်းနိုင်ရာသတည်းဟု နှလုံး ပိုက်တော်မူ၍ ရတနတ္တယပဏာမအာစရိယ ပဏာမကိုပြုသဖြင့် မိမိစိတ်သန္တာန်ကို ဖြူစင်စေတော်မူလိုရကား ဗုဒ္ဓံ- အစရှိသောပါဌ်ကို မိန့်သတည်း။ ထို။လ။ သော်။

**တစ်နည်းကား**။ ခပ်သိမ်းသောကုသိုလ်တရားတို့၏ အကြီးအမှူးဖြစ်သော ပြန့်ပြောမွန်မြတ်သော ဂုဏ်ထူးဝိသေသကို ရွက်ဆောင်တတ်သော အလွန်နက်နဲ သော ပါတိမောက်၏ အတ္ထသံဝဏ္ဏနာကိုပြုခြင်းငှါ အလိုရှိသော အရှင်ဗုဒ္ဓဃောသ

ဆရာ မဟာထေရ်မြတ်သည် ရှေးဦးစွာ ရတနတ္တယပဏာမ, အာစရိယပဏာမ စေတနာဖြင့် ခါတွက်ဖြောက်ဖျက်အပ်ပြီးသော အလုံးစုံသောကိလေသာ အကုသိုလ်ရှိသောစိတ်သန္တာန်၌ ရှေးရှေးဘဝကာလန္တရကဆည်းဘူးအပ်ပြီးသော အန္တရာယ်ကို ပြုတတ်သော အကုသိုလ်ကံ, ယခုပစ္စုပ္ပန်ဘဝကာလတွင် ဆည်းဘူး အပ်ပြီးသော အန္တရာယ်ကို ပြုတတ်သော အကုသိုလ်ကံနှစ်ပါးတို့၏ အကြောင်း ချိုတဲ့သောအားဖြင့် အကြင်အကြင်အလိုရှိအပ်သော သံဝဏ္ဏနာအဋ္ဌကထာ၏ အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်ရာသတည်းဟု နှလုံးပိုက်တော်မူ၍ ရတနတ္တယပဏာမ အာစရိယပဏာမကို ပြုသဖြင့် အလုံးစုံသောကိလေသာ အကုသိုလ်တရားတို့ကို ခါထွက်ဖြောက်ဖျက်တော်မူလိုရကား ဗုဒ္ဓံ အစရှိသောပါဠ်ကို မိန့်သတည်း။ ထို ။လ။ သော်။

**တစ်နည်းကား။** ''အဘိဝါဒနသီလိဿ၊

နိစ္စံ ဝုဍ္ဎာပစာယိနော။

စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊

အာယု ဝဏ္ဏော သုခံ ဗလံ'' ဟူသော ဂါထာဒေသနာ လာသည်နှင့်အညီ ခပ်သိမ်းသောကျမ်းပြုဆရာတို့၏ ဘွယ်ရာပြုကတေ့ အဝလေ့ လက်သုံး ထုံးတမ်း တန္တိ ပဝေဏီအစဉ် ဓမ္မတာသဘောသည် ကျမ်းမပြုမီရှေးအဘို့၌ ရတနတ္တယပဏာမ အာစရိယပဏာမကိုပြုသဖြင့် အာယုဝဏ္ဏ သုခ ဗလတည်း ဟူသော လေးပါးသောအကျိုးတရားတို့ကို ဖွင့်ဖြိုးစေကုန်ဦးမြဲဖြစ်၍ အရှင်ဗုဒ္ဓဃောသ ဆရာ မဟာထေရ်မြတ် သည်လည်း ကျမ်းပြုဆရာ ၄င်းတယောက်ပင်ဖြစ်၍ ကျမ်းမပြုမီ ရှေးအဘို့၌ ရတနတ္တယပဏာမ အာစရိယပဏာမကိုပြုသဖြင့် အာယု ဝဏ္ဏ သုခ ဗလတည်းဟူသော လေးပါးသောအကျိုးတရားတို့ကို ဖွံ့ဖြိုးစေတော်မူလိုရကား ဗုဒ္ဓံ အစရှိသော ပါဠ်ကို မိန့်တော်မူသတည်း။ ထို ။လ။ သော်။

တစ်နည်းကား။ ။ ''ပူဇာ စ ပူဇနေယျာနံ ဧတံ မင်္ဂလမုတ္တမံ'' ဟူသော ပါဠိတော်မြတ် ပါဠ်နှင့်အညီ ခပ်သိမ်းသော ကျမ်းပြုဆရာတို့ ဖွယ်ရာပြုကတေ့ အဝလေ့လက်သုံး ထုံးတန်းတန္တိ ပဝေဏီ အစဉ်ဓမ္မတာသဘောသည် ကျမ်းမပြုမီ ရှေးအဘို့၌ ပူဇော်သင့်ပူဇော်ထိုက်သော သူတို့အား ပူဇော်ခြင်းမင်္ဂလာကို ပြုကြကုန်ဦးမြဲဖြစ်၍ အရှင်ဗုဒ္ဓဃောသဆရာ မဟာထေရ်မြတ်သည်လည်း ကျမ်းပြုဆရာ ၎င်းတယောက်ပင်ဖြစ်၍ ကျမ်းမပြုမီ ရှေးအဘို့၌ ပူဇော်သင့် ပူဇော်ထိုက်သောသူတို့အား ပူဇော်ခြင်းမင်္ဂလာကို ပြုတော်မူလိုရကား ဗုဒ္ဓံ – အစရှိသော ဂါထာကို မိန့်ဆိုတော်မူသတည်း။ ထို ။လ။ သော်–

တစ်နည်းကား။ ။ ဝေဝံ ဗုဒ္ဓံ သရန္တာနံ၊ ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ။
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ၊ လောမဟံသော န ဟေဿတိ။

ဟူသော ပါဠိတော်မြတ်ပါဌ်နှင့်အညီ ခပ်သိမ်းသော ကျမ်းပြုဆရာတို့၏ ဖွယ်ရာပြကတေ့ အဝလေ့လက်သုံး ထုံးတန်းတန္တိ ပဝေဏီအစဉ် ဓမ္မတာသဘောသည် ကျမ်းမပြုမီ ရှေ့အဘို့၌ ရတနတ္တယပဏာမ အာစရိယပဏာမကိုပြုသဖြင့် ဘယဆမ္ဘိတတ္တ လောမဟံသတို့ကို ပယ်ဖျောက်ကြကုန်ဦးမြဲဖြစ်၍ အရှင်ဗုဒ္ဓဃောသ ဆရာ မဟာထေရ်မြတ်သည်လည်း ကျမ်းပြုဆရာ ၎င်းတယောက်ပင်ဖြစ်၍ ကျမ်းမပြုမီ ရှေ့အဘို့၌ ရတနတ္တယပဏာမ အာစရိယပဏာမကို ပြုသဖြင့် ဘယဆမ္ဘိတတ္တ လောမဟံသတို့ကို ပယ်ဖျောက်တော်မူလိုရကား ဗုဒ္ဓ- အစရှိသော ဂါထာကို မိန့်တော်မူသတည်း။ ထို ။လ။ သော်။

တစ်နည်းကား။ ''ယသ္မိံ မဟာနာမ သမယေ အရိယသာဝကော တထာဂတံ အနုဿတိ၊ နေဝဿ တသ္မိံ သမယေ ရာဂပရိယုဋ္ဌိတံ စိတ္တံ ဟောတိ၊ န ဒေါသပရိယုဋ္ဌိတံ စိတ္တံ ဟောတိ။ န မောဟပရိယုဋ္ဌိတံ စိတ္တံ ဟောတိ'' ဟူသော ပါဠိတော်မြတ်ပါဌ်နှင့်အညီ ခပ်သိမ်းသော ကျမ်းပြုဆရာတို့ ဖွယ်ရာပြကတေ့ အဝလေ့လက်သုံး ထုံးတမ်းတန္တိ ပဝေဏီအစဉ် ဓမ္မတာသဘောသည်လည်း ကျမ်းမပြုမီ ရှေးအဘို့၌ ရတနတ္တယပဏာမ အာစရိယပဏာမကိုပြုသဖြင့် ရာဂပရိယုဋ္ဌိတစိတ်၊ ဒေါသပရိယုဋ္ဌိတစိတ်၊ မောဟပရိယုဋ္ဌိတစိတ်ကို ဖျောက်ဖျက်ကြကုန်ဦးမြဲဖြစ်၍ အရှင်ဗုဒ္ဓဃောသဆရာ မဟာထေရ်မြတ်သည်လည်း ကျမ်းပြုဆရာ ၎င်းတစ်ယောက်ပင်ဖြစ်၍ ကျမ်းမပြုမီ ရှေးအဘို့၌ ရတနတ္တယပဏာမကိုပြုသဖြင့် ရာဂပရိယုဋ္ဌိတစိတ်၊ ဒေါသပရိယုဋ္ဌိတစိတ်၊ မောဟပရိယုဋ္ဌိတ စိတ်ကို ဖျောက်ဖျက်တော်မူလိုရကား ဗုဒ္ဓ- အစရှိသောဂါထာကို မိန့်ဆိုတော်မူသတည်း။ ထို ။လ။ သော်။

တစ်နည်းကား။ ယံကိဉ္စိ ဂန္ထံ သမာရဘိတုကာမေန တာဝါစရိယေန ရတနတ္တယပဏာမံ ကတွာ တဗ္ဗိဟတန္တရာယေန သမာရဘိတဗ္ဗံ- ဟူသော နျာသဆရာမိန့်မှာ ပြဆပ်သောပါဌ်နှင့်အညီ ခပ်သိမ်းသော ကျမ်းပြုဆရာတို့၏ ဖွယ်ရာပြကတေ့ အဝလေ့လက်သုံး ထုံးတန်းတန္တိပဝေဏီအစဉ် ဓမ္မတာသဘောသည် ကျမ်းမပြုမီ ရှေးအဖို့၌ အန္တရာယ်ပျောက်ခြင်း ကျမ်းပြီးမြောက်ခြင်း အကျိုးရှိသော ရတနတ္တယပဏာမကို ပြုကြကုန်ဦးမြဲဖြစ်၍ အရှင်ဗုဒ္ဓဃောသဆရာ မဟာထေရ်မြတ်

သည်လည်း ကျမ်းပြုဆရာ ၄င်းတယောက်ပင်ဖြစ်၍ ကျမ်းမပြုမီ ရှေးအဖို့၌ အန္တရာယ် ပျောက်ခြင်းပြီးခြင်း အကျိုးရှိသော ရတနတ္တယပဏာမကို ပြုတော်မူလိုရကား ဗုဒ္ဓံ အစရှိသော ဂါထာကို မိန့်ဆိုတော်မူသတည်း။ ထို ။လ။ သော်။

**တစ်နည်းကား။ သညာနိမိတ္တံ ကတ္တာ စ၊ ပရိမာနံ ပယောဇနံ။ သဗ္ဗာဂမဿ ပုဗ္ဗေ၀၊ ၀တ္တဗ္ဗံ ၀တ္တုမိစ္ဆတာ။**

ဟူသော ဂါထာပါဌ်လာသည်နှင့်အညီ ခပ်သိမ်းသောကျမ်းပြုဆရာတို့၏ ဖွယ်ရာပြုကတော့ အစလေ့လက်သုံး ထုံးတန်းတန္တိ ပဝေဏီအစဉ် ဓမ္မတာသဘော သည် ကျမ်းမပြုမှီ ရှေးအဖို့၌ သညာ, နိမိတ်, ကတ္တား, ပရိမာဏ, ပယောဇဉ်တည်း ဟူသော ငါးပါးသော ပုဗ္ဗပဋ္ဌကတို့ကို ပြုကြကုန်ဦးမြဲဖြစ်၍ အရှင်ဗုဒ္ဓဃောသဆရာ မဟာထေရ်သည်လည်း ကျမ်းပြုဆရာ၄င်းတယောက်ပင်ဖြစ်၍ ကျမ်းမပြုမီရှေးအဖို့၌ သညာ, နိမိတ်, ကတ္တား, ပရိမာဏ, ပယောဇဉ်တည်းဟူသော ငါးပါးသော ပုဗ္ဗပဋ္ဌကတို့ကို ပြုတော်မူလိုရကား ဗုဒ္ဓံ အစရှိသော ဂါထာကို မိန့်ဆိုသတည်း။ ထို။ လ ။ သော်။

တစ်နည်းကား။ ခပ်သိမ်းသောကျမ်းပြုဆရာတို့၏ ဖွယ်ရာပြုကတော့ လက်သုံး ထုံးတန်း တန္တိပဝေဏီအစဉ် ဓမ္မတာသဘောသည် ကျမ်းမပြုမီ ရှေးအဖို့၌ ပဏာမ, ပဏာမိတဗ္ဗ, ပဏာမာရပဟာဘောဂဏ်, သညာ, နိမိတ်, ကတ္တား, ပရိဏာမ, ပယောဇဉ်တည်းဟူသော ရှစ်ပါးသော အင်္ဂါအင်္ဂကတို့ကို ပြုကြကုန်ဦးမြဲဖြစ်၍ အရှင်ဗုဒ္ဓဃောသဆရာမဟာထေရ်မြတ်သည်လည်း ကျမ်းပြုဆရာ ၄င်းတယောက် ပင်ဖြစ်၍ ကျမ်းမပြုမီ ရှေးအဖို့၌ ပဏာမ, ပဏာမိတဗ္ဗ, ပဏာမာရပဟာဘောဂဏ်, သညာ, နိမိတ်, ကတ္တား, ပရိဏာမ, ပယောဇဉ်တည်းဟူသော ရှစ်ပါးသော အင်္ဂါ အင်္ဂကတို့ကို ပြုတော်မူလိုရကား ဗုဒ္ဓံ အစရှိသော ဂါထာကို မိန့်ဆိုတော် မူသတည်း။ ထို ။လ။ သော်။

အရှင်အဋ္ဌကထာဆရာ၊ ဆရာကား၊ ရှိခိုးသောဟုဆို၏။ အဘယ်ကို ဆရာ ရှိခိုးသနည်း။ ပရမီသွာ မဟာပိန္နဲ ကထဲစန္ဒီစသော နတ်တို့ကိုပင် ဆရာရှိခိုးလေ သလော။ စုဒ်ရှိရကား ဗုဒ္ဓံ-ဟူသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အဓိပ္ပါယ်ကား ငါသည်ဘုရားကို ရှိခိုး၏ ဟူလိုသော်။ ဤအထွက်ကား ပညတ်ထွက်မှတ်လေ။

တစ်နည်းကား။ အရှင်အဋ္ဌကထာဆရာ ဆရာကား ရှိခိုးသောဟုဆိုပြီ ဝန္ဒိတွာ၌ ဝန္ဒခေတ် တွာပစ္စည်း ဝန္ဒခေတ်၏အရဖြစ်သော ပဏာမစေတနာတည်း

ဟူသော အာရမ္မဏိကအကျိုးကြီးယာသည် အာရုံအကြောင်းနှင့် ကင်း၍ မဖြစ်ရာ။ အာရုံအကြောင်းကား အဘယ်ပါနည်း စုဒ်ရှိရကား ဗုဒ္ဓ ဟူသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏ အဓိပ္ပါယ်ကား။ ဘုရားဂုဏ်တော်တို့သည် ဝန္ဒစာတ်၏ အရဖြစ်သော ပဏာမစေတနာတည်းဟူသော အာရမ္မဏိကအကျိုးကြီးယာ၏ အကြောင်းအာရုံ မည်၏။ ဤအထွက်ကား ပရမတ်ထွက်မှတ်လေ။

တနည်းကား။ အရှင်အဌကထာဆရာကား ရှိခိုးသောဟု ဆရာဆိုပြီ၊ ဝန္ဒိတွာ–၌ ဝန္ဒစာတ်သည် သကမ္မကစာတ် အကမ္မကစာတ်နှစ်ပါးတို့တွင် သကမ္မက စာတ်ဖြစ်၍ ကံနှင့်ကင်း၍မဖြစ်ရာ ကံကားအဘယ်နည်း စုဒ်ရှိရကား ဗုဒ္ဓ အစရှိသော ပါဌ်ကို မိန့်သတည်း။ ထိုအဓိပ္ပါယ်ကား ဘုရား ဘုရားဂုဏ်တော်တို့သည် ဝန္ဒစာတ်၏ ကံမည်၏ဟူလိုသော်။ ဤအထွက်ကား သဒ္ဒါထွက်ဟု မှတ်လေ။ အရှင်ကား ဘုရားကို ရှိခိုးသောဟု ဆိုတော်မူ၏။ ဆရာရှိခိုးအပ်သောဘုရားသည် အဘယ်သို့ သော ဂုဏ်ထူးဝိသေသရှိပါသနည်း။ တစ်စုံတစ်ခုသော ဂုဏ်ထူးဝိသေသမျှ မရှိလေ သလော။ ပရမိသွာ မဟာပိန္နဲကတဲး စန္ဒီစသောနတ်တို့ကဲ့သို့ ဂုဏ်ထူးဝိသေသ မရှိသော ဘုရားဖြစ်လေက ဆရာအလိုရှိအပ်သော တောင့်တအပ်သော အန္တရာယ် ပျောက်ခြင်း ကျမ်းပြီးခြင်းအကျိုးကို မပြီးစေနိုင်ရာ ဂုဏ်ထူးဝိသေသရှိသော ဘုရား၌ပြု အပ်သော ပဏာမစေတနာသည်သာလျှင် ဆရာအလိုရှိအပ်သော တောင့်တ အပ်သော အန္တရာယ်ပျောက်ခြင်း ကျမ်းပြီးခြင်းအကျိုးကို ပြီးစေနိုင်ရာပါသည် မဟုတ် တုံလော စုဒ်ရှိရကား ''ဝန္ဒနာမာန ပူဇာသက္ကာရ ဘာဇနံ''ဟူသောပါဌ်ကို မိန့် သတည်း။ ထိုအဓိပ္ပါယ်ကား။ ငါရှိခိုးအပ်သောဘုရားသည် ရှိခိုးခြင်းစသည်တို့၏ တည်ရာဖြစ်သော ဂုဏ်နှင့်ပြည့်စုံ၏ ဟူလိုသော်။

တစ်နည်းကား။ အရှင်ကား ဘုရားကို ရှိခိုးသောဟု ဆိုပြီ၊ အဘယ့်ကြောင့် ဘုရားကိုသာ ရှိခိုးလေဘိသနည်း။ ပရမိသွာ မဟာပိန္နဲ ကတဲစန္ဒီစသော နတ်တို့ကို လည်း ဆရာရှိခိုးကောင်းပါသည် မဟုတ်တုံလော။ ထိုနတ်တို့သည်လည်း ပဏာမိတဗ္ဗအဖြစ်ဖြင့် အတူတူပင်ဖြစ်ပါသည် မဟုတ်တုံလော စုဒ်ရှိရကား ဝန္ဒနာမာန ပူဇာသက္ကာရဘာဇနံ ဟူသောပါဌ်ကို မိန့်သတည်း။ ထိုအဓိပ္ပါယ်ကား။ ရှိခိုးခြင်းစသည် တို့၏တည်ရာ ဖြစ်သောကြောင့် ဘုရားကိုသာ ငါရှိခိုးပါ၏ ဟူလိုသော်။ ဤအထွက် အလိုကား ဝန္ဒနာမာနပူဇာသက္ကာရဘာဇနံ ဟူသောပုဒ်ကို ဝန္ဒနာမာနပူဇာသက္ကာရ ဘာဇနတ္တာ ဟု ဟေတုမန္တဝိသေသနဖြစ်၍ အနက်ပေး။ ၎င်းပုဒ်ကိုလည်း ဝန္ဒိတွာမှာ

စပ်လေ။ နောက်နောက်သော ဂုဏ်အများဆင့်၍ရှိလျှင် ထိုနည်းတူမှတ်လေ။

အရှင်ကား ဘုရာရှိနိုးသောဟု ဆရာဆိုပြီ။ ဘုရားကိုသာ ဆရာရှိနိုးကောင်းသလော။ ဘုရား၌ပြုအပ်သော ပဏာမစေတနာသည်သာလျှင် ဆရာအလိုရှိအပ်တောင့်တအပ်သော အန္တရာယ်ပျောက်ခြင်း ကျမ်းပြီးခြင်းအကျိုးကို ပြီးစေနိုင်ရာသလော။ ပဏာမိတဗ္ဗအဖြစ်ဖြင့် အတူတူပင်ဖြစ်၍ တရားတော်ကို ဆရာရှိနိုးသင့်သည် မဟုတ်တုံလော။ တရားတော်၌ပြုအပ်သော ပဏာမစေတနာသည်လည်း ဆရာအလိုရှိအပ် တောင့်တအပ်သော အန္တရာယ်ပျောက်ခြင်း ကျမ်းပြီးခြင်းအကျိုးကို ပြီးစေနိုင်ရာပါသည် မဟုတ်တုံလော။ စုဒ်ရှိရကား ဓမ္မဥ္စ ဟူသောပါဌ်ကို မိန့်တော်မူသတည်း။ ထိုအဓိပ္ပါယ်ကား။ ဘုရားကိုသာ ငါရှိနိုးသည်မဟုတ် တရားတော်ကိုလည်း ငါရှိနိုး၏ တရားတော်၌ပြုအပ်သော ပဏာမစေတနာသည်လည်း ငါအလိုရှိအပ်တောင့်တအပ်သော အန္တရာယ်ပျောက်ခြင်း ကျမ်းပြီးခြင်းအကျိုးကို ပြီးစေနိုင်ရာ၏ ဟူလိုသော်။

အရှင်ကား တရားတော်ကိုလည်း ရှိနိုးသောဟု ဆရာဆိုပြီ။ ဆရာရှိနိုးအပ်သော တရားတော်သည် အဘယ်သို့သော ဂုဏ်ထူးဝိသေသရှိပါသနည်း တစ်စုံတစ်ခုသော ဂုဏ်ထူးဝိသေသမျှ မရှိလေသလော။ ပုရာဏကဿပ, မက္ခလိဂေါသာလ, အဇိတကေသကမ္ဗလ အစရှိသော ဆသတ္ထာရတိတ္ထိတို့သည် ဟောအပ်သော ဂေါသီလ ဂေါဝတတိတ္ထိယဝတ အစရှိသောတရားတို့ကဲ့သို့ ဂုဏ်ထူးဝိသေသမရှိသော တရားဖြစ်လေက ဆရာအလိုရှိအပ်သော တောင့်တအပ်သော အန္တရာယ်ပျောက်ခြင်း ကျမ်းပြီးခြင်းအကျိုးကို မပြီးစေနိုင်ရာ။ ဂုဏ်ထူးဝိသေသ ရှိသောတရား၌ပြုအပ် တောင့်တအပ်သော အန္တရာယ်ပျောက်ခြင်း ကျမ်းပြီးခြင်း စသောအကျိုးကို ပြီးစေနိုင်ရာပါသည် မဟုတ်တုံလော စုဒ်ရှိရကား ဝန္ဒနာမာန ပူဇာသက္ကာရဘာဇနံ ဟူသောပါဌ်ကို မိန့်သတည်း။ ထိုအဓိပ္ပါယ်ကား။ ငါရှိနိုးအပ်သောတရားတော်သည် ရှိနိုးခြင်း စသည်တို့၏တည်ရာဖြစ်သော ဂုဏ်နှင့်ပြည့်စုံ၏ ဟူလိုသော်။

**တစ်နည်းကား။** အရှင်ကား တရားကိုလည်း ရှိနိုးသောဟု ဆရာဆိုပြီ၊ အဘယ်ကြောင့် တရားကိုသာ ဆရာရှိနိုးဘိသနည်း၊ ပုရာဏကဿပ, မက္ခလိဂေါသာလ အဇိတကေသကမ္ဗလအစရှိသော ဆသတ္ထာရတိတ္ထိတို့သည် ဟောအပ်သော ဂေါသီလ ဂေါဝတ တိတ္ထိယဝတအစရှိသော တရားတို့သည်လည်း ပဏာမိတဗ္ဗအဖြစ်ဖြင့် အတူတူပင်ဖြစ်ပါသည် မဟုတ်တုံလော စုဒ်ရှိရကား ဝန္ဒနာမာန

ပူဇာသက္ကာရဘာဇနံ ဟူသောပါဌ်ကို မိန့်သတည်း။ ထို၊ အဓိပ္ပါယ်ကား ရှိခိုးခြင်း စသည်တို့၏တည်ရာဖြစ်သောကြောင့် တရားတော်ကိုသာ ငါရှိခိုး၏ ဟူလိုသော်။ ရှေးကဲ့သို့ ဟေတုမန္တဝိသေသနကို မှတ်လေ။

အရှင်ကား ဘုရားတရားကို ရှိခိုးသောဟု ဆိုပြီ။ ဘုရားတရားကိုသာ ဆရာ ရှိခိုးကောင်းသလော ဘုရားတရား၌ ပြုအပ်သော ပဏာမစေတနာသည် သာလျှင် ဆရာအလိုရှိအပ်တောင့်တအပ်သော အန္တရာယ်ပျောက်ခြင်းကျမ်းပြီးခြင်း အကျိုးကို ပြီးစေနိုင်ရာသလော။ ပဏာမိတဗ္ဗအဖြစ်ဖြင့် အတူတူပင်ဖြစ်၍ သံဃာတော်ကိုလည်း ဆရာရှိခိုးကောင်းပါသည်မဟုတ်တုံလော။ သံဃာတော်၌ ပြုအပ်သော ပဏာမစေတနာသည်လည်း ဆရာအလိုရှိအပ် တောင့်တအပ်သော အန္တရာယ်ပျောက်ခြင်း ကျမ်းပြီးခြင်းစသော အကျိုးကို ပြီးစေနိုင်ပါသည်မဟုတ်တုံ လော စုဒ်ရှိရကား သံဃဥ္စဟူသောပါဌ်ကို မိန့်သတည်း။ ထို၊ အဓိပ္ပါယ်ကား ဘုရားတရားကိုသာ ငါရှိခိုးသည်မဟုတ်၊ သံဃာကိုလည်း ငါရှိခိုး၏။ သံဃာတော်၌ ပြုအပ်သော ပဏာမစေတနာသည်လည်း ငါအလိုရှိအပ် တောင့်တအပ်သော အန္တရာယ်ပျောက်ခြင်း ကျမ်းပြီးခြင်းစသော အကျိုးကို ပြီးစေနိုင်ရာ၏ဟူလိုသော်။

အရှင်ကား သံဃာတော်ကိုလည်း ရှိခိုးသောဟုဆိုပြီ။ ဆရာ ရှိခိုးအပ်သော သံဃာတော်သည် အဘယ်သို့သော ဂုဏ်ထူးဝိသေသရှိပါသနည်း။ တစုံတခုသော ဂုဏ်ထူးဝိသေသမျှ မရှိလေသလော၊ ပုရာဏကဿပ မက္ခလိဂေါသာလ အဇိတ ကေသကမ္ဗလအစရှိသော ဆသတ္ထာရတိတ္ထိတို့ကဲ့သို့ ဂုဏ်ထူးဝိသေသ မရှိသော သံဃာတော်မြတ်ဖြစ်လေက ဆရာအလိုရှိအပ် တောင့်တအပ်သော အန္တရာယ် ပျောက်ခြင်း ကျမ်းပြီးခြင်းအကျိုးကို မပြီးနိုင်ရာ။ ဂုဏ်ထူးဝိသေသရှိသော သံဃာ တော်မြတ်၌ ပြုအပ်သော ပဏာမစေတနာသည်သာလျှင် ဆရာအလိုရှိအပ် တောင့်တအပ်သော အန္တရာယ်ပျောက်ခြင်း ကျမ်းပြီးခြင်း အကျိုးကိုပြီးစေနိုင်ရာ ပါသည်မဟုတ်တုံလော စုဒ်ရှိရကား ဝန္ဒနာမာနပူဇာသက္ကာရဘာဇနံ ဟူသောပါဌ်ကို မိန့်သတည်း။ ထိုအဓိပ္ပါယ်ကား။ ငါရှိခိုးအပ်သော သံဃာတော်သည် ရှိခိုးခြင်း စသည်တို့၏တည်ရာဖြစ်သော ဂုဏ်နှင့်ပြည့်စုံ၏ဟူလိုသော်။

**တစ်နည်းကား။** အရှင်ကား သံဃာတော်ကိုလည်း ရှိခိုးသောဟုဆိုပြီ။ အဘယ်သံဃာတော်ကိုသာ ဆရာ ရှိခိုးလေဘိသနည်း။ ပုရာဏကဿပ မက္ခလိ ဂေါသာလ အဇိတကေသကမ္ဗလ အစရှိသော ဆသတ္ထာရ တိတ္ထိတို့ကို ဆရာရှိခိုး

ကောင်းပါသည်မဟုတ်တုံလော။ ထိုတိတ္ထိဆရာတို့သည်လည်း ပဏာမိတပ္ပအဖြစ်ဖြင့် အတူတူပင်ဖြစ်ပါသည် မဟုတ်တုံလော စုဒ်ရှိရကား ဝန္ဒနာမာနပူဇာသက္ကာရဘာဇန် ဟူသောပါဌ်ကို မိန့်သတည်း။ ထိုအဓိပ္ပါယ်ကား။ ရှိခိုးခြင်းစသည်တို့၏ တည်ရာ ဖြစ်သောကြောင့် သံဃာတော်ကိုသာ ရှိခိုး၏ဟူလိုသော်။ ဤဌလည်း ဟေတုမန္တ ဝိသေသနကိုသိလေ။

အရှင်ကား ဘုရားတရား သံဃာကို ရှိခိုးသောဟု ဆရာဆိုပြီ။ ဘုရား တရားသံဃာကို ဆရာရှိခိုးသည်ရှိသော် ကာယဒွါရ ဝစီဒွါရဖြင့်သာ ရှိခိုးလေသလော။ ဒွါရသုံးပါးဖြင့်တည်း ရှိခိုးလေသလော စုဒ်ရှိရကား စေတသာဟူသောပါဌ်ကို မိန့်သတည်း။ ထို၊ အဓိပ္ပါယ်ကား။ မနောဒွါရနှင့်တကွ ရှိခိုး၏ဟူလိုသော်။

အရှင်ကား ဘုရားတရားသံဃာကို ရှိခိုးသောဟု ဆိုပြီ။ ဘုရားတရား သံဃာကို ဆရာရှိခိုးသည်ရှိသော် ကြောက်၍တည်း ရှိခိုးလေသလော။ လာဘ်ကိုလို၍ တည်း ရှိခိုးလေသလော၊ မိမိတို့၏အမျိုးအကျင့်အားဖြင့်တည်း ရှိခိုးလေသလော၊ မိစ္ဆာအယူဝါဒအားဖြင့်တည်း ရှိခိုးလေသလော မိုက်၍တည်းရှိခိုးလေသလော သူတစ်ပါးတို့ ကဲ့ရဲ့စွပ်စွဲအံ့သည်မှ ကြောက်၍တည်း ရှိခိုးလေသလော စုဒ်ရှိရကား ဝိပ္ပသန္နေန ဟူသော ပါဌ်ကို မိန့်သတည်း။ ထိုအဓိပ္ပါယ်ကား အထူးထူးအပြားပြား ကြည်ညိုသောကြောင့် ရှိခိုး၏ဟူလိုသော်။ ပဌမဂါထာအတွက် အကြင်ကြင် ဆိုအပ်ခဲ့ပြီးသော ဗုဒ္ဓံ ဓမ္မဥ္စ သံဃဥ္စ အစရှိသော ပဌမဂါထာဖြင့် ရတနတ္တယပဏာမကို ပြုပြီး၍ ယခုအခါ၌ မိမိ၏မှီရာ ဗဟုပကာရဖြစ်သော ရှေးမဟာအဋ္ဌကထာဆရာကျော် ဆရာမြတ်တို့အား ပဏာမကို ပြုတော်မူလိုရကား ထေရဝံသပ္ပဒီပါနံ အစရှိသော ဒုတိယဂါထာကို မိန့်တော်မူသတည်း။ ဤအတွက်ကား။ အနုသန္ဓေတွက်မှတ်လေ။

**တစ်နည်းကား**။ ဗုဒ္ဓံ ဓမ္မဥ္စ သံဃဥ္စ အစရှိသော ပဌမဂါထာဖြင့် ရတနတ္တယ ပဏာမကို ပြုသည်၏အဖြစ်ကို ဆရာဆိုပြီ။ ရတနာသုံးပါးအပေါင်း အားသာရှိခိုးခြင်း ပဏာမကိုသာ ပြုရာကောင်းသလော၊ ကျမ်းပြုဆရာ ဂန္ထကာရက ပုဂ္ဂိုလ်မွန်မထေရ် ကျော် မထေရ်မြတ်တို့သဘောတံထွာ ဓမ္မတာသည် မိမိတို့၏မှီရာ ဗဟုပကာရ ဖြစ်သော ရှေးမဟာအဋ္ဌကထာ ဆရာကျော်ဆရာမြတ်တို့အားလည်း ရှိခိုးခြင်း ပဏာမကိုပြုမြဲ ဓမ္မတာဖြစ်ပါသည်မဟုတ်တုံလော စုဒ်ရှိရကား ထေရဝံသပဒီပါနံ အစရှိသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်တို့တွင် ဖြေလိုရင်းပါဌ်ကား ပုဗ္ဗာစရိယသီဟာနံ နမော ကတွာ ဟူသည်တည်း။ ထို၊ အဓိပ္ပါယ်ကား ရှေးမဟာအဋ္ဌကထာ ဆရာကျော်

ဆရာမြတ်တို့အားလည်း ရိုကိုးခြင်းကို ပြုပါ၏ဟူလိုသော်။ ဤအထွက်ကား စောဒနာထွက်မှတ်လေ။

အရှင်ကား။ ရှေးမဟာအဋ္ဌကထာဆရာကျော် ဆရာမြတ်တို့အားလည်း ရိုကိုးခြင်းကို ပြုသောဟုဆိုပြီ။ အကြင်ဆရာတို့အား ဆရာသည် ရိုကိုးခြင်းအမှုကိုပြု၏။ ထိုဆရာသည် အဘယ်သို့သောသဘောရှိကုန်သတည်း။ အဘယ်သို့သော ဂုဏ်ထူးဝိသေသရှိကုန်သနည်း။ ဂုဏ်ထူးဝိသေသမရှိက ဆရာ ရှိမခိုးတန်ရာ ရှိခိုးသော်လည်း အကျိုးမရှိရာ စုဒ်ရှိရကား ထေရဝံသပဒီပါနံ အစရှိသောပါဌ်ကိုမိန့်သတည်း။ ထို၊ အဓိပ္ပါယ်ကား အရှင်မဟာကဿပအစရှိသော မဟာထေရ်တို့၏ အနွယ်ကိုပြတတ်သော ဂုဏ်နှင့်ပြည့်စုံ၏ဟူလိုသော်။

အရှင်ကား။ ဆရာရှိခိုးအပ်သော ရှေးမဟာအဋ္ဌကထာဆရာ ကျော် ဆရာမြတ်တို့သည် အရှင်မဟာကဿပအစရှိသော မဟာထေရ်တို့၏ အနွယ်ကိုပြတတ်သောဂုဏ်နှင့် ပြည့်စုံသောဟု ဆရာဆိုပြီ။ ယင်းသို့ဂုဏ်နှင့်သာ ပြည့်စုံရာကောင်းသလော။ ယင်းသည် ဂုဏ်နှင့်ပင်ပြည့်စုံစေကာမူ ဝိနည်း,သုတ္တန်,အဘိဓမ္မာ ပိဋကတ်တို့၌ ယုံမှားမရှိ လိမ္မာပြွမ်းတီး အပြီးမတိုင်လေက ဆရာရှိမခိုးတန်ရာ ရှိခိုးသော်လည်း အကျိုးမရှိရာ စုဒ်ရှိရကား ''ထိရာနံ ဝိနယက္ကမေ'' ဟူသောပါဌ်ကို မိန့်သတည်း။ ထို၊ အဓိပ္ပါယ်ကား။ ဝိနည်းပိဋကတ်၌ မြဲမြံတည်တံ့ ခိုင်ခန့်သော ပညာနှင့်လည်း ပြည့်စုံ၏ဟူလိုသော်။ အရှင်ကား။ ရှေးမဟာအဋ္ဌကထာဆရာကျော် ဆရာမြတ်တို့အားလည်း ရှိခိုးသောဟု ဆရာဆိုပြီ၊ ဆရာရှိခိုးသည်ရှိသော် ဝစီဒွါရ မနောဒွါရဖြင့်သာ ရှိခိုးလေသလော၊ ကာယဒွါရဖြင့် ရှိခိုးလေသလော စုဒ်ရှိရကား ကတဉ္ဇလီ ဟူသော ပါဌ်ကို မိန့်သတည်း။ ထိုအဓိပ္ပါယ်ကား ချီအပ်သော လက်အုပ်ရှိသည်ဖြစ်၍ ရှိခိုး၏ဟူလိုသော်။ ဒုတိယဂါထာထွက်နည်း။ ဗုဒ္ဓ အစရှိသော ပဌမဂါထာ ဒုတိယဂါထာဖြင့် ရတနတ္တယပဏာမ အာစရိယပဏာမကို ပြုပြီး၍ ယခုအခါ၌ ပဏာမစေတနာဖြင့် ခါထွက်ဖျောက်ဖျက်အပ်ပြီးသော အန္တရာယ်ရှိသဖြင့် မိမိအား ရောက်သောဝန်ကို မချွတ်မယွင်း ဆောင်ရွက်နိုင်ရာသည်ဟု နှလုံးပြုတော်မူ၍ ဝန်ခံခြင်း ပဋိညာဉ်ပြုတော်မူလိုရကား ပါတိမောက္ခံအစရှိသော လေးဂါထာလုံးကို မိန့်သတည်း။ ထိုပါဌ်အပေါင်းတို့တွင် ဖြေလိုရင်းပါဌ်ကား ''ဝဏ္ဏနံ ဝဏ္ဏယိဿာမိ ''ဟူသည်တည်း။ ထို၊ အဓိပ္ပာယ်ကား သံဝဏ္ဏနာအဋ္ဌကထာကို ဖွင့်ပေအံ့ဟူလိုသော်။ ဤအထွက်ကား အနုသန္ဓေထွက်မှတ်လေ။

တစ်နည်းကား။ ဗုဒ္ဓ အစရှိသော ပဌမဂါထာ ဒုတိယဂါထာဖြင့် ရတနတ္တယ ပဏာမ အာစရိယပဏာမကို ပြုပြီး၍ ထိုရတနတ္တယပဏာမ အာစရိယပဏာမဖြင့် ခါထွက်ဖြောက်ဖျက်အပ်ပြီးသော အန္တရာယ်ရှိသဖြင့် အဘယ်မည်သော အမှုကိစ္စကို ပြီးစေတော့အံ့နည်း။ သဂ္ဂမောက္ခဒိဋ္ဌဓမ္မိက အစရှိသော အကျိုးကိုပြီးစေတော့အံ့လော စုဒ်ရှိရကား 'ပါတိမောက္ခံ' အစရှိသော ပါဌ်ကို မိန့်သတည်း။ ထိုပါဌ်အပေါင်းတို့တွင် ဖြေလိုယင်း ပါဌ်ကား 'ဝဏ္ဏနံ ဝဏ္ဏယိဿာမိ' ဟူသည်တည်း။ ထိုအဓိပ္ပါယ်ကား သံဝဏ္ဏနာ အဋ္ဌကထာကို ဖွင့်ပေတော့အံ့ဟူလိုသော်။ ဤအထွက်ကား စောဒနာ ထွက်မှတ်လေ။ အရှင်ကား သံဝဏ္ဏနာ အဋ္ဌကထာကို ဖွင့်တော့အံ့ဟု ဆရာဆိုပြီ။ ဆရာဖွင့်လတံ့သော သံဝဏ္ဏနာ အဋ္ဌကထာသည် အဘယ်သို့သော အမည်ထူး ဝိသေသရှိသနည်း။ အမည်ထူး ဝိသေသမရှိသော အနာမိကသံဝဏ္ဏနာပင် ဖြစ်တော့လေသလော စုဒ်ရှိရကား "ကင်္ခါ ဝိတရဏိံ" ဟူသောပါဌ်ကို မိန့်သတည်း။ ထိုအဓိပ္ပါယ်ကား 'ကင်္ခါဝိတရဏီ'အမည်ရှိသော သံဝဏ္ဏနာ အဋ္ဌကထာကို ဖွင့်ပေအံ့ ဟူလိုသော်။ အရှင်ကား ကင်္ခါဝိတရဏီအဋ္ဌကထာကို ဖွင့်အံ့ဟု ဆရာဆိုပြီ၊ ဆရာဖွင့် လတံ့သော ကင်္ခါဝိတရဏီအမည်ရှိသော အဋ္ဌကထာသည် အဓိစ္စသမုပ္ပန္နနာမ်အားဖြင့် ရသောအမည်လေလော သို့တည်းမဟုတ် ဂုဏနာမ်အားဖြင့် ရသောအမည် လေလော စုဒ်ရှိရကား "နာမေန" ဟူသော ပါဌ်ကို မိန့်သတည်း။ ထိုအဓိပ္ပါယ်ကား မိမိဂုဏ်ကြောင့်ရအပ်သော ဂုဏနာမ်ဖြင့် ရသောအနည် မည်၏ဟူလိုသော်။ အရှင်ကား ကင်္ခါဝိတရဏီအမည်ရှိသော သံဝဏ္ဏနာအဋ္ဌကထာကို ဖွင့်သောဟု ဆရာဆိုပြီ။ ကင်္ခါဝိတရဏီအမည်ရှိသော သံဝဏ္ဏနာအဋ္ဌကထာကို ဆရာဖွင့်သည် ရှိသော် ပဒသံဝဏ္ဏနာ, အတ္ထသံဝဏ္ဏနာ, ပဒတ္ထသံဝဏ္ဏနာကိုကြည်၍ သံဝဏ္ဏနာ အမည်ဆန်းကာမျှသာ ဆရာဖွင့်ဆိုအံ့လော ထိုသို့ဖွင့်ဆိုသည်ရှိသော် သောတုဇနတို့ အား အကျိုးထူးဝိသေသမရှိရာ စုဒ်ရှိရကား "သုဘံ" ဟူသောပါဌ်ကို မိန့်သတည်း။ ထို၊ အဓိပ္ပါယ်ကား အနက်သဒ္ဒါနှင့်ပြည့်စုံစွာ ဖွင့်ပေအံ့ဟူလိုသော်။

အရှင်ကား ကင်္ခါဝိတရဏီအမည်ရှိသော သံဝဏ္ဏနာအဋ္ဌကထာကို ဖွင့်ဆိုပေ အံ့ဟု ဆရာဆိုပြီ။ ကင်္ခါဝိတရဏီအမည်ရှိသော သံဝဏ္ဏနာအဋ္ဌကထာကို ဆရာဖွင့် သည်ရှိသော် ဘိက္ခုပါတိမောက် ဘိက္ခုနီပါတိမောက်ဟု ဆိုအပ်သော ဒွေမာတိကာ၌ လာသောပုဒ်ကို အစဉ်လျှောက်၍ ရအပ်သောသံဝဏ္ဏနာကိုသာ ဆရာဖွင့်အံ့လော၊ မဟာဝါခန္ဓက, စူဠဝါခန္ဓက, ပရိဝါပါဠိတော်၌လာသော ဝိနိစ္ဆယ အဆုံးအဖြတ်ဖြင့် ဆရာဖွင့်သော်သာလျှင် ပြည့်စုံသော အဆုံးအဖြတ်ရှိပါသည်မဟုတ်တုံလော

စုဒ်ရှိရကား "ပရိပုဏ္ဏဝိနိစ္ဆယံ"ဟူသောပါဌ်ကို မိန့်သတည်း။ ထိုအဓိပ္ပါယ်ကား ပြည့်စုံသော အဆုံးအဖြတ်ရှိသည်၏အဖြစ်ကိုပြ၍ ဖွင့်ပေအံ့ဟူလိုသော်။ အရှင်ကား ကခ်ါဝိတရဏီအမည်ရှိသော သံဝဏ္ဏနာအဋ္ဌကထာကို ဆရာဖွင့်သည်ရှိသော် သကဝါဒ အတ္တနောမတိအားဖြင့် ဆရာဖွင့်အံ့လော၊ သို့တည်းမဟုတ် ရှေးအဋ္ဌကထာဆရာကျော်ဆရာမြတ်တို့၏ စကားအစဉ်း အဋ္ဌကထာအစဉ်းကိုမှီ၍တည်း ဆရာဖွင့်အံ့သလော၊ မမှီမူ၍ဆရာဖွင့်သည်ရှိသော် အတ္တုက္ကံသန ပရဝမ္ဘန ဒေါသရောက်ရာပါသည်မဟုတ်တုံလော စုဒ်ရှိရကား "မဟာဝိဟာရဝါသီနံ ဝါစနာမဂ္ဂ နိဿိတံ" ဟူသောပါဌ်ကို မိန့်သတည်း။ ထိုအဓိပ္ပါယ်ကား မဟာဝိဟာရကျောင်းတိုက်၌ သီတင်းသုံးနေသော တိပိဋကစူဠနာဂအစရှိသော မဟာထေရ်မြတ်တို့၏ စကားအစဉ်း အဋ္ဌကထာအစဉ်ကိုမှီ၍ ဖွင့်ပေအံ့ဟူလိုသော်။

အရှင်ကား ကခ်ါဝိတရဏီအမည်ရှိသော သံဝဏ္ဏနာအဋ္ဌကထာကို ဖွင့်ပေအံ့ဟု ဆရာဆိုပြီ၊ အဘယ်အကျိုးငှါ ဆရာဖွင့်အံ့နည်း။ အကျိုးမရှိ နိရတ္ထကဖြစ်လေက ဆရာမဖွင့်တန်ရာ။ စုဒ်ရှိရကား ကခ်ါဝိတရဏတ္ထာယ ဟူသောပါဌ်ကို မိန့်သတည်း။ ထို၊ အဓိပ္ပါယ်ကား ယုံမှားခြင်းကို လွန်မြောက်ခြင်းငှါ ဖွင့်ပေအံ့ဟူလိုသော်။ အရှင်ကား ယုံမှာခြင်းကို လွန်မြောက်ခြင်းငှါ သံဝဏ္ဏနာအဋ္ဌကထာကို ဖွင့်ပေအံ့ဟု ဆရာဆိုပြီ၊ အဘယ်ပုဂ္ဂိုလ်တို့၏ ယုံမှားခြင်းကို လွန်မြောက်ခြင်းငှါ သံဝဏ္ဏနာအဋ္ဌကထာကို ဆရာဖွင့်အံ့နည်း။ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ယုံမှားခြင်းကို လွန်မြောက်ခြင်းငှါ သံဝဏ္ဏနာအဋ္ဌကထာကို ဆရာဖွင့်အံ့လော စုဒ်ရှိရကား "ဘိက္ခူနံ" ဟူသောပါဌ်ကို မိန့်သတည်း။ ထိုအဓိပ္ပါယ်ကား ရဟန်းယောက်ျား ရဟန်းမတို့၏ ယုံမှားခြင်းကို လွန်မြောက်ခြင်းငှါ သံဝဏ္ဏနာအဋ္ဌကထာကို ဖွင့်ပေအံ့ဟူလိုသော်။

အရှင်ကား ရဟန်းတို့၏ယုံမှားခြင်းကို လွန်မြောက်ခြင်းငှါ သံဝဏ္ဏနာအဋ္ဌကထာကို ဖွင့်ပေအံ့ဟု ဆရာပြဆိုပြီ၊ အဘယ်သို့ သဘောရှိသော ရဟန်းတို့၏ ယုံမှားခြင်းကို လွန်မြောက်ခြင်းငှါ ဖွင့်ပေအံ့သနည်း။ အရှင်ဥပါလိအစရှိသော မထေရ်တို့ကဲ့သို့ ယုံမှားသက်ာမရှိ လိမ္မာပြွမ်းတီး အပြီးနိုင်သောပုဂ္ဂိုလ်ဖြစ်လေက ယုံမှားသက်ာမရှိတန်ရာ၊ ထိုသို့ယုံမှားသက်ာမရှိပဲလျက် သံဝဏ္ဏနာအဋ္ဌကထာကို ဆရာဖွင့်ပြခြင်းသည် အကျိုးမရှိ နိရတ္ထကဖြစ်ရပါသည် မဟုတ်တုံလော စုဒ်ရှိရကား "သဉ္ဇာတ ကခ်ါနံ" ဟူသောပါဌ်ကို မိန့်သတည်း။ ထိုအဓိပ္ပါယ်ကား။ ဖြစ်သော ယုံမှားခြင်းရှိကုန်သော ရဟန်းတို့၏ယုံမှားခြင်းကို လွန်မြောက်ခြင်းငှါ သံဝဏ္ဏနာအဋ္ဌကထာကို ဖွင့်ပေအံ့ဟူလိုသော်။

အရှင်ကား ဖြစ်သောယုံမှားခြင်းရှိကုန်သော ရဟန်းတို့၏ယုံမှားခြင်းကို လွန်မြောက်ခြင်းငှါ သံဝဏ္ဏနာ အဋ္ဌကထာကို ဖွင့်ပေအံ့ဟု ဆရာဆိုပြီ၊ အဘယ်ယုံမှားခြင်းရှိကုန်သောရဟန်းတို့၏ယုံမှားခြင်းကို လွန်မြောက်ခြင်းငှါ သံဝဏ္ဏနာ အဋ္ဌကထာကို ဆရာဖွင့်အံ့နည်း။ သုတ္တန် အဘိဓမ္မာတို့၌ဖြစ်သော ယုံမှားခြင်းရှိကုန်သော ရဟန်းတို့၏ ယုံမှားခြင်းကို လွန်မြောက်ခြင်းငှါ သံဝဏ္ဏနာအဋ္ဌကထာကို ဆရာဖွင့်လေတော့အံ့လော ထိုသို့ဖွင့်သည်ရှိသော် ခုတ်ရာတပါး ရှရာတချားဖြစ်၍ ''အမ္ဘ ပုဌော ဇမ္ဗုံ ဝိသဇ္ဇေတိ'' ဟူသကဲ့သို့ ဖြစ်ရာပါသည် မဟုတ်တုံလော စုဒ်ရှိရကား ''တတ္ထ'' ဟူသောပါဌ်ကိုမိန့်သတည်း။ ထိုအဓိပ္ပါယ်ကား။ ပါတိမောက်၌ဖြစ်သော ယုံမှားခြင်းရှိကုန်သော ရဟန်းတို့၏ ယုံမှားခြင်းကို လွန်မြောက်ခြင်းငှါ သံဝဏ္ဏနာ အဋ္ဌကထာကို ဖွင့်ပေအံ့ဟူလိုသော်။

အရှင်ကား အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာကို ဖွင့်ပေအံ့ဟု ဆရာဆိုပြီ၊ အဘယ်၏အဖွင့်ဖြစ်သော သံဝဏ္ဏနာအဋ္ဌကထာကို ဆရာဖွင့်ဆိုပါအံ့နည်း။ သုတ္တန်ဝိနည်း အဘိဓမ္မာတို့၏ အဖွင့်ဖြစ်သော သံဝဏ္ဏနာအဋ္ဌကထာကို ဆရာဖွင့်လေတော့အံ့လော စုဒ်ရှိရကား တဿ-ဟူသောပါဌ်ကို မိန့်သတည်း။ ထိုအဓိပ္ပါယ်ကား ပါတိမောက်၏ သံဝဏ္ဏနာအဋ္ဌကထာကို ဖွင့်ပေအံ့ဟူလိုသော်။ အရှင်ကား ကင်္ခါဝိတရဏီအမည်ရှိသော သံဝဏ္ဏနာအဋ္ဌကထာကို ဖွင့်ပေအံ့ဟု ဆရာဆိုပြီ၊ အဘယ်ကြောင့် သံဝဏ္ဏနာအဋ္ဌကထာကို ဆရာဖွင့်လေဘိသနည်း။ လျှောက်ထားတောင်းပန်သော အဘိယာစကပုဂ္ဂိုလ်ရှိသော်သာလျှင် ထိုပုဂ္ဂိုလ်တို့၏ တောင်းပန်ခြင်းကို အရင်းမူသဖြင့် သံဝဏ္ဏနာအဋ္ဌကထာကို ဆရာဖွင့်သည်ရှိသော် အတ္တုက္ကံသပရဝမ္ဘနဒေါသ ရောက်ရာပါသည် မဟုတ်တုံလောစုဒ်ရှိရကား ''ယာစိတော'' ဟူသောပါဌ်ကို မိန့်သတည်း။

**တစ်နည်းကား။** အရှင်ကား ကင်္ခါဝိတရဏီအမည်ရှိသော သံဝဏ္ဏနာအဋ္ဌကထာကို ဖွင့်ပေအံ့ဟု ဆရာဆိုပြီ၊ ကျမ်းပြုဆရာ ဂန္ထကာရကပုဂ္ဂိုလ်တို့၏ သဘောတံထွာဓမ္မတာသည် ပါဠိအဋ္ဌကထာစသည်တို့၌ အဟုတ်အမှန် ယထာဘူတ ဉာဏ်ဖြင့် မသက်ဝင်နိုင်၊ ပြင်းစွာတွေဝေသော သောတုဇနအပေါင်းကို အာရုံပြု၍ ဖြစ်သော အဇ္ဈတ္တကရုဏာသာလျှင် နှိုးဆော်တိုက်တွန်း၍ ပြုတော်မူကြသောအရာလည်းရှိသည်။ ပရိယတ် ပဋိပတ်စသော သာသနာတော်၏ အလွန်စည်ကားပွင့်လင်းခြင်းကို အလိုရှိသော လဇ္ဇီပေသလ သိက္ခာကာမအရှင်မြတ်တို့သည် သိဿာနုသိဿ တပည့်အဆက်ဆက်တို့အား နည်းပါးနှုံ့နှေးလတ့်သောပညာကို မြော်ခေါ်

သဖြင့် နှုံးဆော်တိုက်တွန်းတော်မူကြသောအရာလည်းရှိသည်။ မိမိ၏ ဂန္ထဓုရ ဗဟုသုတအရာ၌ လိမ္မာပြွမ်းတီး အပြီးတိုင်သည်ကို အထင်အရှား အများသိသဖြင့် လောကာမိဿသိလောကအကျိုးငှါ ပြုတော်မူကြသော အရာလည်းရှိသည်။ မိမိ၏ လည်းကောင်း သာသနာတော်၏လည်းကောင်း အကျိုးမရှိ အချည်းနှီး နိရတ္ထက ဖြစ်၏ဟူသော မိစ္ဆာအယူကို ပယ်ခြင်းအကျိုးငှါ ပြုတော်မူကြသော အရာလည်းရှိ သည်။ အရှင်အဌကထာဆရာမှာမူကား မိမိအဇ္ဈတ္တသန္တာန်၌ ကရုဏာနှုံးဆော်တိုက် တွန်း၍ ဖွင့်မည်အရာလော။ သို့တည်းမဟုတ်။ သာသနာတော်မြင့်ရှည်တည်မည်ကို မျှော်ခေါ်သော အရှင်မြတ်တို့ နှုံးဆော်တိုက်တွန်း၍ ဖွင့်မည်အရာလော။ သို့တည်း မဟုတ်။ မိမိပရိသတ်လေးပါးအလယ်၌ တင့်တယ်ထင်ရှားမည်ကို ရည်ရော်၍ ဖွင့်မည်အရာလော၊ သို့တည်းမဟုတ် မိမိ၏လည်းကောင်း၊ သာသနာ၏ လည်း ကောင်း အချည်းနှီး မောဃနိရတ္ထကဟူသော မိစ္ဆာအယူကိုပယ်လို၍ ဖွင့်မည် အရာ လော စုဒ်ရှိရကား ''ယာစိတော''ဟူသောပါဌ်ကို မိန့်သတည်း။ ထိုအဓိပ္ပါယ်ကား နှုံးဆော်တိုက်တွန်း တောင်းပန်၍ ဖွင့်ပါ၏ဟူလိုသော်။

အရှင်အဌကထာဆရာ ဆရာကား တောင်းပန်အပ်သောကြောင့် ဖွင့်ပေ အံ့ဟု ဆရာဆိုပြီ။ ပကတိ ပင်ကိုယ်သဘောရင်းကပင် ကျမ်းပြုခြင်း၌ ဝါသနာဆန္ဒ ဗလဝဖြစ်သဖြင့် အဘိယာစကပုဂ္ဂိုလ်ကို မျှော်လင့်၍နေသော ပုဂ္ဂိုလ်ဖြစ်သော ကြောင့် တောင်းပန်ဆန်း တောင်းပန်ကာမျှ စကားစပ်ဖြင့်ပင် ဆရာဖွင့်မည်လော။ ဝါသနာဆန္ဒ အလျှင်းမပါဘဲ သိက္ခာကာမ အရှင်မြတ်တို့ အထပ်ထပ် အကြိမ်ကြိမ် ဦးနှိမ်ကာ လျှောက်ထားတောင်းပန်လှ၍ မလွဲမရှောင်သာဖြစ်၍ ဆရာဖွင့်မည်လော စုဒ်ရှိရကား အဘိ–ဟူသော ပါဌသေသကို မိန့်ဆိုသတည်း။ ထိုအဓိပ္ပါယ်ကား။ အကြိမ်ကြိမ်အဖန်ဖန် မဆန်မငြင်းသာအောင် တောင်းပန်လှသောကြောင့် ဖွင့်ရပါ၏ဟုဆိုသော်။ အရှင်ကား။ အကြိမ်ကြိမ်အဖန်ဖန် မဆန်မငြင်းသာအောင် ရှေးရှုတောင်းပန်သောကြောင့် ကဒါဝိတရဏီအမည်ရှိသော သံဝဏ္ဏနာ အဌကထာကို ဆရာဖွင့်အံ့နည်း။ အမည်နာမအားဖြင့် မထင်ရှား မည်းမည်းဝါးဝါး သော အညတရပုဂ္ဂိုလ်တို့ တောင်းပန်လေက ထိုပုဂ္ဂိုလ်၏ တောင်းပန်ခြင်းကို အရင်းမူသဖြင့် သံဝဏ္ဏနာအဌကထာကို ဆရာမဖွင့်တန်ရာ။ ဂရုဂါရဝအလေးပြုထိုက်သော အမည် နာမအားဖြင့် ထင်ရှားသောပုဂ္ဂိုလ်တို့ တောင်းပန်သော်သာလျှင် ထိုပုဂ္ဂိုလ်၏တောင်း ပန်ခြင်းကို အရင်းမူသဖြင့် သံဝဏ္ဏနာအဌကထာကို ဆရာဖွင့်ပါသည်မဟုတ်တုံလော စုဒ်ရှိရကား ''သောဏထေရေန''ဟူသောပါဌ်ကို မိန့်သတည်း။ ထိုအဓိပ္ပါယ်ကား

သောဏအမည်ရှိသောမထေရ်သည် ရှိသေစွာ တောင်းပန်သောကြောင့် ကခါ ဝိတရဏီအမည်ရှိသော သံဝဏ္ဏနာအဋ္ဌကထာကို ဖွင့်ရပါ၏ဟူလိုသော်။

အရှင်ကား သောဏအမည်ရှိသောမထေရ်သည် ရှိသေစွာတောင်းပန်သောကြောင့် ကခါဝိတရဏီ အမည်ရှိသော သံဝဏ္ဏနာအဋ္ဌကထာကို ဖွင့်သောဟု ဆရာဆိုပြီ။ ထိုသောဏအမည်ရှိသောမထေရ်သည် အဘယ်သို့သော ဂုဏ်ထူးဝိသေသရှိပါသနည်း။ သောဏဟူသော အမည်ထူးဝိသေသပင်ရှိစေကာမူ ဝိနည်းအကျင့်ဟု ဆိုအပ်သော ပါတိမောက္ခသံဝရသီလနှင့်ပြည့်စုံက ထိုပုဂ္ဂိုလ်၏ တောင်းပန်ခြင်းကို အရင်းမူသဖြင့် သံဝဏ္ဏနာအဋ္ဌကထာကို ဆရာမဖွင့်တန်ရာ။ ဝိနည်းအကျင့်ဟု ဆိုအပ်သော ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံသော်သာလျှင် ထိုပုဂ္ဂိုလ်၏ တောင်းပန်ခြင်းကို အရင်းမူသဖြင့် သံဝဏ္ဏနာအဋ္ဌကထာကို ဆရာဖွင့်ရာပါသည်မဟုတ်တုံလော စုဒ်ရှိရကား ''ဝိနယာစာရယုတ္တေန'' ဟူသော ပါဌ်ကို မိန့်သတည်း။ ထိုအဓိပ္ပါယ်ကား ဝိနည်းအကျင့်ဟုဆိုအပ်သော ပါတိမောက္ခသံဝရသီလနှင့်ပြည့်စုံပါ၏ ဟူလိုသော်။ အရှင်ကား ဝိနယာစာရယုတ္တဂုဏ်နှင့် ပြည့်စုံသော သောဏအမည်ရှိသော မထေရ်သည် ရှိသေစွာ တောင်းပန်သောကြောင့် ကခါ ဝိတရဏီအမည်ရှိသော သံဝဏ္ဏနာအဋ္ဌကထာကို ဖွင့်ပေအံ့ဟု ဆရာဆိုပြီ။ ထိုသောဏအမည်ရှိသော မထေရ်သည် ယင်းသည့်ဂုဏ်နှင့်ပြည့်စုံစေကာမူ စင်ကြယ်စွာဖြစ်၍ဖြစ်သော ကိလေသာကို ခေါင်းပါးစေတတ်သော အကျင့်ဟုဆိုအပ်သော ဣန္ဒြိယသံဝရသီလ ပစ္စယသန္နိဿိတသီလ အာဇီဝပါရိသုဒ္ဓိသီလနှင့် မပြည့်စုံက ထိုပုဂ္ဂိုလ်တောင်းပန်ခြင်းကို အရင်းမူသဖြင့် သံဝဏ္ဏနာအဋ္ဌကထာကို ဆရာ မဖွင့်တန်ရာ။ စင်ကြယ်စွာဖြစ်၍ဖြစ်သော ကိလေသာကို ခေါင်းပါးစေတတ်သော အကျင့်ဟုဆိုအပ်သော ဣန္ဒြိယသံဝရသီလ ပစ္စယသန္နိဿိတသီလ အာဇီဝပါရိသုဒ္ဓိသီလနှင့် ပြည့်စုံသော်သာလျှင် ထိုပုဂ္ဂိုလ်၏ တောင်းပန်ခြင်းကို အရင်းမူသဖြင့် သံဝဏ္ဏနာ အဋ္ဌကထာကို ဆရာဖွင့်ရပါသည်မဟုတ်တုံလော စုဒ်ရှိရကား ''သုစိသလ္လေခ ဝုတ္တိနာ'' ဟူသောပါဌ်ကို မိန့်သတည်း။ ထိုအဓိပ္ပါယ်ကား စင်ကြယ်စွာ ဖြစ်၍ဖြစ်သော ကိလေသာကို ခေါင်းပါးစေတတ်သောအကျင့်နှင့်လည်း ပြည့်စုံပါ၏ဟူလိုသော်။

အရှင်ကား သုစိသလ္လေခဝုတ္တိဂုဏ် ဝိနယာစာရယုတ္တဂုဏ်နှင့်ပြည့်စုံသော သောဏအမည်ရှိသော မထေရ်သည် ရှိသေစွာ တောင်းပန်သောကြောင့် သံဝဏ္ဏနာ အဋ္ဌကထာကို ဖွင့်သောဟု ဆရာဆိုပြီ။ ထိုသောဏအမည်ရှိသောမထေရ်သည် ယင်းသည့်ဂုဏ်နှစ်ပါးနှင့်ပြည့်စုံရာကောင်းသလော၊ ယင်းသည့်ဂုဏ်နှစ်ပါးနှင့်ပြည့်စုံ

စေကာမူ ခြေသုတ်ပုဆိုး ဦးချိုကြီးသောနွား စွယ်ဖြားကျွတ်သောမြွေကဲ့သို့ နှိမ်ချသောဖြစ်ခြင်းရှိသော သဏ္ဍာ သခိလ သုခသမ္ဘာသနိဝါတဂုဏ်နှင့် မပြည့်စုံက ထိုပုဂ္ဂိုလ်၏ တောင်းပန်ခြင်းကို အရင်းမူသဖြင့် သံဝဏ္ဏနာအဌကထာကို ဆရာ မဖွင့်တန်ရာ။ ခြေသုတ်ပုဆိုး ဦးချိုကြီးသောနွား စွယ်ဖြားကျွတ်သောမြွေကဲ့သို့ နှိမ်ချသောဖြစ်ခြင်းရှိသော သဏ္ဍာ သခိလ သုခသမ္ဘာသနိဝါတဂုဏ်နှင့် ပြည့်စုံ သော်သာလျှင် ထိုပုဂ္ဂိုလ်၏ တောင်းပန်ခြင်းကို အရင်းမူသဖြင့် သံဝဏ္ဏနာအဌကထာကို ဆရာဖွင့်ရာပါသည် မဟုတ်တုံလော စုဒ်ရှိရကား ''နိဝါတေန'' ဟူသောပါဌ်ကို မိန့်သတည်း။ ထိုအဓိပ္ပါယ်ကား။ ခြေသုတ်ပုဆိုး ဦးချိုကြီးသောနွား စွယ်ဖြား ကျွတ်သောမြွေကဲ့သို့ နှိမ်ချသောဖြစ်ခြင်းရှိသော သဏ္ဍာ သခိလ သုခသမ္ဘာသနိဝါတဂုဏ်နှင့် ပြည့်စုံပါ၏ဟူလိုသော်။

အရှင်ကား နိဝါတဂုဏ် သုစိသလ္လေခဝုတ္တိဂုဏ် ဝိနယာစာရယုတ္တဂုဏ်နှင့် ပြည့်စုံသော သောဏအမည်ရှိသော မထေရ်သည် ရှိသေစွာတောင်းပန်သောကြောင့် ကခ်ါဝိတရဏီအမည်ရှိသော သံဝဏ္ဏနာ အဌကထာကိုဖွင့်သောဟု ဆရာဆိုပြီ။ ထိုသောဏအမည်ရှိသောမထေရ်သည် ယင်းသည် ဂုဏ်သုံးပါးနှင့်သာ ပြည့်စုံရာ ကောင်းသလော၊ ယင်းသည် ဂုဏ်သုံးပါးနှင့်သာ ပြည့်စုံစေကာမူ တင့်တယ်သော ကိုယ်ဖြင့်ပြုအပ်သောအမှု နှုတ်ဖြင့်ပြုအပ်သောအမှု၌ မွေ့လျော်သောဂုဏ်နှင့်မပြည့်စုံက ထိုပုဂ္ဂိုလ်၏တောင်းပန်ခြင်းကို အရင်းမူသဖြင့် သံဝဏ္ဏနာအဌကထာကို ဆရာမဖွင့်တန်ရာ။ တင့်တယ်သောဂုဏ်ဖြင့်ပြုအပ်သောအမှု နှုတ်ဖြင့်ပြုအပ်သောအမှု၌ မွေ့လျော်သောဂုဏ်နှင့် ပြည့်စုံသော်သာလျှင် ထိုပုဂ္ဂိုလ်တို့၏ တောင်းပန်ခြင်းကို အရင်းမူသဖြင့် သံဝဏ္ဏနာ အဌကထာကို ဆရာဖွင့်ရာပါသည် မဟုတ်တုံလော စုဒ်ရှိရကား ''သူရတေန'' ဟူသောပါဌ်ကို မိန့်သတည်း။ ထိုအဓိပ္ပါယ်ကား တင့်တယ်သော ကိုယ်ဖြင့်ပြုအပ်သောအမှု နှုတ်ဖြင့်ပြုအပ်သောအမှု၌ မွေ့လျော်သောစိတ်နှင့် ပြည့်စုံပါ၏ဟူလိုသော်။

အရှင်ကား ထိုပါတိမောက်၏အဖွင့်ဖြစ်သော သံဝဏ္ဏနာအဌကထာကို ဖွင့်ပေအံ့ဟု ဆရာဆိုပြီ။ တဿ ဟူသောပုဒ်၏ တ–သဒ္ဒါသည် နိယတ်ပုဒ်ဖြစ်၍ ယေဘုယျအားဖြင့် အနိယတ်ပုဒ်နှင့်မကင်းရာ။ အဘယ်နည်း အပ္ပကသို့လိုက်၍ အနိယတ်ပုဒ်ကင်းသော နိယတ်ပုဒ်ပင် ဖြစ်တော့လေသလော၊ စုဒ်ရှိရကား ပါတိမောက္ခ–အစရှိသော တစ်ဂါထာလုံးကို မိန့်သတည်း။ ထိုတွင် ဖြေလိုရင်းပါဌ်ကား ယံ ဟူသည်တည်း။ ထို၊ အဓိပ္ပါယ်ကား ယံ–ဟူသောပုဒ်သည်ပင်လျှင် အနိယတ်ပုဒ်မည်၏ ဟူလိုသော်။

အရှင်ကား ယ–သဒ္ဒါသည် အနိယတ်ပုဒ်ဖြစ်၏ဟု ဆရာဆိုပြီ၊ ထိုအနိယတ်ပုဒ်ဖြစ်သော သဗ္ဗနာမ်ပုဒ်ဖြစ်၍ အနက်ဝိသေသကိုမဟောတတ်ရကား။ အနက်ဝိသေသကို ဟောသည်၏အဖြစ်ကို သောတုဇနတို့ မသိနိုင်ရာ။ ဟောရာသောကြောင့် သိရာသိကြောင်းဖြစ်သော ယ သဒ္ဒါဖြင့်စွဲအပ်သော ပစ္စာ မဠအနက်ကို ဆရာမပြပြီလော။ ဆရာပြမှသာလျှင် ငါတို့သောတုဇနတို့ သိနိုင်ရာပါသည်မဟုတ်တုံလော စုဒ်ရှိရကား "ပါတိမောက္ခံ" ဟူသောပါဠ်ကို မိန့်သတည်း။ ထိုအဓိပ္ပါယ်ကား ပါတိမောက်သည်ပင်လျှင် ယ–သဒ္ဒါဖြင့် စွဲအပ်သော ပစ္စာမဠအနက်မည်၏ဟူလိုသော်။

အရှင်ကား ပါတိမောက္ခသည်ပင်လျှင် ယ–သဒ္ဒါဖြင့်စွဲအပ်သော ပစ္စာမဠ အနက်ဖြစ်သောဟု ဆရာဆိုပြီ၊ ယံ ပါတိမောက္ခံ ဟူသောပုဒ်သည် ကမ္မဝစ္စဖြစ်၍ ကမ္မဝါစကနှင့်မကင်းရာ။ ကမ္မဝါစကကား အဘယ်ပါနည်း စုဒ်ရှိရကား ပကာသိတံ ဟူသောပါဠ်ကိုမိန့်သတည်း။ ထိုအဓိပ္ပါယ်ကား ပကာသိတံ–ဟူသောပါဠ်သည်ပင်လျှင် ကမ္မဝါစကမည်၏ဟူလိုသော်။ အရှင်ကား ပါတိမောက်ကိုပြအပ်သောဟု ဆရာဆိုပြီ၊ အဘယ်သူတို့သည် ပြအပ်သနည်း။ အမှတ်မရှိ အမည်နာမအားဖြင့် မထင်ရှား မည်းမည်းဝါးဝါးသော အညတရပုဂ္ဂိုလ်တို့ဖြစ်လေက ထိုပါတိမောက်၏ အတ္ထသံဝဏ္ဏနာကို အရှင်အဌကထာဆရာ မဖွင့်တန်ရာ။ ဂရုဂါရဝအလေးပြုထိုက်သော အမည်နာမအားဖြင့် ထင်ရှားသောပုဂ္ဂိုလ်တို့ဖြင့်သာလျှင် ထိုပါတိမောက်၏ အတ္ထသံဝဏ္ဏနာကို အရှင်အဌကထာ ဖွင့်ရာပါသည်မဟုတ်တုံလော စုဒ်ရှိရကား မဟေသိနာ–ဟူသောပါဠ်ကို မိန့်သတည်း။ ထို၊ အဓိပ္ပါယ်ကား ဘုရားပင်ဖြစ်ပါ၏ ဟူလိုသော်။ အရှင်ကား ပါတိမောက်ကို မြတ်စွာဘုရားပြအပ်သောဟုဆိုပြီ၊ ထိုပါတိမောက်သည် အဘယ်သို့သော ဂုဏ်ထူးဝိသေသရှိပါသနည်း။ ဂုဏ်ထူးဝိသေသမရှိက မြတ်စွာဘုရား မပြတန်ရာ။ ဂုဏ်ထူးဝိသေသရှိကသာလျှင် မြတ်စွာဘုရားပြရာသည် မဟုတ်တုံလော စုဒ်ရှိရကား "ပါတိမောက္ခံ" ဟူသောပါဠ်ကိုမိန့်သတည်း။ ထို၊ အဓိပ္ပါယ်ကား အကြီးအမှူးအဦးဖြစ်သော ဂုဏ်နှင့်ပြည့်စုံ၏ ဟူလိုသော်။

တစ်နည်းကား။ ။ အရှင်ကား ပါတိမောက်ကို မြတ်စွာဘုရားပြသောဟု ဆရာဆိုပြီ၊ အဘယ့်ကြောင့် ပါတိမောက်ကို မြတ်စွာဘုရားပြလေဘိသနည်း။ ပြအပ်သော ပကာသိတဗ္ဗအဖြစ်ဖြင့် အတူတူပင်ဖြစ်၍ ကဗ္ဗကျမ်း နာဋကကျမ်းအစရှိသော ကျမ်းတို့ကိုလည်း ပြအပ်ပါသည်မဟုတ်တုံလော စုဒ်ရှိရကား "ပါတိမောက္ခံ" ဟူသောပါဠ်ကို မိန့်သတည်း။ ထို၊ အဓိပ္ပါယ်ကား အကြီးအမှူးအဦးဖြစ်သော ဂုဏ်နှင့်ပြည့်စုံသောကြောင့် ပါတိမောက်ကို ပြ၏ဟူလိုသော်။ အရှင်ကား အကြီးအမှူး

အဦးဖြစ်သော ဂုဏ်နှင့်ပြည့်စုံသော ပါတိမောက်ကို မြတ်စွာဘုရားပြသောဟု ဆရာဆိုပြီ။ ပါတိမောက္ခံ ဟူသောပုဒ်သည် သမ္ဗန္ဓပုဒ်ဖြစ်၍ သမ္ဗန္ဓနှင့်မကင်းရာ။ သမ္ဗန္ဓကား အဘယ်နည်း စုဒ်ရှိရကား "ဓမ္မာနံ" မိန့်သတည်း။ ထို အဓိပ္ပါယ်ကား ဓမ္မာနံ ဟူသောပုဒ်သည်ပင်လျှင် သမ္ဗန္ဓမည်၏ဟူလိုသော်။

အရှင်ကား တရား၏အကြီးအမှူးအဦးဖြစ်သော ဂုဏ်နှင့်ပြည့်စုံသောပါတိမောက်ကို မြတ်စွာဘုရားပြသောဟု ဆရာဆိုပြီ။ အဘယ်တရားတို့၏ အကြီးအမှူး အဦးဖြစ်လေဘိသနည်း။ အနဝဇ္ဇဖြစ်သောတရားတို့၏ အကြီးအမှူးအဦး ဖြစ်လေသလော။ သာဝဇ္ဇဖြစ်သောတရားတို့၏ အကြီးအမှူးအဦးဖြစ်လေက ပါတိမောက်ကို မြတ်စွာဘုရား မပြတန်လေရာ။ အနဝဇ္ဇဖြစ်သောတရားတို့၏ အကြီးအမှူးအဦးဖြစ်သော်သာလျှင် ပါတိမောက်ကို မြတ်စွာဘုရားပြရာပါသည် မဟုတ်တုံလော စုဒ်ရှိရကား "အနဝဇ္ဇာနံ"တည်း။ ထို အဓိပ္ပါယ်ကား အနဝဇ္ဇ ဖြစ်သော တရားတို့၏ အကြီးအမှူးအဦးဖြစ်ပါ၏ ဟူလိုသော်။

အရှင်ကား ပါမောက္ခဂုဏ်နှင့်ပြည့်စုံသော ပါတိမောက်ကို မြတ်စွာဘုရား ပြအပ်သောဟုဆိုပြီ။ ထိုပါတိမောက်သည် ယင်းသည်ဂုဏ်နှင့်သာ ပြည့်စုံရာသလော။ ယင်းသည် ဂုဏ်နှင့်ပင် ပြည့်စုံစေကာမူ အကြောင်းဖြစ်သောဂုဏ်နှင့်မပြည့်စုံလေက ပါတိမောက်ကို မြတ်စွာဘုရား မပြတန်ရာ။ အကြောင်းဖြစ်သောဂုဏ်နှင့် ပြည့်စုံသော် သာလျှင် ပါတိမောက်ကို မြတ်စွာဘုရား ပြပါသည်မဟုတ်တုံလော စုဒ်ရှိရကား "မုခံ"တည်း။ ထိုအဓိပ္ပါယ်ကား အကြောင်းဖြစ်သောဂုဏ်နှင့်ပြည့်စုံ၏ ဟူလိုသော်။

အရှင်ကား ပါမောက္ခဂုဏ်နှင့်ပြည့်စုံသော ပါတိမောက်ကို မြတ်စွာဘုရား ပြအပ်သောဟု ဆရာဆိုပြီ။ မုခ ဟူသောပုဒ်သည် သမ္ဗန္ဓီဖြစ်၍ သမ္ဗန္ဓနှင့်မကင်းရာ။ သမ္ဗန္ဓကား အဘယ်ပါနည်း။ စုဒ်ရှိရကား "မောက္ခပဝေသာယ"တည်း။ ထို အဓိပ္ပါယ်ကား မောက္ခပဝေသာယ ဟူသောပုဒ်သည်ပင်လျှင် သမ္ဗန္ဓမည်၏ဟူလို သော်။

တစ်နည်းကား။ ။ အရှင်ကား ပါတိမောက္ခဂုဏ် မုခဂုဏ်နှင့်ပြည့်စုံသော ပါတိမောက်ကို မြတ်စွာဘုရား ပြသောဟု ဆရာဆိုပြီ။ အဘယ်အကြောင်းဖြစ်သော ပါတိမောက်ကို မြတ်စွာဘုရားပြလေဘိသနည်း။ အပါယ်နိဗ္ဗာန်သို့ ဝင်ခြင်း၏ အကြောင်းဖြစ်သောပါတိမောက်ကို မြတ်စွာဘုရားပြတော့လေသလော။ အပါယ်သို့ ဝင်ခြင်း၏အကြောင်းဖြစ်လေက မြတ်စွာဘုရား မပြတန်ရာ။ နိဗ္ဗာန်သို့ ဝင်ခြင်း၏

အကြောင်းဖြစ်သော်သာလျှင် မြတ်စွာဘုရားပြုရာပါသည်မဟုတ်တုံလော။ စုဒ်ရှိရကား မောက္ခုပ္ပဝေသာယ ဟူသောပါဌ်ကို မိန့်သတည်း။ ထိုအဓိပ္ပါယ်ကား နိဗ္ဗာန်သို့ ဝင်ခြင်း၏အကြောင်းဖြစ်သော ပါတိမောက်ကို မြတ်စွာဘုရား ပြုပါ၏ဟူလိုသော်။

တစ်နည်းကား။ အရှင်ကား ပါမောက္ခဂုဏ် မုခဂုဏ်နှင့်ပြည့်စုံသော ပါတိမောက်ကို မြတ်စွာဘုရား ပြုသောဟု ဆရာဆိုပြီ။ ပကာသိတံ–ဟူသောပုဒ်သည် သမ္ပဒါန်ပုဒ်၏ကြိယာဖြစ်၍ သမ္ပဒါန်ပုဒ်နှင့် ကင်း၍မဖြစ်ရာ။ သမ္ပဒါန်ပုဒ်ကား အဘယ်နည်း စုဒ်ရှိရကား မောက္ခုပ္ပဝေသာယ ဟူသောပါဌ်ကို မိန့်သတည်း။ ထို၊ အဓိပ္ပါယ်ကား မောက္ခုပ္ပဝေသာယ–ဟူသော ပုဒ်သည်ပင်လျှင် သမ္ပဒါန်မည်၏ဟူလိုသော်။

တစ်နည်းကား။ အရှင်ကား ပါမောက္ခဂုဏ် မုခဂုဏ်နှင့်ပြည့်စုံသော ပါတိမောက်ကို မြတ်စွာဘုရား ပြုလေဘိသနည်း။ အပါယ်နိဗ္ဗာန်သို့ ဝင်ခြင်းအကျိုးငှါ ပါတိမောက်ကို မြတ်စွာဘုရား ပြုတော့လေသလော။ အပါယ်သို့ဝင်ခြင်းအကျိုးရှိလေက မြတ်စွာဘုရားမပြုတန်ရာ။ နိဗ္ဗာန်သို့ ဝင်ခြင်းအကျိုးရှိသော်သာလျှင် မြတ်စွာဘုရား ပြုရာပါသည်မဟုတ်တုံလော။ စုဒ်ရှိရကား မောက္ခုပ္ပဝေသာယ ဟူသောပါဌ်ကို မိန့်သတည်း။ ထိုအဓိပ္ပါယ်ကား နိဗ္ဗာန်သို့ဝင်ခြင်းအကျိုးငှါ ပါတိမောက်ကို မြတ်စွာဘုရား ပြုပါ၏ဟူလိုသော်။

ဤကား ငါတို့ မင်္ဂလာစံကျောင်းဆရာတော်ဘုရားကြီး ချုပ်စဉ်အခါ ရေးသားထားအပ်သော ကင်္ခါဝိတရဏီအဋ္ဌကထာ ပဏ္ဏာမပဋိညာဉ် ခြောက်ဂါထာ စုဒ်စောဒနာ အနုသန္ဓေ သမ္ဗန္ဓကား ဤတွင်၍ ပြီးပြည့်စုံပြီ။

**ကင်္ခါစောစုဒ် တစ်နည်းထုတ် ပြီးဟုတ်နိဋ္ဌိတာ။**

■ ■ ■

## ဆရာတော် အရှင်နန္ဒ

စံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿန ပျံလွန်တော်မူပြီးနောက် စံကျောင်းတိုက်၌ အကြီးအကဲနာယက ဖြစ်တော်မူသောဆရာတော်မှာ ဆရာတော် အရှင်နန္ဒဖြစ်လေသည်။ သက်တော် ၈၁–ရှိရာ ၁၂၈၄–ခုနှစ်က ပျံလွန်တော်မူခဲ့လေသည်။

■ ■ ■

## ဆရာတော် အရှင်ရေဝတ

ဆရာတော်အရှင်နန္ဒပျံလွန်တော်မူပြီးနောက် ဆရာတော်အရှင်ရေဝတသည် မဟာဇောတိကာရာမ စံကျောင်းတိုက်၏ နာယကဖြစ်တော်မူသည်။ ဆရာတော် အရှင်ရေဝတကား ရွှေဘိုအနောက်လက် တယ်ပင်ရွာ ဇာတိဖြစ်၏။ သက်တော် ၇၉-နှစ်ရှိရာ ၁၃၀၂-ခုနှစ်က ပျံလွန်တော်မူခဲ့လေသည်။

■ ■ ■

## ဆရာတော်အရှင်ပဏ္ဍာဝံသ

ဆရာတော်အရှင်ပဏ္ဍာဝံသသည် ဆရာတော်အရှင်ရေဝတ ပျံလွန်တော် မူပြီးနောက် မဟာဇောတိကာရာမ စံကျောင်းတိုက်၏ နာယကဖြစ်တော်မူသည်။ အရှင်ပဏ္ဍာဝံသသည် ရွှေဘိုအရှေ့ ကျောက်ပကန်ရွာဇာတိ ဖြစ်သည်။ သက်တော် ၆၆-နှစ်ရှိရာ ၁၃၂၅-ခုနှစ်က ပျံလွန်တော်မူခဲ့လေသည်။

■ ■ ■

## ဆရာတော် အရှင်တေဇနိယ

ဆရာတော်အရှင်ပဏ္ဍာဝံသ ပျံလွန်တော်မူပြီးနောက် ဆရာတော်အရှင် တေဇနိယသည် မဟာဇောတိကာရာမစံကျောင်းတိုက်၏ နာယကဖြစ်တော်မူသည်။ အရှင်တေဇနိယသည် ပခုက္ကူခရိုင် မြိုင်မြို့နယ် ကြည့်ကန်ရွာ၌ ၁၂၈၂-ခုနှစ် ဒုတိယဝါဆိုလကွယ်နေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရှင်ပဏ္ဍာဝံသ ပျံလွန်သဖြင့် ပင့်လျှောက်ချက်အရ စံကျောင်းတိုက်၌ သီတင်းသုံးခဲ့လေသည်။ ဤသည်လျှင် ယခုတိုင်စံကျောင်းတိုက် နာယက အစဉ်အတိုင်း သင့်သလို ရေးသားဖော်ပြ ချက်ဖြစ်၏။ ဤမှနောက်၌ မဟာဇောတိကာရာမတိုက်ထွက် ပညာရှိပုဂ္ဂိုလ်တို့ကို ဖော်ပြပေအံ့။

# ဒုတိယပိုင်းပြီး၏။

■ ■ ■

# မန္တလေးသာသနာဝင်
# ကေဝီသတိမတွဲ
# တတိယပိုင်း

= စလင်းဆရာတော် အရှင်ပဏ္ဍိစ္စ–တို့၏ အဖြစ်တော်စဉ်များ ။

= မဟာဇောတိကာရာမစံကျောင်းတိုက်ကြီး ဂဏဝါစက စာချအကျော် အလုံဆရာတော် အရှင်ပဏ္ဍိတ ။

# တတိယပိုင်း

## စလင်းဆရာတော် အရှင်ပဏ္ဍိစ္စ

ဆရာတော်အရှင်ပဏ္ဍိစ္စသည် စလင်းမြို့နယ် ဇာတိဖြစ်၏။ ထို့ကြောင့်ပင် စလင်းဦးပဏ္ဍိစ္စဟု လွန်စွာထင်ရှားလေသည်။ စံကျောင်းဆရာတော်ဘုရားကြီး ''သုဒဿနဝရဓမ္မသာမိမဟာဓမ္မရာဇာဓိရာဇဂုရု'' သုဒဿနဓဇအတုလာအဓိပတိ သိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရုရှင် ပညာရှိတပည့်ကြီး ၂-ပါးရှိ၏။ ၎င်းတို့မှာ-

၁။ အလုံ ဦးပဏ္ဍိတ (မိုင်းခိုင်ဆရာတော်)

၂။ စလင်း ဦးပဏ္ဍိစ္စ တို့ဖြစ်ကုန်၏။

ထိုစဉ်က မဟာဇောတိကာရာမ စံကျောင်းတိုက်ကြီး၌ ရောက်ရှိနေထိုင်ကြကုန်သော စာသင်သား ရာပေါင်းများစွာတို့၏ ပညာသင်ကြားရေးကို အရှင်ပဏ္ဍိတနှင့် အရှင်ပဏ္ဍိစ္စတို့က စံကျောင်းဆရာတော်ဘုရားကြီး လက်အောက်က အများဆုံး ဝါယာမစိုက်တော်မူကြရသည်။

ထိုစဉ်က ယင်း အရှင် ၂-ပါးကို ''လုံပဏ်, လင်းပဏ်''ဟု ခေါ်ဆိုကြကုန်၏။

စာသင်သားတို့က -

လုံပဏ်, လင်းပဏ် ဤနှစ်တန် ဘယ်ပဏ်သာ၍ စာတတ်သနည်း ဟူ၍လည်းကောင်း။

လုံပဏ်, လင်းပဏ် အနှစ်တန် လုံပဏ်သာ၍ စာတတ်သတည်းဟူ၍လည်းကောင်း။

လုံပဏ်, လင်းပဏ် ဤနှစ်တန် လင်းပဏ်သာ၍ စာတတ်သတည်းဟူ၍လည်းကောင်း စာချိုးကြကုန်၏။

\- အမှန်မှာ လုံပဏ်, လင်းပဏ်နှစ်ပါးလုံးပင် ဗျာကရဏ်းကျမ်းများနှင့် ပိဋကတ်ကျမ်းအားလုံးကို ထုံးကဲ့သို့မွှေ ရေကဲ့သို့နှောက် တတ်မြောက်သော ပုဂ္ဂိုလ်မြတ်တို့ ဖြစ်ကြကုန်၏။

ဆရာတော်အရှင်ပဏ္ဍိစ္စသည် သက္ကရာဇ် ၁၂၀၅– ခုနှစ် ပတ်ဝန်းကျင်ခန့်တွင် ဖွားမြင်တော်မူခဲ့လေသည်။ စံကျောင်းဆရာတော်ဘုရားကြီး၏ နည်းနာနယကို လက်ကိုင်ရရှိသော ပုဂ္ဂိုလ်ထူးဖြစ်၏။ ဆရာတော်အရှင်ပဏ္ဍိစ္စ ပြုစုခဲ့သောဝိနည်း ဂဏ္ဌိသစ်ကျမ်းကြီးဖြင့်ပင် ဆရာတော်အရှင်ပဏ္ဍိစ္စ၏ စွမ်းရည်ကို သိနိုင်ရာ၏။

ဆရာတော်သည် လယ်တီဆရာတော်ဘုရားကြီး၏ ဆရာတပါးလည်း ဖြစ်တော်မူသည်။ လယ်တီဆရာတော်လောင်းလျာ စံကျောင်းတိုက်ကြီးသို့ ရောက်စက စံကျောင်းဆရာတော်ဘုရားကြီးက– "မောင်စလင်းက သည်မောင်ပဋ္ဌင်း စာဝါဂရုစိုက် ပို့ချပေးရမည်။ မောင်ပဋ္ဌင်းကလဲ မောင်စလင်းဆီမှာ ဆိုဝါနှင့်တက်, ငါ့ဆီမှာ လိုက်ဝါနှင့်သင်" ဟု မိန့်တော်မူသဖြင့် စလင်းအရှင်ပဏ္ဍိစ္စ နှင့်လယ်တီဆရာ တော်လောင်းလျာ အရှင်ဉာဏဓဇတို့က မှန်ပို့ဘုရားဟု သံပြိုင်လျှောက်ထားကြ ကုန်၏။

ဆရာတော်အရှင်ပဏ္ဍိစ္စသည် ၁၂၄၄–ခုနှစ် တန်ဆောင်မုန်းလတွင် မိမိ၏ ဇာတိစလင်းသို့ ပြန်ကြွတော်မူလေသည်။ ထိုစဉ်က လယ်တီဆရာတော်လောင်းလျာ ကို ခေါ်သေး၏။ လယ်တီဆရာတော်လောင်းလျာ အရှင်ဉာဏဓဇသည် မန္တလေး ဂေါဝိန်ဆိပ်အထိ လိုက်ပါပို့ဆောင်ခဲ့လေသည်။

ဆရာတော်အရှင်ပဏ္ဍိစ္စသည်–

၁။ ဝိနည်း ငါးကျမ်း ဂဏ္ဌိသစ်၊

၂။ ဓာတုကထာမူလဋီကာ ဂဏ္ဌိသစ်၊

၃။ မဓုဋီကာအဆက်၊

၄။ ကစ္စာယနဒီပနီ၊

၅။ ဝိဝိဓ ဝိနိစ္ဆယ၊

၆။ ဒါနက္ကမဒီပနီ စသည့် ကျမ်းပေါင်းများစွာတို့ကိုလည်း ပြုစီရင်တော်မူခဲ့ လေသည်။

## ဝိနည်းမဟာဝါဂဏ္ဌိသစ် အရှင်ဝိသုဒ္ဓ ကူး၍ရိုက်စေခဲ့

ဝိနည်း ၅–ကျမ်း ဂဏ္ဌိအနက် ဝိနည်း မဟာဝါဂဏ္ဌိကျမ်းသည် ၁၂၈၈– ခုနှစ်က စာအုပ်အဖြစ် ရောက်ခဲ့လေသည်။ ရွှေရေးဆောင် ဆရာတော်ဘုရားကြီး ဦးကြည်က တပည့်ဖြစ်သော စစ်ကိုင်းမြို့ ရှမ်းတပ်ကျောင်း ဘုန်းကြီးဦးဝိသုဒ္ဓအား

''ဝိနည်း ဂဏ္ဌိကျမ်းသည် သာသနာတော်၌ များစွာကျေးဇူးများလိမ့်မည်၊ စံကျောင်း ဆရာတော်ဘုရားကြီး ဝိနည်း အဋ္ဌကထာ ပို့ချစဉ်က စက္ကူခဲတန် စသည့်တို့ဖြင့် မှတ်သားထားသော စကားများ ဖြစ်ချေသည်။ ၎င်းစလင်းဆရာတော်ဘုရားကြီးလည်း အလွန်ပင်တတ်မြောက်ဝေသာဆရာတော်ကြီးပင် ဖြစ်ချေသည်။ ပေမူမှ စာအုပ်ရိုက် နှိပ်ရလျှင် သာသနာတော်၌ အလွန်ကျေးဇူးများလိမ့်မည်ဟု မိန့်တော်မူသဖြင့် အရှင်ဝိသုဒ္ဓက ပေမူမှကူး၍ ဒါယကာတို့အား စာအုပ်ရိုက်စေခဲ့သည်၊ ယင်းစာမူကို မန္တလေးဆိုင်တန်း ရတနသိဒ္ဓိ ပိဋကတ်ပုံနှိပ်တိုက်၌ ခရစ် ၁၉၂၆–ခုနှစ်က ရိုက်နှိပ်ခဲ့ သည်။ ထိုစဉ်က ရွှေရေးဆောင်ဆရာတော် ဦးကြည်ကိုယ်တိုင် ကြီးကြပ်ပြင်ဆင် တော်မူခဲ့လေသည်။

## ယင်းသို့ဖြစ်ကြောင်း မဟာဝါဂဏ္ဌိကျမ်းအစ၌

''သုဒဿနဝရဓမ္မသာမိမဟာဓမ္မရာဇာဓိရာဇဂုရု''တံဆိပ်နာမံ ရှိတော်မူသော စံကျောင်းဆရာတော်ဘုရားကြီး၏ တပည့်ကြီးဖြစ်တော်မူသော စလင်းဆရာတော် အရှင်ပဏ္ဍိစ္စ အရှင်သူမြတ်သည် စံကျောင်းဆရာတော်ဘုရားကြီး၏ နည်းနာနယ တို့ကို ရရှိတော်မူတိုင်း ဝိနည်းငါးကျမ်း ဂဏ္ဌိသစ်၊ ဓာတုကထာဋီကာဂဏ္ဌိ၊ မဓုဋီကာ အဆက်၊ ကစ္စာယနဒီပနီ၊ ဝိဝိဓဝိနိစ္ဆယ၊ ဒါနက္ကမဒီပနီစသော များစွာသောကျမ်းတို့ ကို ရေးသားထားတော်မူခဲ့သတည်း။ ၎င်းဆရာတော်ဘုရားကြီးသည် စံကျောင်းတိုက် ကြီး၌ များစွာကုန်သော စာသင်သားတို့အား ပို့ချပြသနေရာ မိုင်းခိုင်ဦးပဏ္ဍိနှင့်ပြိုင်၍ နာမည်ရခြင်း တူသောကြောင့် ''လုံပဏ်, လင်းပဏ် ဤနှစ်တန် ဘယ်ပဏ်သာ၍ စာတတ်သတည်း''ဟု ဩဘာစကားများကို စာသင်သားတို့က ထောမနာပြုကြလေ သည်။ ဤဆရာတော်ဘုရားကြီး ရေးသားထားတော်မူခဲ့သောကျမ်းတို့တွင် ''ဝိနည်းဂဏ္ဌိသစ်ကျမ်းသည် သာသနာတော်၌ များစွာကျေးဇူးများလိမ့်မည်။ စံကျောင်းဆရာတော်ဘုရားကြီး ဝိနည်းမဟာဝါ အဋ္ဌကထာ ချပို့စဉ်က စက္ကူခဲတန် စသည့်တို့ဖြင့် မှတ်သားထားသောစကားများ ဖြစ်ခြေသည်။ ၎င်းစလင်းဆရာ တော်ဘုရားကြီးလည်း အလွန်ပင်တတ်မြောက်သော ဆရာတော်ကြီးပင် ဖြစ်ချေ သည်။ ပေမူမှ စာအုပ်ရိုက်နှိပ်ရလျှင် သာသနာတော်၌ အလွန်ပင် ကျေးဇူးများလိမ့် မည်''ဟု ရွှေရေးဆောင်ဆရာတော်ဘုရားကြီး၏ အမိန့်တော်ရှိသည့်အတိုင်း တပည့် ရင်းဖြစ်သော စစ်ကိုင်း ရှမ်းတပ်ကျောင်း ဘုန်းကြီးအရှင်ဝိသုဒ္ဓသည် ပေမှကူး၍ ဒါယကာတို့အား စာအုပ်ရိုက်စေသည်ဟု ဖော်ပြပါရှိလေသည်။

## စန်းကူးမြို့ ကန်ဦးတိုက်နေစဉ်ရေး

ယင်း မဟာဝါဂဏ္ဍိသစ်ကို စန်းကူးမြို့ အရှေ့ဖက် ကန်ဦးတိုက်၌ နေထိုင်စဉ် ရေးသားခဲ့ကြောင်း–

''ဣတိစန်းကူး နဂရဿ ပုရတ္ထိမဒိသာဘာဂေ သုသမာပိတကန်ဦး ဣတျာဘိဓာနေ ဝိဟာရေ ဝသန္တေန ပဏ္ဍိစ္စနာမိကေန ထေရေန ရစိတာ မဟာဝဂ္ဂဝဏ္ဏနာ နိဋ္ဌိတာ'' ဟု ကျမ်းစာအဆုံး ဖော်ပြခဲ့သည်။ မဟာဝါဂဏ္ဍိသစ်ကျမ်း အတွင်းမျက်နှာဖုံး၌လည်း–

''သုဒဿနဝရဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု''ဟူသော ဘွဲ့တံဆိပ်နာမံ အလှူတော်ခံရသော စံကျောင်းဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်တော်မူသော စလင်းဆရာတော် အရှင်ပဏ္ဍိစ္စ အရှင်သူမြတ်သည် ဝိနယပါရဂူဖြစ်မြောက်လိုသူတို့ အကျိုးငှါ အထူးထူးသော နည်းနာနယတို့ဖြင့် ဆန်းကြယ်စွာ ရေးသားဆုံးဖြတ်တော် မူအပ်သောစလင်း ဝိနည်း မဟာဝါဂဏ္ဍိသစ်ကျမ်းကို စာချအကျော် ရွှေရေးဆောင် ဆရာတော် ကြီးကြပ်ပြင်ဆင်သည်။ ၁၂၈၈–ခုနှစ် ဝါခေါင်လ မန္တလေးမြို့ ဆိုင်းတန်း ရတနသိဒ္ဓိ ပိဋကတ်ပုံနှိပ်တိုက် –၁၉၂၆ အဘိုး ၄–ဟု ပါရှိလေသည်။

ဤသို့ဖြင့် ကျမ်းစာများ ပြုစုပြီး ဆရာတော်အရှင်ပဏ္ဍိစ္စသည် ဘုရားမြတ်စွာ သာသနာတော်ကို ထွန်းလင်းတောက်ပစေတော်မူလျက် ကံအားလျော် ကံပို့ရာသို့ ကြွသွားတော်မူခဲ့ပြီ။

ဘဒ္ဒန္တ ပဏ္ဍိစ္စော ထေရော၊ ပဏ္ဍိတော ပဏ္ဍိတာသယော။
သာသနံ ဇောတယိတွာန၊ ယထာကမ္မံ ဂတော သုဓီ။

■ ■ ■

## ပဏ္ဍိတာဓိဝေသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ပဏ္ဍိတ

မန္တလေးမြို့ တောင်ပြင် ရွှေရေးဆောင်ကျောင်းတိုက်ကြီး၏ ပဌမမြောက် နာယကဖြစ်တော်မူသော စာချအကျော်, ကျမ်းပြုအကျော် မိုင်းခိုင်ဆရာတော် အရှင် ပဏ္ဍိတသည် သာမဏေဘဝက သက်တော် ၁၇–နှစ်သား အရွယ်ကပင် မဟာ ဇောတိကာရာမ စံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿနထံ မင်းကွန်းမြောက် ဖက် အိုးသဖင်ရွာ ဣန္ဒသာလတောကျောင်း၌ သီတင်းသုံးစဉ်က စတင် ရောက်ရှိရာ ပညာသင်ကြား တတ်မြောက်တော်မူခဲ့လေသည်။

### ဖွားမြင် သာမဏေဝတ်ခြင်း

သလ္လာဝတီမည်သော အောက်ချင်းတွင် ရှေးကအခေါ် ပဒုံ, ယခုအခေါ် အလုံနယ် သာစည်ကြီးရွာ၌ သူကြီးရိုးရာမိဖ ၂–ဦးတို့မှ သက္ကရာဇ် ၁၂၀၄–ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁–ရက် ကြာသာပတေးနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ သက်တော် ၇–နှစ်သား အရွယ်တွင် ဂိုဏ်းချုပ်ဆရာတော်အရှင်ရေဝတထံ ရောက်ရှိ၍ အောက်ခြေစာများကို သင်ယူတော်မူခဲ့လေသည်။ အရွယ်ရောက်သော် သာမဏေ ဝတ် သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့ ရှင်ပဏ္ဍိတ ဖြစ်လေသည်။

### ပညာသင်ကြားခြင်း

ရှင်ပဏ္ဍိတသည် ဥပဇ္ဈာယ်ဆရာတော် အရှင်ရေဝတထံ သက်တော် ၁၇– နှစ်တိုင်အောင် သဒ္ဒါ, သင်္ဂြိုဟ်, အဘိဓမ္မတ္ထသင်္ဂဟသင်္ခေပဋီကာ, အဘိဓမ္မတ္ထ ဝိဘာဝိနီဋီကာ, အဋ္ဌသာလိနီ, မူလဋီကာစသော ကျမ်းဂန်အရပ်ရပ်တို့ကို ဆိုဝါဖြင့် သင်ယူတော်မူခဲ့လေသည်။

### စံကျောင်းဆရာတော်ဘုရားကြီးထံ ရောက်ရှိပညာသင်ကြားခြင်း

သက်တော် ၁၇–နှစ်သားအရွယ်တွင် ဆရာတော်လောင်းလျာသည် ဥပဇ္ဈာယ်ဆရာတော် အရှင်ရေဝတ ကိုယ်တိုင်လိုက်၍ ပို့အပ်သဖြင့် စံကျောင်းဆရာ

တော်ဘုရားကြီး မင်းကွန်းမြောက်ဖက် အုံးသဇင်ရွာ ဣန္ဒသာလ တောကျောင်း၌ သီတင်းသုံးစဉ်ရောက်ရှိ၍ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။

## ရဟန်းအဖြစ်ကို ရောက်ရှိတော်မူခြင်း

သက်တော် ၂၀-ပြည့်နှစ်မြောက်ရာ သက္ကရာဇ် ၁၂၂၄ -ခုနှစ် ဝါဆိုလတွင် "သုဒဿနဝရဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်နှင့် "သုဒဿနဇဇ အတုလာဓိပတိသိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ စံကျောင်း ဆရာတော်ဘုရားကြီးအရှင်သုဒဿန မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပဥ္စမသံဂါယနာ တင် မင်းတုန်းမင်းကြီး၏ ဆင်ဖြူမရှင် မိဖုရားခေါင်ကြီး၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

## မဟာဇောတိကာရာမ စံကျောင်းတိုက်၌ သီတင်းသုံး၍ စာသင်စာချခြင်း

စံကျောင်းဆရာတော်ဘုရား အရှင်သုဒဿနမဟာထေရ်သည် သက္ကရာဇ် ၁၂၂၆-ခုနှစ်တွင် စံကျောင်းတိုက်၌ သီတင်းသုံးတော်မူသောအခါ ရဟန်းတော် အရှင်ပဏ္ဍိတသည်လည်း လိုက်ပါတော်မူရာ ဆက်လက်၍ ဝိနိစ္ဆယစာချနည်းနှင့် တကွ တတ်ကောင်းတတ်ရာ ပညာအရပ်ရပ်ကို သင်ယူတော်မူခဲ့လေသည်။ ရဟန်း သိက္ခာ ၅-ဝါခန့်ကစ၍ မဟာဇောတိကာရာမစံကျောင်းတိုက်၌ ဂဏဝါစက စာချဖြစ်၍ စာပေပို့ချတော်မူခဲ့လေသည်။ ရဟန်းသိက္ခာ ၁၁-ဝါအရတွင် ပဌမ စာချကြီး ဖြစ်တော်မူခဲ့လေသည်။

## စလင်းမြို့၌ သီတင်းသုံးစာချ၍ သာသနာချီးမြှောက်ခြင်း

စလင်းမြို့ သူကောင်းကြီး၏ ပင့်လျှောက်ချက်အရ သက္ကရာဇ် ၁၂၃၄-ခုနှစ်တွင် စလင်းမြို့သို့ ကြွတော်မူ၍ စလင်းမြို့ မြို့မငါးစဉ်စံကျောင်း၌ စာပေကျမ်းဂန် များချပို့ခြင်း, ဖြတ်ထုံးများရေးသားခြင်းစသည်ဖြင့် ဘုရားမြတ်စွာသာသနာကို များစွာ ချီးမြှောက်တော်မူခဲ့လေသည်။

## မန္တလေးမြို့ ရွှေရေးဆောင်တိုက်၌ သီတင်းသုံး စာချခြင်း၊ ဝိနိစ္ဆယကျမ်းများ ရေးသားခြင်း

သက္ကရာဇ် ၁၂၅၇-ခုနှစ်တွင် မြို့သစ်မြို့စား မဟာဇေယျသင်္ကြန် အတွင်းဝန်ကြီး၏ ပင့်လျှောက်ချက်အရ မန္တလေးမြို့ တောင်ပြင် ရွှေရေးဆောင်ကျောင်းတိုက်ကြီး၌ သီတင်းသုံး၍ စာပေပို့ချ၊ ဝိနိစ္ဆယရေး၊ သာသနာကို ချီးမြှောက်တော်မူခဲ့လေသည်။

## ပဏ္ဍိတဓဇသိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရရှိခံခြင်း

ရဟန်းသိက္ခာ ၂၃-ဝါအရတွင် မာရ်အောင်ရတနာစေတီတော်ဒါယကာ သီပေါမင်းတရား လှူဒါန်းဆက်ကပ်သည့် ''ပဏ္ဍိတဓဇသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူခဲ့လေသည်။ ၁၂၆၀- ပြည့်နှစ်တွင် ပရိယတ္တိသာသနဟိတအသင်းကြီး၏ ''ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ)'' အဖြစ်ဖြင့် ကိုးကွယ်ခြင်းကို ခံတော်မူလေသည်။

## ကျမ်းဂန်များ ပြုစုစီရင်ခြင်း

ဆရာတော်သည် ကျမ်းဂန်များစွာတို့ကို ပြုစုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ -

၁။ ဝီထိပုံ ဘုံစဉ်ကျမ်း
၂။ ဆန်းပုံကျမ်း
၃။ ဆန်းပုံနောက်ဆက်တွဲကျမ်း
၄။ သိမ်ပုံကျမ်း
၅။ တိပိဋက ဝိနိစ္ဆယကျမ်း ပဌမတွဲ
၆။ တိပိဋက ဝိနိစ္ဆယကျမ်း ဒုတိယတွဲ။ စသည်တို့ဖြစ်ကုန်၏။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ယင်းသို့များစွာ အလုပ်လုပ်သော သာသနာ့သားကောင်း ရတနာဖြစ်အောင် ပြုသခဲ့သော စံကျောင်းတိုက်ထွက် မိုင်းခိုင်ဆရာတော်ဘုရားကြီးအရှင်ပဏ္ဍိတသည်

သက်တော် ၅၈-နှစ်၊ သိက္ခာတော် ၃၈-ဝါအရရှိရာ သက္ကရာဇ် ၁၂၆၁-ခုနှစ် တပေါင်းလပြည့်ကျော် ၁၃-ရက် အင်္ဂါနေ့ ညနေ ၅-နာရီအချိန်တွင် လေရောဂါဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်[၁] ။

## သံဝေဂယူရန်

အာဓိဗျာဓိပရိတာပေ၊ အဋ္ဋသေ့ ဝါ ဝိနာသိတေ။
ကော ဟိ နာမ သရီရာယ၊ ဓမ္မပေတံ သမာစရေ[၂] ။

အာဓိဗျာဓိပရိတာပေ၊ နှလုံးပူဆွေး စိတ်မအေးခြင်း ဟူသောစေတသိကဒုက္ခ, ဖျားနာရောဂါဝေဒနာဟူသော ကာယိကဒုက္ခတို့ဖြင့် လွန်စွာနှိပ်စက်အပ်သည်ဖြစ်၍။ အဋ္ဋ ဝါ၊ ယနေ့သော်လည်းကောင်း။ သေ့ ဝါ၊ နက်ဖြန်သော်လည်းကောင်း။ ဝိနာသိတေ၊ ဖိစိန်ပျက်ပြုန်း သေဆုံးပျက်စီးအပ်ပါလျက်။ သရီရာယ၊ သိုးပုပ်ညှီစွာ ခန္ဓာကိုယ်ကြီး၏ အစီးအပွားအလို့ငှါ။ ကော ဟိ နာမ၊ အဘယ်မည်သောသူသည်။ ဓမ္မပေတံ၊ တရားလက်လွတ်။ သမာစရေ၊ ကျင့်ကြံပြုလုပ် အားထုတ်ပါအံ့နည်း။

# တတိယပိုင်းပြီး၏။

---

၁။ အကျယ် မန္တလေးသာသနာဝင် ၁။ ၃၉၇-၄၂၆ ကြည့်။
၂။ ဟိတောပဒေသ။ ၄။ ၁၃၆- ဂါထာ။

■ ■ ■

မန္တလေးသာသနာဝင်
ကေဝိသတိမတွဲ

# စတုတ္ထပိုင်း

= မဟာဇောတိကာရာမစံကျောင်းတိုက်ကြီး၌ ၁၆–ဝါတိတိ သီတင်းသုံးတော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး အရှင်ဉာဏဓဇ၏ အဖြစ်တော်စဉ်ကို စုံလင်စွာ ဖော်ပြထားပါသည်။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ
## လယ်တီဆရာတော်ဘုရားကြီး အရှင်ဉာဏာဝေ

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ လယ်တီဆရာတော်ဘုရားကြီး အရှင်ဉာဏာဝေသည် သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအိုစ်ဟူသော ထေရဝါဒနိုင်ငံများတွင်သာမက အင်္ဂလန်စသည့်ဘာသာခြားတိုင်းတပါးတို့၌လည်း လွန်စွာကျော်ကြားတော်မူသည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။

### အင်္ဂလိပ်ခေတ် ပညာရှင် ၂-ပါး

မြန်မာပြည်ကြီးကို အင်္ဂလိပ်တို့ အုပ်စိုးစဉ်အတွင်း ဖော်ပြပါ အဂ္ဂမဟာပဏ္ဍိတ လယ်တီဆရာတော်ဘုရားကြီးနှင့် အဂ္ဂမဟာပဏ္ဍိတ မာန်လည်ဆရာတော်ဘုရားကြီးတို့ကို ထူးထူးခြားခြား ပရိယတ္တိဝိသာရဒဂုဏ်နှင်ပြည့်စုံသော ပုဂ္ဂိုလ်တို့အဖြစ် သာသနာနှင့် တစ်တိုင်းပြည်လုံးက အသိအမှတ်ပြုခဲ့ကြသည်။

ဖော်ပြပါဆရာတော်နှစ်ပါးတို့မှာ စာပေပို့ချရုံတွင်သာမကပဲ တရားဓမ္မ ဟောပြောရာ၌လည်း လွန်စွာ စွမ်းရည်သတ္တိနှင့်ပြည့်စုံတော်မူကြကုန်၏။ ယင်းဆရာတော် ၂-ပါးအနက် လယ်တီဆရာတော်ဘုရားကြီးမှာ မန္တလေးမြို့ မြောက်ပြင် မဟာဇောတိကာရာမစံကျောင်းတိုက်ကြီး၌ နှစ်ပေါင်း တစ်ဆယ့်ခြောက်နှစ်ကြာမျှ စာပေသင်ကြားချပို့ ကျမ်းပြုသာသနာတော်ကို ချီးမြှောက်တော်မူခဲ့လေသည်။

### ဖွားမြင်တော်မူခြင်း

ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ရွာ၌ အဖဦးထွန်းသာ၊ အမိဒေါ်ကြုံတို့မှ သက္ကရာဇ် ၁၂၀၈-ခုနှစ်၊ နတ်တော်လဆန်း ၁၃-ရက်၊ အင်္ဂါနေ့ ညဉ့်တချက်တီးကျော်၊ ၂-ပါဒ်၊ ၂-ဗီဇနာ၊ ၅-ပြန်၊ ၁-ခရာ၊ သိဟ်လတ်၊ ထူစန်းတနင်္ဂနွေ ကြင်းတနင်္လာနဝင်း ၉-လုံး ၂-ပါဒ်ထက်လက်စီးလျှက် ဗီရဏီနက္ခတ် မွန်းတည့်လတ်၍ ကောင်းမြတ်သောအချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်။

### ဇာတာတော်ဘွဲ့ ကေပိုဒ်လင်္ကာ

မင်္ဂလာဖေယျ ခါကောင်းကြုံသား မြန့်ဘုံတည်ခင်း ဒီပဲယင်း၏ ခွန်သွင်း

ဝင်ပါ စိုင်ပြင်ရွာတွင် အဒ္ဓာသုညာ၊ ဒွိကေဟု၊ သက္ကရာဇာ၊ တေရသာတည့်၊ လမှာနတ်တော်၊ တစ်ချက်ကျော်တွင်၊ ပျော်ရာတုသီ၊ တာဘုမီမှ၊ ဤသည့်လူ့ရွာ၊ ဆင်းကြွလာ၍၊ ချိန်ခါထိုနေ့၊ ဆယ်လစေ့၍၊ ခြင်္သေ့နံထူး၊ ရက်ညွှန့်ဖူးဝယ်၊ မီးရှူး သန့်စင်၊ မယ်တော်မြင်၏၊ တူတွင်စန္ဒြာ၊ ကေသရာနှင့်၊ တရာရာဟု၊ သုံးဂြိုဟ်စုခဲ့၊ ဓနုဂဠုံ၊ ဆင်ဟူးဆုံ၍၊ သိဟ်ဘုံလဂ်နေပြီ၊ သေဃဇီဝ္ဂါ၊ မြွေမကာရ၊ စံပျော်ကြရှင့်၊ ပန္နရသ်မှတ်၊ စင်နက္ခတ်တွင်၊ ၂-ပါဒ်မြင်၏၊ အောင်မင်္ဂလာ၊ ချိန်ဇေယျာ၌၊ မဟာ သေဋ္ဌ၊ လက္ခဏာနှင့်၊ ဥက္ကဋ္ဌဖျား၊ တို့ရှင်ဖွားသည်၊ သုံးပါလူတို့၊ မှန်ကင်းတည်း[၁]။

## လယ်တီဆရာတော်နာမည် မောင်တက်ခေါင်

ဆရာတော်လောင်းလျာ ဖွားမြင်တော်မူဆဲအခါ ဖွားမြင်ရာအိမ်အနီး မန်ကျည်းပင်၌ ထောင်ထားသောဝါးလုံးမှ သက်တန့်ပေါ်က်ပြီး ၎င်းသက်တန့်သည် ဖွားမြင်ရာအိမ်ကို လက်ျာရစ်လှည့်လျှက် အိမ်ခေါင်မှ ကောင်းကင်သို့ တက်သွား သည်ကို လူအများတို့ တွေ့ရှိကြသဖြင့် သုဘနိမိတ်ကို အကြောင်းပြုကြ၍ 'မောင် **တက်ခေါင်**'ဟု မှည့်ခေါ် သတ်မှတ်ကြကုန်၏။

**မောင်တက်ခေါင်က္တတိ ကန္တမ္ဗိ၊ ကိတ္တေသုံ အဘိဓာနကံ။**
**နိမိတ္တံ သုန္ဒရံ ကတွာ၊ မာတာပိတာဒိဉာတယော။**

## သား ငါးယောက်ပေါက်ဖွားခဲ့

ဦးထွန်းသာနှင့် ဒေါ်ကြုံးတို့မှာ သားငါးယောက် ပေါက်ဖွားခဲ့ရာ ပဉ္စမသားဦး မှာ ငယ်စဉ်ကပင် ကွယ်လွန်ရှာ၍ သားလေးယောက် ထွန်းကားခဲ့လေသည်။

၁။ ဒုတိယသား မောင်တက်ခေါင် လယ်တီဆရာတော်ဘုရားကြီးဖြစ်လာ၏။
၂။ တတိယသား မောင်တက်စွာ လူဝတ်ကြောင်နှင့် နေထိုင်ခဲ့၏။
၃။ စတုတ္ထသား မောင်တက်ပွား ဦးကုမာရဟူသော ဘွဲ့တော်ဖြင့် ရဟန်းပြုခဲ့၏။
၄။ ပဉ္စမသား မောင်တက်ထွား ဦးကိတ္တိဟူသော ဘွဲ့တော်ဖြင့် ရဟန်းဖြစ် လာ၏။

---

၁။ လယ်တီမဟာထေရုပ္ပတ္တိကထာ။ ၅-၆။

## ကျောင်းနေ ပညာသင်ကြားခြင်း

ဆရာတော်လောင်းလျာ မောင်တက်ခေါင်သည် ဆယ်နှစ်သားအရွယ်တွင် စိုင်ပြင်ရွာ ကျောင်းမတိုက်ဆရာတော် အရှင်နန္ဒထံတွင် မိဖတို့က အပ်နှံကြသဖြင့် သရရှစ်လုံး၊ ဗျည်း ၃၃–လုံး၊ သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ နမက္ကာရ၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ ပရိတ်ကြီး၊ လောကနီတိ၊ ဓမ္မနီတိ–စသည့် စာပေအရပ်ရပ်တို့ကို သင်ယူတော်မူခဲ့လေသည်။

## သာမဏေဝတ် သာသနာ့ဝန်ထမ်းဆောင်ခြင်း

သက်တော် ၁၅–နှစ်သားအရွယ်တွင် မိဖတို့က ပဗ္ဗဇ္ဇမင်္ဂလာသဘင်ဆင်ယင်ကျင်းပကာ သာသနာဘောင်သို့ သွတ်သွင်းချီးမြှောက်ကြသည်။ ဆရာတော် အရှင်နန္ဒကိုဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဝတ် သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ ဥပဇ္ဈာယ်ဆရာတော်က 'ရှင်ဉာဏဓဇ'ဟူသော ဘွဲ့အမည်ကို ပေးအပ်မှည့်ခေါ်တော်မူလေသည်။

## ပညာသင်ကြားခြင်း

ရှင်ဉာဏဓဇသည် ဥပဇ္ဈာယ်ဆရာတော်အရှင်နန္ဒထံမှာပင် ကစ္စည်းသဒ္ဒါကြီး၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်၊ ဝိထိလက်ရိုး၊ မာတိကာဓာတုကထာအရကောက်၊ ယမိုက်အရကောက်၊ ပဋ္ဌာန်းအရကောက် ဟူသောနေ့ဝါဉ္စဝါများကို သင်ယူတော်မူခဲ့လေသည်။ ၁၈–နှစ်သားအရွယ်တွင် ရဲထွက်ရွာအရှေ့ဖက် ဝေဒပါရဂူဖြစ်တော်မူသော ဆရာတော်အရှင်ဂန္ဓမာအထံတော်၌ ဗေဒင်ဖက်ဆိုင်ရာကျမ်းဂန်များကိုသင်ယူပြီး ကြည့်ကန် ကိုရင်ကြီးလင်္ကာကိုနည်းယူ၍ ဗိုလ်၊ သုဇာတာ၊ ဗျဂ္ဃတာ၊ ဇာတာဖွဲ့၊ သင်္ကြန်ထွက်၊ လက်ရိုးလင်္ကာကို ရေးသားစီရင်တော်မူခဲ့လေသည်။

## ရဟန်းဘဝ ဒုလ္လဘသို့

သက်တော် ၂၀–ရှိရာ ၁၂၂၈–ခုနှစ်၊ ကဆုန်လဆန်း ၆–ရက်နေ့တွင် စိုင်ပြင်ရွာ မြင်တင်တိုက် သာသနဝုဓိ သာသနဝေပုလ္လ သာသနသောဘိနီခဏ္ဍာ သိမ်တော်မြတ်၌ ဆရာတော်အရှင်နန္ဒကို ဥပဇ္ဈာယ်ပြု၍ ကာရကသံဃာတော် ၂၀–ကျော်တို့က ချီးမြှောက်တော်မူကြသဖြင့် ရဟန်းဘဝဒုလ္လဘကို ရရှိတော်မူခဲ့လေသည်။

ဉပဇ္ဈာယံ ကရိတွာန၊ နန္ဒနံ နန္ဒကာရကံ။
ဒုလ္လဘံ အလဘိ ဉာဏော၊ ဉာဏေန သံယုတော သုဓီ။

ဆရာတော်၏ဘွဲ့တော်ကို အရှင်ဉာဏဓဇဟူ၍လည်းကောင်း၊ အရှင်ဉာဏာဘိဝံသဟူ၍လည်းကောင်း၊ အရှင်ဉာဏလင်္ကာရဟူ၍လည်းကောင်း တွေ့ရလေသည်။

## မဟာဇောတိကာရာမတိုက်တော် ရောက်ရှိပညာသင်ကြားခြင်း

ဆရာတော်လောင်းလျာသည် သက္ကရာဇ် ၁၂၃၁–ခုနှစ်တွင် မန္တလေးမြို့မြောက်ပြင် စံကျောင်းတိုက်သို့ ရောက်ရှိတော်မူခဲ့လေသည်။ ရောက်မဆိုက် "သုဒဿနဝရဓမ္မသာမိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရစံကျောင်းဆရာတော်ဘုရားကြီးထံ ရောက်ရှိ၍ဦးတိုက်ကာ "ဘုရားတပည့်တော် ပညာသင်ကြားရန် ဆရာတော်ခြေရင်းတော်သို့ ရောက်ရှိပါကြောင်း ဘုရားတပည့်တော် ပညာသင်ရေး စီစဉ်ပေးတော်မူပါဘုရား"ဟုလျှောက်ထားရာ စံကျောင်းဆရာတော်ဘုရားကြီးက တပည့်ကြီးတစ်ပါးဖြစ်သော အရှင်ပဏ္ဍိစ္စကို ခေါ်တော်မူ၍–

"မောင်စလင်းက သည်မောင်ပဥ္စင်းကို စာဝါဂရုစိုက်ချပို့ပေးရမည်၊ မောင်ပဥ္စင်းကလည်း မောင်စလင်းထံမှာ ဆိုဝါနှင့်တကွ ငါ့ထံမှာ လိုက်ဝါနှင့်သင်" ဟု မိန့်တော်မူ၏။

ဆရာတော်လောင်းလျာသည် စံကျောင်းဆရာတော်ဘုရားကြီး မိန့်တော်မူသည့်အတိုင်း စလင်းဆရာတော် အရှင်ပဏ္ဍိစ္စထံတွင် ပါစိတျာဒိအဋ္ဌကထာ၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ပဥ္စမကြိုဏ်အဋ္ဌကထာတို့ကို ဆိုဝါဖြင့် သင်ယူတော်မူ၍ စံကျောင်းဆရာတော်ဘုရားကြီးအထံ၌လည်း စာပေသင်ယူခဲ့သေးသည်။ ယင်းသို့ သင်ယူခဲ့ရာ ပါဠိအဋ္ဌကထာ၊ ဋီကာများမြောင် ကျမ်းအစောင်စောင်တို့၌လည်း လွန်စွာ ကျွမ်းကျင် တတ်မြောက်တော်မူခဲ့လေသည်။

## ကထာဝတ္ထုကျမ်းကြီး အာဂုံပြန်ဆိုတော်မူခြင်း

အဘိဓမ္မာ ၇–ကျမ်းအနက် ကထာဝတ္ထုကျမ်းကြီးသည်လည်း လွန်စွာခက်ခဲ၏။ သာသနာသက္ကရာဇ် ၂၃၆–ခုနှစ်၊ ပါဋလိပုတ်မြို့နန်းမြို့တော် တတိယသံဂါယနာ

မဟာဓမ္မသဘင်ကြီးတွင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမဟာထေရ်သည် အန္ဓက၊ အပရသေလိယ၊ ဥတ္တရပထက၊ ကဿပိက၊ ဂေါကုလိက၊ ပုဗ္ဗသေလိယ၊ ဘဒြယာနိ က၊ မဟာသံဃိက၊ မဟိံသက၊ ရာဇဂိရိက၊ ဝဇ္ဇိပုတ္တက၊ ဝေတုလ္လ၊ သဗ္ဗတ္ထိဝါဒီ၊ သမ္မိတိယ၊ သိဒ္ဓတ္ထိက၊ ဟေတုဝါဒ ဟူသော ပရဝါဒီ ၁၆-ဂိုဏ်းတို့၏ ဆလဝါဒကို နှိမ်နင်းချိုးဖဲ့၍ ကထာဝတ္ထုကျမ်းကြီးကို ဟောတော်မူခဲ့လေသည်။

**ကထာဝတ္ထုပကရဏံ၊ ပရဝါဒပ္ပမဒ္ဒနံ။**
**အကာသိ တိဿထေရောဝ၊ တဿ သံဂီတိမဏ္ဍလေ။**

ယင်း ကထာဝတ္ထုကျမ်းကြီးသည် ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၄၅၄-ရှိလေသည်။ လယ်တီဆရာတော်လောင်းလျာ အရှင်ဉာဏဓဇသည် ပဥ္စမ သံဂါယနာ မဟာဓမ္မသဘင်ကြီးဆင်ယင်ကျင်းပရာအခါတွင် ဖြတိုက်တော်၌ တစ်ပါးတည်း ဖော်ပြပါ ကထာဝတ္ထုကျမ်းကို နှုတ်လွတ်အာဂုံ ပြန်ဆိုတော်မူခဲ့လေ သည်။ ယင်းသို့ ရဲရဲဝံ့ဝံ့ အထောက်အမလွတ်ကင်းစွာပြန်ဆိုနိုင်ခြင်းကြောင့် များစွာသော လူရှင်တို့ ရင်သပ်ရှုမော အံ့ဩကြကုန်၏။

## ပဌမစာချပြစ်ခြင်း

ရဟန်းသိက္ခာ ၈-ဝါအရတွင် ဂဏဝါစကစာချအဖြစ် စံကျောင်းဆရာတော် ဘုရားကြီးက ချီးမြှောက်တော်မူလေသည်။ စာချရာ၌ အဓိပ္ပါယ်အပြောကောင်း သဖြင့် စာလိုက်သံဃာတော်များစွာတို့ လယ်တီဆရာတော်လောင်းလျာအရှင်ဉာဏ ဓဇထံတွင် လိုက်နာသင်ယူကြကုန်၏။ ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရား ကလည်း ၁၂၃၉-ခုနှစ်၊ ဝါဆိုလတွင် ပဌမစာတော်ချဘွဲ့ကို ကပ်လှူ၍ဆွမ်းဆန် တော်စသည် ထောက်ပံ့လှူဒါန်း ချီးမြှောက်တော်မူခဲ့လေသည်။

## ပဒရူပသိဒ္ဓိကျမ်းကို လေ့လာတော်မူခြင်း ချပို့ခြင်း

ပဌမစာတော်ချအဖြစ်နှင့် စာပေချပို့စဉ် သီတင်းနေ့ တစ်နေ့တွင် သမဂ္ဂဖြစ် သော သစ်စိမ့်ကျောင်းတိုက် မြင်းခြံဇာတိဘုန်းကြီးဦးရွှေဝထံသို့ အလည်အပတ် ကြွတော်မူရာ ဦးရွှေဝအနီးရှိ စာတိုက်ကိုဖွင့်ရာ ရူပသိဒ္ဓိပေစာကိုတွေ့ရှိသဖြင့် ကျမ်းစာကောင်းမှန်းသိရှိလာ၍ ရူပသိဒ္ဓိကို ကျနစွာလေ့လာသင်ယူပါက သဒ္ဒါပါရဂူ ဖြစ်နိုင်ကြောင်းသိရှိတော်မူ၍ ကြိုးစားချပို့သင်ယူမည့်သူ နည်းပါးသဖြင့် သာမဏော

ရှင်တေဇအား သင်္ကန်း၊ ထီး၊ ဖိနပ်ပေး၍ ချပို့တော်မူခဲ့လေသည်။ နောက်တွင် ပဒရူပ သိဒ္ဓိကျမ်းကို သင်ယူမည့်စာသင်သားတို့ ပေါ်များကုန်၏။

## အရှင်နာဂနှင့် အရှင်ဉာဏ

စံကျောင်းတိုက်အတွင်း၌ ပန်းတင်းကျောင်းအမည်ဖြင့် ထင်ရှားသော ကျောင်းတော်ရှိ၏။ အဆိုပါပန်းတင်းကျောင်း၌ စာချကောင်းသော ဆရာတော် တပါးရှိ၏။ ၎င်းဆရာတော်မှာ အရှင်နာဂဖြစ်လေသည်။ လယ်တီဆရာတော်လောင်း လျာအရှင်ဉာဏသည် အဆိုပါအရှင်နာနှင့်လည်း စာပေဆွေးနွေးလေ့ရှိတော်မူသည်။ အချင်းချင်း သန္ဒေသကထာရေးသားခြင်း၊ မေတ္တာစာချီးရေးသားခြင်း စသည်ဖြင့် ခင်မင်ရင်းနှီးခဲ့သည်။ အရည်အချင်းသဘောထားလည်း တိုးတက်ခဲ့လေသည်။

## ယောမင်းကြီးဦးဖိုးလှိုင်နှင့် စာပေဆွေးနွေးခြင်း

မဟာဇောတိကာရာမစံကျောင်းတိုက်၌ စာချတော်မူစဉ် သဒ္ဒသင်္ဂဟ၊ အလင်္ကာနိဿယ၊ ဉတုဘောဇနသင်္ဂဟ အစရှိသော ကျမ်းပေါင်းများစွာတို့ကို ရေးသားစီရင်ခဲ့သော အဂ္ဂမဟာသေနာပတိ ယောအတွင်းဝန်အမတ်ကြီး ဦးဖိုးလှိုင် အိမ်သို့ လည်းကြွရောက်တော်မူ၍ စာပေဆွေးနွေးလေ့ရှိတော်မူသည်။ ၎င်းပြင် စာပေကျွမ်း ကျင်လှသည့် ဒုတိယဖားကရာ သာသနာပိုင်ဆရာတော် တပည့်စာချ ဆရာတော် လူထွက်ဦးဖားအိမ်သို့လည်း ရံဖန်ရံခါကြွရောက်၍ စာပေဆွေးနွေး လေ့လာတော်မူခဲ့လေသည်။

## ပါရမီဒီပနီကျမ်းပြုစုတော်မူခြင်း

စံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿနသည် ''ယော လောကိယ လောကုတ္တရသုခါနိ ပတ္တေတွာ ဒါနာဒီနိ ပါရမိယော ပူရေတိ၊ သော လောကိယ သုခမေဝ ဝါ လဘေယျ၊ လောကုတ္တရသုခမေဝ ဝါ၊ ဥဒါဟု တဒုဘယသုခမ္ပိ၊ ကိံ ဝါ နေ ဝတ တဒုဘယံ သုခံ။

အစရှိသော အမေးပုစ္ဆာ ပြဿနာပေါင်း ၂၀-ချက်တို့ကို ပါဠိဘာသာဖြင့် ရေးသားတော်မူ၍ ၎င်းတို့ကို ပညာရှိပုဂ္ဂိုလ်များ ဖြေဆိုစေလို၍ စံကျောင်းတိုက်နှင့် တကွ အခြားတိုက်များသို့ ဖြန့်ဝေတော်မူလေသည်။ ထိုအခါ လယ်တီဆရာတော်

လောင်းလျာအရှင်ဉာဏာဓိကသည် ၎င်းပုစ္ဆာ ၂၀–တို့၏အဖြေကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို ရင်းဖျားတံ့လှည့်ကြည့်ရှုကာ ပါရမီဒီပနီအမည်ဖြင့် အဖြေရေးတော်မူခဲ့လေသည်။ ထိုစဉ်က အရှင်ဉာဏာဓိကမှာ ရဟန်းသိက္ခာ ၁၄–ဝါသာရရှိသေးသည်ဟု သိရ၏။

## စံကျောင်းတိုက်မီးသင့် ဆရာတော်လောင်းလျာ ငြိုငွေ့

သက္ကရာဇ် ၁၂၂၄–ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃–ရက်နေ့တွင် မန္တလေးမြို့ အာဏာစိုးတန်းရပ်အရှေ့ဖက်အိမ်မှ စတင်လောင်ကျွမ်းခဲ့သောမီးသည် မဟာဇောတိကာရာမစံကျောင်းတိုက်ကြီးကို ဝါးမျိုခဲ့လေသည်။ စံကျောင်းတိုက်ရှိ ကျောင်းပေါင်း ၄၆–ကျောင်းအားလုံး မီးလောင်ကျွမ်းခြင်းခံရ၏။ လယ်တီဆရာတော်လောင်းလျာ သီတင်းသုံးရာ ခရေပင်ကျောင်းလည်း မီးလောင်ကျွမ်းသဖြင့် မှတ်စုမှတ်ရာပေါင်းများစွာနှင့် ကျမ်းစာပေါင်းများစွာ ဆုံးရှုံးခဲ့လေသည်။ ပရမတ္ထဒီပနီကျမ်းနှင့် နိရုတ္တိဒီပနီကျမ်းရေးရန် မှတ်စုမှတ်ရာများလည်း မီးလောင်ကျွမ်းခဲ့လေရာ ဆရာတော်လောင်းလျာသည် မန္တလေးမြို့ စံကျောင်းတိုက်၌ ဆက်လက်နေထိုင်ရန် ငြိုငွေ့လျက်ရှိလေသည်။ ဆရာတော်လောင်းလျာ မဟာဇောတိကာရာမစံကျောင်းတိုက်၌ သီတင်းသုံးခဲ့သည်မှာ တစ်ဆယ့်ခြောက်နှစ် ကြာညောင်းခဲ့လေပြီ။

## မုံရွာရွှေစည်းခုံဘုရားအနီး ပြသာဒ်ကျောင်း၌ သီတင်းသုံးခြင်း

မဟာဇောတိကာရာမစံကျောင်းတိုက်ကြီး၌ သီတင်းသုံးစဉ် ၁၆–နှစ်အတွင်း မိမိရပ်ရွာသို့ တစ်ခေါက်မျှ ပြန်ကြွတော်မမူပါချေ။

မန္တလေးမြို့၌ဆက်လက်၍နေရန် ငြိုငွေ့နေချိန်တွင် တပည့်ရင်းဖြစ်သူ အရှင်ဉာဏဝံသ(လူအမည်ဦးစံချိန်)သည် မိမိပိုင် မုံရွာမြို့ ရွှေစည်းခုံဘုရားအရှေ့ဖက်ရှိ ပြသာဒ်ကျောင်းသို့ ကြွရောက်သီတင်းသုံးရန် မန္တလေးမြို့ စံကျောင်းတိုက်သို့ လာရောက်ပင့်လျှောက်ခဲ့လေသည်။ ယင်းသို့ ပင့်လျှောက်ချက်အရ သက္ကရာဇ် ၁၂၄၄–ခုနှစ်၊ တပို့တွဲလဆန်း ၁၄–ရက်နေ့တွင် မဟာဇောတိကာရာမစံကျောင်းဆရာတော်ဘုရားကြီးအား လျှောက်ထားကန်တော့ပြီးလျှင် နောက်ပါတပည့်ကြီးတစ်ကျိပ်ကျော်နှင့်အတူ ဝမ်းနည်းစွာဖြင့် မဟာဇောတိကာရာမစံကျောင်းတိုက်ကြီးမှ ထွက်ခွါတော်မူခဲ့လေသည်။ မုံရွာမြို့ ရွှေစည်းခုံဘုရားအနီး ပြသာဒ်ကျောင်း၌ ခေတ္တ

သီတင်းသုံးတော်မူခဲ့ပြီး မိမိပါရင်းစွဲတပည့်တကျိုပ်ခန့်နှင့် ပူလရိုရင်းစွဲရဟန်း ၂-ကျိုပ်ခန့် ၂-ရပ်ပေါင်းရဟန်းသံဃာတော် ၃-ကျိုပ်ခန့်တို့အား စာပေပို့ချသာသနာပြုတော်မူခဲ့လေသည်။

## ဝါးကျောင်းငယ်၌ ဝါကပ်ခြင်း

မကြာမီ မိမိ၏ဇာတိချက်ကြွေမွေးရပ်မြေဖြစ်သော စိုင်ပြင်ရွာသို့လည်း ကြွတော်မူ၍ မိဖ ၂-ပါး၊ ဆွေမျိုးသားခြင်းတို့အား တရားဓမ္မဖြင့် ချီးမြှောက်တော်မူခဲ့ပြီး ၁၂၄၅-ခုနှစ်ဝါဆိုမီ မုံရွာသို့ ပြန်ကြွတော်မူခဲ့လေသည်။

## မုံရွာမြို့မြောက် လေးတစ်ထောက် ခြသေ့ဟောက်လတ့်

အထက်ပါ ''မုံရွာမြို့မြောက် လေးတစ်ထောက် ခြသေ့ဟောက်လတ့်'' ဟူသော တဘောင်ကား မဆွကပင် ပေါ်နှင့်နေ၏။ အထက်ပါတဘောင်မှာ အချို့သော ရှင်လူတို့၏ နှုတ်ဖျားတွင် ပေါ်လာ၏။ ဘယ်သူကစ၍ သီဆိုသည်ဟူလည်း သိရန် ခဲခက်၏။ ဆရာတော်လောင်းလျာသည် အထက်ပါတဘောင်အတိုင်း မုံရွာမြို့မြောက် ကုလုပ်လေးတာ ကွာလှမ်းသောအရပ် (ယခုအခေါ်) ဒေါနဒြ မာရဇိန် ဘုရားဝန်းကျင် ဘောင်ကုန်းအရပ်၌ ဝါးကပ်မိုးထရံကာ ကျောင်းကလေးတွင် ဝါကပ်တော်မူခဲ့လေသည်။ ဤကား လယ်တီဆရာတော်လောင်းလျာ ပဌမဆုံး မုံရွာ၌ ဝါကပ်တော်မူခြင်းဖြစ်လေသည်။

## သင်္ဂြိုဟ်ဦးဝိုင်းကျောင်းသို့

မုံရွာမြို့ ညောင်တပင်ရပ်၌ ကုန်သည်ကြီးဦးဝိုင်းသည် သင်္ဂြိုဟ်ကျမ်းငယ်ကို ငယ်စဉ်ကစ၍ အဝါးဝစွာ လေ့လာတတ်မြောက်ခဲ့လေသည်။ သင်္ဂြိုဟ်နှင့်စပ်သည့် စကားတို့ကိုလည်း မကြာခဏပြောဆိုလေ့ရှိသဖြင့် သင်္ဂြိုဟ်ဦးဝိုင်းဟု အများက ခေါ်ဝေါ်ကြ၏။ ဖော်ပြပါ သင်္ဂြိုဟ်ဦးဝိုင်း၏ ပင့်လျှောက်ချက်အရ မုံရွာမြို့ လေ့ကူးရပ်၌ ဆောက်လုပ်အပ်သော ကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူခဲ့လေသည်။ ယင်းသို့ သင်္ဂြိုဟ် ဦးဝိုင်းကျောင်း၌ သီတင်းသုံးနေစဉ် တပည့်တပန်းတို့အားလည်း စာပေချပို့ သာသနာ ချီးမြှောက်တော်မူခဲ့လေသည်။ ဖခင်ဒါယကာကြီး ဦးထွန်းသာလည်း လာရောက်နေထိုင်သဖြင့် ဖခင်ဒကာကြီးကိုလည်း တရားဓမ္မ ဟောပြောပြသ၍ ချီးမြှောက်တော်မူခဲ့လေသည်။ သက္ကရာဇ် ၁၂၄၇-ခုနှစ် ဝါတွင်းလည်း ဦးဝိုင်းကျောင်း၌ သီတင်းသုံးတော်မူခဲ့လေသည်။

## ညိုညို့မှိုင်းမှိုင်း ရှုတိုင်းသာမော လယ်တီတော

မုံရွာမြို့အရှေ့မြောက်ဖက် ကုလုပ်လေးတာအပြန်ငါးရာကွာလှမ်းသော အရပ်၌ လယ်တီတောနှင့်အိုးတလုံးတောဟူ၍ တောကြီးနှစ်တော ဆက်စပ်လျက် တည်ရှိလေသည်။ ထိုစဉ်က အိုးတစ်လုံးတော၌ ထွက်ရပေါက်ဆရာတော်အရှင် ဝါယမိန္ဒ သီတင်းသုံးခဲ့၏။ လယ်တီတောကား ခတက်၊ ထနောင်း၊ ဇောင်းချမ်းဆီး၊ ဓံ အစရှိသောသစ်ပင်များ၊ မိုးနံ့ပင်၊ ကျားလျှာပင်၊ ကြောင်ပန်းမိကျောင်း၊ တန်ဆောင်းပြသာဒ်ပင် စသည်တို့ဖြင့် အုံ့ဆိုင်းညို့မှိုင်း၍ တည်ရှိလေသည်။ ယင်း လယ်တီတော၌ သမင်၊ ဒရယ်၊ ဂျီငယ်၊ စိုင်၊ ဆတ်၊ သစ်၊ ကျားစသော တော တိရစ္ဆာန်တို့လည်း ရှိကုန်သတတ်။ ရှေးကလေ့ကူး(ယခုမုံရွာ) အရပ်တွင် တောင်သူ လယ်သမားတို့သည် လယ်သစ်တီထွင်၍ လုပ်ကိုင်စားသောက်ကြကုန်၏။ ယင်းသို့ လယ်တီထွင်လုပ်ကြခြင်းတို့စွဲ၍ လယ်များအနီးရှိသောတောကို ''**လယ်တီတော**'' ဟု ခေါ်ဆိုကြလေသည်။

## လယ်တီတိုက်ကြီး တည်ထောင်ခြင်း

သက္ကရာဇ် ၁၂၄၈–ခုနှစ်၊ တပိုတွဲလပြည့်ကျော် ၈–ရက်နေ့တွင် ဆရာတော် သည် ဥပုသ်သည်အဖော် ၃–ယောက်၊ ၄–ယောက်ခန့်ကို ခေါ်တော်မူ၍ တောအနေ အထားကို လှည့်လည်ကြည့်ရှုတော်မူရာ တဇောင်းပင်ကြီးတပင်ကို တွေ့မြင်တော်မူ လေသည်။ ၎င်းအပင်ကြီးကား နေချင်စရာလွန်စွာကောင်းလှပေ၏။ ကမ္မဋ္ဌာန်းတရား ပွားများအားသစ်ရန် လျောက်ပတ်၏ စဉ်းစားတော်မူပြီး–

''ဒကာတို့ ငါလာခြင်းကား အလည်အပတ်လာခြင်းမဟုတ် တောထွက်မည် ရည်စူးပြီး လာခဲ့ခြင်းဖြစ်သည်။ ဒကာတို့ ပြန်ကြကြပေတော့။ ငါသည် တောမှာနေ ရစ်မည်။ ဦးပဉ္စင်းများအား အကြောင်းပြောကြားလိုက်ကြပေတော့။'' မိန့်တော်မူ၍ ဒကာများကို ပြန်လွှတ်ကာ တစ်ပါးတည်း ကျန်ရစ်တော်မူခဲ့လေသည်။

## ပြိတ္တာများနှင့် မိတ်ဆွေဖွဲ့

အဖော်မမှီး ကိုယ်တော်တစ်ပါးတည်းကျန်ရစ်ရာ ညနေ နေဝင်ရီတရော ၆–နာရီခွဲ ၇–နာရီခန့်တွင် ကြက်သီးမွေးညှင်း ဖြန်းခနဲထ၍လာတော့သည်။ လေပြင်း မုန်တိုင်းလည်း ယုတ်တရက်တိုက်ခတ်လေ၏။ ထိုအခါ ဆရာတော်သည် ယင်းကား

အခြားမဟုတ် ဤတောရှိပြိတ္တာတို့ ငါ့ကိုချောက်လှန့်ခြင်းသာ ဖြစ်သည်။ ချောက်လှန့်၍ မနေနိုင်အောင်လုပ်ခြင်းဖြစ်လိမ့်မည်ဟု သဘောပိုက်ပြီး အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာကို မျက်နှာမူလျှက် –

"အို ... ပြိတ္တာအပေါင်းတို့ – ငါသည် ဤတော၌ မြို့ရွာအကျိုး၊ သာသနာတော်အကျိုးကို သည်ပိုးရွက်ဆောင်ရန် လာရောက်ခြင်းဖြစ်သည်။ ငါသည် သင်တို့၏ အမိအရာ အဖအရာ ဆွေမျိုးအရာ၌ တည်၍နေမည်။ သင်တို့ကလည်း ငါတို့အမိ၊ ငါတို့အဖအရာ ဆွေမျိုးအရာ၌ထား၍ တစုံတရာအနှောက်အယှက်မပြုပဲ ကောင်းမွန် ချမ်းသာစွာ နေထိုင်ကြရမည်" ဟုဆို၍ မိတ်ဖွဲ့တော်မူလေ၏။ ဤသို့ မိတ်ဖွဲ့ပြီးသောအခါ ကြက်သီးမွေညှင်းထခြင်း၊ တုန်လှုပ်ခြင်းတို့သည် တခဏချင်း ပျောက်သွားလေတော့သည်။ ထိုညကစ၍ ရွာကျောင်းမပြန်တော့ဘဲ လယ်တီတော၌သာ သီတင်းသုံး တော်မူခဲ့လေသည်။ ဒကာကြီးတို့လည်း လာရောက်ကြ၍ ထရံကာကျောင်းကလေး ဆောက်လုပ်ပေးကြကုန်၏။ ဆရာတော် ပြန်ကြွမလာမှန်း သိကြသဖြင့် ဦးပဉ္စင်း ၄-ပါး၊ ၅-ပါး လာနေကြ၏။

## သာစုဇနပါသာဒိကာမည်သော လယ်တီကျောင်းတိုက်

ဆရာတော် လယ်တီတော၌ သီတင်းသုံးခြင်း၏အကြောင်းကား မကြာမီ ရက်ပိုင်း၊ လပိုင်းအတွင်း အရပ်ဒေသအနှံ့အပြား ပျံ့နှံ့၍သွားခဲ့လေသည်။ များစွာသောရဟန်းသံဃာတို့လည်း ဆရာတော်ထံ ပညာသင်ရန် လာရောက်လျှောက်ထားကြကုန်၏။ ဒကာ၊ဒကာမများစွာတို့ကလည်း သံဃာနေကျောင်းများဆောက်လုပ်ရန် လျှောက်ထားကြကုန်၏။ ဆရာတော် ဘုရားမြတ်စွာ သာသနာကို တိုးတက်စည်ကား ပွားများစေလိုကြသဖြင့် နေလိုသောသံဃာတော်များ လာရောက်နေ ထိုင်ရန် ကျောင်းကန်ဆောက်လုပ်ရန် ကျောင်းကန်ဆောက်လုပ်လိုသူများအား ဆောက်လုပ်ရန်ခွင့်ပေးတော်မူခဲ့လေသည်။ ယင်းသို့ဖြင့် လယ်တီတိုက်ကြီးသည် တိုင်းပြည်သိ ကျောင်းတိုက်ကြီး ဖြစ်လာတော့သည်။ တောသတ္တဝါများလည်း တဖြည်းဖြည်း အခြားအရပ်သို့ ပြောင်းရွှေ့သွားလေကြကုန်၏။ တောအဂ်ီညီပြီး လူသူမနီးသည့် လယ်တီတောကျောင်းကလေးကား ဂါမဝါသီလူသူတို့နှင့် နီးကပ်သည့်မြို့ကျောင်းတိုက်ကြီးဖြစ်ခဲ့လေသည်။ လယ်တီတိုက်တာပေါ်လာသော အချိန်အခါကိုလည်း လယ်တီပဏ္ဍိတဦးမောင်ကြီးက–

ကေဒွိစတုအင့်ဒေသေ၊ သာကေမာဃေ သုမာပိတော။
အယဥ္စလယ်တီအာရာမော၊ ဂဏိန္ဒေနုဂဏာလယော။

ဟူသောဂါထာဖြင့် ဖွဲ့ဆိုသီကုံးမှတ်တမ်းတင်ခဲ့လေသည်။

## သိမ်သမုတ်တော်မူခြင်း

ဆရာတော်ဘုရားကြီးသည် သံဃာတော်များလွယ်ကူစွာ ကံကြီးကံငယ် ဆောင်ရွက်နိုင်ရန် ရည်သန်တော်မူ၍ သက္ကရာဇ် ၁၂၅၀-ပြည့်နှစ်တွင် ''သာသန သောဘိနီ'' အမည်မှည့်ကာ ခဏ္ဍသိမ်တော်ကို ဦးဆောင်၍ သမုတ်တော်မူခဲ့လေ သည်။

## စာပေချပို့တော်မူခြင်း

ကျောင်းကန်အဆောက်အဦး သိမ်တို့နှင့်ပြည့်စုံလာသော လယ်တီတိုက်၌ သံဃာတော်တို့မှာ တဖြည်းဖြည်း ရာပေါင်းများစွာ ဆိုက်ရောက်လာ၍ကုန်၏။ သံဃာတော်တို့အား ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို ကြိုးကြိုးပမ်းပမ်း ချပို့တော်မူခဲ့ လေသည်။ ဆရာတော်သည်-

''လယ်လုပ်မခက် လယ်တီခက်သည်
အကျင့်မခက် အသိခက်သည်။
သူတော်မခက် ပညာရှိခက်သည်''

ဆိုသည့် ရှေးပညာရှင်တို့ ဩဝါဒ အတိုင်း တိုက်တာကို ခက်ခဲစွာ တည်ထောင်တော်မူခဲ့လေသည်။ ဆရာတော်ကြီး၏ မြမြထက်သန်သော သဒ္ဓါ၊ ဝီရိယတို့ကြောင့် ကြောက်မက်ဖွယ်တောကြီးသည် ကုသိုလ်ပုညမျိုးစေ့စိုက်ပျိုးရာ ပုညတိတ္ထ ပုညဘူမိဖြစ်ခဲ့လေသည်။ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် လယ်တီတိုက်ကို အောက်ပါအတိုင်း ဖွဲ့ဆိုခဲ့လေသည်။

## လယ်တီတိုက်ဖွဲ့တေးထပ်

ညာသပြေဒီပါ မြတ္တင်ဖြင့်
ထေရ်မဟာဘုရာ့တိုက်တာ
ဤဌာနရိုက်ရာကို၊
မကိုင်ပြုပါဆိုခွင့်။

လူနှင့်နတ်ညွတ်ရှိုးယှဉ်တယ်၊
ထွတ်ဆုံးပင်ပြောကြအသင့်။
ပရိယတ်ပန်းကြာရုံ၊
ကျမ်းစာငုံစုံပွင့်။
ဂန္ဓာရုံထုံဆင့်လို့၊
ဂုဏ်တင့်တဲ့လယ်တီ ....။
မွေမဏ္ဍိုင်ဌာဝရပါပဲ၊
သာသနာ့ဖူးညွန့်ဌာနီ၊
ပဋိပတ်ဝတ်လွှာစိတယ်၊
ထွတ်သာကီသခင်ဖုန်းရယ်လို့။
အစဉ်သုံးကိန်း မွေ့ကာစံ၊
ငြိမ်းလေ့ရှာကြံ့။
လယ်တီတိုက်ဘူနက်သန်ကို၊
တူဖက်ရန်ရှိဘူးဗျလေး ....။

## ပြုနိုင်ခဲသောဝတ်များကို ပြုကျင့်ခြင်း

လယ်တီဆရာတော်ဘုရားကြီးသည် လယ်တီတိုက်အတွင်းရှိ သံဃာတော် ၅၀–ကျော်တို့အား ဆွမ်းပန်းကိစ္စအတွက် တစ်ပါးတည်းဆွမ်းခံ၍ လှူဒါန်းကျွေးမွေးသော ပိဏ္ဍပတ်ဆွမ်းဝတ်ကြီးကို ၁၂–နှစ်တိုင်တိုင် ပြုတော်မူခဲ့လေသည်။ ၎င်းပြင် မုံရွာမြို့ ဆုတောင်းပြည့်စေတီတော်နှင့် ရွှေစည်းခုံစေတီတော်တို့အား စေတီယင်္ဂဏ ဝတ်ကိုလည်း ကြာမြင့်စွာ ပြုတော်မူခဲ့လေသည်။ ဖော်ပြပါ စေတီတော်၂–ဆူအနီး၌ တံမြက်စည်းလှည်းခြင်း၊ ရေဝတ်တည်ခြင်း၊ စေတီတော်ပတ်ဝန်းကျင်မှ မြင့်မောက်သည်များကို ပြေပြစ်အောင်ပြုတော်မူခြင်း၊ ချိုင့်ဝှမ်းသည်များကို ပြည့်ညီအောင်ပြုခြင်းတို့ဖြင့် စေတီယင်္ဂဏဝတ်ကို ထာဝရပြုတော်မူခဲ့လေသည်။

စောစောစီးစီး ကျိန်းစက်ရာမှထတော်မူ၍ လယ်တီတိုက်အတွင်း တံမြက်စည်းလှည်းခြင်း၊ ခြေဆေးရေ၊ မျက်နှာသစ်ရေတည်ခြင်း၊ ကနုတ်ဆေးခြင်း စသည်တို့ကိုလည်း ပြုတော်မူခဲ့လေသည်။

တခါတရံ တခြားကျောင်းတိုက်များသို့လည်း ကြွတော်မူ၍ ကနုတ်

ဆေးခြင်း၊ ရေအိုး၌ရေလောင်းခြင်း စသည်တို့ကို ပြုတော်မူခဲ့သည်။ ထိုစဉ်က တချို့ ကျောင်းထိုင်ဆရာတော်ကြီးများက– "လယ်တီဘုန်းကြီး သည်လိုမလုပ်ပါနဲ့ အားနာပါတယ်" စသည်ဖြင့် ပြောဆိုကာ တားမြစ်ကြကုန်၏။ ထိုအခါ လယ်တီ ဆရာတော်ဘုရားကြီးက "အရှင်ဘုရားတို့ ကြောင့်ကြမဲ့ သီတင်းသုံးတော်မူကြပါဘုရား။ ဘဝသံသရာအဆက်ဆက် တပည့်တော်၏ လက်ခြေများမှာ သားကျွန်၊ မယားကျွန် ဖြစ်ခဲ့ဘူးပေါင်း များလှပါပြီ။ အမြင်မှန်ရတဲ့ ယခုလို ဘဝမျိုးမှာ တပည့်တော်၏ လက်ခြေအစုံတို့သည် သံဃာတော်များ၏ ကျွန် ဖြစ်ရလိုပါသေးသည်။ တားမြစ်တော်မမူကြပါနှင့်"ဟု တုန့်ပြန်လျှောက်ထား ပြောဆိုတော်မူလေ့ရှိသည်။

## မကျန်းမမာသည့်ကိုယ်တော်များအား ပြုစုခြင်း

ဆရာတော်ဘုရားကြီးသည် တိုက်တာ၌ မကျန်းမမာသည့် ရဟန်းသံဃာ တော်တို့ကိုလည်း ကိုယ်တော်တိုင် ပြုစုတော်မူလေ့ရှိသည်။ ကိုယ်တိုင် ဆေးပေးခြင်း၊ ဆေးဆရာခေါ်ပေးခြင်း၊ ဂိလာနကိုယ်တော်နှင့် သင့်တော်သည့်အစားအစာများကို ပေးခြင်း စသည်ဖြင့် များစွာမှ ထောက်ပံ့ပြုစုတော်မူခဲ့လေသည်။ လယ်တီတိုက်အတွင်း၌ ဒေါ်ငြိမ်းအေးဆောက်သော ကျောင်းတစ်ကျောင်းရှိ၏။ ထိုကျောင်း၌ ကိုယ်တော်တစ်ပါး ဝမ်းလျှောတတ်သက်ရောဂါဖြစ်နေ၏။ အတူနေ သီတင်းသုံးဖော်တို့က ကြောက်ရွံ့ကြ၍ တိမ်းရှောင်ထွက်ပြေးကြကုန်၏။ ကျန်ရစ်သော အချို့ရဟန်းတော်တို့ကလည်း ကြောက်ရွံ့၍ မကပ်ကြကုန်။ ထိုအခါ လယ်တီဆရာတော်ဘုရားကြီးသည် ကိုယ်တော်တိုင် စောင့်ရှောက် ကုမတော်မူခဲ့လေသည်။

## ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခြင်း

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ–

၁။ မဟော်ကျေးစေခန်းရတုကဗျာ။

၂။ ပဓာနသုတ် နိဿယ။

၃။ အနတ္တလက္ခဏသုတ်နိဿယသစ်။

၄။ လက္ခဏာတော်ကြီးဘုရားရှိခိုးနှင့် ခုနစ်နေ့ဘုရားရှိခိုး။

၅။ သာသနဝိသောဓနီကျမ်း ပဌမတွဲ။
၆။ သာသနဝိသောဓနီကျမ်း ဒုတိယတွဲ။
၇။ သာသနဝိသောသဓနီကျမ်း တတိယတွဲ။
၈။ သမ္ဗပ္ပလာပ ဝိနိစ္ဆယကျမ်း။
၉။ ခတ်ကမ္မဋ္ဌာန်းကျမ်းသစ်။
၁၀။ အလင်းကျမ်း။
၁၁။ နိဗ္ဗာနဝိသဇ္ဇနာကျမ်း။
၁၂။ ဝိရတီသီလဝိနိစ္ဆယကျမ်း။
၁၃။ အာဇီဝဋ္ဌမက သီလအဆုံးအဖြတ်။
၁၄။ ဝိကာလဘောဇနသိက္ခာပုဒ်အဆုံးအဖြတ်။
၁၅။ သိက္ခာဂဟဏဝိနိစ္ဆယကျမ်း။
၁၆။ သရဏဂုံ ဝိနိစ္ဆယကျမ်းသစ်။
၁၇။ သီလဝိနိစ္ဆယ။
၁၈။ ပဋိစ္စသမုပ္ပါဒ် အရကောက်။
၁၉။ ဃာသနဝိနိစ္ဆယကျမ်း။
၂၀။ ဥပသမ္ပဒဝိနိစ္ဆယကျမ်း။
၂၁။ သသင်္ခါရ အသင်္ခါရဝိနိစ္ဆယကျမ်း။
၂၂။ လယ်တီမင်္ဂလသုတ္တန်ကျမ်း။
၂၃။ ပဋိစ္စသမုပ္ပါဒ်လင်္ကာ ၁၃-ပုဒ်။
၂၄။ သံဝေဂလေးချိုးနှင့်အမိပ္ပါယ်။
၂၅။ သင်ပုန်းကြီးသံခိပ်ကျမ်း။
၂၆။ သတ်ပုံသံခိပ်ကျမ်း။
၂၇။ မဟာသရဏဂုဏ်တော်ကြီး၊ မဟာသရဏဂုဏ်ပါဌ်။
၂၈။ မဟာသရဏဂုမ် ပါဌ်နိဿယ။
၂၉။ မိုးကမ္ဗဝါ မိုးအမိန့်တော်ပြန်တမ်းကြီး ပဗ္ဗဇနီယကမ္မဝါစာ။
၃၀။ နိုင်ငံတွင်းပုစ္ဆာအဖြေပေါင်းချုပ်။
၃၁။ ဘာသာရေးပုစ္ဆာအဖြေပေါင်းချုပ်။
၃၂။ နိုင်ငံခြားပုစ္ဆာအဖြေပေါင်းချုပ်။

၃၃။ ယမိုက်အဖြေကျမ်း။
၃၄။ လယ်တီနိဗ္ဗာန်။
၃၅။ ပုဏ္ဏောဝါဒ ကမ္မဋ္ဌာန်းကျမ်း။
၃၆။ ဂမ္ဘီရကဗျာကျမ်း။
၃၇။ စတုသစ္စဒီပနီကျမ်း။
၃၈။ မဂ္ဂင်ဒီပနီကျမ်း။
၃၉။ ဗောဓိပက္ခိယဒီပနီကျမ်း။
၄၀။ သမ္မာဒိဋ္ဌိဒီပနီကျမ်း။
၄၁။ ဝိပဿနာဒီပနီကျမ်း။
၄၂။ အာနာပါနဒီပနီကျမ်း။
၄၃။ ဘာဝနာဒီပနီကျမ်း။
၄၄။ ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း။
၄၅။ အနတ္တဒီပနီကျမ်း။
၄၆။ အနတ္တဒီပနီကျမ်းသစ်။
၄၇။ အနတ္တဝိဘာဝနာပါဠိကျမ်း။
၄၈။ အနတ္တဝိဘာဝနာနိဿယကျမ်း။
၄၉။ သစ္စတ္တဒီပနီကျမ်း။
၅၀။ ပဋ္ဌာနုဒ္ဒေသဒီပနီပါဠိကျမ်း။
၅၁။ ပဋ္ဌာနုဒ္ဒေသဒီပနီနိဿယကျမ်း။
၅၂။ နိယာမဒီပနီကျမ်း။
၅၃။ ဒါနာဒိဒီပနီကျမ်း။
၅၄။ ရူပဒီပနီကျမ်း။
၅၅။ အာဟာရဒီပနီကျမ်း။
၅၆။ မဟာသယနဒီပနီကျမ်း။
၅၇။ ဥတ္တမပုရိသဒီပနီကျမ်း။
၅၈။ ပါရမီဒီပနီကျမ်း။
၅၉။ ရောဂန္တရဒီပနီကျမ်း။
၆၀။ ဂေဏ္ဍာသုရာဒိ ဒီပနီကျမ်း။

၆၁။ နိဗ္ဗာနဒီပနီကျမ်း။
၆၂။ ဓမ္မဒီပနီကျမ်း။
၆၃။ ပဋ္ဌိစ္စသမုပ္ပါဒဒီပနီကျမ်း။
၆၄။ သုကုမာရမဂ္ဂဒီပနီကျမ်း။
၆၅။ သဒ္ဒသံခိပ်ကျမ်း။
၆၆။ ပရမတ္ထသံခိပ်ကျမ်း။
၆၇။ အာယတနဓာတ်သစ္စာလင်္ကာကျမ်း။
၆၈။ ဝိနယသံခိပ်ကျမ်း။
၆၉။ ကမ္မဋ္ဌာနဒီပနီကျမ်း။
၇၀။ နိရုတ္တိဒီပနီကျမ်း။
၇၁။ နိရုတ္တိဒီပနီနိဿယကျဉ်းကျမ်း။
၇၂။ ပရမတ္ထဒီပနီခေါ် သင်္ဂြိုဟ်မဟာဋီကာသစ်ကျမ်း။
၇၃။ အနုဒီပနီပါဌ်။
၇၄။ အတ္တာနိသံသကျမ်း။
၇၅။ က္လဏပရိဘောဂဝိနိစ္ဆယ။
၇၆။ ခရစ်ယာန်ပုစ္ဆာအဖြေကျမ်း။
၇၇။ ဂါရဝဝိနိစ္ဆယပါဌ်။
၇၈။ ဂုဏ်တော် ၉-ပါးနှင့် ဘာဝနာ ၄၀။
၇၉။ စက်ပရိတ်တော်ကြီး။
၈၀။ စေတီယင်္ဂဏဝိနိစ္ဆယ။
၈၁။ ပရိဝါသ်ကမ္မဝါ။
၈၂။ ပဋ္ဌာန်ဒီပနီပါဌ်။
၈၃။ မူလပရိယာယသုတ္တဒီပနီ။
၈၄။ ဝိနိစ္ဆယသူစိကျမ်း။
၈၅။ ဝိဝဋ္ဋဒီပနီကျမ်း။
၈၆။ သတ္တဋ္ဌာန ကောသလ္လဒီပနီကျမ်း။
၈၇။ သာသနဒါယဇ္ဇဒီပနီ။
၈၈။ သာသနသမ္ပတ္တိဒီပနီကျမ်း။ စသည်တို့ဖြစ်ကုန်၏။

## မဟော်ကျေးစေခန်း ရတုကဗျာ

ဆရာတော်ဘုရားကြီးသည် ဉာဏ်မီးတောက်စ သာမဏေဘဝက မဟော်ဇာတ်ထုပ် မဟော်ကျေးစေခန်း ရတုကဗျာ ရှင်လောင်းလှည့်ပွဲတွင်ဆိုသော ရွှဲတိုက်ရတုလင်္ကာများကိုလည်း ရေးသားစီရင်တော်မူခဲ့လေသည်။ ယင်းကဗျာကို နည်းယူဖွဲ့ဆိုရန်နှင့် ဆရာတော်၏ သာမဏေဘဝငယ်စဉ်က စွမ်းရည်ကို ကြည်ညိုသဒ္ဓါဖြစ်ပွားရန် ဖော်ပြအပ်ပါသည်။

ကဗျာတိကဗျသုဗျတ္တံ၊ ဗုဒ္ဓံ ဝန္ဒာမိ သာဒရံ။
သုဝါဏာပကဟေတု တံ၊ ကဗျံ ဗန္ဓာမိ သာဓုကံ။

အဟံ၊ ငါသည်။ ကဗျာတိကဗျသုဗျတ္တံ၊ ကဗျာဗန္ဓအရာ၌ တေဒဂ်တင် အရှင်ဝံဂီသ စသောမထေရ်တို့ထက်လွန်ကဲသော။ ဝါ၊ ကဗျာဗန္ဓအရာ၌ အထူးသဖြင့် လိမ္မာတော်မူထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သာဒရံ၊ ရိုသေစွာ။ ဝါ၊ သာဒရံ-သာဒရေန၊ ရိုသေခြင်းနှင့်တကွ။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ သုဝါဏာပကဟေတု၊ ကျေးသားစေခြင်းကို ဆိုရာဆိုခြင်း၏အကြောင်းဖြစ်သော။ တံ ကဗျံ၊ ထိုကျေးစေခန်းရတုကဗျာကို။ သာဓုကံ၊ ကာရက၊ ကြိယာ စပ်ရာဆိုက်ရေး မထွေးမယှက် မပျက်ကာရန် ဝေဖန်စိတ်ဖြာ ကောင်းစွာပြေပြစ်သည်ကိုပြု၍။ ဗန္ဓာမိ၊ ဖွဲ့ဆိုသီကုံးပေအံ့သတည်း။

၁။ ဇဝနတိက္ခ ဂမ္ဘီရသည် ဟာသတုမဖြော်။ ။ ပညာစက်မီး ကြွံတိုင်းပြီးသည် ပွင့်နီးလောင်းမဟော်ဟု။ ။ ကျွန်းအမော်ငယ် ထွန်းပေါ်ဂုဏ်သတင်း။ စက်သူရကန် မျက်မှုဖန်သည် ရောင်လျှံထိန်ထိန်လင်းသို့။ ။ သက်ကုန်နှင်းသည် ဖြောင့်စင်းနှံ့မေတ္တာ။ ။ ပြိုင်ဆွယ်မနိုင်း ကြော့သသိုဏ်းသည် ဖော့ပိုင်းယဉ်မူရာနှင့်။ မည်သညာသည် သညယာခေါ်မငြီး။ ။ အမရာတဲ့ သူဇာနွဲ့သည် တကဲ့ဆွေဇနီးနှင့်။ ပျော်စံမှီးသည်၊ ရိပ်ကြီးဆောင်ရဝေ။ ။ ဥပရာနူန်း တေဇာဘုန်းကြောင့် ရန်လုံးရွံ့ကာပြေမှ။ ။ ကြွံပုံပွေသည် တပြေပဋ္ဌာမင်း။ ။ ထံတော်မပြတ် မြဲညွတ်သည် ကေဝဋ္ဋသဟာရင်းတို့။ ။ ဖြောင့်မစင်းသည် နှောင့်နှင်းမိစ္ဆာဉာဏ်။ ။ အကြံမလှ ဝက်န္တကို ခဏာသိသင့်တန်ဟု။ ။ တူမောင်နှံသည် အကြံလူမသိ။ ။ နှစ်ကိုယ်တော်ကြား ချိုစကားကို နှစ်ပါးတိုင်ပင်ညှိရွေ့။ ။ မြရောင်အိသည် မဏိခြယ်စီမံ။ ။ ရွှေမကန်းကွက် ဝေသန်းယှက်သည် ပန်းခက်မိုးပြတာန်နှင့်။ ။ ဘိုးမင့်သည်

ရှိးတန်စိန်စီတွဲ။ ရောင်လျှံဝေအိုင့် ဖွေဖိုင့်ဖိုင့်သည် ရွှေချိုင့်စံအိမ်ထဲဝယ်။ ။ ပျော်စံနွဲသည် ရွှေခဲမြီးတံသွယ်။ ။ အမရာမယ်ထွေး ငယ်ကမွေးသည် ရွှေကျေးစေတိုင်းလွယ်ကို။ ။ နှုတ်သံကြွယ်သည် ရှုဖွယ်သူ့ဟန်ပင်။ ။ ရေးရာကိစ္စ စေတိုင်းရသည် သုဝကိုတမန်ဟု။ ။ တိုင်ပင်ရန်သည် သက်နံ့မောင့်ကိုနော်။ ။ ရွှေချိုင့်ကဆင်း ထံတော်ရင်းသို့ ချက်ချင်းရောက်စေခေါ်သည်။ ။ စေတော်မူလိုရေးနှင်လေ။ ။ စိန်ချိုင့်စံပျော် ကျေးရွှေလျော် ငဲ့လာတော်မူသင့်သေး၏လေး။ ။

၂။ သီလာမေရု မြေပံသုသည် တန္တုနိုင်းမမြင်။ ။ သကာချိုအေး ကိုယ်တိုင်ပေးသည်။ ။ ချစ်ကြွေးမောင့်ကိုကြင်၏။ ကျေးဖူးရင်သည်။ သခင်ဆွေနှစ်ပါး။ ရွှေခဲသုဝ ချစ်မောင်လှသည် ခဏလာစေသားဟု။ ။ မိန့်စကားကို ရွှေနားတင်ရလျှင်။ ။ ရွှေချိုင့်ကဆင်း ထံတော်ရင်းမှာ ဝပ်စင်းရှိဦးတင်ရွှေ။ ။ ဘက်မမြင်သည် သခင်ဘုန်းနှစ်ဆူ။ ။ အကျိုးအကြောင်း ဆိုးအကောင်းကို နွဲ့နှောင်းမိန့်တော်မူပတောင်ဇမ္ဗူတွင် တဆူကျွန်တော်ရင်း ကောင်းကင်အထွတ် ကြယ်ကိုဆွတ်သည် မလွယ်ယူဆောင်ကြဉ်းအံ့။ ။ လိုတော်ရင်းကို သနင်းမိန့်တော်မူ။ ။ အဗ္ဗုဒ္ဓရသီးချိုမြကို ခဏသွားယူအံ့။ ။ လိုတော်မူလျှင် ဝေပူတောင်သာဝှမ်း။ ။ မနောမျက်နှာ။ ။ လိုတော်မပြည့် ရှိသရွေ့ကို စေ့စေ့သိချင်ပါဟု။ ။ နှုတ်သံဝါသည် မျက်နှာရွှင်ပြုံးပြုံး။ ။ အကျိုးတော်လို ကျေးမြည်ိုသည် သံချိုနာဖွယ်ရှုံးရွှေ။ ။ သခင်ဘုန်းကို စုရုံးကုန်မကျန်။ ။ ရဲမာန်တင်းတင်း ရေးကုန်နှင်း၍ ဝပ်စင်းအာမခံသည်။ ။ တမန်ကျေးရွှေခဲတည့်လေး။ ။ တောင်ပံစိမ်းလွင် စေတိုင်းတွင်သည် ရွှေစင်ကျေးသူရဲတည့်လေး။

၃။ မြသက်တင့်သွေး နုနုရေးသည် ညွတ်ကွေးသူ့တောင်။ ။ သန္တာနှုတ်သီးရှုမငြီးသည် ကျေးကြီးသားချစ်မောင့်ငဲ့။ ။ ကြံတိုင်းအောင်သည် ရွှေတောင်မြဂမုန်း။ ။ မြိမ့်မဆုတ် ရဲမာန်ထုတ်သည် မယုတ်စွမ်းအင်ရှန်းရွှေ။ ။ ဒါလီကုံးသည် ကြော့ဆုံးကျေးရွှေစင်။ ။ အကြံတွေးခက် အရေးနက်ကို စိန်ခက်ရွှေနားတင်ပ။ စိမ်းညိုလွင်သည် ရေယဉ်ပတ်ကာဝိုင်း။ ။ ဝေးယူဇနာ ခရီးကွာသည် ပဥ္စာတပြေတိုင်းဝယ်။ ။ အာဏာလျှိုင်းသည် ဖြတ်ပိုင်းဘုန်းတေဇာ။ ။ မင်းပြဟ္မဒတ်ဆရာမှတ်သည် ကေဝဋ္ဋလူမိစ္ဆာတို့။ ။ ကြံယုတ်မာသည် မေတ္တာအလွန်ကင်းထီးဖြူအုပ်ဆောင်း မင်းအပေါင်းတို့ ထောင်းထောင်းသုတ်သင်ရှင်းရွှေ။ ။ ဇမ္ဗူတွင်းဝယ် နှစ်မင်းမဆက်ဆံ။ ။ ခွန်ယူသိမ်းကြုံး ကျွန်းအားလုံးဝယ် မင်းဆုံးမြောက်စိမ့်

ဉာဏ်နှင့်။ ။ ဘုန်းစက်လျှံသည် ဘက်ရန်မပေါ်ရှင်း။ ။ ငါတို့ထိပ်ထား မင်းမြတ်ဖျား ကို စကားအယုံသွင်း၍။ ။ သမီးရင်းသည် ကြော့ရှင်းမာယာပင်။ ။ စန္ဒီနုထွား ရွှေနန်းဖွားနှင့် စုလျားထပ်လိုချင်ဟု။ ။ ထဲဝင်ကျွမ်းသည် တိုင်ပင်အဖော်ရင်း။ ဆရာကေဝဋ္ဋ တမန်ညွှတ်၍ စေလွှတ်ရောက်လာခင်းကို။ ။ မဖြောင့်စင်းသည် ခဲယဉ်းသူ့အကြံ။ ။ အလွန်လျှို့ဝှက် အတွေးခက်သည် ဆက်ဆက်မှုမမှန်ခဲ့။ ။ ထိုမင်းထံဝယ် နိုယံသူပျော်ညောင်း။ ။ စကားလိမ္မာ သာလိကာလျှင် သေချာသိသင့် ကောင်းငဲ့။ ။ သည်အကြောင်းကို ဆိုးကောင်းသိအောင်နော်။ ။ ရပ်ဝေးဌာန ပဉ္စာလသို့ ခဏသွားမှာကော်လိမ့်။ ။ စိန်ချိုင့်ပျော်သည် တိုက်ကျော်မြရည်သွေး။ မယ်သာလိကာ ဆက်ရက်ပြာကို မေတ္တာချစ်ရည်ကျွေး၍။ ။ ကြံပုံရေးကို မေးတဲ့ ချေကွဲ့နော်။ ။ အကြံခက်တောင်း သည်အကြောင်းကြောင့် နွဲ့နှောင်းမောင့်ကိုခေါ် သည်။ ။ ကျေးကျော်ဒါလီကုံးငဲ့လေ။ ရပ်ဝေးမြေတာ မြို့ပဉ္စာသို့ ကျေးဝါပျံပါအုံး ကွဲ့လေး။ ။

၄။ နှုတ်သံချိုးမွေး ထိုအရေးကို အေးအေးမိန့်ခါ။ ။ တောင်ပံတွဲတွဲ မြှတံနွဲ့သည် တကဲ့ရဲသံပါနှင့်။ ။ လောင်းပွင့်လျှောင့် စိတ်သာချလို့စံပနော်။ ။ မကြံရင်ပ ကြံလျှင်လှနေကြ သုဝတမန်ကျော်တဲ့။ ။ မြတ်ဘုန်းမော်ငယ် စိုးတော်မူပါလင့်။ ကြံတိုင်းသင့်သည် သခင့်ငယ်ကျွန်ပင်။ ။ ရဲမာန်ထုတ်ကြံ တကြိမ်နွဲ့လျှင် ဆယ်ပွဲ အောင်သည် ကျေးမောင်စေတိုင်းတွင်ဟု။ ။ နောင့်ထိပ်တင်သည် ဗုဒ္ဓင်မြတ်ဆုဦး။ တဘုန်းဆွေနောင် စေတိုင်းအောင်နေကြ ရဲခေါင်ကြူးဟု။ ။ မြတ်ကျေးဇူးကို မေ့ဘူးခါတဘန်။ ။ မြဲမြဲတင်းတင်း ရဲမာန်သွင်း၍ ဝပ်စင်းအာမခံသည်။ ။ စံတော်မူပါရစ်တော့လေ။ ။ တပါးကျွန်ယုံ အရေးကုန်သည် ကြံပုံတခါသစ်ပေ့ါလေး။

၅။ ဇမ္ဗူ့မြေဆုံး တပြည်လုံးမှာ ရွှေဘုန်းနေတဆူ။ ။ ရွှေသမ္ဘာတင့် ဇေယျာမြင့် မှာ အောင်ပွဲပန်မည့်သူကို။ ။ နှုတ်မဥ္ဇူသည် ကြည်ဖြူလွှန်မြတ်နိုး။ ။ စံရွှေလှော်သား ခြေတော်ဖျားကို ညွှတ်တွားဦးနှိမ်မိုး၍။ ။ လွန်မြတ်နိုးသည် ရှိခိုးသုံးကြိမ်သာ။ ။ သဥ္ဇာညောင်နန်း ဆောင်ကြငှန်းက အောင်ပန်းဆင်ရစ်ပါတော့။ မင်္ဂလာသည် အခါရှောင်သင့်ငြား။ ။ ရက်ကြမ်းရက်ပုပ် ကိန္ဒယုတ်သည် ရက်ယုတ် ပြဿဒါးနှင့်။ ။ လွန်ဆိုးဝါးသည် ကျိုးအားသူမထင်။ ။ ဝါရမိတ္တာ ပြာပုံစုကို လွှတ်မူဝေးစွာကြဉ်မှ။ ။ ရှောင်စေချင်သည် လူတွင်မှတ်ခေါ်ရင်း ရက်လောင်ရက် ကန်း ကြက်ခြေသန်းနှင့် ခေါ်မှန်းရက်သတင်းကို။ ။ ပြစ်မကင်းသည် နပင်းရက်ဘီ

လာ။ ။ အကျိုးမပွား ထိုရက်များကို ရှောင်ရှားလွတ်အောင်ခွါ၍။ ။ မဂ်လာသည် အခါတော်လှသေး။ ။ ပုဏ္ဏခေါ်ညီ ရက်တိထီနှင့် လေးလီစက်ကိုရွေး၍။ ။ ရန်ကွာဝေးသည် ခါတော်ရက်ရာဇာဝယ်။ ။ ရှောင်အပ်စွာသည် ဒိသာရပ်တပါး။ ဂြိုဟ်အိမ်စန်းကျ ပါပသက်သုဉ်း ခရီးသုဉ်းကို လုံးလွတ်အောင်ရှာရွေး။ ။ မတော်ငြား သည် ဘေးများတွေ့တတ်စွာ။ ။ သမဖြူကိန်း ရန်မငြိမ်းသည် ဟောကိန်းနမန္တာနှင့်။ မကောင်းရာကို ရှောင်ခွာလွတ်အောင်ကွင်း။ ။ စန်းလက်တူညီ ပထနီနှင့် ရာသီလာ ဘာတြင်းစသည် သောမဂြိုဟ်ခပင်းနှင့်။ ။ ရန်မျိုးကင်းသည် နဝင်းဓာတ်တူစွာ။ မြိတ္တာလာဘ သိဒ္ဓိစသည် ဝရစုတ်ကိုရှာရွေး။ ။ အဖြာဖြာကို လေချာစိစစ်ရှောင်း။ သိဒ္ဓိဇေယျာ မင်္ဂလာသည် အခါယခုကောင်းပေါ့။ ။ ညောင်ရေလောင်း၍ ဆုတောင်းရစ်တော့နော။ ။ နေညိုကအေး လေချိုသွေး၍ ရွှေကျေးပျံချိန်တော် သည်။ ။ ဘုန်းမောင်သမ္ဘာရင့်ငဲ့လေ။ ။ ရပ်ဝေးမြေတာ မြို့ပဋ္ဌာသို့ အခါပျံချိန် သင့်ပေါ့လေး။ ။

၆။ ပညာစက်မိုး ဘဝဂ်ဖြိုးသည် သတိုးလောင်းပွင့်လျာ။ ။ တဖုံကျွန်ရဲ ကျေးရွှေခဲသည် ပျံဝဲထွက်ရာသော်။ ။ မေဃဝါသည် ဝေဟာတပြင်လုံး။ ပြိုတော့မယောင် ညို့၍မှောင်သည် လျှပ်ရောင်ဖြန့်ကာဖုံးရွေ့။ ။ ဝိုက်ကာချုန်းသည် မိုးလုံးချိမ့်ချိမ့်ညံ။ ။ တိမ်ပြာသာဒ်ဝန်းထပတစွန်းမှာ တကျွန်းသူရကန်သို့။ ။ စက်မီးလျှံသည် ဟီးသံတသဲသဲ။ ။ လေသင်ဒိုင်းသွေ့ တိမ်လှိုင်းဝှေ့သည် မြေ့မြေ့ ကြွေလုဆဲနှင့်။ ။ မိလ္လာကြဲသည် တိမ်ခဲအဆိုင်ဆိုင်။ ။ အညွန့်အညွန့် တိမ်အခွန့်မှာ စိန်ညွန့်မလ္လာခိုင်သို့။ ။ မိုးလုံးယိုင်သည် ရွှေဆိုင်တော်အလား။ ။ အစုအစု တိမ်အထုသည် ယခုကြွေယောင်သားနှင့်။ ။ တိမ်ညွန့်ကြားမှာ ကျေးသားဖော်မပါ။ တောင်ပံခတ်ဝဲ တိမ်ကိုခွဲသည် ရွှေခဲမာတရာလျှင်။ ။ ခရီးကွာသည် ပဋ္ဌာတပြန်နန်း။ ယူဇနာပြန့် တရာခန့်ကို မြော်ဆန့်ရော်ကာရမ်းရွေ့။ ။ လေချိုဖျန်းသည် မပန်းသူ့ ကိုယ်မှာ။ ။ သူရကန်မိတ် ဖလ်တံဆိပ်သည် လျှံထိပ်ရောင်ရွှေဝါနှင့်။ ။ တောင် လက်ျာသည် စကြာရောင်မညီး။ ။ ရဝိသောဘာ နေကောဇာလျှင် ဝေါရာခိုလုနီး ဝယ်။ ။ လေဟုန်စီး၍ ခရီးဝေဟာသံ။ ။ တမာကြက်တော ရွှေဥသြတို့ သောသောမြိုင်လုံးညံခဲ့။ ။ စုံမောင်နှံသည် တောင်ပံတဝဲဝဲ အိပ်တန်းတက်မှီ နေရီရီမှာ တူညီသံစုံခွဲ၍။ ။ ငှက်တို့ပွဲသည် သဲသဲချိမ့်ချိမ့်ဆော်။ ။ လေချိုလည်းခ အချိန်လှကို သုဝတမာန်ကျော်လျှင်။ ။ ငွေမောင်းဆော်သည် စည်တော်တဟီး

ဟီး။ ။ နေရောင်မသန်း လရောင်ဖျန်းသည် ညချမ်းလေးချက်တီးဝယ်။ ။ ပျော်မငြီးသည် မြို့ကြီးပဥ္စခွင်။ ။ ကျော်ခါပျံ့ဝဲ ရွှေနန်းထဲသို့ ရဲရဲအတင်းဝင်သည်။ ။ စွမ်းအင်မာန်မလေ။ ။ မလွဲမရှောင် တွေ့တိုင်းအောင်သည် ရဲခေါင်ကျေးညို ကြော့သည်လေး။ ။

ဂ။ သပြေပတ်ကုံး သောင်းရပ်လုံးဝယ် ရွှေဘုန်းသမ္ဘာရောင်။ ။ ပညာလက်ရုံး ဖက်မနှုန်းသည် ကျွန်းလုံးရွှေတန်ဆောင်ဟု။ ။ ကြံတိုင်းအောင်သည် ရွှေညောင်စိုးမည့်ဘုန်း။ ။ တပါးကျွန်ရင်း ရဲမာန်တင်းသည် ကျေးမင်းငါ့လက်ရုံးလျှင်။ ။ တနန်းလုံးသည် အုန်းအုန်းချိမ့်လို့ညံ။ ။ မင်းစုံမတ်ပေါင်း ညီလာညောင်း၍ သောင်းသောင်းဝန်းပတ်ရံခဲ့။ ။ သီဟာပျံ့ဝယ် ရွှေလျှံထိန်ထိန်ဝင်း။ ။ ကိုးနဝရတ် ဘိုးအမြွတ်သည် ဖြိုးလျှပ်ရောင်စုံလင်းခဲ့။ ။ ဟိုဆောင်အတွင်းက ဒုံမင်းခရာသံ။ ရွှေစောင်းငြိမ့်ငြိမ့် နန်းလုံးဖိတ်မျှ သိမ့်သိမ့်သဘင်ခံ၍။ ။ ဟိုဆောင်ပျံ့မှာ တဖန်ပျော်ပုံခင်း။ ။ ဖော့မဟောသီ ကြော့ဒေဝီတို့ ရွှေညီဗလာကျင်း၍။ ။ ပြာလဲ့ဝင်းသည် ယဉ်မင်းရုပ်ကဲ့သို့နှယ်။ တဆောင်ကူးသန်း ပျော်ပုံဆန်းသည် ရွှေဖြန်းဒေဝီမယ်တို့။ အသွယ်သွယ်သည် ရှုဖွယ်ကုန်မဆုံး။ ။ အရေးတော်လှိုင် အပြီးတိုင်အောင် ပိုင်ပိုင်ကြံလေအုံးမှ။ ။ သခင့်ဘုန်းနှင့် လက်ရုံးချီမောင်။ ။ ပိယံသိဒ္ဓိ ဉုံက္ကုတ္တိ ဟေခြောင်ဟု။ ။ သွေမရှောင်သည် အောင်နေကြ သူရဿတီ နတ်ဒေဝီလျှင် ကူညီလာစေရ၏။ နှုတ်သံမြနှင့် ရွရွဆိုပြီးခါ။ ။ သာလိကာလှ ဆက်ရက်မသည် ကြွကြွတုန်စေရာဟု။ စက်အာဏာသည် ဂါထာသိဒ္ဓိပေါင်း။ ။ ဘေးရန်ကာမူ အောင်ဇေတုဖြင့် အောင်ဆုယူပန်တောင်း၍။ ပီယကောင်းသည့် နွဲ့နှောင်းရဲတမာန်။သာလိကာညိုစိမ့် ကိုယ်လုံးဖိတ်မျှ သိမ့်သိမ့်တုန်စေကြံ၍။ ။ နန်းဝေယံဝယ် တမန်ကျေးရွှေသွယ်။ သာလိကာနား အမြန်ကြားအောင် စိတ်ထားသူကြံရွယ် သည်။ ။ ယူမယ်လွတ်ရဘူးပလေ။ ။ ချိုအေးသာယာ နှုတ်သန္တာန်နှင့် ခါခါ သံစုံ ကျူး၏လေး။ ။

## လေးချိုး

တွေ့မရှောင်–အောင်နေကြပ သုဝတဲ့တမန်တော်။ ။ ဟေ်ပိယံနှင့် သိဒ္ဓိခံ နှုတ်သံကြွေ့ ပွဲတွေ့အကျော်။ ။ ကြံရင်ပြီးနေကြ ဘုန်းကြီးတဲ့ကျွန်ပနော် တိုင်းကျော်တဲ့ရွှေကျေး။ ။ ပဋ္ဌာသူသာလီဖြူတုန်လို့ခိုက်တဲ့အောင် မာယာသံမြူသွယ်ဝိုက်လို့ ကျူးလိုက်မယ်လေး။ ။

ဤကား ကျေးစေခန်းရတုကဗျာစာအုပ်မှ ထုတ်နုတ်၍ အမြွတ်မျှပြဆိုပါသည်။ အကျယ်ကိုအလိုရှိသော ကဗျာဝါသနာပါကြသော ပုဂ္ဂိုလ်တို့သည် အဆိုပါ ကျေးစေခန်းရတုကဗျာစာအုပ်ကို ကြည့်ရှုကြလေ။

## ပဓာနသုတ်နိဿယ

ဘုရားမြတ်စွာသည် ခြောက်နှစ်ကာလပတ်လုံး ဒုက္ကရစရိယာကျင့်တော်မူပုံကို ရဟန်းတို့အား ဟောတော်မူခဲ့လေသည်။ ယင်းသုတ်ကို ပဓာနသုတ်အမည်ဖြင့် ခုဒ္ဒကနိကာယ်သုတ္တနိပါတပါဠိတော်[၁] ၌ သံဂါယနာတင်တော်မူခဲ့ကြသည်။ ယင်းသုတ်သည် ဂါထာပေါင်း ၂၅-ဂါထာရှိလေသည်။ ယင်းသုတ်၌ အစဂါထာမှာ-

**တံ မံ ပဓာနပဟိတတ္တံ၊ နဒိံ နေရဉ္ဇရံ ပတိ။**
**ဝိပရက္ကမ္မ ဈာယန္တံ၊ ယောဂက္ခေမဿ ပတ္တိယာ။** ဖြစ်၍

အဆုံးဂါထာမှာ -

**တဿာသောကပရေတဿ၊ ဝီဏာ ကစ္ဆာ အဘဿထ။**
**တတော သော ဒုမ္မနော ယက္ခော၊ တတ္ထေဝန္တရဓာယထ။**

ဖြစ်လေသည်။

လယ်တီဆရာတော်ဘုရားကြီးသည် ဖော်ပြပါ ပဓာနသုတ်ပါဠိတော်၏ အနက်မြန်မာပြန်မှီရာအတ္ထနိဿယကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။

**ပဓာနသုတ္တကထာယ၊ နိဿယမ္ပိ သုနိဿယော။**
**လယ်တီထေရော ကဝိသေဋ္ဌော၊ ရစယီ ထိရသံယုတော။**

## အနတ္တလက္ခဏသုတ်နိဿယသစ်

''စက္ကိန္ဒာဘိဓေယျမဟာဓမ္မရာဇဂုရု၊ စက္ကိန္ဒာဘိသီရိသဒ္ဓမ္မဓေယျမဟာဓမ္မရာဇာဓိရာဇဂုရု''ဘွဲ့တံဆိပ်တော် ၂-ထပ်ရ ညောင်ကန်ဆရာတော်ဘုရားကြီးသည်[၂] ဓမ္မစက္ကပဝတ္တန သုတ်နိဿယရေးအပြီး အနတ္တလက္ခဏသုတ်ပါဠိတော် နိဿယကိုလည်း ပြုစီရင် တော်မူခဲ့လေသည်။ ကျမ်းဦး၌ -

---

၁။ သုတ္တနိ။ ၃၄၁-၃။ ၁။ မန္တလေးသာသနာဝင်။ ၂။ ညောင်ကန်သာသနာဝင်ကြည့်။

ယာနုတ္တယေန ယာယိဿ၊ ယောဂက္ခယံ သယာယိကံ။
တထာဂတေ သယာပေသိ၊ ဝန္ဒေ သမ္ပတ္တိလက္ခဏံ။

ယာယိဿ၊ မဂ္ဂင်ယာဉ်မျိုးဖြစ်တော်မူသော။ သေသောဘဂဝါ၊ ဤမြတ်စွာဘုရားသည်။ ယာနုတ္တယေန၊ အနိစ္စဒုက္ခအနတ္တဟုဆိုအပ်သော လက္ခဏာရေးသုံးပါးတည်းဟူသောယာဉ်ဖြင့်။ ယောဂက္ခယံ၊ ယောဂလေးပါးတို့၏ကုန်ရာဖြစ်သော နိဗ္ဗာန်ရွှေပြည်သို့။ ယာပေသိ၊ ရောက်စေတော်မူ၏။ သမ္ပတ္တိလက္ခဏံ၊ ပြည့်စုံသောလက္ခဏာတော်ကြီး လက္ခဏာတော်ငယ်ရှိတော်မူသော။ သဟာယိကံ၊ မဂ္ဂင်ယာဉ်မျိုးဖြစ်တော်မူသော။ တံဘဂဝန္တံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။

ဟူသော ဂါထာပါဌ်နိဿယဖြင့် ဗုဒ္ဓပမာဏပြဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။ အနတ္တလက္ခဏာသုတ်အဖွင့်ကိုလည်း -

၁။ ဓမ္မစက္ကံ ပဝတ္တေတွာ၊ အာသဠှိယံ ဟိ ပုဏ္ဏမေ။
နဂရေ ဗာရာဏသိယံ၊ ဣသိပတနဝှယေ ဝနေ။

၂။ ပါပေတွာဒိဖလံ နေသံ၊ အနုက္ကမေနဒေသယိ။
ယန္တံ့ ပက္ခဿ ပဥ္စမျံ၊ ဝိမုတ္တတ္ထံ ဘဏာမဟေ။

ဗာရာဏသိယံ၊ ဗာရာဏသီအမည်ရှိသော။ နဂရေ၊ ပြည်၌။ ဣသိပတနဝှယေ၊ ပစ္စေကဗုဒ္ဓါတို့၏ကျရာဖြစ်၍ ဣသိပတနအမည်ရှိသော။ ဝနေ၊ သားငှက်တို့အား ဘေးမဲ့ပေးရာမိဂဒါဝုန်တော၌။ အာသဠှိယံ၊ ဝါဆိုလ၌။ ပုဏ္ဏမေ၊ လပြည့်နေ့၌။ နေသံ၊ ထိုပဥ္စဝဂ္ဂီရဟန်းတို့အား။ ဓမ္မစက္ကံ၊ ဓမ္မစကြာဒေသနာတော်ကို။ ပဝတ္တေတွာ၊ ဟောတော်မူ၍။ အနုက္ကမေန၊ နေ့ရက်အစဉ် ထေရ်အစဉ်အားဖြင့်။ အာဒိဖလံ၊ သောတာပတ္တိဖိုလ်သို့။ ပါပေတွာ၊ ရောက်တော်မူ၍။ ပက္ခဿ၊ လကွယ်ပက္ခဝါဆိုလ၏။ ပဥ္စမျံ၊ ငါးရက်မြောက်သောနေ့၌။ နေသံ၊ ထိုပဥ္စဝဂ္ဂီရဟန်းတို့၏။ ဝိမုတ္တတ္ထံ၊ အရဟတ္တဖိုလ်အကျိုးငှာ။ ယံအနတ္တလက္ခဏာသုတ္တံ၊ အကြင်အနတ္တလက္ခဏာသုတ်တော်ကို။ အဒေသယိ၊ ဟောတော်မူပြီ။ တံအနတ္တလက္ခဏာသုတ္တံ၊ ထိုအနတ္တလက္ခဏာသုတ်ကို။ ဟေ၊ အိုသူတော်ကောင်းတို့၊ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။ ဟူ၍ ၂-ဂါထာပါဌ်နိဿယဖြင့် စီရင်တော်မူခဲ့လေသည်။

လယ်တီဆရာတော်ဘုရားကြီးသည် အနုတ္တလက္ခဏာသုတ် အမွှန်းဂါထာကို ဆရာတော်ဦးဗုဓ်မူအတိုင်းထား၍ အနက်ကိုမူ မိမိသဘောကျ ယောဇနာ၍ အနုတ္တလက္ခဏာသုတ် နိဿယသစ်ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ယင်းအနုတ္တလက္ခဏာသုတ်နိဿယမှာ ကရောင်းချိုးဆိုက်စာမျက်နှာ ၂၀-ရှိလေသည်။

**အနုတ္တလက္ခဏာသုတ္တဿ၊ နိဿယမ္ပိ သုနိဿယော။**
**ရစယီ ရမဏီယာယ၊ ဘာသာယ ထေရကုဉ္ဇရော။**

## လက္ခဏာတော်ကြီးဘုရားရှိခိုးနှင့် ခုနစ်နေ့ဘုရားရှိခိုး

လယ်တီဆရာတော်ဘုရားကြီးသည် လက္ခဏာတော်ကြီးဘုရားရှိခိုးနှင့် ခုနစ်နေ့ဘုရားရှိခိုးကို ပြုစီရင်တော်မူခဲ့သည်။ အလိုရှိသော် ရဟန်း ရှင် လူပုဂ္ဂိုလ်များ ကြည်ညိုသဒ္ဓါပွားများရှိခိုးနိုင်ရန် ဤ၌ဖော်ပြအပ်ပါသည်။

၁။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ သုပတိဋ္ဌိတပါဒေါ၊ မြေ၌တညီတညွတ်တည်ရှိသော ခြေဖဝါးအပြင်ရှိတော်မူ၏။

၂။ စက္ကပါဒေ၊ ခြေဖဝါးတော်အပြင်၌ တထောင်သောအကန့်အကွက်ရှိသော စက်လက္ခဏာနှင့်ပြည့်စုံတော်မူ၏။

၃။ အာယတပဏှိ၊ ရှည်သော ပဇ္ဈောင့်ရှိတော်မူ၏။

၄။ ဒီဃင်္ဂုလိ၊ ရှည်သောလက်ချောင်းခြေချောင်းရှိတော်မူ၏။

၅။ ဗြဟ္မုဇုဂတ္တော၊ ဗြဟ္မာမင်း၏ကိုယ်ကဲ့သို့ ဖြောင့်မတ်သောကိုယ်ရှိတော်မူ၏။

၆။ မုဒုတရုဏဟတ္ထပါဒေါ၊ နူးညံ့ပျိုနုသော လက်ဘဝါးအပြင် ခြေဘဝါးအပြင် ရှိတော်မူ၏။

၇။ ဇာလဟတ္ထပါဒေါ၊ ရွှေပွက်လုံးကိုစီသကဲ့သို့ ညီညွတ်သောလက်ချောင်းအစွန်း ခြေချောင်းအစွန်းရှိတော်မူ၏။

၈။ ဥဿင်္ခပါဒေါ၊ အထက်သို့မြင့်သော ခြေမျက်စိရှိတော်မူ၏။

၉။ ဥဒ္ဒဂ္ဂလောမော၊ အထက်သို့အဖျားမူသော မွေးညှင်းရှိတော်မူ၏။

၁၀။ ဏေဏိဇင်္ဃော၊ ဏေဏိမည်သော သားကောင်၏သလုံးသားကဲ့သို့ လုံးသောသလုံးသား ရှိတော်မူ၏။

၁၁။ ဒီဃဟတ္ထော၊ ကိုယ်တော်ကို မကိုင်းမညွတ်မူ၍ ပုဆစ်ဒူးဝန်းကို သုံးသပ်နိုင်သော ရှည်သွယ်သော လက်ရုံး လက်မောင်းရှိတော်မူ၏။

၁၂။ နိဂြောဓပရိမဏ္ဍလော၊ အရပ်နှင့်အလံမျှသဖြင့် ပညောင်ပင်ကဲ့သို့ ဝန်းသော ကိုယ် ရှိတော်မူ၏။

၁၃။ ကောသောဟိတဝတ္ထဂုယှော၊ အအိမ်ဖြင့်ဖုံးအပ်သော ပုရိသလက္ခဏာရှိတော်မူ၏။

၁၄။ သုဝဏ္ဏဝဏ္ဏော၊ ဇမ္ဗူရာဇ်ရွှေအဆင်းနှင့်တူသော အရေအဆင်းရှိတော်မူ၏။

၁၅။ သုခုမစ္ဆဝီ၊ အလွန်နူးညံ့သော အရေရှိတော်မူ၏။

၁၆။ ဧကေကလောမော၊ တစ်ခုတစ်ခုသော မွေးတွင်း၌ တစ်ခုတစ်ခုစီသာ ပေါက်သော မွေးညှင်းရှိတော်မူ၏။

၁၇။ ဥဒ္ဓဂ္ဂလောမော၊ မျက်လုံးနှစ်ဘက်တို့၏အလယ်၌ သောက်ရှူးကြယ်ကဲ့သို့ တင့်တယ် ထွန်းပလျက် လက်ျာရစ်ခွေ ငွေကြယ်ပွင့်အလားကဲ့သို့ ထင်ရှားသော ဥဏ္ဏာလုံမွေးရှင် ရှိတော်မူ၏။

၁၈။ သတ္တုဿဒေါ၊ လက်ဘမိုး ၂၊ ခြေဘမိုး ၂၊ ပခုံးစွန်း ၂ လည်ကုပ်တော်ဟုဆို အပ်သော ခုနစ်ပါးသော ဌာနတို့၌ မောက်ဖြိုးသောအသားအရေရှိတော်မူ၏။

၁၉။ သီဟပုဗ္ဗဍကာယော၊ ခြင်္သေ့မင်း၏ရှေ့ထက်ဝက်ကဲ့သို့ ပြည့်ဖြိုးသောကိုယ် အင်္ဂါရှိတော်မူ၏။

၂၀။ စိတန္တရံသော၊ ကျောရိုးကြောင်းမရှိပြည့်ဖြိုးသောလက်ပြင်ကြား ကျောသား ကျောရေရှိတော်မူ၏။

၂၁။ သမဝဋ္ဋက္ခန္ဓော၊ ရွှေမရိုးစည်ကဲ့သို့ ညီမျှလုံးစည်းသော လည်ပင်းလည်တိုင် ရှိတော်မူ၏။

၂၂။ ရသဂ္ဂသဂ္ဂီ၊ လည်ပင်း၌ ဆုံစည်းကုန်လျက် ရသဓာတ်ဆီ ရသဓာတ်ညွန့်တို့ကို တစ်ကိုယ်လုံးဆောင်သော တစ်ထောင်သော ရသာကြောရှိတော်မူ၏။

၂၃။ သီဟဟနု၊ ခြင်္သေ့မင်း၏ အောက်မေးနှင့်တူသော ပြည့်ဝန်းသော မေး ၂- ခုရှိတော်မူ၏။

၂၄။ စတ္တာလီသဒန္တော၊ လေးဆယ်အရေအတွက်ပြည့်သော သွားရှိတော်မူ၏။

၂၅။ အဝိရဠဒန္တော၊ မကျဲမူ၍ အညွန့်စေ့သော သွားအစဉ်ရှိတော်မူ၏။

၂၆။ သမဒန္တော၊ လွှဖြင့်ဖြတ်သကဲ့သို့ အလွန်ညီညွတ်သော သွားအစွန်းရှိတော်မူ၏။

၂၇။ သုသုက္ကဒါဌော၊ သောက်ရှူးကြယ်အတူ ဆွတ်ဆွတ်ဖြူသော အစွယ် ၄-ခု ရှိတော်မူ၏။

၂၈။ ပဟုတဇိဝှော၊ နှဖူးပြင်ကို ဖုံးနိုင်သော အလွန်ပြန့်ကျယ်သော လျှာအပြင်ရှိတော်မူ၏။

၂၉။ ဗြဟ္မဿရော၊ ဗြဟ္မမင်း၏အသံကဲ့သို့သော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အသံရှိတော်မူ၏။

၃၀။ အဘိနီလနေတ္တော၊ အလွန်ညိုမှောင်သော မျက်နက်ဝန်းရှိတော်မူ၏

၃၁။ ဂေါပခုမော၊ နွားငယ်၏မျက်ကွင်းကဲ့သို့ ပွင့်လင်းရွှန်းစက်သော မျက်ကွင်းရှိတော်မူ၏။

၃၂။ ဥဏှိသသီသော၊ ဖမ္ဗုရစ်ရွှေပြားသဖွယ် တင့်တယ်သောနဖူးသင်းကျစ်ဖြင့် ချယ်လှယ်အပ်သော ဦးခေါင်းရှိတော်မူ၏။

ဝေံလက္ခဏံ၊ ဤသို့ လက္ခဏာကြီးတို့နှင့်ပြည့်စုံတော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

အမြဲဘုရားရှိခိုးရန် "**ဧဝံ လက္ခဏံ ဗုဒ္ဓံ အဟံ ဝန္ဒာမိ**" ပါဠိကိုထည့်လိုက်သည်။

ဤကား မဟာပုရိသလက္ခဏာတော်ကြီး ၃၂-ပါးတည်း။

ဤလက္ခဏာတော်ကြီးတို့၏အကျိုးကိုလည်း ပါဠိတော်၌ ဟောတော်မူသည်ကို သံပေါက်လင်္ကာဖြင့် ပြဆိုပေအံ့။

### ၁။ ညီညာဘဝါး ရန်နှစ်ပါး လှုပ်ရှားမတတ်သာ။

မြေ၌တညီတညွတ်တည်း ခြေဘဝါးအပြင်ရှိသောသူကို ကိုယ်တွင်းရန်သူ ကိုယ်ပရန်သူတို့ လှုပ်ရှားစေခြင်းငှာ မတတ်နိုင်။ ခိုင်မြဲသော ဂုဏ်ဝိသေသ၊ ခိုင်မြဲသော ဂတိသစ္စာရှိတတ်၏။ ခိုင်မြဲသော သီလ၊ ခိုင်မြဲသော သမာဓိ၊ ခိုင်မြဲသော ပညာရှိတတ်၏ဟူလို။ ထိုမှပြန်ဘက်အားဖြင့် မြေ၌တစီးတစောင်းတည်းသော ခြေဘဝါးရှိသောသူကို ကိုယ်တွင်းရန်သူ ကိုယ်ပရန်သူတို့ကြောင့် လှုပ်ရှားလွယ်၏။ ဂတိမမြဲ သစ္စာမမြဲရှိတတ်၏ဟုဟောလေ။ ခြေဘဝါးပြည့်သည် မပြည့်သည်ကို ခြေရာကိုမြင်သဖြင့်လည်း သိနိုင်၏။ ဤသူကား ဂတိသစ္စာ မရှိဟုခြေကိုမြင်သဖြင့် သိနိုင်၏ ဟောနိုင်၏။ နောက်နောက်လက္ခဏာတော်ကြီးတို့၌လည်း ဤနည်းအတိုင်း အပြန်အလှန်အားဖြင့် နှစ်ပါးနှစ်ပါးစီ သိလေ။

၂။ ခြေတွင်တဖန် စက်ရှိပြန် ခြံရံများတတ်စွာ။

ခြေဘဝါးအပြင်၌ စက်လက္ခဏာစက်ရှိသောသူသည် အခြံအရံများ တတ်၏ဟု ဟောလေ။ ဤလက္ခဏာကား လူသာမန်တို့၌ ပြီပြီသသရှိခဲ၏ အရိပ် အရောင်မျှရှိလျှင်ပင် အခြံအရံအကျိုးပေးတတ်၏။ ပြန်ဘက်ကိုလည်း သိလေ။

၃။ ပကျောင့်လက်ခြေ၊ ရှည်တုံပေ၊ ကိုယ်နေမတ်ရပ်စွာ။

၄။ အသက်ရှည်ဘို့၊ အင်္ဂါတို့၊ မချိုသိအပ်ရာ။

ခြေပကျောင့်ရှည်ခြင်း၊ ခြေချောင်းလက်ချောင်းရှည်သွယ်ခြင်း ကိုယ်ခန္ဓာ ဖြောင့်မတ်ခြင်း ဤလက္ခဏာသုံးပါးနှင့်ပြည့်စုံသောသူသည် အသက်ရှည်တတ်၏။ အသက်တမ်းပြည့်အောင်နေရတတ်၏။ ဥပစ္ဆေဒကကံနှင့် မသေနိုင်ဟူလို။ ထိုသုံးပါး တွင် တစ်ပါးပါးရှိလျှင်ပင် အသင့်အတင့်အကျိုးကို ဟောသင့်၏။

၅။ နူးညံ့ညီမျှ၊ ခြေလက်စ၊ မိတ္တသင်္ဂဟာ။

ခြေဘဝါးအပြင် လက်ဘဝါးအပြင် နူးညံ့အံ့။ လက်မမှတစ်ပါးသော ခြေ ချောင်းလက်ချောင်းအစွန်းအစရှိသည် ညီညာအံ့။ ထိုသူမိတ်တရား ဆွေတရားနှင့် ပြည့်စုံအံ့။ လက်ဘဝါး ခြေဘဝါး ကြမ်းတမ်း၍ လက်ချောင်းမညီလွန်းသောသူသည် မိတ်ဖျက်တတ်၏။ မိတ်မပြုအပ်သောသူမည်၏။ ပြန်ဘက်ဟောနည်းတည်း။ မြတ်စွာဘုရားကဲ့သို့ကား မညီနိုင်ကြ။ အရှည်အတိုကိုထောက်၍ သင့်တင့်အောင် ဟောရာ၏။

၆။ မဖျက်မြင့်သော် မွေးဖျားမော် လူပေါ်ထွက်မြတ်ရာ။

ခြေမျက်စိ ပေါက်ချက်အထက်ကျခဲ့သော်လည်းကောင်း၊ မွေးညှင်းတို့သည် အထက်သို့ချည်း အဖျားမော်ကုန်သော်လည်းကောင်း၊ လူများအပေါ်၌ အကြီးအကဲ ဖြစ်တတ်၏။ ခြေမျက်စိအပေါက်အောက်ကျလွန်းသော်လည်းကောင်း၊ မွေးညှင်းတို့ သည် အောက်သို့ချည်း အဖျားမူလွန်းသော်လည်းကောင်း သူ့ဝန်ထမ်းဖြစ်တတ်၏။

၇။ ချောသွယ်မြင်းခေါင်း၊ မြင်တုံရှောင်း၊ လာဘ်ကောင်းရတတ်စွာ။

လုံးစည်းချောသွယ်သော သလုံးမြင်းခေါင်းရှိခဲ့လျှင် အသုံးအဆောင်မျိုးတို့၌ အကောင်းအမွန်ကိုရတတ်၏။ သလုံးမြင်းခေါင်း ထစ်ထစ်ဖုဖုကိုမြင်လျှင် အကောင်း အမွန်မရတတ်ဟု ဟောလေ။

၈။ လက်တံရှည်လျှား၊ ကိုယ်ဝန်းငြား၊ ပေါ်များမြတ်ဥစ္စာ။

မြတ်စွာဘုရား၏ လက်ရုံးလက်မောင်းလက်တံတို့သည် မကိုင်းမ ညွတ်မူ၍ ပုဆစ်တော်ကို သုံးသပ်နိုင်ကုန်၏။ အရပ်နှင့်အလံ မျှတသဖြင့် ပြည့်ဝန်းသော ကိုယ်ရှိ၏။ လောကဥကြား လက်တံနှစ်ဖက် အတော်အလျော် ရှည်သွယ်လျှင်ပင် ဥစ္စာများတတ်၏။ အလွန်တိုခဲ့လျှင် ဥစ္စာနည်းပါးတတ်၏ဟု ဟောရာ၏။

၉။ အအိမ်ဖုံးငြား၊ နိမိတ်အား၊ သားကောင်းထွန်းတတ်စွာ။
သိသာပြီ။ အပြန်အလှန်ယူလေ။

၁၀။ အရေအဆင်း၊ ရွှေနှယ်ဝင်း၊ အခင်းအရုံသာ။
ရွှေ၏အဆင်းကဲ့သို့ ဝါဝင်းသောအရေအဆင်းရှိခဲ့လျှင် အခင်းကောင်းအခြုံ ကောင်း အဝတ်ကောင်း အကျိုးပေးတတ်၏ဟူလို။

၁၁။ အရေသဏ္ဍာန်၊ နူးညံ့ပြန်၊ ဉာဏ်ပညာဘို့ရာ။
ကိုယ်ရေကိုယ်သားနူးညံ့ခဲ့လျှင် ဉာဏ်ပညာကိုဟောလေ။ ပြန်ဘက်အားဖြင့် ကိုယ်ရေကိုယ်သားကြမ်းတမ်းခဲ့လျှင် ဉာဏ်ပညာနည်းတတ်၏။

၁၂။ မွေးညှင်းခြားနား မွေးရှင်ပွား အများလိုလိုက်ရာ။
တစ်ခုတစ်ခုသော မွေးညှင်းတွင်း၌ တစ်ချောင်းချောင်းစီသာခြားနား၍ မွေးညှင်း ပေါက်ခြင်း၊ ဥဏ္ဏာလုံမွေရှင်ပေါက်ဖွားခြင်း ဤလက္ခဏာနှစ်ပါး ကိုမြင်လျှင် သူအများတို့သည် မိမိတို့အလိုကို လိုက်ကြကုန်အံ့ဟု ဟော လေ။

၁၃။ ခုနှစ်အင်သီး၊ ဖြိုးမောက်ပြီး၊ လာဘ်ကြီးမိုးသို့ရွာ။
ခြေဖမိုး ၂၊ လက်ဘမိုး ၂၊ ပခုံးစွန်း ၂၊ လည်ကုပ် ၁ ဤအင်္ဂါ ၇-ပါး အသီးသီးဖြိုးမောက်ခဲ့သော် လာဘ်သပ္ပကာ များတတ်၏ဟူလို။

၁၄။ ကိုယ်လုံးထွားကြီး၊ ကျောလယ်ဖြိုး၊ လုံးစည်းလည်တိုင်သာ။
၁၅။ သူတော်တရား၊ ခုနှစ်ပါး၊ လျော့ငြားမရှိရာ။

ခြင်္သေ့မင်း၏ ရှေ့ထက်ဝက်ကဲ့သို့ ကိုယ်လုံးကိုယ်ပေါက်ကြီးထွား၏။ ကျော လယ်မောက်ဖြိုး၏။ ဖြိုးဖြိုးရီးရီးရှိ၏။ လည်တိုင်,လည်ပင်း လုံးလုံးစည်းစည်းရှိ၏။

ဤလက္ခဏာ ၃–ပါးနှင့်ပြည့်စုံလျှင် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ–ဟူသော သူတော်ဥစ္စာ ရတနာ ၇–ပါးတို့မှ ယုတ်လျော့ခြင်းမရှိ ပြည့်စုံတတ်၏ဟူလို။

၁၆။ အကြောထောင်တုံ၊ လည်ဝယ်ဆုံ၊ လုံးစုံကင်းအနာ။

အထက်သို့တက်သော အဖျားရှိကြကုန်သော ရသာကြောတထောင်တို့သည် လည်ပင်း၌ ပေါင်းဆုံကြကုန်အံ့။ အနာရောဂါ ကင်းရှင်းတတ်၏။

၁၇။ ခြင်္သေ့မေးတူ၊ မေးထွားမူ၊ ရန်သူမဖျက်သာ။

ခြင်္သေ့မင်း၏ မေးကဲ့သို့ဝန်းသော ကြီးမားထွားကြိုင်းသော မေးအင်္ဂါရှိငြားအံ့။ ကိုယ်တွင်းရန်သူ ကိုယ်ပရန်သူတို့ မဖျက်ဆီးနိုင်ဟူလို။

၁၈။ လေးဆယ်စေ့မြဲ၊ သွားမကျဲ၊ မကွဲ့ပရိသာ။

သွားသည်ချောင်းရေအားဖြင့် လေးဆယ်စေ့စုံ၏။ အလွန်စိပ်၏။ အလွန်စေ့၏။ ဤလက္ခဏာ ၂–ပါးနှင့်ပြည့်စုံသောသူအား အခြံအရံပရိသတ်ကွဲပြားခြင်းမရှိ ညီညွတ်၏။ သွားနည်းအံ့။ သွားကျဲအံ့။ အခြံအရံပရိသတ် တကွဲတပြားရှိတတ်၏။ ပရိသတ်အတွက်ကြောင့် ဒုက္ခများတတ်၏။ ဟောလေ။

၁၉။ သွားစွန်းညီမျှ၊ စွယ်ဖြူဆွ၊ သုဒ္ဓပရိသာ။

လွှဖြင့်ဖြတ်၍ ထားဘိသကဲ့သို့ သွားစွန်းညီညွတ်ခြင်းလက္ခဏာ၊ သောက်ရှူးကြယ်ကဲ့သို့ အစွယ်လေးချောင်း၏ ရွှန်းစက်ဖြူစင်ခြင်းလက္ခဏာ ၂–ပါးသည် အခြံအရံပရိသတ် စင်ကြယ်တင့်တယ်ခြင်း နိမိတ်တည်း။ သွားတို့၏အစွန်းအစ မညီမညွတ်ခြင်း၊ အစွယ်လေးချောင်း မလှမပခြင်းသည် အခြံအရံပရိသတ်ယုတ်ညံ့ခြင်း၏ နိမိတ်တည်း။

၂၀။ ရှည်ပြန့်လျှာဟန်၊ ဗြဟ္မာသံ၊ အာဏာလွန်ကဲစွာ။

လျှာ၏ ရှည်ပြန့်ခြင်း၊ ဗြဟ္မာမင်း၏ အသံနှင့်တူသောအသံ၏ ပြည့်စုံခြင်းလက္ခဏာနှစ်ပါးသည် စကားဩဇာ ကြီးမြတ်ခြင်း၊ အာဏာတိက္ကမထက်မြက်ခြင်း၏ နိမိတ်တည်း။ ပြန်ဘက်ကိုလည်းဆိုလေ။

၂၁။ မျက်နက်ရွှန်းစည်၊ မျက်ကွင်းကြည်၊ ချစ်မည်လူတိုင်းသာ။

အလွန်မည်းနက်ရွှန်းစည်သော မျက်နှာရှိခြင်း၊ မျက်မှောင်တွင်း ရွှန်းရွှန်း စက်ကြည်ခြင်း ဤလက္ခဏာနှစ်ပါးနှင့် ပြည့်စုံသောသူသည် မြင်သူတကာ အပေါင်းတို့ ချစ်ကြည်ရ၏။ မျက်နှာကြောင်သောသူ၊ မျက်ကွင်းမလှသော သူသည် လူချစ်လူခင် နည်းပါး၏ဟုဟောလေ။ အရပ်ဒေသသို့လိုက်၍ သိလေ။

၂၂။ သင်းကျစ်ချယ်ဆင် ဦးခေါင်းမြင် လူရှင်ခညောင်းရာ။

နဖူးသင်းကျစ်ရှိသောသူသည် မိုလ်လူအများ လိုက်စားခညောင်းရာဖြစ်၏ဟူ လို။ ဤကား ၃၂–ပါးသော လက္ခဏာတော်ကြီးတို့၏အကျိုးတည်း။ လက္ခဏာ တော်တို့ကိုလည်းကောင်း အကျိုးတို့ကိုလည်းကောင်း နှုတ်တတ်ရွရွရ၍ နေရာတကျ သိသောသူသည် လူကိုမြင်လျှင် အသံကိုကြားလျှင် အကျိုးအပြစ်ကိုသိနိုင်သည် များ၏။ အထက်ပါင်္ဂအနက်နှင့် ဤသံပေါက်ကိုအရဆောင်လေ။ နီမြန်းသော ခြေသည်းလက် သည်းရှိခြင်း၊ ခုံးသောလက်သည်းခြေသည်းရှိခြင်း အစရှိသည်ဖြင့် ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့သည်လည်း ကျမ်းဂန်၌လာကုန်၏။ အကျိုးဟောကိန်းအထူး မလာသောကြောင့် မပြလိုက်ပြီ။

လက္ခဏာတော်ကြီး ၃၂–ပါး ပြီး၏။

■ ■ ■

## လယ်တီခုနှစ်နေ့ဘုရားရှိခိုး

(၁) သုံးလူ့ရှင်ပင် ကျွန့်ထိပ်တင် သောင်းခွင်စကြဝဠာ နတ်ပြဟ္မာတို့ ညီညာရုံးစု တောင်းပန်မှုကြောင့် ရတုနဂိုရ် ရွှန်းရွှန်းစိုသည် ဝါဆိုလပြည့် ကြွက်မင်းနေ့ဝယ် ချမ်းမြေ့ကြည်ဖြူ သန္ဓေယူသည် နတ်လူငြိမ်းဘို့ ကိန်းပါကို။

(၂) သန္ဓေယူကာ ဆယ်လကြာသော် မဟာသက္ကရာဇ် ခြောက်ဆယ့်ရှစ်ကြို ကဆုန်လပြည့် သောကြာနေ့ဝယ် ချမ်းမြေ့စုံညီ လုမ္ဗိနီ၌ မဟီလိုက်ဆူ ဖွားတော်မူ သည် နတ်လူအောင်မြို့ လမ်းပါကို။

(၃) ဖွားမြင်မြောက်သော် ဆဲ့ခြောက်နှစ်ရွယ် ပျိုနုနယ်၌ သုံးသွယ်ရွှေနန်း သိမ်းမြန်းပြီးလစ် ဆဲ့သုံးနှစ်လျှင် ဘုန်းသစ်လျှံလူ စံတော်မူ၍ ရွယ်မူနုဖြိုး နှစ်ဆယ့်ကိုးဝယ် လေးမျိုးနိမိတ် နတ်ပြဟိတ်ကြောင့် ရွှေစိတ်တော်ပုံ သံဝေထုံက ကဆုန်လပြည့် ကျားမင်းနေ့ဝယ် ချမ်းမြေ့ရဂုံ တောရလုံ့သည် စုံမြိုင်ပင်ရိပ်ခမ်းမှာကို။

(၄) တောရပ်မြိုင်ပေါ် ခြောက်နှစ်ပျော်၍ ခါတော်တပုံ ပွင့်ချိန်ကြုံက ကဆုန်လပြည့် ဆင်မင်းနေ့ဝယ် မြေ့ပရမေ ပလ္လင်ဗွေထက် ရွှေညောင်တော်ကြီး ဗိတာန်ထီးနှင့် မငြိုးကြည်ဖြူ နေတော်မူလျှက် ရန်မြူခပင်း အမိုက်သင်းကို အရှင်းပယ်ဖျောက် အလင်းပေါက်က ထွန်းတောက်ဘုန်းတော် သောင်းလုံးကျော်သည် သုံးဖော်လူတို့ ငြိမ်းပါကို။

(၅) ဘုရားဖြစ်ခါ မိဂဒါသို့ စကြာရွှေဖွား ဖြန့်ချီသွား၍ ငါးပါးဝဂ္ဂီ စုံအညီနှင့် မဟိတစ်သောင်း တိုက်အပေါင်းမှ ခညောင်းလှကပ်လာ နတ်ဗြဟ္မာအား ဝါဆိုလပြည့် စနေနေ့ဝယ် ကြွေ့ကြွေ့လျှံတက် ဓမ္မစက်ကို မိန့်မြွက်ထွေပြား ဟောတော်ကြားသည် တရားနတ်စည် ရွှမ်းတယ်ကို။

(၆) တရားနတ်စည် ဆော်ရွှမ်းလည်က သုံးမည်ဘုံသိက် တသောင်းတိုက်ဝယ် ကျွတ်ထိုက်သသူ နတ်လူဗြဟ္မာ သတ္တဝါကို ခေမာသောင်သို့ ဖောင်ကူးတို့ဖြင့် ဆောင်ပို့ပြီးခါ ဝါလေးဆဲ့ငါး သက်ကားရှစ်ဆယ် စုံပြည့်ကြွယ်က ရာ့လေးဆယ့်ရှစ် သက္ကရာဇ်ဝယ် နယ်မလ္လာတိုင်း စံနိုင်းမယုတ် ကုသိနာရုံ အင်ကြင်းစုံ၌ ကဆုန်လပြည့် အင်္ဂါနေ့ဝယ် ချမ်းမြေ့နိဗ္ဗူ စံတော်မူသည် ဂုန်းဆူသောင်းလုံး ကျော်တယ်ကို။

(၇) နိဗ္ဗူစံပြီ ရှုမအီသား သိင်္ဂီရွှေလော့် အလောင်းတော်ကို ထိုရော်ကဆုန် လဆုတ်ကြုံ၍ ဂျွန်နေ့ဝယ် ခိုးငွေ့မနော ဓာတ်တေဇောလျှင် ရှင်စောဉာဏ်စက် ဓိဋ္ဌာန်ချက်ဖြင့် လျှံတက်ကော်ရော် မီးပူဇော်သည် မွေတော်ရှစ်စိတ် ကြွင်းတယ်ကို။

(၈) ထိုခုနှစ်နေ့ သာချမ်းမြေ့ကို ဆွေ့ဆွေ့ကြည်ဖြူ အာရုံယူလျှက် သုံးလူတို့ နတ် မြတ်ထက်မြတ်သား အထွတ်ခေါင်ဖျား ကိုယ်တော်ဘုရားကို သုံးပါးမွန်စွာ ဝန္ဒနာဖြင့် သဒ္ဒါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

■ ■ ■

## သာသနဝိသောဓနီကျမ်း ပဌမတွဲ

သာသနဝိသောဓနီကျမ်း ပဌမတွဲကို ပြုစီရင်တော်မူခဲ့လေသည်။ သာသနဝိသောဓနီကျမ်း ပဌမတွဲ –

ပရမတ်နှင့် ပညတ်ကိုမြင်သောတရားများ ဖြေရှင်းခန်း၊ သမ္ဗုဒ္ဓ၏စိတ်ကို ချီးမြှောက်ပုံနှင့် ဖိစီးပုံပြဆိုခန်း၊ ရတနာသုံးပါးကိုးကွယ်ရာ၌ အကျိုးကြီးပုံပြဆိုခန်း၊ သံဃာကိုပြစ်မှား၍ငရဲရောက်ပုံ၊ ရုပ်ပွားတော်နှင့်ဂုဏ်တော်ကို ရှိခိုးပုံပြဆိုခန်း၊ တရားတော်ကို ကိုးကွယ်ရာ၌ အကျိုးကြီးပုံဒါနတို့ကြောင့် သံသရာမရှည်၊ သီလအထူး၊ ဘာဝနာပွားများပုံ၊ ကုဋေ ၉၀၀၀–ကျော်သိက္ခာပုဒ်များ၊ ယခုအခါ သာသနာစစ်ရှိ မရှိရှင်းလင်းပုံ၊ သာသနာကွယ်ပခြင်းအကြောင်းပြဆိုပုံ ပုညကြိယဝိဝါဒကိုဖြေရှင်းပုံ၊ ဒသသီလဝိဝါဒကို ဖြေရှင်းပုံ၊ ကံဒွါရဝိဝါဒကို ဖြေရှင်းပုံ၊ ဝါဆိုဝါကပ်ဝိဝါဒကိုဖြေရှင်းပုံ၊ ကမ္မာအခြင်းအရာကိုပြဆိုပုံ၊ ဘာသာကြီးလေးရပ် ရှင်းလင်းပုံ၊ အတ္တ အနတ္တစိစစ်ချက်၊ ငှက်တွင်းဂိုဏ်းပုစ္ဆာ ၅–ချက်အဖြေ၊ ရှင်ဝိမလပုစ္ဆာ ၇–ချက်အဖြေတို့ ပါရှိလေသည်။ ယင်းကျမ်းကို ၁၉၅၄–ခုနှစ်က ရန်ကုန်မြို့၊ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့ရာ ဒီမိုင်းဆိုက်နှင့် ၃၃၅–မျက်နှာရှိလေသည်။

## သာသနသောဓနီကျမ်း ဒုတိယတွဲ

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် –

(၁) ငါသည်အသက်ကြီးရင့်ပြီ။ ကျမ်းဂန်များရေးသားနိုင်ခိုက်တွင် သာသနာ့အရှုပ်အထွေးများကို ရှင်းလင်းနိုင်သမျှ ရှင်းလင်းခဲ့ရာမှ သင့်လျော်မည်။ ယခုအခါ သာသနာတော်ကြီးမှာလည်း နာနာဝါဒများ ရှုပ်ထွေးလှ၏။ နာနာဝါဒရှုပ်ထွေးခြင်းသည် သာသနာတော်အားနည်းကြောင်းဖြစ်၏။

(၂) သာသနာ့ဒါယကာခေါ်သာသနာပြုမင်းများမရှိသည့်အခါ မိမိတို့ထင်မြင်သည့်အတိုင်း ပြောဆိုဟောကြားလေ့ရှိသည်မှာ သူတော်ကောင်းတို့စိတ်ကို ချောက်ချားစေသည်။ ယင်းသို့ မဟုတ်မမှန်ဟောကြားမှုများ ကြီးထွားလာလျှင် သာသနာ၌ ရောဂါဆိုးကြီးများ ဝင်လာသကဲ့သို့ဖြစ်သည်။

(၃) ရှေ့ကလည်း ဤကဲ့သို့ဝါဒဆိုးများ အမျိုးမျိုးထွန်းကားလာသဖြင့် သင်္ဂါယနာတင်ပွဲကြီးများ အကြိမ်ကြိမ် ဆင်ယင်ကျင်းပတော်မူခဲ့ကြရသည်။

ဤသို့ နှလုံးသွင်းဆင်ခြင်တော်မူ၍ မရှင်းမလင်းသည့်အချက်အလက်များကို မေးလျှောက်လာတိုင်း ဖြေရှင်းသုတ်သင်အဆုံးအဖြတ်ပေးတော်မူခဲ့လေသည်။ ယင်းဖြတ်ချက်များကိုစုပေါင်း၍ သာသနဝိသောဓနီဟု ကျမ်းစာပြုလုပ်ရာ ထင်ရှားလျက်ရှိပေသည်။

ဤသာသနဝိသောဓနီ ဒုတိယတွဲ၌– ဘုန်းကြီးနှင့်သက်သေမှုအတွက် ဆရာတော်ကြီးမိန့်ဆိုချက်၊ ယမိုက်ပုစ္ဆာငါးချက်အဖြေ၊ သစ္စာ ၂–ပါးပြဆိုခန်း၊ နိရုတ္တိပထသုတ်အဓိပ္ပါယ်၊ မူလပရိယာယသုတ်အဓိပ္ပါယ်၊ ဓမ္မဿဝနဂါရဝ အဂါရဝ ဝိနိစ္ဆယ၊ ပဋ္ဌာန်းပုစ္ဆာရှစ်ချက်အဖြေ၊ ခရစ်ယာန်ရှွေချိန်ခွင်အဆိုဆရာတော်ရှင်းလင်းချက်၊ ကုက္ကုစ္စဝိနိစ္ဆယ၊ အတ္တသညာနှင့် ဗျဉ္ဇနသဒ္ဒါအဆုံးအဖြတ်၊ အရဏ်နှင့်ဝါဆိုဝါကပ်အဆုံးအဖြတ်၊ မြို့သာမြို့အုပ် ဦးလူကလေး ပုစ္ဆာရှစ်ချက်အဖြေ၊ သညာဝိညာဏ် ပညာအဆုံးအဖြတ်၊ စေတီယာဒိဝိနိစ္ဆယ၊ စေတီယင်ပြင်ဖိနပ်စီးအမှုအဆုံးအဖြတ်၊ စေတီယင်္ဂဏဝိနိစ္ဆယ၊ မဏ္ဍပ်တွင်း၌တည်လျက် သိမ်နှုတ်သင့် မနှုတ်သင့်၊ ဝိသုံဂါမဝိနိစ္ဆယ၊ သဒ္ဒါနှင့်ဆိုင်ရာအဆုံးအဖြတ်၊ ဒုတိယတွဲ ဒီမိုင်းဆိုက် ၂၇၄–မျက်နှာရှိသည်။

## သာသနဝိသောဓနီကျမ်း တတိယတွဲ

သာသနဝိသောဓနီကျမ်း တတိယတွဲ၌ –

ဘွဲ့တံဆိပ်တော်နှင့်စပ်၍ ဆရာတော်ကြီးမိန့်ဆိုချက်၊ ကမ္ဘဝါစာဖတ်မှု၊ သရဏဂုံပေးမှု၌ အရေးကြီးသောအချက်များ၊ ဥပဇ္ဈာယဂ္ဂဟဏဝိနိစ္ဆယ၊ သေနကဝိနိစ္ဆယ၊ ဥပသမ္ပဒဝိနိစ္ဆယ၊ ဘာတည်ရာဆယ်၏ စကားလေးခွန်းအဖြေ၊ မြတ်စွာဘုရား ဝိဘဇ္ဇဝါဒီဟုတ်မဟုတ်အဖြေ၊ ကျောက်မြောင်းအတွင်းဝန်မင်းသို့ပေးစာ၊ မောင် ရောင်နီ၏ပုစ္ဆာ ၅–ချက်အဖြေ၊ နာမ်ဇီဝိတိန္ဒြေအဆုံးအဖြတ်၊ မင်းကင်းပုစ္ဆာအဖြေ၊ ဗုဒ္ဓစုတိစိတ္တာရမ္မဏဝိနိစ္ဆယ၊ လယ်တီစာစပ်နည်းနှင့် စာသင်နည်း၊ ဣန္ဒဝံသဇီရာအဖြေ စသည်တို့ပါရှိလေသည်။ တတိယတွဲ ၂၆၆–မျက်နှာရှိလေသည်။

ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် သာသနဝိသောဓနီစာမူကြီး ရန်ကုန်မြို့ ဟံသာဝတီပုံနှိပ်တိုက်သို့ပို့လိုက်ရာ ဟံသာဝတီပုံနှိပ်တိုက်ပိုင်ရှင်များက သာသနာပြုသည့်အနေဖြင့် ပုံနှိပ်ထုတ်ဝေခဲ့ကြကုန်၏။

သာသနာဝိသောဓနိမှိ၊ သောဓနေ ဒဠှမာနသော။
လယ်တီထေရော ကဝိသေဋ္ဌော၊ ရစယိတ္တ သုဇာတိမာ။

## သမ္ဘပ္ပလာပ ဝိနိစ္ဆယကျမ်း

မော်လမြိုင် ဒိစကြိတ် ဖားအံမြို့နယ်ပိုင် ဝန်ထောက်ဦးကျော်ထွန်း လျှောက်ထားသဖြင့် သမ္ဘပ္ပလာပဝိနိစ္ဆယကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ဆရာတော်ဘုရားကြီးသည် –

"မော်လမြိုင် ဒိစကြိတ် ဖားအံမြို့နယ်ပိုင်ဝန်ထောက်မောင်ကျော်ထွန်း၏ သမ္ဘပ္ပလာပလျှောက်လွှာကို ဖြေဆိုရန်အချက်မှာ သီလက္ခန်ပါဠိတော်နှင့် ၎င်းအဖွင့် အဋ္ဌကထာဋီကာစကားများကို အစိတ်စိတ်ထုတ်ဖော်၍ ရှင်းလင်းလိုက်ဦးအံ့" ဟု အဘိယာစက၊ ပဋိညာဉ်ကိုဖော်ပြ၍ သမ္ဘပ္ပလာပဝိနိစ္ဆယကျမ်းကို ပြုစီရင်တော်မူခဲ့လေသည်။

## သမ္ဘပ္ပလာပကျမ်းစာအုပ်များ

ယခုအခါ သာသနာပဖြစ်ကြကုန်သော ဗြာဟ္မဏဟိန္ဒူလူမျိုးတို့သည် လေးလေးမြတ်မြတ် လေ့ကျက်အပ်ကုန်သော သက္ကတဘာသာဖြင့် ကျမ်းစာစောင်ထုံးဖွဲ့ စီရင်၍ထားအပ်ကုန်သော ရာမပုရာဏ်ကျမ်း၊ ဘာရတပုရာဏ်ကျမ်း အစရှိကုန်သော ပုရာဏ်ကထာကျမ်းမျိုးတို့ပေတည်း။ ဤကဲ့သို့ ယခုရှိနေကြသော ထိုပုရာဏကျမ်း များကဲ့သို့သဘောရှိသော နိရတ္ထကကထာကျမ်းစာအုပ်မျိုးဟူသမျှသည် သမ္ဘပ္ပလာပ ကျမ်းစာအုပ်သည်သာတည်းဟူ၍ ဆရာတော်ဘုရားကြီးက မိန့်ဆိုတော်မူလေသည်[၁] ။

အပျင်းပြေ အပြီးပြေစိတ်ပျော်ရွှင်မှုရုံအခွင့်ရှိသော စကားမျိုးသည် အကျိုးမဲ့စကားမျိုးမည်၏။ ငါတို့နိုင်ငံမှာ ဤအကျိုးမဲ့နှင့်အချိန်ကုန်မှုသည် အစဉ်ထာဝရ ပြည့်လျှက်ရှိ၏[၂] ။

သံဝေဂတရားဖြစ်ပွားခြင်းကို အလိုရှိရင်းဖြစ်ခဲ့သော် အကတပုရေက္ခာရ၊

---

၁။ သမ္ဘပ္ပလာပဝိနိစ္ဆယ–၁၁။

၂။ သမ္ဘပ္ပလာပဝိနိစ္ဆယ–၁၈။

ဓမ္မပုရေက္ခာရ၊ ဝိနယပုရေက္ခာရ မျိုးဖြစ်ပေ၍ သမ္ဗုဒ္ဓလာပအဖြစ်မှ လွတ်ကင်းရာ၏။ အဋ္ဌကထာတို့မူကား-

မြတ်စွာဘုရားသည် မဟာသုဒဿနသုတ်ကိုဟောတော်မူရာ၌ မဟာသုဒဿနဇာတ်အဆုံးမှာ "**ဝေဝံ အနိစ္စာ သင်္ခါရာ၊ ဝေဝံ အဓုဝါ သင်္ခါရာ**" ဟု အနိစ္စကိုအုပ်တော်မူသကဲ့သို့ ရာဇကထာစသည်ကိုပြောဆိုပြီးကြရာ၌ အဆုံးမှာ ခယဝယအနိစ္စအုပ်ခဲ့လျှင် တိရစ္ဆာနကထာအဖြစ်မှလွတ်၏ဟုဆိုကြ၏[၁] ။ ဆရာတော်ဘုရားကြီးသည် ဦးကျော်ထွန်းအလိုရှိသော အတ္တုပနာယိက ဓမ္မပရိယာယသုတ္တန်ဒေသနာကိုလည်း အနက်ယောဇနာ၍ ပေးတော်မူသည်။

ဆရာတော်ဘုရားကြီးသည် အလွန်အလုပ်ရှုပ်သည့်အထဲက ယင်းအဆုံးအဖြတ်ကိုချီးမြှောက်တော်မူလေသည်။ ယင်းအဆုံးအဖြတ်ကို ၁၂၉၀-ပြည့်နှစ်တွင် မန္တလေးမြို့ ဓားတန်းဂုဏဝတီစာပုံနှိပ်တိုက်၌ရိုက်ရာ ဒီမိုင်းဆိုက် ၃၆-မျက်နှာရှိလေသည်။ စာအုပ်မျက်နှာဖုံး၌ "မော်လမြိုင်မြို့နယ် ဖားအံမြို့နယ်ပိုင်ဝန်ထောက်မင်း ဦးကျော်ထွန်းမေးလျှောက်ချက်အရ ပိဋကတ္တယပါဠိတော်ဂုဏ်ဆူကြောင်းသတင်းသာလှသော မုံရွာမြို့ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ လယ်တီဆရာတော်ဘုရားကြီး ဖြေကြားတော်မူအပ်သော သမ္ဗုဒ္ဓလာပဝိနိစ္ဆယကျမ်းစာအုပ်ရှင် မင်းကတော်ကြီး မမညွန့် ရတနာပုံစာအုပ်တိုက်ဆိုင်ကြီး ဆိုင်နံပါတ်(၃-၄-၅) ဈေးချိုတော်ပြင် ဘက်တန်း မန္တလေးမြို့ဟု ပါရှိလေသည်။

**သမ္ဗုဒ္ဓလာပနိစ္ဆယ-ဂန္ထော ဂန္ထေသု ဉာဏိနာ။**
**လယီတကဝိနာ လယ်တီ-ယတိနာ ရစိတော ဟိ ခေါ။**

## ဓာတ်ကမ္မဋ္ဌာန်းကျမ်းသစ်

လယ်တီဆရာတော်ဘုရားကြီးသည် ဓာတ်ကမ္မဋ္ဌာန်းကျမ်းသစ်ကိုလည်း ဝတ်ကျောင်းများ၌ပွားများရန်၊ ဆိတ်ငြိမ်ရာ၌ပွားများရန်ရည်သန်၍ ကရုဏာရှေ့ထား ရေးသားစီရင်တော်မူခဲ့လေသည်။ ဤကျမ်း၌ ရှေးဦးစွာ-

"အတ္တိ ဣမသ္မိံ မေ ကာယေ ပထဝီကာယာ အာပေါကာယာ တေဇောကာယာ ဝါယောကာယာ ဝိညာဏကာယာ"ဟူ၍ ဥဒ္ဒေသပါဠိတော်ကိုထုတ်ပြ၍ နိဒ္ဒေသအဖွင့်ကို ပြုစီရင်တော်မူခဲ့လေသည်။

နိဂုံး၌- "ဣတိ ဣမသ္မိံ မေ ကာယေ အဋ္ဌစတ္တာလီသပဘေဒါ၊ ဓာတုကာယာ၊ ဓမ္မကာယာ၊ သခ်တာ၊ ပဋိစ္စသမုပ္ပန္နာ၊ နိဿတ္တာ၊ နိဇ္ဇီဝါ၊ တုစ္ဆာ၊ သုညာ၊ ခယဓမ္မာ၊ ဝယဓမ္မာ၊ ဝိရာဂဓမ္မာ၊ နိရောဓဓမ္မာ၊ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ"ဟု ဖော်ပြပါရှိလေသည်။ ယင်းဓာတ်ကမ္မဋ္ဌာန်းကျမ်းပါဠိသည် ရှိုင်ဆိုက်ဖြင့် ၃-မျက်နှာကျော်ကျော်သာရှိသည်။ ဆက်လက်၍ ယင်းဓာတ်ကမ္မဋ္ဌာန်းပါဠိတော်အနက်ကို အဓိပ္ပါယ်ကိုပါ ဆက်လက်ပြုစီရင်တော်မူခဲ့လေသည်။

ဓာတ်ကမ္မဋ္ဌာန်းကျမ်းအဆုံး၌ ရောဂါဆိုး အနာဆိုး ကပ်ဥပါဒ်ဆိုး အမျိုးမျိုးတို့မှ ကင်းလွတ်စေတတ်သော အောက်ပါအန္တရာယ်ကင်း ဂါထာပါဠိအနက်ကိုလည်း အသက်ထက်ဆုံး စွဲစွဲမြဲမြဲရွတ်ဆိုရန် စီရင်တော်မူခဲ့လေသည်။

၁။ ဗုဒ္ဓေါဝ မင်္ဂလော လောကေ၊ ဒေဝဗ္ရဟ္မနမဿိတော။
ဗုဒ္ဓံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

၂။ ဓမ္မောဝ မင်္ဂလော လောကေ၊ သဗ္ဗပါပဝိနာသကော။
ဓမ္မံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

၃။ သံဃောဝ မင်္ဂလော လောကေ၊ ဘယဝေရဝိနာသကော။
သံဃံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

၄။ တေဝ် ခေါ် သရဏံ ခေမံ၊ တေမင်္ဂလမုတ္တမံ။
တေဝ် မင်္ဂလမာဂမ္မ၊ သဗ္ဗပါပါ ပမုစ္စရေ။

၅။ တေဝ် ခေါ် သရဏံ ခေမံ၊ တေဝ် သရဏမုတ္တမံ။
တေဝ် သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

၆။ တေဝ် ခေါ် ရတနံ ခေမံ၊ တေဝ် ရတနမုတ္တမံ။
တေဝ် ရတနမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

၁။ လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်သာ လျှင်။ မင်္ဂလော၊ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့တွင် အတုမရ အဘက်မရ လွန်မြတ်လှသော အနုတ္တရမဟာမင်္ဂလာကြီးအစစ်ဖြစ်တော်မူပေ၏။ ဒေဝက္ကန္ဒ ပြဟ္မိသရော၊ ဘုန်းတန်ခိုးကျဒ္ဓိပါဒ် လွန်ကြီးမြတ်သော နတ်မင်းအပေါင်း သိကြား မင်းအပေါင်း ပြဟ္မာမင်းအပေါင်းတို့ကို အစိုးရတော်မူပေ၏။ ဗုဒ္ဓံသရဏံ၊ ဘုရားတည်း ဟူသောကိုးကွယ်ရာကို။ အာဂမ္မ၊ ကိုးကွယ်သမှုအစွဲပြု၍။ သတ္တာ၊ နတ်လူပြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗဒုက္ခာ–သဗ္ဗဒုက္ခေဟိ၊ ခပ်သိမ်းသော ဒုက္ခအပေါင်းတို့မှ။ ပမုစ္စရေ၊ ပမုစ္စန္တို၊ ကင်းလွတ်ကြရကုန်၏။

၂။ လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ ဓမ္မော၊ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်တရားတော်မြတ်သည်သာလျှင်။ မင်္ဂလော၊ တရားအပေါင်းတို့တွင် အတုမရ အဘက်မရ လွန်မြတ်လှသော အနုတ္တရမဟာမင်္ဂလာကြီးအစစ်ဖြစ်တော်မူပေ၏။ သဗ္ဗပါပဝိနာသကော၊ ဆိုးဝါးညစ်ညမ်း ကြမ်းတမ်းယုတ်မာ မကောင်းစွာသော မိစ္ဆာဓမ္မဟူသမျှတို့ကို မြူမျှမကျန် ပယ်လှန်ဖျက်ဆီးတော်မူနိုင်ပေ၏။ ဓမ္မံသရဏံ၊ တရားတည်းဟူသော ကိုးကွယ်ရာကို။ အာဂမ္မ၊ ကိုးကွယ်သမှုအစွဲပြု၍။ သတ္တာ၊ နတ်လူပြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗဒုက္ခာ၊ သဗ္ဗဒုက္ခေဟိ၊ ခပ်သိမ်းသောဒုက္ခ အပေါင်းတို့မှ။ ပမုစ္စရေ–ပမုစ္စန္တို၊ ကင်းလွတ်ကြရကုန်၏။

၃။ လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ သံဃော၊ မြတ်စွာဘုရား၏ တပည့်သံဃာတော်မြတ်သည်သာလျှင်။ မင်္ဂလော၊ အပေါင်းအများ တပည့်သားအစု တွင် အတုမရ အဘက်မရ လွန်မြတ်လှသော အနုတ္တရမဟာမင်္ဂလာကြီးအစစ်ဖြစ် တော်မူပေ၏။ ဘယဝေရဝိနောဒနော၊ ခပ်သိမ်းသောဘေး ခပ်သိမ်းသောရန်သူတို့ကို ပယ်လှန်ဖြေဖျောက်တော်မူပေ၏။ သံဃံသရဏံ၊ သံဃာတည်းဟူသော ကိုးကွယ်ရာ ကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာ၊ နတ်လူပြဟ္မာသတ္တဝါတို့သည်။ သဗ္ဗဒုက္ခာ–သဗ္ဗဒုက္ခေဟိ၊ ခပ်သိမ်းသောဒုက္ခအပေါင်းတို့မှ။ ပမုစ္စရေ–ပမုစ္စန္တို၊ ကင်း လွတ်ကြရကုန်၏။

၄။ ခေါ၊ စင်စစ်။ တေံမင်္ဂလံ၊ ဤဘုရားတရားသံဃာမင်္ဂလာသုံးပါးသည်သာ လျှင်။ ခေမံ၊ ဘေးရန်ကင်းရာ မင်္ဂလာအစစ်ဖြစ်ကြီး ဖြစ်တော်မူပေ၏။ တေံ– မင်္ဂလံ၊ ဤဘုရား တရား သံဃာ မင်္ဂလာသုံးပါးသည်သာလျှင်။ ဥတ္တမံ၊

လောကအားလုံး၌ အမြတ်ဆုံးသော မင်္ဂလာကြီးဖြစ်တော်မူပေ၏။ တော်မင်္ဂလံ၊ ဤဘုရားတရားသံဃာ မင်္ဂလာကို။ အဂမ္မ၊ ကိုးကွယ်သမှုအစွဲပြု၍။ သတ္တာ၊ နတ်လူပြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗပါပါ-သဗ္ဗပါပေတိ၊ ခပ်သိမ်းသော အယုတ်တမာ မိစ္ဆာဓမ္မ ဟူသမျှတို့မှ။ ပမုစ္စရေ-ပမုစ္စန္တိ၊ ကင်းလွတ်ကြရကုန်၏။

၅။ ခေါ၊ စင်စစ်။ တော်သရဏံ၊ ဤဘုရားတရားသံဃာ ကိုးကွယ်ရာသုံးပါးသည်သာလျှင်။ ခေမံ၊ ဘေးရန်ကင်းရာ ကိုးကွယ်ရာအစစ်ဖြစ်ကြီးဖြစ်တော်မူပေ၏။ တော်သရဏံ၊ ဤဘုရားတရားသံဃာ ကိုးကွယ်ရာသုံးပါးသည်သာလျှင်။ ဥတ္တမံ၊ လောကအားလုံး၌ အမြတ်ဆုံးသောကိုးကွယ်ရာကြီးဖြစ်တော်မူပေ၏။ တော်သရဏံ၊ ဤဘုရားတရားသံဃာ ကိုးကွယ်ရာသုံးပါးကို။ အာဂမ္မ၊ ကိုးကွယ်သမှုအစွဲပြု၍။ သတ္တာ၊ လူနတ်ပြဟ္မာသတ္တဝါတို့သည်။ သဗ္ဗဒုက္ခာ-သဗ္ဗဒုက္ခေဟိ၊ ခပ်သိမ်းသော ဒုက္ခအပေါင်းတို့မှ။ ပမုစ္စရေ-ပမုစ္စန္တိ၊ ကင်းလွတ်ကြရကုန်၏။

၆။ ခေါ၊ စင်စစ်။ တော်ရတနံ၊ ဤဘုရားတရားသံဃာ ဤရတနာသုံးပါးသည်သာလျှင်။ ခေမံ၊ ဘေးရန်ကင်းရာ ရတနာအစစ်ဖြစ်ကြီးဖြစ်တော်မူပေ၏။ တော်ရတနံ၊ ဤဘုရားတရားသံဃာ ရတနာသုံးပါးသည်သာလျှင်။ ဥတ္တမံ၊ လူရပ်နတ်ရွာ ရတနာအားလုံးတို့ထက် အမြတ်ဆုံးသော ရတနာဖြစ်တော်မူပေ၏။ တော်ရတနံ၊ ဤဘုရားတရားသံဃာ ရတနာသုံးပါးကို။ အဂမ္မ၊ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာ၊ နတ်လူပြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗဒေါသာ-သဗ္ဗဒေါသေဟိ၊ ခပ်သိမ်းသော အပြစ်ဒေါသဟူသမျှတို့မှ။ ပမုစ္စရေ-ပမုစ္စန္တိ၊ ကင်းလွတ်ကြရကုန်၏[၁]။

ဋင်းကျမ်းသည် ရှိုင်ဆိုက်စာမျက်နှာ ၄၀-ခန့် ရှိလေသည်။

ဓာတုကမ္မဋ္ဌာနသုဂန္ထ-သေဋ္ဌောတိ သေဋ္ဌဉာဏိနာ။
ကဝိနာ လယ်တီထေရေန၊ သမ္ဗုဒ္ဓေတော ဟိတတ္ထိနာ။

---

၁။ ဤ ၆-ဂါထာကို ပါဠိသက်သက်အိပ်ရာဝင်လျှင် နေ့စဉ်သက်စေ့ရွတ်ရာ၏။ သားငယ်သမီးငယ်ရှိသောမိဘများ သားငယ်သမီးငယ်များအတွက် ပိုရွတ်ရာ၏။ အနက်ကိုမူ တစ်နေ့တစ်ခေါက်ကျခန့် ရွတ်ရာ၏။

## အလင်းကျမ်း

ဆရာတော်ဘုရားကြီးသည် အလင်းကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၇၂–ခုနှစ်၊ ကဆုန်လအတွင်းက ရေဦးမြို့ တရားမဏ္ဍပ်ကြီး၌ တထောင်ကျော်မျှလောက်သော ရဟန်းရှင်လူပရိသတ်ကြီးအား အမိုက်ကြီး ၅–ပါး၊ အလင်းကြီး ၅–ပါးကို ဟောပြတော်မူရာ အမိုက်ကြီး ၅–ပါးမှကျွတ်လွတ်၍ အလင်းကြီး ၅–ပါးဖက်သို့ သက်ရောက်ပါဝင်လိုကြသူ ရဟန်းရှင်လူ သူတော်တို့အကျိုးငှာ အလင်းသစ်ကျမ်းစာအုပ်ကို စီရင်ပါမည့်အကြောင်း ရေဦးမြို့နယ်ပိုင် ဝန်ထောက်မင်း ဦးစံမင်း၊ မြို့ပိုင်မြို့အုပ် ဦးပေါ်ရှန်၊ တန့်ဆည်မြို့အုပ် ဦးဘိုးဆိပ်၊ ဒီပဲရင်းမြို့အုပ် ဦးထိပ်တင်ဝ၊ တမာတောမြို့အုပ် ဦးထိပ်တင်ကြီးတို့က လျှောက်ထားကြသည်ကား တစ်ကြိမ်၊ ၁၂၇၂–ခုနှစ်၊ တပေါင်းလဆန်း ၇–ရက်နေ့ည မန္တလေးမြို့ ဒေါင်းရိုးရပ်ကွက် တရားမဏ္ဍပ်၌ ရဟန်းရှင်လူ ၅–ထောင်ကျော်ခန့်တို့ အား ၎င်းအလင်းကြီး ၅–ပါးတို့ကို စေ့စပ်သေချာ ဒေသနာတော်အစဉ်မပျက် ဟောမြွက်တော်မူလေရာ ဗုဒ္ဓဘာသာဝင် ရှင်လူအများတို့အား ၎င်းအလင်းတရား ၅–ပါးတို့ကို ထင်ရှားစွာ ရရှိစေခြင်းအကျိုးငှာ အလင်းကျမ်းကို ရေးသားပြုစုချီးမြှင့် ပါမည့်အကြောင်း မန္တလေးမြို့နေ ဆရာတော်ဘုရားကြီး၏ တပည့်ရင်း အရှင်မာလာသည် ရှိသေညွတ်ပျောင်း လျှောက်ထားသည်တစ်ကြိမ်၊ ယင်းသို့ အကြိမ်ကြိမ်လျှောက်ထား တောင်းပန်ကြခြင်းကြောင့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် ဤမည်သော အလင်းကျမ်းကြီးကို ကြိုးပမ်းအားသစ်စီရင်တော်မူခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် ဤအလင်းကျမ်း၌–

(ဆောင်) ကမ်ဓမ်ပစ်လက်၊ နိဗ်ငါးချက်၊ ဖုံးဝှက်အမိုက်ငါး။ ဟူသည်နှင့်အညီ–

(၁) ကမ္မသမ္မောဟအမိုက်ကြီးတစ်ပါး၊

(၂) ဓမ္မသမ္မောဟအမိုက် ကြီးတစ်ပါး၊

(၃) ပစ္စယသမ္မောဟအမိုက်ကြီးတစ်ပါး၊

(၄) လက္ခဏာသမ္မောဟအမိုက်ကြီးတစ်ပါး၊

(၅) နိဗ္ဗာနသမ္မောဟအမိုက်ကြီးတစ်ပါးအားဖြင့် အမိုက်ကြီး ၅–ပါးတို့ကိုလည်းကောင်း၊

(ဆောင်) ကမ်ဓမ်ပစ်လက်၊ နိဗ်ငါးချက်၊ ပေါ်ထွက်အလင်းငါး။ ဟူသည်နှင့်အညီ–

(၁) ကမ္မဿကတာဉာဏ်အလင်းတစ်ပါး၊

(၂) ဓမ္မဝဝတ္ထာနဉာဏ်အလင်းတစ်ပါး၊

(၃) ပစ္စယဝဝတ္ထာနဉာဏ်အလင်းတစ်ပါး၊

(၄) လက္ခဏာပဋိဝေဓဉာဏ်အလင်းတစ်ပါး၊

(၅) နိဗ္ဗာနပဋိဝေဓဉာဏ်အလင်းတစ်ပါး–အားဖြင့် အလင်း ၅–ပါးတို့ကို လည်းကောင်း အကျယ်ဝေဖန်ပြတော်မူခဲ့လေသည်။ ယင်းကျမ်းမှာ ရှိုင်ဆိုက် စာမျက်နှာ ၆၁–ရှိလေသည်။

**အလင်းကျမ်းက္လတိပညာတံ၊ ဂန္ထမ္ပိ ကထိကော မဟာ။**
**မဟတာ ပရိဿမေန၊ အကာ ဒဠှပရက္ကမော။**

## နိဗ္ဗာနဝိဿဇ္ဇနာကျမ်း

ဆရာတော်ဘုရားကြီးသည် ဝန်ထောက်မင်းဦးရွှေစံအောင် လျှောက်ထားသ ဖြင့် နိဗ္ဗာန်နှင့်စပ်သည့်ပုစ္ဆာ ၁၅–ချက်အဖြေကိုလည်း နိဗ္ဗာနဝိဿဇ္ဇနာအမည်ဖြင့် ပြုစီတော်မူခဲ့လေသည်။ ယင်းအဖြေကို ၁၂၇၉–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄–ရက်နေ့က ပေးပို့တော်မူခဲ့လေသည်။ ဆရာတော်ကြီးကား လွန်စွာ နက်နဲကျယ် ဝန်းသောဉာဏ်နှင့် ပြည့်စုံတော်မူလေသည်။

**လယ်တီဝှယော ယတိသေဋ္ဌော၊ တိတိက္ခဉာဏိကော သုမီ။**
**သုမီတမဿ စက္ကဿ၊ ဝုဒ္ဓိယာ ကိစ္စကာရကော။**

## ဆုံးမစာ

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးသည် သံသာရဘီရုကပုဂ္ဂိုလ်ကြီး စင်စစ်ဖြစ်တော်မူသည်။ မိမိကိုယ်တိုင်ကလည်း သံသရာဘေးကြောက်၍ အများ ပုဂ္ဂိုလ်တို့အားလည်း သံသရာဘေးမှ ကြောက်ရွံ့စေလိုသည်။ အထူးသဖြင့် မာန်မာန ထောင်သော မုံရွာမြို့ အဘိဓမ္မဆရာကြီးဦးသဲအား သံဝေဂရရန် အောက်ဖော်ပြပါ ဆုံးမစာဖြင့် ဆုံးမတော်မူခဲ့လေသည်။

ဆိုပိမ့်မညာ စေ့စေ့နာလော့ ဂဂ်ါသဲမျှ ပွင့်ကြကုန်သား ဘုရားသာသနာ ခေတ်အခါဝယ် လူ့ရွာနတ်ဌ နင်ကြုံကြိုက်လည်း အမိုက်မချွေ အလိုက်နေ၍ အခြေမကြီး အချည်းနှီးလျှင် ရီးတီးယောင်တောင် ခတိုင်အောင်တည့် သန်းခေါင်လ ကွယ် တောအုပ်လယ်၌ ရှစ်နယ်ပတ်လုံး အပြည့်ဖုံးသည့် မိုးလုံးတိမ်တိုက် လျှပ်မ ကြိုက်သား အမိုက်အပြား အင်လေးပါးထက် နင်ကားရာထောင် မကမှောင်၏ လူ့ဘောင်လူ့ရွာ သာသနာ၌ ကြုံမှာတော်ဤ ယခုတွေ့လည်း အလေ့မလွဲ အများ နဲလျှင် မိုက်မြဲနှင်နှင် မိုက်စခွင်၏ မျက်မြင်လောက ဤဘဝကား ဒုက္ခစင်းစင်း ချမ်းသာကင်း၏ သေမင်းအစာ နင့်ခန္ဓာကို တဏှာဘီလူး အမှောင့်ပူး၍ အရှူးပြင်ပြင် နင့်ကိုယ်ထင်၏ နင်နှင့်မဆိုင် နင်ပိုင်မဟုတ် နင့်ရုပ်နင့်နာမ် နင့်သဏ္ဍာန်ကို နင်ဉာဏ် မစူး အပေါ်ဖြူး၍ မူးမူးမေ့မေ့ အများလေ့ဖြင့် နေ့ရက်အပုံ လွန်ခဲ့တုံပြီ အာရုံဝတ္ထု မီးစာစုကို မှုမှုရရ နင်အားကျလည်း ထားပြသေမင်း သူ့တပ်နင်းက မငြင်းဆန်သာ နင့်ခန္ဓာသည် ပြာပုံအပြီး ဖြစ်လုနီးပြီ ရီးတီးယားတား သေ၍သွားလည်း တရားမ ကြွယ် အထုပ်ငယ်လျက် အပါယ်စခန်း သွားမြဲလမ်း၌ တပန်းဟိုက်ဟိုက် တရှိုက်ငင် ငင် တငြင်ငြိုငြို ဆင်းရဲပိုလျှက် ထိုထိုဝဝ အနန္တလျှင် အစမဆုံး အများထုံးတည့်။ အနှုန်းမပျက် အောက်နရက်ဝယ် တသက်နွယ်နွယ် အမြစ်တွယ်သို့ အပါယ်ထိုထို ဥဒဟိုသည် နင်လိုလူမိုက် သွားလမ်းတည်း။

## ဝိရတီသီလဝိနိစ္ဆယကျမ်း

ဝိရတီသီလဝိနိစ္ဆယကျမ်းကိုလည်း ၁၂၇၃–ခုနှစ်၊ တပိုတွဲလပြည့်ကျော် ၁၀–ရက်နေ့က အပြီးသတ်ပြုစီရင်တော်မူခဲ့လေသည်။ ယင်းဝိရတီသီလဝိနိစ္ဆယ ကျမ်း၌– ကုသလကမ္မပထတရား ၁၀–ပါးအဓိပ္ပါယ်၊ ဝိရတီသီလကမ္မပထကြီး ၇–ပါး၊ ဝိရတိ ၃–ပါးနှင့် ဝဋ္ဋနိဿိတအခွဲ၊ ဒွါရဉ်ဝိရတီ ၃–ပါးအထူး သမ္ပတ္တ စသောဝိရတီ ၃–ပါးအထူး၊ သမာဒါနဝိရတီအကျယ်၊ သမ္မာဝါစာဝိရတီသီလကို ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရ ခံယူပုံ၊ ဝိရတီသီလ ၇–ပါးကို ဒွါရ ၃–ပါးဖြင့်ခံယူပုံ၊ လူတို့၏သီလစသည်တို့ကို ဖော်ပြရေးသားတော်မူခဲ့လေသည်။ ကျမ်းဦး၌ ဂန္ထာရမ္ဘ စကားတစုံတရာမပါရှိပါချေ။ ကျမ်း၏အဆုံး၌ "၁၂၇၃–ခုနှစ်၊ တပိုတွဲလဆုတ် ၁၀–ရက်နေ့ ဝိရတီသီလဝိနိစ္ဆယ ပြီး၏"ဟု ပါရှိလေသည်။ ယင်းကျမ်းသည် ၁၉၅၂–ခုနှစ်ခန့်က ရန်ကုန်မြို့ ဟံသာဝတီပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေခဲ့ရာ ဒိမိုင်းဆိုက် ၈၁–မျက်နှာရှိလေသည်။

ဝိရတီသီလနိဿယော၊ နိဿယေ တိကဉာဏိနာ။
သန္တေန လယ်တီထေရေန၊ ရစိတော ထိရသီလိနာ။

## အာဇီဝဋ္ဌမကသီလ အဆုံးအဖြတ်

လယ်တီဆရာတော်ဘုရားကြီးသည် အာဇီဝဋ္ဌမကသီလအဆုံးအဖြတ်ကိုလည်း ပုသိမ်မြို့ ရုံးအင်စပိတ်တော်ဦးကျော်ဇံ လျှောက်ထားတောင်းပန်သဖြင့် ပြုစီရင်တော်မူခဲ့လေသည်။ ယင်းအာဇီဝဋ္ဌမကသီလ အဆုံးအဖြတ်၌ ၈-ပါးသီလ အကျဉ်းမှတ်ဖွယ် အကျယ်တို့ပါရှိလေသည်။ ယင်းကျမ်းသည် ရန်ကုန်မြို့ ဟံသာဝတီ ပုံနှိပ်တိုက်ရိုက် ဒီမိုင်းဆိုက်စာမျက်နှာ ၂၀-ရှိလေသည်။

အာဇီဝဋ္ဌမကသီလ-နိဿယမ္ပိ သုနိဿယော။
မဟာထေရော ရစယိတ္ထ၊ ပသိဒ္ဓေါ သာသနမ္ဗရေ။

## ဝိကာလဘောဇနေသိက္ခာပုဒ်အဆုံးအဖြတ်

အဋ္ဌင်္ဂဥပုသ်ကို ဆောက်တည်ပြီးသူသည် နေလွဲသောအခါ အနာရောဂါဟူသော ဂေလညအကြောင်းမရှိပဲ ကွမ်းစားမှုဆေးသောက်မှုများပြုလျှင် ဆောက်တည်အပ်သော ဝိကာလဘောဇနေသိက္ခာပုဒ် ပျက်၊ မပျက်သိလိုပါကြောင်းဖြင့် ၁၂၆၀-ပြည့်နှစ် တော်သလင်းလဆန်း ၈-ရက်နေ့တွင် ဥပုသ်သည်တို့ လျှောက်ထားသဖြင့် ဝိကာလဘောဇနေသိက္ခာပုဒ် အဆုံးအဖြတ်ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌-

အယံ၊ ဤဥပုသ်သည်တို့၏ နေလွဲကွမ်းစား ဆေးဝါးဆေးသောက်အဆုံးအဖြတ်သည်။ ဒွိသတေကသဟဿသာဓိကေ၊ သဋ္ဌိမေဝဿေ၊ ၁၂၆၀-ပြည့်နှစ်၌။ ဘဒ္ဒပဒေ၊ တော်သလင်းလ၌။ နိဋ္ဌိတော၊ အပြီးသို့ရောက်၏။ ဟူ၍ ကျမ်းပြီးရာကာလကို ဖော်ပြတော်မူခဲ့လေသည်။ ယင်းဝိနိစ္ဆယကျမ်းသည် ဒီမိုင်းဆိုက် ၂၁-မျက်နှာရှိ ကျမ်းငယ်တည်း။

ဝိကာလဘောဇနေသိက္ခာ-ပဒဿာပိ သုနိဿယော။
ရစိတော ထေရသေဋ္ဌေန၊ လယ်တီအာရာမသာမိနာ။

## သိက္ခာဂဟဏာဝိနိစ္ဆယကျမ်း

သိက္ခာဂဟဏာဝိနိစ္ဆယကျမ်းကိုလည်း သီလသိက္ခာပုဒ်စောင့်သူတို့ သံသယကင်းစွာ စောင့်နိုင်ခြင်းအကျိုးငှာ ပြုစီရင်တော်မူခဲ့လေသည်။ ယင်းသိက္ခာဂဟဝိနိစ္ဆယကျမ်းမှာ ဒီမိုင်းဆိုက် ၁၄–မျက်နှာသာ ရှိလေသည်။

**သိက္ခာဂဟဏာနိစ္ဆယ–ဂန္ထောပိ ကဝိကေတုနာ။**
**ပဏ္ဍိတေန သုဗျတ္တေန၊ လယ်တီဝိဟာရသာမိနာ။**

## သရဏဂုံဝိနိစ္ဆယကျမ်းသစ်

ကျိုက်ထိုမြို့မှ ဆရာတော်ဘုရားကြီး၏တပည့်ဖြစ်သူ ရဟန်းတော် အရှင်ကိတ္တိ လျှောက်ထားသဖြင့် သရဏဂုံဝိနိစ္ဆယကျမ်းသစ်ကို သက္ကရာဇ် ၁၂၆၆–ခုနှစ်၊ ပြာသိုလဆန်း ၁၃–ရက်နေ့က အပြီးသတ် ပြုစီရင်တော်မူခဲ့လေသည်။

ကျမ်းဦး၌ ရတနတ္တယပဏာမစသည်ကို ဂါထာပါဠိနိဿယ စသည်တို့ဖြင့် သီးခြားပြုတော်မူခဲ့လေသည်။ "**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**"မျှသာ ဆင်ခြင်ရေးသား၍ ကျမ်းကိုပြုတော်မူခဲ့လေသည်။ ဆရာတော်ဘုရားကြီးသည်–

ကျိုက်ထိုမြို့မှ တပည့်ဖြစ်သူ အရှင်ကိတ္တိ လျှောက်ထားလိုက်သောစာလွှာသည် သက္ကရာဇ် ၁၂၆၆–ခုနှစ်၊ ပြာသိုလဆန်း ၈–ရက်နေ့တွင် ဆရာတော်ထံ ရောက်လာသည်။ ၎င်းလျှောက်လွှာတွင် ပါရှိသမျှကိုကြည့်ရှု၍ ဝမ်းမြောက်ဝမ်းသာရှိ၏ဟုလည်း အမှန်အတိုင်းရေးသားဖော်ပြတော်မူခဲ့လေသည်။ ဤကျမ်း၌ အခန်း ၇–ခန်းပါရှိရာ ၁–ပဌမခန်း၌ သရဏဂုံပျက်,မပျက်ကိုပြခြင်း၊ ၂–ဒုတိယခန်း၌ ကိုးကွယ်မှုနှစ်ပါးခြားနားပုံကိုပြခြင်း၊ ၃–တတိယခန်း၌ သရဏဂုံခံယူပုံရှုကိုပြခြင်း၊ ၄–စတုတ္ထခန်း၌ ပုထုဇဉ်သံဃာ သရဏဂုံထိုက်,မထိုက်ကိုပြခြင်း၊ ၅–ပဉ္စမခန်း၌ သရဏဂုံထိုက်သော သံဃာကိုပြခြင်း၊ ၆–ဆဋ္ဌခန်း၌ သရဏဂုံပျက်ခြင်း,မပျက်ခြင်း အကျဉ်းချုပ်ကိုပြခြင်း၊ ၇–သတ္တမခန်း၌ သရဏဂုံအကျိုးကိုပြခြင်း တို့ပါရှိလေသည်။

ကျမ်း၏အဆုံး၌–

ဤတွင်ရွှေကား ကျိုက်ထိုမြို့မှ တပည့်ဖြစ်သူ လျှောက်ထားတောင်းပန်အပ်သည်ဖြစ်၍ ပျဉ်းမနားမြို့ စမ်းကျတောကျောင်း၌နေခိုက်ဖြစ်သော မုံရွာမြို့

လယ်တီဆရာတောကျောင်းဆရာငါတို့ စီရင်ဆုံးဖြတ်အပ်သော သရဏဂုံဝိနိစ္ဆယ ကျမ်းသစ်သည် သက္ကရာဇ် ၁၂၆၆–ခုနှစ်၊ ပြာသိုလဆန်း ၁၃–ရက်နေ့တွင် ပြီးစီး အောင်မြင်သတည်းဟူ၍ ကျမ်းပြုခြင်း၏အကြောင်း ကျမ်းပြုရာဌာန၊ ကျမ်းပြီးရာ ကာလတို့ကို ဖော်ပြတော်မူခဲ့လေသည်။ ဒီမိုင်းဆိုက် ၃၇–မျက်နှာရှိ စာငယ် စာကောင်းတည်း။

**သရဏဂမနိစ္ဆယ–နယမ္ပိ နယကောဝိဒေါ။**
**လောကဂ္ဂစက္ကဝုမှတ္တံ၊ အကာ ဝီရပရက္ကမော။**

## သီလဝိနိစ္ဆယ

ဆရာတော်ဘုရားကြီးသည် ''နမတ္ထု ဗုဒ္ဓဿ–''ဟု ဘုရားရှင်အားရှိခိုပြီး သီလဝိနိစ္ဆယကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ယင်းသီလဝိနိစ္ဆယကျမ်း၌– ငါးပါးသီလ၏ နိစ္စ,အနိစ္စစစ်တမ်း၊ ဆယ်ပါးသီလ၏နိစ္စ, အနိစ္စစစ်တမ်း၊ ရှစ်ပါး သီလ၏နိစ္စ, အနိစ္စစစ်တမ်း၊ ဗုဿထေရဂါထာလာ နှောင်းခေတ်ရဟန်းတို့၏ အသွင်အပြင် အမူအရာစသည်တို့ကို ဂါထာအချို့အနက်ယောဇနာ အဓိပ္ပါယ် ဖော်ပြ၍ စီရင်တော်မူခဲ့လေသည်။

ဆရာတော်ဖော်ပြသည့် ဂါထာအချို့နှင့် အဓိပ္ပါယ်များမှာ–

**အဇေဂုစ္ဆံ ဝိမုတ္တေဟိ၊ သုရတ္တံ အရဟဒ္ဓဇံ။**
**ဇိဂုစ္ဆိဿန္တိ ကာသာဝံ၊ ဩဒါတေသု သမုစ္ဆိတာ။**

နှောင်အခါအဝတ်ဖြူတို့၌ မက်မောကြကုန်သော ပါပရဟန်းတို့သည် ကိလေသာဝဋ်မှ ကျွတ်လွတ်ပြီးသော အရိယာသူတော်ကောင်းတို့ မစက်ဆုပ်အပ်သော ကောင်းစွာနီမြန်းသော ရဟန္တာတို့၏တမ်းခွန်းဖြစ်သော ဖန်ရည်ဆိုးသင်္ကန်းမျိုး ကို စက်ဆုပ်ကြကုန်လတ့်။

**မိလက္ခုရဇနံ ရတ္တံ၊ ဂရဟန္တာ သကံ ဓဇံ။**
**တိတ္ထိယာနံ ဓဇံ ကေစိ၊ ဓာရယန္တျဝဒါတကံ။**

မိလက္ခုရဇနံ၊ ညောင်ခေါက်ဆိုးရည်ဖြင့် တပ်အပ်ဆိုးအပ်သော။ သကံဓဇံ မိမိတို့အနွယ်၏ဆိုင်ရာတမ်းခွန်းဖြစ်သော သင်္ကန်းကို။ ဂရဟန္တာ၊ ကဲ့ရဲ့ကြကုန်လျှက်။

ကေစိ၊ အချို့သောပါဠိပရဟာန်းတို့သည်။ တိတ္ထိယာနံ၊ တိတ္ထိတို့၏။ ဓဇံ၊ တမ်းခွန်းဖြစ်သော။ အဝဒါတကံ၊ အဝတ်ဖြူကို။ ဓာရယန္တိ၊ ဆောင်ကုန်လတ့ံ။ စသည်တို့ဖြစ်လေသည်။

ဤကျမ်း၌ ဂန္ထာရမ္ဘနိဂုံးမပါ။ ကျမ်း၏အဆုံး၌–

လယ်တီဆရာငါသည် ရေးသားစီရင်အပ်သော သီလဝိနိစ္ဆယကျမ်းပြီး၏။ ဟုသာပါရှိလေသည်။ ယင်းကျမ်းသည် ဒီမိုင်းဆိုက် ၂၉–မျက်နှာသာရှိသည်။

**သီလဝိနိစ္ဆယဋ္ဌာပိ၊ နိစ္ဆယေသု သုကောဝိဒေါ။**
**လယ်တီပဏ္ဍိတသေခရော၊ ရစယိတ္ထ သုဇာတိမာ။**

## ပဋိစ္စသမုပ္ပါဒ်အရကောက်

ပဋိစ္စသမုပ္ပါဒ်အရကောက်ကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့သည်။ ကျဉ်းကျဉ်းဖြင့် ပဋိစ္စသမုပ္ပါဒ်ကို သဘောပေါက်နိုင်လောက်အောင် ပြုစီရင်တော်မူခဲ့ခြင်းဖြစ်လေသည်။ ဒီမိုင်းဆိုက် ၁၅–မျက်နှာခန့်ရှိ ကျမ်းငယ်တည်း။

**ပဋိစ္စသမုပ္ပါဒဿ၊ ဘာဝတ္ထမ္ပိ သုဇာတိမာ။**
**လယ်တီကုဋ္ဌရဝိဒ္ဓါ သော၊ ရစယိတ္ထ သုဓီတိမာ။**

## ဒီဃာသနဝိနိစ္ဆယကျမ်း

ဒီဃာသနဝိနိစ္ဆယကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။

ကျမ်းဦး၌–

**ဒီဃာသနန္တိယံ တော်၊ ပညတ္တံ ဒီဃဒဿိနာ။**
**တဿ ဝိနိစ္ဆယံ ဒါနိ၊ ပဝက္ခာမိ ယထာ ဗလံ။**

ဒီဃဒဿိနာ၊ အရှည်ကိုမြင်တော်မူသော မြတ်စွာဘုရားသည်။ ယံ တော်၊ အာသနံ၊ အကြင်အခင်းကို။ ဒီဃာသနန္တိ၊ ဒီဃာသနဟူ၍။ ပညတ္တံ၊ ပညတ်တော်မူအပ်၏။ ဒါနိ–ဣဒါနိ၊ ယခုအခါ၌။ တဿ အာသနဿ၊ ထိုဒီဃာသနခင်း၏။ ဝိနိစ္ဆယံ၊ အဆုံးအဖြတ်ကို။ ယထာဗလံ၊ အစွမ်းသတ္တိရှိသလောက်။ အဟံ၊ လယ်တီတောရကျောင်းဆရာငါသည်။ ပဝက္ခာမိ၊ မိန့်ဆိုစီရင်ပေအံ့။ ဟူသော ၁–ဂါထာပါ၌

နိဿယဖြင့် ဂန္ထာရေးပြုတော်မူခဲ့လေသည်။ ဤဒီဃာသနဝိနိစ္ဆယကျမ်း၌ ဓမ္မဂါရဝ မူလသိက္ခာပုဒ် အဓိပ္ပါယ်၊ ထေရဂါရဝ၊ အသာရုပ္ပမူလကသိက္ခာပုဒ် ၂-ပါး၊ ဘေဒမူလကဒုဝဂ္ဂပဥ္စသိက္ခာပုဒ်၌ စိစစ်ခြင်း၊ ဒီဃာသနအဆုံးအဖြတ်စသည်တို့ ပါရှိလေသည်။ ယင်းကျမ်းမှာ ဒီမိုင်းဆိုက် ၂၈-မျက်နှာခန့် ရှိလေသည်။

**ဒီဃာသနနိဏ္ဏယမ္ပိ၊ နိဏ္ဏယေသု သုကောဝိဒေါ။**
**ဗုဓော ဝိဒ္ဓါ ဝိဘာဝီစ၊ ရစယီ လယ်တီကုဋ္ဌရော။**

## ဥပသမ္ပဒဝိနိစ္ဆယကျမ်း

ဥပသမ္ပဒဝိနိစ္ဆယကျမ်းကိုလည်း-

ရဟန်းခံကိစ္စ၌ အကြီးအမှူးပြုသူတို့ သိကျွမ်းလိမ္မာရန် ပုဗ္ဗကရဏ ၄-ပါး၊ ပုဗ္ဗကိစ္စ ၅-ပါး၊ ပဓာနကိစ္စ ၁-ပါး၊ အပရကိစ္စအကျဉ်း ၃-ပါး၊ အကျယ် ၉-ပါးတို့ကို အနက်အဓိပ္ပါယ်အကျိုးအပြစ်နှင့်တကွပြဆို၍ သက္ကရာဇ် ၁၂၅၃-ခုနှစ်၊ ပဥ္စမဝါဆိုလဆန်း ၄-ရက်နေ့တွင် အပြီးသတ် ပြုစီရင်တော်မူခဲ့လေသည်။ ယင်းကျမ်းမှာ ဒီမိုင်းဆိုက်စာမျက်နှာ ၁၅၀-ခန့်ရှိလေသည်။

**ဥပသမ္ပဒနိစ္ဆယ-နိစ္ဆယေ နိပုဏော ဝိဒ္ဓါ။**
**ဓီမာသုဓီယတိ သေဋ္ဌော၊ ရစတိ လယ်တီပုင်္ဂဝေါ။**

## သသင်္ခါရ အသင်္ခါရ ဝိနိစ္ဆယကျမ်း

ဆရာတော်သည် ရူပဈာန်စိတ်၊ အရူပဈာန်စိတ်၊ လောကုတ္တရာဈာန်စိတ်များသည် သသင်္ခါရိကဖြစ်မည်၊ အသင်္ခါရိကဖြစ်မည်၊ နှစ်ပါးစုံဖြစ်မည်၊ နှစ်ပါးစုံမှ အလွတ်ဖြစ်မည်ကို သေချာစွာ သိလိုပါကြောင်းနှင့် လေ့ကူးရွာ တရုပ်တန်းရပ်နေ ဒကာတစ်ယောက် လျှောက်ထားသဖြင့် ဆုံးဖြတ်တော်မူသည့်ကျမ်းဖြစ်လေသည်။ ယင်းကျမ်းသည် ဒီမိုင်းဆိုက် ၁၀-မျက်နှာခန့်ရှိ ကျမ်းဖြစ်လေသည်။

**အသင်္ခါရသသင်္ခါရ-နိစ္ဆယမ္ပိ သုနိစ္ဆယော။**
**စရိယကဝိကုဋ္ဌရော၊ လယ်တီအာရာမပုင်္ဂဝေါ။**

## လယ်တီမင်္ဂလသုတ္တန်ကျမ်း

အသက် ၂၀–အတွင်းတည်ရှိကြကုန်သော ဗုဒ္ဓဘာသာအမျိုးသားသူငယ်များအကျိုးငှာ လယ်တီမင်္ဂလသုတ္တန်ကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ လယ်တီမင်္ဂလသုတ္တန်ဟုဆိုသော်လည်း မင်္ဂလသုတ် ပါဠိတော်နိဿယပင်ဖြစ်သည်။

ဆရာတော်ဘုရားကြီးသည် မင်္ဂလသုတ္တန်နိဒါန်းကို–

ဘန္တေ၊ ကဿပဟု နာမထင်ရှား အရှင်ဘုရား။ မေ–မယာ၊ အာနန္ဒာဟု သညာသမုတ် အကျွန်ုပ်သည်။ ဝေံ၊ ဤသို့။ သုတံ၊ မြတ်စွာဘုရားမိန့်စကားကို နားဝယ်ဆတ်ဆတ် ကြားနာအပ်၏။ ကိံသုတံ၊ အဘယ်သို့ နားဝယ်ဆတ်ဆတ် ကြားနာအပ်သနည်းဟူမူကား စသည်ဖြင့် လူငယ်လူရွယ်များနားလည်အောင် အနက်ယောဇနာတော်မူခဲ့လေသည်။ ယင်းကျမ်းမှာ မင်္ဂလသုတ်ပါဠိတော်နှင့်တကွ ဒီမိုင်းဆိုက် ၁၀–မျက်နှာရှိလေသည်။

လယ်တီမင်္ဂလသုတ္တန္တ–ဂန္ထံ ဂမ္ဘီရဉာဏိကော။
ကဝိသေဋ္ဌော ထေရဝရော၊ အကာ လယ်တီယတိဿရော။

■

## အာဝေဏိကဂုဏ်တော် ပါဠိနိဿယ

"ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ"

အစရှိသော အာဝေဏိကဂုဏ်တော်ပါဠိ၏ အနက်မြန်မာနိဿယကို သဒ္ဒါလုလု ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းပြင် တစ်ဆက်တည်း ဘုရားဖိနှော်အားပန်းပူဇော်ရန်၊ ရေလှူရန်၊ ဆီမီးပူဇော်ရန်တို့ကိုလည်း မြန်မာစကားပြေဖြင့် ပြုစီရင်တော်မူခဲ့လေသည်။ ယင်းမှာ ဒီမိုင်းဆိုက် စာမျက်နှာ ၁၃–မျက်နှာ ရှိလေသည်။

ဘဂဝတော အာဝေဏိက–ဂုဏာနံ နိဿယမ္ပိစ။
အာဝေဏိကော တာဒိသေဋ္ဌော၊ ရစယီ လယ်တီပုင်္ဂဝေါ။

## ပဋ္ဌိစ္စသမုပ္ပါဒ် အကျဉ်းလင်္ကာ ၁၃–ပုဒ်

ကျေးဖူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် မဇ္ဈိမဒေသမဟာဗောဓိသို့

ကြွတော်မူရာ မန္တလေးမြို့တော်မှ ၁၂၅၇-ခုနှစ်၊ တပိုတွဲလပြည့်ကျော် ၃-ရက်၊ ရန်ကုန်ထွက်မီးရထားပေါ်တွင် အောက်ပါ ပဋိစ္စသမုပ္ပါဒ်လင်္ကာအကျဉ်း ၁၃-ပုဒ်ကို လည်း ပြုစီရင်တော်မူခဲ့လေသည်။

၁။ __အဝိဇ္ဇာပစ္စယာ သင်္ခါရာ။__ ဗောဓိရတနာ ယာဉ်စကြာဖြင့် သစ္စာလေးရပ် လေးကျွန်းပတ်သည့် နတ်ဝိသုဒ္ဓိ တုမရှိအား တြိဒွါရ ရှိုးခလျှက် ဘဝသုံးပါး ဟုန်းဟုန်းသွားသည် ရထားသံသရာ ယာဉ်စကြာ၏ ခြင်းရာထုပ္ပတ် သမုပ္ပါဒ်ကို အတတ်သိရန် နိဒါန်းပြန်ပိမ့် အမှန်လေးချက် သဘော နက်ကို ဖုံးဝှက်ကွယ်ကာ အဝိဇ္ဇာဟု မဟာတမ မှောင်ကြီးကျ၍ ဘဝမြို့သိုက် ရှိန်ရှိန်အိုက်သား အမိုက်မီးစာ ဤခန္ဓာကို တွယ်တာသမှု အကြောင်းပြု၍ အကု သလ ဓမ္မညစ်ဆိုး အပြစ်မျိုးကို ကြိုးကြိုးပမ်းပမ်း နေ့စဉ်ထမ်းသည် ပါယ်လမ်းဗီဇ အပုညနှင့် ဘဝနောင်ခါ သံသရာ၌ လူ့ရွာနတ်ငြိမ်း စည်းစိမ်သွမ်းကို ချမ်းသာအတိ အထင်ငြိလျှက် ဂတိနောင်ကို ကောင်းစေလို၍ ကုသိုလ်အရိုး အမျိုးမျိုးကို ကြိုးကြိုး စားစား ပြုတုံးငြားက ဆယ်ပါးပုည အာနေဥ္ဇဟု ဘဝနီးရင်း ပွားတုံလျင်းသည်.. ဝဋ္ဋခင်း,ဝဋ္ဋနွယ် ရှည်သတည်း။

၂။ __သင်္ခါရပစ္စယာ ဝိညာဏံ။__ ။ ဝဋ္ဋခင်းဝဋ္ဋနွယ် ရှည်ကြောင်းရွယ်သား ဆယ်ဖြာပုည အပုညနှင့် ဘဝနီးရင်း ပွားတုံလျင်းသော် လေးသင်းပါယ်ရွာ အဖြာဖြာလျှင် ပြဟ္မာလူနတ် ဘုံသုံးရပ်၌ ဓာတ်ပဓာန ပြဓာန်းလှသား ဒွါရသခင် ခြောက်ဝိညာဏ်ဟု အရှင်ဓာတ်မင်း ပေါ်တုံ လျင်း၍ ကိုယ်တွင်းကိုယ်ပြင် ထွက်ဝင်တံခါး အင်ခြောက်ပါး၌ အများရုပ်နာမ် အတန်တန်လျှင် ဝန်းရံဖြိုးဖြိုး အမျိုးမျိုးကို အုပ်စိုးဆောင်ရွက် လျှမ်းလျှမ်းတက်လျှင် ထက်မြက်တေဇာ သူ့ရှိန်ဝါကြောင့် ငါငါသူသူ လူပဲနတ်ပဲ အထင်လွဲလျှက် ငရဲ အပါယ် အသွယ်သွယ်လျှင် ဝဋ္ဋနွယ်ရှည်လျား တမားမားသည်.. ခြောက်ပါး ဝိညာဏ်အစွမ်းရှည်တည်း။ ။

၃။ __ဝိညာဏပစ္စယာ နာမရူပံ။__ ။ ခြောက်ပါးဝိညာဉ် စွမ်းရှည်အင်ကြောင့် မီးတွင်ရှိန်ဝါ ထက်ကြပ်ပါသို့ မကွာတူကွ ဖြစ်ပေါ်ကြသား ဖဿဝေဒနာ စေတနာနှင့် သညာဝိတက် ရောင်စုံယှက်သည် အမျက်ကြောင့်ဝယ် ကြိုးစုံချယ်သို့ အသွယ်သွယ် အနွယ်နွယ်လျှင် ဆန်းကြယ်စွာလှ

နာမ်ကာယနှင့် ဘူတဟူပေ မြေ၊ ရေ၊ လေ၊ မီး ဓာတ်ကြီးလေးတန် အမာခံလျက် အရုံရုပ်သေး နှစ်ဆယ့်လေးနှင့် ပေါင်းထွေးညီမျှ အဌဝီသ ရုပ်ကာယဟု နာမရူပ ခမ္မအပြား ဤနှစ်ပါးလည်း ထင်ရှားစုံစွာ ပေါ်တုံလာ၍ နာနာကာယ အနန္တလျှင် ရူပရုပ်ဟန် သဏ္ဌာန်အမူ ဇာတ်မတူသည့် လူအရပ်ရပ် နတ်အထွေထွေ ရေမျိုး၊ကုန်းမျိုး ကောင်း၊ဆိုးယုတ်ညံ့ အကန့်ကန့်လျှင် ခြားသန့်ပေါ်ယယ် သောသောကြွယ် သည့်.. နှစ်သွယ်နာမ်ရုပ်စွမ်းရည်တည်း။

၄။ နာမရူပပစ္စယာ သဠာယတနံ။ ။ ထင်ရှားစေ့စုံ တပုံပုံလျှင် တည်တုံ နာမ်ရုပ် ကိုယ်သမုတ်သား အထုပ်အထယ် ကြီးငယ်ကာလ ပေါ်ပြန်ကလည်း ဒွါရတွင်မည့် ဘိတ်ဘိတ်လည်သည့် အကြည်ခြောက်မျိုး ကိုယ်လုံးဖြိုးလျှက် အရိုးစီစဉ် အမြင်-စက္ခု ကြားမှု-သောတ ဃာန-အနံ့ လျက်ရန်-ဇိဝှါ ကာယာ-တွေ့ထိ အသိ-မနော မရောမယှက် တလက်လက်လျှင် အမျက်စိန်ရည် လဲ့လဲ့ကြည်သို့ ခြောက်မည်အာရုံ အလုံးစုံလည်း ပုံသဏ္ဌာန်ရိပ် နိမိတ်အသွင် အကုန်ထင်၍ ဤရှင်ဤလူ ဤမူနေလ ရူပသဏ္ဌာန် အသံအမျိုး အခိုးလှိုင်ပျံ့ ရနံ့ထိုထို အချိုအချဉ် ဤလျှင်အပူ ဤမူအအေး အတွေးအသိ ပြည့်စုံဘိ၍ ငါ၏ဤကိုယ် ငါမင်းပျိုဟု အဆိုအထင် အမြင်မှောက်မှား စိတ်နေကြွားဘို့ တံခါးခြောက်သင်း ကိုယ်လုံးလင်းသည့်.. ခြောက်သင်းဓာတ်မှန် စွမ်းရည်တည်း။

၅။ သဠာယတနပစ္စယာ ဖဿော။ ။ ဓာတ်မှန်အကြည် ခြောက်မျိုးတည်က ခြောက်မည်အာရုံ အလုံးစုံလည်း ပုံ သဏ္ဌာန်ရိပ် နိမိတ်အသွင် ကိုယ်လုံးထင်၍ ဝိညာဉ်ခြောက်ဆင့် ဖွားဖွားပွင့်က နှိုင်းသင့်တူမျှ ပမာပြမူ သိကြားစက်ရှိန် လက်လက်ထိန်သား ဝရဇိန်သွား ရွှတ်ရွှတ် ဝါးသို့ ခြောက်ပါးဖဿ ဖြန်းဖြန်းထ၍ ရသခြောက်မည် အာရုံရည်ကို ကြိတ်နည် သောအား တွေ့ထိကြားက ဤကားဣဋ္ဌ အနိဋ္ဌနှင့် ဤမျှမကောင်း ဤမျှကောင်းဟု အကြောင်းသွေးဆော် အရေးပေါ်လျှက် ခြောက်ဘော်အာရုံ ရသရဏ်တို့ အကုန်ပေါ် ထွက် ရွှန်းရွှန်းတက်၍ မက်ဖွယ်မုန်းဖွယ် အနှုန်းခြယ်သည့်.. ခြောက်သွယ်ဖဿ စွမ်းရည်တည်း။

၆။ ဖဿသပစ္စယာ ဝေဒနာ။ ။ ဖဿခြောက်မည် သူ့စွမ်းရည်ဖြင့် ကြိတ်နည်သောအား စက်ရှိန်ဝါး၍ ခြောက်ပါးအာရုံ မြေ့မြေ့တုံလျှက် ခြောက်စုံရသ အနိဋ္ဌနှင့် ဣဋ္ဌဟူသည် အရည်မီးစီး ယိုထွက်စီးသော် ခတ်သီးခြောက်ဖြာ ဝေဒနာဟု ထွေလာအထူး ထွက်ပေါ်မြူး၍ ခြောက်ဦးရွှန်းစည် အာရုံရည်ကို မည်မည်ရရ ခံစံကြမှ သုဘသုဘာ သာ,မသာနှင့် ထွေလာများကောင်း ကောင်း,မကောင်းလည်း ထောင်းထောင်း ငေါ်ငေါ် သိထင်ပေါ် ၍ ကောင်းသော်စိတ်ဝမ်း ဘိတ်ဘိတ်လျှမ်းလျှင် ရွှင်လန်းနှလုံး စွင့်စွင့်ပြုံး၏ မုံးမက်တွေ့က ခြောက်သွေ့နွမ်းညိုး နှလုံးဆိုး၍ အခိုးလူလူ ပွက်ပွက်ဆူမျှ ပူပူပင်ပင် မရွှင်မလန်း စိတ်ကုန်ခမ်း၏ ချမ်းသာသုခ တစ်ခုကမျှ လောကအတု အကုန်စု၏ ပုပုရွရွ မြင်သမျှလည်း သုခတို့ချည်း လုံ့လသည်း၏ အရည်သူ့မြတ် ပရမတ်ကို ချန်လှပ်ထား၍ အများလောက ရှိသမျှကို ဒုက္ခပွားမှု များစွာပြုသည်။ ။ သုခဝေဒနာစွမ်းရည်တည်း။

၇။ ဝေဒနာပစ္စယာ တဏှာ။ ။ သုခဝေဒနာ စွမ်းရည်ဖြာ၍ ရသာမြိန်ရွှန်း အစိမ့်မွှန်းက သွန်းသွန်းဆူကြွ ထိုသုခ၌ ပီယဟူသား အချစ်ပွား၍ ခြောက်ပါးဝေဒနာ မြိန်ရှက်စွာကို လွယ်ကာမနေး ကိုယ်တိုင်ပေးသည် သဒ္ဒေးရတနာ ပမာအလား ကြင်မယားနှင့် ဝတ်စားရွှေငွေ လယ်မြေလုပ်ခင်း ထမင်းဘောဇဉ် သဘင်ပွဲလမ်း အဆန်းဆန်းတည့် ပန်းမျိုးနံ့သာ အဖြာဖြာလျှင် ရူပါရမ္မဏ စသည်အပုံ ပဥ္စာရုံနှင့် ခြောက်စုံဖဿ စကျွစသား ဒွါရခြောက်မည် အကြည်အလင်း ကိုယ်တွင်းခတ်န အစုစုလျှင် ဗဟုဘေဒါ များပြားစွာသည် ဓမ္မာရမ္မဏ ကာမဝတ္ထု အစုအပုံ ခြောက်အာရုံ၌ ခုံတမင်မင် ခင်တများများ နေ့စဉ်ပွား၍ တရားအချက် သဘောနက်ကို အိပ်မက်တွင်မျှ မမြင်ကြပဲ ကာမထောင်တွင်း ခန္ဓာကင်းသည်။ ။ ခြောက်သင်းတဏှာ စွမ်းရည်တည်း။

၈။ တဏှာပစ္စယာ ဥပါဒါန်။ ။ တဏှာခြောက်မည် အရင်းတည်၍ အရှည်များလျှား အစဉ်ပွားက လေးပါးအမှန် ဥပါဒါန်လည်း ခန္ဓာကာယ အဇ္ဈတ္တနှင့် ကာမအာရုံ အလုံးစုံကို အကုန်နှီးရင်း အစွဲပြင်း၏ အသင်းပွားများ သား,မယားက စသည်ဖြာဖြာ မဆုံးရာသား ကာမာဝတ္ထု စွဲလမ်းပြုသည် ကာမုပါဒါန် တဖန်ထိုပြင် မိစ္ဆာညာဉ်ဖြင့် အမြင်ယွင်းဖောက်

အယူဇမှာက်သည် ခြောက်ဆဲ့နှစ်ပါး ပြားသည်ဒိဋ္ဌိ တစ်ထိုမှ ဝေါသီလကို ဝင့်မှထုတ် တတ် စွဲထင်မှတ်သည် သီလဗ္ဗတုပါဒါန် ခန္ဓာငါးပါး တရားအစု ဓာတ်အနက်ကို ကိုယ်ဟုစွဲကပ် အမြဲမှတ်သည် အတ္တဝါဒုပါဒါန် အထန်အပြင်း အယူတင်း၍ ဝင့်ခင်း ဝင့်နွယ် ဝင့်ပင်လယ်မှ လွတ်ဖွယ်မအား တမားမားသည်။ ။ လေးပါးဥပါဒါန် စွမ်းရည်တည်း။

**၉။ ဥပါဒါနပစ္စယာ ဘဝေါ။** ။ စွမ်းရည်ပြင်းထန် ဥပါဒါန်ဖြင့် ခန္ဓာဓမ္မ ကိုယ်ကာယဥ္စ အတ္တအစွဲ မြဲကြီးမြဲ၍ ရဲရဲရက် ရက် ကိုယ့်အတွက်ကြောင့် သက်သတ်ခိုးမှု စသည်ပြုလျှက် အကုသလ ကမ္မဆယ် တန် အပြစ်လျှံ၏ တဖန်နောက်နှောင်း ငါလျှင်ကောင်းစိမ့် အကြောင်းရည်ရော် အရှည်မျှော်လျှက် သူတော်ဝေလေ့ ရသေ့ရဟန်း လှူဒါန်းဝေငှ ပဥ္စဂ်နှင့် အဠအင်္ဂ ဒသင်္ဂတည့် လေးလီပြဗ္ဗ ဝိဟာရရျာန် ဆယ်တန်ကသိုဏ်း အလှိုင်းများစွာ ဘာဝနာ ဟု ဆယ်ဖြာပုည ကုသလကို လုံ့လကြိုးစား ကောင်းမှုပွား၏ နှစ်ပါးကုသိုလ် အကုသိုလ်ဟု ထိုထိုဘဝ ဖြစ်သမျှဒ္ဓ ဗီဇာပြည့်ဖြိုး အမျိုးမျိုးကြောင့် အကျိုးတရား အရှည်ပွားသည်။ ။ နှစ်ပါးဘဝ စွမ်းရည်တည်း။

**၁၀။ ဘဝပစ္စယာ ဇာတိ။** ။ ဘဝစွမ်းရည် ကံနှစ်ထွေကြောင့် သဗ္ဗေသတ္တာ သတ္တဝါတို့ ဖြစ်ရာဘဝ ဆုံးပြန်ကလည်း ကေ,စ တု ငါးခုခန္ဓာ ကံချရာ၌ ဓမ္မတာစစ် သစ်တလဲလဲ အနဲနဲလျှင် ဖြစ်မြဲဇာတိ သန္ဓေငြိ၍ တြိဘုံပြင် နယ်တခွင်၌ အစဉ်ပြည့်ပွား အစားစားလျှင် မားမားမတ်မတ် ဇာတ်အမျိုး မျိုး တန်ခိုးထင်တိမ် ဂုဏ်သိရ်နိမ့်မြင့် အကျင့်ဆိုး,ကောင်း အပေါင်းများစွာ သတ္တဝါဟု နာနာကာယ ဖြစ်ပြန်ကြသည်။ ။ လေးဝဇာတိ စွမ်းရည်တည်း။

**၁၁။ ဇာတိပစ္စယာ ဇရာမရဏံ။** ။ သန္ဓေဇာတိ တဖန်ငြိ၍ တြိဘုံသူ အဆူ ဆူလျှင် လူလူနတ်နတ် မတ်မတ်မားမား ဖြစ်ပြန်ငြားသော် သုံးပါးအရွယ် အလယ်အဆုံး ရှိမြဲထုံးဖြင့် အနူန်းစဉ်စီ သန္ဓေချိက နာရီစဉ်သင့် အဆင့်ဆင့်လျှင် ရင့်မြဲရော်မြဲ တသဲသဲတည့် မစဲနေ့ညှ တရွရွလျှင် ခဏသန္တတိ အဂ္ဂဇရာ နှစ်ဖြာလောင်မီး ရှိန်ရှိန်ညီး၍ အကြီးအငယ် အရွယ်ခြားနား အစားစားလျှင် အသွားတွင်တွင် မစဲနိုင်၏ လေးအင်သေမှု တခုခုလည်း ဗဟုအန္တ

ရာယ် အသွယ်သွယ်နှင့် နီးနွယ်ရုံးစည်း တလုံးတည်းလျှင် ကြီးကြီးငယ်ငယ် အရွယ် မထောက် အချိန်ရောက်က ချုပ်ပျောက်ခန္ဓာ မငြင်းသာသည့်.. ဇရာမရဏ စွမ်းရည်တည်း။

## ၁၂။ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ။

သန္ဓေဇာတိ ခန္ဓာရှိက ဉာတိဘောဂ စသည်သင်းပင်း ကွေကွင်းခြင်းနှင့် မကောင်းစသာ ကြုံကြိုက်လာသော် ပူဆာသောက ယူတငိုကြွေး သက်မွေးဝန်ထမ်း ပူချမ်းဒုက္ခ အနိဋ္ဌကြောင့် စိတ်ကမကြည် မဆည်ဝင်ရိုက် အလိုက်အလဲ့ ဆင်းရဲငါးပါး အကျဉ်းအားတည့် ကျယ်ပွား အနန္တ တွေ့ကြုံရသည့်.. မူလဇာတိ အနှုန်းတည်း။

## ၁၃။ ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ဝဋ္ဋသံသရာ ရှည်မင်းစွာ၌ သူငါကစ ဖြစ်သမျှကား သတ္တမဟုတ် ဓာတ်မှန် ထုတ်သော် နာမ်ရုပ်နှစ်စင်း အမြင်လင်းလေ့ အရင်းအဝိဇ္ဇာ ထိုမှဖြာ၍ ဇရာမရဏ အဆုံးကျသည့် ဓမ္မအပြား ဆယ့်နှစ်ပါးကို ဤကားလူပင် ဤလျှင်နတ်ပဲ အထင်လွဲ လျှက် တဝဲလည်လည် ဝဋ္ဋနွယ်စည်၏ ရှည်လေသမျှ အနန္တကား သုခဟူသည် မြူမျှမကွက် အဆက်ဆက်လျှက် သက်သက်ဒုက္ခ ဓာတ်မှန်ရသည့်.. ဘဝဤ ကိုယ်ဖြစ်ထုံးတည်း။

ပဋိစ္စသမုပ္ပါဒဿ၊ မနည် ကဗ္ဗကမ္မိ စ။
ရစယီ ရမဏီယာယ၊ ကဝိန် သုဂိရာယတိ။

■

## သံဝေဂလေးချိုးနှင့် အဓိပ္ပါယ်

သံဝေဂလေးချိုးနှင့်အဓိပ္ပါယ်ကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ သက္ကရာဇ် ၁၂၅၆–ခုနှစ်က မန္တလေးမြို့ ကင်းဝန်မင်းကြီးထံ–

(၁) မိုက်မလင်းနိုင်လို့ မြိုက်ခင်းညာစီမှာ။ ခါတော်မှီသိမဝေ့နိုင်ဟု၊ ဒီကွေ့တွင် နေကုန်မျှော်ပြန်ရ၊ အတောဘယ်မသတ်နိုင်တဲ့၊ ရဟတ်ဘေ့။ ။(ပဌမပိုဒ်။)

(၂) ငါးရပ်ကယ်စုံညီ၊ ဒုလ္လဘိငယ်၊ ကြုံမှီရခေတ်၊ မြန်ခင်းဇမ္ဗူ၊ မှန်ကင်းငယ်ထူ၊ လူထက်လူဖြစ်ပါတယ်၊ အနှစ်ကယ်မနွယ်၊ အကာတောမှာ၊ ဗျာမောကျယ်လို့၊ အကယ်ယောင်ယောင်၊ အမြင်မဖြောင့်၊ အညင်ထောင့် မှောင်ထက်မှောင်၊ သန်းခေါင်လမိုက်၊ မိုးတိမ်တိုက်မြွေးတဲ့၊ မီးသွေးတိုက်မှာ၊ အလိုက်ကယ်ဘာသာ၊ အမြင်မငွေ့၊ အထင်ရွှေနှင့်သာ၊ အလေ့ရှာလျှက်၊ အခါနာရီ၊ ရွှေ့ရွှေ့ငယ်ချိ၊ တိထိ ဆန်းဆုတ်၊ ရတုအစဉ်၊ လုလုငယ်နှင့်၊ အတွင်ချုပ်လို့၊ သုတ်သုတ်ကယ်ရက်ရေ၊ ဇရာလက်မှာ၊ အသက်သာကြွေတော့တယ်၊ အသေသတ်လက်မရွံ့ကို၊ အသက်ခွန်၊ ပဏ္ဏာသွင်းရန်ဘို့၊ ထမင်းအစာစုံနှင့်၊ ခန္ဓာရုံမြုံပြတီးဆီက၊ အငြိုးဖြေကာ စောင့်ကြလေ၊ စိုးနှောင့်သခေ်ျ။ ။ (ဒုတိယပိုဒ်)

(၃) သို့ပါသော်လဲ၊ ပူနွယ်,ဆွေးနွယ်၊ အရေးကျယ်တွေကို၊ အေးဘွယ်ထင်မှတ်၊ အစမမြင်၊ ဘဝလျဉ်၊ အစဉ်ငယ်ဟာမို့၊ မသတ်ကယ်အာသာ၊ အာရုံဓမ္မ၊ ပြာပုံမှမှာ၊ ရသာရှာလျှက်၊ ငါတလူလူ၊ ပမာမူရွာသူတို့ဝက်၊ မစားများထူး၊ အသားလူ၊ ဆူးလေ လေခက်ပါလျှက်၊ ရမွက်ကယ်မာန်ဝင်၊ သူ့အသင်းမှာ၊ သူမင်းပဲထင်လိုက်လို့၊ ရွှင်ခင်မျှ ဝက်သဏ္ဍာန်လို၊ အချက်မှန်ပေါ်မလင်းစေဘို့၊ ဖော်သင်းရွှေ၊ မိတ်သင်းရွှေ သည့်ပြင်၊ ခင်မက်စုံဖွယ်အရံစုံပ၊ မာန်တဂုဏ်၊ ဟန်ပုံနှင့်ဖုံးရှာကြ၊ ရှုံးပလေ၊ ထုံးမြေပြာစုမိတ်တွေမို့။ ။(တတိယပိုဒ်)

(၄) ငါတစ်လုံးနယ်၊ အနှုန်းငယ်ကျယ်၊ သုံးသွယ်မြုံသိုက်၊ ဘုံတစ်လှိုက်မှာ၊ ကုန် ခိုက်ကယ်ဆူညံ၊ မြူမချန်၊ ပူလှုံတောက်ညီး၊ အမြဲစတေ၊ မစဲချွေ၊ အသေမီးတဲ့၊ အပြီးငယ်ကုန်စင်၊ ဘုံတခွင်ကို၊ အတွင်လောင်မြိုက်၊ အပြောင်တိုက်လို့၊ အမှိုက် ကယ်ဝင့်နွယ်၊ အပြစ်မစဲ၊ သစ်သစ်လဲ၊ သဲသဲကြွင်းလည်း၊ အကယ်မလောက်၊ သူကသာမောက်တော့၊ နောက်နောက်ကမ္ဘာ၊ ဘန်ဘန်သာလဲ၊ အခါသူ့တွင်၊

တခုသာဝင်ကြရ၊ သင်္ခတရုပ်နှင့်နာမ်ငယ်၊ အဟုတ်ဉာဏ် မတင်စီးနိုင်ဘု၊ သည့်မီး
တာဘယ်တကိန်းမှာမှ၊ ငြိမ်းပါ့မယ်လို့။ ။ (စတုတ္ထပိုဒ်)

ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ သံဝေဂလေးချိုးကြီး၏ အဓိပ္ပါယ်ဖွင့်ကို လည်း ပြုစီရင်တော်မူခဲ့လေသည်။ ယင်းသံဝေဂလေးချိုးနှင့်အဓိပ္ပါယ်မှာ ရန်ကုန်မြို့ ဟံသာဝတီတိုက်ရိုက် ဒီမိုင်းဆိုက် ၁၆–မျက်နှာရှိလေသည်။

**သံဝေဂစတုက္ခန္ဓာယ၊ ကဗျာယ ဘာဝတ္ထိမ္ဟိ စ။**
**ကာဗျေသု ကုသလော ဓီရော၊ ရစယိ လယ်တီပုဂ်ဝေါ။**

## သင်ပုန်းကြီးသံခိပ်ကျမ်း

သင်ပုန်းကြီးသံခိပ်ကျမ်းကိုလည်း မြန်မာစာသင်စ၊ ပါဠိသင်စ သူငယ်များ အတွက်ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းအစ၌ ကလေးများရှိခိုးရန်–

**နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ။**
**နမော ဂန္ထကာရဿ၊ လယ်တီမဟာထေရဿ။**

ဟူသောစကားကို ဖော်ပြတော်မူခဲ့လေသည်။

၎င်းနောက် သရဗျည်းကစ၍ အစဉ်အတိုင်းတက်၍ ဆက်လက်ပြုစီရင် တော်မူခဲ့လေသည်။ ယင်းကျမ်းသည် ဒီမိုင်းဆိုက် ၃၈–မျက်နှာရှိလေသည်။

**သင်ပုန်းကြီးသံခိပ်က္ကတိပိ၊ ပညာတံ ဗာလပေါတ္တကံ။**
**ရစယိ ယတိသေခရော၊ လယ်တီသပ္ပညကုဥ္ဇရော။**

## သတ်ပုံသံခိပ်ကျမ်း

မြန်မာစာအရေးအသားအတွက် များစွာသောအထောက်အကူပြုသည့် သတ်ပုံသံခိပ်ကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ယင်းသတ်ပုံသံခိပ်ကျမ်းကို–

''သုံးပုံပိဋကတ် ကျမ်းရိုးတတ် စွဲမှတ် တသတ်ရေး''

စသည်ဖြင့် တ–သတ်သတ်ကာရန် ၁၂–ပုဒ်ဖြင့် စတင်ရေးသားတော်မူခဲ့လေသည်။ ယင်းကျမ်းမှာ ဒီမိုင်းဆိုက် ၁၂–မျက်နှာ ရှိလေသည်။

သတ်ပုံသခေ်ပဂန္ထမ္ပိ၊ ဂမ္ဘီရညာဏိကော ဝိဒ္ဒါ။
ဝိဒ္ဒူနံ သမ္ပသာဒါယ၊ အကာ သံသုဒ္ဓမာနသော။

## မဟာသရဏဂုမ်တော်=မဟာသရဏဂုမ်ပါဠ်

ဆရာတော်ဘုရားကြီးသည် –
''အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ။''

စသည်ဖြင့် မဟာသရဏဂုမ်တော်ကြီး–မဟာသရဏဂုမ်ပါဠ်ကိုလည်း ပြုစီရင်တော်မူလေသည်။ ယင်းမဟာသရဏဂုမ်တော်ကြီးမှာ ဒီမိုင်းဆိုက် ၃၆–မျက်နှာရှိလေသည်။

မဟာသရဏဂမန–ပါဠ် ပါဠ်သေု ကောဝိဒေါ။
လယ်တီထေရော ယတိသေဋ္ဌော၊ ရစယီ ရစနေ ဝိဒူ။

## မဟာသရဏဂုမ်ပါဠ်နိဿယ

ၚင်းမဟာသရဏဂုမ်ကြီး–မဟာသရဏဂုမ်ပါဠ်၏ အနက်မြန်မာပြန်ဆိုရာ အတ္ထနိဿယကိုလည်း ဆက်လက်ပြုစီရင်တော်မူခဲ့လေသည်။ ယင်းသည် ဒီမိုင်းဆိုက်စာမျက်နှာ ၃၉–မျက်နှာ ရှိလေသည်။

သရဏဂမနပါဠ်သော၊ နိဿယမ္ပိ သုနိဿယော။
လယ်တီဝှယော ယတိသေဋ္ဌော၊ ရစယီ ထေရပုင်္ဂဝေါ။

## မိုးကမ္ဗဝါစာ၊ မိုးအမိန့်တော်ပြန်တမ်းကြီး ပဗ္ဗာဇနိယကမ္ဗဝါစာ

ဆရာတော်ဘုရားကြီးသည် မိုးကမ္ဗဝါစာကြီး၊ မိုးအမိန့်တော်ပြန်တမ်းကြီး၊ ပဗ္ဗာဇနိယကမ္ဗဝါစာတို့ကို ပြုစီရင်တော်မူခဲ့လေသည်။ ဆရာတော်ဘုရားကြီးကား လွန်စွာ ကရုဏာကြီးမားသည့် ပုဂ္ဂိုလ်မြတ်ကြီးဖြစ်တော်မူသည်။

## နိုင်ငံတွင်း ပုစ္ဆာအဖြေပေါင်းချုပ်

ဆရာတော်ဘုရားကြီးထံ မြန်မာနိုင်ငံအတွင်း အနယ်နယ်အစိုစို အမြို့မြို့ အရွာရွာမှ မေးမြန်းသည့်အဖြေများကို နိုင်ငံတွင်းပုစ္ဆာအဖြေပေါင်းချုပ်ဟူ၍ ရိုက်နှိပ်ထုတ်ဝေခဲ့လေသည်။ ယင်းနိုင်ငံတွင်း ပုစ္ဆာအဖြေပေါင်းချုပ်မှာ ပဌမတွဲ၊ ဒုတိယတွဲဟု ၂-တွဲရှိရာ ပဌမတွဲ ဒီမိုင်းဆိုက် ၂၁၀-ရှိ၍ ဒုတိယတွဲမှာ ၂၄၆-ရှိလေသည်။

အန္တောရဋ္ဌိကပုစ္ဆာနံ၊ ဥတ္တရံ ဥတ္တရေ သုဓီ။
ရစယိ သကဘာသာယ၊ လယ်တီအာရာမသာမိကော။

## ဘာသာရေးပုစ္ဆာ အဖြေပေါင်းချုပ်

ဆရာတော်ဘုရားကြီး၏ ဝေဂေလိပုစ္ဆာအဖြေ၊ ဇီးကုန်းကြီးစည်ပုစ္ဆာအဖြေ၊ ခရစ်ယာန်အဆို ၁၁-ချက်အဖြေ၊ ခရစ်ယာန်ရွှေချိန်ခွင်အဆိုအဖြေ၊ နှစ်ဘာသာရှင်းလင်းချက်ပုစ္ဆာအဖြေ၊ အသားစားခြင်းပုစ္ဆာအဖြေ၊ ကမ္မာဝိဝါဒပုစ္ဆာအဖြေဟူသော ၇-ကျမ်းတို့ကို ဘာသာရေးပုစ္ဆာအဖြေပေါင်းချုပ်အဖြစ်ဖြင့် ပုံနှိပ်ထုတ်ဝေခဲ့ကြရာ ယင်းကျမ်းသည် ဒီမိုင်းဆိုက် ၂၅၂-မျက်နှာ ရှိလေသည်။

## နိုင်ငံခြားပုစ္ဆာ အဖြေပေါင်းချုပ်

ဆရာတော်ဘုရားကြီးသည် ပြည်တွင်း၌သာမက ပြည်ပ၌လည်း ကျော်စောသည့် ဆရာတော်ဘုရားကြီးဖြစ်ရာ ပြည်ပမှလည်း ပုစ္ဆာများ မေးလျှောက်ကြသည်။ ယင်းမေးလျှောက်သည့်အဖြေများကို နိုင်ငံခြားပုစ္ဆာအဖြေပေါင်းချုပ်ဟု ထင်ရှားသည်။ ယင်းကျမ်း၌- ပြင်သစ်ပုစ္ဆာအဖြေ၊ သီဟိုဠ်ကိုလံဘိုပုစ္ဆာအဖြေ၊ ဒန်အက်ဒမီရေမိလစ၏ပုစ္ဆာအဖြေ၊ လန်ဒန်ပါဠိဒေဝီ၏သဉ္ဇာပုစ္ဆာအဖြေ၊ လန်ဒန်ပါဠိဒေဝီ၏နိယာမပုစ္ဆာအဖြေ၊ လန်ဒန်ပါဠိဒေဝီ၏ ယမိုက်ပုစ္ဆာအဖြေ၊ လန်ဒန်ပါဠိဒေဝီ၏ ပဋ္ဌာန်းပုစ္ဆာအဖြေ၊ လန်ဒန်ဘာစာရင်ရာဆယ်၏ စကားလေးခွန်းအဖြေ၊ သီဟိုဠ် အတ္တ-အနတ္တအဖြေတို့ ပါရှိလေသည်။ ယင်းကျမ်းမှာ ဒီမိုင်းဆိုက် ၁၉၆-မျက်နှာရှိလေသည်။

## ယမိုက်အဖြေကျမ်း

သက္ကရာဇ် ၁၂၇၃-ခုနှစ်၊ နတ်တော်လဆန်းအတွင်း ဆရာတော်ဘုရားကြီး

မန္တလေးမြို့၌ သီတင်းသုံးတော်မူစဉ် ဥရောပတိုက် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ ပါဠိအသင်းကြီး၏ အတွင်းရေးမှူး လန်ဒန်ဒေဝီက အဘိဓမ္မယမိုက်ကျမ်းစပ်၍ သိမ်မွေ့နက်နဲသော ပုစ္ဆာငါးချက်ကို မေးလျှောက်ရာ ဆရာတော်ဘုရားကြီးက ပါဠိဘာသာဖြင့် အကျယ်တဝင့် ဖြေကြားတော်မူလေသည်။ ယင်းအဖြေများကို ပါဠိ အသင်းကြီးက အင်္ဂလိပ်ဘာသာပြန်ဆို၍ ကမ္ဘာသို့ဖြန့်ဝေရာ များစွာကျေးဇူးများလေသည်။ တဖန် လယ်တီပဏ္ဍိတက ဆရာတော်ဘုရားကြီး ပါဠိဘာသာဖြင့်ဖြေဆိုချက်ကို မြန်မာဘာသာပြန်ဆို၍ ယမိုက်အဖြေကျမ်းအမည်ဖြင့် ခရစ်သက္ကရာဇ် ၁၉၅၄–ခုနှစ်တွင် ရန်ကုန်မြို့ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေခဲ့လေသည်။ လယ်တီပဏ္ဍိတသည် ကျမ်းဦး၌–

၁။ ယမကံ ဒေသနတ္ထာယ၊ ယမကံ ပါဠိမှာရိယံ။
ဒသေတွာ ဘဂဝါ ဂန္ထိ၊ ဂဏောန တိဒသာလယံ။

၂။ ဝိစိတ္တံ ဂမ္ဘီရံ သဏှံ၊ ဒေဝါနံ ယမကံ ဇိနော။
ယော ဒေသေတိ မဟာပညော၊ သဒ္ဒေသကာသ မေ နမော။

၃။ ယမကံ စာဘိဝန္ဒာမိ၊ မမ အာစရိယံ ဝရံ။
မဟာလယ်တီ ထေရိန္ဒ၊ မဟာဝိသုဒ္ဓရာမိကံ။

၄။ ယာ ပါဠာ လန်ဒန်ဒေဝိယာ၊ သဏှာ ယမကသဉ္စိတာ။
တံ ပါဠိယာ ဝိသဇ္ဇေသိ၊ လယ်တီထေရော ဇုတိန္ဓရော။

၅။ မြန်မာဘာသာယ တဿတ္ထံ၊ ရစယဿူတိ ယာစိတော။
ယမကံ ဉာတုကာမေနှ၊ ရတနတ္တယမာနိနာ။

၆။ တသ္မာဟံ ရစယိဿာမိ၊ သဘာသာယ သုဗောဓကံ။
တံ ပေက္ခိတွာ ယမကေသု၊ အတ္ထံ ဇာနန္တု သာဓဝေါ။

ဟူသော ၆–ဂါထာ ယင်း ၆–ဂါထာနိဿယဖြင့် ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။ ယင်းကျမ်းမှာ ဒီမိုင်းဆိုက် ၃၆၉–မျက်နှာ ရှိလေသည်။

## လယ်တီနိဗ္ဗာန်

မန္တလေးမြို့အနောက်ပြင် စည်ရှင်တံခါးအနီး ရတနာပုံလယ်တီစံကျောင်းနေ နယ်လှည့်တရာဟောကိုယ်စားလှယ်အရှင်ဝဏ္ဏိတသည် ၁၂၈၃–ခုနှစ်၊ တန်ခူးလ

ဆန်း ၁၅-ရက်နေ့တွင် ရွှေမြို့ဦးဒေါင်းတောင်၌ သီတင်းသုံးပဋ္ဌိပတ်အလုပ်ဖြင့် မွေ့လျော်တော်မူသော လယ်တီဆရာတော်ဘုရားကြီးထံ ယခုခေတ်ကာလပရိသတ်နှင့်သင့်လျော်သော နိဗ္ဗာန်ဟောကိန်းကြီးတခု ထုတ်ဆင့်ရေးသားပေးသနားတော်မူပါရန် လျှောက်ထားခဲ့လေသည်။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် လျင်မြန်စွာရေးသား၍ ချီးမြှင့်တော်မူခဲ့လေသည်။ ယင်းသည် လယ်တီနိဗ္ဗာန်အမည်ဖြင့် ထင်ရှားခဲ့လေသည်။ ကျမ်းဦး၌-

"သက္ကရာဇ် ၁၂၈၃-ခုနှစ်၊ တန်ခူးလဆန်း ၁၅-ရက်နေ့ ဆရာတော်၏ ကိုယ်စားလှယ်နယ်လှည့်ဓမ္မကထိက မောင်ဇဏ္ဏိတလျှောက်ထားချက်အရ နိဗ္ဗာန်ဟော ကိန်းတရားကြီးကို နောက်သာသနာတခွင်တွင် အစဉ်တည်ထွန်းရစ်အောင် ပျံ့ပျံ့ပျူးပျူး အထူးပေါ်လွင်ထင်ရှားစွာ ရေးသားပေအံ့" ဟု အဘိယာစကပဋိညာဉ်ဖော်ပြ၍ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းနောက် ပဌမနိဗ္ဗာန်ဘုံသူ့နိဗ္ဗာန်ဘုံသားတို့၏ ဒိဋ္ဌိဝိစိကိစ္ဆာဟူသော သံသြောင့်ကြီးနှစ်စင်း လွတ်ငြိမ်းခြင်းသန္တိသုခကို အာရုံပြုလျက် အတုမရှိသောပီတိသောမနဿဖြစ်ပွားမှုကို ပြဆိုသော ပါဠိတော်ကြီး-

> ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေနဝါ။
> သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။

ပထဗျာ၊ လေးကျွန်းမြေအပြင်၌။ ဧကရဇ္ဇေန၊ တစ်ယောက်တည်းသော စကြာမင်းစည်းစိမ်ထက်လည်းကောင်း။ သဂ္ဂဿ၊ နတ်ပြည်ခြောက်ထပ်သို့။ ဂမနေနဝါ၊ ရောက်၍ရရှိသော နတ်စည်းစိမ်ထက်လည်းကောင်း။ သဗ္ဗလောကာဓိပစ္စေနဝါ၊ အလုံးစုံသော လူ့ပြည်နတ်ပြည်ဗြဟ္မာပြည် လောကကိုလွှမ်းမိုးပိုင်သ အစိုးရသော ဗြဟ္မာ့စည်းစိမ်ထက်လည်းကောင်း။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သည်။ ဝရံ၊ လွန်မြတ်၏။ ဟူ၍ ဖော်ပြတော်မူခဲ့လေသည်။ ၎င်းနောက်-

> နိရယေ ဘယသန္တာပံ၊ နိဗ္ဗာနေ ဝိပုလံ သုခံ။
> ယထာဘူတံ ဝိညာပေတုံ၊ ဒေသေတဗ္ဗံ ဟိ ယောဂိနာ။

နိရယေ၊ ငရဲအစရှိသော သံသရာဝဋ်ထဲ၌။ ဘယသန္တာပံ၊ ကြောက်ဖွယ်သရဲပူပန်ဆင်းရဲခြင်းဘေးကိုလည်းကောင်း။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ ဝိပုလံ၊ ပြန့်ပြောကြီးကျယ်သော။ သုခံ၊ ချမ်းသာခြင်းကိုလည်းကောင်း။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။

ဝိညာပေတုံ၊ တရားနာပရိသတ် အများမြင်လုံးထွားအောင် ထင်ရှားစေခြင်းငှာ။ ယောဂီနာ၊ ယောဂီပုဂ္ဂိုလ်သည်။ ဒေသေတဗ္ဗံဟိ၊ ဒေသေတဗ္ဗံ ဝေ၊ သဘောကျအောင် ဟောပြရသာလျှင်တည်း။ ဟူသော ၁-ဂါထာပါဌ်နိသျှယဖြင့် တိုက်တွန်းတော်မူခဲ့လေသည်။

လယ်တီနိဗ္ဗာန်ကျမ်း၌-

ပဌမမဟာနိဗ္ဗာန်၊ ဒုတိယမဟာနိဗ္ဗာန်၊ တတိယမဟာနိဗ္ဗာန် စသည့်အကြောင်းအရာပေါင်း ၅၀-ခန့်တို့ဖြင့် တန်ဆာဆင် ရေးသားစီရင်တော်မူခဲ့လေသည်။ ကျမ်း၏အဆုံး၌-

**ပုညေနေတေန နိဗ္ဗာနံ၊ လဒ္ဓါ သန္ဒိဋ္ဌိကံ ဣဓ။**
**ပရမတ္ထံ အာရာဓေန္တု၊ ဇနာ သဗ္ဗေပိ သုဗ္ဗတာ။**

ဧတေန ပုညေန၊ နိဗ္ဗာန်အချက်တရားနက်ကို ပျက်ပျက်ထင်ထင် ဉာဏ်မြင်သန့်ရှင်း အလင်းပေါက်မှု ရေးသားပြုစုရသော ဤကောင်းမှုကြောင့်။ ဣဓ၊ မျက်မှောက်ဒိဋ္ဌဤလောက၌။ သန္ဒိဋ္ဌိကံ၊ ကိုယ်တွေ့မျက်မြင် အထင်ရှားရှိနေသော။ နိဗ္ဗာနံ၊ အန္တရာယ်ခပ်သိမ်း ဘေးရန်ခပ်သိမ်းတို့၏ ကင်းငြိမ်းချမ်းသာခြင်းတည်းဟူသော သန္ဒိဋ္ဌိကနိဗ္ဗာန်ကို။ လဒ္ဓါ၊ ကိုယ်တွေ့ဒိဋ္ဌ ရကုန်ကြ၍။ သုဗ္ဗတာ၊ စင်ကြယ်ကောင်းမြတ်ချီးမွမ်းအပ်သော ပဋိပတ်ကိုယ်ကျင့်တရားကို မနေမနား အားထုတ်ကြကုန်၍။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဇနာ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့သည်။ ဣဓေဝ၊ ရှင်ချစ်ဂေါတမ ဘုရားသာသနာ ဤအခါ၌ပင်လျှင်။ ပရမတ္ထံ၊ အထွတ်အမြတ် ပရမတ်ဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာရာဓေန္တု၊ အလိုပြည့်၍ ကိုယ်တွေ့ဉာဏ်မြင် အစဉ်ပေါက်ရောက် ပြီးမြောက်ခံစံကြပါစေကုန်သတည်း။ ဟူသော ၁-ဂါထာပါဌ်နိသျှယဖြင့် အာသီသ ပဋ္ဌနာပြုတော်မူခဲ့လေသည်။ ယင်းကျမ်းမှာ ၁၃၁၆-ခုနှစ်၊ ရန်ကုန်မြို့ ဗမ္မာ့မိတ်ဆွေပုံနှိပ်တိုက်ရိုက် ဒိမိုင်းဆိုက် ၇၂-မျက်နှာရှိလေသည်။

**လယ်တီနိဗ္ဗာနသင်္ခါတံ၊ ဂန္ထမ္ပိ ဂန္ထကောဝိဒေါ။**
**ထိရညာဏော လယ်တီထေရော၊ ရစယီ ရစနေ ဝိဒူ။**

## ပုဏ္ဏောဝါဒကမ္မဋ္ဌာန်းကျမ်း

၁၂၅၆-ခုနှစ်၊ နတ်တော်လဆန်းအတွင်းက မန္တလေးမြို့ အနောက်ပြင်

ဂုဏ်တန့်တန်းရပ်နေ အသက် ၆၀–ကျော်အရွယ်ရှိ မယ်ပုံကို–

"အယံ ကာယော၊ ဤကိုယ်တိုင်။ ဘူတသင္ဃယော၊ ဓာတ်ကြီးလေးပါးဟု ဆိုအပ်သော မဟာဘုတ်တို့၏အပေါင်းအစုသည်။ ဟောတိ၊ ဖြစ်၏။ ဆန္ဒပသာဒါနံ၊ ခြောက်မျိုးသော အကြည်အလင်းအတွင်းဓာတ်နုတို့ဖြင့်။ ပူရော၊ ပြည့်၏။ အဋ္ဌဟိဂ္ဂိ ဟိ၊ ရှစ်မျိုးသောမီးတို့သည်။ နိစ္စံ၊ အမြဲ။ အာဘာတော၊ အုပ်စိုးအပ်၏။ ပဥ္စဟိဩဇာ ဟိ၊ ငါးမျိုးသောဓာတ်ဆီတို့သည်။ ရက္ခိတော၊ စောင့်အပ်၏။ ထမ္ဘိတော၊ ထောက်ပံ့ အပ်၏။ ဓာတုဘင်္ဂေ၊ ဖြစ်ပွားသမျှသော ဓာတ်ကြမ်းဓာတ်နုတို့ကို အမြဲပုံသေစား ၍နေသော။ ကော၊ တစ်ခုသော။ ဓာတုယင်္ဂေ၊ ဓာတ်ဘီလူးသည်။ အဓိပတ္တော၊ အုပ်စိုး၏။ တဿ၊ ထိုဓာတ်ဘီလူး၏။ ပင်္ဂ၊ အသင်းအပင်းတို့သည်ကား။ ဗဟူ၊ အသိန်းမက များပြားကုန်၏။ ဟူ၍ ခေါင်းစဉ်ကာ အကျယ်ဆုံးမတော်မူခဲ့လေသည်။ ၎င်းကို စာအုပ်ရိုက်နှိပ်ထုတ်ဝေခဲ့ရာ ပုဏ္ဏောဝါဒကမ္မဋ္ဌာန်းဟု ထင်ရှားလေသည်။ ၎င်းမှာ ဒီမိုင်းဆိုက်စာမျက်နှာ ၃၀–ရှိလေသည်။

ကထယိ ပုဏ္ဏောဝါဒမ္ပိ၊ သမ္ပုဏ္ဏမာနသော သုဓီ။
ပုဏ္ဏာယ ဥပါသိကာယ၊ သဒါ ကာရုညမာနသော။

## ဂမ္ဘီရကဗျာကျမ်း

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး အကြောင်းအားလျော်စွာ ပြုစီရင် တော်မူခဲ့သည့် မေတ္တာစာများ၊ ကျောက်စာ၊ သံပိုင်းလင်္ကာ၊ တေးထပ်၊ လေးချိုး ကဗျာကြီးများကိုစုပေါင်း၍ ၁၉၁၁–ခုနှစ်ကစ၍ စီစဉ်ခဲ့သည့်ကျမ်းစာဖြစ်သည်။ ယင်း ကျမ်းစာကို နက်နဲသိမ်မွေ့သော ကဗျာများ၏ တည်ရာရှိရာဖြစ်သဖြင့် ဂမ္ဘီရကဗျာ ကျမ်းဟူ၍ မှည့်ခေါ်ခဲ့ကြသည်။ ယင်းဂမ္ဘီရကဗျာကျမ်း၌ ၁၂၀၆–ပြည့်နှစ်၊ တပေါင်း လအတွင်း ဒေးဒရဲမြို့အုပ်မင်း ဦးဘွားက သီဟိုဠ်ကျွန်းသို့ ဘုရားဖူးကြွတော်မူပါဟု လျှောက်ထားရာ မကြွနိုင်သေးကြောင်း ပြန်ကြားသည့် ဒေးဒရဲမေတ္တာစာ၊ သက္ကရာဇ် ၁၂၄၈–ခုနှစ်က စိုင်ပြင်ကျောင်းဒါယကာ သူကြီးမင်းဦးဆိုင်းသို့ ရေးသားဆုံးမတော်မူ သော စိုင်ပြင်သေရည်သေရက်မေတ္တာစာ၊ ၁၂၄၉–ခုနှစ်က ဒီပဲရင်းမြို့နယ်ရှိ ဒါယ ကာတို့ လျှောက်ထားချက်အရ ရေးသားဆုံးမတော်မူအပ်သော ဒီပဲယင်းသေရည် သေရက်မေတ္တာစာတမျိုး၊ ၁၂၅၀–ပြည့်နှစ်အတွင်း မုံရွာမြို့၌ ထီပွဲမှစ၍ အလောင်း ကစားပွဲများ ပျောက်ကွယ်စေရန် "ထီယန္တံ ဝိနာသံ ဂစ္ဆန္တိ တောနာတိ တိထိ"

တောေန၊ ဤကစားမှုဖြင့်။ ဝိနာသံ၊ ဥစ္စာကုန်ဆုံးပျက်စီးပြုန်းနွမ်းပါးခြင်းသို့။ ထိယန္တိ ဂစ္ဆန္တိ ရောက်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ပြုန်းတီးပျက်စီးခြင်းနိမိတ်ကြောင့်။ ထိ၊ မည်၏။ စသည်ဖြင့် ရေးသားဆုံးမတော်မူအပ်သော ထီမေတ္တာစာ။ ၁၂၄၇-ခုနှစ် အင်္ဂလိပ်မင်းဝင်စတွင် မုံရွာမြို့ လူကြီးလူကောင်းအပေါင်းတို့ တောင်းပန်ချက်အရ ရေးသားတော်မူအပ်သော နွားမေတ္တာစာ၊ ၁၂၅၂-ခုနှစ်က လယ်တီတိုက်ကြီးအတွင်း၌ မဟာဗောဓိပင်စိုက်ပျိုးရာ အမျိုးမျိုးသော မီးပွဲများပြုလုပ်ရန် နှိုးဆော်သော မေတ္တာစာ၊ ၁၂၅၄-ခုနှစ်အတွင်းက မုံရွာမြို့၌ ပြိုပျက်လျက်ရှိသော ပွဲတော်ရ ဆုတောင်းပြည့်စေတီကြီးပြင်ဆင်ကြရန် ရေးသားသည့်ဆုတောင်းပြည့်မေတ္တာစာ၊ ၁၂၅၅-ခုနှစ်အတွင်း မိုးကုပ်မြို့ ပတ္တမြားသဌေးဦးမှတ်သို့ပေးသော ပတ္တမြားမေတ္တာစာ၊ ဆရာတော်ဘုရားကြီး မဟာဗောဓိသို့အကြွ မန္တလေးမြို့တော်မှ ၁၂၅၇-ခုနှစ်၊ တပိုတွဲလပြည့်ကျော် ၃-ရက် ရန်ကုန်မြို့ထွက် မီးရထားပေါ်တွင် စီစဉ်ရေးသားသော ပဋိစ္စသမုပ္ပါဒ်အကျဉ်းလင်္ကာ ၁၃-ပုဒ်၊ မိုးကုတ်မြို့ ဘုရားဒါယကာကြီး ဦးမှတ်လျှောက်ထားတောင်းပန်သဖြင့် ၁၂၆၅-ခုနှစ် ဝါဆိုလအတွင်းက-

၁။　သဒ္ဓါဒယာယဿ ကေဿ၊ သဒ္ဓမ္မရံသိဇာလိနော။
　　ပဇ္ဇောတိသု ဇနမ္ဗုဇာ၊ ဇာတိခေတ္တေ မဟာသရေ။

၂။　ဝန္ဒာမိ တံ မဟာသူရံ၊ မဟာမောဟတမောနုဒံ။
　　သဒ္ဓါတံ သော ဟာဒယေ၊ မယှံ တမောခန္ဓံ ပနုဒတံ။

ဟူသော အာသီသ ၂-ဂါထာအစချီ၍ ရေးသားအပ်သော သီဟတောဘုရားကျောက်စာ မုံရွာမြို့ မဟာလယ်တီတိုက်အတွင်း ညဥ့်အခါ သံဃာတော်တို့ ဝတ်တက်အပြီး သတိသံဝေဂရကြရန် အမြဲလျှောက်ဆိုရန် ရေးသားအပ်သော သာသနာလျှောက် ၂-မျိုး၊ ဆိုင်ရာပုဂ္ဂိုလ်များအား ဆုံးမသည့် သံဝေဂတေးထပ်များ ဆုံးမစာ၊ ခုနှစ်နေ့ဘုရားရှိခိုးနှင့် ဆုတောင်းအမျိုးမျိုး၊ သတ္တဋ္ဌာနဘုရားရှိခိုး၊ ၁၂၅၆-ခုနှစ်အတွင်းက ကင်းဝန်မင်းကြီးထံပေးပို့သည့် သံဝေဂလေးချိုးတို့ ပါရှိလေသည်။ ယင်းကျမ်းမှာ အလွန်ကောင်းသောကျမ်းဖြစ်လေသည်။ ဆိုက်အမျိုးမျိုးဖြင့် ပုံနှိပ်ခဲ့ရာ ကရောင်းဆိုက်နှင့်သော် စာမျက်နှာ ၂၃၄-မျက်နှာ ရှိလေသည်။

　　ဂမ္ဘီရကဗျာနာမေန၊ သုဂန္ထောဟိ သမုဗ္ဘဝိ။
　　သောပိ လယ်တီထေရေန၊ သမ္ပာဒိတော ဟိတတ္ထိနာ။

## စတုသစ္စဒီပနီကျမ်း

ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၆၅-ခုနှစ်က စတုသစ္စဒီပနီကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ယင်းစတုသစ္စဒီပနီကျမ်း၌-

**ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠူပမာ။**
**မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။**
**မာယူပမဥ္စ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ။**

ဟူသော ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ဖေဏပိဏ္ဍောပမသုတ်လာ ဂါထာပါဌ် အနက်၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ သစ္စာအနက် ၁၆-ချက်၊ ကိစ္စ ၄-ပါးနှင့်တွဲပုံ၊ တိုက်တွန်းချက် ဥယျောဇဉ် စသည်တို့ ပါရှိလေသည်။ ကျမ်း၏အဆုံး၌ -

ဤမျှသောစကားအစဉ်ဖြင့် မုံရွာမြို့ လယ်တီတောကျောင်းဆရာတော်ငါသည် မုံရွာမြို့အနောက်တောင် တစ်ဂါဝုတ်ခန့်အကွာ လက်ပန်းတောင်းအမည်ရှိသောတောင်၌ မုံရွာမြို့ ရုံးအမိန့်တော်အရ ရှေ့နေမောင်ကျော်၊ မောင်စံလင်းတို့ဆောက်လုပ်တင်လှူအပ်သော စင်္ကြံဒကာဖြစ်သူ ၎င်းမောင်ကျော်၊ မောင်စံလင်းတို့သည်ပင်လျှင် ဗုဒ္ဓဘာသာသာသနာဓမ္မ၌ အနှစ်သာရပဓာနအချုပ်ဖြစ်၍ အလွန်နက်နဲစွာသော သစ္စာအနက် တစ်ဆယ့်ခြောက်ချက်အနက်အဓိပ္ပါယ်များကို လူရှင်အများတို့ ထင်ရှားသိမှတ်နိုင်ကြရန် ဖော်ပြပါရေးသား သနားချီးမြှောက်စေလိုကြောင်းတောင်းပန်လျှောက်ထားချက်အရနှင့် သိသာရုံမျှ သခင်္ခေပနည်းအားဖြင့် ရေးသားစီရင်အပ်သော စတုသစ္စဒီပနီကျမ်းအမည်ရှိသော ဤကျမ်းစာသစ်သည် ၎င်းသက္ကရာဇ် ဝါခေါင်လဆုတ် ၂-ရက်နေ့တွင် ပြီးမြောက်အောင်မြင်သတည်း။ ဟူသောစကားဖြင့် ကျမ်းပြုရခြင်း၏အကြောင်း ကျမ်းပြီးရာကာလစသည်တို့ကို ဖော်ပြတော်မူခဲ့လေသည်။ ယင်းကျမ်းသည် ရှိုင်ဆိုက်စာမျက်နှာ ၃၈-မျက်နှာရှိလေသည်။

**စတုသစ္စဒီပနီဝှ-ဂန္ထောပိ ထိရဉာဏိနာ။**
**ရစိတော ထေရသေဋ္ဌေန၊ လယ်တီဝိသုတယတိနာ။**

## မဂ္ဂင်ဒီပနီကျမ်း

ဆရာတော်ဘုရားကြီးသည် အင်္ဂလိပ်လူမျိုးခြား ထေရဝါဒရဟန်းတော်များက လျှောက်ထားတောင်းပန်သဖြင့် တစ်မြို့မှတစ်မြို့သို့ကြွစဉ် မီးရထားပေါ် သင်္ဘော

ပေါ်၌ ဤမည်သော မဂ္ဂင်္ဂဒီပနီကျမ်းကို ပြုစီရင်တော်မူခဲ့လေသည်။ ယင်းကျမ်း၌ မဂ္ဂင်ရှစ်ပါးပါဠိအနက်၊ သမ္မာဒိဋ္ဌိ ၃-ပါး ပါဠိအနက်၊ စတုသစ္စသမ္မာဒိဋ္ဌိပါဠိအနက်၊ သမ္မာသင်္ကပ္ပ ၃-ပါး ပါဠိအနက်၊ သမ္မာအာဇီဝ ၄-ပါး ပါဠိအနက်၊ သမ္မာဝါယာမ ၄-ပါး ပါဠိအနက်၊ သမ္မာသတိ ၄-ပါးပါဠိအနက်၊ သမ္မာသမာဓိ ၄-ပါး ပါဠိအနက်၊ ကမ္မသကာပုဒ်အဖွင့်၊ ကမ္မယောနိပုဒ်အဖွင့်၊ ကမ္မဗန္ဓုပုဒ်အဖွင့်၊ ကမ္မပ္ပဋိသရဏ ပုဒ်အဖွင့်၊ တဿဒါယာဒါပုဒ်အဖွင့်၊ ဒသဝတ္ထုသမ္မာဒိဋ္ဌိနိဒ္ဒေသ၊ သမ္မာသင်္ကပ္ပနိဒ္ဒေသ စသည် ဝဋ် ၃-ပါး၊ ၄-လီပြခန်း၊ ဝဋ်နှင့်ဝဋ်တွဲဖက်ခန်း၊ သက္ကာယဒိဋ္ဌိအဓိပ္ပါယ် စသည်တို့ ပါရှိလေသည်။ ဂဏ္ဌာရမ္ဘစကား၊ နိဂုံးစကားများ မပါရှိချေ။ ယင်းကျမ်းသည် ရွှက်ဆိုက် ၆ရ-မျက်နှာရှိလေသည်။

**သမ္မာဒိဋ္ဌိဒီပနီပိ၊ လယ်တီထေရသုဝိညုနာ။**
**ရစိတာ စံကျောင်းအာရာမ-ပုဗ္ဗဝုဋ္ဌသုဝိဒုနာ။**

## ဗောဓိပက္ခိယဒီပနီကျမ်း

ဆရာတော်ဘုရားကြီးသည် ဗောဓိပက္ခိယဒီပနီကျမ်းကိုလည်း ပျဉ်းမနား မြို့အုပ်ဦးဘိုးမြ၊ ကုန်သည်ဦးလှတို့ လျှောက်ထားတောင်းပန်သဖြင့် ပြုစီရင်တော်မူ ခဲ့လေသည်။

ကျမ်းဦး၌-

သက္ကရာဇ် ၁၂၆၆-ခုနှစ်၊ နယုန်လအတွင်း ပျဉ်းမနားမြို့အုပ် မောင်ဘိုးမြ၊ ကုန်သည် မောင်လှတို့က ဗောဓိပက္ခိယတရား ၃၇-ပါးတို့၏ သဘောအဓိပ္ပါယ်များ ကို ထင်ရှားသိသာစွာ သိမှတ်လိုပါကြောင်းနှင့် တောင်းပန်လျှောက်ထားအပ်သည် ဖြစ်၍ ၎င်းမောင်ဘိုးမြ၊ ကုန်သည်မောင်လှတို့ တောင်းပန်လျှောက်ထားချက်အရ "ဗောဓိပက္ခိယတရား ၃၇-ပါး"တို့၏ သဘောအဓိပ္ပါယ်များကို အကျဉ်းအားဖြင့် ပြဆိုပေအံ့သတည်း။ ဟု အဘိယာစက၊ ပဋိညာဉ်ပြုတော်မူခဲ့လေသည်။

ယင်းဗောဓိပက္ခိယဒီပနီကျမ်း၌-

(၁) ဥဃ္ဃဋိတညူပုဂ္ဂိုလ်။ (၂) ဝိပဉ္စိတညူပုဂ္ဂိုလ်။ (၃) နေယျပုဂ္ဂိုလ်။ (၄) ပဒပရမပုဂ္ဂိုလ်ဟူသော ပုဂ္ဂိုလ် ၄-မျိုးအဓိပ္ပါယ်၊ သူနာမျိုးဥပမာနှင့် ပုဂ္ဂိုလ် ၃-မျိုး၊ လူဖြစ်ကျိုးနပ်ရန်ပြဆိုခန်း၊ ဗောဓိပက္ခိယတရား ၃၇-ပါး အနက်အဓိပ္ပါယ် ကာယဂတာသတိအကျဉ်းနည်း၊ သာသနာ့အမွေ ၂-ပါး၊ နိယတ,အနိယတအမွေခံ

၂-ပါး၊ တိုက်တွန်းချက် ဥယျောဇဉ် စသည့်တို့ ဖော်ပြပါရှိလေသည်။

ကျမ်း၏အဆုံး၌

၁။ နဂရေ ပျဉ်းမနားနာမေ၊ အရညေ ပဗ္ဗတန္တရေ။
တန္တိဝါသီဟိ သာဂူဟိ၊ ဓမ္မကာမေဟိ ကာရိတေ။

၂။ သဍ္ဍန္ဒေ သာရရုက္ခေဟိ၊ စန္ဒနောဒကသီတလေ။
စက်မေ သာလမဏ္ဍမှိ၊ ဝသန္တေန မယာ ကတာ။

၃။ ဥဇုမဂ္ဂ ဝိဘာဝေန္တိ၊ ဗောဓိပက္ခိယဒီပနီ။
ဣဓဝေ ဇနာ ဗုဇ္ဈန္တု၊ သန္တာ သမ္ဗောဓိဘာဂိနော။

ပျဉ်းမနားနဂရေ၊ ပတိရူပအနေလှလျှက် အောက်ထက်မြေပါ ကြေညာထုံသင်း ဂုဏ်သတင်းဖြင့် ပျဉ်းမနားဟု ထင်ရှားသောအမည်ရှိသော။ နဂရေ၊ မြို့၌။ အရညေ၊ ကုလုပ်လေးတာ ငါးရာမက အရညအင်္ဂါနှင့် ကောင်းစွာပြည့်စုံထသော။ ပဗ္ဗန္တရေ၊ ဝဲယာမြောင်ယှက် တောင်နှစ်ဖက်တို့၏အကြား၌။ ဓမ္မကာမေဟိ၊ ဗောဓိပက္ခိယ ဓမ္မအချက် သဘောအနက်ကို လက်ဝယ်တင်ထား ပတ္တမြားသို့ ထင်ရှားပြင်ပြင် သိမြင်လိုလားကြကုန်သော။ တန္တိဝါသီဟိသာဂူဟိ၊ ပျဉ်းမနားနေ မိတ်ဆွေ အပေါင်းသူတော်ကောင်းတို့သည်။ ကာရိတေ၊ သပြာငွေကြေး များစွာပေး၍ မနေးဆောလျင် တည်ထွင်ဆောက်လုပ်စေအပ်သော။ သာရရုက္ခေဟိ၊ ချောသွယ်မြင့်ဖြိုးစွင့်စွင့်မြူးလျှက် အထူးကြည်လင် အနှစ်ယှဉ်သော သစ်ပင်ပျိုအပေါင်းတို့သည်။ သဍ္ဍန္ဒေ၊ ရှည်သွယ်ကိုင်းခက် ဝိတာန်ကြက်သို့ ကူးယှက်ပိတ်သန်း ရိပ်ချမ်းသပ်ရပ် ဖုံးလွှမ်းအပ်ထသော။ စန္ဒနောဒကသီတလေ၊ စမ်းရေစိမ့်ရေ တတွေတွေလျှင် မြေတွင်အထူး ရေရှင်မြူး၍ လွန်ချမ်းမြေ့ရာလည်းဖြစ်ထသော။ သာလမဏ္ဍမှိ စက်မေ၊ မွေးပျံ့သင်းကြိုင် ရနံ့လှိုင်သော အင်ကြင်းမြိုင်စကြံကျောင်း၌။ ဝသန္တေန၊ ယခုနှစ်အတွင်း သီတင်းဝါကပ်ဆိုမည်ကြံစည်နေထိုင်လျှက်ရှိသော။ မယာ၊ မုံရွာမြို့ လယ်တီတောရကျောင်းဆရာ ငါသည်။ ဥဇုမဂ္ဂဝိဘာဝေန္တိ၊ ဗောဓိပက္ခိယတရားတို့၏ နေရာတကျ ဖြောင့်မှန်လှသော အတ္ထအချက် အနက်စခန်း ကျင့်နည်းလမ်းကို ဖြောင့်တန်းတည့်မတ် ပြပေတတ်ထသော။ ဗောဓိပက္ခိယဒီပနီ၊ ဗောဓိပက္ခိယဒီပနီ အမည်ရှိလစ် ဤကျမ်းသစ်ကို။ ကတာ၊ ၁၂၆၆-ခုနှစ် ဥတုဂိမှ ဝါဆိုလတွင် စီရင်ပြုအပ် အပြီးသတ်သတည်း။ ဣဓ၊ ဣမိနာ ပုညေန၊ ကျမ်းသစ်ပြုစု ဤကောင်းမှုကြောင့်။ သန္တာ၊ သဒ္ဓါလူလူနှလုံးဖြူ၍ သူတော်အစစ် အမှန်ဖြစ်ကြကုန်သော။

ဇနာ၊ လူရှင်ဓာတ်ကောင်း သူမြတ်အပေါင်းတို့သည်။ ဣလေဝ၊ ချစ်ရှင်ဂေါတမ ဘုရားရိုက်ရာ ဤသာသနာ၌ပင်လျှင်။ သမ္ဗောဓိဂါမိနော၊ သမ္မာဒိဋ္ဌိသမ္ဗောဓိကို သိရန်အတွက် ကုသိုလ်တို့နှင့် မချို့ကုံင ပြည့်စုံကြကုန်သည်ဖြစ်၍။ ဗုဒ္ဓ။ ဘုံစဉ်စံ ညောင်း ဗောဓိနောင်းနှင့် အကြောင်းဆင့်၍ ပွင့်ကြစေကုန်သတည်း။ ဟူသော ၃-ဂါထာပါဌ်အနက်နှင့် အခြားမှတ်ချက် မြန်မာစကားပြေစကားရပ်တို့ဖြင့် နိဂုံးအုပ် တော်မူခဲ့လေသည်။ ယင်းဗောဓိ ပက္ခိယဒီပနီကျမ်းမှာ ရှိုင်ဆိုက်စာမျက်နှာ ၂၀၂- ရှိလေသည်။

**ဗောဓိပက္ခိယဒီပနီ၊ ဝီမတာ ထိရညာဏိနာ။**
**လယ်တီထေရိန္ဒသီဟေန၊ ရစိတာ စာတုမာနိတာ။**

## သမ္မာဒိဋ္ဌိဒီပနီကျမ်း

လယ်တီဆရာတော်ဘုရားကြီးသည် သမ္မာဒိဋ္ဌိဒီပနီကျမ်းကိုလည်း ပြုစီရင် တော်မူခဲ့သည်။ တဖန် ဆရာတော်ဘုရားကြီးသည် မိမိ၏တပည့် လယ်တီ အရှင်ပဏ္ဍိတအား မြန်မာစကားပြေသက်သက်ဖြင့် ရေးသားတော်မူ၍ ဆရာတော် ကြီးက မိမိရေးသားသည်နှင့် တထပ်တည်းတူသည်ဟု အတည်ပြုတော်မူခဲ့လေ သည်။ ကျမ်းဦး၌-

**ဒိဋ္ဌိဗန္ဓနုဗန္ဓေယျ၊ တဏှာသောတေန ဝါဟိတေ။**
**သတ္တေ နာယက တာရေသိ၊ ဘဂဝန္တသ္သ တေ နမော။**

နာယက၊ လူသုံးပါးတို့ရှေ့သွား ခရီးညွှန်ဖြစ်တော်မူသော မြတ်စွာဘုရား။ ဒိဋ္ဌိဗန္ဓနုဗန္ဓေယျ၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော အနှောင်ဖွဲ့ဖြင့် ဖွဲ့ယှက်တုပ်နှောင်အပ်ကုန် သည်ဖြစ်၍။ တဏှာသောတေန၊ တဏှာပင်လယ် ရေယာဉ်ကျယ်သည်။ ဝါဟိတေ၊ ကမ်းလမ်းမမြင် ဆုံးမထင်အောင် အစဉ်တစိုက် မျောအပ်ကုန်သော။ ဝါ၊ တဏှာ သောတေနဝါဟိတေ၊ တဏှာရေအယဉ်ဖြင့် အစဉ်မျောနေကြကုန်သော။ သတ္တေ၊ ပုထုဇဉ်နွယ် ပေါရယ်များစွာ သတ္တဝါတို့ကို။ တွံ၊ ရှင်ပင်ဘုရားသည်။ တာရေသိ၊ သဘော်မဂ္ဂင် ရထားယာဉ်ဖြင့် ဆယ်တင်ကယ်မတော်မူပေ၏။ ဘဂဝန္တသ္သ၊ ဘုန်း တော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့်ပြည့်စုံတော်မူသော။ တေ၊ ရှင်ပင်ဘုရားအား။ နမော၊ ဝတ်တွားညွတ်ကျိုး ရှိခိုးဦးနှိမ်ပါ၏။ ဟူသောပါဌ်နိဿယဖြင့် ဗုဒ္ဓပဏာမ ပြုခဲ့လေသည်။

ယင်းသမ္မာဒိဋ္ဌိဒီပနီကျမ်း၌ ဝိဒနိဂ္ဂဟပါဠိ၊ ဝိဒနိဂ္ဂဟနိဿယ၊ ဒိဋ္ဌိ ၃-ပါးအဓိပ္ပါယ်၊ သာဓနီယဋ္ဌာနကြီး ၃-ပါး၊ ကမ္မဿကတာစသော ၅-ပါး၊ ဣဿရနိမ္မာနဝါဒနိဂ္ဂဟ၊ အဟေတုကဝါဒနိဂ္ဂဟ၊ ကမ္မဿကာဝါဒ၊ အတ္တဒိဋ္ဌိအကြောင်း၊ အတ္တဒိဋ္ဌိကွဲရာဒိအကျိုး၊ အတ္တနှင့်အနတ္တအဓိပ္ပါယ်၊ အတ္တနိယအဓိပ္ပါယ်၊ သမ္မာဒိဋ္ဌိကြီး ၅-ပါး စသည်တို့ ပါရှိလေသည်။

ကျမ်း၏အဆုံး၌လည်း-

၁။ တောယေနာလိမ္ပနံ ပဒ္မံ၊ သေလော ဝါတေသွဖန္ဒနော။
သဒ္ဒေသွသန္တသော သီဟော၊ ဆယ်တီထေရောဟိ ဓီတိမာ။

၂။ ဓမ္မနာဒံ ဉန္နာဒေန္တော၊ သသီသော သော တဟိံတဟိံ။
သဋ္ဌရံ သမ္ပတ္တော ဒါနိ၊ သုဝဏ္ဏဘူမိနာမကံ။

၃။ သတ္တစ္ဆဒ္ဒေကသင်္ကေတော၊ ဟာယနေ့ာဇ္ဇခယင်္ဂဟော။
အယဥ္စ နိဂ္ဂတာတမှိ၊ စိတ္တကာဠမှိ အဌမေ။

၄။ သင်္ခါရာမ မသက်န္တာ၊ ဝယောဝုဒ္ဓိဂတာပုန။
ပုရေမရာမိပုညတံ၊ သုလဒ္ဓ ပသုတံ ဝတံ။

၅။ ပုညေနေတေန ထေရော နော၊ စန္ဒော၀နော၀ဋ္ဌသေဝိတော။
တမော ဆေတွာ ပဘာသေတု၊ သီတသဒ္ဓမ္မရံသိမာ။

(၁) တောယေန၊ အာရုံငါးပါးတည်းဟူသောရေဖြင့်။ အလိမ္ပနံ၊ လိမ်းကျံကပ်ငြိခြင်းမရှိသော။ ပဒ္မံ၊ ပဒုမ္မာကြာပန်းတည်းဟူသည်။ ဓီတိမာ၊ တည်ကြည်နိုင်ခန့်သောသမာဓိရှိတော်မူပေသော။ လယ်တီမဟာထေရောဟိ၊ လယ်တီမဟာထေရ်မြတ်ကြီးပေတကား။ ဝါတေသု၊ လောကဓံရှစ်ပါးတည်းဟူသော လေပြင်းမုန်တိုင်းကြောင့်။ အဖန္ဒနော၊ ယိမ်းယိုင်တုံလှုပ်ခြင်းမရှိသော။ သေလော၊ ကျောက်တောင်ကြီးဟူသည်။ ဓီတိမာ၊ တည်ကြည်နိုင်ခန့်သော သမာဓိရှိတော်မူသော။ လယ်တီထေရောဟိ၊ လယ်တီမဟာထေရ်မြတ်ကြီးပေတကား။ သဒ္ဒေသု၊ သူတစ်ပါးတို့၏ပြောဆိုကြဟန် စကားသံတို့ကြောင့်။ အသန္တသော၊ တုံ့ရွံ့လန့်ထိတ် ကြောက်စိတ်ကြောက်သွေးမရှိသော။ သီဟော၊ ကေသရီဇာတ် ခြင်္သေ့မြတ်ကြီးဟူသည်။ ဓီတိမာ၊ တည်ကြည်နိုင်ခန့်သော သမာဓိရှိတော်မူသော။ လယ်တီထေရောဟိ၊ လယ်တီမဟာထေရ်မြတ်ကြီးပေတကား။

ဤဂါထာတို့ကား–

**သီဟောဝ သဒ္ဒေသု အသန္တသန္တော၊**
**ဝါတောဝ ဇာလမှိ အသဇ္ဇမာနော။**

**ပဒုမံဝ တောယေန အလိမ္ပမာနော၊**
**ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။**

ဟူသော သုတ္တနိပါတ် ခဂ္ဂဝိသာဏသုတ်ပါဠိတော်၊

**သေလော ယထာ ဧကဃနော၊ ဝါတေန န သမီရတိ။**
**ဧဝံ နိန္ဒာပသံသာသု၊ န သမိဉ္ဇန္တိ ပဏ္ဍိတာ။**

ဟူသော ဓမ္မပဒပါဠိတော်တို့ကိုမှီ၍ ရေးသားပေသတည်း။

(၂) သသိသော၊ နောက်လိုက်နောက်ပါ တပည့်သံဃာတော်အပေါင်းနှင့်တကွ ဖြစ်တော်မူသော။ သော၊ ထိုခြင်္သေ့မင်းကြီးသဖွယ် လယ်တီမဟာထေရ်မြတ်ကြီးသည်။ ဓမ္မနာဒံ၊ တရားတည်းဟူသော ဟောက်ဟိန်းကျူးရင့်သံကို။ ဥန္နာဒေန္တော၊ နယ်အရပ်ရပ် ပွဲတင်ထပ်မျှ နှံ့စပ်အောင် ကြိမ်းဟိန်းရင့်ကျူးတော်မူလျှက်။ တဟိံ တဟိံ၊ ထိုထိုမြို့ရွာ နိဂုံးများသို့။ သဉ္စရံ–သဉ္စရန္တော၊ လှည့်လည်ကြွမြန်းတော်မူစဉ်။ ဒါနိ၊ ယခုအခါ၌။ သုဝဏ္ဏဘူမိနာမကံ၊ သုဝဏ္ဏဘူမိမည်သော သထုံပြည်သို့။ သမ္ပတ္တော၊ ကောင်းစွာရောက်တော်မူပေ၏။

(၁၂၆၇–ခုနှစ်တွင် နောက်လိုက်နောက်ပါ တပည့်သံဃာတော်အပေါင်းတို့နှင့်တကွ ထိုထိုမြို့ရွာနိဂုံးတို့သို့ လှည့်လည်ကြွရောက်တော်မူလျှက် ငါတို့ကျေးဇူးရှင်ဆရာတော် ဘုရားကြီး၏ တရားဓမ္မ ပြသဟောကြားတော်မူကြောင်းအမြွက်ကို သမ္မာဒိဋ္ဌိဒီပနီနိဿယ နိဂုံးတွင်လည်း ရေးသားအပ်ပြီ။ ၁၂၆၇–ခုနှစ်၊ တပေါင်းလဆုတ် ၆–ရက်နေ့တွင် ရန်ကုန်မြို့မှ ပင်လယ်ခရီးဖြင့် မီးသင်္ဘောစီးနင်းတော်မူ၍ မော်လမြိုင်မြို့သို့ ကြွတော်မူပြီးလျှင် တရားဓမ္မ ပြသဟောပြောတော်မူ၏။ ၁၂၆၇–ခုနှစ် နှောင်းတန်ခူးလဆုတ် ၂–ရက်နေ့တွင် မီးသင်္ဘောဖြင့် သထုံမြို့သို့ကြွရောက်၍ တရားဟောတော်မူ၏။ ထိုသထုံမြို့သည် မဇ္ဈိမဒေသပါဋလိပုတ်နေပြည်တော်ကြီး၌ သီရိဓမ္မာသောကမင်းကြီး စိုးစံတော်မူစဉ် အရှင်မောဂ္ဂလိပုတ္တတိဿအမှူးရှိသော တစ်ထောင်သော ရဟန္တာအရှင်သူမြတ်တို့နှင့်တကွ တတိယသင်္ဂါယနာတင်ပြီး၍ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်သည် ကိုးတိုင်း

ကိုးဌာနသို့ သာသနာပြုစေလွှတ်ရာ တိုင်းပြည်တို့တွင် တစ်ခုအပါအဝင်သော အရှင်သောဏ၊ အရှင်ဥတ္တရမထေရ် ၂-ပါးတို့ကြွရောက်၍ သာသနာပြုရာ သုဝဏ္ဏဘူမိ တိုင်းကြီးပင်တည်းဟူ၍ ပြောဆိုစမှတ် ပေါ်ရာဏစကား ထင်ရှားရှိ၏။ ဤသထုံမြို့၌ ရှေးမင်းတို့တည်ထားပြုလုပ်ခဲ့သော ကျုံးဟောင်း၊ မြို့ရိုးဟောင်းများလည်း ယခုတိုင်တည်ရှိသေး၏။ ရဟန္တာအရှင်သူ မြတ်တို့နေရာ ကျောင်းတိုက်တာဟောင်းများကိုလည်း တွေ့မြင်ရသေး၏။ သုဝဏ္ဏဘူမိဟူသောအမည်သည် ပါရာဇိကဏ်အဋ္ဌကထာမှ လာသောအမည်ဖြစ်၏။ မြန်မာရာဇဝင်ကျမ်းတို့၌ကား ၎င်းသထုံမြို့ကို သုဓမ္မပုရဟူ၍ ခေါ်ဆိုရေးသား၏။ သုဓမ္မ-ဟူသော ပါဠိဘာသာ စကားသည် မြန်မာဘာသာအားဖြင့် သုဓမ်ဟုဖြစ်၏။ ရှေးစာဟောင်းတို့၌ သုဓမ်မြို့ဟုပင် ရေးစမှတ်ပြုကြ၏။ နောက်ကာလရှည်လျားသဖြင့် သုဓမ်ဝေါဟာရမှပြောင်း၍ သထုံဖြစ်လာလေသည်။)

(၃) စိတ္တကာဠမှိအဋ္ဌမေ၊ တန်ခူးလဆုတ် ၈-ရက်မြောက်ဖြစ်သော။ အဋ္ဌမီ ယနေ့၌ မူကား။ သတ္တုစ္စဒွေကသကေ်တော၊ မြန်မာ့ဝေါဟာ ကောဇာသက္ကရာဇ် ၁၂၆၇-ခုနှစ်ဟူ၍ သမုတ်မှတ်သားအပ်သော။ ဟာယနော၊ နှစ်သည်။ ခယင်္ဂတော၊ ကုန်ဆုံး ခြင်းသို့ ရောက်ခဲ့ချေပြီ။ အယဥ္စ၊ ဤသမ္မာဒိဋ္ဌိဒီပနီကျမ်းသည်လည်း။ တမှိ၊ ထို ၁၂၆၇-ခုနှစ်အကုန် သထုံမြို့တွင် ရှိဆဲအခါ၌။ နိဋ္ဌိတာ၊ ပြီးဆုံးအောင်မြင်ခြင်းသို့ ရောက်၏။

(တန်ခူးလဆုတ် ၈-ရက်နေ့သည် ၁၂၆၇-ခုနှစ် ကုန်သောနေ့ဖြစ်၏။ ဤသမ္မာဒိဋ္ဌိ ဒီပနီကျမ်းပြီးစီးသောနေ့လည်းဖြစ်၏။ ဤနေ့သည် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး နှင့်တကွ ငါတို့ခေတ္တတည်ရှိနေထိုင်အခါလည်းဖြစ်၏။)

(၄) မမ၊ လယ်တီပဏ္ဍိတဟူ၍ ပညတ်သမုတ်အပ်သောငါ၏။ သခါရာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်။ သက်န္တာ၊ စကြံန်ပြောင်း၍ အဟောင်းချုပ်ဆဲ အသစ်လဲ ခဲ့ကုန်ပြီ။ သခါရာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်။ ပုန၊ တဖန်။ ဝယောဝုဍ္ဎိဂတာ၊ နှစ် ဟောင်းကာကွယ်လင့် အရွယ်ရင့်၍ ကြီးမြင့်အိုမင်းခြင်းသို့ ရောက်ခဲ့ကြပြန်ကုန်ပြီ။ ပုရေ မရာမိ၊ စုတိသို့ဆင်း၍ သေခြင်းသို့ငါမရောက်မီ။ တံပုညံ၊ ထိုသမ္မာဒိဋ္ဌိဒီပနီ ကျမ်းကို ကြိုးပမ်း ရေးသားရခြင်းတည်းဟူသော ကုသိုလ်အထူးကို။ ပသုတံ၊ ဆည်းပူးအားထုတ်ရပြီ။ သုလဒ္ဓံ ဝတ၊ အရတော်ကြီးတော်ပါပေစွတကား။

(၅) တောနပုညေန၊ ဤသမ္မာဒိဋ္ဌိဒီပနီကျမ်းကို ကြိုးပမ်းအားထုတ်ရသော ကောင်းမှုကြောင့်။ ဇနောဠုသေဝိတော၊ လူအပေါင်းများစွာ ကြွယ်တာရာတို့၏ ကောင်းစွာ မှီဝဲအပ်ထသော။ သီတသဒ္ဓမ္မရံသိမာ၊ ချမ်းကြည်အေးမြစွာသော သူတော်ကောင်းတို့၏ တရားတည်းဟူသော ရောင်ခြည်လည်းရှိပေထသော။ စန္ဒော၊ ပုဏ္ဏိန္ဒုစန်း လနန်းလရထားကြီးသဖွယ် ဖြစ်တော်မူသော။ နော၊ ငါတို့၏။ ထေရော၊ ကျေးဇူးတော်ရှင် မဟာထေရ်မြတ်သည်။ တမော၊ လောကဘောင်ဝယ် မိုက်အောင် ပြုတတ်သော အဝိဇ္ဇာမှောင်တိုက်ကြီးကို။ ဆေတွာ၊ ဖျက်ဆီးတော်မူ၍။ ပဘာသေတု၊ ထွန်းလင်းတောက်ပတော်မူပါလေစေလို။

ဟူသော ၅-ဂါထာပါဌ်နိဂုံးယဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းကျမ်းသည် ရှိုင်ဆိုက် ၈၁-မျက်နှာရှိလေသည်။

**အာဏာယ မဟာထေရဿ၊ ကဝိကေသရဉာဏိနော။**
**လယ်တီပဏ္ဍိတသီဟေန၊ ရစိတာ သာဓုပတ္တိတာ။**

## ဝိပဿနာဒီပနီကျမ်း

ဆရာတော်ဘုရားကြီးသည် ဝိပဿနာဒီပနီကျမ်းကိုလည်း -

(၁) ဝိပလ္လာသကထာ၊ (၂) မညနာကထာ၊ (၃) အဘိနိဝေသကထာ၊ (၄)ဘူမိကထာ၊ (၅) ဂတိကထာ၊ (၆) သစ္စာကထာ၊ (၇) ပစ္စယကထာ၊ (၈) အဘိညာကထာ၊ (၉) ပရိညာကထာ ဟူသော ကထာ ၉-ပါး ဝိပဿနာလုပ်ငန်းတို့ ဖြင့် တန်ဆာဆင်၍ ပြုစီရင်တော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌-

ဤတွင်ရွှေကား ဥရောပတိုက်သား ဗုဒ္ဓဘာသာ လူအများတို့၏အကျိုးငှာ ဝိပဿနာကမ္မဋ္ဌာန်းအလုပ်ကို အကျဉ်းချုပ် စီရင်ချက်ပြီး၏။ အကျယ်မူကား ပါဠိဘာသာဖြင့် ရေးသားပြီးသည်ရှိသော်လည်း အချောမတင်ရသေးသည့်အတွက် နောက်မှ ပေးပို့ရန် ကြံရွယ်လျက်ရှိသတည်း။

မန္တလေးမြို့အနောက်ပြင် စင်ရှင်လမ်းကျိုးထိပ်တွင် နိုင်ငံခြားဗုဒ္ဓဘာသာ သာသနာပြုအသင်းကြီး နှစ်စဉ် စည်းဝေးရာဌာန ရတနာသီရိကျောင်းတိုက်ကြီး၌ ၎င်းအသင်းကြီး အစည်းအဝေးကိစ္စနှင့် ကြွရောက်နေထိုင်စဉ် စီရင်အပ်သော ဝိပဿ

နာဒီပနီကျမ်းသည် မြန်မာသက္ကရာဇ် ၁၂၇၆–ခုနှစ်၊ တပေါင်းလဆန်း ၁၄–ရက်နေ့ တွင်ပြီးပေသတည်းဟု ကျမ်းပြုရခြင်း၏အကြောင်း ကျမ်းပြုရာဌာန ကျမ်းပြီးရာကာ လတို့ကို ဖော်ပြတော်မူခဲ့လေသည်။ ယင်းကျမ်းသည် ရိုက်ဆိုက် စာမျက်နှာ ၆၂–ရှိလေသည်။

**ဝိပဿနာဒီပနီ နာမ၊ သာ သော သာရသံယုတာ။**
**ရစိတာ ထေရသေဌေန၊ တိက္ခဂမ္ဘီရညာဏိနာ။**

## အာနာပါနဒီပနီ

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် အာနာပါနဒီပနီကျမ်းကို ကြိုးပမ်းအားသစ် ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌–

မြန်မာသက္ကရာဇ် ၁၂၆၅–ခုနှစ်၊ တပေါင်းလဆုတ် ၁၁–ရက်နေ့တွင် လယ်ကိုင်းမြို့စား ဝန်ရှင်တော်ကင်းဝန်မင်းကြီးက တရားဓမ္မသြဝါဒများကို နာခံလို ပါကြောင်းနှင့်အတန်တန် ပင့်ဖိတ်တောင်းပန် လျှောက်ထားအပ်သည်ဖြစ်၍ မန္တလေး မြို့တော်သို့ကြွရောက်၍ ၎င်းတော်ဝန်ရှင်မင်းကြီး၏အိမ်ဦး၌ ၃–ရက်၊ ၃–ညဥ့်တည်းခို နေထိုင်၍ ၎င်းဝန်ရှင်တော်မင်းကြီးနှင့်တကွ ၎င်းအိမ်သို့ တရားနာလာရောက်ကြကုန် သော မှူးတော်မတ်တော် ရဟန်းရှင်လူပြည်သူအပေါင်းတို့အား တရားဓမ္မပြသဟော ပြ၍ နေစဉ်အခါ ဝန်ရှင်တော်မင်းကြီး၏သားဖြစ်သူ ပုသိမ်မြို့အုပ်နှင့် မော်လမြိုင်မြို့ ဇာတိ မန္တလေးအရေးပိုင်မင်းရုံးတော်စာရေးကြီး မောင်ခင်တို့သည် အသက်ထက်ဆုံး စွဲမြဲအားထုတ်ရန် အာနာပါနကမ္မဋ္ဌာန်းအလုပ်များကို ထုတ်ဖော်ရေးသား သနားချီး မြှင့်ပေးပါမည့်အကြောင်းနှင့် တောင်းပန် လျှောက်ထားကြသည်ဖြစ်၍ မုံရွာမြို့ လယ်တီ တောရကျောင်းဆရာ ငါသည် ဥပရိပဏ္ဏာသအာနာပါနသတိသုတ် ပါဠိတော်မြတ်ကို အနက်အဓိပ္ပါယ်နှင့်တကွ အကျဉ်းသခေပအားဖြင့် ဖော်ပြရေးသား ပေအံ့သတည်း–ဟူ၍ အဘိယာစကပဋိညာဉ် ဖော်ပြတော်မူခဲ့လေသည်။

## ပါရှိသောအကြောင်းအရာများ

ဤအာနာပါနဒီပနီကျမ်း၌ အာနာပါနကမ္မဋ္ဌာန်းပွားများသင့်ပုံ၊ စိတ်ကိုအစိုးမ ရ၍ သံသရာမျောရပုံ၊ ကာယဂတာသတိဘာဝနာ ဦးစွာအားထုတ်ရပုံ၊ ဥပရိပဏ္ဏာသ ပါဠိတော်လာ အာနာပါနသတိသုတ်အဖွင့် အဋ္ဌကထာနည်း၊ အာနာပါနသတိနှင့်

ဝိသုဒ္ဓိ ၆–ပါးစသည်တို့ ပါရှိလေသည်။ ယင်းအာနာပါနဒီပနီကျမ်းမှာ ရှိုင်ဆိုက် စာမျက်နှာ ၄၉–မျက်နှာရှိသည့် ကျမ်းကောင်းဖြစ်လေသည်။

အာနာပါနဒီပနီ နာမ၊ သမ္ဗုဏ္ဏာ သာဓု ထောမိတာ။
လယ်တီထေရကဝိန္ဒေန၊ ရစိတာ ထိရဉာဏိနာ။

## ဘာဝနာဒီပနီကျမ်း

ဆရာတော်ဘုရားကြီးသည်–

"မြန်မာသက္ကရာဇ် ၁၂၆၆–ခုနှစ်၊ ကဆုန်လအတွင်း ပျဉ်းမနားမြို့အုပ် မောင်ဘိုးမြ ပင့်လျှောက်ချက်နှင့် အညာမုံရွာမြို့မှ လာရောက်၍ ပျဉ်းမနားမြို့ စမ်းကျ တောကျောင်းတွင် ထိုနှစ်အတွင်း သီတင်းဝါကပ်ဆိုနေထိုင်ရာ ရန်ကုန်မြို့ ပုဇွန်တောင် တောင်လုံးပြန်ရပ်နေ ခတ်ဆရာကြီးဆရာမြို့သည် လာရောက်၍ ဝါတွင်းသုံးလပတ်လုံး ဥပုသ်သီတင်းစောင့်ထိန်း၍ နေစဉ်အခါ ဘာဝနာလေးဆယ် နှင့် စပ်လျဉ်း၍ကြားနာရသော ဓမ္မကထာ ဒေသနာစကားများကို မိမိနှင့်အလားတူ ရှင်လူအပေါင်းတို့အား ကြားနာသိမြင် ဆင်ခြင်ပွားများ နှလုံးထားကြပါစေခြင်းငှာ စာအုပ်ရေးတင် စီရင်ချီးမြှောက်ပါမည့်အကြောင်းနှင့် တောင်းပန်လျှောက်ထားအပ် ပါသည်ဖြစ်၍ မုံရွာမြို့ လယ်တီတောရကျောင်းဆရာငါသည် ဘာဝနာလေးဆယ် တို့၏ အနက်အဓိပ္ပါယ်ကို မကျယ်မကျဉ်း နှလုံးသွင်းနိုင်ကြရန် အတန်ငယ် ထုတ်ဖော်ဖွင့်ပြပေအံ့"ဟု အဘိယာစကနှင့်ပဋိညာဉ် ဖော်ပြပါ ဂန္ထာရမ္ဘပြု၍ ကျမ်းစာကို ပြုစီရင်တော်မူခဲ့လေသည်။

ယင်းကျမ်း၌ ဘာဝနာ ၄၀–အဓိပ္ပါယ်အကျဉ်း၊ အနိစ္စာနုပဿနာဉာဏ်၊ လက္ခဏာရေး ၃–ပါး၊ ဘာဝနာအကျယ်တို့ကို ဖော်ပြစီရင်တော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌ –

၁။ နဂရေ ပျဉ်းမနားနာမေ၊ အရညေ ပဗ္ဗတန္တရေ။
တံနိဝါသီဟိ သာဓူဟိ၊ ဓမ္မကာမေဟိ ကာရိတော။

၂။ သဍ္ဍန္နေ သာရရုက္ခေဟိ၊ စန္ဒနောဒကသီတလေ။
စင်္ကမေ သာလမဏ္ဍမှိ၊ ဝသန္တေန မယာ တတာ။

၃။ ဝိပုလတ္ထံ ဒီပယန္တိ၊ သော ဘာဝနာဒီပနီ။
ဣမေ ဝသန္တာ ဗုဇ္ဈန္တု၊ ဘာဝေတွာ ဘာဝနာ ဣမာတိ။

(၁) ပျဉ်းမနားနာမေ၊ ပတိရူပ အနေလှလျှက် ဒေသသီးခြား ပျဉ်းမနားဟု ထင်ရှားသောအမည်ရှိထသော။ နဂရေ၊ မြို့၌။ အရညေ၊ ကုပ်လုပ်လေးတာ ငါးရာမက ကွာဝေးလှ၍ အရညအင်္ဂါနှင့်လည်းပြည့်စုံစွာထသော။ ပဗ္ဗတန္တရေ၊ ဝဲယာ မြောင်ယှက်တောင်နှစ်ဖက်တို့၏အတွင်း၌။ ဓမ္မကာမေဟိ၊ တရားဓမ္မနှစ်ရသာကို ဒိဋ္ဌထက်လင်း သိမြင်ခြင်းငှာ အလိုရှိကြကုန်သော။ တံနိဝါသီဟိသာဓုဟိ၊ ထိုပျဉ်းမနားမြို့နေမိတ်ဖက်ဆွေပေါင်း သူတော်ကောင်းတို့သည်။ ကာရိတေ၊ မြန်မာ သက္ကရာဇ် ၁၂၆၆–ခု၊ ဒုတိယဝါဆိုလအတွင်း အလျင်အမြန်ဆောက်လုပ်စေအပ်ထသော။

(၂) သာရရုက္ခေဟိ၊ ချောသွယ်မြင့်ဖြူး စွင့်စွင့်မြူးလျှက် အထူးကြည်လင် အနှစ်ယှဉ်ကုန်သော သစ်ပင်အပေါင်းတို့သည်။ သဥ္ဆန္နေ၊ အကိုင်းအခက် ဗိတာန်ကြက်သို့ ကူးယှက်စီထပ် ဖုံးလွှမ်းအပ်ထသော။ စန္ဒနောဒကသီတလေ၊ စန်းရေစိမ့်ရေ တတွေတွေလျှင် မြေတွင်းအထူး ရေရွှင်မြူး၍ လွန်ချမ်းမြေ့ရာလည်းဖြစ်ထသော။ သာလမဏ္ဍပေ၊ မွေးပျံ့သင်းကြိုင် အင်ကြင်းမြိုင်အမည်ရှိထသော။ စင်္ကမေ၊ အမည်မတိမ် ထေရ်မဟိန်လျှင် ထိန်တဘုန်းစေ သုံးပရစေဟု ဒေဝါန်ပိယ ဒိပ သေဠှနှင်း ဆောက်လှုနှင်းသည့် စင်္ကြံကြီးအလား အလျားအတောင်ခြောက်ဆယ် စားစားကယ်သည့် ရှည်သွယ်ပြန့်ညောင်း စင်္ကြံကျောင်း၌။ ဝသန္တေန၊ သီတင်း ဝါကပ်ဆိုနေထိုင်သော။ မယာ၊ မုံရွာမြို့ လယ်တီတောရကျောင်းဆရာငါသည်။

(၃) ဝိပုလတ္ထံ၊ ဘာဝနာလေးဆယ်တို့၏ ကျယ်ဝန်းပြန့်ဖြူးသော အနက်အဓိပ္ပါယ်ကို။ ဒီပယန္တိ၊ ထင်လင်းစွာပြထွန်းနိုင်သော။ သောဘာဝနာဒီပနီ၊ ဘာဝနာ ဒီပနီအမည်ရှိသော ဤကျမ်းသစ်ကို။ ကထာ၊ သီတင်းကျွတ်လဆန်းတွင် စီရင်အပ် အပြီးသတ်သတည်း။ သန္တာ၊ စိတ်နှလုံးလိမ္မာကုန်သော ပညာရှိသူတော်ကောင်း အပေါင်းတို့သည်။ ဣမာ ဘာဝနာ၊ ဤလေးဆယ်သော ဘာဝနာတရားတို့ကို။ ဘာဝေတွာ၊ ပွားများအားထုတ်ကြကုန်၍။ ဣမေဝ၊ ဤဘုရားသာသနာ၌ပင်လျှင်။ ဗုဇ္ဈန္တု၊ ဘုံစဉ်စံညောင်း ဗောဓိနှောင်းနှင့် အကြောင်းသင့်၍ ပွင့်ကြပါစေကုန် သတည်း။

ဟူသော ၃–ဂါထာပါဠိနိဿယဖြင့် ကျမ်းပြုရာဌာန၊ ကျမ်းပြုပုဂ္ဂိုလ်၊ ကျမ်းပြီးရာကာလတို့ကိုဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။ ဤကျမ်းကား

ရှိုင်ဆိုက်စာမျက်နှာ ၂၉၀–ရှိကျမ်းကြီးဖြစ်လေသည်။

ဝိပုလတ္တံ ဒီပယန္တိ၊ သော ဘာဝနာဒီပနီ။
ရစိတာ ထေရသေဋ္ဌေန၊ လယ်တီယတိသုဝိညုနာ။

## ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် ဝိဇ္ဇာမဂ္ဂဒီပနီကျမ်းကိုလည်း သက်တော် ၅၂–တွင် ပြုစီရင်တော်မူခဲ့လေသည်။ ယင်းဝိဇ္ဇာမဂ္ဂဒီပနီကျမ်း၌ ဝိဇ္ဇာ အပြားနှင့် ပဓာနိယင် ၅–ပါး၊ အရိယဝိဇ္ဇာဖြစ်ရန် နည်းလမ်းစသည်တို့ပါရှိလေသည်။ ကျမ်း၏အစ၌ ဂန္ထာရမ္ဘစကား မပါရှိပါချေ။ ကျမ်း၏အဆုံး၌ကား "ဤတွင်ရွှေ့ကား ၁၂၆၀–ပြည့်နှစ်၊ နတ်တော်လဆန်း ၄–ရက်၊ ၅–ရက်တွင် ဘီးလင်းမြို့ ကုသိနာရုံ ဘုရားကို အဖူးအမြော်ရောက်သောအခါ ၎င်းတောင်ပေါ်ဘုရားမှာနေသော ရသေ့ ဆရာနှင့်တွေ့ကြရာ သက္ကာယဒိဋ္ဌိဟုဆိုအပ်သော အတ္တဝါဒုပါဒါန်ဖြိုဖျက်ရာသော နည်းလမ်းကို ရသေ့လျှောက်ထားချက်အရနှင့် မုံရွာမြို့ လယ်တီဆရာငါသည် အတ္တဝါဒုပါဒါန်ဖြိုဖျက်ရန် ဝိပဿနာ ဝိဇ္ဇာပေါက်လမ်းကို ပြဆိုရေးသားလိုက်သော ဝိဇ္ဇာမဂ္ဂဒီပနီဤစာကျမ်းသစ်သည် ၁၂၆၀–ပြည့်နှစ်၊ ပြာသိုလဆန်း ၁၂–ရက်နေ့တွင် အပြီးသို့ရောက်သတည်း။ ဟူသောစကားဖြင့် ကျမ်းပြုခြင်း၏အကြောင်း ကျမ်းပြီး နှစ် လ၊ ရက်တို့ကို ဖော်ပြတော်မူခဲ့လေသည်။

ယင်းကျမ်းသည် ရှိုင်ဆိုက်စာမျက်နှာ ၆၅–မျက်နှာရှိကျမ်းစာဖြစ်လေသည်။

ဝိဇ္ဇာမဂ္ဂဒီပနီမ္ပိ၊ ဒီပနီသု သုကောဝိဒေါ။
ဉာဏီ လယ်တီ ကဝိသေဋ္ဌော၊ ရစယီ ယတိသေခရော။

## အနတ္တဒီပနီကျမ်း

အလုံမြို့မ ရွှေကျောင်းတိုက်ဆရာတော် အရှင်ဉာဏဝံသသည် လယ်တီ ဆရာတော်ဘုရားကြီးအား "ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့အား ဗုဒ္ဓုပ္ပါဒခဏ၊ သဒ္ဓမ္မဿဝနခဏတို့၏ နှစ်ဆီသြဇာအရသာကို သုံးဆောင်ခံစံကြ ကုန်ရန် ပဋိပတ္တိနည်းလမ်း တစ်စုံတစ်ခု ထုတ်ဖော်ညွှန်ပြတော်မူပါ"ဟု လျှောက် ထား တောင်းပန်ခဲ့လေသည်။ သို့ဖြစ်၍ လယ်တီဆရာတော်ဘုရားကြီး သည် အနတ္တဒီပနီကျမ်းပြု စီရင်တော်မူခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် ကျမ်းဦး၌-

အနမတဂ္ဂသံသရာ၌ ကျင်လည်ပြေသွား မျောပါးနစ်မွန်း၍နေကြကုန်သော သတ္တဝါအပေါင်းတို့အား မဟာကမ္ဘာ အသင်္ချေကြာသော်လည်း တစ်ကြိမ်တစ်ခဏမျှ မတွေ့ရလိုက် မကြုံကြိုက်ရလိုက်သည်ဖြစ်ပါ၍ အလွန်တွေ့ရခဲ ကြုံကြိုက်ရခဲလှစွာသော ဗုဒ္ဓုပ္ပါဒခဏ၊ သဒ္ဓမ္မသဝနခဏတို့နှင့် ဆိုက်တိုက်ကြုံကြိုက်တွေ့ဆုံ၍ နေကြရပါကုန်သော သူအပေါင်းတို့အား ထိုတွေ့ကြုံခဲလှစွာသော ဗုဒ္ဓုပ္ပါဒခဏ၊ သဒ္ဓမ္မသဝနခဏတို့ နှစ်ဆီသြဇာအရသာကို သုံးဆောင်ခံစံကြရန် တစုံတခုသော ပဋိပတ်နည်းလမ်းကို ထုတ်ဖော်ညွှန်ပြပါမည့်အကြောင်းနှင့် အလုံမြို့မရွှေကျောင်းတိုက်ဆရာတော်အရှင်ဉာဏသ လျှောက်ထားတောင်းပန်အပ်သည်ဖြစ်၍ ၎င်းမြို့မ၏ တဖက်ရွှေတောင်ဦး တောင်ပေါ်ကျောက်ဂူစကြံကျောင်းနေ လယ်တီဆရာ ငါသည် ကျမ်းဂန်တို့မှလာရှိသည့်အတိုင်း အလွန်သိလွယ် ထင်လွယ် မြင်လွယ်လှစွာ ဝေဒနာကမ္မဋ္ဌာန်းပဋိပတ်လမ်းကို ထုတ်ဖော်ညွှန်ပြပေအံ့သတည်းဟု အဘိယာစကနှင့် ပဋိညာဉ်ကို ဖော်ပြတော်မူခဲ့လေသည်။ ၎င်းပြင်-

ဗုဒ္ဓုပ္ပါဒေ သဒ္ဓမ္မော စ၊ လောကမှိ အတိဒုလ္လဘော။
ဗဟာန္တွာ သုလဘေ ဓီရော၊ ဂဏှေယျ အတိဒုလ္လဘံ။

ဗုဒ္ဓုပ္ပါဒေ၊ ဘုရားပွင့်သောအခါသည်လည်းကောင်း။ သဒ္ဓမ္မော စ၊ သာသနာတော်သည်လည်းကောင်း။ လောကမှိ၊ သံသရာလောကကြီး၌။ အတိဒုလ္လဘော၊ မဟာကမ္ဘာ အသင်္ချေကြာသော်လည်း တခါတရံမျှ တွေ့ကြုံရခဲလှ၏။ တသ္မာ၊ ထို့ ကြောင့်။ ဓီရော၊ ပညာရှိသည်။ သုလဘေ၊ သံသရာလောကကြီး၌ ရလွယ် တွေ့လွယ်လှကုန်သော လူ့စီးပွားရှင့်စီးပွားတွေကို။ ဗဟာန္တွာ၊ လွတ်လွတ်ခွါ စွန့်လျှက်။ အတိဒုလ္လဘံ၊ အလွန်တွေ့ကြုံရခဲလှစွာသော ဗုဒ္ဓုပ္ပါဒ သဒ္ဓမ္မစီးပွားကို။ ဂဏှေယျ၊ အရယူထိုက်လှလေသတည်း။ ဟူသော ဂါထာပါဌ်အနက်ဖြင့် ဥယျောဇဉ်ပြု၍ ကာယဂတာသတိ၊ ဣရိယာပထသမ္ပဇည စသည်တို့ကိုဖော်ပြ၍ ပြုစီရင်တော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌-

၁။ သလ္လာဝတီ နဒီတီရေ၊ အလုံနဂရပါရိမေ။
သောဏ္ဏပဗ္ဗတပဗ္ဘာရေ၊ သိလာဂုဟာယ စင်္ကမေ။

## ၂။ ဝသတာ မဟာထေရေန၊ သံသာရဘယဒဿိနာ။ တောဒိသာ နမတ္ထာယ၊ ကတာ အနတ္တဒီပနီ။

အလုံနဂရပါရိမေ၊ အလုံမြို့မ၏တဖက်ဖြစ်သော။ သလ္လာဝတီနဒီတီရေ၊ သလ္လဝတီမြစ်ကမ်းထိပ်၌။ သောဏ္ဏပဗ္ဗတပဗ္ဘာရေ၊ ရွှေတောင်ဦးအမည်ရှိသော တောင်ထိပ်၏ကမ်းပါးယံ၌။ သိလာဂုဟာယ၊ ကျောက်လိုဏ်ဂူ၌။ စက်မေ၊ အလုံမြို့မ နေ လွှထောင်မောင်အောင်ဘအမည်ရှိသော ဒါယကာသည် ဆောက်လုပ်အပ်သော ဂူစကြံကျောင်း၌။ ဝသတာ၊ သီတင်းသုံးနေသော။ သံသာရဘယဒဿိနာ၊ သံသရာ ဘေးကိုရှုမြင်လေ့ရှိသော။ မဟာထေရေန၊ မုံရွာမြို့ လယ်တီဆရာမထေရ်မြတ်ကြီး သည်။ တောဒိသာနံ၊ ဤကဲ့သို့ သံသရာဘေးကို ရှုမြင်လေ့ရှိကြကုန်သော ရဟန်း ရှင်လူသဘောဖြူတို့၏။ အတ္ထာယ၊ အကျိုးငှာ။ အနတ္တဒီပနီ၊ အနတ္တလက္ခဏာကို ကောင်းစွာထင်မြင်ရခြင်း၏ အကျိုးအာနိသင်နှင့်တကွ အနတ္တပရိညာအစီအရင်ကို ပြဆိုရာဖြစ်သောကြောင့် အနတ္တဒီပနီအမည်ရှိသော ဤကျမ်းစာသစ်ကို။ ကတာ၊ ၁၂၆၃–ခု၊ ပြာသိုလပြည့်ကျော် ၇–ရက်နေ့တွင် စီရင်ပြုအပ်အပြီးသတ်သတည်း ဟူသော ၂–ဂါထာပါဠိနိဂုံးဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းကျမ်းသည် ရှိုက်ဆိုက်ဖြင့် စာမျက်နှာ ၁၀၀–ခန့်ရှိ ကျမ်းဖြစ်လေသည်။

## အနတ္တဒီပနီကျမ်းသစ်

ရွှေဘိုမြို့ ရွှေဥဒေါင်းတောရဘုန်းကြီး ဆရာတော်ဘုရားကြီး၏တပည့် အရှင်ကုသလသည် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးထံ သမ္မုတိသစ္စာ၊ ပရမတ္ထသစ္စာ ၂–ပါးကို ပိုင်းခြားဝေဖန်၍ မှန်ရာတည့်တည့်သိမြင်လိုကြောင်း၊ ၎င်းပြင် ၎င်းသဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတရားများကိုလည်း ခြားနားသေချာ သိမြင် လိုကြောင်း၊ ထို့ပြင်တစ်ပါး အနတ္တအချက်များကိုလည်း ကွက်ကွက်ကွင်းကွင်း ထင်လင်းသေချာ ဝိပဿနာဉာဏဒဿနအဖွင့်ကို ချီးမြှင့်ရေးသားတော်မူပါရန် ရှိသေကျိုးနွံစွာ လျှောက်ထားသဖြင့် ဆရာတော်ဘုရားကြီးသည်–

ကျမ်းဦး၌–

ယခုအခါ ဗုဒ္ဓဘာသာ၌ လွန်စွာအရေးကြီးသော အနတ္တအချက်ကြီးတို့ကို တပည့်အရှင်ကုသလ လျှောက်ထားတောင်းပန်ချက်အရ မုံရွာမြို့ လယ်တီတော တောင်ခို၍ ကြည်ညိုလေးမြတ် ဝိပဿနာလုပ်ရပ် အထပ်ထပ်ကြိုးစားကြသဖြင့်

ဉာဏ်သွားဝရဇိန် တက်ထွန်းထိန်၍ အရှိန်ကြီးမား အမျိုးသားတို့အား ထောက်ထား မြော်ရှု ဟောပြောမှုအရာဝယ် ပဒေသဉာဏ်ကဲ့သို့ ဝေဖန်ပိုင်းခြား ဟောကြားဆုံးမ သာသနာတော်ကို ပြုစုကြရန်ရည်သန်စိတ်ထားဖြင့် တရားသဘောပေါ်လွင်၍ ဉာဏ်အမြင် ဖောက်ထွင်းသန့်ရှင်းစေသောအား မေးလျှောက်သောတရားတို့ကို ရေးသားချီးမြှင့်ပေးအပ်သတည်းဟု ပဋိညာဉ်ပြု၍ သက္ကရာဇ် ၁၂၈၀–ပြည့်နှစ်၊ ပြာသို လဆန်း ၈–ရက်နေ့က အပြီးသတ်ပြုစီရင်တော်မူခဲ့လေသည်။ ဤကျမ်း၌ မေးလျှောက်သည့်အတိုင်း သစ္စာနှစ်ပါး၊ ဒိဋ္ဌိနှစ်ပါး၊ ယင်းဒိဋ္ဌိနှစ်ပါးပယ်ပုံ၊ အကြောင်းတရားလေးပါး၊ ဒုက္ခကြီးမားပုံ၊ စွဲလန်းမှုဆင်ခြင်မှု၊ သံသရာအကြောင်း၊ နိဗ္ဗာန်အကြောင်း စသည်တို့ကို ဖော်ပြပါရှိလေသည်။

ကျမ်း၏အဆုံး၌လည်း ကျမ်းပြုရခြင်းနှင့် ကျမ်းပြီးချိန်ကာလကိုဖော်ပြတော်မူခဲ့လေသည်။ ဆရာတော်ဘုရားကြီးကား မေတ္တာ၊ ကရုဏာကြီးမားသည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။ ယင်းကျမ်းသည် ကရောင်း ၁၆–ချိုးဆိုက် စာမျက်နှာ ၉၁–မျက်နှာရှိသည်။

> အဘိနဝမ္ပိ အနတ္တ–ဒီပနိံ ဒီပနေ သုဓီ။
> လယ်တီထေရော ယတိသေဋ္ဌော၊ ရစယိတ္တ သုဇာတိမာ။

## အနတ္တဝိဘာဝနာပါဠိကျမ်း

ဆရာတော်ဘုရားကြီးသည်–

<u>အနတ္တာ အသာရကဋ္ဌေနာ</u>တိ ဧတ္ထ န အတ္တာ အနတ္တာ။ အသာရကဋ္ဌေနာတိ အသာရဘာဝေန။ <u>သာရော</u>တိ စ ဝသ္သသတမ္ပိ ဝဿသဟဿမ္ပိ ယာဝဇီဝံ အဝိဿမာနော အမိယျမာနော သဘာဝေါ ဝုစ္စတိ။ သတ္တသန္တာနပရိယာပန္နံ ရူပံ သတ္တဿ သာရော န ဟောတိ။ ခဏေ ခဏေ ဘိဇ္ဇနတော–စသည်ဖြင့် အနတ္တပုဒ်အနက်ကို ထင်စွာ ပြရာပြကြောင်းဖြစ်သောကျမ်းကို ပြုစီရင်တော်မူခဲ့လေသည်။

ယင်းကျမ်းမှာ ရွှိက်ဆိုက်ဖြင့် ၄–မျက်နှာကျော်ကျော်ရှိကျမ်းငယ်ကျမ်းကောင်းဖြစ်လေသည်။ ဆရာတော်ဘုရားကြီးသည် အနတ္တတရား၏ နက်နဲခက်ခဲပုံစသည်ကို–

> သုဂမ္ဘီရမိဒံ ဌာနံ၊ သုနိပုဏမိဒံ ပဒံ။
> သုဒုဒ္ဒသာနမိဒံ ဌာနံ၊ သုဒုဗ္ဗောဓမိဒံ ပဒံ။

သုဒ္ဒသမ္ပိ ပဿန္တိ၊ ပဏ္ဍိတာ ဓမ္မကောဝိဒါ။
သုဒ္ဓဗ္ဗောဓမ္ပိ ဗုဇ္ဈန္တိ၊ ဝိညူနော သတ္တကောဝိဒါ။

ဟူသော ၂-ဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။

## အနုတ္တဝိဘာဝနာနိဿယကျမ်း

အနုတ္တဝိဘာဝနာပါဠ်၏ မှီရာအတ္ထနိဿယကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ယင်း၌လည်း ဂန္ထာရမ္ဘစကား၊ နိဂုံး စသည် မပါရှိပါချေ။ ၎င်းသည်လည်း ကျမ်းကောင်းကျမ်းမြတ်ဖြစ်လေသည်။

အနုတ္တဝိဘာဝနာယ-နိဿယမ္ပိ သုနိဿယော။
လယ်တီထေရော ထိရညာဏီ၊ ရစယီ ရစနေ ဝိဒူ။

## သစ္စတ္ထဒီပနီကျမ်း

ဆရာတော်ဘုရားကြီးသည်-

"စတုသစ္စဝိနိမုတ္တာ ဒေသနာ နာမ နတ္ထိ-ဟူသည်နှင့်အညီ ဘုရားမြတ်စွာ၏ ဒေသနာတော်ဟူသမျှသည် သစ္စာလေးပါးမှလွတ်သောမည်သည်မရှိ။ သစ္စာလေးပါးသို့သာ ကိုင်းကြရှိုင်းကြရကား သာသနာတော်မြတ်၌ သစ္စာလေးပါးတရားသည် အထွတ်အမြတ် အချက်အခြာဖြစ်ခဲ့၍ အလွန်စွဲမြဲခြင်းငှာထိုက်လှသော သစ္စာအနက် တဆဲ့ခြောက်ချက်ကို အနက်အဓိပ္ပါယ်နှင့်တကွ သိသာရုံမျှပြဆိုအံ့" ဟု ပဋိညာဉ်ပြု၍ သစ္စတ္ထဒီပနီကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။

ယင်းသစ္စတ္ထဒီပနီကျမ်းသည်လည်း ကျမ်းငယ်ဖြစ်လေသည်။ ရှိုင်ဆိုက်စာမျက်နှာ ၁၈-မျက်နှာရှိလေသည်။

သစ္စတ္ထဒီပနီ နာမ၊ ကထမ္ပိ ရစိတာ သုဘာ။
လယ်တီထေရိန္ဒသေဋ္ဌေန၊ သာသနေ ကဝိကေတုနာ။

## ပဋ္ဌာနုဒ္ဒေသဒီပနီပါဠ်ကျမ်း

"ကျမ်းကြီးပဋ္ဌာန်း ကျမ်းငယ်ဆန်း ကျမ်းလတ်ဓာတုကထာ" ဟူသည်နှင့်အညီ ပဋ္ဌာန်းကျမ်းကြီးသည် ကျယ်ဝန်းလှ၏။ ခက်ခဲ၏။ ယင်းသည့်ကျယ်ဝန်းသည့်ကျမ်းကြီးကို သဘောပေါက်နားလည် ကျက်မှတ်လွယ်ကူရန် ရည်သန်တော်မူ၍

ပစ္စယအတ္တဒီပနဲ၊ ပစ္စယသဘာဂသင်္ဂဟ၊ ပစ္စယဃဋနာနည်းတို့ဖြင့် တန်ဆာဆင်၍ ပဋ္ဌာနုဒ္ဒေသဒီပနီကျမ်းပါဠိကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌ ဂန္ထာရမ္ဘ မပါမရှိပါချေ။

ဟေတုပစ္စယော။ ။ ကတမော ဟေတုပစ္စယော။ လောဘော ဟေတုပစ္စယော၊ ဒေါသော ဟေတုပစ္စယော၊ မောဟော ဟေတုပစ္စယော၊ အလောဘော၊ အဒေါသော၊ အမောဟော- စသည်ဖြင့် ပြုစီရင်တော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌-

ဣတ္တာဝတာ ပစ္စယာနံ အတ္တဒီပနာ၊ ပစ္စယသဘာဂသင်္ဂဟော ပစ္စယာနံ ဃဋနာ နယောတိ တီဟိ ကဏ္ဍေဟိ ပရိစ္ဆိန္နာ ပဋ္ဌာနုဒ္ဒေသဒီပနီ နိဋ္ဌိတာ ဟောတိ။

''မြမ္မရဋ္ဌေ မုံရွာနဂရေ လယ်တီအရညဝိဟာရဝါသိနာ မဟာထေရေန ကတာယံ ပစ္စယာနုဒ္ဒေသဒီပနီ''ဟူသောစကာဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းကျမ်းကား အင်္ဂလိပ်ဘာသာ၊ သီဟိုဠ်ဘာသာစသည်တို့ဖြင့် ပြန်ဆိုထားရာ အင်္ဂလန်၊ သီဟိုဠ်(သီရိလင်္ကာ)စသည့် နိုင်ငံများ၌လည်း ထင်ရှားလေသည်။ ယင်းကျမ်းသည် ရှိုင်ဆိုက် စာမျက်နှာ ၄၂-မျက်နှာရှိလေသည်။

**ပဋ္ဌာနုဒ္ဒေသဒီပနီ၊ လယ်တီသုစီရဉာဏိနာ။**
**တေပိဋကပါရဂေန၊ ရစိတာ ကဝိကေတုနာ။**

## ပဋ္ဌာနုဒ္ဒေသဒီပနီနိဿယကျမ်း

မန္တလေးမြို့အနောက်ပြင် မစိုးရိမ်တိုက်ကြီး၌ ပဌမကျော်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရဆရာတော်အရှင်ဉာဏ[၁] သည် လယ်တီဆရာတော်ဘုရားကြီး၏ ပဋ္ဌာနုဒ္ဒေသဒီပနီပါဠိကို တစ်ခါတွင် ချပို့တော်မူခဲ့လေသည်။ ထိုစဉ်က အရှင်အဂ္ဂဝံသ အမည်ရှိသော ရဟန်းတော်သည် ဆရာတော်အရှင်ဉာဏ ချပို့သည့်အတိုင်း နိဿယရေးသားခဲ့လေသည်။ ယင်းနိဿယကို ဆရာတော်အရှင်ဉာဏ သုတ်သင်တည်းဖြတ်၍ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေတော်မူခဲ့လေသည်။ ယင်းနိဿယကို အကြိမ်ကြိမ်ပုံနှိပ်ခဲ့ရာ မြန်မာနိုင်ငံတွင်မက ကမ္ဘာကပင်သိသော ကျမ်းဖြစ်လေသည်။ ဆရာတော်အရှင်ဉာဏသည် ကျမ်းဦး၌-

---

၁။ မန္တလေးသာသနာဝင်- ၁၀။ မစိုးရိမ်သာသနာဝင် ဆရာတော်အရှင်ဉာဏကြည့်။

၁။　အနန္တဉာဏတေဇေန၊ အနန္တနယဒေသကံ။
　　အနန္တဇိန် နတွာန၊ အနန္တဘဝပါရဂုံ။

၂။　အနန္တနယလက်ာရံ၊ အနန္တဉာဏဂေါစရံ။
　　အနန္တဘဝနိယျာနံ၊ ဓမ္မဥ္စ မောဟခံသကံ။

၃။　အနန္တနယဂမ္ဘိရံ၊ ဘဏ္ဍာဂါရိကသန္နိဘံ။
　　သံဃဉ္စသ သမုဂ္ဂိတ–မနန္တဇောသသဥ္စယံ။

၄။　အနန္တ နျပဋ္ဌာနသ္သ၊ ယာ ဥဒ္ဒေသတ္ထသူဒနီ။
　　မဟာထေရေန လယ်တိတိ၊ သုတေန သခံတာ သုဘာ။

၅။　သောတူနံ နန္တဉာဏေသု၊ သုသုခံ ဗုဒ္ဓိဝုဒ္ဓိယာ။
　　ကရိဿံ နိဿယံ တဿာ၊ ပဋ္ဌာနုဒ္ဒေသဒီပနျာ။

(၁) အဟံ၊ ငါသည်။ အနန္တဉာဏတေဇေန၊ အဆုံးအစမရှိသိမြင်နိုင်သော သဗ္ဗညုတဉာဏ်တော်၏အစွမ်းဖြင့်။ အနန္တနယဒေသကံ၊ အဆုံးအစမရှိသော များဘိသိန်းသောင်းနည်းအပေါင်းတို့နှင့်ပြည့်စုံသော အနန္တနယသမန္တပဋ္ဌာန်းကျမ်းကြီးကို ဟောတော်မူပေတတ်ထသော။ အနန္တဘဝပါရဂုံ၊ အဆုံးအစမရှိဖြစ်ဘိများးစွာ သံသရာစခန်း မှာဖက်ကမ်းသို့ စံမြန်းတော်မူတတ်ထသော။ အနန္တဇိနံ၊ ဆုံးဆမထင် များဖြင့် မိုလ်ထု ရန်သတ္တုကို တစ်ခုမကျန် အမှန်အောင်မြင် အောင်ပွဲဆင်တော်မူသော မြတ်စွာဘုရားကြီးကို။ နတွာန၊ နမာမိ၊ ရှိခိုးပါ၏။ နတွာန၊ ရှိခိုးပြီး၍။

(၂) အနန္တနယလက်ာရံ၊ အဆုံးအဆမရှိသောနည်းတို့ဖြင့် တန်ဆာဆင်အပ်သော။ အနန္တဉာဏဂေါစရံ၊ အဆုံးအဆမရှိ သိမြင်နိုင်သော သဗ္ဗညုတ ဉာဏ်တော်၏သာ ကျက်စားရာဖြစ်တော်မူထသော။ အနန္တဘဝနိယျာနံ၊ အဆုံးအဆမရှိ ဖြစ်ဘိများးစွာ သံသရာမှ မကြာမရှည် ဘေးမဲ့ပြည်သို့ အတည်ချိုက်ချိုက် ရုတ်ခြည်းဆိုက်အောင် ထုတ်ဆောင်တော်မူတတ်သော။ မောဟခံသကံ၊ အမိုက်ပင်ရင်း မောဟသင်းကို နှိပ်နင်းဖျက်ဆီးတော်မူတတ်ထသော။ ဓမ္မဥ္စ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် အမြတ်ဆယ်ဖော်တရားတော်ကိုလည်း။ နတွာန၊ နမာမိ၊ ရှိခိုးပါ၏။ နတွာန၊ ရှိခိုးပြီး၍။

(၃) အနန္တနယဂမ္ဘိရံ၊ အဆုံးအဆမရှိ များဘိသိန်းသောင်း နည်းအပေါင်းနှင့်ပြည့်စုံ

သော ပဋ္ဌာန်းကျမ်းတည်းဟူသော တိုက်ခန်းကြီး၌။ ဘဏ္ဍာဂါရိကသန္နိဘံ၊ ဘဏ္ဍာစိုးနှင့်တူတော်မူပေထသော။ အနန္တဗောဓသဥ္စယံ၊ အဆုံးအဆမရှိသော ကိလေသာအစုကို။ သမုဂ္ဃါတံ၊ အကြွင်းမဲ့ဖျက်ဆီးတော်မူတတ်ထသော။ အဿ၊ ထိုမြတ်စွာဘုရားကြီး၏။ သံဃဥ္စ၊ မဂ္ဂဋ္ဌာန်လေးပါး ဖလဋ္ဌာန်လေးပါး ဤရှစ်ပါးသော အရိယာသံဃာတော်မြတ်အပေါင်းကိုလည်း။ နတွာန၊ နမာမိ၊ ရှိခိုးပါ၏။ နတွာန၊ ရှိခိုးပြီး၍။

(၄) လယ်တီတိ၊ လယ်တီဆရာတော်ဘုရားဟူ၍။ သုတေန၊ နိုင်ငံတကာတို့၌ ကြေညာထင်ရှား ကျော်ကြားတော်မူပေထသော။ မဟာထေရေန၊ တိပိဋကပါရဂူဖြစ်တော်မူသော မဟာထေရ်ကြီးသည်။ သခ်တာ၊ ကောင်းစွာတည့်ထွင် စီရင်ပြုစုတော်မူအပ်သော။ အနန္တနယပဋ္ဌာနဿ၊ အနန္တနယဖြစ်သော သမန္တပဋ္ဌာန်းကျမ်းကြီး၏။ ဥဒ္ဒေသတ္တသူဒနီ၊ ပစ္စယုဒ္ဒေသပါဠိတော်၏အနက်အဓိပ္ပါယ်အသွယ်သွယ်ကို အကျယ်မထုတ် အကျဉ်းချုပ်၍ ပြုရာပြကြောင်းဖြစ်သော။ ယာပဋ္ဌာနုဒ္ဒေသဒီပနီ၊ အကြင်ပဋ္ဌာနုဒ္ဒေသဒီပနီကျမ်းသည်။ သုတာ၊ အင်္ဂလန်ကျွန်းကြီးတိုင်အောင် ကျော်ကြားပျံ့နှံ့လေပြီ။

(၅) အနန္တဉာဏယေသု၊ အဆုံးအဆမရှိသော ပဋ္ဌာန်းနည်းတို့၌။ သောတူနံ၊ စာသင်သားတို့၏။ သုသုခံ၊ ချမ်းချမ်းသာသာ။ ဝါ၊ လွယ်လွယ်ကူကူ။ ဗုဒ္ဓိဝုဒ္ဓိယာ၊ အဘိဓမ္မာဉာဏ်ရင့်သန်တိုးပွားခြင်းငှာ။ တဿာပဋ္ဌာနုဒ္ဒေသဒီပနျာ၊ ထိုပဋ္ဌာနုဒ္ဒေသဒီပနီကျမ်း၏။ နိဿယံ၊ မြန်မာဘာသာမှီရာအတ္ထနိဿယကို။ ကရိဿံ၊ ကရိဿာမိ၊ ပြုစီရင်ပေအံ့သတည်း။

ဟူသော ၅-ဂါထာပါဌ်အနက်ဖြင့် ရတနတ္တယပဏာမ၊ ကျမ်းပြုခြင်း၏အကြောင်း၊ ကျမ်းပြုခြင်း၏အကျိုး၊ ပဋိညာဉ်ဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။ ကျမ်း၏အဆုံး၌လည်း-

မန္တလေးနဂရေ မစိုးရိမ်က္ကတိ ဝိသုတာရာမေ ဝသတာ အဂ္ဂဝံသနာမကေန နဝကာဘိက္ခုနာ ယထာဝါစိတံ ဓာရေတွာ ကတောယံ ပဋ္ဌာနုဒ္ဒေသဒီပနိယာနိဿယော။

မန္တလေးနဂရေ၊ မန္တလေးမြို့၌။ မစိုးရိမ်က္ကတိ ဝိသုတာရာမေ၊ မစိုးရိမ်ဟူ၍ ထင်ရှားကျော်စောသောအာရာမ်တိုက်ကြီး၌။ ဝသတာ-ဝသန္တေန၊ သီတင်းသုံးနေသော။ အဂ္ဂဝံသ နာမကေန၊ အဂ္ဂဝံသအမည်ရှိသော။ နဝကာဘိက္ခုနာ၊ ရဟန်းပျို

သည်။ ပဋ္ဌာနုဒ္ဒေသဒီပနိယာ၊ ပဋ္ဌာနုဒ္ဒေသဒီပနီကျမ်း၏။ အယံနိဿယော၊ ဤနိဿယကို။ ယထာ ဝါစိတံ၊ ဆရာသခင် အရှင်ဉာဏပို့ချမိန့်ဆိုတော်မူတိုင်း။ ဓာရေတွာ၊ မတိမ်းမချွတ်မှတ်ရွတ်ဆောင်ထား၍။ ကတော၊ ရေးသားစီရင်အပ်၏။ ဟူသော စုဏ္ဏိယပါဌ်နိဿယဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။

ဤပဋ္ဌာနုဒ္ဒေသဒီပနီနိဿယကို လယ်တီဆရာတော်ဘုရားကြီးကိုယ်တိုင် ပြုစုသည့် နိဿယအလား ပညာရှင်တို့ လေးစားကြကုန်၏။ ယင်းကျမ်းသည် ရှိုက်ဆိုက် ၁၃၆-မျက်နှာရှိလေသည်။

ပဋ္ဌာနုဒ္ဒေသဒီပန်ျာ၊ နိဿယံ ရစယိ သုဓီ။
သိဿကော ဉာဏထေရဿ၊ ဉာဏေန ဝါစိတံ ယထာ။

## နိယာမဒီပနီကျမ်း

ဗီဇနိယာမ၊ ဥတုနိယာမ၊ ကမ္မနိယာမ၊ ဓမ္မနိယာမ၊ စိတ္တနိယာမ ဟူသော နိယာမတရားငါးပါးကို သေချာကျနစွာသိလျှင် ဘုရားမြတ်စွာ သာသနာတော်မြတ်၌ မတုန်မလှုပ်နိုင်မြဲစွာ သက်ဝင်၍ကြည်ညိုနိုင်သောအကျိုး၊ ဘာသာတစ်ပါးတို့ မနှောင့် မယှက်နိုင်ပဲ ထိုဘာသာတစ်ပါးတို့အတွက်ကြောင့် တွေးတောယုံမှားခြင်း ကိုလည်း ပယ်ဖျောက်နိုင်သောအကျိုး၊ လောကဓာတ်စကြာဝဠာ ကမ္ဘာလောကကြီး နှင့်တကွ သတ္တဝါတို့၏ဖြစ်နေပုံ၊ ဥတုတရားတို့၏ဖြစ်နေပုံ၊ သစ်ပင်ဗီဇအမျိုးမျိုးတို့၏ ဖြစ်နေပုံ၊ ကံဆန်းကြယ်မှုနှင့် သတ္တဝါများတို့၏အဆန်းတကြယ်ဖြစ်နေပုံ၊ ဒွါရ ခြောက်ဖြာ အာရုံခြောက်မျိုးတို့၏ ထိခိုက်မှုကြောင့် စိတ်ခေါ်သော ဝိညာဏ ဓာတ်တို့၏ဖြစ်နေပုံ၊ သက်ရှိသက်မဲ့ဝတ္ထုတို့၌ ဓာတ်သဘောသဘာဝဓမ္မတို့၏ဖြစ် နေပုံများကို ထင်ရှားစွာ သိနိုင်သောအကျိုးများကို ကေန်မုချရနိုင်ပေသည်။

သို့ဖြစ်၍ ထိုထိုဆိုအပ်ခဲ့ပြီးသော အကျိုးများကိုရလိုသော ရန်ကုန်မြို့၊ ဓမ္မဿဝနဗုဒ္ဓသာသနာပြုအသင်းကြီး၏ ဦးစီးဥက္ကဋ္ဌဖြစ်သော ပင်စင်စား အငြိမ်းစား ဝန်ထောက်မင်း ဦးရွှေကိုဝ်သည် ဆရာတော်ဘုရားကြီးအား လျှောက်ထားတောင်းပန် ခဲ့လေသည်။

သို့ဖြစ်၍ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် ဤမည်သော နိယာမဒီပနီကျမ်းကို ကြိုးပမ်း ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌-

**နိယာမဓမ္မသံသိဒ္ဓံ၊ နိယာမဓမ္မဒေသကံ။**
**နတွာ နာထံ ကရိဿာမိ၊ သုဘံ နိယာမဒီပနိံ။**

အဟံ၊ လယ်တီဆရာ ငါသည်။ နိယာမဓမ္မသံသိဒ္ဓံ၊ သခင်မျှားစွာ ကမ္ဘာဘာ၌ ပါရမီဆယ်ပါး အပြားတိသ သမ္ဘာရတို့ကို အရယူမှီး ဖြည့်ကျင့်ပြီးမှ စောထီးထွတ်ဖျား ဘုရားဖြစ်မြဲဟူသော ဓမ္မနိယာမအရိုးကျသဖြင့် ဗုဒ္ဓဘာဝ ကိစ္စကုန်စင် အောင်မြင်ပြီးစီးတော်မူထသော။ နိယာမဒေသကံ၊ ပဋိစ္စသမုပ္ပါဒစသည် ထင်ရှားနိယာမတရားတို့ကိုလည်း ဟောကြားတော်မူပေထသော။ နာထံ၊ မြတ်စွာဘုရားကို။ နတွာ–နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။ သုဘံ၊ သဘောယုတ္တိ လုံလောက်ဘိ၍ ကြည့်သူခပင်း လင်းကြီးလင်းအောင် ကောင်းခြင်းအထူးနှင့်ပြည့်စုံသော။ နိယာမဒီပနိံ၊ နိယာမဒီပနီ ဤကျမ်းစာသစ်ကို။ ကရိဿာမိ၊ စီရင်ပေအံ့–ဟူသော တစ်ဂါထာပါဠိနိဿယဖြင့် ပဏာမပဋိညာဉ် ပြုတော်မူခဲ့လေသည်။

ဤနိယာမဒီပနီကျမ်း၌– နိယာမအဓိပ္ပါယ်၊ ဗီဇနိယာမ၊ ဥတုနိယာမ၊ ကမ္မနိယာမ၊ ဓမ္မနိယာမ၊ စိတ္တနိယာမ ဟူသော စကားကြီးငါးခွန်း အဓိပ္ပါယ်၊ ပညတ်စကားနှင့်ဓာတ်စကားအကြောင်း၊ စိတ်နှင့်စေတနာဓာတ်ခွဲပုံ၊ လောကနှင့်နိယာမ အခွဲအကျဉ်း၊ ကမ္ဘာတည်ပုံ၊ ပျက်ပုံ၊ လောကနှင့်နိယာမ အခွဲအကျယ်၊ သစ္စာနှစ်မျိုးနှင့် ဝေါဟာရနှစ်မျိုးစသည်တို့ ပါရှိလေသည်။

ကျမ်း၏အဆုံး၌–

၁။ မုံရွာလယ်တီအရညမှိ၊ မုံရွာဇနေဟိ ကာရိတေ။
မနောရမ္မေ စင်္ကမမှိ၊ ဝသန္တေန မယာ ကတာ။

၂။ နိယာမဒီပနီနာမ၊ ရန်ကုန်ဇနေဟိ ပတ္ထိတာ။
ဘာသန္တရဝိဇယာယ၊ ဒွိသတ္တေ ဒွေကသာကိယေ။

မုံရွာလယ်တီအရညမှိ၊ မုံရွာမြို့ လယ်တီတောကျောင်းတိုက်အတွင်း၌။ မုံရွာဇနေဟိ၊ မုံရွာမြို့ကမ်းနားအရပ်နေ အမိန့်တော်ရရှေ့နေ မောင်ကြော့၊ မောင်စံလင်း အမှူးရှိကုန်သော မုံရွာမြို့သားတို့သည်။ ကာရိတေ၊ ဆောက်လုပ်စေအပ်သော။ မနောရမ္မေစင်္ကမမှိ၊ မနောရမ္မစင်္ကြံကျောင်းကြီး၌။ ဝသန္တေန၊ ၁၂၇၂–ခုနှစ်အတွင်း သီတင်းဝါကပ်ဆိုနေထိုင်သော။ မယာ၊ လယ်တီဆရာငါသည်။ ရန်ကုန်ဇနေဟိ၊ ရန်ကုန်မြို့ ဓမ္မဿဝနဗုဒ္ဓသာသနာပြုအသင်းကြီး၏ အကြီးအချုပ်

ဥက္ကဋ္ဌဖြစ်သူ ပြီစီဒင်မောင်ရွှေဂိုဝ်နှင့် အသင်းသားအပေါင်းတို့သည်။ ဘာသန္တရ ဝိဇယာယ၊ ဘာသာတစ်ပါးကို အောင်မြင်ခြင်းအကျိုးငှာ။ အတ္တိယာ၊ တောင့်တ အပ်သော။ နိယာမဒီပနီ နာမ၊ နိယာမဒီပနီအမည်တွင်လှစ် ဤကျမ်းသစ်ကို။ ဒွိသတ္တေ ဒွေကသာကိယေ၊ မြန်မာသက္ကရာဇ် ၁၂၇၂–ခု၊ ဝါခေါင်လပြည့်နေ့၌။ ကတာ၊ စီရင်ဖန်တီးပြီးစီးအောင် မြင်ခဲ့လေသတည်း။

ဟူသော ၂–ဂါထာ ကျမ်းပြီးရာကာလ၊ ကျမ်းပြုခြင်း၏အကြောင်း၊ ကျမ်းပြီး ရာဌာနကိုဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းကျမ်းသည် ရှိုင်ဆိုက်စာမျက် နှာ ၄၃–မျက်နှာရှိလေသည်။

## ဒါနာဒိဒီပနီကျမ်း

လယ်တီဆရာတော်ဘုရားကြီးသည် ဒကာ၊ဒကာမများ ဒါနစသောကုသိုလ် တရားများ နည်းမှန်လမ်းကျ ပြုလုပ်တတ်ကြရန် နည်းပေးလမ်းညွှန်အနေဖြင့် ဒါနာဒိဒီပနီကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ဤဒါနာဒိဒီပနီကျမ်း၌ ဒါန ခန်း မာတိကာ၊ ဒါနခန်းအဓိပ္ပါယ်၊ သီလခန်းမာတိကာ၊ ဒါနသီလခန်းအဓိပ္ပါယ် အကျယ်၊ ဂုဏ်တော်ခန်း၊ ပန်းရေချမ်းဆီမီးပူဇော်နည်း၊ ရေလှူဒါန်းရန်၊ ဆီမီးပူဇော် ရန်တို့ ပါရှိလေသည်။ ယင်းကျမ်းမှာ ကရောင်း ၁၆–ချိုးဆိုက် စာမျက်နှာ ၇၇– မျက်နှာ ရှိလေသည်။

**ဒါနာဒိဒီပနိ နာမ၊ ဂန္ထံ ဂန္ထေသု ကောဝိဒေါ။**
**ရစယီ ထေရကုဥ္စရော၊ လယ်တီတိဝိဿုတော ယတိ။**

## ရူပဒီပနီကျမ်း

လယ်တီဆရာတော်ဘုရားကြီးသည် ရူပဒီပနီကျမ်းကိုလည်း ပြုစီရင်တော်မူ ခဲ့လေသည်။ ကျမ်းဦး၌–

သဗ္ဗြဟ်ရူပပဝတ္တိတ္တမဥ္စ ကမ္မဇရုပ် စိတ္တဇရုပ်တို့၏ချုပ်စဉ်ဝယ် ဆရာတို့အဆို မတူ ကွဲလွဲရှိကြပါသည်။ ဘယ်အယူသည် အာဂုံယုတ္တိအားဖြင့် အားအင်ရှိသည်ဟု စိစစ်ရွေးချယ်ပြီးလျှင် စတုဇရုပ်တို့၏ချုပ်ရာ ပြတ်စဲရာခဏများကို သိမှတ်လိုကြောင်း နှင့် ၁၂၆၄–ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀–ရက်နေ့တွင် မင်းခင်းမြို့ ယွန်း ကျောင်းဂိုဏ်းထောက်ဆရာက စာလွှာစေလွှတ် လျှောက်ထားတောင်းပန်အပ်သည်

ဖြစ်၍ လေ့ကူးမြို့ လယ်တီတောရကျောင်းဆရာ ငါသည် အာဂုံသတ္တိနှင့်တကွ ရူပဒီပနီကို ရေးသားပြဆိုပေအံ့သတည်း။ ဖြစ်စဉ်ကစ၍ ဆိုမှသာလျှင်ချုပ်စဉ်သည်လည်း ထင်ရှားရာသောကြောင့် ဖြစ်စဉ်ကပင် အဦးတင်၍ဆိုအပ်၏။ ဟူ၍ ပဋိညာဉ်ပြုတော်မူခဲ့လေသည်။

ဤရူပဒီပနီကျမ်း၌ ရုပ်ဖြစ်ကြောင်းတရားလေးပါး၊ ရုပ်မျိုးဖြစ်စဉ်၊ ရုပ်ကလာပ်တို့၏တိုးပွားပုံအကြောင်း၊ သတ္တာဟအကြောင်း၊ သတ္တာဟဝိနိစ္ဆယအကြောင်း၊ ကလာပ်စည်းအကြောင်း၊ ကလာပ်စည်းများကို ဝေဖန်ပြဆိုခြင်း၊ ကလာပ်စည်း၌ မသွင်းရသောတရားများ၊ ကလာပ်စည်း၌ ပါဝင်သည့်ရုပ်များပွားနည်း၊ ကလာပ်အပြားရေတွက်နည်း၊ ရုပ်တို့၏ချုပ်ပြတ်ပုံ၊ အမျိုး ၄-ပါးဖြစ်ပေါ်လာပုံ၊ ခေတ်ဆီခေတ်မီးတို့ကိုမှီ၍ သခါရရှုပုံ၊ စတုဇရုပ်ချုပ်ပုံအကြောင်း စသည်ပါရှိလေသည်။

ကျမ်း၏အဆုံး၌-

**တရဏီယေ မဟာဂါမေ၊ အရညေ ဝသတာ မယာ။**
**ကထိတာ ရူပပ္ပဝတ္တိ၊ ဂေါဇေ ဘုမ္မိပေမဂေ။**

တရဏီယေ၊ သင်္ဘောလှေဖြင့် အကြေအညာ စုန်ဆန်ကာလျှင် ဥစ္စာရှာမှီး လှေသူကြီးတို့ ပျော်မွေ့နေထိုင်ရာဖြစ်၍ လေ့ကူးအမည်ရှိသော။ ဝါ၊ သမ္မာဒိဋ္ဌိအစရှိသော အရိယမဂ္ဂင်ဖောင်ရေယာဉ်ဖြင့် ရေယဉ်ထဲနက် ဝဲဂယက်မှ ကူးတက်လွန်မြောက်ရာဖြစ်၍ လေ့ကူးအမည်ရှိသော။ မဟာဂါမေ၊ ရွာမြတ်၌။ အရညေ၊ ကုတ်လုပ်လေးတာ ပြန့်ငါးရာမျှ အကွာထောင့်သန်း ၄က်မင်းနန်းဝယ် ရပ်ချမ်းသိုက်မြိုက် တော ကျောင်းတိုက်၌။ ဝသတာ၊ ကောဇာသက္ကရာဇ် ၁၂၄၈-ဝယ်တိုက်သစ်တည်ကာ နေထိုင်ပါသော။ မယာ၊ လယ်တီတောကျောင်းဆရာ ငါသည်။ ဂေါဇေ၊ ဂေါဇာသက္က ရာဇ်သည်။ ဘုမ္မိမိခိပေ၊ ၁၂၅၄-ခု။ မဂေ၊ နတ်တော်လပြည့်ကျော် ရှစ်ရက်သည်။ သမ္ပတ္တေ၊ ရောက်လတ်သော်။ ရူပပ္ပဝတ္တိ၊ ရုပ်တရားတို့၏ဖြစ်ပျက်မှုကို ပြရာဖြစ်သော စကားရပ်ကို။ ကထိတာ၊ ရေးသားဆိုအပ်အပြီးသတ်သတည်း။ ဟူသော ၁-ဂါထာပါဠိနိဂုံးဖြင့် ကျမ်းပြုရာဌာန၊ ကျမ်းပြီးရာကာလကိုပြဆိုတော်မူခဲ့လေ သည်။ ရူပဒီပနီကျမ်းမှာ ဒီမိုင်းဆိုက် ၂၀၂-ရှိလေသည်။

**ရူပဒီပနီ ဂန္ထောပိ၊ ဂန္ထေသု တိက္ခဉာဏိနာ။**
**ယတိနာ လယ်တီထေရေန၊ ရစိတော ကဝိကေတုနာ။**

## အာဟာရဒီပနီကျမ်း

တိပိဋကပါရဂူမိ သာသနမာမကသံသာရဘီရုကလဇ္ဇီပေသလသိက္ခာကာမ ဖြစ်တော်မူသော ကျေးဖူးရှင်လယ်တီဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၆၃–ခုနှစ်အတွင်း အလုံမြို့တဘက် သလ္လာဝတီမြစ်ကမ်းခြေ ရွှေတောင်ဦးတောင်ထိပ်၌ အရညဝါသီအဖြစ်ဖြင့် သီတင်းသုံးတော်မူစဉ် ဒကာ၊ဒကာမအပေါင်းသူတော်ကောင်းတို့အား အာဟာရကမ္မဋ္ဌာန်းတို့ကို စွဲစွဲမြဲမြဲအားထုတ်ကြရန် သမ္မာဆန္ဒဖြင့် အာဟာရဒီပနီကျမ်းကို ပြုစီရင်တော်မူခဲ့လေသည်။

ဤအာဟာရဒီပနီကျမ်း၌ အာဟာရအတွက် ဒုက္ခစက်၊ ကဗဠီကာရာဟာရ၌ ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ၊ နာမ်အာဟာရ ၃–ပါး၊ ဝိညာဏက္ခန္ဓာ၌ ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ၊ ဖဿာဟာရ၌ ပရိညာ မနောသဉ္စေတနာဟာရ၌ ပရိညာ၊ နာမ်သက်ရုပ်သက်စစ်တမ်း၊ ရူပက္ခန္ဓာကမ္မဋ္ဌာန်း၌ သမ္မသနဉာဏ်အစီအရင်၊ ဥဒယဗ္ဗယဉာဏ်အစီအရင်၊ ရူပက္ခန္ဓာကမ္မဋ္ဌာန်းအစီအရင်၊ ခန္ဓာငါးပါးတို့၏ ဥပမာများ၊ သမထနှင့်ဝိပဿနာ၊ ဩဝါဒခန်း စသည်တို့ ပါရှိလေသည်။

ကျမ်း၏အဆုံး၌–

ဇွတ္တာဝတာ–

၁။ နဒီ သဝန္တိ သောဗ္ဘေဟိ၊ ပရိက္ခိတ္တော သမန္တတော။
ကူဋမှာဟာကန္ဒရေဟိ၊ ဒုမဂစ္ဆာဒိဇာလယော။

၂။ ထူပဂုဟာသောပါနေဟိ၊ သောဘိတော ယေသပဗ္ဗတော။
နာတိဒူရေ ပရိတ္တိတ္တော၊ ဂါမေဟိစ သမန္တတော။
ဝသတာ တတ္ထ ရစိတာ၊ သော အာဟာရဒီပနီ။

၁။ စ၊ ဆက်ဦးအံ့။ ဇွတ္တာဝတာ၊ ဤမျှသောစကားရပ်အလုံးစုံဖြင့်။ ယေသယော သေပဗ္ဗတော၊ အကြင်ရွှေတောင်ဦးအမည်ရှိသောတောင်ကို။ နဒီသဝန္တိ သောဗ္ဘေဟိ၊ မြောက်ဖက်တောင်ခြေ၌ ဦးနိုက်၍ အရှေ့ဘက်တောင်ခြေကို ပတ်ဝိုက်ပြီးလျှင် တောင် မျက်နှာအရပ်သို့တလျှောက်စီးသွားသော ရေယာဉ်ချောင်း ထိုချောင်း၏ သက်ဝင်ရာဖြစ်သော သယံဇာတအင်းကြီး ဤအလုံးစုံတို့သည်။ သမန္တတော၊

အနောက်မြောက်ဘက်စ်တစ်ခွင် ထက်ဝန်းကျင်မှ။ ပရိက္ခိတ္တော၊ ဝန်းရံအပ်၏။ ကူဋမှာဟာကန္တရေ ဟိ၊ တောင်ထွတ်တောင်ငူ တောင်ပူစာအမျိုးမျိုး တောင်စွယ် တောင်စောင်း တောင်လက်မောင်းအမျိုးမျိုးနှစ်ခုနှစ်ခုသော တောင်စွယ်တို့အကြား အလွန်နက်လှစွာသော သစ်ပင်ချုံနွယ်တို့ဖြင့် ချယ်လှယ်ယှက်မေးလျှက် အေးချမ်း သာယာစွာသော ရှိန်းချပ်မြောက် တောင်ချောက်တောင်ကြားအပေါင်းတို့သည်။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ပရိက္ခိတ္တော၊ ဝန်းရံအပ်၏။ ဒုမဂစ္ဆာဒိဇာလယော၊ ဥတုသုံးပါးအားလျော်သော အရွက်အပွင့်အသီးကိုဆောင်ကုန်သော သစ်ပင်ချုံနွယ် အပေါင်း၊ ထိုသစ်ပင်ချုံနွယ်တို့၌ စမွယ်ကွန့်မြူးကာနေကြကုန်သော ကျေးငှက် အပေါင်းတို့၏ နေရာလည်းဖြစ်၏။

၂။ ထူပဂုဟာသောပါနေဟိ၊ နှစ်စဉ်အမြဲ ပွဲရအကျော် ရွှေတောင်ဦးအမည်ရှိ သော စေတီတော်ကြီးနှင့်တကွ ထိုထိုတောင်ထွတ် တောင်ငူတို့၌ တည်ရှိသော စေတီတော်ပုထိုးအမျိုးမျိုး၊ ရဟန်းသူတော်၊ ရသေ့သူတော်၊ လူသူတော်တို့ ကိန်း အောင်းရာ အစဉ်ထာဝရရှိနေသော ကျောက်ဂူကျောက်လိုဏ်အမျိုးမျိုး၊ တောင်ထိပ် စေတီတော်ကြီးမှ လေးမျက်နှာဖြန့်ဆင်းသော အုတ်စောင်းတန်း ကျောက်စောင်း တန်းအမျိုးမျိုးတို့ဖြင့်။ သောဘိတော၊ အလွန်တင့်တယ်လှ၏။ နာတိဒူရေ၊ ငါးရာတွင်း ခရီးသုံးမတ် ခရီးထက်ပိုမို၍ မဝေးလှသောအရပ်တို့၌။ ဋ္ဌိတေဟိ၊ တည်ရှိကြကုန်သော။ ဂါမေဟိ၊ အကြီးအငယ်အသွယ်သွယ်သော ဂေါစရဂါမ်ဆွမ်းခံ ရွာတို့သည်လည်း။ သမန္တတော၊ တောင်နှင့်အနောက် မြောက်ဘက်တစ်သွယ် ထက်ဝန်းကျင်မှ။ ပရိက္ခိတ္တော၊ ဝန်းရံအပ်၏။ တတ္ထ၊ ထိုရွှေတောင်ဦးတောင်ထိပ်ဝါဆို ကျောင်း၌။ ဝသတာ၊ နေ့မှာကျောက်ဂူ ညဉ့်အခါစကြံ့ လေးတန်ယာပထ မျှတမှီ တင်း သီတင်းသုံးနေသော မုံရွာမြို့လယ်တီဆရာ ငါသည်။ သောအာဟာရဒီပနီ၊ ဤအာဟာရဒီပနီ စာကျမ်းသစ်ကို။ ရစိတာ၊ ၁၂၆၃–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁–ရက်နေ့တွင် စီရင်ပြီးပြတ်အဆုံးသတ်သတည်း။

– ဟူသော ၂–ဂါထာပါဋ္ဌိနိဂုံးဖြင့် ကျမ်းပြုရာဌာန၊ ကျမ်းပြီးကာလတို့ကို ဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။ ဆရာတော်သည် ရွှေတောင်ဦးတောင်ကြီး၏ တင့်တယ်သာယာပုံ၊ တော တောင် ရေ မြေနှင့် စေတီတော်ကြီးတည်ရှိပုံ စသည်ကို လည်း ထည့်သွင်းဖွဲ့ဆိုတော်မူခဲ့လေသည်။ ယင်းကျမ်းမှာ ၁၉၅၂–ခုနှစ် ဟံသာဝတီ ပုံနှိပ်တိုက်ရိုက် ဒီမိုင်းဆိုက်စာမျက်နှာ ၁၄၁–ရှိလေသည်။

သော အာဟာရဒီပနီ၊ ရစိတာ ထိရဉာဏိနာ။
လယ်တီမဟာကဝိန္ဒေန၊ မရမ္မတိလကဂုရုနာ။

■

## မဟာသယနဒီပနီကျမ်း

မဟာသယနဒီပနီကျမ်းကိုလည်း ၁၂၆၁-ခုနှစ်၊ တန်ခူးလဆန်း ၃-ရက်နေ့တွင် အပြီးသတ်ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌-

ယော ဥစ္စာနိ မဟန္တာနိ၊ တီဏိ သေယျာနိ နာယကော။
ဒိဗ္ဗဗြဟ္မအရိယာန၊ သဒါ သံဘုဉ္ဇိ တံ နမေ။

ယော နာယကော၊ အကြင်မြတ်စွာဘုရားသည်။ ဥစ္စာနိ၊ မြင့်သည်လည်းဖြစ်ကုန်ထသော။ မဟန္တာနိ၊ ကြီးမြတ်သည်လည်းဖြစ်ကုန်ထသော။ တီဏိ၊ သုံးပါးကုန်သော။ ဒိဗ္ဗဗြဟ္မအရိယာနိ သေယျာနိ၊ ဒိဗ္ဗသေယျ, ဗြဟ္မသေယျ, အရိယာသေယျတို့ကို။ သဒါ၊ အခါခပ်သိမ်း။ သံဘုဉ္ဇိ၊ သုံးဆောင်တော်မူပြီ။ တံ၊ ထိုမြတ်စွာဘုရားကို။ နမေ၊ ရှိခိုးပါ၏။

ဟူသော ၁-ဂါထာပါဠ်ရှိသယဖြင့် ပဏာမ၊ ပဋိညာဉ်ကိုဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။ ယင်းကျမ်း၌ ဥစ္စာသယန မဟာသယနသရုပ်၊ ဥစ္စာသယန မဟာသယနအထူး စသည့်မှတ်သားဖွယ်ရာများတို့ ပါရှိလေသည်။
ကျမ်း၏အဆုံး၌လည်း-

ဥစ္စာမဟာသယနာနံ၊ ဝိနိစ္ဆယော မယာ ကတော။
ယုတ္တံ ဥတ္တာန ဂဏှန္တု၊ ပဏ္ဍိတာ ယုတ္တဒဿိနော။

မယာ၊ မုံရွာမြို့မှီ လယ်တီတောရကျောင်းဆရာ ငါသည်။ ဥစ္စာမဟာသယနာနံ၊ ဥစ္စာသယန မဟာသယနတို့၏။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ကတော၊ သက္ကရာဇ် ၁၂၆၁-ခုနှစ်၊ တန်ခူးလဆန်း ၃-ရက်တွင် စီရင်ဆုံးဖြတ်ရေးသားအပ်ပြီ။ ယုတ္တဒဿိနော၊ သင့်မြတ်သောသဘောယုတ္တိကို သိစွမ်းမြင်စွမ်းနိုင်ကြကုန်သော။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ယုတ္တံ၊ အသင့်အမြတ်ကို။ ဥတ္တာန၊ သိကြကုန်၍။ ဂဏှန္တု၊ မှတ်ယူကြစေသတည်း။

ဟူသော တစ်ဂါထာပါဌ်ဖြင့် ကျမ်းပြုသူ၊ ကျမ်းပြီးရာကာလကို ဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

ယင်းမဟာသယနဒီပနီကျမ်းမှာ ဒီမိုင်းဆိုက် ၈၆–မျက်နှာရှိလေသည်။

**မဟာသယနဒီပနိ စ၊ ဒီပနီသု သုကောဝိဒေါ။**
**ရစယီ လယ်တီကုဋရော၊ ပုဂ်ဝေါ ကဝိသောခရော။**

■

## ဥတ္တမပုရိသဒီပနီကျမ်း

မန္တလေးမြို့ ဗုဒ္ဓဘာသာသာသနာပြုအသင်းအတွင်းရေးမှူး ပညာရုံးစာရေးကြီးဦးသော်သည်–

(၁) သမ္မာသမ္ဗုဒ္ဓဆု၊ (၂) ပစ္စေကဗုဒ္ဓဆု၊ (၃) အဂ္ဂသာဝကဆု၊ (၄) မဟာသာဝကဆု၊ (၅) ပကတိသာဝကဆု–ဟူသော ဆုငါးဆုပါရှိသောပဌမအခန်း။ (၁) ခန္ဓာငါးပါး၏သရုပ်သဘောအဓိပ္ပါယ်၊ (၂) သစ္စာလေးပါး၏သရုပ်သဘော အဓိပ္ပါယ်၊ (၃) ခန္ဓာငါးပါးကို သစ္စာဖွဲ့နည်း။ (၄) မဂ္ဂင်ရှစ်ပါးသရုပ်သဘောအဓိပ္ပါယ်နှင့် တကွ နိဗ္ဗာန်ရောက်အောင် ပွားနည်းပါရှိသော ဒုတိယအခန်း။ နိဗ္ဗာန်သဘောနှင့် တကွ နိဗ္ဗာန်ရောက်သူတို့၏ ဥပသမာနုဿတိပွားပုံစသည်ပါရှိသော တတိယအခန်း။ ပုထုဇဉ် ၂–မျိုး စတုတ္ထအခန်း။ ကုသိုလ်ပြုရာ၌ သစ္စာလေးပါး ပါဝင်ပုံစသည် ပဉ္စမအခန်း။ မာရ်ငါးပါးအောင်တော်မူပုံ ဆဋ္ဌမခန်း။ သရဏဂုံအကြောင်း သတ္တမအခန်း။ ဗုဒ္ဓဘာသာဝင်လက္ခဏာ အဋ္ဌမအခန်း။ ဗုဒ္ဓဘာသာဝင်တို့၏ သိသင့်သိထိုက်သော တရားစသည်ပါရှိသော နဝမအခန်း၊ အခန်းပေါင်း ၉–ခန်းတို့ဖြင့် တန်ဆာဆင်၍ သိလိုပါကြောင်းကို မန္တလေးမြို့အနောက်ပြင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးအား မေးမြန်းလျှောက်ထားခဲ့လေသည်။ တဖန် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးသည် လယ်တီဆရာတော်ဘုရားကြီးအား စာဖြင့်တာဝန်ပေးအပ်တော်မူခဲ့လေသည်။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် အလုပ်တွေ မအားမလပ် သည်ဖြစ်၍ ဥတ္တမပုရိသဒီပနီအမည်ဖြင့် ညခါတွင် အလွန်လျှင်အပင်ပန်းခံ၍ ၁၂၆၂–ခုနှစ်၊ ကဆုန်လဆန်း ၁–ရက်နေ့တွင် အပြီးသတ် ဖြေဆိုစီရင်တော်မူခဲ့လေသည်။ ယင်းကျမ်းမှာ ပုံနှိပ်မူဒီမိုင်းဆိုက် ၂၁၆–မျက်နှာရှိလေသည်။

ဂန္ထာရမ္မ၊ နိဂုံးမပါရှိပါချေ။ သို့ရာတွင် လယ်တီပဏ္ဍိတ၏ နိဒါန်းစကားနှင့် လယ်တီဆရာတော် ဘုရားကြီး၏အမှာတော်မှာ ယင်းစာကျမ်းသမိုင်းကို ပြောပြနေသည်။ သို့ဖြစ်၍ ဖော်ပြပါအတိုင်း လယ်တီပဏ္ဍိတ၏နိဒါန်းနှင့် လယ်တီဆရာတော် ဘုရားကြီး၏ အမှာတော်ကို ကြည့်ရှုရာ၏။

## လယ်တီပဏ္ဍိတနိဒါန်း

သကျပုင်္ဂဝ နာယကဟု နရသီဟိန် သံဃိန်မကုဋ္ဌ အတုလသည် သုခရိပ်နန်း အမြိုက်ပန်းကို ဆွတ်လှမ်းပန်ဆင်တော်မူသည့်နောက် ထွန်းတောက်သာသနာ နှစ်ထောင်သာတွင် မြန်မာခရိုင် မန်းမဏ္ဍိုင်တွင် ဘုန်းလှိုင်နတ်စော နေနွယ်လျှောက ဥရောပဌာန် အင်္ဂလန်မှ လန်ဒန်မျိုးခြား အုပ်စိုးငြားသော် ပြည်သာနွယ်ရင်း လူတသင်းလည်း ချင်းချင်းနှီးနွယ် ဉာဏ်ကြီးကျယ်၍ သွယ်သွယ်ဘာသာ တတ်ကျွမ်းကာဖြင့် ပညာပြည့်ဝ ကုံလောက်လျှက် ဘာသန္တရကပ် ဉာဏ်ရှိသူတို့အနက် ထက်မြက်ဉာဏ်စ စိုက်တိုင်းရှသဖြင့် သုတကာမီ ဝါဒီဆေက သာသနာ့ပါလိတ် ပုဏ္ဏရိက်ပမာ ကိုယ့်ဘာသာဖြင့် မိစ္ဆာတိုက်လှှင့် တရားဖွင့်လျှက် ဉာဏ်ဖြင့်ဆွေးနွေး စင်ကြယ်အောင်ဆေးနိုင်ပေသော မန္တလေးမြို့ ဗုဒ္ဓဘာသာသာသနာပြုအသင်း စက္ကရီတေရီ ပညာရုံးစာရေးကြီးမောင်သော်သည် တိုင်းကျော်ပြည်သိ မုနိပုင်္ဂဝသံဃိန္ဒ၏ သာသနာ့အသင်းဝယ် ကြိုးပမ်းဆောင်စွမ်းသော အကျိုးဆောင်စက္ကရီတေရီဖြစ်သည်နှင့် အညီ အလီလီသောဝါဒ အဝဝသောအယူ အဆူဆူသောဂိုဏ်းဆရာကြီးတို့နှင့် နှောနှီးဖြေတင် ရှင်းလင်းသင်လျှက် သဘင်ပွဲရပ် ပရိတ်သတ်ဝယ် ခဲကပ်ပြောဆိုရသော အချက်စု၌ နယပဒေသ ပုစ္ဆာဉာဏ်ရစိမ့်ဟု ခဏချက်ချင်း စာရင်းတင်ထားသို့ပြုဘန်များလတ်သော် ပျားခြပုန်းတရထည်ဖြင့် မြင့်ရှည်စွာစုဆောင်းအပ်သော ပုစ္ဆာစုကို ဗဟုသုတဓရိဝါဒီပါကဋ္ဌ သမ္မာရကံဉာဏ် ရဲရဲသန်သဖြင့် ခြောက်တန်နာယက ဂုဏ်ပေါင်းခသော မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးထံ ခွင့်ပန်ဝတ်တွား ဖြေကြားဆုံးဖြတ်တော်မူပါဟု အခါခါလျှောက်ထားခဲ့ရာ ၎င်းဆရာတော်ဘုရားကြီးကလည်း ဉာဏ်သွားချိန်ချင့် ရှုမြော်လင့်က ယခင့်ပုစ္ဆာ ပြဿနာကား နတ်ရွာစိုးရဝါသဝ၏ သက္ကပဉှာ ကဲ့ပမာဖြင့် လွန်စွာနက်နဲ ခက်ခဲထူးမြတ် ပေတမ့်ဟု လွန်တုံ့မွက်ဟပြီး၏။ ။ ပဉှာလေးနက် ဖြေမေးချက်နှင့် ခဲခက်စုံစမ်း သူထောက်လှမ်းက "ခွဲခြမ်းဝေငှ၊ စိန်သို့ရှသည့် ဓမ္မဝေဓည် ဉာဏ်ဇာနည်ကို စိတ်ကြည်အင်ရွှဲ လိုရှိမြဲတည်း"ဟူသော ပေါရာဏစကားအတိုင်း ပြဿနာရှုပ်ထွေး ဖြေရေးကြုံကြိုက်လာရ

ကား ၎င်းပဥှာပြဿနာအချက်ကို နဲနက်ထောက်လှမ်း ခွဲခြမ်းဖြေဆိုနိုင်မည့် အရှင်ဝေဒကရ ဓမ္မဝေမိတ် ညဉ်ဟိတ်ဇာနည် နေတရထည်ဖြင့် ဉာဏ်ခြည်သောင်းထောင် ဝင့်တိုင်းလောက်လျက် ရွှေတောင်စတေ ဣန္ဒြေတည်တံ့ ကျင့်စဉ်သန့်သား ထားဟန့်ညစ်ကြေး တည်စိတ်မွေး၍ ရိပ်အေးသေလာ မြေပြဟာတွင် ကေသရာတန္တန်း ကျင့်သုံးမွေ့လျော်တော်မူလေ့ရှိသော မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီးထံ တမန်စာလွှင့် ထပ်ဆင့်တောင်းပန်ပြန်ရာ ၎င်းလယ်တီဆရာတော်ဘုရားကြီးလည်း အများသိဿဟူသမျှတို့၏ ဒွေဠှကသက်ာကို မကြာချက်ချင်း ဖြေရှင်းဆုံးဖြတ်တော်မူပေလင့်ကစား ယခင်မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး တင့်ပို့အပ်လှဲလိုက်သော ပဥှာပြဿနာကို အဖြာဖြာသော ယုတ္တိဖြင့်နှိုင်းညှိဆုံးဖြတ်ရုံသာမက သတ္တဝါတို့၏သံသရာဝဋ်လမ်းတွင် ကျွတ်စခန်းမရအောင် နှေးညှတိုင်းဖိစီး၍ အင်အားကြီးစွာနှိပ်စက်သဖြင့် ပွားတက်ငြိစွဲ၍နေသော ငရဲမီးဗီဇ သက္ကာယဒိဋ္ဌိမြစ်ကို နုတ်ပစ်ရှားပယ်နင်းနယ်ခုတ်ထွင် သုတ်သင်ချိုးဖျက်နိုင်ကြစေရန် ရည်သန်ရိုးရင်း နှလုံးသွင်းရှိတော်မူသည့်အလျောက် လမ်းပေါက်ပရိညာဏ် ရုပ်နှင့်နာမ်တွင် နည်းမှန်ကျနု စူးရှထိုးထွင်းစေလိုသဖြင့် ထိုထိုနာမ်ရုပ် တရားအချုပ်ကို လက်ဆုပ်လက်ကိုင် ပိုင်နိုင်အောင်ရှုကြည့်နည်းနှင့်တကွ ဖော်ပြရေးသား စီရင်ဆုံးဖြတ်တော်မူအပ်သော ''ဥတ္တမပုရိသဒီပနီ''ကျမ်းကို ကျွန်ုပ်တို့ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်မှ သိုက်မြိုက်ကောင်းစွာ ပုံရိုက်လုပ်ဆောင်ပါသတည်း။

**L.D. Pandita**

(၁၂၆၅–ခုနှစ်၊ တော်သလင်းလက ရေးထားသောမူအတိုင်း။)

## ဆရာတော်ဘုရားကြီး၏ အမှာတော်

ကြားမှာလိုက်သည် ... မောင်သော်။

မောင်သော်လျှောက်လွှာသည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမ ဆရာတော်မှာစာနှင့်တကွ ၁၂၆၁–ခုနှစ်၊ တပေါင်းလဆန်း ၁၀–ရက်နေ့တွင် ရောက်လာသည်။ လျှောက်လွှာကိုကြည့်ရှုရာ သဘောအဓိပ္ပါယ်သံအထပ်ထပ်ပါရှိသည့်တကြောင်း၊ ပွားများ၍ နေထိုင်လိုပါသည်ဟု ပါရှိသည့်တစ်ကြောင်း၊ အန္ဓပုထုဇဉ်အဖြစ်မှလွတ်၍ ကလျာဏပုထုဇန်အဖြစ်သို့ ရောက်လိုသံပါရှိသည့်တစ်ကြောင်း–

အန္ဓပုထုဇန်ဆိုသည်ကား– မျက်စိမရှိသော ပုထုဇန်ကိုဆိုလိုသည်။
ကလျာဏပုထုဇန်ဆိုသည်ကား– မျက်စိပါသောပုထုဇန်ကိုဆိုလိုသည်။

မျက်စိလေးမျိုး – မျက်စိသည် ၁–ဒိဋ္ဌိဇုကမ္မဒိဋ္ဌိမျက်စိ။ ၂– ပရိယတ္တိ မျက်စိ။ ၃– ဝိပဿနာသမ္မာဒိဋ္ဌိမျက်စိ။ ၄– လောကုတ္တရာသမ္မာဒိဋ္ဌိမျက်စိဟူ၍ မျက်စိလေးမျိုးရှိသည်တွင် သာသနာပကာလ၌ ဒိဋ္ဌိဇုကမ္မ သမ္မာဒိဋ္ဌိမျက်စိပေါက်၍ သီလ၊ သမာဓိရှိသောသူကို ကလျာဏပုထုဇန်ခေါ်သည်။ သာသနာတွင်း၌ကား– ဒိဋ္ဌိဇုကမ္မ သမ္မာဒိဋ္ဌိမျက်စိရှိရုံမျှနှင့် ကလျာဏပုထုဇန် မခေါ်လောက်သေး။ ပိဋကတ် ကျမ်းဂန် ကျေပွန်နွံစပ် စာပေတတ်သော ပရိယတ္တိမျက်စိ ပေါက်ရုံမျှနှင့်လည်း ကလျာဏပုထုဇန် မခေါ်လောက်သေး။ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ခွါရှဲရာသော ဓာတုစက္ကူ၊ ပစ္စယစက္ကူနှင့်တကွ ဝိပဿနာသမ္မာဒိဋ္ဌိမျက်စိပေါက်မှသာလျှင် ကလျာဏပုထုဇန် အမှန်ခေါ်ထိုက်သည်။ ထိုသူသည် ယခုဘဝ၌သော်လည်း လောကုတ္တရာသမ္မာဒိဋ္ဌိ မျက်စိပေါက်ရောက်လတံ့။ ဒုတိယဘဝ၌ နတ်ဖြစ်၍ သော်လည်း ပေါက်ရောက်လတ္တံ့။ သာသနာပ၌ ပစ္စေကဗောဓိအဖြစ်နှင့်သော် လည်း ပေါက်ရောက်လတ္တံ့။ ဗောဓိအခြေအမြစ်စိုက်ပြီးဖြစ်၍ လူ့အဖြစ်၊ နတ် အဖြစ်နှင့်တွေ့ရာ ဘုရားသာသနာ၌သော်လည်း အလွန်လွယ်ကူစွာ ကျွတ် လွတ်နိုင်လတ္တံ့။ သာသနာတွင်း၌ ဤသို့သောသူသည်သာ အန္ဓပုထုဇန် အဖြစ်ကို လွန်၍ ကလျာဏပုထုဇန်အဖြစ်သို့ရောက်သောသူ ဆိုစလောက်သည်။ ဒါန၊ သီလ ကောင်းကာမျှနှင့် ကလျာဏပုထုဇန် မဆိုလောက်သေး။ စာပေပရိယတ်တတ်ကာ မျှနှင့် ကလျာဏပုထုဇန် မဆိုလောက်သေး။ ဤသို့ မမြောက်၊ မမြင့် အဖြောင့်ဖွင့် သော ကျမ်းဂန်ရိပ်ရှိသည်တစ်ကြောင်း။

ဘာသာတစ်ပါးတို့ မလှုပ်ချောက်ချားစေနိုင်ခြင်းငှာ သိအပ်နလုံးသွင်းအပ် သော တရားဟုပါရှိသည်တစ်ကြောင်း။ ယင်းအကြောင်းမှာလည်း ငါတို့မြန်မာလူမျိုး ချင်းမှာ ကျမ်းသံဂန်သံနှင့်ပြောနိုင်လျှင် ပြီးတော့သည်။ ကိုယ်တွေ့မျက်မြင် အထင် အသိ ယုတ္တိသာဓကမလိုလှ။ အကြံတက္ကီ၊ ဝိမံသီ မိစ္ဆာဘာသာဝင်လူမျိုးတို့နှင့် ပြောဆိုရာ၌ကား ကျမ်းသံဂန်သံနှင့်မရ။ ကိုယ်တွေ့မျက်မြင် အထင်အသိယုတ္တိသက် သေပြနိုင်မှ မလှုပ်ချောက်ချားနိုင်ရှိရာသည်။ သို့အတွက်ကြောင့်လည်းကောင်း၊ မဟာဝိသုဒ္ဓါရာမဆရာတော် အမိန့်မှာစာမှာလည်း ဗုဒ္ဓဘာသာသာသနာတော်အကျိုး စီးပွားနှင့်စပ်၍ မောင်သော်ကို အားရတော်မူသော အသံများစွာပါရှိသည်ဖြစ်၍လည်း

ကောင်း။ သို့အကြောင်းများကြောင့် ခန္ဓဝဂ္ဂသံယုတ် သုတ္တန်ပါဠိတော်ကြီးကို မူတည်၍ ဗုဒ္ဓဘာသာသာသနာဝယ် နေရာကျလိုလှသောအချက်စုဌ မြန်မြန်ကြီး အရည်လယ်တဲ့စေခြင်းငှာ မြန်မာစကားသက်သက်နှင့် အချက်ထိထိ ဉာဏ်မျက်စိ ကွင်းကွင်း အသိဉာဏ်လင်းလောက်အောင် နက်နဲခက်ခဲရာအရပ်စု၌ အထပ်ထပ် အခါခါ ဥပမာ၊ ဥပါဟရဏ်များနှင့်တကွ ဖော်ပြရေးသားလိုက်သည်။ ပါဠိပါဌ်သား မပါသည်ဟု မအောက်မေ့နှင့်။ ပါဠိပါဌ်သားနှင့်ရေးလျှင် စကားစဉ်၊ စကားဆက်ကွာ လှမ်း၍ ပြောတတ်၊ ဟောတတ်ရှိရုံမျှကိုပင် အင်မတ်ကြီးကြံရလိမ့်မည်။ ပြောဖို့ ဟောဖို့ကား လိုရင်းမဟုတ်။ မိမိကိုယ်မှာ ကလျာဏပုထုဇဉ် ဉာဏ်မျက်စိ တစ်လုံး ပေါက်မှုသည်သာ အမြတ်ဖြစ်သည်။ အရေးအသား[၁] မှာ မူရရုံမျှသာရှိချေ သည်။ ရှင်းရှင်းလင်းလင်းမရှိဟု မအောက်မေ့နှင့်။ မြန်မြန်ကြည့်တဲ့ ရအောင်ည, ညကို တွင်တွင်ရေးရသည့်အတွက် ရှင်းရှင်းလင်းလင်း မရှိလေသည်။ ဤစာအုပ်ကို သူတပါးအား မပြတဲ့နှင့်ဦး။ သဘောသကန်နိုင်နင်းပြီးထင်မှ သူတပါး ကိုပြလိုပြ။ ပြောလိုပြော။ သဘောသကန် မကျေမလည်ရှိသောအရာမှာ ဆရာတော် ကိုသာ လျှောက်ထား။ သူတစ်ပါးကို မလျှောက်တဲ့နှင့်။ ရာဇဂြိုဟ်ဘုရင် "ဗိမ္ဗိသာရ" မင်းကြီးက တက္ကသိုလ်ဘုရင် "ပက္ကုသာတိ"မင်းထံ ဗုဒ္ဓဘာသာစာအုပ် လက်ဆောင် ဆက်ကမ်းလိုက်သောအခါ "ပရိသတ်အလယ်မှာ မဖွင့်, မကြည့်ပါ လေလင့်"ဟု မှာဘူးသောထုံးရှိသည်။ သဘောသကန်ထင်မြင် ရှင်းလင်းကျေ လည်ပြီးသည့်နောက် သူတစ်ပါးကိုပြောဟောရန် ကျမ်းဂန်ပါဠိပါဌ်သား အလိုရှိလျှင် ဘယ်နေရာမှာ ဘယ်အချက်မှာ ပါဠိရလိုပါသည်ဟု ဆရာတော့်ထံလျှောက်။ ငါတို့ ထံသို့သော်လည်း စာထည့်။ မထင်မမြင်တဲ့နိုင်ပဲ တွေဝေခုခံ၍နေသော အချက်တွေ ရှိ၍နေလျှင်လည်း မြန်မြန်စာထည့်။

<u>လယ်တီဆရာတော်</u>

၁၂၆၁-ခုနှစ်၊ ကဆုန်လဆန်း ၂-ရက်။

---

၁။ လက်ရေး၊ လက်သားကိုဆိုသည်။

## ပါရမီဒီပနီကျမ်း

လောကီလောကုတ္တရာ ချမ်းသာနှစ်မျိုးကို တောင့်တ၍ ဒါနစသည့်ပါရမီကို ဆည်းပူးပြုလုပ်ကြရာဝယ် လောကီချမ်းသာကိုသာ ရသလော၊ သို့မဟုတ် လောကုတ္တရာချမ်းသာကိုသာ ရသလော၊ သို့မဟုတ် လောကီလောကုတ္တရာချမ်းသာ ၂-မျိုးလုံးကို ရသလော။ သမ္မာသမ္ဗောဓိဆု၊ ပစ္စေကဗောဓိဆု၊ မဟာသာဝကဆု၊ ပကတိသာဝကဆုကိုပန်ဆင်၍ ပါရမီဖြည့်ကျင့်ရာဝယ် ဆုပန်ဆိုတိုင်းပြည့်သလော၊ ဆုပန်ဆိုတိုင်းမပြည့်သလော၊ ဆုတစ်ပါးကိုတောင်းပြီးမှ နောက်တဖန် ဆုတစ်ပါးကို ပြောင်းလွှဲတောင်းသော် ဖြစ်နိုင်သလော၊ မဖြစ်နိုင်သလော စသည့် ပါရမီဖြည့်ကျင့်ပုံ နှင့်ဆိုင်သော အချက်အလက်ပေါင်း ၂၀-ကို စံကျောင်းဆရာတော်ဘုရား အရှင်သုဒဿနသည် ဝိသာရဒဉာဏ်၊ တိပိဋကဓာရီ၊ ပုရိသဇာနည် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ပုဂ္ဂိုလ်ချွန် ပုဂ္ဂိုလ်မွန်တို့ဖြေဆိုရန် ပါဠိဘာသာဖြင့် ပုစ္ဆာပြုလုပ်မေးထုတ်ခဲ့သည်ကို ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် မဟာဇောတိကာရာမစံကျောင်း တိုက်၌ သီတင်းသုံးစဉ် ပဉ္စမစာချဖြစ်၍ ၁၄-ဝါရစဉ်က ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂန္ထန္တရ အဝဝတို့ကိုကိုးကား၍ ဖြေဆိုတော်မူသဖြင့် စံကျောင်းအမေး၊ လယ်တီအဖြေ သို့မဟုတ် ဆရာတော်အမေး တပည့်ကျော်အဖြေဟုဆိုအပ်သော ပါရမီဒီပနီအမည်ရှိ သော ကျမ်းစာကောင်းဖြစ်လေသည်။

ပဉ္စာဗျာကရဏတ္ထေကံ၊ ဗုဒ္ဓံပဏာမျ ပုစ္ဆိသံ။
ပဉ္စာဗျာကရဏတ္ထေကံ၊ တံ တံ ဗောဓိသုဘံ ယုတ္တံ။

ဟူသောဂါထာသည် ပုစ္ဆကဖြစ်တော်မူသော စံကျောင်းဆရာတော်ဘုရားကြီး၏ ဂန္ထာရမ္ဘဖြစ်လေသည်။ ကျမ်း၏အဆုံး၌-

တတ္ထာဝတာစ-

၁။ သာသနေ ဒါနိ ယေနေကော၊ ဓမ္မဝိနယကောဝိဒါ။
ယဿ ပဘာဝနိဗ္ဗဒ္ဓါ၊ သဗ္ဗေ တေ ပါယသော ဇနာ။

၂။ တေသမညတရေနဿ၊ ဂဏ္ဍိပဒဝိသောဓိနော။
ပါဒမူလမှိ ထေရဿ၊ နိပ္ပစ္စ ဓမ္မဂါဟိနာ။

၃။ မယာ ဉာဏာဘိဝံသေန၊ တက္ကတာယတ္တနိဿယံ။
သခ်ေရောန္တေန ယံ လဒ္ဓံ၊ ဝိပုလံ တဿ တေဇသာ။

၄။ ဓမ္မေန ရာဇာနော ဘူမိံ ရက္ခန္တု ဟိတစေတသာ။
အပ္ပမတ္တာ ဇနာ ဟောန္တု၊ သမ္ဗောဓိတ္တယဘာဂိနောတိ။

(၁) စ၊ ဆက်ဦးအံ့။ ဝေတ္တာဝတာ၊ ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်။ ဒါနိ–ဣဒါနိ၊ ယခုအခါကာလ၌။ သာသနေ၊ ဗုဒ္ဓမြတ်စွာသာသနာတော်အတွင်း၌။ အနေကေ၊ များစွာကုန်သော။ ယေဇနာ၊ အကြင် နဝ မဇ္ဈိမ ထေရဖြစ်ကုန်သော ရဟန်းတို့သည်။ ဓမ္မဝိနယကောဝိဒါ၊ သုတ် အဘိဓမ္မာ ဝိနည်း၌ လိမ္မာကျွမ်းကျင် သိမြင်တတ်မြောက်ကြပေကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေဇနာ၊ ထိုသုတ် အဘိဓမ္မာ ဝိနည်းကျမ်းဂန်၌ လိမ္မာကျွမ်းကျင်သိမြင်တတ်မြောက်ကြကုန်သောသူ ဟူသမျှတို့သည်။ ပါယသော၊ ယေဘုယျေန၊ များသောအားဖြင့်။ ယဿ၊ အကြင် ငါတို့ကျေးဇူးအရှင် "သုဒဿန ဝရဓမ္မသာမိမဟာဓမ္မ ရာဇာဓိရာဇဂုရု"တံဆိပ်နာမံ ရှိတော်မူသော စံကျောင်းဆရာတော်ဘုရားကြီး၏။ ပဘာဝနိဗ္ဗါ၊ ဗျတ္တိဗလတည်းဟူ သော အကြောင်းရင်းမူလ ရှိကြကုန်သည်သာလျှင်တည်း။

(၂) တေသံ၊ တာဒိသာနံ၊ ထိုသို့သဘောရှိကြကုန်သော နဝ မဇ္ဈိမ ထေရအ ပေါင်းတို့တွင်။ အညတရေန၊ တစ်ပါးအပါဝင်ဖြစ်သော။ ဂန္ထာဘိပဒဝိသောဓိနော၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓုလက်သန်း၊ ဂန္ထန္တရကျမ်းတို့၌ နက်နဲကျစ်လစ် ခက်ဆစ် ခဲရပ်ဟူသမျှတို့ကို သုတ်သင်ရှင်းလင်းခြင်း အလေ့ရှိတော်မူထသော။ ထေရဿ၊ လောကခံအလေ့ မုန်တိုင်းဝှေ့လည်း မရွေ့မယိုင် မြဲကြံ့ခိုင်သော စိတ်နှလုံးရှိတော်မူ ထသော။ အဿ၊ ထိုကျေးဇူးအရှင်ဆရာတော်ဘုရားကြီး၏။ ပါဒမူလမှိ၊ ခြေတော် ရင်း၌။ နိပ္ပစ္စ၊ ရိုကျိုးညွတ်ပျပ်တုပ်ဝပ် ခစားခြင်းကိုပြု၍။ ဓမ္မဂါဟိနာ၊ ပါဠိအဋ္ဌကထာ, ဋီကာကျမ်းဂန် နှုတ်သံပျောင်းပျ သြဝါဒများကို ခံယူကာနေလေ့ရှိသော။

(၃) ဉာဏာဘိဝံသေန၊ ဉာဏာဘိဝံသအမည်ရှိသော။ တက္ကတာယ၊ ထိုဆရာ တော်ဘုရားကြီးသည် စီရင်အပ်သော ဝီသတိပုစ္ဆာကျမ်း၏။ အတ္ထနိဿယံ၊ အနက်မှီ ရာနိဿယကို။ သန်ရောဇ္ဈေန၊ ကောဇာသက္ကရာဇ် ၁၂၄၁–ခုနှစ်တွင် ပြုစီရင်သော။ မယာ၊ ရဟန်းသိက္ခာ ၁၄–ဝါရ ပဥ္စမစာချဆရာ ငါသည်။ ဝိပုလံ၊ ပြန့်ပြောစွာသော။ အကြင်ကုသိုလ်ကို။ လဒ္ဓံ၊ ရအပ်ပြီ။ တဿ၊ ထိုကုသိုလ်၏။ တေဇသာ၊ အစွမ်း ကြောင့်။

(၄) ရာဇာနော၊ မင်းတို့သည်။ ဟိတစေတသာ၊ တိုင်းသူပြည်သား လူအများ၏

စီးပွားချမ်းသာကို တောင့်တသောမေတ္တာစိတ်ရှိကုန်သည်ဖြစ်၍။ ဓမ္မေန၊ တရားသဖြင့်။ ဘူမိ၊ မြေအပြင်ကို။ ရက္ခန္တု၊ စောင့်ရှောက်အုပ်ထိန်းပိုင်သိမ်းစိုးကွပ်ကြစေကုန်သတည်း။ ဇနာ၊ အလုံးစုံသောသတ္တဝါအပေါင်းတို့သည်။ အပ္ပမတ္တာ၊ ပုညကုသိုလ်ကိုယ်ကျင့်တရား၌ ရံခါတစ္စေ မမေ့မလျော့ကြကုန်သည်ဖြစ်၍။ သမ္မောဓိတ္တယဘာဂိနော၊ ထိုက်သင့်လျော်ကန် ရည်သန်ဆုတောင်းအပ်သော သမ္မောဓိ ၃–ပါးတည်းဟူသော အလိုရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ က္လတိ၊ ဤတွင်နိဂုံးစကားပြီး၏။

ဟူသော ၄–ဂါထာပါ၌နိဿယများဖြင့် စံကျောင်းဆရာတော်ဘုရားကြီး၏ ပညာရှိတပည့်တွေများပေါ်ထွန်းခဲ့ပုံ၊ ယင်းတို့တွင် မိမိအပါအဝင်ဖြစ်ပုံ၊ ကျမ်းပြုပုံ၊ ကျမ်းပြီးရာကာလစသည်တို့ကိုဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းကျမ်းမှာ အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့ရာ ၁၉၅၅–ခုနှစ်၊ ရန်ကုန်မြို့ ဟံသာဝတီပုံနှိပ်တိုက်ရိုက် ဒီမိုင်းဆိုက် ၂၁၃–မျက်နှာရှိလေသည်။

**ပါရမီဒီပနီဂန္ထော၊ ပသိဒ္ဓေါ သာသနမ္ဗရေ။**
**သမ္ဗာဒိတော ပသိဒ္ဓေန၊ လယ်တီသုစီရညာဏိနာ။**

■

## ရောဂန္တရဒီပနီကျမ်း

လယ်တီဆရာတော်ဘုရားကြီးသည် အထက်အောက်နိုင်ငံအရပ်ရပ်၌ ပုလိပ်ကပ်ရောဂါ၊ ဝမ်းရောဂါများ မကြာခဏ ဖြစ်ပွားပေါ်ပေါက်ခဲ့သဖြင့် သတ္တဝါအများ သေကြေပျက်စီးခြင်းကိုအကြောင်းပြု၍ ရောဂါကင်းပျောက် ချမ်းသာရောက်စေခြင်းငှာ ဂါထာမန္တရား ဆေးဝါးကောင်းများဖြင့် တန်ဆာဆင်ဖော်ပြကာ ရောဂန္တရဒီပနီကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။

ကျမ်းဦး၌–

''မော်လမြိုင်မြို့ ရတနာဘုံမြင့်ဆရာတော်၊ မုံရွာမြို့ လယ်တီဆရာတော်။ ၎င်းဆရာတော်ကြီးနှစ်ပါးတို့သည် သဘောတူတိုင်ပင်လျှက် အသက်ထက်ဆုံး မိမိတို့တွေ့ကြုံ စုံစမ်း၍လာခဲ့ကြသော ကပ်ရောဂါအကြောင်းအရာများကို သေချာစွာ ဖော်ပြထားသည်''ဟု ပါရှိလေသည်။

ကျမ်း၏အဆုံး၌–

ဤတွင်ရွာကား မော်လမြိုင်မြို့ ကျိုက်သံလံတောင်ထိပ် အောင်လံတိုင် ဘုရားအနီးတွင် မော်လမြိုင်မြို့သူမြို့သားတို့ ဆောက်လုပ်အပ်သော အောင်လံတိုင် ဝါဆိုကျောင်း၌ သီတင်းဝါကပ်ဆို နေထိုင်စဉ်အခါ သုတ်ပါထေယျပါဠိတော် သိင်္ဂါ လောဝါဒသုတ်၌ ဆရာဖြစ်သူတို့က တပည့်ဖြစ်သူတို့အား ပြုရသောကျင့်ဝတ် ၅–ပါးလာရှိသည်တွင် နောက်ဆုံးကျင့်ဝတ်တရား၌ "ဒိသာသု ပရိတ္တာဏံ ကရောန္တိ" ဟူ၍ ငါတို့ဘုရား ဟောကြားတော်မူသည်နှင့်အညီ တပည့်ဖြစ်သူတို့အား သွားလေရာ နေရာရှစ်မျက်နှာအရပ်တို့၌ ဥပါဒ်အန္တရာယ်အကွယ်အကာ ဆေးဝါး အင်းအိုင်တို့ကို ဆရာဖြစ်သူများက သင်ကြားပြုလုပ်ပေးကြရမည်ဟူသော ဘာသာ ကျင့်ဝတ်တရား ထင်ရှားရှိသည့်အတိုင်း ယခုအခါ ကမ္ဘာပေါ်မှာ ထိုထိုနိုင်ငံမြို့ရွာတို့ ၌ ဖြစ်ပေါ်၍နေသော ပုလိပ်ရောဂါ၊ ဝမ်းရောဂါအစရှိသော ကပ်ရောဂါမျိုးတို့၏ အကြောင်းအရာများကို ကွယ်ကာရန်နည်းလမ်းများနှင့်တကွ ပြဆိုသောကျမ်းဖြစ်၍ ရောဂန္တရ ဒီပနီအမည်ရှိသော ဤကျမ်းစာသစ်သည် မြန်မာသက္ကရာဇ် ၁၂၇၀– ပြည့်နှစ်၊ တော်သလင်းလဆုတ် ၁–ရက်နေ့တွင် အောင်မြင်ပြီးစီးသတည်း ဟူ၍ ကျမ်းပြီးရာ ကာလစသည်ဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။ ဒီမိုင်းဆိုက် ၇၉– မျက်နှာရှိလေသည်။

**ဇနာနံ အရောဂတ္တာယ၊ ရောဂန္တရဒီပနိ ပိစ။**
**ရစယီ ယတိသေခရော၊ လယ်တီအာရာမမာပကော။**

■

## ဂေါဏသုရာဒိဒီပနီကျမ်း

ဆရာတော်ဘုရားကြီးသည် မိဖသဖွယ်ဖြစ်သော ကျွဲသားနွားသားများကို အလျဉ်းမစားပဲရှောင်ကြဉ်သင့်ပုံ၊ သေရည်သေရက် သောက်စားခြင်းကြောင့် အကျိုး ဆုတ်ယုတ်ပုံနှင့် နွားမေတ္တာစာကို စုပေါင်းဖော်ပြရာဖြစ်သည့် ဂေါဏသုရာဒိဒီပနီ ကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌–

အထက်အောက်မြန်မာနိုင်ငံရှိ အမြို့မြို့အရွာရွာ ဗုဒ္ဓဘာသာဝင် ရှင်လူ အပေါင်းတို့အား ကြားသိစေကြရန် သုတ္တန်ပါဠိတော်အထွက် အနက်အဓိပ္ပါယ်တို့ကို ဖော်ပြလိုက်အံ့။ ဟု ပဋိညာဉ်ပြုတော်မူခဲ့လေသည်။ ယင်းကျမ်းမှာ ၃၆–မျက်နှာ ရှိလေသည်။

## နိဗ္ဗာနဒီပနီကျမ်း

နိဗ္ဗာနဒီပနီကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌–

သက္ကရာဇ် ၁၂၆၁–ခုနှစ်၊ တော်သလင်းလဆန်း ၆–ရက်နေ့တွင် ပုသိမ်မြို့ ရုံးအင်စပက်တော် မောင်ကျော်စံကိုယ်တိုင်လာရောက်လျှောက်ထားတောင်းပန်သည် တတန်၊ ၎င်းတော်သလင်းလပြည့်ကျော် ၆–ရက်နေ့တွင် မုံရွာမြို့ အခွန်ဝန်မောင်လူကလေး။ မုံရွာမြို့အုပ် မောင်ထွေး၊ မုံရွာမြို့ အမိန့်တော်ရရှေ့နေ မောင်ကြော့တို့ လျှောက်ထားတောင်းပန်ကြသည်တတန် –

၎င်းတော်သလင်းလပြည့်ကျော် ၁၂–ရက်နေ့တွင် ၎င်းအခွန်ဝန်၊ မြို့အုပ်၊ အမိန့်တော်ရရှေ့နေတို့နှင့်တကွ ဘုတလင်ဝန်ထောက် မောင်ရွှေ၊ ပန်းချီတိုက် ပုလဲဝန်ထောက် မောင်ဘေ၊ ဆားလင်းကြီးမြို့အုပ်တို့ လျှောက်ထားလွှာစေလွှတ် လျှောက်ထားတောင်းပန်သည်တတန်–

ဤသို့လျှင် နိဗ္ဗာနဒီပနီကျမ်းကို စီရင်ရေးသားသနားချီးမြှင့်ပါမည့်အကြောင်းနှင့် ၃–ကြိမ်၊ ၃–တန် တောင်းပန်တိုက်တွန်းအပ်သည်ဖြစ်၍ ၁၂၆၁–ခုနှစ်အတွင်း မုံရွာမြို့အနီး လယ်စည်ရွာတိုက်သူကြီး တည်ဆောက်လုပ်တင်လှူအပ်သော နှင်းလည်စည်ရွာ ဓမ္မိကာရာမတိုက် ဓမ္မနန္ဒကျောင်းတွင် စာသင်သံဃာပရိသတ်အများနှင့်တကွ သီတင်းသုံးဝါကပ်ဆိုနေထိုင်ခိုက်ဖြစ်သော မုံရွာမြို့လယ်တီတောရကျောင်းဆရာ ငါသည် ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်တို့မှ အနုမာနမှန်းဆ၍ ရအပ်သိအပ်သော သဘောယုတ္တိကို ထင်စွာပြလျှက် နိဗ္ဗာနဒီပနီကို စီရင်ရေးသားပေအံ့သတည်းဟူ၍ အဘိယာစကနှင့်ပဋိညာဉ်ပြုတော်မူခဲ့လေသည်။ ယင်းနိဗ္ဗာနမဂ္ဂဒီပနီကျမ်း၌ (၁) သခေပကဏ္ဍ။ (၂) ဝိတ္ထာရကဏ္ဍ။ (၃) နာနာဂန္ထနာနာဝါဒဝိသောဓနကဏ္ဍ ဟူ၍ ၃–ကဏ္ဍတို့ဖြင့် စီရင်တော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌–

ဝွတ္ထာဝတာ စ–

၁။ ခေတ္တပါဠိဂါမေသန္ဒေ၊ ကာရိတေ ဂါမဘောဇိနာ။<br>
သုဝိဘတ္တေ သုဝိသာလေ၊ ဓမ္မိကာရာမနာမကေ။

၂။ ဓမ္မနန္ဒေ ဝိဟာရမှိ၊ သုဝိဘတ္တေ မနောရမေ။<br>
ဝသတာ မဟာတော ဘိက္ခု–ဂဏာသု ဓမ္မဝါဝိနာ။

၃။ ဓမ္မစ္ဆေဒ္ဒေဟိ သာဓူဟိ၊ ယာစိတေန မယာ ကတာ။
နိဗ္ဗာနဒီပနီ သော၊ နေကသုတ္တသမောသဋ္ဌာ။

၄။ ပုညေန တေန နိဗ္ဗာနံ၊ လဒ္ဓါ သန္ဒိဋ္ဌိကံ ဣဓ။
ပရမတ္ထံ အာရာဓေန္တု၊ ဇနာ သဗ္ဗေပိ သုဗ္ဗတာ။

၁။ စ၊ ဆက်ဦးအံ့။ ဝွတ္တာဝတာ၊ ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်။ ခေတ္တပါဋ္ဌိဂါမေ၊ မုံရွာမြို့နယ် လယ်စဉ်အမည်ရှိသောရွာ၌။ သေန္နေ အရှေ့မြောက်စပ် ထောင့်အရပ်၌။ ဂါမဘောဇိနာ၊ လယ်စဉ်ရွာစား တရားပျော်မိုး တိုက်သူကြီးသည်။ ကာရိတေ၊ ၁၂၆၁–ခုနှစ် သက္ကရာဇ်တွင် အသစ်တည်ထောင်အပ်သော။ သုဝိ ဘတ္တေ၊ ပရိဝုဏ်မျဉ်းတား ဘုရားသိမ်ကျောင်း အပေါင်းသစ်ပင် ဥယျာဉ်ရေတွင်း နတ်ဖန်ဆင်းသကဲ့သို့ ခင်းကျင်းဖွယ်ရာ ကောင်းစွာဝေဖန်အပ်သော။ သုဝိသာလေ၊ ကျယ်ဝန်းပုံပျူးစွာထသော။ ဓမ္မိကာရာမနာမကေ၊ ဓမ္မိကာရုံအမည်ရှိသော ကျောင်း တိုက်၌။

၂။ သုဝိဘတ္တေ၊ စမ္ပယ်ယွန်းထပ် ခြယ်မွန်းလတ်၍ နတ်ဝိသုကံ စီမံခဲ့ယမ်း ပျံဘနန်းလျှင် ဆန်းကြယ်ထူးမြတ်သော အပြောက်အမြိန်းလည်းရှိထသော။ မနော ရမေ၊ ရှုသူမြင်သူအများလူတို့ ကြည်ဖြူရွှင်ပြုး နှလုံးမွေ့လျော်ဖွယ်လည်းဖြစ်ထသော ဓမ္မနန္ဒဝိဟာရမှိ၊ ဓမ္မနန္ဒအမည်ရှိသောကျောင်းကြီး၌။ ဝသတာ၊ သီတင်းသုံးနေထ သော။ မဟာတော၊ များစွာသော။ ဘိက္ခုဂဏာသြ၊ ရဟန်းသံဃာအပေါင်းအား။

၃။ ဓမ္မဝါစိနာ၊ ကျမ်းဂန်ဓမ္မပို့ချသင်ကြားကာနေသော။ မယာ၊ မုံရွာမြို့ လယ်တီ တောရဆရာကျော် ငါသည်။ ဓမ္မစ္ဆေဒ္ဒေဟိ၊ နိဗ္ဗာန်စကား မြတ်တရားကို ကြားနာလို လှ လွှန်တောင့်တသော ဓမ္မဆန္ဒနှင့်ပြည့်စုံပေကုန်သော။ သာဓူဟိ၊ သူတော်ကောင်း တို့သည်။ ယာစိတေန၊ ချေချေင်ငံ အတန်တန်လျှင် တောင်းပန်လျှောက်ထားအပ် သည်ဖြစ်၍။ နေကသုတ္တသမောသဋ္ဌာ၊ များစွာသော သုတ္တန်ပါဠိတော်အပေါင်းတို့၏ စုဆောင်းသက်ဝင်ရာဖြစ်သော။ သော နိဗ္ဗာဒီပနီ၊ နိဗ္ဗာနဒီပနီအမည်ရှိသောကျမ်းကို။ ကတာ၊ ရေးသားစီရင်အပ်သတည်း။

၄။ တေန ပုညေန၊ နိဗ္ဗာန်ကျမ်းပြုကောင်းမှုကြောင့်။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဇနာ၊ သတ္တဝါအပေါင်းတို့သည်။ သုဗ္ဗတာ၊ ကောင်းသောအကျင့် ရှိကြကုန်သည်ဖြစ်၍။ ဣဓ၊ ယခုဘဝပစ္စက္ခ၌။ သန္ဒိဋ္ဌိကံ၊ မျက်မှောက်ဒိဋ္ဌ တွေ့မြင်

ကြုံရသော။ နိဗ္ဗာနံ၊ သမ္မုတိနိဗ္ဗာန် တဒင်္ဂနိဗ္ဗာန်ကို။ လဒ္ဓါ၊ ရကြကုန်သည်ဖြစ်၍။ ပရမတ္ထံ၊ အတုမရှိ ကြီးမြတ်လှသော ပရမတ္ထနိဗ္ဗာန်ကို။ အာရာဓေန္တု၊ ဆောလျင် ထုတ်ချောက် ရောက်ပေါက်ပြီးစီးကြပါစေကုန်သတည်း။ ဣတိ၊ ဤတွင်ရွေ့ နိဗ္ဗာန ဒီပနီစကားရပ် အပြီးသတ်၏။ ဟူသော ၄–ဂါထာပါဠ် နိဿယဖြင့် ကျမ်းပြုရာဌာန၊ ကျမ်းပြုသူ၊ ကျမ်းပြုပုံအခြင်းအရာ၊ တောင့်တချက်စသည်တို့ကိုဖော်ပြ၍ နိဂုံးအုပ် တော်မူခဲ့လေသည်။ ယင်းကျမ်းသည် ၁၉၅၅–ခုနှစ် ဟံသာဝတီပုံနှိပ်တိုက်ရိုက် ဒီမိုင်းဆိုက်စာမျက်နှာ ၁၆၈–ရှိလေသည်။

■

## ဓမ္မဒီပနီကျမ်း

သက္ကရာဇ် ၁၂၆၃–ခုနှစ်၊ ပဋ္ဌမဝါဆိုလပြည့်ကျော် ၁၀–ရက်နေ့တွင် အုဋ္ဌ ကန်ရွာနေ တကောင်းတိုက်သူကြီး မောင်ဘိုးဘိုနှင့် ရွာဒကာအပေါင်းတို့က မန္တလေး မြို့ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရာကြီးက လယ်တီဆရာတော်ဘုရားကြီးထံ ဖြေဆိုရန် တောင်းပန်ခဲ့လေသည်။ လယ်တီဆရာတော်ဘုရားကြီးသည် ဖြေဆိုတော် မူပြီး ဓမ္မဒီပနီအမည်တပ်၍ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးထံ ဆက်ကပ်ပို့ တော်မူခဲ့လေသည်။ ၎င်းကျမ်းကို အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့ရာ များစွာထင်ရှားသည့် တရားကျမ်းဖြစ်လေသည်။ ၎င်ဓမ္မဒီပနီကျမ်းသည် ဒီမိုင်းဆိုက် ၁၃၈–မျက်နှာရှိ လေသည်။

■

## ပဋိစ္စသမုပ္ပါဒဒီပနီကျမ်း

ဆရာတော်ဘုရားကြီးသည် ကျိုက်ထိုမြို့နေ သူတော်စင်သူတော်ကောင်းတို့ တောင်းပန်အပ်သည်ဖြစ်၍ ပဋိစ္စသမုပ္ပါဒဒီပနီကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေ သည်။ ယင်းပဋိစ္စသမုပ္ပါဒဒီပနီကျမ်း၌ ပဋိစ္စသမုပ္ပါဒလင်္ကာ ၁၃–ပုဒ်အဖြေကိုလည်း ထပ်မံချဲ့ထွင်ဖြေဆို ဖော်ပြတော်မူခဲ့လေသည်။ ပဋိစ္စသမုပ္ပါဒ်ဒေသနာအချက်အရာ ဒိဋ္ဌိများကို ရှေးဦးစွာ ပြဆိုတော်မူ၍ ကျမ်းစာကို ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်း၏ အဆုံး၌–

ဇေတ္တာဝတာ–

(၁) နဂရေ ဒီပရင်္ဂမှိ၊ ဂါမေ စိုင်ပြင်တိနာ မကော။
အဋ္ဌသုညဒွယေကမှိ၊ သာကေ ဇာတေန ယာ မယာ။

(၂) မုံရွာဂါမေ အရညမှိ၊ လယ်တီတိဝိသုတာလယေ။
ဝသတာ မဟာတော ဘိက္ခု-ဂဏာဿ ဟိတကာရိနာ။

(၃) အဋ္ဌဘိနာနုရဇိနာ၊ ကာရိတေ ဒီဃစင်္ကမေ။
ကျိုက်ထိုနဂရဝါသီဟိ၊ ဓမ္မကာမေဟိ ဝိညုဘိ။

(၄) ပုနပ္ပုနံ ယာစိတေန၊ ပါဠိယတ္ထသုဒဿိနာ။
ပဋ္ဌိစ္စသမုပ္ပါဒဿ၊ သင်္ခတာ အတ္ထဒီပနာ။

(၅) သုနိဋ္ဌိတာ အယံ ကထာ၊ နိဗ္ဗာယာ နိရုပဒ္ဒဝါ။
တိဆဒွယေကသာကမှိ၊ ဝေသာခေဇုဏှာ တေရသေ။

(၆) တထေဝ ဣစ္ဆလောကမှိ၊ ဇနာ သဗ္ဗေပိ နိဗ္ဗုယာ။
ဣမမတ္ထံ သီဃံ ဉတွာ၊ ဟောန္တု ဝိဝဋ္ဋဘာဂိနောတိ။

(၁-၂-၃) ၏၊ နိဂုံးကမ္ပတ် အဆုံးသတ်စကားကိုဆိုပေအံ့။ တွော့ဝတာ၊ ဤမျှအတိုင်းအရှည်ရှိသော စကားအရပ်ရပ်ဖြင့်။ ဒီပရင်္ဂမှိ၊ ဒီပဲရင်းအမည်ရှိသော။ နဂရေ၊ မြို့ကြီး၌။ စိုင်ပြင်တိနာမကော၊ စိုင်ပြင်အမည်ရှိသော။ ဂါမေ၊ ရွာကြီး၌။ အဋ္ဌသုညဒွယေကမှိ၊ ၁၂၀၈-ခုမျှသော။ သာကေ၊ သက္ကရာဇ်၌။ ဇာတေန၊ ဖွားမြင်ထသော။ မုံရွာဂါမေ၊ မုံရွာမြို့၌။ အရညမှိ၊ ကုလလေးတာပြန်ငါးရာလျှင် အကွာထောက်သန်း ငှက်မင်းနန်းဟု ရိပ်စမ်းကြည်လင်ရပ်ခွင်၌။ လယ်တီတိဝိသုတာလယေ၊ လယ်တီတောရအမည်ဖြင့် ရှင်စည်ပျံ့သင်း ပင်လယ်ချဉ်းအောင် သတင်းဆူလှိုက် တောကျောင်း၌။ အဋ္ဌဘိနာနုရဇိနာ၊ နိမိတ်ဇမ္ဗူအတိတ်ယူသော် ဗိုလ်လူအထုအုပ်နယ် စုဝယ် သူ့ဘုန်းတန်ခိုး အမျိုးမျိုးဖြင့် စိုးမိုးပိုင်နိုင် စွမ်းရည်လှိုင်သောကြောင့် စကြဲ့စရပ် ပိဋကတ်သုံးပုံ အလုံးစုံကို အကုန်ပြုစု ကိုးကွယ်မှုဖြင့် ဗဟုသုတပညာ ဂုဏဝါကျဒ္ဓိ ဖိတ်ဖိတ်ငြိသော ပိဋကတ်တကာ အဋ္ဌာဘတ်သူရဲကောင်း ငွေ မားရမင်းသည်။ ကာရိတေ၊ ဦးတည်ကြပ်မတ်ဆောက်လုပ်အပ်သော။ ဒီဃစင်္ကမေ၊ ကျွန်းမြတ်ဒီပ သီဟဠဝယ် စေတီယခေါ် တောင်အမော်၌ ထေရ်ကျော်မဟိန် ထိန်တဘုန်းဝေ သုံးပစေဟု ဒေဝါနံပိယ ဒီပသနင်း ဆောက်လှုနှင်းသည့်

စကြံအလား အလျား အတောင် ခြောက်ဆယ်ကယ်သည့် ရှည်သွယ်ပြန့်ညောင်း စကြံကျောင်း၌။ ဝသတာ၊ နေ့ဝါညဝါပို့ချကာလျှင် ဣရိယာပထ မျှတမှီတင်း သီတင်းသုံးနေသော။ မဟာတောဘိက္ခုဂဏာသဿ၊ များစွာသောရဟန်းအပေါင်း၏။ ဟိတကာရိနာ၊ ပရိယတ် ပဋိပတ် အမြတ်နှစ်စု စီးပွားမှုကို ပြုစုအားထုတ်ကာနေ လေ့ရှိသော။ မယာ၊ လယ်တီတောကျောင်းဆရာ ငါသည်။ ဓမ္မကာမေဟိ၊ ပဋ္ဌိစ္စ သမုပ္ပါဒ် အမြတ်တရား သဘော သွားကို ခြားနားရှင်းလင်း ကွင်းကွင်းကွက်ကွက် အချက်ကျကျ သိလိုကြကုန်သော။ ကျိုက်ထိုနဂရဝါသီဟိ၊ ကျိုက်ထိုမြို့ဝယ် လူတို့အလိုက် ကျင့်စရိုက်ဖြင့် အမြိုက်နိဗ္ဗူ ဆိပ်အငူကို ထိတ်တူသွင်းငံ့ အသက်မဲ့ လျှက် တကယ့်ဆန္ဒ အကြံလုသဖြင့် ဓမ္မဆော်ကြွေ့ သူတော်လေ့နှင့် ပျော်မွေ့ စွာ နေလေ့ရှိကြကုန်သော။ ဝိညူဘိ၊ လူပညာရှိအပေါင်းတို့သည်။

(၄) ပုနပ္ပုနံ၊ အဖန်ဖန်အခါခါ။ ယာစိတေန၊ စာလွှာထည့်လတ် တောင်းပန်အပ် သည်ဖြစ်၍။ ပါဠိယတ္ထသုဒဿိနာ၊ ပဋ္ဌိစ္စသမုပ္ပါဒ်ပါဠိတော်များ။ အတ္တအချက် အနက် သဘောကို ကောင်းစွာမြင်လေ့ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ပဋ္ဌိစ္စသမုပ္ပါဒဿ၊ ပဋ္ဌိစ္စ သမုပ္ပါဒ်ပါဠိတော်မြတ်၏။ အတ္ထဒီပနာ၊ အနက်သဘောကိုပြဆိုရာပြဆိုကြောင်းဖြစ် သော။ ယာကထာ၊ အကြင်စကားကို။ သခ်တာ၊ ကောင်းစွာပြုပြင်အပ်ပြီ။

(၅) အယံကထာ၊ ဤစကားသည်။ တိဆဋ္ဌယေကသာကမှိ၊ သက္ကရာဇ် ၁၂၆၃–ခုနှစ်၌။ ဝေသာခေ၊ ကဆုန်လ၌။ ဇုဏှတေရသေ၊ လဆန်း ၁၃–ရက်၌။ နိဗ္ဗယာ၊ ဘေးမရှိသည်ဖြစ်၍။ နိရုပဒ္ဒဝါ၊ ဥပဒ္ဒဝေါမရှိသည်ဖြစ်၍။ သုနိဋ္ဌိတာ၊ ကောင်းစွာပြီးပြီ။

(၆) တထေဝ၊ ထို့အတူသာလျှင်။ ဣဓလောကမှိ၊ ဤလောက၌။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဇနာ၊ သတ္တဝါအပေါင်းတို့သည်။ နိဗ္ဗယာ၊ ဘေးဘယ ခပ်သိမ်းမှကင်းငြိမ်းကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ ဣမံအတ္ထံ၊ ဤ ပဋ္ဌိစ္စသမုပ္ပါဒ်သဘောကို။ သီဃံ၊ လျှင်မြန်စွာ။ ဉတွာ၊ သိကြကုန်၍။ ဝိဝဋ္ဋဘာဂိနော၊ သံသရာဝဋ်မှ ကျွတ်လွတ်ခြင်းအဘို့ရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သ တည်း။ ဣတိ၊ ဤတွင်ပြီး၏။

ဟူသော ၆–ဂါထာပါဌ် နိဿယတို့ဖြင့် ကျမ်းပြုသူ၏ဇာတိ၊ ပဝတ္တိ၊ အဘိယာစက၊ ကျမ်းပြီးချိန်၊ တောင့်တချက် စသည်တို့ကိုဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

ယင်းကျမ်းကို အကြိမ်ကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ရာ ၁၉၅၇-ခုနှစ် ဟံသာဝတီပုံနှိပ်တိုက် ရိုက်ဒီမိုင်းဆိုက် ၂၀၅-မျက်နှာရှိလေသည်။

ပဋ္ဌိစ္စသမုပ္ပါဒဿ၊ ဒီပနိမ္ပိ သုဒီပနော။
လယ်တီထေရော ဉာဏီ ဆေကော၊ အကာ ဒဠှပရက္ကမော။

■

## သုကုမာရမဂ္ဂဒီပနီကျမ်း

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် အသက် ၂၀-အတွင်း၌ တည်ရှိကြကုန်သော သူငယ်များတို့၏အကျိုးငှာ ဒီဃနိကာယ်၊ ပါထိကဝဂ်လာ သိင်္ဂါလောပါဒသုတ် စသည်ကိုအမှီပြု၍-

သက်သတ်ခိုးဝှက်၊ အိမ်ရာဖျက်၊ နှုတ်ထွက်မမှန်ငြား။
လေးတန်ညစ်ကျူး၊ မကောင်းမှု၊ မပြုရှောင်ကြဉ်ရှား-

စသည့် ဥဒ္ဒေသသံပေါက်လင်္ကာများ။

ဥစ္စာပျက်ပြား၊ ခိုက်ရန်ပွား၊ များဆုံးရောဂါစု။
သတင်းယုတ်မာ၊ အရှက်ကွာ၊ ပညာဆုတ်ယုတ်မှု။
ယစ်မျိုးကြူးငြား၊ သူတို့အား၊ ခြောက်ပါးအပြစ်စု-

အစရှိသော နိဒ္ဒေသသံပေါက်များ၊ ကံကိလေသတရားလေးပါး၊ အဂတိတရား လေးပါး၊ ပျက်စီးကြောင်းတရားခြောက်ပါး၊ ယစ်မျိုးသောက်စားမှုအပြစ်ခြောက်ပါး၊ ညအခါလမ်းလျှောက်မှုအပြစ်ခြောက်ပါး၊ ပွဲလမ်းသဘင်ကြူးမှုအပြစ်ခြောက်ပါး၊ လောင်းကစားကြူးမှုအပြစ်ခြောက်ပါး၊ ပျင်းရိခြင်းအပြစ်ခြောက်ပါး၊ မိတ်ဆွေယုတ်နှင့် ပေါင်းဖော်ခြင်းအပြစ်ခြောက်ပါး၊ မိတ်ဆွေတုလေးယောက်၊ မိတ်ဆွေစစ်လေး ယောက်၊ အရပ်ဒိသာခြောက်မျက်နှာတို့ကို ရိုသေစွာရှိခိုးမှု၊ ဒုစရိုက်ဆယ်ပါး၊ သုစ ရိုက်ဆယ်ပါး၊ ဩကာသဆိုပုံ၊ နမောတဿ-ပါဌ်အနက်၊ သရဏဂုံပါဌ်အနက်၊ ငါးပါးသီလပါဌ်အနက်၊ ရှစ်ပါးသီလပါဌ်အနက်၊ ပုညကြိယာဝတ္ထုဆယ်ပါး၊ ပါရမီ ဆယ်ပါး၊ ဗြဟ္မဝိဟာရတရားလေးပါး၊ ဗောဓိသုံးပါး၊ ဘုရားဂုဏ်တော်ကိုးပါး၊ တရား ဂုဏ်တော်ခြောက်ပါး၊ သံဃာ့ဂုဏ်တော်ကိုးပါး၊ ယောက်ျားကလေးများဆုတောင်း၊ မိန်းကလေးများဆုတောင်း၊ ပရိတ်ရွတ်နည်း အစရှိသည်တို့ဖြင့် တန်ဆာဆင်၍

သုကုမာရမဂ္ဂဒီပနီကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ယင်းသုကုမာရမဂ္ဂဒီပနီကျမ်းမှာ ဒီမိုင်းဆိုက်စာမျက်နှာ ၅၀–ရှိလေသည်။ ဆရာတော်ဘုရားကြီးက ရင်းသုကုမာရမဂ္ဂဒီပနီကြည့်ပြီးလျှင် သဒ္ဒသံခိပ်၊ ပရမတ္ထသံခိပ်ကျမ်းများကို သင်ကြားလေ့လာရန် ညွှန်ကြားတော်မူခဲ့လေသည်။ သုကုမာရမဂ္ဂဒီပနီကျမ်းကား လူငယ်လူရွယ်များ လေ့လာကြည့်ရှုသင့်သည့် ကျမ်းစာကောင်းဖြစ်လေသည်။

သုကုမာရမဂ္ဂဒီပနီ၊ သုကုမာရသုမာနိနီ။
သုန္ဒရီ သုန္ဒရဝါစာဟိ၊ ကေဗြေနာတိသောဘိနီ။

■

## သဒ္ဒသံခိပ်ကျမ်း

လယ်တီဆရာတော်ဘုရားကြီးသည် စံကျောင်းဆရာတော်ဘုရားကြီးအရှင်သုဒဿနနှင့် စလင်းဆရာတော်ဘုရားကြီးအရှင်ပဏ္ဍိစ္စ စသည့်ဆရာသမားကောင်းများ၏နည်းနာနိဿယကို ပိုင်ပိုင်မိမိရရှိပြီး ပညာရှိပုဂ္ဂိုလ်တစ်ယောက်အဖြစ်သို့ ရောက်လေရာ မနိုင်သောကျမ်းဟူ၍ မရှိဟုဆိုရလောက်အောင် တတ်မြောက်တော်မူလေသည်။ လူငယ်များ၊ ရဟန်းငယ်များ၊ သာမဏေများ သဒ္ဒါကျမ်းကို အလွယ်တကူနှင့်တတ်မြောက်ရန် ရည်သန်တော်မူ၍–

၁။ ထွန်းတက်ဘုန်းရှိန် လင်းလင်းထိန် ဇိနိန္နမာမိ။
၂။ သဒ္ဒါတတ်မှ စာတတ်လှ အတ္ထအမှန်သိ။
၃။ အတ္ထမြင်သန် အကျင့်မှန် နိဗ္ဗာန်မလွဲဘိ။

ဟူသော သံပေါက် ၃–ပုဒ်ဖြင့် ပဏာမ၊ ပယောဇဉ်တို့ကိုပြဆိုတော်မူ၍ သံပေါက်ကဗျာပုဒ်ပေါင်း ၇၆၈–ပုဒ်တို့ဖြင့် တန်ဆာဆင်၍ သဒ္ဒသံခိပ်ကျမ်းကိုလည်းပြုစီရင်တော်မူခဲ့လေသည်။

သဒ္ဒသံခိပ်ကျမ်း၏အဆုံး၌–

၁။ ခုနစ်ရာ့ခြောက်ဆယ် လက်ာချယ် ဤ၀ယ်ပြီးကဗျာ။
၂။ အဌ်၊ သုဉ်၊ ဒွိ၊ ကော် သက္ကရာဇ် ဘွားလစ်ကျမ်းဆရာ။
၃။ မုံရွာလယ်တီ တောရပ်မှီ မထေရ်ဉာဏ်ဓဇာ။
၄။ သော–ဆ–ဒွိ–ကော် သက္ကရာဇ် ပြီးလစ်ဆောင်းလယ်မှာ။

၅။ သဒ္ဒသံခိပ် ဘွဲ့တံဆိပ် ခပ်နှိပ်မည်သည္ညာ။
၆။ ကျမ်းဂန်ခပင်း အနက်လင်း နှုတ်တွင်းဆောင်သူမှာ။
၇။ ပညာမိက ဆုကြီးရ အများကိုးကွယ်ရာ။
၈။ ကျမ်းပြုပါရ ဤပုညကြောင့် ဒုက္ခခပ်သိမ်း ငြိမ်းစေခလို ဆုပန်ဆို မိုလ်လူ သတ္တဝါ။
၉။ အနာမျိုးကင်း မိုးမင်းသည်းထန် နိုင်ငံခပ်သိမ်းတရားထိန်း ငြိမ်းစေအဖြာဖြာ။
၁၀။ ရှစ်သောင်းလေးထောင် တရားရောင်လည်း မိုက်မှောင်ပယ်ထွန်း ထိန်ထိန် ရွှန်း ထွန်းစေသာသနာ။

ဟူသော သံပေါက်ကဗျာဆယ်ပုဒ်ဖြင့် ကျမ်းစာပမာဏ၊ ကျမ်းဆရာ၏ ဖွားမြင်ရာနှစ်၊ လ၊ရက်(၁၂၀၈–ခုနှစ်၊ နတ်တော်လဆန်း ၁၃–ရက်၊ အင်္ဂါနေ့၊ ညဉ့်တချက်တီးကျော် အချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်။) သီတင်းသုံးရာဌာန၊ ကျမ်းပြီးချိန်(၁၂၆၆– ခုနှစ်၊ ဝသန္တဥတုအလယ်ပြာသိုအတွင်းပြီးသည်။) ကျမ်းအမည်၊ သင်ယူသူတို့၏ အကျိုး၊ ဤကျမ်းသင်ပြီး ကျမ်းဂန်အားလုံး တတ်မြောက်ပြီးနောက်ဆုံး ပညာမိကဆု ကြီးကိုပင် ရနိုင်ကြောင်း၊ ကျမ်းဆရာဆုတောင်းတို့ကို ဖော်ပြတော်မူခဲ့လေသည်။

**သဒ္ဒသင်္ခေပဂန္ထောပိ၊ ဂန္ထေသု ဒဠှဉာဏိနာ။**
**နာနာနယေ နိပုဏေန၊ ဂန္ထိတော လယ်တီဝိညုနာ။**

■

## ပရမတ္ထသံခိပ်ကျမ်း

လယ်တီဆရာတော်ဘုရားကြီးသည် လင်္ကာသံပေါက်ပုဒ်ပေါင်း ၆၅၅– ပုဒ်တို့ဖြင့်တန်ဆာဆင်၍ အမျိုးသား၊ အမျိုးသမီးတို့ အဘိဓမ္မတ္ထသင်္ဂြိုဟ်တတ် မြောက်ရန်၊ အဘိဓမ္မာခုနှစ်ကျမ်းတတ်မြောက်ရန်၊ သမ္မာဆန္ဒဖြင့် ပရမတ္ထ သံခိပ် ကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌–

၁။ စောထွက်ဘုန်းလျှံ၊ တရားမွန်၊ သံဃံနမာမိ။
၂။ ပရမတ်သင်္ဂြိုဟ်၊ တတ်မြောက်လို၊ လူမိုလ်တောင်းပန်ဘိ။
၃။ သင်္ဂြိုဟ်ဉာဏ်လောက်၊ အမြန်ရောက် သံပေါက်ဆိုပိမ့်သိ။

ဟူသော သံပေါက်ကဗျာ ၃–ပုဒ်ဖြင့် ရတနတ္တယပဏာမ၊ အဘိယာစက၊ ပဋိညာဉ် တို့ကိုဖော်ပြ ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌လည်း–

၁။ ခြောက်ရာ့ခြောက်ဆယ် လင်္ကာချယ် ဤဝယ်ပြီးကဗျာ။
၂။ အင်္ဂါ၊ သုဉ်၊ ဋ္ဌိ၊ ဇေ် သက္ကရာဇ် ဖွားလစ်ကျမ်းဆရာ။
၃။ မုံရွာလယ်တီ တောရပ်မှီ မထေရ်ဉာဏ်ဓဇာ။
၄။ ဗျည်းဆဋ္ဌိ– ကဆုန်နွေ ပြီးပြေဤကျမ်းစာ။
၅။ ပရမတ်သံခိပ် ဘွဲ့တံဆိပ် ခတ်နှိပ်မည်သညာ။
၆။ ပိဋကတ်နှစ်ပုံ အကျဉ်းကြုံ နှုတ်ငုံသူတို့မှာ။
၇။ ပညာဝိက ဆုကြီးရ အများကိုးကွယ်ရာ။
၈။ ကျမ်းပြုပါရ ဤပုညကြောင့် ဒုက္ခခပ်သိမ်း ငြိမ်းစေခလို ဆုပန်ဆို မိုလ်လူသတ္တဝါ။
၉။ အနာမျိုးကင်း မိုးမင်းသည်းထန် နိုင်ငံခပ်သိမ်းတရားထိန်း ငြိမ်းစေအဖြာဖြာ။
၁၀။ ရှစ်သောင်းလေးထောင် တရားရောင်လည်း မိုက်မှောင်ပယ်ထွန်း ထိန်ထိန်ရွှန်း ထွန်းစေသာသနာ။

ဟူသော သံပေါက်လင်္ကာကဗျာဆယ်ပုဒ်တို့ဖြင့် ကျမ်းစာပဏာမ၊ ကျမ်းစာဆရာဖွားမြင်ရာနှစ်လရက်၊ ကျမ်းပြီးရာချိန် စသည်တို့ဖြင့် တန်ဆာဆင်၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

**ပရမတ္ထသုသခေ်ပ–ဂန္ထေ ဂမ္ဘီရဉာဏ်နာ။**
**ရစိတော ဟိ ကဝိန္ဒေန၊ လယ်တီထေရသုဓီမတာ။**

■

## ခန္ဓာ, အာယန, ဓာတ်, သစ္စာလင်္ကာကျမ်း

လယ်တီဆရာတော်ဘုရားကြီးသည် ခန္ဓာ,အာယတန,ဓာတ်,သစ္စာလင်္ကာကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ယင်းခန္ဓာအာယတနဓာတ်သစ္စာလင်္ကာကျမ်းမှာ ၁၀–ပုဒ်ရှိသည်။ ယင်းလင်္ကာဆယ်ပုဒ်ကို ဆရာတော်ဘုရားကြီးသည် ကျစ်ကျစ်လစ်လစ်ပြုစီရင်တော်မူခဲ့သည်။ ယင်းလင်္ကာဆယ်ပုဒ်ရလိုက်လျှင်ပင် အတိုင်းမသိအကျိုးရှိပါပြီ။ သို့အတွက် ဤမန္တလေးသာသနာဝင်ကျမ်းတွင် အဖွင့်စကားမဖတ် လင်္ကာသက်သက်ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

## ရူပက္ခန္ဓာ

(၁) ရူပက္ခန္ဓာ ဝေဒနာနှင့် သညာ,သင်္ခါရ, ဝိညာဏဟု အစုငါးတန် ငါးရပ်ခန်တည်း။ ။ ဖောက်ပြန်ထွေပြား ဖြစ်တတ်ငြား၍ စကားပုံသေ ရုပ်ခေါ်ပေ၏။ မြေဓာတ်,ရေဓာတ် မီး, လေဓာတ်ဟု လေးရုပ်ဘုတ်ကြီး ပွားစီးအနက် စက်,သော, ဃာ,ဇိ ကာငါးလီမှု အကြည်ရူပ ပသာဒတည်း။ ရူပ,သဒ္ဒ ဂန္ဓ,ရသာ ဖောဋ္ဌဗ္ဗာဟု ငါးဖြာအာရုံ နှစ်စုံဘာဝ ဟဒယနှင့် ဇီဝ,ဩဇာ ဆယ့်ရှစ်မှာမူ လေးဖြာဟေတု ကြောင်းစတုကြောင့် ဖြစ်မှုပေါလော သဘောသီးသီး ကိုယ်စီပြီး၍ ရုပ်ကြီးရူပ နိပ္ဖန္နတည်း။ ။ ထိုမှတစ်ပါး ကလာပ်ခြားမျှ အာကာသနှင့် ကာယ,ဝစီ နှစ်လီကိုယ်နှုတ် လှုပ်မှုရှားမှု နှစ်ခုဝိညတ် ရူပဿလဟု မုဒု,ကမ္မည ဝိကာရခေါ် ရုပ်၃-ဖော်ကား ပေါ့ပါးနူးညံ့ ကြမ်းခံ့မှုရာ တဖြာထိုမှ ဥပစယ အစပွားတိုး အရိုးပြည့်မှီ တည်စဉ်သန္တတိ ရင့်ဘိဇရာ ပျက်မှာအနိစ္စ ဤလေးဝမူ လက္ခဏရုပ် ခေါ်သမုတ်၏။ ရုပ်ပေါင်းဆယ်တန် အနိပ္ဖန်တည်း နိပ္ဖန်ဆယ့်ရှစ် ပေါင်းတုံလစ်က ရှစ်ခုစွန်းကယ် ရုပ်နှစ်ဆယ်သည် ... အကျယ်ရူပက္ခန္ဓာတည်း။

(၂) စက်,သော,ဃာ,ဇိ ကာအကြည်နှင့် နှစ်လီဘာဝ ဟဒယ ဇီဝအာယု ရုပ် ၉-ခုမှာ ကမ္မဇာတည်း။ ။ နှစ်ဖြာဝိညတ် စိတ်ဖြစ်မှတ်လော။ သဒ္ဒတစ်ခု စိတ်ဥတုဖြစ်။ တလစ်ဝိကာ ရုပ်သုံးဖြာမူ ဩဇာဥတု စိတ်ဖြင့်ရှုလော။ လေးခုဘူတ ဝဏ္ဏဂန္ဓ ရသ,ဩဇာ အာကာသဓာတ် ၉-ရုပ်ရုပ်ပေါင်း အကြောင်းလေးပါး ဖြစ်တတ်ငြား၏။ လေးပါးလက္ခဏ အလွတ်ကျရှင့်။ မဟာဘူတ ဝဏ္ဏ, ဂန္ဓ ရသ,ဩဇာ ရုပ်ရှစ်ဖြာကား မကွာမကွဲ အမြဲတူကွ ဖြစ်ပျက်မျှသည် အဋ္ဌကလာပ် ခေါ်ပညတ်၏။ ကလာပ်ရုပ်ခဲ ရှစ်ခုထဲတွင် ဇီဝယှဉ်က ဇီဝိတနဝ ခေါ်ဆိုရ၏။ နဝထိုမှာ စက်,သော, ဃာနှင့် ဇိ,ကာပဥ္စ ဘာဝနှစ်ခု ဝတ္ထုဟဒယ လောင်းပြန်ကလျှင် ဒသကလာပ် ရှစ်ရပ်ပွားတိုး ကလာပ်ကိုးမှာ ကမ္မဇာတည်း။ ရှစ်ဖြာမူလ အဋ္ဌကတွင် သဒ္ဒတရပ် ဝိညတ်နှစ်ဖြာ ဝိကာရသုံး ဖွဲ့စည်းရုံးက စိတ္တဇကလာပ် ရှစ်စည်းမှတ်လော။ ကလာပ်မူလ အဋ္ဌကနှင့် သဒ္ဒနဝ ဝိကာရတေး ကလာပ်လေးမူ ဥတုယူလော။ မူလအဋ္ဌ ဝိကာရပွား နှစ်စည်းအားမှာ အာဟာရဇ ကလာပတည်း ပေါင်းထနှစ်ဆယ် သုံးစည်းကယ်သည်.. အကျယ်ရုပ်စု ရုပ်ခဲတည်း။

## ဝေဒနာကမ္မဋ္ဌာနှင့် သညာကမ္မဋ္ဌာ

(၃) ခံစား,စံစား စကားနှစ်ထွေ တရားနေမှာ ဝေဒနာခါတ် ခန္ဓာမှတ်လော။ သုံးရပ်ဝေခွဲ ဆင်းရဲဒုက္ခ သုခချမ်းသာ ဥပေက္ခာဟူ လျစ်လျူခံစား မထင်ရှားတည်း။ ငါးပါးအလို တပုံဆိုသော် ကိုယ်,စိတ်နှစ်ဖြာ ချမ်းသာဆင်းရဲ လျစ်လျူခွဲလော။ တနဲထို့ပြင် အမြင်အကြား အနံ့အားနှင့် စားလျှက်တွေ့ထိ ကြံသိခြောက်ဖြာ ချမ်းသာ ဆင်းရဲ လျစ်လျူခွဲငြား ဆယ့်ရှစ်ပါးတည်း။ သုံးပါးကာလ ပွားထတုံသေး ငါးဆယ့် လေးတည်း။ တရေးသန္တာန် နှစ်ပွားပြန်က တရာ့ရှစ်ပင် အကျယ်မြင်လော။ ထို့ပြင်သ ညာ ခန္ဓာမှာကား လိမ္မာတတ်သိ ခေါ်ကြဘိရှင့်။ လူ၏ဘောင်မှာ လူတကာနဲ့ လိမ္မာမြဲမူ မှတ်စွဲဖြာဖြာ ဤသညာပင် နတ်မှာနတ်လျော် လိမ္မာမြောက်၏ အောက်အပါယ်သား ကျွဲနွားမြင်းဆင် မြင်မြင်သမျှ အနန္တလည်း ဘာဝဘာဝ သိ တတ်ကြ၏။ လောကအလုံး မြော်မဆုံးလျှင် အသုံးတွင်စွာ အလိမ္မာဟု အချာအချုပ် ခေါ်သမုတ်၏။ မုဆိုးတံငါ သူ့အရာ၌ လိမ္မာကျွမ်းကျင် သညာပင်တည်း သို့စဉ် နည်းပြ သိကုန်ကြလော။ ရူပသညာ စသည်ဖြာသား သညာအပြား အကျဉ်းအား ဖြင့် ခြောက်ပါးလာရှိ ပွားပြန်ဘိမူ မြေသိ,ရေသိ နေ,လသိက စသည်သွယ်သွယ် မဆုံးဘွယ်သည်။ ။ အကျယ်သညာကမ္မဋ္ဌာတည်း။

## သင်္ခါရကမ္မဋ္ဌာ

(၄) ကာယ,ဝစီ မနောပြီသည် သုံးလီကမ္ဗ သင်္ခါရမူ ဓမ္မထင်ရှား ငါးဆယ်ပြား၏။ တွေ့ငြားဖဿ ဆော်ထစေတနာ ကေဂ္ဂါမူ တည်ကြည်ဟူ၏ သက်မူဇီဝိ မနသိကား နှလုံးထားတည့် ငါးပါးဓမ္မ စိတ်တိုင်းရ၏။ တက္ကကြံခြင်း ဖွဲ့ရစ်ခြင်းမှာ ဝိစာရမှတ် ဆုံးဖြတ်မိမောက္ခ ဝီရိယနှင့် ဆန္ဒ,ပီတိ ထင်ရှားဘိ၏။ မသိမလင်း မထိုးမထွင်း ချက်မောဟနက်တည့် ရှက်ကြောက်မရှိ အဟိရိက နောတ္တပ္ပမည် မတည်ကြည်က ဥဒ္ဓစ္စမူ ဤလေးခုကား အကုသိုလ်တွင် စိတ်တိုင်းယှဉ်၏ လိုချင်လောဘ မာနထောင် လွှား မြင်မှားဒိဋ္ဌိ ကြမ်းဘိဒေါသ မစ္ဆေရဝန်တို မနာလိုက္ကုသာ တဖြာကုက္ကုစ္စ နောင်တပူပင် မရွှင်မကြည် ထိုင်းမှိုင်းသည်မှာ နှစ်မည်ထိ,မိဒ္ဓ စိတ်ထဲဒွိဟ နှစ်ခွ နေဘိ ဝိစိကိစ္ဆာ။ သဒ္ဓါကြည်လေ့ မမေ့သတိ ရှက်ကြောက်ဘိမှာ ဟိရီနေလတ် တတြမဇ္ဈတ္တတာ နှစ်ဖြာပဿဒ္ဓိ ငြိမ်းဘိကိုယ်စိတ် ပေါ့ရိပ်လဟု မုဒိန္နူးညံ့ ကြမ်းခံ့ ကမ္မည် ကျွမ်းကျင်ပါဂုဉ် ဖြောင့်တုံဥဇု။ နူတ်ဒု,ကာဒု ကြဉ်မှုသုံးဖြာ ဝါစာကမ္မန္တ

အာဇီဝနှင့်။ သတ္တအများ သနားသမှု ဝမ်းမြောက်မှုဟု ကရု,မုဒိ ငါးဆယ်ရှိ၏ သုစရိတ ဒုစ္စရိတ ဒါနသီလ ဘာဝနာ စသည်ဖြာသား ဝေါဟာသွယ်သွယ် မဆုံး ဘွယ်သည့်။ ။ အကျယ်သခ်ါရက္ခန္ဓာတည်း။

## ဝိညာဏက္ခန္ဓာ

(၅) အာရုံယူဘိ အသိသဘော စိတ်မနောကို ဝိညာဏ်ဆို၏။ ထိုဝိညာဏ်ကား မြင်,ကြား,နံ,လျက် ထိ,သိချက်ဟု ၆–ခုအကျဉ်း အကျယ်ခင်းက ကာမ,ရူပ အရူပ နှင့် လောကုတ္တရာ စိတ်လေးဖြာတည်း။ ကာမခေါ်ရေး ငါးဆယ်လေးခု သော,ဥ ယှဉ်ဒွိတ် ဒိဋ္ဌိယှဉ်,မယှဉ် သင်ရှိ,မရှိ ဒွိစတုရှစ် လောဘမူဖြစ်၏ နှစ်ဒေါမူလ ပဋိဃယှဉ် သင်ရှိ,မရှိ မောဟမူဒွိမှာ ဝိစိ,ဥဒ္ဓစ် ဥယှဉ်လစ်သည် ဆယ့်နှစ်အကုသိုလ်။ ထိုပြင်အ ဟိတ် စိတ်ဆယ့်ရှစ်ခု စက္ခု,သောတ ဃာန,ဇိဝှါ ကာယဝိညာဏ် သမ္ပဋိစ္ဆိ နှစ်ခုစီ တည့် သန္တီရဏ သုံးခုရ၏ ပေါင်းတစ်ဆယ့်ငါး ဝိပါက်ကြွေးရှင့် ငါးပါးဒွါရာ မနောဒွါဟု အာဝဇ္ဇန်းဒွိ ဟသိတုပ္ပါဒ် သုံးရပ်ကြိယာ ဆယ့်ရှစ်ဖြာတည့်။ ကာမာဝစရ ကုသလစု သော,ဥနှစ်တန် ဉာဏ်ယှဉ်,မယှဉ် သင်ရှိ,မရှိ ရှစ်ပါးသိလော ဝိပါက်မဟာ ကြိယာ လည်း ထိုနည်းရှစ်စီ သုံးလီပေါင်းထွေး ၂၄–တည်း။ ရေးတဆယ့်နှစ် တဆယ့်ရှစ်နှင့် ပေါင်းလစ်တုံက အကျယ်ရသည့်။ ။ ကာမငါးဆယ့်လေးလျှင်တည်း။

(၆) ဈာန်စိတ်ရူပ ဆယ့်ငါးမျှတည့် ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ပဉ္စမဈာန် ငါးတန်အပြား ဈာန်ငါးပါးနှင့် ယှဉ်ငြားအလို ကုသိုလ်စိတ်ငါး ဝိပါက်ငါးနှင့် ငါးပါးကြိယာ ဆယ့်ငါးဖြာကား ဗြဟ္မာရူပ ဈာန်စိတ်ရတည်း။ အာကာ သနဉ္စာယတနဈာန် ဝိညာဏဉ္စာယတနဈာန် အာကိဉ္စညာယတနဈာန် နေဝသညာ နာသညာယတနဈာန် လေးတန်အပြား ဈာန်လေးပါးနှင့် ယှဉ်ငြားအလို ကုသိုလ်စိတ် လေး ဝိပါက်လေးနှင့် လေးပါးကြိယာ ဆယ့်နှစ်ဖြာကား ဗြဟ္မာအရူပ ဈာန်စိတ်ရ တည်း။ သောတာပတ္တိမဂ္ဂ သကဒါဂါမိမဂ္ဂ အနာဂါမိမဂ္ဂ အရဟတ္တမဂ္ဂအင်္ဂါက မဂ္ဂအပြား မဂ်လေးပါးနှင့် ယှဉ်ငြားအလို ကုသိုလ်စိတ်လေး ဖိုလ်စိတ်လေးဟု ရှစ်ခုလောကုတ် အကျဉ်းချုပ်၏ လောကုတ်အကျယ် လေးဆယ်အရ သရုပ်ပြမှု ပဌမဈာန် သောတာပတ္တိမဂ်စိတ်တပါး ဒုတိယဈာန် သောတာပတ္တိမဂ်စိတ်တပါး တတိယဈာန် သောတာပတ္တိမဂ်စိတ်တပါး စတုတ္ထဈာန် သောတာပတ္တိမဂ်စိတ်တပါး ပဉ္စမဈာန် သောတာပတ္တိမဂ်စိတ်တစ်ပါးဟူ၍ သောတာပတ္တိမဂ်စိတ်အပြားငါးပါး

ဤနည်းအားဖြင့် ရှစ်ပါးအကုန် စျာန်ပွားတို့က လေးဆယ်ရ၏ တရာ့နှစ်ဆယ် တပါးကယ်သည့်။ ။ အကျယ်ဝိညာဏကွန္ဒာတည်း။

**ခန္ဓာငါးပါး**

(၇) သဗ္ဗစိတ္တသာဓာရဏ သဗ္ဗာကုသလစိတ္တသာဓာရဏ သဗ္ဗသောဘဏစိတ္တ သာဓာရဏ ဆက်ဆံယှဉ်ဖက် အနက်သာဓာရဏ ထိုသုံးဝတွင် မောဟစသည် စေလေးမည်မှာ သဗ္ဗာကုသလ အမည်ရ၏။ အမောဟကြဉ် ဆယ့်ကိုးလျှင်မူ မှတ်ယူသဗ္ဗ သောဘဏတည်း။ သဗ္ဗစိတ္တ ပကိဏ်းဆကို အညသမာန်း ခေါ်ရိုးတမ်း တည်း။ သမာန်းအည တေရသနှင့် အကုသလ ဓမ္မဆယ့်လေး ပေါင်းထွေးတို့ပြန် နှစ်ဆယ့်ခွန်ကား ဝိညာဏ်ဆယ့်နှစ် အကုညစ်၌ ဖြစ်ပျက်တူကွ ယှဉ်ကုန်ကြ၏။ ဆန္ဒကြဉ်လစ် အဉ်ဆယ့်နှစ်မူ ဆယ့်ရှစ်အဟိတ် ဝိညာဏ်စိတ်မှာ ဖြစ်သည်သာ တည်း။ တဖြာအည တေရသနှင့် သောဘဏအပြား နှစ်ဆယ့်ငါးကား ကြွင်းငြား ကာမ သောဘဏနှင့် ရူပရူပါ လောကုတ်မှာလျှင် အကုန်ယှဉ်၏။ ထိုတွင်ထွေလာ ယထာရဟ သင်္ဂဟမှာ ကျမ်း၌လာပြီး ပါယ်ရှာလေးရပ် လူနတ်ခုနှစ် ဆယ့်တစ်ဌာန ဘုံကာမနှင့် ရူပဗြဟ္မာ ဆယ့်ငါးရွာ၌ ခန္ဓာငါးဝ အစုံရ၏။ အရူပဗြဟ္မာ လေးဘုံမှာမူ ခန္ဓာလေးအင်။ အသညသတ် ဘုံတရပ်မှာ ရုပ်ခန္ဓာပေ။ မြေ,ရေ,တော,တောင် ဘုံဆောင်ပြာသာဒ် စရပ်ကျောင်းအိမ် ကြိုးကြိမ်သစ်ဝါး ဝတ်စားတန်ဆာ ရတနာရွှေ ငွေ သေပြီးအလောင်း သက်မဲ့ပေါင်းမှာ ရုပ်ခန္ဓာတည်း။ ပမာရေမြှုပ် ရုပ်နှင့်ယှဉ်ဖက် ရေပွက်ဝေဒနာ သညာတံလျှပ် တရပ်သင်္ခါရ ငှက်ပျောကျ၏။ ဓမ္မဝိညာဉ် မျက်လှည့် ယှဉ်သည့်။ ။ ငါးအင်နှစ်မဲ့ခန္ဓာတည်း။

**အာယတနစဏ်း**

(၈) ထွေထွေလာလာ များတကာတို့ တည်ရာစုရာ သက်ရောက်ရာကို အာယ တန ခေါ်ဆိုကြ၏ ဌာန,ကာရဏ စသည်အနက် အများထွက်၏ စက္ခု,သောတ ဃာန,ဇိဝှါ ကာယာ,မနော သဘောတရား ဤ ၆–ပါးမူ ကိုယ်တွင်းဟူဘိ အဇ္ဈတ္တိက အမည်ရ၏ ရူပ,သဒ္ဒါ ဂန္ဓာ,ရသ ဖောဋ္ဌဗ္ဗနှင့် ဓမ္မဟူသည် ဤ၆–မည်ကား ဗာဟိရာ ယတန အမည်ရ၏ မနမှာမူ ၆–ဖြာဝိညာဉ် ဓမ္မတွင်မူ အစဉ်ပါလစ် ရှေ့ဆယ့်တစ်မှ ကျန်သမျှတည်း အာဒိတ္တသုတ် ဖော်ပြထုတ်မူ "စက္ခု ဘိက္ခဝေ အာဒိတ္တံ တေန အာဒိတ္တံ ရာဂဂ္ဂိနာ အာဒိတ္တံ ဒေါသဂ္ဂိနာ အာဒိတ္တံ မောဟဂ္ဂိနာ အာဒိတ္တံ ဇာတိယာ

ဇရာမရဏာနေ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသေဟိ အာဒိတ္တန္တိ ဝဒါမိ၊ သောတံ အာဒိတ္တံ ဃာနံ အာဒိတ္တံ ဇိဝှါ အာဒိတ္တံ ကာယော အာဒိတ္တာ ဖောဋ္ဌဗ္ဗာ အာဒိတ္တာ ဓမ္မာ အာဒိတ္တာ ကေန အာဒိတ္တာ ရာဂဂ္ဂိနာ အာဒိတ္တာ ဒေါသဂ္ဂိနာ အာဒိတ္တာ မောဟဂ္ဂိနာ အာဒိတ္တာ ဇာတိယာဇရာမရဏာနေ သောကပရိဒေဝဒုက္ခ ဒေါမနဿုပါယာသေဟိ အာဒိတ္တာတိ ဝဒါမိ ပါဠိတော်လုစ် မီးဆယ့်တစ်ကို ဆယ့်နှစ် အာယတန မြှောက်ပွားကမူ တရားသုံးဆယ် နှစ်ပါးကယ်သား အကျမ်မီးပေါင်း ပေါင်းတုံရှောင်းသည့်၊၊ ထောင်းထောင်းတောက်လောင်မစဲတည်း။

## စိတ်ခဏ်း

(၉) သတ္တဝါအလို ပုဂ္ဂိုလ်အကြိုက် မလိုက်မစား မငဲ့ငြားပဲ ကြောင်းအားလျော်စွာ သူ့ခြင်းရာနှင့် သူ့သဘာဝ သူ့ကိစ္စကို ဆောင်ကြသမူ အကြောင်းပြု၍ စိတ်ဟု သညာ အစဉ်လာ၏။ မနာယတန တခုမျှကို သတ္တဝိညာဏစိတ် ဝေဖန်လတ်က စိတ်၏အချက် ဆယ့်ရှစ်ထွက်၏။ စက္ခုဝိညာဏ်စိတ် သောတဝိညာဏ်စိတ် ဃာနဝိညာဏ်စိတ် ဇိဝှါဝိညာဏ်စိတ် ကာယဝိညာဏ်စိတ် မနောစိတ် မနောဝိ ညာဏ်စိတ် စိတ်ခုနစ်ရပ်တွင် ပဥ္စဝဇ္ဇန်း သမ္ပဋိစ္ဆိုင်း ပေါင်းရေးသုံးရပ် မနော စိတ်တည့် ကြွင်းလတ်သဘော မနောဝိညာဏ် ခုနစ်ဆယ့်ခြောက် ရတုံမြောက်၏။ အလျှောက်ဘာဝ ပြင်စိတ်ကျ၍ သတ္တဇိဝ အတ္တမဟုတ် ရုပ်စိတ်နမ်စိတ် ပေါင်း စပ်ပူးတွဲ အခဲအစု ဝတ္ထုကြီးငယ် အထယ်အလိပ် နိမိတ်သန္တာန် ဟန်ပန်လုံးစုံ ကင်းဆိတ်တုံ၍ "စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ ဝေဒနာပစ္စယာ ၊၊၊ ဇရာမရဏာ သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။ လ။ ဃာနဉ္စ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။ လ။ ဇိဝှဉ္စ ပဋိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ။ လ။ ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။ လ။ မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော။ လ။ ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ပါဠိအထွက် စိတ်ဆောင်ချက်ကို နက်နက်နယ်နယ် သိရန်ခြယ်သည့်၊၊ အကျယ်စိတုကထာ တည်း။

## သစ္စခဏ်း

(၁) အစွန်နှရှည်စွာ ဘယ်မျှကြာလည်း တခါတဖန် မဖောက်ပြန်ပဲ အစဉ်မြဲကို သစ္စာဆို၏ ထိုသစ္စာကား လေးထွေပြား၏ လေးပါးသရုပ် အမှန်ထုတ်သော် ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ။ ခန္ဓာငါးလီ ဘုံလောကီကို ဒုက္ခဆိုလော၊ ထိုဒုက္ခပေါင်း ပွားကြောင်းအမှု လောဘစုမှာ သမုဒယ အမည်ရ၏။ လောဘခပင်း အကြွင်းမရှိ ချုပ်ငြိမ်းဘိသည့် သန္တိသဘော အစဉ်ချောကို နိရောဓဟူ။ ရှစ်ဆူသီးသီး မဂ္ဂင်ကြီးကို မဂ္ဂင်ဆို၏။ ထိုမဂ္ဂင်မှာ သမ္မာဒိဋ္ဌိ- ကောင်းမြတ်သော အမြင်ကိုသာမြင်ခြင်းတပါး၊ သမ္မာသင်္ကပ္ပေါ်- ကောင်းမြတ်သောအကြံကိုသာ ကြံခြင်းတပါး၊ သမ္မဝါစာ- ကောင်းမြတ်သောစကားကိုသာ ပြောဆိုခြင်းတပါး၊ သမ္မာကမ္မန္တော- ကောင်းမြတ်သောအမှုကိုသာ ပြုလုပ်ခြင်းတပါး၊ သမ္မာအာဇီဝေါ- ကောင်းမြတ်သောအသက်မွေးမှုဖြင့် အသက်မွေးခြင်းတပါး၊ သမ္မာဝါယာမော- ကောင်းမြတ်သောတရား၌ အားထုတ်ခြင်းတစ်ပါး။ သမ္မာသတိ- ကောင်းမြတ်သော တရားတို့၌ မမေ့မလျော့ခြင်းတပါး၊ သမ္မာသမာဓိ- ကောင်းမြတ် သောအာရုံတို့၌ စိတ်၏တည်ခြင်းတပါး၊ ဤရှစ်ပါးတွင် ဖောက်ပြားမရှိ ဖြောင့်မှန်ဘိမှ အရိယသစ္စာ ခေါ်ထိုက်စွာ၏။ သစ္စာအနက် လေးချက်စီတည့် ဆယ့်ခြောက်ရှိ၏ **ပီဠနဋ္ဌော**- အကျဉ်းအကြပ် နှိပ်စက်တတ်သော ဒုက္ခသဘော၊ **သင်္ခတဋ္ဌော**-အမြဲမပြတ် ပြုပြင်အပ်သော ဒုက္ခသဘော၊ **ဝိပရိဏာမဋ္ဌော**-နိစ္စမြင့်ရှည် အတည် မမြဲ ဖောက်ပြန်လဲ ဖောက်ပြန်ဖြစ်တတ်သော ဒုက္ခသဘော။ **အာယူဟနဋ္ဌော**- ဒုက္ခဝတ္ထု ဒုက္ခမှုတို့ကိုသာ အမြဲစုဆောင်းတတ်သော သမုဒယသဘော၊ **နိဒါနဋ္ဌော** ဒုက္ခလက်စ မပြတ်ရအောင် အမြဲဆောင်နှင်းတတ်သော သမုဒယသဘော၊ **သံယောဂဋ္ဌော**- ဒုက္ခစက်မှ မထွက်ရအောင် ဖွဲ့နှောင်တတ်သော သမုဒယ သဘော၊ **ပလိဗောဓဋ္ဌော**- ဒုက္ခစက်မှ မထွက်ရအောင် နှောင့်ယှက်တတ်သော သမုဒယသဘော။ **နိဿရဏဋ္ဌော**- ဒုက္ခစက်မှ ထွက်မြောက်ကျွတ်လွတ်ခြင်း ဟူသော နိရောဓသဘော၊ **အသင်္ခတဋ္ဌော**- သံခါရဒုက္ခခပင်း ကင်းလွတ်ခြင်းတည်း ဟူသော နိရောဓသဘော၊ **အမတဋ္ဌော**- အဖန်ဖန် သေကြေပျက်ဆုံးခြင်းမှ ကင်းလွတ်ခြင်းတည်းဟူသော နိရောဓသဘော။ **နိယျာနဋ္ဌော**- ဒုက္ခဘက်မှ ဆန့်တက်ထွက်မြောက်ကြောင်းဟူသော မဂ္ဂသဘော၊ **ဟေတုဋ္ဌော**- လောကုတ္တရာ ဂုဏ်ကျက်သရေအပေါင်းတို့ ကောင်းစွာတည်ရာ၏ အဖြစ်ဟူသော မဂ္ဂသဘော၊ **ဒဿနဋ္ဌော**- သစ္စာလေးအင် နိဗ္ဗာန်လွင်ကို အမြင်ပေါက်ရောက်ခြင်းဟူသော

မင်္ဂလာသဘော၊ အာဓိပတေယျဒွေ– တဏှာ၏ကျွန်အဖြစ်မှ စင်စစ် လွတ်ပြီးခြင်း ဟူသော မင်္ဂလာသဘော။ သစ္စာလေးချက် အနက်သဘော ဟောရန်သွယ်သွယ် မဆုံးဖွယ်သည့်. . . အကျယ်သစ္စကထာတည်း။

ခန္ဓအာယတနဓာတု–သစ္စာနံ ကတ္တုဗ္ဗမ္ပိ စ။
ဆောကော ကဗ္ဗေသု ထေရိန္ဒော၊ ရစယီ လယ်တီပုဂ်ဝေါ။

■

## ဝိနယသံခိပ်ကျမ်း

လယ်တီဆရာတော်ဘုရားကြီးသည် ဝိနည်းပါဠိတော်၊ အဋ္ဌကထာကြီးများ ကို လေ့ကျက်ရန်မစွမ်းနိုင်သော ပုဂ္ဂိုလ်များ အလွယ်တကူကျက်မှတ်သင်ယူလေ့လာ ရန် ဝိနယသံခိပ်ကျမ်းကိုလည်း သံပေါက်ကဗျာပေါင်း ၅၄၉–ပုဒ်တို့ဖြင့် တန်ဆာဆင် ၍ ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌–

၁။ ဘုရား တရား၊ သံဃာအား၊ သုံးပါဝန္ဒနာ။
၂။ ရဟန်းတရား၊ အမြတ်ထား၊ သုံးပါးကျင့်သိက္ခာ။
၃။ အာဒိဗြဟ္မ၊ စရိယနှင့်၊ အဘိသမာစာရိက၊ ဤနှစ်ဝ သီလသာသနာ။
၄။ နှစ်ရာ့နှစ်ဆယ်၊ ခုနှစ်သွယ်၊ အကျယ်အာဒိသာ။
၅။ ခန္ဓကဝတ်၊ အကျင့်မြတ်၊ မှတ်လေဘိသမာ။
၆။ အဘိသမာစာရိ၊ မပြည့်ဘိ၊ အာဒိကြောင့်မြဲသာ။
၇။ သမာပတ္တိ၊ ရှစ်ပါးရှိ၊ အဓိစိတ္တသာ။
၈။ ဝိပဿနာသုံးတန်၊ မဂ်ဖိုလ်ဉာဏ်၊ အမှန်ဓိပညာ။
၉။ သိက္ခာလိုလား၊ အမျိုးသား၊ ကြိုးစားကျင့်ကြရာ။
၁၀။ ရဟန်းဖြစ်စ၊ ဓိသီလ၊ ပြပိမ့်ရှေးဦးစွာ။
၁၁။ သိက္ခာလိုလား၊ မျိုးကောင်းသား၊ ကျိုးများပေဘို့ရာ။

ဟူသော သံပေါက်ကဗျာ ၁၁–ပုဒ်ဖြင့် ဝန္ဒနာပဏာမနှင့်တကွ သိက္ခာ ၃–ပါးကို ပြဆိုတော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌–

၁။ ငါးရာ့ငါးဆယ်၊ လက်ာချယ်၊ ဤဝယ်ပြီးကဗျာ။
၂။ ဝိနယသံခိပ်၊ ဘွဲ့တံဆိပ်၊ ခပ်နိုပ်မည်သညာ။

၃။ မုံရွာလယ်တီ၊ တောရပ်မှီ၊ မထေရ်ဉာဏ်ဓဇော။
၄။ နှော ဆ ဒွေ-က၊ ဝါခေါင်လ၊ ပြီးထဤကျမ်းစာ။
၅။ လိုရင်းအကုန်၊ အကျဉ်းချုံ၊ နှုတ်ငုံသူတို့မှာ။
၆။ ဝိနယရေ၊ ပါမောက္ခ၊ အများကိုးကွယ်ရာ။
၇။ ကျမ်းပြုပါရ၊ ဤပုညကြောင့်၊ ဒုက္ခခပ်သိမ်း၊ ငြိမ်းစေခလို၊ ဆုပန်ဆို မိုလ်လူသတ္တဝါ။
၈။ အနာမျိုးကင်း မိုးမင်းသည်းထန် နိုင်ငံခပ်သိမ်းတရားကိန်း ငြိမ်းစေအဖြာဖြာ။
၉။ ရှစ်သောင်းလေးထောင် တရားရောင်လည်း မိုက်မှောင်ပယ်ထွန်း ထိန်ထိန်ရွှန်း ထွန်းစေသာသနာ။

ဟူသော သံပေါက်ကဗျာ ၉-ပုဒ်ဖြင့် ကျမ်းစာပမာ ကျမ်းပြီးရာကာလ(၁၂၆၉-ခု ဝါခေါင်လပြီး) ကျမ်းလေ့ကျက်သူများရမည့်အကျိုး၊ ဆုတောင်းစသည်ကို ဖော်ပြတော်မူခဲ့လေသည်။ ယင်းဝိနယသံခိပ်ကျမ်းမှာ အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့ရာ ၁၂၈၇-ခုနှစ်၊ ပြာသိုလတွင်းက ရန်ကုန်မြို့ ၂၅-လမ်း စာတိုက်တန်း ကဝိမျက်မှန်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ခဲ့ရာ ဒီမိုင်းဆိုက် ၁၆၄-မျက်နှာရှိလေသည်။ လယ်တီဆရာတော်ဘုရားကြီးသည် ကျမ်းစာများကို ရေးသားစီရင်တော်မူပြီး များသောအားဖြင့် ကဝိမျက်မှန်ပုံနှိပ်တိုက်သို့ ပေးပို့လေ့ရှိသည်ဟုသိရ၏။ ဤဝိနယသံခိပ်ကျမ်း ကျောဖက်မျက်နှာဖုံး၌ "ဤကျမ်းစာအုပ်သည် ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး စီရင်ရေးသား၍ ကျွန်ုပ်တို့တိုက်သို့ ပေးအပ်တော်မူသည့် မူရင်းအတိုင်း ကျနမှန်ကန်စွာ ပုံနှိပ်လုပ်ဆောင်အပ်သော စာအုပ်ဖြစ်ပါကြောင်း"ဟု ပါရှိလေသည်။

ဝိနယသံခိပိတ္ထာန၊ ဂန္ထောပိ ဂန္ထိကော ဝါ။
လယ်တီကဝိကေသရေန၊ ဉာဏိနာ ထိရသီလိနာ။

■

## ကမ္မဋ္ဌာနဒီပနီကျမ်း

ဆရာတော်ဘုရားကြီးသည် ကမ္မဋ္ဌာနဒီပနီကျမ်ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌-

သက္ကရာဇ် ၁၂၆၅-ခုနှစ်၊ ဝါဆိုလအတွင်း ရန်ကုန်မြို့မှ မုံရွာမြို့သို့လာ

ရောက်၍ မုံရွာမြို့ အနောက်တောင်ခရီးဖြင့် မြန်မာတတိုင်အကွာ လက်ပံတောင်း တောင်ဝါဆိုစကြံကျောင်း၌ ဝါတွင်းသုံးလပတ်လုံး ဥပုသ်သီလစောင့်ထိန်းလျက် သမထဝိပဿနာတရားများကို ကြိုးစားအားထုတ်၍နေသူ ရန်ကုန်မြို့ ပုဇွန်တောင် တောင်လုံးပျံရပ်နေ ဓာတ်ဆရာကြီးဆရာမြို့သည် ရံခါရံခါ မိမိနှာခံမှတ်သားရသော တရားဓမ္မများကို မိမိကဲ့သို့ ပညာရှိသူတော်ကောင်းအများတို့လည်း ကြားနာသိမှတ် ကြစေရန်စာအုပ်ရေးတင်စီရင်ချီးမြှင့်ပါစေလိုကြောင်းနှင့် တောင်းပန်လျှောက်ထား အပ်သည်ဖြစ်၍ ဒုလ္လဘတရားငါးပါး၊ ခန္ဓာငါးပါး၏ဥပမာအကျယ်၊ အတွင်းအာယ တနငါးပါး၊ အပအာယတနငါးပါးတို့၏ ဥပမာအကျယ်စသည်ဖြင့် အထက်ရိုက်ထုတ် သော စာအုပ်များမှာမပါ ကျန်ရှိသောတရားအချက်များကို ရေးသားပြဆိုပေအံ့သ တည်းဟု အဘိယာစကနှင့် ပဋိညာဉ်ပြုတော်မူခဲ့လေသည်။ကျမ်း၏အဆုံး၌–

တေတ္တိံသကူဋ္ဌမက္လိတေ၊ လက်ပံတောင်း နာမ ပဗ္ဗတေ။
ဝသတာ မဟာထေရေန၊ ကတာ ကမ္မဋ္ဌာနဒီပနီ။

တေတ္တိံသကူဋ္ဌမက္လိတေ၊ သုံးကျိပ်သုံးပါး နတ်သိကြားတို့ ပျော်ပါးစံရာ မြို့ပမာဖြင့် ရံကာညွတ်ရုံး သုံးဆဲ့သုံးလုံးသော တောင်ထွတ်တို့ဖြင့် တန်ဆာဆင်အပ် သော။ လက်ပံတောင်းနာမပဗ္ဗတေ၊ သလ္လာဝတီနောက်ကမ်းဆိမှ သုံးလီမိုင်ခန့် ခရီးဆန့်လျက် ကြီးခံ့မြင့်ပြောင်း လက်ပံတောင်း အမည်ရှိသော တောင်စောင်းဝယ် မုံရွာမြို့အမိန့်တော်ရ မောင်ကြော့၊မောင်စံလင်းတို့ ဆောက်လုပ်လှူဒါန်းအပ်သော စကြံကျောင်း၌။ ဝသတာ၊ ၁၂၆၅–ခုနှစ် အသစ်တည်လတ် ဝါကပ်သီတင်းသုံးနေ သော။ မဟာထေရေန၊ မဟာထေရ်မြတ်ဖြစ်သော။ မယာ၊ လယ်တီတောကျောင်း ဆရာ ငါသည်။ ကမ္မဋ္ဌာနဒီပနီ၊ ရန်ကုန်မြို့ ပုဇွန်တောင် တောင်လုံးပျံဓာတ်ဆရာကြီး ဆရာမြို့ လျှောက်ထားအပ်သည်ဖြစ်၍ ရေးသားအပ်သော ကမ္မဋ္ဌာနဒီပနီ ဤကျမ်း စာသစ်သည်။ ကတာ၊ ၁၂၆၅–ခု သီတင်းကျွတ်လဆုတ် ၅–ရက်နေ့၌ ပြုစီရင်အပ် အပြီးသတ်သတည်း။ ဟူသော တစ်ဂါထာဖြင့် ကျမ်းပြုရာဌာန၊ ကျမ်းပြီးရာကာလကို ဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းကျမ်းသည် ဒီမိုင်းဆိုက် ၁၆၁–မျက်နှာရှိ လေသည်။

ကမ္မဋ္ဌာနဒီပနိမ္ပိ၊ ဒီပနေ အတိကောဝိဒေါ။
သတ္တာနံ သုဟိတတ္ထာယ၊ အကာ ထိရပရက္ကမော။

## နိရုတ္တိဒီပနီကျမ်း

မောဂ္ဂလ္လာန်သဒ္ဒါကျမ်းသည် ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်နှင့် ပိဋကတ်သုံးသွယ်နိကာယ်ငါးရပ်အားလျော်ညီသော သက္ကတသဒ္ဒါကျမ်းများကို ချုံမိုင့်မိသည်။ ကောင်းမွန်ပြည့်စုံသည့်သဒ္ဒါကျမ်းဖြစ်လေသည်။ သို့နှင့် လယ်တီဆရာတော်ဘုရားကြီးသည် မယဉ်ပါးသေးသော မောဂ္ဂလ္လာန်၏ အသုံးအနှုန်းတချို့ကိုပြောင်း၍ မောဂ္ဂလ္လာန်သဒ္ဒါကျမ်းကိုဖွင့်ဆိုကာ နိရုတ္တိဒီပနီအမည်ဖြင့် သာမန်ပညာရှင်တို့ မတွေးရဲသည့် ပါဠိသဒ္ဒါကျမ်းကြီးကို ပြုစီရင်တော်မူခဲ့လေသည်။

ကျမ်းဦး၌-

၁။ စတုရာသီတိသဟဿ၊ ဓမ္မက္ခန္ဓာပဘာက်ရာ။
လောကမှိ ယဿ ဇောတန္တိ၊ နန္တဝဏ္ဏပဘာဿရာ။

၂။ အနန္တဝဏ္ဏံ သမ္ဗုဒ္ဓံ၊ ဝန္ဒေ နိရုတ္တိပါရဂုံ။
သဒ္ဓမ္မဥ္စဿ သံဃဥ္စ၊ ဝိသုဒ္ဓဝဏ္ဏဘာဇနံ။

၃။ မောဂ္ဂလ္လာနော မဟာဉာဏီ၊ နိရုတ္တာရညကေသရီ။
နဒိ ဗျာကရဏံ နာဒံ၊ သောဂတာရညဗျာပနံ။

၄။ တဿတ္ထံ ဒီပယိဿာမိ၊ နာနာရာသိ ဝိဘာဇယံ။
ညြဂ်ါယှ သဒ္ဒသတ္တာနံ၊ နဝင်္ဂ သတ္ထုသာသနန္တိ။

ဟူသော ၄-ဂါထာဖြင့် ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌လည်း-

၁။ နဂရေ ဒီပရဂ်မှိ၊ ဂါမေ စိုင်ပြင်တိနာမကေ။
အဋ္ဌသုညဒွိရေကမှိ၊ သာကေ ဇာတေန ယာ မယာ။

၂။ မုံရွာဂါမေ အရညမှိ၊ လယ်တီတိဝိဿုတာလယေ။
ဝသတာ မဟာတော ဘိက္ခု-ဂဏာဿ ဟိတကာရိနာ။

၃။ နိရုတ္တိဒီပနီနာမ၊ သင်္ခတာ သာရဒဿိနာ။
ပါဠိယတ္တေသု ဝိညူနံ၊ ကောသလ္လတ္တာယ သာသနေ။

၄။ သုနိဋ္ဌိတာယံ ဒီပနီ၊ နိဒ္ဒက္ခာ နိရုပဒ္ဒဝါ။
ပဥ္စဆဒ္ဒယကေမို၊ သာကေ အာသဠ္ဟမာသကေ။

၅။ တထာ ကလျာဏသက်ပွါ၊ သာရဝုန် အမတပ္ပလာ။
သီဃံ သိဒ္ဓံသု သဗ္ဗေပိ၊ နိဒ္ဒက္ခာ နိရုပဒ္ဒဝါ။

၆။ ယထာ လောကမှိ ဇောတန္တိ၊ ဥဘော စန္ဒိမသူရိယာ။
တထေဝ ပါဠိယတ္ထေသု၊ အယံ နိရုတ္တိဒီပနီ။

၇။ ပရမတ္ထေသု ယာ သုဘာ၊ ဋီကာ ပရမတ္ထဒီပနီ။
ဥဘော လောကမှိ ဇောတန္တု၊ သဒ္ဓမ္မော ယာဝ တိဋ္ဌတီတိ။

**ဣတိ သဗ္ဗာကာရေန နိရုတ္တိဒီပနီ နိဋ္ဌိတာ။**

ဟူသော ၇-ဂါထာဖြင့် ကျမ်းဆရာ၏ ဇာတိ၊ ပဝတ္တိ၊ ပကရဏပယောဇဉ်၊ ကျမ်းပြီး ရာနှစ်လ(၁၂၆၅-ခု ဝါဆိုလ) တောင့်တချက်တို့ကိုဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

ယင်းနိရုတ္တိဒီပနီကျမ်းကြီးကို ၁၂၆၇-ခုနှစ်က ရန်ကုန်မြို့ ကဝိမျက်မှန်ပုံနှိပ်တိုက်က ပဌမအကြိမ်ရိုက်နှိပ်ခဲ့ရာ ကွယ်ပျောက်လုနီးခါဖြစ်နေရာ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်က ၁၃၃၁-ခုနှစ်တွင် ပြန်လည်၍ အုပ်ရေ ၂၀၀၀-ရိုက်နှိပ်ခဲ့ရာ ရှိုက်ဆိုက်စာမျက်နှာ ၅၆၄-မျက်နှာရှိလေသည်။

**နိရုတ္တိဒီပနီနာမ၊ သမ္ဗုဏ္ဏာ သာရသံယုတ္တာ။**
**နိမ္မိတာ လယ်တီထေရေန၊ လလိတအဂ္ဂဉာဏိနာ။**

## နိရုတ္တိဒီပနီကျမ်းနိဿယကျဉ်း

လယ်တီဆရာတော်ဘုရားကြီးသည် လွန်ကဲကြီးမားသည့် လုံ့လဝီရိယ ပိုင်ရှင် ဖြစ်တော်မူသည်။ နိရုတ္တိဒီပနီပါဠိကျမ်းကြီး ရေးသားပြီး နိရုတ္တိဒီပနီနိဿယ ကျဉ်းကျမ်းကိုလည်း ၁၂၆၆-ခုနှစ် နယုန်လတွင် အပြီးသတ်ပြုစီရင်တော်မူခဲ့လေ သည်။ ဆရာတော်ဘုရားကြီး မှည့်သောအမည်ကား နိရုတ္တိဒီပနီကျမ်း၏ နိဿယ အကျဉ်းဟူ၏။ ဆရာတော်ဘုရားကြီးသည် နိရုတ္တိဒီပနီကျမ်းပါဠိလာ ဂန္ထာရမ္ဘဂါထာ ၄-ပုဒ်နှင့် နိဂုံးဂါထာ ၇-ဂါထာကို အောက်ပါအတိုင်း ယောဇနာတော်မူခဲ့လေသည်။

## ဂန္ထာရမ္ဘ ၄-ဂါထာအနက်

(၁) ယသ္သသမ္ဗုဒ္ဓဿ၊ အကြင်မြတ်စွာဘုရား၏။ နန္တဝဏ္ဏပဘာသရာ၊ အက္ခရာဝဏ္ဏ အနန္တတည်းဟူသော ပြိုးပြိုးပြက်တောက်ပသော ရောင်ခြည်ရှိကုန်သော။ စတုရာသီတိသဟဿဓမ္မက္ခန္ဓာပဘာ်ရာ၊ ဓမ္မက္ခန္ဓာ ဒေသနာပေါင်း ရှစ်သောင်းလေးထောင် တည်းဟူသော နေဝန်းတို့သည်။ လောကမှိ၊ လောကသုံးပါး၌။ ဇောတန္တိ၊ ထိန်ထိန် ရွှန်းရွှန်း ထွန်းပဆဲဖြစ်ကုန်၏။

(၂) အနန္တဝဏ္ဏံ၊ အဆုံးမရှိသော ဂုဏ်ကျေးဇူးရှိတော်မူထသော။ နိရုတ္တိပါရဂုံ၊ သဒ္ဒါ၏ကမ်းတစ်ဖက်သို့ ရောက်တော်မူထသော။ တံသမ္ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ တဿ၊ ထိုမြတ်စွာဘုရား၏။ ဝိသုဒ္ဓဝဏ္ဏဘာဇနံ၊ ကိလေသာမြူမှေးအညစ်ကြေးတို့မှ ကင်းဝေးစင်ကြယ်သော သွာက္ခာတအစရှိသော ဂုဏ်တော်အပေါင်းတို့၏ တည်ရာဖြစ်ထသော။ သဒ္ဓမ္မဥ္စ၊ မဂ်လေးတန်ဖိုလ်လေးတန်နိဗ္ဗာန်ပရိယတ် အမြတ်ဆယ်ဖော် တရားတော်ကိုလည်းကောင်း။ ဝိသုဒ္ဓဝဏ္ဏဘာဇနံ၊ ကိလေသာမြူမှေး အညစ်ကြေးတို့မှ ကင်းဝေးစင်ကြယ်သော သုပ္ပဋိပန္နအစရှိသော ဂုဏ်တော်အပေါင်း၏တည်ရာဖြစ်သော။ သံဃဉ္စ၊ ကလျာဏပုထုဇ္ဇန်ရှစ်တန်အရိယာသံဃာတော်မြတ်အပေါင်းကိုလည်းကောင်း။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။

(၃) မဟာဉာဏီ၊ ကြီးမြတ်သော ဉာဏ်ပညာရှိတော်မူထသော။ မောဂ္ဂလ္လာန်နော၊ မောဂ္ဂလ္လာန်အမည်ရှိထသော။ နိရုတ္တာရညကေသရီ၊ လောကီသဒ္ဒါကျမ်း၊ သာသနာသဒ္ဒါကျမ်းတည်းဟူသော တောင်ဂနိုင်မြိုင် မြိုင်ကြီးအတွင်း ခြသေ့်မင်းကြီးသည်။ သောဂတာရညဗျာပနံ၊ ဘုရားမြတ်စွာ၏ ဒေသနာသုံးရပ်ပိဋကတ်သုံးပုံ တည်းဟူသော တောသုံးတောင်အလုံးကို ပျံ့နှံ့စေနိုင်သော။ ယံဗျာကရဏ်နာဒံ၊ အကြင်သဒ္ဒါဗျာကရဏ်းကျမ်းတည်းဟူသော ဟိန်းသံကို။ နဒိ၊ ဟိန်းတော်မူပြီ။

(၄) အဟံ၊ ငါသည်။ သဒ္ဒသတ္တာနိ၊ သဒ္ဒါကျမ်းတို့ကိုလည်းကောင်း။ နဝင်္ဂ၊ အင်္ဂါကိုးပါးရှိသော။ သတ္ထုသာသနံ၊ ဘုရားပရိယတ်သာသနာတော်မြတ်ကိုလည်းကောင်း။ ဩဂယှ၊ သက်ဝင်၍။ နာနာရာသိ၊ အထူးထူးသောသဘောတူအဘို့အစုတို့ကို။ ဝိဘာဇယံ-ဝိဘာဇယန္တော၊ ခြားနားစွာလှ ဝေဖန်ပြလျှက်။ တဿ၊ ထို မောဂ္ဂလ္လာန်ဗျာကရဏ်းကျမ်း၏။ အတ္ထံ၊ အနက်အကျယ် အဓိပ္ပါယ်ကို၊ ဒီပယိဿာမိ၊ ဖော်ပြပေအံ့။ ဣတိ၊ ဤတွင်ဂန္ထာရမ္ဘစကား အပြီးသတ်၏။

## နိရုတ္တိဒီပနီနိဂုံး ၇-ဂါထာအနက်

ဒီပရဂမှိ၊ ဒီပဲရင်းအမည်ဂို့သော။ နဂရေ၊ မြို့ကြီး၌။ စိုင်ပြင်တိနာမကေ၊ စိုင်ပြင်အမည်ရှိသော။ ဂါမေ၊ ရွာကြီး၌။ အဋ္ဌသုညဒွိရေကမှိ၊ တထောင့်နှစ်ရာရှစ်ခု ဟုဆိုအပ်သော။ သာကေ၊ မြန်မာသက္ကရာဇ်၌။ ဇာတေန၊ ဖွားမြင်ထသော။ မုံရွာဂါ မေ၊ ချင်းတွင်းမြစ်ညာ မြို့မုံရွာ၌။ လယ်တီတိ၊ လယ်တီဟူ၍။ ဝိဿုတေ၊ ကျော် စောသော။ အရညမှိအာလယေ၊ တောကျောင်းတိုက်၌။ ဝသတာ၊ ဝသန္တေန၊ သီတင်းသုံးနေထသော။ မဟာတော-မဟန္တဿ၊ သော။ ဘိက္ခုဂဏဿ၊ ၏။ ဟိတကာရိနာ၊ ထသော။ သာရဒဿိနာ၊ အနှစ်သာရကိုမြင်လေ့ရှိထသော။ မယာ၊ ဉာဏဓဇောဉာဏာလင်္ကာရအမည်ရှိသော ငါသည်။ သာသနေ၊ ၌။ ဝိညူနံ၊ တို့၏။ ပါဠိယတ္ထေသု၊ ပါဠိအနက်တို့၌။ ကောသလ္လတ္တာယ၊ ငှါ။ နိရုတ္တိဒီပနီနာမ၊ နိရုတ္တိဒီပနီ အမည်ရှိသော ဤကျမ်းစာသစ်ကို။ သင်္ခတာ၊ ပြုစုစီရင်အပ်ပြီ။ အယံဒီပနီ၊ ဤနိရုတ္တိ ဒီပနီကျမ်းသည်။ ပဥ္စဆဒွိရေကမှိ၊ တထောင့်နှစ်ရာခြောက်ဆယ့်ငါးခုဟူသော။ သာကေ၊ မြန်မာသက္ကရာဇ်၌။ အာသဠ္ဟမာသကေ၊ ဝါဆိုလ၌။ နိဒုက္ခာ၊ ဆင်းရဲခြင်း မရှိပဲ။ နိရုပဒ္ဒဝါ၊ ဘေးရန်မရှိဘဲ။ သုနိဋ္ဌိတာ၊ ကောင်းစွာပြီးစီး၏။ တထာ၊ ထို့အတူ။ သာဓူနံ၊ တို့၏။ အမတပ္ပလာ၊ အမြိုက်နိဗ္ဗာန်အကျိုးရှိကုန်သော။ သဗ္ဗေပိ၊ အလုံးစုံ လည်းဖြစ်ကုန်သော။ ကလျာဏာသင်္ကပ္ပါ၊ တို့သည်။ နိဒုက္ခာ၊ ကုန်သည်ဖြစ်၍။ နိရုပဒ္ဒဝါ၊ ကုန်သည်ဖြစ်၍။ သီဃံ၊ လျင်မြန်စွာ။ သိဇ္ဈန္တု၊ ပြီးစီးစေကုန်သတည်း။ လောကမှိ၊ ၌။ ဥဘော၊ ကုန်သော။ စန္ဒိမသူရိယာ၊ တို့သည်။ ဇောတန္တိယထာ၊ ကုန်သကဲ့သို့။ တထေဝ၊ သာလျှင်။ ပါဠိယတ္ထေသု၊ ပိဋကတ်သုံးပုံပါဠိအနက်တို့၌။ အယံ နိရုတ္တိဒီပနီ၊ သည်လည်းကောင်း။ ပရမတ္ထေသု၊ ပရမတ္ထတရားတို့၌။ သုဘာ၊ တင့်တယ်စွာသော။ ပရမတ္ထဒီပနီ၊ အမည်ရှိသော။ သာဋီကာ၊ ထိုသင်္ဂြိုဟ်မဟာဋီ ကာကြီးသည်လည်းကောင်း။ ဥဘော၊ နှစ်စောင်သောကျမ်းတို့သည်။ ယာဝ၊ အကြင်မျှလောက်။ သဒ္ဓမ္မော၊ သာသနာတော်မြတ်သည်။ တိဋ္ဌတိ၊ ၏။ တာဝ၊ လောက်။ လောကမှိ၊ ၌။ ဇောတန္တု၊ ထွန်းလင်းစေကုန်သတည်း[၁] ။

ယင်းနိဿယကို ရန်ကုန်မြို့ ၂၅-လမ်း စာဆိုတန်း ကဝိမျက်မှန်စာပုံနှိပ်

---

၁။ ဆရာတော်ဘုရားကြီး၏ ယောဇနာသည့်အတိုင်း ဖော်ပြသည်။

တိုက်၌ မအေးမေက ရိုက်နှိပ်ထုတ်ဝေခဲ့ရာ ကျမ်းမျက်နှာဖုံး၌ "မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော နိရုတ္တိဒီပနီကျမ်း၏နိဿယကျဉ်း" ပဉ္စမပုံနှိပ်ခြင်း အုပ်ရေ ၂၀၀၀၊ သက္ကရာဇ် ၁၂၆၇–ခုနှစ်၊ သီတင်းကျွတ်လအတွင်း ပုံနှိပ်၍ပြီးသည်"ဟု ပါရှိလေသည်။ ယင်းကျမ်းမှာ ရွှင်ဆိုက်စာမျက်နှာ ၂၀၃–မျက်နှာရှိလေသည်။

နိရုတ္တိဒီပနိယာ ပိ၊ သံခေပနိဿယမ္ပိ စ။
ရစယီ လယ်တီကုဋ္ဌရော၊ တိပေဋကဝိသာရဒေါ။

■

## အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း

သာသနာသက္ကရာဇ် ၉၀၀–ကျော်ခန့်တွင်ပေါ်ထွန်းသော အိန္ဒိယတောင်ပိုင်းစောဠတိုင်း ကဉ္စိပုရနယ် ကာဝေရိအရပ်ဒေသဇာတိဖြစ်သော သီဟိုဠ်ကျွန်း အနုရာဓမြို့ မူလပဋ္ဌမသောမရာမကျောင်းတိုက်၌ သီတင်းသုံးတော်မူသော နာမရူပပရိစ္ဆေဒကျမ်း၊ ပရမတ္ထဝိနိစ္ဆယကျမ်းတို့ကို ပြုစီရင်တော်မူခဲ့သော အရှင်နုရုဒ္ဓါသည် နမ္မမည်သော ဒါယကာ တောင်းပန်လျှောက်ထားသဖြင့် အဘိဓမ္မပိဋကပါဠိ အဋ္ဌကထာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကိုချုံး၍ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို ပြုစီရင်တော်မူခဲ့လေသည်။ ယင်းအဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌ စိတ်ပိုင်း၊ စေတသိက်ပိုင်း၊ ပကိဏ်းပိုင်း၊ ဝီထိပိုင်း၊ ဝီထိမုတ်ပိုင်း၊ ရုပ်ပိုင်း၊ သမုစ္စည်းပိုင်း၊ ပစ္စည်းပိုင်း၊ ကမ္မဋ္ဌာန်းပိုင်းအားဖြင့် အပိုင်းကဏ္ဍပရိစ္ဆေဒပေါင်း ၉–ခုပါရှိလေသည်။ ယင်းကျမ်းသည် ကရောင်း ၁၆–ချိုးဆိုက်ဖြင့် စာမျက်နှာ ၁၆၀–ခန့်ရှိလေသည်[၂]။

## သီဟိုဠ်သင်္ဂြိုဟ်နိဿယ

သာသနာသက္ကရာဇ် ၁၇၀၀–ကျော်တွင် သီဟိုဠ်ကျွန်း၌ လွန်စွာထင်ရှားသော ဝိနယသင်္ဂဟအဋ္ဌကထာကျမ်း၊ လီနပဒတ္ထဝဏ္ဏနာမည်သော ဝိနယသင်္ဂဟဋီကာ၊ သာရတ္ထဒီပနီဋီကာ၊ အင်္ဂုတ္တိုရ်ဋီကာ၊ ဝိသုဒ္ဓိပထသင်္ဂဟ၊ ကမ္မဋ္ဌာနသင်္ဂဟ၊

---

၂။ မဟာဝိသုတာရာမနိကာယ သာသနာဝင် ၆၀–၆၂–လည်းကြည့်။

မင်္ဂလသုတ်ဋီကာ၊ ပဋ္ဌာနလက်ာရဋီကာ စသည့်ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော အရှင်သာရိပုတ္တရာသည် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းမှီရာ သီဟိုဠ်ဘာသာပြန်နိဿယကို ပြုစီရင်တော်မူခဲ့လေသည်[၁] ။

သင်္ဂြိုဟ်ကျမ်း၏အဖွင့်ဖြစ်သော အရှင်သုမင်္ဂလသာမိ၏ဋီကာသည် ဖော်ပြပါ သင်္ဂြိုဟ်သီဟိုဠ်နိဿယကို အမှီပြု၍ ရေးသားစီရင်ကြောင်း သိသာပေါ်လွင်ရုံ သီဟိုဠ်သင်္ဂြိုဟ်နိဿယလာဂါထာများကို ဖော်ပြအပ်ပါသည်။

ရူပေ သီလေ သမာဓိမှိ၊ ပညာယ စ အသာဒိသော။
ဝိမုတ္တိယာ အသမသမော၊ ဓမ္မစက္ကပဝတ္တနေ[၂] ။

ဝိစိတ္တကရဏာ စိတ္တံ၊ အတ္တနော စိတ္တတာယ ဝါ။
စိတံ ကမ္မကိလေသေဟိ၊ စိတံ တာယတိဝါ တထာ။

စိနောတိ အတ္တသန္တာနံ၊ ဝိစိတ္တာရမ္မဏန္တိ စ[၃] ။
ကာမောဝစရတိတျေတ္ထ၊ ကာမေဝစရတီတိ ဝါ။

ဌာနူပစာရတောပိ ဝါ၊ တံ ကာမာဝစရံ ဘဝေ[၄] ။
အထိတ်ပြကရဏာလ္လိဂ်ါ၊ ဒေါဝိတျာဒ္ဒေဂကာလတာ။
ဓဗ္ဗါထ်ား ပြဝိဘာဗထယန္တော့ န ဂဗ္ဗါဒေဝ ကေဝလတ်[၅] ။
သဗ္ဗာကုသလယုတ္တမှိ၊ ဉဒ္ဒစ္စံ အန္တမာနသေ။
ဗလဝံက္ကတိ တံယေဝ၊ ဝုတ္တမုဒ္ဒစ္စယောဂတော။
တေနေဝ ဟိ မုနိန္ဒေန၊ ယေဝါပနကနာမတော။
ဝတ္တာ သေသေသု ဓတ္တေဝ၊ တံသရူပေန ဒေသိတံ[၆] ။

---

၁။ မဟာဝိသုတာရာမနိကာယ သာသနာဝင် ၅၅-၈၆-ကြည့်။
၂။ သီဟိုဠ်သင်္ဂြိုဟ် နိဿယ၊ ၃-နှာ။
၃။ သီဟိုဠ်သင်္ဂြိုဟ်နိဿယ၊ ၇-နှာ။
၄။ သီဟိုဠ်သင်္ဂြိုဟ်နိဿယ၊ ၉-နှာ။
၅။ သီဟိုဠ်သင်္ဂြိုဟ်နိဿယ၊ ၁၁-နှာ။
၆။ သီဟိုဠ်သင်္ဂြိုဟ်နိဿယ၊ ၁၅။

မုဋ္ဌတ္တာစေဝ သံသပ္ပ-ဝိက္ခေပါ စထေတဟေတုကံ။
သောပေက္ခံ သဗ္ဗဒါ နော စ၊ ဘိန္နံ သင်္ခီရဘောဒတော။

န ဟိ တဿ သဘာဝေန၊ တိက္ခတုဿာဟနိယတာ။
အတ္ထိ သံသပ္ပမာနဿ၊ ဝိက္ခိပန္တဿ သဗ္ဗဒါ[၁] ။

ဝတ္ထာလမ္ဗသဘာဝါနံ၊ ဘူတိကာနံ ဟိ ယဋ္ဌနံ။
ဒုဗ္ဗလံက္လတိ စက္ခာဒိ၊ စတုစိတ္တမုပေက္ခတံ။

ကာယနိဿယ ဖောဋ္ဌဗ္ဗ-ဘူတာနံ ယဋ္ဌနာယတု။
ဗလဝတ္တာ န ဝိညာဏံ၊ ကာယိတံ မဇ္ဈဝေဒနံ။

သမာနနိဿယော ယသ္မာ၊ နတ္တာနန္တရပစ္စယော။
တသ္မာ ဒုဗ္ဗလမာလမ္ဗေ၊ သော ပေက္ခံ သမ္ပဋိစ္ဆနံ[၂] ။

ပြတိရူပေပု ဒေဂေပု၊ ဝါသးပဏ္ဍိတသင်္ဂတိး။
ဂြဝဏံ ကဒ တပုဏျတ္တံ၊ စတုဂ္ဂကြကမိရိတမ်[၃] ။

ယောနိသော ဝိသယာဘောဂါ၊ နိယာမပရိဏာမတော။
ပုညေ ပရိစိတတ္တာ စ၊ က္လမ္ဗေပိ ကုသလံ သိယာ[၄] ။

ကမေန ပုညဝတ္ထူဟိ၊ ဂေါစရာဓိပတီဟိ စ။
ကမ္မဟီနာဒိတော စေဝ၊ ဂဏောယျ နယကောဝိဒေါ[၅] ။

ဥပနိဿာနကိစ္စတ္တာ၊ ကာမာဒိပဋ္ဌိပက္ခတော။
သန္တေသုပိစ အညေသု၊ ပဋ္ဌဝ ဈာနသညိတာ[၆] ။

---

၁။ သီဟိုဠ်သဂြိုဟ်နိဿယ၊ ၁၅။
၂။ သီဟိုဠ်သဂြိုဟ်နိဿယ၊ ၂၀။
၃။ သီဟိုဠ်သဂြိုဟ်နိဿယ၊ ၂၅။
၄။ သီဟိုဠ်သဂြိုဟ်နိဿယ၊ ၂၅။
၅။ သီဟိုဠ်သဂြိုဟ်နိဿယ၊ ၂၅။
၆။ သီဟိုဠ်သဂြိုဟ်သျ၊ ၃၂။

ဥပေက္ခာ ပန သန္တတ္တာ၊ သုခမိစ္စေဝ ဘာသိတာ။[1]
ကေဝလံ ပုဗ္ဗယောဂေန၊ ဥဿာဟေနေဝ ဝါ ကူမေ။

အဘိနိပ္ဖန္နတော တိဏ္ဏံ၊ နတ္ထိ သဝီရိကာ ဒိတာ။[1]
အာရမ္မဏာတိက္ကမတော၊ စတဿောပိ ဘဝန္တိမာ။

အင်္ဂါတိက္ကမမေတာသံ၊ န ကူစ္ဆန္တိ ဝိဘာဝိနော။[2]
လောကုတ္တရကြိယစိတ္တံ၊ ပန တသ္မာ န ဝိဇ္ဇတိ။

ကေစိတ္တက္ခဏိကတ္တာ၊ မဂ္ဂဿာတိ န ဝိဇ္ဇတိ။[3]
နာတြိဇုဂပ တေ ပါပါ၊ ဒမေဗျာဒိစဂုကရေး။

ဂလဘော ဂေနရိဝဲတသ္မာ၊ နွတြသသတျနွတြပး။[4]
ကေစိမိဒ္ဓမ္ပိ ရူပန္တိ၊ ဝဒန္တေတံ န ယုဇ္ဇတိ။

ပဟာတဗ္ဗေသု ဝုတ္တတ္တာ၊ ကာမစ္ဆန္ဒာဒယော ဝိယ။
ပဟာတဗ္ဗေသု အက္ခာတ၊ မေတံ နီဝရဏေသု ဟိ။

ရူပဉ္စ န ပဟာတဗ္ဗ-မက္ခာတံ ဒဿနာဒိနာ။
နတုမှံ ဘိက္ခဝေ ရူပံ၊ ဇဟေထေတန္တိ ပါဠတော။

ပဟေယျကာဝ လေသောပိ၊ ယတ္ထ ရူပဿ ဒိဿတိ။
တတ္ထ တဗ္ဗိသယစ္ဆန္ဒ-ရာဂဟာနိ ပကာသိတာ။

ဝုတ္တံ ဟိ တတ္ထ ယော ဆန္ဒ-ရာဂက္ခေပေါတိအာဒိကံ။
ရူပါရူပေသု မိဒ္ဓေသု၊ အရူပံ တတ္ထ ဒေသိတံ။

ကူတိ ဝေ နတ္ထိ တံ တတ္ထ၊ အဝိသေသေန ပါဠတော။
သက္ကာဟိ အနုမာတုံ ယံ၊ မိဒ္ဓံ ရူပန္တိ စိန္တိတံ။

---

၁။ သီဟိုဠ်သင်္ဂြိုဟ်သျှ၊ ၃၂။
၂။ သီဟိုဠ်သင်္ဂြိုဟ်သျှ၊ ၃၇။
၃။ သီဟိုဠ်သင်္ဂြိုဟ်သျှ၊ ၃၉။
၄။ သီဟိုဠ်သင်္ဂြိုဟ်သျှ၊ ၄၈။

တမ္ဟိ နိဝရဏံ မိဒ္ဓ-ဘာဝတော က္လတရံ ဝိယ။
သမ္ပယောဂါဘိဓာနာ စ၊ န တံ ရူပန္တိ နိစ္ဆယော။

အရူပီနံ ဟိ ခန္ဓာနံ၊ သမ္ပယောဂေါ ပဝုစ္စတိ။
တထာရူပေ သမုပ္ပတ္တိ၊ ပါဠိတော နတ္ထိ ရူပတာ။

နိဒ္ဒါ ခီဏာသဝါနန္တု၊ ကာယဂေလညတော သိယာ။[1]
အဗျာပါဒေန မေတ္တာဟိ၊ တတြမဇ္ဈတ္တတာယ စ။

ဥပေက္ခာဂဟိတာယသ္မာ၊ တသ္မာ န ဂဟိတာ ဥဘော။[2]
ဘာဝန္တရကတံ ကမ္မံ၊ ယမောကာသံ လဘေ တတော။

ဟောတိ သာ သန္ဓိ တေနေဝ၊ ဥပဋ္ဌာပိတဂေါစရေ။[3]
ဥပ္ပန္နုပ္ပဇ္ဇမာနန္တိ၊ ဝိဘင်္ဂေဟေဝမာဒိနံ။

ဘင်္ဂက္ခဏသ္မိံ ဥပ္ပန္နံ၊ နောစ ဥပ္ပဇ္ဇမာနကံ။
ဥပ္ပဇ္ဇမာနမုပ္ပါဒေ၊ န ဥပ္ပန္နန္တိအာဒိနာ။

ဘင်္ဂုပ္ပါဒါဝ အက္ခာတာ၊ န စိတ္တဿ ဌိတိက္ခဏော။
ဥပ္ပါဒေါ စ ဝယော စေဝ၊ အညတ္ထုတ္တံ ဌိတဿ စ။

ပညာယတီတိ ဝုတ္တတ္တာ၊ ဌိတိ အတ္ထီတိ စေ မတာ။
အညတ္ထုတ္တဿ ကေသ္မိံ၊ ဓမ္မေ အနုပလဒ္ဓိတော။

ပညာဏဝစနာ စေဝ၊ ပဗန္ဓဋ္ဌိတိ န ဌိတိ။
ဝုတ္တံ တသ္မာ န စိတ္တဿ၊ ဌိတိ ဒိဿတိ ပါဠိယံ။

အဘိဓမ္မေ အဘာဝေါပိ၊ နိသေဓောယေဝ သဗ္ဗထာ။
ယဒိ သမုဒယော ယဿ၊ နိရုဇ္ဈတိ တဒါဿ ကိံ။

ဒုက္ခမုဇ္ဈတိ တေတ္ထ၊ ပဉ္စေ နောတိ နိသေဓတော။
ရူပုပ္ပါဒေ န ဘဝင်္ဂသ္မိံ၊ တသ္မာ သဗ္ဗေပိ ပစ္စယာ။

---

၁။ သီဟိုဠ်သင်္ဂြိုဟ်သျှ၊ ၅၀။
၂။ သီဟိုဠ်သင်္ဂြိုဟ်သျှ၊ ၅၄။ ၃။ သီဟိုဠ်သင်္ဂြိုဟ်သျှ၊ ၉၀။

ဥပ္ပါဒါဝတ္ထုတော ဘိန္နာ၊ ဘင်္ဂါဝတ္ထု တထေဝ တု။
ဘင်္ဂသ္သာဘိမုခါဝတ္ထု၊ ဣန္ဒ္ရိယတပ္ပ အယံ ဋ္ဌိတိ။

နယဒဿနတော သော၊ ဝိဘင်္ဂါဝတ္ထု တထေဝ တု။
ဘင်္ဂသ္သာဘိမုခါဝတ္ထု၊ ဣန္ဒ္ရိယတပ္ပ အယံ ဋ္ဌိတိ။

နယဒဿနတော သော၊ ဝိဘင်္ဂေန ဝါ ဒေသိတာ။
လက္ခဏံ သန်တသောဝ၊ ဝတ္ထုမုပ္ပါဒအာဒိနံ။

ဒေသိတတ္တ န တတ္ထာပိ၊ ပဗန္ဓဿ ဋ္ဌိတိရိတာ။
ဥပသင်္ဂဿ ဓာတူနံ၊ မတ္တေဝေဝ ပဝတ္တိတော။

ပညာယတီတိ စေတဿ၊ အတ္ထော ဝိညာယတေ ဣတိ။
ဘင်္ဂေ ရူပဿနုပ္ပါဒေါ၊ စိတ္တဇာနံ ဝသေန ဝါ။

အရူပံ စာဟိ သန္တာယ၊ ဘာသိတော ယမကဿ ဟိ။
ပဘာဝေါယံ ယထာလာဘ-ယောဇနာတိ တတော န ဟိ။

န စိတ္တဋ္ဌိတိဘင်္ဂေ စ၊ န ရူပဿ အသမ္ဘဝေါ။[၁]
ယဋ္ဌိတေ အညဝတ္ထုမှိ၊ အညနိဿိတကမ္ပနံ။

ကောဗဒ္ဓေန ဟောတီတိ၊ သက္ခရောပမယာ ဝဒေ။[၂]
နိရာဝဇ္ဇံ ကထံ စိတ္တံ၊ ဟောတိနေတံ ဟိ သမ္ဘတံ။

နိယမော န ဝိနာ ဝဇ္ဇံ၊ နိရောဓာ ဖလဒဿနာ။[၃]
ဇနကံ တံ သမာနံ ဝါ၊ ဇဝနံ အနု ဗန္ဓတိ။

န ဝါ အညံ တဒါလမ္ဗံ၊ ဗာလဒါရကလီယတာ။
ဗီဇဿဘာဝတော နတ္ထိ၊ ဗြဟ္မာနမ္ပိ ဣမဿ ဟိ။

ပဋိသန္ဓိမနော ဗီဇံ၊ ကာမာဝစရသညိတံ။
ဋ္ဌာနေ ပရိစိတေ ယေဝ၊ တံ ဣဒံ ဗာလကာဝိယ။

---

၁။ သီဟိုဠ်သင်္ဂြိုဟ်၊ သျှ၊ ၁၀၁-၂။ ၂။ သီဟိုဠ်သင်္ဂြိုဟ်၊ သျှ၊ ၁၁၄။
၃။ သီဟိုဠ်သင်္ဂြိုဟ်၊ သျှ၊ ၁၁၈။
(အညနိဿိတကမ္ပနံ-ဟုမရှိပဲ အညနိဿိတတံ ပန ဟုရှိသည်။)

အနုယာတီတိ အညတ္တ၊ နတ္ထိ တဏှာဝသေန ဝါ။[1]
အာပါယိကမနုဿာယု၊ ပရိစ္ဆေဒေါ န ဝိဇ္ဇတိ။

တထာ ဟိ ကာဠော မန္ဓာတာ၊ ယက္ခာ ကေစိ စိရာယုနော။[2]
ယာနိ ပညာသဝဿာနိ၊ မနုဿာနံ ဒိနော တဘိ။

တိံသရတ္တိန္ဒိဝေါ မာသော၊ မာသဒွါဒသ ဝစ္ဆရံ။
တေန သံဝစ္ဆရေနာယု၊ ဒိဗ္ဗံ ပဉ္စသတတံ မတံ။[3]
သတ္တသတ္တဂ္ဂိနာ ဝါရာ၊ အဋ္ဌမေ အဋ္ဌမေ ဒကာ။

စတုသဋ္ဌိ ယဒါ ပုဏ္ဏာ၊ ကော ဝါယုဝရော သိယာ။
အဂ္ဂိနာဘဿရာ ဟေဋ္ဌာ၊ အာပေန သုဘကိဏှတော။

ဝေဟပ္ဖလတော ဝါတေန၊ ဧဝံ လောကော ဝိနဿတိ။[4]
အဘိက္ကမာဒိဇနက-စိတ္တဇဿာနိလဿ သာ။

ဝိကာရော ကာယဝိညတ္တိ၊ ရူပထမ္ဘာဒိကာရဏံ။[5]
ကသိဏုဂ္ဃါဋိမာကာသ-မာကာသဝိသယံ မနော။

တဒဘာဝေါ တဒါလမ္ဗ-ဝိညာဏန္တိ စတုဗ္ဗိဓံ။[6]

ဥဒ္ဒစ္စရဟိတာ သေသာ၊ ကုသလာ ပါယသာခကာ။
သဗ္ဗေသု ဂတိယဋ္ဌာပိ၊ ပဝတ္တိဖလဒါယကာ။

ဒဿနေန ပဟာတဗ္ဗ-သွဝုတ္တတ္တာ စ တာဒိနာ။
ဥဒ္ဒစ္စသန္ဓိဖလဒံ၊ န ဟောတေဝါတိ နိစ္ဆယော။

---

၁။ သီဟိုဠ်သဂြိုဟ်၊ သျှ။ ၁၁၂၊ ၁၁၉-၁၂၀။
၂။ သီဟိုဠ်သဂြိုဟ်၊ သျှ။ ၁၂၆။
၃။ သီဟိုဠ်သဂြိုဟ်၊ သျှ။ ၁၃၇။
၄။ သီဟိုဠ်သဂြိုဟ်၊ သျှ။ ၁၃၉။
၅။ သီဟိုဠ်သဂြိုဟ်၊ သျှ။ ၁၄၆။
၆။ သီဟိုဠ်သဂြိုဟ်၊ သျှ။ ၁၅၂။

ပဝတ္တိဖလဒါနမ္ပိ၊ တေနေကေတိ န ယုဇ္ဇတိ။
ဥဒ္ဒစ္စံ ပါကပဉ္ဉာဟိ၊ ဝုတ္တတ္တပဋိသမ္ဘိဒါ။[1]

သုဒ္ဓဝါသေသွနာဂါမိ-ပုဂ္ဂလာဝေါပပဇ္ဇရေ။
ကာမဓာတုမှိ ဇာယန္တိ၊ အနာဂါမိဝိဝဇ္ဇိတာ။[2]

ဝေဟပ္ဖလေ အကနိဋ္ဌေ၊ ဘဝဂ္ဂေစ ပတိဋ္ဌိတာ။
နပုနညတ္ထ ဇာယန္တိ၊ သဗ္ဗေ အရိယပုဂ္ဂလာ။

ဗြဟ္မလောကဂတာ ဟေဋ္ဌာ၊ အရိယာနောပ ပဇ္ဇရေ။[3]
မဟန္တာပါတုဘူတာတိ၊ မဟာဘူတာ သမာတိ ဝါ။

ဝဉ္စကတ္တာ အဘူတေန၊ မဟာဘူတာတိ သမ္မတာ။
မဟာဘူတာနိ နိဿာယ၊ အမုဉ္စိတွာ ပဝတ္တိတော။

ဥပါဒါရူပမိစ္စာဟု၊ နိရူပါဒါနမာနသော။[4]
ဒဝတာ သဟဝုတ္တိနီ ၊တီဏိ ဘူတာနိ သမ္ဖုသံ။

ဒဝတံ သမ္ဖုသာမီတိ၊ လောကောယမတိမညတိ။
ဘူတေ ဖုသိတွာ သဏ္ဌာနံ၊ မနသာ ဂဏှတော ယထာ။

ပစ္စက္ခတော ဖုသာမီတိ၊ ဝိညေယျာ ဒဝတာ တထာ။[5]
လိင်္ဂံ ဟတ္ထာဒိသဏ္ဌာနံ၊ နိမိတ္တံ မိဟိတာဒိကံ။

ကုတ္တံ သုပ္ပါဒိနာ ကီဠာ၊ အာကပ္ပေါ ဂမနာဒိကံ။[5]
ယံ နိဿာယ မနောဓာတု၊ မနောဝိညာဏဓာတု စ။

ဝတ္တန္တိ ပဉ္စဝေါကာရေ၊ တံ ဝတ္ထူတိ ပဝုစ္စတိ။
ဘူတရူပမုပါဒါယ၊ စက္ခာဒိဝိယ ဝတ္တတိ။[6]

---

၁။ သီဟိုဠ်သဂြိုဟ်၊ သျ။ ၁၅၃။
၂။ သီဟိုဠ်သဂြိုဟ်၊ သျ။ ၁၅၈။
၃။ သီဟိုဠ်သဂြိုဟ်၊ သျ။ ၁၅၉။
၄။ သီဟိုဠ်သဂြိုဟ်၊ သျ။ ၁၆၉။
၅။ သီဟိုဠ်သဂြိုဟ်၊ သျ။ ၁၇၂။
၆။ သီဟိုဠ်သဂြိုဟ်၊ သျ။ ၁၇၃။

နိပ္ဖန္နဘူတိကာ ဓာရာ၊ ဒွေဓာတုကာမရူပိနံ။
ရူပါနုပုဗ္ဗဝုတ္တိတ္တာ၊ စက္ခုညာဏာဒယော ဝိယ။

စက္ခာဒိနိဿိတာနေတာ၊ တဿညာဓာရဘာဝတော။
န ပိ ရူပါဒိကေ တေသံ၊ ဗဟိဒ္ဓါပိ ပဝတ္တိတော။

တသ္မာ တဒညံ ဝတ္ထုံ တံ၊ ဘူတိကန္တိ ဝိဇာနိယံ။
ဝတ္ထာလမ္ဗဒုကာနံ ဝါ၊ ဒေသနာဘေဒတော ဣဒံ။

ဓမ္မသင်္ဂဏီပါဠိသ္မိံ၊ န အက္ခာတံ မဟေသိနာ။[၁]
ယာယ ဩဇာယ ယာပေန္တိ၊ ယတ္ထ ယတ္ထ စ ပါဏိနော။

အယန္တု ကဗဠီကာရော၊ အာဟာရောတိ ပဝုစ္စတိ။[၂]
အဘိက္ကမာဒိဇနက-စိတ္တဇဿာနိလဿ သော။

ဝိကာရော ကာယဝိညတ္တိ၊ ရူပတ္ထမ္ဘာဒိကာရဏံ။
ဝစီဘေဒကစိတ္တေန၊ ဘူတဘူမိဝိကာရတာ။

အဝီစိညတ္တုပါဒိဏ္ဏ-ဃဋ္ဋနဿေဝ ကာရဏံ။[၃]
ရူပါနမာစယော ယောတိ၊ ဝုတ္တော ဥပစယောတိ သော။

အနုပ္ပဗန္ဓတာ တေသံ၊ သန္တတီတိ ပဝုစ္စတိ။
အတ္ထတော ဥဘယမ္ပေတံ၊ ဇာတိရူပန္တိ ဒီပိတံ။

ဝုတ္တမာကာရနာနတ္တာ၊ ဝေနေယျာနံ ဝသေန ဝါ။
ဒိဝိဓာယံ ဇရာ နာမ၊ ပါကဋာ ပါကဋာတိ စ။

ပါကဋာရူပခဏ္ဍေသု၊ အရူပေသု အပါကဋာ။[၄]
စက္ခုသောတံ ပနေတေသု၊ ဟောတာသမ္ပတ္တဂါဟကံ။

ဝိညာဏုပ္ပတ္တိ ဟေတုတ္တာ၊ သန္တရာယိကဂေါစရေ။
တထာ ဟိ ဒူရဒေသဋ္ဌံ၊ ဖလိကာဒိ တိရောဟိတံ။

---

၁။ သီဟိုဠ်သဂြိုဟ်၊ သျ။ ၁၇၃။
၂။ သီဟိုဠ်သဂြိုဟ်၊ သျ။ ၁၇၄။
၃။ သီဟိုဠ်သဂြိုဟ်၊ သျ။ ၁၇၅။
၄။ သီဟိုဠ်သဂြိုဟ်၊ သျ။ ၁၇၈။

မဟန္တဋ္ဌ နဂါဒီနံ၊ ဝဏ္ဏံ စက္ခု ဥဒိက္ခတိ။
အာကာသာဒိဂတော ကုစ္ဆိ၊ စမ္မာဒန္တရိကော ပိ စ။

မဟန္တော စ ယဋ္ဌာဒီနံ၊ သဒ္ဒေါ သော တဿ ဂေါစရော။
ဝဏ္ဏော ဝိသယဒေသံ တံ၊ ဖရိတွာ ဂဏှာတီတိ စေ။

အဓိဋ္ဌာနဝိဓာနေပိ၊ တဿ သော ဂေါစရော သိယာ။
ဘူတပဗန္ဓတော သော စေ၊ ယာတိ ကုန္ဒြိယာ သန္နိဓိံ။

ကမ္မစိတ္တောဇသမ္ဘူတော၊ ဝဏ္ဏော သဒ္ဒေါ စ စိတ္တဇော။
န တေသံ ဂေါစရာ ဟောန္တိ၊ န ဟိ သမ္ဘောန္တိ တေ ဗဟိ။

ဝုတ္တာ စ အဝိသေသေန၊ ပါဋ္ဌေတံ ဝိသယာ စ တေ။
ယဒိ စေတံ ဒွယံ အတ္တ–သမီပံ ယေဝ ဂဏှာတိ။

အက္ခိဝဏ္ဏံ တထာမူလံ၊ ပဿေယျ ဘမုကာဿ စ။
ဒိသာဒေသဝဝတ္ထာနံ၊ သဒ္ဒဿ န ဘဝေယျ စ။

သိယာ စ သရဝေဓိဿ၊ သကဏ္ဏော သရပါတနံ။[1]
ကိစ္စဟာရဝိပက္ခာနံ၊ ကေတ္တာ ကေမေတ္တ ဟိ။

ကတမုဒ္ဓစ္စကုက္ကုစ္စံ၊ ထိနမိဒ္ဓ တာဒိနာ။
လီနတာ သန္တတာ၊ ကိစ္စံ တန္နိ ဉာတိဝိတက္ကနံ။

ဟောတုဝီရိယသမထာ၊ က္လမေ တေသံ ဝိရောဓိနော။[2]
ဆန္ဒံ တု ဇေဋ္ဌကံ ကတွာ၊ ဆန္ဒံ ကတွာ ဓုရံ ပန။

စိတ္တုဿုပ္ပတ္တိကာလသ္မိံ၊ ဆန္ဒာဓိပတိ နာမ သော။[3]
ဇဝနေ ဓိပတိန္နံ၊ ယောကောဝေကော တိဟေတုကော။

- ဒွိဟေတုကေ ဝါ ဇဝနေ၊ ဝီမံသာ သောပလဗ္ဘတိ။
လောကိယေသု ဝိပါကေသု၊ မောဟမူလေ အဟေတုကေ။

---

၁။ သီဟိုဠ်သင်္ဂြိုဟ်၊ သျှ။ ၁၈၁။

၂။ သီဟိုဠ်သင်္ဂြိုဟ်၊ သျှ။ ၁၉၉။ ၃။ သီဟိုဠ်သင်္ဂြိုဟ်၊ သျှ။ ၂၀၃။

ယထာ သမ္ဗုဝဝုတ္တိတ္တာ၊ နတ္ထာဝိပတိကောစိပိ။[၁]
ဝိဒဟာတိ ဝိဓာနဋ္ဌ၊ ဝိဟုတာ၀ ဝိဝိယတော။

တောယ ဝိယတေ ထွေ၊ က္လတိ ဝါ ဓာတုယော။[၂]
န ဗာဓကံ ယတော ဒုက္ခံ၊ ဒုက္ခာ အညံ န ဗာဓကံ။

ဗာဓကတ္တနိယာမေန၊ တတော သစ္စမိဒံ မတံ။
တံ ဝိနာ နာညတော ဒုက္ခံ၊ န ဟောတိ န စ တံ တတော။

ဒုက္ခဟေတု နိယာမေန၊ က္လတိ သစ္စံ ဝိသတ္တတံ။
နာညနိဗ္ဗာနတော သန္တိ၊ သန္တံ န စ န တံ တတော။

သန္တဘာ၀ နိယာမေန၊ တတော သစ္စမိဒံ မတံ။
မဂ္ဂါ အညာ န နိယျာနံ၊ န နိယျာနော နစာပိ သော။

တစ္ဆနိယျာနဘာ၀တ္တာ၊ က္လတိ သော သစ္စသမ္မတော။
က္လတိ တစ္ဆာဝိပလ္လာသ-ဘူတဘာဝံ စတူသုပိ။

ဒုက္ခာဒီသွ ဝိသေသေန၊ သစ္စတ္တံ အာဟု ပဏ္ဍိတာ။[၃]
ပဋိစ္စ ပန တေသ္မာ၊ ဖလမေတီတိ ပစ္စယော။

သမ္ဘဝေါ ပဘဝေါ ဟေတု၊ ကာရဏံ ပစ္စယော မတော။
ယော ဓမ္မော ယဿ ဓမ္မဿ၊ ဌိတိယုပ္ပတ္တိယာပိ စ။

ဥပကာရကောဟိ သော တဿ၊ ပစ္စယောတိ ပဝုစ္စတိ။[၄]
ရာဂါဒိကေ တိကေ သတ္တ-သတ္တ သဒ္ဓါဒိကေ တိကေ။

ကေဒ္ဒိတိကမူလမှိ၊ မိဿတော သတ္တသတ္တကံ။[၅]
သတတံ အပ္ပမတ္တေန၊ ရက္ခိတဗ္ဗံ သတိမတာ။

---

၁။ သီဟိုဠ်သဂြိုဟ်၊ သျ။ ၂၀၅။
၂။ သီဟိုဠ်သဂြိုဟ်၊ သျ။ ၂၁၁။
၃။ သီဟိုဠ်သဂြိုဟ်၊ သျ။ ၂၁၂။
၄။ သီဟိုဠ်သဂြိုဟ်၊ သျ။ ၂၁၅။
၅။ သီဟိုဠ်သဂြိုဟ်၊ သျ။ ၃၃၉။

နိမိတ္တံ ရက္ခိတော လဒ္ဓံ၊ ပရိဟာနိ န ဝိဇ္ဇတိ။
အာရက္ခနေ အသန္တသ္မိံ၊ လဒ္ဓံ တဿ ဝိနဿတိ။

ရက္ခိတဗ္ဗံ ဟိ တံ တသ္မာ၊ တတြာယံ ရက္ခနာ ဝိဓိ။
အာဝါသော ဂေါစရော ဘဿံ၊ ပုဂ္ဂလော ဘောဇနံ ဥတု။

ဣရိယာပထောဟိ သတ္တေဟိ သတ္တေတေ၊ အသပ္ပါယ ဝိဝဇ္ဇယေ။
သပ္ပါယေ သတ္တသေဝေထ၊ ဧဝံ ဟိ ပရိဝဇ္ဇတော။

န စိရေနေဝ ကာလေန၊ ဟောတိ ဘိက္ခုဿ အပ္ပနာ။[၁]
ဓာဝန္တော ဟိ ယထာ ကောစိ၊ နရော ဆိန္နတဋ္ဌာမုခေါ။

ဉာတုကာမောပိ ပရိယန္တေ၊ ဉာတုံ သက္ကောတိ နေဝ သော။
ဧဝမေဝ ပနုဿဗ္ဗေ၊ သတ္တမေဝါပိ မာနသော။

န သက္ကောတီတိ အပ္ပေတုံ၊ ဝေဒိတဗ္ဗံ ဝိဘာဝိနာ။[၂]
အဒိန္နန္နိက္ခေပနတော၊ ဝယော ဝုဍ္ဎတ္တဂါမိတော။

အာဟာရတော စ ဥတုတော၊ ကမ္မတော စာပိ စိတ္တတော။
ဓမ္မတာ ရူပတော သတ္တ၊ ဝိတ္ထာရေန ဝိပဿတိ။[၃]

မန္ဒာ ခိဍ္ဍာ စ ဝဏ္ဏာ စ၊ ဗလာ ပညာ စ ဟာယနာ။
ပဗ္ဘာရာ စ ပဝင်္ကာ စ၊ မောမူဟာ သယနာ ဒသ။[၄]

ကလာပတော ယမကတော၊ ခဏတော ပဋိပါဋိတော။
ဒိဋ္ဌိဥဂ္ဃါဋနာ မာန-သမုဂ္ဃါဋနတော ပိစ။

နိကန္တိ ပရိယာဒါနာ၊ သတ္တာရူပဝိပဿနာ။[၅]
ပုညေန တေန ဝိပုလေန တိမူလသောမံ။

---

၁။ သီဟိုဠ်သင်္ဂြိုဟ်၊ သျှ။ ၂၅၁။
၂။ သီဟိုဠ်သင်္ဂြိုဟ်၊ သျှ။ ၂၅၂။
၃။ သီဟိုဠ်သင်္ဂြိုဟ်၊ သျှ။ ၂၆၃။ (ကမ္မဋ္ဌာန်းပိုင်း ဘာဝနာဘေဒ)။
၄။ သီဟိုဠ်သင်္ဂြိုဟ်၊ သျှ။ ၂၆၆။ ၅။ သီဟိုဠ်သင်္ဂြိုဟ်၊ သျှ။ ၂၆၇။

ဤအပိုဒ်၌ သီဟိုဠ်သဂြိုဟ်နိဿယတွင် တု-ကိုမဖွင့်ပဲ ချန်ထားခဲ့သည်။ မူလသောမံ-ကို "မူလသောမနမ်ဝိဟာရယ"ဟု ဖွင့်သည်။ မူလသောမမည်သော ကျောင်းတိုက်ဟု ဖွင့်သည်[၁]။

ဤသည်လျှင် အရှင်သုမင်္ဂလသာမိ၏ဆရာ အရှင်သာရိပုတ္တရာ၏ သီဟိုဠ်သဂြိုဟ်နိဿယလာဂါထာများဖြစ်သည်။ ဋီကာကျော်နှင့် တိုက်ဆိုင်ကြည့်ပါ။ ယင်းဂါထာများ-များသောအားဖြင့် ဋီကာကျော်၌ ပါရှိလေသည်။

## သီဟိုဠ်သဂြိုဟ်နိဿယနိဂုံးဂါထာများ

၁။ ရမ္မေ ပုလတ္ထိနဂရေ နဂရာဓိရာဇေ
ရညာ ပရက္ကမဘုဇေန မဟာဘုဇေန။
ကာရာပိတေ ဝသတိ ဇေတဝနဝိဟာရေ၊
ယော ရမ္မဟမ္မိယဝရူပဝနာဘိရာမေ။

၂။ သဗ္ဗတ္တ ပတ္တဋ္ဌယသေန ဝိသာရဒေန၊
သုဒ္ဓါသယေန ပရိသုဒ္ဓကုလောဒယေန။
တက္ကာဂမာဒိကုသလေန ယတိဿရေန၊
သာရိပုတ္တေန ယတိနာ ဂုရုနာ ဂုဏေန။

၃။ ယောဂိနမုပကာရာယ၊ ကတော ဝိနယသင်္ဂဟော။
တေနေဝ ရစိတာစဿ၊ လီနတ္ထပဒဝဏ္ဏနာ။

၄။ ဘိက္ခုနံ့ရညဝါသိနံ၊ ဝိသုဒ္ဓပထသင်္ဂဟော။
ကမ္မဋ္ဌာနိကာဘိက္ခုနံ၊ ကမ္မဋ္ဌာနသဿ သင်္ဂဟော။

၅။ စန္ဒဂေါမာဘိဓာနေ၊ ရစိတာ သာဝုသမ္မတာ။
ပဥ္စိကာ ရမဏီယေန၊ လင်္ကာရေန စ ဘူသိတာ။

၆။ ပသာဒဇနနတ္ထာယ၊ သောတူနဉ္စ မဟာရဟာ။
ဝိညူနဉ္စ ဟိတတ္ထာယ၊ ရစိတာ သမ္ပသာဒနီ။

---

၁။ သီဟိုဠ်သဂြိုဟ်၊ သျှ။ ၂၈၂။

၇။ ဝိနယဋ္ဌကထာယာပိ၊ သုဝိသုဒ္ဓပဒက္ကမာ။
ဋီကာ ဝိရစိတာ ရမ္မာ၊ ဝိနယညုပသံသိတာ။

၈။ အင်္ဂုတ္တရနိကာယဋ္ဌ–ကထာယ စ အနာကုလာ။
ဘိက္ခုနံ ပဋ္ဌဘာဝါယ၊ ဋီကာပိ စ သုသင်္ခတာ။

၉။ မင်္ဂလာဿ စ သုတ္တဿ၊ ဝဏ္ဏနာယ သုဝဏ္ဏနာ။
ဝိညူနံ လိခိတာ ဋီကာ၊ ဘိက္ခုနံ ရတိဝဍ္ဎနီ။

၁၀။ ကဒ္ဓါ ဝိနယနတ္တာယ၊ အဘိဓမ္မတ္ထသင်္ဂဟေ၊
ဘိက္ခုနံ လိခိတံ ဂန္ထံ၊ သီဟဠာယ နိရုတ္တိယာ။

၁၁။ ပရက္ကမနရိန္ဒဿ၊ နရိန္ဒကုလကေတုနော။
နာမေန တိကလံ ဝုတ္တံ၊ နက္ခတ္တပထနိဿိတံ။

၁၂။ ယံ စန္ဒေ စန္ဒဘူတံ နိဿိတတရမတိပါဏိနံ ပါဏိနံယော၊
သဗ္ဗသိံ တက္ကသတ္ထေ ပဋ္ဌတရမတယော ကတ္တုဘူတံ စ တန္တံ။

မညန္တေ ကာလိဒါသံ ကဝိဇနာ ဟဒယာ နန္ဒဟေတုံ ကဝိန္ဒေ၊
သာယံ လောကတ္တ သိဒ္ဓိံ ဝိတရတု ရစနာ တဿ သာရိပုတ္တဿ။

ဤ ၁၂–ဂါထာသည် အရှင်သာရိပုတ္တရာ၏ သီဟိုဠ်ဘာသာ သင်္ဂြိုဟ်နိဿယလာ နိဂုံးဂါထာများဖြစ်လေသည်။ ယင်းကျမ်းကြီးမှာ သီဟိုဠ်ကျွန်း၌ ကျော်စောသည့် အဘိဓမ္မတ္ထသင်္ဂြိုဟ်နိဿယကျမ်းကြီးဖြစ်လေသည်။ သီဟိုဠ်အခေါ် "အဘိဓမ်ာတ်သင်္ဂြဟပုရာဏသန္နယ" ဖြစ်လေသည်။ ယင်းကျမ်းကြီးကို သီဟိုဠ်၌ အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့ရာ သာသနာသက္ကရာဇ် ၂၅၀၃–ခုရိုက်ကျမ်းများမှာ ဒိမိုင်းဆိုက် ၂၈၃–မျက်နှာရှိလေသည်။

## အဘိဓမ္မတ္ထဝိဘာဝိနီမည်သော ဋီကာကျော်ကျမ်း

သီဟိုဠ်ကျွန်း(သီရိလင်္ကာ)၌ သာသနာသက္ကရာဇ် ၁၇၀၀–၁၈၀၀–အတွင်းက သီဟိုဠ်ကျွန်း၌ သက်တော်အရွယ်ငယ်စဉ်ကပင် ပညာတတ်၊ ဝိနယဂရုက သိက္ခာကာမဖြစ်၍ တောရကျောင်း၌ အနေများသော အရှင်သုမင်္ဂလသာမိသည် အရှင်သာရိပုတ္တရာ၏ အဘိဓမ္မတ္ထသင်္ဂြိုဟ်နိဿယကို များစွာမှိုင်မြင်းပြု၍ အဘိဓမ္မတ္ထ

ဝိဘာဝိနီအမည်တပ်၍ ပြုစီရင်တော်မူခဲ့လေသည်။ ဤ၌ထုတ်ပြခဲ့သော သီဟိုဠ်သဂြိုဟ် နိသ္သယလာဂါထာများ၊ ဋီကာကျော်များနှင့်တိုက်ဆိုင်ကြည့်ရာ၏[၁] ။

အရှင်သုမင်္ဂလသာမိသည် ကျမ်းဦး၌-

၁။ ဝိသုဒ္ဓကရုဏာဉာဏံ၊ ဗုဒ္ဓံ သမ္ဗုဒ္ဓပူဇိတံ။
ဓမ္မံ သဒ္ဓမ္မသမ္ဘူတံ၊ နတွာ သံဃံ နိရင်္ဂဏံ။

၂။ သာရိပုတ္တံ မဟာထေရံ၊ ပရိယတ္တိဝိသာရဒံ။
ဝန္ဒိတွာ သိရသာ ဓီရံ၊ ဂရုံ ဂါရဝဘာဇနံ။

၃။ ဝဏ္ဏယိဿံ သမာသေန၊ အဘိဓမ္မတ္ထသင်္ဂဟံ။
အာဘိဓမ္မိကဘိက္ခူနံ၊ ပရံ ပီတိဝိဝဍ္ဎနံ။

၄။ ပေါရာဏေဟိ အနေကာပိ၊ ကတာ ယာ ပန ဝဏ္ဏနာ။
န တာဟိ သက္ကာ သဗ္ဗတ္ထ၊ အတ္ထော ဝိညာတဝေ ဣဓ။

၅။ တသ္မာ လီနပဒါနေတ္ထ၊ သာဓိပ္ပါယမဟာပယံ။
ဝိဘာဝေန္တော သမာသေန၊ ရစယိဿာမိ ဝဏ္ဏနံ။

ဟူသော ၅-ဂါထာဖြင့် ရတနတ္တယပဏာမ၊ အာစရိယပဏာမ၊ ကျမ်းပြုခြင်း၏အကြောင်း၊ ကျမ်းပြုရာ၌ရည်ရွယ်ချက်၊ ပဋိညာဉ်တို့ကိုဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌လည်း-

၁။ ရမ္မေ ပုလတ္ထိနဂရေ နဂရာဓိရာဇေ၊
ရညာ ပရက္ကမဘုဇေန မဟာဘုဇေန။
ကာရာပိတေ ဝသတိ ဇေတဝနေ ဝိဟာရေ။
ယော ရမ္မဟမ္မိယဝရူပဝနာဘိရာမေ။

၂။ သမ္ပန္နသီလဒမသံယမတော သိတေဟိ၊
သမ္မာနိတော ဝသိဂဏေဟိ ဂုဏာကရေဟိ။
ပတ္တော မုနိန္ဒဝစနာဒိသု အနေကဂန္ထ-
ဇာတေသု စာ’စရိယတံ မဟိတံ ဝိဒူဟိ။

---

၁။ မဟာဝိသုတာရာမနိကာယသာသနာဝင်-ရ၈-၈၆-၉၇-လည်းကြည့်။

၃။ ဉာဏာနုဘာဝမိဟ ယဿ စ သူစယန္တိ၊
သံဝဏ္ဏနာ စ ဝိနယဋ္ဌကထာဒိကာနံ။
သာရတ္ထဒီပနိမုခါ မဓုရတ္ထသာရ–
သန္ဒီပနေန သုဇနံ ပရိတောသယန္တိ။

၄။ တဿာနုကမ္ပမဝလမ္ဗိယသာရိပုတ္တ–
တ္ထေရဿ ထာမဂတသာရဂုဏာကရဿ။
ယောနေကဂန္ထဝိသယံ ပဋုတံ အလတ္ထ၊
တဿေသဉာဏဝိဘဝေါ ဝိဘဝေကဟေတု။

၅။ သောဟမေတဿ သံသုဒ္ဓ–ဝါယာမဿာနုဘာဝတော။
အဒ္ဓါ သာသနဒါယာဒေါ၊ ဟေဿံ မေတ္တေယျသတ္ထုနော။

၆။ ဇောတယန္တံ တဒါ တဿ၊ သာသနံ သုဒ္ဓမာနသံ။
ပဿေယျံ သက္ကရေယျဉ္စ၊ ဂရုံ မေ သာရိသမ္ဘဝံ။

၇။ ဒိနေ ဟိ စတုဝီသေဟိ၊ ဋီကာယံ နိဋ္ဌိတာ ယထာ။
တထာ ကလျာဏသင်္ကပ္ပါ၊ သီဃံ သိဇ္ဈန္တု ပါဏိနံ။

ဟူသော ၇–ဂါထာပါဌ်ဖြင့် ထိုစဉ်က မင်းနေပြည်တော်ဖြစ်ခဲ့သော ပုလတ္ထိမြို့နှင့် ပုရတ္ထိမြို့ရှိ ဇေတဝန်ကျောင်းတိုက်ကြီးနှင့် ဆရာတော်ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ၏ဂုဏ်၊ အရှင်သာရိပုတ္တရာ၏ တပည့်အဖြစ်ဆုတောင်း၊ ကျမ်းစာရေးသားပြုစုသောနေ့ရက်၊ (၂၄–ရက်နှင့်အပြီးသတ်ရေးပုံ) သတ္တဝါများအတွက် ဆုတောင်းတို့ကိုဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းကျမ်းသည် ရှိုင်ဆိုက် ၂၂၉–မျက်နှာရှိလေသည်။ ယင်းကျမ်းသည် ဝါကျအနေအထားမှစ၍ကျစ်လစ်သဖြင့် ကျော်စောရကား ဋီကာကျော်ဟုတွင်သည်။ ဝါကျအထားအသိုလှပသဖြင့် ဋီကာလှ ဟုလည်းတွင်သည်။

## မဏိသာရမဉ္ဇူသာဋီကာပါဌ်

သက္ကရာဇ် ၈၀၄–ခုနှစ်တွင် ရတနာပူရအင်းဝမြို့၌ နန်းတက်သော မဟာနရပတိမင်းလက်ထက် စစ်ကိုင်းတောင်ရိုးဓမ္မိကချောင်၌ သီတင်းသုံးသော ဓမ္မသေနာပတိ အရှင်အရိယဝံသမထေရ်သည် ဖော်ပြပါအဘိဓမ္မတ္ထဝိဘာဝနီမည်သောဋီကာကျော် အဖွင့်ကို မဏိသာရမဉ္ဇူသာအမည်တပ်၍ ကျယ်ဝန်းစွာ ပြုစီရင်တော်မူခဲ့လေသည်။

ကျမ်းဦး၌–

၁။ သန္တာ သန္တာပိ ဝီ ယဿ၊ နန္တာ နန္တာဝ လမ္ဘတော။
ဒယာ ဒယာပိ တံ ဗုဒ္ဓံ၊ သုတံ သုတံ ဘိဝန္ဒိယ။

၂။ ယဿ ဗုဒ္ဓဿ ယံ ဓမ္မံ၊ ယော သံဃော ယောဂတော ဂတော။
သုဒ္ဓလ္လဘေ နမိတွာ တေ၊ ကပ္ပကောဋိနွှစ္စယေမပိ။

၃။ အဘိဓမ္မတ္ထသင်္ဂဟ–ဝဏ္ဏနာ ဝဏ္ဏနာ သုဘာ။
သုဝိနိစ္ဆိတလီနတ္ထာ၊ ကယျတေ ကယျတေ ဂရုတိ။

ဟူသော ၃–ဂါထာပါဌ်ဖြင့် ပဏာမ၊ ပဋိညာဉ်စသည်ဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌လည်း–

တွေ့ာဝတာ စ ပရမသဒ္ဓါဗုဒ္ဓိဝီရိယသီလာစာရဇ္ဇဝမဒ္ဒဝါဒိဂုဏဂဏာလင်္ကာရာလင်္ကတေန သမန္တသဏ္ဍိတက္လဒ္ဓိမန္တမဟာထူပဂဏပ္ပဋိမဏ္ဍိတဝိပ္ပသန္နဟာရိတမဏိဝဏ္ဏမဝုရနီရဝတိရောဝတီနဒီတီရသဏ္ဍိတမဟာနုဘာဝ မဏိရတနာကရဘူတဓမ္မိကပဗ္ဗတနိဝါသိနာ အရိယဝံသဓမ္မသေနာပတိတိဂုရုဟိ ဂဟိတနာမဓေယျေန မဟာထေရေန နာနာရတနာကရဂိရိရညာ နာနာဥဇ္ဇာရရတနာနိ သမာဟရန္တော ဝိယ မဟာပုရိသော နာနာဂန္ထေဟိ နာနာဥဇ္ဇာရမဓုရတ္ထသာရေ သမာဟရိတွာ ရစိတာ နာနာနယဝိစိတ္တာ နာနာပဝရမဓုရတ္ထသာရနိဓာနတာယ နာနာဥဇ္ဇာရရုစိရမဏိရတနာကရမဥ္ဇူသာသဒိသတ္တာ မဏိသာရမဥ္ဇူသာနာမိကာ အဘိဓမ္မတ္ထဝိဘာဝိနိယာ နာမ အဘိဓမ္မတ္ထသင်္ဂဟဝဏ္ဏနာယ အယံ ဝဏ္ဏနာ အဋ္ဌဝီသာဓိကအဋ္ဌသတသက္ကရာဇမှိ။

၁။ ယန္တံယန္တဂတံ ဓမ္မံ၊ ယော ဗုဒ္ဓေါ ယောဂဏော ဂတော။
တဗ္ဗလာနန္တရာယန္တံ၊ စာတုမာသိနိယံ ဂတာ။

၂။ အဗ္ဘင်္ဂမော ပုဏ္ဏရိကော အဘိဒ္ဓိမာ၊
ဘူတောပိ စေ သာသပကာဥဝဏ္ဏိကော။
ရာဇူဟိ သတ္တော မဟိတော ယထာ တထာ၊
ဒေါသေသိကော စေပိ ဝိဒူဟိ ဂန္ထယံ။

၃။ ကလင်္ကဒေါ သလ္လဝိကောပိ မာနိတော၊
ယထေန္ဒုသတ္တော စ ဇနေဟိ ဂန္ဓယံ။
တထီသဒေါသလ္လပိကော သုဓီဟိပိ၊
ဥပေါဟယန္တံ တိဟာဂဏ္ဍိဂဏ္ဍိယံ။

၄။ စာရုတ္တနာနာရတနာဘိပူရိတံ၊
ဂန္ထမ္ပိ မိတော မမကာရပုညတော။
နိဋ္ဌံ ဇနာနံ ရယမေန္တု သူဟာနာ၊
တေ ကေကဗောဓိံ တီသု သာဘိပတ္ထိတံ။

၅။ သံသာရေ သံသရန္တော အဃမလရဟိတော၊
ပုညတော နန္တတောတော။
သဒ္ဓေါ ပညော ဘဝေယျံ သုယတိ ပရဟိတော။
ဝဓုယံ သတ္တုစက္ကံ။

၆။ နိန္နော သဗ္ဗညုတာယံ ဥပစိတကုသလော၊
သင်္ဂဟော သတ္တိ ဓီရော။
သမ္ပသံ သဗ္ဗဗုဒ္ဓေ ခလု စရိမဘဝေ၊
တုဂ္ဂ ဗုဒ္ဓေါ ဘဝေယျံ။

၇။ နာဂေါ နာဂေါ စ နာသော မိဂပတိဂရုဠော–
ပ’စ္စုသာရော ကရာယော။
မဂ္ဂါမဂ္ဂါ န မဂ္ဂါ ဒသသတတိဘယာ၊
နိဗ္ဘယာ ဝိဟိတေယျာ။

၈။ အာယံအာယံ ဝိသဇ္ဇံ န ဟိ နိဃဇနကံ၊
သာ သုဓာ သာတလဒ္ဓါ။
မာလော မာလောတိ မာ ခေါ အမတမာလမတော။
မေကပူလော အမာလော။

၉။ တမ္ဗဒီပချုပုရေတ္တ၊ ပဋ္ဌာကလင့်ဇနော မမ။
မဝုရာဂုဠသဒ္ဒတ္တာ၊ ဂါထာယံ အနုသာသနီတိ။

ဟူသော စုဏ္ဏိယ၊ ဂါထာနှစ်မျိုးရော စပ္ပူရေးနည်းဖြင့်ရေး၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

ယင်းဋီကာကြီးမှာ လွန်စွာကျယ်ဝန်းသော ဋီကာကြီးဖြစ်လေသည်။ မြန်မာနိုင်ငံဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်ရိုက် ပဋ္ဌမတွဲ၊ ဒုတိယတွဲ ၂-တွဲရှိရာ ပဋ္ဌမတွဲ စာမျက်နှာ ၅၁၂-ရှိ၍ ဒုတိယတွဲမှာ ၅၈၁-ရှိ၍ နှစ်တွဲ ၁၀၉၃-မျက်နှာရှိ ရောမကျမ်းကြီးဖြစ်လေသည်။

မဏိသာရမဉ္ဇူသာဝှ-ဋီကာဝိသာလဝိသာလာ။
ဝိသာလညာဏိကေဟိပိ၊ ဒုတ္တရာဒုဒ္ဒသဒုဒ္ဒသာ။

## လယ်တီဆရာတော်လောင်းလျာ ရဟန်းတော်အရှင်ဉာဏဓဇ ဋီကာကျော် အထင်မကြီး

ဋီကာကျော်ကျမ်းကို သီဟိုဠ်ကျွန်း၌လည်း အလေ့အလာပြုကြသည်။ မြန်မာနိုင်ငံ၌ကား ပုဂံခေတ်ကစ၍ ပင်းယ၊ အင်းဝ၊ အမရပူရ၊ မန္တလေးခေတ်၊ ယခုတိုင်အောင်ပင် ခေတ်စားခဲ့လေသည်။ အရှိန်အဝါကြီးမားခဲ့လေသည်။ ဋီကာကျော်ပေါ်ထွန်းရာသီဟိုဠ်ကျွန်း(သီရိလင်္ကာ)ထက် ခေတ်စားလေသည်။ သာသနာ့ဝန်ထမ်းအများစုတို့ အထင်ကြီးကြလေသည်။ သို့ရာတွင် လယ်တီဆရာတော်ကား မဟာဇောတိကာရာမစံကျောင်းတိုက်၌ သီတင်းသုံး၍စာပေချပို့စဉ်ကပင် အမှားတွေတင်းကျမ်းပြည့်နေသောကျမ်းဟု အကြိမ်ကြိမ်ပြောဆိုခဲ့လေသည်။ ထိုစဉ်က လယ်တီဆရာတော်လောင်းလျာ ရဟန်းတော်အရှင်ဉာဏဓဇသည် မဟာဇောတိကာရာမစံကျောင်းတိုက် ခရေပင်ကျောင်း၌ ပဋ္ဌမစာချပုဂ္ဂိုလ်ကျော်ဖြစ်၍ စာပေချပို့တော်မူခဲ့လေသည်။ သီဟိုဠ်ရဟန်းတော်များလည်း မြန်မာရဟန်းတော်များနှင့်အတူ ထိုစဉ်က မဟာဇောတိကာရာမစံကျောင်းတိုက်ကြီး၌ စာပေကျမ်းဂန်သင်ယူလျှက်ရှိကြသည်။ သီဟိုဠ်ရဟန်းတော်များအားလည်း "တုမှာကံ အာဝုသော လင်္ကာဒီပေ သုမင်္ဂလသာမိဝိရစိတာ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ ဗဟုဝိနောနာဝိရုဒ္ဓသမ္ပုဏ္ဏာ" ငါ့ရှင်တို့ သီဟိုဠ်ကျွန်း သုမင်္ဂလသာမိရေးတဲ့ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာဟာ အမှားတွေမျိုးစုံနှင့် ပြွမ်းနေတယ် စသည်ဖြင့်ပြောလေရာ သီဟိုဠ်ရဟန်းတော်များ အောင့်သက်သက်နှင့် သည်းခံကြရလေသည်။

## လက်သုံးတော်ကျမ်း ၂–ကျမ်းနှင့် အပါယ် ၁–ကျမ်း ၂–ကျမ်း

ထိုခေတ် ထိုအတောအတွင်းတွင် မန္တလေးမြို့၌ ပဌမစာချ၊ ဒုတိယစာချ၊ တတိယစာချအကျော်များ ရာဇာဓိရာဇဂုရု၊ ရာဇဂုရုစာချအကျော်ဆရာတော်ကြီး အချို့တို့က မူလဋီကာ၊ အနုဋီကာ ဟူသောကျမ်းကြီး ၂–ကျမ်းကို များစွာအလေ့အလာပြုတော်မူကြပြီး ဋီကာကျော်နှင့် မဏိသာရမဉ္ဇူသာကျမ်းကြီး ၂–ကျမ်းကို ချပို့ခြင်းမပြုပဲ ပယ်ထားကြကုန်သတတ်။ ဋီကာကျော်၊ မဏိသာရမဉ္ဇူသာကျမ်းကြီး ၂–ကျမ်းကိုလည်း တပည့်အစဉ်ဆက် မချပို့ရန် မှာထားခဲ့ကြကုန်သတတ်။ သို့နှင့် လယ်တီဆရာတော်လောင်းလျာ အရှင်ဉာဏဓဇသည် ဋီကာကျော်လာ အမှားများကို ထုတ်ပြဖွင့်ဆိုသည့် ဋီကာကျမ်းကြီးတစ်ကျမ်းရေးရန် ပိဋကတ်သုံး သွယ်နိကာယ်ငါးရပ် ပါဠိ အဋ္ဌကထာ ဋီကာတို့မှ အချက်အလက်များ ရှာဖွေစုဆောင်း ပရပိုက်များ စာရွက်ကြမ်းများနှင့် ရေးမှတ်စုဆောင်းတော်မူခဲ့လေသည်။ သို့ရာတွင် သက္ကရာဇ် ၁၂၄၄–ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃–ရက်နေ့ တစ်ချက်တီးကျော် ၃–မောင်းခန့် အချိန်တွင် လောင်သည့်မီးကြီးကြောင့် စံကျောင်းတိုက်အတွင်းရှိ ကျောင်းရံပေါင်း ၄၆–ကျောင်းမီးသင့်သည်တွင် အရှင်ဉာဏဓဇကျောင်းပါ မီးသင့်ရာ မှတ်စုမှတ်ရာ အားလုံး မီးထဲပါသွားရခဲ့လေသည်။

## ပရမတ္ထဒီပနီဋီကာမော်ကျမ်း ထွက်ပေါ်လာပြီ

သို့ရာတွင် ဆရာတော်ကား ''ယောက်ျားတကာ အားထုတ်ရာသည့် ကြီးစွာလုံ့လ ဝီရိယကား မချကောင်းချေ'' ဟူသည်နှင့်အညီ ဝီရိယချမပစ်ပဲ ၁၂၄၈–ခုနှစ်တွင် လယ်တီတိုက်ကြီးတည်ထောင်၍ လာလာသမျှရှင်ရဟန်းပရိတ်သတ်အား စာပေကျမ်းဂန်ချပို့တော်မူစဉ် အနီးနေစာသင်တပည့် ရဟန်းတော်များ ဥပါသကာများ၏လျှောက်ထားချက်အရ အချက်အလက်များစုဆောင်းပြီး ရေးသားပြုစုစီရင်တော်မူရာ ၁၂၅၉–ခုနှစ်၊ တန်ဆောင်မုန်းလအတွင်း ပြီးစီးခဲ့လေသည်။ ဆရာတော်သည် ဋီကာကျော်မှအမှားပေါင်း ၂၄၅–ချက်ကို လက်ဆုပ်လက်ကိုင်အမိဖမ်းထုတ်ပြ၍–

ဝိဘာဝိနိယံ ပန. . . ဝုတ္တံ၊ တံ န သုန္ဒရံ၊ ထိုအဆိုမကောင်းဟူ၍လည်းကောင်း။ တံ နယုဇ္ဇတိ၊ ထိုစကားရှေ့နောက် အဆီအငေါ် မတည့်ဟူ၍

လည်းကောင်း။ တံ န ဂဟေတဗ္ဗံ၊ ထိုစကား မယူအပ်ဟူ၍လည်းကောင်း။ တံ သာရတော န ဂဟေတဗ္ဗံ၊ ထိုစကားကို အမြွတ်တနိုး မမှတ် ယူလေနှင့်ဟူ၍ လည်းကောင်း စသည်ဖြင့် ဋီကာကျော်အဆိုအမိန့်ကို ပယ်လှန် ချတော်မူခဲ့လေသည်။

## ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး အမြန်ပုံနှိပ်ထုတ်ဝေရန် တိုက်တွန်းခြင်း

လယ်တီဆရာတော်ဘုရားကြီးသည် ပရမတ္ထဒီပနီ–သင်္ဂြိုဟ်မဟာဋီကာသစ်ကျမ်းကြီးရေးပြီးသောအခါ "ဝိသုဒ္ဓါစာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" "ဝိသုဒ္ဓါစာရ ကဝိဓဇာဓိပတိသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" "အဂ္ဂမဟာပဏ္ဍိတ" အားဖြင့် ဘွဲ့တံ ဆိပ်တော် ၃–ထပ်ရ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးထံ ပို့တော်မူလိုက်လေသည်။ ပြုပြင်ရန်ရှိသည်များ တွေ့ရှိပါက ပြုပြင်ပါရန်ကိုပါ စာဖြင့်လျှောက် ထားတော်မူလေသည်။ ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး အစအဆုံး ကျနစွာကြည့်ရှု တော်မူပြီး ထပ်မံပြုပြင်ရန်မရှိပါ။ ပါဠိတော်စသည် အထောက်စုံလင်၍ ဋီကာကျော်၏ အမှားများကို သုတ်သင်ရှင်းလင်းနိုင်သော ကျမ်းကောင်း ကျမ်းမြတ်တဆူဖြစ်ကြောင်း၊ စာသင်သားများ၊ အဘိဓမ္မာကို နှစ်နှစ်ကာကာ လေ့လာသူများ အကျိုးများရန် အမြန်ပုံနှိပ်ဖြန့်ဝေသင့်ပါသည်ဟု တိုက်တွန်းတော်မူလေသည်။

## အကြိမ်ကြိမ် ရိုက်နှိပ်ထုတ်ဝေခြင်း

ယင်းကျမ်းကြီးကို ၁၂၆၉–ခုနှစ်တွင် ရန်ကုန်မြို့ ၂၅–လမ်းစာဆိုတန်းကဝိမျက်မှန်စာပုံနှိပ်တိုက်က ၁၂၆၉–ခုနှစ်တွင် တစ်ကြိမ်၊ ၁၂၈၅–ခုနှစ်က တစ်ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့လေသည်။ ၎င်းပြင် ရန်ကုန်မြို့ ဣစ္ဆာသယပုံနှိပ်တိုက်ကလည်း ပုံနှိပ်ထုတ်ဝေခဲ့လေသည်။ ဤသို့ စသည်ဖြင့် ပုံနှိပ်ထုတ်ဝေခဲ့ရာ အကြိမ်များလှလေပြီ။ ယင်းကျမ်းကြီးသည် ဋီကာကျော်ကို အနိုင်ယူသောကျမ်းဖြစ်သဖြင့် ပရမတ္ထဒီပနီ သင်္ဂြိုဟ်မဟာဋီကာအမည်များအပြင် ဋီကာမော်ဟူသောအမည်ဖြင့်လည်း ထင်ရှားလေသည်။

ပရမတ္ထဒီပနီတိ၊ နာမေန စာဘိပါကဋော။
သင်္ဂြိုဟ်မဟာဋီကာသီတိ၊ ဋီကာမော်သမညာယ စ။
ဣတိတီဟိ ဘိဓေယျေဟိ၊ ပသိဒ္ဓေါ သာသနမ္ဗရေ။

ဆရာတော်ဘုရားကြီးသည် ကျမ်းဦး၌-

၁။ ဥဒယာယသာ ကေသာ၊ သဒ္ဓမ္မရံသိဇာလိနော။
ပဗုဒ္ဓိသု ဇနမ္ဗုဇာ၊ ဇာတိခေတ္တ မဟာသရေ။

၂။ ဝန္ဒာမိ တံ မဟာသူရံ၊ မဟာမောဟတမောနုဒံ။
သဥ္ဈာတံ သော ဟာဒယေ မယှံ၊ တမော ခန္ဓံ ပနုဒတံ။

၃။ ပေါရာဏကေဟိ ဝိညူဟိ၊ ဝဏ္ဏိတာဝဏ္ဏနာ ဗဟု။
ဒိဿန္တိ ဣဓ လောကမှိ၊ အဘိဓမ္မတ္ထသင်္ဂဟေ။

၄။ န တာဟိ တုဋ္ဌိ ဝိန္ဒန္တိ၊ ယေ သာရတ္ထာဘိမာနိနော။
တေ မံ သင်္ဂမ္မ ယာစန္တိ၊ ပရမတ္ထသ ဒီပနိံ။

၅။ မဟာဏ္ဏဝေ ရတနာနိ၊ ဥဒ္ဓရိတွာ ဒီပဂါသိနံ။
ယထိစ္ဆကံပိ ဒဇ္ဇေယျုံ၊ န ဝတ္တဗ္ဗာဝ ဦနတာ။

၆။ တထေဝေတ္ထ ဝိပုလတ္ထာ၊ အဏ္ဏဝေ ရတနူပမာ။
သတ္တက္ခတ္တုံ ပိ ဝဏ္ဏေယျုံ၊ ပရိယာဒိန္နာ န ဟောသရေ။

၇။ တသ္မာ တာသု ဝဏ္ဏနာသု၊ သာရမာဒါယ ဝဏ္ဏနံ။
နာနာသာရတ္ထသမ္ပုဏ္ဏံ၊ ဥတ္တာနပဒဗျဉ္ဇနံ။

၈။ နာတိသင်္ခေပဝိတ္ထာရံ၊ မန္ဒဗုဒ္ဓိပ္ပဗောဓနံ။
ကရိဿံ တံ ပရမတ္ထေသု၊ သုဏာန္တု ပါဋ္ဌဝတ္တိနောတိ။

ဟူသော ဂါထာရှစ်ပုဒ်ဖြင့် ပဏာမ၊ ကျမ်းပြုခြင်း၏အကြောင်း၊ အဘိယာစက၊ ကျမ်းစာပမာဏ၊ ပဋိညာဉ်စသည်ကို ဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌လည်း-

၁။ နဂရေ ဒီပရင်္ဂမှိ၊ ဂါမေ စိုင်ပြင်တိနာမကေ။
အဋ္ဌသုညဒွယေကမှိ၊ သာကေဇာတေန ယာ မယာ။

၂။ မုံရွာဂါမေ အရညမှိ၊ လယ်တီတိ ဝိဿုတာလယေ။
ဝသတာ မဟာတော ဘိက္ခု-ဂဏာသ ဟိတကာရိနာ။

၃။ ပရမတ္ထဒီပနီ နာမ၊ သင်္ခတာ သာရဒဿိနာ။
သာရေသီနံ ဟိတတ္ထာယ၊ သာရာသာရဝိဝေကိနံ။

၄။ သုနိဋ္ဌိတာ အယံ ဋီကာ၊ နိဗ္ဗာယာ နိရုပဒ္ဒဝါ။
နဝပဉ္စဒွယေကမှိ၊ သာကေ ကောမုဒသာရဒေ။

၅။ တထာကလျာဏသင်္ကပ္ပါ၊ သာဓူနံ အမတပ္ဖလာ။
နိဋ္ဌံ ဂစ္ဆန္တု သဗ္ဗေပိ၊ နိဗ္ဗာယာ နိရုပဒ္ဒဝါ။

၆။ ယထာ လောကမှိ ဇောတန္တိ၊ ဥဘော စန္ဒိမသူရိယာ။
တထေဝ ပရမတ္ထေသု၊ အယံ ပရမတ္ထဒီပနီ။

၇။ ပါဠိယတ္ထေသု သာ သုဘာ၊ သဒ္ဒနိရုတ္တိဒီပနီ။
ဥဘော လောကမှိ ဇောတန္တု၊ သဒ္ဓမ္မော ယာဝ တိဋ္ဌတီတိ။

တတ္ထ နဂရေ ဒီပရင်္ဂမှီတိ ဒီပဝါသိမဟာဇနံ ရဉ္ဇေတီတိ ဒီပရင်္ဂန္တိ လဒ္ဓနာမေ နဂရေ။ ဂါမေစိုင်ပြင်တိ နာမကေတိ ရောဟိတမိဂါနံ နိဝါသဘူမိတလေ ပတိဋ္ဌိတတ္တာ ဧဝံ နာမကေ မဟာဂါမေ။ သာကေတိ ကလိယုဂေ။ ယာမယာတိ၊ ပရမတ္ထဒီပနီ နာမ ယာ ဋီကာ မယာ သင်္ခတာတိ သမ္ဗန္ဓော။ လယ်တီတီဝိဿုတာ လယေတိ ဧဝံ ဝိဿုတေ- အရညဝိဟာရေ။ သာရေသီနန္တိ သာရဂဝေသီနံ။ သာရာသာရ ဝိဝေကီနန္တိ အယံ သာရော အယံ အသာရောတိ ဧဝံ သာရဉ္စ အသာရဉ္စ ဝိဝေစေတွာ ဇာနိတုံ သမတ္ထာနံ။ သာကေတိ ကလိယုဂေ။ ကောမုဒ သာရဒေတိ ကုမုဒပုပ္ဖယုတ္တေ သရဒဥတုပရိယာပန္နေ ပစ္ဆိမကတ္တိကမာသေ။ အမတပ္ဖလာတိ နိဗ္ဗာနပယောဇနာ။ သုဘာတိ အတ္ထဗျဉ္ဇနသမ္ပတ္တိယာ သောဘနော။ သဒ္ဓမ္မောတိ တိဝိဓံ သတ္ထုသာသနံ ဝုစ္စတီတိ။

ဣတိ အဘိဓမ္မတ္ထသင်္ဂဟပကရဏဿ စတုတ္ထသံဝဏ္ဏနာဘူတာ ပရမတ္ထဒီပနီ နာမာယံ ဋီကာ သဗ္ဗာကာရေန နိဋ္ဌိတာ။

ဟူသော ဂါထာ ဂါထာ၏အဖွင့် စုဏ္ဏိယ ၂-မျိုးရောပြွမ်းသော စကားဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းဋီကာသည် ကဝိမျက်မှန်ပုံနှိပ်တိုက်ရိုက် ရှိုင်ဆိုက်ဖြင့် ၃၈၃-မျက်နှာရှိလေသည်။

## ကိုယ်တိုင်ရေး ပါဠိနိဒါန်း

ဆရာတော်ဘုရားကြီးသည် ပရမတ္ထဒီပနီဋီကာကျမ်းကြီးဖြစ်ပေါ်လာခြင်း၏ အကြောင်းကိုလည်း အောက်ပါအတိုင်း ပါဠိနိဒါန်းကြီးဖြင့် ကိုယ်တိုင်ရေးသားဖော်ပြတော်မူခဲ့လေသည်။

ပရမတ္ထဒီပနိယာ နာမ ဋီကာယ ဥပ္ပတ္တိ ဝုစ္စတေ။
ပိတုမဟာရာဇာ သဟာယ ဒွိသတစုဒ္ဒသမေ ရဇ္ဇံ ကာရေသိ။

တတော အပရသ္မိံ ကာလေ မြမ္မရဋ္ဌေ မဏ္ဍလနဂရံ မာပေတွာ သတ္တု သာသနံ အနုညသဒိသံ ကတွာ အနုဂ္ဂဟေသိ။ တဒါ နဂရေ လဒ္ဓလဉ္ဆိတာ ပရိယတ္တိဝိသာရဒါ မဟာထေရော အသီတိမတ္တာ အဟေသုံ။ ဘိက္ခုသံဃော သဋ္ဌိသဟဿမတ္တော အဟောသိ။ ရာဇာ သဗ္ဗေသံ ဘိက္ခူနံ နိစ္စကာလံ စတုပစ္စယေဟိ အနုဂ္ဂဟေသိ။ တီဏိ ပိဋကာနိ သိလာပဋ္ဋေသု လိခါပေတွာ သိလာရုဠှံ နာမ သင်္ဂီတိ အကာသိ။ ဒွိသဟဿစတုသတမတ္တေ ဗျတ္တိဗလသမ္ပန္နေ ဘိက္ခူ ဥစ္စိနိတွာ ဘူမိမန္ဒိရေ ဂဏသဇ္ဈာယံ နာမ သင်္ဂီတိ အကာသိ။ ဧဝံ ရာဇာ သတ္တဝီသတိဝဿာနိ ရဇ္ဇံ ကာရေန္တော မဟန္တံ သာသနုဂ္ဂဟံ ကတွာ သဟဿ ဒွိသတစတ္တာလီသမေဝ ဝဿေ ဒိဝင်္ဂတော။ တသ္မိံ ကာလေ မယံ မဟာဇောတိကာရာမေ ပရိယတ္တိဝိသာရဒဿ ဂဂနတလေ ဝိဇ္ဇောတမာနစန္ဒူပမဿ သုဒဿနမဟာသာမိတ္ထေရဿ ပါဒမူလေ သာဋ္ဌကထာနိ တီဏိ ကထာနိ တီဏိပိဋကာနိ ဂဏှန္တာ ဝါစေန္တာ ဝသိမှာ။

တဒါ မဏ္ဍလေ နဂရေ ယေ ထေရာ အတိတိက္ခပညာ အတိဂမ္ဘီရဉာဏာတိ ပညာယန္တိ။ တေ ဒွေ ပကရဏာနိ ဝဏ္ဏေန္တိ မူလဋီကာပကရဏဉ္စ အနုဋီကာပကရဏဉ္စ။ ဒွေ ပကရဏာနိ န ဝဏ္ဏေန္တိ အဘိဓမ္မတ္ထဝိဘာဝနိဋီကာ ပကရဏဉ္စ မဏိမဉ္ဇူသာဋီကာ ပကရဏဉ္စ။ န ကေဝလံ ဝဏ္ဏေန္တိယေဝ။ အတ္တနော နိဿိတကေပိ နိဝါရေန္တိ "မာ တုမှေ တာနိ ဒွေ ပကရဏာနိ ဝါစိတ္ထ။ အဘိဓမ္မတ္ထဝိဘာဝိနိယံ ဟိ ဗဟုံ ဝိရုဒ္ဓဋ္ဌာနံ ဒိဿတိ။ မဏိသာရမဉ္ဇူသာ စ အသာရဂန္ထဘာရပူရိတာ ဟောတိ။ မဟာထုသဂန္ထသဒိသာ"တိ။ တံ သုတွာ ဧဝံ နော အဟောသိ။ အမှေဟိပိ တံ ဇာနိတုံ ဝဋ္ဋတီတိ။ တတော ပဋ္ဌာယ ဝိဘာဝိနိဋီကံ ပါဠိဝဏ္ဏေနေဟိ စ အဋ္ဌကထာ ဝဏ္ဏေနေဟိ စ သုဋ္ဌု သံသန္ဒိမှာ။

အတ္တူဠ ဗျဥ္ဇနဥ္စ ဝိနိစ္ဆယဥ္စ သုဌု ဝိစာရိမှာ။ တဒါ တတ္ထ တာနိ ဝိရဒ္ဓဋ္ဌာနာနိ အမှေဟိပိ ဒိဋ္ဌာနိ ဟောန္တိ။ အထ နော ဝေံ အဟောသိ။ အဘိဓမ္မတ္ထသင်္ဂဟေ ပရိပုဏ္ဏဝိနိစ္ဆယံ ဧကံ ဋီကာဂန္ထံ ရစယိတုံ ဝဋ္ဋတီတိ။

တတော တီသု ပိဋကေသု အဘိဓမ္မတ္ထပဋိသံယုတ္တာနိ ပါဠိဝစနာနိ ပေါတ္ထကေသု အာရောပေတွာ ဌပိတာနိ။ ဋီကာရစနကာလေ သာဓကာနိ ဘဝိဿန္တီတိ ကေသွိ ပန ကာလေ မဏ္ဍလေးနဂရေ မဟာအဂ္ဂိဒါဟော ဥဋ္ဌာသိ။ တဒါ တာနိ ဋီကံ ရစယိတုံ ဥဿာဟော ပဿမ္ဘိ။ အထ မုံရွာနဂရံ သမ္ပတ္တကာလေ လယ်တီအရညဝိဟာရေ ဓမ္မန္တေ ဝါသိကာဘိက္ခူ စ ဥပါသကာ စ ဋီကာရစန တ္တာယ အမှေ ယာစန္တိ။ တဒါစာယံ ဋီကာ ရစိတာတိ။

မဟာထေရေန ရစိတမိဒံ။

၎င်းပြင် လယ်တီပဏ္ဍိတကလည်း အောက်ပါအတိုင်း မြန်မာနိဒါန်းကြီးကို ရေးသား ဖော်ပြခဲ့လေသည်။

## လယ်တီပဏ္ဍိတ၏ မြန်မာနိဒါန်း

(၁) ပရမတ္ထဒီပနီမည်သော ဤသင်္ဂြိုဟ်မဟာဋီကာသစ်၏ အကြောင်းရင်းနိဒါန်း အတ္ထုပ္ပတ္တိကို အမြွက်မျှ ပြဆိုပေအံ့။

(၂) သိရီပဝရဝိဇယာနန္တယသပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာအမည်ရှိသော နတ်ပြည်စံ ခမည်းတော်မင်းတုန်းမင်းတရားကြီးသည် သက္ကရာဇ် ၁၂၁၄–ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

(၃) ထိုမင်းအဖြစ်သို့ရောက်တော်မူပြီးနောက် "ရတနာပုဥ္ဆ"အမည်ရှိသော မန္တလေးရတနာပုံနေပြည်တော်ကြီးကို လက်မွန်တည်ထောင် ဖန်ဆင်းတော်မူ၍ မြန်မာရာဇဝင်အဆက်ဆက်တွင်လာသော အခြားမင်းတို့နှင့် မတူတန်ဘွယ် ကြီးကျယ်လှစွာ သာသနာပြုရေးတို့ကို အားထုတ်ကြိုးပမ်းတော်မူပြီးခါ မြတ်စွာဘုရား သခင်၏ သာသနာတော်မြတ်ကို ပဉ္စယာနုဂ္ဂဟနှစ်ပါးတို့ဖြင့် ချီးမြှောက်ပြုစုတော်မူ ပေ၏။

(၄) ထိုစဉ်အခါ မန္တလေးနေပြည်တော်ကြီး၌ ပရိယတ္တိတည်းဟူသော ဟေမဝန္တာ တောတောင်အတွင်းဝယ် ခြင်္သေ့မင်းကြီးတို့ တရထည်ခိုင်ကျည်ရဲရင့်သော ပရိယတ္တိ ဝိသာရဒဂုဏ်နှင့် ပြည့်စုံတော်မူကြပေကုန်သော သီလဝန္တ ပညဝန္တ သိက္ခာကာမ

မဟောသဘာ ဖြစ်တော်မူကြပေကုန်သော မဟာထေရ်အကျော် ဆရာတော်ဘုရားကြီးတို့သည် ရှစ်ဆယ်မျှရှိတော်မူကြပေကုန်၏။

(၅) ထိုမဟာထေရ်မြတ်ကြီးတို့သည် ဘုရင်မင်းမြတ်ထံမှရအပ်သော "ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်တို့ဖြင့် ထင်ပေါ် ကျော်စောတော်မူကြကုန်၏။ မြင်းမိုရ်တောင်ကြီး နေဝန်းကြီး လဝန်းကြီးတို့ပမာ လွန်စွာ တင့်တယ်ကြကုန်လျက် သာသနာတော်မြတ်ကြီး၏ ကျက်သရေမင်္ဂလာတို့ကို ကောင်းစွာ ဆောင်ရွက်ကြကုန်လျက် သာသနာတော်၏ တမ်းခွန်မှန်ကင်းကြီးတို့သဘွယ် ဖြစ်တော်မူကြကုန်၏။ ရှင်မဟာကဿပ၊ ရှင်မဟာယသ၊ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ အစရှိကုန်သော သင်္ဂါယနာတင် အရှင်မင်းမြတ်ကြီးတို့ပမာ သာသနာတော်တည်းဟူသောဝန်ကို အားသွန်ကြိုးပမ်း၍ ထမ်းရွက်သယ်ပိုးတော်မူကြပေကုန်၏။

(၆) ထိုရှစ်ဆယ်မျှလောက်ကုန်သော မဟာထေရ်ကြီးတို့၏အထံတော်တို့၌ အသီးသီးမှီခို၍ ပရိယတ္တိပညာကို ကောင်းစွာ သင်ကြားတော်မူကြကုန်သော ရဟန်းတို့သည် ခြောက်သောင်းမျှရှိကြကုန်၏။

(၇) ထိုခြောက်သောင်းမျှလောက်ကုန်သော သံဃာတော်တို့ဖြင့် မန္တလေးမြို့တော်ကြီးသည် ကမ္ဗာအပြင်ဝယ် အလွန်ထင်ရှားကျော်စောခြင်းသို့ရောက်လေ၏။ ရွှေအဆင်းရှိသော သံဃာတော်အပေါင်းတို့ ပျော်စံနေရာ စိတ္တကုဋ်တောင်ခြေတွင်ရှိသောဟင်္သာကန်ကဲ့သို့ မန္တလေးမြို့တော်ကြီးသည် ရဟန်းတော်တို့၏ သင်္ကန်းရောင်တို့ဖြင့် တပြောင်ပြောင်တဝင်းဝင်း ထွန်းလင်းတောက်ပ၍နေ၏။

(၈) ထိုစဉ်အခါ မင်းတရားကြီးသည် အလုံးစုံသော ရဟန်းတော်ခြောက်သောင်းကျော်တို့အား နေ့စဉ်မပြတ် နိစ္စပတ်ဝတ်ပြု၍ ပစ္စည်းလေးပါးတို့ဖြင့် မျှတတော်မူကြကုန်လျက် ရဟန်းတော်များတို့သည်လည်း ပရိယတ္တိ ပဋိပတ္တိတရားတို့ကို အားထုတ်တော်မူကြကုန်၏။

(၉) ပရိယတ္တိဝိသာရဒဖြစ်တော်မူကြကုန်သော မဟာထေရ်မြတ်ကြီးတို့ကို အဆင့်ဆင့် သုတ်သင်ရှင်းလင်းတော်မူစေ၍ ပိဋကတ်သုံးပုံတို့ကို သန့်ရှင်းစင်ကြယ်သော ကျောက်သလင်းအပြင်တို့၌ ရေးထုတော်မူစေပြီးခါ သေလက္ခရာရှင်မည်သော သင်္ဂါယနာသဘင်ကိုလည်း ဆင်ယင်ကျင်းပတော်မူ၏။

(၁၀) သတ္တိဗလ ဗျတ္တိဗလနှင့်ပြည့်စုံတော်မူကြကုန်သော နှစ်ထောင့်လေးရာမျှ လောက်ကုန်သော ရဟန်းတော်တို့ကို စိစစ်ရွေးကောက်တော်မူပြီးခါ မြေနန်းပြာ သာဒ်တော်ကြီး၌ ခြောက်လတိုင်တိုင် ပိဋကတ်သုံးပုံကို အကုန်ရွတ်ပြန်သရဇ္ဈာယ် တော်မူစေ၍ ငါးကြိမ်မြောက်သံဂါယနာတင်တော်ခြင်းမည်သော "ပဥ္စမသင်္ဂါယနာ" သဘင်ကြီးကိုလည်း ဆင်ယင်ကျင်းပတော်မူ၏။

(၁၁) ဤသို့လျှင် နှစ်ဆယ့်ခုနှစ်နှစ်ပတ်လုံး မင်းအဖြစ်၌တည်တော်မူ၍ အထူး သဖြင့် အားထုတ်ကြိုးပမ်းတော်မူပြီးခါ သာသနာတော်မြတ်ကြီးကို စည့်ပင်ထွန်းလင်း ရန် ချီးမြှင့်တော်မူ၏။

(၁၂) သက္ကရာဇ် ၁၂၄၀-ပြည့်နှစ်တွင် ထိုမန္တလေးမြို့တော်နန်းတည် ပဥ္စမသံဂါ ယနာတင် ဘုရင်မင်းမြတ်တရားကြီးသည် နတ်ပြည်လားတော်မူခဲ့လေသည်။

(၁၃) ထိုမင်းတရားကြီးသည် နတ်ပြည်စံတော်မူသည့်နောက် သားတော်သီပေါ မင်းတရားသည် ခမည်းတော်အရိုက်အရာကို သိမ်းပိုက်စိုးချုပ်မင်းလုပ်တော်မူ၏။

(၁၄) ထိုမင်းနှစ်ပါးတို့၏ လက်ထက်မြို့တော်၏မြောက်ပြင် မင်္ဂလာကျုံးတော်အနီး မဟာဇောတိကာရာမမည်သော စံကျောင်းတိုက်ကြီး၏သခင် ပရိယတ္တိဝိသာရဒ သိက္ခာကာမ၊ ဓိတိမန္တစသော ဂုဏ်တော်အပေါင်းတို့နှင့်ပြည့်စုံတော်မူသော "သုဒဿနဓဇအတုလာဓိပတိသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ရှိ တော်မူသော စံကျောင်းဆရာတော်ဘုရားကြီးသည် များစွာသော သံဃာတော်ပရိ သတ်တို့အား ပိဋကတ်တော်သုံးပုံကို ချပို့တော်မူလျှက် အညစ်အကြေးကင်းသော ကောင်းကင်အပြင်၌ ထွန်းတက်ဆဲဖြစ်သော လပြည့်ဝန်းကြီးပမာ "မဟာဇောတိ ကာရာမ"တိုက်ကြီး၌ သီတင်းသုံးတော်မူ၏။

(၁၅) ဤယခု "ပရမတ္ထဒီပနီဋီကာ"ကျမ်းကို ရေးသားတော်မူသော မထေရ်မြတ် သည် ထိုစဉ်အခါ မဟာဇောတိကာရာမစံကျောင်းတိုက်ဆရာတော်ဘုရားကြီး၏ အထံတော်၌ ပိဋကတ်သုံးပုံကို သင်ကြားပို့ချ၍ သီတင်းသုံးတော်မူဆဲရှိ၏။

(၁၆) ထိုသို့သီတင်းသုံးတော်မူခိုက် မန္တလေးမြို့တော်ကြီး၏ လေးပြင်လေးရပ်တို့၌ အကြင်မဟာထေရ်ကြီးသည် အလွန်ထက်မြက်သော ဉာဏ်ပညာနှင့်ပြည့်စုံတော်မူ ကြကုန်သည်ဟူ၍လည်းကောင်း၊ နက်နဲသော ဂမ္ဘီရဉာဏ်နှင့်ပြည့်စုံတော်မူကြကုန် သည်ဟူ၍လည်းကောင်း ထင်ပေါ်ကျော်စောတော်မူကြကုန်၏။ အတိတိက္ခ အတိ

ဂမ္ဘီရမဟာထေရ်မြတ်ကြီးတို့သည် အဘိဓမ္မာဘက်ဆိုင်ရာမူလဋီကာကျမ်း၊ အနုဋီကာကျမ်း ဤကျမ်းနှစ်စောင်တို့ကို အသုံးပြုတော်မူလေ့ရှိကြကုန်၏။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျမ်း၊ မဏိသာရမဉ္ဇူသာဋီကာကျမ်း ဤကျမ်းနှစ်ကျမ်းတို့ကိုမူကား အသုံးပြုတော်မူလေ့မရှိကြကုန်။ ပို့ချသင်ကြားတော်မူလေ့ မရှိကြကုန်။

(၁၇) မိမိတို့ကိုယ်တိုင်တောင် မသုံးစွဲမပို့ချရုံမျှသာမကကုန်။ မိမိတို့၌မှီ၍နေကုန်သော တပည့်သံဃာတော်များကိုလည်း ထိုကျမ်းနှစ်စောင်တို့ကို သုံးစွဲခြင်း သင်ကြားပို့ချခြင်းတို့မှ တားမြစ်တော်မူကြကုန်၏။ တပည့်သံဃာတော်တို့ကိုလည်း ဤသို့လည်းပြောဆိုတော်မူလေ့ရှိကုန်၏။ "သင်တို့သည် အဘိဓမ္မတ္ထဝိဘာဝိနီဋီကာနှင့် မဏိသာရမဉ္ဇူသာဋီကာများကို ပို့ချသင်ကြားခြင်း မပြုကြကုန်လင့်။ အဘယ့်ကြောင့်နည်းဆိုသော် အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျမ်း၌ ချွတ်ချော် မှားယွင်းသောအရာတို့သည် များစွာရှိကုန်၏။ မဏိသာရမဉ္ဇူသာဋီကာကျမ်းကြီးသည်လည်း အနှစ်မပါ၊ အကာအတိဖြစ်၍ ကျမ်းလေးသောစကားတို့ဖြင့်သာပြည့်၍နေ၏။ အပိုစကားတို့ဖြင့် ကျမ်းကြီး၍နေ၏။ ဝန်လေး၍နေ၏။ ထိုမဏိသာရမဉ္ဇူသာဋီကာကျမ်းသည် ဖွဲ့ပုံကြီးနှင့်တူ၏။ ဖွဲစုကြီးနှင့်တူ၏။ ဖွဲဖြင့်ပြည့်နေသော တိုက်ကြီးနှင့်တူ၏။ ထို့ကြောင့် သင်တို့သည် ဤဋီကာကျမ်း ၂-စောင်တို့ကို သင်ကြားပို့ချခြင်းများကို မပြုကြကုန်လင့်။ (ဤကားအတိတိက္ခ အတိဂမ္ဘီရမထေရ်ကြီးတို့၏ စကားတော်များတည်း။)

(၁၈) ထိုသို့ တိက္ခဂမ္ဘီရမဟာထေရ်ကြီးတို့၏ မိန့်ဆိုမှာထားတော်မူချက်ကို ဤ "ပရမတ္ထ ဒီပနီဋီကာ" ကျမ်းကိုပြုတော်မူသော မဟာထေရ်မြတ်သည်လည်း အမှတ်တရ ကြားတော်မူလိုက်ရ၏။

(၁၉) မဟာထေရ်မြတ်ကြီးတို့၏ အမိန့်စကားကိုကြားတော်မူသောအခါ "ပရမတ္ထဒီပနီဋီကာ ကျမ်းပြုတော်မူလတ့်သော အရှင်မြတ်အား ဤအကြံဖြစ်တော်မူလတ်၏။ ငါတို့သည်လည်း ဤတိက္ခဂမ္ဘီရမဟာထေရ်ကြီးတို့ မိန့်တော်မူသောအတိုင်း သိမြင်ခြင်းငှာ အပ်လှချေ၏" ဤသို့အကြံဖြစ်တော်မူ၏။

(၂၀) ထိုသို့အကြံဖြစ်တော်မူသည်မှစ၍ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ၌ပါရှိလာသော အချက်များကို ပါဠိတော်ကြီး အဋ္ဌကထာကြီးတို့၌လာသော စကားအချက်တို့နှင့် စပ်ဆက်နှိုင်းညှိတော်မူလေ့ရှိ၏။ သဒ္ဒါအဆုံးအဖြတ် အနက်အဓိပ္ပါယ်အဆုံးအဖြတ်များကိုလည်း ကောင်းမွန်သေချာစွာ စိစစ်တော်မူလေ့ရှိ၏။

(၂၁) ထိုသို့ ပါဠိတော်ကြီး အဋ္ဌကထာတော်ကြီးတို့နှင့် တိုက်ဆိုင်နှိုးနှော၍ စိစစ်တော်မူလေရာ ရှေးမဟာထေရ်ကြီးတို့ မိန့်ကြားတော်မူကြဘူးသောအတိုင်း အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ၌ မှားယွင်းချွတ်ချော်သော အရာဌာနတို့ကို ကိုယ်တော်တိုင် ဒိဋ္ဌတွေ့မြင်တော်မူရလေသည်။

(၂၂) ထိုအခါ ငါသည် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌ သဒ္ဒါအဆုံးအဖြတ်အနက်အဆုံးအဖြတ်တို့နှင့်ပြည့်စုံသော ဋီကာကျမ်းစာတစ်စောင်ကို ရေးခြင်းငှါသင့်လှချေ၏ဟူ၍ ပရမတ္ထဒီပနီဋီကာကို ပြုတော်မူလတံ့သော အရှင်သူမြတ်ကြီး၌ ကြီးစွာသော အကြံတစ်ခုပေါ်ပေါက်လာ၏။

(၂၃) ထိုအခါမှစ၍ ပိဋကတ်တော်သုံးပုံတို့ကို သေချာစွာကြည့်ရှုတော်မူ၍ အဘိဓမ္မာနှင့်စပ်ဆိုင်သော အချက်အလက်တို့ကို ကောင်းစွာရွေးကောက်တော်မူပြီးလျှင် ပုရပိုက်တို့၌လည်းကောင်း၊ ဘုတ်အုပ်တို့၌လည်းကောင်း တင်မှတ်ရေးသားထားတော်မူ၏။ နောင်ဋီကာတစ်စောင်ရေးဖြစ်ပါမူကား ထိုမှတ်ချက်တို့သည် သက်သေသာဓကအရာတို့၌ တည်ပေကုန်လတံ့ဟူ၍ မြော်ကိုးတော်မူပြီးခါ များစွာစုဆောင်းတော်မူလေ့ရှိ၏။

(၂၄) နောင်တရံရောအခါ မန္တလေးမြို့တော်ကြီး၌ ကြီးစွာသောမီးဘေးကြီး ပေါ်ပေါက်လာ၏။ ထိုအခါ ရေးမှတ်၍ထားအပ်သော အရာဌာနတို့ ပျက်စီးယွင်းပါးလေသဖြင့် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏အဖွင့် "ဋီကာ" တစ်စောင်ကိုရေးအံ့ဟု ကြံစည်သောအကြံသည် နောက်သို့ဆုတ်၍ တရွေ့ရွေ့ငြိမ်းခဲ့လေသည်။

(၂၅) ထို့နောက် မန္တလေးမြို့ "မဟာဇောတိကာရာမတိုက်" စံကျောင်းဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းမှထွက်ခွါခဲ့ပြီးလျှင် သလ္လဝတီမြစ်၏အနီး မုံရွာမြို့ကြီးသို့ ရောက်လာ၏။ သက္ကရာဇ် ၁၂၄၈–ခုနှစ်တွင် ၎င်းမုံရွာမြို့၏ မြောက်မျက်နှာ၌ "လယ်တီ"မည်သော တောကျောင်းတိုက်ကြီးကို တည်ထောင်တော်မူ၍ လာလာသမျှသော သံဃာ့ပရိသတ်တို့အား ပိဋကတ်တော်သုံးဖြာကို ပို့ချတော်မူ၏။ ထိုအခါမှ ရေးမှတ်ထားရင်းဖြစ်သောအချက်တို့ကို စုဆောင်းရရှိပြန်သဖြင့် ဓမ္မန္တေဝါသိကဖြစ်ကြကုန်သော ရဟန်းတပည့်အပေါင်း လူတပည့်အပေါင်းတို့သည် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏အဖွင့်ဋီကာကျမ်းတစ်စောင်ကို ရေးသားတော်မူပါဟု များစွာတောင်းပန်ကြသည်ကို သည်းခံတော်မူလျှက် ကြည်လင်သန့်ရှင်းသော သဒ္ဒါအစဉ် အနက်အစဉ်တို့

နှင့်ပြည့်စုံသော "ပရမတ္ထဒီပနီ"မည်သော ဤသင်္ဂြိုဟ် မဟာဋီကာကျမ်းကြီးကို ရေးသားတော်မူအပ်သတည်း။

L.D. Pandita.

၂၇-၈-၀၇

ဤကား လယ်တီပဏ္ဍိတ၏ပြည့်စုံသော နိဒါန်းကြီးဖြစ်လေသည်။ ဒုတိယ အကြိမ် ပြန်လည်ရိုက်နှိပ်သောအခါ နောက်ဆုံးပြင်ဆင်ချက်အရ ပုံနှိပ်ခြင်းနိဒါန်းကို လည်း အောက်ပါအတိုင်း ဖတ်ရှုရလေသည်။

## နောက်ဆုံးပြင်ဆင်ချက်အရ ပုံနှိပ်ခြင်းနိဒါန်း

ရှေ့နိဒါန်းမှုများတွင် ညွှန်ကြားဖော်ပြခဲ့သည့်အရ ဆရာတော်ဘုရားကြီး သည် ပရမတ္ထဒီပနီအမည်ရှိသော သင်္ဂြိုဟ်မဟာဋီကာကျမ်းကို ကြိုးပမ်းစီရင်တော် မူပြီးလျှင် ပုံနှိပ်စေတော်မူရာ ဤမြန်မာနိုင်ငံ၌ ဆရာတော်ဘုရားကြီး ပဌမရေးသား တော်မူရင်းအတိုင်းကိုပင် အများကြည့်ရှုသင်ကြားကြရ၏။ ကြည့်ရှုသင်ကြားကြ သောအခါ အချို့သောအရာများတွင် စကားအကျဉ်းချုပ် တိမ်မြုပ်လျို့ဝှက်ခဲခက်ခြင်း ရှိနေသဖြင့် မခဲခက်ကြစေရန် မြန်မာပြန်မှီရာ ဋီကာနိဿယကျမ်းကိုလည်း ရေးသား ထားရှိသဖြင့် ရှင်လူခပင်းတို့မှာ ခဲယဉ်းငြိုငြင်ဖွယ်မရှိ ရှုကြည့်သုံးသပ်နိုင်ကြလေ သည်။

၎င်းဋီကာကျမ်းကို လန်ဒန်မြို့သို့ပို့သောအခါ ခဲခက်သောအရာတို့၌ မခက်ခဲ ကြစေခြင်းငှာ မြန်မာနိဿယနှင့်တွဲဖက်၍လည်း ပို့ရန်မသင့်သောကြောင့် စီရင်ရေး သားပုံနှိပ်ထားသော မြန်မာနိုင်ငံရှိမူရင်းမှာ ခဲခက်သောအသွင်သစ် ပေါ်လွင်ထင်ရှား အများသိရှိနိုင်အောင် ပြင်ဆင်ပြီးမှ ပေးပို့တော်မူ၏။

သို့ဖြစ်၍ မြန်မာနိုင်ငံရှိ မူရင်းနှင့် လန်ဒန်မူတို့သည် အချင်းချင်း မတူကွဲပြား ခြားနားလျှက် ရှိကြ၏။ မြန်မာနိုင်ငံရှိမူရင်းမှာ ဆရာတော်ဘုရားကြီး ပဌမရေးသား တော်မူသော မူရင်းအတိုင်းဖြစ် လန်ဒန်မူမှာ လွယ်ကူထင်ရှားစေရန် ထပ်မံပြင်ဆင် တော်မူအပ်သောမူဖြစ်၏။

ဤကဲ့သို့ ရှေးရှေးအခါက မူနှစ်မျိုးနှစ်စား ခြားနားလျှက်ရှိနေသော်လည်း မြန်မာနိုင်ငံရှိမူကို နောက်ထပ်ရိုက်နှိပ်သောအခါ လန်ဒန်မူအတိုင်းသာ ရိုက်နှိပ်ရမည်

ဟူသော ဆရာတော်ဘုရားကြီး၏အမိန့်အရ ယခုလက်ရှိစာအုပ်များကို လန်ဒန်မူအတိုင်း ပုံနှိပ်ခြင်းပြုလုပ်ပါသတည်း။

ဤသည်လျှင် နောက်ဆုံးပြင်ဆင်ချက်အရ ပုံနှိပ်ခြင်း၏နိဒါန်းဖြစ်လေသည်။ ယင်းသို့ လန်ဒန်မူအတိုင်းရိုက်နှိပ်သဖြင့် စာမူချင်းကွာခြားခဲ့လေသည်။ ၁၂၆၉-ခုနှစ်က ကဝိမျက်မှန်ပုံနှိပ်တိုက် ပရမတ္ထဒီပနီဋီကာမှာ ရှိုင်ဆိုက်ဖြင့်စာမျက်နှာ ၄၀၈-ရှိလေသည်။ ၁၂၈၅-ခုနှစ် ကဝိမျက်မှန်ပုံနှိပ်တိုက်ရိုက်မှာ ရှိုင်ဆိုက်ဖြင့်ပင် ၃၈၃-မျက်နှာရှိလေသည်။

**ပရမတ္ထဒီပနီဋီကာ၊ လယ်တီထေရနိပ္ဖာဒိတာ။**
**လယ်တီပဏ္ဍိတကုဋ္ဌရော၊ ပရဝါဒပမဒ္ဒနော။**

## သင်္ဂြိုဟ်မဟာဋီကာသစ်နိဿယ

ဆရာတော်ဘုရားကြီးသည် ပရမတ္ထဒီပနီသင်္ဂြိုဟ်ဋီကာကြီးကို ချုပ်တော်မူ၍ မိမိချုပ်သည့်အတိုင်း မိမိ၏တပည့်ဖြစ်သူ ဒီပဲယင်းမြို့ တောင်လက် အိမ်ရာရွာဇာတိဖြစ်သော ရဟန်းတော်အရှင်ကဝိကို ပရမတ္ထဒီပနီသင်္ဂြိုဟ် မဟာဋီကာသစ်ပါဌ်၏ အနက်မြန်မာပြန်မှီရာ အတ္ထနိဿယကျမ်းကြီးကို ရေးသားစီရင်စေတော်မူခဲ့လေသည်။ စာမူပြီးသောအခါ ဆရာတော်ဘုရားကြီးထံ ဆက်ကပ်ရာ ဆရာတော်ဘုရားကြီးက ပြင်ဆင်တည်းဖြတ်၍ ရိုက်နှိပ်တော်မူခဲ့လေသည်။ ယင်းနိဿယကျမ်းကြီးပေါ်ထွက်လာသဖြင့် ပရမတ္ထဒီပနီသင်္ဂြိုဟ်ဋီကာသစ်ကျမ်းကြီး ချုပ်ကြည့်ရှုရန် လွယ်ကူလာလေသည်။ ပရိယတ္တိသာသနာတော်အတွက် အတိုင်းမသိကျေးဇူးများသည့် ကျမ်းကြီးဖြစ်လေသည်။ ကျမ်းပြုသူ ရဟန်းတော်အရှင်ကဝိသည် ကျမ်းဦး၌-

၁။ အနန္တညာဏံ နတွာန၊ ယာ ဋီကာ ဝိရနန္ဒိတာ။
ပရမတ္ထဒီပနီ နာမ၊ သာရတ္ထပရိပူရဏီ။

၂။ ရစိတာ မဟာထေရေန၊ ပရမတ္ထသုဒဿိနာ။
တဿတ္ထံ ရစယိဿာမိ၊ မန္ဒေဟိ တံ ဝိဂါဟိတုံ။

၃။ အယုတ္တံ ယတ္ထ ပဿန္တိ၊ ဝုစ္စမာနတ္ထနိဿယေ။
ယုတ္တံ ဥတ္တာန ဂဏှန္တု၊ ပဏ္ဍိတာ ယုတ္တဒဿိနော။

(၁) အဟံ၊ ဒီပဲယင်းမြို့တောင်လက်အိမ်ရာရွာဇာတိ ကဝိအမည်ရှိသော အကျွန်ုပ်ရဟန်းပျိုသည်။ အနန္တဉာဏံ၊ အဆုံးမရှိသိမြင်ထိုးထွင်းသော သဗ္ဗညုတ ဉာဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ နတွာန၊ ရှိခိုးပြီး၍။ သာရတ္ထပရိပူရ ဏီ၊ အနှစ်သာရကောင်းမြတ်သော အနက်အဓိပ္ပါယ်တို့ဖြင့် အစအလယ်အဆုံး တစ်ကျမ်းလုံးပြည့်သည်ဖြစ်၍။ ဓီရနန္ဒိတာ၊ ပညာရှိသူ ရှင်လူအပေါင်းတို့သည် နှစ်ထောင်းအင်ခြိုက် မြတ်နိုးထိုက်စွာသော။ ပရမတ္ထဒီပနီ နာမ၊ သင်္ဂြိုဟ်ကျမ်း၏ အဖြောင့်အမတ် လွန်ကောင်းမြတ်သော အနက်အဓိပ္ပါယ်ကို ထွန်းပြကြောင်းဖြစ်၍ ပရမတ္ထဒီပနီအမည်ရှိသော။ ယာ ဋီကာ၊ အကြင်သင်္ဂြိုဟ်ဋီကာသစ်ကို။

(၂) ပရမတ္ထသုဒဿိနာ၊ မကွေ့မထောင့် အဖြောင့်အမတ် လွန်သင့်မြတ်သော သဘောအနက်အဓိပ္ပါယ်တို့ကို ကောင်းစွာသိမြင်နိုင်သော သဘောအလေ့ရှိတော်မူ သော။ မဟာထေရေန၊ မုံရွာမြို့လယ်တီတောရကျောင်းနေ ငါတို့ဆရာ မဟာထေရ်ရ မြတ်သည်။ ရစိတာ၊ စီရင်တော်မူအပ်ပြီ။ မန္ဒေဟိ၊ ငါ့အောက်ပညာ နူန့်ကြရာကုန် သော ရှင်လူအပေါင်းတို့သည်။ တံ၊ ထိုငါတို့ဆရာ မဟာထေရ်မြတ်စီရင်အပ်သော ပရမတ္ထဒီပနီဋီကာသစ်ကျမ်းကို။ ဝိဝါဟိတုံ၊ ကြည့်ရှုချပို့နှစ်လို့ကြည်လင်သက်ဝင်· တတ်စွမ်းနိုင်ကြပါစေခြင်းအကျိုးငှာ။ တဿာ၊ ထိုငါတို့ဆရာ မဟာထေရ်မြတ်စီရင် အပ်သော ပရမတ္ထဒီပနီကျမ်းသစ်၏။ အတ္ထံ၊ မိရာအတ္ထ နိဿယကို။ ရစယိဿာမိ၊ စီရင်ရေးသားပါအံ့။

(၃) ယုတ္တဒဿိနော၊ အသင့်ကိုမြင်လေ့ရှိကုန်သော။ ပဏ္ဍိတာ၊ ပညာရှိတို့ သည်။ ဝုစ္စမာနေ၊ အကျွန်ုပ်ဖွင့်ဆိုရေးသားလတံ့သော။ အတ္ထနိဿယေ၊ မိရာအတ္ထ နိဿယ၌။ ယတ္ထ၊ အကြင်အရာဌာန၌။ အယုတ္တံ၊ မသင့်သောအချက်ကို။ ပဿန္တိ၊ တွေ့မြင်ကြကုန်သည်ဖြစ်အံ့။ တတ္ထ၊ ထိုထိုအရာဌာန၌။ ယုတ္တံ၊ သင့်မြတ်ရာကို။ ဉတွာ၊ သိတော်မူကြကုန်၍။ ဂဏှန္တု၊ ယူကြပါစေကုန်သတည်း။ ဣတိ၊ ဤတွင် ဋီကာသစ်နိဿယအချီး အပြီးသတ်တည်း။

ဟူသော ၃–ဂါထာပါ၌နိဿယဖြင့် ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။ ယင်း သင်္ဂြိုဟ်ဋီကာသစ်နိဿယကြီးမှာ ပဌမတွဲ၊ ဒုတိယတွဲ ၂–တွဲရှိ၏။ ၂–တွဲလုံးကို ၁၉၀၁–ခုနှစ်တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်း ဟံသာဝတီသတင်းစာပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေခဲ့ရာ ရှိုင်ဆိုက်ဖြင့်စာမျက်နှာ ၅၄၇–ရှိ၍ ဒုတိယတွဲမှာ ၃၉၂–ရှိ

လေသည်။ ယင်းနိဿယကြီးများအတွင်းမျက်နှာဖုံး၌ မဟာဝေယျာကရဏိက ပိဋကတ္တယကောဝိဒဂုဏ် လောက်လုံကိုင လင်္ကာပေသလ သိက္ခာကာမဖြစ်တော်မူသော မုံရွာလယ်တီဝေဘာရဆရာတော်ပြုစီရင်အပ်သော ပရမတ္ထဒီပနီခေါ် သဂြိုဟ်ဋီကာသစ်ကျမ်းကို ရဟန်းရှင်လူတို့သင်ကြားကြည့်ရှုသုံးသပ်လွယ်စေရန် ၎င်းဆရာတော်၏တပည့် အရှင်ကဝိပုဂ္ဂိုလ် အနက်မြန်မာပြန်ဆိုအပ်သော သဂြိုဟ်ဋီကာသစ်နိဿယပဌမအုပ်ႋ ဒုတိယအုပ် စသည်ဖြင့် ပါရှိလေသည်။

**ပရမတ္ထဒီပနိယာ၊ နိဿယော သာဓု မာနိတော။**
**ရစိတော ထေရသိဿေန၊ ကဝိနာ ကဝိနန္ဒိနာ။**

## ပရမတ္ထဒီပနီ မြန်မာပြန်

လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထဒီပနီမည်သော သဂြိုဟ်မဟာဋီကာပါဠိကျမ်းကြီး၏ မြန်မာပြန်ကျမ်းကိုလည်း ရန်ကုန်မြို့ မြောက်ဥက္ကလာပ ၅/ရပ်ကွက်၊ ပုလဲလမ်းသွယ် ၄-လမ်း၊ အိမ်အမှတ် ၅၁၅/က၊ ပါဠိဆရာဦးအောင်တင်သည် မဟာသာဟာဖွဲ့လှုံ့လဖြင့် ပြုစီရင်တော်မူခဲ့လေသည်။ ဆရာကြီးဦးအောင်တင်သည် အသက် ၆၀-ကျော် ရ၀-နီးရှိ၍ ဇရာဒုဗ္ဗလဖြစ်၍ လက်များတုန်နေ၍ စာမရေးနိုင်ပဲရှိရာ သားမောင်တိုက်စိုးနှင့် မောင်ရွှေသန်း၊ မောင်သောင်း-စသော တပည့်များကို မိမိကနှုတ်ကပြော၍ ရေးသားစေခဲ့လေသည်။ ယင်းကျမ်း၏အမည်မှာ မုံရွာမြို့ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး စီရင်ရေးသားတော်မူခဲ့သည့် ပရမတ္ထဒီပနီမည်သော သဂြိုဟ်မဟာဋီကာ မြန်မာပြန်ဖြစ်သည်။

ယင်းကျမ်းကို ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ ၃-တွဲခွဲရိုက်နှိပ်မည်ဖြစ်ရာ စိတ်၊ စေတသိက်၊ ပကိဏ်း ၃-ပိုင်းပါရှိရာ ပထမတွဲမှာ ရန်ကုန်မြို့၊ ကမာရွတ် လှည်းတန်းလမ်းမ ဂန္ထဝင်ပုံနှိပ်တိုက်တွင် ၁၃၄၇-ခုနှစ်က ပုံနှိပ်ပြီးစီးပေါ်ထွက်ခဲ့လေသည်။

ဆရာကြီးသည်ကျမ်းဦး၌-

**သုဂတံ သမ္မာသမ္ဗုဒ္ဓံ၊ သဒ္ဓမ္မံ ဗောဓိပသိက်ံ။**
**ဒက္ခိဏေယျံ သံဃဉ္စာပိ၊ ဝန္ဒာမိ တီဟိ သာဒရံ။**

အဟံ၊ ပါဠိဆရာအောင်တင်,ပါဟု သညာခေါ်မှတ် နာမ်ရုပ်ဓာတ်တို့ မပြတ်ကြောင်းကျိုး ဖြစ်ရိုးပျက်ဖြင့် အမျိုးမျိုးဆက်ပေါ် တပည့်တော်သည်။ သုဂတံ၊

သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ မကပ်ငြိပဲ မဇ္ဈိမပဋိပတ် ကောင်းမြတ်ဖြောင့်တန်း မဂ္ဂင်လမ်းဖြင့် ရွှေနန်းပူရီ ဘေးမဲ့ပြည်သို့ ကြွချီဆိုက်ရောက်တော်မူပေသော။ သဗ္ဗညုသမ္ဗုဒ္ဓ၊ သစ္စာဥေယျ ဓမ္မအပုံ အလုံးစုံကို အကုန်မကျန် မြတ်ရွှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းကြီးလင်းတော်မူပြီးသည့် တရားမင်းကြီးကိုလည်းကောင်း။ ဟေဝိပဿိကံ၊ လာရောက်ရှုမြင် ကျေးဇူးတင်မြဲဖြစ်၍ လာပါရှုပါ ကျင့်ကြံပါဟု မပါပါအောင် ခေါ်ဆောင်သွတ်သွင်း တိုက်တွန်းခြင်းငှာ ထိုက်တန်စွာသော ဂုဏ် ထူးဝိသေသနှင့် ပြည့်စုံတော်မူပေသော။ သဒ္ဓမ္မဥ္စ၊ အရိယာအသျှင် သူတော်စင်တို့ ညင်သာကောင်းမြတ် ပရိယတ်နှင့်တကွသော မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်တရား ကိုလည်းကောင်း။ အပိ၊ ထို့ပြင်လည်း။ ဒက္ခိဏေယျံ၊ နောက်နောက်ဘဝ အကျိုးရဖို့ ပျိုးချတုံလတ် မြတ်သောအလှူဝတ္ထုမျိုးကိုလည်း ခံယူခြင်းငှာထိုက်တန်စွာသော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်နှင့်ပြည့်စုံတော်မူပေသော။ သံဃဥ္စ၊ သီလဝန် ဂုဏဝန်၊ ပညာဝန်၊ အသျှင်မွန် အသျှင်ကောင်းတို့နှင့်တကွ အရိယာရှစ်ပါး တပည့် သားသံဃာတော်မြတ်အပေါင်းကိုလည်းကောင်း။ တီဟိ၊ ကာယ ဝစီ မနောမှီလျှက် သုံးလီသောဒွါရ သုံးပါးသောပဏာမတို့ဖြင့်။ သာဒရံ ရိုသေလေးစား အရေးထားခြင်းနှင့်တကွ။ ဝန္ဒာမိ၊ ဒူးလက်နဖူး တည်ငါးဦးဖြင့် ကြည်နူးသဒ္ဓါ ရှိခိုးဦးချလိုက်ပါ၏ဘုရား။

**တိက္ခဂမ္ဘီရဇဝန–ဉာဏိကေ ပိဋကန္တရေ။**
**ပူဇာရဟေ မမာစေရေ၊ ဝန္ဒာမိ ပဏ္ဍိတက်ရေ။**

တိက္ခဂမ္ဘီရဇဝနဉာဏိကေ၊ ထက်မြက်သောဉာဏ်၊ နက်နဲသောဉာဏ်၊ လျင်မြန်သော ဉာဏ်ရှိတော်မူကြပေကုန်ထသော။ ပိဋကန္တရေ၊ သုံးပုံပိဋကတ် ပရိယတ်၌ ကမ်းခတ်ပျော်မြူး ကူးတော်မူဘူးကုန်ထသော။ ပူဇာရဟေ၊ ပစ္စယပူဇာ ဓမ္မာပူဇာ အဖြာဖြာတို့ဖြင့် သူငါစတောင်း တပည့်အပေါင်းတို့၏ ဦးခေါင်းညွှတ်ကျိုး ရှိခိုးပူဇော်ခြင်းငှာ ထိုက်တော်မူပါပေကုန်ထသော။ ပဏ္ဍိတက်ရေ၊ ငါသို့သောသူ သာမန်လူကို ဉာဏ်ယှုဟိတ်ဆန်း ပဏ္ဍိတ်တန်းသို့ တက်လှမ်းနိုင်ရေး နည်းပေးလမ်းပြ သင်ကြား စွမ်းတော်မူကြပေကုန်သော။ မမ၊ အကျွန်ုပ်၏။ အာစေရေ၊ နတ်တလင်းမြို့ ပထမခေမာသီဝံဆရာတော်၊ ဇီးကုန်မြို့ဇောတိကာရုံဆရာတော် အရှင်တေဇ၊ အရှင်သီလာစာရ၊ အရှင်ဥဂ္ဂသာဘိဝံသ၊ အရှင်ကုန္ဒ၊ မန္တလေးမြို့ မစိုးရိမ် သဒ္ဓမ္မနယူပဒေသကျောင်း နာယကဆရာတော် အရှင်ဇဝနာဘိဝံသ၊

ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီး၊ နိရုတ္တိနယပဒေသကျောင်း နာယကဆရာတော်အရှင်ဝိသုဒ္ဓါဘိဝံသ၊ ဝိသုဒ္ဓါရုံစည်ရှည်ဆရာတော် အရှင်ကောသလ္လ၊ တောင်မြို့မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၊ ဝေယံဘုံသာဆရာတော် အရှင်ကလျာဏ၊ တောင်ပြင်မှ ရွှေရေးဆောင်ဆရာတော်ကလေး ဦးကေသဝ၊ မန္တလေးအနောက်ပြင် စကုတိုက်သဒ္ဓမ္မဇောတိကာရုံအုတ်ကျောင်းဆရာတော် ပထမကျော်လယ်တီကောဝိဒ၊ လယ်တီပဏ္ဍိတ ဆရာကြီးဦးမောင်ကြီး၊ လယ်တီဦးဝဏ္ဏိတ၊ လယ်တီဦးခေမိန္ဒ ဆရာတော်အရှင်သူမြတ်တို့ကိုလည်းကောင်း။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ အလွမ်းစိတ်ဖြင့် တန်းမှန်းမြှော်ဆ ရှိခိုးဦးချလိုက်ပါ၏ဘုရား။

လယ်တီထေရော ယော ဇဝန-တိက္ခဂမ္ဘီရဉာဏိကော။
သီလာဒိဂုဏသမ္ပန္နော၊ ပါရဂူ ပိဋကတ္တယေ။

ယော လယ်တီထေရော၊ အကြင်မုံရွာမြို့ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားတည်းဟူသော မထေရ်မြတ်ကြီးသည်။ ဇဝနတိက္ခဂမ္ဘီရဉာဏိကော၊ လျင်မြန်သောဉာဏ်၊ ထက်မြတ်သောဉာဏ်၊ နက်နဲသောဉာဏ်လည်း ရှိတော်မူပါပေ၏။ သီလာဒိဂုဏသမ္ပန္နော၊ သီလ သမာ ပညာအထူး ဂုဏ်ကျေးဇူးအပေါင်းနှင့်လည်း ကောင်းကောင်းကြီး ပြည့်စုံတော်မူပါပေ၏။ ပိဋကတ္တယေ၊ အဋ္ဌကထာ, ဋီကာ, ယောဇနာ, မဓု, အနုဂဏ္ဌိ စရှိများတောင်း အခြံအရံကျမ်းပေါင်းနှင့်တကွသော ပိဋကသုံးပုံ အလုံးစုံ၌။ ပါရဂူ၊ တဖက်ကမ်းရောက်အောင် တတ်မြောက်တော်မူပါပေ၏။

တံ ထေရာဟံ န ပဿာမိ၊ ကတော ထေရေန သုတ္တမော။
ပရမတ္ထဒီပနီဝှော၊ ယော ဂန္ထော သုဒ္ဓ သာခကော။

တံ ထေရံ၊ ထိုသို့သောဂုဏ် အမျိုးစုံသည့် မုံရွာမြို့ ကျေးဇူးရှင်ဆရာတော်ဘုရားတည်းဟူသော ထိုမဟာထေရ်မြတ်ကြီးကို။ အဟံ၊ ပါဠိဆရာ အောင်တင်ခေါ်သော အကျွန်ုပ်သည်။ န ပဿာမိ၊ ကိုယ်တိုင်တွေ့ကာ မဖူးမြင်လိုက်ရပါ။ ထေရေန၊ ကျွန်ုပ်ကိုယ်တိုင် မဖူးမြင်ရသော မုံရွာမြို့ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားတည်းဟူသော မဟာထေရ်မြတ်ကြီးသည်။ ကတော၊ ပြုစုရေးသားတော်မူအပ်သော။ သုတ္တမော-သုဥတ္တမော၊ အလွန်ကောင်းမြတ်သော အနက်အဓိပ္ပါယ် အဆုံးအဖြတ်ရှိသော။ သုဒ္ဓသာခကော၊ ကောင်းမြတ်သော ပါဠိ, အဋ္ဌကထာ, ဋီကာ သက်သေ

ပြည့်စုံပေထသော။ ပရမတ္ထဒီပနီဌာ၊ ပရမတ္ထဒီပနီအမည်ရှိသော။ ယော ဂန္ထော၊ ကောင်းမြတ်ထူးဆန်း အကြင်ကျမ်းသည်။ အတ္ထိ၊ လောကတလွှား အမြင်အားဖြင့် ထင်ရှားရှိခဲ့ပေသည်။

**မာပိတံ ပါဠိဘာသာယ၊ မြမ္မာဘာသာယ တံ ဓုဝံ။**
**ပူဇယိဿာမိ ပဿန္တု၊ တံ နိစ္စံ သာရမေသိနောတိ။**

ပါဠိဘာသာယ၊ ပါဠိဘာသာ ထူးမြတ်စွာဖြင့်။ မာပိတံ၊ ကမ္ဘာအတွင်း ဂုဏ်အရောင်လင်းစေဖို့ ဖန်ဆင်းတော်မူခဲ့ပေသော။ တံ ဂန္ထံ၊ ပရမတ္ထဒီပနီ အမည်သာဆန်း ထိုသည့်ကျမ်းကို။ မြမ္မာဘာသာယ၊ တိုင်းရင်းသူတို့ သိဖို့မှန်စွာ မြန်မာ့ဘာသာဖြင့်။ ဓုဝံ၊ မချွတ်။ ပူဇယိဿာမိ၊ ကမ္ဘာတလွှား သိစေသားဟု စိတ်ထားရည်မျှော် ပူဇော်လိုက်ပါသတည်း။ တံ ဂန္ထံ၊ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးအားပူဇော်၍ထားသော ပရမတ္ထဒီပနီသင်္ဂြိုဟ်မဟာဋီကာ မြန်မာဘာသာကျမ်းကို။ သာရမေသိနော၊ အနှစ်အသား လွန်ဆန်းပြားသည့် တရားစစ်တရားမှန်ကို ရှာကြံစုဆောင်း သူတော်စင်အပေါင်းတို့သည်။ နိစ္စံ၊ အမြဲ။ ပဿန္တု၊ ကြေးမုံမှန်သွင် ဉာဏ်အမြင်ဖြင့် စံတင်ကာအမှုမများအောင် ရှုစားတော်မူလိုက်ကြပါကုန်လော့။ ဣတိ၊ ကျမ်းဦးအစတွင် အထူးတင်ပြလိုက်သည့် ဂန္ထာရမ္ဘစကားပြီးဆုံးပါပြီ။ ဟူသော ငါးဂါထာပါဌ်နိဿယဖြင့် ဂန္ထာရမ္ဘပြုခဲ့လေသည်။ ယင်းကျမ်းမှာ ကရောင်း ၁၆-ချိုးဖြင့် စာမျက်နှာ ၄၅၇-ရှိလေသည်။

မြန်မာ့ဘာရတိဂန္ထောပိ၊ ဒီပနိယာ သုသုန္ဒရော။
ရစိတော ဦးအောင်တင်ဝ-ပဏ္ဍိတေန သုဝိညုနာ။

ဤသို့စသည်ဖြင့် လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထဒီပနီဋီကာကျမ်းကြီးသည် အခြံအရံပေါင်းများစွာဖြင့် ပရိယတ္တိသာသနာ့အလယ် တင့်တယ်လျှက်ရှိပေသည်။

## အနုဒီပနီပါဌ်

ဆရာတော်ဘုရားကြီးသည် နိုင်ငံခြား တိုင်းတစ်ပါးသားတို့ ပရမတ္ထဒီပနီကျမ်းကြီးကို လွယ်ကူစွာ ကြည့်ရှုစေလိုခြင်း ပရမတ္ထဒီပနီကျမ်းကို ကြည့်ရှုလေ့လာချပို့ကြကုန်သော ဂန္ထဝါစက မဟာထေရ်မြတ်တို့၏ တောင်းပန်လျှောက်ထားခြင်းတို့ကြောင့် မိမိ၏ ဇရာဒုဗ္ဗလအဖြစ်ကို ထည့်တွက်စဉ်းစားတော်မမူပဲ သက္ကရာဇ်

၁၂၇၈–ခုနှစ် နယုန်လပြည့်ကျော် ၉–ရက်နေ့၊ နေ့လည်မွန်းတည့်တိ အချိန်တွင် အပြီးသတ်ဖွင့်ဆို စီရင်တော်မူခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် ကျမ်းဦး၌–

အနန္တဉာဏံ နတွာန၊ လောကာလောကကရံ ဇိနံ။
ကရိဿာမိ ပရမတ္ထ–ဒီပနိယာနုဒီပနိံ။

ဟူသောဂါထာဖြင့် အဆုံးပိုင်းခြားမရှိသော သဗ္ဗညုတဉာဏ်တော်ရှိတော်မူသော သတ္တဝါအပေါင်းအား ပညာအရောင်ကိုပြုတော်မူတတ်သော ငါးမာရ်အောင်မြင် ဘုရားရှင်ကိုရှိခိုးပြီး၍ ပရမတ္ထဒီပနီ၏ အနက်အဓိပ္ပါယ်ကို ထပ်ဆင့်ဖွင့်ဆိုသည့် အနုဒီပနီကျမ်းကို ပြုပေအံ့–ဟု ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ကျမ်းအဆုံး၌လည်း–

၁။ ပရမတ္ထဒီပနီနာမ၊ ယေန ထေရေန သာ ကတာ။
တေနေဝေသာ ကတာ ဟောတိ၊ အယံ တဿာနုဒီပနီ။

၂။ အဋ္ဌသတ္တဒွယေကမှိ၊ သာကေသာ ဇေဋ္ဌမာသကေ။
ကာဠေ နဝမိယံ ဒိဝါ–မဇ္ဈန္တိကေ နိဋ္ဌံ ဂတာ။

ဟူသော ၂–ဂါထာပါဌ်ဖြင့် ကျမ်းပြုသူ၊ ကျမ်းပြီးရာကာလကိုဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းအနုဒီပနီပါဌ်ကျမ်းကို မန္တလေးမြို့အနောက်ပြင် မစိုးရိမ်တိုက် ပဥ္စမကျော်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ လယ်တီဆရာတော်ဘုရားကြီး၏ တပည့် ဆရာတော်အရှင်ဉာဏက ကြည့်ရှုသုတ်သင်ကြီးကြပ်၍လည်းကောင်း၊ ပုံနှိပ်တိုက်၌ ဆရာခန့်က ကြပ်မပြင်ဆင်၍လည်းကောင်း ခရစ်သက္ကရာဇ် ၁၉၂၀–ပြည့်နှစ်က မန္တလေးမြို့ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့လေသည်။ ကျမ်းဦး၌ နိဒါန်းကိုလည်း ဆရာတော်အရှင်ဉာဏက ရေးသားဖော်ပြတော်မူခဲ့ရာ သာသနာဝင် စာတော်ဖတ်တို့တွေ့ရခဲသော စာကောင်းပေမွန်တစ်ခုကို ကြည့်ရှုစေလိုပါသဖြင့် ဖော်ပြအပ်ပါသည်။

## ပါဠိနိဒါန်း

ဣမိဿာ အနုဒီပနိယာ နာမ ဋီကာယ ဥပ္ပတ္တိ ဝုစ္စတေ။

သီဟဠဒီပေ ကိရ အနုရာဓပုရေ ဝဋ္ဋဂါမဏိ အဘယော နာမ ရာဇာ ရဇ္ဇံ ကာရေတိ။ တဒါ သောမာဒေဝီ နာမ တဿ အဂ္ဂမဟေသီ ပုညဝန္တာနံ ဝသနတ္ထာယ တုမူလသောမံ နာမ ဝိဟာရံ ကာရာပေသိ။ တတ္ထ ဝသန္တာနံ ပညာဝဒါတဂုဏသောဘိတာနံ လဇ္ဇီဘူတာနံ မဟာမဟိန္ဒထေရာဒီနံ ဝံသေ ဇာတော အာယသ္မာ အနုရုဒ္ဓါစရိယော နမ္ဗဝှယေန ဥပါသကေန အဇ္ဈေသနံ ဥပါဒါယ အဘိဓမ္မတ္ထသင်္ဂဟံ နာမ ဧကံ ပကရဏံ ရစယိ။ ယေန သကလအဘိဓမ္မပိဋကေ ဝုတ္တာ အတ္ထာ သင်္ဂယှန္တိ။

တဿ စ အတ္ထပ္ပကာသနာ ပေါရာဏကေဟိ အာစရိယေဟိ သံဝဏ္ဏိတာ အနေကာ သံဝဏ္ဏနာ သန္တိ။ ယေ ပန သာရတ္ထံ အတိမာနိနော တာဟိ တုဋ္ဌိံ န ဝိန္ဒန္တိ။ တထာ ဟိ တေ မုံရွာဂါမေ အရညမှိ လယ်တီတိ ဝိသုတာလယေ ဝသန္တံ မဟာတော ဘိက္ခုဂဏဿပါမောက္ခံ ဗဟုနော ဇနဿ အတ္ထဟိတကာမံ မဟာပညံ ဂမ္ဘီရပညံ ဇဝနပညံ ဝိဝိဓဝိနိစ္ဆယပိ နိစ္ဆကံ နာနာဂန္ထကာရကံ စိတြကထိကဓမ္မပဇ္ဇောတကရံ အဂ္ဂမဟာပဏ္ဍိတောတိ လဒ္ဓရာဇလဉ္ဆကံ လယ်တီမဟာထေရောတိ ဝိသုတံ အမှာကံ အာစရိယံ ဥပသင်္ကမ္မ ယာစိံသု အဘိဓမ္မတ္ထသင်္ဂဟေ ပရိပုဏ္ဏဝိနိစ္ဆယံ အနညသဒိသံ ဧကံ ဋီကာဂန္ထံ ရစယိတုံ။

မဟာထေရောပိ မြမ္မရာဇူနံ ကာလေ မဏ္ဍလနဂရေ မဟာဇောတိကာရာမေ ပရိယတ္တိဝိသာရဒဿ ဂဂနတလေ ဝိဇ္ဇောတမာနစန္ဒူပမဿ သုဒဿနမဟာသာမိထေရဝရဿ ပါဒမူလေ သာဋ္ဌကထာနိ တီဏိ ပိဋကာနိ ဂဏှန္တော ဝါစေန္တော ဝသိ။ တသ္မိံ ကာလေ အဘိဓမ္မတ္ထသင်္ဂဟဿ ပေါရာဏကေသု သံဝဏ္ဏနာဂန္ထေသု အနေကာနိ ဝိရုဒ္ဓဋ္ဌာနာနိ အဒ္ဒသ။ ဒိသွာ စ ပနဿ ဧဝံ အဟောသိ။ "ဗဟူနိ ဝိရုဒ္ဓဋ္ဌာနာနိ အမှေဟိ သာမံ ဒိဋ္ဌာနိ။ ယာနိ အတိတိက္ခပညေဟိ အတိဂမ္ဘီရဉာဏေဟိ ထေရေဟိ အာစိက္ခိတာနိ။ တာနိ စ ဝိသောဓေတွာ ဧကံ ပရိပုဏ္ဏဝိနိစ္ဆယံ ဋီကာဂန္ထံ ရစယိတုံ ဝဋ္ဋတိ။ ယံ သောတူနံ အဘိဓမ္မတ္ထဿ ဇာနနေ ဗဟူပကာရံ ဘဝိဿတီ" တိ။

သေယျထာပိ ဟိ မဟဏ္ဏဝေ ရတနာနိ ဥဒ္ဓရိတွာ ဒီပဝါသီနံ ယထိစ္ဆံ ဒဒေယျုံ။ န တသ္မိံ တေသံ ရတနာနံ ဦနတာ သင်္ချံ ဥပေတိ။ အဘိဓမ္မဏ္ဏဝေ ရတနပူရေ အတ္ထေ သတ္တက္ခတ္တုမ္ပိ ဝဏ္ဏေယျုံ။ န တေ ပရိယာဒိန္နာ ဘဝိဿန္တိ။ တသ္မာ သန္တေသုပိ တေသု သံဝဏ္ဏနာဂန္ထေသု မဟာထေရဿ နဝံ ဋီကာဂန္ထံ ရစယိတုံ မဟုဿာဟော အဟောသိ ယေဝ။

တထာ ဟိ တဒါ သောတူနံ ဟိတဇ္ဈာသယော သာရဒဿီ မဟာထေရော တေသဉ္စာယာစနံ ပဋိစ္စ အတ္တနော ဥဿာဟဉ္စ ပဂ္ဂဟေတွာ သာရဂဝေသီနံ ဟိတတ္ထာယ နာနာသာရတ္ထသမ္ပုဏ္ဏံ နာတိသင်္ခေပဝိတ္ထာရံ ပရမတ္ထဒီပနိံ နာမ ဋီကံ ရစိတုံ အာရဘိ။ သာ စ ဋီကာ သဟဿဒွိသတေကူနသဋ္ဌိမေ ဝဿေ ကောမုဒသာရဒေ ပစ္ဆိမကတ္တိကမာသေ နိဗ္ဘယာ နိရုပဒ္ဒဝါ သုနိဋ္ဌိတာ။

တတော ပဋ္ဌာယ ပနေသာ ဋီကာ ဗဟူနံ သာရာသာရဝိဝေကီနံ တိက္ခဗုဒ္ဓီနံ ပဏ္ဍိတဇနာနံ ဟဒယံ တောသေတွာ အဘိဓမ္မေ မန္ဒဗုဒ္ဓီနံ သောတုဇနာနံ ပဗောဓနံ ဥပ္ပါဒေတွာ အာဘိဓမ္မိကာနံ ဗဟူပကာရတံ ဇနေတွာ မြမ္မရဋ္ဌေ ဖရိတွာ နဘမဇ္ဈေ သဟဿရံသီ ဘာဏုရာဇာ ဝိယ ပရမတ္ထဒီပနေဟိ သံဝဏ္ဏနာ ရံသီဟိ ပကာသမာနာ ဝိရောစမာနာ တိဋ္ဌတိ။

န ကေဝလံ မြမ္မရဋ္ဌေယေဝ အညေသုပိ ရဋ္ဌန္တရေသု ဖရိတွာ တိဋ္ဌတိ။ တတောယေဝ မဟာထေရဿ ဝေဠံ ပရိဝိတက္ကော ဥဒပါဒိ။ အဟဉ္စ ခေါပန ဣဓ အန္တေဝါသိကာနံ သယံ ပရမတ္ထဒီပနိံ ဝါစေတွာ ဝုတ္တဝစနာနံ အဓိပ္ပါယံ ကထေတွာ သဗ္ဗံ ဒုက္ကရဋ္ဌာနံ ဇာနာပေတွာ တဿာ ဧကံ နိဿယဂန္ထံ သံခိတ္တေန လေခါပေဿံ။ ယေန မြမ္မိကာဇနာ ပရမတ္ထဒီပနိယာ အတ္ထံ သုခေန ဝိညာတုံ သက္ကောန္တိ။ ကထံ ပန ရဋ္ဌန္တရေသု ပါဠိဘာသမေဝ ဇနန္တာ မြမ္မဘာသံ အဇာနန္တာ မမ ဂန္ထံ ဝလဉ္ဇန္တာ အာဘိဓမ္မိကာ တတ္ထ သဗ္ဗံ အတ္ထံ ဇာနေယျုံ။ ယံ နူနာဟံ တတ္ထ ဝုတ္တာနံ ပဒဗျဉ္ဇနာနံ ဝစနတ္ထံ ပကာသေတွာ ယောဇနာနယဉ္စ ဒဿေတွာ ဂမ္ဘီရဋ္ဌာနာနိ စ ဥတ္တာနိ ကတွာ ဧကံ အနုဒီပနီနာမ ကရေယျံ။ ယံ နိဿာယ သုဒ္ဓမာဂဓိကာ ရဋ္ဌန္တရ-ဝါသိနော မမ ပရမတ္ထဒီပနိံ သုခေနေဝ ဝလဉ္ဇေယျုံတိ။

မြမ္မရဋ္ဌေပိ ပရမတ္ထဒီပနိံ ဝလဉ္ဇန္တာ ဗဟူ ဂန္ထဝါစကာ မဟာထေရံ ဥပသင်္ကမိတွာ ဝေဠံ ယာစိံသု "အယံ ဟိ ဘန္တေ တုမှေဟိ ရစိတာ ပရမတ္ထဒီပနီ ပဉ္စသု နိကာယေသု အဇ္ဈောဂါဟေတွာ တိဋ္ဌတိ။ တထာ ဟိ သာ ဗဟူသု ဌာနေသု အတိဂမ္ဘီရာ သုခုမတ္ထာ ဂူဠတ္ထာ ဒုဒ္ဒသာ ဒုရနုဗောဓာ ပဏ္ဍိတဝေဒနိယာ သောတူဟိ သုခေန ဝိညာတုံ ဒုက္ကရာ။ ဘန္တေ တုမှေဝ ဂမ္ဘီရဋ္ဌာနာနိ ဥတ္တာနိ ကတွာ သုခုမတ္ထေ ပကာသေတွာ ဂူဠတ္ထေ အာဝိကတွာ ဒုဒ္ဒသေ ဝိဘာဝယိတွာ ဒုရနုဗောဓေ သုဝိညာ ပနိယေ ကတွာ ပရမတ္ထဒီပနိယာ အနုဝဏ္ဏနံ ဧကံ ဋီကံ ရစထ။ ယာ ပစ္ဆိမဇနာနံ ဟိတာယ အတ္ထာယ ဗဟူပကာရာယ ဥပ္ပဇ္ဇိဿတီ"တိ။

အထ မဟာထေရော တေသဉ္စ အဇ္ဈေသနံ ဝိဒိတွာ အဘိဓမ္မေ ပါဠိဝတ္တီသု မန္ဒဗုဒ္ဓီသု ကာရုညတဉ္စ ပဋိစ္စ ရဋ္ဌန္တရေသု စ သုဒ္ဓမာဂဓိကေဟိ အာဘိဓမ္မိကေဟိ သုခေန တာသာ ဝလဉ္ဇနတ္ထံ အတ္တနော ဇရာယ ဒုဗ္ဗလဘာဝံ အဂဏေတွာ ပရမတ္ထဒီပနိယာ အတ္ထဒီပကံ ဥတ္တာနပဒဗျဉ္ဇနသဒ္ဒနယအတ္ထနယေဟိ ပဋိမဏ္ဍိတံ ဂ္ဂမံ အနုဒီပနိံ နာမ ဋီကံ ရစယိ။

သာ စ မုဒ္ဒါယန္တကာလေ အဝိရုဠှနတ္ထံ အမှေဟိ ပရိသောဓေတွာ စ လဥ္စကာနံ သုခေန ဒဿနတ္ထံ ဥပဒေသပ္ပဒါနေန မုဒ္ဒါပိတာတိ။

မစိုးရိမ်ကျောင်းတိုက်
မန္တလေးမြို့
၁၂၈၂-ခု၊ နယုန်လဆုတ် ၈-ရက်

မဟာထေရဿ သီဿဘူတေန
ပဋ္ဌမကျော်ဓ္ဇတိ ကိတ္တိနာ
ဉာဏတ္တေရေန ဝိရစိတမိဒံ။

ယင်းအနုဒီပနီကျမ်းကြီးမှာ ရှိုင်ဆိုက်စာမျက်နှာ ၃၂၄-ရှိလေသည်။ ကျမ်းကြီး၏ အတွင်းမျက်နှာဖုံး၌-

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မုံရွာမြို့လယ်တီဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူအပ်သော ပရမတ္ထဒီပနီသင်္ဂြိုဟ် မဟာဋီကာသစ်ကျမ်း၏အဖွင့် အနုဒီပနီပါဠ် ပါဠိဆရာခန့်ကြပ်မပြင်ဆင်သည်။ ဆရာတော်ဘုရားကြီး၏အမိန့်အရ မန္တလေးမြို့ ဈေးကြိုတော်ပြင်ဘက်တန်း ဆိုင်နံပါတ် ၃-၄-၅-ရတနာပုံမြန်မာ စာအုပ်တိုက် ဆိုင်ရှင် မင်းကတော်ကြီး မညွန့်က ပထမရိုက်နှိပ်ခြင်း စာအုပ်ရေ (၃၀၀၀) မန္တလေးမြို့ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက် ၁၉၂၀-ဟုပါရှိလေသည်။

ပရမတ္ထဒီပနီ ဂန္ထ-ကာရေန ကဝိကေတုနာ။
ရစိတော အနုဒီပနီ-ဂန္ထောပိ ဝိဒုမာနိတော။

## ထူးခြားစွာ ဂယက်ရိုက်ခတ်ခြင်း

ပရမတ္ထဒီပနီမည်သော သင်္ဂြိုဟ်မဟာဋီကာသစ်ကျမ်းကြီး ပုံနှိပ်၍ပြီးလျှင် ဋီကာကျော်ကျမ်းလာ အမှားပေါင်းများစွာကို သုတ်သင်ရှင်းလင်းသည့် ပရမတ္ထဒီပနီ ခေါ် သင်္ဂြိုဟ်မဟာဋီကာကျမ်းသစ်ကြီး ပေါ်ထွက်လာပြီဟု သတင်းစာများမှ

ကြော်ငြာလိုက်သည်နှင့်တပြိုင်နက် တနိုင်ငံလုံ ထူးခြားစွာဂယက်ရိုက်လေပြီ။ နောက်တွင် ဆက်တိုက်ဆိုသလို သီဟိုဠ်ကျွန်း အရှင်သုမင်္ဂလသာမိ၏ ဋီကာကျော်ကို တော်လှန်သည့် ပရမတ္ထဒီပနီခေါ် သဂြိုဟ်မဟာဋီကာသစ်ကြီးထွက်လာရာပို၍ ဂယက်ရိုက်ခဲ့လေပြီ။ ပရမတ္ထဒီပနီမည်သော သဂြိုဟ်မဟာဋီကာသစ်ကျမ်းကြီး ဆိုင်ရာပညာရှင်တို့ သူ့ထက်ငါဦးအောင် ဝယ်ယူပူဇော် ဖတ်ရှုလေ့လာရာ အကြီးအကျယ် ဂယက်ရိုက် ကောလာဟာလဖြစ်လာလေပြီ။

**သဂြိုဟ်မဟာသုဋီကာယ၊ ပါတုဘူတာယ ံသာသနေ။**
**နေကေ ကောလာဟလာ အာသုံ၊ ယတိ ဇနာနမန္တရေ။**

## လယ်တီဆရာတော်က ဋီကာကျော်တော်လှန်သတဲ့

သီဟိုဠ်ကျွန်း ပုလတ္ထိပုရခေတ်တွင် ပေါ်ထွန်းသည့် စာပေပညာရှင် အရှင်သုမင်္ဂလသာမိ၏ ဋီကာကျော်ကို မုံရွာလယ်တီတောရကျောင်းဆရာတော်က တော်လှန်ပြီစသည်ဖြင့် မန္တလေး၊ ပခုက္ကူ၊ စစ်ကိုင်း၊ ရန်ကုန်စသည့် စာသင်တိုက်များ၌ စာချကြသော စာချဆရာတော်များက ပြောဆိုကြပြီ၊ တချို့ဆရာတော်များက ချီးမွမ်းသံနှင့် ပြောဆိုကြသော်လည်း တချို့ပုဂ္ဂိုလ်များက ဂရဟာမကင်းသော အသံဖြင့် ပြောဆိုကြကုန်၏။

**ပသံသာ ဝစနံ ကေစိ၊ ဂရဟာ ဘာသိတမ္ပိ စ။**
**ဘာသိံသု ဝိညုနော ဗျတ္တာ၊ ဝါစကာ ဂန္ထကောဝိဒါ။**

## လက်ခမောင်းခတ်သူက ခတ်ကြ၊ ဆတ်ဆတ်ခါနာသူက နာကြ

လယ်တီဆရာတော်၏ ပရမတ္ထဒီပနီဂယက်ကြောင့် ရဟန်းတော်များ ပညာရေးလောက၌ လှိုင်းပွက်သည့်နှယ် ပွက်လောရိုက်ဖြစ်ကုန်ကြသည်။ လယ်တီဆရာတော်စွဲရှိသူတို့က လက်ခမောင်းခတ်ကြသည်။ "ငါတို့ရဲ့ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကား ကမ္ဘာ့ထိပ်ထိပ်ကြဲ ပညာရှင်ကြီးဖြစ်သည်။ ဋီကာကျော်ဆရာတော်ထက် အဆပေါင်းများစွာတတ်သည်" စသည်ဖြင့် ဆိုကြသည်။ ချီးကျူးကြသည်။ ဋီကာကျော်စွဲရှိသူ၊ ဋီကာကျော်အစွဲကြီးသူတို့ကမူ "လယ်တီဆရာတော်ဟာ ဋီကာကျော်ဆရာတော်နဲ့ ဘာပတ်သက်လို့လဲ၊ ဋီကာကျော်စာသွားက

ဝါကျ ကျစ်ကျစ်လစ်လစ် သိုသိုသိပ်သိပ် စေ့စေ့စပ်စပ်ရှိလိုက်တာ၊ ကောင်းလိုက်တာ။ လယ်တီဆရာတော်စာသွားက စာကြဲကြီးပဲ'' စသည်ဖြင့် ဆတ်ဆတ်ခါနာကြ ပြောဆိုကြလေသည်။

## အကုံရဋီကာပါဠ်

ပခန်းမြို့ နေရင်းရှာ တလိုင်းကုန်းဆရာတော် အရှင်ဝိမလသည် စာပေကျမ်းဂန်တတ်မြောက်ကျွမ်းတော်မူခဲ့လေသည်။ အဋ္ဌသာလိနီ အဋ္ဌကထာ၏ အဖွင့် အတုလဋီကာ၊ ကင်္ခါဝိတရဏီအဋ္ဌကထာအဖွင့် ဝိနယဗုဒ္ဓိဋီကာ၊ သဒ္ဒတ္ထဘေဒစိန္တာမဟာဋီကာ၊ ပရမတ္ထဗုဒ္ဓိကျမ်း၊ ဒိဋ္ဌိဝိသုဒ္ဓိကထာ၊ ပသန္နဝတီ၊ ဝစနတ္ထကိတ္တိ၊ အက္ခရမဏ္ဍနီ၊ ရူပစိန္တာ၊ အတ္တနီတိ၊ ကဝိပိယကျမ်း၊ သဒ္ဒဘေရိနိယံကျမ်း စသည့်ကျမ်းပေါင်းများစွာတို့ကိုလည်း ပြုစီရင်တော်မူခဲ့သည်။ စာပေကျမ်းဂန်တတ်မြောက်ကျွမ်းကျင်လှသဖြင့် တပည့်ရှင်လူတို့က ''<u>စာတတ်နောက်ဆုံး တလိုင်းကုန်း</u>''ဟု ဆိုရိုးပြုကြသည်။ သာသနာတော်၌ တလိုင်းကုန်းဆရာတော် စာတတ်နောက်ဆုံးဟူ၏။ မိမိတို့ကြည်ညိုသောပုဂ္ဂိုလ်ကို လွန်မင်းစွာ မြှောက်ဆိုချီးမွမ်းခြင်းသည် လောကဓမ္မတာဖြစ်သည်။

တလိုင်းကုန်းဆရာတော်အရှင်ဝိမလသည်လည်း ငယ်စဉ်ကတည်းက ဋီကာကျော်ဖြင့် စာပေနယ်၊ အဘိဓမ္မာနယ်ပယ်တွင် ရောက်ခဲ့သူဖြစ်သည်သာမက ဋီကာကျော်နိဿယကျမ်းပြု ''ဇနိန္ဒာဘိသီရိပဝရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဇနိန္ဒ၏ မြေးလည်းဖြစ်သည်။ သို့ဖြစ်၍ ဋီကာကျော်ကျမ်းပြုအရှင်သုမင်္ဂလသာမိအား ဆရာတဆူပမာ လေးမြတ်တော်မူခဲ့လေသည်။ သို့နှင့် အရှင်သုမင်္ဂလသာမိဆရာတော်၏ ဋီကာကျော်ဖက်ကရပ်တည်ပံ့ပိုးကာ အကုံရဋီကာကြီးကို မဟုသာဟ ဖွဲ့လုံ့လဖြင့် ပြုစီရင်တော်မူခဲ့လေသည်။ လယ်တီဆရာတော်ဘုရားကြီးက ''န သုန္ဒရံ'' မကောင်း,လုပ်လျှင် တလိုင်းကုန်းဆရာတော်က သုန္ဒရတရံ၊ အထူးသဖြင့်ကောင်း၏။ ဝါ၊ အလွန်ကောင်း၏။ ဝါ၊ သိပ်ကောင်း၏ဟု လုပ်လေသည်။

လယ်တီဆရာတော်ဘုရားကြီးက ''မသင့်သည်ထင်သဖြင့် ပယ်မြစ်သောအရာများကိုလည်း 'ကေသဉ္စိ ပဋိက္ခေပေါ ဒုပဋိက္ခေပေါ' ကေစိဆရာလယ်တီတို့ ပယ်မြစ်ခြင်းသည် မကောင်းသဖြင့် ပယ်မြစ်ခြင်းတည်း။ ဝါ၊ ပယ်ပုံမကောင်း။

ဝါ၊ ပယ်ပုံမဟုတ်”ဟူ၍ဖော်ပြ၍ လယ်တီဆရာတော်ဝါဒကို ခြေဖျက်၍ ဋီကာကျော်ကို ထောက်ခံတော်မူခဲ့လေသည်။

တလိုင်းကုန်းဆရာတော်သည် တချို့နေရာ၌ ကေစိဆရာလယ်တီတို့ဆိုတိုင်းမယူလေနှင့် “တံ ဝိမံသိတွာ ဂဟေတဗ္ဗေ” စုံစမ်းပြီးမှယူလေဟုလည်း ဖော်ပြခဲ့လေသည်[၁] ။ အင်္ဂုရဋီကာ၌ လယ်တီဆရာတော်၏အယူ အဆကိုပယ်မြစ်ချက်လယ်တီများသည်ဟုထောက်ပြချက်ပေါင်း ၂၆၃–ချက်ပါရှိလေသည်။ လယ်တီဆရာတော်က ဋီကာကျော်ဆရာတော် အမှားထောက်ပြချက်ထက်များလေသည်။

ဆရာတော်အရှင်ဝိမလသည် ကျမ်းဦး၌–

၁။ ဗုဒ္ဓံ ဝန္ဒာမိ သဗ္ဗညုံ၊ ဓမ္မဉ္စ ဗုဒ္ဓပူဇိတံ။
တဒေါရသံရိယဂဏံ၊ ဘယံ နဿတု တေဇသာ။

၂။ ပေါရာဏောဟိ ကတာ နေကာ၊ သင်္ဂဟံ ပန ဝဏ္ဏနာ။
သာရနိုဿယ မေ သန္တလ၊ န လာဘာ တာဟိ ပီတိ။

၃။ ပဏ္ဍိတေဟိ ဟိတေသီဟိ၊ တိဝဿံ သုဌ္ဌု ယာစနေ။
ဒါနိ ပုရာ ရစေန္တောပိ၊ ကရုဏာယ သဉ္စောဒိတော။

၄။ သာရနိုဿယသမ္ဗုဏ္ဏံ၊ ပဏ္ဍိတတ္တောသဇနကံ။
အတ္တုက္ကံသ ပရဝ္ဗမ္ဘ–ရဟိတံ မဇ္ဈမတ္တကံ။

၅။ ရစေဿင်္ဂုရနာမိကံ၊ သဒ္ဒတ္ထေဟိ သုဝိသဒံ။
သုဗောဓံ နဝ ဝဏ္ဏနံ၊ တာဟိ ဂယှ သုနိဿယံ။

၆။ အဘိဓမ္မော မူလသမော၊ သင်္ဂဟံ ခန္ဓသန္နိဘံ။
ဗဟူဋီကာ သာခါသမာ၊ သော အင်္ဂုရ သန္နိဘာ။

၇။ သာရနိုဿယ မေ သန္တာ၊ တုမှေ သုဏာထ သာဒရော။
ပဏ္ဍိတဇ္ဈာတိကာမေ မံ၊ ရစယန္တဿ သန္တိကာ။

---

၁။ အင်္ဂုရဋီကာ ၄၄၁။

ဟူသော ၇-ဂါထာပါဌ်ဖြင့် ရတနတ္တယပဏာမ၊ ကျမ်းပြုခြင်း၏အကြောင်း၊ အဘိဓာနစက၊ ကရဏပ္ပကာရ၊ ဥယျောဇ၊ ပဋိညာဉ်စသည်ကိုဖော်ပြ၍ ဂန္ထာရမ္ဘပြု တော်မူခဲ့လေသည်။

ဆရာတော်သည် စကားအရာကျွမ်းကျင်သူဖြစ်သည်။ ဂန္ထာရမ္ဘဂါထာများ၌ အဘိဓမ္မာပိဋကသည် အမြစ်အရင်းနှင့်တူကြောင်း၊ သင်္ဂဟကျမ်းသည် ပင်စည်နှင့် တူကြောင်း၊ ဋီကာများစွာတို့သည် အကိုင်းအခက်နှင့်တူကြောင်း ဤဋီကာသည် အညွန့်နှင့်တူကြောင်း မိန့်ဆိုတော်မူခဲ့လေသည်။

ဥပမာ ပြည့်စုံ မြေ့မြေများဟာ မြေအပြင်မှာ ကောက်သော်လည်း တွင်းထဲဝင်လျှင် ဖြောင့်၏။ ထို့အတူ အဘိဓမ္မာ၏အနက်အဓိပ္ပါယ်တွေဟာ သင်္ဂြိုဟ်ကျမ်းနှင့်သင်္ဂြိုဟ် ဋီကာများမှာ ကောက်ကွေ့ခက်ခဲနေကြသော်လည်း “ဤအင်္ကုရဋီကာက ဖြောင့်ပါ လိမ့်မည်”စသည်ဖြင့်လည်း မိန့်ဆိုတော်မူခဲ့လေသည်[၁]။

## ဋီကာကျော်၊ ဋီကာမော်၊ ဋီကာညွန့်

အရှင်သုမင်္ဂလသာမိ၏ အဘိဓမ္မတ္ထဝိဘာဝိနီကို ဋီကာကျော်ဟု ခေါ်ဝေါ်ခဲ့ ကြသည်။ ကျော်စောကိတ္တိရှိသောဋီကာ၊ ကောင်းသောဋီကာဟူ၏။

လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထဒီပနီသင်္ဂြိုဟ်မဟာဋီကာသစ်ကို ဋီကာမော်ဟုခေါ်ဝေါ်ကြသည်။ ဋီကာကျော်ထက် ပိုကျော်ပိုမော်သည်။ ပိုမောက် ပိုထွန်းထောက် ထင်ရှားကောင်းမွန်သည့် ဋီကာဟုဆိုလိုကြ၏။

တလိုင်းကုန်းဋီကာကို ကျမ်းပြုသောဆရာကိုယ်တိုင်က အင်္ကုရဋီကာ၊ ဋီကာ ညွန့်ဟု အမည်တပ်ခဲ့လေသည်။ ၃-ကျမ်းစလုံးထင်ရှားသော ဋီကာတို့ဖြစ်ကြကုန်၏။

ဋီကာကျော် ဋီကာမော် စေဝ၊ ဋီကာညွန့်တိ တော တိသော။
လောကဂ္ဂဗုဒ္ဓစက္ကမှိ၊ အတီဝ ပါကဋော ဟိ ခေါ။

တလိုင်းကုန်းဆရာတော်သည် သင်္ဂဟတခုအဆုံးတိုင်း၌ “ဣတိ ဘဒ္ဒန္တ ဝိမလဗုဒ္ဓေရေန၊ ဣဓ ပေါရာဏဋီကာဟိ ပီတိမဝဟန္တာနံ၊ ပီတိဝဟနတ္ထာယ၊ ရစိတာယံ အင်္ကုရဋီကာ နာမိကာယံ ဣမိဿံ အဘိနဝမဟာဋီကာယံ စိတ္တသင်္ဂဟ ဝဏ္ဏနာ နိဋ္ဌိတာ” စသည်ဖြင့် ဖော်ပြတော်မူလေသည်။

---

၁။ အင်္ကုရဋီကာ ၁-နှာ။

ဋီကာကျမ်း၏အဆုံး၌လည်း–

အတုလပရမမကုဋ္ဌဓဇဒေဝါဓိဒေဝိန္ဒ ပြဟ္မာဓိပြဟ္မိန္ဒ ရာဇာဓိရာဇိန္ဒဘူတဿ
ဘဂဝတော တီသု သာသနေသု ပရိယတ္တိသာသနေ ဒိဗ္ဗန္တေ ပဋိပတ္တိ သာသနမ္ပိ
ဒိဗ္ဗေယျ။ တသ္မိံ ဒိဗ္ဗန္တေ ပဋိဝေဓသာသနမ္ပိ ဒိဗ္ဗေယျာတိ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာယ
ဝိတ္ထာရနိဿယာဒိဂန္ထကာရကဿ “ဇနိန္ဒာဘိသိရိပဝရဓဇမဟာဓမ္မ ရာဇာဓိရာဇ
ဂုရု”န္တိ လဒ္ဓလဉ္ဆနဿ ဟတ္ထိသာလဝိဟာရိက မဟာဂုရုနော နေတ္တေန မာတိကာ
ဓာတုကထာ ယမကပဋ္ဌာနာနံ ဝိတ္ထာရနိဿယာဒိဂန္ထကာရကဿ “ဇမ္ဗုဒီပဓဇ
မုနိဝရမဟာဓမ္မရာဇာဓိရာဇဂုရု”တိ လဒ္ဓလဉ္ဆနဿ ပဋ္ဌမာရဝိဇယဝိဟာရိက
မဟာဂုရုတော ဘာဂိနေယျေန ပဋိသမ္ဘိဒါမဂ္ဂဂဏ္ဌိပဒနိဿယာဒိဂန္ထကာရကဿ “တိ
လောကာလင်္ကာရ သာသနဓောတမဟာဓမ္မရာဇာဓိရာဇဂုရု”တိ လဒ္ဓလဉ္ဆနဿ
သာသနသောဓကဿ ဝိစိတ္တရာမိကမဟာဂုရုနော အန္တေဝါသိကေန အဋ္ဌသာလိနီ
အဋ္ဌကထာယ ဝဏ္ဏနာ အတုလဋီကာ၊ ကင်္ခါဝိတရဏီအဋ္ဌကထာယ ဝဏ္ဏနာ
ဝိနယဗုဒ္ဓိဋီကာ သဒ္ဒတ္ထဘေဒစိန္တာယဝဏ္ဏနာ မဟာဋီကာ အဘိဓမ္မတ္ထသင်္ဂဟဿ
ရူပါဒိပကာသိကာ ပရမတ္ထဗုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိကထာ ပရမတ္ထဂမ္ဘီရော ဓမ္မသင်္ဂဏီ
မာတိကာဝဏ္ဏနာ ပဿန္နဝတီ ဝစနတ္ထကိတ္တိ အက္ခရမဉ္ဇူနီ ရူပစိန္တာ အတ္တနီတိ
ကဝိပိယ သဒ္ဒဘေဒိ ကဝိ စန္ဒြောဆန္ဒာလင်္ကာရော မင်္လာကျော်ခေါင် နာမကော
နိမယာလင်္ကာရော တဗ္ဗိဿဇ္ဇနာတိ ဝေမာဒီနံ အနေကဂန္ထာနံ ကာရကေန
လဇ္ဇီပေသလသိက္ခာကာမသစ္စဝါဒီသစ္စကာရီအာဒိ သမဏဂုဏသမ္ပန္နေန မဟာ
ပခန္တနဂရဿ ပုရတ္ထိမဒေသေ မောနတ္ထလဂါမေ သဟဿဒွိသတေကူနဝီ သတိ
ဂေါဇေ ဇာတိယာ ဇာတေန ပဝတ္တိကာလေ နိသိန္နမူလဂါမဿ ဒက္ခိဏာ ဒေသေ
အောင်မြေဘုံသာမဟာဝိဟာရေ အနေကသမဏသိဿာနံ ပါဠိအဋ္ဌကထာ
ဋီကာဝါစကဂဏဇေဋ္ဌကေန ဘဒ္ဒန္တဝိမလဝံသာလင်္ကာရတ္ထေရေန အဘိဓမ္မတ္ထ
သင်္ဂဟေ ပေါရာဏဋီကာဟိ ပီတိမဝဟန္တာနံ ပီတိဝဟနတ္ထာယ ကတာ အင်္ကုရနာမိ
ကာယံ အဘိဓမ္မတ္ထသင်္ဂဟာဘိနဝမဟာဋီကာ ဂေါဇေ ဆတ္တရူပေ သမ္ပတ္တေ ဂိမှန္တေ
ဝေသာခမာသဇုဏှပက္ခေ ကာဟပုဒ္ဓဒိနေ ဘယာဘာဝေန အနာယာသေန နိဋ္ဌိတာ။

ယထာယံ ဘယာဘာဝေန၊ အနာယာသေန နိဋ္ဌိတာ။
တထာ နိဋ္ဌန္တု သင်္ကပ္ပါ၊ ပါဏီနံ သုဋ္ဌုသုန္ဒရာ။

ဣမိနာ မေတ္တေယျကာလေ၊ တိက္ခဂမ္ဘီရဉာဏဝါ။
ရဟာ ဟုတွာ သုသောဓေယျံ၊ သာသနမလကဏ္ဍကန္တိ။

ဣတိ ဘဒ္ဒန္တဝိမလဝံသာလင်္ကာရထေရေန ရစိတာ
အင်္ဂုရဋီကာ နာမိကာ အဘိဓမ္မတ္ထသင်္ဂဟာဘိနဝမဟာဋီကာ နိဋ္ဌိတာ။

ဟူသော စုဏ္ဏိယ၊ ပါဠိ ၂-မျိုးရော(စမျူအဖွဲ့) စကားဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။

ဆရာတော်ကား အဏ္ဍာသယ မြင့်မြတ်သည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။ ယင်းကျမ်းကြီးကို သက္ကရာဇ် ၁၂၇၁-ခုနှစ်၊ ဝါခေါင်လအတွင်း ရန်ကုန်မြို့ ပြည်ကြီး မဏ္ဍိုင် ပိဋကတ်တိုက်က ပုံနှိပ်ထုတ်ဝေခဲ့ရာ ရှိုင်ဆိုက်စာမျက်နှာ ၄၄၂-ရှိလေသည်။ ကျမ်းစာအတွင်းမျက်နှာဖုံး၌ ပုခန်းကြီးမြို့ နေရင်းရွာ တလိုင်းကုန်း ဆရာတော် ပြုစီရင်အပ်သော အင်္ဂုရဋီကာမည်သော သင်္ဂြိုဟ်မဟာဋီကာသစ်ပါဠိ ပါဠိဆရာကြီး ဆရာဖြေ ကြီးကြပ်ပြင်ဆင်ပုံနှိပ်ရိုက်သည်။ ၁၂၇၁-ခုနှစ်၊ ဝါခေါင်လ (ပဌမနှိပ်-၂၀၀၀) ကျောင်းဒကာဦးမောင် မှုပိုင်ရီဇစ္စတြီပြုလုပ်ထားသည်- စသည်ဖြင့် ပါရှိလေ သည်။

ကတာ အင်္ဂုရဋီကာ တိ၊ တလိုင်းကုန်းထေရ ဝိညုနာ။
ဝိဘာဝိနိံ ထမ္ဘေတွာန၊ နာနာနယေဟိ မဏ္ဍိတာ။

## အဘိဓမ္မတ္ထအနုဝိဘာဝနီပါဌ်

သက္ကရာဇ် ၁၂၇၂-ခုနှစ်၊ တန်ဆောင်မုန်းလတွင် အဘိဓမ္မတ္ထအနုဝိဘာဝိနီ ပါဌ်ကျမ်း ပေါ်ထွက်လာလေသည်။ ယင်းကျမ်းသည် လယ်တီဆရာတော်ဘုရားကြီး ၏ ပရမတ္ထဒီပနီ သင်္ဂြိုဟ်မဟာဋီကာသစ်ကျမ်းကို ပယ်ဖျက်တော်လှန် ဋီကာကျော်ကို ထောက်ခံသည့် ဋီကာကျော်အဖွင့်ကျမ်းဖြစ်လေသည်။ ကျမ်းပြုသူကား ဒွါရနိကာယ သမုဒ္ဒါပက အုဋ္ဌိုဆရာတော်ဘုရားကြီး အရှင်ဥက္ကံသမာလာနှင့် ဇလွန်ဆရာတော် ဘုရားကြီး အရှင်သိရိမာလာ၏တပည့် ဟံသာဝတီခရိုင်၊ ခရမ်းမြို့နယ်၊ ဘားကူးရွာ ပုဗ္ဗာရုံကျောင်းဆရာတော် အရှင်သာဂရာဘိဓဇဖြစ်လေသည်။ ဆရာတော် အရှင် သာဂရာဘိဓဇ၏ အဘိဓမ္မတ္ထအနုဝိဘာဝနီကျမ်းအစ၌ ဖော်ပြပါ သတ္တကာရနိဒါန်း၊ အတ္ထုပ္ပတ္တိနိဒါန်းတို့ ကျမ်းစာကြီးဖြစ်ပေါ်လကြောင်းကို ဖော်ပြခဲ့လေသည်။

## သတ္တကာရနိဒါန်း

လောကမုနိန်မာရဇိန်ဟု သာကိန်ဓမ္မရာဇ် မင်းဆုံးဖြစ်တော်မူသော ဘုရားကိုယ်တော်မြတ်သည် ငါးရပ်သောမာရ်အမျက်ကို ရွှေဉာဏ်တော်သံလျက်ဖြင့် ပယ်ဖျက်ခုတ်ထွင် ဘိသိက်ဆင်၍ ဓမ္မသဘင်ကျင်းပ အလင်းပြုပြီးမှ အမတပြည်လွင် နိဗ္ဗာန်ခွင်သို့ နိဝင်စံမြန်းတော်မူရာ သုံးဖြာသောသာသနာအရောင်သည် နေလတစ်ထောင်သွားသကဲ့သို့ ငွါးငွါးစွင့်စွင့် ကြွားကြွားတင့်လျှက် ပွင့်လင်းတောက်ပခြင်းသို့ ရောက်တော်မူရာ သုနာပရန် တမ္ဗဒီပရာမညတိုင်း ဤသုံးဂိုဏ်း၌ သမိုင်းစိုက်ထူပြန့်လှိုင်းဆူသော ဝိဒူအစစ်ဖြစ်ကြီး ဖြစ်တော်မူသော ဥက္ကံသမာလာအမည်ရှိတော်မူသော သက္ကတ မာဂဓ တေပိဋ္ဋကပါရဂူဖြစ်တော်မူသော အုဋ္ဌဖိုဆရာတော်ဘုရားကြီး သီရိမာလာအမည်ရှိတော်မူသော ဇလွန်ဆရာတော်ဘုရားကြီးတို့ထံ နိယံမပြတ်မှီဆည်းကပ်၍ ပိဋကတ်ဝတ်ရည်ကျမ်းအဆီကို အညီသုံးစွဲ အမြဲလေ့လာခြင်းများသဖြင့် ဝါကျသွားဝါကျနေ ဓာတ်ပစ္စည်းအခြေနှင့် နုသန္ဓေသဘာဝတို့ကို နေရာကျသိမြင်လေ့ရှိတော်မူသော သာဂရာဘိဓေအမည်ရှိတော်မူသော ဆရာတော်ဘုရားသည် ဋီကာကျော်မဟာကရဏာ၌ လာသမျှပါဠိအထွက်တို့ကို မှတ်ချက်ပါဂဏန်းတင်၍ ပြစ်တင်ရေးသားသော ပရမတ္ထဒီပနီ၏ဝါဒကို သဘာဝမသင့်ကြောင်း သာဓကယုတ္တိတို့ကို ပါဠိတော်အဋ္ဌကထာအထွက်နှင့် အချက်ကျကျ ရေးသားစီရင်တော်မူအပ်သော အဘိဓမ္မတ္ထ အနုဝိဘာဝနီမည်သောကျမ်းကို ထက်နန်းဝေဟာ အဇ္ဗောတွင် တာရာ ဟုန်နိမိတ်ရှိသော ယုန်တံဆိပ်လရထားကဲ့သို့ ဂုဏ်ဟိတ်ကြွားလွင် ဇမ္ဗူခွင်မှာ မူတင်ကာ ကဝိငြမ်းဟု ပြဋ္ဌာန်းရန်သဘောထုတ်ပြီးလျှင် ကျွန်ုပ်တို့ သာသနာလင်္ကာရ ပိဋကတ်ပုံနှိပ်တိုက်က သိုက်မြိုက်ကောင်းမွန်စွာ ပုံနှိပ်လုပ်ဆောင်ပါသတည်း။ ဤသည်လျှင် သတ္တကာရနိဒါန်းဖြစ်သည်။

## အတ္ထုပ္ပတ္တိနိဒါန်း

အဘိဓမ္မတ္ထအနုဘာဝနီအမည်ရှိသော ဋီကာကျမ်းကြီး၏ ရေးသားခြင်းအတ္ထုပ္ပတ္တိကို သိကြစေရန်အနည်းငယ်မျှဖော်ထုတ်၍ ပြပေအံ့သတည်း။

ပဏ္ဍိတမဟာဓမ္မရာဇာအမည်ရှိသော မင်းတုန်းမင်းတရားကြီးသည် ကေါဇာသက္ကရာဇ် ၁၂၁၄–ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်တော်မူပြီးမှ ရတနာပုဏ္ဏအမည်ရှိ

သော မန္တလေးမြို့တော်ကြီးကို ရှေးဦးစွာ တည်ထောင် ဖန်ဆင်းတော်မူပြီးမှ မင်းတကာတို့သည် လွန်ကဲစွာ အားထုတ်နိုင်ခဲသော ဘုရားကိုယ်တော်မြတ်၏ သာသနာတော်ကြီးကို အထူးအံ့ဩဖွယ်ဖြစ်လောက်အောင် သာသနာပြုစုမှုအရေးကို များစွာသော မှူးမတ်ပရိသတ်တို့နှင့်တကွ ကြိုးပမ်းအားထုတ်လျှက် အနုဂ္ဂဟ နှစ်ပါးတို့ဖြင့် ချီးမြှောက်တော်မူလေ၏။

ထိုအခါ ရတနာပုဥ္စမည်သော မန္တလေးမြို့တော်ကြီး၌ အသီးသီး ပရိယတ္တိ ဓမ္မကို သင်ကြားပို့ချအားထုတ်ကြကုန်သော သံဃာတော်အပေါင်းတို့သည် ၆၀၀၀၀ –ကျော်ခန့်လောက်ရှိကုန်၏။ ထိုသံဃာတော်အပေါင်းတို့တွင်လည်း ပရိယတ္တိခရေ ဂန္ထန္တရဗဟုသုတ ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ခတ်နှိပ်၍ လျှုဒါန်းချီးမြှင့်ခြင်းကို ခံရကုန်သော ဆရာတော်မထေရ်ကြီးတို့သည် ၂၀၀–ကျော်ခန့်လောက်ရှိကုန်၏။ ထို ၂၀၀–ကျော်ခန့်ရှိသော ဆရာတော်မထေရ်ကြီးတို့သည် အဘိဓမ္မာခုနစ်ကျမ်းကို အဋ္ဌကထာဋီကာနှင့်တကွ သဒ္ဒနယသဘာဝတ္တတို့ပါ ပြွမ်းတည်းလိမ္မာကြကုန်သည် နှင့် ထိုအဘိဓမ္မတ္ထ ဝိဘာဝနီကျမ်း၏ဂုဏ်ကျေးဇူးကို အထူးချီးမွမ်း ထောပနာတော်မူ ကြကုန်၏။ ထိုဝိဘာဝနီကျမ်း၏အဖွင့်ဖြစ်သော မဏိမဉ္ဇူသာဋီကာကျမ်းကြီးကိုလည်း ပတ္တမြားရတနာတို့၏ထည့်ရာ ရတနာတံတင်းနှင့်တူကြောင်းကို ကောင်းစွာ ချီးမွမ်း တော်မူကြကုန်လျှက် မိမိတို့ကိုယ်တိုင်လည်း အလေးဂရုပြု၍ ကြည့်ရှုပို့ချကြကုန်၏။ တပည့်ရဟန်းသာမဏေ စသည်တို့ကိုလည်း သင်ကြားပို့ချစေကုန်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ဆရာတော်မထေရ်ကြီးတို့သော်လည်း နောက် နှောင်းနှောင်လာ မျိုးလေးဖြာတို့အား သုတေသန အာစရိယမုဋ္ဌိ အာဂမသုဒ္ဓိ လဒ္ဓေါပဒေသ မှီငြမ်းနိဿယ ဖြစ်စေကြခြင်းအကျိုးငှာ အထူးထူးသော သဒ္ဒနယ အတ္ထနယ သဘာဝဂမ္ဘီရအစရှိကုန်သော ဉာဏ်တော်တို့နှင့်ပြည့်စုံသော အရှင် သုမင်္ဂလသာမိမထေရ်မြတ်သည် စီရင်အပ်တော်မူသော အဘိဓမ္မတ္ထဝိဘာဝနီ ဋီကာ ကျမ်းကြီးကို အသီးအသီးသောမထေရ်တို့သည် ပတ္တမြားနှင့်တူ၏။ ပတ္တမြား ထည့်ရာ ကြုတ်နှင့်တူ၏ဟု ချီးမွမ်းကြကုန်၏။ စံကျောင်းဆရာတော်ဘုရားကြီး ကိုယ် တိုင်လည်း ချီးမွမ်းတော်မူကြောင်းကို ကြားသိတော်မူကြကုန်သော မထေရ် အပေါင်း တို့သည် ရှိတော်မူကြကုန်၏။

ဤကဲ့သို့သော ဂုဏ်အထူးနှင့်ပြည့်စုံတော်မူသော ဋီကာကျမ်းကြီးကို ဖွဲ့ ပုံကြီးနှင့်တူ၏။ ဖွဲ့ပြည့်သောတိုက်ကြီးနှင့်တူ၏။ အနှစ်မရှိအကာအတိသာဖြစ်၏

ဟုကဲ့ရဲ့ရှုတ်ချရေးသားလိုက်သော ပရမတ္ထဒီပနီအမည်ရှိသော ဋီကာကျမ်းသည် သက္ကရာဇ် ၁၂၆၇–ခုနှစ်၌ထွက်ပေါ်လာပြန်သတည်း။ ၎င်းနောက် ၁၂၇၂–ခုနှစ်၌ ဤအဘိဓမ္မတ္ထအနုဘာဝနီအမည်ရှိသော ဋီကာကျမ်းကို စီရင်ရေးသားတော်မူသော ဟံသာဝတီဒိစကြိတ် ခရမ်းမြို့ဘားကူးရွာဂါမတွင် ပေါ်လွင်သိုက်မြိုက် ပုဗ္ဗာရာမ ကျောင်းတိုက်၌ ရာပိုက်ရွှင်ပြုံးသီတင်းသုံးတော်မူသော လဗ္ဗိပေသလသိက္ခာကာမ ဂန္ထန္တရပဟုသုတ ပရိယတ္တိဝိသာရဒ ဖြစ်တော်မူသောဆရာတော်သည် အကြံတစ်ခု ဖြစ်ပေါ်လာပေ၏။

အဘယ်သို့ဖြစ်ပေါ်လာနည်းဟူမူ ပရမတ္ထဒီပနီအမည်ရှိသော ဋီကာကျမ်း သည် များစွာသောပြည်ရွာခရိုင် နိုင်ငံအရပ်ရပ်တို့၌ နှံ့စပ်ကျော်ကြားသဖြင့် ''ပရေ ဒိဗ္ဗတိ အဓမ္မော''ကျမ်းဟော ပါဠိလာရှိသည်နှင့်အညီ သာသနာတော်၏ ပစ္စတ္ထိဘေး ကို မြော်တွေးထင်မြင်ရကား အဘိဓမ္မတ္ထဝိဘာဝနီဋီကာကျမ်း၏ နယဉာဏ် အလုံးစုံ တို့သည် ဆီနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးမိုးလွှမ်းရှက်သော နေလသဖွယ်ကဲ့သို့ ဖြစ်ရကား တိမ်မြုပ်ပျောက်ကွယ်လိမ့်မည်ဟု စိတ်ရောက်ထင်မြင်ခြင်း ရှိတော်မူ သတည်း။

ဤကဲ့သို့ အကြောင်းယုတ္တိကို ကိုယ်စီဒိဋ္ဌ မသိကြသောသူ အလွန်ပင်များ ရကား 'အချက်မရပဲ သဲရေကျသို့' 'ကြိုးမျှကုန်၏ မောင်ပုံစောင်းမတတ်'ဟု ပေါရာ ဏစကားကို ထောက်ထားဆင်ခြင်၍ အဘိဓမ္မတ္ထဝိဘာဝနီအမည်ရှိသော ဋီကာ ကျော်ကျမ်း၌ နောက်သားနောင်လာ ဗိုလ်လူသတ္တဝါတို့အား ဉာဏ်သွားရှုပ်မည်ကို စိုးရိမ် သည့်ကြောင့်လည်းကောင်း၊ လေးဝအပါယ်လားမည့်နှယ်ကို ထုတ်ဆယ် ကယ်မ,လိုသည့်ကြောင့်လည်းကောင်း ဤသို့သောအကြောင်းတို့ကို ထောက်ထား မြော်ရှု၍ ပါဠိအဋ္ဌကထာ ဋီကာ ဂဏ္ဌိ အစရှိသော ကျမ်းကြီးကျမ်းခိုင်တို့မှလာရှိသော သဒ္ဒနယ အတ္ထနယ သဘာဝတ္ထနည်းတို့ကို မိုငြမ်းကြီးတစ်ခု ကောင်းစွာပြု၍ ကရုဏာနှင့်တကွ သမ္မာဆန္ဒပြဋ္ဌာန်းခြင်းကိစ္စဖြင့် အချက်ကျကျ ရေးသားစီရင်တော် မူအပ်သော အဘိဓမ္မတ္ထအနုဘာဝနီမည်သော ဋီကာကျမ်းကို ရွှင်လန်းသောဖော ပီတိဖြင့် ရှုကြည့်နိုင်ကြပါစေခလို။

ဤသည်လျှင် ကျမ်း၏အစ၌ပါရှိသော အတ္ထုပ္ပတ္တိနိဒါန်းဖြစ်လေသည်။

ဆရာတော်သည် ဋီကာကျော်၏အဖွင့် အဘိဓမ္မတ္ထအနုဘာဝနီဋီကာကို ဆရာတော် အရှင်သီဟာသနနှင့် ဥပါသကာသူတော်ကောင်းတို့ တောင်းပန်သဖြင့် ပြုစီရင်တော်မူခဲ့လေသည်။

ဆရာတော်အရှင်သာဂရာဘိဓဇသည် ကျမ်းဦး၌-

၁။ သဗ္ဗညုံ ဝိရဘာသင်္ဂံ၊ ပရာဘာသိရိသောဘဂံ။
ဝိဘူသိတာမိတံ ဗုဒ္ဓံ၊ နတွာဝ ပဒုမံ ဖုလံ။

၂။ ဝတွေတွာ ဘမရာဒါသံ၊ မဒူရမဓုပုပ္ဖံ။
ဇနံ ဓမ္မဋ္ဌ သောဘန္တံ၊ ဖုလ္လံဝ သုရသံ ဖလံ။

၃။ ကမလေဝ ဖလံ ဝတ္တံ၊ ကန္တံ သာဒုရသံ ဖိတံ။
ရက္ခိတံ သီလသမ္ပန္နံ၊ သံဃံ ဘဂဝတောရသံ။

၄။ ဇလန္တံ သိရိသောဘဂ္ဂံ၊ ပရိယတ္တိဝိသာရဒံ။
သူရိယံဝ တမံ ဟန္တံ၊ မဟီတဓော သုပါကဋံ။

၅။ ဥက္ကံဝံသမဟာထေရံ၊ သိက္ခာကာမသုပေသလံ။
မဟာပညာဒိသမ္ပုဏ္ဏံ၊ ဂရုံ မေ သိရသာ ဝိရံ။

၆။ တဿ သိဿဋ္ဌ အာကာသေ၊ ဇောတိမဇ္ဈေ စန္ဒိမံ။
တံ သိရီဓမ္မာလင်္ကာရံ၊ တိက္ခပညာဒိ ပူရိတံ။

၇။ မဟန္တပညဝန္တေန၊[1] သီလပုဏ္ဏေန ယာစိတော။
သီဟာသနာတိနာမေန၊ ထေရေနုပါသကေဟိ စ။

၈။ ဝိဘာဝနိဿ ဘူတတ္ထံ၊[2] ရစိတာ နဝဒီပနီ။
ပဟာယ ယာတိ ဂမ္ဘီရံ၊ မိစ္ဆာဉာဏေန ယာစိတာ။

၉။ အပ္ပသုတတေဟျနေကေဟိ၊ အဝဿန္တေဟိ ထောမိတာ။
တံ တံ ဂန္ထာန ဝိညူနံ၊ ဒဿနတ္ထာယ သာဓုကံ။

၁၀။ ဥဒ္ဓရိတွာန တဿတ္ထံ၊ မိစ္ဆာသလ္လံ မဟာမုဟံ။
ဣတိ မေ ကထယန္တဿ၊ ဣမံ တေဿ ဝဏ္ဏနံ။[3]

၁၁။ ဣတိ မေ ကထယန္တဿ၊ ဣမံ တေဿ ဝဏ္ဏနံ။
အဝိက္ခိတ္တာ သုဏာထာယံ၊ ဒုလ္လဘာတျတ္ထ ဝဏ္ဏနာတိ။

---

၁။ မဟာတာ ပညဝန္တေန- ဟုရေးသင့်သည်။ ၂။ ဝိဘာဝိနိယာဘူတတ္ထံ-ဟုရှိသင့်သည်။
၃။ ဝဏ္ဏနံ ဝိဘာဝိနိယာ-ဟုရေးလျှင် ပိုကောင်းသည်။

ဟူသော ၁၁–ဂါထာပါဠိဖြင့် ရတနတ္တယပဏာမ၊ အာစရိယပဏာမ၊ အဘိယာစက ပဋိညာဉ်စသည် ဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ဆရာတော် အရှင်သာဂရာဘိဓဇသည်–

ပရမတ္ထဒီပနီယံ... ဝုတ္တံ။ န တမ္ပိ သာရတော ပစ္စေတဗ္ဗံ။[၁]

ပရမတ္ထဒီပနီ၌... ဤသို့ဆို၏။ ထိုအဆိုကို အနှစ်သာရအားဖြင့် မယူလေနှင့်။ မြတ်မြတ်နိုးနိုးမယုံကြည်နှင့်ဟူ၍လည်းကောင်း၊

ပရမတ္ထဒီပနီယံ... ဝုတ္တံ။ န တမ္ပိ သာရတော ပစ္စေတဗ္ဗံ။[၂]

ပရမတ္ထဒီပနီ၌... ဤသို့ဆို၏။ ထိုအဆိုကိုလည်း အမြတ်တနိုးမယုံကြည်နှင့်။ မယူလေနှင့်။ ဟူ၍လည်းကောင်း၊

န တေနိဒံ သာရတော ပစ္စေတဗ္ဗံ၊[၃] အမြတ်တနိုးမယုံကြည်လင့်ဟူ၍လည်းကောင်း၊

ဤသို့စသည်ဖြင့် ပရမတ္ထဒီပနီလာ လယ်တီဆရာတော်ဘုရားကြီး၏ အဆိုအမိန့်ဟူသမျှကို အမြတ်တနိုး မယုံကြည်လင့် မယူလင့်စသည်ဖြင့် ပယ်ဖျက်ခဲ့လေသည်။

ဆရာတော် အရှင်သာဂရာဘိဓဇသည် အဘိဓမ္မတ္ထအနုဝိဘာဝနီပါဠ် စိတ်ပိုင်း, စေတသိက်ပိုင်းအဆုံး၌–

ဣတိ ပဏ္ဍိတာနုမောဒနတ္ထာယ ယောနိသောမနသိကာရစိတ္တေန ရစိတေ သာသနသလ္လဝိတဏ္ဍာဝါဒီဝါဒပ္ပဟိတေ အတိဂမ္ဘီရတ္ထနယအဘိဓမ္မတ္ထဝိဘာဝနီနာမပ္ပကရဏေ အဘိဓမ္မတ္ထဝိဘာဝနီဋီကာယ စိတ္တပရိစ္ဆေဒဝဏ္ဏနာ နိဋ္ဌိတာ... စေတသိကပရိစ္ဆေဒဝဏ္ဏနာ နိဋ္ဌိတာ– ဟုသာရှိလေသည်။ ဤသို့ဖြင့် ပညာရှိတို့ဝမ်းမြောက်ရွှင်လန်းခြင်းအကျိုးငှာ စိတ်ကောင်းထားသဖြင့် ရေးသားစီရင်အပ်သော သာသနာတော်၏ ငြောင့်တံသင်း ပညာရှိတို့၏စိတ်နှလုံးကို ထိုးဆွတတ်သောစကားကို ဆိုတတ်သော ဝိတဏ္ဍာဝါဒီပုဂ္ဂိုလ်တို့၏ဝါဒကို ပယ်ရှားပြသော လွန်စွာနက်နဲသော အနက်အဓိပ္ပါယ်နည်းရှိသော အဘိဓမ္မတ္ထအနုဝိဘာဝနီအမည်ရှိသောကျမ်း၌ အဘိဓမ္မတ္ထဝိဘာဝနီဋီကာ၌ စိတ်ပိုင်းအဖွင့်ပြီး၏။ --- စေတသိက်ပိုင်းအဖွင့်ပြီး၏–ဟူ၏။

---

၁။ အဘိဓမ္မတ္ထ အနုဝိဘာဝိနီ၊ ၄။ ၇။ ၂။ အဘိ၊ အနုဝိ။ ၁၀။ ၃။ အဘိ၊ အတုဝိ။ ၁၀။

ဆရာတော်အရှင်သာဂရာဘိဓဇသည် ဤနှစ်ပိုင်းအဖွင့်အပြီးတွင်–

နာနာကုလေဟိ သမာကိဏ္ဏာသ သမုဒ္ဒံ တရန္တာနံ အင်္ဂနာဝါနံ တိတ္ထေဟိ သမ္ပန္နသ အနေကေဟိ မဟာနေသေဋ္ဌိဂဟပတီဟိ သမ္ပန္နသ လောကဒသနိ သဗ္ဗူပကရဏာသမ္ပန္နေဟိ အာပဏေဟိ ပရိပုဏ္ဏာသ ဒေဝပုရံ ပိယ အတိဝိယ သောဘိတသ ဟံသာဝတီပုရာတျာချာတသ ရာဇဓာနီနဂရသ ပစ္ဆိမသို ဒိသာ ဘာဂေ တိယောဇနပ္ပမာဏော ယော သော နာဝါဝါဏိဇသကဋ္ဌဝါဏိဇေဟိ ပရိကိဏ္ဏော နာနာသရမာတိကခုဒ္ဒကနဒီပတျာဒီဟိ ပရိဝါရိတော ပုညကာမာနံ ရမိတော လောဏမစ္ဆာနံ ပါဏိဇကိတ္တေဟိသမန္တာဂတော မဟာဂါမော ပတိဋ္ဌော။ တတ္ထ ဇာတိယာ ဇာတေန သာမုဇနေဟိ အတိသောဘိတသ ပရမသောဘိတဝိ ဟာရေဟိ သမန္နာဂတတ္တာ ဖဂ္ဂုတိမွန်ဘာသာယ ဝေါဟာရိတသ ဂါမသ အဝိဒူရေ ဂမနာဂမနသမ္ပန္နေ ဦးငြိမ်း ဦးရွှေမှဲ့တိ ဒွိဟူပါသကေဟိ ကာရာပိတေ နာနာလေပေ ဟိ လိမ္ပေတွာ နာနာပ္ပကာရမာလာကမ္မာဒီဟိ ကတွာ နာနာလင်္ကာရေဟိ အလင်္ကာ ရံ ကတွာ တိပုသိသာဒီဟိ ဆဒနံ ကတွာ တိဘုမ္မိကေ ပုဗ္ဗာရာမဝိဟာရေ ဝသန္တေန အဋ္ဌဝီသတိဝဿေန သာဂရောတိ ဂရုဟိ ဝေါဟာရိတနာမဝိသေသန ဇမ္ဗုဒိပမဟီ တလေ ပါကဋ္ဌာနံ နဘော သူရိယစန္ဒဝိမာနံဝိယ ဥက္ကံဝံသမဟာထေရသီရိမင်္ဂလာလင်္ကာရ မဟာထေရသခါတာနံ ဒွိန္နံ အာစရိယာနံ ဂုဏဝန္တာနံ သိသေသန ဘိက္ခုနာ ရစိတာယံ အတိဂမ္ဘိရနယအာဘိဓမ္မတ္ထအနုဝိဘာဝနီဋီကာ ကလိယုဂသ ကေသတ္တတိဒွိသတာ ဓိကေ ကေသဟာဿသက္ကရာဇေ သမ္ပတ္တေ သတိ ဖဂ္ဂုဏမာသသာ ကာဠပက္ခေ ပဥ္စဒသာဟေ သောရိဒိနေ သမတ္တာ။ ဟူသော ပါဠိစုဏ္ဏိယစကားရပ်ဖြင့် ဟံသာဝတီ တိုင်းကိုဖွဲ့ဆိုခြင်း၊ ဖားကူးရွာကြီး၏ တင့်တယ်ပုံကိုဖွဲ့ဆိုခြင်း၊ ပုဗ္ဗာရုံကျောင်းကြီး၏ တင့်တယ်ပုံကိုဖွဲ့ဆိုခြင်း၊ ကျမ်းပြီးရာကာလကိုပြဆိုခြင်း စသည်တို့ဖြင့် တန်ဆာဆင် ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

ဤအဘိဓမ္မတ္ထအနုဝိဘာဝနီပါဌ်မှာ ရှိုင်ဆိုက်စာမျက်နှာ ၂၄၈–ရှိလေသည်။ ကျမ်းစာအတွင်းမျက်နှာဖုံး၌–

ဘားကူးရွာဂါမ ပုဗ္ဗာရုံဝိဟာရ၌ ယာပထလေးလီဖြင့် မျှညီသီတင်းသုံးတော် မူသော သာဂရာဘိဓဇနာမထင်ပေါ် ဆရာတော်သည် သာသနာနုဂ္ဂဟ ဥဿာဟ ဆင်မြန်း ရှင်လူရဟန်းတို့ ချီးမွမ်းတော်မူအပ်သော အဘိဓမ္မတ္ထဝိဘာဝနီကျမ်းဂမ္ဘီကို ဆန်းညာဏ်အလီလီနှင့် အမှတ်ပြုသော ပရမတ္ထကျမ်းလယ်တီ၏ လမ်းဘီမသင့်ချက်

တို့ကို ပယ်ဖျက်ကာယုတ္တတရဖြင့် ထုတ်ပြစီရင်တော်မူအပ်သော အဘိဓမ္မတ္ထအနုဝိဘာဝနီပါဠိ ပဌမတွဲ ၁၂၇၂-ခုနှစ် တန်ဆောင်မုန်းလအတွင်း ပုံနှိပ်သည်။ စာအုပ်ရေ ၂၀၀၀။ မူပိုင်ဆရာကိုမောင်ကြီး။ ရန်ကုန်မြို့ စဥ္စအိုးတန်းတိုက်နံပါတ် ၅၇။ သာသနာလင်္ကာရ ပိဋကတ်ပုံနှိပ်တိုက် အဘိုးငွေ ၂-ကျပ်ဟု ပါရှိလေသည်။ ဤသို့ဖြင့် အရှင်သာဂရာဘိဓေသည်လည်း အဘိဓမ္မတ္ထအနုဝိဘာဝနီပါဠိဖြင့် လယ်တီ ဆရာတော်ကို အပြစ်တင်ဆို ဋီကာကျော်ကို ထောက်ခံခဲ့လေပြီ။

အဘိဓမ္မတ္ထအနုဝိ-ဘာဝနိံ သာဂရော ယတီ။
ဋီကာကျော် ဂန္ထံ ထမ္ဘေသိ၊ ဝီရော သုဝိရဇာတိကော။

## ပရမတ္ထဝိသောဓနီ ဋီကာသစ်ပါဌ်

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ချောင်းဦးမြို့ သီရိမင်္ဂလာဓမ္မာရုံကျောင်းတိုက်ဆရာတော် အရှင်ဒီပမာလာသည်လည်း ပရမတ္ထဝိသောဓနီဋီကာသစ်ပါဌ်ကျမ်းကို ရေးသားစီရင်၍ လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထဒီပနီသင်္ဂြိုဟ်မဟာဋီကာသစ်လာ အဆိုအမိန့်များကိုချေဖျက်၍ အရှင်သုမင်္ဂလသာမိ၏ ဋီကာကျော်ကို ထောက်ခံတော်မူခဲ့လေသည်။

ဆရာတော်အရှင်ဒီပမာလာသည်-

ပရမတ္ထဒီပနိယံ.. န သုန္ဒရန္တိဝစနံ ဝုတ္တံ။ ဝေမွိဒံ သုန္ဒရမေဝ။

ပရမတ္ထဒီပနီဋီကာ၌ လယ်တီဆရာတော်က ဋီကာကျော် ဤအဆိုမကောင်းဟုဆို၏။ သို့ရာတွင် ဤအဆိုကောင်းပေသည်သာဟူ၍လည်းကောင်း[၁]။

ပရမတ္ထဒီပနိယံ.. ဝုတ္တံ၊ တံ န ယုဇ္ဇတိ[၂]။

ပရမတ္ထဒီပနိယံ.. ဆို၏။ ထိုအဆိုမသင့်။ ဟူ၍လည်းကောင်း။

ပရမတ္ထဒီပနိယံ.. န ဂဟေတဗ္ဗောတိ ဝုတ္တံ၊ တံ မတိမတ္တမေဝ[၃]။

ပရမတ္ထဒီပနီဋီကာ၌.. မယူရဟုဆို၏။ ထိုစကား သူ၏အယူမျှသာတည်း ဟူ၍လည်းကောင်း။

---

၁။ ပရမတ္ထဝိသောဓနီဋီကာ။ ၇-နှာ။ ၂။ ပရမတ္ထ၊ ဋီ။ ၈။ ၃။ ပရမတ္ထ၊ ဋီ။ ၁၈။

ဝတ္တာဝတာ စ ပရမတ္ထဒီပနိယံ ဝုတ္တံ၊ တံပိ န သုန္ဒရံ[၁] ။

တံပိ န ယုတ္တမေဝ။ ပရမတ္ထဒီပနီအဆိုမကောင်း၊ မသင့်ဟူ၍လည်းကောင်း။

ပရမတ္ထဒီပနိယံ ပန..... ဝုတ္တံ၊ တံ သမ္ပဋိစ္ဆိတဗ္ဗံ န ဟောတိ[၂] ။

ပရမတ္ထဒီပနိယံ..... ဝုတ္တံ၊ တံ န ပစ္စေတဗ္ဗံ[၃] ။

ထိုပရမတ္ထဒီပနီအဆို မယုံကြည်နှင့်ဟူ၍လည်းကောင်း စသည်ဖြင့် လယ်တီဆရာတော်၏ဋီကာကျော်၌ ချွတ်ယွင်းသည်ဆိုသည်များကို မချွတ်ယွင်းကြောင်း ထောက်ခံ၍ လယ်တီဆရာတော်ဘုရားကြီး၏အဆိုအမိန့်ဟူသမျှကို မသင့် မယူနဲ့ မယုံကြည်နဲ့ သူ့အယူမှျသာ စသည်ဖြင့်ဆို၍ ပယ်ဖျက်ကြောင်း သိသာလေသည်။

ဆရာတော် အရှင်ဒီပမာလာသည် ကျမ်းဦး၌–

၁။ ဒိဋ္ဌိဇာလံ ဝိဝေစေန္တံ၊ ဗုဒ္ဓံ သာရူပဟိ သေဝိတံ။
ဓမ္မဥ္စ သုပ္ပဋိပန္နံ၊ သံဃံ နမာမိ စိတ္တိတံ။

၂။ ဂန္ထသာရံ မဟာထေရံ၊ ပရိယတ္တိဝိသာရဒံ။
ဂဏဝါစကအာစေရံ၊ ဂုရုံ ဝန္ဒာမိ သိရသာ။

၃။ သိသ္သေဟိ အာဒရံ ကရံ၊ ယာစိတောဟံ ကရိဿာမိ။
ပရမတ္ထဝိသောဓနိံ၊ နယံ နိဿာယ သင်္ခေပံ။

ဟူသော ၃–ဂါထာပါဌ်ဖြင့် ရတနတ္တယပဏာမ၊ အာစရိယပဏာမ၊ အဘိယာစက၊ ပဋိညာဉ် စသည်ကိုဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌လည်း–

၁။ ယံ ချောင်းဦးနဂရေ ဇာတံ၊ တဿ ဉာသကနိဿိတော။
ဥတ္တရံ ပုရိမေ ဘာဂေ၊ ဒီယမူသဘဒူရကော။

၂။ ဝိဝိတ္တတ္တာ အရညေဝ၊ ရမ္မေ အဘိနဝါရာမေ။
\- သီရိမင်္ဂလာဓမ္မာရုံ–က္ကတိ ဉာတေ နိသိန္နေန။

---

၁။ ပရမတ္ထ၊ ဋီ။ ၁၉။
၂။ ပရမတ္ထ၊ ဋီ။ ၃၉။
၃။ ပရမတ္ထ၊ ဋီ။ ၄၁။

၃။ ဒီပါလင်္ကာရထေရေန၊ ဂဏ္ဌဝါစကာဘူတေန။
ဒိသာသု အာဂတာနမ္ပိ၊ သိဿာနံ ပရိယတ္တိဥ္စ။

၄။ ဒိဝသံ ဝါစနံ ကတွာ၊ အန္တရန္တရကာလံဝ။
ဝိပဿိတာဝဏ္ဏနာ သာယံ၊ ပရမတ္ထဝိသောဓနီ။

၅။ အနာယာသေန နိဋ္ဌာဝ၊ သတ္တာနမ္ပိ တထေဝေဝတော။
သုသက်ပ္ပါ နိသေသေန၊ နိဋ္ဌာပေန္တု သဒါ ကာလံ။

ဟူသော ၅-ဂါထာပါဌ်ဖြင့် ကျမ်းပြုသူ တောင့်တချက်စသည့်တို့ကိုဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

ကျမ်း၏အစဦးလည်း ပုံနှိပ်လုပ်ဆောင်ခြင်းနိဒါန်းကို အောက်ပါအတိုင်း ရေးသားဖော်ပြခဲ့လေသည်။

နရာသဘမဟာသမ္မတဟု ရာဇဌေမှော်က် နန်းရိုးဆောက်လျှက် ထွန်းတောက်ဟိတ်ပြ ကွ္ကဿရနှင့် အာဒိစ္စသာကီ သမ္ဘာချီလျှက် မဟီမဏ္ဍလ အလျှံကြွအောင် ဝံသနွယ်စစ် ဘုန်းရောင်လှစ်သော ဓမ္မရာဇ်ထွတ်ထား မြတ်ဘုရား၏ သုံးပါးသောသာသနာသည် ဇမ္ဗူဒီပါ မဟီချာမှာ ညီညာဝန်းရက် လနေစက်သို့ လက်လက်ထွန်းပ ရွှန်းရွှန်းကြွလျှက် သုဝဏ္ဏဘူမိ သိရိခေတ္တရာ အရိမဒ္ဒနာပုရ ပင်းယစစ်ကိုင်း အစဉ်လိုင်းလျှက် တိုင်းပြုပြည်ထောင် အာဏာပြောင်သော ကုန်းဘောင်ပဝရ ဘုန်းရောင်ရှသည့် သဒမက္ခာပိန် နရာသိန်ဟု အာဟိန်ဓမ္မရာဇ် နန်းရိုးစစ်သော နေမြစ်ဝံသ ဘူပါလသည် မန္တလဗေယျ အသရေခြုံသော ရွှေဘုံမဟာ နဂရာဝယ် ဘုရားဗျာဒိတ် ရွှေတံဆိပ်ကို နိမိတ်ယူဆ တိတ်အရဖြင့် ပဉ္စမသင်္ဂါယနာ တင်တော်မူရာ မဟာအတုလ သုဂတ၏ မြတ်လှသောသာသနာသည် အာကာသ ထက်ကွန်းဝယ် မြူမှုန်မစွန်းပဲ လနေတစ်ထောင် ထွန်းသကဲ့သို့ အဝန်းစည်ကား ရောင်ဟုန်ကြွား၍ တိုးပွားခဲ့ရာ ပညာမုန်သောက် တဂုဏ်ရောက်လျှက် ပြောင်ပေါက်မာတင် ကဝိတွင်၍ သဘင်ဥဿဝ ဓမ္မဦးကင် စီရင်ကျင်းပ ကြွင်းလှလျှက် ဂဏ္ဌစိုက်ဆောင် သမိုက်ဆောင်သော အခေါင်ရတနာ ပေါင်းများစွာတွင် ပညာပုည ပြည့်စုံလှ၍ သုန္ဒရဟိတ်ကူ သတင်းကျူတော်မူခဲ့ပေကြသော ပခုက္ကူမြို့ ကိုးဂိုဏ်းချုပ် ဆရာတော်ဘုရားကြီး ဦးဂန္ဓသာရတို့ထံ ကျိုးနွံပျပ်ဝပ် မိုဆည်းကပ်လျှက် အရပ်ရပ်သော နည်းနယကို အပြီးရလေအောင် မနဝဝတ် ဉာဏ်ရောင်လွှတ်လျှင် အချွတ်

ပြည့်ညီ ခြသေ့်ဆီသည် သိင်္ဂီဖလား တည်သောအားဖြင့် ဖြိုးထွားတတ်မြောက် စခန်းရောက်အောင် နှံ့ပေါက်သိမြင် ကျမ်းအစဉ်၌ ကျွမ်းကျင်လိမ္မာတော်မူသည်မှာ ဝဇီရာဝုဓ မာဃလက်ချိန် ဝရဇိန်သို့ အရှိန်ဝင်းလျှံ ပဋိဘာန်ဖြင့် ထက်သန်စူးရှ လုံလောက်လျှက် ဂန္ထန္တရ ဗဟုဿုတ ပရမ္ပရာဂတ ဝိနိစ္ဆယညျ ဝိဒူအစစ် ဖြစ်ပြီး တော်မူ၍ သောင်းခေတ်လက်ျာ မြေမျက်နှာတွင် တေဇာပြန့်ဖြူး ဂုဏ်ရောင်မြူးပေ သော ချောင်းဦးမြို့ဌာန မြေသိခ၌ ဘောဂရိပ်ငြိမ် နာထပိဏ်သို့ စည်းစိမ်ဥစ္စာ စေတနာနှင့် သဒ္ဓါပွားလူး ခေမာကူးမည့် လူထူးလူကောင်း လူအပေါင်းတို့ ကောင်း စွာ ဆောက်လုပ်လှူဒါန်းအပ်သော တောရဏကေတု အခြေပြုလျှက် လေးခုမှန်ရှက် နရမ်းဆက်၍ လယ်ချက်တန်ဆာ မင်္ဂလာအစုံ အသရေလုံ့သော ဓမ္မာရုံမဟာ ဝိဟာရ၌ ဂဏာပေါင်းစည်း သူတော်ချည်းဖြင့် ဝေးနီးမလပ် ပျားပန်းခတ်သို့ ပိဋကတ် ဝတ်ရည် ကျမ်းအဆီကို အညီသုံးစွဲ ဝက်ယက်ပွဲ၌ အမြဲဝေငှ ဂန္ထဝါစက ဓမ္မာနုဂ္ဂဟ ဖြင့် ဂန္ထဓုရ သာသနာ့ဦးကိုင် အမှူးထိုင်လျှက် ကြံ့ခိုင်လုံ့လ ဥဿာဟဖြင့် နေ့ညမစဲ ဝတ်မလွဲအောင် အားခဲအန်ထောင် ဉာဏ်အရောင်ဖြင့် ကြံဆောင်ရှိသမျှ ယင်းကာ လတွင် အန္တရအန္တရာ ကြိမ်များစွာပင် ဘာဝနာနှစ် တရားစစ်ကို အားသစ်နှိုးဆော် သူတော်မျိုးဖြင့် အဲခိုးဆည်းပူတော်မူခြင်းတည်းဟူသော ဝိပဿနာဓုရ သာသနာ့ ဦးကိုင် အမှူးဆိုင်လျှက် ကြံ့ခိုင်လုံ့လ ဥဿာဟရှိတော်မူခြင်းစသော ဂုဏ်အပေါင်း တို့နှင့် ကောင်းစွာပြည့်စုံတော်မူသော ဒီပါလင်္ကာရမဟာထေရ်မြတ်သည် လေးရပ် ဂမ္ဘီ အလျှံညီ၍ အဆီပေါင်းမှု အကောင်းစုသော သေတ္တူဩဇာ ဝန်းကျင်ဖြာလျှက် အဘိဓမ္မာပိဋကတ် မည်ထူးမှတ်သည့် ပါဝစနတ် အခွင့်နည်းစုံဖွင့်သော အကျဉ်း သင်္ဂဟာ မည်ထူးသာသည့် အဋ္ဌကထာအရ နည်းအကျကို သဘာဂအညီ ရေးကာ စီသည့် ဝိဘာဝနီကျမ်း ပါဠိငြိမ်းကို ဖြောင့်တန်းစေမှု အခြေပြုလိုသော သောတုဇနာ အား ဝိဝါဒအနိဋ္ဌာ မြူမိစ္ဆာသည် ပိတ်ကာရစ်ထွေး ဝိစိကိစ္ဆာဘေးမှ ကင်းဝေးစေလို ကြောင်း ဩဇာလောင်းလျှက် ကောင်းမြတ်သော အလင်္ကာနယ ပုဒ်ဝါကျတို့ဖြင့် ပရမတ္ထဝိသောဓနီနှစ်သာရိဟု အမည်ထူးဆန်း ဋီကာကျမ်းကို ကြိုးပမ်းအားထုတ် စီရင်တော်မူရကား များစွာသောင်းသောင်း သောတုဇနာအပေါင်းတို့ ကောင်းစွာ ကြည့်ရှုစေရန် အခြေမှန်အောင် ရည်သန်သောဆန္ဒဖြင့် ပဒဗျဥ္ဇန အက္ခရအာဝလိ ကျမ်းရိုးညှိလျှက် ခလိဒေါသ ကင်းစင်ပအောင် နေရာတကျအားထုတ်၍ ကျွန်ုပ်တို့ သာသနာလင်္ကာရ ပိဋကတ်ပုံနှိပ်တိုက်က သိုက်မြိုက်ကောင်းမွန်စွာ ပုံနှိပ်လုပ်ဆောင် ပါသတည်း။

ဤသည်လျှင် ပုံနှိပ်လုပ်ဆောင်ခြင်းဖြစ်လေသည်။ ယင်းကျမ်းကြီးမှာ ရှိုင်ဆိုက်ဖြင့် စာမျက်နှာ ၁၄၆–ရှိလေသည်။ ကျမ်းစာအတွင်းမျက်နှာဖုံး၌ "မင်္ဂလာဂိုဏ်း စဉ်လာရှိုင်းသည့် စစ်ကိုင်းဒိစတြိတ် နယ်ဝိသိင်ဌဟု နိမိတ်ကြောင်ထူး ဂုဏ်ပေါင်းမြူးသည့် ချောင်းဦးမြို့ အောင်ဇေယျာတွင် ဆောင်ဝေဖြာ အမျိုးမျိုးဂုဏ်နှင့်ပြောင်တေဇာတန်ခိုးထုံသော ဓမ္မာရုံမဟာဝိဟာရ၌ ယာပထအင်လေးလီဖြင့် မျှညီသီတင်းသုံးတော်မူပေသော ပရိယတ် ပဋိပတ်နှစ်ရပ်လုံလောက် မုံသောက်မာတင်ဇာနည်ဝင်ဖြစ်တော်မူသော ဓမ္မာရုံကျောင်းဆရာတော် ဦးဒီပမာလာ ရေးသားတော်မူအပ်သော ပရမတ္ထဝိသောဓနိဋီကာသစ်ပါ၌ ၁၂၇၁–ခုနှစ်၊ ဝါခိုလအတွင်း ပုံနှိပ်သည်။ ပဌမရိုက်ခြင်း အုပ်ရေ ၁၀၀၀။ နန်းမတော်ဆရာ ဆရာတင်ကြီးကြပ်ပြင်ဆင်သည်။ ရန်ကုန်မြို့ ၂၁–လမ်း ဘယဆေးတန်းတိုက်နံပါတ် ၄၁–သာသနာလင်္ကာရပိဋကတ်ပုံနှိပ်တိုက်" ဟုပါရှိလေသည်။ ယင်းပရမတ္ထဝိသောဓနိဋီကာသစ်ကျမ်းပြုဆရာတော်အရှင်ဒီပမာလာသည် ၁၂၈၆–ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

ပရမတ္ထဝိသောဓနီ–ဂန္ထေန ဒီပမီ မတာ။
ထမ္ဘိတော ဋီကာကျော်ဂန္ထော၊ သင်္ဂဟတ္ထသုဒီပကော။

## မဟာအတုလဋီကာပါဌ်

သက္ကရာဇ် ၁၂၇၇–ခုနှစ်၊ တန်ဆောင်မုန်းလတွင် မုံရွာမြို့ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဝေဠုဝန္တာရာမကျောင်းတိုက် နာယကဆရာတော် အရှင်နာဂိန္ဒသာမိသည် အတုလဆရာတော်အမည်ခံ၍ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏အဖွင့် မဟာအတုလဋီကာပါဌ်ကြီးကို ကျယ်ဝန်းစွာ ပြုစီရင်တော်မူခဲ့လေသည်။

ဆရာတော်အရှင်နာဂိန္ဒသာမိသည် လယ်တီဆရာတော်၏အဆိုအမိန့်ကို တံ နယုဇ္ဇတိ၊ ထိုလယ်တီဆရာတော်အဆို မသင့်ဟူ၍လည်း ဋီကာကျော်ဆရာ၏အဆိုကို။ သုန္ဒရတာရဲ၊ အထူးသဖြင့်ကောင်း၏။ ဝါ၊ အလွန်ကောင်း၏။ ဝါ၊ သိပ်ကောင်းဟူ၍လည်းကောင်း[၁] ။

---

၁။ မဟာအတုလဋီကာ။ ၃။

တံ ပါဠိယာ န သမေတိ၊ ထိုလယ်တီအဆိုပါဠိတော်နှင့်မညီညွတ်။ ပါဠိတော်နှင့်မကိုက်။ ဝါ၊ ပါဠိတော်နှင့် အံဝင်ဂွင်ကျ မဖြစ်ကုန်ဟူ၍လည်းကောင်း။[၁]

တံ သာရတော န ပစ္စေတဗ္ဗံ၊ ထိုလယ်တီဆရာတော်အဆိုကို အမြတ်တနိုး မယုံကြည်နှင့်၊ မယူနှင့်ဟူ၍လည်းကောင်း ဝေဘန်ပယ်ချခဲ့လေသည်[၂] ။

ဤမဟာအတုလဋီကာကျမ်း၌ လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထဒီပနီဋီကာအဆိုပယ်ချချက်များ အပြစ်တင်ချက်များ ၄၀၈–၅၁နပါရှိလေသည်။ ၎င်းပယ်ချချက်များ မှန်မမှန်ကို ပညာရှင်ကြည့်ရှုစိစစ်ကုန်ရာ၏။ ဆရာတော်အရှင်နာဂိန္ဒသာမိသည် မဟာအတုလဋီကာဖွင့်ကျမ်းကြီးကို ကျယ်ဝန်းစွာပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌–

၁။ အနန္တကရုဏာဉာဏံ၊ ဗုဒ္ဓံ သာဓုဟိ ပူဇိတံ။
ဓမ္မံ သံဃဉ္စ ဝန္ဒိတွာ၊ ပုညက္ခေတ္တံ နိရင်္ဂဏံ။

၂။ ပါကဋံ့ ဂဂနေ စန္ဒ–မဏ္ဍလံ ဝိယ သာသနေ။
ဂဏဝါစကမာစေရံ၊ ဂရုံ မေ သိရသာ မိရံ။

၃။ ဋီကာကာရေဟိ ဝိညူဟိ၊ ရစိတာ ဝဏ္ဏနာ ဗဟူ။
ကိဉ္စာပိ တ္ထစ ဒိဿန္တိ၊ အဘိဓမ္မတ္ထသင်္ဂဟေ။

၄။ ဒီပနီ ပန ဂန္ထမှိ၊ ကိဉ္စိဝါဒံ ပဟာတဝေ။
ဂန္ထန္တရဝိစိတ္တေဟိ၊ သာရာသာရံ ဝိဝေစိယ။

၅။ သာရနိစ္ဆယသမ္ပုဏ္ဏံ၊ ဥတ္တာနပဒဗျဥ္ဇနံ။
မိစ္ဆာဉာဏပဟာနတ္ထံ၊ မဟာအတုလဝဏ္ဏနံ။

၆။ ရစယိဿာမိ သဒ္ဓမ္မေ၊ အတ္ထာယ ပါဋ္ဌဝတ္တိနံ။
တံ ဝိစိတြံ သဒ္ဒတ္ထေဟိ၊ တုမှေ ပေက္ခထ သာဓဝေါတိ။

ဟူသော ၆–ဂါထာပါဌ်ဖြင့် ရတနတ္တယပဏာမ၊ အာစရိယပဏာမ၊ ကျမ်းပြုရခြင်း၏အကြောင်း၊ ပဋိညာဉ် စသည်ဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

---

၁။ မဟာအတုလဋီကာ၊ ၆။
၂။ မဟာအတုလဋီကာ၊ ၅၉၃။

## လယ်တီကိုနိပ်လိုသဖြင့် အရှင်သုမင်္ဂလသာမိကို လွန်စွာချီးကျူးခြင်း

မဟာအတုလဋီကာဆရာ အရှင်နာဂိန္ဒသာမိသည် လယ်တီဆရာတော်ဘုရားကိုနိပ်လိုသဖြင့် ဋီကာကျော်ဆရာအရှင်သုမင်္ဂလသာမိကို ဆန်းကြယ်သောသဒ္ဒနယအတ္ထနယစသည်တို့နှင့်ပြည့်စုံသော ဋီကာကျော်ကျမ်းကို ၂၄-ရက်ဖြင့်ပြီးဆုံးအောင်ရေးစွမ်းနိုင်သော ဉာဏ်ရည်ဉာဏ်သွား စွမ်းပကားနှင့် ပြည့်စုံတော်မူသောနေမင်းအသွင် သာသနာတော်၌ ထင်ရှားတော်မူသော အရှင်သုမင်္ဂလသာမိဟု လွန်စွာကျော်စောသောဆရာတော် စသည်ဖြင့် ချီးကျူးတော်မူခဲ့လေသည်။[၁]

ကျမ်း၏အဆုံး၌-

ထွေ့ာဝတာ စ အယံ ဂန္ထော မယာ ကတော။ မယာတိစေတ္ထ။

၁။ နာနာရတနသမ္ပုဏ္ဏော၊ နဂရေ မန္တလေးဝှယေ။
ကာသာဝပဇ္ဇောတဒ္ဓာနေ၊ ရတနာပုဥ္ဆမာပကော။

၂။ မင်းတုန်းဝှယမဟာရာဇာ၊ ဒိန္နလဒ္ဓော သုပါကဋော။
ဇာဂရာဒိဂုရုန္တော စ၊ ဝိသုဒ္ဓါစာဒိ ကောဝိဒေါ။

၃။ မဟာသိဿေန ဓေတေသံ၊ ဂဏဝါစကဘူတေ နံ။
ပညာလင်္ကာရထေရေန၊ ရွှေကျင်ဝံသာနုရက္ခေန။

၄။ တဿ ဝါစကဘူတေန၊ မဟာသိဿေန နာမေန။
နာဂိန္ဒသာမိထေရေန၊ သော မယာတိ စ နိဒ္ဒိဋ္ဌော။

၅။ မဏိဂါမေ ဝသန္တေန၊ နဂရေ မန္တလေးဝှယေ။
သဒ္ဒါဒိဂုဏာဝန္တေန၊ ဉာဏာဝံသေန ယာစိတော။

၆။ သာယာဝတီဝှယေ ပုရေ၊ ဂါမေ ကျောက်သောင်တိနာမကေ။
သာကေ ဟာလက္ခယေ ပတ္တေ၊ သုခံ ဇာတေန ဇာတိယာ။

၇။ မိုးညိုတိမဟာနဂရေ၊ ဘူမိဒေသော သမောတလော။
တတ္ထ ကာရာပိတော ရမ္မော၊ ဝေဇယန္တာ စရာမိကော။

---

၁။ မဟာအတုလဋီကာ၊ ၂။

၈။ သုဘော တသ္မိံ ဝိဟာရေ စ၊ သဒ္ဓမ္မပရိယတ္တိ စ။
ပဋိပတ္တိဉ္စ နိစ္စဝ၊ သမ္ပသန္နော စ ယာ မယာ။

၉။ ဝသတာ မဟတော ဘိက္ခု-ဂဏဿ ဟိတကာရိနာ။
သာရဒဿိနာ ဝိဟိတာ၊ မဟာအတုလဝဏ္ဏနာ။

၁၀။ သာရေဿီနံ ဟိတတ္ထာယ၊ သုဘာစိတြေဟိလင်္ကတာ။
သာရာသာရံ ဝိသောဓေတွာ၊ ဂန္ထန္တရနယေဟိ စ။

၁၁။ နိဋ္ဌိတာ စ အယံ ဋီကာ၊ ဖုဿပက္ခေ စတုဒ္ဒိသေ။
ဖဂ္ဂုမာသေ သောရိဝါရေ၊ သက္ကရာဇေ စ သက္ခယေ။

၁၂။ ဟုတွာ စာနန္တရာယာ စ၊ ဋီကာယံ နိဋ္ဌိတာ ယထာ။
တထာ ကလျာဏသင်္ကပ္ပါ၊ သီဃံ သိဇ္ဈန္တု ပါဏိနံ။

၁၃။ ဣမိနာ ပုညကမ္မေန၊ ဂုရုနော မယှမေဝ စ။
ဣစ္ဆိတတ္ထာ သမိဇ္ဈန္တု၊ ဒဋ္ဌာမုတ္တောဝ စန္ဒိမာ။

၁၄။ လောကပါလာ စ မာတလိ၊ သက္ကော ဗြဟ္မာသဟံပတိ။
မေတ္တေယျော ဗောဓိသတ္တော စ၊ စိရံ ပါလေန္တု သာသနံ။

၁၅။ ဓမ္မရာဇာ စ ရက္ခန္တု၊ ဓမ္မေန သကလံ မဟိံ။
ဝဿတမ္ဗုဓရော ကာလေ၊ ဓမ္မေ တိဋ္ဌန္တု ပါဏိနော။

၁၆။ သောဟမေတဿ သံသုဒ္ဓ-ဝါယာမဿာနုဘာဝတော။
ဟိရိဩတ္တပ္ပသမ္ပန္နော၊ ဘဝေယျံ ဓမ္မမာမကော။

၁၇။ ယထာ လောကမှိ ဇောတေန္တိ၊ ဥဘော စန္ဒိမသူရိယာ။
တထေဝ ပရမတ္ထေသု၊ မဟာအတုလဋီကာ စ။

၁၈။ ဂမ္ဘီသာရတ္ထသမ္ပုဏ္ဏံ၊ ပရမတ္ထဝိသောဓနီ။
ဥဘော လောကမှိ ဇောတေန္တု၊ သဒ္ဓမ္မော ယာဝ တိဋ္ဌတိ။

၁၉။ မေတ္တေယျဇိနသာသနေ၊ တိက္ခဂမ္ဘီရဉာဏဝါ။
ရဟာ ဟုတွာ သုသောဓေယျံ၊ သဒ္ဓမ္မမလကဏ္ဋကံ။

၂၀။ နိဂ္ဂဟေတဗ္ဗေ နိဂ္ဂယှ၊ ပဂ္ဂဏှေယျ စ ပဂ္ဂဟံ။
သုသုခေနေဝ ဓောတေယျံ၊ သမ္မာသမ္ဗုဒ္ဓသာသနန္တိ။

တတ္ထ၊ ဌတွာတိ နိဂမေ။ မန္တလေးဝှယေတိ ရတနာပုဏ္ဏနာမကေ မန္တလေးနဂရေ လဒ္ဓရာဇလဉ္ဆိတာ ကိရ ပရိယတ္တိဝိသာရဒါ မဟာထေရာ ဒွိသတမတ္တာ အဟေသုံ။ ဘိက္ခုသံဃော ပန သဋ္ဌိသဟဿမတ္တော အဟောသိ။ ဧဝံ သမ္မာသမ္ဗုဒ္ဓဿ ဘဂဝတော သာသနံ စိရပတိဋ္ဌာနဘူတေ နာနာရဋ္ဌာနမ္ပိ အတိဝိဿုတေ မဏျာဒိနာနာရတနုဋ္ဌာနဘူတေ မရမ္မရဋ္ဌေ မန္တလေးနဂရေ။ ကာသာဝပဇ္ဇောတဋ္ဌာနေတိ ကာသိဝါတပတိဝါတေဟိ ဗီဇယမာနေ ကာသာဝပဇ္ဇောတေ။ မင်းတုန်းဝှယမဟာရာဇာတိ ပိတုမဟာရာဇာ သဟဿဒွိသတစုဒ္ဒသမေ ရဇ္ဇံ ကာရေတိ။ တတော အပရသ္မိံကာလေ မန္တလေးနဂရံ မာပေတွာ အနုညရာဇသဒိသံ ကတွာ သမ္မာသမ္ဗုဒ္ဓသာသနံ အနုဂ္ဂဟေသိ။

ရာဇာ သဗ္ဗေသံ ဘိက္ခူနံ နိစ္စကာလံ စတူဟိ ပစ္စယေဟိ အတိဝိယ အနုဂ္ဂဟေသိ။ တီဏိ ပိဋကာနိ သိလာပဋ္ဋေသု လိခါပေတွာ သိလာရုဠှံနာမ ပဉ္စမ သင်္ဂီတိံ အကာသိ။ ဒွိသဟဿစတုသတမတ္တေ ဗျတ္တိဗလသမ္ပန္နေ ဘိက္ခူ ဥစ္စိနိတွာ ဘူမိမန္ဒိရေ ဆမာသံ ဂဏသဇ္ဈာယံ နာမ ပဉ္စမသင်္ဂီတိံ အကာသိ။

ဧဝံ ရာဇာ သတ္တဝီသတိဝဿာနိ ရဇ္ဇံ ကာရေန္တော မဟန္တံ သာသနာနုဂ္ဂဟံ ကတွာ သဟဿဒွိသတစတ္တာလီသတိမေ ဝဿေ ဒေဝပုရံ ဂတောတိ။ ရတနတ္တယေ အစလပ္ပသာဒကောသဒ္ဓမ္မေ အတိမမာယနော "သိရီပဝရဝိဇယာနန္တယသပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ"နာမ မင်းတုန်းမင်းမဟာရာဇာ။ သုပါကဋ္ဌောတိ သကလဇမ္ဗု ဒီပေ ရွှေကျင်တိ အတိဝိယ ပါကဋ္ဌော။ ဇာဂရာဒိဂုရုန္တောစာတိ ရာဇဒိန္နလဉ္ဆော "ဇာဂရာဘိဓေသဒ္ဓမ္မဝံသဓမ္မသေနာပတိ အတုလာဓိပတိသိရီပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" မဟာထေရော။ ဝိသုဒ္ဓါစာဒီတိ ဇာဂရမဟာထေရဿ မဟာသီသော လဒ္ဓရာဇလဉ္ဆိတော "ဝိသုဒ္ဓါစာရဒ္ဓဇာဓိပတိပဝရမဟာဓမ္မရာဇာဓိ ရာဇဂုရု" မဟာထေရော စ အတ္ထီတိ ယောဇနာ။

တေသန္တိ ဒွိန္နံ မဟာထေရာနံ။ ဂဏဝါစကဘူတေနာတိ ရွှေကျင်ဂဏ ပါမောက္ခဝါစကအာစရိယဘူတေန။ တဿာတိ ပညာလင်္ကာရထေရဿ။ သောတိ နာဂိန္ဒသာမိထေရော။ မဏိဂါမေတိ မဏိဝိဟာရေ။ ဉာဏဝံသေနာတိ မန္တလေး နဂရေ ပရိယတ္တိပဋိပတ္တိသဒ္ဓမ္မဥ္စ နိစ္စဝ သမ္ပသန္နော ဒိသာသု အာဂတာနမ္ပိ

သိဿာနံ ပရိယတ္တိဥ္စ သဗ္ဗကာရေန ဝါစနံ ကတွာ ဝသန္တေန ဉာဏဝံသ မဟာထေရေန॥

သာယာဝတီဝှယေ ပုရေတိ ဟံသာဝတီပုရာတျာချာတဿ ဥက္ကလာပဇနပဒဿ ဒေဝပုရံ ဝိယ အတိဝိယ သောဘိတဿ အတိပါကဋ္ဌတိဂုမ္ဘစေတျဿ ဌာနဿ ရာဇဋ္ဌာနီရန်ကုန်ပုရဿ ဥတ္တရသ္မိံ ဒိသာဘာဂေ သာယာဝတီပုရေ॥ ဂါမေ ကျောက်သောင်တိ နာမကေတိ ရောဝတီနဒီသမုဒ္ဒံ တရန္တာနံ နာဝါနံ တိတ္ထေဟိ သမ္ပုဏ္ဏေ သကဋ္ဌဝါဏိဇေဟိ ပရိကိဏ္ဏေ॥ သဗ္ဗပကရဏသမ္ပန္နေ အာပဏေဟိ ပရိပုဏ္ဏေ॥ အတိဝိယ သောဘိတေ ကုန်းဘောင်မဟာဓမ္မရညာ စ ကျောက်ဆောင်တိ ကာရာပိတေ ပါသာဒေ သတ္တဒိဝသံ ဝသန္တေန ပုညကာမာနံ ရမိတေ ကျောင်သောင်တိ ဂါမဝရေ॥ သာကေတိ ကလိယုဂေ॥

သမေတလောတိ ထေရီမုခသဒိသော သမောတလောဘူမိဒေသော အတ္ထီတိ ယောဇနာ॥ တတ္ထာတိ တသ္မိံ ဘူမိဒေသေ॥ ယာ မယာတိ ယာ ဋီကာ မယာ ဝိဟိတာ ဝိရစိတာတိ သမ္ဗန္ဓော॥ သာရေသီနန္တိ သာရဂဝေသီနံ॥ ဂုရုနောတိ က္လုဓ ဇမ္ဗုဒီပေ သီဟဠဒီပေ စ॥ ပါကဋ္ဌာနံ နဘမဇ္ဈေ ပုဏ္ဏစန္ဒမဏ္ဍလံ ဝိယ သဟဿရံသိ သိရီဟိ သောဘိတော သူရိယော ဝိယ စ॥ ဇာဂရမဟာထေရ ဝိသုဒ္ဓါစာရဒ္ဓဇမဟာထေရသဉ္ဇိတာနံ ဧတေသံ ဒွိန္နံ အာစရိယမဟာထေရာနံ ဂုဏဝန္တာနံ မဟာသိသော ဂဂနတလေ စန္ဒမဏ္ဍလံဝိယ ဂဏပါမောက္ခဝါစက အာစေရာဘူတဿ ပညာလင်္ကာရ မဟာထေရသဉ္ဇိတဿ ဂုရုနော စ॥

အထဝါ ဂုရုနောတိ ဝိသုဒ္ဓါစာရဒ္ဓဇမဟာထေရဿ ဂုဏဝန္တဿ မဟာသိသော॥ နှဲကျိုးဂါမဝရေ ကုသိမနဂရေ စ ဝသန္တဿ ဝိစိတြပညဿ သီလသမာဓိ ဂုဏေဟိ ပရိပုဏ္ဏဿ ပိဋ္ဋကေ အတိဥဿာဟဿ သူရိယော၀ သံဃံမဇ္ဈေ သူရဿ ဂဏပါမောက္ခဝါစကအာဇစရာဘူတဿ ဇိနာလင်္ကာရမဟာထေရသဉ္ဇိတဿ ဂုရုနော စ॥

အပိစ ဂုရုနောတိ သကလေ ဇမ္ဗုဒီပေ ကိတ္တိသဒ္ဒဿ ဥက္ကံဝံသမာလာ မဟာထေရဿ ဂုဏဝန္တဿ မဟာသိသော॥ သိရီသုမင်္ဂလမဟာထေရော အတ္ထီယေဝ॥ တဿ ပန ထေရဿ မဟာသိသော ရာဇဋ္ဌာနီရန်ကုန်ပုရေ အတိပါကဋ္ဌဿ တိဂုမ္ဘစေတိယပုရတ္ထိမသ္မိံ ဒိသာဘာဂေ စ ပဟာနသမ္ဗတေ မင်းကြီး ဝိဟာရေ ဝသန္တော သီလဒိဂုဏေဟိ ပရိပုဏ္ဏော သူရော ကေသရသီဟော ဝိယ

ပရိယမဇ္ဈေ သာရဝိနိစ္ဆယကာကော စိတြဝါစကော ဝဇီရူပမော သက္ကဿ တိက္ခပညော စ နန္ဒိမာလင်္ကာရမဟာထေရော။ တံ နာမကဿ ဂုရုနော စာတိ။

မယှမေဝါတိ မဟာအတုလဋီကာကာရဿ စ ဂရုဟိ နာဂိန္ဒသာမီတိ ဂဟိတ နာမဓေယျဿ မယှမေဝ စ။ လောကပါလာ စာတိ တွေ့ စသဒ္ဒေန ဘုမ္မရုက္ခ ဒေဝါဒယော ဂဟေတဗ္ဗာ။ ဗောဓိသတ္တော စာတိ စသဒ္ဒေါ သမုစ္စယ တော။ မဟိန္တိ မဟီတလေ။ ဝဿတေဝဿသမ္ဘုဓရောတိ ဝဿတု အမ္ဗုဓရောတိ ပဒစ္ဆေဒေါ ကာတဗ္ဗော။ ကာလေတိ ဝဿန္တုတုသမယေ။ ဓမ္မမာမကောတိ သဒ္ဓမ္မေ အနိဝတ္တိယော ဝိဇ္ဇာဘိညာဒိလင်္ကာရော ဟုတွာ ဥဋ္ဌဟိတည္ဍ ဓမ္မမာမကော ဘဝေယျန္တိ ယောဇနာ။

မဟာအတုလဋီကာ စာတိ ပရမတ္ထဒီပနိယံ အာဂတဝိရုဒ္ဓဝါဒံ တတ္ထ တတ္ထ သမဘာဝံ ဒိဿနတော သာရဝိနိစ္ဆယေဟိ ဝိသောဓိတံ ကတွာ ရစိတာ။ နာဂိန္ဒ သာမိမဟာထေရေန ရစိတာ။ မဟာအတုလဋီကာ စ။ ပရမတ္ထဝိသောဓနီတိ တထာ သဗ္ဗာ ဝိသောဓိတံ ကတွာ ဝိဟိတာ။ ဒီပမာလာမဟာထေရေန ရစိတာ ပရမတ္ထဝိ သောဓဏီဋီကာ စ ဒဋ္ဌဗ္ဗာ။ သဒ္ဓမ္မောတိ တိဝိဓံ သတ္တုသာသနံ ဝုစ္စတီတိ။ သဒ္ဓမ္မမလကဏ္ဍကန္တိ ပရမတ္ထဒီပနိယံ အာဂတဝိရုဒ္ဓဝါဒံ ဝိဝါဒဘာယံ။ သတ္တု သာသနေ သာသနမလကဏ္ဍကန္တိ ဝုစ္စတီတိ။ နိဂ္ဂဟေတဗ္ဗေတိ သာသနမလ ကဏ္ဍကေ ဝိတဏ္ဍဝါဒီပုဂ္ဂလေ။ ပဂ္ဂဏှေယျုတိ အဘိဓမ္မတ္ထဝိဘာဝိနီ ဋီကာပရမတ္ထ ဝိသောဓနီဋီကာ ကာရကေ သမာနဝါဒါစရိယမဟာထေရေ ပဂ္ဂဟံ အနုဂ္ဂဟံ ကတွာ သမ္မာသမ္ဗုဒ္ဓန္တိ တော် ပဒံ ပန ပါကဋမေဝါတိ။

### ဣတိ ဘဒ္ဒန္တနာဂိန္ဒသာမိမဟာထေရေန ရစိတာ မဟာအတုလဋီကာယ နာမ အဘိဓမ္မတ္ထသင်္ဂဟဝဏ္ဏနာယ။

### မဟာအတုလဝဏ္ဏနာ သဗ္ဗာကာရေန နိဋ္ဌိတာ။

ဟူသော ဂါထာ ၂၀-ပါဋ်၊ ဂါထာ ၂၀-ပါဋ်အဖွင့်တို့ဖြင့် ပြည့်ပြည့်စုံစုံ နိဂုံးအုပ် တော်မူခဲ့လေသည်။

ငှင်းပြင် ထိုကျမ်းစာရိုက်နှိပ်စဉ်က ကြီးကြပ်ပြင်ဆင်ပုံနှိပ်သူ အဂ္ဂမဟာပဏ္ဍိ တ ဆရာဖြေကလည်း-

၁။ ပါမောဇ္ဇတ္ထဥ္စ သာဓူနံ၊ ဖိနုစက္ကာသ ဝုမိယာ။
ပေါဋ္ဌကေဟိပိနေကေဟိ၊ သံသန္ဒိယ ပုနပ္ပုနံ။

၂။ ဂရူနံ နယမာဒါယ၊ သတ္တေဒံ သုဝိသောဓိတံ။
ခလိတံ ကိဉ္စိ သာဓေတွာ၊ ပဿန္တု တုဋ္ဌမာနသာ။

ကွာဒံပဿန္တုတိ ပဋ္ဌမဂါထာယံ သာဓူနာပဒံ ဝိဘတ္တိဝိပရိဏာမေတွာ သာဓဝေါ တုဋ္ဌမာနသာ ကွာဒံ သတ္တံ အာဒါသမိဝ ပဿန္တုတိ ယောဇနာ။ ပုထုဇ္ဇနာနဉ္စ တုဋ္ဌမာနသေ အနုပဇ္ဇမာနေ ယေဘုယျေန ဒုဋ္ဌမာနသံ ဥပ္ပဇ္ဇတိ။ တသ္မာ တေ ပရေသံ ဒေါသံ အဏုမတ္တမ္ပိ သိနေရုပဗ္ဗတမိဝ မညန္တိ၊ တေလမိဝ စ ရန္ဓံ ဂဝေသိတွာ တဏ္ဍုလကုဋ္ဌမ္ပိယံ မုဂ္ဂရံ ပဿန္တဒိရကော ဝိယ အဗ္ဘုတံ ကတွာ ဒေါသံ ရောပေတွာ ဟီဠေန္တိ ဝမ္ဘေန္တိ၊ တေန ဝုတ္တံ 'တုဋ္ဌမာနသာ'တိ။ န ဟိ ဒုဋ္ဌစိတ္တာသ ဉာဏမုပ္ပဇ္ဇတိ။ တေနာဟ ဘဂဝါ ''ကုဒ္ဓေါ အတ္ထံ န ဇာနာတီ''တိ။

ဟူ၍လည်း ကျမ်းစာအဆုံးတွင်ဖော်ပြခဲ့လေသည်။ ယင်းအတုလမဟာဋီကာကျမ်းကြီးမှာ ရွှက်ဆိုက်ဖြင့် စာမျက်နှာ ၅၉၈–ရှိလေသည်။ ကျမ်းစာအတွင်း မျက်နှာဖုံး၌– ''မိုးညိုမြို့ ဝေဇယန္တာရာမကျောင်းတိုက်၌ သီတင်းသုံးစံနေတော်မူသော အတုလဆရာတော် အရှင်နာဂိန္ဒသာမိမဟာထေရ် ပြုစီရင်တော်မူအပ်သော သင်္ဂြိုဟ်အဖွင့် မဟာအတုလဋီကာပါဠိ အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံ ပါဠိဆရာကြီးဦးဖြေ ကြီးကြပ်ပြင်ဆင်ပုံနှိပ်သည်။ ရန်ကုန်မြို့ ၂၅–လမ်း၊ စာဆိုတန်းတိုက်နံပါတ် ၁၇–၁၈–။ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက် ၁၂၇၇–ခုနှစ်၊ တန်ဆောင်မုန်းလ''–ဟု ပါရှိလေသည်။

၎င်းအတုလမဟာဋီကာပါဠိ ကျမ်းပြုဆရာတော် အရှင်နာဂိန္ဒသာမိသည် ၁၃၀၁–ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

ဝိရစိတာ မဟာအတုလ–ဋီကာ နာဂိန္ဒသာမိနာ။
မိုးညိုပုရေ ဝေဇယန္တ–အာရာမေ ဝသတာ ဟိ ခေါ။

## ဝိဘာဝိနီယောဇနာပါဌ်

သက္ကရာဇ် ၁၂၈၁–ခုနှစ်၊ တော်သလင်းလတွင် ရန်ကုန်မြို့ ကျောင်းတော်ရာမှန်ကျောင်းဆရာတော် အရှင်ဉာဏိန္ဒာသဘ ပြုစီရင်သည့် ဝိဘာဝိနီယောဇနာကျမ်း(ဋီကာကျော်ယောဇနာကျမ်း) ထွက်လာသည်။ ထိုဝိဘာဝိနီယောဇနာကျမ်းသည်လည်း လယ်တီဆရာတော်ဘုရားကြီး၏ အဆိုအမိန့်များကို ---

အညေ ပန တုလယိတဗ္ဗော အသေန သဟ ပမိတဗ္ဗောတိ တုလောတိ ဝဒန္တိ၊ န တံ သုန္ဒရံ။ အချို့သော လယ်တီဆရာတော်တို့သည်- တုလိတဗ္ဗော အသေန သဟ ပမိတဗ္ဗော တုလောဟူ၍ ဝဒန္တိ ဆိုကြကုန်၏။ တံ= ထိုအဆိုသည်။ န သုန္ဒရံ= မကောင်း ဟူ၍လည်းကောင်း[၁]။

<u>သဗ္ဗထာပီ</u>တိ ဓမ္မသင်္ဂဏီ --- ဒီသု ဝုတ္တေန ပကာရေနာပိ ဒွါဒသေသူတိ ဝဒန္တိ[၂]။ န တံ ဒဠှံ။ လယ်တီဆရာတော်ဆိုသည်ကို မမှတ်အပ် မမှတ်သင့် မမှတ် ထိုက်ဟူ၍လည်းကောင်း။

န ဟိ ပစ္စယသာမဂ္ဂိယံ သတိ ကိဉ္စိ ကမ္မံ ပဝတ္တိဝိပါကမတ္တသာပိ အဇနကံ နာမ အတ္ထီတိ ဝဒန္တိ။ န တံ ဒဠှံ[၃]။

ထိုလယ်တီဆရာတော်အဆိုကို မမှတ်အပ်၊ မမှတ်သင့်၊ မမှတ်ထိုက် ဟူ၍လည်းကောင်း စသည် အကြိမ်ကြိမ်အထပ်ထပ် ပယ်မြစ်ချေပတော်ခဲ့မူလေသည်။

အရှင်ဉာဏိန္ဒသည် ကျမ်းဦး၌ ---

၁။ ဥဒယော ဗုဒ္ဓစန္ဒဿ၊ လောကပီတိဇရာသ္မိနော။
　　ပိဏ္ဍိသု ဓမ္မရသ္မိမှိ၊ လိင္ဂတ္ထာ သုဂတောရသာ။

၂။ ဝန္ဒေတံ သီတိဒံ စန္ဒံ၊ လောကတ္တယပိယာယိတံ။
　　ပိယာယံ သော မနံ မယှံ၊ သဗ္ဗလောကံ ပိယာယတံ။

---

၁။ ဝိဘာဝိနီယောဇနာ၊၁။ ၂၈။ ပရမတ္ထဒီပနီ၊ ၆။ လည်းကြည့်။

၂။ ဝိဘာဝိနီယောဇနာ၊ ၁။ ၈၈။ ပရမတ္ထဒီပနီ၊ ၃၂- လည်းကြည့်။

၃။ ဝိဘာဝိနီယောဇနာ၊ ၂။ ၃၉၈။ ပရမတ္ထဒီပနီ၊ ၁၅၂-လည်းကြည့်။

၃။ ဝိဘာဝိနီတိနာမေန၊ အတိဝိသုတဋီကထာ။
သံဝဏ္ဏနာ ကတာနေကာ၊ ပေါရာဏောဟိ စ သာသနေ။

၄။ အသန္တုဋ္ဌာပနေတာဟိ၊ သာဝဝေါ သာရမေသိနော။
ယာစိသု တံ သမာဂမ္မ၊ တဋီကာယတ္ထယောဇနံ။

၅။ တဿာစေရံ သုနိဿာယ၊ ဝိနိစ္ဆယံ ပကာသယံ။
ပုဗ္ဗဂန္ထေဟိ သာရတ္ထံ၊ သမာဒါယ ယထာဗလံ။

၆။ သခေ်ပေနေဝ ဘာသိဿံ၊ သာဝဝေါ ပါဠိဝတ္တိယာတိ။
ဟူသော ၆-ဂါထာဖြင့် ပဏာမ,ကျမ်းပြုခြင်း၏အကြောင်း, ပဋိညာဉ်,စသည်ကိုပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ကျမ်း၏အဆုံး နိဂုံး၌လည်း ---

၁။ ဉာဏောဒယာယ ဝိညူနံ၊ ပရမတ္ထဂဝေသိနံ။
အဘိဓမ္မေ ပဋ္ဌုတ္တာယ၊ သာသနဿ စ ဝုဒ္ဓိယာ။

၂။ ဝိဘာဝိနီတိ ဋီကာယ၊ အာရဒ္ဓါ အတ္ထယောဇနာ။
ဗျဉ္ဇနတ္ထသမာပန္နာ၊ အနာကုလဝိနိစ္ဆယာ။

၃။ သုတ္တန္တဝိနယောဂါဠှာ၊ အဘိဓမ္မသမတ္တိတာ။
ဂဟိတာဌကထာ သာရာ၊ ဋီကာနိစ္ဆယနိဿိတာ။

၄။ ပဋိဝါဒပ္ပဟာနီယာ၊ တေဋီကာ ဝိသောဓနာ။
နိဋ္ဌိတာ ယာ သမာယုတ္တာ၊ သမေ ဥရောပရာဇနံ။

၅။ ပုညကမ္မေန မေတေန၊ အဘိဓမ္မတ္ထသာဂရေ။
ဩဂါဟေတွာ စတုဿစ္စ-ဒဿနပ္ပဋိပတ္တိယာ။

၆။ သဗ္ဗေပိ ဒေဟိ နော ဟောန္တု၊ ဝိမုတ္တိရသဘာဂိနော။
သဒါ ရက္ခန္တု ဓမ္မေန၊ ရာဇာနော မဟိယံ ပဇံ။

၇။ ဇနောယံ လောကပါလေဟိ၊ ရက္ခိတော နိရုပဒ္ဒဝေါ။
သုရတော ပုညကမ္မေသု၊ ဇောတေတု ဇိနသာသနံ။

ဣစ္စေဝံ ပရမသုခုမဂမ္ဘီရဒုရနုဗောဓ ပရိသုဒ္ဓတ္ထသာရပရိဒီပနာယ သုဝိမလ ဝိသာလသုဝိသုဒ္ဓပ္ပညာဝေယျတ္တိယဇနာယ အဘိဓမ္မတ္ထဝိဘာဝိနိယာ နာမ အဘိ– ဓမ္မတ္ထသင်္ဂဟဝဏ္ဏနာယ သုဝိသုဒ္ဓတ္ထသာရပရိဒီပနာ အဗျာကုလဝိနိစ္ဆယာယမတ္ထ ယောဇနာ ဝိဘာဝိနိယာ နာမ ဋီကာယ တတိယသံဝဏ္ဏနာ သမ္မုတာ၊ အဇ္ဇဝမဒ္ဒခန္တိ သောရစ္စသဒ္ဓါသတိဓိတိဒ္ဓိဝီရိယာဒိ ဂုဏသမင်္ဂီနံ သာဋ္ဌကထာ ပိဋကတ္တယသင်္ဂါယံဝီ ရဝိသာရဒဉာဏစာရီနံ ဝိဝိဓာနေကပ္ပဘေဒသကာသမယသမယန္တရဂဟနဇ္ဈောဂါဟိ နံ အာစရိယပါစရိယာနံ သုပရိသုဒ္ဓတ္ထသာရဝိနိစ္ဆယနယမေဝ နိဿယံ ကတွာ ပုဗ္ဗေဝမှာကံ ဗုဒ္ဓုပ္ပါဒါ အဘိရာဇာ သာကိယရာဇဝရာနံ အဓိဝါသဋ္ဌာနဘူတေ လောကိယလောကုတ္တရရတနပ္ပဇ္ဇောတေ အာဒိကပ္ပိကာနံ မနုဿာ တံ ပန သောရမ္မဋ္ဌာနတ္တာ "မရမ္မ" နာမကေ ရဋ္ဌေ တတိယသံဂီတိကာလေ သံဃ– နာယကေန အာယသ္မတာ မဟာမောဂ္ဂလိပုတ္တတိဿတ္ထေရဝရေန သမ္မာသမ္ဗုဒ္ဓ– သာသနပတိဋ္ဌာပနတ္ထံ ပေသိတေသု တတ္ထ တတ္ထ ဂတေသု မဟာထေရေသု အာယသ္မတော ယောနကဓမ္မရက္ခိတတ္ထေရဿ သာသနပ္ပတိဋ္ဌာပိတဋ္ဌာနသမ္မုတ အပရန္တဒေသသမ္မာသမ္ဗုဒ္ဓဿ လောကဟိတေသိနော လဒ္ဓိတပ္ပဝရတုမပါဒ ဒွယပသောဘိတာယ ဝိပ္ပသန္နမဏိဝဏ္ဏမဓုရသာတောဒကာယ နမ္မဒါယ နာမ နဒီယာ ရူမနာဝါဒိဂတာဂတဝါဏိဇောဒကမဂ္ဂဘူတံ ရောဝတိံ နာမံ မဟာနဒိံ ပဝိဋ္ဌဋ္ဌာနေ ပုညသိရီအာဒိမင်္ဂလိကာနံ မနုဇာနံ ဘူတဋ္ဌာနတ္တာမမျုဟိဟာရံ မရမ္မ– ဘာသာယ "မင်းဘူး" ဣတိ ဝိဿုတံ နဂရံ ပါတုဘာဝတိ။ ဣဒ္ဓံ မီတိ နာနာဇန သမာကိဏ္ဏံ။

တမပုဂန္တွာ ဝိဿန္ဒမာနာယ ရောဝတီယာ နာမ မဟာနဒိယာ ဒွိဂါဝု တမတ္တ ဒူရဒေသံ သမ္ပတ္တာယ ပစ္ဆိမတီရေ သုပ္ပတိဋ္ဌေ ပရိဝါရာဒီယသဝန္တာနံ မနုဿာနံ ပဝတ္တိဋ္ဌာနတ္တာ။ "ယသယာ"တိ နာမကေ မဟာဂါမေ အသံကိဏ္ဏ ဇနာရညသဒိသမနောရမ္မာဘိသောဘိတေ အမ္ဗဝနုယျာနာရာမေ ကမ္မာဘိနဝဝိဟာ ရေ ဂန္ထဝိပဿနာဓုရဝသေန နိဝသိမှာ သိရီနန္ဒမာလာ နာမ ဥပဇ္ဈာယစရိယသ္မာ ဒဟရ ကာလေ လဒ္ဓေါပဒေသေနေကဂန္ထဝါစကဝိနိစ္ဆယနယညူဟိ အာကာသေ စန္ဒိမ သူရိယာ ဝိယ သာသနေ ပါကဋ္ဌာရေဟိ အမ္ဗနာမကနဂရဝါသီ ဘဒ္ဒန္တဝိသုဒ္ဓ မဟာသံဃရာဇာတိ လဒ္ဓသမ္မုတိတာ မဟာထေရပ္ပဝရာ စ ပဋိလဒ္ဓပိဋကေ ယေန သမ္မာသမ္ဗုဒ္ဓဓာတုနိဓာနစေတိယပ္ပဋိမာဒိသမလင်္ကတေ နာနာဝိဓရတနာစိတ

ပါသာဒဟမ္မိယက္ကဋ္ဌကာလယာဒိပဋိမဏ္ဍိတသံဃာရာမဝိဘူသိတေ သမိဒ္ဓမီတိ နာနာဇနသမာကိဏ္ဏေ မောနရာဇထေရိနီယနတ္ထာယ မာပိတတ္တာ ဝေရိက္ခယ နာမကေ မရမ္မဘာသာယ ရန်ကုန်ကြတိ ဝိသုဓာနဂုတ္တမေ ဝိဝိဓာနေက သတသောပါနဋ္ဌာလကပ္ပါသာဒပန္တိပရိက္ခိတ္တာယ သုဝဏ္ဏော ပတ္တာဒိနာနာရတန-ပ္ပဋိမဏ္ဍိတနာနာရတနရုစိရသိရီသောဘဂ္ဂပတ္တာယ သဗ္ဗသော ဖိဝမာနက သမ္မာသမ္ဗုဒ္ဓဿ ဝိယ လာဘဂ္ဂယသဂ္ဂသမ္ပတ္တာယ ကကုသန္ဓာဒီနံ စတုန္နံ သမ္မာ-သမ္ဗုဒ္ဓါနံ ပရိဘောဂကေသာဒိဓာတုနိဓာနဘူတာယ "သောဏ္ဏတိဂုမ္ဗ နာမကာယ မဟာစေတိယာယ သမီပေ ဤသမုတ္တရနိဿိတပုဗ္ဗဒိသာယံ မန္တလာသန္န ရတနာ-ပုဉ္ဆနဂရဝါသီနံ သီလာစာရာဒိပဋိပတ္တိယုတ္တာနံ ပရိယတ္တိဓရာနံ စတုဿတာ-ဓိကဒွိသဟဿာနံ မဟာထေရာနံ ရာဇမန္ဒိရေ ဆမာသံ ပဉ္စမသင်္ဂါယနိကာယ မင်းတုန်းကြတိပါကဋဿ ဘူပါလဿ ရွှေကျင်နာမေန အတိပါကဋံ လဇ္ဇီပေသလ သိက္ခာကာမတရံ မဟာထေရံ ဥဒ္ဒိဿပရိဂ္ဂဟိတဝိဟာရဝတ္ထုကတ္တာ "ရာဇဝိဟာရဝတ္ထု" တိပါကဋေ ဘူမိဘာဂေ တဒိဿရာနံ ရွှေကျင်ဂဏိကာဘိက္ခူနံ ကျောင်းတော်ရာကြတိနာမေန အဘိပတ္ထဋံ သီလာစာရာဒိဂုဏယုတ္တံ မဟာထေရံ ပမုခံ ကတွာ နိဝါသဋ္ဌာနဘူတေ မဟာဓမ္မဒီပိကာရာမေ, ကတာ ဇောတိကာရာမေ တဿ သမီပေ နန္ဒဝနုယျာရာမေ စ ယထာသကဝါသံ 'အဇ္ဈာဝသန္တာနံ နာယကာနုနာယကဘူတာနံ ဓမ္မဝိနယဝိနိစ္ဆယနယညူနံ ထေရာနံ ဥက္ကဋ္ဌာနာယကောတိ လဒ္ဒသံဃသမ္မုတိကေန သာဋ္ဌကထာ ပိဋကတ္တယဂန္ထန္တရဆေကာနံ ဂန္ထဝါစကဂန္ထကာရကဗဟုသိဿာနအာဒိစ္စဝံသပမုခါနံ ဂဏာစရိယာနံ ပဌမဝိသဇ္ဇာတိ သမ္မတော ရာဇုဿဝေ "ဇေဋ္ဌုတ္တသောပါဓိဓာရီနံ သေဋ္ဌိလာဘိက္ခုပ္ပဘူတီနံ သိဿာနဉ္စ မဟာထေရဘူတေန ဉာဏိန္ဒာသဘောတိ ဂုရူဟိ ဂဟိတနာမဓေယျေန ထေရေန ရစိတာတိ။

ဟိတာဝဟာဘိဓမ္မတ္ထ-သင်္ဂဟဿတ္ထဝဏ္ဏနာ။
သော ဝိဘာဝိနီဋီကာ၊ ယာဝ တိဋ္ဌတိ သာသနေ။

ဉာဏာဘိဝုဒ္ဓိယာ ဌာတု၊ တာဝါယံ အတ္ထယောဇနာ။
ပကာသေန္တိဝသာရတ္ထံ၊ သာရာသာရဝိဝေကိနံ။

ဣတိ

အာယသ္မတာ ဉာဏိန္ဒာသဘဝ္ဟေန ရစိတာ။
အဘိဓမ္မတ္ထဝိဘာဝိနီယာ နာမ အဘိဓမ္မတ္ထ
သင်္ဂဟဝဏ္ဏနာယ အတ္ထယောဇနာ ပရိနိဋ္ဌိတာ။

ဟူသော ဂါထာစုဏ္ဏိယရောသောစကားရပ်ဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။

ယင်းဝိဘာဝိနီယောဇနာကျမ်းကြီးမှာ ပဌမတွဲ, ဒုတိယတွဲ ၂-တွဲရှိရာ ပဌမတွဲ ရှိုင်ဆိုက်ဖြင့် စာမျက်နှာ ၇၇၃-မျက်နှာရှိလေသည်။ ကျမ်းစာ အတွင်း မျက်နှာဖုံး၌ မှန်ကျောင်းဆရာတော် အရှင်ဉာနိန္ဒာသဘမဟာထေရ် သောတု ဇဉ်အများတို့အား ကျမ်းစာ ကျနစွာဖွင့်နည်းရရန် ဝါကျမူမှန် လောက်ငံသိမ်းသွင်း လိုရင်းထိယှ ဖွင့်ပြစီရင်အပ်သော ဋီကာကျော်ကျမ်း၏ အဖွင့်သံဝဏ္ဏနာဝိဘာဝိနီ ယောဇနာ သံဝဏ္ဏေတဗ္ဗ သံဝဏ္ဏနာ အထက်အောက်ယှဉ်တွဲ၍ ကျမ်းပြုအရှင် တပည့် အာဒိစ္စဝံသအရှင် ပြင်ဆင် ကြီးကြပ်ပုံနှိပ်အပ်သည်။ ရန်ကုန်မြို့ ၂၅- လမ်း စာဆိုတန်း ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်။ ၄၂၀-ဟု ပါရှိလေသည်။

ဝိဘာဝိနီယောဇနာ စ၊ ဉာဏိန္ဒေန သုဓီ မတာ။
ဝိဘာဝိနီပထမ္ဘော္တွာ၊ ရစိတာ သမ္ပဒိတာ ဟိ ဝေ။

■

## ဋီကာကျော် ဂဏ္ဌိသစ်

ကမ္မဋ္ဌာန်းကျမ်းငယ်, ဝိပဿနာနယဒီပနီကျမ်း, နိဗ္ဗာနဝိနိစ္ဆယကျမ်း စသည်တို့ကို ပြုစီရင်တော်မူခဲ့သော ဒုတိယမင်းခင်းဆရာတော် အရှင်ဝိစာရိန္ဒသည် လယ်တီဆရာတော်၏ ဋီကာကျော်နှင့် ပရမတ္ထဒီပနီ ဋီကာကျမ်းအဆိုများ ဝေဘန် ဆုံးဖြတ်ရာ ဋီကာကျော်ဂဏ္ဌိကျမ်းကို ပြုစီရင်တော်မူခဲ့လေသည်။ ယင်းဋီကာ ကျော်ဂဏ္ဌိကျမ်းသည် ၁၂၈၂-ခုနှစ်တွင် ပေါ်ထွက်လာလေသည်။

မင်းခင်းဆရာတော်ဘုရားကြီးအရှင်ဝိစာရိန္ဒသည် ဤအဘိဓမ္မတ္ထဝိဘာဝိနီ ဋီကာ၌ ပမာဒလိခိတအရာဌာန ကိုးဌာနမျှတွေ့ရှိ၍။ အဘိဓမ္မတ္ထဒီပနီဋီကာသစ် (ပရမတ္ထဒီပနီ) ၌ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကို ပယ်ဖျက်စွဲဆိုသောအရာဌာနတို့တွင်

၄၆၊ ၄၇၊ ၄၈၊ ၅၈၊ ၅၉၊ ၇၃၊ ၁၄၅၊ ၁၄၆၊ ၁၄၇။ ဤဂဏန်းတို့ဖြင့်မှတ်၍စွဲဆိုသော ကိုးဌာနတို့ကား ဟုတ်မှန်သောစွဲချက်ဌာနတို့ဟု ထင်မိပေ၏။

ထိုမှကြွင်းကျန်ထုတ်ကုန်သောဂဏန်းတို့ဖြင့် မှတ်၍စွဲဆိုကုန်သော နှစ်ရာ့နှစ်ဆယ့်ရှစ်ဌာနတို့ကား မဟုတ်မမှန် ဖောက်ပြန်များယွင်းကုန်သော စွဲချက်ဌာနတို့တည်း။ ထို့ကြောင့် ဒီပနီဋီကာသစ်၌ ပမာဒလိခိတဌာန ကိုးဆယ့်ခုနစ်ဌာန။ စွဲချက်များသော ဌာန ၂၂၈၊ နှစ်ခုပေါင်း ဒုရုတ္တဌာနကား ၃၂၅ (သုံးရာ့နှစ်ဆယ့်ငါး) ဌာနရှိ၏။ ဟု မိန့်တော်မူလေသည်[၁] ။

ဆရာတော်သည် ဋီကာကျော် ဂဏ္ဌိသစ်ကျမ်းဦး၌ -

၁။ ဗုဒ္ဓံ သဗ္ဗညုတညာဏံ၊ ဓမ္မံ သမ္မောဟနာသကံ။
ဝန္ဒိတွာ နိမ္မလံ သံဃံ၊ ပုညခေတ္တံ အနုတ္တရံ။

၂။ ဝိနယာစာရသံယုတ္တံ၊ ဓီရံ နာနာဂန္ထကာရကံ။
ဂုရုဥ္စ မမ သိရသာ၊ ဂဏ္ဌိပဗ္ဗံ ကရိဿာမိ။

၃။ ဝိဘာဝနိသမညာယ၊ ဝဏ္ဏနာယ ဂဏ္ဌိပဗ္ဗေ။
သမ္မောဟဇနကေ ဌာနေ၊ သာရတ္ထဒီပတံ ဂုဏံ။

၄။ အဘိယာစနမာရဗ္ဘ၊ ဗုမိကာမယ္ဆ သာသနံ။
နာမံ ပဒုမသညိနော၊ အန္တေဝါသိကဘိက္ခုနော။

၅။ ဓရတေဝ နယော ဒါနိ၊ တံ နိဿာယေဝ သာဓုကံ။
ဗဟုသောတူနမတ္ထာယ၊ တံ မေ သုဏာထ သာဓဝေါ။

(၁) အဟံ၊ ခန္ဓာပဉ္စက သမူဟကို စွဲထသမုတ် အကျွန်ုပ်သည်။ သဗ္ဗညုတညာဏံ၊ သခါရဝိကာရ, လက္ခဏ, နိဗ္ဗာန်,ပညတ် ငါးရပ်ဉေယျ မြတ်ဓမ္မကို မချွပိုင်ပိုင် သိမြင်နိုင်သော သဗ္ဗညုတညာဏ်ရှိတော်မူသော။ ဗုဒ္ဓဥ္စ၊ မြတ်စွာဘုရားကိုလည်းကောင်း။ သမ္မောဟနာသကံ၊ ဝေနေမျှားစွာသတ္တဝါအပေါင်းကို ပြင်းစွာ

---

[၁] မင်းခင်းဋီကာကျော်ဂဏ္ဌိသစ်၊ ၄၄၀။ နှာ၁။

တွေ့ဝေ မိုက်မဲစေတတ်သော အဝိဇ္ဇာမောဟ ဝဋ်မူလကို နုတ်ထပယ်လတ် အကြွင်းမဲ့ ဖျက်ဆီးတတ်သော။ ဓမ္မဥ္စ၊ မဂ်လေးတန်ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ နိမ္မလံ၊ ကိလေသာဟူသော အညစ်အကြေးမရှိထသော။ အနုတ္တရံ၊ အတုမရှိသော။ ပုညခေတ္တံ၊ ကောင်းမှု တည်းဟူသော မျိုးစေ့တို့၏ စိုက်ပျိုးပစ်ချရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်ထ သော။ သံဃဥ္စ၊ မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက်ဟူသော အရိယာ သံဃာတော်ကိုလည်းကောင်း။

(၂-၃-၄-၅-) ဝိနယာစာရသံယုတ္တံ၊ ဝိနည်းကျင့်နှင့်ယှဉ်ထသော။ မိရံ၊ မြဲမြံခိုင်ခံ့သောသမာဓိရှိထသော။ နာနာဂန္ထကာရကံ၊ အဋ္ဌသာလိနီအဋ္ဌကထာ၏ ဂဏ္ဌိသစ်ကျမ်းအစရှိသော အထူးထူးသောကျမ်းတို့ကို ပြုစီရင်တော်မူထသော။ မေ၊ ငါ၏။ ဂုရုံစ၊ ဆရာကိုလည်းကောင်း။ ဝါ၊ "ဝိမလာစာရာဘိကဝိဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု"ဟု နှစ်ကြိမ်နှစ်ထပ်လှူဒါန်းအပ်သော ဘွဲ့အမည်တံဆိပ်ရှိသော မင်းခင်း ဆရာတော်ဘုရားကြီးကိုလည်းကောင်း။ သိရသာ၊ လက်စုံယှက်ပူး ဦးခေါင်း ဦးဖြင့်။ ဝန္ဒိတွာ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ သာသနံ၊ သာသနဿ၊ သာသနာ တော်သုံးရပ်၏။ ဝုမိကာမဿ၊ ကြီးပွားခြင်းကိုအလိုရှိသော။ ဝါ၊ ကြီးပွားခြင်းငှာ အလိုရှိသော။ နာမံ၊ နာမေန၊ အမည်အားဖြင့်။ ပဒုမသညိနော၊ ပဒုမအမည်ရှိသော။ အဋ္ဌေဝါသိကာဘိကင္ခုနော၊ အဋ္ဌေဝါသိကရဟန်း၏။ အဘိယာစနံ၊ ရှေးရှုဝပ်စင်း တောင်းပန်ခြင်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဒါနိ၊ ယခုအခါ၌။ နယော၊ ပါဠိအဋ္ဌကထာ ဋီကာနည်းသည်။ ဧရတေဝ၊ တိမ်မြုပ်ပျက်ပြား မရှေ့ရှားရှိသည်သာတည်း။ တံ နယံ၊ ထိုပါဠိအဋ္ဌကထာ ဋီကာနည်းကို။ သာဓုကံ၊ ကောင်းစွာ။ နိဿာယေဝ၊ မှီ၍သာလျှင်။ ဗဟုသောတူနံ၊ များစွာထိုထို စာသင် ပျိုတို့၏။ အတ္တာယ၊ အကျိုးငှာ။ ဝိဘာဝနိသမညာယ၊ အဘိဓမ္မတ္ထ ဝိဘာဝိနီ အမည်ရှိသော။ ဝဏ္ဏနာယ၊ အဘိဓမ္မတ္ထသင်္ဂဟဝဏ္ဏနာ၏။ ဂဏ္ဌိပဒ္ဒေ၊ ယထာ ဘူတဉာဏ်၏တည်ရာ ခက်ရာခက်ဆစ်ခက်ဖုဖြစ်သော။ သမ္မောဟဇနကေ၊ ယုံမှား တွေဝေခြင်းကိုဖြစ်စေတတ်သော။ ဌာနေ၊ အရာ၌။ သာရတ္ထဒီပကံ၊ အနှစ် အသားဖြစ်သောအနက်ကိုပြတတ်သော။ သုဘံ၊ ပါဠိအဋ္ဌကထာဋီကာတို့နှင့် ပြည့်စုံ သည်ဖြစ်၍ ကောင်းမြတ်တင့်တယ်သော။ ဂဏ္ဌိပဒံ၊ ဂဏ္ဌိပဒကို။ ကရိဿာမိ၊ ပြုပေအံ့။ တံဂဏ္ဌိပဒံ၊ ထိုဂဏ္ဌိပဒကို။ သာဓဝေါ၊ သူတော်ကောင်းဖြစ်ကုန်သော။

တုမှေ၊ သင်တို့သည်။ မေ-မမ၊ ငါ၏။ သန္တိကာ၊ အထံမှ။ သုဏာထ၊ နာလင့်ကုန်လော့။ ဟူသော ၅-ဂါထာပါဠိနိဿယဖြင့်ရတနတ္တယပဏာမ, အာစရိယပဏာမ, အဘိယာစက, ပဋိညာဉ် သည်ကိုဖော်ပြ၍ ဂန္ထာရမ္ဘ ပြုတော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌လည်း ---

တွေ့ဝတာ ဓမ္မသာမိနော ဘဂဝတော မာ နိဝတ္တ တိပိဋ သာသနန္တိ အဌ သာလိနိအဌကထာယ အဘိနဝဂဏ္ဌိကစ္စာယနာဝဏ္ဏနာ နိဿေသဓာတိ နာမိကာဘိနဝဋီကာ ဆန္ဒောသာရပကာသိနီ ပဒမာလာ ဓာတုမာလာ ဗုဒ္ဓဝံသ ပါဠိနိဿယော ဒိနာဒိကထာ စာတိ ဝေမာဒိနံ နာနာဂန္ထာနံ ကာရကဿ "ဝိမလာ စာရာဘိ ကဝိဓဇမဟာဓမ္မရာဇာဓိ ရာဇဂုရု"တိ ဒွိက္ခတ္တုံ လဒ္ဓလဉ္ဆနဿ မင်းခင်း နဂရဘောဇကိယာ ရာဇဓီတုယာ ပူဇိတတ္တာ မင်းခင်းရာဇဂုရုနာမိကဿ မဟာ-ဂုရုနော အန္တေဝါသိကေန စစ်ကိုင်းပုရဿ ဥတ္တရာယ ဒိသာယ ဌိတေသု အနေကေသု ပဗ္ဗတေသု မင်္ဂလာစေတိယနာမဿ ပဗ္ဗတုတ္တမဿ ဒက္ခိဏေ ပဿေ မနောရမေ ဇေယျာဘူမိကန္တရေ နာနာဝိဟာရာဒိဒဗ္ဗသမ္ဘာရေဟိ နာနာ ပုပ္ဖဖလဓာရရုက္ခေဟိ ဥပရူပရိဝိစိတ္တေဟိ နာနာသောပါနေဟိ စာလက်ာတေ ဆာယူဒက သမ္ပန္နေ ပုသိမက်ုံရနာမိကေ ဗကုလရုက္ခလေဏေ ဝသန္တေန သမ္မာဝါယမေန ဘယဒဿီနာ ဘဒ္ဒန္တဝိစာရိန္ဒမဟာထေရေန အဘိဓမ္မတ္ထဝိဘာဝိနီ နာမ အဘိဓမ္မတ္ထ သင်္ဂဟဝဏ္ဏနာယ လီနတ္ထေသု သမ္မောဟဇနကေသု ဂဏ္ဌိပဒေသု ဌာနေသု ယော သာရတ္ထဒီပကော ဂဏ္ဌိသာသနေ နာနာဂန္ထေဟိ သံသန္ဒေတွာ သုဋ္ဌု ကတော။ သော ကလိယုဂေ အဋ္ဌဌာနေ ဇိနစက္ကေ ဌိတလက္ခေ သမ္ပတ္တေ ပဌမာသဋ္ဌိမာသ ဇဏှပက္ခေ ဒသာဟသောကြဲဝါရတိနာဒိကေ အနာယာသေန နိဋ္ဌိတော။

၁။ ယထာယံ နိဋ္ဌိတော ဂန္ထော၊ တထာ နိဋ္ဌန္တု ပါဏိနံ။
အနာယာသေန သင်္ကပ္ပါ၊ ဓိပ္ပမေဝ ပရိပုဏ္ဏာ။

၂။ သုကတံ ဝတ မေ ပုညံ၊ သုလဒ္ဓံ ဝတ မေ ပုညံ။
အဣွရံ ဝတ မေ ပုညံ၊ အဗ္ဘုတံ ဝတ မေ ပုညံ။

၃။ တံ ဟေတုလဒ္ဓမာနဿ၊ မဂ္ဂဉာဏဿ အာယတိံ။
ပကာတူပနိဿယေန၊ ဗလဝန္တေန ပစ္စယော။

တွေ့တဝတာ၊ ဤမျှအတိုင်းအရှည်ရှိသော စကားအစီအစဉ်ဖြင့်။ ဓမ္မသာမိနော၊ တရား၏အရှင်ဖြစ်တော်မူသော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ တိပိဓံ၊ သုံးပါးအပြားရှိသော။ သာသနံ၊ သာသနာတော်သည်။ မာနိဝတ္တ၊ မနစ်ပါစေလင့်။ ဝါ၊ မဆုတ်ယုတ်ပါစေလင့်။ ဣတိ၊ ဤသို့။ မနသိကတွာ၊ နှလုံးပိုက်၍။ အဋ္ဌသာလိနီ အဋ္ဌကထာယာဘိနဝဂဏ္ဌိ စ၊ အဋ္ဌသာလိနီအဋ္ဌကထာ၏ ဂဏ္ဌိကျမ်းသစ်သည် လည်းကောင်း။ ကစ္စာယနသာရဝဏ္ဏာ၊ ကစ္စာယနသာရကျမ်း၏အဖွင့်ဖြစ်သော။ နိသေသာဓောတိနာမိကာဘိနဝဋီကာ စ၊ နိသေသဓောတိအမည်ရှိသော ဋီကာသစ် ကျမ်းသည်လည်းကောင်း။ ဆန္ဒောသာရပကာသိနီ စ၊ ဆန္ဒောသာရ ပကာသိနီကျမ်း လည်းကောင်း။ ပဒမာလာ စ၊ ပဒမာလာကျမ်းလည်းကောင်း။ ဓာတု မာလာ၊ ဓာတုမာလာကျမ်းလည်းကောင်း။ ဗုဒ္ဓဝံသပါဠိနိဿယော၊ ဗုဒ္ဓဝံသပါဠိတော်၏နိဿယကျမ်းလည်းကောင်း။ ဒါနာဒိကထာ စ၊ ဒါနာဒိကထာကျမ်းလည်း ကောင်း။ ဣတိဝေမာဒီနံ၊ ဤသို့အစရှိကုန်သော။ နာနာဂန္ထာနံ၊ အထူးထူးသောကျမ်း တို့ကို။ ကာရကဿ၊ ပြုစုတော်မူသော။ ဝိမလာစာရာဘိကဝိဓဇမဟာဓမ္မရာဇာဓိ ရာဇဂုရုတိ၊ ဝိမလာစာရာဘိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရုဟူ၍။ ဒ္ဓိက္ခတ္တုံ၊ နှစ်ကြိမ်။ လဒ္ဓလဉ္ဆနဿ၊ ရအပ်သောဘွဲ့အမည်တံဆိပ်ရှိထသော။ မင်းခင်းနဂရ ဘောဇကိယာ၊ မင်းခင်းမြို့စားဖြစ်သော။ ရာဇဓီတုယာ၊ မင်းသမီးသည်။ ပူဇိတတ္တာ၊ ပူဇော်အပ်သည်၏အဖြစ်ကြောင့်။ မင်းခင်းရာဇဂုရုနာမိကဿ၊ မင်းခင်းဆရာတော် အမည်ရှိသော။ မဟာဂုရုနော၊ ဆရာတော်ဘုရားကြီး၏။ အန္တေဝါသိကေန၊ အန္တေဝါ သိကတပည့်ဖြစ်သော။ စစ်ကိုင်းပုရဿ၊ စစ်ကိုင်းမြို့၏။ ဥတ္တရာယဒိသာယ၊ မြောက် မျက်နှာအရပ်၌။ ဋ္ဌိတေသု၊ တည်ရှိကုန်သော။ အနေကေသု၊ များစွာကုန်သော။ ပဗ္ဗတေသု၊ တောင်တို့တွင်။ မင်္ဂလာစေတိယနာမဿ၊ မင်္ဂလာစေတီအမည်ရှိသော။ ပဗ္ဗတုတ္တမဿ၊ တောင်မြတ်၏။ ဒက္ခိဏပဿေ၊ လက်ျာနံပါး၌။ မနောရမ္မေ၊ နှလုံးသားမွေ့လျော်ပျော်ဖွယ်ရှိသော။ ဇေယျာဘူမိကန္ဒရေ၊ ဇေယျာဘူမိချောင်၌။ နာနာဝိဟာရာဒိဒဗ္ဗသမ္ဘာရေဟိ စ၊ ကျောင်းအစရှိကုန်သော အထူးထူးအပြားပြား ကုန်သောဒြပ်အဆောက်အအုံတို့ဖြင့်လည်းကောင်း။ နာနာပုပ္ဖဖလာဓာရရုက္ခေဟိ စ၊ အထူးထူးအပြားပြားသော အပွင့်အသီးတို့ကိုဆောင်ကုန်သော သစ်ပင်တို့ဖြင့် လည်းကောင်း။ ဥပရူပရိ၊ အဆင့်ဆင့်။ ဝိစိတ္တေဟိ၊ ဆန်းကြယ်ကုန်သော။

နာနာသောပါနေဟိ စ၊ အထူးထူးအပြားပြားကုန်သော စောင်းတန်းကြီး စောင်းတန်းငယ် အသွယ်သွယ်တို့ဖြင့်လည်းကောင်း။ အလင်္ကတေ၊ တန်ဆာဆင်အပ်သော။ ပုဿိမင်္ကုရနာမိကေ၊ ပုဿိမ်ညွှန့်အမည်ရှိသော။ ဗကုလရုက္ခလေဏေ၊ ချရားပင် ရောက်ရာလိုဏ်၌။ ဝသန္တေန၊ နေထသော။ သမ္မာဝါယာမေန၊ ကောင်းစွာအားထုတ် အပ်သော သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယရှိထသော။ ဘယဒဿိနာ၊ ရုပ်နာမ်နှစ်ပါး ဖြစ်လား ပျက်လားတဘွားဘွားနှင့် တန့်နားမပြုဘေးအစုကို စေ့စေ့ငုငု ဉာဏ် စက္ခုဖြင့် အခါခါရှုမြင်လေ့ရှိထသော။ ဘဒ္ဒန္တဝိစာရိန္ဒမဟာထေရေန၊ အရှင်ဝိစာရိန္ဒ မဟာထေရ်သည်။ အဘိဓမ္မတ္ထဝိဘာဝနိယာနာမအဘိဓမ္မတ္ထသင်္ဂဟဝဏ္ဏနာယ၊ အဘိဓမ္မတ္ထ ဝိဘာဝိနီမည်သော အဘိဓမ္မတ္ထသင်္ဂဟဋီကာ၏။ လီနတ္ထေသု၊ ကွယ်ဝှက်သော အနက်ရှိကုန်သော။ သမ္မောဟဇနကေသု၊ ယုံမှားတွေဝေခြင်းကိုဖြစ် စေတတ်ကုန် သော။ ဂဏ္ဌိပဒေသု၊ ယထာဘူတဉာဏ်၏ တည်ရာ ခက်ရာ ခက်ဆစ်ခက်ဖုဖြစ်ကုန်သော။ ဌာနေသု၊ အရာဌာနတို့၌။ သာရတ္ထဒီပကော၊ အနှစ် အသားဖြစ်သောအနက်ကိုပြသော။ ယော ဂဏ္ဌိ၊ အကြင်ဂဏ္ဌိကို။ သာသနေ၊ ဘုရားသာသနာတော်၌။ နာနာဂန္ထေဟိ၊ အထူးထူးကုန်သော ပါဠိအဋ္ဌကထာဋီကာ ကျမ်းတို့နှင့်။ သံသန္ဒေတွာ၊ နှီးနှော၍။ သုဋ္ဌု၊ ကောင်းစွာ။ ကတော၊ ပြုအပ်၏။ သောဂဏ္ဌိ၊ ထိုဂဏ္ဌိကျမ်းသည်။ ကလိယုဂေ၊ နှစ်ကောဇာသည်။ အဋ္ဌဝှကေ၊ တစ်ထောင်နှစ်ရာရှစ်ဆယ်ပြည့်နှစ်သို့၊ ဇိနစက္ကေ၊ သာသနာစက်သည်။ ဋ္ဌိတကက္ခေ၊ နှစ်ထောင့်လေးရာခြောက်ဆယ်နှစ်ခုနှစ်သို့။ သမ္ပတ္တေ၊ ရောက်လတ်သော်။ ပဋ္ဌ မာသင်္ဂီမာသဇုဏှာပက္ခေဒသာဟသောကြဝါရတိနာဒိကေ၊ ပဋ္ဌမဝါဆိုလဆန်းပက္ခ ဆယ်ရက် သောကြာနေ့ သုံးနာရီအချိန်၌၊ အနာယာသေန၊ ငြိုငြင်ပင်ပန်းခြင်းမရှိ သဖြင့်။ နိဋ္ဌံ၊ ပြီးဆုံးခြင်းသို့။ ဂ္ဂတော၊ ရောက်ပြီ။

(၁) အယံ ဂန္ထော၊ ဤဂဏ္ဌိကျမ်းသည်။ အနာယာသေန၊ ငြိုငြင်ပင်ပန်းခြင်း မရှိသဖြင့်။ နိဋ္ဌံ၊ ပြီးစီးခြင်းသို့။ ဂ္ဂတောယထာ၊ ရောက်သကဲ့သို့။ တထာ၊ ထို့အတူ။ ပါဏိနံ၊ သတ္တဝါတို့အား။ ဝါ၊ သတ္တဝါတို့၏။ သင်္ကပ္ပါ၊ ကောင်းမြတ်ကုန်သော အကြံတို့သည်။ အနာယာသေန၊ ငြိုငြင်ပင်ပန်းခြင်းမရှိသဖြင့်။ ခိပ္ပမေဝ၊ အလျှင် အမြန်သာလျှင်။ ပရိပုဏ္ဏာ၊ ပြည့်စုံကုန်သည်။ ဟုတွာ၊ ဖြစ်၍။ နိဋ္ဌံ၊ ပြီးစီးခြင်းသို့။ ဧန္တု၊ ပါပုဏန္တု၊ ရောက်ကြပါစေကုန်သတည်း။

(၂) မေ၊ ငါသည်။ ပုညံ၊ ဂဏ္ဌိကာရဉာဏသမ္ပယုတ်ကုသိုလ်ကို။ သုကတံ ဝတ၊ ကောင်းစွာပြုအပ်ပေစွတကား။ မေ၊ ငါသည်။ ပုညံ၊ ဂဏ္ဌိကာရဉာဏသမ္ပယုတ်ကုသိုလ်ကို။ သုလဒ္ဓံဝတ၊ ကောင်းစွာ အရတော်ပေစွတကား။ မေ၊ ငါသည်။ ပုညံ၊ ဂဏ္ဌိကာရဉာဏသမ္ပယုတ်ကုသိုလ်သည်။ အစ္ဆရံ၊ အစ္ဆရိယံ ဝတ၊ လက်ဖျက်ပွဲတီးအံ့ချီးဖွယ်ရှိစွတကား။ မေ၊ ငါ၏။ ပုညံ၊ ဂဏ္ဌိကာရ ဉာဏသမ္ပယုတ်ကုသိုလ်သည်။ အဗ္ဘုတံ ဝတ၊ မဖြစ်စဘူး အထူးအသစ် ဖြစ်ပေါ်လာပေစွတကား။

(၃) တံ ပုညံ၊ ထိုဂဏ္ဌိကာရဉာဏသမ္ပယုတ်ကုသိုလ်သည်။ အာယတိံ၊ နောင်အဖို့ကာလ၌။ လဗ္ဘမာနသော၊ ရလတံ့သော။ မဂ္ဂဉာဏဿ၊ အရိယာမဂ်ဉာဏ်အား။ ဗလဝဏ္ဏေန၊ အားကြီးစွာသော။ ပကတူပနိဿယေန၊ ပကတူပနိဿယသတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် အဘိဓမ္မတ္ထဝိဘာဝိနီမည်သော အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ၏ ဂဏ္ဌိပဒအရာတို့၌ အနက်အသားဖြစ်ကုန်သော၊ အနက်တို့ ကိုပြတတ်သော ဤဂဏ္ဌိကျမ်းသည် တစ်ထောင့်နှစ်ရာ့ရှစ်ဆယ်ပြည့်နှစ် ပဌမဝါဆိုလဆန်းဆယ်ရက် သောကြာနေ့ သုံးနာရီအချိန်၌ နိဂုံးကမ္ပတ်သတ်၍ အပြီးအဆုံးသို့ ရောက်လတ်ပြီ။ နိဂမံ ရစနံ နိဋ္ဌိတံ။ ဟူသောစကားရပ်ဖြင့် ပြည့်စုံစွာ နိဂုံးအုပ်တော်မူခဲ့လေသည်။

ယင်းကျမ်းကြီးကို ၁၂၈၂-ခုနှစ်၌ မန္တလေးမြို့ ဆိုင်းတန်းရပ် ပညာသိပ္ပ ပိဋကတ်ပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေခဲ့ရာ ရှိုင်ဆိုက်ဖြင့် စာမျက်နှာ ၄၄၃- ရှိခဲ့လေ သည်။ ကျမ်းစာအတွင်းမျက်နှာဖုံး၌ ''မင်္ဂလာစေတီအမည်ရှိသော တောင်ရပ်၏ လက်ျာနံပါး ချယားပင်ရောက်ရာလိုဏ်ဂူ၌ သီတင်းသုံးတော်မူသော မင်းခင်းဆရာ တော်ဘုရားကြီးသည် အဘိဓမ္မတ္ထသင်္ဂဟဝိဘာဝိနီခေါ် ဋီကာကျော်ကျမ်း၏သမာန ဝါဒအယူမှန်ကို 'န သုန္ဒရံ န ယုဇ္ဇတိ' အစရှိသည် ဒုရုတ္တစကားများကို ဘုရားဟောဖော် ပါဠိတော် အာဂုံအဋ္ဌကထာပါဠ်၌ သာဓကအစုံတို့နှင့် ခုံသမာသမတ် အကိုးအကားဖြင့် ရေးသားစီရင်တော်မူအပ်သော ဋီကာကျော် ဂဏ္ဌိ သစ်ကျမ်းကို ကြည့်ရှုပြင်ဆင်သူ ပါဠိဆရာကြီး ဦးဖိုးသွယ်။ မန္တလေးမြို့ ဆိုင်းတန်း ရပ်(ပညာသိပ္ပံ) ပိဋကတ် ပုံနှိပ်တိုက်။ ၁၂၈၂-ခု၊ ၁၉၂၀-ခု''ဟု ပါရှိလေသည်။

ဓေယျာစလေ ဝဿန္တေန၊ မင်းခင်းထေရတပဿိနာ။
ဋီကျော်ဂဏ္ဌိသုဂန္ထော၊ သမ္ဗာဒိတော ဟုတတ္ထိနာ။

■

## အဘိဓမ္မတ္ထသင်္ဂဟဓော်တိကာ ဋီကာပါဌ်

တစ်ဖန်၊ သက္ကရာဇ် ၁၂၉၆–ခုနှစ်တပိုတွဲလတွင် မန္တလေးမြို့အရှေ့ပြင်မှန်ကျောင်းဆရာတော်ဘုရားကြီး၏ အန္တေဝါသိက "ဂန္ထဓုရာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဂန္ထဓုရ၏ညီတော်အရှင်း သီပေါမင်းလက်ထက် ပဋ္ဌမစာတော် ၃–ခါပြန်စလေမြို့အရှေ့ဖက်သြဇာတောရွာကန်နီတိုက်၌ သီတင်းသုံးတော်မူသောဆရာတော်အရှင်နန္ဒမာလာသည်လည်း အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျော်ဆရာ၏ဖက်မှ ကူညီပံ့ပိုးထောက်ခံကာလယ်တီဆရာတော်ဘုရားကြီး၏ပရမတ္ထဒီပနီသင်္ဂြိုဟ် မဟာဋီကာသစ်၏ အဆိုအမိန့်များ စကားသုံးအမျိုးမျိုးဖြင့် ပယ်ဖျက်သည့်အဘိဓမ္မတ္ထသင်္ဂဟဓော်တိကာဋီကာပါဌ်ကို ပြုစီရင်တော်မူခဲ့လေသည်။

ပရမတ္ထဒီပနီကာရာစရိယော ပန အဘိဓေယျော အဘိဓမ္မသဒ္ဒေန ဒဿိတော ဝတွာ ဝိဘာဝနိယံ အာဂတံ ဝဏ္ဏနာဒေါသာရောပေတွာ ပဋိက္ခေပတိ။ သောပိ ဒုပဋိက္ခေပေါဝ ဟောတိ၊ ပရမတ္ထဒီပနီကျမ်းပြု လယ်တီဆရာတော်သည် မူကား အဘိဓမ္မသဒ္ဒါဖြင့် အဘိဓေယျကို ပြအပ်၏ဟုဆိုပြီး ဝိဘာဝိနီဋီကာအဖွင့်ကို ပြစ်တင်ပယ်မြစ်ခဲ့လေသည်။ ထိုပယ်မြစ်ချက်ကား မကောင်းသဖြင့် ပယ်မြစ်ချက်သာ ဖြစ်ခဲ့သည်။ အလွဲပယ်မြစ်ချက်သာ ဖြစ်သည်စသည်ဖြင့် လည်းကောင်း[၁]။

ပရမတ္ထဒီပနီကာရာစရိယေန ပန ဝိဘာဝိနိယံ အာဂတဝစနာပဋိက္ခိပိတွာ အဘိဓမ္မတ္ထသင်္ဂဟပဒေနေဝ သာမတ္ထိယတော ဒဿိတန္တိ ဝုတ္တံ၊ တမ္ပိ ယထာ

---

၁။ အဘိဓမ္မတ္ထသင်္ဂဟဓော်တိ ကာဋီကာ၊ ၂၊ နှာ။

ဝုတ္တပရိဟာရာစရိယဝစနေန ပဋိက္ခိတ္တံ ပရမတ္ထဒီပနီကျမ်းပြုဆရာသည်ကား ဝိဘာဝိနီဋီကာကျော်၌လာသော စကားကိုပယ်မြစ်၍ အဘိဓမ္မတ္ထသင်္ဂဟပုဒ်ဖြင့်ပင် လျှင် သာမတ္ထိယဖြင့် ပြအပ်သည်ဟုဆို၏။ ထိုအဆိုကိုလည်း ပရိယာယ်ဆရာ (ဋီကာကျော်)ဆရာ၏ ဆိုပြီးစကားရပ်ဖြင့် ပယ်အပ်ပြီစသည်ဖြင့်လည်းကောင်း[၁]

ဒီပနီကာရာစရိယော ပန -- ပါကဋ္ဌ ဒသေသတွာ နုဒတိ။ တံ ဝိစာရေတဗ္ဗံ၊ ပရမတ္ထဒီပနီဋီကာဆရာသည်ကား-- အပြစ်ကို ထင်စွာပြ၍နုတ်ပယ်၏။ ထိုနုတ်ပယ် ချက်ကို စိစစ်အပ်၏။ (မယုံကြည်လေနှင့်)စသည်ဖြင့်လည်းကောင်း[၂] ။

တသ္မာ ပရမတ္ထဒီပနီကာရာစရိယဿ ဝစနံ သာရတော န ပစ္စေတဗ္ဗံ၊ သို့ဖြစ်ရာ ပရမတ္ထဒီပနီသင်္ဂြိုဟ်ဋီကာသစ်ကျမ်းပြု လယ်တီဆရာတော်၏စကားကို မြတ်မြတ်နိုးနိုး မယူအပ် မယူသင့် မယူထိုက် စသည်ဖြင့်လည်းကောင်း[၃] ။

ပရမတ္ထဒီပနီကာရာစရိယော ပန --- ဖဠံ့ အာရောပေတိ။ ယော ယထာ ဝုတ္တာဓိပ္ပါယံ အမနသိကရောန္တော အယံ ဒေါသံ ဝုတ္တတ္တာ ဋီကာဝဏ္ဏနံ န ဂစ္ဆတိ။ ပရမတ္ထဒီပနီဋီကာကျမ်းပြု လယ်တီဆရာတော်သည်ကား ---အပြစ်တင်၏။ သို့ရာတွင် ထိုပရမတ္ထဒီပနီဋီကာကျမ်းပြု လယ်တီဆရာတော်သည် ဋီကာကျော် ဆရာဆိုသည့်အတိုင်း အဓိပ္ပါယ်သဘောကို နှလုံးမသွင်းမိဘဲ ထိုဋီကာကျော်၌ အပြစ်တင်သည့်အတွက် ဋီကာကျော်ဆရာ ဤအပြစ်မရောက် စသည်ဖြင့် လည်းကောင်း[၄] ။

တဿ သော အာစရိယဿ ဥပရိ န ဂစ္ဆတိ၊ လယ်တီဆရာတော်တင်သော ထိုအပြစ်သည် ထိုဋီကာကျော်ဆရာအပေါ် မရောက်ချေ-စသည်ဖြင့်လည်း ကောင်း[၅]

---

၁။ အဘိ/ဇောတိကာ ဋီ။ ၃။

၂။ အဘိ၊ ဇောတိကာ ဋီ။ ၄-၅။

၃။ အဘိသင်္ဂဟဇောတိ၊ ဋီ။ ၆။

၄။ အဘိဇောတိကာ ဋီ။ ၈။

၅။ အဘိဇောတိကာ၊ ဋီ။ ၈။

ဇဝံ ဝုတ္တေပိ ဋီကာဝစနံ သုန္ဒရမေဝ၊ လယ်တီဆရာတော်သည် ထိုအပြစ်တင်သော်လည်းဋီကာကျော်ဆရာ့စကားကောင်းသည်သာစသည်ဖြင့်လည်းကောင်း[၁]။

တမ္ပိ အယုတ္တမေဝ၊ ထိုပရမတ္ထဒီပနီကျမ်းပြု လယ်တီဆရာတော်၏စကားသည်လည်း မသင့်သည်သာ စသည်ဖြင့်လည်းကောင်း[၂] ။

တံ သဗ္ဗံ သုန္ဒရန္တိ သမ္ပဋိစ္ဆိတုံ အယုတ္တမေဝ၊ ပရမတ္ထဒီပနီကျမ်းပြု လယ်တီဆရာတော်၏ ထိုစကားအားလုံးကောင်း၏ဟု လက်ခံရန်မသင့်သည်သာ စသည်ဖြင့်လည်းကောင်း[၃] ။

ဤသို့စသည်ဖြင့် စလေမြို့ ဩဇာတောရ ကန်နီဆရာတော် အရှင်နန္ဒမာလာသည် ပရမတ္ထဒီပနီကျမ်းပြု လယ်တီဆရာတော်အဆိုအားလုံးကို လက်မခံဘဲ ပယ်ချ လေသည်။ သို့ရာတွင် နေရာများစွာတို့၌– အာစရိယော ပန, အာစရိယော ပန– စသည်ဖြင့် ယဥ်ကျေးစွာ သုံးစွဲသည်ကိုလည်း များစွာတွေ့ရလေသည်။

ဆရာတော်အရှင်နန္ဒမာလာသည် ကျမ်းဦး၌–

၁။ ပါရဂုံ အဘိဓမ္မဿ၊ သဏ္ဍံ ဝဒံ ပရမ္မတ္ထံ။
ဇိနံ ဓမ္မံ မလံ ဝန္ဒေ၊ နိရင်္ဂဏံ ဂဏာဥ္တာပိ။

၂။ ဝဏ္ဏာပေါရာဏေဟိ စ၊ အဘိဓမ္မတ္ထသင်္ဂဟံ။
ဂမ္ဘီရဉာဏဝန္တေဟိ၊ အာစရိယေဟိ လိက္ခိတာ။

၃။ ဣဒါနိ အာစရိယေဟု၊ တေသံ တေသံ စ ဝဏ္ဏနာ။
အညမညံ ဝိရုဇ္ဈန္တိ၊ အဘိဓမ္မတ္ထသာရံ စ။

၄။ ဉာတုကာမာ ကုလပုတ္တာ၊ တာ တာ သံဝဏ္ဏနာ အပိ။
ယာ ယာ သံဝဏ္ဏနာ ဒိဋ္ဌေ၊ ဘူတာ ဟောန္တိ ဥဒါဟု နု။

---

၁။ အဘိသင်္ဂဟဇောတိ၊ ဋ္ဌီ။ ၁၄။

၂။ အဘိဇောတိကာ၊ ဋ္ဌီ။ ၁၉။

၃။ အဘိဇောတိကာ၊ ဋ္ဌီ။ ၂၇။

၅။ ကဒါ ဟောန္တိ တေသုစာပိ၊ ကရုဏာယ ဥယျောဇိတော။
သဘောစံ တုလယိတွာန၊ ပါဠိအဋ္ဌကထာဒီဟိ။

၆။ အနာဝရဏာဉာဏေန၊ သမေန ကဝိတုဋ္ဌိယာ။
ဘူတဋ္ဌိကာယ ပါဠိ စ၊ သုဝဏ္ဏန္တေ ယထာဗလံ။

၇။ အဘိဓမ္မတ္ထသင်္ဂဟ- ဇောတိကံ နာမ ဝဏ္ဏနံ။
ကရိဿာမိ သုဘံ သုဒ္ဓံ၊ ပရိပုဏ္ဏဝိနိစ္ဆယန္တိ။

ဟူသော ၇-ဂါထာပါဠိဖြင့် ရတနတ္တယပဏာမ, ကျမ်းပြုခြင်း၏အကြောင်း, ကျမ်းပြုပုံအခြင်းအရာ, ပဋိညာဉ်စသည်ဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌-

သမ္မာသမ္ဗုဒ္ဓသာသနံ ပဉ္စယမ္မာနုဂ္ဂဟေဟိ ဥပတ္ထမ္ဘကတွာ သာသနဒါယ ဘူတဿ ဘာတုမဟာဓမ္မရာဇဿ ကာလေ ပါဠိအဋ္ဌကထာဋီကာပါဌတ္ထာဓိပ္ပါယံ အတိပညဝန္တာနံ ရာဇဂုရူနံ မဇ္ဈေ ဝတွာ သဗ္ဗပထမေ အဘိဘဝိတွာ ဇိနာတိ တေန ကိတ္တိ ပပ္ပေါတိ။ တေန ပဌမကိတ္တိတိ လဒ္ဓနာမဿ။ မဟာပရိတ္တာဂဏ္ဍိဆန္ဒ ဂဏ္ဍိဝစနတ္ထဝိဘေဒနိဂန္ထာနံ ကာရကတ္တာ ဂန္ထကာရကာစရိယဿ ဂန္ထဓုရဿ ပိဋကတ္တယဆေကာသီလဝန္တဿ ဂမ္ဘီရဉာဏဿ ဘဒ္ဒန္တနန္ဒမဉ္ဇူထေရဿ နေဝတ္တေန စ။

သီပေါမဟာဓမ္မရာဇကာလေ အန္တေပုရေ ဝါ သုဓမ္မာသာလာယ ဝါ ကစ္စာယနပါဠိတ္ထာဓိပ္ပါယံ အာဒိ ကတွာ ယာဝ ပဋ္ဌာနဝေဒနာတ္တိကံ ဝတွာ သဗ္ဗပထမေ အဘိဘဝိတွာ ဇိတတ္တာ ပထမကိတ္တိ ဟောတိ။ ကိတ္တိတ္တာ တေန ရညာ "ဂန္ဓဓုရပထမကိတ္တိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"တိ ဝါ၊ ဂန္ဓဓုရာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရူတိ ဝါ ဒွိက္ခတ္တုံ ဒါတဗ္ဗလဒ္ဓနာမဿ စ ပညဝန္တဿ ဂန္ဓဓရပုဂ္ဂလဿ ကနိဋ္ဌေန တသ္မိံ သီပေါမဟာဓမ္မရာဇကာလေ အန္တေပုရေ ဝါ သုဓမ္မာသာလာယ ဝါ ကစ္စာယနဂန္ထံ အာဒိ ကတွာ ယာဝ ပဋ္ဌာနကုသလတ္တိကံ ဝတွာ သဗ္ဗပထမာနံ တေသံ ပါဠိဝုတ္တာဓိပ္ပါယာနံ ဉာသကံ ဝုမုတ္တာ ပထမပုဒ္ဓိတိ လဒ္ဓနာမေန စလေနဂရဿ ပုရတ္ထိမာယ အနုဒိသာယ ကန္ဒီအာရာမေ အတ္ထိ။ တဿ သာမိကဿ ပညဝန္တဿ လဇ္ဇီပေသလဿ ဒေဝကောဏဂဏာစရိယဿ

အန္တေဝါသိကေန သီလဝန္တေန ဂန္ထဓုရေန ဘဒ္ဒန္တနန္ဒမာလာနာမေန မဟာထေရေန ရစိတောယံ အဘိဓမ္မတ္ထသင်္ဂဟဇောတိကဋီကာနာမိကဂန္ထော သက္ကရာဇေ ကောသီတိအဓိကေ သဟဿဒွိသတဝဿေ သမ္ပတ္တေ ဝေသာခမာသဿ ဇုဏှ ပက္ခဿ ကောဒသမဒိဝသေ အနန္တရာယေန နိဋ္ဌိတော။ ယထာ နိဋ္ဌိတော ယံ အနန္တရာယေန သဗ္ဗပါဏီနံ သုန္ဒရသင်္ကပ္ပါ သီဃံ သိဇ္ဈန္တု။

ဧတေန ပုညကမ္မေန၊ ပညာဓိကော ဘဝါမဟံ။
ဗုဒ္ဓတ္တံ ပါပုဏိတွာန၊ သန္တရေယျံ သဒေဝကံ။

ဟူသော ပါဠိစုဏ္ဏိယစကား, တစ်ဂါထာစကားရပ်ဖြင့် ပြည့်စုံစွာဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။ ဆရာတော်ကား ပညာဓိကဘုရားအလောင်း သူတော်ကောင်းကြီး ဖြစ်ကြောင်းကိုလည်း ကိုယ်တိုင် ဖော်ပြတော်မူခဲ့လေသည်။

# အဘိဓမ္မတ္ထသင်္ဂဟဓာတုကထာဋီကာ ရေးသားဖွင့်ဆိုကြောင်း နိဒါန်း

အဘိဓမ္မတ္ထသင်္ဂဟဓာတုကထာဋီကာ ရေးသားဖွင့်ဆိုခြင်းအကြောင်း နိဒါန်းကိုလည်း–

ဇေယျတု သီဟဠဟုနာမည်တွင် ကျွန်းအပြင်ဝယ် ရှေ့ခွင်ဦးစွန်း အကာဝန်း၌ တက်ထွန်းပေါ်လာ ဖလ်စကြာသည့် ကြည်ဝါတထောင် ပြောင်ပြောင်တောက်လင်း မှောင်ကိုခွင်းလို့ လေးစင်းအာသဝါ ညစ်ဓမ္မာကို ·မဂ္ဂါသံသင့်၍ ကြီးမြတ်တေဇိန် ဉာဏ်ဝရဇိန်ဖြင့် ပစ်ချိန်ခွင်းသတ် မြစ်ရင်းပြတ်၍ နတ်ဝိသုဒ္ဓိ ဒက္ခိဏေယျ အရဟန္တ ဟု ဖွင့်ဟကြေညာ အနုရုဒ္ဓါမည်တွင် ထေရ်အရှင်သည် သုံးခွင်သားတို့၏ ဝပ်ပြားဦးတိုက်ရာ များစွာသောဂုဏ်ရတနာတို့ဖြင့် ကောင်းစွာစီရင်စိုက်လျှက် မကိုဋ်သရဖူအစစ် ဓမ္မရာဇ်တဆူ သယမ္ဘူဖြစ်တော်မူသော မြတ်စွာဘုရားသည် နတ်များသနင်း သိကြားမင်း၏ပျော်ခင်းစံရာ ဝတံသာဝယ် ပဏ္ဍုကမ္ဗလာ မြတ်ကျောက်ဖျာ၌ မာတာအစစ် ဖြစ်ခဲ့ဘူးသည့် သန္တုသိတ နာမည်ရှိ ဣဒ္ဓိကြီးမား မိနတ်သားကို ထွတ်ဖျားအမှူးထား၍ များစွာသော နတ်ပြဟ္မာအပေါင်းတို့အား ဟောကြားတော်မူအပ်သော အဘိဓမ္မာဒေသနာတော်မြတ်ကို အကျဉ်းမှတ်ရန် ရည်သန်တောင်းတလျှက် အဘိဓမ္မတ္ထသင်္ဂဟအမည်ရှိသော သင်္ဂြိုဟ်အဋ္ဌကထာကို ကာလမလျား ရေးသားစီရင်ကာ ဂန္တုတ္တရပိဋကတ္တယဆောက လဇ္ဇီ ပေသလ ဖြစ်တော်မူသော သင်္ဂြိုဟ်ဋီကာဟောင်းဆရာ အရှင်သုမင်္ဂလသာမိစသော ဆရာမထေရ်မြတ်ကြီးတို့သည် နည်းသဘာဝတ္ထ အသိခက်လှသော ဌာနတို့၌ မုချသိစေရန် အတန်တန်သော ပါဠိအဋ္ဌကထာဋီကာတို့နှင့် လွန်စွာနှိုင်းညှိလျှက်လည်းကောင်း၊ အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ၏ အတ္ထသံဝဏ္ဏနာ ဋီကာကျမ်း များကို ရေးသားစီရင်ကြသတည်း။

ယခုကာလ ခေတ်သမယ၌လည်း ပိဋကတ္တယ အလိမ္မာကျွမ်းကျင် လယ်တီဆရာတော်စသော ထေရ်အရှင်တို့သည် အစဉ်ရှေးက ပြုကုန်ကြသည့် ပေါရာဏဋီကာ ရှိတုံပါလည်း သဒ္ဒနယ သဘာဝနက်လျို့ ဝှက်တန်တန် ဖွင့်လှစ်ပြန်သောကြောင့် ကျမ်းဂန်ခြေပြု စာသင်နတို့သည် ယခုလက်ငင်း မှတ်ယူခြင်းငှါ

ခဲခက်စွာ၍ လက်မှာပတ္တမြားတင်၍ထား သို့မဟုတ် လက်ငင်းမှတ်ယူခြင်းငှာ စွမ်းနိုင်ရာသော သညာကွဲသင်္ဂဟ၏ အတ္ထသံဝဏ္ဏနာဋီကာသစ်များကို ဖွင့်လှစ်ရေးသားကြသတည်း။

ယင်းဋီကာသစ်တို့၏ ဝိနိစ္ဆယစကားအချို့များသည် များစွာအပေါင်း ဋီကာဟောင်းတို့ သင်ကြားရာလတ် ဆုံးဖြတ်အပ်သော မြတ်ဝိနိစ္ဆယစကား အယူများနှင့် အလားတူကွဲပြားရှိပြန်ငြား၍ ယုံမှားကခ်ါ ဝိဝါဒါအကြောင်း ကောင်းကောင်းဖြစ်ပြန်သောကြောင့် အမုန်မုချ ဒွိဟကင်းရာ ဒက္ခိဏာရာမာ တိုက်ဝိဟာရာ၌ လေးဖြာဏ္ဍရိယာမျှတနေရှင် မျက်ရှင်စိန်ကျောက် တောင်ကိုဖောက်၍ ကြီးမြောက်ပညာဝန္တ ပထမစာချ ဦးသုတထံ နိယံမပြတ် ဆည်းကပ်ကြည်ညို စာဆိုအမှန် သုံးတန်ပိဋကတ် အရပ်ရပ်၌ လျှောက်ပတ်သင့်လျော် ဦးတုတ်ကျော်အမည်ရှိသော ပါဠိဆရာကြီးသည် "အသီးသီးသော သောတုဇနတို့၏အကျိုး မျှော်ကိုးထောက်ဆယထာဘူတ အမှန်ကျသော ၎င်းသင်္ဂဟအဋ္ဌကထာ၏ အတ္ထသံဝဏ္ဏနာ ဋီကာတစ်ခု ရေးသားပြုစုပါဘုရား"ဟု လျှောက်ထားတောင်းပန်က ၎င်းပဋိညာဉ်ကို ကေန် ဆတ်ဆတ် ဝန်ခံအပ်သော အမြတ်ရတနာထိန်ဝါလျှံငြီး အရှေ့ပြင်မင်္ဂလာမှန်ကျောင်း ဆရာတော်ကြီး၏ အန္တေဝါသိက "ဂန္ထဝုရာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" ရေးရှုခတ်နိုပ် တံဆိပ်တော်ရ ပုဂ္ဂလ၏ ကနိဋ္ဌညီရင်း သီပေါမင်းလက်ထက် ပဋ္ဌမစာတော်ပြန် တစ်တန်ရဟန်းအဖြစ်သို့ ရောက်ပြန်က မြတ်မန္တလရွှေပြည်မ၌ တက်လှမ်းကာ ဆရာတော်တို့ထံ သင်အံလိုက်နာ၍ သုံးဖြာသောပိဋကတ်၌ မရပ်မဆိုင်း ဟုတ်တိုင်းမှန်စွာ သိစွမ်းလှသော ပိဋကတ္တယဆောက ဂန္ထန္တရ လင်္ကာပေသလ ဖြစ်တော်မူလှသော စလေမြို့နဂရ၏ ပါဠိနဒိသာ ကန်နီတိုက်အာရာမ၌ လေးဖြာဏ္ဍရိယာ မျှတနေပျော် ကန်နီဆရာတော် အရှင်နန္ဒမာလာသည် ပါဠိအဋ္ဌကထာဋီကာဂဏ္ဌိမည်ရှိသော ယောဇနာကျမ်းများစွာတို့နှင့် သေချာချိန်ဆ၍ယထာဘူတ ဟုတ်မှန်လှသော ဋီကာတို့၏နောက်သို့ မကျော်ဆိုက်ဆိုက် အမှန်လိုက်လျက် တိုက်ရိုက်ဆုံးဖြတ်ရာဖြစ်သော သင်္ဂဟအဋ္ဌကထာ၏ အတ္ထသံဝဏ္ဏနာဖြစ်သော အဘိဓမ္မတ္ထသင်္ဂဟဇောတိကာဋီကာသစ်ကို ဖွင့်လှစ်တီထွင် စီရင်ရေးသားအပ်သတည်းဟု ဖော်ပြပါရှိလေသည်။

ယင်းကျမ်းစာကြီးမှာ မန္တလေးမြို့ ရတနသိဒ္ဓိ ပိဋကစာပုံနှိပ်တိုက် ရိုက်နှိပ်ဆိုက်ဖြင့် စာမျက်နှာ ၄၁၀-ရှိလေသည်။

ကျမ်းစာအတွင်းမျက်နှာဖုံး၌ “ စလေမြို့ ဩဇာတော်ရွာ ဘဒ္ဒန္တနန္ဒမာလာ အမည်ရှိသော ကန်နီဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူသော အဘိဓမ္မ သင်္ဂဟဇောတိကာဋီကာပါဠိ။ ၁၂၉၆–ခုနှစ် တပို့တွဲလ ရတနသိဒ္ဓိပိဋကတ် စာပုံနှိပ် တိုက် ဆိုင်းတန်းရပ် မန္တလေးမြို့ စက္ကူအုပ် ၃–”ဟု ပါရှိလေသည်။

အဘိဓမ္မတ္ထသင်္ဂဟ–ဇောတိကာသု ဋီကာပိ စ။
နန္ဒမာလာဘိဓာနေန၊ ရစိတာ သုဝိဘာဝိနာ။

■ ■ ■

## ဋီကာကျော်ဝါဒ ဝိနိစ္ဆယ

သက္ကရာဇ် ၁၂၀၃–နှစ်မှ ၁၂၈၁–ခုနှစ် ပျံလွန် ပဥ္စဂတ္တာလီသဝိသဇ္ဇနာ ကျမ်း, သတပဒိကပုစ္ဆာဝိသဇ္ဇနာကျမ်း, ဝဇီရဂ္ဂဒိဋ္ဌိဝိသောဓနကျမ်း, ဂတိဝိသောဓနကျမ်း, ဝဇီရူပမဗျာကရဏကျမ်း, ဝဇီရတ္တရပကာသနီကျမ်း, ကစ္စာယနသုသုဟာရပါဠိ, ကစ္စာယနသုသုဟာရနိဿယ, ဝဇီရဉာဏဝန္ဒနာ စသော ဘုရားရှိခိုးအမျိုးမျိုး, မဏိဇောတိကဝိသဇ္ဇနာကျမ်း, မဟာသုတကာရီမဃဒေဝလင်္ကာသစ်ကျမ်း စသော ကျမ်းပေါင်း ၃၀–ခန့်တို့ကိုပြုစီရင်တော်မူခဲ့သော ကျေးဇူးရှင်အဂ္ဂမဟာပဏ္ဍိတ မန်လည်ဆရာတော်ဘုရားကြီးသည်လည်း ဋီကာကျော်, ပရမတ္ထဒီပနီအငြင်းပွားချက် တို့ပြန်ဖြေသည့်အနေ တရားသူကြီးအနေဖြင့် ဋီကာကျော်ဝါဒများသည်ထင်လျှင် ဋီကာကျော်များသည်၊ ပရမတ္ထဒီပနီကများသည်ထင်လျှင် ပရမတ္ထဒီပနီကများသည်။ ဋီကာကျော်ဝါဒမှန်သည်ထင်လျှင် ဋီကာကျော်ဝါဒ မှန်သည်ဟူ၍လည်းကောင်း, ပရမတ္ထဒီပနီကမှန်လျှင် ပရမတ္ထဒီပနီကမှန်သည်ဟူ၍လည်းကောင်း ဆုံးဖြတ်တော်မူ ခဲ့လေသည်။

ယင်းဋီကာကျော်ဝါဒ ဝိနိစ္ဆယမှာ ပုံနှိပ်စာအုပ်အဖြစ် မရောက်သေးဘဲ လက်ရေးမူဖြင့်တည်ရှိကြောင်း သိရလေသည်။

ဋီကာဝါဒဝိနိစ္ဆယ–နိစ္ဆယမ္ပိ သုဓီတိမာ။
မန်လည်ထေရော မဟာဉာဏီ၊ ကရိ ဒဠ္ဟပရက္ကမော။

## သုတ်လိပ်ဋီကာ

ဒွါရဂိုဏ်းမှဆရာတော်တပါးသည် ကြမ်းတမ်းသောစကားများဖြင့် လယ်တီဆရာတော်၏ ပရမတ္ထဒီပနီဋီကာကို အပြစ်ဆိုသည့် သုတ်လိပ်ဋီကာအမည်ဖြင့် မြန်မာဘာသာဖြင့် ပြုစီရင်တော်မူခဲ့လေသည်။

## အရှင်အာဒိစ္စဝံသက လယ်တီဖက်ကရေး

ငယ်ဘွဲ့တော်အရှင်အာစိဏ္ဏတွင်၍ ကြီးဘွဲ့အရှင်အာဒိစ္စဝံသတွင်သော ပုဂ္ဂိုလ်မြတ်က လယ်တီဆရာတော်ဘက်ရပ်တည်၍ ရေးသားခဲ့လေသည်။ ထိုအခါ ပညာရှင်အချို့က " မယ်စိန်ကလေးက အသက်ငယ်ပါသေးတယ်။ ပညာရှိရုံးတော်မှာ မပါဝင်စမ်းပါနှင့်ဦး"ဟု ဆိုကြသည်ဟူ၏။

## ဝိသုဒ္ဓါရုံဆရာတော်က လယ်တီထောက်ခံ

ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထဒီပနီဋီကာစာအုပ်မဖြစ်မီ လက်ရေးမူကတည်းက အစအဆုံးကြည့်ရှု၍ ကောင်းလှသည်စုံလှသည် အမြန်ထုတ်ဝေသင့်ပါသည်ဟု လယ်တီဆရာတော်ထံ စာရေးခဲ့ဘူးသည်သာမက အငြင်းပွားကြသောအခါ လယ်တီဋီကာကား ယခုကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ နောင်တစ်ခေတ်အသုံးပြုကြလိမ့်မည်ဟု မိန့်ကြားတော်မူခဲ့လေသည်။

## သီဟိုဠ်ကျွန်း၌ များစွာအသုံးပြုရခြင်း

သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ မြန်မာရောက်သီဟိုဠ်ပညာရှင်များ လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထဒီပနီဋီကာကြီးကို များစွာသီဟိုဠ်ကျွန်းသို့ ယူဆောင်သွားကြပြီး လေ့လာကြည့်ရှုကြရာ သီဟိုဠ်၌အသုံးများထင်ရှားသည့် ကျမ်းကြီးဖြစ်လေသည်။

## သီဟိုဠ်အက္ခရာအဖြစ် ရိုက်နှိပ်ရန်စတင်ခြင်း

ဒုတိယကမ္ဘာစစ်မဖြစ်မီက သီဟိုဠ်ကျွန်းကို လံဘိုမြို့၌ ဝင်းပရမတ္ထဒီပနီကျမ်းကြီးကို သီဟိုဠ်အက္ခရာဖြင့် ရေးကူး၍ပုံနှိပ်ရာ တဖောင်အပြီးတွင် သီဟိုဠ်ရောက်

မြန်မာပြည်မှထင်ရှားသော ဆရာတော်ကြီးတစ်ပါးက မရိုက်ရန်တားမြစ်သဖြင့် ဆက်လက်မရိုက်ရပဲ ဖြစ်သည်ဟု သိခဲ့ရပါသည်။

## ပညာရှင်တို့ လက်သုံးကျမ်းဖြစ်ခြင်း

လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထဒီပနီဋီကာသည် ပါဠိအကိုင် အတွယ်ကျစ်လစ်သိုသိပ်ခြင်း, စာပေအရေးအသားညက်ညောခြင်း, ဝါကျအနေ အထားလှပခြင်း, ဆုံးဖြတ်ချက်များပိုင်နိုင်ခြင်း စသည်တို့ကြောင့် မြန်မာ,ယိုးဒယား စသည့်ထေရဝါဒနိုင်ငံများမှ ပါဠိပညာရှင်, အဘိဓမ္မာပညာရှင်တို့ မြတ်မြတ်နိုးနိုး ကြည့်ရှုလေ့လာသည့် ကျမ်းကြီးဖြစ်လေသည်။

## လယ်တီဆရာတော် တောင့်တလိုလားချက် ပြည့်စုံကိုက်ညီ

လယ်တီဆရာတော်ဘုရားကြီးသည် ပရမတ်အရာပရမတ္ထဒီပနီဋီကာ, ပါဠိဆိုင်ရာအရာဌာနပုဒ်နေပုဒ်ထား, ပုဒ်သွားပုဒ်လာအရာ၌ နိရုတ္တိဒီပနီကျမ်း ဤကျမ်းကြီးနှစ်ကျမ်းသည် သာသနာတည်သရွေ့ လ,နေအလား ထွန်းတောက် ထိန်လင်းပါစေဟူ၍၊

၁။ ယထာ လောကမှိ ဇောတန္တိ၊ ဥဘော စန္ဒိမသူရိယာ။
တထေဝ ပရမတ္ထေသု၊ အယံ ပရမတ္ထဒီပနီ။

၂။ ပါဠိယတ္ထေသု သာ သုဘာ၊ သဒ္ဒနိရုတ္တိဒီပနီ။
ဥဘော လောကမှိ ဇောတန္တု၊ သဒ္ဓမ္မော ယာဝ ဒိဗ္ဗတိ[၁] ။

ဟူသော ၂-ဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။ ယင်းသို့ လယ်တီဆရာတော် ဘုရားကြီး၏ လိုလားတောင့်တချက်က ပြည့်စုံကိုက်ညီသည်ဟု ဆိုနိုင်ပါသတည်း။

## ဋီကာကျော်ဖက်၌ ရှေ့နေလိုက်သည့် အတိသုန္ဒရကျမ်း

လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထဒီပနီမည်သော သင်္ဂြိုဟ်မဟာ ဋီကာသစ်ကြီးကား ၁၂၆၆-ခု တော်သလင်းလတွင် ပေါ်ထွက်ခဲ့လေသည်။

---

၁။ ပရမတ္ထဒီပနီဋီ ကာနိဂုံးနှင့် နိရုတ္တိဒီပနီပါဠိနိဂုံးကြည့်။

ပရမတ္ထဒီပနီထွက်ပြီးနောက် (၇)နှစ်အကြာ ၁၂၇၂–ခုနှစ် (၁၉၁၀)ခုနှစ်တွင် ဦးနုတ်သား၏ အတိသုန္ဒရကျမ်းကြီးပေါ်ထွက်လာခဲ့လေသည်။ အတိသုန္ဒရကျမ်းပြုဆရာက သီဟိုဠ်ကျွန်းဋီကာကျော်ကျမ်းဂန်ကြီးကို ဟုတ်မှန်သည့်အတိုင်း မသိမမြင်သူတို့က မဟုတ်မဟပ်ထုတ်စွပ်စွဲမိကြသည်ဟူ၍ ---

ယထာဘူတံ အဇာနန္တာ၊ အဗ္ဘာစိက္ခန္တိ တာဒိသံ။
တသ္မာ ဟိ အယံ ဂန္ထော၊ ရစိတော ဝိသဒသိနာ[၁] ။

ဟူသော ဂါထာဖြင့် ဖော်ပြခဲ့လေသည်။

ယင်းကျမ်းကြီး၏ မျက်နှာဖုံး၌ –

ဦးနုတ်သားဘွဲ့ခံ ပညာရှိပုဂ္ဂိုလ် စီမံပြုစုသော အတိသုန္ဒရကျမ်း။

နန်းမတော်ဆရာ ဆရာတင်ကြီးကြပ်ပြင်ဆင်သည်။ မူပိုင်စာအုပ်ရှင် မောင်ထွန်းမြိုင် ၃၉–အေ လတ္တာလမ်း ရန်ကုန်မြို့ ၂၁–လမ်း၊ တိုက်နံပါတ် ၄၊ သာသနာလင်္ကာရ ပိဋကတ်ပုံနှိပ်တိုက် ၁၉၁၀–ဟုပါရှိလေသည်။

ကျမ်း၏အစ၌ –

(၁) ကုသိနာ နဂရေ ပဝရေ ယုဂသာမဟတ္ထသိရေ သုရိယော ပဝိသိ။
အမတန္ဒသတ္တုသုရသာ အနန္တရိယေတိသီတောဝ မဟာသုမိ ယော။

ဒိဗ္ဗတိ အဗ္ဘပီဠိတဝိသုဒ္ဓမဟာသုဃနတ္တယသာသနခေသုပိ။
ကဿပထေရခီဏာသဝပုင်္ဂဝဉာဏဝိဘိ အာနိယ သုဠုပိ သင်္ဂီတိ[၂] ။

တဿသုရိဿ၊ ထိုဘုရားတည်းဟူသော အရှင်နေမင်း၏။ အနန္တရိယေ၊ အခြားမဲ့၌။ အတိသီတောဝ၊ အလွန်အေးမြချမ်းမြေ့သည်သာလျှင်ဖြစ်သော။ ဝါ၊ သူတော်ကောင်းတို့၏ ဟဒယဝတ္ထု၊ မနိန္ဒြေတည်းဟူသော ပတ္တမြားဂူဝသို့ ပြေးဟပ်သော အရောင်ရှိရကား အလွန်အကျူးအထူးအားဖြင့် အေးမြသည်သာလျှင် ဖြစ်ထ

---

၁။ အတိသုန္ဒရကျမ်း နိဒါန်း ၈။

၂။ ၂၄–လုံးဘွဲ့။ ရှေး ၂–ပါဒ၊ သဂိုဏ်းရှစ်ဂိုဏ်းဖြင့် စီဖွဲ့အပ်သော ဒုမ္မိလဂါထာတည်း။ နောက် ၂–ပါဒ ဘဂိုဏ်းရှစ်ဂိုဏ်းဖြင့် စီဖွဲ့အပ်သော တိရဋ္ဌဂါထာတည်း။

သော။ ယောမဟာသုမိ၊ အကြင်တရားတည်းဟူသော လပြည့်ဝန်းကြီးကို။ ကဿပ ထေရနိဏာသဝပုဂ်ဥဏ်ဘိ၊ တေဒဂ်ရာထူးကို အသီးအသီးရယူသိမ်းပိုက်တော် မူကုန်သော အရှင်မဟာကဿပအမှူးရှိသော မြင့်မြတ်သောရဟန္တာပညာရှိ ကြီးတို့၏။ အာနိယ၊ သိမ်းပိုက်၍။ သုဋ္ဌုပိ၊ ကောင်းစွာလည်း။ ယသ္မာ၊ အကြင် ကြောင့်။ သင်္ဂီတိ၊ သင်္ဂါယနာတင်အပ်၏။ တသ္မာ၊ ထိုသို့သင်္ဂါယနာတင်အပ်သော ကြောင့်။ သောသုမိ၊ ထိုတရားတော်တည်းဟူသော လမင်းသည်။ အဗ္ဘပိဋ္ဌိတဝိသုဒ္ဓ မဟာသုယနတ္တယသာသနခေသုပိ၊ မိစ္ဆာမြူတည်းဟူသော တိမ်တိုက်၏နှိပ်စက်ခြင်း မှ အထူးသဖြင့်စင်ကြယ်သော ကြီးသော ကောင်းသော တခဲနက်အပြင်ဟု ဆိုအပ်သော သာသနာတော်သုံးပါတည်းဟူသော ကောင်းကင်ကြီးတို့၌လည်း။ ဒိဗ္ဗတိ၊ ထွန်းလင်းတောက်ပတော်မူ၏။

(၂) သင်္ဂါယိသုံ မဟာထေရာ၊ ဇာဂရာသဘာအာဒယော။
ပဉ္စမံ မန္တလေးပုရေ၊ ပိဋကတ္တယကောဝိဒါ။

(၃) တတော ပဋ္ဌာယ ယထာပိ၊ အနုက္ကမေန သတ္တုနော။
တသ္မိံပိ ဓမ္မာသနေ၊ ဗဟူ သိက္ခန္တိ ဘိက္ခဝေါ။

(၄) တတ္ထေဝ ဂုရဝေါ ထေရာ၊ ယေန ပါရဂ်တာ အဟု။
ပုနပ္ပုနမ္ပိ ဘာသန္တိ၊ ဝါစေန္တိပိ နိရန္တရံ။

(၂) တတော၊ ထိုအရှင်မဟာကဿပတင်တော်မူသည့်မှ။ ပဋ္ဌာယ၊ အစပြု ၍။ အာသဘာအာဒယော၊ အာသဘဂုဏ်စသည်လည်းရှိကုန်ထသော။ ဇာဂရ၊ ဇာဂရိယာနုယောဂတရားလည်းရှိကုန်ထသော။ ပိဋကတ္တယကောဝိဒါ၊ ပိဋကတ် သုံးပုံတို့၌ လိမ္မာတော်မူကုန်ထသော။ မဟာထေရာ၊ ရဟန္တာအရှင်ယသ အရှင် မောဂ္ဂလိပုတ္တတိဿတည်းဟူသော မဟာထေရ်ကြီးတို့သည်။ တထာပိ၊ ထိုအရှင် မဟာကဿပတို့နည်းတူလည်း။ ပုရေ၊ ရှေးသက္ကရာဇ်နှစ်ကာလ၌။ သင်္ဂါယိသုံ၊ သင်္ဂါယနာတင်တော်မူကြလေကုန်၏။

(၃) တတော၊ ထိုမှနောက်၌။ မန္တလေးပုရေ၊ မန္တလေးရတနာပုံနေပြည်တော် ကြီး၌။ ပိဋကတ္တယကောဝိဒါ၊ ပိဋကတ်တော်သုံးပုံ၌ ကုံလုံတတ်မြောက်တော်မူကုန်

ထသော။ ဇာဂရသဘာဒယော၊ ဇာဂရာဘိအမည်တော်ရှိသော အာသဘာမြောက်ပြီး သော ဘုရားကြီးဆရာတော် အစရှိကုန်ထသော။

မဟာထေရာ၊ ပညာရင့်သီးမဟာထေရ်ကြီးတို့သည်။ သတ္တုနော၊ မြတ်စွာ ဘုရားသခင်၏။ ပါဝစနံ၊ ပိဋကတ်တော်ကို။ သင်္ဂါယိသု၊ သင်္ဂါယနာတင်ကြကုန်၏။ တသ္မိံပိဓမ္မာသနေ၊ ထိုပိဋကတ်တော်ပို့ချသော နေရာ၌လည်း။ ဗဟူ၊ များစွာကုန် သော။ ဘိက္ခဝေါ၊ ရဟန်းတို့သည်။ ယေန၊ အကြင်ဋီကာကျော်ကျမ်းဖြင့်။ ပါရင်္ဂတာ၊ ပိဋကတ်တော်၏ပြီးဆုံးခြင်းတည်းဟူသော ကမ်းတစ်ဖက်သို့ရောက်ကုန်သည်။ အဟူ၊ ဖြစ်ကုန်၏။ တံ၊ ထိုဋီကာကျော်ကျမ်းကို။ ပုနပ္ပုနမ္ပိ၊ အကြိမ်ကြိမ်လည်း။ သိက္ခန္တိ၊ သင်ကုန်၏။ ဘာသန္တိ၊ နှုတ်ရတက်အံညဉ့်တိုင်းပြန်ကြကုန်၏။ အနုက္ကမေန၊ ဆရာအစဉ်အဆက်ဖြင့်လည်း။

(၄) တတ္ထဝ၊ ထိုမန္တလေးရွှေမြို့တော်၌သာလျှင်။ ဂုရဝေါထေရာ၊ ဆရာဖြစ် တော်မူကြသော စံကျောင်းဆရာတော်, ယင်း၏ဆရာဖြစ်တော်မူသော ဥယျာဉ်ဘိဓဇ ဘွဲ့တံဆိပ်တော်ခံ သာသနာပိုင်ဆရာတော်, ယင်း၏ဆရာတော်ဖြစ်တော်မူသော သဲအင်းဆရာတော်ဘုရားကြီးသည်။ နိရန္တရံ၊ မပြတ်မလပ်အထပ်ထပ်။ ဘာသန္တိပိ၊ ရွတ်ဆိုကြကုန်၏။ ဝါစေန္တိပိ၊ ချပို့လည်းပို့ချတော်မူကုန်၏။

(၅) သုဓမ္မာယံ ဘဏန္တေသု၊ တတ္ထါရော ဥက္ကဋ္ဌော ဘဝေ။
မာနိတော သဗ္ဗဂုရူဘိ၊ လဍ္ဍိဒန္တောပိ ရာဇုနာ။

သုဓမ္မာယံ၊ ဝါဆိုလပြည့်နေ့တိုင်အောင် ကျင်းပသောသုဓမ္မာပွဲသဘင်တော် ကြီး၌။ ဘဏန္တေသု၊ ပထမပြန်ကုန်သော ပုဂ္ဂိုလ်အပေါင်းတို့တွင်။ ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်အပေါင်းသည်။ ဥက္ကဋ္ဌော၊ အကြီးဆုံးဖြစ်ရကား ပထမအကျော်ကြီး တစ်ယောက်သည်။ ဘဝေ၊ ဖြစ်ရ၏။ သဗ္ဗဂုရူဘိ၊ အလုံးစုံသောသုဓမ္မာဝင်ဆရာ တော်ဘုရားကြီးတို့သည်။ မာနိတော၊ ဋီကာကျော်ဆောင်ပုဂ္ဂိုလ်ကြီးပါတကားဟူ၍ အားထားယုံကြည်အတည်တည်မြတ်နိုးအပ်၏။ ပိ၊ သည်မျှနှင့်သာမကပါသေး။ ရာဇုနာ၊ မင်းတရားကြီးဘုရားကြီးသည်။ လဍ္ဍိဒန္တော၊ ရာဇာဓိရာဇဂုရု ဟူသောတံဆိပ် တော်ကိုလည်း ကပ်လှူအပ်၏။

(၆) ယထာဘူတံ အဇာနန္တာ၊ အဗ္ဘာစိက္ခန္တိ တာဒိသံ။
တသ္မာဟိ အယံ ဂန္ထော၊ ရစိတော ဝံသဒဿိနာ။

တာဒိသံ၊ ထိုသို့သဘောရှိသော သီဟိုဠ်ဖြစ်ဋီကာကျော်ကျမ်းကြီးကို။ ယထာဘူတံ၊ဟုတ်တိုင်းမှန်စွာ။ အဇာနန္တာ၊ မသိမမြင်ကုန်သောသူတို့သည်။ အဗ္ဘစိက္ခန္တိ၊ မဟုတ်မဟာပ်ပဲ ပုတ်ခတ်စွပ်စွဲမိကြကုန်၏။ တသ္မာဟိ၊ ထို့ကြောင့်သာလျှင်။ အယံဂန္ထော၊ ဤအတိသုန္ဒရကျမ်းကို။ ဝံသဒဿိနာ၊ ကျမ်းဂန်၏အဆက်အနွယ်ဖြစ်တော်မူသောဆရာမြတ်သည်။ ရစိတော၊ စီရင်အပ်လေပြီဟူသော ၆-ဂါထာပါဠိ၌ နိဿယ(နိဒါန်းပါဠိအနက်)ဖြင့် လယ်တီဆရာတော်ဘုရားကြီး လယ်တီပဏ္ဍိတတို့၏ ပရမတ္ထဒီပနီနိဒါန်း, မန္တလေးမြို့အနောက်ပြင် မစိုးရိမ်တိုက် လယ်တီဆရာတော်ဘုရားကြီးတပည့် အဂ္ဂမဟာပဏ္ဍိတ,ပဌမကျော်ဆရာတော်အရှင်ဉာဏ၏ အနုဒီပနီနိဒါန်းစကားကို ပယ်ဖျက်ခဲ့လေသည်။

ဆရာကြီးဦးနတ်သားသည် ကျမ်းဦး၌ ---

ဉာဏိန္ဒော ယော ပရမသုခုမကောသလ္လဆေကော သုဆေကော။
သမ္ဗုဒ္ဓါနံ လလိတမတုလ ဓမ္မဿဘာဿဘာသိ။

ဝရမတိသုန္ဒရံဝ အတိဂမ္ဘီရံ ပရံ တဿဟံ။
ဘာဂဝတိ သောရသဋ္ဌ ပဝရံ သုဓမ္မသံဃံ နမေ[၁] ။

ပရမသုခုမကောသလ္လဆေကော၊ မြတ်သောသိမ်မွေ့သော တရားတို့၌ လိမ္မာသောဉာဏ်, လိမ္မာကုန်သော အရှင်သာရိပုတ္တရာအစရှိကုန်သော ပုဂ္ဂိုလ်တို့ထက်။ ဆေကော၊ လိမ္မာတော်မူထသော။ (တနည်းကား) ပရမသုခုမကောသလ္လဆေကော၊ ပရမတ္ထတရားတို့၌ သိမ်မွေ့သောဉာဏ်ဖြင့်လိမ္မာသော အရှင်သာရိပုတြာ အစရှိသောပုဂ္ဂိုလ်အပေါင်း၌။ သုဆေကော၊ အထူးအလျှန်အလွန်အမင်းလိမ္မာခြင်းလည်းရှိတော်မူထသော။ ဉာဏိန္ဒော၊ အသာဓာရဏဉာဏ်တို့ကိုလည်း အစိုးရတော်မူထသော။ ဝါ၊ အနာဝရဏဉာဏ်တို့ကြောင့် ဣဿရိယဘုန်းတော်လည်းရှိတော်မူထသော။ ယောဗုဒ္ဓေါ၊ အကြင်မြတ်စွာဘုရားသခင်သည်။ သမ္ဗုဒ္ဓါနံ၊

---

၁။ ရှေ့ ၂-ပါဒ။ ဆန္ဒောမဉ္ဇ ရီလာစိတြလေခါဂါထာ။ နောက် ၂-ပါဒ နန္ဒနဂါထာ။

ကဿပဘုရားမှစ၍ ဂဂ်္ဂါသဲစုတမျှပွင့်တော်မူကြကုန်သော နှောင်တော်သခင်ဘုရားရှင်တို့၏။ လလိတံ၊ လလိတော၊ သဗ္ဗညုတရွှေဉာဏ်တော်၏ ကျက်စားကွန့်မြူးရာ ပွားလူးဖျော်ယာဉ်ရာလည်းဖြစ်ထသော။ အတုလဓမ္မသဘာယံ၊ အတုလဘွဲ့ခံ သမ္မာသမ္ဗုဒ္ဓဘုရားသခင်တို့သာလျှင် ကျင်းပရာဖြစ်သော တရားပွဲသဘင်တော်ကြီး၌။ ဝရံ သောင်းလောကဓာတ်သားနတ်များအပေါင်းသည် ကောင်းစွာတောင့်တအပ်ထသော။ ပရံ။ နိဗ္ဗာန်လျှင်အဆုံးရှိသော။ အတိဂမ္ဘီရံဝ၊ အလွန်နက်နဲသည်သာလျှင်ဖြစ်ထသော။ အတိသုန္ဒရံ၊ အလွန်ကောင်းမြတ်သော အဘိဓမ္မာဒေသနာတော်မြတ်ကို။ အဘာသိ၊ ရှစ်သွယ်အင်္ဂါ သံသြဇာဖြင့် သာယာကူးချို ဟောလေပြီ။ တဥ္စဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကိုလည်းကောင်း။ ဝရံ၊ တောင့်တအပ်ထသော။ ပရံဝ၊ မြတ်သည်သာလျှင်ဖြစ်သော။ အတိဂမ္ဘီရံ၊ အလွန်လျှင်နက်နဲစွာထသော။ အတိသုန္ဒရံ၊ အလွန်လျှင်ကောင်းမြတ်ထသော။ သုဓမ္မဥ္စ၊ ဆယ်ပါးသောတရားတော်မြတ်ကိုလည်းကောင်း။ ဘဂဝတိ၊ ဘဂဝတော၊ မြတ်စွာဘုရားသခင်၏။ သောရသံ၊ ကောင်းမြတ်သောသားတော်လည်းဖြစ်တော်မူထသော။ ဝရံ၊ နတ်နှင့်တကွသောလောကဓာတ်သည် တောင့်တအပ်တော်မူထသော။ ပ္ဒရံ၊ ဥတ္တရိမနုဿဓမ္မတို့ကြောင့် မြတ်တော်မူထသော။ အတိဂမ္ဘီရံ၊ အလွန်နက်နဲသော မဂ်ဉာဏ်ဖိုလ်ဉာဏ်လည်းရှိတော်မူထသော။ အတိသုန္ဒရံဝ၊ သုပုညခေတ္တဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် အလွန်ကောင်းစွာထသော။ ပဝရံ၊ ကလျာဏပုထုဇဉ်တို့ထက်ကဲလွန်ထသော။ သံဃဥ္စ၊ ရှစ်ယောက်သောပရမတ္ထသံဃာတော်မြတ်အပေါင်းကိုလည်းကောင်း။ ပရမသုခုမကောသလ္လသေကော၊ အဘိဓမ္မာပိဋကတ်တော်၌ ကောင်းစွာတတ်မြောက်သော တပည့်အပေါင်းတို့ထက်။ သုသေကော၊ အထူးချွန်ဖြင့်အကျူးအလွန်လိမ္မာတော်မူထသော။ ဉာဏိန္ဒော၊ တတ်မြောက်စွာလှ ဉာဏ်ကြီးတော်မူထ၍ ဉာဏာတွင်ပြီး တပည့်ကြီးတို့ကို ကြီးစိုးတော်မူထသော။ ယောအာစရိယော၊ အကျွန်ုပ်၏ကျေးဇူးရှင်ဓမ္မာစရိယသခင်ဖြစ်တော်မူကြသော အကြင်ဆရာအပေါင်းသည်။ သမ္မုဒ္ဓိနံ၊ ဘုရားသခင်တို့၏။ လလိတံ၊ သဗ္ဗညုတဉာဏ်တော်၏ကျက်စားရာလည်းဖြစ်ထသော။ ဝရံ၊ တောင့်အပ်ထသော။ ပရံ၊ မြတ်ထသော။ အတိဂမ္ဘီရံ၊ အလွန်နက်နဲစွာထသော။ အတိသုန္ဒရံ၊ အလွန်ကောင်းသောအဘိဓမ္မာပိဋကတ်တော်ကို။ အတုလဓမ္မသဘာယံ၊ ဘုရားပါဠိတော်ကိုပို့ချခင်းကျင်းရာဖြစ်သော နေ့ဝါညဝါနှစ်ရပ်၌။ ဝါ၊ နေ့ဝါညဝါ

ဟူသော စာပွဲသဘင်၌။ အဘာသိ၊ ပို့ချသင်ကြား၍ထင်ရှားပြောပြတော်မူကြလေပြီ။ ဘဂဝတိ၊ ဘဂဝတော၊ မြတ်စွာဘုရားသခင်၏။ သောရသံ၊ ဥတ္တိစတုတ္ထကမ္မဝါစာဖြင့် ကောင်းစွာစင်စစ်သားတော်ဖြစ်တော်မူကြသော။ တဥ္ဖအာစရိယံ၊ ထိုဓမ္မာစရိယကျေးဇူးတော်အရှင်ဆရာသခင်မြတ်ကိုလည်းကောင်း။ အဟံ၊ အကျွန်ုပ်သည်။ နမေ၊ နမာမိ၊ ရှိခိုးပါ၏။ နမသိတွာ၊ ရှိခိုးပြီး၍။ ဝရံဝ၊ ကုလပုတ္တကလျာဏတို့ တောင့်တအပ်သည်သာလျှင်ဖြစ်သော။ ဝါ၊ ရန်ကုန်မြို့နေပညာရှိဂုဏ်သရေရှိလူကြီးလူကောင်းတို့နှင့်အရပ်ရပ်အမြို့မြို့နေ သူတော်ကောင်းတို့သည် ကောင်းစွာတောင့်တအပ်သောဆုမြတ်မင်္ဂလာသာလျှင်ဖြစ်ထသော။ အတိဂမ္ဘီရံဝ၊ အလွန်နက်သည်သာလျှင်ဖြစ်သော။ ပရံဝ၊ မြတ်သည်သာလျှင်ဖြစ်ထသော။ ဝါ၊ ဋီကာကျော်, မဟာဋီကာ, ဋီကာဟောင်းကျမ်းကြီးတို့ကို ပယ်ဖျက်သောကေစိဝါဒ၏ ရန်သူသာလျှင်ဖြစ်ထသော။ ဝါ၊ မည်သူမဆိုနားလည်စေရန် မြန်မာသက်သက်နှင့်သာရေးသောကြောင့် ပါဠိရေးကျမ်းတို့မှ တပါးလည်းဖြစ်ထသော။ အတိသုန္ဒရံ၊ အတိသုန္ဒရမည်သောကျမ်းကို။ ဝါ၊ ကေစိဆရာတို့က န သုန္ဒရံဟုထိုး၍ ပယ်ချိုးသောအချက်တို့ကို အတိသုန္ဒရဖြစ်ကြောင်း ညွှန်ကြားဖော်ပြကြောင်း ကျမ်းဖြစ်သောကြောင့် အတိသုန္ဒရနာမထူးဆန်း မြတ်ရွှေကျမ်းကို။ ကဿံ၊ ကရိဿာမိ၊ ရေးသားပေအံ့ သတည်း။ ဟူသော ၁-ဂါထာ ပါဠိနိဿယဖြင့် ရတနတ္တယပဏာမ, အာစရိယပဏာမ, ပဋိညာဉ် စသည်ဖော်ပြ၍ ဂန္ထာရမ္ဘပြုခဲ့လေသည်။

■

## သဲသဲမဲမဲ တိုက်ခိုက်သောကျမ်း

ဤအတိသုန္ဒရကျမ်းသည် လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထဒီပနီကျမ်းကြီးကို သဲသဲမဲမဲတိုက်ခိုက်သော ကျမ်းဖြစ်ကြောင်း ဂန္ထာရမ္ဘလာ စကားအချို့က ပြောနေသည်။

## အတိသုန္ဒရကျမ်း၏ ပရမတ္ထဒီပနီဋီကာအပေါ် အပြစ်တင် ချေပချက်တချို့

အတိသုန္ဒရကျမ်းပြုဦးနတ်သားသည် ပရမတ္ထဒီပနီအဘိဓမ္မတ္ထသင်္ဂဟ မဟာဋီကာသစ် ကျမ်းပြုဆရာတော်အား အောက်ပါအတိုင်းများစွာ အပြစ်တင်ချေပခဲ့လေသည်။

ဋီကာသစ်ဆရာသည် လိပ်ခဲတင်းတင်းဆိုမိ၍ ပါဠိအဋ္ဌကထာများသို့ မသက်ဝင်[၁] ။

ထိုဋီကာသစ်စကားသည် ရှေ့နောက်မညီညွတ်ဘဲပျက်ကွယ်လေသည်[၂] ။

ဋီကာသစ်ပြဆိုသော စကားသည် ပိဋကတ်သုံးပုံသို့မသက်ဝင် လောကီစကားမျှသာဖြစ်၏[၃] ။

ဋီကာသစ်ပြဆိုသောစကားသည် တစ်လုံးမျှမဟုတ်နိုင်သလျှင်ကတည်း[၄]။

ဤပါဠိကို နတ်နှင့်တကွသောလောက၌ တစုံတယောက်သောသူသည် ပယ်ခြင်းငှာမထိုက်[၅] ။

"တုလယိတဗ္ဗော အဉ္ဇေန ပမိတဗ္ဗောတိ တုလော" ဟုပြဆိုသော ဋီကာသစ် စကားသည် မသင့်[၆] ။

ဋီကာသစ်စကားကို အမှားဟုသာမြင်လျှင်မှတ်[၇] ။

သေသေချာချာစစ်ဆေးတတ်သော ပညာရှိတို့မြင်က ပြုံးပျော်တော်မူကြလိမ့်မည်တည်း[၈] ။

---

၁။ အတိသုန္ဒရကျမ်း-၇-နှာ။

၂။ အတိသုန္ဒရကျမ်း -၇-နှာ။

၃။ အတိသုန္ဒရကျမ်း-၁၀။

၄။ အတိသုန္ဒရကျမ်း -၁၁။

၅။ အတိသုန္ဒရကျမ်း -၁၃။

၆။ အတိသုန္ဒရကျမ်း -၁၃။

၇။ အတိသုန္ဒရကျမ်း -၁၈။

၈။ အတိသုန္ဒရကျမ်း -၁၉။

ဤသို့စသည်ဖြင့် ဦးနတ်သားသည် လယ်တီဆရာတော်ဘုရားကြီးကို လွှန်လွှန်မင်းမင်း ချေပရေးသားထား၏။ အချို့စကားများ ထုတ်ပြရန်ပင် မသင့်ပါချေ။

ဋီကာကျော်ဆရာအရှင်သုမင်္ဂလသာမိကို ဋီကာကျော်ဆရာ၏ ဉာဏ်တော်သည် မြင့်မိုရ်တောင်မင်းကဲ့သို့ ကြီးမားမြင့်တော်မူပေစွ စသည်ဖြင့်အလွန်အမင်း အမွှန်းတင် ချီးမွမ်းခဲ့လေသည်။

ဤကျမ်းစာအဆုံး၌ ---

ဤသို့လျှင် သမန္တဘဒ္ဒကာဖြစ်ပေသော အဘိဓမ္မတ္ထဝိဘာဝိနီခေါ် ဋီကာကျော်ကျမ်းကြီး၌ မုံရွာဋီကာသစ်ဆရာတော်က (၁)နံပါတ်အချက်ကစ၍ (၂၃၆)နံပါတ်အချက်ထိလေအောင် ပညာရှိသုခမိန်တို့ မနှစ်သက်နိုင်ဖွယ် – တံ နသုန္ဒရံ။ တံ န ယုဇ္ဇတိ။ တံ အနုပပန္နံ။ ဟူ၍ ပယ်ဖျက်တော်လှန်သောအချက်တို့ကို ပညာရှိသုခမိန်တို့နှင့် သက်ဝင်ယုံကြည်လောက် အားကိုးလောက်သော နိုင်ခံ့သောပါဠိတော်, အဋ္ဌကထာ, ဋီကာ ဟူသောကျမ်းအပေါင်းတို့ကိုလည်းကောင်း၊ ပိဋ္ဋကတ္တယပါရဂူ, အဘိဓမ္မပါရဂူဖြစ်ကုန်သော ဆရာတော်ဘုရားကြီးတို့ လဒ္ဓေါပဒေသတို့ကိုလည်းကောင်း။ ဆိုင်ရာယူဆောင်၍ အဇ္ဈာဘောင်လနေရောင်သန်းသကဲ့သို့ အခန်းခန်းပါဠိတော်မှာ မြန်မာအဓိပ္ပါယ်တန်း၍ ဆန်းကြယ်နက်နဲစွာ ရေးသားအပ်သော ဤ အတိသုန္ဒရကျမ်းကြီးကို ပညာဆိမီးအပြီးတိုင် ညှိထွန်းလိုကုန်သော သောတုဇန အပေါင်းတို့သည် ကောင်းစွာ ကြည့်ရှုနိုင်ကြပါစေလိုဟူ၍ ဋီကာကျော်ကိုမြှောက်, ဋီကာမော်(ပရမတ္ထဒီပနီဋီကာ)ကိုအောက်ချ မိမိ၏ အတိသုန္ဒရကျမ်းကို အထွတ်တင်၍ တိုက်တွန်းစကား ဖော်ပြခဲ့လေသည်။

ဆရာကြီးဦးနတ်သားသည် ကျမ်း၏အဆုံး၌ ---

(၁)　ကပ္ပေ စ သတသဟဿေ၊ စတုရော စ အသင်္ခိယေ။
　　အဋ္ဌဝိသတေတ္တန္တရေ၊ ကပ္ပေကပ္ပေ ဟိ ကာ ကထာ။

(၂)　အနန္တစက္ကဝါဠေသု၊ နုပ္ပဇ္ဇန္တိ မဟေသယော။
　　တယိမံ အဓိမုဋ္ဌိတွာ၊ ဗုဒ္ဓုပ္ပါဒေါ သုဒုလ္လဘော။

(၃) သဒ္ဓမ္မဒေသနံ သောတုံ၊ တတော လောကေ သုဒုလ္လဘံ။
ဝေ‌ံ အနုဿရိတွာန၊ ဇောတိဇောတိပရာယနော။

(၄) အမရပုရစေတုတ္တေန၊ ဒိန္နလဍ္ဍော သုပါကဋော။
ဇိနာဒိဂုရုဒဍ္ဍော စ။ ပညာဇောတာဒိကောဝိဒေါ။

(၅) ဧတေသမ္ပိ တဒညေသံ၊ သဒ္ဓမ္မဇီဝကောသိရံ။
နေတွော ဟုတွာ အတိစ္ဆေကော၊ ပိဋကတ္တယပါရဂေါ။

(၆) န သုန္ဒရံ ဝိလပ္ပန္တံ၊ ဟိတွာန သမ္ပဋိစ္ဆတိ။
တသ္မာဝ အတိသုန္ဒရံ၊ ပရိနိဋ္ဌမနာကုလံ။

(၇) သဗ္ဗေ ပူရေန္တု သက်ပ္ပါ၊ နိဋ္ဌံ ယထာ တိသုန္ဒရံ။
ကုသလပ္ပသုတာ ဟောန္တု၊ သမ္ပတ္တိ ဟောတု သဗ္ဗသော။

(၁) သတသဟဿေ၊ တသိန်းကုန်သော။ ကပ္ပေ၊ ကမ္ဘာတို့သည်လည်း ကောင်း။ စတုရောစအသင်္ခိယေ၊ လေးသင်္ချေတို့လည်းကောင်း။ တွေန္တရေ၊ ဤလေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းအတွင်း၌။ အဋ္ဌဝီသတိ၊ နှစ်ကျိပ်ရှစ်ဆူသော ဘုရားသည်။ ဟိယသ္မာ၊ အကြင်ကြောင့်။ ဥပ္ပဇ္ဇတိ၊ ပွင့်တော်မူ၏။ တသ္မာ၊ ထို့ကြောင့်။ ကပ္ပေ ကပ္ပေ၊ ကမ္ဘာတိုင်းကမ္ဘာတိုင်း၌။ ကာကထာ၊ အဘယ်သို့ဆိုဖွယ်ရှိနိုင်တော့အံ့နည်း။

(၂) တယိမံ–ကလမ်တံစက္ကဝါဠံ၊ ဤစကြာဝဠာကို။ အဓိမုဋ္ဌိတွာ၊ လွှတ်၍။ အနန္တစက္ကဝါဠေသု၊ အဆုံးမရှိသော စကြာဝဠာတို့၌။ မဟောသယော၊ ဘုရားရှင်တို့ သည်။ နုပ္ပဇ္ဇန္တိ၊ မပွင့်နိုင်ကုန်။ တသ္မာ၊ ထို့ကြောင့်။ လောကေ၊ လောကသုံးပါး၌။ ဗုဒ္ဓုပ္ပါဒေါ၊ ဘုရားပွင့်ရာ ခေတ်အခါသည်။ သုဒုလ္လဘော၊ အလွန်ရခဲ၏။

(၃) တတော၊ ထိုဗုဒ္ဓုပ္ပါဒဒုလ္လဘတရားထက်။ သဒ္ဓမ္မဒေသနံ၊ သူတော်ကောင်းတို့တရားစကားကိုဟောကြားခြင်းကို။ သောတုံ၊ ကြားနာအံ့သောငှာ။ သုဒုလ္လဘံ၊ အလွန်တရာရခဲလေစွာ။ ဝေံ၊ ဤသို့ရခဲခြင်းကို။ အနုဿရိတွာ၊ အဖန်ဖန် အောက်မေ့၍။ ဇောတိဇောတိပရာယနော၊ အလင်းမှလာ၍ အလင်းသို့ပြန်ရောက် တတ်သောသဘာဝကြောင့် ဇောတိဇောတိပရာယနမည်သော ပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်ပါလော့။

(၄) အမရပုရစတုတ္ထေန၊ အမရပုရစတုတ္ထနန်းတည်မင်းတရားကြီးသည်။ ဒိန္နလဉ္ဆော၊ ဆပ်ကပ်လှူဒါန်းအပ်သော တံဆိပ်နာမံရှိတော်မူသော။ ဇိနာဒိဂုရုဒန္တော၊ ဇိနအာဒိဂုရုအန္တော၊ ဇိနအစဂုရုအဆုံးရှိသော။ ဝါ၊ ဇိနာဘိသဒ္ဓမ္မဓဇမဟာဓမ္မရာဇ ဂုရုဟူသောတံဆိပ်နာမံတော်မူသော မြသိန်းတန်ဆရာတော်ဘုရားသည်လည်း ကောင်း။ သုပါကဋ္ဌော၊ အလွန်ထင်ရှားသော။ ကောဝိဒေါ၊ လောကဓမ္မရာဇဟူသော အကြောင်း၌ထူးခြားလိမ္မာတော်မူထသော။ ပညာဇောတာဒိဂုရုဒန္တော၊ ပညာဇောတ အစ ဂုရုအဆုံးရှိသော။ ဝါ၊ ပညာဇောတာဘိသိရိပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ဟူသောတံဆိပ်နာမံရှိသော သာသနာပိုင်ဆရာတော်ဘုရား ကြီးသည်လည်းကောင်း။ အတ္ထိ၊ ရှိတော်မူ၏။

(၅) ဧတေသမ္ပိ၊ ထိုဆရာတော်ဘုရားကြီးနှစ်ပါးတို့၏လည်းကောင်း။ တဒညေသမ္ပိ၊ ထိုဆရာတော်ဘုရားကြီးနှစ်ပါးမှကြွင်းကုန်သောဆရာတို့၏လည်း ကောင်း။ သဒ္ဓမ္မဇိဝကောခိရ၊ သဒ္ဓမ္မခိရဇိဝကော၊ သူတော်ကောင်းတရားဘုရားရှင် ပိဋကတ်တော်တည်းဟူသောနို့ရည်ဖြင့် သောက်စို့ကြီးပွားရလေသော။ နေတ္တော၊ မြေးတော်ကလေးသည်။ ဟုတွာ၊ ဖြစ်၍။ အတိဗျွေကော၊ အလွန်လိမ္မာထသော။ ဝါ၊ လောကဓမ္မရာဇထင်ရှားတရားသုံးပါး၌ ထူးခြားကျူးလွန်ချွန်သောလိမ္မာခြင်း လည်းရှိထသော။ ပိဋကတ္တယပါရဂေါ၊ ပိဋကတ်သုံးပုံအလုံးစုံ၌ တဖက်ကမ်းခပ် သော။ အဟံ၊ ငါသည်။

အစရှိသော ၇-ဂါထာပါဠိနိဂုံးနိသျဖြင့် တိုက်တွန်းချက်ကျမ်းဆရာ၏ ဆရာစဉ် ဆက်, ဗျတ္တိဗလ, ဆုတောင်း စသည်တို့၌ဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းကျမ်းကြီးမှာ ရှိုင်းဆိုက်ဖြင့် ၄၀၃-မျက်နှာရှိလေသည်။ ဋီကာကျော်ဖက်က ထောက်ခံသော သုတေသီတို့ ရှာကြည့်ရှုထိုက်ပေသည်။

အတိသုန္ဒရဂန္ထောဟိ၊ သုန္ဒရောတိ ဘိသမ္မတော။

ပဿိတဗ္ဗော သုတေသီဟိ၊ ဋီကာကျော် ဥပထမ္ဘကော။

ဆရာကြီးဦးနတ်သားသည် –

"တကယ်မညီပါတယ်၊ လယ်တီဆရာဟာရဟန္တာလဲမဟုတ်သောကြောင့်၊ နယ်ပြည်မှာ ကျမ်းစာတွေနဲ့ စခန်းမပ့ါတပါ ပရမ်းပတာထုတ်လိုက်ပါပကော၊ မဟုတ်တာ သရုပ်သဒ္ဒါနှင့် မြွက်လေခြင့်"

စသည်ဖြင့်လည်း မဂ္ဂဇင်းများမှလည်း လယ်တီဆရာတော်ကို သိက္ခာချခဲ့လေသည်။ လယ်တီဆရာတော်၏ဂုဏ်သိက္ခာညစ်ငြေးအောင်ပြုခဲ့လေသည်။ သို့ရာတွင် လယ်တီဆရာတော်ဘုရားကြီး၏ဂုဏ်သည်မညစ် အရောင်တိုးတက်၍ ထိန်ပြောင်ခဲ့လေသည်။

ဦးနုတ်သား ပုဂ္ဂလော သောပိ၊ ဂရုဟာ၀စနံ အကာ။
တထာပိ လယ်တီထေရိန္ဒော၊ ပသန္နော စန္ဒော၀ နဘော။

## လက်ပံတောင်းတောင်၌ သီတင်းသုံးတော်မူခြင်း

သက္ကရာဇ် ၁၂၆၅–ခုနှစ်တွင် မုံရွာမြို့ ၃–မိုင်ခန့်ကွာဝေးသော လက်ပံတောင်းတောင် သေလာအတောင် ၆၀–ရှိသော စကြံကျောင်း၌ဝါကပ်တော်မူ၍ သမ္မာဒိဋ္ဌိဒီပနီကျမ်း, စတုသစ္စဒီပနီကျမ်း, ကမ္မဋ္ဌာနဒီပနီကျမ်းတို့ကို ရေးသားစီရင်တော်မူခဲ့လေသည်။ ထိုစဉ်က တပည့်တပန်းရဟန်းတော်များ ဆရာတော်ကြီးနောက် လိုက်လာကြကာ တရားအားထုတ်ကြကုန်၏။

## ကင်းဝန်မင်းကြီးသို့ တောလက်ဆောင်

ဆရာတော်ဘုရား လက်ပံတောင်းတောင်၌ ဝါကပ်တော်မူစဉ်ပင် ကင်းဝန်မင်းကြီးမွေးစားသားတော် ပုသိမ်မြို့အုပ်ဦးခင်မောင်ကြီးသည် မုံရွာမှတဆင့်ဆရာတော်ထံ ရောက်ရှိလာ၏။ ဆရာတော်ကြီးထံ ၄–ရက်၊၅–ရက်ခန့်နေ၍ တရားနာယူနေလေ၏။ ဦးခင်မောင်ကြီးပြန်ခါနီးကန်တော့သောအခါ မင်းခမည်းတော်[၁]အတွက် လက်ဆောင်တခုပေး လိုက်မယ်ဟု အမိန့်ရှိပြီး သံဝေဂလေးချိုးကြီးပေးလိုက်လေသည်[၂] ။

---

၁။ ကင်းဝန်မင်းကြီးကို မင်းခမည်းတော်ဟုမိန့်သည်။

၂။ သံဝေဂလေးချိုးနှင့်အဓိပ္ပါယ်ကြည့်။

## ကင်းဝန်မင်းကြီးအိမ်ဦး၌ သီတင်းသုံးတော်မူခြင်း

သက္ကရာဇ် ၁၂၆၆–ခုနှစ် တပေါင်းလတွင် လယ်တီပဏ္ဍိတ, လယ်တီဦးကိတ္တိစသော တပည့်တို့နှင့်အတူ မန္တလေးမြို့သို့ကြွတော်မူသည်။ နန်းမြို့တော်အ တွင်း ကင်းဝန်မင်းကြီးအိမ်ဦး၌ သီတင်းသုံးတော်မူ၍ ကင်းဝန်မင်းကြီး ကျောက်မြောင်း အတွင်းဝန်အစရှိသော မင်းပရိတ်သတ်တို့အား တရားဓမ္မဟောပြတော်မူခဲ့လေသည်။ ကင်းဝန်မင်းကြီးမှာ လယ်တီဆရာတော်၏တရားတော်ကိုနာရလျှင် မျက်ရည်မဆည်နိုင် တဖြိုင်ဖြိုင်ဆင်းကာ –

နတ်ရွာစံမင်းတရားကြီးသတိရပြီး သာသနာပြုမင်းဖြစ်ပါလျက် ထိုကဲ့သို့ နက်နဲလှတဲ့တရားအချက်တို့ကို ကြားနာသွားတော်မမူရှာလေချင်း, ကြားနာစေချင် လိုက်ပါဘိဘုရား၊ သမထဝိပဿနာ,နှစ်ပါးစွယ်စုံခေါင်းမြီးခြုံတရားမျိုးကိုမှ မကြားနာခဲ့ရဘူးပါလေ– ဟုမည်တမ်းရေရွတ်ရှာသတတ်။

ကင်းဝန်ကတိဝိသုတေန၊ အမစ္စေန နိမန္တိတော။
ရတနပုဥ္ဇ သော ဂန္တွာ၊ ဒေသေသိ ဓမ္မမုတ္တမံ။

## ပျဉ်းမနား အင်ကြင်းမြိုင် စမ်းကျစကြံကျောင်း၌ ဝါကပ်တော်မူခြင်း

သက္ကရာဇ် ၁၂၆၆–ခုနှစ် ကဆုန်လတွင် ပျဉ်းမနားမြို့သို့ကြွရောက်တော်မူ၍ မြို့မြောက်ဖက်အင်ကြင်းမြိုင်တောအုပ်အတွင်း အတောင် ၆၀–ရှိသော စမ်းကျစကြံကျောင်း၌ သီတင်းသုံးတော်မူ၍ဆိုက်ရောက်လာသော ဒကာ,ဒကာမတို့အား တရားဟောရင်း ဝါကပ်တော်မူလေသည်။ ယင်းသို့ သီတင်းသုံးစဉ် ဘာဝနာဒီပနီကျမ်း, ဗောဓိပက္ခိယဒီပနီကျမ်း, သဒ္ဒသံခိပ်ကျမ်းတို့ကို ရေးသားစီရင်တော်မူခဲ့လေသည်။

## မြင်းခြံဝါကပ်, ပခုက္ကူ, မိတ္ထီလာ စသည်တို့၌တရားဟော

သက္ကရာဇ် ၁၂၆၇–ခုနှစ်တွင် မြင်းခြံမြို့၌ တပည့်တပန်းရဟန်းသံဃာများနှင့်တကွဝါကပ်တော်မူ၍ ဒကာ,ဒကာမတို့အား တရားဟောတော်မူခဲ့လေသည်။ ယင်းသည့်နှစ်တွင် မိတ္ထီလာ, တောင်သာ, ပခုက္ကူ စသောမြို့များသို့လည်း ကြွတော်

မူ၍ ဒကာ,ဒကာမတို့အား တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူခဲ့လေသည်။

## ရန်ကုန်မြို့ ရွှေတိဂုံရင်ပြင်တရားဟော

ယင်းသည့်သက္ကရာဇ် ၁၂၆၇–ခုနှစ် နတ်တော်လဆန်း ၈–ရက်နေ့တွင် ရန်ကုန်မြို့သို့ ကြွရောက်တော်မူ၍ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ရင်ပြင်တော်ပေါ်၌ များမြောက်စွာသော ပရိတ်သတ်ကြီးအား တရားဟောတော်မူခဲ့လေသည်။

ဝေရိက္ခယေ လယ်တီထေရော၊ တိဂုမ္ဘစေတိယင်္ဂဏေ။
ဓမ္မမေဃံ ဝဿာပေသိ၊ ပရိသာယ မဟန္တိယာ။

## မော်လမြိုင်, သထုံ, ပြည်, ရွှေတောင် စသည်တို့၌တရားဟော

ထိုသည့်သက္ကရာဇ် ၁၂၆၇–ခုနှစ်မှာပင် မော်လမြိုင်မြို့, သထုံမြို့, ပြည်မြို့, ရွှေတောင်မြို့, ကနောင်မြို့, မြန်အောင်မြို့, ဟင်္သာတမြို့, ဓနုဖြူမြို့, ညောင်တုန်းမြို့ စသည့်ဒေသတို့လည်း လှည့်လည်ကြွချီတော်မူ၍ ဓမ္မသဘင်ဆင်ယင်ကျင်းပတော်မူကာ ဒကာ,ဒကာမတို့အား ကုသိုလ်တရားတိုးပွားစေတော်မူခဲ့လေသည်။ ယင်းသို့ ဒေသစာရီကြွစဉ်ကပင် မဂ္ဂင်ဒီပနီကျမ်း, သုကုမာရမဂ္ဂဒီပနီကျမ်းတို့ကို ရေးသားစီရင်တော်မူခဲ့လေသည်။

## ပြည်မြို့ဝိပဿနာကုန်း၌ ဝါကပ်တော်မူခြင်း

သက္ကရာဇ် ၁၂၆၈–ခုနှစ်တွင် သရေခေတ္တရာမည်သော ပြည်မြို့သို့ကြွတော်မူ၍ ဝိပဿနာကုန်းတောရကျောင်း၌ ဝါကပ်တော်မူ၍ ပဋိပတ္တိအလုပ်ကိုကြိုးကုတ်တော်မူခဲ့လေသည်။ ယင်းသို့ ဝိပဿနာကုန်းတောရ၌ သီတင်းသုံးစဉ် ရဟန်းရှင်များစွာတို့ မေးလျှောက်သည့် ပုစ္ဆာများကိုလည်း ဖြေကြားတော်မူခဲ့လေသည်။

## - ဟင်္သာတမြို့မိုးခေါင်ရာ ဆရာတော်ကြွ မိုးသည်းထန်ရွာခြင်း

ပြည်၌သီတင်းသုံးတော်မူစဉ် ဟင်္သာတမြို့၌ လွန်စွာမိုးခေါင်သဖြင့် ဒကာ, ဒကာမတို့ပင့်လျှောက်ချက်အရ ဟင်္သာတမြို့သို့တရားဟောရန် ကြွတော်မူသည်။

ဝါတွင်းဖြစ်၍ အကြိမ်ကြိမ်ငြင်းသော်လည်း ဒကာ,ဒကာမတွေ စိတ်အားထက်သန်လွန်းလှသဖြင့် ပြည်မြို့မှ မီးသဘော်ဖြင့် ဝါပန်၍ကြွတော်မူလေသည်။ သဘော်ပေါ်မတက်မီကပင် အနှစ် ၂၀–ကျော်ရေလှူခဲ့သော မဟာဥဒကာဒါနကြီးကိုအောက်မေ့ဆင်ခြင်တော်မူခြင်း, ငါးရံ့မင်းပရိတ်တော်ကိုပုတီးစိတ်ခြင်း, ပဋ္ဌာန်းနှင့်ဝလာဟကာနတ်တို့အား မေတ္တာပို့ခြင်း စသည်ပြုတော်မူကာ သဘော်ဖြင့်ကြွတော်မူ၏။ သဘော်ပေါ်၌အထက်ပါအတိုင်း ဆင်ခြင်မေတ္တာပို့၍သော စီးနင်းလိုက်ပါတပည့်ရဟန်းတော် ၅–ပါးခြံရံ၍ကြွတော်မူလေသည်။ ဆရာတော်ဘုရား၏သဘော် ဟသ်ာတဆိပ်ကမ်းမကပ်မီ မိုးကြီးသည်းထန်စွာရွာသွန်းခဲ့လေသည်။ ယင်းသို့ရွာသွန်းသည်မှာ ၁–နာရီခွဲခန့်ကြာလေသည်။ မိုးစဲမှသဘော်ကပ်ရာ ဆရာတော်ဘုရားကြီးသည် အကြိုလာသောထမ်းစင်တွင်ပင်မစီးပဲ ဒူးဆစ်မြုပ်ရေသို့ဆင်း၍ တရားမဏ္ဍပ်သို့ ခြေလျင်ကြွတော်မူခဲ့လေသည်။

ထေရဿ သီလတေဇေန၊ မဟာမေဃော ဘိဝဿတိ။
ရမ္မေ ဟံသာတပုရမှိ၊ အဟော တဿ သုသီလတာ။

## မန္တလေးမစိုးရိမ်တိုက်
## သကျသီဟဘုရားဝန်းအတွင်း စသည်တို့၌တရားဟော

သက္ကရာဇ် ၁၂၆၈–ခုနှစ် ပြာသိုလတွင် မန္တလေးမြို့သို့ကြွတော်မူ၍ မစိုးရိမ်ကျောင်းတိုက်ကြီး၌ ကြီးစွာသော ပရိတ်သတ်ကြီးအား တရားဟောတော်မူသည်။ ၎င်းပြင် သကျသီဟဘုရားဝန်းအတွင်း၌လည်း များစွာသောပရိတ်သတ်ကြီးအား တရားဟောတော်မူသည်။ ယင်းသို့တရားဟောစဉ် သံဃာတော်များဖက်မှ ဆွမ်းတရားဟောရန် စာဖြင့်လျှောက်သဖြင့် –

သာသနေ သောဏ္ဏသေလမှိ၊ ဟေမဟံသာဝ မောဒရေ။
ဘိက္ခဝေါ သီလသမ္ပန္နာ၊ ဒါယကာ စ မဟပ္ဖလာ။

ဟူသောဂါထာကိုအစချီ၍ ဆွမ်းတရားတော်ကြီးကို တည့်ဟောတော်မူခဲ့လေသည်။

သောဏ္ဏသေလမှိ၊ ရွှေတောင်ကြီးနှင့်တူသော။ သာသနေ၊ သာသနာတော်မြတ်၌။ သီလသမ္ပန္နာ၊ သီလနှင့်ပြည့်စုံတော်မူကြကုန်သော။ ဘိက္ခဝေါ၊ ရဟန်းတော်

အများ ဘုရားသားတော်တို့သည်။ ဟေမဟံသာ၀၊ ရွှေဟင်္သာတို့ကဲ့သို့။ မောဒရေ–မောဒန္တိ၊ ရွှင်လန်းမွေ့လျော်တော်မူကြကုန်၏။ ဒါယကာစ၊ ထိုသာသနာတည်းဟူသော ရွှေတောင်၌ ရွှေရောင်အဆင်း ရွှေဟင်္သာနှင့်တူသော ရဟန်းတော်မြတ်တို့အား ဆက်ကပ်ကြည်ဖြူ လှူဒါန်းသူအပေါင်း သူတော်ကောင်းတို့သည်။ မဟပ္ဖလာ၊ ကြီးသောအကျိုးရှိကြလေကုန်၏။

## ရဟန်းအဖြစ်ကို ရနိုင်ခဲပုံ

မြတ်စွာဘုရား၏ သာသနာတော်မြတ်သည် လျှပ်လျှပ်ဝင်းဝါသော ရတနာတောင်ရွှေတောင်ကြီးနှင့်တူပေ၏။ ထိုသာသနာတော်အတွင်း၌ မှီတင်းနေထိုင်တော်မူကြသောသာသနာတော်ထမ်းရဟန်းတော်အရှင်မြတ်တို့သည်ကား ရွှေဟင်္သာတို့နှင့်တူပေကုန်၏။ သာသနာတော်အတွင်း၌ မှီတင်းနေထိုင်တော်မူကုန်ကြသော သံဃာတော်တို့အား လှူဒါန်းပူဇော်ကြကုန်သော ဒါယကာအများတို့သည်ကြီးမားသောအကျိုးကိုရနိုင်ကြကုန်၏။ မြတ်စွာဘုရားတို့၏ သာသနာတော်ဆိုသည်ကား ကမ္ဘာကမ္ဘာကြာကြီးကြာသော်လည်း လွန်စွာရနိုင်ခဲလှသော အရာကြီးတစ်ခုဖြစ်ပေသည်။ ထိုသာသနာတော်တွင်း၌ မြတ်စွာဘုရား၏အာဏာတော်ဒေသနာရှိသောအတိုင်း မဆိုင်းမတွ ဝိနည်းတော်ဓမ္မနှင့်အညီ ကျင့်ဆောင်ရသောရဟန်းတော်တို့ဘ၀မှာလည်း သာ၍ပင်ရနိုင်ခဲလေသည်။

## ရဟန်းတော်အများဆုံး မန္တလေး

ရဟန်းအဖြစ်ကိုပင်မရစေနိုင်ကာမူ သာသနာတော်နှင့်ကြုံကြိုက်၍ အခိုက်သင့်စွာ လူဖြစ်သောအခါတွင် သာသနာကို တတ်နိုင်သမျှထောက်ပံ့၍ ရဟန်းတော်တို့ အားလှူဒါန်းမှုကို ပြုရခြင်းသည်လည်း အလွန်ပင် ရခဲခြင်းကြီး ဖြစ်ပြန်သည်။ ထိုသို့ရခဲလှစွာသော ခေတ်ကောင်းကြီးများနှင့် ယခုအခါ မြန်မာနိုင်ငံတော်ကြီးသည် အပြီး တွေ့ကြုံလျှက်အခွင့်ကောင်းနေသည်ဖြစ်၏။ ဤမြန်မာနိုင်ငံတော်၌သာလျှင် ဗုဒ္ဓဘာသာ, သာသနာတော်ထမ်း ရဟန်းသူမြတ်တို့သည် ပေါများ၍ဒါယကာဖြစ်သော လူတို့၏သဒ္ဓါတရားသည်လည်း များစွာထက်သန်ကြကုန်သည်။ မြန်မာနိုင်ငံတော်တွင်လည်း ဤမန္တလေးမြို့တော်ကြီးသည် အထူးသဖြင့် သာသနာတော်ထွန်းကားပွင့်လင်းရာ အရပ်ကြီးဖြစ်ပေ၏။ သာသနာတော်ထမ်း ရဟန်းတော်

တို့သည်လည်း အခြားမြို့ တကာတို့ထက်ပင်ပေါ်များစွာနေထိုင်တော်မူကြကုန်၏။

ပဉ္စမသင်္ဂါယနာတင်မင်းတရားကြီးလက်ထက်အခါတွင် လေးပြင်လေးရပ် သီတင်းသုံးနေထိုင်တော်မူကြကုန်သော ရဟန်းတော်များသည် သုံးသောင်းကျော် လေးသောင်းခန့်မျှရှိကြကုန်၏။ ယခုအခါ၌လည်း တစ်သောင်းနီးနီးပင် ရှိတော်မူကြ လိမ့်မည်။

## သဒ္ဓါတရားအကောင်းဆုံးမန္တလေး

ရဟန်းတော်တို့မည်သည် လှူဒါယကာတို့၏အထောက်အပံ့ကိုခံယူနေတော် မူကြရသောကြောင့် မန္တလေးမြို့၌ ရှိနေကြကုန်သော ဒါယကာသူတော်ကောင်း တို့၏ အထောက်အပံ့ကောင်းသောကြောင့်သာလျှင် ဤမျှလောက်များမြောင်သော သံဃာ တော်တို့နေထိုင်တော်မူကြကုန်သည်။ ဆွမ်းဒါယကာ, ဆွမ်းဒါယိကာမများ ဆွမ်း လောင်းကြပေးသည့်အတွက်နှင့် သံဃာတော်များ နေနိုင်တော်မူကြသည်ဟု ဆိုလိုသည်။ ပိဏ္ဍပါတ်ကိစ္စနှင့် အမြဲမပြတ် ဆွမ်းလောင်းလှူခြင်းတည်းဟူသော သဒ္ဓါတရားအရာဝယ် မန္တလေးနေပြည်တော်ကြီးသည် အသာလွန်ဆုံးဟူ၍ ချီးမွမ်း ထိုက်လှပေသည်။ ယခုအခါ မြန်မာနိုင်ငံတော်၌ ရှိနေတော်မူကြကုန်သော ရဟန်း သံဃာတော်တို့သည် မန္တလေးမြို့သူ, မြို့သားတို့၏ဆွမ်းကို မဘုဉ်းပေး မသုံးဆောင် ဘူးသောရဟန်းကား အနည်းငယ်မျှသာရှိတော်မူကြကုန်၍ ပရိယတ်အရာ၌ လိမ္မာတတ်မြောက်တော်မူကြသော ရဟန်းတော်တို့သာ များကြပေကုန်လိမ့်မည်။

## သာသနာ့အကျိုးဆောင်မန္တလေး

ရဟန်းတော်တို့သည်လည်း ပဉ္စင်းခံပြီးသောအခါ စာပေပရိယတ်သင်ကြားမှု ကိစ္စဖြင့် မန္တလေးမြို့တော်သို့သာ သွားရောက်၍ ပညာသင်ကြားတော်မူကြရကုန်၏။ မြန်မာနိုင်ငံတော်၌လည်း ထွန်းပွင့်လင်း၍နေသော ပရိယတ်သာသနာတော်သည် မန္တလေးမြို့ကြီးက ထူထောင်စိုက်ပျိုး၍လာသည်ဟူ၍ဆိုလျှင် လွဲမည်မဟုတ်ချေ။ ယခုအခါ မြန်မာနိုင်ငံတော်အတွင်းဝယ် ဂုဏ်သတင်းကျော်စောတော်မူကြသော ကျမ်းဂန်တတ်အကျော် ဆရာတော် သံဃာတော်များသည် များသောအားဖြင့် မန္တလေးမြို့တော်မှာနေထိုင်၍ စာပေပရိယတ်ကို သင်ကြားတော်မူကြဘူးသော ပုဂ္ဂိုလ်မြတ်တို့သာ ဖြစ်ကြကုန်လိမ့်မည်။

ထို့ကြောင့် ဤမန္တလေးမြို့တော်ကြီးသည် ဗုဒ္ဓမြတ်စွာ၏သာသနာအကျိုး ဆောင်မြို့ကြီးပင်ဖြစ်၍နေ၏။ ဥပမာအားဖြင့် ဓတရဋ္ဌမည်သော ရွှေဟင်္သာမျိုး အပေါင်း ကိုးသောင်းတို့၏ကျက်စားရာ မဂ်လာကြာရေကန်ကြီးကဲ့သို့ ရွှေအဆင်းနှင့် တူသော သက်နိုးရောင်တို့ဖြင့် တပြောင်ပြောင်တောက်ပတော်မူကြကုန်သော သာကီနွယ်ဖွား ရဟန်းတော်များတို့၏ကျက်စားရာ မင်္ဂလာဘူမိ ရပ်သီရိသည်ကား မန္တလေးမြို့တော်ကြီးတည်း။ ရွှေဟင်္သာတို့ပျော်ပါးကျက်စားရာဖြစ်သော မင်္ဂလာ ကြက်သရေရှိသော ကြာရေကန်ကြီးသည် ရွှေစင်အတိကြီးသော ဟင်္သာရောင် တို့ဖြင့် တပြောင်ပြောင် တောက်ပသကဲ့သို့ မန္တလေးမြို့တော်ကြီးသည် ရွှေအဆင်းရှိ သော ရဟန်းတော်တို့၏ သက်နိုးရောင်တို့ဖြင့် တပြောင်ပြောင်တောက်ပရာ ဌာန ကြီးဖြစ်ပေ၏။

## ဒဿနာနုတ္တရိယကို ရနိုင်သောမန္တလေး

ထိုသို့သာသနာတော်ကို ပြုစုပျိုးထောင်ရာဌာနဒေသ ပဋိရူပမြို့ကြီးမှာ သဒ္ဓါပြည့်စုံစွာ လူဖြစ်၍နေကြသောသူများသည် အလွန်တရာ ကံကောင်းကြသည် ဟူ၍ ဆိုထိုက်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူတို့၏မျက်စိများသည် ဝါဝါဝင်းဝင်း သင်္ကန်းရောင်ချင်း ထွေးယှက်ထိန်တောက်၍နေသောအရာမှာ ကျက်စားရသောကြောင့် ဒဿနာနုတ္တရိယကို လှလှကြီးရနိုင်ကြသည်။ ဒဿနာ နုဿရိယ သောနုတ္တရမှုဆိုးကို အလောင်းတော်ဆင်မင်းတွေ့မြင်ရာ ဂါကို အမြင် တော်လျော်စွာနှင့် ဒဿနာနုတ္တရိယဖြစ်အောင် ချီးမြှောက်လာပါပေသည်ဟု သဘောရပြီးလျှင် မိမိက နိုပ်စက်နိုင်လျှက်နှင့် မနှိပ်စက်ပဲ အရှိအသေပင် ပြုတော်မူ ရလေသည်များကို ထောက်ထား၍ အရဟတ္တဓဇဖြစ်သော သင်္ကန်းရောင်များကို တွေ့မြင်ရာ၌ လွန်စွာ အမြင်တော်ကြောင်းကို သိရာ၏။

## သဝနာနုတ္တရိယကို ရနိုင်သောမန္တလေး

ထို့ပြင် စာသံ,ပေသံ, ဘုရားသံ, တရားသံတသောသောနှင့်နေသော မြို့ကြီးတွင် ဖြစ်ကြရသောကြောင့် ထိုသူတို့၏ သောတဓာတ်တည်းဟူသော နားများသည် သဝနာနုတ္တရိယကို ကောင်းကောင်းကြီး ရကြပေသည်။ သဝနာ

နတ္တရိယဆိုသည်ကား အကြားတော်သည် အကြားကောင်းနှင့် ကြုံကြိုက်သည်ဟူ၍ ဆိုလိုသည်။ ထိုမှတပါး ရတနာသုံးရပ်တို့၌ မပြတ်ကိုင်းညွတ်သော စိတ်ရှိကြကုန် သောကြောင့် နံနက်အရုဏ် မတက်မီကပင် ငါတို့မှာ ဆွမ်းလောင်းရန် ဝတ်ရှိကြ ပေသည်ဟူ၍ အမြဲနိစ္စပတ်စိတ်စွဲ၍ သံဃာတော်များကို လောင်းလှူရန် ဆွမ်းများ ကိုချက်ပြုတ်ကြကုန်၏။ မိမိတို့ အလုပ်ခွင်သို့မဝင်မီ ရှေးဦးစွာ သာသနာတော် နှင့်စပ်သော အလုပ်ခွင်သို့ ဝင်ကြပေသည်။ ထို့နောက် ဆွမ်းဘောဇဉ်များကို ပြင်ဆင်ပြီးလျှင် ရိုသေစွာ လောင်းလှူကြပေကုန်သည်။ ထိုဆွမ်းပန်းကိစ္စများပြီးစီးမှ မိမိတို့၏ လောကီအလုပ်ခွင်သို့ ဝင်ကြကုန်သည်။ ဤသို့ နေ့စဉ်ရက်ဆက်အားဖြင့် ကောင်းမှုကုသိုလ်ရေးတို့ကို ဆောင်ရွက်ကြရခြင်းသည်ကား များစွာ ထူးမြတ်လေ သည်။

## မိမိကိုယ်ကို သာသနာရေး၌အသုံးချသင့်ပုံ

သံသရာ၌ မိမိတို့၏ခြေလက်အင်္ဂါများကို သာသနာတော်နှင့်စပ်သော အမှု ကိစ္စများတွင် အသုံးချခဲ့ဘူးသောဘဝကား အလွန်တရာ နည်းပါးလှကုန်၏။ သား မယားကိစ္စ, ခင်ပွန်းယောက်ျားကိစ္စနှင့်သာ တွင်ကျယ်စွာလုပ်ကိုင်၍ လာခဲ့ကြရ သည်။ သံသရာထဲ၌ မိမိ၏ခန္ဓာတွေကို တွက်ခြေမရှိသောအလုပ်နှင့်သာ ဖြုန်းတီး၍ သာ ပစ်ခဲ့ကြသည်ဟုဆိုလိုသည်။ ယခုလူ့ဘဝတွင် ကြုံကြိုက်၍ရရှိနေကြသော ခန္ဓာများကို ရှေးရှေးဘဝတို့၌ ကုသိုလ်ကောင်းမှုတို့ဖြင့် ရင်းနှီး၍လာခဲ့ကြသော ကြောင့်သာလျှင် ရရှိကြကုန်သည်။ အလကား ရနိုင်သည်မဟုတ်၊ ဤလောက၌ အရင်းအနှီး ကြီးကျယ်စွာပေး၍ ဝယ်ယူအပ်ကုန်သော စိန်, ကျောက်, ပတ္တမြား စသော ရတနာအထည်အကွင်းများကို အသုံးမကျသောနေရာ၌ အသုံးချ၍ပစ်လျှင် မတော်မလျော်သကဲ့သို့ ထို့အတူ ရှေးရှေးဘဝတို့၌ အပင်အပန်းခံ၍ ကုသိုလ်ကံဖြင့် နှီးရင်းဆည်းပူးမှုရရှိသော ခန္ဓာများကို အကျိုးမများသောကိစ္စဖြင့် ဖြုန်းတီးပစ်ရန် အလွန်မလျောက်ပတ် မလျော်ကံသည်သာဖြစ်၏။ အဘိုးများစွာနှင့် ဝယ်ယူရရှိသော ရတနာများဖြင့် တဖန်ရင်းနှီး၍ ထို့ထက်မွန်မြတ်သော ရတနာအတိုးအပွားများကိုသာ ရအောင်ကြိုးစားအားထုတ်သော ကုန်သည်ကြီးများကဲ့သို့ ကုသိုလ်ဖြင့်ရင်းနှီး၍ ရအပ်သော လူ့ဘဝ လူ့ခန္ဓာဖြင့် ရင်းနှီးပြီးလျှင် ထို့ထက်မွန်မြတ်သောဘဝကို ရရှိအောင်သာလျှင် ကြိုးစားကြဆောင် အားသစ်ကြရာ၏။

## လူ့ဘဝအဖိုးတန်ပုံ

ယခုရရှိ၍နေသော လူ့ဘဝသည်ကား– အလွန်တရာရနိုင်ခဲသော ဒုလ္လဘ တရားဖြစ်သည်ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း ရခဲသောဘဝ၌ ထိုင်ပြီးလျှင် ယခုထက်သာလွန်မြင့်မြတ်စေမည်၊ တဖန်နိမ့်ကျသော ဘုံဘဝကို မူကား မလျောမကျစေပြီးဟူ၍ စိတ်ကိုတက်ကြွစေပြီးလျှင် ဤဘဝခန္ဓာဖြင့် လိုရာအခြေ အနေသို့ရောက်အောင် ကြိုးစားရာ၏။

အမြို့မြို့သို့ ကုန်စည်ကူးသန်းနိုင်သော ဆိပ်ကမ်းကောင်းသည် မြို့၌တည် နေ၍ ကူးကြီးသန်းကြီးလုပ်ငန်းဆောင်တာကြီးနှင့်နေသော ကုန်သည်ကဲ့သို့ ထို့အတူ ယခုအခါ ကောင်းကြုံ၍ရလာသော လူ့ဘဝသည် အလိုရှိရာသို့ လှမ်းနိုင်သော ဆိပ်ကမ်းကောင်းသည့် မြို့ကြီးကဲ့သို့ဖြစ်နေ၏။ နတ်ပြည်လောကမှာ ဖြစ်သော် လည်း ယခုရရှိသော လူ့ဘဝကဲ့သို့ ကိုယ်ဖြင့်ရင်းနှီး၍ ကြံကြီးစည်ကြီးနှင့် ကုသိုလ် ကောင်းမှုပြုရန် အခွင့်မရှိချေ။ ဝိနည်းဒေသနာတော်အရ လူတို့ကိုသာလျှင် ရဟန်း အဖြစ်ကို ပညတ်ခွင့်ပြုတော်မူသောကြောင့် နတ်ပြည်မှာ ဆွမ်းလောင်းချင်သော် လည်း ရဟန်းကိုယ်တော်များ မရှိချေ။ နတ်သားများသည် သဒ္ဓါတရားကောင်း၍ ဘယ်လိုပင် ရဟန်းပြုချင်သော်လည်း အသက်ပင် သေသာသေမည် ရဟန်းပြုခွင့် မရကုန်။ သံဃာတော်တို့၏ ဝေယျာဝစ္စကို ဆောင်ရွက်ချင်ပါသော်လည်း နတ်ပြည် မှာ ကျောင်းကန်တိုက်တာ မရှိသောကြောင့် မပြုလုပ်နိုင်ကြကုန်။ ဤသို့စသော အရာများကို ထောက်စာ၍ကြည့်လိုက်လျှင် ယခုငါတို့ ရရှိသောဘဝသည် လွန်စွာ နေရာကျ၍ အဖိုးတန်လှပါတကားဟု များစွာအားတက်စရာ ကောင်းလှပေသည်။

ဤနေရာ၌ပြဆိုအပ်ပြီးသော သဘောအဓိပ္ပါယ်များကို ထင်ရှားစေရန် နတ်ပြည်လောကကို အစိုးရသော သိကြားမင်းကြီးနှင့် မိဖုရားကြီး သုဇာဒေဝီတို့ပင် နတ်ပြည်မှဆင်းသက်၍ လူ့ပြည်၌ ဆွမ်းလောင်းကြရသောဝတ္ထုကို ထုတ်ဆောင်၍ ပြတော်မူ၏။

## သံဃာတော်များ ဒုတိယလျှောက်လွှာ

ပြဆိုခဲ့ပြီးသော ဆွမ်းတရားကြီးကို အကျယ်ထုတ်ဆောင်၍ ဟောကြား တော်မူရာ အခါတိုင်းထက်ပိုမို၍ ဆွမ်းဘောဇဉ်ရကြသဖြင့် သံဃာတော်များ ဆွမ်း

ကိစ္စအတွက် သက်သာချောင်ချိတော်မူကြလေသည်။ နောက်တစ်နေ့ ညဥ့် သံဃာတော်များထံမှ အလွှာကြီးတစ်ခု ဆိုက်ရောက်လာပြန်ပါသည်။ ထိုသို့ လျှောက်လွှာပါရှိသည်မှာ–

"ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော ဆွမ်းတရားကြီးအတွက် ဆွမ်းကိစ္စတော့ဖြင့်ချောမောသွားပါပြီ။ သို့သော် ဆွမ်းဟင်းများလိုနေပါသေးသည်။ သို့ပါ၍ ဟင်းတရားကြီးတပုဒ်ဆက်လက်ဟောတော်မူပါရန်" လျှောက်ထားကြပြန်၏။ ဆရာတော်ဘုရားကြီးသည် နောက်တညဥ့်ဆက်လက်၍ ဆွမ်းဟင်းတရားကြီးကို ဟောတော်မူပြန်ပါသည်။

## ဆွမ်းဟင်းတရားတော်ကြီး ဒါနနှစ်မျိုး

အပရိဝါရဒါန, သပရိဝါရဒါနနှစ်ပါးတွင် သပရိဝါရဒါနမြတ်၏။ သင်္ကန်းကိုလှူလျှင် သင်္ကန်းသက်သက်လှူသည်ကား အပရိဝါရဒါနမည်၏။ သင်္ကန်းလှူလျှင် သင်္ကန်းနှင့်စပ်သော ခါးပန်းကြိုး, မျက်နှာသုတ်ပုဝါ, လက်သုတ်ပဝါ, လွယ်အိတ်, လက်ကိုင်ပုဝါ စသောအခြံအရံစုကို အစုံအလင်ပြု၍လှူသည်ကား သပရိဝါရဒါနမည်၏။ ဆွမ်းကိုလှူလျှင် ဆွမ်းသက်သက်လှူသည်ကား အပရိဝါရဒါနမည်၏။ ဆွမ်းလှူလျှင် ဆွမ်းနှင့်စပ်သော ဟင်း, ချိုချဉ်, လက်သုတ်ဟင်းလျာ, စားဖွယ် သောက်ဖွယ်, အုန်း, ငှက်ပျော, သစ်သီးဝလံ စသော အခြံအရံကို အစုံအလင်ပြု၍ လှူသည်ကား သပရိဝါရဒါနမည်၏။

## ဒါန ၂–မျိုး အကျိုးသွား

အပရိဝါရဒါနသည် အကျိုးပေးသောအခါ အဝတ်ကိုအလိုရှိလျှင် အဝတ်သက်သက်ကိုသာရတတ်၏။ ထမင်းကိုအလိုရှိလျှင် ထမင်းကိုသာရတတ်၏။ "**ပျားရှိ၍ ဖက်မရှိ, ဖက်ရှိ၍ ပျားမရှိ**"ဆိုဘိသကဲ့သို့ ဖြစ်တတ်၏။ သပရိဝါရဒါနများ အကျိုးပေးသောအခါ အဝတ်ကိုအလိုရှိလျှင် အဝတ်၏အခြံအရံဖြစ်သော ခေါင်းပေါင်း, အင်္ကျီအစုံအလင်နှင့်တကွ ရတတ်၏။ ထမင်းကိုအလိုရှိလျှင် ထမင်း၏ အခြံအရံဖြစ်သော ဟင်းကျွေးဟင်းလျာအစုံအလင်, ဘောဇဉ်, ခဲဖွယ်, ပန်းဂံ အုပ်ခွက်, လဘက်, ဆေးကွမ်းနှင့်တကွ ရတတ်၏။

ဆွမ်းချည်းသက်သက် လောင်းလှူရသော အပရိဝါရဒါနထက် ဆွမ်း၏အခြံအရံ ဟင်းကျွေးဟင်းလျာများကိုလည်း လှူဒါန်းကြရန် ဆွမ်းဟင်းတရားကြီးကို အကျယ်ဟောပြောတော်မူရာ ဆွမ်းနှင့်ဟင်းလျာညီမျှစွာ ရရှိတော်မူကြသဖြင့် သံဃာတော်များချမ်းသာစွာ ပရိယတ်လုပ်ငန်းကြီးကို အားထုတ်တော်မူကြလေ၏။

## နွားသားအဓိကရဏ်း

၎င်းပြင် ထူးခြားသောအချက်ကြီးတခုရှိသေး၏၊ နွားသားစားမှု, မစားမှု အဓိကရဏ်းကြီးဖြစ်ပေါ်လာသေး၏။ ဆရာတော်ဘုရားကြီးက နွားသား,ကျွဲသားများကိုရှောင်ကြဉ်ကြရန် တွင်တွင်ဟောတော်မူ၏။ မန္တလေးမြို့မလွန်ဈေးထုံးတန်းရပ်နေ လူပြန်တော်မောင်ကျော်ထွန်းက စားသင့်သောဘက်က တွင်တွင်ဟောပြောလျှက်ရှိ၏။ ၎င်းနောက် ဘာသာခြားများက အားပေးကူညီမှုကြောင့် ပုသိမ်မြို့ ဆရာတော် ဦးပဒုမကိုပင့်၍ ဦးပေစီဘုရားအနီး ရေပန်းတိုက်တွင်သီတင်းသုံးစေပြီး နွားသားစားမှုဘက်ကကူညီဟောပြောစေ၏။ သို့သော် မန္တလေးမြို့က လက်ခံနာယူခြင်း မရှိကြပေ။

## စစ်တွေမြို့သို့ ကြွရောက်တော်မူခြင်း

သက္ကရာဇ် ၁၂၆၉–ခုနှစ် ပြာသိုလဆန်း ၆–ရက်နေ့၊ ၆–နာရီအချိန်တွင် သင်္ဘောဖြင့် လယ်တီပဏ္ဍိတအစရှိသော တပည့်ရဟန်းတော် ၅–ပါးဖြင့် ရခိုင်ပြည် စစ်တွေမြို့သို့ကြွတော်မူသည်။ ပြာသိုလဆန်း ၈–ရက်နေ့ ညနေ ၄–နာရီအချိန်တွင် စစ်တွေဆိပ်ကမ်းသို့ရောက်တော်မူသည်။ လူထုပရိတ်သတ်ကြီး ၂–သောင်းခန့်ကြိုဆို၍နေလေ၏။ ကြိုဆိုသည့်ပရိတ်သတ်ထဲတွင် သံဃာတော်များလည်း တရာကျော် ခန့်ပါရှိလေသည်။ ကြီးကျယ်ခမ်းနားလှသော တရားမဏ္ဍပ်ကြီး၌ ပြာသိုလဆန်း ၉–ရက်နေ့မှစ၍ လဆုတ် ၅–ရက်နေ့ထိ ၁၂–ရက်ပတ်လုံး တရားဓမ္မ ဟောပြတော်မူသည်။ ပရိတ်သတ်ကြီးမှာ လွန်စွာ စည်ကားလှသောဟူ၏။ ဆရာတော်ဘုရားကြီး စစ်တွေမှအပြန်တွင် အားရဝမ်းသာရှိလှသဖြင့် လယ်တီပဏ္ဍိတသည် အောက်ပါ ဘုန်းဘွဲ့ကို ရေးသားစပ်ဆိုခဲ့လေသည်။

## လယ်တီဘုန်းတော်ဘွဲ့တေးထပ်

သာသနာတဝက်နှင်းလုမှ၊ ဖက်ကင်းတုဇာနည်။
မောဂ္ဂလိနာဂသီလို၊ မဟာထေရ်ပေါ်သို့။
နရာသိတ်ဟာကိန့်မှန်ငယ်၊ ဗျာပိမ့်နှံ့ထားထင့်ကရို့။
ယင်းသိုက်ဓာတ်ရွယ်အရည်၊ လယ်တီကိုဆိုစို့။
ဘုန်းကံဉာဏ်သမ္ဘာပျို့ပါဘိ၊ ပါရလို့ဂုဏ်ရှင်။
ဝဇီရိန်မြအာဝုန်ကဲ့သို့၊ ယထာဘုတ်စူးရှဉာဏ်မြင်။
သောင်းဒီပတိုက်ဗွေခွင်၊ မြိုက်ရေစင်ဖျန်းဆွတ်လို့။
ပန်းကျွတ်ဆုအောင်လံထောင်၊ လွှတ်ပေါ့မဂ်ဖောင်။
အာဏာစက်တခြားနှောင်လျှင်၊ ဘုရားတောင်ဆိုလောက်ကဲ့လေး[၁] ။

## ထားဝယ်မြို့သို့ ကြွတော်မူခြင်း

လယ်တီဆရာတော်ဘုရားကြီးသည် ထားဝယ်မြို့မှသက်ဆိုင်ရာ ဒကာ-ဒကာမတို့၏ ပင့်လျှောက်ချက်အရ လယ်တီပဏ္ဍိတအစရှိသော တပည့်များခြံရံလျက်ကြွတော်မူကာ ရက်ရှည်တရားပွဲများကျင်းပထား၍ ထားဝယ်သူ,ထားဝယ်သားတို့အား များစွာချီးမြှောက်တော်မူခဲ့လေသည်။ ထားဝယ်မြို့၌ထင်ရှားသော ရှင်မုတီးစေတီသို့ကြွရောက်၍ဖူးမျှော်တော်မူခဲ့လေသည်။ ပန်းရထားဖြင့်အသွင်တင့်တယ်သောဝေါယာဉ်ဖြင့်ကြွတော်မူသည်။ ဆရာတော်ဘုရားကြီးအား ဝဲယာမှပရိတ်သတ်များစွာတို့ကလက်အုပ်ရှက်တင်ဖူးမြင်ကြကုန်၏။ လယ်တီပဏ္ဍိတသည် ထိုစဉ်က ဆရာတော်ဘုရားကြီးအား အောက်ပါတေးထပ်ဖြင့် ဖွဲ့ဆိုဂုဏ်ပြုတော်မူခဲ့လေသည်။

---

၁။ ကဗျာမဉ္ဇူရီ။ ၁၉၃။

## လယ်တီဘုန်းတော်ဘွဲ့

ပန်းသဇင်ပေါ်ဆဲမို့၊ ပျော်ပွဲခေတ်ရာသီ။
နှင်းခတဲ့မကာရီမှာ၊ ပါရမီသခင့်။
ထားဝယ်မြို့ကနက်မြေတွင်၊ ကျက်သရေဘုန်းတော်ကပွင့်။
ရှင်မုထီးစေတီဝယ်၊ မွေ့သရီရှင်ပင့်။
ဖူးမြှော်ရန်စကြာလှည့်ပါလို့၊ ထွက်ခါရှင့်မြန်းစဉ်။
ပန်းသဇင်မြတ်ရထားငယ်နှင့်၊ နတ်အများဝိုင်းလာတဲ့အသွင်။
ဝဲယာဖက်လမ်းနှစ်ပြင်မှာ၊ စခန်းစဉ်စည်ကားလို့။
များလူတို့ဆူညံပျော်ပျော်၊ သောင်းထောင်ကကျော်။
တွေ့ရခဲအတွေ့တော်တယ်၊ ယနေ့နော် ကံထူးလို့လေး[၁] ။

## လယ်တီပဏ္ဍိတစသောတပည့်များ လူထွက်ခြင်း

သက္ကရာဇ် ၁၂၆၉–ခုနှစ်တွင် ပျဉ်းမနားအင်းကြင်းမြိုင်တောရစခန်း လယ်တီဆရာတော်ကြီးအနီး၌ လယ်တီပဏ္ဍိတ, လယ်တီအရှင်ကိတ္တိ, လယ်တီ အရှင်ဝါယမ, လယ်တီဝဏ္ဏိတစသော တပည့်တို့များစွာရှိကုန်၏။ ထိုတပည့်တို့မှာ အမျိုးသမီးတို့ အား ပရမတ္ထသံခိပ်ကျမ်းလာ အဘိဓမ္မာသင်ပေးခြင်း စသည်ဖြင့် အမျိုးသမီးပျိုအိုတို့နှင့် ရောနှောယှက်တင်နေကြကုန်၏။ ထိုအကြောင်းကို မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး သိတော်မူသဖြင့် ---

တေပရိတ္တေန နဿန္တိ၊ ယထေဝ ဒွါရသံဃိကာ။
တထေဝ ဝိနဿိဿန္တိ၊ မညေ ကုမာရိသင်္ဂမာ။

ဒွါရဂိုဏ်းဝင်တချို့ကိုယ်တော်လေးများ ဒွါရဂိုဏ်းဦးစီးဆရာတော်ကြီး တည်ထောင်ခဲ့သော တေးပရိတ်ဖြင့် လူထွက်ပျက်စီးကုန်သကဲ့သို့ လယ်တီဂိုဏ်းဝင်ကိုယ်တော်တစ်စုလည်း မိန်းမပျို(ဘီလူးမ)တို့နှင့် ရောနှောထွေးယှက်ခြင်းကြောင့် ပျက်စီး

---

၁။ ကဗျာမဥ္ဇူရီ။ ၁၉၃။

ကောင်းပျက် စီးလိမ့်မည်ဟူသော အဓိပ္ပါယ်ရှိသော ဂါထာကိုရေး၍ လယ်တီဦးပဏ္ဍိတထံ ပေးပို့လိုက်လေသည်။ လယ်တီပဏ္ဍိတသည် ဝိသုဒ္ဓါရုံဆရာတော်ထံ တစ်ပတ်အတွင်း ---

**မဟာနေရုပကမ္မေယျ၊ ကပ္ပနာသနဝါယုနာ။**

**ဝေဝံသတိ ပကပ္ပေယျ၊ ပဏ္ဍိတော ကာမဝါယုနာ။**

ကမ္ဘာဖျက်လေကြောင့် ရွှေမြင့်မိုရ်တောင်ကြီးပြိုကျပျက်စီးလျှင်ကား တပည့်ပဏ္ဍိတ ကာမလေမုံတိုင်းကြောင့် တုံလှုပ်ပျက်စီးရာပါ၏။ မြင့်မိုရ်မပြိုလျှင်ကား တပည့်ပဏ္ဍိတပျက်စီးမည်မဟုတ်ပါဟု ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးထံ စာပြန်ဆပ်ကပ်လိုက်လေသည်။ ယင်းသို့စာပို့ပြီးနောက် ၁၂၆၉–ခုနှစ်၊ တပို့တွဲလဆန်း ၉–ရက်နေ့တွင် လယ်တီပဏ္ဍိတလူထွက်ခဲ့လေသည်။ လယ်တီပဏ္ဍိတနှင့်မရှေးမနှောင်း လယ်တီဦးကိတ္တိ(တီ၊ ပီ၊ အက်စ်) ဆရာစိန်၊ လယ်တီအရှင်ဝါယမ (အဂ္ဂမဟာပဏ္ဍိတဆရာမြို့) လယ်တီအရှင်ဝဏ္ဏိတ(လယ်တီဦးလှတင်) စသည်တို့လည်း မရှေးမနှောင်းလူထွက်ကြကုန်၏။

ယင်းသို့ တပည့်ကြီးများလူထွက်ကြောင်းကြားသိရသောအခါ ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးသည် လယ်တီဆရာတော်ဘုရားကြီးထံ –

**ယထာပိ ဗလဝါ ခဂ္ဂေါ၊ ဥက္ခိပျပုရတော ဋ္ဌိတော။**

**ပစ္ဆာဂေ ပုတ္တေ မာရေတိ၊ တထာ ထေရောပိ ထာမဝါ။**

''ခွန်အားကြီး ကြံ့သတ္တဝါသည် ရှေ့ကအရာဝတ္ထုတွေကို ကြွချီပင့်မြှောက်ပြီး မိမိနောက်လိုက်ငယ်တွေကို သေစေသကဲ့သို့ဗျတ္တိခွန်အားကြီးမား သန်စွမ်း သောလယ်တီဆရာတော်သည်လည်း နောက်လိုက်တပည့်တွေကို သေစေလေ၏''ဟူသော အဓိပ္ပါယ်ပါရှိသောဂါထာကို ရေးသားပေးပို့တော်မူလေသည်။

## သည်အဆုံးအမကိုရလျှင် တရားဟောမထွက်ဖြစ်

ဝိသုဒ္ဓါရုံဆရာတော် ပေးပို့သည့်ဂါထာကိုရရှိလျှင် လယ်တီဆရာတော်ဘုရားကြီးက ''အိမ်း လယ်တီမှာစာချနေစဉ် သည်အဆုံးအမမျိုးရရှိလျှင် နယ်လှည့်တရားဟောဖြစ်မှာ မဟုတ်ဘူး''ခုတော့ နယ်ထွက်ပြီး တရားဟောနေတာနဲ့ကြုံလို့ တမိုလ်

ထဲကျန်သော်လဲ ဆက်လက်ပြီး တရားဟောရမှာပဲ စစ်တိုက်ရတယ်ဆိုတော့ ကိုယ့်ဖက်ကလဲကျ, သူ့ဖက်ကလဲ ကျဆုံးမြဲဓမ္မတာပေပဲ'' စသည်ဖြင့် တပည့်တို့အား မိန့်တော်မူသတတ်။

## ပုသိမ်မြို့သို့ကြွ၍ တရားဟောတော်မူခြင်း

သက္ကရာဇ် ၁၂၇၀-ပြည့်နှစ်တွင် ပုသိမ်မြို့သို့ ကြွတော်မူသည်။ ရှေးဦးစွာ ပုသိမ်မြို့အထက်တန်းကျောင်းကြီး၌ တရားဟောတော်မူသည်။ ပုသိမ်မြို့ကျောင်း ဒကာကြီးဦးတက်ဖြိုး ပင့်လျှောက်ချက်အရ နိဂြောဓကုန်း မောင်းထောင်ကျောင်း တိုက်၌လည်း ခေတ္တသီတင်းသုံးတော်မူခဲ့လေသည်။ ထိုအခါ ဦးပဒုမ၏ ဒကာမတစ် ယောက် ဆရာတော်ထံလာရောက်ပြီး ဆရာတော်ရေးသောဒီပနီကြီး၌ မရှင်းမလင်း သော အချက်တစ်ခုကို လျှောက်ထားပါရစေဟု လျှောက်ထားရာ ''ဟဲ့ ဒကာမ နင်နှင့် ငါ့ဒီပနီကြီးအရာလား သွားဟဲ့အမိုက်မ''ဟု ငေါက်ငန်းမောင်းမဲ၍ နှင်ထုတ် တော်မူလိုက်လေသည်။

ငင်းပြင် ဒကာ ၃-ယောက်၊ ၄-ယောက်ရောက်လာကြပြီး ''ဆရာတော် ဘုရားသည် န္ဒားသတ္တဝါတို့၏ အသက်ဘေးကိုသာ ကာကွယ်စောင့်ရှောက်တော်မူ တယ်လို့ သိရပါတယ်။ ဝက်, ဆိတ်, ကြက်, ငှက် သတ္တဝါတို့၏အသက်ကိုတော့ မကာကွယ် မစောင့်ရှောက်တော့ဘူးလား'' စသည်ဖြင့် လျှောက်ထားကြရာ ဆရာ တော်ကြီးက ရုတ်တရက် မိန့်တော်မူသည်မှာ -

''အေး ဟုတ်တယ်ကွ၊ ငါ့မှာတော့ ဒကာတို့သိတဲ့အတိုင်း ရွာရိုးမြို့ရိုး လျှောက်ပြီး တရားလဲဟောရသေးတယ်၊ အန္တရာယ်ကိုလဲ ငြိမ်းစဲအောင်လုပ်ရသေး တယ်၊ အဲသည်အထဲက န္ဒားတစ်မျိုးလောက်ကိုသာ ဆွဲသွားနိုင်တယ်၊ ကြွင်းကျန်တဲ့ ဝက်, ဆိတ်, ကြက်, ငှက်ကိုတော့ ဒကာတို့ရဲ့ ဆရာတော်တွေရှိသားပဲ''။

ဥပမာ။ ။ အရှေ့ကျောင်းတိုက်ဆရာတော်က ဝက်အတွက်ဟောပြောလျှင် အနောက်ကျောင်းဆရာတော်က ဆိတ်၊ မြောက်ကျောင်းဆရာတော်က ကြက်၊ တောင်ကျောင်းဆရာတော်က ငှက် စသည်ဟောပြောကြလျှင် တိရစ္ဆာန်သတ္တဝါတွေ ကုန်ရောပေါ့ကွယ်။

"ယခုတော့ ဒကာတို့သည်လိုမှမဟုတ်ကြပဲ တဆိတ်ရှိလျှင်လယ်တီ၊ တရား ဟောစရာရှိလျှင်လယ်တီ၊ အန္တရာယ်ဖြစ်လျှင်လယ်တီ၊ အဲသည်လိုအထဲနွား တစ်မျိုးကိုသာ ပြေးယင်းလွှားယင်းဆွဲသွားနိုင်တယ်၊ အဲဒါကြောင့် ဒကာတို့ကိုးကွယ် တဲ့ ဆရာတော်တွေကိုလဲ ကြွင်းကျန်နေသေးတဲ့ ဝက်,ဆိတ်, ကြက်, ငှက်အတွက် တရားဟော ထွက်ကြတော်မူကြပါအုံးဟု ခပ်တင်းတင်းလျှောက်ကြရမည်" ဟု မိန့်တော်မူလေသည်။

ဤသို့ စသည်ဖြင့်လယ်တီဆရာတော်ဘုရားကြီးသည် ပုသိမ်မြို့၌ တရား ဓမ္မလဲဟောရ၊ တောင်တောင်ဤဤလျှောက်ထားကြသော ပုဂ္ဂိုလ်တို့ကိုလည်း ဖြေရှင်းတော်မူခဲ့ရလေသည်။

ဂန္ဒာန ကုသိမံ ပုရံ၊ မဟာဇနံ ဘိတောသယိ။
နာနာပဥ္စမ္ပိ ဝိဿဇ္ဇိ၊ ပုစ္ဆန္တာနံ ယထာရုစိ။

## မော်လမြိုင်မြို့၌ ဝါဆိုတော်မူခြင်း

သက္ကရာဇ် ၁၂၇၀-ပြည့်နှစ်တွင် မော်လမြိုင်မြို့သို့ကြွတော်မူ၍ ကျိုက်သံ လန်တောင်ထိပ် အောင်လံတိုင်ဘုရားအနီးတွင် မော်လမြိုင်မြို့ဒကာ,ဒကာမတို့ ဆောက်လုပ်အပ်သော အောင်လံတိုင်ဝါဆိုကျောင်း၌ဝါကပ်၍ ဒကာ,ဒကာမတို့အား တရားအမြိုက်ကို တိုက်ကျွေးချီးမြှောက်တော်မူခဲ့လေသည်။

ယင်းသို့ မော်လမြိုင်မြို့၌ ဝါကပ်စဉ် "ရောဂန္တရဒီပနီကျမ်း"ကို တော်သလင်းလပြည့်ကျော် ၁-ရက်နေ့အပြီး ရေးသားတော်မူခဲ့လေသည်။

## စစ်ကိုင်း၊ ရွာထောင်၊ ခင်လူး၊ ရွှေဘို၊ မိတ္ထီလာမြို့များသို့ကြွ၍ ရောဂါနှိမ်နင်းခဲ့ခြင်း

၁၂၇၂-ခုနှစ်၊ တပို့တွဲလတွင် စစ်ကိုင်းတမြို့လုံး ပလိပ်ကပ်ရောဂါဖြစ်၍ ပင့်လျှောက်ချက်အရ ဆရာတော်ဘုရားကြီးကြွရောက်၍ ဦးဆောင်ကာပရိတ်ရွတ် ကမ္မဝါဖတ်ခြင်း စသည်ဖြင့် ပလိပ်ကပ်ရောဂါကို ငြိမ်းစေတော်မူခဲ့လေသည်။ ပရိတ် ကမ္မဝါဖတ်ရာ၌ နွားသားစားသော ရဟန်းတော်များမပါရပဲ စီစဉ်တော်မူသည်။

ထိုနည်းတူစွာပင် ရွာထောင်၊ ရွှေဘို၊ ခင်လူးစသည်မြို့များသို့လည်း ကြွတော်မူ၍ ရောဂါငြိမ်းအောင် ပြုတော်မူခဲ့လေသည်။

## မန္တလေးမြို့ ချောင်းဦးမြို့ စသည်သို့ကြွခြင်း

သက္ကရာဇ် ၁၂၇၄–ခုနှစ်တွင် မန္တလေးမြို့၊ ချောင်းဦးမြို့စသည့်မြို့များသို့လည်းကြွရောက်တော်မူ၍အနာရောဂါဝေဒနာကင်းရှင်းအောင် ပြုတော်မူခဲ့လေသည်။ နက်နဲလှသော တရားဒေသနာတော်များကိုလည်း ဟောတော်မူခဲ့လေသည်။

## ရတနာပုံလယ်တီစံကျောင်းနှင့် စကြံကျောင်းအလှူခံ

သက္ကရာဇ် ၁၂၇၆–ခုနှစ်တွင် မန္တလေးမြို့အနောက်ပြင် စည်ရှင်လမ်းကျုံးထိပ်ဝန်းကျင်သို့ စော်ဘွားကြီးဝင်းကို ရတနာပုံစာအုပ်ဆိုင်ပိုင်ရှင်မင်းကတော်ကြီး မမညွှန့်ကဝယ်ယူ၍ ရတနာပုံလယ်တီစံကျောင်းအဖြစ်ဆောက်လုပ်၍ ဆရာတော် ကြီးအားလှူဒါန်းလေသည်။ တဖန် ဝါးတန်းဒေါ်လုံက ရတနာစကြံကျောင်း ဆောက်လုပ်၍လှူဒါန်းလေသည်။ လယ်တီဆရာတော် ဘုရားကြီးသည် ရတနာပုံ လယ်တီစံကျောင်းနှင့် ရတနာစကြံကျောင်းတို့ကို အလှူခံတော်မူ၍ ၃–ဝါမျှ သီတင်းသုံးတော်မူသည်ဟု သိရ၏။

ရတနာပုဏ္ဏပူရမှိ၊ လယ်တီတိယတိကုဋ္ဌရော။
ဝိဟာရေ ရတနာဂုယေ၊ စင်္ကမေပိ ဝသီ တဒါ။

## ရေနံချောင်းမြို့၊ ထောင့်ကြီး၊ ဇလွန် စသည်မြို့ရွာများသို့ ကြွတော်မူခြင်း

ယင်းသည့်သက္ကရာဇ် ၁၂၇၅–ခုနှစ်၊ တန်ဆောင်မုန်းလတွင် ပင့်လျှောက်ချက်အရ ရေနံချောင်းမြို့သို့ကြွတော်မူ၍ တန်ဆောင်မုန်းလဆန်း ၉–ရက်နေ့မှစ၍ လပြည့်ကျော် ၃–ရက်နေ့အထိ သီတင်းသုံးတော်မူ၍ ရေနံချောင်းမြို့သူမြို့သားများအား တရားဓမ္မဟောပြတော်မူခဲ့လေသည်။ မေးလျှောက်အပ်သော ပြဿနာအရပ်ရပ်ကိုလည်း ဖြေရှင်းတော်မူလေသည်။ နွားစသော သတ္တဝါတို့၏အသားများမစားကြရန်ကိုလည်းဟောတော်မူရာ လူပုဂ္ဂိုလ်ပေါင်း ၅၀၀၀–ကျော်တို့ နွားစသော သတ္တဝါတို့၏အသားမစားရန် ဝန်ခံကတိပြုလှူဒါန်းကြကုန်၏။

တဖန် ၄င်း ၁၂၄၅–ခုနှစ်၊ နတ်တော်လတွင် ဟသ်ာတခရိုင်၊ ဇလွန်မြို့အပိုင် ထောင့်ကြီးရွာသို့လည်း ပင့်လျှောက်ချက်အရ ကြွတော်မူ၍ နတ်တော်လဆန်း ၆–ရက်နေ့ကစ၍ ၁၃–ရက်နေ့အထိ ၈–ရက်တိုင်တိုင် တရားဒေသနာအမျိုးမျိုးဖြင့် ချီးမြှောက်တော်မူခဲ့လေသည်။ ထိုထောင့်ကြီးရွာမှလည်း နွားသား, ကျွဲသား, မစားပါ ဟုလျှုသူပေါင်း ၅၃၀၀–ကျော်မျှရှိကုန်၏။

ဆရာတော်ဘုရားကြီးသည် ဇလွန်မြို့၊ အဖျောက်မြို့များသို့လည်း ဆက်လက်ကြွတော်မူ၍ ရက်ပေါင်းရှည်မြင့်စွာ သီတင်းသုံးတော်မူ၍ တရားတော်မိုး ကို သွန်းဖြိုးရွာချတော်မူလေသည်။

**ရေနံချောင်းအာဒိဒေသေသု၊ နေကေသု နဂရေသုပိ။**
**ဓမ္မမေဃံ ဝဿာပေသိ၊ ဓမ္မေသု နိန္နမာနသော။**

## လယ်တီဆရာတော်ဘုရားကြီး တရားဟောတော်မူခဲ့သောမြို့များ

လယ်တီဆရာတော်ဘုရားကြီး တရားဟောတော်မူခဲ့သော မြို့ရွာများကို အသေးစိတ်စုံလင်အောင် ဖော်မပြနိုင်သဖြင့် အမည်မျှဖော်ပြအပ်ပါသည် –

မန္တလေးမြို့၊ အမရပူရမြို့၊ မြို့ဟောင်း၊ မြစ်ငယ်၊ ကျောက်ဆည်၊ မြစ်သား၊ ကူမဲ၊ သဲတော၊ ဝမ်းတွင်း၊ အင်းမကြီး၊ သိမ်တောင်၊ သာစည်၊ မိတ္ထီလာ၊ တောင်သာ၊ မလှိုင်၊ ပန်းအိုင်၊ ရုံးစင်ကြီး၊ မြင်းခြံ၊ နွားထိုးကြီး၊ ရမည်းသင်း၊ ပျော်ဘွယ်၊ ရွှေမြို့၊ ပျဉ်းမနား၊ လယ်ဝေး၊ တောင်တွင်းကြီး၊ တောင်ငူ၊ ဇေယျဝတီ၊ ဖြူး၊ ကညွတ်ကွင်း၊ ပဲနွယ်ကုန်း၊ ကျောက်တံခါး၊ ပိန်းဇလုပ်၊ ညောင်လေးပင်၊ ဒိုးကုန်း၊ စန်းကလေး၊ လက်ပန်ပူ၊ ပြွန်တံဆာ၊ ဒိုက်ဦး၊ ပျဉ်ပုံကြီး၊ ပဲခူး၊ သနပ်ပင်၊ ရစ်ကန်ကြီး၊ နိဗ္ဗာန်၊ သံတံခါး၊ ခရမ်း၊ ကျိုက်ထို၊ တောင်စွန်း၊ ကော့ကဒွပ်၊ ဘီလင်း၊ ကျိုက်ကော်၊ သထုံ၊ မော်လမြိုင်၊ မဒေါက်၊ ပုဇွန်မြောင်း၊ ရွှေကျင်၊ အင်းဝ၊ တံတားဦး၊ ရွာသစ်၊ ငါန်းဇွန်၊ ဆီမီးခုံ၊ မြင်းမူ၊ ချောင်းဦး၊ မုံရွေး၊ ကြေးမုံ၊ မုံရွာ၊ အလုံ၊ ဘုတလင်၊ နောက်ချေးတော၊ နဂါးတွင်း၊ ပေါင်းထောင်ကူ၊ ဒီပဲရင်း၊ စိုင်ပြင်၊ ခင်ဦး၊ ရွှေဘို၊ သပိတ်ကျင်း၊ ကသာ၊ ထီးချိုင့်၊ မြစ်ကြီးနား၊ ပေါင်းဝ၊ ဆားထုံး၊ ရေစကြို၊ ပခုက္ကူ၊ ညောင်ဦး၊ ပုဂံ၊ ရေနံကျပ်၊ စဉ့်ကူ၊ ချောက်၊ စလေ၊ ပုခန်းငယ်၊

ဆင်ဖြူကျွန်း၊ ညောင်လှ၊ ရေနံချောင်း၊ မကွေး၊ မင်းဘူး၊ မြင်ကွန်း၊ မင်းလှ၊ မိချောင်းရဲ၊ ဆင်ပေါင်ဝဲ၊ အောင်လံ၊ သရက်၊ ပြည်၊ ရွှေတောင်၊ ဇလွန်၊ အဖျောက်၊ ခနေဖြူ၊ ညောင်တုန်း၊ ပန်းတနော်၊ မအူပင်၊ မြောင်းမြ၊ ဝါးခယ်မ၊ ကျွန်းကုန်း၊ မဲဇလီ၊ ဆားမလောက်၊ ရန်ကုန်၊ ဒလ၊ တွံတေး၊ ကွမ်းခြံကုန်း၊ တော်ကူးကြီး၊ တော်ကူးလေး၊ ဖားကူး၊ အိုင်ကလော၊ ဒေးဒရဲ၊ ဖျာပုံ၊ ကျိုက်လတ်၊ သံလျင်၊ မှော်ဝန်းချောင်း၊ ကျောက်တန်း၊ တံတားရွာ၊ သုံးခွ၊ ပါဒကြီး၊ အင်းစိန်၊ တိုက်ကြီး၊ ဥက္ကံ၊ သုံးဆယ်၊ သာယာဝတီ၊ စစ်ကွင်း၊ မင်းလှ၊ အိုးသည်ကုန်း၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ္တလင်း၊ ပေါင်းတည်၊ ပုတီးကုန်း၊ သဲကုန်း၊ ဆင်မြီးဆွဲ၊ အင်္ဂပူ၊ မဲဇလီကုန်း အစရှိသော–

၁။ မန္တလေး–ရန်ကုန် မီးရထားလမ်းတစ်လျှောက်၊
၂။ ရန်ကုန်–ပြည် မီးရထားလမ်းတစ်လျှောက်၊
၃။ ပျဉ်းမနား–တောင်တွင်းကြီး မီးရထားလမ်းတစ်လျှောက်၊
၄။ ဟသ်ာတ–ပုသိမ် မီးရထားလမ်းတစ်လျှောက်၊
၅။ ပဲခူး–မော်လမြိုင် မီးရထားလမ်းတစ်လျှောက်၊
၆။ ညောင်လေးပင်–ရွှေကျင်–မဒေါက် မီးရထားလမ်းတစ်လျှောက်၊
၇။ ဟသ်ာတ–ကြံခင်း မီးရထားလမ်းတစ်လျှောက်၊
၈။ စစ်ကိုင်း–ရွှေဘို–မြစ်ကြီးနား မီးရထားလမ်းတစ်လျှောက်၊
၉။ စစ်ကိုင်း–မုံရွာ မီးရထားလမ်းတစ်လျှောက်၊
၁၀။ အလုံ–နောက်ချေးတော မီးရထားလမ်းတစ်လျှောက်၊
၁၁။ ပဲခူး–ခရမ်း မီးရထားလမ်းတစ်လျှောက်၊
၁၂။ ဧရာဝတီမြစ်စဉ်တလျှောက်ရှိ မြို့ကြီး၊ မြို့ငယ်၊ ရပ်ရွာအသီးသီးမှ အားကျမခံ ပင့်လျှောက်ကြသဖြင့် ဆရာတော်ဘုရားကြီးသည် ကိုယ်ပင်ပန်းမှုကို ပမာဏပြုတော်မမူပဲ သုတ္တန်၊ အဘိဓမ္မာ နက်နဲစွာသော ဒေသနာတော်ကြီးကို သက်တော်နှင့်အမျှ ဟောကြားတော်မူခဲ့လေသည်။ လယ်တီဆရာတော်ဘုရားကြီးကား မြန်မာ့သာသနာသမိုင်းတွင် အထွန်းတောက်ဆုံးသော ဓမ္မကထိက ပုဂ္ဂိုလ်မြတ်ကြီး မှန်လှပါပေ၏။

လယ်တီထေရော မဟာဉာဏီ၊ ဝိသုတော ကထိကော ဝိဒ္ဒါ။
ဒေသိသောတိဝဒုလ္လဘော၊ သာသနဝံသမှိ လက္ခယော။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆပ်ကပ်ခြင်း

လယ်တီဆရာတော်ဘုရားကြီးသည် သီလဝန္တသိက္ခာကာမဂုဏ်၊ အနေက ဂန္ထကာရကဂုဏ်၊ ဂန္ထဝါစကဂုဏ်၊ စိတြကထိကဂုဏ်တို့ဖြင့် မြန်မာပြည်တွင်မကပဲ အင်္ဂလန်၊ သီဟိုဠ် အစရှိသောတိုင်းတပါးတို့၌ ကျော်ကြားထင်ရှားရကား သက္ကရာဇ် ၁၂၇၈–ခုနှစ်တွင် ဗြော့ဘုရင်မင်းမြတ်ကိုယ်စား အိန္ဒိယဘုရင်ခံချုပ်၏ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ဆပ်ကပ်လှူဒါန်းခြင်းခံတော်မူခဲ့လေသည်။

## ဘွဲ့တံဆိပ်တော် ဆပ်ကပ်ပွဲသို့မကြွ

ယနေ့တွင် တောင်ခွင်သာသနာပိုင်ထံမှ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို ကိုယ်တိုင်လာယူရမည်ဟု အမိန့်လွှာကိုရသောအခါ ဆရာတော်ကြီးက ပြည်ပိုင်မင်းတို့က မည်ကဲ့သို့ပညာအရည်အချင်းနှင့်ပြည့်စုံသူ မည်သို့သောဘွဲ့တံဆိပ်များ ချီးမြှင့်သင့်သည်ရွေးချယ်ပေးရန် စာလာရောက်၍ ငါတို့ရွေးချယ်ပေးလိုက်သောဘွဲ့ကို ထူးထူးဆန်းဆန်းလုပ်လို့ ကိုယ်တိုင်လာရောက်ယူရမည်ဟု သာသနာပိုင်အမိန့်ပြင်းထန်လှချေရဲ့ ငါတို့မယူလိုဟု မိန့်တော်မူကာ မန္တလေးမှ အင်းဝဘက်သို့ တရား ဟောကြွတော်မူသည်။ သို့ဖြစ်၍ ဆရာတော်ကြီး၏ တပည့်ဦးရေဝတနှင့် ဦး[illegible]ျာ်ရန်၊ ဦးမောင်မောင်ထင်တို့ သွားရောက်ယူထားသည်။

## ဒီလစ် (D.Litt)

သက္ကရာဇ် ၁၂၈၃–ခုနှစ်၊ နတ်တော်လတွင် ရန်ကုန်မြို့၌ တက္ကသိုလ်ကို စတင်တည်ထောင်ဖွင့်လှစ်၏။ ယင်းတက္ကသိုလ်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် လယ်တီဆရာတော်ဘုရားကြီးအား ရန်ကုန်တက္ကသိုလ်အဓိပတိဖြစ်သော ဘုရင်ခံက **Doctor of Ucontune** စာပေပါရဂူဘွဲ့ကို ဆပ်ကပ်လှူဒါန်းခဲ့လေသည်။ ယင်းဒီလစ်ဘွဲ့ကိုလည်း ဆရာတော်ဘုရားကြီးက ကြွရောက်အလှူမခံသဖြင့် ၁၂၈၃–ခုနှစ်၊ နတ်တော်လဆန်း ၅–ရက်နေ့တွင် ဆရာတော် သီတင်းသုံးတော်မူရာ

စစ်ကိုင်းတောင်ရိုး ဇေတဝန်မဟာလယ်တီစကြံတိုက်ကျောင်းသို့ တာဝန်ရှိပုဂ္ဂိုလ်များ လာရောက်ဆပ် ကပ်လှူဒါန်းကြကုန်၏။

## လယ်တီဆရာတော်နှင့်စပ်၍ မှတ်သားဖွယ်ရာများ

လယ်တီဆရာတော်ဘုရားကြီး မိန့်ကြားသောစကားများနှင့် ဆရာတော်နှင့် စပ်သည့်ဖြစ်ရပ်တို့မှာ မှတ်သားစရာကောင်းလှ၏။ အထူးသဖြင့် ဘုရားမြတ်စွာ သာသနာ၌ အားသွန်ကြိုးပမ်း အလုပ်လုပ်ကြမည့် သုတေသီတို့မှာ ပို၍မှတ်သား သင့်ပေသည်။ သို့ဖြစ်၍ တွေ့ကြုံကြားဘူးသမျှ အနည်းငယ် အဖြစ်အပျက်တို့ကို ဖော်ပြအပ်ပါသည်။

## မုဆိုးမ, မီးခွက်ပမာ

ဆရာတော်ဘုရားကြီးသည် လယ်တီတိုက်ကြီး၌သီတင်းသုံးစဉ် နေ့စဉ်စာချ ၍ညဥ့်အခါည၌ ၃–ယာမ်၊ ၂–ယာမ်ခန့်ကျမ်းဂန်ရေးသားတော်မူ၏။ ကျမ်းရေးသော အခါ၌လည်း ဖောင်တိန်ဖြင့်ရေးတော်မူလေ့ရှိတော်မမူပဲ ခဲတန်ဖြင့်သာရေးတော်မူ လေ့ရှိ၏။ တပည့်ဦးရေဝတကို ခဲတံချွန်ရန် ခဲဝန်အဖြစ်ခန့်အပ်ထား၏။ ဦးရေဝသည် နေ့စဉ်ခဲတံ ၁၀၀–ခန့်ကိုချွန်ရ၏။ တချို့အကြမ်းရေးမူများကိုလည်း အချောရေးရ၏။ ဦးရေဝတတာဝန်ကလည်း မသက်သာလှချေ။ ထိုစဉ်က လျှပ်စစ်မီးများကလည်း မရှိသေးချေ။ ညဥ့်အခါ ရေနံဆီမီးခွက်ဖြင့်ရေးရာ မကြာမီရေနံကုန်၍နေသဖြင့် ကပ္ပိယခေါ်ပြီး မင်းတို့မုဆိုးမမီးခွက်ပမာ တော်စွာ့လျော်စွာ့မလုပ်ကြနှင့် ရေနံဆီပုံးကြီး ကိုမီးခွက်ဖြစ်အောင်လုပ်ကြ၊ မီးစာကိုလည်း ၁–လစာ၊ ၂–လစာ တပ်ထားရမည်၊ ရေနံဆီအပြည့်ထည့်ပြီး ငါ့ခေါင်းရင်းထားရမည်ဟု မိန့်တော်မူလေသည်။ သို့ဖြစ်ရာ ဆယ်ပိဿာခန့်ဝင်သည့် ရေနံဆီပုံးကြီးကို ထိပ်က အနှံ့တပ်မီးခွက်ကြီး ပြုလုပ်ကြရ လေသည်။

## ငါ့စာဖတ် ကမ္မဋ္ဌာန်းထိုင်သည့်ပမာ

ငါ့ကျမ်းစာများမှာ တောထဲ၊ တောင်ထဲ၊ ခြံထဲလိုဏ်ထဲနေပြီးရေးတဲ့အတွက် တောသံပါပြီး တောသူ၊ တောသားတွေပါ နားလည်တယ်။ ကမ္မဋ္ဌာန်းအားထုတ် ရင်းရေးသဖြင့် ကမ္မဋ္ဌာန်းသံတွေလည်းပါနေ၏။ ငါတို့ရေးတဲ့စာတွေ ဖတ်နေလျှင် ကမ္မဋ္ဌာန်း အားထုတ်နေသလိုပဲကွဲ့ သူ့သက်ဆိုင်ရာတို့အား မိန့်တော်မူလေသည်။

## ကုသိုလ်ဆယ်ပိဿာ၊ အကုသိုလ်သုံးပိဿာ

တချို့တို့က လယ်တီဆရာတော်သည် ပရမတ္ထခံခိပ်အသင်းက တပည့်မတွေနှင့် ကာလသားအတီးအမှုတ်တွေကို မျက်နှာသာပေး၍ အရောဝင်လှချေဟု ပြောကြသည်။ ဆရာတော်ကြီးက ငါမသာယာပါဘူးဆိုလျှင် ပြီးပါရဲ့၊ သို့ပေမယ့် ဤအဖြေကို ငါမပေဘူး၊ ကုသိုလ်ဆယ်ပိဿာလုပ်နေတဲ့အထဲမှာ အကုသိုလ်သုံးပိဿာလောက်တော့ ငါဂရုမစိုက်ပါဘူးဟုသာ အဖြေပေးလို၏[၁] ။

## နက်ဖြန်စာချဖို့ခေါ်သည်

အောက်ပြည်အောက်ရွာမှ တရားဟောပြန်လာလျှင် ကုလားတက်ခေါက်၍ တိုက်ရှိသံဃာအားခေါ်တော်မူလေ့ရှိသည်။ ထိုအခါ မိန့်ကြားတတ်သည်ကား ''ငါရလာတဲ့ သက်န်း၊ ထီး၊ ဘိနပ် စသည်ကိုဝေဖို့သာမဟုတ်ဘူး။ ရတဲ့သက်န်း၊ ထီး၊ ဘိနပ်ကို ရခဲ့တဲ့မြို့တွင် တော်သလိုလှူဒါန်းခဲ့သည်။ ယခုကုလားတက်ခေါက်ခေါ်သည်ကား နက်ဖြန်စာချဘို့ခေါ်ခြင်းဖြစ်သည် စသည်ဖြစ်လေသည်။

## အိမ်နီးချင်း ရှိသေရုံဝတ်တက်

ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် လယ်တီတိုက်ကြီးအတွင်း မဟာဗောဓိပင်၌ ညောင်ရေသွန်းပွဲ ပြုလုပ်တော်မူ၏။ ထိုအခါ ဆရာတော်ဘုရားကြီးသည် ကိုယ်တိုင်ရေတွင်းမှရေကိုဆွဲငင်၍ ကိုယ်တိုင်ထမ်း၍ အခေါက်ပေါင်းများစွာ ညောင်ရေသွန်းလောင်းတော်မူသည်။ တစ်ကိုယ်လုံးမှာလည်း ရေတွေ ရွှဲရွှဲစိုနေ၏။ ထိုအခါ ဆရာတော်ဘုရားကြီးက ---

၁။ ညောင်ရေသွန်းလောင်းတယ်ဆိုတာ သည်လိုလောင်းရတယ်။ လူရောညောင်ပင်ရော ရေတွေဘောင်းလံနေအောင်လောင်းမှ ကောင်းတယ်။

၂။ ယခုကာလ ညောင်ရေလောင်းကြတာ အဝလောင်းတာမဟုတ်ဘူး၊ အလှလောင်းကြတာ များနေကြတယ်။

---

၁။ လယ်တီမဟာထေရုပ္ပတ္တိ ကထာ။ ၁၇၂။

၃။ အိမ်နီးချင်းရှိသေအောင်ဝတ်တတ်သလို အလှအပအပေါ်အရုံကြောက များနေကြတယ်။

၄။ ဒို့ကတော့ စိတ်ရောကိုယ်ရော ကိုယ်တိုင်ခပ်ပြီး ကိုယ်တိုင်လောင်းတယ် ကိုယ်တိုင်ရှိခိုးပူဇော်တယ်၊ ခုကာလ လုပ်ပုံတွေကတော့ ဒို့နှင့် မျက်နှာကြောမတည့်ပါဘူး၊ တစ်ချို့က ဘုရားရေကပ်လှူတာတောင် သူများကို အခပ် ခိုင်းလှူတယ်။ သူများကို ရှိခိုးခိုင်းကြတယ်၊ သူများကို အပူဇော် ခိုင်းလှူတယ်၊ သူများကို ဆုတောင်းခိုင်းကြတယ်။ ကိုယ်တိုင် လုပ်နိုင် လျှက်သားနှင့် အသက်သာခိုပြီး သူတစ်ပါးကို အလွန်အားကိုးကြတာကိုကွဲ့။ အဲဒါကြောင့် အကျိုးပေးမသန်ကြတာ–ဟု မိန့်တော်မူလေသည်။

## လယ်တီဆရာတော်ပြစ်မှား နွားငှေ့

မန္တလေးမြောက်ပြင် သားရဲဈေး၌ ညဥ့်တရားဟောတော်မူ၏။ တရားတော်မှာ နွားသားရှောင်ကြဉ်ရေးတရားဖြစ်၏။ လှည်းသမားတစ်ယောက်က ပရိတ်သတ်စွန်က တရားနာနေခိုက် နွားသားစားဘာဖြစ်သလဲ ဘုရားကမှ မဟောပဲ လယ်တီက တရားဆန်းလုပ်ပြီး ဟောရမလားဟု ရုတ်တရက်ပြောလိုက်ရာ အနားရှိသောနွားက လှည်းသမားအား တအားကုန်ထ၍ငှေ့ရာ နံရိုးတစ်ချောင်းကျိုးသဖြင့် ဆေးရုံသို့ ထမ်းသွားရ၏။

## မောင်နီအားဩဝါဒပေးတေးထပ်[၁]

တစ်ပိုင်းကြောင် ကျက်စာရရုံနှင့်၊
ခက်ပါလှ သဘောဉာဏ်။
တက်မာနအပြောသန်တယ်၊
ဒေါသမာန်ထူပွား။

---

၁။ မုံရွာမြို့အနီး ဆားထုံးရွာနေမောင်နီသည်၊ စာဝိုစာရှည်ဖြင့်တဖက်သားကို မောက်မောက်မာမာပြောလေ့ရှိသဖြင့် ၎င်းတေးထပ်ဖြင့် ဆုံးမတော်မူသည်။

စောဒက တုဖက်လာလျှင်၊
သူ့ထက်ငါ ငြင်းတဲ့လူစား။
ဘုရားဟောမြွက် ဓမ္မက္ခန်ကို၊
တတ်လေဟန်ရောင်ဝါး။
ပရမတ်ပြန် အကြောင်သမားတွေသို့၊
ထောင်လွှားကြ သူ့ထက်ငါ။
အသိဉာဏ် တစ်ထွာလောက်ကယ်နှင့်၊
ညှာမထောက် ဟောတတ်လှပါ။
ပရိတ်သတ်ထောမနာအောင်
စောဒနာဉာဏ်အကောက်တွေနှင့်၊
ကန်အကြောက် အတင်းမရှောင်။
ငြင်းကြလူ့ဘောင်။
ပိဋကတ်အစွယ်ထောင်လျှင်၊
အပါယ်ဘောင်ဆင်းရလိမ့်လေး။ ။

## ဦးတောက်အား ဩဝါဒပေးကေပိုဒ်လင်္ကာ[၁]

ဆိုပိမ့်ဟုတ်ရာ၊ စေ့စေ့နာလော့၊ သဒ္ဒါပရမတ်၊ မနူးနပ်ပဲ၊ လူတတ်တဆူ၊ ငါကောဟူ၍၊ အယူတွေဆန်း၊ မရဲလွန်းနှင့်၊ ကျမ်းတဲ့ဂန်တဲ့၊ မရွံ့စသာ၊ လေးမြတ်ပါမူ၊ ပညာတိုးပွား၊ အကျိုးများလိမ့်၊ လေးပါးပင်လယ်၊ နက်ဝှမ်းကျယ်ကို၊ ဆုံငယ်သေးကွေး၊ မလောက်လေးမူ၊ သေဘေးမနှောင်း၊ မြဲစတောင်းတည်း၊ ခါကောင်းသမယ၊ နဝမတဲ့၊ ဘဝအခိုက်၊ မကြိုက်စသာ၊ ကြိုက်ခဲ့ပါလည်း၊ သမ္မာမဝင်၊ မာယာယှဉ်က၊ လူတွင်လုံးလုံး၊ အဖြစ်ရှုံး၏။ ထုံးဟောင်းကန္တို၊ ကျမ်းအညီနှင့်၊ ဂမ္ဘီရဓါတ်၊ ပရမတ်ကို၊ အတတ်တွေးတော၊ မဟောပြောနှင့်၊ သဘောသကာ၊ မိမိဉာဏ်နှင့်၊ မတန်မရာ၊ နက်နဲစွာကို၊ အရာမသိ၊ မရိပ်မိပဲ၊ ဟုတ်လိမ့်နိုးနိုး၊

---

၁။ မုံရွာ၌အဘိဓမ္မာအရာအမျိုးမျိုးကြံစည်တွေးတောဟောပြောကြကုန်၏။ ထိုအထဲတွင် ဆရာတော်၏တပည့် တရုပ်တန်းဦးတောက်လည်းပါနေသဖြင့် တပည့်အားတောင်းပန်စေချင်လှ၍ ဆုံးမသည့်လင်္ကာဖြစ်သည်။

ဆင်ကန်းတိုးသို့၊ ကြိုးကြိုးပမ်းပမ်း၊ အကြံဆန်းမှု၊ ပရမ်းပတာ၊ စိတ်သညာဖြင့်၊ ထင်ရာထင်မိ၊ မှားခေါင်တိ၍၊ ဒိဋ္ဌိမြစ်၊ စုံးစုံးနစ်သည်၊ လူဖြစ်ဤတွင်၊ အဆုံးတည်း။

## မောင်ညြဗာအား ဆုံးမသောတေးထပ်[၁]

ပစ္စည်းရှာအလုပ်နှင့်၊
နေ့ပုပ်လို့ရက်ကုန်။
နှစ်မျှောလို့ အသက်ကုန်တယ်၊
တွက်ပုံဖြင့်မကောင်း၊
ခုလိုဖြင့်သံသာဝဲမှာ၊
ခန္ဓာတွေ များခဲ့စတောင်း။
သက်မွေးမှု စခန်းပိုအောင်၊
ဝမ်းကိုသာနင်ကြောင်း။
လေးဆယ်ကျော်အရွယ်နှောင်းကာမှ၊
သူကြွယ်လောင်းလုပ်ချင်။
မိုးကုန်ပြီထွန်မချချင်နှင့်၊
ရွံ့စရာ့မှားဖို့ဖြစ်အင်။
နွားအိုကြီးအမော့သင့်သလို၊
မလျော့လျှင်ဘဝဆုံးရှာတော့၊
အစတုံးနှင့်အဆင်၊
လွဲဘို့သာပြင်။
တရားသို့မသက်ဝင်လျှင်၊
အခက်နင်ကြုံတွေ့ဖို့လေး။ ။

---

၁။ အသက်ကြီးသည့်တိုင်အောင် အသက်မွေးဝမ်းကြောင်းစီးပွားရှာသည်။ တပည့် မောင်ညြဗာအား သတိရစေရန်ဖော်ပြပါတေးထပ်ဖြင့် ဆုံးမတော်မူလေသည်။

## ပိဋကတ်သုံးပုံအကုန်တတ်၍ ပိဋကတ်ပါရဂူဟုရေး

မုံရွာမြို့၌ ၁၂၅၄–ခုနှစ်က ဆုတောင်းပြည့်စေတီကြီးပြုကျ၏။ လယ်တီဆရာတော်နှင့်သက်ဆိုင်ရာဒကာ,ဒကာမတို့၏ကြိုးပမ်းချက်အရ ပြန်လည်တည်ထားမွမ်းမံ၍အပြီး ဌာပနာတိုက်တည် ကျောက်စာရေးသောအခါ လယ်တီဆရာတော်သည်၊

ခေတ္တသုဒ္ဓါဒိမာပကော၊ ထေရောပိဋကပါရဂူ။
ဓာတုနိဓာနံ မာပေသိ၊ ပတ္တနိယမိ စေတိယေ။

စသည်ဖြင့်ရေးရာ ဆရာတော်ကြီးဦးပုလဲ၊ ဦးဥတ္တမတို့ခေါင်းဆောင်ပြီး စောင်ကြမ်းပင်တိုက်၊ ခါးပမ်းနီတိုက်၊ သာဝံတိုက်သံဃာတော်များက "ပိဋကပါရဂူ" စကားလုံးကို မခံမရပ်နိုင်ကြ၍ လယ်တီဆရာတော်ရေးကျောက်စာကို ရိုက်ချိုးဖျက်ဆီး၍ သလ္လာဝတီမြစ်ကျောတွင် မျှောကြရမည်ဟု အသံထွက်လာ၏။

လယ်တီဆရာတော်ဖက်ကလည်း ပိဋကပါရဂူဟုရေးခြင်းဖြစ်သည် ပိဋကတ်သုံးပုံကို အကုန်တတ်မြောက်၍ရေးခြင်းဖြစ်သည် ဘာအပြစ်ရှိသလဲစသည် အသံထွက်လာ၏။ အတိုက်အခံ သံဃာတော်များဖက်မှလည်း ပိဋကတ်အကုန်တတ် တယ်ဆိုလျှင် ပုစ္ဆာတွေ ခဲရာခဲဆစ်မေးပြီး မဖြေနိုင်မှ ကျောက်စာကို ရိုက်ချိုးပစ်မည်ဟု အသံထွက်ပြန်၏။

ယင်းသို့ဖြစ်စဉ် တစ်နေ့တွင် မုံရွာကျောင်းဒကာကြီးဦးကြွယ် တိုက်အတွင်း သံဃာ ၈၀–ခန့် ဆွမ်းကျွေးပွဲပြုလုပ်ရာ လယ်တီဆရာတော်နှင့်တကွ အတိုက်အခံ သံဃာတော်များဆုံမိကြ၏။ လယ်တီဆရာတော်သည် ရဲတင်းမာန်ပါပါ ပိဋကတ်သုံးပုံအကုန်တတ်၍ရေးခြင်းဖြစ်သည် စသည်ဖြင့် မရွံ့မကြောက်ခြသေ့်ဟောက်သကဲ့သို့ ပြောဆိုမိန့်ကြားလေ၏။ အခြားသက်ကြီးဝါကြီးဆရာတော်တစ်ပါးက ကြားဖြန်မှ လယ်တီဆရာတော် အေးအေးဆေးဆေးဖြစ်သွားသည်၊ ဆရာတော်က စာပေ၌ လွန်စွာမှ ရဲရင့်လှပေသည်။

## ဘဝကံကောင်းလို့ ဘုရားတပည့်ဖြစ်ရ

ဆရာတော်ဘုရားကြီး ပျဉ်းမနားဦးလန်းတိုက်၌သီတင်းသုံးစဉ် ပျဉ်းမနား ကန်ဦးတိုက်စာချဘုန်းကြီး ဦးပညာသီဟ[၁] သည် လယ်တီဆရာတော်ထံချဉ်းကပ်၍ စပ်မိစပ်ရာ လျှောက်ထားရာမှ သက္ကတဘာသာနှင့်စပ်၍လျှောက်ထားလေရာ ဆရာ တော်ကြီးက " ငါငယ်ငယ်စာချလုပ်စဉ် သက္ကတသင်ချင်လိုက်တာ၊ ဒါနဲ့သက္ကတ စာအုပ်တွေရှာတာ ပေါ့ ရတော့စဉ်းစာမိတယ်၊ အင်း သက္ကတဆိုတာ ပုဏ္ဏားတွေ ရေးတဲ့ ပုဏ္ဏားစာတွေပဲ ခုဘဝသာသနာနဲ့ကြုံကြိုက်လို့ ဘုရားတပည့်ဖြစ်နေတယ်၊ ငါဟာ လွန်ခဲ့တဲ့ ကမ္ဘာကမ္ဘာဘဝတွေက သက္ကတစာတွေသင်ပြီး ပုဏ္ဏားတပည့် ဖြစ်ခဲ့တာတွေ ရေတွက်နိုင် မှာမဟုတ်ဘူး၊ ယခုဘဝ ကံကောင်းထောက်မလို့ ပိဋကတ်သင်ပြီး ဘုရားတပည့်ဖြစ်ရတယ်၊ ဘုရားသာသနာနေပြီး ဘုရားတပည့် သာလုပ်ပါတော့မယ်၊ သက္ကတစာတွေသင်ပြီး ပုဏ္ဏားတပည့်မလုပ်တော့ဘူး" ဟုဆုံးဖြတ်ကာ မသင်လိုတော့ပဲ သက္ကတစာတွေ အကုန်လုံး လွှတ်ပစ်လိုက်တာပဲ"

ဦးပညာသီဟသည် တခါဆရာတော်ကြီးထံဆည်းကပ်ရင်း "တပည့်တော် အဘိဓမ္မာကိုကြည့်ရှုလေ့လာသော်လည်း သဘောမကျပါ၊ ဘာတွေ လေ့လာရမည် နည်းဟု လျှောက်ထားရာ ဆရာတော်ကြီးက "အင်း မင်းသုတ္တန်ကို မလေ့လာ ပဲကိုး၊ သုတ္တန်ကိုကြည့်ရှုလေ့လာလျှင် သုတ္တန်မှာ အဘိဓမ္မာဆိုင်ရာတွေကို ပရိယာယ် အမျိုးမျိုး ဥပမာအမျိုးမျိုးနဲ့ ဟောထားတာတွေ တွေ့ရမယ်၊ အဲဒီတော့ သုတ္တန်ကို ကြည့်ရှုလေ့လာလျှင် အဘိဓမ္မာကို သဘောကျလာလိမ့်မယ်"ဟု မိန့်တော်မူ၏။

## သုံးချက်စုကြေလျှင် ပစ္စည်းပြိုင်သဘောတူ

တစ်ခါတွင်လည်း ဦးပညာသီဟသည် ဆရာတော်ကြီးအား "တပည့်တော် ပစ္စည်းပြိုင်ကိုဆရာ့ထံမှာသင်ယူခဲ့သော်လည်း သဘောမကျနိုင်ပါ၊ လွန်စွာရှုတ်ထွေး နေပါသည်"ဟုလျှောက်ထားရာ ဆရာတော်ကြီးက "အင်း မခက်ပါဘူးကွယ်။ မင်း သုံးချက်စု ကြေညက်ညက်ရလျှင် သဘောကျလာလိမ့်မယ်"ဟု မိန့်တော်မူ၏။

---

၁။ ဦးပညာသီဟကား မဟာပညာဗလ ပဌမကျော်ဦးကြီးဖေဖြစ်သည်။

## သူရဲကြီး တခါတည်းထွက်ပြေးတာပဲ

ဦးပညာသီဟသည် ပရိတ်ရွတ်ပုံနှင့်စပ်၍လည်း ဆရာတော်ကြီးအား လျှောက်လိုက်ဘူး၏။

ထိုအခါ ဆရာတော်ကြီးက "ပရိတ်ရွတ်တာနှစ်မျိုးရှိတယ်။

၁။ ကျက်သရေမင်္ဂလာအလို့ငှာ ရွတ်ရတာရယ်၊

၂။ အန္တရာယ်ဆိုး၊ ကပ်ဆိုးပျောက်ဘို့ ရွတ်ရတာရယ် ၂-မျိုးပဲ။ ကျက်သရေမင်္ဂလာ၊ သို့မဟုတ် ကုသိုလ်ကောင်းမှုအတွက် ရွတ်တာဆိုလျှင် သာယာ နာပျော်ဖွယ်ရှိအောင် ရွတ်ရတယ်။ အန္တရာယ်ဆိုး၊ ကပ်ဆိုးကပ်ဝါး ပျောက်အောင် ရွတ်တာဆိုလျှင် ပြင်းပြင်းထန်ထန် ရွတ်ရတယ်၊ ငါတစ်ခါက တရားဟောသွားရင်း ဒကာတစ်ယောက် သူရဲပူးတာနဲ့ ပရိတ်ရွတ်လာပင့်တယ် လိုက် သွားပြီး "နာညတြ ဗောဇ္ဈာပသာ" ဂါထာကိုပြင်းပြင်း ထန်ထန်ငေါက်ပြီး ရွတ်လိုက်တော့ သူရဲကြီးဟာ တခါတည်းထွက်ပြေးတာပဲလို့ လူမမာ ကိုယ်တိုင် ပြောလို့သိရတယ်"။

## တာဝန်ကြီးနှစ်ခု

သက္ကရာဇ် ၁၂၈၂-ခုနှစ်တွင် မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်၌ နာယက စာချဆရာတော်များသည် သဒ္ဒတ္ထရတနာဝလိမဟာ ပါဠိအဘိဓာန်ကျမ်းကြီးကို ရေးသားပြုစုတော်မူခဲ့ကြလေသည်။ ယင်းသို့ရေးသားခြင်းမှာ လယ်တီဆရာတော် ဘုရားကြီး၏တိုက်တွန်းချက်ကြောင့်ဖြစ်၏။ လယ်တီဆရာတော်ဘုရားကြီးသည် ယင်းပါဠိအဘိဓာန်အသင်းကြီး၏ ဦးစီးနာယကလည်းဖြစ်တော်မူသည်။

ရင်းပြင် ၁၂၇၅-ခုနှစ်၊ နယုန်လဆန်း ၁၅-ရက်နေ့တွင် မန္တလေးမြို့၌ တည်ထောင်ခဲ့သော နိုင်ငံခြားဗုဒ္ဓသာသနာပြုအသင်းကြီး၏ အကြီးချုပ်ဆရာတော် ဥက္ကဋ္ဌတာဝန်ကိုလည်း ဆောင်ရွက်တော်မူခဲ့လေသည်။ ဆရာတော်၏ဆောင်ရွက်မှု ကြောင့် အသင်းကြီးသည် များစွာ ကြီးပွားတိုးတက်ခဲ့လေသည်။ ဆရာတော်ဘုရား ကြီးသည် ယင်းတာဝန်ကြီး ၂-ရပ်ကို စိတ်ပါဝင်စားစွာ ကိုယ်ဖိရင်ဖိ ဆောင်ရွက် တော်မူခဲ့လေသည်။

## ရူပနိကာယ်နှင့်၊ သဒ္ဒနိကာယ်

လယ်တီဆရာတော်ဘုရား၏ ရူပနိကာယ်မှာ ဓာတ်ပုံတော်များ မြင်ရရုံနှင့် သိရှိနိုင်လေသည်။ နဖူးတော်၊ လက်တော်၊ မျက်စိတော်၊ နားရွက်တော်၊ ပုခုံးတော် စသည်တို့မှာ ထူးထူးခြားခြား ကောင်းမွန်ပြည့်စုံကုန်၏။ အသံတော်မှာလည်း ပရိတ်သတ် ထောင်သောင်းများစွာတို့ ကြားနိုင်လောက်အောင် သန့်ရှင်းကြည်လင် ပြတ်သား မြည်ဟိန်းသည်ဟုသိရ၏။ လယ်တီပဏ္ဍိတသည် ဆရာတော်၏ ရူပကာယတော်ကို အောက်ပါတေးထပ်ဖြင့် ဖွဲ့ဆိုခဲ့သည်။

### လယ်တီရူပကာယဘွဲ့တေးထပ်

မဟာထေရ်အတုလပေမို့၊
မကုဋ္ဌကုဋ္ဌာ။
မနုဇဘုဇဂါ၊ ဂရုဋ္ဌာဒေဝ။
မဝှရာဇ်သွင်မတူသည်၊
သနက်ကူဘုန်းနှင့်မမျှ။
ရုံးနှစ်ဖက်ဆင့်နှာလို့၊ ရင့်သမ္ဘာလျှံကြွ၊
ဦးကင်းတော်နဘာပမာ့ဟာမို့၊
တာရကစက္ခုံ။
မျက်လုံးတော်သဏ္ဌာန်ပြရလျှင်၊
စန္ဒရခြမ်းထက်ဝက်ပုံ။
ပုဏ္ဍရီက္ခုတက်လာကြုံသလို၊
မျက်နှာဂုဏ်ကြည်ပွင့်လို့။
ထေရသခင့်ဒို့အရှင်၊
ဆဒ္ဒန်အသွင်။
ရွှေတောင်ထွတ်ကြွားကြွားထင်သလို၊
ငါးပါးအင်ကြည့်ပါဘိလေး[၁] ။

---

၁။ ကဗျာမဥ္ဇရီ။ ၁၉၂။

## ဝါဆိုစဥ်ဖယား

လယ်တီဆရာတော်ဘုရားကြီးဝါဆိုစဥ်ကို အောက်ပါအတိုင်းမှတ်သားရာ၏။

| | | |
|---|---|---|
| ၁။ | ဇာတိချက်ကြွေ စိုင်ပြင်ရွာတွင် – သာမဏေ ၅–ဝါ၊ ရဟန်း | ၁– ဝါ |
| ၂။ | မန္တလေးမြို့ မဟာဇောတိကာရာမစံကျောင်းတိုက်၌ စာသင်စာချ | ၁၆– ဝါ |
| ၃။ | မုံရွာမြို့ ဒေါနခြံတောင်ကုန်း လောကမာရဇိန်ဘုရားအနီး ယာယီကျောင်း၌ | ၁– ဝါ |
| ၄။ | မုံရွာမြို့ သင်္ဂြိုဟ်ဦးဝိုင်းကျောင်း၌ | ၃– ဝါ |
| ၅။ | လယ်တီတိုက်ကြီး၌ | ၁၃– ဝါ |
| ၆။ | ဒလမြို့ ဆပဂံတောရ၌ | ၁– ဝါ |
| ၇။ | မဟာမြိုင်ဝက်ရဲတော၌ | ၁– ဝါ |
| ၈။ | မုံရွာမြို့လယ်စဥ်ရွာ၌ | ၁– ဝါ |
| ၉။ | အလုံမြို့အနောက်ဖက် ရွှေတောင်ဦးတောင်တောရ၌ | ၁– ဝါ |
| ၁၀။ | လက်ပန်တောင်းတောင်၌ | ၁– ဝါ |
| ၁၁။ | ပျဥ်းမနားမြို့ အင်ကြင်းမြိုင်တောရ၌ | ၂– ဝါ |
| ၁၃။ | ပြည်မြို့ ဝိပဿနာတောင်ကုန်း၌ | ၂– ဝါ |
| ၁၂။ | မြင်းခြံမြို့၌ | ၁– ဝါ |
| ၁၄။ | မင်းလှမြို့ ဖက်တန်းတောရ၌ | ၁– ဝါ |
| ၁၅။ | မော်လမြိုင်မြို့ ကျိုက်သံလန်တောင်ထိပ်၌ | ၁– ဝါ |
| ၁၆။ | သာပေါင်းမြို့၌ | ၁– ဝါ |
| ၁၇။ | ရန်ကုန်မြို့ ညောင်ကုန်းတိုက်၌ | ၁– ဝါ |
| ၁၈။ | စစ်ကိုင်းတောင် လယ်တီစံကျောင်း၌ | ၁– ဝါ |
| ၁၉။ | မန္တလေး လယ်တီစံကျောင်း၌ | ၃– ဝါ |
| ၂၀။ | မြစ်သားမြို့၌ | ၁– ဝါ |
| ၂၁။ | ရန်ကုန်မြို့ ကျောက်ဝိုင်း၌ | ၁– ဝါ |
| ၂၂။ | ကတွန်မြို့ သထုံတွင်း၌ | ၁– ဝါ |

စာသင်စာချ ၇–ဝါ၊ ဂါမဝါသီ ၁၈–ဝါ၊ အရညဝါသီ ၂၁–ဝါ၊ ပေါင်း ၅၆–ဝါ ဖြစ်လေသည်။

## များစွာသော လူ့ရှင်တို့ အကျိုးပြုခဲ့

လယ်တီဆရာတော်ဘုရားကြီးသည် ဖော်ပြခဲ့သည့် ၂၄–ဌာနတို့၌ သီတင်းသုံးတော်မူ၍များမြောက်စွာသောလူ၊ ရှင်ရဟန်းတို့၏အကျိုးများကို ဆောင်ရွက်တော်မူခဲ့လေသည်။ သာမန်ရှင်ရဟန်းတို့ပြုနိုင်လှသောတာဝန်ကို သက်စွန့်ကြိုးပမ်းထမ်းရွက်တော်မူခဲ့သည့် ''သာသနာ့အာဇာနည်ပုဂ္ဂိုလ်မြတ်''ပါပေတည်း။

အနေကေသု ပဒေသေသု၊ ဝသိတွာ ထေရကုဉ္စရော။
လောကဟိတံ အကာ သော ဟိ၊ ဒုက္ကရံ ဗုဒ္ဓထောမိတံ။

## ဘဝနတ်ထံ စံဝင်တော်မူခြင်း

လယ်တီဆရာတော်ဘုရားကြီးသည် ပျဉ်းမနားမြို့ သူဌေးဦးလန်း ဒေါ်မမလေးတို့ ဆောက်လုပ်လှူဒါန်းအပ်သော လယ်တီစံကျောင်းတော်ကြီး၌ နောက်ဆုံး သီတင်းသုံးတော်မူခဲ့လေသည်။ သက်တော်လည်း–၇၇၊ ဝါတော်လည်း ၅၆–ဝါရှိခဲ့ပြီ၊ စွဲကပ်လာသောလူကြီးရောဂါသည် နောက်သို့မဆုတ် ရှေ့သို့သာတက်ခဲ့လေသည်။ ဆရာတော်ဘုရားကြီးသည် မရဏဒဏ်ချက်ခံရမည်ကို ရိပ်မိသိရှိခဲ့လေသည်။ ၁၂၈၅–ခုနှစ်၊ ပဌမဝါဆိုလဆန်း ၁၅–ရက်နေ့ ၁၂–နာရီတွင် တပည့်ကြီးများကို ကိုယ်တော်မြတ်၏အနီးအပါးသို့ ခေါ်ယူတော်မူ၍ ပဋ္ဌာဝါရပဋ္ဌာန်းပါဠိတော်ကြီးကို ရွတ်ဖတ်ရန် မိန့်တော်မူ၏။ သို့ဖြစ်၍ –

၁။ လယ်တီအရှင်ဝဏ္ဏိတ
၂။ လယ်တီအရှင်ပဒုမ (ဇမ္ဗူပတိချောင်၊ စစ်ကိုင်း)
၃။ လယ်တီအရှင်ပဏ္ဍိတ (ဆရာဦးမောင်ကြီး)
၄။ သေက္ခုတောင်အရှင်တိလောက တို့မှာပဋ္ဌာန်းပါဠိတော် ပဋ္ဌာဝါရကို အစအဆုံး တစ်ပါးပြီးတစ်ပါး ရွတ်ဖတ်ပူဇော်ကြကုန်၏။ ပဋ္ဌာန်းပဋ္ဌာဝါရ ပြီးဆုံးသည့် နေ့ ၂–နာရီ၊ မိနစ်–၃၀ ခန့်အချိန်တွင် ငြိမ်သက်စွာ အသမ္မူဠှမရဏဖြင့် စုတိကမ္မဇရုပ် ချုပ်တော်မူခဲ့လေသည်။

## သာစုကီဋ္ဌနသဘင် ဆင်ယင်ကျင်းပခြင်း

ပုံလွန်တော်မူပြီး ၇–ရက်မြောက်သောနေ့တွင် ရုပ်ကလာပ်တော်ကို သူဌေး ဦးလန်းတိုက်မှ ပျဉ်းမနားမြို့ ရန်အောင်ကုန်းမြင့်ရှိ လယ်တီစံကျောင်းတိုက်သို့ ပင့်ဆောင်ကြလေသည်။ ပျဉ်းမနားမြို့မှာပင် ထိုနှစ်တပေါင်းလတွင် ၇–ရက်တိုင်တိုင် သာစုကီဋ္ဌနသဘင် ဆင်ယင်ကျင်းပ၍ တပေါင်းလပြည့်ကျော် ၁–ရက်နေ့တွင် မှန်စီရွှေချခေါင်းဖြင့် အလောင်းကိုဂူသွင်း၍ သံတံခါးနှစ်ထပ်ကို သော့ခတ်ထားကြကုန်၏။ ထိုနေ့ ညဥ့် ၁–နာရီလောက်တွင် အရှင်ပညာသီဟခေါ် (ဘုန်းကြီးဦးနှ–ရေစကြိုဇာတိ)က ပိတ်ထားသောအင်္ဂတေကို တူရွင်းဖြင့်ထိုးကာ ဂူဘေးတွင် အသင့်ရှိသော နံ့သာထင်းများဖြင့် တိတ်တဆိတ် မီးသင်္ဂြိုဟ်ခဲ့လေသည်။ အရှင်ပညာသီဟက ပြောဆိုသည်မှာ လယ်တီဆရာတော်ကြီးက "ငါသေလျှင် ငါ့အလောင်းကို မီးရှို့"ဟု မှာခဲ့သည်။ ယင်းသို့မှာခဲ့သဖြင့် ပုံလွန်တော်မူပြီး ၇–ရက်အတွင်းက မီးရှို့ရန်ကြံ၏။ သို့ရာတွင် အခွင့်မသာယာသဖြင့် ယခုမှ ရှို့ရကြောင်း" သက်ဆိုင်ရာတို့အား ပြောကြားသတတ်။

## စံကျောင်းတိုက်ထွက်ပညာရှိကြီး

လယ်တီဆရာတော်ကား မဟာဇောတိကာရာမစံကျောင်းတိုက်ထွက်ပညာရှိဖြစ်၏။ စံကျောင်းတိုက်၌ စာပေသင်ကြား၊ ချပို့၍သာသနာပြုခဲ့ပြီး မြန်မာသာသနာ၏ကျက်သရေဆောင် ပညာရှိကြီးဖြစ်တော်မူလေသည်။ ယင်းစံကျောင်းတိုက်ထွက် လယ်တီဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ်ကို ဤမဟာဇောတိကာရာမ သာသနာဝင်၌ သင့်တင့်ရုံသာ နိုင်းချိန်၍ဖော်ပြရာ သာသနာဝင် စာတော်ဖတ်ရဟန်းများ လယ်တီဆရာတော်ဘုရားကြီးကိုအတုယူ၍ ကျင့်ဆောင်တော်မူကြကုန်ရာသတည်း။

## သံဝေဂယူရန်

အို့ . . သာသနာဝင်စာတော်ဖတ် ––– သာသနာဝင်စာတော်ဖတ်သည် လယ်တီဆရာတော်ဘုရားကြီး စုတိကမ္ဘဇရုပ် ချုပ်တော်မူစဉ်က ရွတ်ဖတ်ပူဇော်ခဲ့ကြသည့် အောက်ပါဂါထာပါဠိနိဿယတို့ကို ရွတ်ဖတ်၍ သံဝေဂဉာဏ်တိုးပွားကြကုန်ရာသည်။

ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါ စ၊ အရဟန္တာ ခီဏာသဝါ။
မဟိဒ္ဓိကာ မဟာပြဟ္မာ၊ မစ္စုဟတ္ထာ န မုစ္စကာ။
တေပိ မစ္စုဝသံ ပတ္တာ၊ မာဒိသေသု ကထာဝကာ။

ဗုဒ္ဓါစ၊ တုဘက်ကင်းစင် ဘုရားရှင်တို့သည်လည်းကောင်း။ ပစ္စေကဗုဒ္ဓါစ၊ သစ္စာလေးပါး ပိုင်းခြားသိပြီး အသိဖြိုးကြွယ် ဘုရားငယ်တို့သည်လည်းကောင်း။ ခီဏာသဝါ၊ ကုန်ခန်းပြီးသောအာသဝေါရှိကုန်သော ရဟန္တာတို့သည်လည်းကောင်း။ မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုးရှိကုန်သော။ မဟာပြဟ္မာ စ၊ ချာန်ယာဉ်ဟုန်စီး ရောင်ရှိန်ညီးသည့် မဟာပြဟ္မာကြီးတို့သည်လည်းကောင်း။ မစ္စုဟတ္ထာ၊ သနားမဲ့ကင်း နှိပ်စက်ညှဉ်းသည့် သေမင်း၏လက်မှ။ န မုစ္စကာ၊ လက်ဆောင်တံစိုး ဘယ်လိုပင်ထိုးသော်လည်း ထင်ကျိုးမရောက် မလွတ်မြောက်နိုင်ကြလေကုန်။ တေပိ၊ ထိုမြတ်စွာဘုရားအစရှိသောပုဂ္ဂိုလ်မြတ်တို့သော်မှလည်း။ မစ္စုဝသံ၊ သေမင်းပိုင်ဆိုင် အလိုနိုင်ငံသို့။ ပတ္တာ၊ မနှောင့်မနှေး ကြောင့်ကြမအေးပဲ ဆိုက်ရောက်ကြကုန်သေး၏။ မာဒိသေသု၊ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား အစထားသောငါကဲ့သို့သော ပုဂ္ဂိုလ်တို့၌မူကား။ ကထာဝကာ၊ အဘယ်ဆိုဘွယ်ရာ ရှိတော့အံ့နည်း။ မစ္စုဝသံပတ္တာ၊ သေမင်း၏အလို နိုင်ငံသို့မငြင်းမဆန်နိုင်ပဲ ကေန်ရောက်ကြလိုက်ကြရမည်တော့သာတည်း။ သေကျွတောင်ဘုန်းကြီးက ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး ပျံ့ည်းမနားမြို့၌ ပျံလွန်တော်မူကြောင်းကို တိုင်းသူပြည်သား လူအများတို့အား ပြောကြားသိစေလိုက်သော–

ဝိညာပနိယ (၇)–ဂါထာပါဌ်အနက်

နမတ္ထုပု၊ ဝံ၊ သံ။

(၁) လယ်တီလယမိဝါသိနော၊ လယ်တီယော မုနိပုင်္ဂဝေါ။
**အမှာကံ ဝါစကော ထေရော၊ ဒါနိ သော တိဒိဝင်္ဂတော။**

လယ်တီလယမိဝါသိနော၊ မုံရွာမြို့ လယ်တီတောရကျောင်းတိုက်ကြီးကို စဦးတည်ထောင်လျက် စိုးအုပ်၍နေတော်မူသော။ လယ်တီယော၊ လယ်တီဆရာတော်ဘုရားဟု အများကြေညာ ထင်ရှားစွာသော အမည်တော်ရှိတော်မူသော။ မုနိပုင်္ဂဝေါ၊ တပည့်တပန်း ရဟန်းအပေါင်းတို့၏ ရှေ့ဆောင်နွားမင်း ဥသဘကြီး.

လည်း ဖြစ်တော်မူထသော။ သိဿာနံ၊ တပည့်အပေါင်းတို့အား။ ဝါစကော၊ ကျမ်းဂန်တတ်မြောက် လိမ္မာအောင်သင်ကြားပို့ချတော်မူပေထသော။ ယောထေရော၊ ခုနှစ်ဆဲ့ခုနှစ် သက်ရွယ်တော်ရှိတော်မူသောအကြင်မဟာထေရ်မြတ်သည်။ အတ္ထိ၊ ရှိတော်မူ၏။ သောထေရော၊ ငါတို့၏ကျေးဇူးရှင် ထိုမဟာထေရ်မြတ်သည်။ ဒါနိ၊ ပျဉ်းမနားမြို့၌ ယခု ၁၂၈၅–ခုနှစ်၊ ပဥ္စမဝါဆိုလပြည့်နေ့၊ ၂–နာရီခွဲအချိန်၌၊ တိဒိဝံဂတော၊ ထက်နတ်ပြည်က ပင့်လာကြ၍ ကြွသွားတော်မူလေပြီ။

(၂) လယ်တီလယမိဝါသိနော၊ လယ်တီယော မုနိသူရိယော။
လောကမှိ ဇောတေန္တော ထေရော၊ ဒါနိ သော အတ္ထင်္ဂတော။

လယ်တီလယမိဝါသိနော၊ မုံရွာမြို့ လယ်တီတောရကျောင်းတိုက်ကြီးကို စဦးတည်ထောင်လျှက် စိုးအုပ်တော်မူသော။ လယ်တိယော၊ လယ်တီဆရာတော်ဘုရားကြီးဟု အများကြေညာ ထင်ရှားစွာသော အမည်ရှိတော်မူသော။ မုနိသူရိယော၊ မိုက်မှောင်ခပင်း ပယ်ပျောက်လင်းသည့် နေမင်းနှင့်တူသော ရဟန်းမြတ်ကြီးလည်း ဖြစ်တော်မူသော။ ယောထေရော၊ ခုနှစ်ဆယ့်ခုနှစ်သက်တော် ရှိတော်မူသောအကြင်မဟာထေရ်မြတ်သည်။ လောကမှိ၊ လူ့ထံလောက၌။ ဇောတေန္တော၊ တရားတည်းဟူသော အရောင်အလင်းကို ထွန်းလင်းတောက်ပတော်မူစေ၏။ သောထေရော၊ ထိုနေမင်းကြီးသဖွယ်ဖြစ်တော်မူသော မဟာထေရ်မြတ်သည်။ ဒါနိ၊ ပျဉ်းမနားမြို့၌ ယခု ၁၂၈၅–ခုနှစ်၊ ပဥ္စမဝါဆိုလပြည့်နေ့၊ ၂–နာရီခွဲအချိန်၌။ အတ္ထင်္ဂတော၊ ကွယ်ဝင်ခြင်းသို့ ရောက်တော်မူလေပြီ။

(၃) ဘိဓမ္မေ ဝိနယေ စာပိ၊ အထော သုတ္တန္တိကေသု စ။
ပါရဂူ ပါဠိဓမ္မေသု၊ လယ်တီယော အတ္ထင်္ဂတော။

လယ်တီယော၊ ငါတို့ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးသည်။ အဘိဓမ္မေ၊ အဘိဓမ္မာခုနစ်ကျမ်း၌လည်းကောင်း။ ဝိနယေ စာပိ၊ ဝိနည်းငါးကျမ်း၌လည်းကောင်း။ အထော၊ ထိုမှတစ်ပါး။ သုတ္တန္တိကေသု စ၊ သုတ္တန်ရှစ်ကျမ်းတို့၌လည်းကောင်း။ ပါဠိဓမ္မေသု စ၊ ဘုရားစကားပါဠိတရားတော်တို့၌။ ပါရဂူ၊ တဖက်ကမ်းခတ်

တတ်မြောက်လိမ္မာတော်မူ၏။ သော၊ ထိုပိဋကတ္တယပါရဂူဖြစ်တော်မူသော ငါတို့ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည်။ ဒါနိ၊ ယခုနှစ် ဝါဆိုလပြည့်နေ့ ၂–နာရီခွဲအချိန်၌။ အဗ္ဘတ္ထင်္ဂတော၊ ကွယ်လွန်တော်မူလေပြီ။

(၄) တိက္ခဇဝနဂမ္ဘီရ–ပုထုနိပုဏဉာဏိကော။
ဟာသပညော ဓမ္မကထော၊ သဗ္ဗလောကာနုကမ္ပကော။
လောကဿ အတ္ထံ ဝဟန္တော၊ ဒါနိ သော အဗ္ဘတ္ထင်္ဂတော။

တိက္ခဇဝနဂမ္ဘီရပုထုနိပုဏဉာဏိကော၊ ထက်မြက်သောဉာဏ်၊ လျင်မြန်သောဉာဏ်၊ နက်နဲသောဉာဏ်၊ ကြီးမားသောဉာဏ်၊ သိမ်မွေ့သောဉာဏ်တို့နှင့်လည်း ပြည့်စုံတော်မူထသော။ ဟာသပညော၊ ရွှင်လန်းသောဉာဏ်လည်းရှိတော်မူထသော။ ဓမ္မကထော၊ ခုခေတ်ခါဝယ် တုဖက်ကင်းကွာ တရားဟောဆရာကြီးလည်းဖြစ်ထသော။ သဗ္ဗလောကာနုကမ္ပကော၊ အလုံးစုံသော သတ္တဝါအပေါင်းတို့အား လွန်စွာ သနားတော်မူတတ်ထသော။ ယောထေရော၊ အကြင်လယ်တီဆရာတော် မဟာထေရ်မြတ်ကြီးသည်။ လောကဿ၊ သတ္တလောကဝေနေယျတို့၏။ အတ္ထံ၊ ပစ္စုပ် တမလွန် နှစ်တန်သောအကျိုးကို။ ဝဟန္တော၊ သည်ပိုးရွက်ဆောင်တော်မူသော မဟာထေရ်မြတ်ကြီးသည်။ ဒါနိ၊ ယခုနှစ် ဝါဆိုလပြည့်နေ့ ၂–နာရီခွဲအချိန်၌။ အဗ္ဘတ္ထင်္ဂတော၊ ကွယ်လွန်တော်မူလေပြီ။

(၅၊၆) ယထာပိ ပဗ္ဗတော သေလော၊ ယထာပိ ဣန္ဒခီလကော။
န ကမ္ပတိ ဘုသဝါတေဟိ၊ သကဋ္ဌာနေဝ တိဋ္ဌတိ။
တထေဝ ထေရော လယ်တီယော၊ လောကဓမ္မေဟု သမ္ပုဋ္ဌော။
အကမ္ပော တုလိတော ဓီရော၊ ဒါနိ သော အဗ္ဘတ္ထင်္ဂတော။

သေလော၊ ကျောက်အတိပြီးသော။ ပဗ္ဗတော၊ တခဲနက်သောတောင်ကြီးသည်။ ဘုသဝါတေဟိ၊ အရပ်လေးမျက်နှာမှပြင်းထန်စွာလာကုန်သော လေတို့ကြောင့်။ နကမ္ပတိ ယထာပိ၊ မတုန်မလှုပ်ဘိသကဲ့သို့လည်းကောင်း။ ဣန္ဒခီလကော၊ တဆဲ့ရှစ်တောင် နက်အောင်စိုက်ထား မြို့တံခါးတိုင်သည်။ ဘုသဝါတေဟိ၊ အရပ်

လေးမျက်နှာမှပြင်းထန်စွာလာကုန်သော လေတို့ကြောင့်။ နကမ္ပတိယထာပိ၊ မတုန် မလှုပ်ဘိသကဲ့သို့လည်ကောင်း။ သကဋ္ဌာနေဝ၊ မိမိတည်မြဲ နေတိုင်းနေရာ၌ပင်လျှင်။ တိဋ္ဌတိ ယထာပိ၊ တည်ဘိသကဲ့သို့လည်းကောင်း။ တထေဝ၊ ထို့အတူသာလျှင်။ ဓီရော၊ ကြီးမြတ်ခိုင်ခံ့သော သီလ သမာဓိ၊ ပညာဉာဏ်လည်းရှိတော်မူထသော။ လယ်တီယော၊ လယ်တီတောရကျောင်းတိုက်ကို တည်ထောင်စိုးအုပ်၍ နေခြင်း ကြောင့် လယ်တီဆရာတော်ဟု ထင်ပေါ်ကျော်စောသော အမည်ရှိတော်မူထသော။ ယော ထေရော၊ အကြင်မဟာထေရ်မြတ်ကြီးသည်။ လောကဓမ္မေဟိ၊ လာဘာ လာဘ စသည်ရှစ်တန် လောကဓံတရားတို့နှင့်။ သမ္ဖုဋ္ဌော၊ တွေ့ကြုံငြားသော်လည်း။ အကမ္ပော၊ တုန်လှုပ်တော်မမူ။ တုလိတော၊ ရွှင်လန်းညှိုးငယ် နှစ်သွယ် စပ်ကြား ချိန်အလားသို့ စိတ်ထားဥပေက္ခာ ရှိတော်မူ၏။ သော ထေရော၊ ထိုငါတို့ ကျေးဇူးရှင် မဟာထေရ်မြတ်ကြီးသည်။ ဒါနိ၊ ယခုနှစ် ဝါဆိုလပြည့်ကျော် ၂–နာရီခွဲ အချိန်၌။ အဗ္ဘတ္ထင်္ဂတော၊ ကွယ်လွန်တော်မူလေပြီ။

## ကျေးဇူးတော်ရှင် လယ်တီဆရာတော် မဟာထေရ်မြတ်ကြီး ပျံလွန်တော်မူကြောင်း

စစ်ကိုင်းတောင်ရိုး ဇမ္ဗုပတိချောင်၊ စာချဓမ္မကထိက လယ်တီဦးပဒုမနှင့် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးတို့ ဖွဲ့ဆိုအပ်သော ---
ဂါထာပါဌ်အနက် (၇)–ပုဒ်။

(၁) **ယတိန္ဒသေလိန္ဒော ဒါနိ၊ စတုသီလသုသောဘဏော။**
**ရုဇာသံဋ္ဌဝိတေန၊ ပတိတော နော ဂုဏာဏ္ဏဝေါ။**

စတုသီလသုသောဘဏော၊ လေးသွယ်သီလအာစာရဟု မြ၊ ဖလ်၊ ရွှေငွေ၊ ရောင်လေးထွေဖြင့် ထိန်စေကွန့်မြူး တင့်ထူးတော်မူပေထသော။ နော၊ ငါတို့၏။ ဂုဏာဏ္ဏဝေါ၊ သမုဒ်လေးသွယ် ရေပင်လယ်မျှ ကြီးကျယ်ပျံ့ပျူးမြင့် ခေါင်ကြူးသည့် ကျေးဇူးတော်ဂုဏ် အဖုံဖုံနှင့် ပြည့်စုံတော်မူပေထသော။ ယတိန္ဒ သေလိန္ဒော၊ များစွာသိန်းသောင်း ရဟန်းအပေါင်းတို့၏ ထိပ်ဆောင်းဥကင် ဘုရင် စောထိး လယ်တီဆရာတော်ဘုရားကြီးတည်းဟူသော မြင်းမိုရ်တောင်မင်းကြီး

သည်။ ရှဇာသံဝဋ္ဋဝါတေန၊ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါဟု ကမ္ဘာဖျက်ချေ မုန်တိုင်းလေတိုက်ဝေ့ရောက်လာ ခြင်းကြောင့်။ ဒါနိ-ဣဒါနိ၊ ပဥ္စာအဌဒွိကေဟု တွက်ဆရောက်လာ နှစ်ကောဇာတွင် ပဌမာသင်္ဂီခါကောင်းညီသည့် ပုဏ္ဏမိစေ့ ဆင်မင်းနေ့၏ ချမ်းမြေ့ချိန်တော် နှစ်ချက်ဆော်၍ စွန်းကျော်မိနစ်သုံးဆယ်ခေတ်ဟု အပြစ်ဘေးဘျမ်း အေးချမ်း သာယာ ယခုအခါ၌။ ပတိတော၊ သီလ၊ သမာဓိ၊ ပညာတော်ဂုဏ်အဖုံဖုံလည်း အကုန်လက် လျှော့ကြုံလေတော့ဟု ဆိုသောအလား မင့်စားပဲပြိုလဲတော်မူလေပြီ။

(၂) ယတိန္ဒအဏ္ဏဝေါ ဒါနိ၊ ဝေဘဗျာဒကပူရိတော။
ရှဇာသံဝဋ္ဋသူရေန၊ သုဿိတော နော ဂုဏဏ္ဏဝေါ။

ဝေဘဗျာဒကပူရိတော၊ သစ္စာလေးချက် သဘောနက်ကို ပြက်ပြက် လင်းလင်းဝေဘန်ရှင်းသည့် ကြီးပြင်းသောဉာဏ်ရေအလျှံဖြင့် ကေန်ပြည့်ဖြိုးတော်မူ ပေထသော။ နော၊ ငါတို့၏။ ဂုဏဏ္ဏဝေါ၊ အစမထင် ဆုံးမမြင်အောင် ဂုဏ်အင် အထူး နက်ခေါင် ကြူးသည့် ကျေးဇူးတော်ဂုဏ် အဖုံဖုံနှင့်ပြည့်စုံတော်မူပေထသော။ ယတိန္ဒအဏ္ဏဝေါ၊ များစွာသိန်းသောင်း ရဟန်းအပေါင်းတို့၏ ထိပ်ဆောင်ဥကင် ဘုရင်စောထီး လယ်တီ ဆရာတော် ဘုရားကြီးတည်းဟူသော သမုဒ္ဒရာကြီးသည်။ ရှဇာသံဝဋ္ဋသူရေန၊ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါဟု ကမ္ဘာပျက်ချေ နေခုနှစ်စင်း ပူလောင်ခြင်း ကြောင့်။ ဒါနိ-ဣဒါနိ၊ ပဥ္စအဌ ဒွိကေဟု တွက်ဆရောက်လာ နှစ်ကောဇာတွင် ပဌမာသင်္ဂီ ခါကောင်းညီသည့် ပုဏ္ဏမိစေ့ ဆင်မင်းနေ့ဝယ် ချမ်းမြေ့ချိန်တော် နှစ်ချက်ဆော်၍ စွန်းကျော်မိနစ် သုံးဆယ်ခေတ်ဟု အပြစ်ဘေး ဘျမ်း အေးချမ်းသာယာ ယခုအချိန်အခါ၌။ သုဿိတော၊ ဝေဘဗျာဉာဏ် ရေအလျှံလည်း ခန်းခွမ်းငှာ မစွမ်းသာ၍ ပူဆားခိုးငွေ့ ခြောက်သွေ့ကုန်ခမ်း တော်မူ လေပြီ။

(၃) ရဝိန္ဒုယတိန္ဒော ဒါနိ၊ ပဋိဝေဓံသု ဇောတနော။
ရှဇာဟ္ဘုပဟာလဒ္ဓော၊ အပွေတိ နော ဂုဏဏ္ဏဝေါ။

ပဋိဝေဓံသု ဇောတနော၊ သစ္စာလေးရပ်တရားမြတ်ကို တပ်အပ်ထိုးထွင်း

ဉာဏ်အလင်းဖြင့် ထိန်ဝင်းတောက်ပတော်မူပေထသော။ နော၊ ငါတို့၏။ ဂုဏာဏ္ဏဝေါ၊ ခေါင်ကြူးသည့် ကျေးဇူးတော်ဂုဏ် အဖုံဖုံတို့နှင့်ပြည့်စုံတော်မူပေထသော။ ရဝိန္ဒုယတိန္ဒော၊ များစွာသိန်းသောင်း ရဟန်းအပေါင်းတို့၏ ထိပ်ဆောင်းဥကင် ဘုရင်စောထီး လယ်တီဆရာတော်ဘုရားကြီးတည်းဟူသော နေမင်း၊ လမင်းကြီးအစုံသည်။ ဂုဇ္ဈဗဟာလစ္ဆန္နာ၊ ကိုးဆယ့်ခြောက်ဖြာဘေးရောဂါဟု ကြီးစွာထူထဲတိမ်ခဲတိမ်ပုပ် ဖုံးအုပ်ရစ်သန်း ပိတ်လွှမ်း၍လာခြင်းကြောင့်။ ဒါနိ–တ္တဒါနိ၊ ပဥ္စအဌ္ဌဒွိကေဟု တွက်ဆရောက်လာ နှစ်ကောဇာတွင် ပဌမာသဠ္ဍိ ခါကောင်းညီသည့် ပုဏ္ဏမီစေ့ ဆင်မင်းနေ့ဝယ် ချမ်းမြေ့စံတော် နှစ်ချက်ဆော်၍ စွန်းကျော်မိနစ် သုံးဆယ်ခေတ်ဟု အပြစ်ဘေးဘျမ်း အေးချမ်းသာယာယခုအခါ၌။ အပ္ပေတိ၊ ဉာဏ်တော်မဟော အထွေထွေလည်း တိမ်ခြေတန္တု ရောဂါစုကို ချေထုခြင်းငှာမရပဲ မကြာချက်ချင်း ကင်းသုဉ်းပျောက်ချုပ် ကွယ်ဝင်တိမ်မြုပ်တော်မူလေပြီ။

(၄) ယတိန္ဒဝရဏီ ဒါနိ၊ ဗောဇ္ဈင်္ဂရတနန္ဒရိ။
ရုဇာသံဝဋ္ဋတောယေန၊ စုဏ္ဏိတော နော ဂုဏာဏ္ဏဝေါ။

ဗောဇ္ဈင်္ဂရတနန္ဒရိ၊ ဗောဇ္ဈင်ခုနှစ်ပါးမြတ်တရားဟု တက်ကြွားရောင်ဝါ ရတနာတို့ တည်ရာစင်စစ် ဖြစ်ကြီးဖြစ်တော်မူထသော။ နော၊ ငါတို့၏။ ဂုဏာဏ္ဏဝေါ၊ အစမမြင် အောင်ဂုဏ်အင်အထူး မြင့်ခေါင်ကြူးသည့် ကျေးဇူးတော်ဂုဏ် အဖုံဖုံနှင့်ပြည့်စုံတော်မူပေထသော။ ယတိန္ဒဝရဏီ၊ များစွာသိန်းသောင်း ရဟန်းအပေါင်းတို့၏ ထိပ်ဆောင်းဥကင် ဘုရင်စောထီး လယ်တီဆရာတော်ဘုရားကြီး တည်းဟူသော မဟာမြေကြီးသည်။ ဒါနိ–တ္တဒါနိ၊ ပဥ္စအဌ္ဌ ဒွိကေဟု တွက်ဆရောက်လာ နှစ်ကောဇာတွင် ပဌမာသဠ္ဍိ ခါကောင်းညီသည့် ပုဏ္ဏမီစေ့ ဆင်မင်းနေ့ဝယ် ချမ်းမြေ့ချိန်တော် နှစ်ချက်ဆော်၍ စွန်းကျော်မိနစ် သုံးဆယ်ခေတ်ဟု အပြစ်ဘေးဘျမ်း အေးချမ်းသာယာ ယခုအခါ၌။ ရုဇာသံဝဋ္ဋတောယေန၊ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါဟု ကမ္ဘာဖျက်ချေ ဆားငန်ရေတိုက်ငွေ့လေသောကြောင့်။ စုဏ္ဏိတော၊ ရောဂါဥပါဒ် ဆားငန်ဓာတ်ကို တိုက်ဖြတ်တွန်းလှည်း သိပ်သည်းခံ့ခိုင် မတည်နိုင်ပဲ ဖြိုင်ဖြိုင်ကြေမွပျက် ပျက်ပြုန်းတော်မူရလေပြီ။

(၅) ယတိန္ဒဟိမဝါ ဒါနီ၊ ကရုဏာဟိမသီတလော။
ရုဇာသံဝဋ္ဋဥဍှေနှ၊ ဇလိတော နော ဂုဏဏ္ဏဝေါ။

ကရုဏာဟိမသီတလော၊ ချစ်သူ၊ မုန်းသူလျစ်လျူသိမ်းကျုံး တစ်ပြည်လုံးကို အဆုံးငဲ့ညှာ ကရုဏာဟု သာယာစိုပြည် မြနှင်းရည်ဖြင့် အေးကြည်ချမ်းမြေ့တော်မူ ပေထသော။ နော၊ ငါတို့၏။ ဂုဏဏ္ဏဝေါ၊ အစမထင် ဆုံးမမြင်သား ဂုဏ်အင် အထူးမြင့်ခေါင် ကြူးသည့်ကျေးဇူးတော် ဂုဏ်အဖုံဖုံနှင့် ပြည့်စုံတော်မူပေထသော။ ယတိန္ဒဟိမဝါ၊ ယခုဤခါ မဟီချာတွင် ပမာတန္တိ စံယူညှိဖို့ မရှိကင်းပျောက် ဘုန်းရောင်တောက်၍ ပြောင်မြောက်မာတင် ဘုရင်စောထီး လယ်တီဆရာတော် ဘုရားကြီးတည်းဟူသော ဟိမဝန္တာတောင်ကြီးသည်။ ရုဇာသံဝဋ္ဋရုဥဍှေနှ၊ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါဟု ကမ္ဘာဖျက်ချေ တောက်လောင်စေသည့် နေခုနစ်စင်း ပူလောင်ခြင်းကြောင့်။ ဒါနိ–ဣဒါနိ၊ ပဉ္စအဌ ဒွိကေဟု တွက်ဆ ရောက်လာ နှစ်ကောဇာတွင် ပဌမာသဋ္ဌိ ခါကောင်းညီသည့် ပုဏ္ဏမိစေ့ ချမ်းမြေ့ ချိန်တော် နှစ်ချက်ဆော်၍ စွန်းကျော်မိနစ် သုံးဆယ်ခေတ်ဟု အပြစ်ဘေးဘျမ်း အေးချမ်းသာယာယခုအခါ၌။ ဇလိတော၊ ကရုဏာမည် မြနှင်းရည်လည်း အေးမြ ကြည်လင်ခြင်း အစွမ်းကင်း၍ ပူပြင်းတောက်ပြောင် လောင်ကျွမ်းတော်မူလေပြီ။

(၆) ယတိန္ဒမဋ္ဌူသော ဒါနိ၊ သိက္ခတ္တယသုဂန္ဓိမာ။
ရုဇာဃမ္မာဘိတတ္တေနှ၊ မိလိတော နော ဂုဏဏ္ဏဝေါ။

သိက္ခတ္တယသုဂန္ဓိမာ၊ သုံးဆယ့်တစ်ခရိုင် အဆုံးတိုင်အောင် ကြိုင်လှိုင် မွှေးကြူ သင်းရနံ့လှသည့် သုံးဆူသိက္ခာ နံ့သာမွှေးမျိုး ပြည့်ဖြိုးတော်မူပေထသော။ နော၊ ငါတို့၏။ ဂုဏဏ္ဏဝေါ၊ အစမထင် ဆုံးမမြင်အောင် ဂုဏ်အင် အထူးမြင့်ခေါင် ကြူးသည့် ကျေးဇူးတော်ဂုဏ် အဖုံဖုံနှင့် ပြည့်စုံတော်မူပေထသော။ ယတိန္ဒမဋ္ဌူ သော၊ ယခုအခါ မဟီချာတွင် ပမာတန္တိ စံယူညှိဖို့ မရှိကင်းပျောက် ဘုန်း ရောင်တောက်၍ ပြောင်မြောက်မာတင် ဘုရင်စောထီး လယ်တီဆရာတော် ဘုရားကြီးတည်းဟူသော မဋ္ဌူသကနတ်ပန်းပင်ကြီးသည်။ ရုဇာဃမ္မာဘိတတ္တေနှ၊ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါဟု ပူဆာပြင်းပြ နေရောင်ရှသည့် ကာလဂိမှေ နွေရာသီညှင်းပူလောင်ခြင်းကြောင့်။ ဒါနိ–ဣဒါနိ၊ ပဉ္စအဌဒွိကေဟု တွက်ဆ

ရောက်လာ နှစ်ကောဇာတွင် ပဌမာသဋ္ဌ ခါကောင်းညီသည့် ပုဏ္ဏမီစေ့ ချမ်းမြေ့ ချိန်တော် နှစ်ချက်ဆော်၍ စွန်းကျော်မိနစ် သုံးဆယ်ခေတ်ဟု အပြစ်ဘေးဘျမ်း အေးချမ်းသာယာယခုအခါ၌။ မိလိတော၊ သိက္ခာသုံးဆူစွမ်းမလူပဲ အပူညှဉ်းပန်း ဆိကုန်ခန်း၍ ညိုးနွမ်းသေ့ခြောက်တော်မူလေပြီ။

(၇) ယတိန္ဒအာကာသော ဒါနိ၊ မေတ္တာမောဠုရဝိပ္ပဘော။
ရုဇာဝိဝဋ္ဋန္ဒကာရော၊ တမိဘူတော ဂုဏာဏ္ဏဝေါ။

မေတ္တာမောဠုရဝိပ္ပဘော၊ ဝေနေပုံယင်များရှင်လူကိုချစ်ခင်လေးမြတ်မေတ္တာ ဓာတ်ဟူနက္ခတ်ကြယ်ရောင်နေလတို့ဖြင့် ပြောင်ပြောင်ထိန်ဝင်းထွန်းလင်းတော်မူထ သော။ နော၊ ငါတို့၏။ ဂုဏာဏ္ဏဝေါ၊ အစမထင် ဆုံးမမြင်အောင် ဂုဏ်အင်အထူး မြင့်ခေါင်ကြူးသည့် ကျေးဇူးတော်ဂုဏ် အဖုံဖုံနှင့် ပြည့်စုံတော်မူပေထသော။ ယတိန္ဒအာကာသော၊ ယခုအခါ မဟီချာတွင် ပမာတဣ် စံယူညိုဖို့ မကင်းပျောက် ဘုန်းရောင်တောက်၍ ပြောင်မြောက်မာတင် ဘုရင်စောထီး လယ်တီဆရာတော် ဘုရားကြီးတည်းဟူသော အဇ္ဈောပြင် ကောင်းကင်ကြီးသည်။ ရုဇာဝိဝဋ္ဋန္ဒကာရာ၊ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါဟု ကမ္ဘာပြုစ ဝိဝဋ္ဋ၌ လောကအားလုံး ပိတ်ကွယ် ဖုံးသည့် မှောင်တုံးကြီးကျ၍နေသောကြောင့်။ ဒါနိ–ဣဒါနိ၊ ပဥ္စအဌ ဒွိကေဟု တွက်ဆရောက်လာ နှစ်ကောဇာတွင် ပဌမာသဋ္ဌ ခါကောင်းညီသည့် ပုဏ္ဏမီစေ့ ဆင်မင်းနေ့ဝယ် ချမ်းမြေ့ချိန်တော် နှစ်ချက်ဆော်၍ စွန်းကျော်မိနစ် သုံးဆယ် ခေတ်ဟု အပြစ်ဘေးဘျမ်းသာယာ ယခုအခါ၌။ တမိဘူတော၊ နေ့လတန်ဆောင် မေတ္တာရောင်လည်း အမှောင်ရောဂါ ကင်းရှင်းကွာအောင် စွမ်းရာသဘော အကုန်မျော၍ စိတ်မျောဟိုက်ဖွယ် ဇီဝိန်ကွယ်လျှက် တကယ်ဖောက်လွဲ မှောင်ခဲကြီး ဖြစ်၍ ဖြစ်တော်မူလေပြီ။

## နိဗ္ဗာန်ကျောင်းချဂါထာများ

(၁) မရဏံ ဝိယောဂံ လယ်တီ–ထေရော ဂုဏာဂဏာန္ဒရီ။
ဩဟာယ သိဿကေ ဂန္တိ၊ ကာလေ တာရာ ယထာ သသီ။

သသီ၊ ရောင်ဝါတင့်ရွှန်း ငွေလဝန်းကြီးသည်။ ကာလေ၊ လဆုတ်ပက္ခ

ခါသမ ယဉ္စ။ တာရာ၊ များစွာသိန်းသောင်း ကြယ်တာရာအပေါင်းတို့ကို။ ဩဟာယ၊ စွန့်ပယ်သောအား ပစ်ခွာထားခဲ့၍။ ဂန္တွာယထာ၊ ရောင်ဝါကင်းပျောက်ကွယ် ခြင်းသို့ရောက်သကဲ့သို့။ တထာ၊ ထိုတိမ်မြုပ်ကွယ်ကင်း ရွှေလမင်းနှင့်မယှဉ်းပုံယူ အလားတူသာလျှင်။ ဂုဏာဂဏန္တရီ၊ ကျေးဇူးတော်ဂုဏ် အဖုံဖုံကို ဉသုံခပင်း သက်ပါနှင်း၍ ဆောင်ကြဉ်းတော်မူပေထသော။ လယ်တီထေရော၊ ကျေးဇူးတော် ရှင် လယ်တီဆရာတော် မဟာထေရ်မြတ်ကြီးသည်။ သိဿကေ၊ များစွာသိန်းသန်း ရဟန်းရှင်လူမျိုးခြား တပည့်များတို့ကို။ ဩဟာယ၊ မနေသာဘဲ လွှဲစွန့်ပစ် တော်မူ၍။ ဝိယောဂံ၊ အမြောက်ဗုန်းနှင့် အနူန်းတူစွာ ဘုံသုံးမြွာကို မကြာချက်ချင်း ပစ်ဖောက်ခွင်းတတ်သော။ မရဏံ၊ သုံးဆယ့်တစ်ဘုံ အလုံးစုံကို အကုန်ချေမှုန်း တက်တက်ပြုန်းအောင် အဆုံးစီရင် စက်ရှင်သေမင်း သူ့လက်တွင်းသို့။ ဂန္တွာ မဖယ်သာ, မလွှဲသာ လိုက်ရှာတော်မူလေပြီတကား။

(၂) ယထာပိ ဒေဝေ ဝဿန္တေ၊ ဝုဋ္ဌိယော ယန္တိ သာဂရံ။
**ဧဝံ ဓုဝံ နော ယာမ၊ သဗ္ဗေပိ မစ္စု သန္တိကံ။**

ဒေဝေ၊ တိမ်ပန်းလျှပ်နွယ် ဖြတ်သန်းခြယ်လျှက် လေးသွယ်ရစ်ဝိုက် မိုးတိမ် တိုက်သည်။ ဝဿန္တေ၊ အရေထန်စွာ ရွာသွန်းသည်ရှိသော်။ ဝုဋ္ဌိယော၊ အသချေမျှား လှပေသည့် မိုးရေမိုးပေါက်တို့သည်။ သာဂရံ၊ သမုဒ်လေးသွယ် ဗလဝဲဩဃသို့။ ယန္တိ ယထာပိ၊ တစ်ပေါက်တစ်စက် ဆန်မတက်ပဲ သက်သက်မျှောစုံ သက်ဆင်း လေကုန်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူသာလျှင်။ သဗ္ဗေပိ၊ တစ်ယောက်မကြွင်း ခပင်းဉသုံ အလုံးစုံကုန်သော။ နော၊ ကြီးကြီးငယ်ငယ်ရွယ်ရွယ်စားစားများပြားလှစွာ တို့သူငါတို့သည်။ ဓုဝံ၊ မချွတ်မလွဲအမြဲကေန်အမှန်သာလျှင်။ မစ္စုသန္တိကံ၊ သုံးဆယ့်တစ်ဘုံ အလုံးစုံကို အကုန်ချေနင်း စက်ကြိုးသွင်းသည့် သေမင်းထံမှောက် သူ့လက်အောက်သို့။ ယာမ၊ အချိန်စေ့က သေနေ့ကျလျှင် လောကဂုဏ်ထွေ အကုန်ကြေလျက် မသွေသာ မဝိုက်သာ လိုက်ပါသက်ဆင်းကြရကုန်တော့အံ့ သတည်း။

(၃) ကရောန္တော၀ သကိစ္စာနိ၊ သာသနောဒယသံဟိတေ။
မရဏံ အနတိက္ကန္တော၊ ဟိတွာ တာနိ ဝယံ ဂမိ။

သသောထေရော၊ ထိုကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးသည်။ သာသနောဒယသံဟိတေ၊ ဗုဒ္ဓမြတ်စွာ သာသနာ၏ ရောင်ဝါနေဝန်း ထိန်ထိန်ရွှန်းလျှက် တက်ထွန်းစိမ့်သောငှာ သာသနာရေးနှင့်စပ်လျဉ်းကုန်သော။ ကိစ္စာနိ၊ ပြုဖွယ်ကိစ္စ အဝဝတို့ကို။ ကရောန္တော၀၊ ပြုတော်မူဆဲ အားထုတ်ဆဲသာလျှင်။ မရဏံ၊ တောင်ကြီးပမာ မရှောင်သာသည့် ဗိလာတားဆီး သေခြင်းတရားကြီးကို။ အနတိက္ကန္တော၊ ခုန်ကျော်တက်ပျံ မလွန်ဆန်နိုင်သည်ဖြစ်၍။ တာနိ ကိစ္စာနိ၊ ထိုသာသ နာရေးကြီး အသီးသီးသောကိစ္စတို့ကို။ ဟိတွာ၊ လက်စသိမ်းရုံး ပြီးဆုံးစေငှာ မတတ်သာပဲ ပယ်ခွါရှောင်ရှား လက်စတွေထားခဲ့၍။ ဝယံ၊ ဆုံးပါးကြေပျောက် သေမင်းနောက်သို့။ ဂမိ၊ မဖယ်သာ, မလွှဲသာ ကြွရှာတော်မူပြီ။

(၄) ဝေံ နော ကရဏီယာနိ၊ ကရောန္တော ဂိဟိဋ္ဌာနိယေ။
မရဏံ အနတိက္ကန္တာ၊ တာနိ ဟိတွာ ယမာမသေ။

ဝေံတထာ၊ ကိစ္စမပြီး တင်းလင်းကြီးနှင့် ပျက်စီးတော်မူ ထေရ်ဘုန်းလူနှင့် အင်မထူးခြား တသားတည်းသာလျှင်။ နော၊ ကြီးကြီးငယ်ငယ် ရွယ်ရွယ်စားစား အများသတ္တဝါ တို့သူငါတို့သည်။ ဂိဟိဋ္ဌာနိယေ၊ လူရေးလူရာ များလှစွာကုန်သော။ ကရဏီယာနိ၊ လုပ်ငန်းဆောင်တာ ပြုရာသီးသီး အလုပ်ကြီးတို့ကို။ ကရောန္တော- ကရောန္တော ယေဝ၊ ပြုဆဲ,ပြင်ဆဲ အားထုတ်ဆဲသာလျှင်။ မရဏံ၊ တောင်ကြီးပမာ မရှောင်သာသည့် ဗိလာဆီးတား သေခြင်းတရားကို။ အနတိက္ကန္တာ၊ ခုန်ကျော်ပျံတက် မလွန်ဆန်နိုင် ကြကုန်သည်ဖြစ်၍။ တာနိ၊ ထိုလုပ်ငန်းဆောင်တာ ပြုရာသီးသီး အလုပ်ကြီးတို့ကို။ ဟိတွာ၊ လက်စသိမ်းရုံး ပြီးဆုံးစေခြင်းငှာ မတတ်သာပဲ ပယ်ခွာရှောင်ရှား လက်စတွေထားခဲ့ကြကုန်၍။ ယမာမသေ၊ ဆုံးပါးကြေပျောက် သေမင်းနောက်သို့ ကောက်ကောက်မကွာ ထက်ချပ်သာလျှင် လိုက်ပါသေဆုံးကြရကုန်တော့အံ့သတည်း။

(၅) ထေရော သော ဓမ္မကထည္ဆု၊ နိကာယဏ္ဍဝပါရဂူ။
ဂတော မစ္စုဝသံ ဇန္တု၊ ဃမ္မာ မေဝံ မယံ မုဒူ။

ဓမ္မကထည္ဆု၊ နက်နဲလှစွာဘိဓမ္မာကိုသေချာထုတ်ဖော်သရုပ်ပေါ်အောင် ဟောတော်မူနည်း နိဿယည်းကို သိပ်သည်းသေကွေ သိကျွမ်းတော်မူပေထသော။ နိကာယဏ္ဍဝပါရဂူ၊ နိကာယ်ငါးစုံကျမ်းသုံးပုံကို အကုန်တတ်မြောက်ကမ်းတစ်ဖက်သို့ ရောက်တော်မူပေထသော။ သောထေရော၊ ထိုကျေးဇူးရှင်လယ်တီဆရာတော်ဘု ရားကြီးသည်။ မစ္စုဝသံ၊ သုံးဆယ့်တစ်ဘုံအလုံးစုံကို အကုန်ကြိတ်ဝါးအစိမ်းစားသည့် ဆိုးဝါးရုန့်ရင်းသေးမင်းရပ်ထံသူ့နိုင်ငံသို့။ ဂတာ ယထာ၊ မကွာစိုက်စိုက်သာ,မသွေ သာလိုက်ပါတော်မူရသကဲ့သို့၊ ဧဝံတထာ၊ ထို့အတူသာလျှင်။ မုဒူ၊ ကြီးကြီးငယ်ငယ် ရွယ်ရွယ်စားစားဖြစ်ကုန်သော။ မယံဇန္တု၊ အများသတ္တဝါတို့သူငါတို့သည်။ မစ္စုဝသံ၊ သေမင်းရပ်ထံ သူ့နိုင်ငံသို့။ ဃမ္မာမ၊ မကွာစိုက်စိုက်မဝိုက်သာမသွေသာလိုက်ပါကြ ရကုန်အံ့သတည်း။။

## စတုတ္ထပိုင်းပြီး၏ ။

■ ■ ■

# မန္တလေးသာသနာဝင်
# ကေဝီသတိမတွဲ
# ပဉ္စမပိုင်း

= မဟာဇောတိကာရာမ စံကျောင်းတိုက်ကြီးတွင် ပဌမကျော်ဆရာတော် အရှင်အာဒိစ္စရံသီ (ဦးကြည်)၏ ဆရာရင်း ဆရာတော် အရှင်တေဇဝန္တာဘိဝံသ၏ အဖြစ်တော်စဉ် အကျဉ်းနှင့် မဟာဇောတိကာရာမ စံကျောင်းတိုက်၌ ကြာမြင့်စွာ သီတင်းသုံး၍ စာပေသင်ကြားချပို့တော်မူခဲ့သော ရွှေရေးဆောင် ဆရာတော် အရှင်အာဒိစ္စရံသီ (ဦးကြည်)၏ အဖြစ်တော်စဉ်ကို ကျယ်ဝန်းစွာ ဖော်ပြထားပါသည်။

■ ■ ■

# ပဥ္စမပိုင်း

## ဆရာတော် အရှင်တေဇဝန္တာဘိဓဇ

ဆရာတော်အရှင်တေဇဝန္တာဘိဓဇသည် မဟာဇောတိကာရာမစံကျောင်းတိုက်ကြီး၌ ကြာမြင့်စွာ သီတင်းသုံး စာပေပို့ချ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့ကြသည့် မဟာထေရ်မြတ်ဖြစ်တော်မူသည်။

## ဖွားမြင် ရှင်ရဟန်းပြုခြင်း

မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ မန်ကျည်းချိုရွာ၌ သက္ကရာဇ် ၁၂၀၀-ခုပတ်ဝန်းကျင်လောက်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်, ရဟန်းပြု သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်တေဇဝန္တာဘိဓဇ ဖြစ်လေသည်။

## မဟာဇောတိကာရာမတိုက်သို့ ရောက်ရှိပညာသင်ကြားခြင်း

မူလငယ်ဆရာထံ အောက်ခြေစာများကို သင်ယူတော်မူခဲ့ပြီး မန္တလေးမြို့ မြောက်ပြင် မဟာဇောတိကာရာမ စံကျောင်းတိုက်သို့ရောက်ရှိ၍ စံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿန စသည်တို့ထံ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။

## စာပေပို့ချခြင်း

စာပေကျမ်းဂန်များသင်ကြားပြီးနောက် မဟာဇောတိကာရာမစံကျောင်းတိုက်၌ ဆက်လက်သီတင်းသုံး၍ အောက်လက်ငယ်သားရဟန်း,သာမဏေများအား စာပေချပို့၍ သာသနာချီးမြှောက်တော်မူခဲ့လေသည်။

ဆရာတော်အရှင်အာဒိစ္စရံသီ(ဆရာတော်ဦးကြည်) လောင်းလျာသူငယ်ကို မိဖတို့အပ်နှံသဖြင့် ကြီးပြင်းအောင် မွေးမြူစောင့်ရှောက်၍ ငယ်စဉ်က ကိုယ်တိုင်ပညာသင်ကြားပေးခြင်း၊ စံကျောင်းဆရာတော်ကြီး အရှင်သုဒဿန၊ မိုင်းနိုင်းဆရာတော်လောင်းလျာ အရှင်ပဏ္ဍိတထံတွင် ပညာသင်ကြားစေတော်မူခဲ့လေသည်။

## အရှင်အာဒိစ္စရံသီ(ဦးကြည်) လောင်းလျာသာမဏေ ဆရာတော် ၂–ပါးထံအပ်နှံ၊ ချောင်းဆုံရှာ၌သီတင်းသုံးခြင်း

ဆရာတော် အရှင်တေဇဝန္တာဘိဓဇသည် ဆရာတော်အရှင်အာဒိစ္စရံသီ (ဦးကြည်)လောင်းလျာ သာမဏေကို သက်တော် တစ်ဆယ့်နှစ်သားအရွယ်တွင် မဟာ လောကမာရဇိန်စေတီတော်ဒါယကာ ပဋ္ဌမသံဂါယနာတင် မင်းတုန်းမင်း တရားကြီး၏ တောင်ညာစံ စကြာဒေဝီမဟေသီ မိဖုရားခေါင်ကြီးရှေ့တော်တွင် ပဌမပြန်ဆိုစေခြင်း၊ ထို့နောက် တစ်ဆယ့်သုံးနှစ်သားအရွယ်တွင် သုဓမ္မာဇရပ် တော်၌ ပဌမငယ်ပြန်ဆိုစေခြင်းတစ်ကြိမ်၊ ထို့နောက် တစ်ဆယ့်လေးနှစ်အရွယ် သားတွင် ပဌမလတ်ပြန်ဆိုစေခြင်းတစ်ကြိမ်၊ ထို့နောက် တစ်ဆယ့်ငါးနှစ်သား အရွယ်တွင် ပဌမကြီးပြန်ဆိုစေခြင်း တစ်ကြိမ်၊ ထို့နောက် တစ်ဆယ့်ရှစ်နှစ်သား အရွယ်သို့ရောက်သောအခါ ပဌမကျော် ပြန်ဆိုစေခြင်းတစ်ကြိမ်၊ ဤသို့ ပြန်ဆို အောင်မြင်စေပြီးနောက် မဟာဇောတိကာရာမ စံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿနနှင့် မိုင်းခိုင်းဆရာတော်ဘုရားကြီး၊ ၎င်း ၂–ပါးထံ အပ်နှံတော်မူ၍ ဇာတိဌာနကိုပြန်ကြွကာ ကျောက်ဆောက်မြို့ မန်ကျည်းချိုရွာ၏ အရှေ့တောင်တွင် နယ်ပျိုရိပ်မြုံသာပေါင်းစုံသော ချောင်းဆုံရွာကြီးကို ဂေါစရဂါမ်ပြု၍ သဲဇာလီသောင်ရိပ် ဆူသံညံသံ ကင်းဆိတ်သည့် ကျောင်းရိပ်သာအာရုံ၌ မွေ့လျော်တော်မူခဲ့လေသည်။

ဆရာတော် အရှင်တေဇဝန္တာဘိဓဇကား သာသနာစိတ်ပြည့်ဝသည့် ပုဂ္ဂိုလ် မြတ် ဖြစ်ပေတော်မူပါပေသတည်း။

တေဇဝန္တော မဟာထေရော၊ အာဒိစ္စရံသိသညီနော။
ထေရဿ အာစေရော သော ဟိ၊ ပသိဒ္ဓေါ သာသနမှရေ။

## ပဌမကျော်ဆရာတော် အရှင်အာဒိစ္စရံသီ

"တောင်ပြင်ကြည်တစ်လုံ" ဟူသောစကားသည် ထိုစဉ်က မန္တလေးမြို့၌ ကျော်ကြားဆုံးသော စာချပုဂ္ဂိုလ်အဖြစ်ပေါ်လာသော ဆရာတော်အရှင်အာဒိစ္စရံသီ ခေါ် ဦးကြည်ကို ဂုဏ်ပြုသည့် ဝေါဟာရဖြစ်လေသည်။ ဆရာတော် အရှင်အာဒိစ္စ ရံသီခေါ်သော ဦးကြည်သည် မန္တလေးမြို့မြောက်ပြင် မဟာဇောတိကာရာမ

စံကျောင်းတိုက်ကြီး၌ ကြာမြင့်စွာ သီတင်းသုံး ပညာသင်ကြား ပို့ချပို့တော်မူခဲ့သည့် ပုဂ္ဂိုလ်မြတ်ဖြစ်လေသည်။ ယင်းသို့ မဟာဇောတိကာရာမ စံကျောင်းတိုက်၌ ပညာ ဆည်းပူးလိုက်ရသဖြင့် သို့ကလောက် တတ်မြောက်ခြင်းဖြစ်လေသည်။

## ဖွားမြင်တော်မူခြင်း

မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ မန်ကျည်းချိုရွာ၌ အဖရွှေပြည်ရန်အောင် တပ်မှူးကြီး ဦးကြာဝင်းနှင့် အမိဒေါ်ကြွယ်တို့မှ သာသနာတော်သက္ကရာဇ် ၂၄၀၁– ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၁၉–ခုနှစ်၊ ဝါဆိုလဆန်း ၈–ရက်၊ တနင်္ဂနွေနေ့အဝင် ညဉ့် ၃–ချက်တီးကျော်အချိန်တွင် မိးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။

မိခင်မှာ ဆရာတော်လောင်းလျာမဖွားမြင်မီ သန္ဓေရှိစဉ် မိုးကောင်းကင်မှ ကြယ်တာရာများကို မျိုရသည်ဟုအိပ်မက်မြင်လေသည်။ ယင်းအိပ်မက်ကိုစွဲ၍ အန္တရာယ်ကင်းစင် ဖွားမြင်လာသော သားငယ်ကို မောင်ကြည်ဟုမှည့်ခေါ်တော်မူခဲ့ ကြလေသည်။

## မဟာဇောတိကာရာမတိုက် ရောက်ရှိပညာသင်ကြားခြင်း

ဆရာတော်လောင်းလျာမောင်ကြည်သည် သက်တော် ၁၀–နှစ်သားအရွယ် တွင် မိဘတို့က မန္တလေးမြောက်ပြင် မဟာဇောတိကာရာမစံကျောင်းတိုက်၌ သီတင်း သုံးတော်မူသည့် မန်ကျည်းချိုရွာဇာတိ အရှင်တေဇဝန္တာဘိဝံသထံ အပ်နှံကြသဖြင့် အရှင်တေဇဝန္တာဘိဝံသထံ အောက်ခြေစာများကို သင်ယူတော်မူခဲ့လေသည်။

## ဆရာတော်နှစ်ပါးထံ အပ်နှံခဲ့ခြင်း

ဆရာတော် အရှင်တေဇဝန္တာဘိဝံ့ မန်ကျည်းချိုရွာပြန်ကြွလာသောအခါ ဆရာတော် အရှင်တေဇဝန္တာဘိဝံသသည် ဆရာတော်လောင်းလျာ မောင်ကြည်ကို "သုဒဿနဝရဓမ္မသာမိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ စံကျောင်း ဆရာတော်ဘုရားကြီး အရှင်သုဒဿနနှင့် မိုင်းခိုင်းဆရာတော်ဟု ကျော်စောလ တံ့သော "ပဏ္ဍိတဓဇသိရီပဝရမဟာဓမ္မ ရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ အရှင် ပဏ္ဍိတတို့ထံ အပ်နှံတော်မူခဲ့လေသည်။

## သာမဏေဝတ် သာသနာ့ဝန်ထမ်းဆောင်ခြင်း

သာမဏေဝတ်ရန် အရွယ်ရောက်သောအခါ ပဋ္ဌမသံဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီး၏ ပစ္စယာနုဂ္ဂဟဖြင့် စံကျောင်းဆရာတော်ဘုရားကြီး အရှင် သုဒဿနမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ သာမဏေဝတ်သာသနာ့ဝန် ထမ်းဆောင် တော်မူခဲ့လေသည်။ သာမဏေဘွဲ့ ရှင်အနုရုဒ္ဓါဖြစ်လေသည်။ နောက်တွင် ဥပဇ္ဈာယ် ဆရာတော်ဘုရားကြီးက နေမင်း၏အရောင်ကဲ့သို့ ပြန့်နှံ့ထွန်းတောက် ကျော်စော မည့် ပဝတ္တနိမိတ်ကောက်ယူကာ "ရှင်အာဒိစ္စရံသီ" ဟုမှည့်ခေါ်တော်မူခဲ့လေသည်[၁]။

## ငယ်,လတ်,ကြီး,ကျော်စာများ ကျေညက်စွာသင်ယူခြင်း

သာမဏေ ရှင်အာဒိစ္စရံသီသည် ဉာဏ်ထက်သည်။ ဝီရိယကောင်းသည်။ သို့ဖြစ်ရာ စံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿနနှင့် မိုင်းခိုင်းဆရာတော် လောင်းလျာ ဆရာတော်အရှင်ပဏ္ဍိတထံတွင် အငယ်တန်းပြဌာန်းသည့် သဒ္ဒါရှစ် စောင်ပါဌ်အနက်, ရုပ်, သဂြိုဟ်ပါဌ်အနက်သရုပ်, ဆန်း, အလင်္ကာ, အဘိဓာန်ပါဌ် အနက်, မာတိကာ, ဓာတုကထာ, ယမိုက်အောက်ငါးကျမ်းပါဌ်အနက် အရ ကောက်တို့ကို သင်ယူ၍ကရေးရေလွှတ် တတွတ်တွတ်ရအောင် ကျက်မှတ် အာဂုံ ဆောင်တော်မူခဲ့လေသည်။

ဝင်းပြင် ပဌမလတ်တန်းပြဌာန်းသည့် သဒ္ဒါကြီးရှစ်စောင်ပါဌ်အနက်ရုပ်,ဆန်း ပါဌ်အနက်,အလင်္ကာပါဌ်အနက်,အဘိဓာန်ပါဌ်အနက်,သဂြိုဟ်ကိုးပိုင်းပါဌ်အနက်, မာတိကာပါဌ်အနက် အရကောက်, ဓာတုကထာပါဌ်အနက် အရကောက်,ယမိုက် ဆယ်ကျမ်းပါဌ်အနက် အရကောက်တို့ကိုလည်းသင်ယူ၍ "မိုးဝကောင်းကင် သိန္ဓော နှင်သလို လျှင်မြန်တောက်တပို" ပြန်ဆိုနိုင်အောင် နှုတ်ရဆောင်တော်မူ ခဲ့လေသည်။

ထိုမှတစ်ပါး ပဌမကြီးတန်းပြဌာန်းသည့် သဒ္ဒါကြီးရှစ်စောင်ပါဌ်အနက် ရုပ်,ဆန်းပါဌ်အနက်,အလင်္ကာပါဌ်အနက်,အဘိဓာန်ပါဌ်အနက်, သဂြိုဟ်ကိုးပိုင်းပါဌ် အနက်,မာတိကာပါဌ်အနက် အရကောက်, ယမိုက်ဆယ်ကျမ်းပါဌ်အနက် အရ ကောက်,ပဋ္ဌာန်းကုသလတိကကုန်အောင် အာဂုံဆောင်တော်မူခဲ့လေသည်။

---

၁။ တိပိဋက ဝဇီရဗုဒ္ဓကပ္ပဟိတ် ဂုဏ်နိမိတ်ကြောင့် အာဒိစ္စရံသီသညီရှင်စိုထေရ် ပုဂ္ဂိုလ်သည်၊ (ဂမ္ဘီရတ္ထနိယံနိဂုံး)

## ငယ်,လတ်,ကြီး အောင်မြင်ခြင်း

ဆရာတော်လောင်းလျာ ရှင်အာဒိစ္စရံသီသည် ဖော်ပြပါ ငယ်,လတ်,ကြီး ဆိုင်ရာကျမ်းများကို ဒိုးကဲ့သို့မွှေအာဂုံကျေသဖြင့် ရှင်လိင်ပြန်ကာ ဝင်ရောက်ဖြေဆိုရာ သက်တော် ၁၃–နှစ်တွင် ပဌမငယ်၊ ၁၄–နှစ်တွင် ပဌမလတ်၊ ၁၅–နှစ်တွင် ပဌမကြီးတန်းကို အောင်မြင်တော်မူခဲ့လေသည်။

## ပဌမကျော်အောင်မြင်ခြင်း

တဖန် ပဌမကျော်တန်းဆိုင်ရာ ကျမ်းစာများကိုသင်ယူကျက်မှတ်ပြီး သက်တော် ၁၈–နှစ်သားအရွယ်တွင်ပြန်ဆိုရာ ပဌမကျော်တန်းကို မပန်းလွယ်ကူအောင်မြင်တော်မူခဲ့လေသည်။ သို့ဖြစ်၍ ကျေးဇူးရှင်ဆရာတော် ၂–ပါးက ဝမ်းမြောက်တော်မူကြလေသည်။

## ရဟန်းဘဝ ဒုလ္လဘသို့ရောက်ရှိခြင်း

သက်တော် ၂၀–ရှိရာ သက္ကရာဇ် ၁၂၁၉–ခုနှစ်တွင် စလေမြို့စားလှေသင်းအတွင်းဝန်မင်း မင်းကြီးသီရိမဟာဇေယျကျော်ထင်၏ ပစ္စယာနုဂ္ဂဟဖြင့် "သုဒဿနဝရဓမ္မသာမိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မဟာဇောတိကာရာမစံကျောင်းတိုက်ဆရာတော်ဘုရားကြီးအရှင်သုဒဿနကို ဥပဇ္ဈာယ်ပြု၍လည်းကောင်း "ပဏ္ဍိတဇေယသီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ မိုင်းခိုင်းဆရာတော် အရှင်ပဏ္ဍိတ၊ "ဝိသုဒ္ဓသီလာစာရကဝိဇေမဟာဓမ္မရာဇာဓိရာဇဂုရု၊ ဝိသုဒ္ဓသီလာစာရ ဇေသီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" "ဝိသုဒ္ဓသီလာစာရသီရိပဝရ ဓမ္မသေနာပတိ မဟာသံဃရာဇာ" ဟူသော ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော် ၃–ထပ်ရ တောင်ခွင် သာသနာပိုင် ဆရာတော်အရှင်ဝိသုဒ္ဓါစာရ စသည့် ဆရာတော်ကြီးများက ကမ္မဝါစာရွတ်ဖတ်ကြသဖြင့်လည်းကောင်း၊ ကာရကသံဃာတော်များစွာတို့က ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေး၍ ချီးမြှောက်ခြင်းဖြင့်လည်းကောင်း သာမဏေရှင်အာဒိစ္စရံသီသည် လောကီယသမ္ပဒါတို့ထက် ဆထက်လွန်ကျူး မြတ်သောရဟန်းဘဝ ဒုလ္လဘသို့ ရောက်တော်မူခဲ့လေသည်။

## စာပေကျမ်းဂန်များ ဆက်လက်သင်ယူခြင်း

ပဋ္ဌမကျော်အောင်မြင်တော်မူသော်လည်း စိတ်နေမမြင့်ပဲ စံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿနနှင့် မိုင်းခိုင်းဆရာတော်အရှင်ပဏ္ဍိတ စသည့်တို့ထံ ပါဠိအဋ္ဌကထာများကို အာစရိယမုဋ္ဌိရရှိအောင် ဆက်လက်သင်ယူတော်မူခဲ့သည်။

## စာပေချပို့တော်မူခြင်း

၎င်းပြင် ရောက်ရှိလာသောတပည့်တပန်းရဟန်းသာမဏေတို့အားလည်း ကျေးဇူးရှင် စံကျောင်းဆရာတော်ဘုရားကြီး၏အမိန့်အရ စာပေကျမ်းဂန်ချပို့၍ သာသနာကို ချီးမြှောက်တော်မူခဲ့လေသည်။

## ရွှေရေးဆောင်တိုက်၌ သီတင်းသုံးစာချခြင်း

မြို့သစ်အတွင်းဝန်မင်း မင်းကြီးမင်းလှမဟာဇေယျသင်္ကြန်ဘွဲ့ခံ ဦးဖိုးနှင့်ဇနီး မြစ်သားမြို့စား သုသီရိပဘာတို့၏ပင့်လျှောက်ချက်အရ သက္ကရာဇ် ၁၂၅၇-ခုနှစ်တွင် မိုင်းခိုင်ဆရာတော်ဘုရားကြီးအရှင်ပဏ္ဍိတ၊ မန္တလေးမြို့တောင်ပြင်ရွှေရေးဆောင်တိုက်သို့ ပြောင်းရွှေ့သီတင်းသုံးသောအခါ အရှင်အာဒိစ္စရံသီ(ဦးကြည်)ကို ခေါ်ယူသဖြင့် ၁၂၆၀-ပြည့်နှစ်တွင် ရွှေရေးဆောင်ကျောင်းတိုက်ကြီးသို့ ပြောင်းရွှေ့၍ မလွန်ကျောင်းကြီးအပေါ်၌ သီတင်းသုံး၍ စာပေချပို့တော်မူခဲ့လေသည်။

## ပရိယတ္တိသာသနဟိတဓမ္မာစရိယ(မူလစာချ)ဖြစ်ခြင်း

ဆရာတော်သည် အလွန်စာချကောင်းလေရာ စာလိုက်သံဃာများစွာတို့ ဆရာတော် အရှင်အာဒိစ္စရံသီထံ လိုက်နာသင်ယူကြကုန်၏။ သို့ဖြစ်၍ ၁၂၆၀-ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၅-ရက်နေ့တွင် ပရိယတ္တိသာသနဟိတအသင်းကြီး၏ "ပရိယတ္တိသာသနဟိတဓမ္မာစရိယ"(မူလစာချ)အဖြစ်ဖြင့် ကိုးကွယ်ခြင်းကို ခံရတော်မူခဲ့လေသည်။

## ရွှေရေးဆောင်ကျောင်းတိုက်ကြီး မဟာနာယကဖြစ်ခြင်း

သက္ကရာဇ် ၁၂၆၁-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃-ရက်နေ့တွင် မိုင်းခိုင်ဆရာတော်ဘုရားကြီးအရှင်ပဏ္ဍိတ ဘဝနတ်ထံပျံလွန်တော်မူသဖြင့် ဆရာတော်

အရှင်အာဒိစ္စရံသီသည် ရွှေရေးဆောင်ကျောင်းတိုက်ကြီး၏ မဟာနာယကဖြစ်တော်မူလေသည်။

ဥပရတေ ပဏ္ဍိတမှိ၊ အာဒိစ္စော နာယကော ဘဝိ။
ရွှေရေးဆောင်ဣတိ ပသိဒ္ဓ–ဝိဇ္ဇာပီဌဝရဿ စ။

## ဆီပန်းနီတိုက်၌ သီတင်းသုံးစာချခြင်း

မန္တလေးမြို့တောင်ပြင် ရှမ်းစုဘူတာအရှေ့မြောက်ယွန်း၌ တည်ရှိသော ဆီပန်းနီကျောင်းတိုက်ကြီးအတွင်း သက္ကရာဇ် ၁၂၇၂–ခုနှစ်မတိုင်မီ ဝန်စာရေးကြီး ဦးသာ ဇနီးဒေါ်မြို့သူ ဆောက်လုပ်လှူဒါန်းသော အလယ်တိုက်ကြီးနှင့် စောင်းတန်းရေတွင်းတို့ကိုလည်း အလှူခံတော်မူခဲ့လေသည်။ ၎င်းပြင် ဆီပန်းနီတိုက်အတွင်းမှာ နယ်ပိုင်ဝန်ထောက်မင်း ဦးအုံ့ထူးနှင့်ဇနီးတို့ ဆောက်လုပ်လှူဒါန်းသည့် စာချကျောင်းကိုလည်း အလှူခံတော်မူရလေသည်။ ယင်းသို့ အလှူခံပြီး ၇–ဝါ ဆီပန်းနီတိုက်၌ သီတင်းသုံး၍ စာပေချပို့ကာ သာသနာပြုတော်မူခဲ့လေသည်။

## စာလိုက်သံဃာ ၇၀၀–ကျော်

ဆရာတော် အရှင်အာဒိစ္စရံသီသည် နည်းနယစုံလင်စွာဖြင့် စာပေကျမ်းဂန် အရပ်ရပ်ကို အပတ်တကုပ် အားထုတ်ချပို့တော်မူရာ စာလိုက်သံဃာတော်များမှာ အခါအားလျော်စွာ ၄၀၀၊ ၅၀၀၊ ၆၀၀၊ ၇၀၀–ကျော် ပမာဏရှိကြောင်း သိရလေသည်။

## ချပို့လေ့ရှိသည့် စာဝါများ

ဆရာတော် အရှင်အာဒိစ္စရံသီ(ဆရာတော်ဦးကြည်)သည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဝိနယပိဋကပါဠိ အဋ္ဌကထာ၊ အဘိဓမ္မာပိဋကပါဠိ အဋ္ဌကထာ၊ နေတ္တိပါဠိ အဋ္ဌကထာ၊ ကစ္စည်းသဒ္ဒါကြီး၊ ရူပသိဒ္ဓိ၊ သဒ္ဒနီတိ၊ သဒ္ဒတ္ထဘေဒစိန္တာ စသည်ကျမ်းဂန်များကို ချပို့တော်မူလေ့ရှိသည်။ အဘိဓမ္မာအဋ္ဌကထာကြီးများကို မူလဋီကာ တွဲဖက်ချပို့ရာ၌ လွန်စွာမှ ကျော်စောလှလေသည်။

## တင်လဲအိုး ၄၀၀–ကျော်

သက္ကရာဇ် ၁၂၇၉–ခုနှစ်က ဆရာတော် အရှင်အာဒိစ္စရံသီ(ဆရာတော်ဦးကြည်)သည် ပွဲကုန်းရပ်ပွဲစားကြီး၏ ကောင်းမှုကျောင်းသစ်ကြီးပေါ်၌ ဝိနည်းပိဋကတ်တော်ကို ချပို့တော်မူသည်။ ထိုအခါ မြစ်သားမြို့နယ်၊ ဆင်ကွပ်ရွာမှ ဦးတင့်+ဒေါ်တော်တို့နှင့်တကွ ရွာသစ်ရွာမှ ဦးစံငြိမ်း+ဒေါ်ပုံတို့က ဆရာတော်ဘုရားကြီးနှင့်တကွ စာလိုက်သံဃာတို့အား တစ်ပါးလျှင် စတုမဓုတစ်အိုးကျ လှူဒါန်းရာ စတုမဓုအိုး ပေါင်း ၄၀၀–ကျော်ပင်ကုန်သောဟူ၏။

## ဘိလပ်ရည်ပုလင်းပေါင်း ၁၀၀၀–ကျော်

ထို့ပြင် တစ်ရပ်မှတ်စရာကား သက္ကရာဇ် ၁၂၈၇–ခုနှစ်က ဆရာတော် အရှင်အာဒိစ္စရံသီ(ဆရာတော်ဦးကြည်)သည် နေတ္တိပါဠိတော်ကြီးကို အဋ္ဌကထာဋီကာတွဲဖက်၍ချပို့တော်မူခဲ့လေသည်။ ထိုအခါ တချို့ဒေသမှ ကျောင်းထိုင်နာယကဆရာတော်များပင် မိမိတို့၏ကျောင်းများကို ပစ်ထားခဲ့ပြီး ဆရာတော်ထံ စာဝါကြွရောက်၍ လိုက်နာသင်ယူတော်မူကြသည်။ စာလိုက်သံဃာမှာ ၆၀၀–ကျော်၊ ၇၀၀–ခန့်ရှိလေသည်။ ထိုအခါ စာလိုက်သံဃာများအား ကြည့်ညိုသော ကျောင်းဒကာကြီးဦးရှမ်းနှင့် ကျောင်းဒါယိကာမကြီးဒေါ်အုံ့တို့က ဘိလပ်ရည်ကပ်လှူရာ ဘိလပ်ရည်ပုလင်းပေါင်း ၁၀၀၀–(တစ်ထောင်)ကျော် ကုန်သောဟူ၏။

## ပညာရှိတပည့်ကြီးများ

ယင်းသို့ စာပေကျမ်းဂန်တို့ကို နိုင်နင်းစွာချပို့မှုကြောင့် ဆရာတော်အရှင်အာဒိစ္စရံသီ(ဆရာတော်ဦးကြည်)၏ ကျမ်းဂန်တတ်တပည့်တို့မှာ ဂဏန်းမပြနိုင်အောင် များလှကုန်၏။ သို့ရာတွင် ထင်ရှားသောတပည့်ကြီးများကို သိရှိသမျှဖော်ပြရလျှင် ---

၁။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ အရှင်ပညာမဟာထေရ်
မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့။

၂။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ အရှင်နန္ဒဝံသမဟာထေရ်
မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့။

၃။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ အရှင်အဂ္ဂဝံသမဟာထေရ်
ကျွန်းရွာတောရ၊ တောင်သာမြို့။

၄။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ အရှင်ဇာဂရမဟာထေရ်
ပတ္တမြားတိုက်၊ အနောက်ပြင်၊ မန္တလေးမြို့။

၅။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သုဓမ္မာဝင်အရှင်ဇာဂရမဟာထေရ်
မိုးထိတိုက်၊ မြောက်ပြင်၊ မန္တလေးမြို့။

၆။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ အရှင်ကောဏ္ဍညမဟာထေရ်
ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ ရန်ကုန်မြို့။

၇။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ဦးကြွယ်
ဒက္ခိဏာရာမတိုက်၊ မန္တလေးမြို့။

၈။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ အရှင်ရေဝတဓမ္မမဟာထေရ်
ဒေဝသာဂရသိမ်ကုန်းတိုက်၊ ရန်ကုန်မြို့။

၉။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ အရှင်ကလျာဏမဟာထေရ်
ဝေယံဘုံသာတိုက်၊ အနောက်ပြင်၊ မန္တလေးမြို့။

၁၀။ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ
အရှင်သုဒဿနမဟာထေရ်၊ ကိုင်းကုန်းကျောင်းတိုက်၊ ခရမ်းမြို့။

၁၁။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ အရှင်ဝိမလဗုဒ္ဓိဘိဝံသမဟာထေရ်
ဓမ္မာစရိယချောင်၊ စစ်ကိုင်းမြို့။

၁၂။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ အရှင်အာလောကမဟာထေရ်
မင်္ဂလာဒုံမြို့လယ်ကျောင်းတိုက်၊ သိန္နီမြို့၊ ရှမ်းပြည်။

၁၃။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ အရှင်နေမိန္ဒမဟာထေရ်
ဝပ်တမအိုကျောင်းတိုက်၊ လမ်းပန်းမြို့၊ ယိုးဒယားနိုင်ငံ။

၁၄။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ အရှင်ဥက္ကံသမဟာထေရ်
ဇေယျဝတီကျောင်းတိုက်၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

၁၅။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ အရှင်ပညာဝံသမဟာထေရ်
ဘုရားဖြူကျောင်းတိုက်၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။

၁၆။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ အရှင်သုန္ဒရမဟာထေရ်
ရွှေစေတီသာသနာ့ရိပ်သာ၊ စစ်ကိုင်းမြို့။
၁၇။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ အရှင်နာရဒမဟာထေရ်
ပဌာန်းကျောင်းတိုက်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
၁၈။ ဆရာတော်အရှင်ပညာစက္ကမဟာထေရ် ဓမ္မနာဒတိုက်၊ မင်းကွန်းတောင်ရိုး။
၁၉။ ဆရာတော်အရှင်နန္ဒမာလာ (ဘာသန္တရကောဝိဒ) ညောင်တုန်းမြို့။
၂၀။ ဆရာတော်အရှင်ပဏ္ဍဝမဟာထေရ် ရွှေရေးဆောင်တိုက်၊ မန္တလေးမြို့။
၂၁။ ဆရာတော်အရှင်ကောဏ္ဍညမဟာထေရ် ကျိုကုန်းရွာ၊ ချောင်းဦးမြို့။
၂၂။ ဆရာတော်အရှင်ကေဝလာဘိဝံသမဟာထေရ်
သပြေပင်တောရကျောင်းတိုက်၊ မုံရွာမြို့။ စသောအားဖြင့် များပြောင်လှကုန်၏။

## ကျမ်းဂန်များ ပြုစီရင်ခြင်း

ဆရာတော်သည် ကျမ်းဂန်များစွာတို့ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ –

၁။ ဂမ္ဘီရဂတ္ထနိယာမဒေါ် ရွှေရေးဆောင်နိယံ။
၂။ ဂမ္ဘီရဂတ္ထနိယာမဝိသဇ္ဇနာကျမ်း။
၃။ သောတုဇနဟိတကာရီကျမ်း။
၄။ သိမ်လင်္ကာ။
၅။ ဟာရကောက်လင်္ကာ။
၆။ သုဗောဓဓာတဗေဒင်ကျမ်း။
၇။ ဘေဒစိန္တာဋီကာနိဿယကျမ်း– စသည်တို့ဖြစ်ကုန်၏။

## ဂမ္ဘီရဂတ္ထနိယာမဒေါ် ရွှေရေးဆောင်နိယံ

ဖော်ပြပါကျမ်းများအနက် ဂမ္ဘီရဂတ္ထနိယာမဒေါ် ရွှေရေးဆောင်နိယံကျမ်းမှာ နိယံလင်္ကာကဗျာပေါင်း ၆၅၁–ပုဒ်ပါရှိသည်။ ၎င်းကျမ်းမှာ ရွှေရေးဆောင်တိုက်သို့

မရောက်မီ မဟာဇောတိကာရာမစံကျောင်းတိုက်၌ သီတင်းသုံးစဉ် စံကျောင်းဆရာတော်ဘုရားကြီးအရှင်သုဒဿန၊ မိုင်းခိုင်ဆရာတော်ဘုရားကြီးအရှင်ပဏ္ဍိတ စသည်တို့ထံမှရရှိသောနည်းနာနယတို့ကိုအမှီပြု၍ ပြုစီရင်တော်မူခဲ့သော ကျမ်းဖြစ်လေသည်။ သို့ဖြစ်၍ ယင်းနိယံကို စံကျောင်းနိယံဟုခေါ်သည်။ စင်စစ်တမူကားဤနိယံသည် မူလက မဟာဇောတိကာရာမစံကျောင်းတိုက် ချရိုးပို့စဉ်ဖြစ်၍ စံကျောင်းနိယံဟု ခေါ်တွင်လေသည်။

သို့ဖြစ်၍ မန္တလေးမြို့ ပညာသိပ္ပံပိဋကတ်စာပုံနှိပ်တိုက် ၁၂၈၈-ခုနှစ်ရိုက် ရွှေရေးဆောင်နိယံစာအုပ်မျက်နှာဖုံး၌ "မိုင်းခိုင်ဆရာတော်ဘုရားကြီး၏ အန္တေဝါသိက ရွှေရေးဆောင်တိုက်အုပ်ဆရာတော် အရှင်အာဒိစ္စရံသီ စီရင်ရေးသားအပ်သော ဂမ္ဘီရတ္ထအမည်ရှိသော စံကျောင်းနိယံ" ဟုပါရှိလေသည်။

ဆရာတော်သည် ဖော်ပြပါနိယံကျမ်းဦး၌ -

သေဋ္ဌာဒိပ္ပ သမ္ဗုဒ္ဓနှင့် ဓမ္မသံသာ မြတ်ဆရာအား သုံးဖြာဒွါရ ပဏာမကြောင့် ဘယမလိမ်း ကင်းပျောက်ငြိမ်းသား ခပ်သိမ်းပေါ်ယယ် စာသင်ငယ်တို့ နားဝယ်ချိုစေမှာထားပေအံ့ သုံးထွေပိဋကတ် တတ်ကြောင်းမှတ်လေ ပုဒ်နေပုဒ်ထား ပုဒ်သွားပုဒ်လာ ပုဒ်မှာပုဒ်ထပ် ပုဒ်ဟောစပ်၍ မတွေ့ခိပ္ပါယ် အနက်ပြယ်လိမ့် ပုဒ်ဝယ်ဆုံးဖြတ် ဆတ်ဆတ်မှချ သိပါကလည်း ဝါကျသိုထား စကားသွားကို မမှားကေန်မသိပြန်သော် အာဘော်မသိ ကျမ်းမမိတည့် မှတ်သိနောင်လာ မျိုးသိဿာတို့ ပုဒ်ပါဝါကျ အာဘော်ရအောင် နေယျလီန ဂူဠ္ဌတ္ထနှင့် ဝက်ဥဇု နီတတ်စုမှာ ယုတ္တာယုတ္တိ ရှေ့နောက်ညှိ၍ သိအောင်ကြံသော် အာဘော်လည်းသိ ကျမ်းလည်းမိလိမ့်မသိရှိသော် သု-စိ-ပု-ဓာ ဤလေးဖြာဖြင့် ဆရာ့ထံရင်း ဝပ်စင်းတုပ်ကွ နာခံကမူ နေယျအာဒိ ထိုးထွင်းသိ၏ နက်ရှိုရှစ်ဖြာ မသိပါ၍ ကျမ်းမှာပါဌ်လျှောက် နက်ရောက်မျှသာ လေ့လာပွမ်းတီး အာသာပြီးလတ် သိရုံမှတ်က စာတတ်မမည် သို့ဖြစ်သည်ကြောင့် အရှည်နောင်လာ တတ်စိမ့်ငှာဟု ကရုဏာသွား အရင်းထား၍ ရှေ့ဖျားမာတင် မုန်သောက်တွင်သည့် ဆရာရှင်တို့ နည်းလျှင်သိပ်သည်း နိဿယည်းကိုယူနည်း ထင်လင်း ကျမ်းပေါင်းရှင်း၍ မကျဉ်းမကျယ် အသွယ်သွယ်ဖြင့် ခိပ္ပါယ်ဥသုံ့မဆိုတုံလည်း ကုံလုံလောက်င ရွတ်တိုင်းရအောင် ဝါကျသိုရာ ထိုထိုမှာ၌

လိုရာခဲခက် အာဘော်မှတ်ရာ ရွေးချယ်ပါ၍ ထင်စွာထွန်းလင်း ကဗျာကျင်းအံ့ ထိုးထွင်းသိကြ လေကုန်မင်း။"

ဟူသောလင်္ကာဖြင့် ပဏ္ဏာမာဒိဥယျောဇဉ် စသည်ကိုဖော်ပြတော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌လည်း –

ကြားပိမ့်နောင်လာ မော်ကွန်းသာအံ့ ရတနာပုံ ဇေယျပုရ မန္တလမှ နာဂစံတည် ရပ်နန်းရည်သာ ရွှေပြည်ရန်အောင် ယခေါင်မိန့်မြွက် အနောက်လက်ဝယ် ထွန်းတက်သာသနာ ပွင့်လင်းဖြာ၍ တေဇာဖြိုးတောက် ဂုဏ်ရည်မောက်သည့် ကျောက်ဆောက်မြို့ကြီး နယ်သီးအဝင် သူတော်စင်တို့ ခိုဝင်ကပ်ဆည်း ကျင့်သိပ်သည်းသည့် မန်ကျည်းချိုရွာ နိဂုံမာသွင် ဖွားရာဇာတိ နေရင်းရှိသား တိပိဋက ဝဇိရဟု ဩကပ္ပဟိတ် ဂုဏ်နိမိတ်ကြောင့် အာဒိစွဲရုံသီ သညီရွှန်းစို ထေရ်ပုဂ္ဂိုလ်သည် အဟိုရှေးလာ သာသနဝံသ နိဿယမူ နှစ်ဆူနေလ ထွန်းတောက်ပသို့ ဉာဏခေါင်ထိ တရိဆေက ဂန္ထပါရဂူ လင်းယဉ်ထူသော ဝိဒူပါမောက် မုန်သောက်မာတင် နွယ်ဝင်ဇာတိ ရာဇာဓိရာဇာ မင်းဆရာဟု ရွှေဗျာခတ်နှိပ် တံဆိပ်တော်ရ သုံးလူ့ဘ၏ သုံးဝသာသနာ တန်ခိုးဖြာသော စန်–ဉာ–ဂု–နန် ဆင့်ရန်တထွေ သု–ဥ–သု–ပဏ် ရှစ်တန်ထေရ်မော် ကျွန်းလုံးကျော်တို့ ရှေ့သော်ဆရာ နောက်မှာသိဿ ဆင့်ဆင့်ပြလော့ ဝံသစင်ကြယ် ငါတို့နွယ်တည့် ဂုဏ်ဝယ်လွှန်ကျူး ကျေးဇူးတော်ဟုန် မြင့်မိုရ်ခြုံမှု ဝသုန်ဘဝဂ် ပြည့်လျှံတက်သို့ အောက်ထက်ထွန်းပြောင် ဉာဏ်နေ ရောင်ဖြင့် မမှောင်ထိုးထွင်း လင်းကြီးလင်းလျှက် သတင်းကျေညာ ဂုဏ်ပေါင်းဖြာသည့် "ပဏ္ဍိတဝဇ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု"ရပြီး တံဆိပ်ကြီးဖြင့် ချီးမြှောက် ကော်ရော် မင်းပူဇော်ခံ တန်ခိုးလျှံလှိုင်း တုဖက်ရှိုင်းသော မိုင်းခိုင်းတွင်ခေါ် ဆရာတော်၏ ထောက်မြှော်သိပွ လက်ထပ်ရ၍ ဗလသတ္တိ ရှိသည်တမူ ဗိုလ်လူပေါရယ် စာသင်ငယ်တို့ အလွယ်တကူ မှတ်ယူစိမ့်ငှာ များစွာပါဠိ ဖွင့်ရှိအဋ္ဌကထာ ဋီကာအနု မဓုမကြွင်း ကျမ်းပေါင်းရှင်း၍ ခဲယဉ်းကွေးကောက် နက်နဲလောက်စွာ ဖုံးကွယ်ရာ၌ ဖွေရှာစိစစ် ကျမ်းဆီညှစ်လျှက် အနှစ်မေဒနီ ခြသေ့ဆီသို့ သိင်္ဂန္ထိုန်းစံ ဖွဲ့စီမံရာ အလင်္ကာမြွက် သကတ်စွဲမှီ ကျမ်းသညီကား ဂမ္ဘီရတ္ထ နိယာမတည့် ဆောင်ကြအာဂုံ သုံးပုံပိဋကတ် မချွတ်တတ်အံ့ ကျမ်းမြွက်

ရတနာ နိယာမာ၏ ပြီးရာနှစ်လ ရက်ကျမှတ်ချက် ဓမ္မက္ခရာ သာသနာမှ ပ-ဘူ-ဝိ-၄ ဖဂ္ဂုဏာမှီ ပုဏ္ဏမီစေ့ ရဝိနေ့တွင် ပြီးအောင်မြင်သည် ဤလျှင်နိဂုံးအပြီး တည်း။

ဟူသောအလင်္ကာရှည်ကြီးဖြင့် ဆရာစဉ်ဆက် ကျမ်းပြုပုံအခြင်းအရာကျမ်းပြီးရာ ကာလ စသည်တို့ကိုဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းရွှေရေးဆောင်နိယံ သည် စင်စစ်အားဖြင့် မဟာဇောတိကာရာမစံကျောင်းတိုက် စာချနည်းကို ပြောနေ သည့် နိယံကျမ်းဖြစ်လေသည်။ သို့ဖြစ်၍ ဤနိယံကို အပြည့်အစုံမူရင်းအတိုင်း ဤအတ္ထုပ္ပတ္တိအဆုံးတွင် ကြည့်ရှုရာ၏။

## ဂမ္ဘီရတ္ထနိယာမ ဝိသဇ္ဇနာကျမ်း

ဤဂမ္ဘီရတ္ထ နိယာမခေါ် နိယံအဖြေကျမ်းကိုလည်း တပည့်အပေါင်းတို့ တောင်းပန်သဖြင့် ဂမ္ဘီရတ္ထနိယာမဝိသဇ္ဇနာကျမ်းအမည်ဖြင့် ပြုစီရင်တော်မူခဲ့လေ သည်။ မိမိပြုစီရင်သည့် နိယံစာကိုယ်၏ အဖြေကျမ်းကိုလည်း မိမိကိုယ်တိုင် ပြုစီရင်ခြင်းသည် ပို၍အာဘော်ကျပေသည်။ သဘာဝလည်း ကျလှပေသည်။ ဆရာတော်သည် ကျမ်းဦး၌ -

၁။ ဂမ္ဘီရတ္ထံ နိယာမေန္တော၊ ဟိတာယ ဒုက္ကရံ စရံ။
ပဇာနံ ယော ဇိနော မယှံ၊ သံပါလေဟု သဒါ ဟိတံ။

၂။ အပ္ပက္ခရာဒိလက်တံ၊ ဗဟွတ္ထာဒိဝိစိတ္တဋ္ဌ။
ဂမ္ဘီရတ္ထနိယာမကံ၊ ဝိသဇ္ဇိဿမဟံ ပုဏ္ဏန္တိ။

ယောဇိနော၊ အကြင်ငါးမာရ်အောင်မြင် ဘုရားရှင်သည်။ ဂမ္ဘီရတ္ထံ၊ အဏ္ဏဝါ လယ် ယုံသူငယ်လျှင် ထောက်တွယ်မရ နက်နဲလှသို့ မန္ဒဗုဒ္ဓိ ဉာဏ်မျက်စိဖြင့် ထောက်ချင့်မရ နက်နဲလှသော ဓမ္မအတ္ထဒေသနာပဋိဝေဓတို့၏ သဘောလက္ခဏာ တည်းဟူသောအနက်ကို။ နိယာမေန္တော၊ မြဲစွာကြပ်ကြပ် ပြင်းစွာမှတ်လျှက်။ ပဇာနံ၊ သံသရာသမုဒ် ဝဲအစုတ်၌ နစ်မြုပ်မျောပါး ညွှန်၌နားသော သတ္တဝါမိုလ်ခြေ များဝေ နေတို့၏။ ဟိတာယ၊ လောကီလောကုတ် ဝိမုတ်ဖွံ့ဖြိုး အကျိုးစီးပွား များစေခြင်းငှာ။ ဒုက္ကရံ၊ ခဲယဉ်းလှစွာ သံသရာအိုင် ဂယက်ဆိုင်၌ ပြုနိုင်ခဲစွာ ကရုဏာကြောင့်

ငါးဖြာစာဂ စရိယာသုံးလီ ပါရမီဆယ်တန် ဗုဒ္ဓတ္တံကို။ စရံ-စရန္တော၊ ကိုယ်နှင့်အသက် ငဲ့ကွက်မပြု သဗ္ဗညုလမ်း မိဒ္ဓာန်မှန်း၍ ဖြောင့်တန်းရည်ရော် ကျင့်တော်မူသည်။ ဟုတ္တွာ၊ ဖြစ်၍။ ခေဒံ၊ ကမ္ဘာသိန်းနေ လေးသင်္ချေလုံး ပြိုင်နှုန်းမမြင် အလွန်ပင်ပန်း ခြင်းသို့။ ဂတော၊ ရောက်တော်မူရလေပြီ။ မဟာကာရုဏိကော၊ ကြီးမြတ်သော ကရုဏာရှိတော်မူသော။ သောဇိနော၊ ထိုငါးမာရ်အောင်မြင် ဘုရားရှင်သည်။ မယှံ၊ ငါ့အား။ သဒါ၊ နေ့ညမပြတ် ခြားမလပ်ပဲ အမြဲခပ်သိမ်း မယွင်းယိမ်းအောင်။ ဟိတံ၊ လောကီလောကုတ် ဝိမုတ်ဖွံ့ဖြိုး အကျိုးစီးပွားများစေခြင်းကို။ ကတွာ၊ ပြု၍။ သံပါလေတု၊ အန္တရာယ်ကင်းပျောက် ဆုံးတိုင်ရောက်အောင် ကောင်းစွာ စောင့်ရှောက် နိစ္စ,မစေသတည်း။

အဟံ၊ ငါသည်။ အပ္ပက္ခရာဒိလက်တဥ္စ၊ နည်းသောအက္ခရာအစရှိသည်တို့ ဖြင့် တန်ဆာဆင်အပ်သည်လည်းဖြစ်သော။ ဗဟွတ္ထာဒိဝိစိတ္တဥ္စ၊ များသောအဆုံးအ ဖြတ်ဖြစ်သောအနက်သဘော အစရှိသည်တို့ဖြင့် ဆန်းကြယ်သည်လည်းဖြစ်သော။ ဂမ္ဘီရတ္ထနိယာမကံ၊ ဂမ္ဘီရတ္ထနိယာမအမည်ရှိသောကျမ်းကို။ ဝါ၊ အဏ္ဏဝါလယ ယုန်သူ ငယ်လျှင် ထောက်တွယ်မရ နက်နဲလှသို့ မန္ဒဗုဒ္ဓိ ဉာဏ်မျက်စိဖြင့် ထောက်ချင့်မရ နက်နဲလှသော အာဂတာဂတ စသည်အပြား အလွန်များသောအနက်တို့ကို ထုတ် ဖော်၍မှတ်ရာမှတ်ကြောင်း ပြရာပြကြောင်းဖြစ်သော ဂုဏ်ဟိတ်သကတ် ဗျူပ္ပတ္တိ နိမိတ် အနွတ္ထရိပ်ကြောင့် ''ဂမ္ဘီရတ္ထနိယာမ''အမည်ရှိသောကျမ်းကို။ ပုဏ္ဏံ၊ အနုသန္ဓေတက် စောဒနာထွက် ပေါ်အောင်စွက်၍ အာဘော်ဂုဏ်ရာ ထိုထိုမှာ၌ ထင်စွာဉသုံ ကသိုဏ်းခြုံလျှက် ပြည့်စုံလောက်င ရွတ်တိုင်းရအောင်။ ကတွာ၊ ပြု၍။ ဝိသဇ္ဇိဿံ၊ များစွာပေါ်ယတ် စာသင်ငယ်တို့ အလွယ်တကူ မှတ်ယူစိမ့်ငှာ ကရုဏာသွား အရင်းထား၍ ထင်ရှားအောင်ပေ အာဘော်မွေကြား ဂဟောသား၍ ဖြေကြားပေအံ့သတည်း။ ဣတိ၊ ဤသည်လျှင် အာသီသထောမနာ ပဏာမနှင့် တကွ ကရုဏာပ္ပကာရကိုပြသော စကားရပ်အပြီးသတ်တည်း။

ဟူသော ၂-ဂါထာပါဌ်အနက်ဖြင့် အာသီသပုဗ္ဗက ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။ ကျမ်း၏အဆုံး၌လည်း -

၁။ ဂမ္ဘီရတ္ထနိယာမော စ၊ သဟ ဝိသဇ္ဇနေန မေ။
ဟိတာယ သောတူနံ ကတော၊ နာနာဂန္ထေဟိ သန္ဓိယ။
၂။ ပုညေနေတေနိခေဝါဟံ၊ ပပ္ပေါမိ ဂမ္ဘီရံ ပဒံ။
နော စေ ဘဝေ အလဂ္ဂေါဝ၊ ပစ္စယေသု ဘဝါမိ ဝါ။

၃။ ပုဏ္ဏကုမ္ဘော ဝိယိဋ္ဌေဝေ၊ သမ္ပုဏ္ဏော ကိစ္စသိဒ္ဓိ မေ။
သဗ္ဗသိပ္ပါယတနေသု၊ ဂမ္ဘီရေ ပဋုကမ္မနိ။

၄။ ပါရဂူ ဟောမိ ဝိသဇ္ဇေ၊ ဒုဇ္ဇနေဟိ န သံဝသေ။
အနတ္ထံဝ ပရေသံပိ၊ န ကရေ န စ စိန္တယေ။

၅။ သတ္တေသု ဟိတကာမော၀၊ သဒါ ဟောမိ ဘဝေ ဘဝေ။
ဣမေဟိ ပုညကမ္မေဟိ၊ အညေ ကမ္မေဟိ သဗ္ဗဒါ။

၆။ သမ္ပန္နေ သုခေစာလဂ္ဂေါ၊ ဓိဂေသု စ ပမောဒယံ။
ဒါနဿ သံဝိဘာဂေ စ၊ ပီတိပါမောဇ္ဇမာနသော။

၇။ ပုရိသုတ္တမော ဘဝေသု၊ ဒုတိယာဒီသု တံ ပဒံ။
တထာ နော စေ အဝသံဝ၊ မေတ္တေယျေ မုနိပုင်္ဂဝေတိ။

(၁) စ၊ ကျမ်းစာပြီးဆုံးနိဂုံးခါးပတ် အပြီးသတ်၍ ပတ္ထနာရပ်ကို ပြဆိုဦးအံ့။ မေ၊ ငါသည်။ သောတူနံ၊ စာသင်ပျိုနု အခြေပြုတို့၏။ ဟိတာယ၊ ကျမ်းဂန်ထုတ်ချောက် အာဘော်တတ်မြောက်ခြင်းတည်းဟူသော စီးပွားခြင်းအကျိုးငှာ။ နာနာဂန္ထေဟိ၊ အထူးထူးသော မာဂဓသက္ကတ စသည်ဥဿုံ အလုံးစုံသောကျမ်းဂန်တို့မှ။ နယံ၊ နည်းကို။ သန္ဓိယ၊ ကောင်းစွာယူ၍။ ဝိသဇ္ဇနေန၊ အဖြေကျမ်းကြီးနှင့်။ သဟ၊ တကွ။ ဂမ္ဘီရတ္ထနိယာမော၊ ဂမ္ဘီရတ္ထနိယာမမည်သောကျမ်းကို။ ကတော၊ ပြုစီရင်အပ်ပြီ။

(၂) အဟံ၊ ငါသည်။ တေနပုညေန၊ ဤအဖြေဝိသဇ္ဇနာကျမ်းနှင့်တကွ ဂမ္ဘီရတ္ထနိယာမ မည်သောကျမ်းကို ပြုစီရင်ရသော ကောင်းမှုကံကြောင့်။ ဣမေဝ၊ ဤယခုဖြစ်ရ ပစ္စုပ္ပန်ဘဝ၌သာလျှင်။ ဂမ္ဘီရံ၊ အရိယာမဂ်တို့၏အာရုံဖြစ်၍ နက်နဲစွာသော။ ဝါ၊ နက်နဲသောအရိယာမဂ်တို့၏ အာရုံဖြစ်ထသော။ ပဒံ၊ အရိယာမဂ်တို့

သည် အာရုံပြုသောအားဖြင့် ရောက်အပ်သောနိဗ္ဗာန်သို့။ ပပ္ပေါမိ၊ သုခပ္ပဋိပဒါခိပ္ပါဘိ ညာဉ်ဖြင့် လွယ်ကူစွာလျင်မြန် ကေန်မြဲစွာရောက်ရပါလို၏။ က္လမေ၀၊ ၌သာလျှင်။ ပဒံ၊ သို့။ နောစေပပ္ပေါမိ၊ အကယ်၍မရောက်နိုင်သေးငြားအံ့။ ဝေဲသတိ၊ ဤသို့ မရောက်နိုင်သေးသည်ရှိသော်။ ဘဝေ၊ သံသရာဘဝကျင်လည်သမျှ၌။ ပစ္စယေသု၊ ဥစ္စာပစ္စည်းတို့၌။ အလဂ္ဂေါ၊ ငဲ့ကွက်ငြိတွယ်ခြင်းမရှိသည်သာလျှင်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

(၃) တ၊ ထိုသို့ငဲ့ကွက် ညှိတွယ်ခြင်းမရှိငြားသော်လည်း။ ပုဏ္ဏကမ္မော၊ ရေပြည့် အိုးသည်။ သမ္ပဏ္ဏောဝိယ၊ ခပ်၍မကုန် နခမ်းမြဲလျှက် ပိုလျှံထွက်သို့။ မေ၊ ငါသည်။ ဝါ၊ ငါ၏။ ဝါ၊ ငါ့အား။ က္လဒ္ဓေ၊ အလိုရှိအပ်သည်ရှိသော်။ ဝါ၊ ၌။ ဝေ၊ စင်စစ်။ သမ္ပဏ္ဏော၊ လိုရာမတ ကြောင့်ကြမရှိ ပြည့်စုံဘိသည်။ ဟုတွာ၊ ဖြစ်၍။ ကိစ္စသိဒ္ဓိ၊ ပြုဖွယ်ကိစ္စ၏ ပြီးစီးခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ သဗ္ဗသိပ္ပါယတနေသု။ အလုံးစုံသော အတတ်မျိုးတို့၌လည်းကောင်း။ ဂမ္ဘီရေ၊ နက်နဲသော။ ပဥ္စကမ္မနိ၊ မေးအပ်သော ပြဿနာအမှု၌လည်းကောင်း။

(၄) ဝိဿဇ္ဇေ၊ ဖြေဆိုခြင်း၌။ ပါရဂူ၊ ကမ်းတဖက်ရောက်ကူးမြောက်ဖြေဆိုနိုင်သည်။ ဟောမိ၊ ဖြစ်ရပါလို၏။ ဒုဇ္ဇနေဟိ၊ သူယုတ်မာတို့နှင့်။ န သံဝသေ၊ အတူတကွ မပေါင်းဖော်ရလို။ ပရေသံပိ၊ သူတပါးတို့အားလည်း။ ဝါ၊ တို့ကိုလည်း။ အနတ္တံဝ၊ အကျိုးမဲ့ကိုသာလျှင်။ န ကရေ၊ ကာယဝစီ နှစ်လီသောဒွါရတို့ဖြင့် မပြုကျင့်ရလို။ နစ စိန္တယေ၊ မနောဒွါရဖြင့်လည်း မကြံစည်ရလို။

(၅) ဘဝေဘဝေ၊ ဘဝတိုင်းဘဝတိုင်း၌။ သတ္တေသု၊ သတ္တဝါတို့၌။ သဒါ၊ အခါခပ်သိမ်း။ ဟိတကာမော၊ အစီးအပွားကိုအလိုရှိသည်သာလျှင်။ ဟောမိ၊ ဖြစ်ရပါလို၏။ က္လမေဟိပုညကမ္မေဟိစ၊ ဤသို့ဆိုအပ်ပြီးသောကျမ်းတို့ကိုပြုစီရင်အပ်သော ကောင်းမှုကြောင့်လည်းကောင်း။ အညကမ္မေဟိစ၊ တစ်ပါးသောကံတို့ကြောင့် လည်းကောင်း။ သမ္ပန္နေ၊ ပြည့်စုံသော။ သုခေ၊ ချမ်းသာ၌။

(၆) အလဂ္ဂေါစ၊ ငဲ့ကွက်တွယ်တာခြင်းမရှိသည်လည်းကောင်း။ စာဂေသု၊ စွန့်ကြဲခြင်းတို့၌။ ပမောဒယံ၊ ပမောဒယန္တော စ၊ စေတနာသုံးတန်ဖြစ်ခြင်းတို့၌ ဝမ်းမြောက်စေခြင်းရှိသည်လည်းကောင်း။ ဒါနသော၊ အလှူဒါနကို။ သံဝိဘာဂေ၊

ခွဲခြမ်းဝေဖန်ခြင်း၌။ ပီတိပါမောဇ္ဇမာနသော စ၊ နှစ်သက်ဝမ်းမြောက်ခြင်းနှင့်ယှဉ်သော စိတ်ရှိသည်လည်းကောင်း။ ဟုတ္တာ၊ ဖြစ်၍။

(၇) ဒုတိယာဒိသု၊ ဒုတိယဘဝအစရှိကုန်သော။ ဘဝေသု၊ ဒုတိယ တတိယ ဘဝတို့၌။ ပုရိသုတ္တမော၊ ယောကျ်ားမြတ်သည်။ ဟုတ္တာ၊ ဖြစ်၍။ တံ ပဒံ၊ ထိုနိဗ္ဗာန်သို့။ ပပ္ပေါမိ၊ ရောက်ရပါလို၏။ တထာ၊ ထို့အတူ။ ဝါ၊ တောင်းသည့်အတိုင်း။ နောစေ ပပ္ပေါမိ၊ အကယ်၍ မရောက်နိုင်သေးငြားအံ့။ မေတ္တေယျေ၊ မေတ္တေယျအမည်တော်ရှိသော။ မုနိပုင်္ဂဝေ၊ ဘုရားမြတ်စွာ၌။ ဝါ၊ အထံတော်၌။ အဝဿံ၊ မချွတ်မလွဲ အမြဲကေန်။ တံ ပဒံ၊ ထိုနိဗ္ဗာန်သို့။ ပပ္ပေါမိ၊ ရောက်ရပါလို၏။ က္လတိ၊ ဤသည်လျှင် နိဂုံးခါးပတ် အပြီးသတ်တည်း။

ဟူသော ၇-ဂါထာပါဠိနိဿယဖြင့် အကြောင်းအရာ ပြည့်စုံစွာဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

■

## မန္တလေးမည်ကြောင်း ရတနာပုံမည်ကြောင်း

ဆရာတော်သည် ဂမ္ဘီရတ္တနိယာမနိဂုံးအဖြေ၌ –

ဂဝံပတေ့ ရသေ့သိကြား နတ်သားမှေန် ငါးတန်သော ကုသိုလ်အလားဖြင့် ညွှန်ပြရာဖြစ်၍–

မာဃသာသနဓ္ဓေါတနသိရိယာ ဓာရဏာတော စေဝ တဿာ ပတိဋ္ဌာန–တော စ နိရုတ္တိနယေန မန္တလေး နာမ။ အထဝါ ပိဋကတ္တယမန္တံ လာနတော ဂဟဏတော ပဝတ္တာပနတော ဝါ တထာ မန္တလေးနာမ–ဟု ဝစနတ်ပြု ဗျုပ္ပတ္တိရနှင့် အညီ သာသနာတော်မြတ်၏ ထွန်းလင်းတောက်ပခြင်း၏အသရေကို ဆောင်တတ်သောကြောင့်လည်းကောင်း၊ နိရုတ္တိနည်းဖြင့် မန္တလေးမည်၏။ နည်းသစ်တဖန် ပြဆိုပြန်သော် ပိဋကတ်သုံးပုံတည်းဟူသော မန္တံကိုယူရာဖြစ်သောကြောင့်လည်း ကောင်း၊ ဖြစ်စေရာ၏အဖြစ်ကြောင့်လည်းကောင်း။ ထို့အတူ နိရုတ္တိနည်းဖြင့် မန္တလေးမည်၏။ ဤသို့မည်ရေး မန္တလေး၌ “အနောမသတ္တပရိဘောဂါနိ ရတနာနိ ပူရေန္တိ ပုဋ္ဌန္တိ ဝါ ဧတ္ထာတိ ရတနာပုံ”ဟူသော ဝိဂြိုဟ်သကတ် ဝစနတ်နှင့်အညီ

မယုတ်သောသတ္တဝါတို့၏ သုံးဆောင်အပ်သော သုံးဆောင်ထိုက်သော ပရိဘောဂ ရတနာ, ဘုရားစသော သေဠရတနာတို့၏ ပြည့်စုံရာဖြစ်၍ ရတနာပုံမည်သော မဟာရာဇဓာနီ–ဟူ၍ ဖော်ပြတော်မူခဲ့လေသည်။

## ဂမ္ဘီရဂ္ဂန္ထနိယာမဝိသဇ္ဇနာကျမ်းကြီး ၃–တွဲရှိ

ယင်းဂမ္ဘီရဂ္ဂန္ထနိယာမ ဝိသဇ္ဇနာကျမ်းကြီးကို ၁၉၃၆–ခုနှစ်က ရန်ကုန်မြို့ ဇမ္ဗူမိတ်ဆွေ ပိဋကတ်ပုံနှိပ်တိုက်က ရိုက်နှိပ်ခဲ့ရာ ပဌမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ အားဖြင့် ၃–တွဲရှိရာ ပဌမတွဲရှိုင်ဆိုက်ဖြင့် ၃၁၇၊ ဒုတိယတွဲ–၃၁၉၊ တတိယတွဲ ၃၀၉– ရှိလေသည်။ ကျမ်းစာအတွင်းမျက်နှာဖုံး၌ "သုဒဿနဓဇအတုလာဓိပတိ သီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" သုဓမ္မာဝင်သာသနာပြုအရှင် စံကျောင်းဆရာ တော်ဘုရားကြီးနှင့် "ပဏ္ဍိတဓဇသီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" အရှင်မိုင်းခိုင်း ဆရာတော်ဘုရားကြီးတို့၏ သဒ္ဓိဝိဟာရိကအန္တေဝါသိကအစစ်ဖြစ်၍ "အာဒိစ္စရံသီ" ဘွဲ့ထူးချီသော ရွှေရေးဆောင်ဆရာတော်ဘုရားကြီး ရေးသားဖြေဆိုတော်မူအပ်သော ရွှေရေးဆောင်နိယံအဖြေ ဂမ္ဘီရဂ္ဂန္ထနိယာမဝိသဇ္ဇနာကျမ်း ပဌမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ စသည်ဖြင့် ပါရှိလေသည်။

## သောတုဇနေဟိတကာရီကျမ်း

ဆရာတော် အရှင်အာဒိစ္စရံသီ(ဆရာတော်ဦးကြည်)သည် စာသင်သားတို့ အား ပိဋကတ်ကျမ်းဂန်သင်ယူရာ၌ ကျေးဇူးဥပကာရများရာများကြောင်း ကျေးဇူး ဥပကာရပြု အထောက်အကူပေးမည့် သောတုဇနေဟိတကာရီကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။

ယင်းသောတုဇနေဟိတကာရီကျမ်း၌ –

၁။ ဓာတုသံခေပပါဌ်။

၂။ ကစ္စာယနဓာတုမဉ္ဇူသာပါဌ်။

၃။ ကစ္စာယနဓာတုမဉ္ဇူသာနိဿယ။

၄။ ကေကွဍရကောသလင်္ကာ။

၅။ သီမသာရဝိနိစ္ဆယကဗျာလင်္ကာ။

၆။ နိပါတတ္ထဝိဘာဝနီ။
၇။ ထပနာဒိပဥ္စကဆက္ကပဒီပ။
၈။ ဝိသေသနာဒိသမ္ဗန္ဓဒီပနီ။
၉။ ဗုဒ္ဓဃောသဖိဝနစရိတ –တို့ ပါရှိလေသည်။

ဆရာတော်သည် ကျမ်းအစ၌ –

၁။ ဝေနေယျာနံ ဟိတံ ကာရံ၊ တိဘဝါဘိနတာရဟံ။
ဖိနံ ပဏာမျ သက္ကစ္စံ၊ နိရုတ္တဓမ္မဒေသကံ။

၂။ သန္တိကာ ဂရုသေဋ္ဌာနံ၊ နယံ လဒ္ဓါန ဝါစနံ။
သောတူနံ ဟိတကာရတ္တံ၊ ပရိယတ္တိမုဿုက္ကတံ။

၃။ သောတူနံ ဇနယန္တံ စ၊ ဟိတံ ဉာဏာဿ ဝမုနံ။
သောတုဇနဟိတကာရိ၊ ပဝက္ခာမိ သုဏာထ မေ။

အဟံ၊ ငါသည်။ ဝေနေယျာနံ၊ ဝေနေယျသတ္တဝါတို့၏။ ဝါ၊ တို့၏။ ဝါ၊ အဝိဇ္ဇာမှောင် တဏှာဆောင်နွဲ့ ဂရက်ဝဲ၌ အမြဲကျင်လည် အတည်မကျ ပြေးသွားရသော သာနုသယ သတ္တဝိုလ်ခြေ များဝေနေတို့အား။ ဝါ၊ တို့၏။ ဝါ၊ ဆုံးမသင့်လှ ပါပြည့်စ်ကျူ မကောင်းမှုရှိကုန်သော ဥဩ္ဃိဋ္ဌိတညူနေယျ ပဒပရမပုဂ္ဂိုလ်တို့အား။ ဝါ၊ တို့၏။ ဟိတံကာရံ လောကီလောကုတ်မယုတ်ဖွံ့ဖြိုး အကျိုးစီးပွားများမြတ်ခြင်း ကို ပြုတော်မူတတ်သော။ ဝါ၊ ကြောင့်။ တိဘဝါဘိနတာရဟံ၊ ပြဟ္မာနတ်လူ သုံးဘုံသူတို့ ရှေးရှုညွတ်ကျိုး ရှိခိုးပူဇော်ခြင်းငှာထိုက်ထသော။ ဝါ၊ ကြောင့်။ နိရုတ္တိဓမ္မ ဒေသကံ၊ ထုတ်၍ဟောအပ်သောပါဠိဝဓမ္မကို ဟောကြားပြသ ဆုံးမတော်မူတတ် ထသော။ ဇနံ၊ ဒေဝပုတ္တစသည်များဖြင့် မာရ်ငါးအင်ကို ပယ်နှင်ကြွင်းမဲ့ ကျင်းကျင်း သွဲ့၍ ချိုးဖွဲ့အောင်တတ် ဘုရားမြတ်ကို။ သက္ကစ္စံ၊ ရိုသေစွာ။ ပဏာမျ၊ ပနမာမိ၊ ဆယ်ဖြာလက်စုံ ကြာပဒုမ်သို့ ကြည်ယုံမြတ်နိုး ရှိခိုးပါ၏။ ပဏာမျ၊ ဆယ်ဖြာပေါင်းစုံ ထိပ်ဝယ်ပုံ၍ ကြည်ယုံညွတ်နူး ရှိခိုးဦး၍။ ဂရုသေဋ္ဌာနံ၊ စန္ဒမဥ္ဇူသာဟု သာယာ ပြန့်ပြူး ဘွဲ့ထူးနာမံ ခံယူတော်မူသော တုန့်ပါဆရာတော်အစ ရှစ်ဝဆင်းသွယ် အနွယ်စဉ်တိုင်း တုဖက်ရှိုင်းသော မိုင်းခိုင်ဆရာတော်သခင် အရှင်မြတ်တို့၏။

သန္တိကာ၊ အထံမှ။ ဝါစနံ၊ သင်စဉ် ပို့ချစဉ်ဖြစ်သော။ နယံ၊ သဒ္ဒနယ အတ္ထနယ စသည်ဥဿုံ အလုံးစုံသောနည်းကို။ လဒ္ဓါန၊ ဟတ္ထမုဋ္ဌိ မြင်သိတတ်မြောက် ပေါက်ရောက်နယ ရကြီးရ၍။ ပရိယတ္တိ၊ နေ့ရောညဉ့်ပါ အခါမလပ် အထပ်ထပ်ပင် သင်အံလေ့ကျက် ဆောင်ရွက် အပ်သော ပရိယတ်ကို။ ဝါ၊ ၌။ ဥသုက္ကတံ၊ ဥဿုက္ကန္တာနံ၊ တဖက်ကမ်းရောက်လမ်း ဆုံးပေါက်အောင် ကူးမြောက်အားထုတ် လိုကုန်သော။ သောတူနံ၊ စာသင်ပျိုနု အခြေပြုတို့၏။ ဝါ၊ တို့အား။ ဟိတကာရတ္တံ၊ လောကီလောကုတ် မယုတ်ဖွံ့ဖြိုး အကျိုးစီးပွား များမြတ်ခြင်းကို ပြုခြင်းရှိသော။ သောတူနံ၊ စာသင်ပျိုနု အခြေပြုတို့၏။ ဝါ၊ တို့အား။ ဟိတံ၊ လောကီလောကုတ် မယုတ်ဖွံ့ဖြိုး အကျိုးစီးပွားကို။ ဇနယန္တ္တ၊ ဖြစ်စေတတ်သည်လည်းဖြစ်သော။ ဉာဏာဿ၊ ပရိယတ္တိဝိသာရဒ ပါဋိဟာရိယစသောဉာဏ်၏။ ဝဍ္ဍနံ၊ တိုးပွားခြင်းကို။ ဇနယန္တ္တ၊ ဖြစ်စေတတ်သည်လည်းဖြစ်သော။ သောတုဇနဟိတကာရိ၊ သောတုဇနဟိတကာရီမည်သော ကျမ်းကို။ ဝါ၊စာသင်ပျိုနု အခြေပြုတို့၏ လောကီလောကုတ် မယုတ်ဖွံ့ဖြိုး အကျိုးစီးပွား ကြီးမားများမြတ်ခြင်းကို ပြုတတ်ကြောင်းဖြစ်သော ကြောင့် သောတုဇနဟိတကာရီ မည်သောကျမ်းကို။ ပဝက္ခာမိ၊ အပြားအားဖြင့်ဆိုပေအံ့။ တံ၊ ထိုငါဆိုလတ့်သော သောတုဇနဟိတကာရီကျမ်းကို။ မေ၊ ငါ၏။ သန္တိကာ၊ အထံမှ။ တုမှေ၊ သင်သောတုဇန ဓမ္မပဋိဂ္ဂါဟကအပေါင်း တပည့်ကောင်း တို့သည်။ သုဏာထ၊ အာရုံတစ်ပါး ဝင်စားမရှိ ကောင်းသောသမာဓိတရား ရှေ့သွားပြု၍ နာကြကုန်လော့။ ဣတိ၊ ဤသည်လျှင် ပဏာမာဒိမုခဗန္ဓစကားကို ဆိုရာအပြီး တည်းဟူသော ၃-ဂါထာပါဌ် နိဿယဖြင့် ပဏာမ၊ ပယောဇဉ်၊ ပဋိညာဉ်စသည် ကိုဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။ ဤကား သောတုဇနဟိတကာရီ တစ်ကျမ်းလုံး၏ ဂန္ထာရမ္ဘဖြစ်လေသည်။

## ဓာတုသင်္ခေပပါဌ်

ယင်းသောတုဇန ဟိတကာရီကျမ်းတွင်ပါရှိသည့် ဓာတုသင်္ခေပပါဌ်ကို –

၁။ ဇိနံ သတ္တုညဓာတာရံ၊ ဝန္ဒိတွာ ဓာတုသံခေပံ။
ကဿံ သံသိပျဝိတ္ထာရံ၊ သမ္ပိဏ္ဍေတွာ သဘာဂဋ္ဌ။

၂။ ဘွာဒိမှိ ပဌမန္တေန၊ ဘုမ္မန္တေန စုရာဒိမှိ။
ဝဏ္ဏက္ကမေန ဝါညေယျာ၊ အတ္ထာ သေသာသနာမေန။

ဟူသော ၂-ဂါထာဖြင့် ဂန္ထာရမ္ဘပြု၍ ကျမ်းကို ပြုစီရင်တော်မူခဲ့လေသည်။

ယင်းဓာတုသင်္ခေပါဌ်၏အဆုံး၌လည်း –

၁။ သုဗောဓတ္ထာယ ဗာလာနံ၊ သံခိပျသုဠှသင်္ဂဟံ။
ဓာတုနမတိဝိတ္ထာရံ၊ အာဒိစ္စရံသိနာ ကတံ။

၂။ ပုညေန တေန သံခိပျ၊ သံသာရစက္ကဓာတုနံ။
ဝိသုဒ္ဓစာရိနော သတ္တာ၊ ပါပုဏန္တု သုခံ ပဒန္တိ။

ဟူသော ၂-ဂါထာဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းဓာတုသင်္ခေပပါဌ်မှာ ကရောင်း ၁၆-ချိုးဆိုက် ၂၂-မျက်နှာ ရှိလေသည်။

## ကစ္စာယနဓာတုမဉ္ဇူသာ

ကစ္စာယနဓာတုမဉ္ဇူသာပါဌ်ကို သာသနာတော်နှစ် ၁၇၀၀-ခန့်တွင် သီဟိုဠ်ကျွန်း သေလန္တရနိကာယဝင် အရှင်သီလဝံသထေရ်ပြုစီရင်တော်မူခဲ့ကြောင်း သီဟိုဠ်ပါဠိသာဟိတ္ယကျမ်း၌ လာရှိသည်။ ကစ္စည်းကျမ်းလာ ဓာတ်များ၏ ဓာတ်နက်များကို ဂါထာဗန္ဓဖွဲ့ဆိုစီရင်ထားရာ ကျက်မှတ်နှုတ်တက် ရဆောင်ရန်သင့်လျော်လှပေသည်။ ဆရာတော် အရှင်အာဒိစ္စရံသီသည် ယင်းကျမ်းကို မြန်မာအက္ခရာပြန်ဆိုပြုစီရင်ခဲ့လေသည်။ ကျမ်းပြုသူ အရှင်သီလဝံသသည် –

၁။ နိရုတ္တိနိကရာပါရ-ပါရာဝါရန္တဂံ မုနိံ။
ဝန္ဒိတွာ ဓာတုမဉ္ဇူသံ၊ ဗြူမိ ပါဝစနဋ္ဌသံ။

၂။ သောဂတာဂမမာဂမ္မ၊ တံတံဗျာကရဏာနိ စ။
ပါဠေ စာပဋ္ဌိတာ ပေတ္တ၊ ဓာတွတ္ထာ စ ပဝုစ္စရေ။

၃။ ဆန္ဒဟာနိတ္တမောကာရံ၊ ဓာတွန္တာနံ သိယာ ကွစိ။
ယူနံ ဒီဃော စ ဓာတုမှာ၊ ပုဗ္ဗမတ္တပဒံအပိ။

ဟူသော ၃-ဂါထာဖြင့် ဂန္ထာရမ္ဘပြုတော်မူ၍ "ဘူ သတ္တာယံ ပဝါကေ" စသည်ဖြင့် ဂါထာဖြင့် ရေးသား ပြုစီရင်တော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌ -

၁။ ဘူဝါဒိ စ ရုဓာဒိ စ၊ ဒိဝါဒိ သွာဒယော ဂဏာ။
ကိယာဒိ စ တနာဒိ စ၊ စုရာဒီတိဓ သတ္တဓာ။

၂။ ကြိယာဝါစိတ္တမက္ခာတုံ၊ မေကေကတ္ထော ဗဟူဒိကော။
ပယောဂတောနုဂန္တဗ္ဗာ၊ အနေကတ္ထာဟိ ဓာတဝေါ။

၃။ ဟိတာယ မန္ဒဗုဒ္ဓီနံ၊ ဗျတ္တံ ဝဏ္ဏက္ကမာလယံ။
ရစိတာ ဓာတုမဉ္ဇူသာ၊ သီလဝံသေန ဓီမတာ။

၄။ သဒ္ဓမ္မပဂ္ဂေ ရုဟာရာဇဗဟံသော၊
အာသိဌမ္မဒ္ဓိတိသီလဝံသော။

ယက္ခဒ္ဒလေဏာက္ခုနိဝါသဝါသီ၊
ယတိဿရော သော ယမိဒံ အကာသိ။

ဟူသော ၄-ဂါထာပါဌ်ဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းကျမ်းမှာ ဂန္ထာရမ္ဘ၊ နိဂုံးမပါ ၁၄၈-ဂါထာ ရှိလေသည်။

## ကစ္စာယနဓာတုမဉ္ဇူသာနိဿယ

ဆရာတော် အရှင်အာဒိစ္စရံသီ(ဆရာတော်ဦးကြည်)သည် ကစ္စာယနဓာတုမဉ္ဇူသာနိဿယကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ နိဿယ၌ ဂန္ထာရမ္ဘ နိဂုံးမပါပဲ ကျမ်းရင်းလာ ဂန္ထာရမ္ဘ ၃-ဂါထာကို-

အဟံ၊ငါသည်။ နိရုတ္တိနိကရာပါရပါရာဝါရန္တဂံ၊ ဘုရားမှတစ်ပါးသောသူတို့၏ အချင်းခပ်သိမ်း ကျက်စားရာအာရုံ မဟုတ်သည်၏အဖြစ်ကြောင့် အဆုံးအပိုင်းအခြား မရှိသော သဒ္ဒါအပေါင်းတည်းဟူသော မဟာသမုဒ္ဒရာ၏ ထိုမှာဘက်ကမ်းတဖက်သို့ ရောက်တော်မူပြီးထသော။ မုနိံ ကြွင်းမဲ့ဥဿုံ အလုံးစုံသောတရားတို့ကို သိမြင်တော်မူပြီးသော မြတ်စွာဘုရားကို။ ဝန္ဒိတွာ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။

ပါဝစနဥ္စသံ၊ မြတ်စွာဘုရား စကားတော်တည်းဟူသော ပါဠိတော်မြတ် ပိဋကတ်၏ ခရီးလမ်းကြောင်းသဖွယ်ဖြစ်၍ဖြစ်သော။ ဓာတုမဥ္ဇူသံ၊ စိန်ကျောက်ပတ္တမြားပမာ ဘူဝါ–စသောဓာတ်တို့၏ တည်ထားသိုမှီးရာဖြစ်ခြင်းကြောင့်။ "ဓာတုမဥ္ဇူသာ" သညာတွင်ဆန်း ဓာတ်နက်ကျမ်းကို။ ဖြူမိ၊ ဆိုပေအံ့။

သောဂတာဂမဥ္စ၊ ဘုရားမြတ်စွာ၏ ဒေသနာတော်တည်းဟူသော အာဂုံပါဠိ တော်ကိုလည်းကောင်း။ တံတံဗျာကရဏာနိ စ၊ ထိုထိုကစ္စာယနစသော မာဂဓ ပါဏိနိ စသော သက္ကတဗျာကရဏ်းကျမ်းတို့ကိုလည်းကောင်း။ အာဂမ္မ၊ စွဲ၍။ ပါဠေစ၊ ဓာတုပါဌကျမ်း၌လည်း။ အပဌိတာပိ၊ မရွတ်ဆိုအပ်သည်လည်းဖြစ်သော။ ဓာတွတ္ထာစ၊ ဓာတ်,ဓာတ်၏အနက်တို့ကိုလည်း။ ဧတ္ထ၊ ဤဓာတုမဥ္ဇူသာကျမ်း၌။ ပဝုစ္စရေ၊ အပြား အားဖြင့် ဆိုအပ်ကုန်၏။

ကွစိ၊ အချို့သောဂါထာ၌။ ဆန္ဒဟာနိတ္တံ၊ ဆန်းဂိုဏ်းမယုတ်စိမ့်သောငှာ။ ဓာတွန္တာနံ၊ ဓာတ်၏အဆုံး၌ဖြစ်ကုန်သော။ ယူနံ၊ ဣသရ, ဥသရတို့၏။ ဒီဃော စ၊ ဤဒီဃ ဦဒီဃ အပြုသည်လည်းကောင်း။ ဓာတုမှာ၊ ဓာတ်မှ။ ပုဗ္ဗံ၊ ရှေး၌။ အတ္ထပဒံအပိ၊ အနက်ပုဒ်သည်လည်းကောင်း။ သိယာ၊ ဆန်းဂိုဏ်းအားလျော်စွာ ဖြစ်ရာ၏။ အနက် ယောဇနာတော်မူခဲ့လေသည်။

ဝှင်းပြင် နိဂုံး ၄–ဂါထာကိုလည်း –

ဣဟ၊ ဤကစ္စည်းကျမ်း၌။ ဘူဝါဒီ စ၊ ဘူအစရှိကုန်သော ဓာတ်တို့၏ လည်းကောင်း။ ရုဓာဒီ စ၊ ရုဓအစရှိကုန်သောဓာတ်တို့လည်းကောင်း။ ဒိဝါဒီ စ၊ ဒိဝုအစရှိကုန်သောဓာတ်တို့လည်းကောင်း။ သွာဒယော စ၊ သု–အစရှိကုန်သော ဓာတ်တို့လည်းကောင်း။ စုရာဒီ စ၊ စုရအစရှိကုန်သောဓာတ်တို့လည်းကောင်း။ ဣတိ–ဣမိနာပဘေဒေန၊ ဤသို့သောအပြားအားဖြင့်။ ဂဏာ၊ ဂိုဏ်းတို့သည်။ သတ္တဓာ၊ ခုနစ်ပါးအပြား ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဓာတဝေါ၊ ဓာတ်တို့သည်။ အနေကတ္ထာဟိ၊ အနေကတ္ထာဝေ၊ တပါးမက များသောအနက်ရှိကုန်သည်သာလျှင်တည်း။ ကြိယာဝါစိတ္တံ၊ ကြိယာကိုဟောသည် ၏အဖြစ်ကို။ အက္ခာတုံ၊ ကြားအံ့သောငှာ။ ဗဟု၊ များသောအားဖြင့်။ ကေကတ္တော၊ တစ်ခုတစ်ခုသောအနက်ကို။ ဥဒိတော၊ ထုတ်ဆိုအပ်၏။ ပယောဂတော၊ ပြယုဂ်ကို

အစ ဦးလျောက်သောအားဖြင့်။ အနုဂန္တဗ္ဗာ၊ ဉာဏ်ဖြင့်သက်ဝင်၍သိအပ်ကုန်၏။

ဓီမတာ၊ ပညာရှိသော။ သီလဝံသေန၊ သီလဝံသနာမပေါ်ထင်ဆရာတော်သည်။ မန္တပဒ္ဒိနံ၊ အသက်နှင့်ဉာဏ်နှစ်တန်နည်းငယ်သော သဘောရှိကုန်သောသူတို့၏။ ဟိတာယ၊ အစီးအပွားအလို့ငှာ။ ဗျတ္တံ၊ ထင်ရှားစွာ။ လဟု၊ ဂါထာဗန္ဓ အက္ခရာအစဉ်အားဖြင့် သေးငယ်သော။ ဓာတုမဉ္ဇူသာ၊ ဓာတုမဉ္ဇူသာကျမ်းကို။ ဝဏ္ဏက္ကမာ၊ က–ခ–စသောအက္ခရာအစဉ်အားဖြင့်။ ရစိတံ၊ စီရင်အပ်၏။

သဒ္ဒမ္မပကော်ရုပာရာဇဟံသော၊ သူတော်ကောင်းတရားတည်းဟူသော ပဒုမ္မာကြာပန်းတို့၏ ပေါက်ရောက်ရာသာသနာတည်းဟူသော ကန်တော်ကြီး၌ ပျော်မြူးသွားလာကျက်စားရာရှိသော ရွှေဟင်္သာမင်းနှင့်လည်းတူထသော။ အာသိဒ္ဓ မ္မဋ္ဌီတိ၊ တောင့်တအပ်သောတရားတော်၏ တည်ခြင်းရှိထသော။ ဝါ၊ သူတော်ကောင်းတို့၏ ဥစ္စာဖြစ်သောတရားတော်မြတ်၏ ကာလမြင့်ရှည်ကြာစိမ့်သောငှာ လွန်စွာတောင့်တခြင်းရှိထသော။ သီလဝံသော၊ သီလဝံသအမည်ရှိသော။ ယက္ခဒ္ဒ လေဏာက္ခုနိဝါသဝါသီ၊ ယက္ခဒ္ဒလေဏာမည်သောကျောင်းတိုက်၌ သီတင်းသုံးနေ ထိုင်လေ့ရှိသော။ သောအယံယတိဿရော၊ ထိုရဟန်းအပေါင်းတို့၏ အကြီးအမှူး ဦးစီးနာယကဖြစ်သော သံဃရာဇာမဟာထေရ်မြတ်ကြီးသည်။ ဣဒံပကရဏံ၊ ဤဓာတုမဉ္ဇူသာကျမ်းကို။ အကာသိ၊ ပြုတော်မူပြီ။ ဟူ၍ အနက်ယောဇနာတော်မူခဲ့လေသည်။

## ကေက္ခရကောသလက်ာ

ဆရာတော်သည် ကေက္ခရကောသလင်္ကာကိုလည်း ဥဒါဟရဏ်များဖြင့် တန်ဆာဆင်၍ပြုစီရင်တော်မူခဲ့လေသည်။ ပုံစံပြရလျှင် အ–အနက်ကို–
"ကြီး၊ သော၊ တူ၊ မြစ်၊ တပါးလုစ်ဖွယ် နည်းငယ်ပိဿနိုး တမျိုးနိန္ဒ သုညဆန့်ကျင် ကင်းအင်ပဒ ပူရဏဒွါဒအဟောလာ" –

၁။ ဝုဒ္ဓိယံ အသေခါ ဓမ္မတျာဒိ၊

၂။ တဗ္ဘာဝေ အနဝဇ္ဇံ အရိဋ္ဌတျာဒိ၊

၃။ သဒိသေ အပနုသော်တျာဒိ၊

၄။ နိသေဓေ အကတ္တာတျာဒိ၊
၅။ အညေ့ အဗျာကထာ ဓမ္မာတျာဒိ၊
၆။ အပဂေ အနုဒရာကညာတျာဒိ၊
၇။ အဇသာခါတေ ဝိသဏုမှိအယေ နတ္တာတျာဒိ၊
၈။ နိန္ဒာယံ အရာဇာတျာဒိ၊
၉။ သုညေ့ အဘာဝေါ အဘိက္ခုနကော အာဝါသောတျာဒိ၊
၁၀။ ဝိရုဒ္ဓေ အကုသလဓမ္မာတျာဒိ၊
၁၁။ ဝိရဟေ အပုတ္တကံ သာပတေယျံတျာဒိ–ဟု ပြဆိုတော်မူသည်။ ယင်းကေက္ခရကောသလက်ာသည် ကရောင်း ၁၆–ချိုး စာမျက်နှာ ၅၁–မျက်နှာရှိလေသည်။

## သီမာသာရ ဝိနိစ္ဆယကဗျာလင်္ကာ

ဆရာတော်သည် ဝိနည်းအဋ္ဌကထာဋီကာကျမ်းတို့မှ ထုတ်နှုတ်၍ သီမာသာရ ဝိနိစ္ဆယကဗျာလင်္ကာကို ပြုစီရင်တော်မူခဲ့လေသည်။ ယင်းမှာ –

တော,ရွာ,မြစ်,ပင်၊ အိုင်တခွင်၊ ထို့ပြင်– ဗဒ်,သတ်,ဥ။
ရှေ့ငါးလုံးမှာ နိဿယာ နောက်မှာနိဿိရှု။
မှီရာခြင်းမှာ စပ်ရှက်ရာ ဘယာကင်းကွာမှု။
နိဿိခြင်းခြင်း မကင်းတပါး မှီရာခြား စပ်ငြားအပြစ်ရှု။
သဘောမှီရာ တူသောခါ ကင်းကွာဒေါသရှု။
မတူခြင်းခြင်း စပ်တုံလျှင်း မကင်းအပြစ်ရှု။
သဘောတူက သစ်ခက်ကျ ကိုင်းကသိမ်းယူမှု။
မတူရာက ဤသို့ကျ ရှိကကုန်သိမ်းမှု။
မထည့်သစ်ခက် ကိုင်သောလက် ဆက်တက်သိမ်းယူမှု။
ဗဒ္ဓနှစ်မှတ် ဗဒ်,သတ်,မြစ်,ပင်၊ အိုင်တခွင် ဥ–လျှင်ခြောက်လုံးပြု။
သတ်နှသတ်ပါ မြစ်,ပင်,ရွာ၊ အိုင်ပါ, ဗဒ် ဥ–ပြု။
ဥနှင့်ထောက်မူ ဗဒ်,သတ်,ဥ၊ မှတ်ရှုတောရွာပြု။
မှီအပ်မှီတတ် မတူလတ် မစပ်ဝိသဘာဂ။
ဝိသဘာဂ သိမ်သီမ ပြီးထနိုင်ဘွိတာ။

**ဝိသဘာဂပြီး၏ ။**

မြစ်,ပင်,အိုင်မှာ၊ ဥနှင့်သာ၊ တူလာသဘာဂ။
တော,ရွာနှင့်ဗဒ်၊ တောနှင့်သတ်၊ မိန့်လတ်သဘာဂ။
တော ,ရွာ,မြစ်,ပင်၊ အိုင်နှင့်လျှင်၊ တူခြင်သဘာဂ။
သဘောတူကြ သိမ်သိမ ပြီးထနိုင်ဗွိတာ။

**သဘာဂပြီး၏။**

-----o-----

နယ်သီးပြုရာ ပဋ္ဌာနာ ခွန်မှာအပဋ္ဌာန်။
မင်းမှူးမတ်ကား ပေးသည်များ သီးခြားဂါမမှန်။
ခွန်ပေးနယ်ပေး ဤနှစ်ရေး မတွေးဝိသုံမှန်။
မင်းကမင်းအား ပေးရောင်းစား ရွာကြားတို့တူမှန်။

**ဝိသုံဂါမပြီး၏။**

-----o-----

တောင်,ကျောက်,တော,ရက်၊ မဂ္ဂထုတ်ပြ၊
ဝမ္မ,နဒီ ရေသီနောက်ဆုံး ဤရှစ်လုံး မိန့်သုံးနိမိတ္တံ။ ဟူ၍ဖြစ်သည်။

## နိပါတတ္ထဝိဘာဝိနီ

ဆရာတော်သည် ဟိ,စ,ပန– အစရှိသော နိပါတ်ပုဒ်တို့၏အနက်များကို နိပါတတ္ထဝိဘာဝိနီအမည်ဖြင့် စနစ်တကျ ရေးသား စီရင်တော်မူခဲ့လေသည်။

## တပ္ပါကဋီကရဏ

ဟိ–တပ္ပါကဋီကရောမိ၊ မူလဝါကျ လီနတ္ထကြောင့် ဒွိဟမကင်း ဗျတိလျဉ်းရာ ထင်စွာခွဲဝေ ပြဆိုပေအံ့ ––– က္လတိ၊ ဤသို့၊ တံ၊ ထိုမူလဝါကျ လီနတ္ထကြောင့် ဒွိဟကင်းအောင် ထင်စွာဆောင်ကြောင်းဖြစ်သောစကားကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ စသည်ဖြင့် ရေးသားတော်မူခဲ့လေသည်။ ယင်းသည် ကရောင်း ၁၆–ချိုး စာမျက်နှာ ၂၀–ရှိပေသည်။

## ထပနာဒိပဥ္စကဆက္ကပဒီပ

ဆရာတော်သည် ထပနာဒိပဥ္စကဆက္ကပဒီပကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ စံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿနစသည့် စာချပုဂ္ဂိုလ်မြတ်တို့၏ ပြောနေကျ စာချနည်းဖြစ်သည်။ အတ္တုပ္ပတ္တိနောက်ဆက်တွဲ ကြည့်ပါ။

## ဝိသေသနာဒိသမ္ဗန္ဓပဒီပ

ဝိသေသနာဒိသမ္ဗန္ဓပဒီပခေါ်စာစပ်ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းမှာလည်း မဟာဇောတိကာရာမစံကျောင်းတိုက် စာစပ်နည်းဖြစ်လေသည်။ အတ္တုပ္ပတ္တိနောက်ဆက်တွဲ ဆက်လက်ကြည့်ရှုရာ၏။

ဤသို့စသည်ဖြင့် သောတုဇနဟိတကာရီ တစ်ကျမ်းလုံးသည်လည်း မဟာဇောတိကာရာမစံကျောင်းတိုက် စာချနည်းဖြစ်လေသည်။ ကျမ်း၏အဆုံး၌လည်း–

၁။ သုတော ဝိယ နဘော စန္ဒော၊ ဥဒိတာဒိစ္စဗန္ဓုနော။
မုနိနောရသပုဂ္ဂတ္တာ ယော၊ စန္ဒမဥ္ဇူသနာမကော။

၂။ အာဂတေနဿ ဝံသမှာ၊ အာဒိစ္စရံသိနာ ကတော။
ဟိတတ္ထမေဝ သောတူနံ၊ ဂန္ထံ နယမုတ္တမံ။

၃။ အကိစ္စေန သံကမိုယ၊ တဿ နိဋ္ဌံ ယထာဂတံ။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ တထာ ပါဏိနမုတ္တမာ။

၄။ ပုညေန တေန အမတံ၊ သီဃံ ပပ္ပေါမိ ပတ္တတံ။
သံသာရစက္ကဝိဒ္ဓံသံ၊ အစ္စန္တသုခမုတ္တမန္တိ။

နဘော၊ ကောင်းကင်၌။ ဝံ၊ ဘေးဘျမ်းကင်းရာ ဗိလာဗဟို လေညိုဖြတ်သန်း တိမ်ညိုတန်းရာ အဇ္ဈာ၌။ စန္ဒော၊ လသည်။ ဝံ၊ ကလာပြည့်ဖြိုး ဆင့်ဆင့်တိုး၍ လေးဆယ့်ကိုးယူဇနာ ရောင်ဝါရွှန်းရွှန်း လပြည့်ဝန်းသည်။ သုတောဝိယ၊ ဆီးနှင်းမြူ တိမ် သူရိန်မီးခိုး ညစ်မျိုးငါးအင် ကင်းပစင်၍ အလွန်လျှင်ထင်ပေါ် ကျော်စောသကဲ့သို့။ သာသနေ၊ နိယျာနိက ပရိယတ္တိဓမ္မသာသနာတော်၌။ သုတော၊ မာတင်မုန်

သောက် တန်ခိုးတောက်လျက် နှစ်ယောက်မမြင် စွယ်စုံရှင်ဖြစ်၍ ထင်ပေါ်ကျော်စော ထသော။ ဥဒိတာဒိစ္စပဏ္ဍိုနော၊ ဥဒည်တောင်ထိပ်မှ တက်ကြွကူးသန်းကြွန်နိုန်နန်း၌ စံမြန်းလတ်၍ သဟာသရောင်ခြည်တစ်ထောင်ဖြင့် မိုက်မှောင်ပယ်ရှင်း ထိန်ထိန်ဝင်း သော ရှင်နေမင်း၏အဆွေတမူ ဖြစ်တော်မူသော။ မုနိနော၊ ခပ်သိမ်းဥဿုံ အလုံးစုံ သိတော်မူတတ်သော မြတ်စွာဘုရား၏။ ဩရသပုတ္တော၊ ရွှေရင်တော်နှစ် သားတော် စစ်လည်းရှိထသော။ ဝါ၊ လရောင်ပမာ အေးချမ်းသာလျက် သာယာနာဖွယ် တင့်တယ်ကောင်းမြတ် လျောက်ပတ်သော စကားရှိသည်၏အဖြစ်ကြောင့် "စန္ဒမဥ္ဇူ"ဟူသော သညာပြန့်ပြူး မိမိအမည်ထူးလည်းရှိထသော။ ယောထေရော၊ အကြင်ပဌမဘုန့်ပါ ဆရာတော် မဟာထေရ်သည်။ သာသနံ၊ ပရိယတ္တိသာသနာ တော်မြတ်ကို။ ဇောတေသိ၊ ထွန်းလင်းတောက်ပစေပြီ။

အဿ၊ ထိုသို့ဆိုအပ်ပြီးသော သကတ်ကျေးဇူးဂုဏ်အထူးတို့ဖြင့် ချီးကျူးရ သော ပဌမဘုန့်ပါဆရာတော်၏။ ဝံသမှာ၊ ဆင့်ဆင့်ဆက်သွယ် အနွယ်တော်မှ။ ဝါ၊ ဝံသစဥ်လာဘုန့်ပါအစ အနန္တရ ပစ္စယဖြင့် သုဒ္ဓပြန့်လှိုင်း ရှစ်ဆက်နိုင်း၍ မိုင်းခိုင်းတွင်ခေါ် ဆရာတော်မှ။ အာဂတေန၊ ဂရုပဒေသ ကျနမှန်စွာ ဆောင်ရွက်လာ သော။ ဝါ၊ ပရမ္ပရာဘတနိဿယကို ပဌမမြောက် လက်ရကောက်၍ ထွန်းတောက်ဝေ ဆာ သာသနာတော်၌ ဓမ္မာစရိယ ကျော်ကိတ္တိဖြင့် နှံ့သိကြေညာ ဂုဏ်ပေါင်းဖြာ လျှက် ကိုးဆက်မြောက်လာသော။ အာဒိစ္စရံသီ သညီရွှန်းစို ထေရ်ပုဂ္ဂိုလ်သည်။ ဝါ၊ ဖလ်ရောက်ရှိနိပြင်း လေးကျွန်းလင်းသော ရှင်နေမင်း၏ ထိန်လင်းတောက် လောင် ရဲရဲပြောင်၍ နေရောင်တမူ အလားတူသော ပညာရောင်ဟိတ် ဂုဏ်နိမိတ် ကြောင့် အာဒိစ္စရံသီဟု ဆရာမြတ်တို့ ခေါ်ဝေါ်ပညတ်သမုတ်အပ်သော ငါသည်။ သောတူနံ၊ စာသင်ပျိုနု အခြေပြုတို့၏။ ဟိတတ္ထမေဝ၊ အစီးအပွားအကျိုးငှာသာ လျှင်။ ဝါ၊ သတ္တမမြောက် အာဘော်ပေါက်၍ တတ်မြောက်ထိုးထွင်း သိမြင်ခြင်းအ ကျိုးငှာသာလျှင်။ ဂရုနံ၊ ဆရာသခင်ကျေးဇူးရှင်တို့၏။ ဥတ္တမံ၊ မြတ်သော။ နယံ၊ သဒ္ဒနယ အတ္ထနယစသောနည်းကို။ အက်ိစ္စေန၊ မငြိုမငြင် မပင်မပန်းသဖြင့်။ သံကမိယ၊ ကောင်းစွာသိမ်းကျုံး ပေါင်းရုံးစုဆောင်း၍။ ဂန္ထော၊ သောတုဇနဟိတ ကာရီအမည်တွင်ဆန်း ဤသည့်ကျမ်းကို။ ကတော၊ ကောင်းစွာစီရင် ပြုပြင်အပ်ပြီ။ တဿ၊ ထိုသောတုဇနဟိတကာရီမည်သောကျမ်း၏။ အက်ိစ္စေန၊ မငြိုမငြင်မပင်

မပန်းသဖြင့်။ နိဋ္ဌ၊ ပြီးဆုံးခြင်းသို့။ ဂတံယထာ၊ စင်စစ်မသွေ ရောက်လေဘိသကဲ့သို့။ တထာ၊ ထို့အတူ။ ပါဏိနံ၊ သတ္တဝါတို့၏။ သဗ္ဗေ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ ဥတ္တမာ၊ မြတ်ကုန်သော။ သက်ပွါ၊ လောကီလောကုတ် မယုတ်ဖွံ့ဖြိုး ကောင်းကျိုး ချမ်းသာ ကျင့်အာစာဖြင့် ခေမာနန်းရောက် လမ်းအဆုံးပေါက်အောင် ကောင်းကျိုး ဆောင်ကြောင်းဖြစ်သော အကြံအစည်တို့သည်။ အကိစ္ဆေန၊ မငြိုမငြင် မပင်မပန်း သဖြင့်။ ပူရေန္တု၊ မြစ်ရေလျှံလျှမ်း တင်းကြမ်းပမာ ပြည့်ပါစေကုန်သတည်း။

အဟံ၊ ငါသည်။ တေဇပညေန၊ ဤသောတုဇနှဟိတကာရီအမည်ရှိသော ကျမ်းကိုစီရင်ပေါင်းစုအပ်သောကောင်းမှုကံကြောင့်။ သံသာရစက္ကဝိဒ္ဓံသံ၊ ဖန်ဖန်ဆင်း ရဲဂယက်ဝဲ၌ အမြဲမတည်ကြွင်လည်ကြောင်းဖြစ်သော အဝိဇ္ဇာစသောစက်အကန့်ကို ဖျက်ဆီးရာဖြစ်သော။ အစ္စန္တသုခံ၊ စင်စစ်ချမ်းသာရာဖြစ်သော။ ဝါ၊ ကာမသုခစသည် မဖက်သက်သက်ချမ်းသာရာဖြစ်သော။ ဝါ၊ ချမ်းသာတကာတို့ထက် ဆတက်လွန် မြောက် အဆုံးရောက်အောင် ချမ်းသာရာဖြစ်သော။ ဥတ္တမံ၊ မြတ်သော။ အမတံ၊ သေခြင်းကင်းရာ ခေမာအမတသိဝအောင်ခန်း နိဗ္ဗာန်နန်းသို့။ ပတ္တိတံ၊ ရည်မှန်း တောင့်တအပ်သည့်အတိုင်း။ သီဃံ၊ ဆောလျှင်မြန်စွာ။ ပပ္ပေါမိ၊ ရောက်ရပါလို၏။ က္လတိ၊ ဤသည်လျှင်နိဂုံးခါးပတ်အပြီးသတ်တည်း။

ဟူသော ၄-ဂါထာပါဠိနိဿယဖြင့် မိမိအနွယ်အဆက် ကျမ်းပြုပုံအခြင်း အရာတောင့်တချက် ဆုတောင်းစသည်ကိုဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

ယင်းသောတုဇနှဟိတကာရီကျမ်းကို ၁၂၉၅-ခုနှစ်၊ ဝါခေါင်လတွင် ရန်ကုန် မြို့ ဇမ္ဗူမိတ်ဆွေပုံနှိပ်တိုက်က ရိုက်နှိပ်ခဲ့ရာ ကရောင်း ၁၆-ချိုးဆိုက်ဖြင့် ၂၅၂- မျက်နှာရှိလေသည်။ ယင်းကျမ်း၏အတွင်းအပြင်မျက်နှာဖုံး၌ "မန္တလေးမြို့တောင်ပြင် အရှင်အာဒိစ္စာဘိဝံသအမည်ရှိသော ရွှေရေးဆောင် ဆရာတော်ဘုရားကြီး ဦးကြည် သည် သဒ္ဒါအရာ လိမ္မာမြင်သိ အခြေခံမိမိဖြင့် ထိထိရောက်ရောက်တတ်မြောက် စေလိုသော သမ္မာဆန္ဒဖြင့် ကျနစွာစီရင်တော်မူအပ်သော သောတုဇနှဟိတကာရီ" ဟု ပါရှိလေသည်။

သောတုဇနပဟိတကာရီ–ဂန္ထော သုဝိညျမာနိတော။
ရစိတော ထေရသေဋ္ဌေန၊ အာဒိစ္စရံသိဝိညုနာ။

## ဟာရကောက်လက်ာ

ဆရာတော်သည် နေတ္တိပါဠိအဋ္ဌကထာ ဋီကာကို အကြိမ်ကြိမ်ချပို့တော်မူယင်း နေတ္တိဟာရကောက်လက်ာကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။

## သုဗောဓဓာတကဗေဒင်ကျမ်း

ဆရာတော်သည် လောကီလောကုတ်စွယ်စုံကျမ်းဂန်တတ်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။ သို့ဖြစ်၍ ဗေဒင်လိုက်စားသူများအတွက် သုဗောဓဓာတကဗေဒင်ကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။

## ဘေဒစိန္တာဋီကာနိဿယ

ဆရာတော်သည် သက်တော် ၆၃–နှစ်၊ သိက္ခာတော် ၄၄–ဝါရ စာပေကျမ်းဂန်များချပို့ယင်း သဒ္ဒတ္ထဘေဒစိန္တာစာကိုယ်နှင့် ဋီကာဟောင်းဒီပနီအားဖြင့် ၃–ကျမ်းကို သုတ်သင်ပြင်ဆင် တည်းဖြတ်တော်မူခဲ့လေသည်။ ယင်းသို့ သုတ်သင်ပြင်ဆင်ယင်း သဒ္ဒတ္ထဘေဒစိန္တာဋီကာဟောင်း၏ မိရာအတ္ထနိဿယကိုလည်း ပြုစီရင် တော်မူခဲ့လေသည်။ ဆရာတော်ကား များစွာအလုပ်လုပ်သည့် ပုဂ္ဂိုလ်မြတ်ဖြစ် တော်မူသည်။

## ကျမ်းစာများ သုတ်သင်ပြင်ဆင်ခြင်း

ဆရာတော်အရှင်အာဒိစ္စရံသီသည် ကျမ်းဂန်များစွာတို့ကိုလည်း သုတ်သင်ပြင်ဆင်တော်မူခဲ့လေသည်။ ဆရာတော်သုတ်သင်သည့်ကျမ်းများမှာ –

၁။ သဒ္ဒတ္ထဘေဒစိန္တာ စာကိုယ်နှင့်ဋီကာဟောင်းဒီပနီ ၃–တွဲ
၂။ မဟာဝါဂတ္ထိကျမ်း – စသည်တို့ ဖြစ်ကုန်သည်။

ဖော်ပြပါကျမ်းများအနက် သဒ္ဒတ္ထဘေဒစိန္တာစာကိုယ်နှင့်ဋီကာဟောင်းဒီပနီ ၃–ကျမ်းတွဲကိုလည်း ပြင်ဆင်သုတ်သင်၍ ၁၂၈၃–ခုနှစ်၊ နယုန်လပြည့်ကျော်

၉–ရက်နေ့တွင် မန္တလေးမြို့၊ သုပြဟ္မဝံသ ပုံနှိပ်တိုက်၌ရိုက်နှိပ်ခဲ့လေသည်။ ယင်းကျမ်း၏ နိဒါန်းအကြောင်းအရာပြည့်စုံစွာ အောက်ပါအတိုင်း ဖော်ပြခဲ့လေသည်။

သုံးလူ့ထွတ်ချာ သာသနာ၏တည်ရာဌာန ရာဇဂဟဝေသာလီပါဋ္ဌလိပုတ္တသိရိခေတ္တ ပုဂံတောင်ယံ မြင်းစိုင်းစစ်ကိုင်း ပန်းယအင်းဝရွှေဘို ရန်ဖြိုအမရ မန္တလရတနာပုံ ရောင်စုံဝင်းဝါ သာသနာတော်ထွန်းလင်းဆဲအခါဝယ် သာသနသောဓကသာသနဝေပုလ္လသာသနဝိရုဠ္ဟဖြစ်တော်မူကြသော အရှင်မြတ်တို့တွင် ဇမ္ဗူဒိပ်ကျွန်းတမ္ပဒီပတိုင်း ခွန်လှိုင်းသရာ အရိမဒ္ဒနာမည်သော ပုဂံမြို့တူရွှန်းခြေရှာလျှင် ဖွားရာဇာတိရှိသော သီတင်းသည်သား အရှင်သဒ္ဓမ္မသိရီမဟာထေရ်သည် သဒ္ဒတ္ထဘေဒစိန္တာကျမ်းရင်းနှင့် ဗေဒင်ဗြို့ဟာဇ်ကျမ်းနိဿယကို စီရင်တော်မူခဲ့လေသည်။ ၎င်းပုဂံမြို့ရွှေဂူကျောင်းနေ အရှင်တိပိဋကဓရ အဘယ▬မထေရ်သည်လည်း သဒ္ဒတ္ထဘေဒစိန္တာဋီကာဟောင်းကို သာရတ္ထသင်္ဂဟဋီကာဟူသောအမည်ဖြင့် ပြုစုတော်မူခဲ့လေသည်။

စလင်းမြို့ ရွှေဂူကျောင်းတိုက်၌ သီတင်းသုံးနေသော အရှင်ဝိစိတ္တာလင်္ကာရမဟာထေရ်သည်လည်း သဒ္ဒတ္ထဘေဒစိန္တာဒီပနီကျမ်းကို သက္ကရာဇ် ၇၂၄–ခုနှစ်တွင် စီရင်တော်မူခဲ့လေသည်။ ယင်းကဲ့သို့သော သဒ္ဒတ္ထဘေဒစိန္တာကျမ်းရင်း၊ ဋီကာ၊ ဒီပနီများကို စာချအရှင်ပုဂ္ဂိုလ်ထိုထိုယုဝ သောတုဇနတို့မှာ အမှီတံကဲသဟဲငြမ်းပြုကြရာနှစ်ပေါင်း ၅၆ဝ–ကျော်ကာလရှည်ကြာ၍ ဋီကာဟောင်းကျမ်းမှာ ပညာရှင်တို့ပြင်ဆင်သုတ်သင်ခြင်းကင်းသဖြင့် တပိုင်းတစ သဒ္ဒနယ အတ္ထနယ အဓိပ္ပါယတ္ထကျန မရှိချွတ်ယွင်းပျက်ပြား ပညဝန်အများတို့မှတ်သားကြည့်ရှုရန် လွန်စွာခဲခက်မူရင်း မူဟောင်းပျက်လျက် ကွယ်ပျောက် တိမ်မြုပ်တော့မည်မတတ်ရှိရာတွင် ဝေဘူလကျောက်မျက်ပုံကို ဂူမှာန်နှိပ်နှင်း၍ ထုတ်ယူခြင်းပြုဘူးသော နတ်မှူးပုဏ္ဏက ပမာဏသို့ ယခုအခါ မန္တလေးနဂရ ဒက္ခိဏတောင်မျက်နှာ မြတ်မုနိမဟာ၏အာရာမအနီး ရွှေရေးဆောင်တိုက်ကြီး၌ ယာပထလေးလီ မျှတညီလျှက် ပါဠိအဋ္ဌကထာ ဋီကာလက်သန်း, ဆန်းအလင်္ကာ, သဒ္ဒါအဘိဓာန်, မောဂ္ဂလာန်ဗျာကရဏ်းကျမ်း အလုံးစုံကို စဆုံးမကျန် အတန်တန်အဝဝ သဒ္ဒနယ အတ္ထနယ အဓိပ္ပါယတ္ထ ဝါကျတ္ထ ဝါကျဆေက ဝါကျာဓိပ္ပါယတ္ထ စသည်အပြား နည်းအများတို့ကို တပည့်များစွာ ပေါင်းသိဿာတို့အား နေ့စဉ် ပို့ချလျှက်နေတော်မူသော

လင်္ကာပေသလ သိက္ခာကာမ သုတရေ သုတသန္နိစယ အာဂတာဂမဓမ္မရေ ဝိနယဓရေ ဗျတ္တိဗလ သတ္တိဉာဏ ကလျာဏာဝါဒီ မနာပဝါစီ–ဟူသော ဂုဏ်အပေါင်းတို့ဖြင့် နိုင်ငံမဆန့် ပျံ့နှံ့ပြည့်စုံ၍ နေလအသွင် ထင်ပေါ်ကျော်စောတော်မူသော သက်တော် ၆၃–နှစ်၊ သိက္ခာတော် ၄၄–ဝါရှိတော်မူသော ဓမ္မာစရိယဓမ္မဝါစက အာဒိစ္စရံသီ ဘိဝံသအမည်ရသော ရွှေရေးဆောင် တိုက်အုပ်ဆရာတော်ဘုရားကြီး ဦးကြည် သည် သာသနာတော်ကျမ်း အစောင်စောင်တို့နှင့် တိုက်ဆိုင်ကြည့်ရှုပြီးလျှင် အထူးနက်နဲ တိမ်မြုပ်သောအရာတို့၌ လောကီသက္ကတဆိုင်ရာ မဟာဗာသျှတ်ကျမ်း ဝါကျ ပဒီပကျမ်း၊ သိဒ္ဓန္တကောမုဒီကျမ်း၊ ကာတန္တကျမ်းစသော ကျမ်းကြီးအမျိုးမျိုး ထိုကျမ်းကြီးအမျိုးမျိုးတို့၏ အဖွင့်ဋီကာ အစောင်စောင်တို့နှင့် အသင့်ညီညွတ်စွာ အထပ်ထပ်သုတ်သင်ပြုပြင်ပြီးစီး လျက်ရှိသော ဤသဒ္ဒတ္ထဘေဒ စိန္တာဋီကာကျမ်းကို ၎င်းဆရာတော်ဘုရားကြီး ပို့ချတော်မူမည်ဖြစ်၍ နောက်သား နောက်လာ တပည့် သံဃာပေါင်းများစွာတို့ ကိုယ်စီကိုယ်ငှ လေ့လာကြည့်ရှုတော်မူကြသဖြင့် –

သဒ္ဒတ္ထလက္ခဏေ ဘေဒီ၊ ယောယော နိစ္ဆိတလက္ခဏော။
သောသော ဉာတုမကိစ္ဆေန၊ ပဟောတိ ပိဋကတ္တယေ။

ဟူသော ဘေစိန္တာကျမ်းနိဂုံးလာဂါထာနှင့်အညီ ပိဋကတ်သုံးပုံအလုံးစုံကို အကုန်မွှေ နှောက် ချောက်ချားတတ်မြောက်တော်မူကြရန် ရည်သန်တောင့်တလျက် အကျွန်ုပ် တို့ သုဗြဟ္မဝံသစာပုံနှိပ်တိုက်က ဆရာတော်ဘုရားကြီးအား လျှောက်ထားတောင်း ပန်ရာ မူပိုင်ချီးမြှောက်တော်မူသဖြင့် အထူးကောင်းသည်ထက်ကောင်းရန် အရှာ အယူ လွယ်ကူသည်ထက် လွယ်ကူရန်စီမံ၍ စာကိုယ်ဋီကာဒီပနီ ၃–ကျမ်းကို တစ်အုပ်တည်းပူးတွဲပြီးသော် ကျမ်းရင်း ၁–ဂါထာ၏ အဖွင့်ဋီကာဒီပနီတို့နှင့် တိုက်ဆိုင်လျှက် အစဉ်လိုက် အလွယ်တကူကြည့်ရှုစေရန် ဆိုင်ရာဆိုင်ရာ အခန်း ဂဏန်းအမှတ်အသားထားလျှက် သီးသန့် ခြားနားစွာ ရိုက်နှိပ်ပါကြောင်း။

ဤသည်လျှင် သဒ္ဒတ္ထဘေဒစိန္တာစာကိုယ်နှင့် ဋီကာဟောင်းဒီပနီ ၃–ကျမ်းတွဲ နိဒါန်းဖြစ်သည်။ ကျမ်းစာအတွင်းအပြင်မျက်နှာဖုံး၌လည်း – မန္တလေး မြို့တောင်ပြင် အာဒိစ္စရံသီဘိဝံသ အမည်တော်ရသော ရွှေရေးဆောင် တိုက်အုပ် ဆရာတော် ဘုရားကြီးဦးကြည်သည် သာသနာတော် ကျမ်းအစောင်စောင်တို့ဖြင့်

တိုက်ဆိုင်ကြည့်ရှုပြီး အထူးနက်နဲသောအရာတို့၌ လောကီသက္ကတဆိုင်ရာ မဟာဗာသျှတ်ကျမ်း၊ ဝါကျပဒီပယကျမ်း၊ သိဒ္ဓန္တကောမုဒီကျမ်း၊ ကာတန္တကျမ်း စသောကျမ်းကြီးအမျိုး မျိုးအဖွင့်ဋီကာအစောင်စောင်တို့ဖြင့် အထပ်ထပ်သုတ်သင်ပြီးလျှင် သဒ္ဒတ္ထဘေဒ စိန္တာစာကိုယ်နှင့် ၎င်းဋီကာပေါင်းဒီပနီကျမ်း ၃–စောင်တွဲတို့ကို အကျွန်ုပ်တို့ သုဓမ္မဝတီသတင်းစာပုံနှိပ်တိုက် မန္တလေးမြို့က မူပိုင်ရရှိသဖြင့် ၁၂၈၃–ခုနှစ်၊ နယုန်လပြည့်ကျော် ၉–ရက်နေ့တွင် စာအုပ်ရေ ၃၀၀၀–ပုံနှိပ်လုပ်ဆောင်ပြီးစီးပါကြောင်းဟူ၍ ပါရှိလေသည်။ ယင်းကျမ်းမှာ ရှိုင်ဆိုက်ဖြင့် ၂၉၅–မျက်နှာရှိလေသည်။

## မဟာဝါဂဏ္ဍိသစ်ကျမ်း

စလင်းဆရာတော်အရှင်ပဏ္ဍိစ္စ၏ မဟာဝါဂဏ္ဍိသစ်ကျမ်းကိုလည်း ဆရာတော်အရှင်အာဒိစ္စရံသီသည် သုတ်သင်ပြင်ဆင်၍ ၁၂၈၈–ခုနှစ်၊ ဝါခေါင်လက ပုံနှိပ်ထုတ်ဝေခဲ့လေသည်။ ယင်းကျမ်းစာမျက်နှာဖုံး၌– "သုဒဿနဝရဓမ္မသာမိမဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်နာမံတော် အလှူခံရသော စံကျောင်းဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်တော်မူသော စလင်းဆရာတော်ဦးပဏ္ဍိစ္စ အရှင်သူမြတ်သည် ဝိနယပါရဂူဖြစ်မြောက်လိုသူတို့အကျိုးငှာ အထူးထူးသော နည်းနယတို့ဖြင့် ဆန်းကြယ်စွာ ရေးသားဆုံးဖြတ်တော်မူအပ်သော စလင်းဝိနည်းမဟာဝါဂဏ္ဍိသစ်ကျမ်းကို စာချဆရာတော် ရွှေရေးဆောင်ဆရာတော်ကြီး ကြပ်ပြင်ဆင်သည်"စသည် ပါရှိလေသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဤသို့စသည်ဖြင့် ဘုရားမြတ်စွာ သာသနာတော်စည်ပင်ရန်အတွက် များစွာ အလုပ်လုပ်သော မဟာဇောတိကာရာမ စံကျောင်းတိုက်ထွက် ရွှေရေးဆောင်ဆရာတော်ဘုရားကြီး အရှင်အာဒိစ္စရံသီ(ဆရာတော်ဦးကြည်)သည် သက်တော် ၇၈–နှစ်၊ သိက္ခာဝါတော် ၅၈–ဝါရှိရာ သက္ကရာဇ် ၁၂၉၇–ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၄–ရက်၊ တနင်္ဂနွေနေ့၊ နံနက် ၇–နာရီ၊ မိနစ် ၂၀–အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

ဖလာနမိဝ ပက္ကာနံ၊ ပါတော ပတနတော ဘယံ။
ဧဝံ ဇာတာနမစ္စာနံ၊ နိစ္စံ မရဏတော ဘယံ[၁] ။

ပါတော၊ နံနက်စောစောကာလခါသမယ၌။ ပက္ကာနံ ဖလာနံ၊ မှည့်ရင့်ကုန်ပြီး သစ်သီးတို့၏။ ပတနတော၊ အညှာမခိုင်သဖြင့် ကြွေကျခြင်းမှ။ ဘယံ၊ ပူပန်ညှိုးမှိန် စိုးရိမ်ခြင်းသည်။ ဇာယတေဣဝ၊ ဖြစ်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ ဇာတာနံ မစ္စာနံ၊ ကမ္ဘာဝ အကြောင်းဆုံလစ် ဖြစ်လာကြုံလာ သတ္တဝါတို့အား။ နိစ္စံ၊ အမြဲနိစ္စ ထာဝရ။ မရဏတော၊ စုတိပြတ်ကြွေ သေလွန်ခြင်းမှ။ ဘယံ၊ ပူပန်ညှိုးမှိန် စိုးရိမ်ခြင်းသည်။ ဝါ၊ ကြောက်ဖွယ်သည်။ ဇာယတေ၊ ပုံသေမုချ ဖြစ်ရ၏[၂] ။

---

၁။ သုတ္တနိ။ ၃၇၁၊ (သလ္လသုတ်)။
၂။ မဏ္ဍလေး သာသနာဝင်-၁။ ၄၂၆-၄၄၆-လည်းကြည့်။

## မဟာဓောတိကာရာမစံကျောင်းတိုက်

# စာချုနည်း အချုပ်ပြစ်ကျောင်းနိယံ

---

## ၁– ဥဒ္ဒေသကဏ္ဍ

၁။ ဟိ–စ–ပန၊ နိပါတ၊ ဝါကျရှေ့၌တွင်။

၂။ ဟိ–နက်မှတ်သား၊ ထင်ရှားချဲ့မြဲ၊ နက်စွဲသုံးအင်၊ ရှေ့စကားနှင့်အတူပင်။

၃။ ကြောင်း, ကျိုး, ပြစ်လျှင်၊ ဤသုံးအင်၊ ရှေ့စကားနှင့်စပ်ရုံပင်။

၄။ ဆက်နက်–နှစ်ဘော်၊ ထူး,လျော်,ဆန့်ကျင်၊ ဤငါးအင်၊ ရှေ့စကားနှင့် နွှယ်ရုံပင်။

ဥဒ္ဒေသကဏ္ဍပြီး၏။

---

## ၂– နိဒ္ဒေသကဏ္ဍ

၅။ လီနတ်,ထင်ရှား၊ ငုပ်ကျဉ်းကားချဲ့၊ မခိုင်ခဲ့မြဲ၊ ကျိုးတည်းဝင်၊ သုံးဝဟိတ်မျိုး၊ လဒ္ဓကျိုး၊ ထွက်ရိုးစုဒ်ထုတ်တင်။

၆။ ပြတ်ပြီးခဲ့ရာ၊ ဆက်၍လာ၊ ဝါကျရမ္ဘပင်။

၇။ မပြတ်စပ်ခါ၊ ဆက်၍လာ၊ ဥပနျာသတွင်။

၈။ အပြစ်တင်ဘွယ်၊ ပယ်၍ခဲခက်၊ တချက်သာမန်၊ စုဒ်ထုတ်ပြန်၊ မိန့်ဟန် အထူးပင်။

၉။ အနက်ရောက်လျော်၊ နွှယခေါ်၊ ပြန်သော်ဗျတိတင်၊

၁၀။ ဟောတွေ့ဝံပြု၊ ဝေမပိ၊ အာသင်္ကီနောက်၊ ဟိတ်ရှိရောက်ပြန်၊ တတန်ယထွေ၊ နောက်ငါးထွေ၊ ထွက်လေအတူပင်။

နိဒ္ဒေသကဏ္ဍပြီး၏။

## ၃။ ပဋ္ဌိနိဒ္ဒေသကဏ္ဍ-တစ်ချက်သင့်

၁၁။ လီနတ်တဖြာ၊ ဥပမာနောက်၊ ဟိ-လျှင်ရောက်၊ နက်ကောက်ထင်ရှားခြင်း။

၁၂။ ကထံတတ္တ၊ ဟိတ်ပြနောက်မှာ၊ ဟိ-ရောက်လာ၊ ချဲ့ကာယူကြမင်း။

၁၃။ ထူးဆန်း၍တား၊ နှစ်ဆူပြား၍၊ လှုပ်ရှားမခိုင်၊ ရှေ့နက်ယိုင်၊ မြဲနိုင်ဒဠှီခင်း။

၁၄။ ယင်းဒဠှီပင်၊ ယုတ္တိတင်၊ စမ်းချင်မှန်မယွင်း။

၁၅။ ဝုတ္တဌေတ၊ အာဂမ၊ ယူကြဒဠှီရင်း။

၁၆။ ကိန္တိကသ္မာ၊ ထိုက်သင့်စွာ၊ ထည့်ခါအနက်သွင်း။

၁၇။ ဝက်တွနောက်၊ ဟိ-လျှင်ရောက်၊ ဟိတ်ထောက်သုံးပါးလင်း။

၁၈။ ဗျတိရေက၊ ဟိနှင့်ပြ၊ ဝက်ဥဇုရှင်း။

၁၉။ ဥဇုပြန်က၊ သဘာဝ၊ ဝက်ဗျတိရင်း။

၂၀။ သူ့အာဘော်ပြ၊ ကျိုးဝါကျ၊ ထုတ်ပြပယ်လေမင်း။

၂၁။ သူ့အာဘော်ကော်၊ ကိုယ့်အာဘော်၊ မေးသော်ထုတ်လေမင်း။

၂၂။ မူလီ,မူလ၊ နှစ်ဝဟိတ်မှာ၊ ဖိုလ်၌သာ၊ စပ်ပါကိုယ်စီချင်း။

၂၃။ သူကပယ်နိုင်၊ ဟိတ်သာကိုင်၊ မနိုင်ဒဠှီခင်း။

၂၄။ ဝေဠီမှာ၊ ကျိုး,ပြစ်ရှာ၊ လျော်စွာအနက်ခင်း။

### ပဋ္ဌိနိဒ္ဒေသကဏ္ဍ-တစ်ချက်သင့်ပြီး၏။

----------

(တစ်ချက်သင့်ဟုမှတ်၍ပြသောအရာကား။ ။ ဥပလက္ခဏနည်းမျှသာပြသည်။ အမြဲမဟုတ်တတ်ချေ။ အဘယ့်ကြောင့်နည်းဟူမူ။ မူလရင်းရှေ့ဝါကျ၌ စောဒကာ ဘောဂ ဝတ္ထုံဆွာနုပုဗ္ဗိက အားဖြင့်လှုပ်ရှားချောက်ချား၍ မခိုင်ယိုင်သင့်လေရကား ခပ်သိမ်းသော နောက်ဖြစ်သော အကူမူလီဝါကျတို့မှာ ယုတ္တိဒဠှီကရဏလည်း ဖြစ်သင့်သောကြောင့်တည်း။ ထို့ကြောင့် ယခုဆိုလတ္တံ့ သောကဗျာလင်္ကာအတိုင်း မှတ်ယူရာ၏။)

## ၄။ ပဋ္ဋိနိဒ္ဒေသကဏ္ဍ-နှစ်ချက်သင့်

၂၅။ လီနတ်,မခိုင်၊ မထင်ယိုင်၊ ပိုင်ပိုင်ထင်ရှားမြဲ။
၂၆။ ငုပ်ကျဉ်း,မခိုင်၊ မပေါ်ယိုင်၊ မြိုင်မြိုင်ချဲ့ယူမြဲ။
၂၇။ ကျိုးကောက်မခိုင်၊ ဟိတ်လိုယိုင်၊ မြစ်ကိုင်ဟိတ်ပေးမြဲ။
၂၈။ လဒ္ဓ,မခိုင်၊ ရှေ့ပါဋ္ဌယိုင်၊ ယူကိုင်ကျိုး,ပြစ်,မြဲ။

ပဋ္ဋိနိဒ္ဒေသကဏ္ဍ-နှစ်ချက်သင့်ပြီး၏။

---

## ၅။ ဟိစ-ပန-နိပါတကဏ္ဍ

၂၉။ စ-ပနမူ၊ ဟိနှင့်တူ၊ ထုတ်ယူနည်းတူစွာ။
၃၀။ ပန-ထူးကဲ၊ ကဲ့ရဲ့ချီးမွမ်း၊ အဘိဓ္မစွန်း၊ နက်ညွန်းအတူလာ။
၃၁။ ပန-စပ်ရာ၊ ယုတ်နည်းပါ၊ ဂရဟာ-မှတ်ယူရာ။
၃၂။ ယင်းသို့စပ်ရာ၊ များ,မြတ်ပါ၊ သမ္ဘာဝနာသာ။
၃၃။ ပေါင်းပြီး,စိတ်ပြ၊ နောက်ပက္ခ၊ ယူကြပက္ခန္တာ။
၃၄။ နိပါတ်ထွန်းပြ၊ နောက်ဝါကျ၊ ဒွိဟာဝတ္တိစွာ။
၃၅။ ယင်းသို့ဖြစ်လျှင်၊ ရှေ့-နောက်ပင်၊ ဆင်ခြင်ယူအပ်စွာ။
၃၆။ ရှေ့စကားကို၊ မှတ်သားကိုင်ခါ၊ ယဒိဖြာ၍၊ နောက်မှာ-ပန၊ အထကာသွာ၊ ကိန္တုဖြာ၊ မေးခါတက်အပ်စွာ။
၃၇။ လီနသက်ာ၊ ဗာဘိစာကြောင့်၊ ယသွာနောက်ပနရောက်၊ နက်ကောက်ထင်ရှားစွဲ။
၃၈။ ဟောတိစေတ္တ၊ စ-နက်ရ၊ သခေ်ပဟုစွဲ။
၃၉။ ဝေ-ကေဝလံ၊ နှစ်တန်ကပ်ရှိ၊ နိပါတ်-ဟိ၊ ယုတ္တိဒဋ္ဌိစွဲ။
၄၀။ တထာဟိမှာ၊ ဉာပကာ၊ ရုံခါချဲ့မြဲစွဲ။
၄၁။ စ-ပန,ဟု၊ တကွတက်ရာ။ စ-နက်မှာဆက်၊ ပနနက်၊ ထူးချက်မိပ္ပါယ်စွဲ။
၄၂။ ဝေ စ ဝါ၊ ပန ပါမူ၊ ကန့်ယူ-ဝေ၊ စ-ဝါ-မျှသာ၊ ဆည်းပေါင်းရာ၊ ပနာ-ထူးကြောင်းစွဲ။

၄၃။ နဟိ-တက်ရာ၊ ဟိ-နက်မှာ၊ ဟိတ်ပါ-ဒဋ္ဌီစွဲ။

၄၄။ မနုစ်သက်ရာ၊ ထပနာထား၍၊ နောက်စကားကို၊ ပယ်ရှားအာဘော်၊ ထားပြီး မသော်သာ၊ ပယ်ခါယုံမှား၊ ဤနှစ်ပါး၊ စုဒ်ထားနှလုံးစွဲ။

၄၅။ သစေ-က္လမ၊ နောက်ပန၊ ဝိသေသဟုစွဲ။

၄၆။ ယဒိ-နောက်မှ၊ နိပါတ်ပြ၊ လဒ္ဓဒေါသစွဲ။

၄၇။ ယင်းသို့စွဲရာ၊ သင်္ကာမေးချက်၊ အစွန်းထွက်၊ ရောက်ချက်ရှင်း၍ခွဲ။

၄၈။ အပြစ်ထုတ်ဆို၊ ပယ်လိုတံ့ဘိ၊ အယုတ္တိပြ၊ ဝေဠနောက်၊ သတိရောက်က၊ စ-နက်ရမှာ၊ ပါပနာဒိ၊ ယုတ္တိပြက၊ ကျိုးဖလ၊ ထောက်ဆလျော်စွာစွဲ။

၄၉။ စောဒကာဘောဂ၊ ထုတ်ဖော်ပြ၍၊ မူလပယ်ရာ၊ မပယ်သာဟု၊ အဖြေပြုရာ၊ အညထာနောက်၊ နိပါတ်ရောက်က၊ နက်စွဲရ၊ ဒေါသဗျတိစွဲ။

၅၀။ အညထာမှာ-န္တယာပါဒါန်၊ ခံပြန်တဝ၊ လက္ခဏာမှာ၊ အာဘောဂဖိုလ်၊ စွဲဆို စပ်ရို၊ အယုတ္တိမှန်၊ အကြောင်းလှန်ကော်၊ ကိုယ့်အာဘော်၊ ထုတ်ဘော်ပြ၍စွဲ။

၅၁။ ချင်း၏နောက်မှာ၊ ဟိ-တက်လာ၊ နှစ်ဖြာထင်ရှားမြဲ။

၅၂။ အယံ-ဧတ္တ၊ တာဝနောက်မှာ။ နိပါတ်ပါ၊ ဝါကျာရမ္ဘစွဲ။

၅၃။ တတောပရံနောက်၊ နိပါတ်ရောက်၊ နက်ထောက်အဘို့စွဲ။

၅၄။ ဗျူပ္ပတ်ဘွင့်ပြ၊ ရှေ့ဟိ-စ၊ ချဲ့ထ,ဟိတ်,ဆက်,မြဲ။

၅၅။ အဓိပ္ပါယော၊ အတ္ထော-နောက်တွင်၊ နိပါတ်မြင်၊ ချဲ့,ထင်,ဟိတ်,ဆက်,မြဲ။

၅၆။ အဓိဝစနံနောက်၊ ဟိ-လျှင်ရောက်၊ နက်ကောက်-ချဲ့,ထင်,မြဲ။

၅၇။ မြဲဟု-စဉ်စီ၊ ဆယ့်တစ်လီ၊ ဒဋ္ဌီအနက်စွဲ။

(ဤအလင်္ကာကား ဥပလက္ခဏမျှသာ။ ။ ထင်ရှားမှာဒုင်း၊ ထင်မှာဒုင်း၊ ထမှာဒုင်း တပ္ပါကဋ္ဌိကရဏာ။ ချဲ့မှာဝိတ္ထာရ။ ဆက်မှာဥပန္ယာသဝါကျာရမ္ဘ။ လဒ္ဓမှာနောက်စကား၌ ယုတ္တာယုတ္တိရှိ မရှိကိုချင့်ချိန်၍ လဒ္ဓဂုဏ်, လဒ္ဓဒေါသဟု ထိုက်သည့်အားလျော်စွာ မှတ်ယူရာ၏။)

၅၈။ ထင်ရှား,ချဲ့,မြဲ၊ ဟိတ်စွဲ,ကျိုး,ပြစ်၊ ဤခြောက်ဆစ်၊ ပြလှစ်ဟိသာ များ သတည်း။

၅၉။ ဆက်မြဲ,ထင်ရှား၊ ကျိုး,ပြစ်,ကား။ ပြငြား စ-ဝယ်များသတည်း။

၆၀။ ထူး ,ဆက်,သို့,ချဲ့၊ ကဲ့ရဲ့,ချီးမွမ်း၊ လျော်ညွှန်း,ဆန့်ကျင်,၊ နက်ရှစ်အင်၊ ထားချင် ပန-များသတည်း။

၆၁။ မနှစ်သက်၍၊ အချက်ပြလေးဖြာ၊ ထားသည်မှာတွင်၊ တစ်ပါးလျှင်၊ ယှူတင်ပြစ်ဒေါသ။

၆၂။ မနှစ်သက်ရာ၊ သိလိုခါ၊ ဆပါ-အာဘောဂ။

၆၃။ မနှစ်သက်ရာ၊ ထပနာမှု၊ နန-နောက်မှ၊ အထ,ကသ္မာ၊ ကန္တိ-ဖြာ၊ လျော်စွာ မေးလေကြ။

၆၄။ သဒ္ဒါတမျိုး။ ကြောင်းကျိုးအနက်၊ မနှစ်သက်၍၊ စုဒိတက်လေရာ၊ ကိဋ္ဌာပိငုံ၊ ပါဠိတိုင်ရုံ၊ တင်တုံစောဒက၊ အာဘော်ပြ။

၆၅။ အာဘော်ဟူရာ၊ အကြောင်းသာ၊ ပြန်ရာအရစ။

၆၆။ ထိုသို့ပြန်ရ၊ အရစ၊ မဟုတ်ရဟုသူပယ်စွ။

၆၇။ ကိဋ္ဌပိလှမ်း၊ တခြမ်းဝန်ခံ၊ ပယ်လှန်တဝ၊ ဖြေဘို့ပြ။

၆၈။ ဖြေဘို့ပြရာ-ထိုပုစ္ဆာ၊ ရှင်းကာလင်းအပ်စွ။

၆၉။ စောဒကာဘောဂ၊ အကြောင်းပြမှာ၊ ကျမ်းဆရာ၏ နုဂ္ဂဟာ ရှစ်နှစ်ပါးရှိ၊ ထိုက်သင့်သိအပ်စွ။

၇၀။ ပန-တထာ-အာဘော်သာ၊ စွဲပါ-ကေန္တ။

၇၁။ ပန-စပ်ရာ၊ ပုဒ်တို့မှာ၊ ကျမ်းဆရာ၏အဖြေလည်းရ၊ အာဘော်ပြ။

၇၂။ ချင်းကိုဟိတ်လှန်၊ အရင်းပြန်၊ စပ်ရန်-အန္ဒယ။

၇၃။ ပန-စပ်ရာ၊ ယုတ်နည်းပါ၊ ယှူရာအရှစ်။

၇၄။ ယင်းသို့စပ်ရာ၊ များမြွတ်ပါ၊ နုဂ္ဂဟာဟုသိ။

၇၅။ ပန-နုဂ္ဂဟာ၊ ထွန်းလေရာ၊ ကိဋ္ဌာအရှစ်။

၇၆။ ကိဋ္ဌာပိက၊ နုဂ္ဂဟ၊ ပန-အရှစ်။

၇၇။ သစေပိမှာ၊ သဒ္ဒါကြောင်း,ကျိုး၊ မမြွတ်နိုးစိမ့်၊ ဟုတ်လိမ့်နိုးနိုး၊ တမျိုးကပ်ခါ၊ မေးခဲ့ရာ၊ ပယ်ကာဖြေလေဘိ။

၇၈။ မနှစ်သက်ရာ၊ ထပနာမြွော်၍၊ အာဘော်ကိုသာ၊ ဟိတ်ပြင်ခါ၊ စပ်ရာအရှစ်၊ မေးလေဘိ။

၇၉။ အာဘော်ဝန်ခံ၊ အမေးလှန်-ဖြေပြန်-ဓဝံပိ။

၈၀။ အမြင်လွဲလှ၊ စောဒက၊ ထပနဖြေပြဘိ။
၈၁။ သူက–ကပ်ရန်၊ ကိုယ်ကလှန်လျှင်၊ သူကပင်၊ ပယ်နှင် အထာပိ။
၈၂။ သစေပိ–မျိုး၊ ကြောင်းကျိုးသဒ္ဒါ၊ ကိစ္စာပိမျိုး၊ နက်,ဟိတ်,ကျိုး၊ ထွက်ရိုးများ သတည်း။
၈၃။ ယဒိ–သစေ၊ အထ,စေမျိုး၊ ကြောင်း,ကျိုး–သဒ္ဒါ၊ တဖြာအနက်၊ မနှစ်သက်လှ ၊စောဒက၊ မေးရယုံမှားခြင်း။
၈၄။ အာဘော်ဟိတ်လှန်၊ မူလဌာန်၊ ပယ်လှန်မေးလေမင်း။
၈၅။ အရုစိလှန်၊ မူလဌာန်၊ မေးရန်ရှိတိုင်းလင်း။
၈၆။ သူယုံမှားရာ၊ ကိုယ်ကသာ၊ ဆကာလိုက်၍ရှင်း။
၈၇။ ရဲရဲအဖြေ၊ မဝံ့လေက၊ ဝေံသတိ၊ ဘော်ဘွယ်ရှိ၏၊ ယုတ္တိစမ်းခြင်း၊ မြဲစေမင်း။
၈၈။ အာဘော်ဝန်ခံ၊ အမေးလှန်ဘိ၊ အယုတ္တိ၊ ဝေံပိဟုခင်း။
၈၉။ ယင်းယုတ္တိနေ၊ ယဒိ–စေ–တို့၊ ဝင်လေတုံ့ရာ၊ နောက်အလာ၊ ပြန်ခါယုတ္တိသွင်း။
၉၀။ သစေ–ယဒိ၊ နောက်ရှိဝါကျ၊ အထတက်ကြား၊ ပိုင်းခြားနက်ပါ၊ အာသင်္ကာ၊ ထွန်းရာမှန်မယွင်း။
၉၁။ ယဒိသင်္ကာ၊ ရံတခါ၊ ဒေါသာ–ထွန်းလေမင်း။
၉၂။ မနှစ်သက်ရာ၊ ထပနာ၊ သင်္ကာ–မေးရခြင်း။
၉၃။ တနည်းမှတ်ရန်၊ အပြန်ယူရ၊ ဝေံသနှင့်၊ ကြံဆတဖြာ၊ သုံ့နက်မှာ၊ ထွန်းရာ မှန်မယွင်း။
၉၄။ အပြန်ယူရ၊ အာဘောဂတွင်၊ န–မြင်ပယ်ဘိ၊ မမြင်ထည့်ရန်၊ ဟိတ်လှန် ရှေ့စပ်၊ ချင်းဟိတ်ရပ်က၊ နှယ်ပြီးမှ၊ လျဉ်းကြံယုံမှားရင်း။
၉၅။ ဝေံသမှန်၊ ဟိန်လှန်ရှေ့ပယ်၊ လက္ခဏာ–ဆွယ်၊ မေးဘွယ်နှလုံးသွင်း။
၉၆။ ကြံဆခိုက်ပြ၊ ရှေ့ဝါကျဌာန်၊ သူဝန်ခံရာ၊ နှယ်ခါယုံမှား၊ မေးစကား၊ ထူး ခြားအဖြေခင်း။
၉၇။ ဧွသိယာ၊ စောဒကာ၊ နှစ်ဖြာသင်္က၊ ကျိုး,အတ္ထ။
၉၈။ ဧွဟာမှာ၊ စောဒကာ၊ နှစ်ဖြာလုံးပင်၊ မဟုတ်လျှင်ဟု၊ ပယ်ချင်စွ။

၉၉။ အပြစ်ထုတ်ဆို၊ ပြုလို၍သာ၊ သူမေးလာသော်၊ အာဘော်ဝှက်ရေး၊ ပြန်၍မေး၊ ထုတ်ရေးကိစ္စတ္တ။
၁၀၀။ ထွေ-နက်မှာ၊ သူမေးရာ၊ စွဲပါကေန္တ။
၁၀၁။ စွဲရာပုဒ်မှာ၊ စီစစ်ခါ၊ ဒေါသာသူကပြ။
၁၀၂။ ပယ်သည့်ခြင်းရာ၊ ပြန်လှည့်ခါ၊ စိတ်ဖြာဖြေအပ်စွ။
၁၀၃။ ကိစ္စတ္တ-ကား၊ နှစ်ပါးစောဒက၊ မေးဖြေပြ၊ အာဘော်ယူဆ၊ ပြလေကြ။
၁၀၄။ ပ-က-အာဘော်၊ ဒု-က,ကော်၊ ထုတ်ဘော်ကိုယ်ဟိတ်ပြ။
၁၀၅။ လက္ခဏာရုစိ၊ နန-ရှိက၊ ထိုနှစ်ဝ၊ စောဒကအာဘော်သိ။
၁၀၆။ အာဘော်ကြောင်းလှန်၊ မူလဌာန်၌၊ စပ်ရန်ပယ်ဖျက်၊ မနှစ်သက်ကြောင်း ဆက်စပ်ပယ်ဘိ။
၁၀၇။ ကိုယ်အာဘော်ရှိ၊ မထင်ဘိသော်၊ ဗျတိန္ဓယာ၊ ထင်စွာချဲ့မြဲ၊ ယုတ္တိစွဲ၊ မလွဲ-ဘော်ပြဘိ။
၁၀၈။ လေးပါးအချက်၊ မနှစ်သက်၊ ထားချက် အရုစိ။
၁၀၉။ နနမှာကား၊ သဒ္ဒါအနက်၊ မနှစ်သက်၊ ထားချက်-လျော်စွာသိ။
၁၁၀။ အရုစိမှာ၊ အယုတ္တာ၊ နနမှာကား၊ ယုတ္တာ-ယုတ္တိစမ်းလေဘိ။
၁၁၁။ အယုတ္တိမှန်၊ ပယ်တွန်းလှန်၊ ယုတ္တိမှန်ရှိ၊ ဝန်ခံဘိ။
၁၁၂။ သစ္စံ-ဖြေတိုင်း၊ တပိုင်းဝန်ခံ၊ အမေးလှန်၊ ထူးဟန်-ဘော်ပြဘိ။
၁၁၃။ အာဘော်-ဝန်ခံ၊ အမေးလှန်၊ ထူးဟန်-ဘော်ပြဘိ။
၁၁၄။ ဟိတ်နှင့်မေးရာ၊ အဖြေမှာ၊ ကော်ပါသူ့ဟိတ်ရှိ။
၁၁၅။ တန္တ-ရှိမူ၊ သူ့-အယူက၊ ကြောင်း,ကျိုးမျှ၊ ပယ်ချဖြေလေဘိ။
၁၁၆။ စောဒကာဘောဂ၊ အကြောင်းပြမှာ၊ ကျမ်းဆရာ၏၊ လက္ခဏာရုစိ။ မှတ်လေဘိ။
၁၁၇။ ကျမ်းဆရာ၏။ အာဘော်ရှိ၊ စောဒက၏-အရုစိ။
၁၁၈။ နမြင်နပယ်၊ မမြင်ဘွယ်၊ ထည့်စွယ်မေးလေဘိ။
၁၁၉။ အရုစိ-ဆိုက်ရ၊ ထိုပဒ၊ ဝေကျေလေဘိ။
၁၂၀။ ဝေ-ကျေရာ၊ ထိုပုဒ်မှာ၊ ဖြေပါ-အာဘော်သိ။

၁၂၁။ ဝေ–အဖြေ၊ နှစ်စေတဘာန်၊ ကပ်လှန်တက်သော်၊ ကိုယ့်အာဘော်တွင်၊ ရစ်တင်၊ မေးလျှင်ဒေါသသိ။

၁၂၂။ ယင်းသို့အဖြေ၊ မြင်တုံပေ၊ ထုတ်လေ–အရစ်။

၁၂၃။ တိုက်ရိုက်မပါ၊ အာဘော်မှာ၊ ဆောင်ခါထုတ်လေဘိ။

၁၂၄။ ဝစနတောပြ၊ ဉာပကာ၊ ထုတ်ပြအရစ်။

၁၂၅။ နန့,စသာ၊ ရှိလေရာ၊ စုဒ်ပါအာဘော်သိ။

၁၂၆။ အာဘော်–ဟိတ်ထား၊ ရှေ့စကားမှာ၊ ပယ်ရှားစပ်လျက်၊ သူမေးထွက်လာ၊ အာဘော်မှာ၊ ဖြေခါအရစ်၊ ထုတ်လေဘိ။

၁၂၇။ လေးဖြာအနက်၊ မနှစ်သက်၊ စမ်းချက်နည်းတူသိ။

## ဟိ စ ပန နိပါတကထာပြီး၏။

---

## ၆။ ပကိဏ္ဏက–ကထာ

၁၂၈။ သကတ်တထွေ၊ အဖြေဥပစာ၊ အာသင်္ကာ၊ ထားရာဝုစ္စတိ။

၁၂၉။ ယင်းသို့ထားရာ၊ ယုတ္တိသာ၊ စမ်းခါကြောင်း,ကျိုးသိ။

၁၃၀။ နောက်နှစ်ပါးမှာ၊ ရုံတခါ၊ ဟိတ်သာကူလေဘိ။

၁၃၁။ သဇိဝကာ၊ ကြိယာ၊ သုံးဖြာဒွါရခွဲရမြဲ။

၁၃၂။ ကာယဝစီ၊ ဤနှစ်လီမှာ၊ အာကာရာနှင့်၊ စိတ်သာမှတ်သား။ ဤနှစ်ပါး၊ မများရှိရမြဲ။

၁၃၃။ ချင်းနှစ်လီကံ၊ တုံ–နှင့်တွံ၊ စပ်ရန်ကရိုဏ်းခွဲ။

၁၃၄။ ချင်းနှစ်လီပင်၊ တုံတွံတွင်၊ တောင်းလျှင်ဟိတ်ပေးမြဲ။

၁၃၅။ ကြိယာဝိသေသန။ ဣတိ–မျှ၊ အာကာရဟုခွဲ။

၁၃၆။ အာကာရနှင့်၊ အာကာရဝန္တာ၊ ရုံတခါ၊ တူစွာမကွဲ–ရှိလေမြဲ။

၁၃၇။ တုံ–တွံ–ကာမာ၊ စသည်မှာ၊ စိတ်သာမှတ်သား စွဲ။

၁၃၈။ မနောဒွါရာ၊ အဇိဝါ၊ အာကာရသာ–ရှိရမြဲ။

၁၃၉။ မနောဒွါရာ၊ ရုံတခါ၊ စိတ်သာမှတ်သားမြဲ။

၁၄၀။ တိုက်ရိုက်မပါ၊ ပုဒ်တို့မှာ၊ ဆောင်ခါထုတ်ရမြဲ။

၁၄၁။ တိတ်ဟောတွာမှန်၊ ပစ္စုပ္ပန်၊ ကေန်ငဲ့ရမြဲ။

၁၄၂။ ချင်းမှာစပ်ရန်၊ တုံနှင့်-တွံ၊ အမှန်ထုတ်ရမြဲ။

၁၄၃။ ချင်းကိုဟိတ်လှန်၊ နောက်ပုဒ်ဌာန်၊ စပ်ရန်သိရမြဲ။

၁၄၄။ တနည်းမှတ်ပါ၊ တွာစပ်ရာ၊ ပြင်ပါတုံ-တွံမြဲ။

၁၄၅။ တုံ-တွံ-တိုက်ရိုက်၊ တွာ၌ဆိုက်ခါ၊ နောက်ကတွာ၊ တွံ-မှာ ကရိဏ်းစွဲ။

၁၄၆။ တုံ-တွံမြင်ငြား၊ စိတ်မှာသား၊ နက်ကား-နာဂတ်မြဲ။

၁၄၇။ နှစ်-သုံး-လေး-တွာ၊ ဆင့်၍လာ၊ ရှေ့တွာ နောက်စပ်မြဲ။

၁၄၈။ ရှေ့တွာစပ်ရန်၊ နောက်တွာမှန်၊ ပစ္စုပ္ပန်သာငဲ့ရမြဲ။

၁၄၉။ နောက်တွာရှေ့လှန်၊ စပ်လိုပြန်၊ တုံ-တွံ-ပြင်ရမြဲ။

၁၅၀။ တုံ-တွံ-စပ်ရန်၊ ရှေ့တွာမှန်၊ ပစ္စုပ္ပန်သာငဲ့ရမြဲ။

၁၅၁။ ပစ္စုပ္ပန်မှာ၊ စိတ်သာမှတ်သား၊ တပါးခြင်းရာ၊ ဤနှစ်ဖြာ၊ ထိုက်စွာပြုရမြဲ။

၁၅၂။ ရှေ့ရှေ့-တွာမှာ၊ ရံတခါ၊ ဟိတ်သာပြင်ရမြဲ။

၁၅၃။ ချင်း၏ကံမှာ၊ ကရိဏ်းဖြာ၊ စပ်ရာတုံ-တွံမြဲ။

၁၅၄။ တုံ-တွံနှစ်မျိုး၊ ကြောင်း-အကျိုး၊ ပြန်ရိုးကေန်မြဲ။

၁၅၅။ တုံ-တွံစပ်ရန်၊ အန္တတွံ။ ကေန်အကြောင်းမြဲ။

၁၅၆။ အန္တတ်ဟိတ်လှန်၊ တုံနှင့်တွံ၊ စပ်ရန်သိရမြဲ။

၁၅၇။ ကရဓာတ်သာ၊ ဗာဟုလ္လာ၊ ဘွင့်ကာပြုရမြဲ။

၁၅၈။ တုံ-တွံကသာ၊ ဆင့်၍ဖြာ၊ ပရံ,-ပရာအကျိုးမြဲ။

၁၅၉။ ယင်းသို့ဆင့်ရ၊ ကျိုးဖလကြောင့်၊ အန္တတွမှာ၊ ကိရိယာ၊ ငါးဖြာခတ်ရမြဲ။

၁၆၀။ တွာ-စပ်ရာက၊ မြင်ပါရမူ၊ မုချဥပစာ၊ ထိုက်သင့်စွာ၊ ယူရာအကျိုးမြဲ။

၁၆၁။ ကရိဏ်းသမ္ပဒါ၊ ပုဗ္ဗာ,ပရ၊ သမာနနှင့်၊ လက္ခဏာ,ဟိတ်ပါ၊ နက်သတ္တ၊
ထွန်းလာတွာပစ္စည်း။

၁၆၂။ တွာနက်ခုနှစ်တန်၊ ကတ္တားကံ၊ ထွန်းဟန်တုံ-ပစ္စည်း။

၁၆၃။ တဒတ္ထငှါ၊ တုံ-ငှာတစ်ထွေ၊ ဝိသေသန၊ ဟိတ်လည်းရ၊ ထွန်းပြတွံ-
နက်တည်း။

၁၆၄။ အကျိုးရင်းမှာ၊ တဒတ္ထာ၊ တုမတ္ထာကား၊ အကျိုးဖျား၊ ထူးခြားဤသို့တည်း။

၁၆၅။ ဝေံ–က္ကတိ၊ နိဒသာန၊ အနက်ပြမှု၊ ဝဒန္တ၏။ သဒ္ဒပညတ်၊ ကရဏာတ်ပြမှု၊ သုဏာန္တ၏၊ နာမပညတ်၊ နိပါတ်အရ၊ မှတ်အပ်စွ။

၁၆၆။ ကိုယ်မှပြင်ပါး။ မထွက်ငြားလည်း၊ တပါးဥတု၊ ပစ္စည်းပြုနိုက်၊ နား၌ကြားလာ၊ အစိတ်မှာ၊ ယူပါစိတ္တဇ။

၁၆၇။ ဥပါဒ်မထင်၊ နားမဝင်လည်း၊ ဝိညာဉ်သိရ၊ သမူဟ၊ နာမပညတ္တ။

၁၆၈။ က္ကတိမျှမှာ၊ နိဂုမ်းသာ၊ ရုံခါသရုပ်ပြ။

၁၆၉။ လဒ္ဓဂုဏ်ပြ၊ ဒေါသတဖုံ။ နိဂုမ်တဖြာ၊ သရုပ်မှာ၊ လျော်စွာဝေံပြ။

၁၇၀။ နိပါတ်စပ်ရ၊ ပုဒ်ထိုမျှမှာ၊ ချင်းအတ္ထာ၊ ထွန်းပါနိပါတ်က။

၁၇၁။ ဝေံသတိ၊ သန္တေချိလျက်၊ ယုတ္တိကိုသာ၊ တက်ခဲ့လာ၊ လဒ္ဓဂုဏ်ဟုပြ။

၁၇၂။ အယုတ္တိမျှ၊ တက်လာက၊ လဒ္ဓဒေါသပြ။

၁၇၃။ ယင်းသို့ပြက၊ ပါပနန္ဒင့်၊ တဝရောပနာ၊ ဤနှစ်ဖြာ၊ ရှိရာယေဘုယျ။

၁၇၄။ ဝေဠဳ–စု၊ စပ်ရာရှု၊ အနုပါပန။

၁၇၅။ ချင်းကိုဟိတ်ဖြာ၊ စွဲရာမှာ၊ စပ်ခါပယ်လေကြ။

၁၇၆။ အထ–ခေါ်၏၊ စပ်ရာထည့်။ ပဋိပါပန။

၁၇၇။ တသ္မာစု၊ စပ်ရာရှု၊ အနုရောပန။

၁၇၈။ နောက်ပုဒ်အရှိ၊ပြန်လှန်ဘိ၊ ပဋိရောပန။

၁၇၉။ အနုပါပန၊ စုဒ်တက်ပြရာ၊ ပဋိပါ၊ ဖြစ်လာအဖြေပြ။

၁၈၀။ ချင်းကိုဟိတ်ပြု၊ အနုရောပါ၊ မေးသည့်မှာ၊ ထင်စွာဖြေရာပြ။

၁၈၁။ ချင်းကိုဟိတ်သိ၊ ပဋိရောပါ၊ ဂုဏ်လဒ္ဓါ၊ စပ်ရာယင်းမူလ။

၁၈၂။ ရှေ့စကားရှိ၊ ပယ်လိုဘိ၌၊ ယဒိ–ဝေံ၊ တက်လာပြန်၊ ယူရန်နည်းတူပြ။

၁၈၃။ ထူးဆန်းတဝ၊ ဝင်တစ်ချက်၊ ပုဒ်နက်ငုပ်က၊ ပဒတ္ထ၊ ဘော်ပြငါးအတ္ထာ။

၁၈၄။ ဒဿနပြ၊ ကံအတ္တ၊ ဝါစကကရိုဏ်းသာ။

၁၈၅။ မှချယူရ၊ စကားကျ၊ ပြကြ–ဒဿနာ။

၁၈၆။ ချင်း၏ကာရဏာ၊ ဖလူပြ၊ ယူကြဒီပနာ။

၁၈၇။ မှချကျိုးယူ၊ ကာရဏူ။ ပြမှုပကာသာ။

၁၈၈။ ကာရဏူက၊ ဆ–ယူကြ၊ ဒု–ပြဝိဘာဝ။

၁၈၉။ ဒုကာရဏူ၊ ဆ၍ယူ၊ တ–မှ–နဘာဝ။

၁၉၀။ တစ်နည်းမိန့်ဟ၊ ဒီပနမှု၊ ကာရဏူ၊ ဖလူဝိဘာဝါ။
၁၉၁။ ဒဿန–နောက်၊ အာဟရောက်ဘိ၊ ကံသာရှိ၊ ဆိတ်၏ကရိဏ်းမှာ။
၁၉၂။ ကရိဏ်းဆိတ်က၊ ကံပုဒ်ရ၊ ဒဿနကရိဏ်းဖြာ။
၁၉၃။ အာကာရမျှ၊ ရှိပါက၊ ဆိတ်ရကြွင်းနှစ်ဖြာ။
၁၉၄။ အာကာရရှိ၊ ကံနည်းသိ၊ ခွဲဘိကရိဏ်းသာ။
၁၉၅။ ကံအာကာရ၊ ကရဏ၊ အရမပြားရာ။
၁၉၆။ ကံအာကာရတ်၊ ပရမတ်၊ ကရိဏ်းစပ်ရှိ၊ ပညတ္တိ၊ ခွဲဘိ–ချင်းသဒ္ဒါ။
၁၉၇။ ပရမတ်ကံ–မှာ၊ ဝဒန္တာ၊ သုဏန္တာအား၊ ပညတ်–ထား၊ ပြပြားဤသို့သာ။
၁၉၈။ ကရိဏ်းပြုက၊ ဝဒန္တမှာ၊ ဥပစာဟု၊ မိန့်မှာ ဆရာမြတ်တို့အလိုတည်း။
၁၉၉။ အာဟ–ပုဒ်မှာ၊ ကံဝစ္စာ၊ သဒ္ဒါကရိဏ်းသာ။
၂၀၀။ သဒ္ဒါကိုပင်၊ ကံသို့တင်၊ ဆိတ်ခြင်ကရိဏ်းသာ။
၂၀၁။ သဒ္ဒါကတ္တား၊ ကံ–မြင်ငြား၊ ပယ်ရှားကရိဏ်းသာ။
၂၀၂။ ကရိဏ်းသဒ္ဒါ၊ ပုဂ္ဂိုလ်မှာမူ၊ ကတ္တားယူ၊ ကံမူဝစ္စမှာ။
၂၀၃။ တေန–တဿာ၊ ရှေ့အလာ၊ ယုတ္တာ–ယုတ္တိ၊ စမ်းကြကုန်။
၂၀၄။ အယုတ္တိရောက်၊ မိမိနောက်က၊ လဒ္ဓဒေါသာ၊ ယုတ္တိမှာ၊ ယူပါလဒ္ဓဂုဏ်။
၂၀၅။ ဗျတိရေကာ၊ ဟိတ်ပုဒ်မှာ၊ ပြန်ခါယူကြကုန်။
၂၀၆။ သူနိုင်–ဒေါသ၊ ကိုယ်နိုင်က၊ ယူကြလဒ္ဓဂုဏ်။
၂၀၇။ နောက်သုံးကဗျာ၊ ဤသို့သာ၊ ထိုက်စွာ မှတ်ကြကုန်။
၂၀၈။ တဿာနောင်၊ ဟိတ်ဆောင်နက်တူ၊ ရှေ့ဆောင်မူပြား၊ သီးခြားတဿာ၊
ရှိခဲ့ရာ၊ ယူပါလဒ္ဓဂုဏ်။
၂၀၉။ ချဲ့မြဲဟိနောက်၊ တဿာ–နောက်၊ မဖောက်လဒ္ဓဂုဏ်။
၂၁၀။ အကြောင်းဟိမှန်၊ အရင်းပြန်၊ နောက်ဌာန်–လဒ္ဓဂုဏ်။
၂၁၁။ တဿာနောက်၊ ကျိုးရင်းရောက်၊ ရှေ့ထောက်ဟိမှာ၊ အကြောင်းသာ၊
ရင်းမှာမပြန်ကုန်။
၂၁၂။ ထပနာမှာ၊ ဟိတ်လှန်ခါမေး၊ မြော်ရေးအာဘော်၊ ဟိတ်ဖော်ရင်းလှန်၊ အထခံ၊
မေးရန်ဟိတ်စုကုန်။

၂၁၃။ သာခေ–နောက်၊ ဟိတ်ကူရောက်က၊ မူလမှာပြန်၊ သာခေါ်၊
ဖြစ်ရန်လဒ္ဓဂုဏ်။

၂၁၄။ က္လတိကတွာ၊ ထားသည်မှာကား၊ ရှေ့လာနောက်ရ၊ အတူပြ၊ ထောက်ဆယူပြကုန်။

၂၁၅။ ဝေဠကတွာ၊ သာခေကာ၊ တဖြာ–လဒ္ဓဂုဏ်။

၂၁၆။ လဒ္ဓဂုဏ်မှာ၊ ကျိုးကသာ၊ ထွက်ရာမှတ်ကြကုန်။

၂၁၇။ အကျိုးထိုင်ပြ၊ ဂုဏ်ဝါကျ၊ ကမ္ဘဆုံးထားကုန်။

၂၁၈။ အကြောင်းဟိပြ၊ ဝက်–ထပနာ၊ ဥဇုဝါ၊ ထုတ်ခါမေးကြကုန်။

၂၁၉။ ဒဋ္ဌ–ဟိပြ၊ စကားကျမှာ၊ ကိန္တိဖြာ၊ ယုတ္တာစုဒ်ကြကုန်။

၂၂၀။ ဝိတ္တာဟိမှာ၊ အစိတ်ဖြာ၊ မေးပါဝါကျကုန်။

၂၂၁။ အကြောင်းဆင့်ပြ၊ ပုဒ်ဝါကျနောက်၊ တ–လျှင်ရောက်၊ စွဲကောက်ပဋ္ဌိလုံ။

၂၂၂။ အကြောင်းအားလျော်၊ အကျိုးမြော်၊ ထုတ်ဘော်သိလေကုန်။

၂၂၃။ ချင်းဝါကျမှာ၊ ကိရိယာ၊ ငါးဖြာ–ခတ်ယူကုန်။

၂၂၄။ ကြောင်းကြောင့်ဒဗ္ဗ၊ ပျက်ပြားက၊ နိမိတ်ပြဟုမိန့်ပြရှာ။

၂၂၅။ အကျိုးပုဗ္ဗ၊ ကြောင်းပရ၊ ဟိတ်ပြအပရေမှာ။

၂၂၆။ ယင်းသည့်–အတ္တံ၊ ရှေ့နောက်ပြန်၊ မိန့်ဟန်ကာရဏာ။

၂၂၇။ ကေနစစ်စစ်၊ အကြောင်းဖြစ်ရာ၊ တတိယာ၊ ကျမ်းမှာအပြများသတည်း။

၂၂၈။ အနေကန္တ၊ ကေန္တဟု၊ နှစ်ဝ–ကြောင်းမှာ၊ ထိုက်သင့်စွာ၊ ပဥ္စမီသာ အပြများ
သတည်း။

၂၂၉။ ဟိတ်ကိုကတ္တား၊ ကတ္တားကိုကံ၊ နောက်ဌာန်ကြံယာ၊ ကာရိတ်လာ၍၊
ပြန်ခါရက၊ ကေန္တ၊ ဟိတ်ပြသဘောတည်း။

၂၃၀။ ယင်းသို့ပြန်ရ၊ မမှန်က၊ အနေကန္တသဘောတည်း။

၂၃၁။ အကြောင်းကြောင့်သာ၊ ကျိုးစပ်ခါ၊ ဖြစ်လာနိမိတ်တည်း။

၂၃၂။ ယသ္မာနောက်၊ တသ္မာရောက်သော်၊ ရှေ့နောက်မြော်၊ အာဘော်အကြောင်းပြ
သတည်း။

၂၃၃။ ယင်းသို့ပြဘော်၊ သို့–အာဘော်၊ ထုတ်ဘော်–ရစ်လှန်မြဲတည်း။

၂၃၄။ အာဘော်ဖိုလ်နောက်၊ တသ္မာလျောက်၊ ပြန်ကောက်စစ်မြဲသဘော။

၂၃၅။ ရှေ့-နောက်-မစပ်၊ စကားထပ်ပြ၊ ဝက်စောဒနာ၊ ဂုဠတ္ထာ၊ လျော်ရာဤသို့ ပြသတည်း။

၂၃၆။ ဌပနာနောက်၊ နက်ရောက်အာဘော်၊ ချင်းပေါ်ဟိတ်လှန်၊ မဆိုတန်၊ ကထံ ပုစ္ဆာထုတ်မြဲတည်း။

၂၃၇။ စုဒ်ရပယ်ရှင်း၊ ကိုယ်ဖြေရှင်းဖော်၊ သို့အာဘော်ပယ်၊ အကြောင်းဆွယ်ခါ၊ ကိုယ်ဘက်မှာ၊ စိတ်ဖြာပြမြဲတည်း။

၂၃၈။ ၄ပ်ကျဉ်း၍သာ၊ ချဲ့ပြန်ပါလည်း၊ ရှေ့နည်းတိုင်းသာ၊ ဖြစ်ခဲ့ရာ၌၊ ထွင်စွာဘော်ပြ၊ တဝယုတ္တိ၊ အကြောင်းဒွိ၊ ခွဲဘိလျော်စွာတည်း။

၂၃၉။ ယုတ္တိကြောင်းတွင်၊ ဟိတ်တောင်းလျှင်က၊ သဘာဝ၊ ပေးရအကြောင်းတည်း။

၂၄၀။ ဒဋ္ဌိ၌တွင်၊ ဟိတ်၄ပ်လျှင်က၊ ကူပြန်ရ၊ အတ္ထယုတ္တိအကြောင်းတည်း။

၂၄၁။ ဒဋ္ဌိ၌ကား၊ အပိုကြား၍၊ ချင်းစကားပင်၊ ၄ပ်ခဲ့လျှင်၊ ချဲ့ထင်ပြီးရာနိဂုမ်းတည်း။

၂၄၂။ မနှစ်သက်ရာ၊ ဌပနာတွင်၊ အဗျာပိတ၊ စသည်ပြ၍၊ ဥဇုဝမှာ၊ ယှဉ်ခါဝေ၊ နန္ဒပြလျက်၊ ချင်းနက်ဟိတ်လှစ်၊ နှမြစ်မူလ၊ အထ-ကာသွာကိန္နိဖြာ၊ မေးရာ သဘောတည်း။

၂၄၃။ ကိုယ့်ဟိတ်ဆိုက်ရာ၊ ဒေါသခွာ၍၊ သူ့အာဘော်ရှိ၊ အရုစ်လှန်၊ မဟုတ်တန်ပြ၊ ချင်းကဟိတ်လှန်၊ ဒေါသမှန်၊ ဖြေရန်သဘောတည်း။

၂၄၄။ သဘာဝကြောင့်၊ ဟိတ်ကူတောင်းရာ၊ ယုတ္တိသာကူ၊ ဒဋ္ဌိမူ၊ ထိုတူယုတ္တိ သဘောတည်း။

၂၄၅။ ထူးဆန်း၍သာ၊ ဥပစာလီနှ၊ ဗျူပ္ပတ္တကြောင့်၊ ဝက်သက်ာ၊ သညာ၌တွင်၊ ဟိတ်တောင်းလျှင်က၊ ဉာပကပါ၊ ထင်စွာဗျူပ္ပတ်။ ဟိတ်သုံးရပ်၊ ပေးလက် စဉ်တိုင်းသာ။

၂၄၆။ ဝက်ဝုစ်မှာ၊ ဉာပကာ၊ သူ့သာရှေ့ရှိရာ။

၂၄၇။ ယင်းသူ့ကိုပင်၊ ရုစိတင်၊ ဖြေလျှင်ဝေတ္တာ။

၂၄၈။ ရှေ့မှာဟိတ်ပင်၊ နောက်တွင်ကာရဏာ၊ ဆင့်စပ်ခါ၊ ပရမ္ပရာ-မိန့်ကြရာ။

၂၄၉။ အကြောင်းမကုန်၊ လောင်းပြန်တုံ၊ ကူပုံကာရဏာ။

၂၅၀။ ယင်းသို့ကူက၊ စ-နှင့်ပြ၊ မိန့်ကြဟိတ်နာနာ။

၂၅၁။ ဝိသေသန၊ ဝါစက၊ ဟေတုမန္တသာ။

၂၅၂။ ဟေတုမန္တ၊ ဟူသမျှ၊ ယူကြကာရဏာ။
၂၅၃။ ကာရဏာတွ၊ သဘာဝ၊ ပြားကြသုံးမျိုးဖြာ။
၂၅၄။ ချင်းချင်းတစ်ဆစ်၊ ဝိသေသ်စပ်ရာ၊ ကြိယာတည်း၊ တဖြာနောက်တွင်၊ ဟိတ်တောင်းလျှင်၊ ဟိတ်ပြင်လိုက်လေပါ။
၂၅၅။ ဝိသေသန၊ နောက်ဝယ်ကျကား၊ မထင်ရှား၊ ကျေငြားဟုတွာ။
၂၅၆။ ဟုတွာ–ကျေက၊ ထင်စွာပြ၊ ဟိတ်ရလက္ခဏာ။
၂၅၇။ တွာ–စပ်ရာက၊ ထောက်ပြီးမှ၊ ကာလသုံးမျိုးဖြာ။
၂၅၈။ အတ္ထာပတ္တိ၊ ဗျတိန္တယာ၊ ခွဲပြီးခါ၊ ယူရာမိန့်ကြရှာ။
၂၅၉။ ကတ္တာ–တူချင်း၊ ထပ်တုံလျှင်းက၊ နာဒရနှင့်၊ ဟိတ်ရလက္ခဏာ၊ ဝိသေသာ၊ ထိုက်ရာခွဲအပ်စွာ။
၂၆၀။ ကမ္မာဒိချင်း၊ ထပ်တုံလျှင်း၊ ခွဲခြင်းထိုတူစွာ။
၂၆၁။ အကာရက၊ ထပ်တူကျ၊ ခွဲကြကာရဏာ။
၂၆၂။ တန္တ–ဘိန္န၊ သိလေသ၊ နယ–စပ်ယူရာ။
၂၆၃။ ဝိသေသန၊ နှစ်က,သုံး,လေး၊ ဆင့်လာရေးမှာ၊ ရှေးရှေးဟိတ်ထုတ်။ နောက်နောက်ပုဒ်၊ မယုတ်စပ်အပ်စွာ။
၂၆၄။ ဝိသေသျ၊ ပုဒ်အရမှာ၊ ယူရာ–စွန့်နက်၊ နှစ်ချက်တစ်ကွ၊ ယူနက်ရလျှင်၊ ရံခါပင်၊ ရှိချင်မြဲသေချာ။
၂၆၅။ ဂဟေတဗ္ဗ၊ ဂုဏ်ပဒ၊ နိမိတ်ပြဟု–သိအပ်စွာ။
၂၆၆။ ထင်ရှား–စေမူ၊ ချင်းကိုယူ၍၊ ယထာဘူတ၊ ဝိသေသ၊ မကြဝိသေသ်မှာ။
၂၆၇။ အကြောင်းတောင်းလျှင်၊ ချင်းကိုပင်၊ ဟိတ်ပြင်ပေးအပ်စွာ။
၂၆၈။ ဆင္ဓေတဗ္ဗ၊ ရှိလကမူ၊ သမ္ဘဝပါ၊ ဗျာဘိစာကြောင့်၊ ဗျဝစ္ဆေဒ၊ ဝိသေသ။ မရကြသည်သာ။
၂၆၉။ ယူအပ်စွန့်နက်၊ နှစ်ချက်ဆက်ဆံ၊ ရှိခဲ့ပြန်၊ မှတ်ဟန်သမ္ဘဝါ။
၂၇၀။ စွန့်အပ်နက်ကို၊ ပယ်စေလို၊ လင်းဆိုဗျာဘိစာ။
၂၇၁။ ယူအပ်နက်ကို၊ ထင်စေလို၊ လင်းဆိုထိုတူစွာ။
၂၇၂။ အန္တတ်–ဗာဟျတ်၊ ဤနှစ်ရပ်၊ ခွဲလတ်ဝိသေသ်မှာ။
၂၇၃။ ဝိသေနည်းတူ၊ ခွဲ၍ယူ၊ ငှဲမူ–ဝိသေသ်မှာ။
၂၇၄။ ငှဲရာ–စပ်ရာ၊ ထူးပါလှ၍၊ ဝိသေမျှတွင်၊ ဝိဘတ်လျှင်၊ ရှိချင်–အဖြာဖြာ။

၂၇၅။ အန္တတ္တက၊ အန္တတ်ရ၊ ငှံက–တတိယာ။
၂၇၆။ အန္တတ်ကပင်၊ ဗဟုဗျတ်တွင်၊ ငှံက–တုလျာ။
၂၇၇။ ဗဟုဗျတ်ကပေ၊ အန္တတ်နေ၊ ငှံလေ–ဆဋ္ဌီ–သာ၊ တဖြာ–တတိယာ။
၂၇၈။ ဗဟုဗျတ်ကမူ၊ ဗဟုဗျတ်တူရှိ၊ ငှံလာဘိ၊ မှတ်သိတဗ္ဗာဝါ၊ တဖြာဆဋ္ဌီသာ။
၂၇၉။ ကတ္တားသတ္တိ၊ ယုတ်ညံ့ရှိ၊ ကူဘိကရိဏ်းသာ။
၂၈၀။ သတ္တိလွန်မူ၊ ဒြပ်တူ၏၊ ကတ္တားရှိ၊ သတ္တိကရိဏ်းဖြာ။
၂၈၁။ ကတ္တုသတ္တိ၊ ပြလိုဘိက၊ ဘာဝ–ဝသ၊ အာကာရ၊ ထားကြကရဏန္တာ။
၂၈၂။ ချင်းကရဏန္တ၊ ကတ္တုဋ္ဌမှာ၊ ကြိယာ၊ မ,ကြံ,ဝိသေသာ။
၂၈၃။ ကံသတ္တိမှာ၊ ရံတစ်ခါ၊ တူစွာထားကြရာ။
၂၈၄။ ဘာဝထားက၊ ဓာတ်ပဋ္ဌယူ၊ ဝသမူကား၊ စွမ်းပြားစပ်လို၊ အထူးကို၊ ဟောဆိုငါးအတ္တာ။
၂၈၅။ ဘာဝ–ဝသ၊ နှစ်ပါးပြရာ၊ သဒ္ဒါစပ်က၊ ဥဇုပြ၊ အတ္တဝက်မှာ။
၂၈၆။ ချင်းတို့ယှဉ်ရာ၊ တဖြာစပ်ရ၊ ဤနှစ်ဝ၊ အတ္တတုလျာ။
၂၈၇။ ယှဉ်ရာဥပစာ၊ စပ်ရာမှချ၊ ပါဋ္ဌကြွင်းပြ၊ တဝ–သရုပ်ဖြာ။
၂၈၈။ ဘာဝေနမှာ၊ ရံတစ်ခါ၊ လင်းကြဗျတိရာ။
၂၈၉။ ဝသေန–ပုဒ်၊ အနက်ထုတ်က၊ ကရဏ–ဟောတုံ၊ ကတ္တုဝိသေ၊
ဤလေးထွေ၊ ဟောလေထိုက်သင့်စွာ။
၂၉၀။ ဟိတ်ဝိသေကား၊ စွမ်း–ပြား–စပ်–ပိုင်း၊ ကရိဏ်းစွမ်းထူး၊ ကတ္တားကြူး၊
စွမ်းထူးအလိုဟောမြဲတည်း။
၂၉၁။ အာကာရကား၊ အကြောင်းထား၊ ဟောငြားဤသို့သာ။
၂၉၂။ အနည်းအယုတ်၊ ပုဒ်နောက်ထုတ်၍၊ ပိ–ယုတ်ဂရဟာ၊ ဖြစ်တုံပါလည်း၊
စပ်ရာပုဒ်မှာ၊ များမြတ်ပါမူ၊ သမ္ဘာဝနာယူ၊ ပေါင်းမူသမ္ဘာဝနာပေ။
၂၉၃။ အမြတ်–အများ၊ နောင်ထိုင်ငြား၍၊ ပိကားသမ္ဘာဝနာ၊ ဖြစ်တုံပါလည်း၊
စပ်ရာပုဒ်မှာ၊ ယုတ်နည်းပါမူ၊ ဂရဟာယူ၊ ပေါင်းမူဂရဟာပေ။
၂၉၄။ ထိုင်ရာစပ်ရ၊ နှစ်ဝလုံးမှာ၊ ယုတ်နည်းပါမူ၊ ဂရဟာယူ၊ ပေါင်းမူသမ္ဘာဝနာပေ။
၂၉၅။ ထိုင်စပ်ရှိရာ၊ များမြတ်ပါမူ၊ သမ္ဘာဝနာယူ၊ ပေါင်းမူဂရဟာပေ။
၂၉၆။ ဖြေပါဋ္ဌမေးလျက်၊ ဟိတ်ထုတ်စွက်ခါ၊ ပိ–ထိုင်ရာ၊ ထုတ်ပါ–နနုပေ။

၂၉၇။ ပိ–ထိုင်ရာပါဌ်၊ ကိဋ္ဌာညုပ်၊ ဖြေပါဌ်–ပန–နေ။

၂၉၈။ ထပနာ့်ရှိ ဝေမ္ဗိကော်၊ ဟိတ်အာဘော်ပြ။ အထ–ကာသွာ၊ ကိန္တိဖြာ၊ မြော်ခါ
မေးလေမြဲ။

၂၉၉။ ပိ–ထိုင် န–သွင်း၊ ပိ–ရွေ့လင်း၊ ဖြေရင်းဝေမြဲ။

၃၀၀။ ဒြုပ်ပုဒ်နောင်၊ ဝေ–ဆောင်၊ ဂုဏ်နောင်–ပိ–ကျေမြဲ။

၃၀၁။ ဂုဏ်၏နောင်မှာ၊ ဝေ–ဝါ၊ ဒဗ္ဗာ–ပိကျေမြဲ။

၃၀၂။ ပကတိကတ္တား၊ စသည်များ၊ တူငြားမှန်မလွဲ။

၃၀၃။ တစ်ပါးပါးမှာ၊ ပိ–ကျေရာ၊ ကြွင်းမှာ ဝေ–မြဲ။

၃၀၄။ မကျေတိုက်ရိုက်၊ ရှေ့ဌ်–ပိ–သာ၊ နောက်ဝေါ၊ ကျမ်းမှာရှိရမြဲ။

၃၀၅။ ပေါင်း,ဆည်း–ရုစိ၊ အနက်ရှိရာ၊ ပိ–ဟောပါ၍၊ နောက်မှာဝေ၊
ကန့်ကြဲတဘန်၊ သန္နိဋ္ဌာန်၊ ထုတ်ဟန်လျော်စွာခွဲ။

၃၀၆။ ကန့်ရာ–ပိစွက်၊ အမေးထွက်၊ ခြေချက် ဝေ–စွဲ။

၃၀၇။ ကန့်ရာအဖြေ၊ လျော်စွာပေ၊ တောင်းလေဟိတ်ပေးမြဲ။

၃၀၈။ ဣစ္ဆိတတ္ထ၊ ထုတ်၍ပြ၊ ဣဓ–ပိ–ကျေမြဲ။

၃၀၉။ စောဒကလှိုင်၊ ဝေ–ထိုင်၊ မြဲခိုင်သန္နိဋ္ဌာန်။

၃၁၀။ ယင်းသို့လှိုင်သော်၊ ငုပ်အာဘော်၊ ထုတ်ဘော်ရုစိလှန်။

၃၁၁။ မိမိအတ္တေ၊ မြဲစေပြလျက်၊ တနက်–သိစေ၊ ဝေ–နေ၊ မှတ်လေနိယမန်။

၃၁၂။ အကန့်ဒြုပ်၊ ထုတ်ပြန်လတ်၊ ဂုဏာတ်နည္ညာတံ။

၃၁၃။ အကန့်ဂုဏ်သာ၊ ထုတ်ပြန်သာ၊ ဒဗ္ဗာနည္ညာတံ။

၃၁၄။ အကန့်ကြိယာ၊ ထုတ်သည့်မှာ၊ ဒဗ္ဗာဂုဏာလှန်။

၃၁၅။ ကာ့လကြိယာ၊ ထိုက်စွာပြိုင်ရှိ၊ ကတ္တာဒိချင်း၊ ဆည်းတုံလျှင်းရာ၊ မှန်စွာ
သမုစ္စည်း၊ ဤနည်းမမှန်၊ သမ္ပိဏ္ဍနှ၊ ပေါင်းကြစ–ပိ–ဝါ။

၃၁၆။ အနိယမာ၊ ဝိကပ်ဝါ၊ သမုစ္စည်းနှင့်တူသင့်စွာ။

၃၁၇။ တေနေဝါဟ၊ ဉာပက၊ တဝ–ဒဠှီယာ။

၃၁၈။ ဂဟေတဗ္ဗာ၊ ဝတ္တဗ္ဗာနှင့်၊ ပန္နာတဖုံ၊ ဝတ္တုံယုဇ္ဇတိ၊ သက္ကာရှိက၊ သမညမှ၊
ခွဲကြဝိသေ၊ လျော်စွာပေ၊ စမ်းလေအတ္တမှာ။

၃၁၉။ အဓိပ္ပေတံ၊ နည်းတူကြံ၊ လုရန်စကားမှာ။

၃၂၀။ သမ္ဘဝ-ဗျာဘိ၊ လျှဉ်းပါရှိ၍၊ ယုတ္တိချိန်ရာ၊ အတ္ထာပန္န၊ အာသက်၊ ထားကြ
သမ္ဘဝါ။
၃၂၁။ ဝုတ္တံရှိက၊ သဒ္ဒယုတ္တိ၊ စမ်းဘိအတ္ထာ၊ သမ္ဘဝါတောအတ္ထမှာ။
၃၂၂။ သူကလိုင်မှု။ စကားလု။ ထားမှု-ကထိတာ။
၃၂၃။ ကိုယ့်ဘက်လုခါ၊ စွန့်ရာဝန်ခံ၊ ဤနှစ်တန်၊ ရှိရန်ထိုက်သင့်စွာ။
၃၂၄။ ကြောင်း,ကျိုး,စွန့်ပစ်၊ မုချစစ်၊ ထုတ်လှစ်-ပြအပ်စွာ။
၃၂၅။ ကြောင်း,ကျိုး,ဟုတ်ရာ၊ ဝန်ခံခါကော်၊ ကိုယ့်အာဘော်၊ ထုတ်ဖော်ပြအပ်စွာ။
၃၂၆။ ဥပစာရ၊ အာသက်၊ ထားကြရံတစ်ခါ။
၃၂၇။ တေနဝုစ္စတိ၊ ဟူ၍ရှိက၊ လဒ္ဓဂုဏ်ပါ၊ သာဓကာ၊ ညှိရာ-ရှေ့နောက်ပြ။
၃၂၈။ တေနဝုတ္တံ၊ တည်ပါ၍ပြန်ပြ ၊ထားကုန်ကြမူ၊ လဒ္ဓဂုဏ်ပြ၊ ဆိုကုန်ကြ၏၊
နိဂုမ်ထင်လှ နောတက္က။
၃၂၉။ တည်ပါ၍မပြန်၊ ကြောင်းကျိုးဆန်က၊ လဒ္ဓဂုဏ်လှမ်း၊ လက်ရုံးတန်း။
၃၃၀။ သခ်ဂ္ဂဏ္ဌတိ၊ သာမတ္ထိ၊ အတ္ထယုတ္တိစမ်း။
၃၃၁။ အပေါင်းတည်ထ၊ စိတ်ဖွင့်ပြ၊ တွေ့-မရှိ-ထည့်အပ်စွ။
၃၃၂။ ယဒိဒံမှာ၊ လိင်-ဝုစ်ဖြာ၊ စွဲရာနောက်ပဒ။
၃၃၃။ စွဲရာပုဒ်မှာ၊ သဘာဝါ၊ ထင်စွာ ဟောရာပြ။
၃၃၄။ တွေ့စ မှာ၊ လီနတ္ထာ၊ စုဒ်လာအဖြေပြ။
၃၃၅။ ကြောင်း-ကျိုး-အနက်၊ ငုပ်သည်ချက်ကြောင့်၊ နှစ်သက်မရှိ၊ အရုစိတင်၊
မျက်မြင်အာဘော်၊ ထားပြီးသော်ပင်၊ သူမေးလျှင်။ ပယ်နှင်ထုတ်ခါပြ။
၃၃၆။ နာမဆက်လာ၊ ထိုတူသာ၊ မေးရာအဖြေပြ။
၃၃၇။ ကဲ့ရဲ့ချီးမွမ်း၊ နက်စွမ်းသညာ၊ ဥပစာ၊ ထွန်းလာပုဒ်နာမ။
၃၃၈။ စေတ္တ-ပုဒ်မှာ၊ ဝိသယာ၊ ပြန်ကာ-ဗျတိပြ။
၃၃၉။ တတ္ထချီလျက်၊ စကားတက်၊ မိန့်မြွက်ဝိတ္ထာရ။
၃၄၀။ သေယျထိဒံ၊ တက်လာပြန်၊ ဘော်ဟန်ဂုဋ္ဌတ္ထ။
၃၄၁။ အဓိပ္ပါယော၊ အတ္တောရှိက၊ ဂုဋ္ဌတ်ဘော်ပြ၊ စကားကျ။
၃၄၂။ အတ္တော-သမ္မာန်၊ ပုဒ်ရင်းခံပြ၊ ဓိပ္ပါယမှာ၊ ထူးရာတစ်ချက်၊ မနှစ်သက်လို၊
ပုဂ္ဂိုလ်သမ္ဗန်၊ ဂုဋ္ဌတ္ထံမှာ၊ ပုဒ်ရင်းသာ၊ ခံပါမြဲမုချ။

၃၄၃။ ဝုတ္တံ ဟောတိ၊ သိဒ္ဓ-ရှိက၊ နေယျတ်သိုလှ၊ စကားကျ။
၃၄၄။ ဣဒံဝုတ္တံ၊ ဟောတိ-ခံက၊ နေယျဝက်၊ ဂုဠတ္ထကြောင့်၊ ထိုက်စွာဖြောင့်ပြ၊ ပိဏ္ဍတ္ထ။
၃၄၅။ အဓိဝစနံ၊ နာမံရှိက၊ များလှနက်တွင်၊ လိုအင်နက်မှီ၊ ထင်ရှုဦး စွဲသည်ကေန္တ။
၃၄၆။ အတ္တတောမှာ၊ ဤနည်းသာ၊ ရံခါစကားကျ။
၃၄၇။ လိုအင်လွှဲခါ၊ ပုဒ်နက်မှာ၊ မေးရာစောဒက။
၃၄၈။ ရှေးနည်းစွန့်ခါ၊ ကြောင်း-ကျိုးမှာ၊ ပြလာအပိစ။
၃၄၉။ အထဝါကား၊ ကြောင်းပြား-ကျိုးတူ၊ အကျိုးမူပြား၊ အကြောင်းကား၊ တူငြား ကေန်ပြ။
၃၅၀။ ဒြပ်-ပြားလည်း၊ ဂုဏ်ကား-တူမူ၊ သဒိသူ၊ တင်ယူဒဗ္ဗတ္ထ။
၃၅၁။ ယင်းသို့မခြား၊ တူတုံငြားလည်း၊ ထင်ရှားအောင်သာ၊ ဥပမာ၊ နှစ်ဖြာအထူးပြ။
၃၅၂။ အစိတ်တူရှိ၊ နိသတ္တိတွင်၊ သတ္တိတင်ရာ၊ ဥပရိက္ခာ၊ ယူရာတဒ္ဓမ္မ။
၃၅၃။ ဟာနိယှဉ်ရာ၊ သက်ပါ-ဆဋ္ဌီ၊ ပဉ္စမီ၊ နှစ်လီပါဠိပြ။
၃၅၄။ ဘီရု-ယှဉ်က၊ ဒု-တ-နှင့်သာ၊ ဆဋ္ဌီပါ၊ သုံးဖြာယှဉ်အပ်စွ။
၃၅၅။ ပဉ္စမီသာ၊ ပါဠိလာ၊ စပ်ရာပါဌ်ကြွင်းပြ။
၃၅၆။ မတ္တ-မေဝ၊ ဤနှစ်ဝတွင်၊ မတ္တ-ကန့်ပြ၊ ဝေ-သန္နိဋ္ဌာန်။
၃၅၇။ တစ်နည်းမှတ်ကြ၊ မတ္တ-အထူး၊ ဝေ-ကြူးပြန်၊ ယှဉ်ဘက်လှန်။
၃၅၈။ တိုက်ရိုက်-မကျ၊ သန္ဓာယမှာ၊ ဝိသေသာကံ၊ အနွယံ၊ ထုတ်လှန်ဗျတိရန်။
၃၅၉။ ဝုတ္တကံရှိ၊ ဗျတိ-နွယံ၊ ဆက်ဆံပြန်၊ သာမန်ဝုတ္တာ၊ ကံဟုလာ၊ ကတ္တာအဝုတ္တံ။
၃၆၀။ ဝုတ္တကံတွက်၊ မနှစ်သက်၊ ထုတ်မြွက်-အနွယံ။
၃၆၁။ လက္ခဏာနက်မှာ၊ ရံတစ်ခါ၊ ထုတ်ပါဤနည်းမှန်။
၃၆၂။ ကာမတ္တဟော၊ ပုဒ်-အတ္တောမှာ၊ ကံ-ဟော ဝါစွာ၊ တတိယာ၊ ကတ္တာ-စတုတ္ထီမှန်။
၃၆၃။ အတ္တိက-ယှဉ်၊ ရှေ့ပုဒ်စဉ်၊ နောက်တွင်-တုံ-ထွံ-ခံ။
၃၆၄။ အာဟ-အာဒိ၊ နောက်ပုဒ်ရှိ၊ ကျေ၍-ပထမံ။
၃၆၅။ အာဒိမာဟ၊ ရှေ့ပဒ၊ သက်ကြဒုတိယံ။

၃၆၆။ အနုပုဗ္ဗ၊ တက်လာက၊ ထားကြအာဟမှန်။
၃၆၇။ ရှေ့နောက်စကား၊ မကုန်ငြားပေ၊ တထွေတည်းထူး၊ ပြလိုဦးက၊ ဤနှစ်ဝ၊ ထားကြ–အာရဒ္ဓ။
၃၆၈။ ကွေ့ကောက်စကား၊ တက်ရငြား၊ ပုဒ်ထားဝုတ္တမှန်။
၃၆၉။ က္လာဒါနိနောက်၊ တိတ်ဟောရောက်၊ ဟောမြောက်ပစ္စုပ္ပန်။
၃၇၀။ အနီး–ပိုင်းခြား၊ စိတ်ကား–အတူ၊ နက်လေးဆူ၊ ဟောမူအာဒိမှန်။
၃၇၁။ ဘုမ္မ–ပါဒါန်၊ ကမ္မ,ကရဏ၊ သာဓန၊ ပြုကြဝိဂ္ဂဟ်၊ စဉ်တိုင်းမှန်။
၃၇၂။ သမာသ်–အာဒိ၊ ရှေ့နက်ဒွိ၊ ယူဘိ–အတဂ္ဂံ။
၃၇၃။ နောက်နှစ်ပါးသာ၊ အညမှာ၊ ယူပါ–တဂ္ဂုဏံ။
၃၇၄။ ယှဉ်ဘက်ကြီယာ၊ တူခဲ့ရာ၊ လေးဖြာနက်သမ္ဗန်။
၃၇၅။ ဝိသေသနကို၊ ဝိဂြိုဟ်ဆို၊ ရလိုဝိသေသ်မှန်။
၃၇၆။ ဂုဏ်၏ဂုဏ်ပုဒ်၊ ဝိဂြိုဟ်ထုတ်က၊ ဒဗ္ဗတ္တမှာ၊ ဥပစာ၊ ကောက်ပါ–ဘိဓေယျံ။
၃၇၇။ ဝိသေသျ၊ ဝိဂြိုဟ်ပြ၊ အရ–ဝေဝုစ်မှန်။
၃၇၈။ ဝိသေတစ်ပါး၊ ဝိသေသ်များလည်း၊ ရှေ့ဖြားဝိသေသ်၊ ဂုဏ်ဖြစ်ဝိသေ၊ ဤနှစ်ထွေ၊ တူစေလိင်–ဝုစ်မှန်။
၃၇၉။ ဝိသေသ်–များက၊ အရပြား၍၊ ရှေ့ဖျားဝိသေ၊ ပြားလေဝိဂ္ဂဟ်၊ ဝိသေသျနှင့် လျော်အောင်ကြံ။
၃၈၀။ ယင်းသို့ပြားဘိ၊ ဝိသေရှိ၊ ကေသိ–ဟုကြံ၊ တစ်နည်းသာမည်။
၃၈၁။ ဝိကတိ–ကတ္တား၊ ဝိဂြိုဟ်ကြားက၊ ကတ္တားပကတိ၊ ရ၏အမှန်၊ ဝေကန်။
၃၈၂။ ပကတိ–ကတ္တား၊ အရပြားမူ၊ နောက်ဖျားဝိကတိ၊ ပြားဘိဝိဂ္ဂဟ်၊ ပကတိနှင့် လျော်အောင်ကြံ။
၃၈၃။ ယင်းသို့ကြားဘိ၊ ဝိကတိ၊ ကေသိဟုကြံ၊ တနည်းသာမည်။
၃၈၄။ ပကတိကတ္တား၊ ဝိဂြိုဟ်ကြား၊ ရငြားဝေဝုစ်မှန်။
၃၈၅။ ကံ–ကတ္တားများ၊ လိင်–ဝုစ်ပြား၍၊ ထားသည့်ကြိယာ၊ လိင်–ဝုစ်မှာကား၊ နောက်ဖျားရှိငြား၊ ကံ–ကတ္တားနှင့်၊ တူငြားအမှန်၊ ထားကြရန်။

## ပကိဏ္ဏကကဏ္ဍပြီး၏

## ၇။ ဆကာရကကဏ္ဍ

၃၈၆။ ကတ္တား မူလကရဏ,အာသန်၊ အပါဒါန်ပြ၊ အာဓာရမှာ၊ ဒူရကြောင်းမှန်၊ အာသန်ဖလ၊ ကမ္မယှူရန်၊ သမ္ပဒါန်၊ ဒူရန်အကျိုးမှာ။

၃၈၇။ ဟေတုကတ္တာ၊ ကြိယာကို၊ မပြီးစေတတ်၊ ဖြစ်တုံလတ်လည်း၊ တိုက်တွန်းတတ်ပါ၊ ဤခြင်းရာကြောင့်၊ ဥပစာယူလို၊ ကတ္တားကို၊ မိန့်ဆိုကျမ်းဆရာ။

၃၈၈။ ကာရိုက်ကံကား၊ ဓာတ်ကတ္တားစစ်၊ မုချဖြစ်လည်း၊ ပယောဇ်များပါ၊ ငဲ့ရှာကြောင့်၊ ကတ္တားမလို၊ ကံသာလို၊ မိန့်ဆိုထို့တူစွာ။

၃၈၉။ ကတ္တားဟိတ်ပြင်၊ ကံလျှင်ကတ္တား၊ ပြင်ငြားပြီးရာ၊ ကြိယာသုဒ္ဓ၊ ပြင်လေကြဟု၊ မိန့်ဟုကျမ်းဆရာ။

၃၉၀။ အာချာတ်ပစ္စည်း၊ တနည်းဥပသာ၊ ဤနှစ်ဖြာ၊ ထွန်းရာဓာတွတ္တ။

၃၉၁။ ကာရိတ်ယှဉ်ကောင်း၊ ဓာတ်အပေါင်း၊ ကျိုးကြောင်းကြိယ။

၃၉၂။ အကြောင်းကြိယာ၊ ပြီးစေရာ၊ ကတ္တာမုချ၊ မှတ်ကုန်ကြ။

၃၉၃။ ကာရိုက်,ကံ–အား၊ ဓာတ်ကတ္တား၊ မပြားဒြပ်မျှ။

၃၉၄။ အကြောင်းကြိယာ၊ ငဲ့ရပါ၊ ကံ–သာမုချ။ အဝုတ္တ။

၃၉၅။ သုဒ္ဓ,ကြိယာ၊ ယှဉ်သောခါ၊ ဝုတ္တာကတ္တားပြ။

၃၉၆။ တနည်းရှုလော့၊ ကတ္တုဝါကျ၊ အဝုတ္တ၊ ကံ–ဝါကျမှာ၊ ဝုတ္တသာ၊ နှစ်ဖြာကံ၏ အထူးတည်း။

၃၉၇။ ဂုဏ်ထူး–ဣတ္ထ၊ ဒဗ္ဗတ္ထသို့၊ ရောက်ထဘူတာ၊ မှတ်ကြောင်းမှာ၊ ခေါ်ပါလက္ခဏာ။

၃၉၈။ ဂုဏ်မှာဣတ္ထ၊ ဒတ္တဘူတာ၊ အမိမှာ၊ ယူပါအာချာန။

ဆကာရကကဏ္ဍပြီး၏။

----------

## ၈။ ဆသမာသကဏ္ဍ

၃၉၉။ ပစ္စုပ္ပန်ဟော၊ မာနန္တော–တွာ၊ တဗ္ဗာ–အာန။ နိဗ္ဗနောက်နေ သမာသော၊ ကင်းလေဝါကျပြ။

၄၀၀။ ချင်းတို့ယှဉ်ရာ၊ ဝိဘတ်မှာ၊ ဒုတိယာသာနေရမြဲ။

၄၀၁။ သမာသ်ဖြစ်ထိုက်၊ ပုဒ်အလိုက်မှ၊ တဝသမ္ဘန်၊ ငဲ့ရှိပြန်က၊ သမာသ်မှ၊ ကင်းရဝါကျမြဲ။

၄၀၂။ ယင်းသို့နှစ်ဖြာ၊ ငဲ့ပါရလည်း၊ နိစ္စာပေက္ခ၊ ဂမကာသာ၊ ဖြစ်ခဲ့ရာ၊ ယှဉ်ကာ သမာသ်တွဲ။

၄၀၃။ ငဲ့ရင်းပုဒ်ကို၊ မငဲ့လိုပဲ၊ ကမ္မဓာရဲ-ဒွန်၊ ပြုမြဲလွန်မှ၊ တွဲချွန်တပ္ပုရိသ်၊ ငဲ့ပြန်ရိပ်၊ မဘိတ်သမာသ်မြဲ။

၄၀၄။ တပ္ပုရိသ်ပြ၊ ရှေ့-နောက်ရ၊ မှချရဥ္စွဲ။

၄၀၅။ ဒွန်၏ရှေ့နောက်၊ ပုဒ်-နှစ်ထောက်မှာ၊ ဒွန်ဒ္ဓသာ၊ ယှဉ်ကာပုဒ်တိုင်းတွဲ။

၄၀၆။ ဒွန်ရှေ့ပုဒ်တွဲ၊ ကမ္မဓာရဲ၊ စပ်တွဲယူရမြဲ။

၄၀၇။ ဒွန်နောက်စပ်လာ၊ ပုဒ်တွဲမှာ၊ လျော်စွာကမ္မဓာရဲ၊ တပ္ပုရိသ်ပင်တွဲ။

၄၀၈။ ကတ္တုသာခန၊ နောက်ပုဒ်ပြရာ၊ ရှေ့ပုဒ်နှင့်သာ၊ ဒုတိယာသတ္တမီ၊ တလီကမ္မဓာရဲ။ လျော်စွာတွဲ။

၄၀၉။ ရှေ့ပြကမ္မဓာရဲ၊ တပ္ပုရိသ်တွဲ၊ ဗဟုဗ္ဗီဟိပင်ရုံခါနဲ့။

၄၁၀။ ကမ္မသာဓ-သာ၊ နောက်ပုဒ်လာ၊ တတိယာဟုတွဲ။

၄၁၁။ ရှေ့လာမလွှဲ၊ ကမ္မဓာရဲ၊ ဗဟုဗ္ဗီပင်တွဲ။

၄၁၂။ နောက်လာတဖြာ၊ တတိယာ၊ ရုံခါဗဟုဗ္ဗီဟိတွဲ။

၄၁၃။ အဓိကရဏသာဓ်၊ ကရဏသာဓ်၊ ဘာဝသာဓ်ဟု၊ နောက်ပုဒ်မှတ်၊ ရှေ့ပါဋ္ဌဆဋ္ဌီတွဲ။

၄၁၄။ လဟုကပြ၊ ရှေ့နှစ်ဝဒ္ဒာန်၊ ကတ္တား-ကံ၊ ကေန်ဝုတ္တမြဲ။

၄၁၅။ တစ်ခုတည်းချင်း၊ ဖြစ်တုံလျှင်းလျက်၊ ချင်းချင်းထောက်ပါ၊ နိပ္ဖန္နာ၊ များစွာအနက်ရ။

၄၁၆။ ထို့ကြောင့်သာလျှင်၊ ဗဟုဝုစ်ပင်၊ ဟောချင်ဒွန်ပဒ။

၄၁၇။ တစ်ခုတည်းနက်၊ အငဲ့ထွက်၊ ဟောချက်ကော၊ ဝုစ်ကိုပြ။

၄၁၈။ ဒိဂုဝုစ်မှာ၊ ဤနည်းသာ၊ ယူပါ-မြဲမှုချ။

၄၁၉။ ဒိဂုအရာ၊ သင်္ချာရှိမျှ၊ နောက်ပဒ၊ ကေသိသ်ဟုပြအပ်စွ။

၄၂၀။ နောက်သင်္ချာပါ၊ ဆဋ္ဌီ-မှာ၊ ပြုရာနည်းတူပြ။

၄၂၁။ ယင်းသို့ပြုရာ၊ ထိုပုဒ်မှာ၊ မှတ်ပါအဘေဒ။

၄၂၂။ သဘာဝပင်၊ စင်စမှန်စွာ၊ ဖြစ်ရပါလျက်၊ မိစ္ဆာဉာဏ်မြင်၊ နနွင့်ပင်၊
တွဲလျှင်မိဿက။

၄၂၃။ ရှေ့ပုဒ်သဘော၊ နောက်ပုဒ်ဟော၊ သဘောယှဉ်းမခွ။

၄၂၄။ ဝတ္ထုမျှသာ၊ နစ်ခဲ့ရာ၊ မှတ်ပါပသဇ္ဇ။

၄၂၅။ နစ်စေအပ်မှု၊ ဝတ္ထုနှင့်သာ၊ တူရာတဝ၊ ဟောခဲ့က၊ ပရိယုဒါသပြ။

၄၂၆။ သုည–ဝိရဟာ၊ ပသဇ္ဇာ၊ ကြွင်းမှာခြောက်ခု၊ ပရိယု၊ ဟောမူကေန္တ။

၄၂၇။ ရှေ့ပုဒ်နောက်ဆိုင်၊ တပြိုင်တည်းကျင်း၊ ကိတ်လည်းသွင်း၊ မည်ချင်းအယုတ္တ။

၄၂၈။ အလယ်နောက်မှာ၊ တွဲပြီးခါပေ၊ ရှေ့ပုဒ်နေ၊ ချင်းလေယုတ္တ၊ ဖြစ်ပြန်ရ။

၄၂၉။ အဗျယီဘာဝ၊ အယုတ္တပါ၊ ဤနှစ်ဖြာ၊ နိစ္စသာဟုမှတ်အပ်စွ။

၄၃၀။ သမာသ်နိစ္စ၊ ယေဘုယျ၊ နာမပညတ်၊ ဟောတတ်လှ။

၄၃၁။ ပညတ်နာမာ၊ ဟောပုဒ်မှာ၊ လုတ္တာလုတ္တ၊ နှစ်ပါးပြ။

၄၃၂။ အနက်မပျောက်၊ သိလောက်တန်ရာ၊ ချေရပါ။ လုတ္တာ–သမာသ်ပြ။

၄၃၃။ ဝိဘတ်–ချေက၊ သိခက်လှ၍၊ မချေရပါ၊ ထိုသဒ္ဒါ၊ ယူပါအလုတ္တ။

၄၃၄။ ဝါကျမှာကား၊ အနက်ပြားယူ၊ သမာသ်မူကား၊ နက်တစ်ပါး၊ ထူးခြား
ဤသို့တည်း။

၄၃၅။ ကု–နိပါတာ၊ ပါဒိမှာ၊ တွဲလျှာနိစ္စပြ။

၄၃၆။ ကမ္မဓာရယ်၊ အမာဒိ၊ တွဲဘိနှစ်ပါးရ။

၄၃၇။ နိစ္စသမာသ်၊ ဟူတုံလတ်၊ သမာသ်မတွဲရ။

၄၃၈။ စိတ်ဖြာခွဲခြား၊ တွဲလိုငြား၊ တပါးပုဒ်ဖြင့်ပြုသင့်လှ။

၄၃၉။ အညနက်တွင်၊ သမာသ်ဝင်၊ ခေါ်တွင်တဂ္ဂုဏာ။

၄၄၀။ အစိတ်ဝါကျ၊ နိပ္ဖန္နမှာ၊ အပေါင်းသာ၊ စွဲရာအညတ္ထ။

၄၄၁။ အစိတ်ဂုဏာ၊ အညတ္ထမှာ၊ အပေါင်းသာ၊ ခွဲခါတစ်နည်းပြ။

၄၄၂။ သမာသ်မဝင်၊ သီးခြားပင်၊ မည်တွင်–အတဂ္ဂ။

၄၄၃။ ဝါကျနိပ္ဖန်၊ နှစ်တန်လုံးမှာ၊ အပေါင်းသာ၊ စွဲရာကေန္တ။

၄၄၄။ အတဂ္ဂုဏာ၊ ဖြစ်ရပါလျက်၊ ယှဉ်ဘက်စပ်ရာ၊ ကိရိယာ၊ တူလာပယောဂ။

၄၄၅။ ယှဉ်ဘက်တူရာ၊ သိလိုခါ၊ စပ်ရာပဒတ္ထ။

၄၄၆။ လက္ခဏာတူရ၊ တကွဖြစ်ရာ၊ တူစွာကိစ္စ၊ တူလှကြောင်းကျိုး၊ တူရိုး-
အာရုံ၊ စသည့်ခြုံ၊ ယှဉ်ပုံသဟဇ္ဇ။

၄၄၇။ အညဂုဏ်ပုဒ်၊ ဣတ္ထိရုပ်၊ ငဲ့ထုတ်ပုလ္လိင်မှာ။

၄၄၈။ သဒ္ဒနီတိ၊ ညှသ်အရှိ၊ ငဲ့ဘိနောက်ပုဒ်မှာ။

၄၄၉။ ရူပသိဒ္ဓိ၊ မောဂ္ဂလိ၊ မိန့်ရှိရှေ့ပုဒ်မှာ။

၄၅၀။ ယင်းသို့ငဲ့ရာ၊ ရှေ့ပုဒ်မှာ၊ ဝါစ္စလိင်သာ၊ ဖြစ်ရရှာ။

၄၅၁။ ဣတ္ထိလိင်မြဲ၊ တည်ရာကွဲပြား၊ ဤနှစ်ပါးမှာ၊ မငဲ့သာ၊ မိန့်မှာကျမ်းဆရာ။

၄၅၂။ ဣတ္ထိ-ဦး-ဤ၊ နဒီသညာ၊ နောက်မှာကသက်၊ ချင်းအချက်ကြောင့်၊
ဆက်ဆက်မှချ၊ ထိုနှစ်ဝ၊ ရဿပြုအပ်စွာ။

၄၅၃။ က-သာနောက်ရှိ၊ အနိတ္ထိအ၊ ဣ-ပြုရ၊ ဝါစ္စဒွိလိင်မှာ။

၄၅၄။ ထိုတူနှောင်းရှိ၊ နာမ်ဣတ္ထိ၊ အ-ဣ-ပြုလေပါ။

၄၅၅။ ကမ္မဓာရည်းမှာ၊ ရှေ့ပုဒ်သာ၊ ငဲ့ရာတူကြရှာ။

၄၅၆။ လိင်ဝုစ်မြဲခြင်း၊ ကွဲတုံလျှင်းဘိ၊ ရှေးအရှိသာ၊ တ-သဒ္ဒါ၊ ထားရာကမ္မဓာ
ရည်းမှာ။

၄၅၇။ စ-ယှဉ်ရာက၊ ဗျတိရ၊ ပယ်ချလျဉ်းပါးရာ။

၄၅၈။ ဝါကျဉ္စမှာ၊ တသဒ္ဒါ၊ ငဲ့ရာပဓာနာ။

၄၅၉။ ဣတိ-ဟုတ္တာ၊ သခ်ီတနှင့်၊ ဘူတဝေါ၊ ကျေလေရာ၊ သမ္ဘာဝနာသာ။

၄၆၀။ သမ္ဘာဝနာဟူက၊ ဝိသေသ၊ ပြုကြ-ပါကဋ္ဌာ။

၄၆၁။ ဝါကျဉ္စကား၊ သီးခြားဒဗ္ဗာ၊ ဟောပြီးပါလည်း၊ နိပ္ဖန္နာရ၊ သကာတ်မျှပင်၊
ယူပြီးလျှင်၊ ဟောချင်ဒဗ္ဗတ္တာ။

<u>ဆသမာသကဏ္ဍပြီး၏။</u>

## ၉။ ကေသောဒိတဒွိတကဏ္ဍ

၄၆၂။ ကေသိက်မှာ၊ စ-သဒ္ဒါ၊ ထွန်းရာများအတ္တ။

၄၆၃။ ဒြပ်များလျင်၊ နက်ရှိပင်၊ ခင်းချင်-ပုဒ်ဝါကျ။

၄၆၄။ ဇာတ်ဂုဏ်ကြီယာ၊ မပြားရာ၊ ခင်းပါနှစ်ဝါကျ။

၄၆၅။ ဓာတ်ဟောကြိယာ၊ ပစ္စယာသာနေ၊ လိင်ဟောကမူ၊ နက်ဟုယူ၊
ဝိဘတ်ဟူက၊ နက်ထွန်းပြ။

၄၆၆။ ဝိဘတ်ကောက်ရန်၊ အပဓာန်၊ ကေနာ်သတ္တိမျှ။

၄၆၇။ ပုဒ်လုံးအရ၊ သတ္တိမျှနှင့်၊ ဝဒ-သုဏာန်၊ ကာလံသုံးပါး၊ လျော်ရာကြား၊
ကောက်ငြားကြိယ။

၄၆၈။ ကိတ်-ပစ္စည်းမှာ၊ နည်းတူသာ၊ ကောက်ရာပဓာန။

၄၆၉။ ကာလသုံးတန်၊ ပုဂ္ဂလံ၊ ကောက်ရန်နည်းတူပြ။

၄၇၀။ ဝိသေသတ္တိ၊ အာခြေရှိ၊ နိဿိ-ဂုဏာမျှ။

၄၇၁။ ဒြပ်ပုဒ်မှာ၊ ချင်းငါးဖြာ၊ ထိုက်စွာ စပ်လေကြ။

၄၇၂။ အပဓာန၊ သကတ်ရ၊ ဒဗ္ဗလိင်မှာ၊ ပဓာနာ၊ ကောက်ပါသဒ္ဒတ္ထ။

၄၇၃။ ဝိဘတ်ရမှာ၊ သချ်-ကာ၊ ကောက်ပါပဓာန။

၄၇၄။ ဗျူပ္ပတ္တိရ၊ ပရမတ္ထ၊ သဒ္ဒယူအပ်စွာ။

၄၇၅။ ဗျူပ္ပတ္တိ၏၊ နိမိတ်သိ၊ ပကတိပစ္စည်းမှာ။

၄၇၆။ ပဝတ္တိရှိ၊ ပညတ္တိ၊ ယူဘိသဒ္ဒမှာ။

၄၇၇။ ပဝတ္တိ၏၊ နိမိတ်ရှိ၊ ဇာတိပဉ္စကာ။

၄၇၈။ လေးပါးနောက်မှ၊ ဒဗ္ဗတ္ထ၊ ဟောရ ပဉ္စမာ။

၄၇၉။ ပရမတ်ဆိုင်ရာ၊ ဝဒန္တာ၊ သုဏာန္တာအား၊ ပညတ်ထား၊ နောက်ဖျားသုံးနက်မှာ။

၄၈၀။ တ္တ-တာသမ္ဘန်၊ ဤနှစ်တန်ကို၊ ကံနှင့်ကတ္တား၊ နက်ပြန်ငြားက၊ တုလျ-
လိင်၊ သဘာဝကြောင့်၊ ဘာဝယောဂ၊ သမ္ဘန္ဓ၊ စပ်ရဝါစ်-ဝါပေ။

၄၈၁။ ၏-ပေးဘိက။ သတ္တိမန္တ၊ စွန့်ပစ်ချ၍၊ အရသတ္တိ၊ ဇာတိပဉ္စာ၊ ထိုက်စွာယူရ၊
သဘာဝကြောင့်၊ တ္တ-တာ၌သာ၊ စပ်ရပါ၊ မြဲစွာ မှတ်ကြလေ။

၄၈၂။ ကံ-နှင့်ကတ္တား၊ ပြငြားအပဓာန်၊ ၏-ဟုပြန်က၊ ပဓာန၊ တန္တနည်းယူလေ။

၄၈၃။ ရှေ့ပုဒ်ကတ္တား၊ ပြန်ငြားဘာဝသမ္ဘန်၊ ကတ္တုကြံကြ၊ ကံပြန်က၊ ကမ္မသာ
ဓနပေ။

၄၈၄။ ဗဟုဗ္ဗိဟိ၊ အသသတ္တိ၊ တူဘိကတ္တုနေ။

၄၈၅။ လိင်-ဝုစ်-အရ၊ ထားလိုကြပြန်၊ တာ-သမ္ဘန်နှင့်၊ အမှန်တူစေ၊ ထားကြလေ။

၄၈၆။ ဟိတ်-ဆိုက်လေရာ၊ ကြိယာ၏၊ ပကတိမှန်၊ ကတ္တား-ကံ၊ ဟိတ်၏-
သမ္ဘန်-ခံမြဲတည်း။

၄၈၇။ ဟိတ်ရအရှိ၊ ဝိကတိမှာ၊ တူလာတုံဘိ၊ ပကတိမှာ၊ ပိ-ဝေါတို့၊ လျော်စွာ
ကျေပြန်၊ သူ့ဥာန်ရှုစိ၊ ထုတ်ပယ်ဘိ၊ နိုက်သိနက်နဲသဘောတည်း။
၄၈၈။ အရက္ခဲဘိ၊ ပကတိတွင်၊ ဝေ-ဝင်၊ ထုတ်နှင်ရှေ့တူနည်း။
၄၈၉။ ကဲ့ရဲ့အများ၊ ချီးမွမ်းပြားမြဲ၊ လွန်ကဲ-နီးနော၊ နက်ဟောဆဖွဲ၊ အသဿတ္တိ၊
သက်ဘိပစ္စည်းတည်း။
၄၉၀။ ကုမန္ဒ-တ၊ အာလ-ဝနှင့်၊ ကုလသော စ၊ ပစ္စယ၊ ဆည်းကြွစ-နှင့်တည်း။
၄၉၁။ ကဲ့ရဲ့-အငယ်၊ စက်ဆုပ်ဘွယ်ပြား၊ သနား-သကတ်၊ ဤငါးရပ်၊
သက်လတ် ကပစ္စည်း။
၄၉၂။ ကေဒွိနေ၊ ဝိဘာဂေ၊ သက်လေ-ဓ-ပစ္စည်း။
၄၉၃။ အပြားခြင်းရာ၊ ဝိဘာဂါနက်၊ သက်သက်တတိယာ၊ လေးနက်မှာ၊
သက်ပါ သောပစ္စည်း။
၄၉၄။ ဒွိဓါနောင်သာ၊ ဘောနက်မှာ၊ သက်ပါ-ဥက-တည်း။
၄၉၅။ တစ်နည်းမှတ်အပ်၊ ကုဥတ်၊ မိန့်လတ် ကထာတည်း။
၄၉၆။ တဒ္ဓိတ်ဘာဝ၊ ပဝတ္တ၊ နိမိတ်မျှသာ၊ ဟောအပ်စွ။

<u>ကေသေသာဒိတဒ္ဓိတကဏ္ဍပြီး၏။</u>

## ၁၀။ အာချာတကဏ္ဍ

၄၉၇။ အာချာတ်ဘာဝ၊ သာချသာ၊ ဖြစ်ရပါ၍၊ ဝိစ္စတပါး၊ မငဲ့ပြား၊ သီးခြားယူအပ်စွ။
၄၉၈။ ချင်းမှာစပ်ရာ၊ ပဋ္ဌမာကတ္တား၊ ဝါစကထား၊ ထူးခြားယူအပ်စွ။
၄၉၉။ ဖြစ်ဆဲကင်းရှင်း၊ မကင်းတဖြာ၊ မြဲစွာတသီး၊ အနီးနှစ်တန်၊ ဝတ္တမာန်၊
ကေန်သက်အပ်စွ။
၅၀၀။ ကေန်စင်စစ်၊ မချွတ်ဖြစ်လတ်၊ အနိယတ်၊ ဝိဘတ်နည်းတူပြ။
၅၀၁။ ပင့်ဘိတ်တောင့်တ၊ ကျိန်တွယ်ကသော်၊ ခေါ်ဝေါ်ဆဲရေး၊ စီရင်မေးမြန်း၊
တိုက်တွန်းဆုတောင်း၊ စေခိုင်းတောင်းမှီ၊ ပဉ္စမီ၊ ယှဉ်မှီဒွိကာလ။
၅၀၂။ စူးစမ်းကြံဆ၊ စီရင်ကမေး၊ ပင့်ဘိတ်ရေးရှု၊ ခေါ်မှုဆုတောင်း၊ တိုက်တွန်း
လောင်းမှီ၊ သတ္တမီ၊ တူပြီဒွိကာလ။

၅၀၃။ နာမယှဉ်က၊ ကာလမငဲ့၊ ကဲ့ရဲ့အံ့ဘွယ်၊ နက်နှစ်သွယ်၊ ထွန်းဘွယ်အတိတာ။

<u>အာချာတကဏ္ဍပြီး၏။</u>

## ၁၁။ ကိတကဏ္ဍ

၅၀၄။ ကိတ်ဘောဟူက၊ သတ္တိမန္တ၊ သာဓနသာ၊ သတ္တိဖြာ၍၊ ကြိယာတစ်တန်၊ ငဲ့စပ်ပြန်၊ ဖြစ်ဟန်ကာရက။

၅၀၅။ ဒဗ္ဗဘေဒ၊ သဘာဝကြောင့်၊ ကြိယဋ္ဌ၊ ကတ္တုမျှကို၊ တဝကြိယာ၊ တင်၍သာ၊ ကတ္တာနာမ၊ မိန့်မြွက်ဟ။

၅၀၆။ သတ္တိမန္တ၊ ဒြပ်မျှ၊ ကြိယာဟုတင်စားကြ။

၅၀၇။ ကိတ်ဘောယှဉ်ရာ၊ တတိယာ၊ တဖြာဆဋ္ဌီပြ။

၅၀၈။ လေးဖြာဝါစက၊ သတ္တိမျှ၊ ပြောကြသာမညာ။

၅၀၉။ သာမန်ဟောငြား၊ မထင်ရှား၍၊ ထင်ရှားအောင်သာ၊ ပုဒ်ဝါစွာ၊ ထုတ်ပြဝိသေသာ။

၅၁၀။ ဝိသေသန၊ ဝိသေသ်မျှ၊ ထူးကြွထိုနှစ်ဖြာ။

၅၁၁။ ကြိယာတပါး၊ မသွားမကပ်၊ ခတ်နှင့်တကွ၊ ပစ္စည်းရ၊ သာဓနဟုမှတ်အပ်စွာ။

၅၁၂။ ကြိယာတပါး၊ ယှဉ်သွားစပ်လျှင်၊ သတ္တိထင်၊ ချင်းပင်ကာရကာ။

၅၁၃။ သတ္တိမန္တ၊ သတ္တိမျှ၊ ထူးကြွသဘာဝါ။

၅၁၄။ ကတ္တာဒျတ္တော၊ ချင်းတို့ဟောငဲ့၊ ပြီးခဲ့လတ်၍၊ ဝိဘတ်ဟောရာ၊ မရှိပါလည်း၊ ကတ္တာဒိနက်၊ ထွန်းလိုချက်ကြောင့်၊ ကြွင်းနက်-လိင်၊ ငဲ့ပြီးက၊ သက်ရပဌမာ။

၅၁၅။ ဝါကျနိပ္ဖန်၊ နှစ်တန်လုံးမှာ၊ ဂုဏ်ပါဒြပ်၊ ပြတတ်ပါလည်း၊ ကြိယာတပါး၊ ငဲ့စပ်ငြားက၊ သညာပြရေး၊ ဂုဏ်နှင့်ဝေး၊ မိန့်ရေးကျမ်းဆရာ။

၅၁၆။ ယင်းသို့ကင်းဝေး၊ မထင်ရေးကြောင့်၊ ဂုဏ်ဘေးပုဒ်မှာ၊ ယထာဘူတ၊ ဝိသေသ၊ မှတ်ကြထင်ရှားစွာ။

၅၁၇။ ချင်းတို့ဟောရ၊ ပုဒ်ဝါစ္စကို၊ ငဲ့ရအနိုက်၊ ကြုံကြိုက်၍သာ၊ ကြိယာတပါး၊ မငဲ့ငြား၊ နက်ကြားနာမသတ်။

၅၁၈။ ကြိယာပေက္ခ၊ ကိတ်ပဒမှာ၊ နှစ်ဖြာပက္ခ၊ မရှိလှ၍၊ ဝါစ္စမင့်၊ ဖြစ်ပြန်ခဲ့ရာ၊ ချင်းဝါစ္စာကို။ ကတ္တားဆို၊ စပ်လိုနောက်အာချာတ်။

၅၁၉။ အာချာတ်တစ်ပါး၊ ရှိပါငြားလျက်၊ ကတ္တားကို–ကံ၊ ပြန်လိုပြန်မူ၊ အပဓာန်မှာ၊ စပ်လေပါ၊ မိန့်မှာ တစ်နည်းမှတ်။

၅၂၀။ ဆဋ္ဌီ–သတ္တမီ၊ စတုတ္ထီပါ၊ ဝိဘတ်မှာ၊ ရံခါဝါစ္စ၊ ထွန်းလင်းပြ။

၅၂၁။ အနာဒရဝန္တ၊ လက္ခဏာဝန္တာ၊ နိစ္စသာမှန်၊ သမ္ပဒါန်မှာ၊ ရံတခါ၊ ဖြစ်ရာ–ပုဒ်ဝါစ္စ။

၅၂၂။ ယု–တ–ကိစ္စာ၊ ဘော၌လာမူ၊ နပုံးယူ၊ ကြွင်းမူထိုက်စွ၊ သုံးလိင်ပြ။

၅၂၃။ ယု–တ–တိ–ဏာ၊ ဘောဟောပါမူ၊ ရံခါနှစ်ပါး၊ ကံကတ္တား၊ သက်ငြားဆဋ္ဌီပြ။

၅၂၄။ ကြတ္တိဏွု–အ၊ ဘုမ္မေတ–မှာ၊ ချင်းနှစ်ဖြာ၊ မြဲစွာဆဋ္ဌီပြ။

၅၂၅။ ကံ–ကတ္တားမှာ၊ တိကာလပင်၊ တ–ဟောချင်လည်း၊ တိတ်တွင်ငဲ့ရာ ကာရိယာ၊ ထူးရာ ယေဘုယျ။

၅၂၆။ ကံဟောကိစ္စာ၊ နာဂတ်မှာ၊ ထွန်းပါ ယေဘုယျ။

၅၂၇။ အပ်–သင့်–လိုထိုက်၊ နက်ဆိုက်ငင်း၊ ကောင်းရမည်လေ၊ နက်သတ္တေ၊ ထွန်းလေမြဲမှုချ။

၅၂၈။ ကံနက်လည်းရ၊ အနိယတွင်၊ အန–မှာဘော၊ ကြွယဟောရာ၊ နိယုတ္တာပြ၊ ဟိတတ္ထပါ၊ သက္ကာ,အရဟ၊ ဆက္ကတ္ထ၊ မိန့်ဟကျမ်းဆရာ။

၅၂၉။ ကတ္တား–ကံ–ဘော၊ မာန–ဟော၊ အန္တောကတ္တားသာ။

၅၃၀။ ပစ္စုပ္ပန်မှာ၊ ယေဘုယျာ၊ တီတာနာဂတ၊ အပ္ပက၊ ထွန်းပြ–မာနန္တာ။

၅၃၁။ ဟိတ်လက္ခဏာ၊ နာဒရ၊ ထွန်းကဝက်သာ။

၅၃၂။ ပစ္စုပ္ပန်မှာ၊ မာနန္တာ၊ ဟိတ်ပါနာဒရ၊ လက္ခဏာ၊ ထွန်းပြထိုက်သင့်စွာ။

၅၃၃။ အတိတ်ကာလ၊ မာနန္တ၊ ထွန်းပြလက္ခဏာ။

၅၃၄။ နာဂတ်ကာလ၊ မာနန္တ၊ ထွန်းပြကာမတ္ထာ။

၅၃၅။ ကာမတ္ထမှာ၊ ကြိယာဝိသိသ်၊ ကြောင့်–ဟိတ်ဝိသေ၊ လက္ခဏေ၊ ထွန်းလေ–လေးအတ္ထာ။

၅၃၆။ မာန–ပုဒ်မှန်၊ အန္တပြန်၊ ယူရန်ကံ–ဟောသာ။

၅၃၇။ ယု,ဏွု,တု,မှာ၊ စပ်လာပဒ၊ ယေဘုယျ၊ သက်ကြဆဋ္ဌီသာ။

၅၃၈။ ကံမဲ့ခါတ်တွင်၊ စပ်ခဲ့လျှင်၊ ထွန်းချင်သမွန်သာ။
၅၃၉။ ကံရှိခါတ်မှာ၊ စပ်ယှဉ်လာက၊ ယေဘုယျ၊ ကမ္ဘဆဋ္ဌီသာ။
၅၄၀။ ကံမဲ့ခါတ်စု၊ ဏျွု,တုပင်၊ ယှဉ်ခဲ့လျှင်၊ ၎ပ်ဝင်ကာရိတာ။
၅၄၁။ ယုယှဉ်လာလျှင်၊ ရုံခါပင်၊ ၎ပ်ဝင်–ထို့တူသာ။
၅၄၂။ အန–ကပြု၊ ပုဒ်ဏျွု၊ ထွန်းမှုနာဂတ်မှာ။
၅၄၃။ အဝိဇ္ဇမာန၊ ဝိဂ္ဂဟမှာ၊ ခါတ်ရပရမတ်၊ ပညတ်ပစ္စည်းယူ။
၅၄၄။ ခါတွတ္ထမှာ၊ ကြိယာ၊ ငါးဖြာခတ်၍ယူ။
၅၄၅။ မုချကယူ၊ ဖလူကြောင်းပြ၊ ကျိုးဖလမူ၊ ကာရဏူကောက်၊ လေးယောက် မြောက်ဒု၊ အတုလမှာ၊ တတိယာ၊ ကောက်ပါကာရဏူ။
၅၄၆။ ပစ္စည်းအရ၊ ပညတ္တ၊ သတ္တသဏ္ဍာန်ယူ။
၅၄၇။ တနည်းမှတ်ရာ၊ ဤသို့သာ၊ ကောက်ပါကေန္တ။
၅၄၈။ ဂုဏ်ပုဒ်ကောက်ရန်၊ ပစ္စည်းမှန်၊ အပခါန်သာရ။
၅၄၉။ နိပါတ်ဥပသာ၊ ကောက်နည်းမှာ၊ မြဲစွာထို့တူပြ။
၅၅၀။ အာချာတ်ကိတ်ပုဒ်၊ ပစ္စည်းထုတ်၊ မယုတ်ထို့တူရ။
၅၅၁။ ဟေတုသာဓ်မျိုး၊ ကြောင်း–ကျိုး–ကြိယာ၊ ဤနှစ်ဖြာတွင်၊ ကျိုးမှာမုချ၊ ကြောင်းရဖလူ၊ ပစ္စည်းမူ၊ ဖလူမှတ်ခါပြ။
၅၅၂။ ကာလပြိုင်လျက်၊ ဝိဂြိုဟ်မြွက်က၊ ကာလအခိုက်၊ မုချဆိုက်၏၊ ရှေ့၌– ဖလူ၊ နောက်မူကာရဏ၊ ကောက်ပြီးမှသာ၊ ပစ္စည်းမှာ၊ သုံးခါမှတ်ခါပြ။
၅၅၃။ ကတ္တားဒြဗ်၌၊ တည်စပ်ကြိယာ၊ သာချာနှင့်၊ ငဲ့ရာသာခနေ၊ သတ္တိမျှဖြင့်၊ စပ်ကြလေရာ၊ ဤနှစ်ဖြာ၊ ကောက်ခါခါတ်ရပြ။
၅၅၄။ ပစ္စည်းဟောက၊ မုချဌာနျူ၊ မကင်းမူ၍၊ မှတ်ယူပြီးခါ၊ သတ္တိသာရ၊ ပခါနသာ၊ သကတ္တာဒိ၊ ချင်းသတ္တိ၊ လိုက်ဘိမြဲမုချ။
၅၅၅။ ကတ္တုကမ္မ၊ ချင်းနှစ်ဝ၌၊ တည်ထကြိယာ၊ ခွဲပြီးခါလျှင်၊ ရှေ့မှာမုချ၊ နောက်ရကရဏူ၊ ပစ္စည်းမူ၊ မှတ်ယူနောက်အတ္တ။
၅၅၆။ ဟေတုဌမူ၊ ပကတူ–သတ္တိ၊ ကောက်ဘိဖလူ၊ ပစ္စည်းမူ၊ ထိုတူမှတ်ခါပြ။
၅၅၇။ ကရဏာဒိမှာ၊ ကတ္တုတ္တာက၊ ထောက်ဆပြီးခါ၊ ဝေးရာ–အနီး၊ ကြောင်းကျိုးမှီးခါ၊ ထိုလေးဖြာ၊ ထိုက်စွာရှေ့နည်းတူ။

၅၅၈။ ပဝတ္တနိမိတ်၊ ပြုလိုရိပ်ကြောင့်၊ ခွဲစိတ်ပြီးခါ၊ မုချာမုချ၊ ဓာတ်ရပြလော့၊ ကေန္တမှု၊ ဌာန်ချုရ၊ ပဓာနကြောင့်၊ ပစ္စည်းရဟူ၊ ကောက်၍ယူ၊ ဝိဒူမိန့်မြွက်ဟ။

၅၅၉။ ဒြပ်မုချ၊ ဂုဏဂုဏေး၊ စပ်ရေးဌာန်ချု၊ နိပ္ဖန်မူ၊ မှတ်ယူပရတ္တ။

၅၆၀။ သမာသာဒိ၊ လျော်စွာသိ၊ ကောက်ဘိဤနည်းပြ။

၅၆၁။ အထူးမိဿက၊ ရှေ့ပုဒ်ရမှာ၊ နောက်နက်သာပြ၊ မြစ်အတ္ထမှု၊ ဌာန်ချု၊ ပြီးမှုနောက်အတ္ထ။

၅၆၂။ ဒွန်မှာဒွေ၊ စ–အတ္ထမှု၊ ဌာန်ချု၊ ပြီးမှုနှစ်ပါးပြ။

၅၆၃။ ဝိဇ္ဈာမာန၊ ဝိဂ္ဂဟ၊ ကရဏ–ကတ္တု၊ ဘာဝမှု။

၅၆၄။ ကတ္တားအားလျော်၊ ကရိယ်ာခေါ်၊ တင်သော်ကတ္တားတူ။

၅၆၅။ မိမိကိစ္စ၊ ပြဓာန်းလှ၍၊ အညနစ်မှု၊ ကတ္တပြု၊ တင်မှုတဒ္ဓမှု။

၅၆၆။ နိဗ္ဗာပါရတ်၊ ဘာဝသာဓ်၊ ဆတ်ဆတ်မုချယူ။

၅၆၇။ ဓာတ်နက်အရ၊ အန္တတ္ထ၊ လက္ခဏာစသည်ယူ။

၅၆၈။ မဆက်ဆံက၊ သဘာဝမှန်၊ သာမန်ဇာတ်ယူ၊ ဤနှစ်ဆူ၊ လက္ခဏာဟုယူ။

၅၆၉။ ကိစ္စဗျတ္တိ၊ သမ္ဗတ္တိမှာ၊ မယုတ်ရာ၊ နှစ်ဖြာ–ရသယူ။

၅၇၀။ သဘောကိစ္စ၊ အကြောင်းမျှသာ၊ ထင်လာသုံးမျိုး၊ အကျိုးတခု၊ ထင်လာမှု၊ ပစ္စုပဋ္ဌာန်ယူ။

၅၇၁။ အကျိုး၏သာ၊ ဗလဝါသန္န၊ ကာရဏ၊ ပဒဋ္ဌာနယူ။

၅၇၂။ ရသ–ပစ္စု၊ ဤနှစ်ခုမှာ၊ ထိုက်စွာမုချ၊ ဖလကာရဏူ၊ ဓာတ်နက်ယူ၊ ဝိဒူမိန့်ချက်တည်း။

၅၇၃။ ပစ္စည်းအရ၊ ဗာဟျတ္ထ၊ လက္ခဏာဝန္တယူ။

၅၇၄။ လက္ခဏာဝန္တာ၊ ကမ္မဋ္ဌာ၊ တဇ္ဇာပညတ်ဟူ။

၅၇၅။ တနည်းမိန့်ချက်၊ ကတ္တားထက်မှာ၊ ကြိယာမုချ၊ ဌာနသတ္တိ၊ စပ်ရာရှိ၊ ကောက်ဘိဓာတ်နက်ပြ။

၅၇၆။ ပစ္စည်းဟောရှိ၊ သတ္တိပဓာန်၊ သကတ်မှန်၊ လိုက်ရန်ပဓာန။

၅၇၇။ ကရဏမှာ၊ သဟဇာဒိ၊ သတ္တိဖလူ၊ ပစ္စည်းမူ၊ ဖလူမှတ်ခါပြ။

၅၇၈။ ဓာတ်–ပစ္စည်းရ၊ မထူးကြ၍၊ ဌာနတည်ရာ၊ မငဲ့သာ၊ ကောက်ပါဘာဝတ္ထ။

၅၇၉။ ကံနှင့်ကတ္တား၊ ထင်လာငြားက၊ ထင်ရှားစေရ၊ လက္ခဏာကို၊ ပြလို၍သာ၊ ထပ်ရပါ၊ ယူရာအဘေဒ္ဒ။

၅၈၀။ လက္ခဏာနှင့်သာ၊ ထပ်ခဲ့ရာ၊ ယူပါထိုနည်းတူ။
၅၈၁။ သမာသတ္တ၊ ဝိညာတ၊ အညနက်မှာ၊ အဝိညာ၊ ခွဲပါတနည်းယူ။
၅၈၂။ ဂုဏတ္တမှာ၊ ဘာဝပဓာန်၊ အညလှန်၊ ကေန်အကွဲယူ။
၅၈၃။ ကမ္မဓာရည်းဟု၊ တနည်းရှု၊ ကျမ်းပြုမိန့်တော်မူ။
၅၈၄။ သတ္တိ–သတ္တိမန္တု၊ စိတ်ဖြာပြု၊ မိန့်ဟ–ထိုနည်းတူ။
၅၈၅။ ကတ္တားနှင့်ကံ၊ ထပ်လာပြန်က၊ ကမ္မဌမှာ၊ ကြိယာကိုအကွဲဆို၊ ယူလိုဘာဝမူ။
၅၈၆။ ပကတိအတ္တ၊ သဘာဝ၊ ယူကြ–တဿီလာ။
၅၈၇။ တဝသမာဒါန၊ တဿီလ၊ မိန့်ဟအပရေသာ။
၅၈၈။ အကျင့်ဝတ၊ သဘာဝ၊ ယူကြတဓမ္မာ။
၅၈၉။ ပဝေဏီက၊ စာရိတ္တ၊ တဓမ္မ–ဟုမိန့်ကြရာ။
၅၉၀။ သက္ကစ္စဟု၊ ပြုသည့်မှု၊ သာဓုကာရီမှာ။
၅၉၁။ သီလေန–သီလော၊ သဘောနှစ်တန်၊ သီလံနှစ်ဝ၊ လေးဝါကျ၊
ခင်းကြတဿီလာ။
၅၉၂။ တဓမ္မမူ၊ ဝါကျတူ၊ ခင်းယူ႒ာနည်းသာ။
၅၉၃။ ကာရီနာမှ၊ တဝကာရော၊ သဘောသုံးခု၊ လေးချက်ပြု၊ သာဓုကာရီမှာ။
၅၉၄။ တဒ္ဓိတ်ဏီက၊ ရံဘန်မျှ၊ ထွန်းပြတဿီလာ။
၅၉၅။ ဗာဟီအန္တတ်၊ သကတ်နှစ်သီ၊ သမ္ဗန္ဓီနှင့်၊ ပါဋိပဒီ၊ ရူဠီသာခနေ၊ ကာလဂိုဏ်း
ခေတ်၊ ပဋ္ဌကတ်၊ စုလတ်ဝိဂ္ဂဟာ၊ ပုဒ်တို့မှာ။
၅၉၆။ ဝစနနိပ္ဖန်၊ ဝစနတ္ထံမှာ၊ ဝါကျသာတည်း၊ သတ္တိဟောတု၊ ဣတိ–ရှုရ၊
ဇောတကာသိ၊ ဝစနီယဒြပ်၊ ဝစနီယတ်ဝယ်၊ ပရိယာယ်၊ ကြွင်းဝယ်ပုဒ်
တို့မှာ။
၅၉၇။ နယများစွာ၊ စုဒ်ထုတ်လာက၊ ဝေ–ဖလာ၊ အညတ္ထာ၊ ဖြေပါပုဒ်တို့မှာ။
၅၉၈။ ယူနက်မျှသာ၊ ဟောရပါက၊ အညတ္ထ၊ မြစ်ကြပေါ်ဟနာ။
၅၉၉။ ထိုနည်းအတူ၊ ဟောပါမူလည်း၊ ယေဘုယျာဒိ၊ လျဉ်းပါးရှိ၊ မြစ်ဘိဝေတ္ထာ။
၆၀၀။ မြစ်၍မနိုင်၊ ရှေ့နည်းလှိုင်၊ ပယ်နိုင်ဒေါ်သလာ။
၆၀၁။ ယင်းသို့လာငြား၊ ရှေ့စကား၊ ထင်းရှားမြဲစေရာ။
၆၀၂။ ပယ်သည့်ခြင်းရာ၊ ကြောင်း–ကျိုးဖြာ၊ ထင်စွာပြလေပါ။

၆၀၃။ ကြောင်းကျိုးစပ်ဖြာ၊ ပြပြီးပါလျှက်၊ ကောက်ငုပ်ချက်ကြောင့်၊ အမေးထွက်၊ လောင်းစွက်ကာရဏာ။

၆၀၄။ သဗ္ဗနာမ်ပုဒ်၊ အဘွင့်ထုတ်ရာ၊ လိင်္ဂါပစ္စည်း၊ နက်မှီးဝိဘတ်၊ အန္တတ်ဗာဟီ၊ တလီသဗ္ဗနာမ်၊ သာမည့်ကြောင့်၊ ပဓာန်ဝိသယ၊ အာဓာရနှင့်၊ ဝေနစ်စေ၊ အညတ္ထေ၊ စုဒ်လေထိုက်သင့်စွာ။

၆၀၅။ သဗ္ဗနာမ်ပုဒ်၊ ဆင့်၍ထုတ်၊ နောက်ပုဒ်နက်ကင်းရာ။

၆၀၆။ ကဲ့ရဲ့ချီးမွမ်း၊ နက်ငုပ်လွန်းက၊ ဤသုံးဝ၊ ထားကြဆင့်၍သာ။

၆၀၇။ သဘာဝတ္ထ၊ ပုဒ်ဘွင့်ပြက၊ မူလပုဒ်မှာ၊ ထပနာ၍၊ ဗျုပ္ပါပဝတ္တ၊ မေးအပ်လှ၊ ဖြေကပြည့်စုံစွာ။

၆၀၈။ ဗျုပ္ပတ်ဘွင့်ပြ၊ ထိုဝါကျ၊ ဝစနဆက္ကာ၊ ပြလေပါ။

၆၀၉။ သညီသဒ္ဒါ၊ ထပနာလျက်၊ သညာဗျုပ္ပတ်၊ မေးတုံလတ်၊ ဟိတ်ပါ၌ထုတ်အပ်စွာ။

၆၁၀။ ပုဒ်ပစ္စည်းဘွင့်၊ တွင်းပဆင့်လျှက်၊ ပုဒ်နက်တသီး၊ ပစ္စည်းမေးက၊ ဂေါဂဏှာ၊ ဘွင့်ပြထိုက်သင့်စွာ။

၆၁၁။ နယာဒိမှာ၊ ကံနှစ်ဖြာတွင်၊ ဟောရာဝုတ္တ၊ ပဓာနမှတ်၊ သမာသ်ရောက်ပြန်၊ အပဓာန်၊ ကေန်ဝုတ္တသာ။

၆၁၂။ ပဓာနဟော၊ သဘောပညတ်၊ ဤနှစ်ရပ်တွင်၊ ပညတ်ဟောက၊ ဓာတွတ္ထ၊ ဇီဝစစ်၍ဖြာ။

၆၁၃။ သဘောဟောက၊ သကတ္တ၊ ဖြစ်ရကံနက်သာ။

၆၁၄။ အပဓာန်မှာ၊ ရုံတခါ၊ သတ္တမီသာ၊ ဖြစ်ရရှာ။

၆၁၅။ ဒုဟာဒိမှန်၊ အပဓာန်၊ သမာသ်လှန်က၊ ပဓာန၊ ဟောကြဝုတ္တသာ။

၆၁၆။ ဝါကျ၌မှာ၊ အပဓာန၊ မရှိက၊ ဟောကြပဓာနာ။

၆၁၇။ ကံမဲ့ဓာတ်စု၊ ဟေတု-ကတ္တုသာဓ်၊ ပြုတုံလတ်၊ ကရဏာသာဓ်၊ ရတတ်လှ။

၆၁၈။ အဝုတ္တကတ္တု၊ ပြုသည့်မှုမှာ၊ ထို့တူသာ၊ ရရာမြဲမှုချ။

၆၁၉။ သကမ္မကာ၊ ဓာတ်အရ၊ အကမ္မကဓာတ်ဘွင့်ပြ၊ ကာရိတ်-ထည့်အပ်စွ။

၆၂၀။ ကာရိတ်တကွ၊ အကမ္မက၊ ကရ-ဓာတ်နှင့်၊ ဘွင့်အပ်စွ။

၆၂၁။ တနည်းမှတ်ကြ၊ ချင်းပဒ၊ သကမ္မနှင့်၊ ဘွင့်သင့်လှ။

၆၂၂။ ဓာတုနာမ၊ ပစ္စယ၊ ကရ–ဓာတ်နှင့်၊ ဘွင့်အပ်စွ။
၆၂၃။ ဒိဋ္ဌမြင်ညို၊ နုမတိသာ၊ မေးခဲ့လာ၊ ဖြေပါကော်သ။
၆၂၄။ ထက်ဝက်ဟုတ်ရာ၊ စုဒ်နှစ်ဖြာ၊ ကိစ္စာထုတ်ပါကြ။
၆၂၅။ အဒိဋ္ဌရို၊ ဝိမတိဖြင့်၊ မေးလာလင့်၊ ဖြေခွင့်ဝိဘဇ္ဇ။
၆၂၆။ အမေးနှစ်ထွေ၊ အသင်္ကော်၊ သစေထုတ်အပ်စွ။
၆၂၇။ အာဘော်ဝှက်ရေး၊ ပြန်၍မေးခါ၊ ဖြေရပါ၊ ပဋိပုစ္ဆာပြ။
၆၂၈။ အညာဝိကာ၊ စုဒ်တက်လာ၊ ဖြေပါထပန။
၆၂၉။ ဝိသေသ်,ဝိသေ၊ နောက်နေ,ရှေ့လှန်၊ တတန်ကာကီ၊ နောက်မှီရှေ့ကို၊ စပ်လိုတဖြာ၊ ရှေ့လာနောက်တွင်၊ စပ်ချင်တဝ၊ ပါဠိကြွင်းမျှကို၊ စပ်စေလိုက၊ ဤလေးဝ၊ သမ္ဗန္ဓောဟုပြ။
၆၃၀။ သမ္ဗန်သဟတ်၊ ကံသဟတ်တွင်၊ ရှိခဲ့လျှင်၊ ဆိတ်ချင်အာကာရ။
၆၃၁။ အာကာရသာ၊ ရှိခဲ့ရာ၊ ဆိတ်ပါချင်းနှစ်ဝ။
၆၃၂။ ယင်းသို့ဆိတ်ခါ၊ ပြည့်စုံစွာ၊ ထည့်ကာနက်ပေးကြ။
၆၃၃။ ချင်းတို့စပ်ရ၊ သမ္ဗန္ဓမှာ၊ အာကာရာ၊ မေးကာထုတ်အပ်စွ။
၆၃၄။ ကြိယာကာရက၊ တဝဝိသေ၊ လျော်စွာပေ၊ ယှဉ်လေဘာဝေန။
၆၃၅။ အာဂန္တုက၊ ပုဒ်ရရှိနှင့်၊ အာဝါသိမှာ၊ ညှိနှိုင်းပါ၊ ပြုပါ–ဝိဂ္ဂဟ။
၆၃၆။ သမ္ဗန်ဘုမ္မတ်၊ သဟတ်သမ္ဗန်၊ သမ္ဗန်သဟတ်၊ ဤသုံးရပ်၊ ဘဝသာဓ်ဟုပြ။
၆၃၇။ ကံနှင့်ဘုမ္မတ်၊ သဟတ်နှင့်ကံ၊ ကမ္မံသဟတ်၊ ဤသုံးရပ်၊ ကမ္မသာဓ်ဟုပြ။
၆၃၈။ ကတ္တားဘုမ္မတ်၊ သဟကတ္တား၊ ကတ္တားသဟတ်၊ ဤသုံးရပ်၊ ကတ္တုသာဓ်ပြ၊ မိန့်မှာကြ။
၆၃၉။ သမ္ဗန္ဓောထား၊ ပုဒ်အလားပေ၊ ယောဇေတဗ္ဗာ၊ ယောဇနာ၊ ရံခါတူစွာပြ။
၆၄၀။ သဘာဝနှင့်၊ သဒ္ဒပကတျတ်၊ ပစ္စယတ်၊ ပြလတ်ပ္ပကတိက။
၆၄၁။ ပ္ပကတိတည်လျက်၊ ထွေ–စွက်၊ မိန့်မြွက်အစိတ်ပြ။
၆၄၂။ အစိတ်ပြလျက်၊ ထွေမရှိ၊ ပုဒ်ပ္ပကတိ၊ ထည့်ဘိပုဒ်တွေ။
၆၄၃။ နိဒ္ဒေသန၊ အစိတ်ပြရာ၊ ဥပစာသိ၊ အာဒိဟောမှာ၊ ဝက်ထွာ၊ နှစ်ဖြာခွဲအပ်စွ။
၆၄၄။ ကရိုဏ်းပြရာ၊ ဒဿနာ၊ ထုတ်ခါ–မုချပြ။

၆၄၅။ သံဝဏ္ဏောတဗ္ဗ၊ ဥလ္လိင်္ဂမှာ၊ ပထမာတတန်၊ သမ္ပန်တဝ၊ အာခာရပါ၊ ကရဏာ၊ ထိုက်စွာယှဉ်အပ်စွ။

၆၄၆။ အတ္တဝဏ္ဏော၊ အဏ္ဏောသုံးဖြာ၊ ဘွင့်ပါဌ်မှာ၊ စဉ်ကာအနက်ပြ။

၆၄၇။ ဝုတ္တိဘွင့်မှာ၊ ထိုတူသာ၊ ယှဉ်ရာနည်းတူပြ။

၆၄၈။ ထပနာရှိ၊ ယဒိတဝ၊ ဟောတု-ပြဘိ၊ ဝေမ္ပိကော်၊ အာဘော်နနု၊ ဟိတ်လှည့်ပြုခါ၊ ထပနာလှန်၊ မဆိုတန်၊ ကထံပုစ္ဆာပြ။

၆၄၉။ သူ့ဟိတ်ကိုပင်၊ ရှစ်တင်ကာ၊ ဆိုတန်ရာ၊ ဖြေကာကိုယ့်ဟိတ်ပြ။

၆၅၀။ ထပနာရှိ၊ ယဒိဝေ၊ ဟိတ်လှန်နက်ရောက်၊ စင်စစ်လျောက်ခါ၊ မရောက်ရာပြ၊ ချင်းကဟိတ်လှန်၊ သဘောမှန်ကို၊ ဆိုတန်ထုတ်လျှက်၊ မဆိုမြွက်၊ ရောက်ချက်ဒေါသပြ။

၆၅၁။ ဖြေရင်းပါဌ်ဖော်၊ ဖြစ်ဘိသော်တည်း၊ အကြောင်းဆီး၍၊ ဆိုသတည်းပိုင်း၊ ဆိုတိုင်းမဟုတ်၊ လှန်ကြောင်းထုတ်ပြန်၊ မဆိုတန်၊ ဒေါသန်အဖြေပြ။

၁၁။ ကိတကဏ္ဍပြီး၏။

## မဟာဇောတိကာရာမစံကျောင်းတိုက် စာချနည်းပြ
## ထပနာဒိပဥ္စက ဆက္ကပဒီပ

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

**ယတ္ထ ယတ္ထ ပဒေသေ့ဝ၊ ဒိဋ္ဌေ ဝိသဇ္ဇနေ သတိ။**
**တတ္ထ တတ္ထုဒ္ဓရိတဗ္ဗာ၊ ပုစ္ဆာ တာဝ ဝိဘာဝိနာ။**

ဟူသောရှေးဆရာမြတ်တို့၏မှာတမ်းတော်အရ စကားကျမှာ အကြင်အကြင် ပုဒ်တို့၌ အဖြေကိုမြင်သည်ရှိသော် ထိုထိုပုဒ်တို့၌ အတင်ပုစ္ဆာကို ထုတ်အပ်၏။ ဟုမိန့်သောကြောင့် "နီလော ပဋော" ဟူသောပုဒ်ဝါကျ၌ ဝိသေသန,ဝိသေသျ နှစ်ပါးကပင် ပုစ္ဆာလေးပါးတို့ဖြင့် စုံလင်အောင် ထွက်ဆိုပြပေအံ့။

နီလော ပဋောကို အဒိဋ္ဌဇောတနာ နည်းဖြင့်ထွက်ဟန်ကား– အရှင်ပရိဟာရဆရာ။ နီလော ဟုဆရာဆိုတော်မူ၏။ (ဤကားထပနာ)။ ဤသို့နီလောဟူသောဂုဏ်ပုဒ်သက်သက်ကိုဆိုအပ်သည်ရှိသော်(ဤကား ဒေါသာပေက္ခလက္ခဏာ)။ ဌာနီဂုဏ်ဖြစ်ပါလျက်။ တည်ရာဌာနဂုဏောဒြဗ်နှင့်ကင်းရာသည်မဟုတ်ပါလော။ (ဤကား အာဘောဂ)။ ထိုသို့ ဂုဏောဒြဗ်နှင့်ကင်းရာလောသောကြောင့်။ (ဤကား အာဘောဂဟိတ်)။ နီလောဟူသောဂုဏ်,ပုဒ်သက်သက်ကိုသာမဆိုသင့်။ (ဤကား ပဋိက္ခေပစောဒနာ)။ ဂုဏ်၏တည်ရာဂုဏောဒြဗ်ကိုလည်းပြဆိုသင့်သေး၏။ (ဤကား အနုညာတစောဒနာ)။ အဘယ်သို့လျှင် ဂုဏ်၏တည်ရာဂုဏောဒြဗ်ကိုဆိုအပ်သတည်း။ (ဤကား ပုစ္ဆာ)။ ဤသို့ ထပနာပဥ္စက အဒိဋ္ဌဇောတနာနည်းဖြင့် သူမေးဘွယ်ရှိ၍၊ ဝိဘဇ္ဇဗျာကရဏဖြင့် ဖြေလိုရကား ပဋော ဟူသောပါဌ်ကိုမိန့်သတည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား နီလောဟု ငါဆိုအပ်သည်ကားမှန်၏။ ဤသို့ဆိုရာ၌ နီလောဟူသောဂုဏ်ပုဒ်သက်သက်ကိုသာ ဆိုအပ်သည်မဟုတ်၍ ဂုဏောဒြဗ်နှင့်ကင်း၏ဟု အာဘောဂထားသင့်ငြားသော်လည်း ဌာနီဖြစ်သောနီလော ဟူသော ဂုဏ်ပုဒ်ကို မပယ်သင့်။ မပယ်သင့်သောကြောင့် ဂုဏောဒြဗ်ပုဒ်ကား ပဋောဟူလို။

ဤထပနာပဋ္ဌကထွက်နည်း၌ "ထပနာပြ၊ ဒေါ်သလက္ခဏာ၊ အာဘောဂါနှင့်၊ ဟိတ်ဖြာရှေ့ပယ်။ နွယ်ဆွယ်၊ မေးဘွယ်-ပဋ္ဌက" ဟူသည်နှင့်အညီမှတ်အပ်၏။

ဤလင်္ကာ၌ နောက်သုံးပါးကို တစ်ခုတည်းယူမှ ပဋ္ဌကဖြစ်၏ဟုယူလေ။ ဆရာမြတ်တို့အလို ဤသို့မယူမူ သတ္တကဖြစ်ရာ၏။

ပဋ္ဌောက နိလောကို ယခင်နည်းဖြင့်ထွက်ဟန်ကား-

အသျှင်ပရိဟာရဆရာ။ ပဋ္ဌောဟု ဆရာဆိုတော်မူ၏။ (ဤကား ထပနာ)။ ဤသို့ ပဋ္ဌောဟူသော ဂုဏောပုဒ်သက်သက်ဆိုအပ်သည်ရှိသော်။ (ဤကား-ဒေါ်သာပေက္ခလက္ခဏာ)။ ဂုဏ်၏တည်ရာဌာနပုဒ်ဖြစ်ပါလျက် တည်တတ်သောဂုဏ်နှင့် ကင်းရာသည်မဟုတ်ပါလော။ (ဤကား အာဘောဂ)။ ထိုသို့တည်တတ်သောဂုဏ်နှင့် ကင်းရာလေသောကြောင့်။ (ဤကား အာဘောဂဟိတ်)။ ပဋ္ဌောဟူသော ဂုဏောပုဒ်သက်သက်ကိုသာမဆိုသင့် (ဤကား ပဋိက္ခေပစောဒနာ)။ ဂုဏောဒြဗ်၌ တည်သောဂုဏ်ကိုလည်း ပြဆိုသင့်သေး၏။ (ဤကား အနုညာတစောဒနာ) အဘယ် သို့ဆိုလျှင် ဂုဏောဒြဗ်၌တည်သောဂုဏ်ကိုဆိုအပ်သနည်း (ဤကား ပုစ္ဆာ)။ ဤသို့ ထပနာ ပဋ္ဌကအဒိဋ္ဌဇောတနာနည်းဖြင့် သူမေးဘွယ်ရှိ၍ ဝိဘဇ္ဇဗျာကရဏဖြင့် ဖြေပြလိုရကား နိလောဟူသော ပါဋ္ဌကိုမိန့်အပ်သတည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား။ ။ ပဋ္ဌောဟု ငါဆိုအပ်သည်ကားမှန်၏။ ဤသို့ဆိုရာ၌ ပဋ္ဌောဟူသော ဂုဏောသက်သက်ကိုသာဆိုအပ်သည်မဟုတ်၍ တည်တတ်သောဂုဏ်နှင့်ကင်း၏ဟု အာဘောဂ ထားသင့်ငြားသော်လည်း။ တည်ရာဌာနဖြစ်သော ဂုဏောပုဒ်ကိုမပယ်သင့်သောကြောင့် ဂုဏ်ပုဒ်ကား နိလောဟူလို။

ဆရာမြတ်တို့ကား ဝိသေသျပုဒ်ကသာလျှင် ဝိသေသနပုဒ်ကိုထွက်ရိုးပြုကြကုန်၏။ ငါတို့ကား သောတုဇနတို့၏ ဉာဏဝဍ္ဎနအကျိုးငှာ။ ဝိသေသန-ဝိသေသျနှစ်ပါးကပင် အချင်းချင်းထောက်၍ထွက်လျှင် ရခြင်းကိုပြအပ်သတည်း။

**အဒိဋ္ဌဇောတနာ ထွက်နည်းပြီး၏။**

■

နီလောပဗ္ဗော ဟူသောပုဒ်၌ပင်လျှင်။ နီလောပဗ္ဗောဟူသောပုဒ်ကို ဒိဋ္ဌသံ သန္ဒနာနည်းဖြင့်ထွက်ဟန်ကား။

အသျှင်ပရိဟာရဆရာ။ နီလောဟုဆရာဆိုတော်မူ၏။ (ဤကား ထပနာ)။ နီလောဟူသောပါဌ်ဖြင့် (ဤကား ဒေါသာပေက္ခကရဏ)။ အညိုဂုဏ်သက်သက်ကို သာ ပြသည်မဟုတ်ပါလော ပုဆိုးဒြဗ်ကိုကား မပြသည်မဟုတ်ပါလော (ဤကား အာဘောဂ) ထိုသို့အညိုဂုဏ်သက်သက်ကိုပြ၍ ပုဆိုးဒြဗ်ကိုမပြသောကြောင့် (ဤကား အာဘောဂဟိတ်)။ တည်ရာဒြဗ်နှင့်ကင်းရကား။ နီလောဟူ၍သာ မဆို သင့် (ဤကား ပဋိက္ခေပစောဒနာ)။ အညိုဂုဏ်၏တည်ရာ ဂုဏောဖြစ်သော ပုဆိုးဒြဗ်ကို လည်းပြဆိုသင့်၏။ (ဤကား အနုညာတစောတနာ)။ ဂုဏောဖြစ်သော ပုဆိုးဒြဗ် ဟူသည်အဘယ်နည်း (ဤကား ပုစ္ဆာ)။ ဤသို့ ထပနာပဋ္ဌကဒိဋ္ဌ သံသန္ဒနာနည်းဖြင့် သူမေးဘွယ်ရှိ၏။ ကေံသဗျာကရဏဖြင့် ဖြေပြလိုရကား ပဗ္ဗော ဟူသောပါဌ်ကို မိန့်သတည်း။ ။

ထိုပါဌ်၏အဓိပ္ပါယ်ကား။ ။ နီလောဟု ငါဆိုအပ်သည်ကားမှန်၏။ ဤသို့ဆို ရာ၌ နီလောဟူသောပါဌ်ဖြင့် အညိုဂုဏ်သက်သက်ကိုသာပြ၍ ပုဆိုဒြဗ်ကိုမပြငြား သော်လည်း ဂုဏ်ပုဒ်တည်ရာ ဒြပ်နှင့်မကင်းသောကြောင့် နီလောဟူသောဂုဏ်ပုဒ်ကို မပယ်သင့်။ မပယ်သင့်သောကြောင့် ဂုဏ်၏တည်ရာ ပုဆိုးဒြဗ်ဟောပုဒ်ကား ပဗ္ဗော ဟူလို။

ပဗ္ဗောက နီလောကို ယခင်နည်းဖြင့် ထွက်ဟန်ကား။ ။

အသျှင်ပရိဟာရဆရာ ပဗ္ဗောဟုဆရာဆို၏။ (ဤကား ထပနာ)။ ဤပဗ္ဗော ဟူသောပါဌ်ဖြင့် (ဤကား ဒေါသာပေက္ခကရဏ)။ သဘ္ဘဝသာမညဖြစ်သော ပုဆိုးဒြဗ် သက်သက်သာပြသည်မဟုတ်ပါလော။ ဗျာဘိစာရကပ္ပလဖြစ်သောဂုဏ် ကိုကား မပြသည်မဟုတ်ပါလော (ဤကား အာဘောဂ)။ ထိုသို့ ပုဆိုးဒြဗ် သက်သက်ကိုသာပြ၍ ဂုဏ်ကိုမပြသောကြောင့် (ဤကား အာဘောဂဟိတ်)။ ဂုဏ်နှင့်ကင်းရကား ပဗ္ဗောဟူ၍သာ မဆိုသင့် (ဤကား ပဋိက္ခေပစောဒနာ)။ ပုဆိုးဒြဗ်၌တည်သော ဂုဏ်ကိုလည်းပြဆိုသင့်သေး၏။ (ဤကား အနုညာတ စောဒနာ)။ ဂုဏ်ဟူသည် အဘယ်နည်း (ဤကား ပုစ္ဆာ) ဤသို့ ထပနာပဋ္ဌက

ဒိဋ္ဌသံသန္ဒနာနည်းဖြင့် သူမေးဘွယ်ရှိ၍ ကော် သဗ္ဗာကရဏဖြင့် ဖြေပြလိုရကား နီလော ဟူသောပါဠ်ကို မိန့်အပ် သတည်း။

ထိုပါဌ်၏ အဓိပ္ပါယ်ကား။ ။ ပဋ္ဌောဟု ငါဆိုအပ်သည်ကားမှန်၏။ ဤသို့ဆိုရာ၌ ပဋ္ဌောဟူသောပါဌ်ဖြင့် သမ္ဘဝသာမညဖြစ်သော ပုဆိုးဒြပ်သက်သက်ကို သာပြ၍ ဗျတိစာရကပ္ပလအားဖြင့် အညိုဂုဏ်ကိုမပြငြားသော်လည်း တည်ရာပုဆိုးဒြပ်၏တည်တတ်သောအညိုဂုဏ်နှင့်မကင်းရာသောကြောင့် ပဋ္ဌောဟူသော ဂုဏေးဒြပ်ပုဒ်ကိုမပယ်သင့် မပယ်သင့်သောကြောင့် ဂုဏေးဒြပ်၌တည်သော အညိုဂုဏ်ဟောပုဒ်ကား နီလောဟူလို။

ဒိဋ္ဌသံသန္ဒနာ ထွက်နည်းပြီး၏။

■

နီလောပဋ္ဌော ဟူသောပုဒ်၌ပင်လျှင် နီလောက ပဋ္ဌောပုဒ်ကို ဝေမတိက နည်းဖြင့် ထွက်ဟန်ကား။

အသျှင်ပရိဟာရဆရာ။ နီလောဟုဆရာဆိုတော်မူ၏။ (ဤကား ထပနာ) ဤသို့ နီလောဟုဆိုအပ်ငြားသော်လည်း။ (ဤကား လက္ခဏာရစ်)။ ဤနီလောဟူသောပါဌ်ဖြင့်။ (ဤကား ဒေါသာပေက္ခလက္ခဏာ)။ အညိုဂုဏ်သက်သက်ကိုသာပြသည်ဖြစ်၍၊ ပုဆိုးဒြပ်ကိုကား မပြသည်မဟုတ်ပါလော။ သို့တည်းမဟုတ် ပုဆိုးဒြပ်ကိုလည်း ပြလေသေးသလော။ (ဤကား ဝေမတိက အာဘောဂ)။ ဤသို့ ပြ,မပြ။ ဒွိဟနစ်ပါး။ ယုံမှားသံသယ မကင်းလှသောကြောင့် (ဤကား အာဘောဂဟိတ်)။ နီလောဟူသောပုဒ်ကိုသာမဆိုသင့်။ (ဤကား ပဋိက္ခေပစောဒနာ)။ သံသယကင်းကင်း ဒွိဟရှင်းအောင် ထင်လင်းစွာ ဂုဏေးဒြပ်ကိုလည်း ပြဆိုသင့်သေး၏။ (ဤကား အနုညာတစောဒနာ)။ ဂုဏေးဒြပ်ဟူသည်အဘယ်နည်း (ဤကား ပုစ္ဆာ) ဤသို့ ထပနာပဋ္ဌကဝေမတိကပုစ္ဆာနည်းဖြင့် သူမေးဘွယ်ရှိ၍ ဝိဘင်္ဂဗျာကရဏဖြင့် ဖြေပြလိုရကား ပဋ္ဌောဟူသောပါဌ်ကို မိန့်အပ်သတည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား။ ။ နီလောဟု ငါဆိုအပ်သည်ကားမှန်၏။ ဤသို့ဆိုခြင်းကြောင့် နီလောဟူသောပါဌ်ဖြင့် အညိုဂုဏ်သက်သက်ကိုသာ ပြသည်

မဟုတ်။ ပုဆိုးဒြပ်ကိုလည်း ပြသင့်သဖြင့် ဒွိဟနှစ်ပါး ယုံမှားသံသယ မကင်းလှငြား သော်လည်း တည်ရာဂုဏေးဒြပ်၏ တည်တတ်သောဂုဏ်သကတ်နှင့် မကင်းသော ကြောင့် နီလောဟူသောဂုဏ်ပုဒ်ကို မပယ်သင့်။ မပယ်သင့်သောကြောင့် ဂုဏ်၏ တည်ရာဂုဏေးကား ပဋ္ဌောဟူလို။

ပဋ္ဌောက နီလောကို ယခင်နည်းဖြင့် ထွက်ဟန်ကား။

အသျှင်ပရိဟာဆရာ။ ပဋ္ဌောဟုဆရာဆိုတော်မူ၏။ (ဤကား ထပနာ) ဤသို့ ပဋ္ဌောဟုဆိုအပ်ငြားသော်လည်း (ဤကား လက္ခဏာရစ်)။ ဤပဋ္ဌောဟူသော ပါဋ်ဖြင့်။ (ဤကား ဒေါသာပေက္ခကရဏ)။ ပုဆိုးဒြပ်သက်သက်ကိုသာပြ၍ ဂုဏ်ပုဒ် သကတ်ကိုမပြသည်မဟုတ်ပါလော။ သို့တည်းမဟုတ် ဂုဏ်သကတ်ကိုလည်း ပြလေသေးသလော (ဤကား ဝေမတိအာဘောဂ)။ ဤသို့ ပြ,မပြ ဒွိဟနှစ်ပါး ယုံမှားသံသယ မကင်းလှသောကြောင့် (ဤကား အာဘောဂဟိတ်)။ ပဋ္ဌောဟူ သော ဂုဏေးဒြပ်ကိုသာ မဆိုသင့် (ဤကား ပဋိက္ခေပစောဒနာ) သံသယကင်း ဒွိဟရှင်းအောင် ထင်လင်းစွာ ဂုဏ်သကတ်ကိုလည်း ပြဆိုသင့်သေး၏။ (ဤကား အနုညာတစောဒနာ)။ ဂုဏ်သကတ်ဟူသည် အဘယ်နည်း (ဤကား ပုစ္ဆာ) ဤသို့ ထပနာပစ္စက ဝေမတိကနည်းဖြင့် သူမေးဘွယ်ရှိ၍ ဝိဘဇ္ဇကရဏဖြင့် ဖြေပြလိုရ ကား–။ နီလော ဟူသောပါဋ်ကို မိန့်သတည်း။

ထိုပါဋ်၏အဓိပ္ပါယ်ကား။　။ ပဋ္ဌောဟု ငါဆိုအပ်သည်ကားမှန်၏။ ဤသို့ ဆိုခြင်းကြောင့် ပဋ္ဌောဟူသောပါဋ်ဖြင့် ပုဆိုးဒြပ်သက်သက်ကိုသာပြသည်မဟုတ် ဂုဏ်သကတ်ကိုလည်းပြသင့်သေးသဖြင့်။ ဒွိဟနှစ်ပါး ယုံမှားသံသယ မကင်းလှငြား သော်လည်း တည်တတ်သောဂုဏ်သကတ်၏ တည်ရာဂုဏေးဒြပ်နှင့် မကင်းသော ကြောင့် ပဋ္ဌောဟူသောဂုဏေးဒြပ်ပုဒ်ကို မပယ်သင့် မပယ်သင့်သောကြောင့် ဂုဏေး ဒြပ်၌တည်သော ဂုဏ်သကတ်ကား နီလောဟူလို။

**ဝေမတိက ပုစ္ဆာထွက်နည်းပြီး၏။**

■

နိလောပဋ္ဌော ဟူသောပုဒ်၌ပင်လျှင် နိလောက ပဋ္ဌောကို အနုမတိပုစ္ဆာနည်းဖြင့်ထွက်ဟန်ကား –

အသျှင်ပရိဟာရဆရာ။ နိလောဟုဆရာဆိုတော်မူ၏ (ဤကား ထပနာ) နိလောဟူလောပါဠ်ဖြင့် (ဤကား ဒေါသာပေက္ခကရဏ)။ အညိုဂုဏ်ကိုသာပြအပ်သည်မဟုတ် အညိုဂုဏ်၏တည်ရာပုဆိုးဒြပ်ကိုလည်းပြအပ်ပါသလော သို့မဟုတ်ခဲ့လျှင် အညိုဂုဏ်သက်သက်ကိုသာပြအပ်ပါသလော (ဤကား အနုမတိအာဘောဂ)။ ဤသို့ အညိုဂုဏ်သက်သက်ကိုသာပြအပ်သည်ရှိသော် (ဤကား ဒေါသာပေက္ခလက္ခဏ)။ အညိုဂုဏ်၏တည်ရာဒြပ်နှင့်မကင်းသင့်လေသောကြောင့် (ဤကား အာဘောဂဟိတ်)။ တည်တတ်သော နိလောဟူသော အညိုဂုဏ်သက်သက်ကိုသာ မဆိုသင့် (ဤကား ပဋိက္ခေပစောဒနာ) အညိုဂုဏ်၏တည်ရာဒြပ်ကိုလည်း ပြဆိုသင့်သေး၏။ (ဤကား အနုညာတစောဒနာ)။ အညိုဂုဏ်၏တည်ရာဒြပ်ဟူသည် အဘယ်နည်း (ပုစ္ဆာ)။ ဤသို့ ထပနာပဋ္ဌကအနုမတိပုစ္ဆာနည်းဖြင့် သူမေးဘွယ်ရှိ၍။ ကော်သဗျာကရဏဖြင့် ဖြေပြလိုရကား။ ပဋ္ဌောဟူသောပါဠ်ကို မိန့်အပ်သတည်း။

ထိုပါဠ်၏အဓိပ္ပါယ်ကား နိလောဟု ငါဆိုအပ်သည်ကားမှန်၏။ ဤသို့ဆိုရာ၌ နိလောဟူသောပါဠ်ဖြင့် အညိုဂုဏ်သက်သက်ကိုသာပြ၏။ အညိုဂုဏ်၏တည်ရာပုဆိုးဒြပ်ကိုကားမပြ။ ထိုသို့အညိုဂုဏ်ကိုသာပြ၍ ပုဆိုးဒြပ်ကိုမပြငြားသော်လည်း တည်တတ်သောဂုဏ်သကတ်၏တည်ရာဂုဏောဒြပ်နှင့်မကင်းသောကြောင့် နိလောဟူသောဂုဏ်ပုဒ်ကိုမပယ်သင့်၊ မပယ်သင့်သောကြောင့် ဂုဏ်၏တည်ရာဂုဏောကား ပဋ္ဌောဟူလို။

ပဋ္ဌောက နိလောကို ယခင်နည်းဖြင့် ထွက်ဟန်ကား။

အသျှင်ပရိဟာရဆရာ။ ပဋ္ဌောဟုဆရာဆိုတော်မူ၏။ (ဤကား ထပနာ) ဤပဋ္ဌောဟူသောပါဠ်ဖြင့် (ဤကား ဒေါသာပေက္ခကရဏ) တည်ရာဂုဏောဒြပ်ကိုသာပြအပ်သည်မဟုတ် တည်တတ်သောအညိုဂုဏ်ကိုလည်း ပြအပ်ပါသလော။ သို့မဟုတ်ခဲ့လျှင် တည်ရာဂုဏောဒြပ်ကိုသာ ပြအပ်ပါသလော (ဤကား အနုမတိအာဘောဂ) ဤသို့ တည်ရာဂုဏောဒြပ်ကိုသာ ပြအပ်သည်ရှိသော် (ဤကား ဒေါသာပေက္ခလက္ခဏ)တည်ရာ ဂုဏောဒြပ်၏တည်တတ်သောဂုဏ်နှင့် မကင်း

လေသောကြောင့် (ဤကား အာဘောဂဟိတ်)တည်ရာဖြစ်သော ပဋ္ဌောဟူသော ဂုဏ်သကတ်ကိုလည်းပြဆိုသင့်သေး၏။ (ဤကား အနုညာတစောဒနာ)။ ဂုဏောဒြဗ်၌တည်သောဂုဏ်သကတ်ကား အဘယ်နည်း (ဤကား ပုစ္ဆာ)။ ဤသို့ထပနာပဋ္ဌကအနုမတိပုစ္ဆာနည်းဖြင့် သူမေးဘွယ်ရှိ၍ ကေသဗျာကရဏာဖြင့် ဖြေပြလိုရကား နီလောဟူသောပါဌ်ကို မိန့်အပ်သတည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား။ ။ ပဋ္ဌောဟုငါဆိုအပ်သည်ကားမှန်၏။ ဤသို့ဆိုရာ၌ ပဋ္ဌောဟူသောပါဌ်ဖြင့် ဂုဏောဒြဗ်သက်သက်ကိုသာပြ၏။ ဂုဏောဒြဗ်၌တည်သောအညိုဂုဏ်ကိုကားမပြ ထိုသို့ဂုဏောဒြဗ်ကိုပြ၍ ဂုဏ်သကတ်ကိုမပြငြားသော်လည်း တည်ရာဖြစ်သောကြောင့်ဂုဏောဒြဗ်တည်တတ်သော ဂုဏ်သကတ်နှင့်မကင်းသောကြောင့် ပဋ္ဌောဟူသောပုဒ်ကိုမပယ်သင့်၊ မပယ်သင့်သောကြောင့် ဂုဏောဒြဗ်၌တည်သော။ ဂုဏ်သကတ်ကား နီလောဟူလို။

အနုမတိ　ပုစ္ဆာထွက်နည်းပြီး၏။

■

ဤသို့လျှင် အဒိဋ္ဌဇောတနာပုစ္ဆာ။ ဒိဋ္ဌသံသန္ဒနာပုစ္ဆာ။ ဝေမတိကပုစ္ဆာ။ အနုမတိပုစ္ဆာ။ ဤလေးပါးသောပုစ္ဆာတို့ကို ထပနာနှင့်စပ်၍ ရသင့်သည်အားလျော်စွာ ပြအပ်သတည်း။ ကထေတုကမျတာပုစ္ဆာကိုကား။ အာဘော်ကင်းမဲ့သဖြင့် ထပနာပဋ္ဌကထုတ်၍ မရဟု မှတ်ရာ၏။

ထိုသို့ပုစ္ဆာလေးပါးကို ထပနာပဋ္ဌကထုတ်၍ရငြားသော်လည်း အဒိဋ္ဌဇောတနာပုစ္ဆာတပါးကိုသာ။ ဆရာမြတ်သို့ ထွက်ရိုးပြုတော်မူကြကုန်၏။ စင်စစ်မှာကား အာဘော်စကားကို ထောက်ချင့်၍လည်းကောင်း။ "<u>အဖြေမြင်၊ အတင်သိ၊ ကျမ်းရိုး မိလှစေ</u>"ဟူ၍ဆိုအပ်သောစကားကို ထောက်ချင့်၍လည်းကောင်း။ "<u>ဝတ္တိစ္ဆာနုပုဗ္ဗိကာ သဒ္ဒပဋိပတ္တိ</u>"အားလျော်စွာ သောတုဇနတို့၏ ဉာဏဝဓုနအကျိုးငှာ နီလောပဋ္ဌောဟူသောဝါကျ၌သာ လေးပါးသောပုစ္ဆာတို့ကို ထုတ်အပ်ကုန်သတည်း။

"<u>အမေးလေးထွေ၊ အဖြေလေးရပ်</u>"ဟူသော ပရိဘာသာနှင့်အညီ စင်စစ် အားဖြင့် ဒိဋ္ဌသံသန္ဒနာပုစ္ဆာ၊ အနုမတိပုစ္ဆာနှစ်ပါး၌ ဧကံသဗျာကရဏအဖြေကို ရအပ်၏။ ပြယုဂ်ကို 'ကိစ္စာပိ, ယဒိပိ, ကာမဉ္စ' စသည်ဖြင့် တက်သောဝါကျ၌ မှတ်အပ်၏။

အဒိဋ္ဌဇောတနာပုစ္ဆာ၊ ဝေမတိကပုစ္ဆာနှစ်ပါး၌ ဝိဘဇ္ဇဗျာကရဏအဖြေကို ရအပ်၏။ ပြယုဂ်ကို 'သစေ၊ ယဒိ' စသည်ဖြင့် တက်သောဝါကျ၌ မှတ်အပ်၏။ ထိုလေးပါးသောပုစ္ဆာတို့တွင် တစ်ပါးပါးသောပုစ္ဆာဖြင့် စောဒကပုဂ္ဂိုလ်ကပြန်မေး၍ ဖြေကြားရာ၌ ပဋိပုစ္ဆာဗျာကရဏကို ရအပ်၏။ ပြယုဂ်ကို ကိဉ္စေတ္တ–ဟု တက်သော ဝါကျ၌ မှတ်အပ်၏။

ထိုလေးပါးသောပုစ္ဆာတို့တွင် တစ်ပါးပါးသောပုစ္ဆာဖြင့် စောဒကပုဂ္ဂိုလ်က မစပ်ဆိုင်သော ဖြေအပ်သောစကားမှ တစ်ပါးသောစကားကိုလည်းကောင်း။

အလွန်အပိုဖြစ်သောစကားကိုလည်းကောင်း။ အာဘော်ထား၍တက်သော ဝါကျ၌ ထပနီယဗျာကရဏ အဖြေကိုရအပ်၏။ ပြယုဂ်–ပဋိသေဓ–စသော ပဋိက္ခေပ ဝိဿဇ္ဇနာဝါကျ၌ မှတ်အပ်၏။ "နိုလောပဋ္ဌော" ဟူသောပုဒ်ဝါကျ၌ ဝိသေသန၊ ဝိသေသျ၊ အပြန်အလှန် ထပနာပဋ္ဌကထွက်နည်းပြီး၏။

■

"နိုလော ပဋ္ဌော" ဟူသောဝါကျ၌ပင်လျှင် နိုလောက ပဋ္ဌောကို ထပနာ ဆက္က ကျမ်းရိုးတင်ထွက်ဟန်ကား။

အသျှင်ပရိဟာရဆရာ နိုလောဟုဆရာဆိုတော်မူ၏။ (ဤကား ထပနာ) ဤသို့ နိုလောဟုဆိုတော်မူသည်ရှိသော် (ဤကား ဒေါသာပေက္ခလက္ခဏ)။ တည်ရာဒြဗ်နှင့်ကင်းသော အညိုသက်သက်သာရှိ၏ဟူသောအနက်သည် ရောက်၏ (ဤကား အနုလောမရောပန) စင်စစ်မူကား တည်ရာဒြဗ်နှင့်ကင်းသော အညိုဂုဏ်သက် သက်သာရှိ၏ဟူသောအနက်သာ မရောက်သင့် (ဤကား ပဋိလောမပါပနာ) ထိုသို့ မရောက်သင့်သောကြောင့် ဌာနီဂုဏ်၏တည်ရာဌာန ဂုဏေး ဒြဗ်ကိုလည်းဆိုသင့်သေး၏ (ဤကား အနုလောမပါပန)။ တည်ရာဌာန ဂုဏေး ဒြဗ်နှင့်ကင်းသော အညိုဂုဏ်သက်သက်ရှိ၏ဟူ၍ကား မဆိုသင့် (ဤကား

ပဋ္ဌိလောမရောပန) မဆိုသင့်ဘဲလျှက် ဆိုချေသော် (ဤကား ဒေါသာရောပနာ လက္ခဏာ) ဂုဏ်,ဂုဏေးဆန့်ကျင်သော ဝိရောဓိ ဒေါသရောက်ရာသည် မဟုတ်တုံ လော (ဤကားစောဒနာ) အဘယ်သို့လျှင်ဂုဏ်၏ တည်ရာ ဂုဏေးဒြဗ်ကို သိအပ်ပါသနည်းဖြင့် သူမေးဘွယ်ရှိ၍။ ဤသို့သိလေဟု ကေံသဗျာကရဏာဖြင့် ဖြေပြလိုရကား။ ပဋ္ဌောဟူသောပါဌ်ကို မိန့်အပ်သတည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား။　　။ နီလောဟု ငါဆိုအပ်သည်ကားမှန်၏။ ထိုသို့ဆိုရာ၌ ဌာနီဂုဏ်ဖြစ်၍ ဌာနဂုဏေးနှင့် မကင်းရာသည်ဖြစ်ဘိသော်။ ထို့ကြောင့် ဌာနီဖြစ်သောဂုဏ်၏ ဌာနဖြစ်သော ဂုဏေးကိုပြတတ်သော ပဋ္ဌော ဟူသောပုဒ်ကို ဆိုအပ်သတည်း။ စောဒကပုဂ္ဂိုလ်ဆိုအပ်သည့်အတိုင်း တည်ရာ ဒြပ်ကင်းသော အညိုဂုဏ်သက်သက်သာရှိ၏ဟု ဆိုအပ်သည်မဟုတ်။ မဟုတ် သောကြောင့် စောဒကပုဂ္ဂိုလ်တင်တိုင်းသောဂုဏ်နှင့် ဂုဏေးဆန့်ကျင်သော ဝိရောဓိ ဒေါသမရောက်ဆိုတန် ၏ဟူလိုသော်။

ပဋ္ဌောက နီလောကို ထပနာဆက္ကကျမ်းရိုးထွက်ဟန်ကား။　　။

အသျှင်ပရိဟာရဆရာ။ ပဋ္ဌောဟု ဆရာဆိုတော်မူ၏ (ဤကား ထပနာ) ဤသို့ ပဋ္ဌောဟုဆိုအပ်သည့်ရှိသော် (ဤကား ဒေါသာပေက္ခလက္ခဏာ)။ တည် တတ်သောဌာနီဂုဏ်နှင့်ကင်းသော ဂုဏေးဒြဗ်သက်သက်သာရှိ၏ဟူသော အနက် သည် ရောက်ရာ၏ (ဤကား အနုလောမပါပန) စင်စစ်မူကား တည်တတ်သော ဌာနီဂုဏ်နှင့်ကင်းသော ဂုဏေးဒြဗ်သက်သက်သာ ရှိ၏ဟူသောအနက်သည် မရောက်သင့်။ (ဤကား ပဋ္ဌိလောမပါပန)။ ထိုသို့မရောက်သင့်သောကြောင့် တည်ရာဌာန ဂုဏေးဒြဗ်၌တည်တတ်သော ဂုဏ်သကတ်ကိုလည်း ဆိုအပ်သင့် သေး၏ (ဤကား အနုလောမပရောပန)တည်တတ်သော ဂုဏ်သကတ်နှင့် ကင်းသော တည်ရာဂုဏေး ဒြဗ်သက်သက်ရှိကုန်၏ဟူ၍ကား မဆိုသင့် (ဤကား ပဋ္ဌိလောမရောပန)မဆိုသင့်ဘဲလျက်ဆိုချေသော် (ဤကား ဒေါသရောပနလက္ခဏာ) ဂုဏေးနှင့်ဆန့်ကျင်သော ဝိရောဓိဒေါသရောက်ရာသည်မဟုတ်ပါလော (ဤကား စောဒနာ) အဘယ်သို့လျှင် ဂုဏေးဒြဗ်၌တည်သော ဂုဏ်သကတ်ကို သိအပ်ပါ သနည်း (ဤကားပုစ္ဆာ) ဤသို့ အပြစ်တင်လျှက် ထပနာဆက္ကဒိဋ္ဌသံသန္ဒနာနည်းဖြင့် သူမေးဘွယ်ရှိ၍ ကေံသဗျာကရဏာဖြင့် ဖြေပြလိုရကား နီလောဟူသောပါဌ်ကို မိန့်အပ်သတည်း။

ထိုပါဠိ၏အဓိပ္ပါယ်ကား။ ။ ပဋ္ဌောဟု ငါဆိုအပ်သည်ကားမှန်၏။ ထိုသို့ဆိုရာ၌ တည်ရာဌာန ဂုဏေးဒြဗ်ဖြစ်၍ တည်တတ်သော ဌာနီဂုဏ်သကတ်နှင့် မကင်း ရာသည်ဖြစ်ဘိသော်။ ထို့ကြောင့် တည်ရာဌာနဂုဏေးဒြဗ်၌တည်တတ်သော ဌာနီ ဂုဏ်သကတ်ကိုပြတတ်သော နီလောဟူလောပုဒ်ကို ဆိုအပ်သတည်း။

စောဒကပုဂ္ဂိုလ်ဆိုအပ်သည့်အတိုင်း တည်တတ်သောဂုဏ်သကတ်ကင်းသော ပုဆိုးဒြဗ်သက်သက်ရှိ၏ဟုဆိုအပ်သည်မဟုတ်။ မဟုတ်သောကြောင့် စောဒကပုဂ္ဂိုလ်က တင်တိုင်းသောဂုဏေးနှင့်ဆန့်ကျင်သော ဝိရောဓိဒေါသမရောက်ဆိုတန်၏ ဟူလိုသော်။

ဤထပနာဆက္ကကျမ်းရိုးတင်ထွက်နည်း၌။ "<u>ထပနာပြ၊ လက္ခဏာရှု၊ နက်ရောက်စုပုံ၊ အနုလုံမှာ၊ ပါပနာတည့်၊ ပြန်ကာယူကုန်၊ ပဋိလုံမှာပါပနာဟု၊ ဟိတ်ခတ်ပြု၍၊ တင်မှုရောပနာ၊ အနုပြလော့၊ ပြန်ကပဋိ၊ ထုတ်လေဘိ၍၊ ဖြစ်ရှိလက္ခဏာ၊ ဒေါသပြခါ၊ စောဒနာ၊ ပုစ္ဆာဆက္ကပြ</u>" ဟူသည်နှင့်အညီ မှတ်အပ်၏။

ဤလင်္ကာ၌ ထပနာ၊ အနုလောမပါပနာ၊ ပဋိလောမပါပနာ၊ အနုလောမရောပနာ၊ ပဋိလောမရောပနာ၊ ဒေါသ၊ ဤသို့ယူမှ ဆက္ကဖြစ်၏ဟုယူလေ။ ဆရာမြတ်တို့အလို ဤသို့မယူမူ ကောဒသကဖြစ်ရာ၏။

ဤသို့လျှင် ဆရာမြတ်တို့သည် ထပနာဆက္ကထွက်နည်း၌ ဒိဠသံသန္ဒနာထွက်နည်း တစ်ခုကိုသာ ပြအပ်သည်ဖြစ်၍ ထို့အတူ ငါတို့သည်လည်း ဤနည်းတစ်ခုကိုသာ အပြန်အလှန် ထွက်ပြအပ်သတည်း။

နီလောပဋ္ဌော ဟူသောဝါကျ၌ ဝိသေသန,ဝိသေသျ

## အပြန်အလှန် ထပနာဆက္ကထွက်နည်းပြီး၏။

■

ဤသို့ပြဆိုအပ်ပြီးသည်ကား။ ။ ဝိသေသန၊ ဝိသေသျတို့ကို အပြန်အလှန်ထွက်၍ ပြအပ်သောနည်းတည်း။ ကြိယာကာရကတို့ကား ဤကဲ့သို့ အပြန်အလှန် မထွက်မူ၍ လျှဉ်းပါဘွယ်ဂ္ဂု ရာက တစ်ခုခုကိုသာ အမှာအထားမပြုဘဲ ထွက်ပြပေအံ့။

ထွက်ပုံအစဉ်မှာ။ ။ ''ဗုဒ္ဓံ ဝန္ဒတိ မာဏဝေါ'' ဟူသောပြယုဂ်တွင်ကံ၊ ကတ္တားတို့၌သာ သဒ္ဒါထွက်၊ ပဿတ်ထွက်၊ ပရမတ်ထွက်တို့နှင့် စပ်ဆိုင်သော လေးရပ်သော ထပနာပဋ္ဌကပုစ္ဆာ။ ထိုနောက်ထပနာ ဤငါးပါးတို့ကိုသာ ထွက်ပြပေအံ့။

ဤထွက်နည်းအပေါင်းတို့တွင် ရှေးဦးစွာ သဒ္ဒါထွက်နည်း၌ ဝန္ဒတိ–ဟူသောပုဒ်က မာဏဝေါဟူသောပုဒ်ကို ထပနာပဋ္ဌက အဒိဋ္ဌဇောတနာနည်းဖြင့် ထွက်ဟန်ကား။

အသျှင်ပရိဟာရဆရာ။ ဝန္ဒတိဟူ၍ ဆရာဆိုတော်မူ၏။ ဤသို့ဝန္ဒတိဟု ဝါစ္စ စသည်မဘက်သက်သက်အားဖြင့် ဆိုအပ်သည်ရှိသော်။ ဤဝန္ဒတိဟူသော ကတ္တု ဝါစက ကတ္တုဇောတက–ကတ္တုသာမည–ကတ္တုတုလျတ္ထဖြစ်ပါလျက်။ ကတ္တုဝါစ္စ– ကတ္တုဇောတေတဗ္ဗ–ကတ္တုဝိသေသ–ကတ္တုလိင်္ဂတ္ထနှင့် ကင်းရာသည် မဟုတ်ပါလော။ ထိုသို့ကင်းရာလေသောကြောင့် ဝန္ဒတိဟူသော ကတ္တုဝါစ္စ စသည် မဘက်သက်သက်သော ကတ္တုဝါစ္စစသည်ကိုလည်း ပြဆိုသင့်သေး၏။ ကတ္တုဝါစကစသည် ဟောအပ်သော ကတ္တုဝါစ္စစသည်ကား အဘယ်နည်း။ ဤသို့ ထပနာပဋ္ဌကအဒိဋ္ဌဇောတနာနည်းဖြင့် သူမေးဘွယ်ရှိ၍ ဝိဘင္ဂဗျာကရဏဖြင့် ဖြေပြလိုရကား မာဏဝေါဟူသောပါဌ်ကို မိန့်အပ်သတည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား။ ။ ဝန္ဒတိဟု ငါဆိုအပ်သည်ကားမှန်၏။ ထိုသို့ဆိုရာ၌ ကတ္တုဝါစက–ကတ္တုဇောတက–ကတ္တုသာမည–ကတ္တုတုလျ–ပုဒ်သက်သက်ကိုသာဆိုအပ်သည်မဟုတ်၍။ ကတ္တုဝါစ္စ–ကတ္တုဇောတေတဗ္ဗ–ကတ္တုဝိသေသ–ကတ္တုလိင်္ဂတ္ထနှင့်ကင်း၏ဟု အာဘော်ထားသင့်ပြီးသော်လည်း။ ကတ္တုဝါစက စသည်ကိုပြသော ဝန္ဒတိဟူသော ပုဒ်ကိုမပယ်သင့်။ မပယ်သင့်သောကြောင့် ကတ္တုဝါစက စသည်ဟောအပ်သော ကတ္တုဝါစ္စစသည်ကား မာဏဝေါဟူလိုသော်။

ဤအရာ၌ တစ်ခုစီထွက်သင့်သော ကတ္တုဝါစကစသော လေးပါးသော အရာကို အစိတ်စိတ်မထွက်မူ၍ တပေါင်းတည်း ထွက်ပြလိုက်သည်။ အလိုရှိမူ တစ်ခုစီ အစိတ်စိတ်ထွက်၍ ယူရာ၏။

ဝန္တတိ၌ ဝန္တဓာတ်က မာဏာဝေါကို ယခင်နည်းဖြင့်ထွက်ဟန်ကား။ ။

အသျှင်ပရိဟာရဆရာ။ ဝန္တတိဟူသောပုဒ်၌ ဝန္တဓာတ်ကိုဆရာဆိုတော်မူ၏။ ဤသို့ဝန္တဓာတ်ကို ဆရာဆိုအပ်သည်ရှိသော်။ ဝန္တဓာတ်သည် ကတ္တုနိသိတ ကတ္တုဗျာပါရ–ကတ္တုကြိယာဖြစ်ပါလျှက်။ ကတ္တုနိဿယ–ကတ္တုဗျာပါရဝတ္တ–ကတ္တုကာရက မကင်းရာသည် မဟုတ်ပါလော။ ထိုသို့မကင်းရာလေသောကြောင့်။ ဝန္တဓာတ်၏အရ ကြိယာ၏မှီတည်ရာဖြစ်သော ကတ္တုနိဿယစသည်မဘက် သက်သက်မှီတတ် တည်တတ်သော ကတ္တုနိသိတကြိယာစသည်ကို ဟောသောဓာတ်ကိုသာ မဆိုသင့်။ ကြိယာ၏မှီရာတည်ရာဖြစ်သော ကတ္တုနိဿယစသည်ကိုလည်း ဆိုသင့်သေး၏။ ကတ္တုနိသိတကြိယာစသည်၏မှီရာတည်ရာဖြစ်သော ကတ္တုနိဿယ စသည်ကား အဘယ်နည်း။ ဤသို့ ထပနာပဋ္ဌကအဒိဋ္ဌဇောတနာ။ ပါ။ ဝိဘဇ္ဇ ဗျာကရဏ။ ပါ။ မာဏာဝေါ။ ပါ။ တည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား။ ။ ဝန္တဓာတ်ကို ငါဆိုအပ်သည်ကားမှန်၏။ ထိုသို့ဆိုရာ၌ ကတ္တုနိသိတ–ကတ္တုဗျာပါရ–ကတ္တုကြိယာ–သက်သက်ကိုသာဆို အပ်သည်မဟုတ်၍ ကတ္တုနိဿယ။ ကတ္တုဗျာပါရဝတ္တု။ ကတ္တုကာရကနှင့်ကင်း၏ ဟုအာဘော်ထားသင့်ငြားသော်လည်း ကတ္တုနိသိတစသည်ကိုပြသော ဝန္တဓာတ်ကို မပယ်သင့်။ မပယ်သင့်သောကြောင့်။ ကတ္တုနိဿယစသည်သည်ကား မာဏာဝေါ ဟူယူလိုသော်။

ဤ၌လည်း အစိတ်စိတ်ထွက်လိုမူ ထွက်လေဦး။ ။

ဝန္တတိဟူသောပုဒ်က ဗုဒ္ဓိဟူသောပုဒ်ကို။ ယခင်နည်းဖြင့်ထွက်ဟန်ကား။

အသျှင်ပရိဟာရဆရာ။ ဝန္တတိ၌ ဝန္တဓာတ်ကို ဆရာဆိုတော်မူ၏။ ဤသို့ ဆိုအပ်သည်ရှိသော်။ ဤဝန္တဓာတ်သည် သကမ္မကဓာတ်၊ အကမ္မကဓာတ်၊ နှစ်ရပ် တို့တွင် သကမ္မကဓာတ်ဖြစ်လျက်။ ကံနှင့်ကင်းရာသည် မဟုတ်ပါလော။ ထိုသို့ ကင်းရာသောကြောင့် ဝန္တဓာတ်သက်သက်ကိုသာ မဆိုသင့်။ ဝန္တဓာတ်၌ စပ်ရန် ကံကိုလည်း ပြဆိုသင့်သေး၏။ ကံဟူသည် အဘယ်နည်း။ ဤသို့ ထပနာပဋ္ဌက အဒိဋ္ဌဇောတနာ ဝိဘဇ္ဇ။ ပါ။ ဗုဒ္ဓိကိုမိန့်။

ထိုပါဠိ၏အဓိပ္ပါယ်ကား။　　။ ဝန္ဒာတတ်ကို ငါဆိုအပ်သည်ကားမှန်၏။ ထိုသို့ဆိုရာ၌ ဝန္ဒာတတ်သက်သက်ကိုသာဆိုအပ်သည်မဟုတ်၍။ ကံနှင့်ကင်း၏ဟူ အာဘော်ထားသင့်ငြားသော်လည်း။ ကံနှင့်မကင်းသောကြောင့် ဝန္ဒာတတ်ကိုမပယ်သင့်၊ မပယ်သင့်သောကြောင့် ဝန္ဒာတတ်၏ ကံကား ဗုဒ္ဓဟူလိုသော်။

ဤမှတပါးသော ကမ္မနိဿယ ကမ္မဗျာပါရဝန္တ ကမ္မကာရကနှင့်လျဉ်းပါး၍ ထွက်လေဦး။

## သဒ္ဒါထွက်နည်းပြီး၏။

■

ပညတ်ထွက်နည်းဖြင့် ဝန္ဒတိက မာဏဝေါကို ထွက်ဟန်ကား။　　။

အသျှင်ပရိဟာရဆရာ။ ရှိခိုး၏ဟုဆရာဆို၏။ ဤသို့သာမညအားဖြင့် ဆိုအပ်သည်ရှိသော် ဂဠုန်နဂါး သိကြားပြဟ္မာစသည် များစွာသောသူတို့တွင် တယောက်ယောက်သောသူသည် ရှိခိုး၏ဟူသောအနက်သည် ရောက်ရာသည်မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် ရှိခိုး၏ဟု သာမညအားဖြင့် မဆိုသင့်။

ဤမည်သောသူသည် ရှိခိုး၏ဟု ဝိသေသအားဖြင့်ဆိုသင့်၏။ အဘယ်မည်သောသူသည် ရှိခိုးပါသနည်း။ ဤသို့ အဒိဋ္ဌ။ ပ။ ဝိဘဇ္ဇဗျာကရဏာဖြင့် ဖြေပြလိုရကား မာဏဝေါဟူသောပါဠိကို မိန့်အပ်သတည်း။

ထိုပါဠိ၏အဓိပ္ပါယ်ကား။　　။ ရှိခိုး၏ဟု ငါဆိုအပ်သည်ကားမှန်၏။ ထိုသို့ဆိုရာ၌ ရှိခိုး၏ဟုသာမညအားဖြင့်ဆိုအပ်သည်မဟုတ်။ ဂဠုန်၊ နဂါး၊ သိကြား၊ ပြဟ္မာစသော များစွာသောဟု အာဘော်ထားသင့်ငြားသော်လည်း။ ဝိသေသအားဖြင့် ယူသင့်သောကြောင့် ရှိခိုး၏ဟူသောစကားကို မပယ်သင့်၊ မပယ်သင့်သောကြောင့် ရှိခိုးသောသူကား လုလင်ဟူလို။

ဝန္ဒတိက ဗုဒ္ဓကို ယခင်နည်းဖြင့် ထွက်ဟန်ကား။

အသျှင်ပရိဟာရဆရာ။ ရှိခိုး၏ဟုဆရာဆို၏။ ဤသို့သာမညအားဖြင့် ရှိခိုးဟုဆိုအပ်သည်ရှိသော် စန္ဒီ၊ ပရမိဿွာ၊ မဟာပိန္နဲ၊ ကတဲ စသောနတ်တို့ကိုလည်း

ရှိခိုးရာရောက်သည်မဟုတ်ပါလော။ ထိုသို့ရှိခိုးရာရောက်သောကြောင့် ရှိခိုး၏ဟု သာမညအားဖြင့်သာမဆိုသင့်။ ဝိသေသအားဖြင့် ဤမည်သောပုဂ္ဂိုလ်ကိုရှိခိုး၏ဟု ပြဆိုသင့်။ အဘယ်ပုဂ္ဂိုလ်ကို ရှိခိုးသနည်း၊ ဤသို့။ ပ။ အဒိဋ္ဌ။ ပ။ ဝိဘင်္ဂ။ ဗျာကရဏဖြင့် ဖြေပြလိုရကား။ ဗုဒ္ဓံ။ ပ။ တည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား။ ။ ရှိခိုး၏ဟု ငါဆိုအပ်သည်ကားမှန်၏။ ထိုသို့ဆိုရာ၌ ရှိခိုး၏ဟုသာမန်အားဖြင့်ဆိုအပ်သည်မဟုတ်၍။ စန္ဒီ၊ ပရမိသွာ၊ မဟာ ပိန္နဲ၊ ကတဲ့ စသောနတ်တို့ကိုလည်း ရှိခိုးရာရောက်သင့်ငြားသော်လည်း ဝိသေသအားဖြင့် ဤမည်သောပုဂ္ဂိုလ်ကိုဟု ယူသင့်သောကြောင့်။ ရှိခိုး၏ဟူသော စကားကို မပယ်သင့်။ မပယ်သင့်သောကြောင့်။ ရှိခိုးအပ်သောပုဂ္ဂိုလ်ဟူသည်ကား။ ဘုရား ဟူလို။

## ပညတ်ထွက်နည်းပြီး၏။

■

ပရမတ်ထွက်နည်းဖြင့် ဝန္ဒိတွာ က မာဏဝေါကို ထွက်ဟန်ကား။ ။

အသျှင်ပရိဟာရဆရာ။ ဝန္ဒိတွာ၌ ဝန္ဒဓာတ်၏အရပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်ဟုဆရာဆိုတော်မူ၏။ ဤသို့ပမာဏစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်သက်သက်ကိုဆိုအပ်သည်ရှိသော် ၎င်းဇောစိတ္တုပ္ပါဒ်သည် ပကတူပနိဿယ၊ သဟဇာတ စသော အကြောင်းနိမိတ်နှင့်ကင်းရာသည် မဟုတ်ပါလော။ ထိုသို့ကင်းရာသောကြောင့် ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်ကိုသာ မဆိုသင့်။ ပကတူပနိဿယ၊ သဟဇာတစသော အကြောင်းနိမိတ်ကိုလည်း ပြဆိုသင့်သေး၏။ ပကတူနိဿယ၊ သဟဇာတစသော အကြောင်းနိမိတ်ဟူသည် အဘယ်နည်း။ ဤသို့ ပ။ အဒိဋ္ဌ။ ပ။ ဝိဘင်္ဂ။ ပ။ မာဏဝေါ ဟူသောပါဌ်ကိုမိန့်အပ်သတည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား။ ။ ဝန္ဒိတွာ၌ ဝန္ဒဓာတ်၏အရ ပဏာမစေတနာ ပြဋ္ဌာန်သောဇောစိတ္တုပ္ပါဒ်ဟု ငါဆိုအပ်ခဲ့သည်ကား မှန်၏။ ထိုသို့ဆိုရာ၌ ပဏာမစေတ နာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်သက်သက်ကို ဆိုအပ်သည်မဟုတ်၍

ပကတူပ နိဿယ၊ သဟဇာတစသော အကြောင်းနိမိတ်နှင့်ကင်း၏ဟု ယူသင့်ငြား သော်လည်း ပစ္စည်း၊ ပစ္စယုပ္ပန်အားဖြင့် ကျေးဇူးပြုခြင်းကြောင့် ပဏာမ စေတနာ ပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်ဟုယူခြင်းကို မပယ်သင့်၊ မပယ်သင့်သောကြောင့် ပကတူပ နိဿယ၊ သဟဇာတစသော အကြောင်းနိမိတ်ကို ပြတတ်သော ပုဒ်ကား မာဏဝေါဟူလို။

ဤအရာ၌ အဘယ်သို့ ပဏာမစေတနာ ပြဋ္ဌာန်းသောသူတို့တွင်။ တစ်ယောက်ယောက်သောသူသည် ရှိခိုး၏၊ ဇောစိတ္တုပ္ပါဒ်နှင့် ပကတူနိဿယ၊ သဟ ဇာတစသော အကြောင်းနိမိတ်တို့၏ အကျိုးပစ္စယုပ္ပန်၊ အကြောင်းပစ္စည်းဖြစ် သနည်း ဟူမူကား။ မာဏဝေါ၏အရကို ရှေးရှေး၌ဖြစ်သော ယောနိသောမနသိ ကာရ၊ စတုစက္ကသမ္ပတ္တိ၊ သဒ္ဓါ၊ မေတ္တာ၊ ကရုဏာ၊ ပညာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ် တို့၏၊ ပကတူပနိဿယသတ္တိသည်။ ပကတူပနိဿအကြောင်း နိမိတ်ဖြစ်၏ဟု ယူ၍။ ဝန္ဒတိ၌ ဝန္ဒဓာတ်အရကို ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်တည်း ဟူသော အကျိုး ပစ္စယုပ္ပန်နိမိတ္တဝန်ဟု ယူအပ်သတည်း။

သဟဇာတစသောအကြောင်းမှာ ဇောဝီထိ၌ ရုပ်နာမ်အစဉ်ကိုထောက်၍ လည်းကောင်း၊ နာမက္ခန္ဓာလေးပါး၌ အချင်းချင်းထောက်၍လည်းကောင်း။ တပြိုင် နက်ရကောင်းသောတရားတို့၌ အကြောင်းအကျိုးဟုယူလေ။ ဤကား အမှာစကား ချုပ်ပေတည်း။

ဝန္ဒတိ–က ဗုဒ္ဓံကို ယခင်နည်းဖြင့်ထွက်ဟန်ကား။ ။

အသျှင်ပရိဟာရဆရာ။ ဝန္ဒတိ၌ ဝန္ဒဓာတ်၏အရပဏာမစေတနာပြဋ္ဌာန်း သော ဇောစိတ္တုပ္ပါဒ်ဟုဆရာဆိုတော်မူ၏။ ဤသို့ဆိုအပ်သည်ရှိသော်။ ပဏာမ စေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်သည်။ အာရမ္မဏိက အကျိုးပစ္စယုပ္ပန် ဖြစ်၍၊ အာရုံ အကြောင်းနှင့် ကင်းရာသည်မဟုတ်ပါလော။ ထိုသို့ အာရုံအကြောင်းနှင့် ကင်းရာသောကြောင့်။ အာရမ္မဏိက အကျိုးပစ္စယုပ္ပန်ဖြစ်သော ပဏာမစေတနာ ပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်သက်သက်ကိုသာ မဆိုသင့်၊ အာရုံအကြောင်းကိုလည်း ဆိုသင့်သေး၏။ အာရုံအကြောင်းဟူသည် အဘယ်နည်း။ ဤသို့။ ပ။ အဒိဋ္ဌ။ ပ။ ဝိဘဇ္ဇ။ ပ။ ဗုဒ္ဓံ။ ပ။ တည်း။

ထိုပါဠိ၏အဓိပ္ပါယ်ကား။ ။ ဝန္နတိဌ ဝန္နခတ်၏အရ ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်ဟု ငါဆိုအပ်သည်ကားမှန်၏။ ထိုသို့ဆိုရာဌ ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ် သက်သက်ကိုသာဆိုအပ်သည်သာမဟုတ်၍ အာရုံ အကြောင်းနှင့်ကင်း၏ဟုဆိုသင့်ငြားသော်လည်း။ အာရမ္မဏာကအကျိုးပစ္စယုပ္ပန် တရား၏အာရုံအကြောင်း မကင်းသင့်သောကြောင့် ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်ဟုယူခြင်းကိုမပယ်သင့်၊ မပယ်သင့်သောကြောင့် ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်တည်းဟူသော အာရမ္မဏာကအကျိုးပစ္စယုပ္ပန်၏ အာရုံ အကြောင်းတည်းဟူသော အာရမ္မဏပစ္စယသတ္တိကား ဘုရားတည်းဟူသော ရူပါရုံဟူလို။

ဤသို့လျှင် အဒိဌ္ဌဇောတနာပုစ္ဆာကို၊ ထပနာပဋ္ဌကနှင့်စပ်၍ သဒ္ဒါထွက်၊ ပညထွက်၊ ပရမတ်ထွက် သုံးနည်းတို့ကို ပြဆိုအပ်သည်ကားပြီး၏။

## ပရမတ်ထွက်နည်းပြီး၏။

■

ပြဆိုအပ်ခဲ့ပြီးသော "ဗုဒ္ဓံ ဝန္နတိ မာဏဝေါ" ဟူသောဝါကျဌပင်လျှင် သဒ္ဒါထွက်၊ ပညတ်ထွက်၊ ပရမတ်ထွက်သုံးပါးတို့တွင် ရှေးဦးစွာသဒ္ဒါထွက်နည်းဌ ဝန္နတိဟူသောပုဒ်က မာဏဝေါဟူသောပုဒ်ကို ထပနာပဋ္ဌကဒိဌ္ဌသံသန္ဒနာနည်းဖြင့် ထွက်ဟန်ကား။ ။

အသျှင်ပရိဟာရဆရာ။ ဝန္နတိဌ ဝန္နခတ်၊ တိ ဝိဘတ်၊ ထိုနှစ်ရပ်တို့တွင် တိဝိဘတ်ကို ဆရာဆိုတော်မူ၏။ ဤဝိဘတ်ဖြင့် ကတ္တုဝါစက၊ ကတ္တုဇောတက၊ ကတ္တုသာမည၊ ကတ္တုတုလျတ္တသက်သက်ကိုသာ ပြသည်မဟုတ်ပါလော။ ကတ္တုဝါစ္စ၊ ကတ္တုဇောတေတဗ္ဗ၊ ကတ္တုဝိသေသ၊ ကတ္တုလိင်္ဂတ္တကို မပြငြားသော်လည်း။ ကတ္တုဝါစက စသော လေးပါးသောအနက်၏ ကတ္တုဝါစ္စစသော လေးပါသော အနက်ကို မပယ်သင့်၊ မပယ်သင့်သောကြောင့်။ ကတ္တုဝါစကစသော လေးပါးသောအနက်၏ ကတ္တုဝါစ္စ စသော လေးပါးသောအနက်ကိုဟောသော သဒ္ဒါအနက်ကား မာဏဝေါဟူလို။ အစိတ်စိတ်လည်း ခွဲ၍ထွက်ကြလေဦး။ ။

ဝန္နတိဌ် ဝန္နဓာတ်က မာဏဝေါကို ယခင်နည်းဖြင့်ထွက်ဟန်ကား။ ။

အသျှင်ပရိဟာရဆရာ။ ဝန္နတိဌ် ဝန္နဓာတ်၊ တိဝိဘတ်၊ ထိုနှစ်ရပ်တို့တွင် ဝန္နဓာတ်ကိုဆရာဆိုတော်မူ၏။ ဤဝန္နဓာတ်ဖြင့် ဌာန၊ ဌာနီနှစ်ပါးတို့တွင် ဌာနီဖြစ်၍ ကတ္တုနိုသိတ၊ ကတ္တုဗျာပါရ၊ ကတ္တုဌကြိယာတို့သာ ပြသည်မဟုတ်ပါလော။ ကတ္တုနိုသယ၊ ကတ္တုဗျာပါရဝတ္ထု၊ ကတ္တုကာရကကိုကား မပြသည်မဟုတ်ပါလော။ ထိုသို့ ကတ္တုနိုသိတ စသောသုံးပါကိုသာပြ၍။ ကတ္တုနိုသယ စသောသုံးပါးနှင့် ကင်းရကား။ ကတ္တုနိုသိတစသော သုံးပါးကိုပြတတ်သော ကြိယာ၏တည်ရာ ကတ္တုနိုသယစသော သုံးပါးကိုလည်း ပြဆိုသင့်သေး၏။ ကတ္တုနိုသယ စသော သုံးပါးဟူသည် အဘယ်နည်း။ ဤသို့ ဌာပနာပဥ္စက ဒိဌ္ဌသံသန္ဒနာနည်းဖြင့် သူမေးဘွယ်ရှိ၍ ကေံသဗျာကရဏဖြင့် ဖြေပြလိုရကား။ မာဏဝေါဟူသောပါဌ်ကို မိန့်အပ်သတည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား။ ဝန္နဓာတ်ကို ငါဆိုအပ်သည်ကားမှန်၏။ ထိုသို့ ဆိုရာ၌ ဝန္နဓာတ်ဖြင့် ဌာန,ဌာနီနှစ်ပါးတို့တွင် -ဌာနီဖြစ်၍ ကတ္တုနိုသိတ၊ ကတ္တုဗျာပါရ၊ ကတ္တုဌကြိယာကိုသာပြ၍။ ကတ္တုနိုသယ၊ ကတ္တုဗျာပါရဝတ္ထု၊ ကတ္တုကာရကကို မပြငြားသော်လည်း။ ကတ္တုနိုသိတ စသောသုံးပါးသော အနက်နှင့် မကင်းရသောကြောင့်။ ကတ္တုနိုသိတစသော သုံးပါးသောအနက်ကို ဟောသော သဒ္ဒါကား မာဏဝေါဟူလို။ တစ်ပါးတစ်ပါးစီထွက်လိုမူ ထွက်ကြလေဦး။

ဝန္နတိဌ် ဝန္နဓာတ်က ဗုဒ္ဓံကို ယခင်နည်းဖြင့်ထွက်ဟန်ကား။ ။

အသျှင်ပရိဟာရဆရာ။ ဝန္နတိဌ် ဝန္နဓာတ်ကို ဆရာဆိုတော်မူ၏။ ထိုဝန္နဓာတ်ဖြင့် သကမ္မဓာတ်၊ အကမ္မကဓာတ်နှစ်ပါးတို့တွင် သကမ္မကဓာတ်သက်သက်ကိုသာ ပြသည်မဟုတ်ပါလော။ အကမ္မကဓာတ်ကိုကား မပြသည်မဟုတ်ပါလော၊ ထိုသို့ သကမ္မဓာတ်သက်သက်ကိုသာပြ၍၊ အကမ္မဓာတ်ကိုမပြသောကြောင့် ကံကို ငဲ့သော ဓာတ်ဖြစ်ရကား ဝန္နဓာတ်ဟု သာမန်ဖြင့်သာမဆိုသင့်၊ ငဲ့ရာကံပုဒ်ကိုလည်း ပြဆိုသင့်သေး၏။ ငဲ့ရာကံပုဒ်ဟူသည် အဘယ်နည်း။ ဤသို့ ထပနာပဥ္စကဒိဌ္ဌ သံသန္ဒနာ။ ပ။ ကေံသန္ဒနာ။ ပ။ ကေံသဗျာကရဏ။ ပ။ ဗုဒ္ဓံ။ ပ။ တည်း။

ထိုပါဠိ၏အဓိပ္ပါယ်ကား။ ဝန္တဓာတ်ကို။ ငါဆိုအပ်သည်ကားမှန်၏။ ထိုသို့ဆိုရာ၌ ဝန္တဓာတ်ဖြင့် ဌာန,ဌာနီနှစ်ပါးတို့တွင် -ဌာနီဖြစ်၍ ကတ္တုနိုဿိတ၊ ကတ္တုဗျာပါရ၊ ကတ္တုဗြုကြိယာကိုသာပြ၍။ ကတ္တုနိုဿယ၊ ကတ္တုဗျာပါရဝန္တ၊ ကတ္တုကာရကကို မပြငြားသော်လည်း။ ကတ္တုနိုဿိတ စသောသုံးပါးသောအနက်နှင့် မကင်းသောကြောင့်။ ကတ္တုနိုဿိတစသော သုံးပါးသောအနက်ကို မပယ်သင့်၊ မပယ်သင့်သောကြောင့်၊ ကတ္တုနိုဿိတစသော သုံးပါးသောအနက်ကိုဟောသောသဒ္ဒါကား မာဏဝေါဟူလို။ တစ်ပါး၊ တစ်ပါးစီ ထွက်လိုမူထွက်ကြလေဦး။

ဝန္တတိ၌ ဝန္တဓာတ်က ဗုဒ္ဓံကို ယခင်နည်းဖြင့် ထွက်ဟန်ကား။ ။

အသျှင်ပရိဟာရဆရာ။ ဝန္တတိ၌ ဝန္တဓာတ်ကို ဆရာဆိုတော်မူ၏။ ထိုဝန္တဓာတ်ဖြင့် သကမ္မကဓာတ်၊ အကမ္မကဓာတ်နှစ်ပါးတို့တွင် သကမ္မဓာတ်သက်သက်ကိုသာ ပြသည်မဟုတ်ပါလော။ အကမ္မဓာတ်ကိုကား မပြသည်မဟုတ်ပါလော။ ထိုသို့ သကမ္မကဓာတ်သက်သက်တို့သာပြ၍ ၊အကမ္မကဓာတ်ကိုမပြသောကြောင့်။ ကံကိုငဲ့ သောဓာတ်ဖြစ်ရကား ဝန္တဓာတ်ဟုသာမန်ဖြင့်သာ မဆိုသင့်၊ ငဲ့ရာကံပုဒ်ကိုလည်း ပြဆိုသင့်သေး၏။ ငဲ့ရာကံပုဒ်ဟူသည် အဘယ်နည်း။ ဤသို့ ထပနာ ပဠကာ ဒိဋ္ဌသံသန္ဒနာ။ ပ။ ဓေကံသဗျာကရဏာ။ ပ။ ဗုဒ္ဓံ။ ပ။ တည်း။

ထိုပါဠိ၏အဓိပ္ပါယ်ကား။ ဝန္တဓာတ်ကို။ ငါဆိုအပ်သည်ကားမှန်၏။ ထိုသို့ဆိုရာ၌ ဝန္တဓာတ်ဖြင့် သကမ္မကဓာတ်သက်သက်ကိုသာပြ၍၊ ငဲ့ရာကံပုဒ်ကို မပြငြားသော်လည်း သကမ္မကဓာတ်၏ ငဲ့ရာကံပုဒ်နှင့်မကင်းသောကြောင့် ဝန္တဓာတ်ကို မပယ်သင့်။ မပယ်သင့်သောကြောင့်၊ ဝန္တဓာတ်၏ ငဲ့ရာကံပုဒ်ကား ဗုဒ္ဓံဟူလို။

## ဒိဋ္ဌသံသန္ဒနာပုစ္ဆာ၌ သဒ္ဒါထွက်နည်းပြီး၏။

■

ပညတ်ထွက်နည်းဖြင့်။ ဝန္တတိက မာဏဝေါကိုထွက်ဟန်ကား။

အသျှင်ပရိဟာရဆရာ။ ရှိခိုး၏ဟု ဆရာဆိုတော်မူ၏။ ဤသို့ သာမညအားဖြင့် ဆိုအပ်သည်ရှိသော် ဂဠုန်၊ နဂါး၊ သိကြား၊ ဗြဟ္မာစသော များစွာသော သူတို့တွင်။ တစ်ယောက်ယောက်သောသူသည် ရှိခိုး၏ဟူသောအနက်သည်

ရောက်သည်မဟုတ်ပါလော။ ဤမည်သောသူသည် ရှိခိုး၏ဟူသောအနက် သည်ကား။ မရောက်သည်မဟုတ်ပါလော။ ထိုသို့ တစ်ယောက်ယောက်သောသူ သည် ရှိခိုး၏ဟူသောအနက်သည်ရောက်၍ ဤမည်သောသူသည် ရှိခိုး၏ဟူသော အနက်သည် မရောက်ခြင်းကြောင့်။ ရှိခိုး၏ဟု သာမန်အားဖြင့်သာ မဆိုသင့်။ ဝိသေသန အားဖြင့် ရှိခိုးတတ်သောသူကား အဘယ်နည်း။ ဤသို့ ထပနာပဋ္ဌကာဒိဌ သံသန္ဒနာ။ ပါ။ ကေ်ာသဗျာကရဏ။ ပါ။ မာဏဝေါ။ ပါ။ တည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား။ ။ ရှိခိုး၏ဟု ငါဆိုအပ်သည်ကားမှန်၏။ ထိုသို့ ဆိုရာ၌ ဂဠုန်၊ နဂါး၊ သိကြား၊ ဗြဟ္မာ စသော များစွာသောသူတို့တွင် တစ်ယောက် ယောက်သောသူသည် ရှိခိုး၏ဟူသောအနက်သာ မရောက်သင့်ငြားသော်လည်း အရာဌာနအားလျော်စွာ ဝိသေသအားဖြင့်၊ ဤမည်သောသူသည် ရှိခိုး၏ဟုယူဆရ သောကြောင့် ရှိခိုး၏ဟူသောစကားကို မပယ်သင့်၊ မပယ်သင့်သောကြောင့် ရှိခိုး တတ်သောသူသည်ကား လုလင်ဟူလို။

ပညတ်ထွက်နည်းဖြင့်၊ ဝန္ဒတိက ဗုဒ္ဓံကို ထွက်ဟန်ကား။ ။

အသျှင်ပရိဟာရဆရာ။ ရှိခိုး၏ဟု ဆရာဆိုတော်မူ၏။ ဤသို့ ရှိခိုး၏ဟု ဆိုခြင်းဖြင့် ရှိခိုးခြင်းသာမညကိုသာ ပြသည်မဟုတ်ပါလော။ ဤမည်သောဝတ္ထုကို ရှိခိုး၏ဟု ဝိသေသကံကိုကား မပြသည်မဟုတ်ပါလော။ ဤသို့သာမညကိုသာပြ၍ ဝိသေသကံကိုမပြသောကြောင့်။ ရှိခိုးခြင်းကြိယာ၏တည်ရာ ဝိသေသကံနှင့်ကင်းရ ကား ရှိခိုး၏ဟုသာမန်အားဖြင့် မဆိုသင့်။ ရှိခိုးခြင်းကြိယာ၏တည်ရာ ဝိသေသကံ ကိုလည်း ပြဆိုသင့်၏။ ရှိခိုးခြင်းကြိယာ၏ ဝိသေသကံဟူသည် အဘယ်နည်း။ ဤသို့။ ပါ။ ဒိဌသံသန္ဒနာ။ ပါ။ ကေ်ာသဗျာကရဏ။ ပါ။ ဗုဒ္ဓံ။ ပါ။ တည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား။ ။ ရှိခိုး၏ဟု ငါဆိုအပ်သည်ကားမှန်၏။ ထိုသို့ ဆိုရာ၌ ရှိခိုးခြင်းကြိယာသာမညကိုပြ၍။ ဝိသေသကံကို မပြငြားသော်လည်း။ တည်တတ်သောကြိယာ၏ တည်ရာကံနှင့်မကင်းသောကြောင့် ရှိခိုးခြင်းကြိယာကို မပယ်သင့်၊ မပယ်သင့်သောကြောင့် ရှိခိုးခြင်းကြိယာ၏တည်ရာကံကား။ ဗုဒ္ဓံ ဟူလို။

**ဒိဌသံသန္ဒနာပုစ္ဆာ၌ ပညတ်ထွက်နည်းပြီး၏။**

■

ပရမတ်ထွက်နည်းဖြင့်။ ဝန္တတိ က မာဓဝေါကိုထွက်ဟန်ကား။ ။

အသျှင်ပရိဟာရဆရာ။ ဝန္တတိဥ ဝန္တဓာတ်၏အရ ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်ဟု ဆရာဆိုတော်မူ၏။ ဤဝန္တဓာတ်ဖြင့် ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်တည်းဟူသော အကျိုးပစ္စယုပ္ပန်ကိုသာပြသည်မဟုတ်ပါလော။ ပကတူပနိဿယ၊ သဟဇာတနိဿယ စသောအကြောင်းနိမိတ်တည်းဟူသော အကြောင်းပစ္စည်းကိုကား မပြသည်မဟုတ်ပါလော။ ထိုသို့ အကျိုးပစ္စယုပ္ပန်ကိုသာပြ၍ အကြောင်းပစ္စည်းတရားကို မပြသောကြောင့် အကျိုး၏အကြောင်းနှင့် မကင်းသင့်ရကား ဝန္တဓာတ်၏အရပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်တည်းဟူသော အကျိုးပစ္စယုပ္ပန်သက်သက်ကိုသာ မဆိုသင့်။ ပကတူပနိဿယ၊ သဟဇာတစသောအကြောင်းနိမိတ်တည်းဟူသော အကြောင်းပစ္စည်းကိုလည်း ဆိုသင့်သေး၏။ ပကတူပနိဿယ၊ သဟဇာတ စသောအကြောင်းနိမိတ်တည်းဟူသော အကြောင်းပစ္စည်းဟူသည် အဘယ်နည်း။ ဤသို့။ ပ။ ဒိဋ္ဌသံသန္ဒနာ။ ပ။ ကောံဗျာကရဏ။ ပ။ မာဏဝေါ။ ပ။ တည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား။ ။ ဝန္တတိဥ ဝန္တဓာတ်၏အရ ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်ဟု ငါဆိုအပ်သည်ကားမှန်၏။ ထိုသို့ဆိုရာ၌ အကျိုးပစ္စယုပ္ပန်ကိုသာပြ၍ အကြောင်းပစ္စည်းတရားကို မပြငြားသော်လည်း ပစ္စည်း၊ ပစ္စယုပ္ပန်အားဖြင့် ကျေးဇူးပြုခြင်းကြောင့်။ ဝန္တဓာတ်၏အရပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်တည်းဟူသော အကျိုးပစ္စယုပ္ပန်ကို မပယ်သင့်၊ မပယ်သင့်သောကြောင့် ပကတူပနိဿယ၊ သဟဇာတ စသောအကြောင်းနိမိတ်တည်းဟူသော အကြောင်းပစ္စည်းတရားကိုပြတတ်သောပုဒ်ကား မာဏဝေါဟူလို။

ဝန္တတိက ဗုဒ္ဓံကို ယခင်နည်းဖြင့်ထွက်ဟန်ကား။ ။

အသျှင်ပရိဟာရဆရာ။ ဝန္တတိဥ ဝန္တဓာတ်၏အရပမာဏစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်ဟု ဆရာဆိုတော်မူ၏။ ဤဝန္တဓာတ်ဖြင့် ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်တည်းဟူသော အာရမ္မဏိကအကျိုးပစ္စယုပ္ပန်ကိုသာပြသည်မဟုတ်ပါလော။ အာရမ္မဏူပနိဿယစသော အာရုံအကြောင်းပစ္စည်းကိုကား မပြသည်မဟုတ်ပါလော။ ထိုသို့ အာရမ္မဏိက အကျိုးပစ္စယုပ္ပန်ကိုသာပြ၍ အာရုံ

အကြောင်းပစ္စည်းကိုမပြသောကြောင့် ဝန္တခာတ်၏အရ ပဏာမစေတနာ ပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်တည်းဟူသော အာရမ္မဏိကအကျိုးပစ္စယုပ္ပန် သက်သက်ကိုသာ မပြဆိုသင့် အာရုံအကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အာရုံအကြောင်းဟူသည် အဘယ်နည်း။ ဤသို့။ ပ။ ဒိဋ္ဌသံသန္ဒနာ။ ပ။ ကေံသဗျာကရဏာ။ ပ။ ဗုဒ္ဓံ။ ပ။ တည်း။

ထိုပါဠိ၏အဓိပ္ပါယ်ကား။ ။ ဝန္ဒတိ၌ ဝန္ဒခာတ်၏အရ ပဏာမစေတနာ ပြဋ္ဌာန်းသော ဇောစိတ္တုပ္ပဒ်ဟု ငါဆိုအပ်သည်ကားမှန်၏။ ထိုသို့ဆိုရာ၌ အာရမ္မဏိက အကျိုးပစ္စယုပ္ပန်ကိုသာပြ၍ အာရုံအကြောင်းပစ္စည်းတရားကို မပြငြားသော်လည်း ပစ္စည်းပစ္စယုပ္ပန်ဖြစ်၍ အကြောင်းအကျိုးအားဖြင့် ကျေးဇူးပြုခြင်းကြောင့် ဝန္ဒခာတ်၏ အရ ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်တည်းဟူသော အာရမ္မဏိက အကျိုးပစ္စယုပ္ပန်ကို မပယ်သင့်၊ မပယ်သင့်သောကြောင့် အာရုံအကြောင်းပစ္စည်း တရားကို ပြတတ်သောပုဒ်ကား ဗုဒ္ဓံဟူလို။

ဤသို့လျှင် ဒိဋ္ဌသံသန္ဒနာပုစ္ဆာကို ထပနာပဋိကနှင့်စပ်၍ သဒ္ဒါထွက်၊ ပညတ်ထွက်၊ ပရမတ်ထွက် သုံးပါးတို့ကို ပြအပ်သည်ကား ပြီး၏။

**ဒိဋ္ဌသံသန္ဒနာပုစ္ဆာ၌ ပရမတ်ထွက်နည်းပြီး၏။**

■

ပြဆိုအပ်ခဲ့ပြီးသော ''ဗုဒ္ဓံ ဝန္ဒတိ မာဏဝေါ'' ဟူသောဝါကျ၌ပင်လျှင် သဒ္ဒါထွက်၊ ပညတ်ထွက်၊ ပရမတ်ထွက်သုံးပါးတို့တွင် ရှေးဦးစွာ သဒ္ဒါထွက်နည်း၌ ဝန္ဒတိက မာဏဝေါကို ထပနာဝေမတိကနည်းဖြင့် ထွက်ဟန်ကား။

အသျှင်ပရိဟာရဆရာ။ ဝန္ဒတိ ၌ ဝန္ဒခာတ်၊ တိဝိဘတ်။ ထိုနှစ်ရပ်တို့တွင် တိဝိဘတ်ကိုဆရာဆိုတော်မူ၏။ ဤသို့ပင်ဆိုအပ်ငြားသော်လည်း ဤ တိဝိဘတ်ဖြင့် ကတ္တုဝါစက ကတ္တုဇောတက၊ ကတ္တုသာမည၊ ကတ္တုတုလျတ္တကိုသာပြ၍ ကတ္တုဝါစ္စ၊ ကတ္တုဇောတေတဗ္ဗ၊ ကတ္တုဝိသေသ၊ ကတ္တုလိင်္ဂတ္တကိုကား မပြသည် မဟုတ်ပါလော။ သို့တည်းမဟုတ် ကတ္တုဝါစ္စစသောလေးပါးကိုလည်း ပြလေသေး

သလော။ ဤသို့ ပြ,မပြ ဒွိဟနစ်ပါး ယုံမှားသံသယ မကင်းလှသောကြောင့် ကတ္တုဝါစကစသော လေးပါးကိုသာ မဆိုသင့်။ သံသယကင်းကင်း ဒွိဟရှင်းအောင် ထင်လင်းစွာ ကတ္တုဝါစ္စစသော လေးပါးကိုလည်း ပြဆိုသင့်သေး၏။ ကတ္တုဝါစ္စစသောလေးပါးတည်းဟူသည် အဘယ်နည်း။ ဤသို့ ထပနာပဋ္ဌက ဝေမဏိက ပုစ္ဆာနည်းဖြင့် သူမေးဘွယ်ရှိ၍ ဝိဘဇ္ဇဗျာကရဏဖြင့် ဖြေပြလိုရကား။ မာဏဝေါ ဟူသောပါဌ်ကို မိန့်သတည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား။ ။ တိဝိဘတ်ကို ငါဆိုအပ်သည်ကားမှန်၏။ ဤသို့ဆိုခြင်းကြောင့် ဤတိဝိဘတ်ဖြင့် ကတ္တုဝါစက စသောလေးပါးကိုသာ ပြသည် မဟုတ်။ ကတ္တုဝါစ္စ စသောလေးပါးကိုလည်း ပြဆိုသင့်သဖြင့် ဒွိဟနစ်ပါး ယုံမှား သံသယ မကင်းလှငြားသော်လည်း ဟောတတ်သော တိဝိဘတ်ကို မပယ် သင့်၊ မပယ်သင့်သောကြောင့် ကတ္တုဝါစကစသည်၏ ကတ္တုဝါစ္စ စသည်ကား မာဏဝေါ ဟူလို။

ဝန္တတိက ဗုဒ္ဓံကို ယခင်နည်းအတိုင်း ထွက်ဟန်ကား။ ။

အသျှင်ပရိဟာရဆရာ။ ဝန္ဒတိ၌ ဝန္ဒဓာတ်ကို ဆရာဆိုတော်မူ၏။ ဤသို့ ဆိုအပ်ငြားသော်လည်း ဤဝန္ဒဓာတ်သည် သကမ္မကဓာတ်၊ အကမ္မကဓာတ် ထိုနှစ်ရပ်တို့တွင် သကမ္မကဓာတ်ဖြစ်လျှက် ကံနှင့်ကင်းလေသလော။ သို့တည်းမဟုတ် ကံနှင့်မကင်းလေသလော။ ဤသို့ ကင်း, မကင်းကို မသိခြင်း၌ ဒွိဟနစ်ပါး ယုံမှား သံသယ မကင်းလှသောကြောင့် သကမ္မကဓာတ်ဖြစ်သော ဝန္ဒဓာတ်သက်သက်ကို သာမဆိုသင့်၊ သံသယကင်းကင်း ဒွိဟရှင်းအောင် ထင်လင်းစွာ ကံကိုလည်း ပြဆိုသင့်သေး၏။ ကံဟူသည် အဘယ်နည်း။ ဤသို့။ ပ။ ဝေမတိက။ ပ။ ဝိဘဇ္ဇဗျာကရဏ။ ပ။ ဗုဒ္ဓံ။ ပ။ တည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား။ ။ ဝန္ဒဓာတ်ကို ငါဆိုအပ်သည်ကားမှန်၏။ ဤသို့ဆိုခြင်းကြောင့် ဤဝန္ဒဓာတ်ဖြင့် သကမ္မကဓာတ်ကိုသာပြသည်မဟုတ်။ မိမိ၏ တည်ရာကံကိုလည်းပြသင့်သဖြင့် ဒွိဟနစ်ပါး ယုံမှားသံသယ မကင်းလှငြားသော် လည်း ဌာနီဖြစ်သော ရှိခိုးကြိယာ၏တည်ရာဌာနဖြစ်သော ကံနှင့်မကင်းသော ကြောင့် တည်တတ်သောဝန္ဒဓာတ်၏ အရကြိယာကို မပယ်သင့်၊ မပယ်သင့်သော

ကြောင့် တည်ရာဌာနဖြစ်သော ကံကိုကား ဗုဒ္ဓဟူလို။

## ဝေမတိကပုစ္ဆာ၌ သဒ္ဒါထွက်နည်းပြီး၏။

■

ပညတ်ထွက်နည်းဖြင့် ဝန္ဒတိက မာဏဝေါ်ကို ထွက်ဟန်ကား။

အသျှင်ပရိဟာရဆရာ။ ရှိခိုး၏ဟုဆရာဆိုတော်မူ၏။ ဤသို့ရှိခိုး၏ဟု ဆိုငြား သော်လည်း ရှိခိုး၏ဟုသာမန်ဆိုအပ်သောစကားဖြင့် ဂဠုန်၊ နဂါး၊ သိကြား၊ ဗြဟ္မာစသော များစွာသောသူတို့တွင် တစ်ယောက်ယောက်သောသူသည် ရှိခိုး၏ဟုပြအပ် သည်ဖြစ်၍ ဤမည်သောသူတို့သည် ရှိခိုး၏ဟု မပြအပ်သည် မဟုတ်ပါလော။ သို့တည်းမဟုတ် ဤမည်သောသူသည် ရှိခိုး၏ဟုပြအပ်ပါ သလော။ ထိုသို့မပြ ဒွိဟနှစ်ပါး ယုံမှားသံသယ မကင်းလှသောကြောင့် ရှိခိုး၏ဟု သာမန်အားဖြင့်သာ မဆိုသင့် သံသယကင်းကင်း ဒွိဟရှင်းအောင် ထင်လင်းစွာရှိခိုး တတ်သော ပုဂ္ဂိုလ်ကို လည်းပြဆိုသင့်သေး၏။ ရှိခိုတတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း။ ဤသို့။ ပါ။ ဝေမတိက။ ပါ။ ဝိဘဇ္ဇ။ ပါ။ မာနဝေါ။ ပါ။ တည်း။

ထိုပါဠ်၏အဓိပ္ပါယ်ကား ရှိခိုး၏ဟု ငါဆိုအပ်သည့်ကားမှန်၏။ ထိုသို့ဆိုခြင်း ကြောင့် ရှိခိုး၏ဟုသာမန်ဆိုအပ်သောစကားဖြင့် ဂဠုန်၊ နဂါး၊ သိကြား၊ ဗြဟ္မာ စသောများစွာသောသူတို့တွင် တယောက်ယောက်သောသူ၏ ရှိခိုးခြင်းကိုသာ ပြအပ် သည်မဟုတ်။ ဤမည်သောသူ၏ ရှိခိုးခြင်းကိုလည်း ပြသဖြင့် ဒွိဟနှစ်ပါး ယုံမှား သံသယ မကင်းလှငြားသော်လည်း အရာဌာနအားလျော်စွာရသောကြောင့် ရှိခိုး၏ဟု သာမန်ဆိုအပ်သောစကားကို မပယ်သင့်၊ မပယ်သင့်သောကြောင့် ရှိခိုးတတ်သော သူကား လုလင်ဟူလို။

ဝန္ဒတိက ဗုဒ္ဓကို ယခင်နည်းဖြင့် ထွက်ဟန်ကား။ ။

အသျှင်ပရိဟာရဆရာ။ လုလင်သည် ရှိခိုး၏ဟူသောစကားဖြင့် စန္ဒီ၊ ပရမီသွာ၊ မဟာပိန္နဲကတဲ စသောနတ်တို့ကို ရှိခိုးခြင်းကိုသာပြ၍ ဤမည်သောသူကို ရှိခိုးခြင်းကို မပြအပ်သည်မဟုတ်ပါလော။ သို့တည်းမဟုတ် ဤမည်သောသူကို ရှိခိုးခြင်းကိုလည်း ပြအပ်လေသလော။ ဤသို့မပြ၊ ဒွိဟနှစ်ပါး ယုံမှားသံသယ

မကောင်းလှသောကြောင့် ရှိခိုး၏ဟု သာမန်အားဖြင့်မဆိုသင့်။ သံသယကင်းကင်း ဒွိဟရှင်းအောင် ထင်လင်းစွာ ရှိခိုးအပ်သောပုဂ္ဂိုလ်ကိုလည်း ပြဆိုသင့်သေး၏။ ရှိခိုးအပ်သော ပုဂ္ဂိုလ်ဟူသည်အဘယ်နည်း။ ဤသို့။ ပ။ ဝေမတိက။ ပ။ ဝိဘင်္ဂ။ ပ။ တည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား။ ။ လုလင်သည်ရှိခိုး၏ဟု ငါဆိုအပ်သည်ကား မှန်၏။ ထိုသို့ဆိုခြင်းကြောင့် ရှိခိုး၏ဟု သာမန်ဆိုအပ်သောစကားဖြင့် စန္ဒီ၊ ပရမီသွာ၊ မဟာပိန္နဲ၊ ကတဲ စသောနတ်တို့ကိုသာ ရှိခိုးခြင်းကိုပြသည်မဟုတ်၊ ဤမည်သော သူကိုရှိခိုးခြင်းကိုလည်းပြသဖြင့် ဒွိဟနှစ်ပါး ယုံမှားသံသယ မကင်းလှငြားသော်လည်း အရာဌာနအားလျော်စွာ ယူရသောကြောင့် လုလင်သည် ရှိခိုး၏ဟု သာမန်ဆိုအပ်သောစကားကို မပယ်သင့်၊ မပယ်သင့်သောကြောင့် ရှိခိုးအပ်သော ပုဂ္ဂိုလ်ဟူသည်ကား ဘုရားဟူလို။

## ဝေမတိကပုစ္ဆာ၌ ပညတ်ထွက်နည်းပြီး၏။

ပရမတ်ထွက်နည်းဖြင့်။ ဝဇ္ဇတိ က မာဏဝေါကိုထွက်ဟန်ကား။ ။

အသျှင်ပရိဟာရဆရာ။ ဝဇ္ဇတိ–၌ ဝဇ္ဇဓာတ်ကို ဆရာဆို၏။ ဤသို့ ဆိုငြားသော်လည်း ဤဝဇ္ဇဓာတ်ဖြင့် ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ် ကိုသာပြ၍ ပကတူပနိဿယ၊ သဟဇာတစသော အကြောင်းနိမိတ်ကိုကား မပြ သည်မဟုတ်ပါလော။ သို့တည်းမဟုတ် ပကတူပနိဿယ၊ သဟဇာတ စသော အကြောင်းနိမိတ်ကိုလည်း ပြလေသေးသလော ဤသို့မပြ ဒွိဟနှစ်ပါး ယုံမှားသံသ ယ မကောင်းလှသောကြောင့် ဝဇ္ဇဓာတ်၏အရ ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်ကိုသာ မဆိုသင့်။ သံသယကင်းကင်း ဒွိဟရှင်းအောင် ထင်လင်းစွာ ပကတူပနိဿယ၊ သဟဇာတ စသောအကြောင်းနိမိတ်ကိုလည်း ပြဆိုသင့်သေး၏။ ပကတူပနိဿယ၊ သဟဇာတ စသောအကြောင်းနိမိတ်ဟူသည် အဘယ်နည်း။ ဤသို့။ ပ။ ဝေမတိက။ ပ။ ဝိဘင်္ဂ။ ပ။ မာဏဝေါ။ ပ။ တည်း။

ထိုပါဠိ၌၏အဓိပ္ပါယ်ကား။ ဝန္ဒတိ၌ ဝန္ဒဓာတ်ကို ငါဆိုအပ်သည်ကားမှန်၏။ ထိုသို့ဆိုခြင်းကြောင့် ဝန္ဒဓာတ်ဖြင့် ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်ကိုသာ ပြအပ်သည်မဟုတ်။ ပကတူပနိဿယ၊ သဟဇာတ စသောအကြောင်းနိမိတ်ကို လည်းပြသဖြင့် ဒွိဟနှစ်ပါး ယုံမှားသံသယ မကင်းလှငြားသော်လည်း ဝန္ဒဓာတ်၏ အရပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်တည်းဟူသော အကျိုးပစ္စယုပ္ပန်ကို မပယ်သင့်၊ မပယ်သင့်သောကြောင့် ပကတူပနိဿယ၊ သဟဇာတ စသော အကြောင်းနိမိတ်ပစ္စည်းကို ပြတတ်သောပုဒ်ကား မာဏဝေါဟူလို။

ဝန္ဒတိက ပုဒ္ဓကို ယခင်နည်းဖြင့်ထွက်ဟန်ကား။ ။

အသျှင်ပရိဟာရဆရာ။ ဝန္ဒတိ၌ ဝန္ဒဓာတ်ကို ဆရာဆို၏။ ဤသို့ဆိုအပ်ငြား သော်လည်း ဤဝန္ဒဓာတ်ဖြင့် ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်တည်း ဟူသော အာရမ္မဏိက အကျိုးပစ္စယုပ္ပန်ကိုသာပြ၍ အာရမ္မဏူပနိဿယစသော အာရုံအကြောင်းပစ္စည်းကိုကား မပြသည်မဟုတ်ပါလော။ သို့တည်းမဟုတ် အာရမ္မဏူပနိဿယစသော အာရုံအကြောင်းပစ္စည်းကိုလည်း ပြလေသလော။ ဤသို့ပြ,မပြ ဒွိဟနှစ်ပါး ယုံမှားသံသယ မကင်းလှသောကြောင့် ဝန္ဒဓာတ်၏အရ ပဏာမစေတနာ ပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်တည်းဟူသော အာရမ္မဏိက အကျိုးပစ္စယုပ္ပန်ကိုသာ မဆိုသင့် သံသယကင်းကင်း ဒွိဟရှင်းအောင် ထင်လင်းစွာ အာရမ္မဏူပနိဿယ စသော အာရုံအကြောင်းပစ္စည်းကိုလည်း ဆိုသင့်သေး၏။ အာရမ္မဏူပနိဿယ စသောအာရုံအကြောင်းပစ္စည်းဟူသည် အဘယ်နည်း။ ဤသို့။ ပ။ ဝေမတိက။ ပ။ ဝိဘဇ္ဇ။ ပ။ ပုဒ္ဓ။ ပ။ တည်း။

ထိုပါဠိ၌၏အဓိပ္ပါယ်ကား။ ။ ဝန္ဒတိ၌ ဝန္ဒဓာတ်ကို ငါဆိုအပ်သည်ကား မှန်၏။ ထိုသို့ဆိုခြင်းကြောင့် ဝန္ဒဓာတ်ဖြင့် ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်တည်းဟူသော အာရမ္မဏိကအကျိုးပစ္စယုပ္ပန်ကိုသာ ပြအပ်သည် မဟုတ်၊ အာရမ္မဏူပနိဿယစသော အာရုံအကြောင်းပစ္စည်းကိုလည်းပြသဖြင့် ဒွိဟနှစ်ပါး ယုံမှားသံသယ မကင်းလှငြားသော်လည်း ဝန္ဒဓာတ်၏အရ ပဏာမ စေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်တည်းဟူသော အာရမ္မဏိကအကျိုးပစ္စယုပ္ပန်ကို မပယ်သင့်၊ မပယ်သင့်သောကြောင့် အာရမ္မဏူပနိဿယစသော အာရုံအကြောင်း

ပစ္စည်းကိုပြတတ်သော ပုစ္ဆာကား။ ဗုဒ္ဓံဟူလို။

ဤသို့လျှင် ဝေမတိကပုစ္ဆာကို ထပနာပဋ္ဌကနှင့်စပ်၍ သဒ္ဒါထွက်၊ ပညတ်ထွက်၊ ပရမတ်ထွက် သုံးပါးတို့ကို ပြအပ်သည်ကား ပြီး၏။

## ဝေမတိကပုစ္ဆာ၌ ပရမတ်ထွက်နည်းပြီး၏။

ပြဆိုအပ်ခဲ့ပြီးသော၊ ဗုဒ္ဓ ဝန္ဒတိ မာဏဝေါ ဟူသောဝါကျ၌ပင်လျှင် သဒ္ဒါထွက်၊ ပညတ်ထွက်၊ ပရမတ်ထွက် သုံးပါးတို့တွင် ရှေးဦးစွာ သဒ္ဒါထွက်နည်း၌ ဝန္ဒတိဝယ် တိဝိဘတ်က မာဏဝေါကို ထပနာပဋ္ဌက အနုမတိပုစ္ဆာနည်းဖြင့် ထွက်ဟန်ကား။

အသျှင်ပရိဟာရဆရာ။ ဝန္ဒတိ၌ တိဝိဘတ်ကို ဆရာဆိုတော်မူ၏။ ဤတိဝိဘတ်ဖြင့် ကတ္တုဝါစက၊ ကတ္တုဇောတက၊ ကတ္တုသာမည၊ ကတ္တုတုလျတ္တကိုသာပြအပ်သည်မဟုတ်။ ကတ္တုဝါစ္စ၊ ကတ္တုဇောတေတဗ္ဗ၊ ကတ္တုဝိသေသ၊ ကတ္တုလိင်္ဂတ္တကိုလည်းပြအပ်ပါသလော။ သို့တည်းမဟုတ် ကတ္တုဝါစက စသောလေးပါးသက်သက်ကိုသာပြအပ်သလော။ ကတ္တုဝါစကလေးပါးသက်သက်ကိုသာ ပြအပ်သည်ရှိသော် ကတ္တုဝါစ္စစသော လေးပါးတို့နှင့်မကင်းရာသောကြောင့် ကတ္တုဝါစက စသောလေးပါးသက်သက်ကိုသာ မဆိုသင့်။ ကတ္တုဝါစ္စ စသောလေးပါးကိုလည်း ပြဆိုသင့်သေး၏။ ကတ္တုဝါစ္စစသော လေးပါးဟူသည်အဘယ်နည်း။ ဤသို့ ထပနာပဋ္ဌက အနုမတိပုစ္ဆာနည်းဖြင့် သူမေးဘွယ်ရှိ၍ ကေ်ာသဗျာကရဏနည်းဖြင့် ပြလိုရကား မာဏဝေါစသောပါဌ်ကို မိန့်အပ်သနည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား။ ။ ဝန္ဒတိ၌ တိဝိဘတ်ကို ငါဆိုအပ်သည်ကား မှန်၏။ ထိုသို့ဆိုရာ၌ တိဝိဘတ်ဖြင့် ကတ္တုဝါစကစသော လေးပါးသက်သက်ကိုသာ ပြ၏။ ကတ္တုဝါစ္စ စသော လေးပါးကားမပြ၊ ထိုသို့ ကတ္တုဝါစက စသောလေးပါးကို သာပြ၍ ကတ္တုဝါစ္စစသော လေးပါးကိုမပြငြားသော်လည်း ကတ္တုဝါစက စသော လေးပါးတို့၏ ကတ္တုဝါစ္စ စသောလေးပါးနှင့်မကင်းသောကြောင့် တိဝိဘတ်ကို

မပယ် သင့်၊ မပယ်သင့်သောကြောင့် ကတ္တုဝါစ္စ စသောလေးပါးကား မာဏဝေါ ဟူလို။

ဝန္တတိဋ္ဌ ဝန္တဓာတ်က မာဏဝေါကို ယခင်နည်းဖြင့် ထွက်ဟန်ကား။ ။

အသျှင်ပရိဟာရဆရာ။ ဝန္တတိဋ္ဌ ဝန္တဓာတ်ကိုဆရာဆိုတော်မူ၏။ ဤဝန္တဓာတ်ဖြင့် ကြိယာ၊ သာဓျ၊ ဗျာပါရ၊ နိပ္ဖာဒေတဗ္ဗ၊ နိဿိတ၊ နိမိတ္တဝန္တ၊ ဌာနီကိုသာ ပြအပ်သည်မဟုတ်။ ကာရက၊ သာဓန၊ ဗျာပါရဝန္တ၊ နိပ္ဖာဒက၊ နိဿယ၊ နိမိတ္တ၊ ဌာနကိုလည်း ပြအပ်ပါသလော။ သို့တည်းမဟုတ် ကြိယာစသော ခုနစ်ပါး သက်သက်ကိုသာ ပြအပ်ပါသလော။ ကြိယာစသော ခုနစ်ပါးသက်သက်ကိုသာ ပြအပ်သည်ရှိသော် ကာရက စသောခုနစ်ပါးနှင့်မကင်းရာသောကြောင့် ကြိယာစသော ခုနစ်ပါးသက်သက်ကိုသာ မဆိုသင့်။ ကာရကစသော ခုနစ်ပါးဟူသည် အဘယ်နည်း။ ဤသို့။ ပ။ အနုမတိ။ ပုစ္ဆာ။ ပ။ ကေ်ာသဗျာကရ။ ပ။ မာဏဝေါ။ ပ။ တည်း။

ထိုပါဠိ၏အဓိပ္ပါယ်ကား။ ။ ဝန္တတိဋ္ဌ ဝန္တဓာတ်ကို ငါဆိုအပ်သည်ကား မှန်၏။ ထိုသို့ဆိုရာ၌ ဝန္တဓာတ်ဖြင့် ကြိယာ၊သာဓျ၊ဗျာပါရ၊ နိပ္ဖါဒေတဗ္ဗ၊ နိဿိတ၊ နိမိတ္တဝန္တ၊ ဌာနီသက်သက်ကိုသာပြ၏။ ကာရက၊ သာဓန၊ ဗျာပါရဝန္တ၊ နိပ္ဖာဒက၊ နိဿယ၊ နိမိတ္တ၊ ဌာနကိုကားမပြ၊ ထိုသို့ကြိယာစသော ခုနစ်ပါးကိုသာပြ၍ ကာရကစသောခုနစ်ပါးကိုမပြငြားသော်လည်း ကြိယာစသော ခုနစ်ပါး၏ ကာရက စသောခုနစ်ပါးနှင့်မကင်းသောကြောင့် ဝန္တဓာတ်ကိုမပယ်သင့်၊ မပယ်သင့်သောကြောင့် ကာရက စသောခုနစ်ပါးကား မာဏဝေါ ဟူလို။

အစိတ်အစိတ် တစ်ခုစီထွက်လိုလျှင် ထွက်၍ယူကြလေ။ ။

ဝန္တတိဋ္ဌ ဝန္တဓာတ်က ဗုဒ္ဓကို ယခင်နည်းဖြင့်ထွက်ဟန်ကား။ ။

အသျှင်ပရိဟာရဆရာ။ ဝန္တတိဋ္ဌ ဝန္တဓာတ်ကို ဆရာဆိုတော်မူ၏။ ဤသို့ ဝန္တဓာတ်ဖြင့် သကမ္မကဓာတ်၊ အကမ္မကဓာတ်နှစ်ပါးတို့တွင် သကမ္မကဓာတ် သက်သက်ကိုသာ ပြအပ်သည်မဟုတ်။ ဤသကမ္မကဓာတ်အရ တည်ရာဖြစ်သော ကံကိုလည်း ပြအပ်ပါသလော။ သို့တည်းမဟုတ် သကမ္မဓာတ်၏အရ ရှိနိုးခြင်းကြိ

ယာသက်သက်ကိုသာ ပြအပ်ပါသလော။ သကမ္မကဓာတ်၏အရ ရှိန်းခြင်းကြိယာ သက်သက်ကိုသာ ပြသည်ရှိသော် ရှိန်းခြင်းကြိယာ၏တည်ရာဖြစ်သော ကံနှင့်မကင်း ရာသောကြောင့် ရှိန်းခြင်းကြိယာသက်သက်ကိုသာ မဆိုသင့်။ ကံကိုလည်း ပြဆို သင့်သေး၏။ ကံဟူသည်အဘယ်နည်း။ ဤသို့။ ပ။ အနုမတိ။ ပ။ ဇော်သ။ ပ။ ဗုဒ္ဓံ။ ပ။ တည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား။ ။ ဝန္ဒတိ၌ ဝန္ဒဓာတ်ကို ငါဆိုအပ်သည်ကား မှန်၏။ ထိုသို့ဆိုရာ၌ ဝန္ဒဓာတ်ဖြင့် ရှိန်းခြင်းကြိယာ သက်သက်ကိုသာပြ၏။ ရှိန်းခြင်းကြိယာ၏ တည်ရာဖြစ်သော ကံကိုကားမပြ။ ထိုသို့ ရှိန်းခြင်းကြိယာကိုသာ ပြ၍ ရှိန်းခြင်းကြိယာ၏တည်ရာ ကံကိုမပြငြားသော်လည်း ရှိန်းခြင်းကြိယာ၏ တည်ရာဖြစ်သောကံနှင့်မကင်းသောကြောင့် ဝန္ဒဓာတ်ကိုမပယ်သင့်၊ မပယ်သင့်သော ကြောင့် ရှိန်းခြင်းကြိယာ၏ တည်ရာဖြစ်သောကံကား ဗုဒ္ဓံဟူလို။

## အနုမတိပုစ္ဆာ၌ သဒ္ဒါထွက်နည်းပြီး၏။

■

ပညတ်ထွက်နည်းဖြင့် ဝန္ဒတိက မာဃာဝေါ်ကို ထွက်ဟန်ကား။ ။

အသျှင်ပရိဟာရဆရာ။ ရှိန်း၏ဟုဆရာဆိုတော်မူ၏။ ဤသို့ရှိန်း၏ဟုသက် သက်ကိုဆိုအပ်သောစကားဖြင့် ဤမည်သောသူသည်ရှိန်း၏ဟူ၍သာပြအပ်သည် မဟုတ်။ ဂဠုန်၊ နဂါး၊ သိကြား၊ ဗြဟ္မာစသော များစွာသောသူတို့တွင် တယောက် ယောက်သောသူသည် ရှိန်း၏ဟူ၍လည်း ပြအပ်ပါသလော။ သို့တည်းမဟုတ် ဤမည်သောသူသည်သာ ရှိန်း၏ဟူ၍လည်းပြအပ်ပါသလော။ ဤမည်သောသူ သည် ရှိန်း၏ဟုပြအပ်သည်ရှိသော် ဝန္ဒတိဟုသာမည်သာဖြစ်၍ ဝိသေသပုဂ္ဂလနှင့် မကင်းရာသောကြောင့် သာမညအားဖြင့်သာ မဆိုသင့်။ ဤမည်သောသူသည် ရှိန်း၏ ဟုဝိသေသအားဖြင့်ပြဆိုသင့်၏။ ရှိန်းတတ်သော ဝိသေသပုဂ္ဂိုလ်ဟူသည် အဘယ် နည်း။ ဤသို့။ ပ။ အနုမတိ။ ပ။ ဇော်သ။ ပ။ မာဃာဝေါ်။ ပ။ တည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား။ ။ ရှိန်း၏ဟု ငါဆိုအပ်သည်ကားမှန်၏။ ထိုသို့ဆိုရာ၌ ရှိန်း၏ဟု သက်သက်ဆိုအပ်သောစကားဖြင့် ရှိန်းခြင်းကြိယာကိုသာ

ပြ၏။ ရှိနိုးတတ်သောပုဂ္ဂိုလ်ကိုကားမပြ။ ထိုသို့ မပြငြားသော်လည်း ရှိနိုးခြင်းကြိယာ၏ ရှိနိုးတတ်သောပုဂ္ဂိုလ်နှင့် နိသိတ၊ နိဿယဖြစ်၍ မကင်းသောကြောင့် နိသိတဖြစ်သောရှိနိုးခြင်းကြိယာကို မပယ်သင့်၊ မပယ်သင့်သောကြောင့် နိဿယဖြစ်သော ရှိနိုးတတ်သောပုဂ္ဂိုလ်ကား လုလင်ဟူလို။

ဝန္ဒတိက ဗုဒ္ဓံကို ယခင်နည်းဖြင့် ထွက်ဟန်ကား။ ။

အသျှင်ပရိဟာရဆရာ။ ရှိနိုး၏ဟုဆရာဆိုတော်မူ၏။ ဤသို့ ရှိနိုး၏ဟု သာမညဆိုအပ်သောစကားဖြင့် ဘုရားကိုသာ ရှိနိုးအပ်သည်မဟုတ်။ စန္ဒီ၊ ပရမီသွာ၊ မဟာပိန္နဲ၊ ကတဲစသော နတ်တို့ကိုလည်း ရှိနိုး၏ဟုပြအပ်ပါသလော။ သို့တည်းမဟုတ် ဘုရားကိုသာ ရှိနိုး၏ဟုပြအပ်ပါသလော။ ဘုရားကိုသာ ရှိနိုး၏ဟုပြအပ်သည်ရှိသော် ဝန္ဒတိဟု သာမညသာဖြစ်၍ ဝိသေသနှင့်မကင်းရာသောကြောင့် ရှိနိုး၏ဟု နိသိတကြိယာသာမန်အားဖြင့် မဆိုသင့်။ ရှိနိုးအပ်သော နိဿယကံကိုလည်းဆိုသင့်၏။ ရှိနိုးအပ်သော နိဿယကံဟူသည် အဘယ်နည်း။ ဤသို့။ ပ။ အနုမတိ။ ပ။ ကေံသ။ ပ။ ဗုဒ္ဓံ။ ပ။ တည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား။ ။ ရှိနိုး၏ဟု ငါဆိုအပ်သည်ကားမှန်၏။ ထိုသို့ဆိုရာ၌ ရှိနိုး၏ဟု သာမညဆိုအပ်သောစကားဖြင့် ရှိနိုးခြင်းကြိယာကိုသာပြ၏။ ရှိနိုးအပ်သော ပုဂ္ဂိုလ်ကိုကားမပြ။ ထိုသို့မပြငြားသော်လည်း ရှိနိုးခြင်းကြိယာ၏ ရှိနိုးအပ်သောပုဂ္ဂိုလ်နှင့် နိသိတ၊ နိဿယဖြစ်၍ မကင်းသောကြောင့် နိသိတဖြစ်သော ရှိနိုးခြင်းကြိယာကို မပယ်သင့်၊ မပယ်သင့်သောကြောင့် နိဿယဖြစ်သော ရှိနိုးအပ်သောပုဂ္ဂိုလ်ကား ဘုရားဟူလို။

## အနုမတိပုစ္ဆာ၌ ပဉ္စတ်ထွက်နည်းပြီး၏။

■

ပရမတ်ထွက်နည်းဖြင့်။ ဝန္ဒတိ၌ ဝန္ဒဓာတ်က မာဃဝေါကို ထွက်ဟန်ကား။

အသျှင်ပရိဟာရဆရာ။ ဝန္ဒတိ၌ ဝန္ဒဓာတ်ကို ဆရာဆိုတော်မူ၏။ ဤသို့ ဆိုငြားသော်လည်း ဤဝန္ဒဓာတ်ဖြင့် ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်ကိုသာပြသည်မဟုတ်။ ပကတူပနိဿယ၊ သဟဇာတ စသောအကြောင်းနိမိတ်ကိုလည်းပြအပ်ပါသလော။ သို့တည်းမဟုတ် ပဏာမစေတနာပြဋ္ဌာန်းသော

ဇောစိတ္တုပ္ပါဒ်ကိုသာပြအပ်ပါသလော။ ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်ကို သာပြအပ်သည်ရှိသော် ပကတူပနိဿယ၊ သဟဇာတစသော အကြောင်းနိမိတ်နှင့် မကင်းရာသောကြောင့် ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်ကိုသာ မဆိုသင့်။ ပကတူပနိဿယ၊ သဟဇာတ စသောအကြောင်းနိမိတ်ကိုလည်း ပြဆိုသင့်သေး၏။ ပကတူပနိဿယ၊ သဟဇာတစသော အကြောင်းနိမိတ်ဟူသည် အဘယ်နည်း။ ဤသို့။ ပ။ အနုမတိ။ ပ။ ဇောဒနာ။ ပ။ မာဏဝေါ။ ပ။ တည်း။

ထိုပါဠိ၏အဓိပ္ပါယ်ကား။ ။ ဝန္နတိ၌ ဝန္ဒဓာတ်ကို ငါဆိုအပ်သည်ကား မှန်၏။ ထိုသို့ဆိုခြင်းကြောင့် ဝန္ဒဓာတ်ဖြင့် ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်ကိုသာပြ၏။ ပကတူပနိဿယ၊ သဟဇာတ စသောအကြောင်းနိမိတ်ကိုကားမပြ။ ထိုသို့ ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်ကိုသာပြ၍ ပကတူပနိဿယ၊ သဟဇာတ စသောအကြောင်းနိမိတ်ကိုမပြငြားသော်လည်း အကျိုးတူ ဖြစ်သော ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်၏အကြောင်းဖြစ်သော ပကတူပနိဿယ၊ သဟဇာတ စသောအကြောင်းနိမိတ်နှင့် မကင်းရာသောကြောင့် ဝန္နတိ၌ ဝန္ဒဓာတ်၏အရကား ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်ကို မပယ်သင့်၊ မပယ်သင့်သောကြောင့် ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ် တည်းဟူသော အကျိုးပစ္စယုပ္ပန်၏ ပကတူပနိဿယ၊ သဟဇာတစသော အကြောင်းနိမိတ်တည်းဟူသော အကြောင်းပစ္စည်းကိုပြတတ်သောပုဒ်ကား မာဏဝေါ ဟူလို။

ဝန္နတိ၌ ဝန္ဒဓာတ်က ဗုဒ္ဓံကို ယခင်နည်းဖြင့် ထွက်ဟန်ကား။ ။

အသျှင်ပရိဟာရဆရာ။ ဝန္နတိ၌ ဝန္ဒဓာတ်ကို ဆရာဆိုတော်မူ၏။ ဤသို့ ပြဆိုအပ်ငြားသော်လည်း ဤဝန္ဒဓာတ်ဖြင့် အာရမ္မဏိက အကျိုးပစ္စယုပ္ပန်ကိုသာ ပြအပ်သည်မဟုတ်။ အာရမ္မဏူပနိဿယ စသောအာရမ္မဏပစ္စည်းကို ပြအပ်ပါသ လော။ သို့တည်းမဟုတ် အာရမ္မဏူပနိဿယ စသောအာရမ္မဏပစ္စည်းကိုလည်း ပြအပ်ပါသလော။ သို့တည်းမဟုတ် အာရမ္မဏိကအကျိုးပစ္စယုပ္ပန်ကိုသာ ပြအပ် ပါသလော။ အာရမ္မဏိက အကျိုးပစ္စယုပ္ပန်ကို ပြအပ်သည်ရှိသော် အာရမ္မဏူပ နိဿယစသော အာရမ္မဏပစ္စည်းနှင့် မကင်းရာသောကြောင့် အာရမ္မဏိကအကျိုး

ပစ္စယုပ္ပန်ကိုသာ မဆိုသင့်။ အာရမ္မဏူပနိဿယစသော အာရမ္မဏပစ္စည်းကိုလည်း ဆိုသင့်၏။ အာရမ္မဏူပနိဿယစသော အာရမ္မဏပစ္စည်း ဟူသည် အဘယ်နည်း။ ဤသို့။ ပ။ အနုမတိ။ ပ။ ကေ်ာသ။ ပ။ ဗုဒ္ဓိ။ ပ။ တည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား။ ။ ဝန္ဒတိ၌ ဝန္ဒဓာတ်ကို ငါဆိုအပ်သည်ကား မှန်၏။ ဤသို့ဆိုခြင်းကြောင့် ဤဝန္ဒဓာတ်ဖြင့် အာရမ္မဏိကအကျိုးပစ္စယုပ္ပန်ကိုသာ ပြ၏။ အာရမ္မဏူပနိဿယစသော အာရမ္မဏိက အကျိုးပစ္စယုပ္ပန်ကိုသာပြ၍။ အာရမ္မဏူပနိဿယစသော အာရမ္မဏပစ္စည်းကို မပြ ငြားသော်လည်း အာရမ္မဏိက အကျိုးပစ္စယုပ္ပန်၏ အာရမ္မဏူပနိဿယစသော အာရမ္မဏပစ္စည်းနှင့် မကင်းသောကြောင့် ဝန္ဒတိ၌ ဝန္ဒဓာတ်၏အရ အာရမ္မဏိက အကျိုး ပစ္စယုပ္ပန်ကိုမပယ်သင့်၊ မပယ်သင့်သောကြောင့် အာရမ္မဏိက အကျိုး ပစ္စယုပ္ပန်၏ အာရမ္မဏူပနိဿယစသော အာရမ္မဏပစ္စည်းကို ပြတတ်သောပုဒ်ကား ဗုဒ္ဓံဟူလို။

ဤသို့လျှင် အနုမတိပုစ္ဆာကို ထပနာပဥ္စကနှင့်စပ်၍ သဒ္ဒါထွက်၊ ပညတ်ထွက်၊ ပရမတ်ထွက် သုံးပါးတို့ကို ပြအပ်သည်ကား ပြီး၏။

ဤသို့လျှင် အဒိဋ္ဌဇောတနာပုစ္ဆာ။ ဒိဋ္ဌသံသန္ဒနာပုစ္ဆာ။ ဝေမတိကပုစ္ဆာ။ အနုမတိပုစ္ဆာတည်းဟူသော လေးပါးသောပုစ္ဆာတို့ကို ထပနာပဥ္စကနှင့်စပ်၍ ပြအပ်သည်ကား ပြီး၏။

## အနုမတိပုစ္ဆာ၌ ပရမတ်ထွက်နည်းပြီး၏။

■

ပြဆိုအပ်ခဲ့ပြီးသော (ဗုဒ္ဓံ ဝန္ဒတိ မာဏဝေါ)ဟူသော ဝါကျ၌ပင်လျှင် သဒ္ဒါ ထွက်၊ ပညတ်ထွက်၊ ပရမတ်ထွက် သုံးပါးတို့တွင် ရှေးဦးစွာ သဒ္ဒါထွက်နည်း၌ ဝန္ဒတိ၌ တိဝိဘတ်က မာဏဝေါကို ထပနာဆက္ကဒိဋ္ဌသံသန္ဒနာနည်းဖြင့် ထွက်ဟန်ကား –

အသျှင်ပရိဟာရဆရာ။ ဝန္ဒတိ၌ တိဝိဘတ်ကို ဆရာဆိုတော်မူ၏။ ဤသို့ ဆိုအပ်သည်ရှိသော် ကတ္တုဝါစ္စ၊ ကတ္တုဇောတေတဗ္ဗ၊ ကတ္တုဝိသေသ၊ ကတ္တုသာ

မည၊ ကတ္တုထုလျှတ္တသာသက်သက်ရှိ၏ဟူသော အနက်သည်ရောက်၏။ စင်စစ်မူကား ကတ္တုဝါစ္စ စသောလေးပါးမှကင်းသော ကတ္တုဝါစက စသောလေးပါးသက်သက်ရှိ၏ဟူသောအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်သောကြောင့် ဟောတတ်သောကတ္တုဝါစက စသောလေးပါးဖြစ်၍ ဟောအပ်သောကတ္တုဝါစ္စ စသောလေးပါးကိုလည်း ပြဆိုသင့်၏။ ဟောအပ်သော ကတ္တုဝါစ္စစသော လေးပါးမှကင်းသော ဟောတတ်သော ကတ္တုဝါစက စသောလေးပါးသာသက်သက်ရှိ၏ဟူ၍ကား မဆိုသင့်။ ဤသို့မဆိုသင့်ဘဲလျှက် ဆိုချေသော် ဝါစက၊ ဝါစ္စဆန့်ကျင်သော ဝိရောဓိဒေါသရောက်ရာသည်မဟုတ်ပါလော။ ဤသို့ အပြစ်တင်လျှက် ထပနာဆက္ကဒိဋ္ဌသံသန္ဒနာနည်းဖြင့် သူမေးဘွယ်ရှိ၍ ကော်သဗျာကရဏဖြင့် ဖြေပြလိုရကား မာဏဝေါဟူသော ပါဌ်ကိုမိန့်သတည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား။ ။ ဝန္ဒတိ၌ တိဝိဘတ်ကို ငါဆိုအပ်သည်ကား မှန်၏။ ထိုသို့ဆိုရာ၌ ဟောတတ်သောကတ္တုဝါစက စသောလေးပါးဖြစ်၍ ဟောအပ်သော ကတ္တုဝါစ္စ စသောလေးပါးနှင့် မကင်းရာသည်ဖြစ်ဘိသော် ထိုသို့မကင်းရာသောကြောင့် ကတ္တုဝါစက စသောလေးပါး၏ကတ္တုဝါစ္စ စသောလေးပါးကိုပြတတ်သော မာဏဝေါဟူသောပုဒ်ကိုဆိုအပ်သတည်း။ သင့်စောဒကပုဂ္ဂိုလ်ဆိုအပ်သည့်အတိုင်း ကတ္တုဝါစ္စ စသောလေးပါးမှကင်းသော ကတ္တုဝါစကစသောလေးပါးသာရှိ၏ဟုဆိုအပ်သည်မဟုတ်၊ မဟုတ်သောကြောင့် သင်စောဒကပုဂ္ဂိုလ်တင်တိုင်းသော ဝါစက၊ ဝါစ္စဆန့်ကျင်သော ဝိရောဓိဒေါသ၊ မရောက်ကုန်၏ ဟူလိုသော်။

ဝါစက၊ ဇောတက စသည်ကိုခွဲ၍ တစ်ခုစီတစ်ခုစီထွက်လိုမူ ထွက်ကြလေကုန်။

ဝန္ဒတိ၌ ဝန္ဒဓာတ်က မာဏဝေါကို ယခင်နည်းဖြင့်ထွက်ဟန်ကား။ ။

အသျှင်ပရိဟာရဆရာ။ ဝန္ဒတိ၌ ဝန္ဒဓာတ်ကိုဆရာဆိုတော်မူ၏။ ဤသို့ဆိုအပ်သည်ရှိသော် ဌာန၊ နိဿယ၊ နိမိတ္တ၊ နိပ္ဖာဒက၊ ဇနက၊ ဗျာပါရဝန္တ၊ သာဓန၊ ကာရကမကင်းသော ဌာနီ၊ နိဿိတ၊ နိမိတ္တဝန္တ၊ နိပ္ဖာဒေတဗ္ဗ၊ ဇည၊ ဗျာပါရ၊ သဇ္ဈ၊ ကြိယာသက်သက် ရှိ၏ဟူသောအနက်သည် ရောက်၏။ စင်စစ်တမူကား ဌာနစသောရှစ်ပါးမှကင်းသော ဌာနီစသော ရှစ်ပါးသာသက်သက်ရှိ၏ဟူသော

အနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်သောကြောင့် တည်တတ်သော ဌာနီစသောရှစ်ပါးဖြစ်၍ တည်ရာဖြစ်သော ဌာနစသောရှစ်ပါးကိုလည်း ပြဆိုသင့်၏။ တည်ရာဖြစ်သော ဌာနစသောရှစ်ပါးမှကင်းသော တည်တတ်သောဌာနီစသော ရှစ်ပါးသာသက်သက်ရှိ၏ဟူ၍ကားမဆိုသင့်။ ဤသို့မဆိုသင့်ဘဲလျက် ဆိုချေသော်။ ဌာနီ၊ ဌာန စသည်ဆန့်ကျင်သော ဝိရောဓိဒေါသရောက်ရာသည် မဟုတ်ပါလော။ ဤသို့အပြစ်တင်လျက် ထပနာဆက္ကဒိဋ္ဌသံသန္ဒနာနည်းဖြင့် သူမေးဘွယ်ရှိ၍ ကေံသဗျာကရဏဖြင့် ဖြေပြလိုရကား မာဏဝေါဟူသောပါဌ်ကို မိန့်သတည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား။ ဝန္ဒခေတ်ကို ငါဆိုအပ်သည်ကားမှန်၏။ ထိုသို့ ဆိုရာဌ တည်တတ်သောဌာနီစသော ရှစ်ပါးဖြစ်၍ တည်ရာဖြစ်သော ဌာနစသော ရှစ်ပါးနှင့်မကင်းရာသည်ဖြစ်ဘိသော် ထိုသို့မကင်းရာသောကြောင့် တည်တတ်သော ဌာနီစသောရှစ်ပါး၏ တည်ရာဌာနဖြစ်သော ဌာနစသောရှစ်ပါးကိုပြတတ်သော ဌာနီစသောရှစ်ပါးသာရှိ၏ဟု ဆိုအပ်သည်မဟုတ်၊ မဟုတ်သောကြောင့် သင်စောဒ ကပုဂ္ဂိုလ်တင်တိုင်းသော ဌာနီ၊ ဌာနစသော ရှစ်ပါးနှင့်ဆန့်ကျင်သော ဝိရောဓိဒေါသ မရောက်ဆိုတန်၏ ဟူလိုသော်။

## သဒ္ဒါထွက်နည်း ပြီး၏။

■

ပညတ်ထွက်နည်းဖြင့် ဝန္ဒတိက မာဏဝေါကို ထွက်ဟန်ကား။

အဿျင်ပရိဟာရဆရာ။ ဝန္ဒတိဟုဆရာဆိုတော်မူ၏။ ဤသို့ သာမညအား ဖြင့်ဆိုအပ်သည်ရှိသော် ဂဠုန်၊ နဂါး၊ သိကြား၊ ဗြဟ္မာစသော များစွာသောသူတို့တွင် တယောက်ယောက်သောသူသည် ရှိခိုး၏ဟူသောအနက်သည် ရောက်၏။ စင်စစ်တမူကား ဂဠုန်၊ နဂါး၊ သိကြား၊ ဗြဟ္မာစသော များစွာသောသူတို့တွင် တယောက်ယောက်သောသူသည် ရှိခိုး၏ဟူသောအနက်သည် မရောက်သင့်။ ထိုသို့ မရောက် သင့်သောကြောင့် ဝိသေသအားဖြင့် ရှိခိုးတတ်သောပုဂ္ဂိုလ်ကို မပြဆိုဘဲလျက် မနေသင့်။ ဤသို့မနေသင့်ဘဲလျက် မပြဆိုဘဲနေချေသော် ယုတ္တာယုတ္တိ ဆန့်ကျင်သော ဉာယဝိရောဓိဒေါသ ရောက်ရာသည်မဟုတ်ပါလော။

ဤသို့ အပြစ်တင်လျက် ထပနာဆက္ကဒိဌ္ဌသံသန္ဒနာ။ ပ။ ဇော်သ။ ပ။ မာဏာဝေါ။ ပ။ တည်း။

ထိုပါဠိ၏အဓိပ္ပါယ်ကား။ ။ ဝန္ဒတိဟု ငါဆိုအပ်သည်ကားမှန်၏။ ထိုသို့ဆိုရာ၌ ဂဠုန်၊ နဂါး၊ သိကြား၊ ဗြဟ္မာ စသောသူတို့တွင် တယောက်ယောက်သောသူသည်ရှိခိုး၏ဟု သာမညပုဂ္ဂိုလ်ကိုမယူမူ၍ ဝိသေသပုဂ္ဂိုလ်ကိုယူသည်ဖြစ်ဘိသော် ထိုသို့ယူအပ်သည်ဖြစ်သောကြောင့် ဂဠုန်၊ နဂါး၊ သိကြား၊ ဗြဟ္မာ စသောသာမညပုဂ္ဂိုလ်ကိုမယူမူ၍ ဝိသေသဖြစ်သော လုလင်ပုဂ္ဂိုလ်ကို ယူအပ်ရကား မာဏာဝေါဟူသောပုဒ်ကို မိန့်အပ်သတည်း။ သင်စောဒကပုဂ္ဂိုလ်ဆိုအပ်သည့်အတိုင်း ဂဠုန်၊ နဂါး စသောများစွာသော ပုဂ္ဂိုလ်တို့တွင် တစ်ယောက်ယောက်သောသူသည် ရှိခိုးသည်မဟုတ်။ မဟုတ်သောကြောင့် သင်စောဒကပုဂ္ဂိုလ်တင်တိုင်းသော ယုတ္တာ, ယုတ္တိဆန့်ကျင်သော ဉာယဝိရောဓိဒေါသ မရောက်ဆိုတန်၏ ဟူလိုသော်။

ဝန္ဒတိက ဗုဒ္ဓံကို ယခင်နည်းဖြင့်ထွက်ဟန်ကား။

အသျှင်ပရိဟာရဆရာ။ ဝန္ဒတိဟုဆရာဆိုတော်မူ၏။ ထိုသို့သာမညအားဖြင့် ဆိုအပ်သည်ရှိသော် စန္ဒီ၊ ပရမိသွာ၊ မဟာပိန္နဲ၊ ကတဲ စသောနတ်တို့ကို ရှိခိုး၏ဟူသောအနက်သည် ရောက်၏။ စင်စစ်တမူကား အရာဌာနအားလျော်စွာယူရသောကြောင့် စန္ဒီ၊ ပရမိသွာ၊ မဟာပိန္နဲ၊ ကတဲ စသောနတ်တို့ကို ရှိခိုး၏ဟူသောအနက်သည်မရောက်သင့်။ ထိုသို့ မရောက်သင့်သောကြောင့် စန္ဒီ၊ မဟာပိန္နဲ၊ ပရမိသွာ၊ ကတဲ စသောနတ်တို့ကို မယူမူ၍ ဝိသေသအားဖြင့် ရှိခိုးအပ်သောသူကိုပြသင့်၏။ ဝိသေသအားဖြင့် ရှိခိုးအပ်သောသူ ကိုမပြဆိုပဲ မနေတန်ရာ။ မနေတန်ဘဲလျက် နေချေသော် ယုတ္တာယုတ္တိဆန့်ကျင်သော ဉာယဝိရောဓိဒေါသရောက်ရာသည် မဟုတ်ပါလော။ ဤသို့ အပြစ်တင် လျက် ထပနာဆက္ကဒိဌ္ဌသံသန္ဒနာ။ ပ။ ဇော်။ ဗုဒ္ဓံ။ ပ။ တည်း။

ထိုပုဒ်၏အဓိပ္ပါယ်ကား။ ။ ဝန္ဒတိဟု ငါဆိုအပ်သည်ကားမှန်၏။ ထိုသို့ သာမညအားဖြင့်ဆိုရာ၌ စန္ဒီ၊ ပရမိသွာ၊ မဟာပိန္နဲ၊ ကတဲ စသောနတ်တို့ကို ရှိခိုး ၏ဟုမယူမူ၍ ဝိသေသဖြစ်သော ပုဂ္ဂိုလ်ကိုရှိခိုး၏ဟုယူအပ်သည်ဖြစ်ဘိသော် ထိုသို့ ဖြစ်သောကြောင့် စန္ဒီ၊ ပရမိသွာ၊ မဟာပိန္နဲ၊ ကတဲစသော နတ်တို့ကိုမယူမူ၍ အရာဌာနအားလျော်စွာ ဝိသေသဖြစ်သော ဘုရားကိုယူအပ်ရကား။ ဗုဒ္ဓံဟူသော

ပုဒ်ကိုမိန့်အပ်သတည်း။ သင်စောဒကပုဂ္ဂိုလ် ဆိုအပ်သည့်အတိုင်း စန္ဒိ၊ ပရမီသွာ၊ မဟာပိန္ဒ၊ ကတဲစသော နတ်တို့ကို ရှိခိုးသောမဟုတ်၊ မဟုတ်သောကြောင့် သင်စောဒကပုဂ္ဂိုလ် တင်တိုင်းသော ယုတ္တာယုတ္တိဆန့်ကျင်သော ဉာယဝိရောဓိ ဒေါသ မရောက်ဆိုတန်၏ဟူလိုသော်။

## ပညတ်ထွက်နည်း ပြီး၏။

■

ပရမတ်ထွက်နည်းဖြင့် ဝန္ဒတိက မာဏဝေါကို ထွက်ဟန်ကား။ ။

အသျှင်ပရိဟာရဆရာ။ ဝန္ဒတိဟုဆရာဆို၏။ ဤသို့ဆိုအပ်သည်ရှိသော် ပကတူပနိဿယ၊ သဟဇာတ စသောအကြောင်းနိမိတ်ကင်းလျက်။ ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပဒ်တည်းဟူသော အကျိုးပစ္စယုပ္ပန်သာရှိ၏ဟူသော အနက်သည်ရောက်၏။ စင်စစ်တမူကား ပကတူပနိဿယ၊ သဟဇာတ စသော အကြောင်းနိမိတ်ကင်း၍ ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ် တည်းဟူသော အကျိုးပစ္စယုပ္ပန်သာရှိ၏ဟူသောအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့် သောကြောင့် ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်တည်းဟူသော အကျိုး ပစ္စယုပ္ပန်၏ ပကတူပနိဿယ၊ သဟဇာတ စသောအကြောင်းနိမိတ်ကိုလည်း ပြဆိုသင့်၏။ ပကတူပနိဿယ၊ သဟဇာတ စသောအကြောင်းနိမိတ်ကိုလည်း မပြဆိုဘဲ မနေတန်ရာ။ မနေတန်ဘဲလျက်နေချေသော် ပစ္စည်း၊ ပစ္စယုပ္ပန်ဆန့်ကျင် သော ဉာယဝိရောဓိဒေါသရောက်ရာသည် မဟုတ်ပါလော။ ဤသို့အပြစ်တင် လျှက် ထပနာဆက္ကဒိဋ္ဌသံသန္ဒ။ ပ။ ဂေါ်သ။ ပ။ မာဏဝေါ။ ပ။ တည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား။ ။ ဝန္ဒတိဟု ငါဆိုအပ်သည်ကားမှန်၏။ ထိုသို့ ဆိုရာ၌ ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်တည်းဟူသော အကျိုးပစ္စယုပ္ပန် ၏ပကတူပနိဿယ၊ သဟဇာတစသော အကြောင်းနိမိတ်နှင့်မကင်းရာသည်ဖြစ်ဘိ သော် ထိုသို့မကင်းသောကြောင့် ပကတူပနိဿယ၊ သဟဇာတစသော အကြောင်း နိမိတ်ကိုပြတတ်သော မာဏဝေါဟူသောပုဒ်ကို မိန့်အပ်သတည်း။ သင်စောဒက ပုဂ္ဂိုလ်ဆိုအပ်သည့်အတိုင်း ပကတူပနိဿယ၊ သဟဇာတစသော အကြောင်းနိမိတ် ကင်းလျက် ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်တည်းဟူသော အကျိုးပစ္စ

ယပွန်သာရှိ၏ဟု ဆိုအပ်သည်မဟုတ်။ မဟုတ်သောကြောင့် သင်စောဒကပုဂ္ဂိုလ် တင်တိုင်းသော ပစ္စည်း၊ ပစ္စယုပ္ပန်ဆန့်ကျင်သော ဉာယဝိရောဓိဒေါသ မရောက် ဆိုတန်၏ဟူလိုသော်။

ဝန္ဒတိက ဗုဒ္ဓကို ယခင်နည်းဖြင့်ထွက်ဟန်ကား။ ။

အသျှင်ပရိဟာရဆရာ။ ဝန္ဒတိဟုဆရာဆို၏။ ဤသို့ဆိုအပ်သည်ရှိသော် ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်တည်းဟူသော အာရမ္မဏိကအကျိုး ပစ္စယုပ္ပန်ဖြစ်လျက် အာရမ္မဏူပနိဿယစသောအာရုံအကြောင်းနှင့်ကင်း၏ ဟူသော အနက်သည်ရောက်ရာ၏။ စင်စစ်တမူကား ပဏာမစေတနာပြဋ္ဌာန်းသော ဇော စိတ္တုပ္ပါဒ်တည်းဟူသော အာရမ္မဏိကအကျိုးပစ္စယုပ္ပန်ဖြစ်၍ အာရမ္မဏူပနိဿယ စသော အာရုံအကြောင်းသာရှိ၏ဟူသောအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်သောကြောင့် ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်တည်းဟူ သော အာရမ္မဏိကအကျိုးပစ္စယုပ္ပန်၏အာရမ္မဏူပနိဿယ စသောအာရုံအကြောင်း ကိုလည်းပြဆိုသင့်၏။ အာရမ္မဏူပနိဿယ စသောအာရုံအကြောင်းကိုမပြဆိုဘဲ မနေတန်ရာ။ မနေတန်ဘဲလျက်နေချေသော် ပစ္စည်း၊ ပစ္စယုပ္ပန်ဆန့်ကျင်သော ဉာယဝိရောဓိဒေါသရောက်ရာသည် မဟုတ်ပါလော။ ဤသို့ အပြစ်တင်လျက် ထပနာဆက္ကဒိဋ္ဌသံသန္ဒနာ။ ပ။ ဇော်သ။ ပ။ ဗုဒ္ဓံ။ ပ။ တည်း။

ထိုပါဌ်၏အဓိပ္ပါယ်ကား။ ။ ဝန္ဒတိဟု ငါဆိုအပ်သည်ကား မှန်၏။ ထိုသို့ဆိုရာ၌ ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်တည်းဟူသော အာရမ္မဏိ က အကျိုးပစ္စယုပ္ပန်၏ အာရမ္မဏူပနိဿယစသော အာရုံအကြောင်းနှင့် မကင်းရာ သည်ဖြစ်ဘိသော် ထိုသို့မကင်းသောကြောင့် အာရမ္မဏူပနိဿယ စသောအာရုံ အကြောင်းကိုပြတတ်သော ဗုဒ္ဓံဟူသောပုဒ်ကိုမိန့်အပ်သတည်း။ သင်စောဒကပုဂ္ဂိုလ် ဆိုအပ်သည့်အတိုင်း ပဏာမစေတနာပြဋ္ဌာန်းသော ဇောစိတ္တုပ္ပါဒ်တည်းဟူသော အာရမ္မဏိကအကျိုးပစ္စယုပ္ပန်ဖြစ်လျက် အာရမ္မဏူပနိဿယ စသောအာရုံအ ကြောင်းနှင့်ကင်း၏ဟု ဆိုအပ်သည်မဟုတ်။ မဟုတ်သောကြောင့် သင့်စောဒက ပုဂ္ဂိုလ်တင်တိုင်းသော ပစ္စည်း၊ ပစ္စယုပ္ပန်ဆန့်ကျင်သော ဉာယဝိရောဓိဒေါသ မရောက်ဆိုတန်၏ ဟူလိုသော်။

ဤသို့လျှင် ဒိဋ္ဌသံသန္ဒနာပုစ္ဆာကို ထပနာဆက္ကနှင့်စပ်၍ သဒ္ဒါထွက်၊ ပညတ်ထွက်၊ ပရမတ်ထွက် သုံးပါးတို့ကို ပြအပ်သည်ကား ပြီး၏။

## ပရမတ်ထွက်နည်း ပြီး၏။

■

ဤသို့လျှင် အဒိဋ္ဌဇောတနာပုစ္ဆာ၊ ဒိဋ္ဌသံသန္ဒနာပုစ္ဆာ၊ ဝေမတိကပုစ္ဆာ၊ အနုမတိပုစ္ဆာအားဖြင့် ထပနာပဥ္စကပုစ္ဆာလေးပါး၊ ထပနာဆက္ကပုစ္ဆာတစ်ပါး၊ ပေါင်း ငါးပါးရှိ၏။

ဤငါးပါးတို့တွင် တစ်ပါးပါး၌ သဒ္ဒါထွက်၊ ပညတ်ထွက်၊ ပရမတ်ထွက် အားဖြင့် သုံးပါးစီရှိသောကြောင့် တဆယ့်ငါးပါးဖြစ်၏။ ဤအရာ၌ ကြိယာကာရက ထွက်နည်းကိုသာ လိုသည်ဖြစ်၍ "ဗုဒ္ဓံ ဝန္ဒတိ မာဏဝေါ"ဟူသော ဝါကျတည်း၌ သာလျှင် နယဂ္ဂါဟရကြံစိမ့်သောငှာ ပုစ္ဆာတစ်ပါးတပါး၌ ခုနစ်ခုစီရသည်ဖြစ်၍ သုံးဆယ့်ငါးပါးသောထွက်နည်းတို့ကို ပြအပ်ကုန်၏။ ဤမှတစ်ပါးသော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့၌ ဤနည်းတို့ကိုမှီ၍ စုဒ်၊ စောဒနာ ထွက်ကြလေကုန်။

ဤအရာ၌ ထပနာပဥ္စကပုစ္ဆာလေးပါးနှင့် ထပနာဆက္ကပုစ္ဆာတို့၏အဓိပ္ပါယ်ကို အကျဉ်းအားဖြင့် မှတ်သားလွယ်စေခြင်းငှာ ပြဆိုဦးအံ့–

"သောတုခပင်း၊ မှတ်ကုန်လျဉ်းလော့၊ မူရင်းအစ၊ ပါဌ်ရအနက်၊ ပုဒ်စပ်ဘက်ခါ။ သမာသာဒိ၊ ခွဲခြမ်းသိ၍၊ ဣစ္ဆိတတ္ထ၊ ယုတ္တိပြလျက်၊ သိကြတဖြာ၊ ထိုးထွင်းပါ၍၊ ဆရာစဉ်ဆက်၊ ဆုံးဖြတ်ချက်ကို၊ နှုတ်တက် မကျန်၊ ကေဲသိလည်း၊ နိုက်ဘိအာဘော်၊ သိသော်မှသာ၊ ကျမ်းတတ်ရာ သည်။ မှန်စွာမုချမလွဲတည်း။"ဟူသော လင်္ကာပါဌ်နှင့်အညီ ပါဌ်ပါဠိကို မြင်–သိ–ရ–ရှိခြင်း။ သင်္ကေတတ္ထ။ ပါဌ်နက်ရကို ထင်–မြင်–သိ–နိုင်ခြင်း။ အနက်အား လျော်စွာ ပါဌ်တို့၏ အစိတ်အစိတ်ဖြစ်သောအစပ်ကို သိမြင်နိုင်ခြင်း။ သမာသ်ပုဒ်၊ တဒ္ဓိတ်ပုဒ် စသည်တို့၏ စပ်ခြင်း–ဖြစ်ခြင်း စသည်တို့ကို ခွဲခြမ်းဝေဘန်၍ သိမြင် နိုင်ခြင်း။ ဤသို့သိမြင်ခြင်း၌ လိုရင်းပဓာနစကားကို ဣစ္ဆိတတ္ထကောက်၍ ယုတ္တာ ယုတ္တိ ရှိ,မရှိကို ပြရာ၏။ သင့်၊ မသင့်ကိုနှိုင်းချိန်သိမြင်နိုင်ခြင်း။ ထိုသို့နှိုင်းချိန်

ထိုးထွင်းသိမြင်ခြင်းနှင့်တကွ အာစရိယပ္ပရမ္ပရပိနိစ္ဆယကို အောက်မေ့သိမြင်၊ နှုတ်တွင်ရွရွ၊ လက်ဆုပ်ပြ၍ ဆုံးဖြတ်နိုင်ခြင်း။ ဤခြောက်ပါးသောအင်္ဂါနှင့်ပြည့်စုံပါ၍ တတ်ကျွမ်းလိမ္မာ၊ မဟာကဝိ၊ ခေါ်သင့်ဘိလည်း၊ ကျမ်းဆရာတို့၏ အာဘော်သို့ဝက် စကားနက်ကို အချက်ကျအောင် မထုတ်ဆောင်နိုင်ကြကုန်။ အဘယ်ကြောင့် နည်းဟူမူ ကျမ်းဆရာတို့၏ အာဘော်နှလုံးထားကို ဝါကျစကားသွားဖြင့် ထောက် ထားကြည့်ရှု၍ ထင်ရှားအောင် မသိနိုင်သောကြောင့်တည်း။ ထို့ကြောင့် အာဘော်ကို ပေးစေခြင်းငှာ လျှဉ်းပါးသင့်သော ထပနာထားရာဖြစ်သောပုဒ်၌ ''အဖြေမြင်၊ အတင်သိ''ဟူသည်နှင့်အညီ အဖြေမြင်လျှင် အာဘော်ကို အန္ဓယအားဖြင့်လည်း ကောင်း။ ဗျတိရေကအားဖြင့်လည်းကောင်း။ ဆင္ဓေတဗ္ဗ၊ ဂဟေတဗ္ဗစသည်တို့တွင် တစ်ပါးပါးအားဖြင့်လည်းကောင်း။ ထောက်ထားဆင်ခြင်၍ ထိုက်သည်အားလျော်စွာ အတ္တာပန္နနည်းဖြင့် ရအပ်သောအနက်ကို စောဒနာပုဂ္ဂိုလ်တို့သည် ကျမ်းဆရာ၏ အာဘော်ကိုမသိမြင်၍ အဒိဋ္ဌဇောတနာပုစ္ဆာဖြင့် မေးအပ်ရာ၏။ ဝိဘဇ္ဇဗျာကရဏဖြင့် ဖြေကြားရခြင်းကို သိအပ်၏။ စောဒကပုဂ္ဂိုလ်တို့သည် မိမိတို့ သိမြင်အပ်သော အနက်ရောက်ကို အာဘော်ပြ၍ ကျမ်းဆရာ၏ အာဘော်နှလုံးသွင်းနှင့် နှီးနှောပြီး လျှင် ဒိဋ္ဌသံသန္ဒနာပုစ္ဆာဖြင့် မေးအပ်ရာ၌၊ ဧကံသဗျာကရဏဖြင့် ဖြေကြားရခြင်းကို သိအပ်၏။ ကျမ်းဆရာပြအပ်သောစကား၌ စောဒကပုဂ္ဂိုလ်တို့သာ ယုံမှားသံသယ မကင်းလှ၍ ဆင္ဓေတဗ္ဗ၊ ဂဟေတဗ္ဗအားဖြင့် အာဘော်ထား၍ ဝေမတိကပုစ္ဆာဖြင့် မေးအပ်ရာ၌ ဝိဘဇ္ဇဗျာကရဏဖြင့် ဖြေကြားရခြင်းကို သိအပ်၏။ စောဒကပုဂ္ဂိုလ် တို့သည် ကျမ်းဆရာ၏အလိုအတိုင်း အာဘော်ထား၍ အနုမတိပုစ္ဆာဖြင့် မေးအပ်ရာ ၌ ဧကံသဗျာကရဏဖြင့် ဖြေကြားရခြင်းကိုသိအပ်၏။ ဤကား ထပနာပဥ္စက ပုစ္ဆာလေးပါး၏အဓိပ္ပါယ်။

ထပနာဆက္ကပုစ္ဆာ၌။ ဒေါသတခုသာပိုလွန်၍ အကြွင်းကို ဒိဋ္ဌသံသန္ဒနာပုစ္ဆာ နည်းအစဉ်လျောက်၍ သိအပ်၏။ ။ ဤကား ထပနာဆက္ကပုစ္ဆာ၏ အဓိပ္ပါယ်။

## ဤတွင်၍ကား စုဒ်စောဒနာထွက်နည်းပြီး၏။

■■■

## မဟာဇောတိကာရာမ စံကျောင်းတိုက် စာစပ်နည်း ဝိသေသနာဒိသမ္ဗန္ဓပဒီပ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ယခုအခါ၌ ''ထွက်ရာစာစပ်၊ စပ်ရာကထွက်'' ဟုရှေးဆရာမြတ်တို့ မိန့်အပ်သည်ကိုထောက်ထား၍ စုဒ်စောဒနာထွက်နည်းကို ပြပြီးသည်၏နောက်၌ စပ်ဟပ်နည်းကို အမြွက်မျှပြဆိုပေအံ့။

ပြဆိုဟန်ကား။ ။ ''ဝိသေသျ၊ ပုဒ်အရမှာ၊ ယူရာစွန့်နက်၊ နှစ်ချက်တကွ၊ ယူနက်ရလျှင်၊ ရန်ခါပင်၊ ရှိချင်မြဲသေချာ''ဟူသည်နှင့်အညီ ဝိသေသျသည် ယူအပ်သော ဂဟေတဗ္ဗအနက်, စွန့်အပ်သော ဆင္ဍေတဗ္ဗအနက်ရှိသော ဝိသေသျ၊ ယူအပ်သော ဂဟေတဗ္ဗသာရှိသော ဝိသေသျအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ပဌမဝိသေသျကိုသာ ပြဆိုပေအံ့။

ပြဟန်ကား။ ။ နီလော ပဋောဟူသော ဝါကျဝယ်။ ပဋောဟူသောပုဒ်၏ အနက်၌ယူအပ်သော ပုဆိုးဟူသော ဂဟေတဗ္ဗအနက်၏စွန့်အပ်သော ပုဆိုးဖြူစသော ဆင္ဍေတဗ္ဗအနက်တို့နှင့် ဆက်ဆံရကား ''ယူအပ်စွန့်နက်၊ နှစ်ချက်ဆက်ဆံ၊ ရှိခဲ့ပြန်၊ မှတ်ဟန်သမ္ဘဝါ'' ဟူသည်နှင့်အညီ ပဋောဟူသောပုဒ်သည် သမ္ဘဝသာမည ဖြစ်သတည်း။

ထို့ကြောင့်။ ။ ''စွန့်အပ်နက်ကို၊ ပယ်စေလို၊ လျှဉ်းဆိုဗျဘိစာ''ဟူသည်နှင့်အညီ စွန့်အပ်သောပုဆိုးဖြူစသော ဆင္ဍေတဗ္ဗအနက်ကို ပယ်စေလို၍ ဗျဘိစာရတပ္ပလအားဖြင့် လျှဉ်းပါးသင့်သောကြောင့် နီလောဟူသောပုဒ်ကို မိန့်အပ်၏။

ထိုသို့မိန့်ရာ၌။ ။ ''ဆင္ဍေတဗ္ဗ၊ ရှိလကမူ။ သမ္ဘဝပါ၊ ဗျဘိစာကြောင့်၊ ဗျဝစ္ဆေဒ၊ ဝိသေသ၊ မ-ကြံရသည့်သာ'' ဟူသည်နှင့်အညီ ဝိသေသျ၌ ဆင္ဍေတဗ္ဗရှိ၍ သမ္ဘဝဗျဘိစာရအားဖြင့် လျှဉ်းပါးသင့်သောကြောင့် အထူးပြုသော ဝိသေသကား ဗျဝစ္ဆေဒက ဝိသေသနမည်၏။ ထို့ကြောင့် နီလောဟူသောပုဒ်ကို ပဋောဟူသောပုဒ်၌ စပ်အပ်သတည်း။

စပ်ဟန်ကား။ ။ နီလောကား သောဟူ၍အနက်ပေးသောကြောင့် ဝါ–သောဟူ၍ အနက်ပေးသည်ရှိသော် ပဒေ္ဓာ၌ ဗျဝစ္ဆေဒကဖြစ်သော အာသယာသ ယီဘာဝတုလျာဓိကရဏဝိသေသန။

ပဒေ္ဓာကား ဗျဝစ္ဆိန္နဖြစ်သော အာသယာယီဘာဝတုလျဓိကရဏ ဝိသေသျ ဟုစပ်အပ်၏။

အဓိပ္ပါယ်ကား။ ။ ဗျဝစ္ဆေဒက ဗျဝစ္ဆိန္နအဓိပ္ပါယ်ကို ရှေ့၌ပြအပ်သည်ကို ထောက်၍ သိလောက်တန်ပြီဖြစ်သောကြောင့် မပြအပ်ပြီ။ နီလသဒ္ဒါသည် အညို ဂုဏ်ကို အကြောင်းပဝတ္တိနိမိတ်ပြု၍ ပုဆိုးဒြပ်ကိုဟော၏။ ထိုသို့ ဟောရာ၌ အညိုဂုဏ်ဟူသော အန္တတ္ထအနက်သည် ပဋသဒ္ဒါ၏ ပုဆိုးဒြပ်တည်းဟူသော ဗာဟျတ္ထအနက်ကိုငဲ့၍ တူသောတည်ရာရှိရကား၊ အာသယာသယီဘာဝတုလျာဓိ ကရဏဟု ဆိုအပ်၏။ ထို့ကြောင့် မဏိဒီပဆရာသည် နီလော ပဒေ္ဓာနှင့်တူသော ရတ္တော ပဒေ္ဓာ ဟူသောပုဒ်၌။

''ရတ္တသဒ္ဒေါ ဂုဏသဒ္ဒတ္တာ ရတ္တဘာဝဂုဏံ အတ္တနော ပဝတ္တိနိမိတ္တံ ကတွာ တဒါဓာရံ ပဋ္ဋဒဗ္ဗံ ဝဒတိ။ ပဋ္ဋသဒ္ဒေါ ဇာတိသဒ္ဒတ္တာ ပဋ္ဋဇာတိံ အတ္တနော ပဝတ္တ နိမိတ္တံ ကတွာ တဒါဓာရံ ပဋ္ဋဒဗ္ဗမေဝ ဝဒတိ''ဟု မိန့်ဆိုအပ်၏။

အာသယာသယီဘာဝတုလျာဓိကရဏဝိသေသန–၏ ဝိဂ္ဂဟကို။

''ရတ္တဘာဝဂုဏာဓာရံ ဒဗ္ဗံ အာသယော နာမ ဟောတိ။ ကမ္ပတိ ဠီတော ရတ္တဘာဝဂုဏော အာသယီ နာမ၊ တဒတ္တော ရတ္တသဒ္ဒေါ အာသယာသယီ ဘာဝေါ နာမ'' ဟူသော မဏိဒီပကိုထောက်၍–

''အာသယတိ ပတိဋ္ဌဟတိ ဂုဏော ဧတ္ထာတိ အာသယော။ ဒဗ္ဗံ။ သော အဿာတိ အာသယီ။ ဂုဏော။ အာသယာယ အာသယီတိ ကထာ။ တဗ္ဘာဝေန တုလျာဓိကရဏံ အာသယာသယီဘာဝတုလျာဓိကရဏံ။ တံ ဟုတွာ ဝိသေသနံ အာသယာသယီဘာဝတုလျာဓိကရဏဝိသေသနံ''ပြုအပ်၏။ ဤဝိဂ္ဂဟကို နီလောက ပဒေ္ဓာမှာ စပ်သောအခိုက်အတန့်၌ ရအပ်၏။

စပ်ရာပဒေ္ဓာ၌ကား။ ။ အာသယာသယီဘာဝတုလျာဓိကရဏံ ဟုတွာ ဝိသေသျာ အာသယာသယီဘာဝတုလျာဓိကရဏဝိသေသျာ'' ပြုအပ်၏။

ဤအရာဝယ်။ နီလောသဒ္ဒါ၌ တစ်ပါးကိုငဲ့မူ။ ။ "အပဓာန၊ သကတ်ရ၊ ဒဗ္ဗလိင်မှာ၊ ပဓာနာ၊ ကောက်ပါသဒ္ဒတ္ထ။ ။ ဝိဘတ်ရမှာ၊ သချာ်သာ၊ ကောက်ရာ ပဓာန"ဟူသည်နှင့်အညီ အညိဂုဏ်သကတ်ကို အပဓာနအားဖြင့်ရ၏။ ပုဆိုးဒြပ်ပုလ္လိင်တို့ကို ပဓာနအားဖြင့်ရ၏။ ထိုသို့ရငြားသော်လည်း နီလောသဒ္ဒါ၏အနက္ထတ္ထဖြစ်သော အညိဂုဏ်သကတ်ကို ပဋ္ဋောသဒ္ဒါ၏ သကတ်ဒြပ်လိင်၊ သချာ်၊ ကာရကတည်းဟူသော ငါးပါးသောအနက်တို့တွင် ဗာဟျတ္ထဖြစ်သော ဒြပ်၌သာလျှင် ငဲ့အပ် စပ်အပ်သောကြောင့် "ဝိသေသနံ ဇဟံ သွတ္ထ"ဟူသည်နှင့်အညီ နီလောသဒ္ဒါ၌ မိမိ၏ပဓာနဖြစ်သော ဒြပ်ကိုစွန့်၍ အညိဂုဏ်သကတ်ကိုသာ ပဓာနအားဖြင့်ယူ၍ ပဋ္ဋောသဒ္ဒါ၏အရ ပုဆိုးဒြပ်အနက်၌ အထူးပြုသတည်း။ ထိုသို့ အထူးပြုသောကြောင့် ပဋ္ဋောသဒ္ဒါ၌ ဇာတ်တည်းဟူသော သကတ်သည် ဆင္ဓေတဗ္ဗ ဖြစ်သတည်း။

ဝစနတ္ထော ပန နီလပဒေ နီလယတိ ပကာသေတီတိ နီလော။ ဝဏ္ဏော။ နီလ ဝဏ္ဏောတိ ဟိ ဓာတု၊ နီဟိနဘာဝံ လာတိ ဂဏှာတီတိ နီလော။ ဝဏ္ဏော ယောဝ။ နီပုဗ္ဗ လာ အာဒါနေတီ ဟိ ဓာတု။ ပဋ္ဋပဒေ ပန အစ္ဆာဒိတဘာဝံ ပဋ္ဋတိ ဂစ္ဆတိ တေနာတိ ပဋ္ဋော။ သာဋကော။ ပဋ္ဋ ဂတိမှိတိ ဟိ ဓာတု။ ပံ ဟိရိ ကောပိနံ ဝါဋ္ဋေတိ ပဋိစ္ဆာဒေတီတိ ပဋ္ဋော၊ ပကာရေန ဝါ ဋ္ဌိယတိ အစ္ဆာဒိယတိ ဟိရောတ္တပ္ပံ တေနာတိ ပဋ္ဋော။ သာဋကော။ ပဋ္ဋ ဂတိမှိတိ ဟိ ဓာတု။ ပံ ဟိရိကောပိနံ ဝါဋ္ဋေတိ ပဋိစ္ဆာဒေတီတိ ပဋ္ဋော၊ ပကာရေန ဝါ ဋ္ဌိယတိ အစ္ဆာဒိယတီတိ ဟိရောတ္တပ္ပံ တေနာတိ ပဋ္ဋော။ ပုဗ္ဗပက္ခေ ကိတန္တ ဒုတိယာတပ္ပုရိသသမာသော။ပစ္ဆိမ ပက္ခေ ကိတန္တ တတိယာတပ္ပုရိသသမာသောတိ ဒဋ္ဌဗ္ဗော။

တစ်နည်း။ စပ်ဟန်ကား။ ။ နီလောကား သောဟူ၍ အနက်ပေးသောကြောင့်။ ဝါ။ သောဟူ၍အနက်ပေးသည်ရှိသော်၊ ပဋ္ဋော၌ ဂုဏ်၊ အာဓေ၊ နိဿိတ၊ အကြောင်း၊ နိမိတ်၊ သတ္တိ ၊ပဋ္ဋောကား= ဂုဏော၊ အာဓာရ၊ နိဿယ၊ အကျိုး၊ နိမိတ္တဝန်၊ သတ္တိမာန်ဟု စပ်အပ်၏။

ဤစပ်နည်း၌ အဘယ်သို့ ဂုဏ်၊ အာဓေ၊ နိဿိတ၊ အကြောင်း၊ နိမိတ်၊ သတ္တိတို့၏ ဂုဏော၊ အာဓာရ၊ နိဿယ၊ အကျိုး၊ နိမိတ္တဝန်၊ သတ္တိမန်ဖြစ်သတည်း

ဟူမှုကား။ နီလော၏အရဖြစ်သော အညိုဂုဏ်သည် ပုဆိုးဒြပ်၌ ဂုဏ်၊ အာခေရ်၊ နိဿိတ၊ အကြောင်း၊ နိမိတ်၊ သတ္တိဖြစ်၏။ ပဋော၏အရဖြစ်သော ပုဆိုးဒြပ်သည်= ဂုဏ်၏တည်ရာဖြစ်သော ဂုဏေး၊ အာဓာရ၊ နိဿယ၊ အကျိုး၊ နိမိတ္တ၊ သတ္တိမန္တ ဖြစ်သတည်း။

ဂုဏ်၊ ဂုဏေး စသော ခြောက်ပါးသောစပ်နည်းကို အစိတ်စိတ်ခွဲ၍ စပ်လိုမူ ခွဲ၍စပ်ကြလေဦး။ ။

## ဝိသေသန ဝိသေသျ စပ်နည်းပြီး၏။

■

ကြိယာ၊ ကာရကစပ်ပုံကို ယခုပြဆိုလတ္တံ့သော နည်းဖြင့်သိရာ၏။ ''ဗုဒ္ဓံ ဝန္ဒတိ မာဏဝေါ''ဟူသော ဝါကျ၌ပင်လျှင် သဒ္ဒါစပ်၊ ပညတ်စပ်၊ ပရမတ်စပ်၊ ထိုသုံးရပ်ဘို့တွင် သဒ္ဒါစပ်၌ အန္တတ်စပ်၊ ဗာဟျတ်စပ်၊ အန္တတ်ဗာဟျတ်စပ်ဟူ၍ သုံးပါးရှိ ၏။ ထိုသုံးပါးတို့တွင် အန္တတ်စပ်၌ မာဏဝေါက ဝန္ဒတိကိုစပ်ရာတွင် ဓာတ်၌စပ်ခြင်း၊ ဝိဘတ်၌စပ်ခြင်း နှစ်ပါးတို့တွင် ဓာတ်၌စပ်ခြင်းကို ရှေးဦးစွာပြဆို ပေအံ့။

စပ်ဟန်ကား။ ။ မာဏဝေါကား၊ သည်ဟူ၍အနက်ပေးသောကြောင့် (ဝါ) သည်ဟူ၍အနက်ပေးသည်ရှိသော် ဝန္ဒဓာတ်၌ (ဝါ) ဝန္ဒဓာတ်၏အရဖြစ်သော အန္တတ္တတည်းဟူသော ဓညာ၊ သာဓျ၊ နိဿိတ၊ ကြိယာ၌ ဗာဟျတ္တတည်းဟူသော ဓနက၊ သာဓန၊ နိဿယ၊ ကတ္တုကာရက၊ ဝန္ဒဓာတ်ကား။ ဝါ၊ ဝန္ဒဓာတ်၏အရကား အန္တတ္တတည်းဟူသော ဓညာ၊ သာဓျ၊ နိဿိတ၊ ကြိယာဟုစပ်အပ်၏။

ဤစပ်နည်း၌ အဘယ်သို့လျှင် ဗာဟျတ္တတည်းဟူသော ဓနက၊ သာဓန၊ နိဿယ ကတ္တုကာရက၏ အန္တတ္တတည်းဟူသော ဓညာ၊ သာဓျ၊ နိဿိတ၊ ကြိယာ ဖြစ်သနည်းဟူမှုကား ဤစကားကိုချဲ၍ ပြဦးအံ့။

''အန္တတ်,ဗာဟျတ်၊ ဤနှစ်ရပ်၊ စွဲလတ်ဝိသစ်မှာ။
ဝိသေသနည်း။ ခွဲ၍ယူ၊ ငှံမူဝိသစ်မှာ။
ငှံရာစပ်ရ၊ ထူးပါလှ၍၊ ဝိသေမျှတွင်၊ ဝိဘတ်လျှင်၊ ရှိခြင်းအဖြာဖြာ။

- အန္တတ္ထက အန္တတ်ရ၊ ငဲ့က တတိယာ။
- အန္တတ်ကပင်၊ ဗာဟျတ် တွင်၊ ငဲ့လျှင်တုလျာ။
- ဗာဟျတ်ကပေ၊ အန္တတ်နေ၊ ငဲ့လေဆဋ္ဌီသာ။
- တဖြာ တတိယာ။ ။ ဗာဟျတ်တူရှိ။ ငဲ့လာဘိ၊ မှတ်ဘိတဗ္ဗာဝါ၊ တစ်နည်းဆဋ္ဌီသာ''

ဟူသည်နှင့်အညီ ဝိသေသျပုဒ်၌ အန္တတ္ထ,ဗာဟျတ္ထနှစ်ပါးခွဲရာ၏။ ဝိသေသနပုဒ်၌လည်း ထို့အတူ အန္တတ္ထ,ဗာဟျတ္ထနှစ်ပါးခွဲ၍၊ ငဲ့သည်အားလျော်စွာ ဝိသေသျပုဒ်မှာစပ်အပ်၏။ ဤသို့ငဲ့ရာမှာ စပ်ရခြင်းဖြင့် ထူးခြားခြင်းကြောင့် ဝိသေသနပုဒ်တွင် အတ္ထဇောတက ဝိဘတ်အထူးထူးအပြားပြားရှိသတည်း။

ဝိသေသနအန္တတ္ထက။ ဝိသေသျ အန္တတ္ထကိုငဲ့ရာ၌၊ တတိယာဝိဘတ်ဖြင့် ထွန်းပြ၏။ ထွန်းပုံကား။ ''တပသာ ဥတ္တမော'' ဝိသေသန အန္တတ္ထက၊ ဝိသေသျ၊ ဗာဟျတ္ထကိုငဲ့ရာ၌ တုလျာဓိကရဏ၏အဖြစ်ကြောင့် ဝိဘတ်တူဖြစ်ထွန်းပြ၏။ ပုံစံကား= ''နီလော ပဋော၊ ပုရိသော ဂစ္ဆတိ၊ ပုရိသော ဂတော''တည်း။ ဝိသေသန၊ ဗာဟျတ္ထက၊ ဝိသေသျ-အန္တတ္ထကိုငဲ့ရာ၌၊ ဆဋ္ဌီဝိဘတ်ဖြင့်။ တစ်နည်း တတိယာဝိဘတ်ဖြင့်ထွန်းပြ၏။ ပုံစံကား -

''အဿမော သုကတော မယှံ၊ ပုရိသေန ဩဒနော ပစ္စတေ'' တည်း။

ဝိသေသန၊ ဗာဟျတ္ထက၊ ဝိသေသျ ဗာဟျတ္ထကိုငဲ့ရာ၌ တဗ္ဗာဝတာတုလျာဓိကရဏ၏အဖြစ်ဖြင့် ထွန်းပြ၏။ ပုံစံကား ---

''ဗုဒ္ဓေါ ဇိနော၊ ရညော ပုရိသော'' တည်း။

ဤအရာ၌ ဗာဟျတ္ထဖြစ်သောလုလင်ဒြဗ် ရှိနိုးခြင်းကြိယာကို ပြီးစေခြင်းငှာ စွမ်းနိုင်သော ကြိယာဘိနိပ္ဖါဒနသတ္တိသည်၊ ဝန္တုဓာတ်၏အရ အန္တတ္ထဖြစ်သော ရှိနိုးခြင်းကြိယာကို ပြီးစေတတ်ဖြစ်စေတတ်သောကြောင့် မာဏဝေါက ဝန္တုဓာတ်၌ စပ်နိုင်သတည်း။ ထိုသို့စပ်ရာ၌ ကြိယာက ဇနကကတ္တားကို ထွန်းပြခြင်းငှာ တတိယာဝိဘတ်ဖြင့် ပြသင့်ငြားသော်လည်း မာဏဝေါဟူသောပုဒ်သည် ဝန္ဒတိ ဟူသော ဝါစကကို ငဲ့သောဝါစ္စပုဒ်ဖြစ်၍ တတိယာမပြနိုင်ရကား အန္တတ္ထအနက်ကို ထွန်းပြခြင်းငှာ လိင်္ဂတ္ထဇောတကဖြစ်သော ပဌမာဝိဘတ်ဖြင့်သာ ပြအပ်သတည်း။

ထိုသို့ပြအပ်ငြားသော်လည်း ''သဗာဟိယတ္တအဋ္ဌောတ္တာ၊ ပေက္ခာနုတ္တတ္တ ဒွါရတော'' ဟူသော ဘေဒစိန္တာနှင့်အညီ၊ ဗာဟိယအနက်နှင့်တကွ အန္တအနက်ကိုငဲ့ ရာ၌ တည်ရာမတူ ထူးခြားကွဲပြားသောအကြောင်းကြောင့် ဝုတ္တမဖြစ်ဟုဆိုအပ်သော စကားကိုထောက်၍ မာဏဝေါဟူသောပုဒ်၌ ဗာဟိယတ္တအခိုက်အတန့်ကိုငဲ့၍ ကြိယာဘိနိပ္ဖါဒနသတ္တိရှိသော မာဏဝေါဟူသောပုဒ်ကို ဝန္ဒတိတည်းဟူသော အန္တတ္တ၌ စပ်အပ်သတည်း။

ထို့ကြောင့် မာဏဝေါဟူသောပုဒ်ကို ''ပကတျတ္ထေတ္တ, အန္တတ္တော၊ ဗာဟျတ္တော ဒုတိယောဒျတ္တော'' ဟူသော ဝါစ္စဝါစကနှင့်အညီ ပကတိအနက်တည်း ဟူသော အန္တတ္တ။ ဒုတိယာစသော ဝိဘတ်၏အနက်တည်းဟူသော ဗာဟျတ္တ။ ဤနှစ်ပါးတို့တွင် ဗာဟျတ္တကိုငဲ့သော မာဏဝေါသဒ္ဒါသည် ကြိယာဘိနိပ္ဖါဒနသတ္တိ ရှိသော ကတ္တုကာရကဟု မှတ်ရာ၏။ အန္တတ္တကိုငဲ့သောမာဏဝသဒ္ဒါသည် တိဝိ ဘတ်တည်းဟူသော ကတ္တုဝါစကမည်၏။ ကတ္တုဝါစ္စဝိသေသဟု မှတ်ရာ၏ဟူလို။

တစ်နည်းကား။ ။ မာဏဝေါကား သည်ဟူ၍အနက်ပေးသောကြောင့် ဝါ=သည်ဟူ၍အနက်ပေးသည်ရှိသော်။ ဝန္ဒတိ၌။ ဝါ= ဝန္ဒတိ၏အရဖြစ်သော ရှိခိုးခြင်းကြိယာ၌ ကတ္တုကာရကအကြောင်း ဗျာပါရဝန္တ။ ဝန္ဒတိကား၊ ဝါ=ဝန္ဒ တိ၏အရဖြစ်သော ရှိခိုးခြင်းကြိယာကား ကတ္တား၌တည်းသော ကတ္တုဒွကြိယာ။ အကျိုးဗျာပါရ။ ဤသို့လည်း စပ်ကြလေဦး။

မာဏဝေါက တိဝိဘတ်ကိုစပ်ဟန်ကား။ ။ မာဏဝေါကား သည်ဟူ၍ အနက်ပေးသောကြောင့်။ ဝါ=သော်။ တိဝိဘတ်၌။ အန္တတ္တတည်းဟူသောကတ္တုဝါစ္စ။ ကတ္တုဇောတက၊ ကတ္တုဝိသေသ၊ ကတ္တုလိင်္ဂတ္တ။ တိဝိဘတ်ကား။ ဗာဟျတ္တတည်း ဟူသောကတ္တုဝါစက။ ကတ္တုဇောတက၊ ကတ္တုသာမည၊ ကတ္တုတုလျတ္ထ ဖြစ်သနည်းဟူမူကား။ ဝါစ္စ-ဝါစက စသည်တို့၏ တုလျာဓိကရဏဝိသေသန၊ ဝိသေသျ၊ သဘောနှင့်တူသည်ဖြစ်၍ ဝိသေသနနှင့်ဝိသေသျ၊ ဝိသေသျနှင့်သာမည တူ၏။ ထိုသို့တူသောကြောင့် ''<u>လေးဖြာဝါစက၊ သတ္တိမျှ၊ ဟောကြသာမညာ</u>'' ဟူသည်နှင့်အညီ တိဝိဘတ်သည် ကတ္တုသတ္တိကို သာမညအားဖြင့်ဟောသော ဝါစက ဝိသေသျဖြစ်၍ ကတ္တုသတ္တိ ဝိသေသဝါစ္စကိုငဲ့သင့် ဟောသင့်ဟု လျဉ်းပါး ဘွယ်ရှိသောကြောင့်။

"သာမန်ဟောငြား၊ မထင်ရှား၍၊ ထင်ရှားအောင်သာ၊ ပုဒ်ဝါစွ၊ ထုတ်ပြ ဝိသေသာ" ဟူသည်နှင့်အညီ တိဝိဘတ်သည် ကတ္တားကို ဝါစက သတ္တိဖြင့် ဟောငြားသော်လည်း သာမညကတ္တားကိုသာ ဟောသည်ဖြစ်၍ မထင်ရှားသောကြောင့် ထင်ရှားစေခြင်းငှာ ဝါစ္စဖြစ်သော မာဏဝေါဟူသော ကတ္တုဝိသေသကို အထူးအားဖြင့် ထုတ်ပြအပ်သတည်း။

ဤသို့ထုတ်ပြရာ၌။ ။ "ဝိသေသန၊ ဝိသစ်မျှ၊ ထူးကြွထိုနှစ်ဖြာ" ဟူသည်နှင့်အညီ တိ-ဝိဘတ်တည်းဟူသော တည်ရာရှိသော မာဏဝေါဟူသော ပုဒ်သည် ဝိသေသန။ တိဝိဘတ်သည် ဝိသေသျပင်တည်းဟုမှတ်ရာ၏။ တိဝိဘတ်တည်းဟူသော ဝိသေသန ဝိသေသျ ဝါစ္စကတ္တားကို ဟောရာ၌။

"ကတ္တာဒိသာမိမတ္တံ ဝေ၊ ဟုတ္တံ နာညံ တထာ ပရေ။
ပဓာနာနုပရောဓေန၊ အနုဝတ္တန္တိ နာညထာ[၁] ။

ဟူသော ဘေဒစိန္တာနှင့်အညီ လေးပါးသော ဝါစကတို့သည် ကတ္တား၊ သမ္ဘန်အဆုံးရှိသော ရှစ်ပါးသောဝါစ္စမျှကိုဟောအပ်သည်ရှိသော် သကတ်၊ ဒြပ်၊ လိင်၊ သချာ်တို့သည် ပဓာနဖြစ်သော ဝါစ္စသို့အစဉ်လိုက်ကြကုန်၏။ အဘယ်ကြောင့်အစဉ်လိုက်ကြသနည်းဟူမူ တပါးသောအပြားအားဖြင့် မဖြစ်သင့်ခြင်းကြောင့်တည်းဟု ပြအပ်၏။ ဤသို့ တိ ဝိဘတ်က မာဏဝေါဟူသောပုဒ်၌ ကတ္တားကိုဟောသည်ရှိသော် သကတ် အစရှိသည်တို့သည်လည်း ဟောအပ်သောကတ္တားသို့ အစဉ်လိုက်သည်ရှိသော် မာဏဝေါဟူသောပုဒ်၌ တိဝိဘတ်က ကတ္တားကို ဟောအပ်ပြီးဖြစ်၍ သကတ်စသည်တို့ကိုလည်းငဲ့၍ နာမ်ဝိဘတ်က အသီးအခြားဟောအပ်သော အနက် မရှိသင့်သောကြောင့် ဝိဘတ်မသက်သင့်ဟူငြားအံ့။

"ကတ္တာဒျတ္တော၊ ခြင်းတို့ဟောငဲ့၊ ပြီးခဲ့လတ်၍၊ ဝိဘတ်ဟောရာ။ မရှိပါ လည်း၊ ကတ္တာဒိနက်၊ ထွန်းလိုချက်ကြောင့်၊ ကြွင်းနက်လိင်၊ ငဲ့ပြီးက၊ သက်ရပဌမာ"ဟူသည်နှင့်အညီ တိဝိဘတ်သည်။ မာဏဝေါဟူသောပုဒ်၌ တည်

---

၁။ သဒ္ဒတ္ထဘေဒစိန္တာ။ ၁၈၂-ဂါထာ။

သော ကတ္တားကိုဟောအပ်၏။ သကတ်စသည်တို့သည်လည်း ဟောအပ်သော ကတ္တားသို့ အစဉ်လိုက်ကြ၏။ ထိုသို့ ဟောငဲ့-အစဉ်လိုက်ခြင်းကြောင့် လိုအပ်သော အနက်၏ ပြည့်စုံပြီးမြောက်ရကား ဝိဘတ်၏မိမိသည် ဟောအပ်သော အနက်၏ အသီးအခြားမရှိခြင်းကြောင့် သက်ဘွယ်မရှိဟု ဆိုငြားအံ့။ မဆိုသင့်၊ အဘယ် ကြောင့်နည်းဟူမူ တိဝိဘတ်သည် ဝါစကသတ္တိဖြင့် ဝိသယီဖြစ်သော သာမညဖြစ် သော ကတ္တားကိုသာဟော၏။

မာဏဝေါသဒ္ဒါသည် တုလျာဓိကရဏဝိသယဖြစ်သော အပေက္ခနသတ္တိရှိ သော ဝိသေသကတ္တားကို ဟော၏။ ထိုသို့ဟောရာ၌ မာဏဝဟူသောပုဒ်သည် လုလင်ဒြပ်ကိုသာ ဟောသည်ဖြစ်၍ ကတ္တားအနက်ကို မထွန်းပြနိုင်သဖြင့် ကတ္တား အနက်ကို ထွန်းပြခြင်းငှာ သကတ်၊ ဒြပ်၊ လိင်၊ သချ်ာကိုငဲ့၍ ပဌမာဝိဘတ် သက်သက်အပ်သောကြောင့်တည်း။

ဗုဒ္ဓံက ဝန္ဒတတ်ကိုစပ်ဟန်ကား။ ။ ဗုဒ္ဓံကား ကိုဟူ၍အနက်ပေးသော ကြောင့်။ ဝါ-သော်၊ ဝန္ဒတတ်၌ နိဿယအကြောင်းနိမိတ်ဖြစ်သော စိတ္တသမ္ဗတ္တိကံ ဟုဆိုအပ်သော အဝုတ္တကမ္မကာရက၊ ဝန္ဒတတ်ကား နိဿိတ အကျိုးနိမိတ္တဝန်ဖြစ် သော စိတ္တသမ္ဗတ္တိကံဟုဆိုအပ်သော အဝုတ္တကံ၏တည်ရာကြိယာ။ ။ ဤသို့ စပ်အပ်၏။ ။ အဓိပ္ပါယ်မှာ မခဲယဉ်းပြီး။ ။

က္လတော ပရံ အာစရိယဝရာနံ ဝိနိစ္ဆယံ မာဂဓဘာသာယ ဝက္ခာမ။ ဗုဒ္ဓံ ဝန္ဒတိ မာဏဝေါတိ ဟိ ဝါကျေ ဗုဒ္ဓန္တိပဒံ တာဝ ဝုစ္စတေ။ ဗုဒ္ဓသဒ္ဒေါ သကတ္တဒဗ္ဗလိင်္ဂဝသေနာတိ ကတ္တံ ဒဒတိ။ ကြိယာပေက္ခေ သတိ ကမ္မတ္တံ ဝိသယံ ကတွာ ''ကမ္မတ္ထေ ဒုတိယာ''တိ သုတ္တေန တသ္မိံ ကမ္မတ္ထသခ်ါတေ ဝိသယေ ဒုတိယာ ဝိဘတ္တိ ဝိသယီဘာဝေန ပဝတ္တတိ။ သော ဝိသယဘူတော ကမ္မတ္ထော ဝါစ္စံ နာမ။ သကတ္တာဒယော တဒနုဂတာဝ။ ဝိသယီဘူတာ ဒုတိယာဝိဘတ္တိ ဝါစကာ နာမ။ သကတ္တဒဗ္ဗလိင်္ဂဝသေနာတိကတ္တံ ဒဒတိ။ ဝိဘတ္တိ သချ်ာကာရကံ ဇောတေတိ။ ဝန္ဒတုတော ပဝတ္တာ ပရဿပဒသခ်ါတာတိဝိဘတ္တိ ပဌမာ- ဝိဘတ္တိယာ ဇောတိယံ ကတ္တုကာရကံ ဝိသယံ ကတွာ တသ္မိံ ဝိသယီဘာဝေန စ တုလျာဓိကရဏဘာဝေန စ ပဝတ္တတိ။ တသ္မာ သော ကတ္တုကရကော ဝါစ္စံ

နာမ။ ပရဿပဒသဒ္ဒါတော တိဝိဘတ္တိ ဝါစကောနာမ။ သေသာ သကတ္ထာ ဒယော လိင်္ဂတ္ထာတဒနုဂတာ။ တေသံ သာမျာဒိဝါစ္စဘာဝါဘာဝတော လိင်္ဂတ္ထာ အာချာတဿ ဝါစ္စဘာဝေန န ဂတိတာ။ တေ ပန ကတ္တုကာရကေ အာချာတေန ဝုတ္တေ တမနုဝတ္တန္တိ။ ပဓာနာနုပရောဓေဿာယုတ္တတ္တာတိ။

## သဒ္ဒါစပ်နည်း ပြီး၏။

■

ပညတ်စပ်နည်းဖြင့်။ "ဗုဒ္ဓံ ဝန္ဒတိ မာဏဝေါ"ဟူသော ဝါကျ၌ပင်လျှင် မာဏဝေါက ဝန္ဒတိကို စပ်ဟန်ကား။ ။

မာဏဝေါကား သည်ဟူ၍အနက်ပေးသောကြောင့်။ ဝါ၊ သော်။ ဝန္ဒတိ၌ ညွတ်ကျိုးကော်ရော် ပူဇော်ရှိခိုးတတ်သော လုလင်ဒြပ်တည်းဟူသော ပဏ္ဏာမ က ဝန္ဒတိကား ညွတ်ကျိုးကော်ရော်ပူဇော်ရှိခိုးတတ်သော လုလင်ဒြပ်သည်ဖြစ် စေအပ်သော ရှိခိုးခြင်းကြိယာတည်းဟူသောပဏ္ဏာမ ဤသို့စပ်အပ်၏။

ဗုဒ္ဓံကား ကိုဟူ၍ အနက်ပေးသောကြောင့်။ ဝါ၊ သော်။ ဝန္ဒတိ၌ ညွတ်ကျိုးကော်ရော်ပူဇော်ရှိခိုးအပ်သော မြတ်စွာဘုရားဒြပ်တော်တည်းဟူသော ပဏ္ဏာမိတဗ္ဗ။ ဝန္ဒတိကား ညွတ်ကျိုးကော်ရော်ပူဇော်ရှိခိုးအပ်သော မြတ်စွာဘုရား တည်းဟူသောပဏ္ဏာမ။ ဤသို့စပ်အပ်၏။ တိဝိဘတ်၌ကား မာဏဝေါနှင့်အရတူ သည်ဖြစ်၍ အသီးအခြားခွဲ၍ မစပ်ရဟု မှတ်ရာ၏။

## ပညတ်စပ်နည်း ပြီး၏။

■

ပရမတ်စပ်နည်းဖြင့် "ဗုဒ္ဓံ ဝန္ဒတိ မာဏဝေါ" ဟူသော ဝါကျ၌ပင်လျှင် မာဏဝေါက ဝန္ဒတိကို စပ်ဟန်ကား။ ။

မာဏဝေါကား သည်ဟူ၍အနက်ပေးသောကြောင့်။ ဝါ၊ သော်။ ဝန္ဒတိ၌ ပကတူပနိဿယ၊ သဟဇာတစသော အကြောင်းနိမိတ်။ ဝန္ဒတိကား ပဏ္ဏာမ

စေတနာပြဋ္ဌာန်းသော ကုသိုလ်ဇောစိတ္တုပ္ပါဒ်တည်းဟူသော အကျိုးပစ္စယုပ္ပန်။ ဤသို့ စပ်အပ်၏။

ဗုဒ္ဓက ဝန္ဒတိကို ယခင်နည်းဖြင့်စပ်ဟန်ကား။ ။

ဗုဒ္ဓကား ကိုဟူ၍အနက်ပေးသောကြောင့်။ ဝါ၊ သော်။ ဝန္ဒတိ၌ အာရမ္မဏူပနိဿယစသော အာရုံအကြောင်း၊ ဝန္ဒတိကား ပဌာမစေတနာပြဋ္ဌာန်းသော ကုသိုလ်ဇောစိတ္တုပ္ပါဒ်တည်းဟူသော အာရမ္မဏိကအကျိုးပစ္စယုပ္ပန်။ ဤသို့ စပ်အပ်၏။

## ပရမတ်စပ်နည်း ပြီး၏။

■

ဆရာမြတ်တို့အလို။ အန္တတ်။ ဗာဟျတ်၊ အန္တတ်ဗာဟျတ်၊ စပ်နည်းသုံးပါးတို့ကို တပေါင်းတည်းပြဆိုပေအံ့။

မာဏဝေါက ဝန္ဒာတ်ကို စပ်ဟန်ကား။

မာဏဝေါကား သည်ဟူ၍အနက်ပေးသောကြောင့်။ ဝါ၊ သော်။ ဝန္ဒာတ်၌ အပဓာနအားဖြင့်ရအပ်သော ရှိခိုးဆဲဖြစ်သော ပဌာမစေတနာ၏ ဥပါဒ်ခြင်းတည်းဟူသောကြိယာဖြင့် ဖြစ်ခြင်းရှိသော ထိုသို့ရှိခိုးဆဲဖြစ်သော ပဌာမစေတနာ၏ ဥပါဒ်ခြင်းဟူသော ကြိယာဖြင့်ဖြစ်ခြင်းရှိသော ထိုသို့ရှိခိုးဆဲဖြစ်သော ပဌာမစေတနာ၏ ဥပါဒ်ခြင်းတည်းဟူသောကြိယာ။ ဤသို့စပ်အပ်၏။

မာဏဝေါက တိဝိဘတ်ကို စပ်ဟန်ကား။ ။

မာဏဝေါကား သည်ဟူ၍အနက်ပေးသောကြောင့်။ ဝါ၊ သော်။ တိဝိဘတ်၌ အပဓာနအားဖြင့်ရအပ်သော ရှိခိုးဆဲဖြစ်သော ပဌာမစေတနာ၏ ဥပါဒ်ခြင်းတည်းဟူသောကြိယာဖြင့်မှတ်အပ်သော ထိုသို့သောကြိယာဖြင့်ဖြစ်ခြင်းရှိသော ထိုသို့ကြိယာ၏တည်ရာဖြစ်သော လုလင်တည်းဟူသော ကတ္တုဝါစ္စအန္တတ္တ။ တိဝိဘတ်ကား အပဓာနအားဖြင့် ရအပ်သောရှိခိုးဆဲဖြစ်သော ပဌာမစေတနာ၏ဥပါဒ်ခြင်းတည်းဟူသောကြိယာ၏တည်ရာဖြစ်သော ကတ္တုဝါစ္စဗာဟျတ္တ။ ဤသို့ စပ်အပ်၏။

မာဏဝေါက အန္တတ်၊ ဗာဟျတ်နှစ်ပါးကို စပ်ဟန်ကား။

မာဏဝေါကား သည်ဟူ၍အနက်ပေးသောကြောင့်။ ဝါ၊ သော်။ ဝန္ဒတိ၌

ကတ္တား-ကံ-ဘော သုံးပါးတို့တွင် ရှိနိုးဆဲဖြစ်သော ပဏ္ဏာမစေတနာ၏ ဥပါဒ်ဖြစ်ခြင်းတည်းဟူသော ကြိယာကိုပြီးစေတတ်သော ဝိသေသဇောတတဗ္ဗ ဝါစ္စကတ္တား ဖြစ်၍ အတိတ်အစရှိသော ကာလသုံးပါးတို့တွင် ပစ္စုပ္ပန်ကာလဝန္တဖြစ်လျက် သုဏန္တပုဂ္ဂိုလ်၊ ဝဒန္တပုဂ္ဂိုလ်တို့နှင့်စပ်သော ကြိယာမှတပါးသော ရှိနိုးဆဲဖြစ်သော ပဏ္ဏာမစေတနာ၏ဥပါဒ်ခြင်းတည်းဟူသော ကြိယာဝန္တ၏အဖြစ်ဖြင့်စပ်အပ်၏။ ဝန္ဒတိကား ကတ္တား-ကံ-ဘော သုံးပါးတို့တွင် ရှိနိုးဆဲဖြစ်သော ပဏ္ဏာမစေတနာ၏ဥပါဒ်ခြင်းတည်းဟူသော ကြိယာကိုပြီးစေတတ်သော သာမညဇောတက ဝါစကကတ္တားဖြစ်၍ အတိတ်အစရှိသော ကာလသုံးပါးတို့တွင် ပစ္စုပ္ပန်ကာလဖြစ်လျက် သုဏန္တပုဂ္ဂိုလ်တို့နှင့်စပ်သော ကြိယာမှတစ်ပါးသော ရှိနိုးဆဲဖြစ်သော ပဏ္ဏာမစေတနာ၏ဥပါဒ်ခြင်းတည်းဟူသောကြိယာသည် မာဏဝေါ၏စပ်ရာဖြစ်၏။ ။ ဤသို့ စပ်အပ်၏။

ဤအန္တတ်၊ ဗာဟျတ်၊ အန္တတ်ဗာဟျတ် သုံးပါးစပ်နည်းကို
တိက္ခသောတုဇနတို့ အကျဉ်းမှတ်သားရန်
မာဂဓဘာသာဖြင့်စီကုံး၍ ပြလိုက်ပေအံ့။

အာစရိယာ ပန ဝန္ဒတီတိ ဧတ္ထ ဝန္ဒဓာတုယာ ဝါစ္စတ္ထော ဝန္ဒနကြိယာသခ်ါတပဏ္ဏာမစေတနုပ္ပါဒေါ ပဓာနဝသေန လဗ္ဘတိ။ တိဝိဘတ္တိယာ ဝါစ္စတ္ထော ပန တေန ဝန္ဒနကြိယာသခ်ါတပဏ္ဏာမစေတနုပ္ပါဒေန ဥပလက္ခိတော ဥပ္ပါဒဝန္တော၊ တဒါဓာရော ပုဂ္ဂလော အပ္ပဓာနဝသေန လဗ္ဘတိ။ ပဒသမုဒါယဿ ဝါစ္စတ္ထော ပန ကတ္တုကမ္မဘာဝေသု ကတ္တုဘူတော အတီတာဒိကာလေသု ပစ္စုပ္ပန္နကာလော သုဏန္တဝဒန္တေဟိ အညော ဓာတွတ္ထ ကြိယာဝိသေသောဝ လဗ္ဘတိ။ တေသု တေသု ကြိယာပဒေသု အယံ နယော ယထာရဟံ ဝတ္တဗ္ဗောတိ ဝဒန္တိ။ ဣဒမ္ပိ သာရတော ပစ္စေတဗ္ဗန္တိ။ ဤသို့ မှတ်အပ်၏။

## ပဥ္စမပိုင်း ပြီး၏။

■■■

# မန္တလေးသာသနာဝင်
# ကေဝီသတိမတွဲ
# ဆင္ဒပိုင်း

= မဟာဇောတိကာရာမ စံကျောင်းတိုက်ကြီး၌ ကြာမြင့်စွာသီတင်းသုံး၍ စာပေကျမ်းဂန် သင်ကြား ချပို့တော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ရ မြင်းခြံမြို့ သက်တော်ရှည်မင်းကျောင်း ဆရာတော်ဘုရားကြီး အရှင်ဝိစာရ၏ အဖြစ်တော်စဉ်။

= ၎င်းဆရာတော်ဘုရားကြီး၏ ညီအရင်းများဖြစ်ကြသော မဟာဇောတိကာရာမ စံကျောင်းတိုက်ထွက် ဆယ်နှစ်မြို့ ဂိုဏ်းချုပ်ဆရာတော် အရှင်ဒေဝိန္ဒ၏ အဖြစ်တော်စဉ်။

= ဂိုဏ်းထောက်ဆရာတော် အရှင်စက္ကိန္ဒ၏ အဖြစ်တော်စဉ်။

# ဆဋ္ဌပိုင်း

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သက်တော်ရှည် မင်းကျောင်းဆရာတော်ဘုရားကြီး အရှင်ဝိစာရ

မြင်းခြံမြို့ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သက်တော်ရှည်မင်းကျောင်း ဆရာတော်ဘုရားကြီးသည် မန္တလေးမြို့ မဟာဇောတိကာရာမစံကျောင်းတိုက်၌ ကြာမြင့်စွာ သီတင်းသုံးတော်မူ၍ ပညာသင်ကြားတတ်မြောက်ခဲ့သော ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

### ဖွားမြင်တော်မူခြင်း စသည်

မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ရွာသစ်ကြီးရွာ၌ အဖ–ဦးလမ်း၊ အမိ ဒေါ်မင်းသာတို့မှ သက္ကရာဇ် ၁၂၀၄–ခုနှစ်၊ ပဉ္စမဝါဆိုလဆန်း ၁၁–ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၁–ချက်တီးကျော် ၂–ပဟိုရ်အချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ဆရာတော်လောင်းလျာ၏ ငယ်မည်မှာ 'မောင်ရွှေဝ'ဖြစ်သည်။ ဦးလမ်း+ ဒေါ်မင်းသာတို့၌ သားသမီး ၁၀–ယောက်ရှိကုန်၏။ ၎င်းတို့ကား ဒေါ်ခက်၊ ဆရာ တော်လောင်းလျာ မောင်ရွှေဝ၊ မစို၊ မောင်စံရေး၊ မမှို၊ မောင်ရွှေရဲ၊ မနို၊ မောင်ဖိုး တေ၊ မောင်လူဖေ၊ မချိုတို့ ဖြစ်ကြကုန်၏။

### ပညာသင်ကြားခြင်း

၁၀–နှစ်သားအရွယ်တွင် ရွာသစ်ကြီးရွာ ဘုန်းတော်ကြီးဦးဝိုင်းထံ မိဖတို့က အပ်နှံကြသဖြင့် ပညာသင်ကြားရလေသည်။ ရှေးကထုံးစံအတိုင်း သင်ပုန်းကြီး၊ မင်္ဂလာသုတ်၊ ပရိတ်ကြီး၊ နမက္ကာရ၊ ဇာတ်ကြီးဆယ်ဘွဲ့ စသည်တို့ကို ဘုန်းတော်ကြီး ဦးဝိုင်းထံ၌ သင်ယူတော်မူခဲ့ရ၏။ ၁၄–နှစ်သားအရွယ်တွင် ပဗ္ဗဇ္ဇမင်္ဂလာဆင်ယင် ကျင်းပကာ ရွာသစ်ကြီးဘုန်းတော်ကြီးဦးဝိုင်းထံ၌ ရှင်သာမဏေဝတ်ခဲ့လေသည်။ ဥပဇ္ဈာယ်ဆရာတော်ဦးဝိုင်းက 'အရှင်ဝိစာရ'ဟု ဘွဲ့အမည် ပေးအပ်တော်မူလေ သည်။

## မြင်းခြံမြို့ မင်းကျောင်းတိုက်ရောက်ခြင်း၊ ရဟန်းဖြစ်ခြင်း

သာမဏေဝတ်ပြီးနောက် မကြာမီ မြင်းခြံမြို့ မင်းကျောင်းတိုက်ဆရာတော် အရှင်သုဇာတထံသို့ရောက်ရှိ၍ လိင်၊ ဒဏ်၊ သေဒိယ၊ စုဒ္ဒသခန္ဓကဝတ်၊ သဒ္ဒါ၊ သင်္ဂြိုဟ် အစရှိသော ပိဋကတ်အခြေပြုကျမ်းစာများကို မဟုဿာဟ ဖွဲ့လုံ့လဖြင့် သင်ယူတော်မူခဲ့ရလေသည်။

ပဉ္စသဋ္ဌနှစ်စ၍ ရေတွက်သော် ၂၀–နှစ်နှင့် ၂–လရှိသောအခါတွင် မြင်းခြံမြို့၊ သပြေပင်ရပ် ဦးဖားကြီး+ဒေါ်ညက်တို့၏ပစ္စယာနုဂ္ဂဟဖြင့် မင်းကျောင်းတိုက် ခဏ္ဍသိမ်တွင် မင်းကျောင်းဆရာတော်ဘုရားကြီး အရှင်သုဇာတကို ဥပဇ္ဈာယ်ပြု၍ ကမ္မဝါဆရာ ၉–ပါး၊ ကာရကသံဃာ ၂၅–ပါးတို့၏ချီးမြှောက်တော်မူကြသဖြင့် ရဟန်းဘဝ ဒုလ္လဘသို့ရောက်တော်မူခဲ့လေသည်။ ရဟန်းဖြစ်သောအခါ ရှင်ဝိစာရသည် အရှင်ဝိစာရ ဖြစ်လာ၏။ အရှင်ဝိစာရသည် ဥပဇ္ဈာယ်ဆရာတော်ထံ ဝိနည်းငယ်လေးစောင်၊ ကင်္ခါဝိကရဏီအဋ္ဌကထာ၊ ဋီကာကျော်၊ မာတိကာ၊ ဓာတုကထာ အရကောက် စသောကျမ်းစာများကို ဆက်လက် သင်ယူတော်မူခဲ့လေသည်။

## မဟာဗောဓိကာရာမစံကျောင်းတိုက်သို့ ရောက်ရှိပညာသင်ကြားခြင်း

ရဟန်းသိက္ခာ ၂–ဝါအရတွင် ဥပဇ္ဈာယ်ဆရာတော်အရှင်သုဇာတသည် တပည့်အရှင်ဝိစာရကို မန္တလေးမြို့မြောက်ပြင် မဟာဗောဓိကာရာမ စံကျောင်းတိုက်၌ စာပေပို့ချ ဘုရားမြတ်စွာသာသနာရောင် တောက်ပြောင်သည်ထက် တောက်ပြောင်အောင် စွမ်းဆောင်ကြိုးပမ်း ထမ်းရွက်နေတော်မူသော ''သုဒဿန ဝရဓမ္မသာမိမဟာဓမ္မရာဇာဓိရာဇဂုရု''ဘွဲ့တံဆိပ်တော်နှင့် ''သုဒဿနဝဇအတုလာဓိပတိ သိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု''ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး အရှင်သုဒဿနထံသို့အပ်နှံ၍ ပညာသင်ကြားစေတော်မူလေသည်။

အရှင်ဝိစာရသည် စံကျောင်းဆရာတော်ဘုရားအရှင်သုဒဿနထံ၌ ဝိနည်းပါဠိ၊ အဋ္ဌကထာ၊ အဘိဓမ္မာပါဠိ၊ အဋ္ဌကထာ၊ ဋီကာများနှင့်တကွ အဘိဓမ္မာညဝါဒများကို ကြာမြင့်စွာ သီတင်းသုံးသင်ယူ တတ်မြောက်တော်မူခဲ့လေသည်။

## အဘိဓမ္မာ ၇–ကျမ်းရွတ်ဖတ်ပူဇော်

ရဟန်းသိက္ခာ ၇–ဝါအရတွင် ဘုရားမြတ်စွာ ခုနစ်ဝါအရ နတ်ပြည်ကြွ အဘိဓမ္မာဟောတော်မူသည့် ထုံးကိုနှလုံးမူကာ အဘိဓမ္မာခုနစ်ကျမ်းကို အကျဉ်းအားဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ပူဇော်ခြင်းကို ပြုတော်မူခဲ့လေသည်။

## ဥဘတောဝိဘင်္ဂရေ ပဋ္ဌမစာချ

ရဟန်းသိက္ခာ ၁၀–ဝါအရတွင် ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီး လက်ထက် မြေနန်းတော်တွင် ဆင်ယင်ကျင်းပသော စာပြန်ပွဲ၌ ၆၂၀–မြောက် စာတော်ပြန်အဖြစ်ဖြင့် ဝိနယပိဋကဉဘတောဝိဘင်းပါဠိတော်များကိုပြန်ဆိုရာ အောင်မြင်သဖြင့် ဝိနယဝိဘင်္ဂရေဟူသော ဆင်စွယ်တံဆိပ်ကပ်လှူခြင်းကို ခံယူတော်မူရလေသည်။ ၁၂–ဝါအရတွင် ပဋ္ဌမစာချအဖြစ်ဖြင့် အသိအမှတ်ပြုခန့်အပ်ခြင်းကို ခံတော်မူရ၍ –

ကဝိတစ်ဆူ၊ ဖြစ်လိုမူ၊ နည်းယူ ဤငါးဖြာ၊
ငါးဖြာမချို့၊ ရှိသူတို့၊ စာပို့ ပဋ္ဌမာ၊
ကေရာဇ်မင်း၊ ထောက်လှူသွင်း၊ ငါးတင်းဆန်တော်မှာ[၁] ။

ဟူသည်အတိုင်း အင်္ဂါငါးဖြာ ကောင်းစွာစုံပြီး ပဋ္ဌမစာချကြီးဖြစ်သဖြင့် လစဉ်မင်းကေရာဇ် ဆွမ်းဆန်တော် ၅–တင်း အထောက်အပံ့ကိုခံယူကာ စာပေပို့ချတော်မူခဲ့လေသည်။

## မဟာဇောတိကာရာမစံကျောင်းတိုက်၌ စာသင်ဖက်စာချများ

မဟာဇောတိကာရာမစံကျောင်းတိုက်၌ သီတင်းသုံးစဉ်က ''ပဏ္ဍိတဓဇသိရိပဝရမဟာဓမ္မရာဇဂုရု'' မိုင်းခိုင်ဆရာတော်၊ ''အဂ္ဂမဟာပဏ္ဍိတ'' လယ်တီဆရာတော်၊ ''ဝိသုဒ္ဓသီလာစာရသိရိပဝရဓမ္မသေနာပတိရာဇာဓိရာဇဂုရု, မဟာသံဃရာဇာ'' တောင်ခွင်သာသနာပိုင် ဆရာတော်ကြီးတို့သည် စာသင်ဖက်တို့ဖြစ်ကုန်၏။ မင်း ကျောင်း ဆရာတော်ကြီးကား တောင်ခွင်သာသနာပိုင်ဆရာတော်ကြီးထက် ၂–ဝါ ကြီးလေသည်။

---

၁။ ဓမ္မဝိစကူးလ် ပဒေသစာတမ်း။

## စံကျောင်းဆရာတော်ကြီးက များစွာချီးမြှောက်

စံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿနသည် မင်းကျောင်းဆရာတော်လောင်းလျာအရှင်ဝိစာရအား များစွာချီးမြှောက်တော်မူ၏။ ရဟန်းခံ၊ သိမ်သမုတ် စသည့်ကိစ္စများဖြင့် အရပ်တစ်ပါးကြွရာတို့၌ အရှင်ဝိစာရကို ခေါ်၍သွားလေ့ရှိ၏။ ကမ္မဝါစာဖတ်ပုံဖတ်နည်းတို့ကို သင်ပြပေးကာ ဖတ်စေ၏။ ဝိနယဝိနိစ္ဆယကိစ္စများပေါ်လာလျှင်လည်း ရုံးဖန်ရုံခါအရှင်ဝိစာရအား ဆုံးဖြတ်စာရေးစေ၏။ ဆုံးဖြတ်စာရေးသောအခါ ဂရုဟာသံမပါစေနှင့်ဟုလည်း မိန့်တော်မူလေ့ရှိ၏။ ဤသို့စသည်ဖြင့် စံကျောင်းဆရာတော်ဘုရားကြီးသည် အရှင်ဝိစာရအား များစွာချီးမြှောက်တော်မူလေသည်။

## မြင်းခြံမြို့ မင်းကျောင်းတိုက်သစ်တည်

မြင်းခြံမြို့ မင်းကျောင်းတိုက်ပိုင်ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီးအရှင်ဉာဏသည် ရဟန်းရှင်လူများစွာတို့၏ လျှောက်ထားချက်အရ တိုက်တာအသစ်တည်ထောင်ရန် ကြံစည်နိုက်တွင် သက်ဆိုင်ရာ ဒကာ,ဒကာမတို့က အနောက်ဆောင်ဝဲယာဆောင် ၃–ထပ်၊ စမြင်ခံ၊ ဓနုပြဿာဒ်နှင့်တကွ မင်းကျောင်းတိုက်သစ်တည်ရန် တိုက်ကျောင်းဒါယကာခံလိုကြောင်း လျှောက်ထားသဖြင့် ဆရာတော်ကြီးအရှင်ဉာဏသည် ဆယ်ကေမျှရှိသောကျောင်းရာမြေကို စနစ်တကျပြုပြင်ညီညွတ်စေလျှက် ပရိဝုဏ်မီးတားအရာထားပြီးလျှင် မန္တလေးမြို့ မဟာဇောတိကာရာမတိုက်၌ စာပေချပို့နေသော အရှင်ဝိစာရထံ မြင်းခြံ၌တိုက်သစ်တည်မည် တိုက်သစ်တည်ရန် အစီရင်ကို ငါ့ရှင်ဝိစာရကြိုက်သလို စီစဉ်စာပြန်ပါလေဟု စာပေးသိစေရာ ဆရာတော်လောင်းလျာ အရှင်ဝိစာရက "အလယ်ကျောင်းဆောင်ကို ဆောက်ရိုးဆောက်စဉ်အတိုင်း ဆောက်လုပ်ရန်၊ အခြံအရံကျောင်းများမှာ အလယ်ကျောင်းကြီးနှင့် ၇–တာကွာမျှ တည်ထားပါရန်၊ ကျောင်းအနီး၌ ဖလပရိဘောဂအလို့ငှာ ဥယျာဉ် မစိုက်ရပါ၊ ကျောင်းတိုက်အတွင်း အရိုးအိုး မရှိရပါ၊ တံခါးအထွက်အနီးမှာ ညောင်ပင် မစိုက်ရပါဘုရား" ဟု ပြန်ကာလျှောက်ထား ပေးပို့လိုက်လေသည်။

## မင်းကျောင်းစာသင်တိုက်သစ်ဖွင့်ခြင်း

သက္ကရာဇ် ၁၂၃၂–ခုနှစ်တွင် မြင်းခြံမြို့ မင်းကျောင်းတိုက်စာသင်တိုက်သစ်ကြီးကိုဖွင့်လှစ်ခဲ့လေသည်။ ဆရာတော်လောင်းလျာ အရှင်ဝိစာရအစီအစဉ်အတိုင်း ကျောင်းတိုက်ကိုတည်ကြ၊ ကျောင်းအရံ စသည်များဆောက်လုပ်ကြကုန်၏။ မင်းကျောင်းတိုက်ဟောင်းမှ တိုက်သစ်အရောက် ရာဇမတ်ကာခြင်း၊ သဲဖြူခင်းခြင်း၊ သပြေပန်းညောင်ရေအိုးတည်ထားခြင်း၊ တံခွန်ကုက္ကား မုလေးပွားကြက်လျှာများဖြင့် စိုက်ထူကာ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ သူ့ထက်ငါကြဲမြှောက်ပူဇော်သက္ကာရပြုကြပြီးလျှင် မင်းကျောင်းဆရာတော်ဘုရားကြီးနှင့်တကွ အသီးသီးကျောင်းရံကျောင်းထိုင်နောက်ပါသံဃာတော် ၁၅၀–ခန့်တို့ကို ပင့်ဖိတ်ကြ၍ ကျောင်းလှူကျောင်းလွှတ်ပူဇော်ပွဲကြီးကို ခမ်းနားစွာကျင်းပကြကုန်၏။

## အရှင်ဝိစာရ မြင်းခြံကြွ

မြင်းခြံမြို့မှ ကျောင်းဒကာ၊ ဒကာမတို့သည်လည်း မန္တလေးမြို့မြောက်ပြင်မဟာဇောတိကာရာမစံကျောင်းတိုက်သို့ သွားရောက်ကြကုန်၍ စံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿနအား လျှောက်ထားပင့်ဆောင်ခဲ့ကြကုန်၏။ စံကျောင်းဆရာတော်ဘုရားကြီးက မြင်းခြံကြွခါနီးဆဲဆဲ အရှင်ဝိစာရအား အောက်ဖော်ပြပါဩဝါဒကို စက္ကူပရပိုက်၌ ရေးမှတ်စေ၍ ပေးတော်မူလိုက်၏။

## စံကျောင်းဆရာတော်ဘုရားကြီး၏ ဩဝါဒ

(၁) မြတ်စွာဘုရားသာသနာတော်သည် စာသင် စာတက်ခြင်း၊ စာချပို့ခြင်း၊ ဘုရားတရားတော်နှင့်အညီ ကျမ်းဂန်ရေးသားခြင်း၌ မှီသည်ဖြစ်၍ စာတက်ခြင်း, စာသင်ခြင်း ယနေ့မရှိလျှင် သာသနာတော်တိုးပွားခြင်း မရှိဟုမှတ်။

(၂) ဂဏဝါစကစာချပုဂ္ဂိုလ်သည် ဤယနေ့စာမပို့ချလျှင် ယနေ့သာသနာဝန်ထမ်းရဟန်းတရား မတိုးပွား ဆုတ်ယုတ်သည်ဟုမှတ်။

(၃) ဘုရားဟောကျမ်းဂန်နှင့်အညီ မိမိအရည်အချင်းအလိုက် ကျမ်းဂန်မရေးသားသောပုဂ္ဂိုလ်သည် ငါကား ဘုရားသာသနာတော်ကို မကွယ်ပျောက်အောင် ဆောင်ရွက်သောပုဂ္ဂိုလ် မဟုတ်ဟုမှတ်။

ဤသည်လျှင် သာသနာတော်ကိစ္စ ၃-ချက်နှင့်အညီ ရဟန်းပြု ဥပသမ္ပဒကံ၊ သိမာသမ္မုတိကံဆောင်ရန်ကိစ္စမှအပ အတိရေကလာဘ်ကို မငဲ့မကွက်ပဲ တတ်ကျွမ်းသမျှ ပိဋကတ်တော်ကို စုတိစိတ်ကျခါနီး စိတ္တက္ခဏအထိ မနိမကပ် မပြတ်မလပ်ချပို့မည်ဟု ပဋိညာဉ်ဝန်ခံချက်ပေးပြီးမှရေးသားပြီးသော စက္ကူပရပိုက်ကို ဆရာတော်ဘုရားကြီး၏ လက်တော်သို့ ဆက်ကပ်ရလေသည်[၁] ။

တဖန် စံကျောင်းဆရာတော်ဘုရားကြီးက တဖန်မိမိရေးသားစုမှတ်ထားပြီးသော ပရပိုက်၂၆-ဆူကို ချီးမြှောက်တော်မူပြီးလျှင် ဤပရပိုက်၌ ရေးမှတ်၍ မှတ်စုမှတ်ရန်အဆုံးအဖြတ်ဝိနိစ္ဆယစာများကို သေချာစေ့စင်သတိနှင့်ကြည့်ရှုပြီးလျှင် ပိဋကတ်တော် ၃-ဖြာကို ဆရာပြုလုပ်၍ ချပို့လေ့လာလေ့။ နင်လိုပုဂ္ဂိုလ်များ တောမထွက်ရ သာသနာတော်ဝန်ကို ထမ်းဆောင်ရမည်။ နောင်အခါ သာသနာတော်မှာ ပါမောက္ခတဆူလူရှင်ရဟန်းတို့၏ ကိုးကွယ်ရာဖြစ်လတ္တံ့ဟု ဩဘာစကားမြွက်ကြား၍ ခွင့်ပြုတော်မူလေသည်။

## မင်းကျောင်းတိုက်၌ စာပေပို့ချ

ပဌမစာတော်ချအရှင်ဝိစာရသည် မြင်းခြံမြို့ မင်းကျောင်းတိုက်သို့ ကြွရောက်၍ မင်းကျောင်းတိုက်အတွင်း ဦးရွှေညို+ဒေါ်သော့တို့၏ ကျွန်းကျောင်းကြီး၌ သီတင်းသုံးတော်မူကာ စာသင်သားရဟန်းသာမဏေ ၃၀၀-ခန့်တို့အား ပိဋကတ်ကျမ်းစာများကို နွေညမစဲချပို့တော်မူလေသည်။ ၁၂၅၄-ခုနှစ်တွင် ဆရာတော်ကြီးအရှင်ဉာဏက မင်းကျောင်းတိုက်ဟောင်းတိုက်သစ် ၂-တိုက်လုံးကို အာရာမ်မြေစသော ဂရုဘဏ်၊ လဟုဘဏ်၊ စာပေပိဋကတ်တော်များကိုပါ အရှင်ဝိစာရအား လွှဲအပ်တော်မူခဲ့လေသည်။

## ဂိုဏ်းအုပ်ဖြစ်ခြင်း

- ဆရာတော်အရှင်ဝိစာရသည် ဆရာတော်ကြီးအရှင်ဉာဏ ပျံလွန်တော်မူပြီးနောက် အလယ်ကျောင်းတော်ကြီးပေါ် ရွှေ့ပြောင်း သီတင်းသုံးတော်မူခဲ့လေသည်။

---

၁။ မြင်းခြံမြို့ မင်းကျောင်းဆရာတော်ကြီး ထေရုပ္ပတ္တိ၊ ၂၈၊ ၂၉။

မင်းကျောင်းတိုက်ကြီး၏ ပဓာနမဟာနာယကဖြစ်တော်မူလေသည်။ ယင်းသို့ မဟာနာယကဖြစ်၍ မကြာမြင့်မီ "မာလာလင်္ကာရဓမ္မသေနာပတိ အတုလာဓိပတိသီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ တောင်တော်သာသနာပိုင်ဆရာတော်ကြီး၏ မြင်းခြံမြို့မဂိုဏ်းအတွင်း သံဃာတို့အပေါ် ဝိနည်းဓမ္မကံနှင့်အညီစီရင်ဆုံးဖြတ်ရန် ဂိုဏ်းအုပ်အမိန့်တံဆိပ်တော် ပေးအပ်ခန့်ခြင်းကို ခံယူတော်မူရလေသည်။ သက်တော် ၇၀-သိက္ခာ ၅၁-ဝါတွင် ပုသိမ်မြို့ ဦးဆိတ်+ဒေါ်တုတ်တို့ဆောက်လုပ်လှူဒါန်းအပ်သော အုတ်ကျောင်းတော်ကြီးပေါ်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူလေသည်။

## ကျမ်းဂန်များ ပြုစုတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် ကျမ်းဂန်များကိုပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ -

၁။ ပဒဝေါဟာရကျမ်း

၂။ သဒ္ဒတ္ထဂဏ္ဌိကျမ်း

၃။ အဘိဓမ္မတ္ထသင်္ဂဟဂဏ္ဌိကျမ်း

၄။ သီမာနိမိတ္တကိတ္တနကျမ်း

၅။ ဝိနိစ္ဆယအမျိုးမျိုး- စသည်တို့ဖြစ်ကုန်၏။

ယင်းကျမ်းများအနက် ပဒဝေါဟာရကျမ်းကြီးကို မင်းကျောင်းတိုက်အလယ်ကျောင်းကြီးပေါ်၌ စာပေပို့ချစဉ် ရေးသားတော်မူခဲ့လေသည်။ ၎င်းကျမ်းကြီးသည် ပေအဂ္ဂါ ၂၀-ရှိသည်ဟုဆို၏။ သဒ္ဒတ္ထဂဏ္ဌိကျမ်းကြီးကား သိက္ခာတော် ၅၅-ဝါအရတွင် ရေးသားတော်မူခဲ့သောကျမ်းကြီးဖြစ်လေသည်။ ပေနှင့် ၁၇-အဂ္ဂါရှိကျမ်းကြီးဖြစ်၏။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

၁၂၇၈-ခုနှစ်တွင် ဗြိတ်ဘုရင်ကိုယ်စား အိန္ဒိယဘုရင်ခံချုပ် ဆက်ကပ်အပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို သာသနာပိုင်မှတဆင့် မန္တလေးတောင်ခြေ သုဓမ္မစရပ်တော်၌ အခမ်းအနားဖြင့် အလှူခံရရှိတော်မူခဲ့လေသည်။ ယင်းသည့်

၁၂၇၈–ခုနှစ်က မန္တလည်မြို့ပြာသာဒ်ကျောင်းဆရာတော်အရှင်ဇဝန၊ မန္တလေးမြို့အနောက်ပြင် တောင်သမန်တိုက်ဆရာတော် အရှင်ဝါယမတို့လည်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူကြကုန်၏။

## ဝိနည်းစာပြန်ပွဲကျင်းပခြင်း၊ ၁၂–မြို့ဂိုဏ်းချုပ်ဖြစ်ခြင်း

၁၂၈၄–ခုနှစ်မှစ၍ လေးနှစ်တိုင်တိုင် မြင်းခြံမြို့ ကိုးဆောင်တိုက်ဘုရားကြီး တန်ဆောင်းအတွင်း၌ ဝိနည်းစာပြန်ပွဲကြီး ဦးစီးကျင်းပတော်မူခဲ့လေသည်။ ၁၂၈၉–ခုနှစ်တွင် တောင်ခွင်သာသနာပိုင်ဆရာတော်ဘုရားကြီး၏ မြင်းခြံမြို့မှစ၍ ရောဝတီမြစ်စဉ်တလျှောက် သာသနာပြု ၁၂–မြို့ဂိုဏ်းချုပ်အဖြစ် ခန့်အပ်ခြင်းကိုလည်း ခံတော်မူရလေသည်။

## ပစ္ဆိမဌာနမကွေးခရိုင် ဒုတိယသုဓမ္မာချုပ်

တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ပျံလွန်တော်မူခါနီးတွင် ၄–ခရိုင်ခွဲ၍ သာသနာတော်ကို စီမံအုပ်ချုပ်စိမ့်သောငှာ အနီးအတွင်းပဌမသုဓမ္မာ ဆရာတော် ၈–ပါးကို ဗဟိုထား၍ –

၁။ ပုရတ္ထိမဌာနခရိုင်

၂။ ဒက္ခိဏဌာနခရိုင်

၃။ ပစ္ဆိမဌာနခရိုင်

၄။ ဥတ္တရဌာနခရိုင် ဟူ၍ဖွဲ့စည်းလျက် တခရိုင်လျှင် အဝေးအပြင် သုဓမ္မာ ရှစ်ပါးကျဖွဲ့စည်းတော်မူသည်။ မင်းကျောင်းဆရာတော်ဘုရားကြီးသည် ပစ္ဆိမဌာန မကွေးခရိုင် ဒုတိယသုဓမ္မာချုပ်ဖြစ်တော်မူခဲ့လေသည်။

## ဘဝနတ်ထံပျံလွန်တော်မူပြီ

သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ဖြင့် ထင်ရှားတော်မူသော မဟာဇောတိကာရာမစံကျောင်းတိုက်ထွက် ၁၂–မြို့ဂိုဏ်းချုပ် ဒုတိယသုဓမ္မာချုပ် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မြင်းခြံမြို့ မင်းကျောင်းဆရာတော်ဘုရားကြီး အရှင်ဝိစာရသည် သက်တော် ၉၇–နှစ်၊ ဝါတော် ၇၈–ဝါရောက်ရှိရာ ၁၃၀၁ –ခုနှစ် ဒုတိယဝါဆိုလ

ပြည့်ကျော် ၅–ရက်၊ တနင်္လာနေ့ ၁–နာရီအချိန်တွင် ဘဝနတ်ထံပျံဝင်စံတော်မူခဲ့လေသည်။

## လုလင်ပျို ၂–ဦး၏ တေးတပေါင်

ဆရာတော်ဘုရားကြီးပျံလွန်တော်မမူမီ ၁–နာရီအလို(ဒုတိယဝါဆိုလပြည့်ကျော် ၅–ရက်၊ ၁၂–နာရီအချိန်)တွင် လုလင်ပျို ၂–ယောက်တို့သည် ကျောင်းတိုက်အတွင်း ဖြတ်သန်းကြ၍–

"မိုးကလည်းစွေ၊ သပြေကသီး၊ ရေကကြီး၊ ထန်းသီးမှည့်တွေ ကြွေခါပေတည်း"ဟု အဆုံးကို အစထားကာ တေးတပေါင်သီဆိုသွားကြကုန်၏။ ၎င်းတေးတပေါင်ကား ဆရာတော်ဘုရားကြီး ပျံလွန်တော်မူမည့်နိမိတ်သာ ဖြစ်ချေ၏။

## သံဝေဂယူရန်

အနုပ္ပန္နာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ နိရုဇ္ဈရေ။
အဘိနဝါဝ သင်္ခါရာ၊ နဒီသောတသမူပမာ။

ရှေးကတရံတဆစ် မဖြစ်ပေါ်ဘူးကုန်သေးသော ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့သည် အကြောင်းတိုက်ဆိုင်က ဥပါဒ်အကျတွင် ခဏချက်ချင်းလက်ငင်းဆက်ဆတ် လျှပ်စစ်ဓာတ်ကဲ့သို့ ဖြတ်ခနဲ အသစ်ဖြစ်လာကုန်၏။ အသစ်ဖြစ်ပေါ်၍လာကုန်သော ရုပ်နာမ်ဓမ္မတို့သည်လည်း ကံ,စိတ်,ဥ,ဟာ ကြောင်းလေးဖြာစုံ အဟုန်ကင်းပြတ်ချက်ချင်း ချုပ်ပျောက်တတ်ကုန်၏။ မြင်မြင်သမျှ သင်္ခါရစုပုံ အလုံးစုံတို့သည် ရေယဉ်မီးမီး မပြတ်စီးနေသော မြစ်ကြီးနှင့်တူကုန်သည်ဖြစ်၍ အဟောင်းနှင့်မရောယှက်ပဲ အသစ်စက်စက်တို့သာတည်း။ ပဇ္ဇုန်ရိုက်ချုန်း ခြိမ့်အုန်းထက်ခွင် မိုးကောင်းကင်၌ တိမ်လွှာတိမ်ထပ် နှစ်ခုစပ်မိရာတွင် လျှပ်စစ်ဓာတ် ပေါ်လာသကဲ့သို့ အကြောင်းတိုက်ဆိုက်ကာ ခဏချင်းဖြစ်ပေါ်လည်း ဖြစ်ပေါ်လာတတ်ကုန်၏။ ဖြစ်ပေါ်ပြီးနောက် ဖြတ်ခနဲ ချုပ်ပျောက်ကြကုန်တော့သည်သာတည်း။

■■■

## ဆယ့်နှစ်မြို့ ဂိုဏ်းချုပ်ဆရာတော်အရှင်ဒေဝိန္ဒ

ဆရာတော်သည် မြင်းခြံမြို့ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မင်းကျောင်းဆရာတော်ဘုရားကြီး အရှင်ဝိစာရ ၏ညီအရင်းဖြစ်တော်မူသည်။ မဟာဇောတိကာရာမစံကျောင်းတိုက်၌ ပညာသင်ကြားတော်မူခဲ့သည့် ပုဂ္ဂိုလ်မြတ်ဖြစ်လေသည်။

## ဖွားမြင်,ရှင်ရဟန်းပြုခြင်း စသည်

မြင်းခြံခရိုင် တောင်သာမြို့နယ် ရွာသစ်ကြီးရွာ၌ အဖဦးလမ်း+အမိဒေါ်မင်းသာတို့မှ သက္ကရာဇ် ၁၂၁၅–ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်နာမည် မောင်ဖိုးတေဖြစ်လေသည်။ အရွယ်ရောက်သော် သာမဏေပြု၍ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ သက်တော် ၂၀–ပြည့်မြောက်ရာတွင် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

## မဟာဇောတိကာရာမစံကျောင်းတိုက်သို့

နောင်တော်ရင်း ပဌမစာချဆရာတော်အရှင်ဝိစာရနှင့်အတူ မန္တလေးမြို့ မြောက်ပြင် မဟာဇောတိကာရာစံကျောင်းတိုက်၌ ရောက်ရှိကြာမြင့်စွာ သီတင်းသုံး၍ ဆရာတော်ကြီးအရှင်သုဒဿနနှင့် စာချဆရာတော်များထံ ပညာသင်ကြားတတ်မြောက်တော်မူခဲ့လေသည်။ ၁၂၉၁–ခုနှစ်တွင် သာသနာပိုင်၏မြင်းခြံမြို့မှစ၍ ရောဝတီမြစ်စဉ်တလျှောက် ၁၂–မြို့ဂိုဏ်းချုပ်ခန့်အပ်ခြင်းကိုလည်း ခံတော်မူရသည်။ သက်တော် ၉၀–ပတ်ဝန်းကျင်တွင် ပျံလွန်တော်မူလေသည်။

## သံဝေဂယူရန်

**ကိလေသသင်္ကန် အဇိတွာ၊**

**အဇေယျော မစ္စုသတ္တုကော**[၁] ။

ကိလေသာစက် သုံးထောင်ဝက်ရန်သူကို မအောင်သေးသရွေ့ ကာလပတ်လုံး သေမင်းရန်သူကို မအောင်နိုင်ပါချေ။

---

၁။ မဟာဝံသ။ ၃၂။ ၁၈။

## ဂိုဏ်းထောက်ဆရာတော် အရှင်စက္ကိန္ဒ

ဆရာတော်အရှင်စက္ကိန္ဒသည်လည်း မဟာဇောတိကာရာမစံကျောင်းတိုက်ကြီး၌ကြာမြင့်စွာ သီတင်းသုံး၍ ဂန္ထဓုရအဝဝကို သင်ယူတော်မူခဲ့သည့် သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။ မြင်းခြံမြို့ အဂ္ဂမဟာပဏ္ဍိတ မင်းကျောင်းဆရာတော်ဘုရားကြီးနှင့် ၁၂-မြို့ဂိုဏ်းချုပ်ဆရာတော် အရှင်ဒေဝိန္ဒ၏တို့၏ ညီအရင်းဖြစ်၏။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

ဖမိတို့မှာ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ရွာသစ်ကြီးရွာ ဦးလမ်း၊ ဒေါ်မင်းသာတို့ဖြစ်ကုန်၏။ ငယ်မည် မောင်လူဘေဖြစ်လေသည်။

အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ အရှင်စက္ကိန္ဒသည်လည်း နောင်တော်များဖြစ်ကြသော အရှင်ဝိစာရ၊ အရှင်ဒေဝိန္ဒတို့နှင့်အတူ မန္တလေးမြောက်ပြင် မဟာဇောတိကာရာမ စံကျောင်းတိုက်သို့ကြွရောက်သီတင်းသုံး၍ ဆရာတော်ကြီးအရှင်သုဒဿနနှင့် စာချဆရာတော်တို့ထံ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်း၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ အဘိဓမ္မာပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို သင်ယူတတ်မြောက်တော်မူခဲ့လေသည်။

## ပဋ္ဌမစာပြန်တော်နှင့်ဂိုဏ်းထောက်

မင်းတုန်းမင်းတရားလက်ထက်တွင် ပဋ္ဌမစာတော်ပြန် အောင်လက်မှတ်ကို ရရှိတော်မူခဲ့လေသည်။ အင်္ဂလိပ်အစိုးရလက်ထက် တောင်ခွင်သာသနာပိုင်၏ မြင်းခြံမြို့နယ် ဂိုဏ်းထောက်အပ်နှင်းခြင်းကို ခံယူတော်မူရလေသည်။ သက္ကရာဇ် ၁၃၀၀-ပြည့်နှစ်မတိုင်မီ နောင်တော်ကြီးအလျင် ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

၁။ နုနယ်ရုပ်ဆင်း ပျိုမြစ်ခြင်းကား အိုမင်းနောက်ဆုံးရှိချေ၏။
၂။ ဥစ္စာဆင်မြင်း ပေါများခြင်းကား ယိုယွင်းနောက်ဆုံးရှိချေ၏။
၃။ ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံးရှိချေ၏။

၄။ ဝိညာဉ်တင်းလင်း သက်ရှင်ခြင်းကား သေခြင်းနောက်ဆုံးရှိချေ၏။
၅။ တက်ကြွားကြွကြွ မြင့်လွန်းကလည်း လျောကျနောက်ဆုံးရှိချေ၏။
၆။ ခံ့မင်ယုယ ချစ်လွန်းလှလည်း သောကနောက်ဆုံးရှိချေ၏။
၇။ ပွဲလယ်ပြင်ပ ချီးမွမ်းကြလည်း ရှုတ်ချနောက်ဆုံးရှိချေ၏။
၈။ ကြည်သာရွှင်ပြ ချမ်းသာကြလည်း ဒုက္ခနောက်ဆုံးရှိချေ၏။

# ဆဋ္ဌပိုင်းပြီး၏။

■ ■ ■

# မန္တလေးသာသနာဝင်
# ကေဝိသတိမတွဲ
## သတ္တမပိုင်း

= မဟာဇောတိကာရာမ စံကျောင်းတိုက်ထွက် ဆင်ဖြူမရှင် မိဖုရား၏ဆရာ တောင်တွင်းကြီး ဝွေးတောက်ကုန်းဆရာတော် အရှင်ဝဏ္ဏဓဇ၏ အဖြစ်တော်စဉ်။

= ဆရာတော် အရှင်လက္ခဏ၏ အဖြစ်တော်စဉ်။

= ဆရာတော် အရှင်သီရိဝမ္ဗ၏ ဖြစ်တော်စဉ်။

= ဆရာတော် အရှင်သုမန၏ အဖြစ်တော်စဉ်။

= ဆရာတော် အရှင်ခေမိန္ဒ၏ အဖြစ်တော်စဉ်။

= ဆရာတော် အရှင်ပညာ၏ အဖြစ်တော်စဉ်။

= ဆရာတော် အရှင်သုမန၏ အဖြစ်တော်စဉ်။

= ဆရာတော် အရှင်အာစာရ၏ အဖြစ်တော်စဉ်။

■ ■ ■

# သတ္တမပိုင်း

## ဆရာတော် အရှင်ဝဏ္ဏာဓဇ

တောင်တွင်းကြီးမြို့ အရှေ့တောင် ငွေးတောက်ကုန်းရွာ၌ သီတင်းသုံးတော်မူ သော ဆင်ဖြူမရှင်မိဖုရားကြီး၏ ဆရာတော်အရှင်ဝဏ္ဏာဓဇသည်လည်း မန္တလေးမြို့မြောက်ပြင် မဟာဇောတိကာရာမ(စံကျောင်း)တိုက်၌ ပညာသင်ကြားတော်မူခဲ့သည့် မထေရ်မြတ်ဖြစ်တော်မူသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

တောင်တွင်းကြီးမြို့အနောက်ပြင် ၁၀–မိုင်ခန့်အကွာလှမ်းသည့် မြို့သစ်မြို့ အပိုင် ဝန်ချည်သီးကုန်းရွာ၌ အဖဦးအောင်ဖြိုး၊ အမိ ဒေါ်နှင်းညိုတို့မှ သက္ကရာဇ် ၁၁၈၆–ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည်မောင်ရွှေတောင် ဖြစ်လေ သည်။ တောင်တွင်းကြီးမြို့ ရေတိမ်ကျောင်းဆရာတော်ထံတွင် ရောက်ရှိ၍ အောက် ခြေစာများကို သင်ယူတော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။

## မဟာဇောတိကာရာမတိုက်၌ ပညာသင်ကြားခြင်း

မန္တလေးမြို့မြောက်ပြင် မဟာဇောတိကာရာမ(စံကျောင်း)တိုက်ကြီးသို့ ရောက်ရှိ၍ ပိဋကတ်အခြေခံကျမ်းဂန်နှင့်တကွ ပိဋကတ်ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းများကို သင်ယူတော်မူခဲ့လေသည်။ ဆရာတော်သည် ဉာဏ်ထက်မြက်သူဖြစ် သည်။ မဟာဇောတိကာရာမတိုက်၌ သီတင်းသုံးစဉ် ရဟန်းငယ်ဘဝဖြင့်[၁] မင်းတုန်း မင်းတရားကြီး၏ ပဥ္စမသံဂါယနာ မဟာဓမ္မသဘင်ကြီးတွင် ပါဝင်ဆောင်ရွက်တော် မူခဲ့လေသည်။

---

၁။ ရဟန်းသိက္ခာ ၃–ဝါမရမီဟုလည်း အဆိုရှိသည်။

## ဆင်ဖြူမရှင်မိဖုရားကြီးက ကျောင်းဆောက်ကိုးကွယ်ခြင်း

ပဥ္စမသံဂါယနာတင်မင်းတုန်းမင်းကြီး၏ ဆင်ဖြူမရှင်မိဖုရားကြီးသည် ရဟန်းတော်အရှင်ဝဏ္ဏာဓဇ၏ သတ္တိဗလ၊ ဗျတ္တိဗလကိုများစွာကြည်ညိုသဖြင့် တောင်တွင်းကြီးမြို့အရှေ့တောင် ငွေးတောက်ကုန်းရွာအနီး တောအုပ်ကြီးကို ရှင်းလင်း၍ အမိုးဘုံငါးဆင့်ရှိ ကျောင်းတော်ကြီး ဆောက်လုပ်ကိုးကွယ်လှူဒါန်းခဲ့လေသည်။ ၎င်းပြင် မြသပိတ်၊ ဒေါင်းမြီးယပ်၊ သလွန်တော် စသည်တို့ကိုလည်း လှူဒါန်းခဲ့လေသည်။

## ထင်ရှားသော မေတ္တာစာ

ဆရာတော်အရှင်ဝဏ္ဏာဓဇသည် ကျမ်းစာများကို ပြုစီရင်တော်မူရာ ထင်ရှားသောစာပေမှာ မေတ္တာစာဖြစ်လေသည်။ ဆရာတော်ကား စာပေ ၌ မွေ့လျော်သည့် ဆရာတော်ပါတည်း။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

မဟာဇေတိကာရာမစံကျောင်းတိုက်ကြီး၏ အနွယ်အဆက်ထင်ရှားသော တောင်တွင်းကြီး ငွေးတောက်ကုန်းဆရာတော် အရှင်ဝဏ္ဏာဓဇသည် သက္ကရာဇ် ၁၂၅၄–ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

ဇီဝလောက၊ ခေါ်ဆိုကြသား၊ လောကကြုံလာ၊ သတ္တဝါအား ဖျားနာရောဂါ၊ တစ်ဖြာသက်ရှင်၊ ထို့ပြင်တစ်ပါး၊ ကင်းငြားဇီဝေ၊ သေရာကာလ၊ ပစ်ချခန္ဓာ၊ လားရာဌာန၊ ဘဝဟူသည်၊ ဤငါးလီကား၊ မှတ်သားမရှိ၊ မသိနိုင်ပါ၊ ညြှော်ံ . . . ခန္ဓာငါးဝ အနိစ္စပါတကား၊ ညြှော်ံ . . . ခန္ဓာငါးဝ ဒုက္ခပါတကား၊ ညြှော်ံ . . . ခန္ဓာငါးဝ အနတ္တပါတကား။

■ ■ ■

# ဥဘတောဝိဘင်္ဂခရရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်လက္ခဏ

ဆရာတော်အရှင်လက္ခဏသည် အမရပူရမြို့ မဟာဝိဇိတာရာမတိုက်တော် မန္တလေးမြို့အရှေ့ပြင် မဟာဝိသုတာရာမတိုက်တော်တို့၌ သီတင်းသုံး၍ စာပေချပို့ သာသနာပြုတော်မူခဲ့၍ မဟာဇောတိကာရာမစံကျောင်းတိုက်၌ ကြာမြင့်စွာသီတင်း သုံး၍ ကျမ်းဂန်အရပ်ရပ်ကို သင်ကြားချပို့တော်မူခဲ့သည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူလေ သည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

ဆရာတော်အရှင်လက္ခဏသည် ရတနာသိခ(ရတနာသိင်္ယ) ရွှေဘိုမြို့နယ် ဆိပ်ခွန်ရွာ၌ ၁၁၈၇-ခုနှစ်တွင် ဖွားမြင်ခဲ့၍ အရွယ်ရောက်သော် ရှင်ရဟန်းပြု သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။

## မဟာဝိသုတာရာမ ရောက်ရှိပညာသင်ခြင်း ဥဘတောဝိဘင်းဆောင်ဖြစ်ခြင်း

အမရပူရမြို့ မဟာဝိဇယာရာမတိုက်တော်သို့ ရောက်ရှိ ၍ အရှင်သုဒဿန စသည်တို့ထံ ပိဋကတ်အခြေခံကျမ်းစာများနှင့်တကွ ပိဋကဂန္ထရအဝဝကို မဟာဿာ ဟဗွဲလုံ့လဖြင့် သင်ယူတော်မူခဲ့လေသည်။ ဉာဏ်ကောင်း၊ ဝီရိယကောင်းပုဂ္ဂိုလ်ဖြစ်ရာ ငယ်စဉ်ကပင် စာပေကျမ်းဂန်ကျွမ်းကျင်သူအဖြစ် ထင်ရှားခဲ့လေသည်။ သက်တော် ၂၉-နှစ်၊ ရဟန်းသိက္ခာ ၁၀-ဝါအရတွင် ဥဘတောဝိဘင်းကိုပြန်ဆိုသဖြင့် ဥဘတော ဝိဘင်္ဂခရစာချွန်တော်ကို အလှူခံတော်မူရလေသည်။ တိုက်တော်နှစ်တိုက်၌ သီတင်း သုံးခဲ့ဘူးသဖြင့် တိုက်တော်အရှင်လက္ခဏဟုလည်း ထင်ရှားသည်။

## စံကျောင်းတိုက်ဆရာတော်အရှင်သုဒဿနထံ ပညာသင်ခြင်း

သက္ကရာဇ် ၁၂၂၇-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅-ရက်နေ့တွင် မန္တလေး မြို့တော်မြောက်ပြင် မဟာဇောတိကာရာမတိုက် ရတနာဘုံစံကျောင်းတော်ကြီးကို "သုဒဿနဝရဓမ္မသာမိမဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ ဆရာတော်

အရှင်သုဒဿနအားတင်လျှုရာ ဆရာတော်အရှင်သုဒဿနသည် မဟာဝိသုတာရာ မတိုက်တော်မှ နောက်ပါစာသင်သားသံဃာတော် ၅၀–နှင့်အတူတကွ ကြွရောက်စတင် သီတင်းသုံး၍ စာပေချပို့သာသနာတော်ကို များစွာချီးမြှောက်တော် မူခဲ့လေသည်။ ထိုစဉ်က မဟာဝိသုတာရာမဆရာတော်အရှင်လက္ခဏ ပါဝင်ခဲ့လေသည်[၁]။

## မဟာဝိသုတာရာမတိုက်၌ စာပေချပို့သာသနာပြုခြင်း

စံကျောင်းဆရာတော်ဘုရားကြီးအရှင်သုဒဿနထံ ကျေနပ်လောက်အောင် စာပေကျမ်းဂန်အရပ်ရပ်ကို အာစရိယမုဋ္ဌိ ရရှိအောင်သင်ယူတော်မူပြီး ပင်ရင်းဖြစ်သည့် မဟာဝိသုတာရာမတိုက်သို့ ပြန်လည်ကြွရောက် သီတင်းသုံးတော်မူကာ စာပေချပို့၍ ပရိယတ္တိသာသနာတော်ကို များစွာ ချီးမြှောက်တော်မူခဲ့လေသည်။

## သီပေါမင်းတရားအား ဩဝါဒပေးခြင်း

ပင့်လျှောက်ချက်အရ ဘုရင်ဖြစ်စသီပေါမင်းတရားအား ပရက္ကမဆရာတော်၊ တောင်တော်ဆရာတော်၊ ပခန်းဆရာတော်၊ ဆရာတော်အရှင်စန္ဒာလင်္ကာရ၊ ဆရာ တော်အရှင်လက္ခဏ စသောအားဖြင့် ဆရာတော် ၁၈–ပါးတို့သည် ရွှေနန်းတော်သို့ ကြွရောက်၍ ဩဝါဒစကားမြွက်ကြားတော်မူကြသည်။ ထိုစဉ်က ဆရာတော်အရှင် လက္ခဏပါဝင်ခဲ့လေသည်[၂] ။

## ရာဇဂုရုဘွဲ့တံဆိပ်တော်ရရှိသည်ဟုဆို

ဆရာတော်အရှင်လက္ခဏသည် ရာဇဂုရုဘွဲ့တံဆိပ်တော်ရ စံကျောင်းဆရာ တော်ဘုရားကြီးအရှင်သုဒဿန၏ ကျမ်းဂန်တတ် တပည့်ဖြစ်ကြောင်း များစွာဆိုကြသည်။

---

၁။ မန္တလေးသာသနာဝင်–၁။ ၁၀၆–လည်းကြည့်။

၂။ မန္တလေးသာသနာဝင်–၁။ ၁၃၃–၁၃၄–ကြည့်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်သည် သက်တော်ရှည်ဟန်မတူပါချေ။ သက်တော် ၆၀-ဝန်း ကျင်လောက်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်ဟု မှန်းဆသိရှိရလေသည်။

## သံဝေဂယူရန်

သဗ္ဗေဝ နိက္ခိပိဿန္တိ၊ ဘူတာ လောကေ သမုဿယာ။
ယတ္ထ တောဒိသော သတ္ထာ၊ လောကေ အပ္ပဋိပုဂ္ဂလော။
တထာဂတော ဗလပ္ပတ္တော၊ သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော[၁] ။

ယတ္ထ၊ ယသ္မိံလောကေ၊ အကြင်သတ္တလောကကြီးအတွင်း၌။ တောဒိသော၊ လာဘာ-လာဘ စသည်တန်တန် လောကဓံကြောင့် ဖောက်ပြန်မရှိ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော သဘောရှိသော။ သတ္ထာ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ဆရာ ဖြစ်တော်မူသော။ လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ အပ္ပဋိပုဂ္ဂလော၊ အတူမရှိ ပုဂ္ဂလဝိသေသကြီးဖြစ်တော်မူသော။ တထာဂတော၊ ရှေးနောင်တော်သယမ္ဘူတို့ အတူကြွလာခြင်း ကောင်းတော်မူသော။ ဗလပ္ပတ္တော၊ ကာယဉာဏအားဆယ်ဝသို့ ရောက်တော်မူသော။ သမ္ဗုဒ္ဓေါ၊ သစ္စာလေးဆိုင် ကြာညိုနိုင်ကို ကိုယ်တိုင်ဆွတ်ခူး ဉာဏ်တော်စူးသည့် လူမျိုးသခင် ဘုရားရှင်သည်သော်မှလည်း။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်းတော်မူရတုံသေး၏။ တတ္ထ-တသ္မိံလောကေ၊ ထိုသတ္တလောကကြီးအတွင်း၌။ သဗ္ဗေဝ၊ သူရောငါပါ ဗြဟ္မာနတ်လူရှိသူမိုလ်ပုံ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဘူတာ၊ ဖြစ်လာထင်ရှား သတ္တဝါအများတို့သည်။ သမုဿယံ၊ ငါးဖြာငါးရပ် အထပ်ထပ်ဖြင့် စပ်၍ခုချုပ် ခန္ဓာကိုယ်ရုပ်ကို။ နိက္ခိပိဿန္တိ သူသေမြှုပ်နှံ မြေသုသာန်၌ ကေန်မုချ စွန့်ပစ်ကြရကုန်လိမ့်လတ့်[၂] ။

---

[၁]။ ဒီ၊ ၂။ ၁၂၉။ သံ၊ ၁။ ၁၆၀။

[၂]။ ဆရာတော်အရှင်လက္ခဏ ဖြစ်တော်စဉ် မန္တလေးသာသနာဝင်၊ ၂၄။ မဟာဝိသုတာရာမ တိုက်တော်သာသနာဝင် ကျမ်းလည်းကြည့်။ အမရပူရသာသနာဝင်ကိုလည်းကြည့်။

## ဆရာတော် အရှင်သိရီဓမ္မ

ဇလွန်မဟာနာဂဝံသဆရာတော်ဘုရားကြီး အရှင်သိရီဓမ္မသည်လည်း စံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿနဏ်တပည့်ဖြစ်သည်။ ဒွါရဂိုဏ်း၌ ထင်ရှားသောဆရာတော်တပါးဖြစ်တော်မူသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

အုတ်ဖိုမြို့ အဖဦးမိုးညို၊ အမိဒေါ်နှောင်းတို့မှ သက္ကရာဇ် ၁၁၉၂–ခု၊ ဝါဆိုလပြည့်ကျော် ၅–ရက်၊ သောကြာနေ့ နံနက် ၄–ချက်တီးကျော်အချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည် မောင်သာရွှေ ဖြစ်သည်။

အရွယ်ရောက်သော် မိဖတို့အပ်နှံချက်အရ ဇလွန်မြို့ ဦးစံလင်းခေါ် ဆရာတော်အရှင်နန္ဒမာလာ ထံရောက်ရှိနေထိုင် ပညာသင်ကြားတော်မူခဲ့လေသည်။ ၎င်းနောက် ဇလွန်တောရကျောင်းဆရာတော်ထံ၌ ရှင်သာမဏေဝတ်ခဲ့လေသည်။ သာမဏေဘွဲ့ ရှင်သိရီ ဖြစ်သည်။ သာမဏေဝတ်ဖြင့် အမရပူရမြို့တော် မဟာဝိဇိတာရာမတိုက်သို့ကြွ၍ ဆရာတော်သုဒဿန(နောက်စံကျောင်းဆရာတော်)ထံ ရောက်ရှိ၍ပညာသင်ကြားပေးခဲ့သည်။ သက်တော် ၂၀–တွင် မြင်းကွန်းမြို့ တောရကျောင်းဆရာတော် အရှင်မေဓာကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

## အုတ်ဖိုဆရာတော်ထံ ပညာသင်

တဖန်အုတ်ဖိုဆရာတော်ဘုရားကြီးနှင့်တွေ့သဖြင့် ဆရာတော်ကြီးထံ ကင်္ခါဝိတရဏီအဋ္ဌကထာကို ဆိုဝါဖြင့် ကြိုးစားသင်ကြားတော်မူခဲ့လေသည်။ ဆရာတော်အရှင်သိရီဓမ္မသည် အင်းစိန်နယ်၊ ဝါးတရာရွာ၊ ဗညားရွာ မော်လမြိုင်မြို့ မဟာနာဂဝံသကျောင်း၊ မေဓာဝီကျောင်း၊ ပြည်မြို့တောရကြီး ငွေလေတောင်တို့၌ လည်း သီတင်းသုံးဘူးသည် ဇလွန်မြို့ ဒုတိယမဟာနာဂဝံသကျောင်းတိုက်၌ ကြာရှည်စွာ သီတင်းသုံးတော်မူခဲ့သည်။

ဆရာတော်သည် ကျမ်းဂန်များပြုစီရင်ခြင်း ကျမ်းဂန်များစွာကိုလည်း ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ -

၁။ သီလသံယမဝိနိစ္ဆယကျမ်း
၂။ မင်္ဂလာသာရဒီပနီကျမ်း
၃။ ဝိနယဝိနိစ္ဆယကျမ်း
၄။ ကလျာဏောဝါဒဓမ္မစရိယကျမ်း
၅။ ပုညာနုဘာဝပကာသနီကျမ်း
၆။ အနေကဇာတင်အဆုံးအဖြတ်ကျမ်း
၇။ သိက္ခာပဒဝိနိစ္ဆယကျမ်း
၈။ အဗြဟ္မစရိယဝိနိစ္ဆယကျမ်း
၉။ ပဒဝိသောဓနီကျမ်း
၁၀။ ကဝိပုစ္ဆာကျမ်း
၁၁။ ဗောဓိမဂ္ဂစာတမ်း
၁၂။ ကမ္မဝိနိစ္ဆယဒုစရိုက်ခွဲကျမ်း - စသည်တို့ဖြစ်ကုန်၏။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ယင်းသို့ များစွာအလုပ်လုပ်သော စံကျောင်းဆရာတော်ဘုရားကြီးအရှင်သုဒဿနဏ်၏တပည့်ဖြစ်သော အရှင်သိရိဓမ္မသည် ဇလွန်မြို့ ဒုတိယမဟာနာဂဝံသကျောက်းတိုက်၌ ၁၂၆၈-ခုနှစ်၊ တပို့တွဲလဆုတ် ၁၁-ရက်နေ့တွင် ဘဝနတ်ထံပျံလွန်တော်မူလေသည်။

## သံဝေဂယူရန်

အာသန္နတရတမေတိ၊ မစ္စုံ ဇန္တု ဒိနေ ဒိနေ။
အာဃာတံ နီယမာနဿ၊ ဝဇ္ဈဿေဝ ပဒေ ပဒေ။

ဇန္တု-ဇန္တုနော၊ သတ္တဝါဟူသမျှ၏။ မစ္စုံ၊ သေမင်းခေါ်လျှင်း သေခြင်းတရားသည်။ ဒိနေ ဒိနေ၊ နေ့တိုင်း နေ့တိုင်း။ အာသန္နတရံ၊ အထူးသဖြင့် နီးသည်၏အဖြစ်

သို့။ တေ၊ ရောက်၏။ အာဃာတံ၊ သတ်ရန်နွားစု သကာတ်မှုပြုကုန် နွားသတ်ရုံသို့။ နီယမာနဿ၊ သတ်ရန်ဖွဲ့နှောင် ထုတ်ယူဆောင်အပ်သော။ ဝဇ္ဈဿ၊ သတ်အပ်သောနွား၏။ ပဒေ ပဒေ၊ ခြေကိုဆန့်ကျ လှမ်းတိုင်းလှမ်းတိုင်း။ မစ္စု၊ သေမင်းမည် လျှင်း သေရခြင်းတရားသည်။ အာသန္နတရတံ၊ အလွန်နီးသည်၏အဖြစ်သို့။ တေ ကတ္တိ၊ ရောက်သကဲ့သို့တည်း။

■ ■ ■

## ဓမ္မာစရိယဂိုဏ်းထောက် ဆရာတော်အရှင်သုမန

ပဋ္ဌမတောင်တွင်းဆရာတော်ဟုထင်ရှားသော အရှင်သုမနသည် မဟာဇောတိကာရာမ(စံကျောင်း)တိုက်၌ သီတင်းသုံး၍ ပညာသင်ကြားခဲ့သည့် မထေရ်မြတ်ဖြစ်တော်မူသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

တောင်တွင်းကြီးမြို့နယ်၊ မြို့လုလင်ရွာ၌ အဖဦးကုလား၊ အမိဒေါ်ရွက်တို့မှ သက္ကရာဇ် ၁၁၉၅-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇-ရက်နေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြုသာသနာ့ဝန်ထမ်း ဆောင်တော်မူခဲ့လေသည်။ ဆရာတော်ရဟန်းဖြစ်ခဲ့ရာဌာနကား တောင်တွင်းကြီး အရှေ့မြောက် ဒန့်ဒလွန်ပင်ရွာ မင်္ဂလာရာမလေသာတိုက်အတွင်းရှိ ခဏ္ဍသိမ်တော် ဖြစ်လေသည်။

## မဟာဇောတိကာရာမတိုက်၌ ပညာသင်ကြားခြင်း

အမရပူရမြို့၌ ထင်ရှားသောဆရာတော်များထံ ဂန္ထဓုရအဝဝကိုသင်ယူတော်မူခဲ့လေသည်။ ထို့ပြင် မန္တလေးမြို့၌ ထင်ရှားသောဆရာတော်များထံ ဆက်လက် ပညာသင်ကြားတော်မူခဲ့လေသည်။ ၎င်းပြင် မန္တလေးမြို့မြောက်ပြင် မဟာဇောတိကာရာမ(စံကျောင်း)တိုက်ကြီးသို့ ရောက်ရှိသီတင်းသုံး၍ ''ရာဇာဓိရာဇဂုရု''ဘွဲ့တံဆိပ်တော် ၂-ထပ်ရစံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿန စသည်တို့ထံ

ဝိနိစ္ဆယဖြတ်ထုံးနှင့်တကွ ဂန္ထန္တရ အဝဝကို သင်ယူတော်မူခဲ့လေသည်။

## ဓမ္မာစရိယဂိုဏ်းထောက်ဖြစ်ခြင်း

စာပေကျွမ်းကျင်တတ်မြောက်ပြီးနောက် တောင်တွင်းကြီးမြို့သို့ ပြန်ကြွတော်မူ၍ စာပေပို့ချ ကျမ်းစာပြုစု သီတင်းသုံးတော်မူ၍ ပဌမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ ဓမ္မာစရိယဂိုဏ်းထောက် ဆရာတော်အဖြစ်ဖြင့် ပူဇော်ချီးမြှောက်ခြင်းကို ခံတော်မူရလေသည်။

## ကျမ်းပေါင်း ၃၀–ကျော်ပြုခဲ့ ထင်ရှားသောပုစ္ဆာဝိသဇ္ဇနီ

ဆရာတော်သည် ကျမ်းဂန်ပေါင်း ၃၀–ကျော်ပြုစီရင်ခဲ့သည်ဟု သိရသည်။ ယင်းကျမ်းများအနက် ကင်းဝန်မင်းကြီး၏ ပုစ္ဆာဆယ်ချက်ကို ဖြေဆိုတော်မူရာ ပုစ္ဆာဝိသဇ္ဇနာဒီပနီမှာ ထင်ရှားသောကျမ်းဖြစ်လေသည်။

## ကျမ်းဂန်လွန်စွာ နှံ့စပ်ခြင်း

ဆရာတော်အရှင်သုမနသည် မကာရလောပ အံ့ချီးကြသား ဉာဏဝရဇိန် တောက်ထိန်ပြောင်ဝင်းအခေါင်ချဉ်းသည့် တောင်တွင်းအကျော်ခင်ကြီးပျော်ဆရာတော်၏မြေးတော်ဖြစ်၍ ကျမ်းဂန်နှံ့စပ်သချာလှသည်ဟူ၏။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ယင်းသို့ ကျမ်းဂန်နှံ့သိ ကဝိတဆူဖြစ်တော်မူသော ပဌမတောင်တွင်းဆရာတော်ဟုထင်ရှားသော ဆရာတော်အရှင်သုမနသည် သက္ကရာဇ် ၁၂၇၆–ခုနှစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

အပ္ပမာယု မနုဿာနံ၊ ဟီဠေယျ နံ သုပေါရိသော။
စရေယျာဒိတ္တသီသောဝ၊ နတ္ထိ မစ္စုဿ နာဂမော[၁] ။

---

၁။ သံ၊ ၁။ ၁၀၉။

မနုဿာနံ၊ ခုခေတ်ပေါက်ဖွား လူပုဂ္ဂိုလ်များတို့၏။ အာယု၊ အာယုဆိုချက် အသက်ဝိညာဉ်သည်။ အပ္ပံ၊ လွန်စွာခဏ တိုတောင်းလှချေ၏။ သုပေါရိသော၊ တရားသက်ဝင် သူတော်စင် သူတော်ကောင်းသည်။ နံ၊ ထိုအာယုဆိုချက် အသက်ကို။ ဟီဠေယျ၊ ကဲ့ရဲ့ရှုံ့ချရာ၏။ အာဒိတ္တသီသောဝ၊ ရဲရဲပြောင်ပြောင်ခေါင်းမီးလောင်ခံရသူကဲ့သို့။ စရေယျ၊ မနားမနေ တအားဖွေ၍ ကျင့်ကြံပေရာ၏။ မစ္စုဿ၊ သေမင်းခေါ်ငြား သေခြင်းတရား၏။ နာဂမော၊ မလာရောက်ရာသည်။ နတ္ထိ၊ တကွက်မျှ မရှိပါချေ။

■ ■ ■

## ရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ခေမိန္ဒ

မန္တလေးမြို့၌ ယခင်က အထင်ကရရှိခဲ့ဖူးသော မကုဋ္ဌာရာမတိုက်တော် ဆရာတော် အရှင်ခေမိန္ဒသည်လည်း မဟာဇောတိကာရာမစံကျောင်း ဆရာတော်ဘုရားကြီး အရှင်သုဒဿနထံ ဂန္ထဓုရအဝဝကို နည်းခံသင်ယူတတ်မြောက်တော်မူခဲ့သည့် ဆရာတော်အရှင်သုဒဿန၏တပည့်ရင်းဖြစ်တော်မူသည်။

### ဖွားမြင် ရှင်,ရဟန်းပြုခြင်း

သက္ကရာဇ် ၁၁၉၅–ခုနှစ်ပတ်ဝန်းကျင်လောက်တွင် ဖွားမြင်တော်မူ၍ အရွယ်ရောက်သော် ရှင်ရဟန်းပြုသာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ အောက်ခြေခံစာများကို စနစ်တကျသင်ယူခဲ့၍ ငယ်စဉ်ကပင် စာပေကျမ်းဂန်ကျွမ်းကျင်သည် ဟုသိရ၏။

### မဟာဇောတိကာရာမစံကျောင်းတိုက်၌ ပညာသင်ကြားခြင်း

သက္ကရာဇ် ၁၂၂၇–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅–ရက်နေ့တွင် ဆရာတော်ဘုရားကြီး အရှင်သုဒဿနသည် အရံသံဃာ ၅၀–နှင့်တကွ မဟာဇောတိကာရာမစံကျောင်းတိုက်သို့ ကြွရောက်သီတင်းသုံးတော်မူခဲ့လေသည်။ ထိုစဉ်က မကုဋ္ဌာရာမဆရာတော်လောင်းလျာရဟန်းတော် အရှင်ခေမိန္ဒသည်လည်း ဆရာတော်အရှင်

သုဒဿနနှင့် အတူလိုက်ပါ၍ ဆရာတော်အရှင်သုဒဿနထံ ဆိုဝါဖြင့်ကျမ်းဂန်အရပ်ရပ်ကို အပတ်တကုတ်အားထုတ်သင်ယူတော်မူခဲ့လေသည်။

## မကုဋာရာမတိုက်ဆရာတော်အဖြစ်ထင်ရှားခြင်း

နောက်တွင် မန္တလေးတောင်ခြေအနောက်ဖက်တွင် မကုဋာရာမတိုက်အမည်ဖြင့် တိုက်တော်သီးခြားတည်ထောင်ကိုးကွယ်တင်လှူခြင်းခံရသဖြင့် မကုဋာရာမဆရာတော်ဟုထင်ရှားလေသည်။ ရာဇဂုရုဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိသည်ဟု အဆိုရှိသည်။

## သီပေါမင်းက ပစ္စည်းဘိတ်မန်သော ဆရာတော်များတွင်ပါဝင်ခြင်း

သီပေါမင်းတရားသည် နန်းတက်စဖြစ်ရာ သက္ကရာဇ် ၁၂၄၀–ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၅–ရက်နေ့တွင် ဆရာတော်ကြီး ၁၉–ပါးတို့ကို မှန်နန်းတော်သို့ပင့်၍ ဆွမ်းကပ်၊ တိစီဝရိတ်သက်န်းများကပ်လှူပြီး ပစ္စည်းလေးပါးဒါယကာအဖြစ်ဖိတ်မန်စဉ် မကုဋာရာမဆရာတော်အရှင်ခေမိန္ဒ ပါဝင်ခဲ့လေသည်[၁]။

## စာပေချပို့သာသနာပြုခြင်း

ဆရာတော်သည် မဟာဇေတဝိကာရာမစံကျောင်းဆရာတော်ဘုရားကြီးထံမှရရှိအပ်သော စာပေချပို့နည်းတို့ကို ဆက်လက်ချပို့ကာ သာသနာပြုတော်မူခဲ့လေသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ယင်းသို့စာပေချပို့ သာသနာပြုစဉ်သက်တော် ၅၀–ကျော်၊ ၆၀–အတွင်းလောက်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့လေသည်။ ဆရာတော်အရှင်ခေမိန္ဒဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီးနောက် ဆရာတော်အရှင်ခန္တိသည် မကုဋာရာမဆရာတော်ဖြစ်လာလေသည်။

---

၁။ မန္တလေးသာသနာဝင် ၁။ ၁၃၆–ကြည့်။

## သံဝေဂယူရန်

အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ[၁] ။

သင်္ခါရာ၊ ရုပ်နာမ်ဓမ္မသင်္ခါရတို့သည်။ အနိစ္စာဝတ၊ မမြဲကုန်စွာတကား။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ရုံတွင်တည်မနေပဲ ကေန်မုချ ဘင်သို့ကျလျှက် ပျက်စီးတတ်သော သဘောရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ကုန်ပြီးသည်ရှိသော်။ နိရုဇ္ဈန္တိ၊ ပျက်စီးကွယ်ပ ချုပ်ပျောက်ကြကုန်၏။ တေသံ၊ ထိုအစိုးမရ သင်္ခါရဓမ္မတို့၏။ ဝူပသမော၊ ငြိမ်းရာ ကေန်မြတ်နိဗ္ဗာန်သည်သာလျှင်။ သုခေါ၊ ကြည်သာအေးမြ ဘေးမခပဲ ချမ်းသာလှချေ၏။

■ ■ ■

## ပညာရုံသီဘိသာသနဓဇသိရီပဝရ နန်းမတော်စာချ ဆရာတော်အရှင်ပညာ

ဆရာတော်အရှင်ပညာသည် မဟာဇောတိကာရာမတိုက်ထွက် အဘိဓမ္မာကျမ်းတတ်ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။

### ပခုက္ကူဝါးကန်ဇာတိ

သက္ကရာဇ် ၁၂၀၀–ပြည့်နှစ် ပတ်ဝန်းကျင်တွင် ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝါးကန်ရွာ၌ ဖွားမြင်တော်မူခဲ့လေသည်။ ဝါးကန်ရွာကား ပခုက္ကူမှ အရှေ့မြောက် ၁၄–မိုင်ခန့်ဝေးကွာသော အရပ်၌တည်ရှိ၏။ သစ်ပင်မျိုးစုံတို့ဖြင့် ပျော်ဖွယ်စုံသော ရှင်မတောင်ကြီးနှင့်လည်း အနောက်ဖက်နှစ်မိုင်ခန့် အကွာသာကွာလှမ်းသည်။

---

၁။ ဒီ၊ ၂။ ၁၂၉။ သံ၊ ၁။ ၁၆၀။

## ရှင် ရဟန်းပြု ပညာသင်ခြင်း

အရွယ်ရောက်သော် ရှင် ရဟန်းပြု၍ သာသနာ့ဝန်ကိုထမ်းဆောင်တော်မူခဲ့လေသည်။ ကျောက်ဆောက်ရွာ ရွှေကျောင်းဆရာတော်ဘုရားကြီးထံ ရောက်ရှိ သီတင်းသုံး ပညာသင်ကြားဆည်းပူးတော်မူခဲ့လေသည်။

## မဟာဇောတိကာရာမစံကျောင်းတိုက်သို့

၎င်းနောက် မန္တလေးမြို့မြောက်ပြင် မဟာဇောတိကာရာမစံကျောင်းတိုက်သို့ ရောက်ရှိ၍ သာသနာပြုသုဓမ္မာဝင်စံကျောင်းဆရာတော်ဘုရားကြီး "ရာဇာဓိရာဇ ဂုရု"ဘွဲ့တံဆိပ်တော် ၂-ထပ်ရအရှင်သုဒဿနထံတွင် ရောက်ရှိပညာသင်ကြားတော်မူခဲ့လေသည်။ အထူးသဖြင့် ဆရာတော်ဘုရားကြီးအရှင်သုဒ ဿနထံတွင် အဘိဓမ္မတ္ထဝိဘာဝနီဋီကာကျော်ကျမ်းကို ဆိုဝါဖြင့် သင်ယူတတ်မြောက်တော်မူခဲ့လေသည်။ ၎င်းပြင် ရေကြည်ပေါက်ဆရာတော် စသည်တို့၏အထံ၌လည်း အဘိဓမ္မာညဝါများကို သင်ကြားလေ့လာတော်မူခဲ့လေသည်။ ဆရာတော်အရှင်ပညာသည် မိမိပြုစီရင်ခဲ့သော သဂြိုဟ်အကောက်စကားပြောပုံကျမ်းခေါ်သော ကျမ်း၏ အစ၌ –

"မန္တလေးတျွတ္တနဂရေ၊ ရတနာပုံမန်းဇေယျုံဟု အမည်နာမ ဗျာဒိတ်ရသော ရန်အောင်မြို့ကြီး၌။ စံကျောင်းတျာဒိဝိဿုတေ၊ စံကျောင်းဟူ၍ ဘွဲ့နမူနာစူးရှထင်ပေါ်အလွန်ကျော်စောသော။ မေ၊ ငါ၏။ ဂုရုံစ၊ ဓမ္မာစရိယဋီကာကျော်သင်ချဘူးပေသော စံကျောင်းဆရာတော်မြတ်ကိုလည်းကောင်း။ နိဿေယသော၊ နွေညမပြတ်မှီဝဲ ဆည်းကပ်အပ်သည်ဖြစ်၍။ သောပကာရော၊ ကောင်းသွာအထူးကြည့်ရှုဘူးပေသော။ မမ၊ ငါ၏။ ဂုရုံစ၊ ပခန်းဆရာတော်မြတ်ကိုလည်းကောင်း။ ဣတရံ၊ ဤမှတစ်ပါး ညဝါအထူးပို့ချဘူးပေသော။ မေ၊ ငါ၏။ ဂုရုံစ၊ ရေကြည်ပေါက်ဆရာတော်မြတ်ကိုလည်းကောင်း။ ဝန္ဒနော-ဝန္ဒနာဒိ[၁]၊ အောက်မေ့မြတ်နိုးရှိခိုးခြင်း စေတနာကို။ ကတွာ-ကရောမိ၊ ပြုလိုက်ပါ၏။ ဟူ၍ ပဏာမပြုကြောင်း ဖော်ပြတော်မူခဲ့လေသည်[၂] ။

---

၁။ မူရင်းအတိုင်း ဖော်ပြပါသည် ၂။ သဂြိုဟ်အကောက်စကားပြောပုံ ကျမ်း။ ၄။

## သစ္စဝိဘင်း ပြန်ဆိုအောင်မြင်ခြင်း

ဆရာတော်လောင်းလျာသည် ရဟန်းပျိုဘဝဖြင့် ပဋ္ဌမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက် မြေနန်းတော်တွင် ကျင်းပပြုလုပ်သည့် တိပိဋက စာတော်ပွဲတွင် သစ္စဝိဘင်းပါဠိတော်ကို ပြန်ဆိုအောင်မြင်အောင်မြင်တော်မူခဲ့လေ သည်။ ၎င်းပြင် ပဌမစာတော်ချလည်း ဖြစ်တော်မူသည်။

## ပညာရံသီဘိသာသနဓဇသိရီပဝရ နန်းမတော်စာချ

ဆရာတော်အရှင်ပညာသည် မင်းတရားကြီး အသိအမှတ်ပြုအပ်သော "ပညာရံသီဘိသာသနဓဇသိရီပဝရ နန်းမတော်စာချ" ဟူသောဘွဲ့ ရွှေလွှာဖြင့် ထင် ရှားခဲ့လေသည်။ တဖန်ရတနာပုံမန်းဇေယျုံမှ တိဂုံဟံသာစုံဆင်းလာ၍ တိုင်းရာမည ဒလမြို့အနီး ညောင်ပင်သာရွာ၌ တိုက်တာကြီးဖွဲ့စည်း၍ စာပေပို့ချတော်မူခဲ့လေ သည်။

## ကျမ်းစာပြုစုခြင်း

ကျမ်းဂန်တော်တော်များများကို ဆရာတော်အရှင်ပညာ ရေးသားပြုစုခဲ့ဟန်ရှိ ၏။ သို့ရာတွင် သင်္ဂြိုဟ်အကောက်စကားပြောပုံကျမ်းသာ တွေ့ရှိရပေသည်။ ယင်း သင်္ဂြိုဟ်အကောက်စကားပြောပုံကျမ်းကို ၁၂၅၆-ခုနှစ်၊ ပြာသိုလအတွင်းက အပြီး သတ် ရေးသားတော်မူခဲ့လေသည်။ ၎င်းကျမ်းမှာ ဒီမိုင်းဆိုက်စာအုပ်မူစာမျက်နှာ ၁၉၉-မျက်နှာရှိလေသည်။ သင်္ဂြိုဟ်အကောက် စကားပြောပုံကျမ်း၏မူရင်းနာမည် မှာ အဘိဓမ္မတ္ထဂမ္ဘီရသာရရှုဖွယ် ကျမ်းဖြစ်လေသည်။

## ကျမ်းပြုပုံအာကာရ

ကျမ်းပြုပုံအခြင်းအရာအာကာရ၊ သို့မဟုတ် ကရဏာပွကာရမှာ ဆန်းသစ်၏။ အရပ်သုံးဘာသာဖြင့် သင်္ဂြိုဟ်သရုပ်ခွဲပုံကို ၎င်းကျမ်း၌တွေ့နိုင်၏။ ကျမ်းဦး၌ စတင်ခဲ့ သောစကားမှာ-

"ဇေယျတု၊ ရှေးဦးစွာအစ စကားပျိုးလိုက်ပါဦးအံ့။

ကိုင်း ဆရာတို့ သင်္ဂြိုဟ်စကားပြောကြဗျ။ ဓမ္မသဝနဓမ္မဒေသနာဖြစ်အောင်

ပရမတ္ထသဘာဝဆိုတာ တစ်ပုဒ်တစ်ဂါထာမျှ ကြားနာရလျှင်ပဲ ပစ္စုပ္ပန်သံသရာ နှစ်ဖြာတို့ ၌ အပုံကြီးကျေးဇူးတင်ပါတယ်ခင်ဗျ။ အဘယ်ကြောင့် ကျေးဇူးများ ကြောင်းသိပါသလဲဆိုတော့ "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" လို့ ဘုရားဟော ဒေသနာ တော်ကို ထောက်ရမည်။ အလှူမျိုးတကာတို့တွင် သူတစ်ပါးတို့အား တရားတည်း ဟူသော ဓမ္မရသဖြင့် ချီးမြှင့်ထောက်ပင့် ဟောပြောပြသရခြင်းသည် အမြတ်ဆုံး ခင်ဗျ။ ထို့ကြောင့် ဆရာတို့ သိရင်လဲဟောကြပါ။ ကျွန်တော်နာပါ့မယ်။ သို့မဟုတ် ခင်ဗျားတို့ နာကြပါ။ ကျွန်တော် ဟောပါ့မယ်။ ဤကဲ့သို့သော စကားပလ္လင်ခံလေ" ဟု အမှာစကားဖော်ပြ၍ ရေးသားတော်မူခဲ့လေသည်။

## သမ္မာသမ္ဗုဒ္ဓဘုရားဆုပန်

ဆရာတော်အရှင်ပညာသည် ကျမ်းစာပြုစုရသော ကောင်းမှုအစုစုကြောင့် ပစ္စေကဗောဓိဆု၊ သာဝကဗောဓိဆုတို့ကို ပန်တော်မမူပဲ ပညာဓိက သမ္မာသမ္ဗုဒ္ဓ ဘုရားဆုကို ပန်တော်မူခဲ့ကြောင်း –

အနေန ပုညကမ္မေန၊ ဤသို့အဘိဓမ္မတ္ထဂမ္ဘီရသာရရှုဖွယ်ကျမ်းကို တီထွင် အစရေးသားပြုပြင်စီရင်ရသောကုသိုလ်အစု ကောင်းမှုစေတနာကြောင့်။ သောအဟံ၊ ထိုအကျွန်ုပ်သည်။ အနာဂတေ၊ နောင်သောအခါ။ ပညာဓိကံ၊ ပညာဓိကအမည်ရ သော။ ဗုဒ္ဓတ္တံ၊ ဘုရား၏အဖြစ်သို့။ ပပ္ပေါမိ၊ ရောက်ရလို၏ဟူသော နိဂုံးလာစကား ရပ်ဖြင့် သိသာလေသည်။

## ပျံလွန်တော်မူခြင်း

စံကျောင်းတိုက်ထွက် ဆရာတော်အရှင်ပညာသည် စံကျောင်းဆရာတော် စသည်တို့ထံမှရရှိခဲ့သော စာပေနည်းနာနယအဝဝကို တပည့်တပန်းတို့အား သင်ကြားချပို့ သာသနာပြုတော်မူခဲ့ပြီး ဘဝဟောင်းကိုစွန့်၍ ဘဝသစ်၌ဖြစ်တော်မူခဲ့ ရှာလေပြီ။

**ပညာနာမော မဟာထေရော၊ စံကျောင်းဝံသေတိပါကဋော။**
**သာသနံ သောဘနံ ကတွာ၊ ပုရာဏံ သမ္ပရိစ္စဇိ။**

## သံဝေဂယူရန်

အဗလံ ဒုဗ္ဗလံ အာယု၊ ဗဟူဟိ သမ္ဗန္ဓံ ဘဝေ။
တသ္မာ မုဟုတ္တန္တရေပိ၊ ဘဝေယျ မရဏံ ဟိ ဝေါ။

ယသ္မာ၊ အကြင်ကြောင့်။ အာယု၊ အသက်သည်။ အဗလံ၊ အားခွန်ဗလမရှိသည်လည်းကောင်း။ ဗဟူဟိ၊ ထွက်သက်ဝင်သက် လေးချက်ဣရိယာ တဖြာပူအေး လေးထွေဘုတ်မဟာ အစာအာဟာရစသည့်စုပေါင်း များစွာသောအကြောင်းအရာတို့နှင့်။ သမ္ဗန္ဓံ၊ ဆက်စပ်သည်လည်းကောင်း။ ဘဝေ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ မုဟုတ္တန္တရေပိ၊ တအောင့်တမုဟုတ် ချက်တဖြုတ်တိုတောင်းသောကာလအတွင်း၌ လည်း။ မရဏံ၊ စုတိပြတ်ကြွေ သေလွန်ခြင်းသည်။ ဘဝေယျဟိ ဝေါ၊ ဖြစ်နိုင်သည် သာ။

■■■

# 'သုမနာစာရဓမ္မဓမ္မရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်သုမန

မန္တလေးမြို့အနောက်ပြင် အလ္လကပ္ပတိုက် ဆရာတော်ဘုရားကြီး အရှင်သုမနသည်လည်း မဟာဇောတိကာရာမစံကျောင်းတိုက် ဆရာတော်ဘုရားကြီး အရှင်သုဒဿနထံ ပညာသင်ကြားတော်မူခဲ့လေသည့် မဟာထေရ်မြတ်ဖြစ်တော်မူသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း၊ ပညာသင်ကြားခြင်း

ရွှေဘိုမြို့တောင်ဘက် မင်းကြီးရွာ၌ သတ္တဋ္ဌာနတိုက်ကျောင်းဒါယကာကြီးနှင့်အမိဒေါ်ထားတို့မှ သက္ကရာဇ် ၁၂၀၁-ခုနှစ်၊ တပေါင်းလဆန်း ၄-ရက်၊ သောကြာ နေ့တွင်ဖွားမြင်တော်မူလေသည်။ အရွယ်ရောက်သော် ရှင်၊ ရဟန်းပြုသာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော်အရှင် သုမနဖြစ်လေသည်။ ငယ်ဆရာရင်းနှင့်တကွ မြို့ပြင်ကြီးဆရာတော်စသည်တို့ထံ ပိဋကတ်အခြေခံကျမ်းစာ များနှင့် တကွ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။

## မဟာဇောတိကာရာမစံကျောင်းဆရာတော်ထံပညာသင်ကြားခြင်း

မန္တလေးမြို့မြောက်ပြင် မဟာဇောတိကာရာမစံကျောင်းဆရာတော်ဘုရားကြီးအရှင်သုဒဿနထံ၌လည်း စာချနည်း ဝိနိစ္ဆယချနည်းစသည်တို့ကို သင်ယူတော်မူခဲ့လေသည်။

သန္တိကေ သုဒဿနဿ၊ နာနာနယေ သမုဂ္ဂဏှိ။
မုနိနော သုဒ္ဓစက္ကဿ၊ ဝုဒ္ဓိယာ ဝါယာမကာရီ။

## အလ္လကပ္ပဆရာတော်၊ မြို့သာဆရာတော် ဟုထင်ရှားခြင်း

ဆရာတော်အရှင်သုမနသည် အလ္လကပ္ပမင်းသမီးကျောင်းနှင့် မြို့သာပဲနင်းကြီးကျောင်းတို့၌လည်း အလှည့်ကျသီတင်းသုံးသာသနာပြုတော်မူသဖြင့် - အလ္လကပ္ပဆရာတော်၊ မြို့သာဆရာတော်ဟု ထင်ရှား ကျော်ကြားတော်မူလေသည်။

အလ္လကပ္ပတိုက် ပဌမဆရာတော်ပျံလွန်တော်မူပြီးနောက် အလ္လကပ္ပတိုက်ကြီး၏ မဟာနာယကဖြစ်တော်မူခဲ့လေသည်။

## ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်အလှူခံရရှိခြင်း

မာရ်အောင်ရတနာစေတီဒါယကာ သီပေါမင်းတရား ဆက်ကပ်လှူဒါန်းသည့် "သုမနာစာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူခဲ့လေသည်။

ၚင်းပြင် သက္ကရာဇ် ၁၂၆၂–ခုနှစ်တွင် ပရိယတ္တိသာသနဟိတအသင်းကြီး၏ "ပရိယတ္တိသာသနဟိတဓမ္မစရိယ (မူလစာချ)"အဖြစ်ဖြင့် ကိုးကွယ်ခြင်းကိုလည်း ခံယူတော်မူရလေသည်[၁] ။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

သာသနာရေးကိစ္စအဝဝကို ဆောင်ရွက်တော်မူရင်း ဇရာဗျာဓိနှစ်ချက်ငြိသဖြင့် ဘဝနတ်ထံ ပျံလွန်တော်မမူခဲ့လေသည်။

အနိစ္စာဝတ သင်္ခါရာ = သင်္ခါရတရားတို့ မမြဲကုန်စွ့တကား။

---

၁။ မန္တလေးသာသနာဝင် ၁၉။ အလ္လကပ္ပတိုက် သာသနာ ဝင်လည်းကြည့်။

# ဆရာတော် အရှင်အာစာရ

လေးတန်းဆရာတော် အရှင်အာစာရသည်လည်း မန္တလေးမြို့မြောက်ပြင် မဟာဇောတိကာရာမတိုက်၌ ပညာသင်ကြားခဲ့သည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

မြင်းခြံခရိုင် တလုပ်မြို့နယ် ကန်တော်ရွာ၌ အဖဦးရွှေဥ၊ အမိဒေါ်မှိုဥတို့မှ သက္ကရာဇ် ၁၂၀၂–ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည်မောင်ရွှေကုန်း ဖြစ်လေသည်။ အရွယ်ရောက်သော် ရှင်၊ ရဟန်းပြုသာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။

## မဟာဇောတိကာရာမတိုက်၌ ပညာသင်ကြားခြင်း

ရဟန်းဖြစ်ပြီးနောက် မန္တလေးမြို့မြောက်ပြင် မဟာဇောတိကာရာမ စံကျောင်းတိုက်ကြီးသို့ရောက်၍ ''သုဒဿနဝရဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးအရှင်သုဒဿနထံ နေ့ဝါညဝါကျမ်းဂန်များ ကို သင်ယူတော်မူခဲ့လေသည်။ အုတ်ဖိုဆရာတော်၊ ရွှေကျင်ဆရာတော်ဘုရားကြီး တို့၏အထံ၌လည်း ကျမ်းဂန်များကို သင်ယူတော်မူခဲ့လေသည်။ မဟာဓမ္မိကာရာမ တိုက်၌လည်း စာပေချပို့သာသနာပြုချီးမြှောက်တော်မူခဲ့လေသည်။

## ရွှေကျင်ဆရာတော်၏ ဥပနိဿယတိုင်းကျင့်ကြံခြင်း

လေးတန်းရွာ အဘယာရုံတိုက်ကို စတင်တည်ထောင်အလှူခံသီတင်းသုံး၍ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း ကျင့်ကြံသီတင်းသုံးသာသနာ ပြုတော်မူခဲ့လေသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ယင်းသို့ သာသနာတော်အကျိုး သည်ပိုးရွက်ဆောင်စဉ် ဘဝနတ်ထံပျံလွန် တော်မူခဲ့လေသည်။ ဝိနယဂရုက၊ သိက္ခာကာမအဖြစ် ထင်ရှားသောဆရာတော် ဖြစ်လေသည်။

## သံဝေဂယုရန်

အနိမိတ္တမနညာတံ၊ မစ္စာနံ ဣဓ ဇီဝိတံ။
ကသိရဉ္စ ပရိတ္တဉ္စ၊ တဉ္စ ဒုက္ခေန သံယုတံ[၁] ။

ဣဓ၊ ဤလောက၌။ မစ္စာနံ၊ ကြုံလာဖြစ်လာ သတ္တဝါတို့၏။ ဇီဝိတံ၊ အသက်သည်။ ဝါ၊ အသက်ကို။ အနိမိတ္တံ၊ အမှတ်အသား သင်္ကေတမရှိပါချေ။ ဝါ၊ ပြုလုပ်ဖွယ်ကိစ္စတွေမပြီးပြတ်သေးသဖြင့် မသေရပါစေနှင့်ဟု ချိန်းချက်မှု သတ်မှတ်မှု မရှိနိုင်ပါချေ။ ကသိရဉ္စ၊ အကြောင်းအရပ်အရပ် ဆက်စပ်နေသဖြင့် ကာလကြာတည်ရှည်ရန် ခဲယဉ်းလည်းခဲယဉ်းရချေ၏။ တဉ္စဇီဝိတံ၊ ထိုအသက်သည် လည်း။ ဒုက္ခေန၊ ပြောထူများလှ ဆင်းရဲဒုက္ခနှင့်။ သံယုတံ၊ ထာဝစဉ်ယှဉ်၏။

---

၁။ သုတ္တနိ။ ၃၇၁။

# သတ္တမပိုင်း ပြီး၏။

■ ■ ■

# မန္တလေးသာသနာဝင် ကေဝီသတိမတွဲ

# အဋ္ဌမပိုင်း

= အဋ္ဌမပိုင်း၌ ပုဂ္ဂိုလ်ထူးများသမိုင်းနှင့် ပခုက္ကူသာသနာဝင် စသည့်တွင် ကျော်စောလှသော မဟာဇောတိကာရာမ စံကျောင်းတိုက်ထွက် ဆရာတော် အရှင်ကိတ္တိသာရ (ဦးကြည်)၏ အဖြစ်တော်စဉ်နှင့် အံ့သြဖွယ်ဖြစ်ရပ်ဆန်းများ။

= ဆရာတော် အရှင်ပဏ္ဍဝံသ၏ အဖြစ်တော်စဉ်။

= ဆရာတော် အရှင်ဝိသုဒ္ဓါစာရ၏ အဖြစ်တော်စဉ်။

= ဆရာတော် အရှင်အာဒိစ္စ (ပဋ္ဌမကျော်ဆရာကြီးဦးအုန်း)၏ အတ္ထုပ္ပတ္တိ။

= ညောင်လေးပင်တောရ ဆရာတော် အရှင်ပရမ၏ အဖြစ်တော်စဉ်။

= ဆရာတော် အရှင်ပဏ္ဍဝ၏ အဖြစ်တော်စဉ်။

= အလုံမြို့ ကြေးခေါင်းတောရတိုက်တည်ဆရာတော် ဆရာတော် အရှင်ဉာဏဝံသ၏ အဖြစ်တော်စဉ်။

# အဋ္ဌမပိုင်း

## ဆရာတော် အရှင်ကိတ္တိသာရ (ဦးကြည်)

မဟာဇောတိကာရာမစံကျောင်းတိုက်ထွက် ထင်ရှားကျော်စောသော သာသနာ့ဝန်ဆောင်များအနက် ဆရာတော်အရှင်ကိတ္တိသာရသည်လည်း ပါဝင်ထင်ရှားခဲ့လေသည်။ ကိုယ်နှင့်အသက်မငဲ့ကွက်ပဲ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား တရားဘာဝနာကျင့်ကြံတော်မူသည့်ပုဂ္ဂိုလ်မြတ်ကြီးဖြစ်တော်မူသည်။ ပခုက္ကူဒေသ၌ ဆရာတော်ဦးကြည်ဟု လွန်စွာထင်ရှားလေသည်။

### ဖွားမြင်တော်မူခြင်း

မြင်းခြံခရိုင် ညောင်ဦးမြို့၌ အဖလေ့သူကြီး ဦးပေခွေး၊ အမိလေ့သူကြီးကတော် ဒေါ်မင်းကူးတို့မှ သက္ကရာဇ် ၁၂၀၄-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃-ရက်နေ့ည၌ ၂-နာရီကျော်တွင် ဖွားမြင်တော်မူခဲ့လေသည်။ မွေးချင်း ၅-ယောက်အနက် ဆရာတော်လောင်းလျာသည် အကြီးဆုံးအတိဇာတသားကြီးဖြစ်ရသဖြစ်လေသည်။ ငယ်မည်မှာ မောင်ကြည်ဖြစ်လေသည်။ နောက်တွင် ဦးကြည်ဟုသာသနာတွင်ထင်ရှားလေသည်[၁]။

### ရှင် ရဟန်းပြုတော်မူခြင်း

မန္ဒာသက၊ နူးညံ့သေးငွေး ကလေးသူငယ်အခိုက်အတန့် ပဉ္စမ ၁၀-နှစ်တွင်းကျော်သည့်တိုင်အောင် မိဖတို့နှင့်အတူနေထိုင်ခဲ့၍ မိဖတို့ကသင်ပေးသော သရ ၈-လုံး၊ ဗျည်း ၃၃-လုံး စသည်နှင့်ဘုရားရှိခိုးအနည်းငယ်များသာ တတ်သိတော်မူခဲ့လေသည်။ ခိဍ္ဍာသက၊ ပျော်ပျော်ပါးပါးနေရာအခိုက်အတန့်ရောက်ရှိရာ ၁၂-နှစ်တွင် ပုထိုးဂိုဏ်းထောက်ဆရာတော်အရှင်သုမနထံတွင် ရောက်ရှိ၍သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ ပရိတ်ကြီး စသည်တို့ကို သင်ကြားပြီး ၁၅-နှစ်သားအရွယ်တွင် ဆရာတော်အရှင်သုမနထံ၌ပင် သဒ္ဒါ၊ သင်္ဂြိုဟ် စသည့်ပိဋကတ်အခြေပြုကျမ်းစာများကို ဆက်လက်သင်ကြားတော်မူခဲ့လေသည်။

---

၁။ ပခုက္ကူသာသနာဝင် ၁၀၆-၁၁၀ ကြည့်။ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများကျမ်းလည်းကြည့်။

သက်တော် ၂၀-ပြည့်ရာ သက္ကရာဇ် ၁၂၂၄-ခုနှစ်၊ နယုန်လဆန်း ၁၀-ရက်နေ့တွင် ပခုက္ကူမြို့ ပုထိုးတိုက်ခဏ္ဍသိမ်တော်၌ ဆရာတော်အရှင်သုမနကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်တော်မူခဲ့လေသည်။ ဆရာတော်အရှင်သုမန ထံတွင်လည်း စာပေကျမ်းဂန် သင်ယူတော်မူခဲ့လေသည်။

## မဟာဇေတိကာရာမကျောင်းတိုက်သို့ ရောက်ရှိပညာသင်ကြားခြင်း

ရဟန်းသိက္ခာ ၃-ဝါအရတွင် မန္တလေးမြို့မြောက်ပြင် မဟာဇေတိကာရာမ ကျောင်းတိုက်ကြီးသို့ရောက်ရာ "သုဒဿနဝရဓမ္မသာမိရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ် တော်နှင့် "သုဒဿနဇေအတုလာဓိပတိ သိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မဟာဇေတိကာရာမစံကျောင်းဆရာတော်ဘုရားကြီး အရှင် သုဒဿနထံ ပိဋကတ်ကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။ ပညာသင်ကြား ခြင်းလုပ်ငန်း ဆုံးခမ်းတိုင်မြောက်သောအခါ ပခုက္ကူမြို့သို့ ပြန်ကြွတော်မူခဲ့ပြီး ပုထိုးတိုက်၌ ဓူရနှစ်ပါး ပွားများအားသစ်ကာ ဘုရားမြတ်စွာသာသနာတော်ကို ချီးမြှောက်တော်မူခဲ့လေသည်။

## တောထွက်ရှုတင်ကျင့်

"ရေ့သွားနောက်လိုက်၊ သိုက်မြိုက်မလို၊ ကြံ့ချိုပမာ၊ တချောင်းသာသို့၊ ရှောင်ခွာဖော်နည်း၊ တကိုယ်တည်းဖြင့်၊ တောထည်းဝင်ခို၊ ချမ်းသာပို၏"ဟူသော တောထွက်ခဏ်းလင်္ကာအားလျော်စွာ အပေါင်းအဖော်သံဃာ ဒကာ,ဒကာမ အသိုင်းအဝိုင်းတို့ကိုစွန့်ခွာတော်မူကာ ရဟန်းသိက္ခာ ၁၀-ဝါအရ ဝဏ္ဏဒသကပြည့် မြောက်သည်မှစ၍ ရွှေဥမင်ဆရာတော်၊ တောင်ဖီလာဆရာတော်တို့၏ထုံးကို နှလုံးမူ ကာ ပခုက္ကူမြို့ မြစ်ကိုင်းရွာမြောက်ဘက် တာငါးရာကျော်ကွာလှမ်းသော သဲပုံစေတီ တော်ရှိရာတောင်တော်တောရကျောင်း၌ ကိန်းအောင်းသီတင်းသုံးတော်မူ၍ ဓုတင် တေရသ် ပဋိပတ်ကို ထက်သန်သော လုံ့လဝီရိယဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ် တော်မူခဲ့လေသည်။

## ဆရာတော်ဦးကြည်၏ ဓုတင်အကျင့်

ဆရာတော်ဦးကြည်သည် သက်တော် ၈၄–နှစ်သက်ဆုံးတိုင် တိစီဝရိတ်ဓုတင်ကို ကျင့်ဆောင်တော်မူခဲ့လေသည်။ ပံ့သုကူလ ဖျလွှန်တော်မူရာဘောင်စောင်း၌ ပင်နိုသဇ်ဓုတင်ကိုကျင့်ဆောင်လျှက် ပျံလွန်တော်မူခဲ့လေသည်။ ဆရာတော်၏တပည့်ရင်းများထံမှသိရသည်မှာ လျောင်းသောဣရိယာပုဒ်ဖြင့် တစ်ခါမျှ မတွေ့မြင်စဖူးဟူ၏။

သက်တော် ၇၈–နှစ်တိုင်အောင် အရညကင်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ သပဒါန စာရိကဓုတင်၊ ကောသနိက်ဓုတင်တို့ကို ဆောက်တည်ကျင့်ကြံတော်မူ၍ ရံခါ ပတ္တပိဏ်ဓုတင်၊ ခလုပစ္ဆာဘတ်၊ ရုက္ခမူလဓုတင်၊ အဗ္ဘောကာသိကာဓုတင်၊ သောသာ နိကဓုတင်၊ ယထာသန္တတိဓုတင်၊ ပံ့သုကူလိကဓုတင်တို့ကို ဆောက်တည်ကျင့်ကြံ တော်မူလျှက် ပဋိပတ္တိသာသနာ့ဝန်ကိုဆောင်ရွက်တော်မူခဲ့လေသည်။

ထို့ကြောင့် ဆရာတော်ဘုရားကြီးဦးကြည်ကား ဘုရားရှင်၏သားကြီးဩရသပဋ္ဌမသံဂီတိသံဃမဟာနာယက၊ သံဃပါမောက္ခ တေရသဓုတင်္ဂရေ အရှင်မဟာကဿပမဟာထေရ်မြတ်ကြီးကဲ့သို့ တေရသဓုတင်္ဂရေ ဓုတဝါဒီပုဂ္ဂိုလ်ကြီးမှန်ပါပေ၏။

## အိန္ဒိယနိုင်ငံသို့ ကြွတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၅၅–ခုနှစ်တန်ဆောင်မုန်းလပြည့်ကျော် ၁၄–ရက်နေ့တွင် ဘာရတခေါ်သည့် အိန္ဒိယနိုင်ငံသို့ ကြွတော်မူကာ မဇ္ဈိမဒေသရှိ ဗောဓိပင်နှင့်ရွှေပလ္လင်၊ သတ္တဌာနစေတီတော်များ၊ တရားဦးဓမ္မစကြာ ဟော မြွက်တော်မူရာ မိဂဒါဝုန်တော အစရှိသည့် ပူဇနိယဌာန၊ သံဝေဇနိယဌာနများကို ဖူးမြော်ကန်တော့ပူဇော် သံဝေဂယူတော်မူခဲ့လေသည်။ ဗောဓိပင်ကြီးအောက်မှ ဗောဓိပင်ပျိုတပင်ကိုလည်း ပင့်ယူတော်မူခဲ့ပြီး ပခုက္ကူမြို့ ပုထိုးတိုက်ဦး၌ စိုက်ပျိုး ကိုးကွယ်တော်မူခဲ့လေသည်။

## သီဟိုဠ်ကျွန်းသို့ ကြွတော်မူခြင်း

''မြတ်စွာလူ့ဘ၊ ပွင့်တော်စက၊ ကိုးလတစ်ခါ၊ ငါးဝါတစ်ခေါက်၊ ရှစ်ဝါ မြောက်၌၊ ကြွရောက်သုံးကြိမ်၊ မွေ့သိမ်ဖလ၊ ဖန်ဖန်မျှလျက်၊ နင်းချရတနာ၊

ရွှေစက်ရာနှင့်၊ လင်္ကာဒီပ၊ သီဟဠဗွေ၊ တကျွန်းမြေသို့''ဟူသည်နှင့်အညီ ဘုရားမြတ်စွာ ၃–ကြိမ်ကြွ၍ ဖလသမာပတ်ဝင်စားရာ၊ ခြေတော်ရာဌာနမွန်ဖြစ်သည့် ''သီဟဠဒီပ၊ နာဂဒီပ၊ ကုမာရောက္ကန္တဒီပ၊ ဘရိယောပက္ကန္တဒီပ၊ လင်္ကာဒီပ၊ ဩဇဒီပ၊ ဝရဒီပ၊ မဏ္ဍဒီပ၊ မဟိလာဒီပ၊ တမ္ဗပဏ္ဏိဒီပ'' စသည်အမည်အမျိုးမျိုးဖြင့် ထင်ရှားသော သီဟိုဠ်ကျွန်း(သီရိလင်္ကာ)သို့လည်း သက္ကရာဇ် ၁၂၅၈–ခုနှစ်တွင်ကြွတော်မူ၍ သံဃမိတ္တာဗောဓိပင်၊ မဟာစေတီတော်၊ ထူပါရာမစေတီတော်၊ သုမနတောင်ထိပ်ရှိ ဘုရားရှင်ခြေတော်ရာ၊ စွယ်တော်စသည့်တို့ကို ဖူးမြော်တော်မူခဲ့လေသည်။

## ဂုဏ်တော်အသွယ်သွယ်

ဆရာတော်ဘုရားကြီးသည် ပခုက္ကူမြို့သီဟိုဠ်ရှင်ဘုရားကြီး ဂေါပကအဖွဲ့၏နည်းပေးလမ်းပြ ဩဝါဒါစရိယနာယကတာဝန်ကိုလည်း ဆောင်ရွက်တော်မူခဲ့လေသည်။ ဆိုက်ရောက်လာသော ဒကာ၊ဒကာမတို့အား နက်နဲခဲဆန်းကြယ်သော တရားဓမ္မတို့ကိုဟောစွမ်းနိုင်သည့် ဂမ္ဘီရစိတြဘာဏီဓမ္မကထိက ပုဂ္ဂိုလ်မြတ်ကြီးလည်း ဖြစ်တော်မူသည်။ ၎င်းပြင် ဒကာ၊ဒကာမတို့အား မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ချမ်းသာ အကျိုးစီးပွားနှင့်စပ်သည့်စကားကိုသာ ပြောဟောလေ့ရှိသော အတ္ထသံဟိတဘာဏီ ပုဂ္ဂိုလ်လည်းဖြစ်တော်မူလေသည်။ ရဟန်းကိစ္စ ၂–ခုရမှတစ်ပါး အခြားအမှုလုပ်ငန်းတို့၌ မည်သည့်အခါမျှလေ့ကျက်တော်မမူပဲ ညဉ့်အခါဝယ် အနည်းငယ်မျှထိုင်မှီသော ဣရိယာပုတ်ဖြင့် ကျိန်းစက်တော်မူ၍ ကမ္မဋ္ဌာန်းဘာဝနာကိုသာကျင့်ကြံကြိုးကုတ်အားထုတ်သည့်ဘာဝနာနုယောဂီပုဂ္ဂိုလ်လည်းဖြစ်တော်မူပါပေသည်။ သည်သာမကသေး မိမိရရှိသော အပိုအလျှံလာဘ်လာဘတို့ကို ခင်တွယ်ခြင်းမရှိဘဲတစမကျန်စွန့်လှူ၍ ခေါင်းပါးခြိုးခြံရေင့်ရဲသောအကျင့်ကို ကျင့်တတ်သည့်အဖြစ်တည်းဟူသော အပ္ပိစ္ဆတာဂုဏ်၊ သန္တုဋ္ဌိတာဂုဏ်၊ သလ္လေခတာဂုဏ်တို့နှင့် ပြည့်စုံတော်မူသည့် ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူပါပေသည်။

## ဘဝနတ်ထံ ဝင်စံတော်မူခြင်း

ဤသို့စသည်ဖြင့် ချီးကျူးမကုန် ဂုဏ်တော်တို့၏တည်ရာဖြစ်တော်မူသော စံကျောင်းတိုက်ထွက် ဆရာတော်ဘုရားကြီးဦးကြည်(အရှင်ကိတ္တိသာရမဟာထေရ်)

သည် သက်တော် ၈၄-နှစ်၊ သိက္ခာတော် ၆၄-ဝါရှိရာ ၁၂၈၈-ခုနှစ်ပဥ္စမဝါဆိုလ ဆန်း ၆-ရက်နေ့ည ၂-နာရီအချိန်တွင် ဒေဝါ၊ ဒေဝီအလီလီတို့၏ပင့်လျှောက်ချက်ကို လက်ခံတော်မူကာ တုသိတာနတ်နန်းမသို့ မြန်းကြွတော်မူခဲ့လေသတည်း။ ဆရာတော်၏အလောင်းတော်ကို ပြဿဒ် ၁၀၀-ကျော်ဖြင့် ခမ်းနားစွာပူဇော်၍ အန္တိမဈာပနပွဲ ကျင်းပကြကုန်၏။

ကိတ္တိသာရော မဟာထေရော၊ ဇောတိကာရာမဝံသိကော။
ယုဇ္ဇိတွာ သာသနေ သော ဟိ၊ အဂမိ တုသိတံ ပုရံ။

## သံဝေဂယူရန်

ယထာပိ သေလာ ဝိပုလာ၊ နဘံ အာဟစ္စ ပဗ္ဗတာ။
သမန္တာ အနုပရိယေယျုံ၊ နိပ္ပေါထေန္တာ စတုဒ္ဒိသာ။

ဧဝံ ဇရာ စ မစ္စု စ၊ အဓိဝတ္တန္တိ ပါဏိနေ။
ခတ္တိယေ ဗြာဟ္မဏေ ဝေဿ၊ သုဒ္ဒေ စဏ္ဍာလ ပုက္ကုသေ။

န ကိဉ္စိ ပရိဝဇ္ဇေတိ၊ သဗ္ဗမေဝါဘိမဒ္ဒတိ။
န တတ္ထ ဟတ္ထီနံ ဘူမိ၊ န ရထာနံ န ပတ္တိယာ။
န စာပိ မန္တယုဒ္ဓေန၊ သက္ကာ ဇေတုံ ဓနေန ဝါ[၁] ။

နဘံအာဟစ္စ၊ မိုးတိမ်ပေါက်မြောက် ဆိုက်ရောက်အောင်။ ဝိပုလာ၊ ကြီးမားကုန်သော။ သေလာ၊ ကျောက်အတိပြီးကုန်သော။ ပဗ္ဗတာ၊ တောင်လေးလုံးတို့သည်။ သမန္တာစတုဒ္ဒိသာ၊ ထက်ဝန်းကျင်အရပ်လေးမျက်နှာတို့မှ။ နိပ္ပေါထေန္တာ၊ သတ္တဝါတို့ကို မှုန့်မှုန့်ညက်ညက်ကြိတ်ချေကုန်လျှက်။ အနုပရိယေယျုံယထာပိ၊ လှည့်လည်ကုန်ရာသကဲ့သိုလျှင်။ ဧဝံ တထာ၊ ထို့အတူ။ ဇရာ စ၊ သွားကျိုးဆံဖြူ ယယ်မူယိုယွင်း အိုမင်းရင့်ရော်မှည့်ပျော်မှုဇရာသည်လည်းကောင်း။ မစ္စု စ၊ စုတိပြတ်ကြွေသေလွန်ခြင်းသည်လည်းကောင်း။ ခတ္တိယေ၊ မင်းမျိုးဖြစ်သူတို့ကိုလည်းကောင်း။ ဗြာဟ္မဏေ၊ ပုဏ္ဏားမျိုးဖြစ်သူတို့ကိုလည်းကောင်း။ ဝေဿ၊ သူကြွယ်မျိုး

---

၁။ သံ၊ ၁။ ၁၀၂(ပဗ္ဗတူပမ သုတ်)

ဖြစ်သူတို့ကိုလည်းကောင်း။ သုဒ္ဒေ၊ သူဆင်းရဲအမျိုးမျိုးတို့ကိုလည်းကောင်း။ စဏ္ဍာလပုက္ကုသေ၊ ဒွန်းစဏ္ဍာပန်းမှိုက်သွန်မျိုးဖြစ်သူတို့ကိုလည်းကောင်း။ ပါဏိနော၊ ဖော်ပြထုတ်ဆို ပုဂ္ဂိုလ်သတ္တဝါတို့မှကြွင်းသောလောကမိုတင်း သတ္တဝါခပင်းတို့ကို လည်းကောင်း။ အဓိဝတ္တန္တိ၊ လွှမ်းမိုးကြိတ်ဖျက်နှိပ်စက်ညှင်းပန်းသတ်ဖြတ်ကြကုန်၏။ ကဥ္စိ၊ တစ်စုံတစ်ယောက်သောသူကိုမျှ။ န ပရိဝဇ္ဇေတိ၊ မရှောင်ကြဉ်။ သဗ္ဗမေဝ၊ တစ်ယောက်မကြွင်း ခပင်းဥဿုံ အလုံးစုံသော သတ္တဝါကိုသာလျှင်။ အတိမဒ္ဒတိ၊ ကြိတ်ချေနှိပ်စက်ရာ၏။ ဘူမိ၊ အောင်နိုင်ရာသည်။ ဝါ၊ အောင်ရာကေန် အောင်မြေမွန်သည်။ န အတ္ထိ၊ မချုပ်သေ မရှိနိုင်ပါချေ။ ရထာနံ၊ ရထား စီးသူရဲတို့၏။ ဘူမိ၊ အောင်နိုင်ရာသည်။ ဝါ၊ အောင်ရာကေန် အောင်မြေမွန်သည်။ နအတ္ထိ၊ မချုပ်သေမရှိပါချေ။ မန္တယုဒ္ဓေနာပိ၊ အာထဗ္ဗဏ ဗေဒင်စီရင်ဆောင်ရွက်ချက်ဖြင့်လည်းကောင်း။ ဇေတုံ၊ အောင်မြင်ခြင်းငှာ။ န သက္ကာ၊ မတတ်ကောင်းချေ။ ဓနေန ဝါ၊ ပစ္စည်းပေးသဖြင့်လည်း။ ဇေတုံ၊ အောင်မြင်ခြင်းငှာ။ န သက္ကာ၊ မတတ်ကောင်းချေ။

## ဆရာတော်ဦးကြည်၏ ထူးဆန်းသောအဖြစ်အပျက်များ

ဆရာတော်ဦးကြည်သည် ဝိနယဂရုက၊ သီလဝန္တ၊ သိက္ခာကာမပုဂ္ဂိုလ်မြတ်ကြီးဖြစ်ရာ ထူးဆန်းသောအဖြစ်အပျက်တို့မှာ များလှကုန်၏။ ဆရာတော်ဦးကြည်၌ ကြည်ညိုသဒ္ဓါတရားများတိုးပွားရန် ဤနည်းငယ် ကြားသိရသည့်အတိုင်း ဖော်ပြအပ်ပါသည်။

## ဆရာတော်နှင့်ပြန်ပေး

ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကြောင့် ပခုက္ကူနှင့်တကွ နယ်လူထုများစွာတို့ ဆရာတော်အား များစွာကြည်ညိုကြကုန်၏။ ပြန်ပေးသမားလူဆိုးများတို့သည် တစ်ညတွင် ဆရာတော်သီတင်းသုံးရာ သဲပုံစေတီတောင်တောရကျောင်းသို့ရောက်လာကြပြီး ဝေယျာဥ်ဖြင့်ပင့်၍ ပြန်ပေးခေါ်ကြကုန်၏။ ပြန်ပေးသမားတို့သည် ဆရာတော်အားပင့်ခေါ်၍ ခရီးဝေးရောက်ပြီဟု အမှတ်ဖြင့်ချ၍ ဝက်မည်ပြုကြရာ ဆရာတော်သီတင်းသုံးမြဲဖြစ်သည့် သဲပုံစေတီတောင်တောရကျောင်းပင်ဖြစ်နေသည့်သဖြင့် လက်လျှော့ထွက်ပြေးကြကုန်၏။

## ဆရာတော်နှင့်ဆင်ကြမ်း

ဆရာတော်ဆွမ်းခံကြွစဉ်အခါတွင် မမျှော်လင့်ပဲ သစ်ကုမ္ပဏီမှ အမုန်ယစ်သော ဆင်ကြမ်းကြီးတစ်ကောင်နှင့်ရင်ဆိုင်မိ၏။ ဆင်ကြမ်းသည် ဆရာတော်အား ရန်ပြုအံ့သောအမူအရာကိုပြုတော်မူသော်လည်း ဆရာတော်မှာ ပကတိတည်ငြိမ်သောက္လန္ဒြေဖြင့် ကြွမြဲတိုင်းသာ ကြွတော်မူ၏။ ဆင်ကြမ်းသည်လည်း တစုံတရာ ရန်မပြုတော့ပဲ သွားလမ်းဖြင့်ပင်သွား၏။

## ဆရာတော်နှင့်မြွေများ

ဆရာတော်သည် ပခုက္ကူပုထိုးတိုက်နှင့်သဲပုံစေတီတောရတောင်ကျောင်းမှာ အခေါက်ခေါက်အခါခါ နေ့ညမရွေး ကြွမြဲ၊ ပြန်မြဲဖြစ်၏။ တခါလမ်း၌ ခွေနေသော မြွေပွေးတကောင်ကို နင်းမိ၏။ မြွေပွေးသည် တစုံတရာရန်မပြုပဲ၊ မကိုက်ပဲ ငြိမ်၍ သာနေမိလေသည်။ ဤသို့ဖြင့် ဆရာတော်မေတ္တာဓာတ်ကြောင့် မြွေသတ္တဝါများပင် ဆရာတော်အား အန္တရာယ်မပြုကြကုန်၏။

## ဆရာတော်နှင့်ညွှတ်ကွင်း

တစ်ခါကလည်း တောရကျောင်းအကြွ ယာခင်းထဲ၌ ဆရာတော်၏ခြေတောက်မှာ မုဆိုးများပတတ်ထောင်သည့်ညွှတ်ကွင်း စွပ်မိလေ၏။ ဆရာတော်သည် တော်တော်ကြာမျှဆက်လက်မကြွပဲ ရပ်၍သာနေ၏။ ညွှတ်ကွင်းရှင်မုဆိုးလာဖြုတ်မှ ဆက်ကြွတော်မူ၏။

## ဆရာတော်နှင့်ကလေးများ

ဆရာတော် ပခုက္ကူမြို့ထဲ ဆွမ်းခံဝင်ကြွစဉ် ကြွမည့်လမ်းတလျှောက်၌ ဒကာ၊ဒကာမတို့ အဝတ်အထည်များ၊ ခေါင်းပေါင်းများ ခင်းပေးကြကုန်၏။ ကလေးသူငယ်များကလည်း လူကြီးများပြုလုပ်ကြသည်ကိုအားကျကာ မိမိတို့ဝတ်ထားသည့် ပုဆိုးများကိုချွတ်၍ ဆရာတော်ကြွမည့်လမ်း၌ခင်းပေးကြ၍ ဆရာတော်ဘုရား တပည့်တော်တို့အခင်းပေါ်ကြွတော်မူပါဟု လျှောက်ထားကြ၍ ဦးချနေကြကုန်၏။

ထေရဿ သီလတေဇေန၊ မနုဿာ အဘိပူဇိသုံ။
ထေရံ ထိရဂုဏော ယုတ္တံ၊ သီလဝန္တံ ယတုတ္တမံ။

■ ■ ■

# ပဏ္ဍာဝံသာဘိလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ပဏ္ဍာဝံသ

မြဲတောင်ဆရာတော်ကလေးဟူ၍လည်းကောင်း၊ မင်းကွန်းဆရာတော်ကလေးဟူ၍လည်းကောင်း ထင်ရှားသော "ပဏ္ဍာဝံသာဘိလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ပဏ္ဍာဝံသသည်လည်း မန္တလေးမြို့ မြောက်ပြင် မဟာဇောတိကာရာမတိုက်တော်ကြီး၌ ပညာသင်ကြားတော်မူခဲ့သည့် မထေရ်မြတ်ဖြစ်တော်မူသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

မန္တလေးမြို့အနောက်ဖက် အာလောင်ကျွန်း၌ သက္ကရာဇ် ၁၂၀၅–ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅–ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင် ရဟန်းပြုသာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။

## ပညာသင်ကြားခြင်း

အဂ္ဂမဟာလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ သင်္ဂဇာ ဆရာတော်ဘုရားကြီးထံ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့ရာ ငယ်စဉ်အခါ သာမဏေဘဝကပင် စာပေကျွမ်းကျင်သောပုဂ္ဂိုလ်အဖြစ်ထင်ရှားခဲ့လေသည်။ ရွှေကျင် ဆရာတော်၊ စလင်းဆရာတော်၊ မဟာမိုလ်ဆရာတော်၊ မြို့ပြင်ကြီးဂိုဏ်းအုပ်ဆရာတော်တို့ထံ၌လည်း တိပိဋကကျမ်းဂန်ကို မဟုဿာဟ ဖွဲလုံ့လဖြင့် သင်ယူတော်မူခဲ့လေသည်။

## မဟာဇောတိကာရာမတိုက်၌ ဆက်လက်သင်ကြားခြင်း

ၡင်းပြင် မန္တလေးမြို့မြောက်ပြင် မဟာဇောတိကာရာမ(စံကျောင်း)တိုက်သို့ ရောက်ရှိ၍ "ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် ၂–ထပ်ရဆရာတော်ဘုရားကြီး အရှင်သုဒဿနထံ နည်းနာနယအဝဝကြီးမားလှသော ဖွဲလုံ့လဖြင့် သင်ယူတော်မူခဲ့လေသည်။

## ကျောင်းတော်ရာရွှေကျင်တိုက်၌ သီတင်းသုံးခြင်း

ဆရာတော်ကား ၀ါသဓုရကြိုးပမ်းရန်လည်း ဆန္ဒထက်သန်တော်မူသည်။ သို့နှင့် မင်းကွန်းဥဒုမ္ဗရချောင်၌သီတင်းသုံး၍ ၀ါသဓုရ အလုပ်ကြိုးကုတ်တော်မူခဲ့လေသည်။ အောက်မြို့ကျေးရွာသို့ကြွတော်မူစဉ် ရွှေကျင်ဆရာတော်ဘုရားကြီးနှင့်တွေ့သဖြင့် ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော်အရှေ့ဖက်ရှိ ကျောင်းတော်ရာရွှေကျင်တိုက်၌ ရွှေကျင်ဆရာတော်ဘုရားကြီးနှင့်အတူ ၁-၀ါ သီတင်းသုံးတော်မူခဲ့လေသည်။

## မြတောင်ဆရာတော်ကလေးဟု ကျော်စောခြင်း

၎င်းနောက် ''သီရိပ၀ရမဟာရာဇိန္ဒာဘိသုဓမ္မရတနာစန္ဒာဒေဝီ''ဘွဲ့ခံ အရှင်နန်းမတော်မိဖုရားခေါင်ကြီးက မဏိရတနာရာမမြတောင်တိုက်သို့ပင့်လျှောက်သဖြင့် မြတောင်တိုက်၌သီတင်းသုံးတော်မူခဲ့လေသည်။ မြတောင်တိုက်အတွင်းရှိ ဒေး၀န်းအကောက်၀န်ကျောင်း၌သီတင်းသုံး၍ စာလိုက်သံဃာများစွာတို့အား စာပေချပို့ ပရိယတ္တိသာသနာချီးမြှောက်တော်မူရာ ''မြတောင်ဆရာတော်ကလေး''ဟု ကျော်စောခဲ့လေသည်။

## ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

သက္ကရာဇ် ၁၂၄၇-ခုနှစ်၊ ၀ါခေါင်လပြည့်ကျော် ၁-ရက်နေ့၊ မြတောင်တိုက်တော်သံဃာကုန်စာရေးတံအလှူပွဲတော်တွင် မာရ်အောင်ရတနာစေတီတော်ဒါယကာသီပေါမင်းတရား ဆက်ကပ်လှူဒါန်းသည့် ''ပဏ္ဍာ၀ံသာဘိလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု''ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။ ထိုစဉ်က ဆရာတော် အရှင်ပဏ္ဍာ၀ံသနှင့်အတူ -

၁။ အရှင်သုမနသည် ''သုမနာဘိလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း။

၂။ အရှင်တေဇောသာရသည် ''တေဇောသာရာဘိလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း။

၃။ အရှင်ပုညိန္ဒသည် "ပုညိန္ဒာဘိလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အလှူခံရရှိတော်မူခဲ့လေသည်[၁] ။

## ကျမ်းဂန်များပြုစီရင်ခြင်း

ဆရာတော်အရှင်ပဏ္ဍိစ္စသည် ကျမ်းဂန်များစွာတို့ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ –

၁။ ဓာတုမဥ္ဇူသာကျမ်း  ၂။ ဆန်းဋီကာကျမ်း
၃။ ဓာတွတ္ထဒီပနီကျမ်း  ၄။ ပညတ်နက်ကျမ်း
၅။ ပဋ္ဌစတ္တာလီသပုစ္ဆာကျမ်း
၆။ သတပဒိကပုစ္ဆဝိသဇ္ဇနာကျမ်း – စသည်တို့ ဖြစ်ကုန်၏။

## ပညတ်နက်ကျမ်း

ဖော်ပြပါကျမ်းများအနက် ပညတ်နက်ကျမ်းမှာ "ပညတ္တတ္ထာဝလိ" ပိဋကသုံးလာပညတ်နက်စဉ်ကျမ်းပင်ဖြစ်ကြောင်း –

**အသချေယျပညတ္တိဟိ၊ ဝန္ဒိတွာ ဝဏ္ဏိတံ ဇိနံ။**
**သသဒ္ဓမ္မံ ဂဏံ ကဿံ၊ ပညတ္တတ္ထာ ဝလိံ သုဘံ။**

ဟူသောဂါထာတွင် ပညတ္တတ္ထာဝလိ၊ ပိဋကတ်သုံးပုံအလုံးစုံတို့၌လာသော ပညတ်တည်းဟူသော အနက်အစဉ်ကိုပြရာပြကြောင်း ဆုံးဖြတ်ရာဆုံးဖြတ်ကြောင်းဖြစ်သောကြောင့် ပညတ္တတ္ထာဝလိအမည်ရှိသောကျမ်းကို။ ဝါ၊ ပညတ်နက်ကျမ်းကို။ ကရိဿာမိ၊ လုံ့လကြိုးကုတ် အားပန်းထုတ်၍ ပြုလုပ်စီရင်ပေအံ့။ ဟူသောစကားဖြင့် သိသာလေသည်။

## ပဋ္ဌစတ္တာလီသပုစ္ဆာကျမ်း

ပဋ္ဌစတ္တာလီသပုစ္ဆာကျမ်းမှာ မာန်လည်ဆရာတော်ဘုရားကြီးက သက္ကရာဇ်

---

၁။ စစ်ကိုင်းသာသနာ ဝင် –၂၇၆။ သာသနာဝင်ဘွဲ့တံဆိပ်တော်များသမိုင်း –၆၂ ကြည့်။

၁၂၄၄–ခုနှစ်၊ ကဆုန်လဆန်း ၈–ရက်နေ့တွင် သိမ်မွေ့ခက်ခဲသည့်အချက်ပေါင်း ၁၀၀–ကို ဒွေးချိုး၊ လေးချိုး၊ တေးထပ်တို့ဖြင့် ပုစ္ဆာထုတ်ဆင့်၍ အရှင်ပဏ္ဍဝံသက ဒွေးချိုး၊ လေးချိုး၊ တေးထပ်တို့ဖြင့် ဖြေဆိုတော်မူခဲ့လေသည်။ ယင်းအဖြေတို့ကို စုပေါင်းစီရင်သည့်ကျမ်းဖြစ်လေသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဤသို့ဖြင့် များစွာအလုပ်လုပ်သော မဟာဇောတိကာရာမ(စံကျောင်း) တိုက်၌လည်း ပညာသင်ကြားခဲ့ဘူးသော မြတောင်ဆရာတော်ကလေး၊ မင်းကွန်း ဆရာတော်ဟူ၍ ကျော်စောတော်မူသော ဆရာတော်ပဏ္ဍဝံသသည် သက်တော် ၄၃–နှစ်အရွယ်နုနယ်စဉ်ရှိသေးရာ ၁၂၄၈–ခုနှစ်၊ ကဆုန်လတွင် ဘဝနတ်ထံပျံလွန် တော်မူခဲ့လေသည်[၁] ။

## သံဝေဂယူရန်

သဗ္ဗေ သတ္တာ မရိဿန္တိ၊ မရဏန္တံ ဟိ ဇီဝိတံ။
ယထာကမ္မံ ဂမိဿန္တိ၊ ပုညပါပဖလူပဂါ။
နိရယံ ပါပကမ္မန္တာ၊ ပုညကမ္မာ စ သုဂ္ဂတိံ [၂] ။

သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ မရိဿန္တိ၊ စုတိပြတ်ကြွေ သေလွန်ကုန်လိမ့်လတ္တံ့။ ဇီဝိတံ၊ အသက်ဝိညာဉ် ရှင်ရခြင်း သည်။ မရဏန္တံဟိ၊ စုတိပြတ်ကြွေ သေလွန်ခြင်းလျှင် အဆုံးရှိသည်သာ။ ပုညပါပ ဖလူပဂါ၊ ကောင်းကျိုးဆိုးကျိုးသို့ကပ်ရောက်ကြကုန်သည်ဖြစ်၍။ ယထာကမ္မံ၊ မိမိတို့ ပြုလုပ်စီမံ ကံအားလျော်စွာ။ ဂမိဿန္တိ၊ သွားရောက်ကြရကုန်လိမ့်လတ္တံ့။ ပုည ကမ္မာ စ၊ ကောင်းမှုရှိသောသူတို့သည်ကား။ သုဂ္ဂတိံ၊ လူ့ရပ်နတ်ထံ ကောင်းမှု ကံပြုသူတို့၏ ဘုံဘဝသို့၊ ဂမိဿန္တိ၊ သွားရောက်ကြရကုန်လိမ့်လတ္တံ့။

---

၁။ စစ်ကိုင်းသာသနာဝင်– ၂၇၅–၂၇၉ ကြည့်။

၂။ အကျယ်မန္တလေး သာသနာဝင် ၈–မဏိရတနာရာမမြတောင်သာသနာဝင်လည်းကြည့်။ သံ၊ ၁။ ၉၈။ နေတ္တိ– ၇၉။ ပေဋက– ၁၇၄။)

# ဝိသုဒ္ဓသီလာစာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု
# ဝိသုဒ္ဓသီလာစာရဓဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု
# ဝိသုဒ္ဓသီလာစာရသီရိပဝရဓမ္မသေနာပတိ မဟာသံဃရာဇာ
# D.Lit-D.Litt = Doctor of Litreture စာပေပါရဂူ
# ဘွဲ့တံဆိပ်တော် ၄-ထပ်ရ
# တောင်ခွင်သာသနပိုင်ဆရာတော်ဘုရားကြီး
# အရှင်ဝိသုဒ္ဓါစာရ

တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဝိသုဒ္ဓါစာရသည် မြန်မာနိုင်ငံ၌ နောက်ဆုံးသာသနာပိုင်အဖြစ် ကျော်ဇောထင်ရှားတော်မူခဲ့လေသည်။

## ဖွားမြင်တော်မူခြင်း

အမရပူရမြို့၊ ရွှေစကားဘုရားအနီး မင်္ဂလာရပ် အဖမင်းတုန်းတောင်စဉ် ခုနှစ်ခရိုင်စစ်ကဲတော်ကြီး ရခိုင်လေးမြို့စာရေးတော်ကြီး အင်းယဉ်ဇေယျရွှေတောင် နော်ရထာအမတ်ကြီး၏သား ဦးမောင်မောင်၊ အမိရတနာပူရစတုတ္ထမြို့တည်မင်း တရားကြီး၏ရိုးရင်းတော်ဖတ် အဂ္ဂမဟာသေနာပတိဝန်ရှင်တော် ကျောက်ဆောက် မြို့စားမင်းကြီးမဟာသီဟသူ၏သမီး ဒေါ်ရွှေဝေတို့မှ သက္ကရာဇ် ၁၂၀၆-ခုနှစ်၊ နတ်တော်လဆန်း ၄-ရက်၊ ဗုဒ္ဓဟူးနေ့နံနက် လေးပဟိုရ်အချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည်မှာ မောင်လွတ် ဖြစ်လေသည်။

## ဘုံကျော်ဆရာတော်ဘုရားကြီးထံ ပညာသင်ကြားခြင်း

သက်တော် ၁၀-နှစ်အရွယ်တွင် အမရပူရမြို့အရှေ့တောင်ယွန်းမြစ်ကွေ့ မြို့စားဝန်ကြီးမင်းဆောက်လုပ်သော ဘုံကျော်ကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူ သော ''ပညာသာမိကဝိသာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု''ဘွဲ့တံဆိပ်တော်ရ ဘုံကျော်ဆရာတော်ဘုရားကြီး အရှင်ပညာသာမိထံ မိဖတို့ကအပ်နှံသဖြင့် ရောက်ရှိ နေထိုင်ရာအောက်ခြေစာပေများကို သင်ကြားတော်မူခဲ့လေသည်။

## ရှင် ရဟန်းပြု၍ သာသနာ့ဝန်ထမ်းဆောင်ခြင်း

သက်တော် တစ်ဆယ့်လေးနှစ်အရွယ်တွင် ဘုံကျော်ဆရာတော်ဘုရားကြီး အရှင်ပညာသာမိမဟာထေရ်ကိုဥပဇ္ဈာယ်ပြု၍ သာမဏေဝတ် သာသနာ့ဝန်ထမ်း ဆောင်တော်မူခဲ့လေသည်။ သက်တော် ၂၀–နှစ်ပြည့်တွင် လောကီယသမ္ပဒါတို့ ထက် ဆတက်လွန်ကျူးထူးမြတ်သော ရဟန်းပဋ္ဌင်းအဖြစ်သို့ ရောက်တော်မူခဲ့လေ သည်။ သာမဏေဘွဲ့ ရှင်ဝိသုဒ္ဓါစာရ၊ ရဟန်းဘွဲ့ အရှင်ဝိသုဒ္ဓါစာရ ဖြစ်လေသည်။ ရဟန်းအဖြစ်နှင့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေ သည်။

## စံကျောင်းတိုက်၌ သီတင်းသုံးပညာသင်ကြားခြင်း

ရဟန်းသိက္ခာ ခုနှစ်ဝါရသောအခါ မန္တလေးမြို့မြောက်ပြင် မဟာဇောတိကာ ရာမ(စံကျောင်း)တိုက် သီတင်းသုံးတော်မူသော ''သုဒဿနဝရဓမ္မသာမိမဟာဓမ္မရာ ဇာဓိရာဇဂုရု''ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးအရှင်သုဒဿန ထံရောက်ရှိ သီတင်းသုံးကာ ဆက်လက်ပညာသင်ကြားခဲ့လေသည်။

## ဝိဘင်းပါဠိတော်နှင့် ပဋ္ဌာန်းပါဠိတော်ပြန်ဆိုခြင်း

ရဟန်းသိက္ခာ ရှစ်ဝါအရ ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးလက် ထက်တွင် မြေနန်းတော်တွင်ကျင်းပပြုလုပ်သောစာပြန်ပွဲ၌ အဘိဓမ္မပိဋက ဝိဘင်းပါ ဠိတော်၊ ပဋ္ဌာန်းပါဠိတော်တို့ကို ပြန်ဆိုအောင်မြင်တော်မူသဖြင့် ဆင်စွယ်တံဆိပ်ကို အလှူခံရရှိတော်မူခဲ့လေသည်။ အရှင်ဝိသုဒ္ဓါစာရ၏စွမ်းဆောင်မှုသည် တရှိန်တည်း ကျော်ဇောလာခဲ့သည်။

## စံကျောင်းတိုက်၌ ငါးဝါပတ်လုံးစာချခြင်း

ရဟန်းသိက္ခာ ၁၀–ဝါအရတွင် ဂဏဝါစက ပဌမစာချကြီးဖြစ်၍ မဟာဇော တိကာရာမစံကျောင်းတိုက်ကြီးအတွင်း မိဖုရားခေါင်ကြီး ဆောက်လုပ်သော ကျောင်း၌ သီတင်းသုံး၍ ငါးဝါပတ်လုံး သီတင်းသုံးစာချ ပရိယတ္တိသာသနာကို များစွာ ချီးမြှောက်တော်မူခဲ့လေသည်။

## ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော် ၂–ထပ်အလှူခံရရှိခြင်း

သီပေါမင်းနန်းတက်သောအခါ ရတနာပုံနေပြည်တော်အနောက်တောင်ယွန်းတွင် ဝန့်ရှင်တော် တောင်ခွင်မြို့စား သတိုးမင်းကြီးမဟာမင်းထင်စည်သူ ဆောက်လုပ် လှူဒါန်းသည့်ကျောင်းတော်ကြီး၌ သီတင်းသုံးစဉ် ဝါတော် ၁၈–ဝါရရှိရာ ၁၂၄၆–ခုနှစ်တွင် သီပေါမင်းတရားဆက်ကပ်လှူဒါန်းသည့် "ဝိသုဒ္ဓသီလာစာရကဝိဓဇမဟာ ဓမ္မရာဇာဓိရာဇဂုရု" ပဌမဘွဲ့တံဆိပ်တော်နှင့် ၁၂၄၇–ခုနှစ်တွင် ဆက်ကပ်လှူဒါန်းသည့် "ဝိသုဒ္ဓသီလာစာရဓဇသီရိပဝရမဟာဓမ္မ ရာဇာဓိရာဇဂုရု"ဟူသော ဒုတိယဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

## ဝိသုဒ္ဓသီလာစာရပဝရဓမ္မသေနာပတိမဟာသံဃရာဇာ ဘွဲ့တံဆိပ်အလှူခံရရှိခြင်း၊ သာသနာပိုင်ဖြစ်ခြင်း

ထို့နောက် အင်္ဂလိပ်အစိုးရလက်ထက် သိက္ခာဝါ ၃၉–ဝါမြောက်၊ သက္ကရာဇ် ၁၂၆၅–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀–ရက်၊ သောကြာနေ့တွင် သတ္တမ ဒွေတ်ဘုရင်မင်းမြတ်ကိုယ်စား အိန္ဒိယဘုရင်ခံချုပ်၏ မြန်မာနိုင်ငံဘုရင်ခံမင်းကြီး ဆာဟူးဗန်းသို့လွှဲအပ်ကာ မန္တလေးတောင်ခြေရှိ သုဓမ္မာဇရပ်တော်တွင် ခမ်းနားကြီးကျယ်စွာမင်းပွဲသဘင် ဆင်ယင်ကျင်းပလျှက် ဘာနပ်အမိန့်တော်နှင့်တကွ "ဝိသုဒ္ဓသီလာစာရသီရိပဝရဓမ္မသေနာပတိမဟာသံဃရာဇာ" ဘွဲ့တံဆိပ်ကို ဆက်ကပ်လှူဒါန်းခြင်းခံရသဖြင့် သံဃိသဃရသံဃဦးကိုင် သာသနာပိုင်အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

## D.Lit - L.Litt (ဒီလစ်) ဘွဲ့တံဆိပ်အလှူခံရရှိခြင်း

သက္ကရာဇ် ၁၂၉၄–ခုနှစ်တွင် လောကီလောကုတ္တရာကျမ်းဂန်အရပ်ရပ်တို့၌ လွန်စွာတတ်ကျွမ်းလိမ္မာခြင်းကို အကြောင်းပြု၍ ဘုရင်ခံကြီးဆာချာအင်းနစ် အမှူးရှိသော ယူနီဗာစီတီသိပ္ပံကျောင်းကြီး၏ ဆီးနိတ်လူကြီးများအဖွဲ့၏ မြန်မာစာပေကျမ်းဂန်ပိဋကတ်အရာပါရဂူမြောက် "**D.Lit = D.Litt = Doctor of Litreture**" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

## ကျမ်းဂန်များပြုစီရင်ခြင်း

တောင်ခွင်သာသနာပိုင်ဆရာတော်ဘုရားကြီးသည် ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ –

၁။ ပဋ္ဌိပတ္တိက္ကမဒီပနီကျမ်း
၂။ ဩသဓသင်္ဂဟဆေးကျမ်း
၃။ ဂုဠှတ္ထဝိနိစ္ဆယကျမ်း (ပဌမတွဲ)
၄။ ဂုဠှတ္ထဝိနိစ္ဆယကျမ်း (ဒုတိယတွဲ)
၅။ ဝိနိစ္ဆယကျမ်း – စသည်တို့ဖြစ်ကုန်၏။

## အမရပူရမြို့ ဘုံကျော်ကျောင်းတိုက်၌သီတင်းသုံးခြင်း

သက်တော် ၈၀–ကျော်သောအခါ အသက်အရွယ်ကြီးရင့်ပြီးဖြစ်သဖြင့် သာသနာရေး၊ သာသနာမှုများကိုစီရင်ဆုံးဖြတ်ရန် သုဓမ္မာဆရာတော်တို့အား လွှဲအပ်ကာ ချမ်းသာစွာ သီတင်းသုံးတော်မူလိုသဖြင့် မိမိငယ်စဉ်က သာမဏေဖြစ်ခဲ့ရာ အမရပူရမြို့(တံခွန်တိုင်) ဘုံကျော်တိုက်ကြီးသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူခဲ့လေသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

တောင်ခွင်သာသနာပိုင်ဆရာတော်ဘုရားကြီးသည် သက်တော် ၉၄–နှစ်၊ သိက္ခာတော် ၇၅–ဝါ ရရှိရာ သက္ကရာဇ် ၁၂၉၉–ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂–ရက်၊ ကြာသပတေးနေ့၊ နံနက် ၇–နာရီ၊ ၁၅–မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်[၁] ။

---

၁။ အကျယ်မန္တလေးသာသနာဝင်– ၇။ တောင်ခွင် သာသနာဝင်ကြည့်။

## သံဝေဂယူရန်

အသီတိကိမိကုလာနံ၊ ရောဂါနန္တရဗာဟိယံ။
သာခါရဏော ဝသာ တေသံ၊ ကာယော မစ္စု နိဂစ္ဆတိ။

ယထာ ဟိ သရာဒယော လက္ခေ၊ ကာယေပိ သဗ္ဗုပဒ္ဒဝါ။
သွာယံ တေသမ္ပိ ပါတေန၊ ကာယော မစ္စု နိဂစ္ဆတိ။

ကာယော၊ ခန္ဓာကိုယ်ရုပ် အကောင်ပုပ်သည်။ အသီတိကိမိကုလာနံ၊ ရေသားကျောရိုး ရိုးတွင်းခြင်ဆီ မှီနေစားသောက် သေပျောက်မွေးဖွား နာဖျားကြီးငယ် ကျင်စွန့်ပယ်သည့် ရှစ်ဆယ်ခေါ်ရိုး ပိုးမျိုးအပေါင်းတို့နှင့်လည်း။ သာခါရဏော၊ ပိုင်ဆိုင်ဆက်ဆံချေ၏။ တေသံ၊ ထိုပိုးမျိုးရှစ်ဆယ်တို့၏။ ဝသာ၊ အစွမ်းကြောင့်။ ကာယော၊ နာမ် ဝိညာဉ်မှ ခန္ဓာကိုယ်ရုပ်သည်။ မစ္စု၊ သေဆုံးပျက်စီးခြင်းသို့။ နိဂစ္ဆတိ၊ မလွဲမဖောက် ကေန်ရောက်တတ်ချေ၏။ အနန္တရဗာဟိယံ-အနန္တရဗာဟိယာနံ၊ ကိုယ်တွင်းကိုယ်ပ၌ဖြစ်ကုန်သော။ ရောဂါနံ၊ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့နှင့်လည်း။ သာခါရဏော၊ ဆက်ဆံ၍နေချေ၏။ တေသံ၊ ထိုကိုးဆယ်ခြောက်ဖြာ ဘေးရောဂါတို့၏။ ဝသာ၊ အစွမ်းကြောင့်။ ကာယော၊ နာမ် ဝိညာဉ်မှ ခန္ဓာရုပ်သည်။ မစ္စု၊ သေဆုံးပျက်စီးခြင်းသို့။ နိဂစ္ဆတိ- မလွဲမဖောက်ရောက်၏။

ဟိ၊ နှိုင်းခိုင်းဖွယ်ရာ ဥပမာကား။ လက္ခေ၊ မှတ်တိုင်ထက်၌။ သရာဒယော၊ မြှား လှံစသား လက်နက်များတို့သည်။ ပတန္တိ ယထာ၊ ကျရောက်ကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ ကာယေပိ၊ ခန္ဓာကိုယ်ရုပ် အကောင်ပုပ်လည်း။ သဗ္ဗုပဒ္ဒဝါ၊ အလုံးစုံသော ဘေးဥပါဒ်တို့သည်။ ပတန္တိ၊ ကျရောက်ကုန်၏။ တေသမ္ပိ၊ ထိုဘေးဥပါဒ်ဒဏ်ချက်တို့၏လည်း။ ပါတေန၊ အပေါက်ပေါက်ကျရောက်ခြင်းကြောင့်။ မစ္စု၊ သေဆုံးပျက်စီးခြင်းတို့။ နိဂစ္ဆတိ၊ မလွဲမဖောက် ရောက်ရချေ၏။

■■■

## ပဌမကျော်စာချဆရာတော် အရှင်အာဒိစ္စ

ပဌမကျော်စာချဆရာတော် အရှင်အာဒိစ္စသည်လည်း မဟာဇောတိကာရာမစံကျောင်းတိုက်ကြီး ၌ ပညာသင်ကြားခဲ့သည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။ နောက် တွင်လူဖြစ်၍ ပဌမကျော်ဆရာကြီး ဦးအုန်းဟုထင်ရှားလေသည်။

အရှင်အာဒိစ္စသည် နွားထိုးကြီးတိုက်အဝင်အပါ ရမည်းသင်းစီရင်စု အလည်ကုန်းရွာ၌ အဖဦးတုပ်ပေါ၊ အမိဒေါ်ကူးတို့မှ သက္ကရာဇ် ၁၂၀၈–ခုနှစ်၊ တော်သလင်းလဆန်း ၈–ရက်၊ တနင်္ဂနွေနေ့၊ နေ့တစ်ချက်တီးကျော်အချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်။

### ပညာသင် ရှင်သာမဏေဝတ်

သက်တော် ၉–နှစ်ရှိရာ ၁၂၁၇–ခုနှစ်တွင် အင်းကုန်းကျောင်းတိုက် ဂိုဏ်းထောက်ဆရာတော်အရှင်သုဒဿနထံ ရောက်ရှိပညာသင်ကြားတော်မူခဲ့လေသည်။ ၁၂၂၃–ခုနှစ်တွင် ဆရာတော်အရှင်သုဒဿနကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဝတ်သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ ၄–နှစ်ဆက်တိုက် ဥပဇ္ဈာယ်ဆရာတော်၏ခြေတော်ရင်း၌ ဆက်လက်ပညာသင်ကြားစေတော်မူခဲ့လေသည်။ ပဌမသံဂါယနာတင်မင်းတရားကြီးနန်းသက် ၁၃–နှစ်မြောက် ၁၂၂၇–ခုနှစ်တွင် မန္တလေးမြို့တော်သို့ကြွရောက်၍ မဏ္ဍလာရာမတိုက် ပြည်ဆရာတော်ဘုရားကြီး ဝိစိတ္တာဘိဓဇဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု စသည့်ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ဝိစိတ္တထံ၌ အဌကထာ၊ ဋီကာများကို သင်ကြားတော်မူခဲ့လေ သည်။

### ပဌမကျော်အောင်ရဟန်းပြု

သက္ကရာဇ် ၁၂၂၈–ခုနှစ်၊ နယုန်လတွင်ကျင်းပအပ်သော ပဌမပြန်စာမေးပွဲသဘင်ကြီး၌ သဒ္ဒါ၊ သင်္ဂြိုဟ်မုစ၍ ပဌာန်း ၆–တိက်တိုင်အောင်ပြန်ဆိုကာ ပဌမကျော်အောင်ပန်းကို ဆွတ်လှမ်းခဲ့လေသည်။ ၎င်းနှစ်မှာပင် သက်တော် ၂၀–ပြည့်မြောက်သဖြင့် မဏ္ဍလာရာမဆရာတော်ဘုရားကြီး "အရှင်ဝိစိတ္တကို[၁] ဥပဇ္ဈာယ်

---

၁။ ပဌမပြည်ဆရာတော်ဘုရားကြီးမှာ ၁၂၂၅–ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၃–ရက်နေ့က ပျံလွန်၍ ဦးဝိစိတ္တမဏ္ဍာလာရာမတိုက်ဆရာတော်ဖြစ်သည်။ အရှင်ဝိစိတ္တကား သီပေါမင်း၏ ဝိစိတ္တာဘိဓဇဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု– ဒုတိယတံဆိပ်တော်ကိုရရှိ၏။

ပြု၍ ရဟန်းအဖြစ်သို့ရောက်ခဲ့လေသည်။ ပြည်ဆရာတော် ဘုရားကြီးထံ၌ ဆက်လက် ပညာသင်ကြားခဲ့လေသည်။

## စံကျောင်းဆရာတော်ထံ ပညာသင်ကြားခြင်း

''မဟာဇောတိကာရာမ''စံကျောင်းဆရာတော်ဘုရားကြီး ''သုဒဿနဝရ ဓမ္မသာမိမဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်သုဒဿန ထံနည်းနာနယ ကောင်းစွာရအောင် ပညာသင်ကြား တတ်မြောက်တော်မူခဲ့လေသည်။ စံကျောင်းဆရာတော်ဘုရားကြီးက များစွာပင် ချီးမြှောက်လေသည်။

**အာဒိစ္စော နဝကောယေဝ၊ စံကျောင်းအာစေရသန္တိကေ။**
**သိက္ခာတဗ္ဗေ သုသိက္ခိတွာ၊ နာနာဂန္ထေသု ကောဝိဒေါ။**

အထူးသဖြင့် အရှင်အာဒိစ္စသည် အဘိဓမ္မညဝါအရာ၌လွန်စွာနိုင်နင်းတတ် မြောက်တော်မူလေသည်။ လွန်စွာလည်း စိတ်ဝင်စားလေ့ရှိ၏။ ၁၂၃၅-ခုနှစ်တွင် ပဌမစာချအဖြစ် မင်းတရားကြီး၏ချီးမြှောက်လှူဒါန်းခြင်း၊ ၁၂၄၀-ပြည့်နှစ်တွင် ပဥ္စမသံဂါယနာတင်မင်းတရားကြီး နတ်ရွာစံတော်မူ၍ သားတော်သီပေါမင်းတရား နန်းတက်သောအခါတွင်လည်း ဆက်လက်၍ကိုးကွယ်ထောက်ပံ့လှူဒါန်းခြင်း ခံရလေသည်။

## လူ့ဘောင်ဆင်းခဲ့ခြင်း

၁၂၄၇-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈-ရက်နေ့တွင် သီပေါမင်းပါတော်မူ၍ ထီးကျိုးစည်ပေါက်ဖြစ်သောအခါတွင် အရှင်အာဒိစ္စမှာ တိုင်းပြည်အတွက် သံယော ဇဉ်ကြီးလွန်းသူဖြစ်ရကား ယောနိသောမနသိကာရ နည်းပါးခဲ့သဖြင့် များစွာမှုငြီးငွေ့ခဲ့သည်။ ၁၂၄၈-ခုနှစ်တွင် သာသနာဘောင်မှဆင်းခဲ့ပြီး ကြောင့်ကြမဲ့ မနေပဲ ¯တောင်မြို့၌နေထိုင်၍ အဘိဓမ္မာ ညဝါများကို တွင်တွင်ကြီးချပို့ခဲ့ရာ ညဝါတတ် တပည့်တို့များစွာ ထွန်းကားလာကုန်၏။ ဆရာကြီးဦးအုန်းသည် သက် တော် ၇၉-နှစ်ကျော် သည့်တိုင်အောင် ဥပုသ်သီတင်းစောင့်သုံး၍ အဘိဓမ္မာ ညဝါများ ချပို့ခဲ့လေသည်။

## အဘိဓမ္မာတံခွန်ကျမ်းကြီး

ဆရာကြီးသည် အဘိဓမ္မာညဝါကို ဆရာလွတ်တတ်မြောက်ရေးတွေးတော ရည်မှန်းကာအဘိဓမ္မာညဝါတံခွန်ကျမ်းကြီးကို ပြုစုရေးသားခဲ့လေသည်။

ကျမ်းဦး၌ –

၁။ သမ္ဘာလေတု မုနိဿရော၊ အနန္တဉာဏိကော ဝီရော။
ဟတမောဟတမော ထိရော၊ ဇိနော မေ မာနသံ ဓီရံ။

၂။ သာရသေဋ္ဌေဟိ သမ္ဘုဏ္ဍံ၊ ဝက္ခာမေတံ သုပါကဋံ။
သုဏာထ သာဓုကံ တုမှေ၊ သာဓဝေါ တံ သုမာနသာ။

၁။ မုနိဿရော၊ သာဂါရိယအနာဂါရိယသေခ၊ အသေခ၊ ပစ္စေကဟု စသည် များစွာမုနိတကာတို့ကို စိုးမိုးနိုပ်နင်း မင်းမင်းတဆူဖြစ်တော်မူထသော။ အနန္တဉာဏိကော၊ ဆုံးစမမြင်ထင်ကမ်းသတ်မပိုင်းဖြတ်အပ်သော အနာဝရဉာဏ်တော်လည်း ရှိတော်မူထသော။ ဝီရော၊ မြီးဆံဖားဖားလည်ကြွားကြွားနှင့် သားများရာဇာကေသရာ သို့ငါးဖြာရန်ခွင်း ဗိုလ်သနင်းကို။ ဟတမောဟတမော၊ ကောင်းစွာ ဖျက်ဆီးတော် မူခြင်း၌ ရဲရင့်တော်မူထသော။ ဟတမောဟတမော၊ ကောင်းစွာရှင်းရှင်းဉာဏ် ရောင်မင်းဖြင့် ဖောက်ထွင်းသတ်ဖြတ် ဆိုပိတ်အပ်သော အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်လည်း ရှိတော်မူထသော။ ထိရော၊ လေးပြင်လေးရပ်မုံတိုင်းခပ်လည်း လွှင့်ပြတ်မဖွယ် မြင့်မိုရ်နှယ်နှင့် ရစ်သွယ်သတ္တရဇ္ဇုန်တောင်စဉ်ခြံသို့ စွဲသန်ကြန့်ခိုင် နှလုံးတည်းဟူသော မဏ္ဍိုင်ရှိတော်မူသဖြင့် မြဲမြန်တော်မူထသော။ ဇိနော၊ ဂေါတမ ဘုန်းခေါင်ဥသျှောင် သင်းကျစ်ဓမ္မရာဇ်မင်းဖျားစောဘုရားသည်။ မေ၊ အဘိဓမ္မာ တံခွန် မည်သာချွန်သည့် ကျမ်းမွန်ကျမ်းမြတ်ရေးစီရင်အပ်သော အကျွန်ုပ်ဆရာကြီး ၏။ ဓီရံ၊ ကျမ်းစာရေးခြင်းကို ရှေ့ရှုညွှန်းရည် တည်ကြည်လှစွာသော။ မာနသံ၊ မဟာကုသလဉာဏယှဉ်ဖုံး စိတ်နှလုံးကို။ သမ္ဘာလေတု၊ မိစ္ဆာဉာဏ်မဖက် ဝိဇ္ဇာ ဉာဏ်ထွက်လာအောင် မပျက်ကောင်းစွာ စောင့်ရှောက်တော်မူပါစေသတည်း။ ဝါ၊ မပျက်ကောင်းစွာ စောင့်ရှောက် တော်မူပါစေခလို။

၂။ သာရသေဋ္ဌေဟိ၊ အဘိဓမ္မနယပွေရှုတ် ရေသမုဒ်မှ ထုတ်နုတ်ယူငင် ဉာဏ် အစဉ်ဖြင့် သိမြင်စေတတ်စီမံအပ်သော ကောင်းမြတ်သောအနှစ်သာရတို့နှင့်။

သမ္ဗုဒ္ဓ္ထုံ၊ ကောင်းစွာ လျှမ်းဝေ့ကျမ်းလုံးပြည့်ထသော။ သုပါကဋ္ဌံ၊ မန္တလာခရိုင် ဟံသာတိုင်အောင် လှိုင်လှိုင်ပျံ့ပွား ဂုဏ်ရောင်ကြားသဖြင့် ထင်ရှားကျော်စောထသော။ တော်၊ အဘိဓမ္မာ့တံခွန်တိုင်နာမံချွန်သည့် ထိုကျမ်းမွန်ကို။ အဟံ၊ ရုပ်နာမ်နှစ်ဝ ဓမ္မမျှမှုကို အတ္တသမုတ်အကျွန်ုပ်(ဆရာကြီး)သည်။ ဝက္ခာမိ၊ ပါအံ့။ သာဓဝေါ၊ အတ္တုက္ကံသန ဝမ္ဘနချက် ယောမရှက်ပဲသက်သက်လိုလိုကြည်ညိုရွှင်တောင်း သူတော်ကောင်းဖြစ်ကြကုန်သော။ တုမှေ၊ သင်သောတုဇဉ်အပေါင်းတို့သည်။ သုမာနသာ၊ ဣဿာအစ မစ္ဆေရမှုမှကင်းပြုဝေးစွာ အဘိဓမ္မာတံခွန် ကျွန်ုပ်ဆိုလတံ့သောကျမ်းမွန်ကို။ သုဏာထ၊ မနောမွေ့မွေ့ သဘောတွေ့အောင် ဇောငွေ့ရွှင်လိုက် အာရုံစိုက်၍ နာလိုက်ကြပါကုန်လော့။

ဟူသော ၂-ဂါထာပါဌ် နိဿယဖြင့် ပဏာမ၊ ပဋိညာဉ်၊ ဥယောဇဉ် စသည်ဖော်ပြ၍ ဂန္ထာရမ္ဘပြုခဲ့လေသည်။

ယင်းအဘိဓမ္မာ့တံခွန်ကျမ်း၌– ဓာတုကထာဥဒ္ဒါနသင်္ဂဟဂါထာများ၊ ဓာတုကထာဥဒ္ဒါနသင်္ဂဟဂါထာနိဿယ၊ ယမိုက်ဆယ်ကျမ်းမှတ်ရန်များ၊ ပဋ္ဌာန်းပုစ္ဆာဝါရမှတ်ရန်၊ ပဋိစ္စဝါရမှတ်ရန်၊ ပစ္စယုဒ္ဒါရထုတ်ပုံ၊ ပဥှာဝါရ၌ အနုလုံသင်္ချာထုတ်ပုံ၊ ပဥှာဝါရအနုလောမပစ္စည်းမျိုး သင်္ချာထုတ်ပုံတို့ဟု ပါရှိလေသည်။ ယင်းကျမ်းကြီးကို အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့ရာ ရွှင်ဆိုက်စာမျက်နှာ ၅၄၀–ကျော်ရှိလေသည်။

## စာပေချပို့မြဲချပို့ခဲ့ခြင်း

ဆရာကြီးဦးအုန်းသည် အမရပူရမြို့ ပန်းဘဲတန်းရပ်တွင် အိမ်ထောင်ကျ၍ သမီးတယောက်ထွန်းကားခဲ့သည်။ ယင်းသို့အိမ်ထောင်ကျစေကာမူ အိမ်ထောင်မှုဆိုင်ရာအလုပ်အကိုင်များကို စိတ်မဝင်စားပဲ စာပေချပို့လျှက်သာ နေလေ့ရှိသည်။ သို့ဖြစ်ရာ အိမ်ရှင်မနှင့် ကွဲခဲ့လေသည်။ ၎င်းနောက်အိမ်ထောင်မပြုဘဲ စာပေသာ ချပို့ခဲ့လေသည်။

## မင်္ဂလာတိုက်၌စာချခြင်း

ထိုအချိန်တွင် မင်္ဂလာတိုက်၌ အဆောက်အအုံများနှင့် သံဃာတော်များမှာ ဆိတ်သုဉ်းလုမတတ်ဖြစ်လေ၏။ ထိုအကြောင်းအရာကိုမြင်၍ ဒါယကာများက

ဆရာ ကြီးဦးအုန်းအား မင်္ဂလာတိုက်ကြွရောက်၍ စာပေချပို့ရန် တောင်းပန်ကြသဖြင့် ၁၂၆၇–ခုနှစ်တွင် ဆရာကြီးဦးအုန်းသည် သံဃာတော် ၁၀–ပါးနှင့်အတူ မင်္ဂလာတိုက်သို့ ရောက်ရှိလာလေသည်။

## ကွယ်လွန်ခြင်း

ပဌမကျော် ဆရာတော်အရှင်အာဒိစ္စမှသည် ပထမကျော်ဆရာကြီးဦးအုန်း အမည်သစ်ရလာသော ဆရာကြီးသည် သက္ကရာဇ် ၁၂၈၇–ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈–ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့လေသည်။

## သံဝေဂယူရန်

အစ္စယန္တိ အဟောရတ္တာ၊ ဇီဝိတံ ဥပရုဇ္ဈတိ။
အာယု ခီယတိ မစ္စာနံ၊ ကုန္နဒီနံဝ ဩဒကံ[၁] ။

ကုန္နဒီနံ၊ ငယ်လျှဉ်းတုံလစ် မြစ်ချောင်းတို့၏။ ဩဒကံ၊ ရေသည်။ ခီယတိ ဣဝ၊ ကာလကြာရှည်မတည်ပုံသေကုန်ခမ်းလေသကဲ့သို့။ တထာ၊ ထို့အတူ။ အဟောရတ္တာ၊ နေ့ညဥ့်တို့သည်။ အစ္စယန္တိ၊ ကုန်လွန်သွားကုန်၏။ မစ္စာနံ၊ ကြုံလာဖြစ်လာသတ္တဝါတို့၏။ အာယု၊ အသက်သည်။ ခီယတိ၊ ကုန်၏။

## အဘိဓမ္မာညဝါကျော် တပည့်များပေါ်ထွန်းခဲ့

ပဌမကျော်ဆရာကြီးဦးအုန်း၏ကြိုးပမ်းမှုကြောင့် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်ဝိမလ၊ ညဝါတံခွန်ကျမ်းပြုဆရာတော် အရှင်ဓမ္မသာမိ စသည့် အဘိဓမ္မာညဝါကျော်ပုဂ္ဂိုလ်များ ပေါ်ထွန်းခဲ့လေသည်။

---

၁။ သံ။ ၁။ ၁၁၀။

# ညောင်လေးပင်တောရ ဆရာတော်ကြီး အရှင်သောမ

ညောင်လေးပင်မြို့ တောရကျောင်းတိုက် ပဌမဆရာတော်ဘုရားကြီး အရှင်သောမသည်လည်း မန္တလေးမြို့မြောက်ပြင် မဟာဇောတိကာရာမစံကျောင်းတိုက်ကြီး၌ ကျမ်းဂန်အရပ်ရပ်သင်ကြားတော်မူခဲ့သည့် မထေရ်မြတ်ဖြစ်တော်မူသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

ရွှေဘိုမြို့နယ်၊ ခင်ဦးဘူတာအနီး မုံလှရွာ၌ သက္ကရာဇ် ၁၂၁၁–ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် သာမဏေဝတ်၍ သက်တော် ၂၀–ပြည့်မြောက်ရာ ၁၂၃၁–ခုနှစ်၊ ကဆုန်လတွင် ရဟန်းပြုသာသနာဝန်ထမ်းဆောင်တော်မူခဲ့လေသည်။

## ကျမ်းဂန်အရပ်ရပ်သင်ကြားခြင်း

စစ်ကိုင်းတောင်ရိုး ကျေးတောင်ဦးတောရဆရာတော်ထံ ကျောင်းသားသာမဏေအဖြစ်နှင့် အောက်ခြေစာများသင်ယူခဲ့လေသည်။ ဆင်ဖြူကျွန်းမြို့၊ ပြည်မြို့၊ ရန်ကုန်မြို့၊ ကျိုက်ကလို့မြို့တို့၌ ဆက်လက် ပညာသင်ကြားတော်မူခဲ့လေသည်။

## မဟာဇောတိကာရာမတိုက်၌ ဆက်လက်ပညာသင်ကြားခြင်း

၎င်းနောင် မန္တလေးမြို့မြောက်ပြင် မဟာဇောတိကာရာမစံကျောင်းတိုက်၌ စံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿနနှင့် စာချဆရာတော်များထံ ဂန္ထဓုရ အဝဝကို ဆက်လက်သင်ယူတော်မူခဲ့လေသည်။

## ညောင်လေးပင်တောရ၌ သီတင်းသုံးသာသနာပြုခြင်း

– ၎င်းနောက် ဘုန်းတော်ကြီးဦးသီလနှင့်တွေ့သဖြင့် ညောင်လေးပင်တောရ၌ ရဟန်း ၁၁–ပါးနှင့်အတူစ၍ သီတင်းသုံး သာသနာပြုတော်မူခဲ့လေသည်။ ၎င်းဆရာတော်၏စွမ်းဆောင်မှုကြောင့် ညောင်လေးပင်တောရတိုက်ကြီး စည်ကားလာခဲ့လေသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

မဟာဇောတိကာရာမ အနွယ်လည်းဖြစ်တော်မူသော ညောင်လေးပင်တောရ ဆရာတော်ကြီး အရှင်သောမသည် ၂၂-နှစ်တိုင် သာသနာပြုတော်မူ၍ ၁၂၇၈-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈-ရက်၊ ကြာသပတေးနေ့နံနက် ၆-နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

နံနက်ပွင့်ဆန်း ကြာနီပန်းကား လန်းတဝေဝေ လှပချေလည်း နေ့အရောင်ဖြင့် ညှိုးပျက်လင့်သို့ ထို့နှင့်တူစွာ လူဖြစ်လာသည့် သတ္တဝါနနှ အစုစုလည်း လူနှစ်ဂေါဝိန် ပြက္ခဒိန်ဝယ် အချိန်ရက်စား ထိုရက်များကို စောင့်စားလမျှ ထိုလကိုလှစ် စောင့်ကြိုနှစ်ခဲ ဇရာစွဲ၍ လူ့ထဲမဝင် တောမျောက်သွင်မို့ ရှင်ထဲမလှ ဆုံးကာလဝယ် ဘဝခန္ဓာ စွန့်ရရှာသည် ဦးစွာဇာတိ ကျိုးရင်းတည်း[၁] ။

---

၁။ ဆီးတောမြသီတာဆရာတော်ကြီး ရေးသည့်လင်္ကာ။

■ ■ ■

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ကဝိန္ဒ

မန္တလေးမြို့အနောက်ပြင် ငွေတောင်တိုက်ကြီးကို တည်ထောင်သီတင်းသုံး သာသနာပြုတော်မူခဲ့သဖြင့် ငွေတောင်ဆရာတော်ဟု ထင်ရှားသော အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး အရှင်ကဝိန္ဒသည်လည်း မန္တလေး မြို့ မြောက်ပြင် မဟာဇောတိကာရာမ(စံကျောင်း)တိုက်၌ သီတင်းသုံး၍ စာပေ ကျမ်းဂန် သင်ယူတော်မူခဲ့လေသည်။

### ဖွားမြင် ရှင် ရဟန်းပြုခြင်း

မိတ္ထီလာမြို့ပိုင် ညောင်ရမ်းမြို့အရှေ့ဖက် ကန့်ဖြူရွာ၌ အဖဦးရွှေမောင်၊ အမိဒေါ်ကြူတ်တို့မှ သက္ကရာဇ် ၁၂၁၄–ခုနှစ်၊ ဝါဆိုလဆန်း ၁၃–ရက်နေ့၊ တနင်္လာ နေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

### ဂန္ထန္တရအဝဝကို သင်ယူခြင်း

ငယ်စဉ်ကစ၍ ညောင်ရမ်းမြို့ မိုးညှင်းကုန်းဂိုဏ်းချုပ်ဆရာတော်၊ ရွှေထား မြို့ ဇောင်ကြမ်းဂိုဏ်းချုပ်ဆရာတော်၊ ရမည်းသင်းမြို့ ရွှေကူဂိုဏ်းချုပ်ဆရာတော်နှင့် မန္တလေးမြို့တောင်ပြင် ဒက္ခိဏာရာမတိုက်တို့၌ ပိဋကတ်အခြေခံကျမ်းစာများနှင့် တကွ ဂန္ထန္တရအဝဝကို မဟုဿာ ဖွဲ့လုံ့လဖြင့် သင်ယူတော်မူခဲ့လေသည်။

### မဟာဇောတိကာရာမတိုက်၌ ဆက်လက်ပညာသင်ကြားခြင်း

၎င်းနောက် မန္တလေးမြို့မြောက်ပြင် မဟာဇောတိကာရာမတိုက်(စံကျောင်း) ၌ ၁–ဝါသီတင်းသုံး၍ မဟာဇောတိကာရာမစံကျောင်း ဆရာတော်ဘုရားကြီး စာပြောနည်း၊ ဝိနိစ္ဆယစာချနည်းတို့ကို ပိုင်ပိုင်မိမိ သင်ယူတော်မူခဲ့လေသည်။

### မိုးထားဆရာတော်၊ မြတောင်ဆရာတော်တို့ထံ ဆက်လက်ပညာသင်ယူခြင်း

၎င်းနောက် မန္တလေးမြို့တောင်ပြင် မိုးထားတိုက် မိုးတားသာသနာပိုင်ဆရာ

တော်ဘုရားကြီးအရှင်သုဇာတထံ အဋ္ဌသာလိနီ အဋ္ဌကထာနှင့် မူလဋီကာ စသည့် ကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။ ၎င်းနောက် မန္တလေးမြို့အနောက်ပြင် မဏိရတနာရာမမြတောင်တိုက်သို့ ပြောင်းရွှေ့သီတင်းသုံးကာ ဘွဲ့တံဆိပ်တော် ၃–ထပ်ရမြတောင်ဆရာတော်ဘုရားကြီး အရှင်အာလောကထံ ချဉ်းကပ်၍ သင်သင့် သင့်ထိုက်သည့် နည်းနာနယအဝဝကို သင်ယူတော်မူခဲ့လေသည်။ ဒုတိယစာချ၊ ပဌမစာချ အဖြစ်ဖြင့်လည်း စာပေချပို့တော်မူခဲ့လေသည်။

## ရာဇဂုရုစာရင်းတွင် ပဌမတန်းကဝင်ခြင်း

ရဟန်းသိက္ခာ ၁၃–ဝါရပြီးရာ ၁၂၄၇–ခုနှစ်တွင် ရာဇဂုရုဘွဲ့တံဆိပ်တော် အလှူခံရန် ဘုရင်မင်းတရားကြီး၏အမိန့်တော်ကို ခံယူတော်မူရသည့်အတိုင်း တံဆိပ်တော်ရဆရာတော်တို့၏ ပြည့်စုံလုံလောက် တတ်မြောက်ကျွမ်းကျင်ရမည်ဖြစ်သော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ယောဇနာဆိုင်ရာ ပဒ၊ ဝါကျ၊ သဒ္ဒ၊ အတ္ထ၊ သဒ္ဒတ္ထ စသည်ဥဿုံနည်းမျိုးစုံကို ခင်မဝန် မိုင်းခိုင်းမြို့စား မဟာသီရိဇေယျသူနန်း ပိဋကတ်ဝန်ကြီး၏လျှောက်ထားမေးမြန်းခြင်းကို ထက်သန်စူးရှသောဉာဏ်ဖြင့် ကျမ်းဂန်အရပ်ရပ်၌ တတ်မြောက်လိမ္မာသည့်အားလျော်စွာ မြင့်ကြွာဆေးလေးဖင့် နှေးဆိုင်းတွခြင်းမရှိပဲ တခဏခြင်း ဖြေဆိုနိုင်သဖြင့် ရာဇဂုရုတံဆိပ်တော် ဆပ်ကပ် လှူဒါန်းရန်ပုဂ္ဂိုလ်များ၏အောင်စာရင်းတွင် ပဌမဆုံးပါဝင်ခဲ့လေသည်။ သို့ရာတွင် သီပေါမင်းတရားပါတော်မူရသဖြင့် ရာဇဂုရုဘွဲ့တံဆိပ်တော်ကို အလှူမခံရပါချေ။

## ကံကို ထာဝစဉ်ယုံပါလော

အို သာသနာဝင်စာတော်ဖတ်–

သတ္တဝါအပေါင်းတို့ ကံကြောင့်ဖြစ် ကံစီမံသည့်အတိုင်းဖြစ်ရသည်ကို သဘောပေါက်ရာ၏။ လှည်းရထား၏ နပန်းစွန်းနပန်းစောက်ပမာ မိမိပြုစုခဲ့သည့် ကံသည် သတ္တဝါတိုင်း၏နောက်သို့ တကောက်ကောက်လိုက်နေပေ၏။ ကျော်ဇော ခြင်း။ ကျော်ဇောမဲ့ခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ရှုံးခြင်း၊ နိုင်ခြင်း၊ အသတ်ခံရခြင်း၊ အဖမ်းအဆီးခံရခြင်း စသည်တို့ကား ကံကြောင့်ဖြစ်ပေ၏။

ကမ္မုနာ ဝတ္တတိ လောကော၊ ကမ္မုနာ ဝတ္တတိ ပဇာ။
ကမ္မနိဗန္ဓနာ သတ္တာ၊ ရထဿာဏီဝ ယာယတော။

ကမ္မေန ကိတ္တိံ လဘတေ ပသံသံ၊
ကမ္မေန ဇာနိံ စ ဝဓဉ္စ ဗန္ဓံ။
တံ ကမ္မံ နာနာကရဏံ ဝိဒိတွာ၊
တသ္မာ ဝဒေ နတ္ထိ ကမ္မန္တိ လောကေ[၁] ။

## မြတောင်တိုက် ရွှေရေးကျောင်းတိုက်၌ သိတင်းသုံးစာချခြင်း

ကျေးဇူးရှင်မြတောင်ဆရာတော်ဘုရားကြီး အရှင်အာလောကမဟာထေရ်သည် သာသနာအကျိုးမြော်ကိုးကာ မြတောင်တိုက်ကြီးအတွင်း မြောက်ဘက်တံခါးအဝင်အနောက်ဖက်၌ လွန်စွာရှုဖွယ်အထူးခြူးပန်းခြူးနွယ်အသွယ်သွယ်တို့ဖြင့် ခြယ်လှယ်ဖန်ဆင်းအံ့ဘနန်းမျှ ခမ်းနားသပ်ယပ်စွာတည်ရှိသော အကောက်ဝန်မင်းရွှာစားကျောင်းခေါ် ရွှေရေးကျောင်းတော်ကို ချီးမြှင့်အပ်လှူတော်မူသဖြင့် ထိုရွှေရေးကျောင်း၌စာပေချပို့ ပရိယတ္တိသာသနာကို ချီးမြှောက်တော်မူခဲ့လေသည်။ ယင်းသို့စာပေကျမ်းဂန်ချပို့ယင်း သုဗုဒ္ဓဒီပနီကျမ်းကိုလည်း ပြုစီရင်ခဲ့သည်ဟုသိရလေသည်။

## ငွေတောင်ကျောင်းတိုက်ကြီးကို အလှူခံတော်မူခြင်း

သက္က ရာဇ် ၁၂၆၁–ခုနှစ်တွင် မန္တလေးမြို့အနောက်ပြင် ငွေတောင်ကျောင်းတိုက်ကြီးကို အလှူခံ၍သာသနာပြုလေရာ ငွေတောင်ဆရာတော်ဟု ထင်ရှားခဲ့လေသည်။ ၁၂၈ရ–ခုနှစ်တွင် တောင်ခွင်သာသနာပိုင်ဆရာတော်ဘုရားကြီး၏ သံဃနာယကအဖြစ်ခန့်အပ်ခြင်းကို ခံတော်မူရလေသည်။

---

၁။ မ၊ ၂။ ၄၁၂။ သုတ္တနိ။ ၃၇၉။ အဘိ၊ က။ ၃၉၆– ကြည့်။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို အလှူခံရရှိခြင်း

၁၂၈၈–ခုနှစ်တွင် အင်္ဂလိပ်အစိုးရမှတစ်ဆင့် တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီးကိုယ်တိုင်ဆက်ကပ်ချီးမြှင့်သည့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ကိုအလှူခံရရှိတော်မူခဲ့လေသည်။ ထိုသည့် ၁၂၈၈–ခုနှစ်က မန္တလေးမြို့အနောက် ပြင် ချမ်းသာကြီးတိုက်ဆရာတော်အရှင်ပဏ္ဍဝ၊ သာစည်မြို့နယ် ကုန်းဘောင်ရွာ ဆရာတော်အရှင်ပဏ္ဍိစ္စ၊ မန္တလေးမြို့မြောက်ပြင် ဝေဠုဝန်တိုက်ဆရာတော်အရှင်အာ ဒိစ္စ တို့သည်လည်း အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူကြသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ယင်းသို့ သာသနာ့ဝန်အားသွန်ကြိုးပမ်းထမ်းဆောင်စဉ် သက်တော် ၇၉– နှစ်၊ သိက္ခာတော် ၅၉–ဝါရှိရာ ၁၂၉၂–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄– ရက်နေ့ နံနက်အချိန်တွင် အစိန္တေယျမုနိန္ဒဟု လောကဦးသျှောင် ငါးမာန်အောင်လျှင် တန်ဆောင်မှန်ကင်း မင်းတို့ထွတ်ဖျား မြတ်ဘုရားသော်မှ ရှောင်ရှားခြင်းငှာ မတတ် သာသော ဓမ္မတာသဘာဝ အနိစ္စမှန် ငါးခန္ဓာဝ ဘင်္ဂသမုတ် မရဏာကမ္ဗဇရုပ် စုတိတွင်ချုပ်ဘိ၍ ဇာတိတဖန် မကင်းမှန်သေးရကား ဘဝဟောင်းကိုစွန့်ပစ် ဘဝသစ်နိုင်ငံ ရုပ်နာမ်ပေါင်းမှီး လူ့ပြည်ငြီး၍ နန်းထီးနန်းဘုံ ခိုလှုံဝင်စံ ပျံလွန်တော် မူလေသတည်း[၁] ။

## သံဝေဂယူရန်

ဇာတဿ မရဏံ ဟောတိ၊ ဇာတော ဒုက္ခာနိ ဖုဿတိ။
ဗန္ဓဝဓံ ပရိက္လေသံ၊ တသ္မာ ဇာတိံ န ရောစယေ။

ဇာတဿ၊ စွဲလာသန္ဓေ တည်နေဖြစ်လာ သတ္တဝါအား။ မရဏံ၊ စုတိပြတ် ကြွေ သေလွန်ရခြင်းသည်။ ဟောတိ၊ မလွဲပုံသေ ဖြစ်ရချေ၏။ ဇာတော၊ စွဲလာ သန္ဓေတည်နေသူသည်။ ဒုက္ခာနိ၊ ထွေထွေများလှ ဆင်းရဲဒုက္ခတို့ကို။ ဖုဿတိ၊

---

၁။ အကျယ် မန္တလေးသာသနာဝင်– ၇။ ငွေတောင်သာသနာဝင်ကြည့်။

ကြုံတွေ့ရ၏။ ဗန္ဓုံ၊ တုပ်နှောင်ချည်တည်း ဖမ်းဆည်းခြင်းကိုလည်းကောင်း။ ဝဓံ၊ ညှင်းဆဲနှိပ်စက် သတ်ဖြတ်ခြင်းကိုလည်းကောင်း။ ပရိက္လေသံ၊ အထူးထူးပြားပြားသော များစွာသောဘေးဥပဒ္ဒဝေါတို့လည်းကောင်း။ ဖုသတိ၊ ကြုံတွေ့ရ၏။ တသ္မာ၊ ထို့ကြောင့်။ ဇာတိံ၊ စွဲလာသန္ဓေ တည်နေခြင်းကို။ နရောစယေ၊ မကြိုက်မနှစ်သက်ရာ။

■ ■ ■

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ
## ဆရာတော် အရှင်ပဏ္ဍာဝ

ဆရာတော်အရှင်ပဏ္ဍာဝသည် စာပေအရာ၌ လွန်စွာကျော်ကြား ထင်ရှားသော ဆရာတော်ဖြစ်တော်မူသည်။ မန္တလေးမြောက်ပြင် မဟာဇောတိကာရာမစံကျောင်း တိုက်ကြီး၌ကြာမြင့်စွာ သီတင်းသုံး၍ စာပေကျမ်းဂန်သင်ကြား တတ်မြောက်တော်မူခဲ့သည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။

## ဖွားမြင်ခြင်း

ရွှေဘိုမြို့အနောက်ဘက် ဒီပဲရင်းပေါင်းထောင်ကျေးရွာ၌ အဖမင်းတေဇရဲသူ ဘွဲ့ခံ စာရေးတော်ကြီးနှင့် အမိမယ်ရွှက်ဖြူတို့မှ သက္ကရာဇ် ၁၂၁၄–ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈–ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည်မှာ မောင်လူပိုဖြစ်သည်[၁] ။

## သာမဏေဝတ် ပညာသင်ခြင်း

သက်တော်ငယ်စဉ်ကပင် ရှင်သာမဏေပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့ ရှင်ပဏ္ဍာဝဖြစ်လေသည်။ အသက်ရွယ်ငယ်စဉ်ကပင် ပေါင်းထောင်ကျေးရွာ ဘုံသာကျောင်းတိုက် ဂိုဏ်းထောက်ဆရာတော်ကြီးထံ ပိဋကတ်အခြေခံဖြစ်သော ကစ္စည်းသဒ္ဒါကြီး၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်၊ ဋီကာကျော်၊ ရူပသိဒ္ဓိစသော ကျမ်းများစွာကို သင်ယူတော်မူပြီးနောက် သက်တော် ၁၅–နှစ်သားအရွယ်တွင် မန္တလေးမြို့မြောက်ပြင် မဟာဇောတိကာရာမစံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿနမဟာထေရ်သည် ရုပ်ဆင်းအင်္ဂါနှင့်ပြည့်စုံလှပသော သာမဏေ ရှင်ပဏ္ဍာဝကိုမြင်လျှင် သဘောကျလှ၍ ဤသာမဏေကား ကေန္တပညာရှိပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်ဖြစ်လိမ့်မည်ဟု မှတ်ချက်ချတော်မူကာ နန်းတော်သို့ ဆွမ်းစားကြွတော်မူသောအခါ ရှင်လိုင်ပြန်၍ ခေါ်ဆောင်သွားတော်မူသည်။ မင်းတုန်းမင်းတရားကြီးသည် ရှင်လူထွက်မောင်ပိုကိုမြင်ရလျှင် ရွှင်ပြဝမ်းမြောက်ကာ

---

၁။ မောင်ပို ဖြစ်မည်ထင်၏။

ဤသူငယ်ကား ရုပ်ရည်ရူပကာယ သန့်ရှင်းကြည်လင်ချောပြေ(ဥပဓိသမ္ပတ္တိနှင့် ပြည့်စုံ)လှ၏။ ပညာရည်ချွန် ပုဂ္ဂိုလ်မွန်ဖြစ်မည်တကားဟု သိတော်မူ၍ ကျောင်းသားအား နာမည်ကိုမေးပြီး မောင်ပိုကြီးဟုပြင်ဆင်၍ မှည့်ခေါ်တော်မူပြီး ရှင့်ဒကာခံ၍ ရှင်သာမဏေပြုစေလေ၏။ ဘွဲ့တော်ရှင်ပဏ္ဍိတ ဖြစ်လေသည်။

## ရှင်ကျော် ပဌမကျော်

စံကျောင်းဆရာတော်ဘုရားကြီးအရှင်သုဒဿန၏တပည့် မင်းတုန်းမင်းတရားကြီး၏ ရှင်အဖြစ်ချီးမြှင့်ခြင်းခံရသော သာမဏေရှင်ပဏ္ဍိတသည် သက်တော် ၁၆–နှစ်တွင် သုဓမ္မာစာသဘင်ဝင်ရောက်ပြန်ဆိုရာ ပဌမရှင်ကျော်ဘွဲ့ကို ရရှိလေသည်။ သက်တော် ၂၀–နှစ်တွင် ဒုတိယတဆင့်တက်၍ သုဓမ္မာစာပြန်ပွဲတွင် ဝင်ရောက်ဖြေဆိုရာ မကုဋာရာမတိုက်တော်၌ ရဟန်းလောင်း ပဌမကျော်ဘွဲ့ကို ရရှိတော်မူလေသည်။

## ရဟန်းဘာဝဒုလ္လဘသို့

သက်တော် ၂၀–ပြည့်မြောက်ရာ ၁၂၃၀–ခုနှစ်၊ ဝါဆိုလဆန်း ၁၅–ရက်နေ့ ၁၀–နာရီအချိန်တွင် စကြာဒေဝီမိဖုရားခေါင်ကြီး၏ ပစ္စယာနုဂ္ဂဟဖြင့် သုဓမ္မာသိမ်တော်၌ စံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿနမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘာဝဒုလ္လဘသို့ ရောက်တော်မူခဲ့လေသည်။

## ပဌမစာချဖြစ်ခြင်း

ရဟန်းဖြစ်ပြီးနောက်၌လည်း ဆက်လက်၍ စံကျောင်းဆရာတော်ဘုရားကြီးနှင့် မကုဋာရာမဆရာတော်တို့ထံ ပညာဆက်လက်သင်ကြားပြီး စာပေချပို့တော်မူခဲ့လေသည်။ ပဌမစာချဘွဲ့ကို ရဟန်းသိက္ခာ ၈–ဝါအရတွင် ရရှိတော်မူ၍ ဆွမ်းဆန်တော် အထောက်အပံ့ကိုလည်း ရရှိတော်မူလေသည်။

## တံဆိပ်တော်နှင့်လွဲရခြင်း

တံဆိပ်တော်ပေးမေးခွန်းပုစ္ဆာများကို ကျနရှင်းလင်းစွာ ဖြေဆိုတော်မူနိုင်သဖြင့် သီပေါမင်းတရားက ရာဇဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်မည့်ဆဲဆဲတွင်

ပါတော်မူ ရသဖြင့် ရဟန်းတော်အရှင်ပဏ္ဍဝမှာ တံဆိပ်တော်နှင့် လွဲခဲ့ရလေသည်။

## တောသို့ဝါဆိုခြင်း

ရဟန်းသိက္ခာ ၁၉–ဝါအရတွင် မုံရွာတောရစေတိယတိုက်၌ ၆–ဝါပတ်လုံး သီတင်းသုံးတော်မူကာ အရညကင်ဝတ်နှင့်တကွ အခြားသော ဝတ်အချို့တို့ကို ကျင့်ကြံအားထုတ်တော်မူခဲ့လေသည်။

## ချမ်းသာကြီးတိုက်သို့

သိက္ခာတော် ၂၅–ဝါအရ သက္ကရာဇ် ၁၂၅၉–ခုနှစ်တွင် မန္တလေးမြို့အနောက်ပြင်ချမ်းသာကြီးတိုက်၌ သူဌေးမင်း ဦးဆယ်၊ သူဌေးကတော် ဒေါ်အုပ်တို့ ဆောက်လုပ်လှူဒါန်းသော အလယ်ကျောင်းကြီးပေါ်၌ သီတင်းသုံးတော်မူကာ စာလိုက်သံဃာ များစွာတို့အား စာပေချပို့တော်မူလေသည်။ ထိုစဉ်က စာလိုက်သံဃာတော် ၁၀၀၀–ခန့်ရှိသည်ဟု သိရသည်။

ယင်းသို့ ချမ်းသာကြီးတိုက်၌ စာပေပို့ချတော်မူခဲ့သည့် ၈–နှစ်ကြာငြောင်းတော်မူခဲ့လေသည်။

## ပရိယတ္တိသာသနဟိတဓမ္မာစရိယ　မူလစာချဖြစ်ခြင်း

သက္ကရာဇ် ၁၂၆၀–ပြည့်နှစ်တွင် ပရိယတ္တိသာသနအသင်းကြီး၏ ''ဘဒ္ဒန္တပဏ္ဍဝါဘိဝံသ ပရိယတ္တိသာသနဟိတမူလဓမ္မာစရိယ'' မူလစာချအဖြစ်ဖြင့် ကိုးကွယ်ထောက်ပံ့ခြင်းကို ခံတော်မူရလေသည်။

## သီဟိုဠ်နှင့်　အိန္ဒိယနိုင်ငံသို့

သက္ကရာဇ် ၁၂၆၂–ခုနှစ်၊ ပြာသိုလတွင် ဘုရားမြတ်စွာ သုံးကြိမ်ကြွရောက်တော်မူခဲ့ရာ လင်္ကာဒီပ သီဟဠဌပွေ တကျွန်းမြေသို့ကြွတော်မူ၍ ဘုရားဖိနော်၏ စွယ် တော်၊ ခြေတော်ရာ၊ မဟာစေတီ၊ ဗောဓိပင် စသည်တို့ကို ဖူးမြော်တော်မူခဲ့လေသည်။ တဖန် ဘာရတခေါ်သည့်အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသသို့လည်းကြွ၍ ဗောဓိပင်နှင့် ရွှေပလ္လင်၊ ကုသိနာရုံ စသည့် ပူဇနိယ သံဝေဇနိယဌာနများကို ဖူးမြော်ဦးချသံဝေဂယူတော်မူခဲ့လေသည်။

လက်ာဘာရတရဋ္ဌေ စ၊ ဂန္ဓာ သော ယတီသဘော။
ပူဇယီ ဝန္ဒယီ ထေရော၊ ပူဇာဘာဇနမုတ္တမေ။

## မြင်းကွန်းဝေယန်ဘုံမြင့်ရှောင်သို့

ဆရာတော်သည် –

''ရှေ့သွားနောက်လိုက် သိုက်မြိုက်ဖလို ကြံ့ချိုပမာ တချောင်းတည်းသာ ရှောင်ခွာဖော်နည်း တကိုယ်တည်းဖြင့် တောထည်းဝင်ခို ချမ်းသာပို၏'' ဟူသော တောထွက်ခန်းလင်္ကာနှင့်အညီ အဖော်မမီး တကိုယ်ထည်း ကမ္မဋ္ဌာန်း ဘာဝနာလုပ်ငန်းကို ကြိုးပမ်းအားသစ်တော်မူလိုရကား သက်တော် ၅၂၊ ဝါတော် ၃၂–ဝါရရှိတော်မူရာ ၁၂၆၆–ခုနှစ်တွင် ကြေးမြင်မိဖုရားအဆင်သင့်စီမံဆောက်လုပ် အပ်သော မန္တလေးမြို့အနောက်ဖက် မင်းကွန်းတောရ ရတနာဂီရိဝေယန်ဘုံမြင့် ချောင်ရှိ ကျောင်းတော်သို့ကြွတော်မူပြီး ဘာဝနာကမ္မဋ္ဌာန်းအလုပ်ဖြင့် ပျော်မွေ့တော်မူ လေသည်။

## ကျမ်းဂန်ပြုစုခြင်း

ဆရာတော်အရှင်ပဏ္ဍာဝသည် ကျမ်းဂန်မြောက်မြားစွာတို့ကိုလည်း နောက် သားနောင်လာတို့အကျိုးငှာ ရေးသားစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ –

၁။ အဘိဓမ္မာဝတာရဋီကာနိဿယသစ်။
၂။ နိဗ္ဗာနဝိနိစ္ဆယကျမ်း။
၃။ ကမ္မဝိနိစ္ဆယကျမ်း။
၄။ အာရမ္မဏဝိနိစ္ဆယကျမ်း။
၅။ ဗောဓိပက္ခိယရှုဘွယ်ကျမ်း
၆။ ပါရာယနရှုဘွယ်ကျမ်း
၇။ အတ္တသတ္တပုဂ္ဂလဘာဝဝိသောဓနီကျမ်း။
၈။ ဝိထိပုံ သုံးချက်စုလင်္ကာ
၉။ သီဟဠမဂ္ဂ စေတိယဝန္ဒနာစာတမ်း
၁၀။ အလင်္ကာရတ္ထဒီပနီကျမ်း– စသည်တို့ဖြစ်ကုန်၏။

## အလင်္ကာရတ္ထဒီပနီ

ဖော်ပြပါကျမ်းများအနက် အလင်္ကာရတ္ထဒီပနီကျမ်းကို သက္ကရာဇ် ၁၂၇၄–ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈–ရက်နေ့တွင် အပြီးသတ်ရေးသားတော်မူခဲ့သည်။ ကျမ်းဦး၌ –

**မုနိသတ္တမုခမ္ဘောဇ–ဂဗ္ဘသဥ္ဇာတသောဘဏီ။**
**သုဝိဘတ္တာမလာ ဝါဏီ၊ မယှံ ဝဍ္ဎယတံ မနံ။**

မုနိသတ္တမုခမ္ဘောဇဂဗ္ဘသဥ္ဇာတသောဘဏီ၊ မြတ်စွာဘုရားတည်းဟူသော သိကြားမင်း၏ခံတွင်းတော်တည်းဟူသော ပဒုမ္မာကြာတိုက်မှဖြစ်ခြင်းကြောင့် တင့်တယ်ထသော။ သုဝိဘတ္တာ၊ သင်္ကာသန၊ ပကာသန စသော အတ္တပဒဗျဉ္ဇနတို့ဖြင့် ကောင်းစွာဝေဖန်အပ်ထသော။ အမလာ၊ ရာဂစသော အညစ်အကြေးမှ ကင်းဝေးထသော။ ဝါဏီ၊ ပိဋကတ်သုံးပုံတည်းဟူသော သူရဿတီနတ်သမီးသည်။ မယှံ၊ တပည့်တော်၏။ မနံ၊ စိတ်နှလုံးကို။ ဝဍ္ဎယတံ၊ ပီတိသုခတို့ဖြင့် တိုးပွားပါစေသတည်း–ဟူသော အာသီသပုဗ္ဗက ဂန္ထာရမ္ဘဖြင့် ကျမ်းစာကိုရေးသားတော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌ –

ဤရွေ့တွင် အလင်္ကာကျမ်း၌ အကျဉ်းမှတ်သားဖွယ် အဓိပ္ပါယ်ကိုရော အလင်္ကာရတ္ထဒီပနီ မည်သောကျမ်းသည် သက္ကရာဇ် ၁၂၇၄–ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈–ရက် သောကြာနေ့တွင်ပြီး၏ဟု စကားဖြင့်လည်းကောင်း။

ရင်းပြင် –

မင်္ဂလာဗဟိုရ် လေးရောင်စိုသား မြင့်မိုရ်မိပတိ တောင်သာမိသို့ ဂီရိရတနာ ရဇတာနှင့် ဟေမာဂီရိ ဒိဇတူပါ လေးဖြာပဗ္ဗတ ကန္ဒရ၌ သန္တောသမှန် ဆဲ့နှစ်တန်ကို ခြို့ခြံမမေ့ ကျင့်သုံးလေ့လျက် ပျော်မွေ့ရသဝါ မထေရ်ငါသည် စာသင်စာချ နောက်သားလုတို့ ဒုက္ခမရှိ ပါဠိအဋ္ဌကထာ ကျမ်းဋီကာ၌ အလင်္ကာနည်းလွန်သိပ်သည်းကို သိမ်းဆည်းလွယ်ကူ ယူစိမ့်ရည်ရော် ဉာဏ်ရှုမျှော်၍ ခဲလော်ပါဠိ မသိအနက် ဓိပ္ပါယ် ချက်ကို မခက်ရဘှာ မြန်မာဘာသာဖြင့် နုတ်ကာရေးပြု ဤကောင်းမှုကြောင့်

စတုဂမ္ဘီ ခြောက်လီဘိညာဉ် ရှစ်စင်သမာ ဆင်တန်းဆာနှင့် လေးဖြာဖိုလ်မဂ် စဉ်တိုင်းတက်၍ မှာဖက်နိဗ္ဗာန် ဆုထူးပန်သည် လျှင်မြန်ရောက်ရပါစေသော်ဝ်။ ဟူသော ကေပိုဒ်လင်္ကာဖြင့်လည်းကောင်း နိဂုံးအုပ်တော်မူခဲ့လေသည်။

## ပုံနှိပ်ထုတ်ဝေခြင်း

ယင်းအလင်္ကာရတ္တဒီပနီကျမ်းကို ထိုစဉ်က ရန်ကုန်မြို့ ၂၅-လမ်း စာဆိုတန်း ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်မှ ပုံနှိပ်ထုတ်ဝေခဲ့ရာ ကျမ်းစာအတွင်း အပြင်မျက်နှာဆုံး၌ ''မန္တလေးရတနာပုံရွှေမြို့တော်ကြီးအနောက်ပြင် ချမ်းသာကြီးတိုက်ဆရာတော်ဘုရားကြီးသည် ၎င်းတိုက်ဝယ် ပရိယတ္တိဓမ္မကိုပို့ချနေထိုင်တော်မူပြီးနောက် အနောက်ဘက်ဇေယျာနဂရာပုရိဂိရိရတနာရဇတာနှင့် ဟေမာဂိရိ ဒိဇတုပါ လေးဖြာပဗ္ဗတ ကန္ဒရ၌ အရညဝါသီ မျှညီသီတင်းသုံးတော်မူစဉ် စာချစာသင် စာပွဲဝင် ရှင်လူတို့အကျိုးငှာ ပြုစီရင်တော်မူအပ်သော အလင်္ကာရတ္တဒီပနီကျမ်း'' ပါဠိဆရာကြီးဦးဖြေကြီးကြပ်ပြင်ဆင်သည်ဟု ပါရှိလေသည်။

ယင်းအလင်္ကာရတ္တဒီပနီကျမ်းမှာ ဒီမိုင်ဆိုက် ၁၇၅-မျက်နှာရှိ ကျစ်လစ်သိုသိပ်ကောင်းမွန်သည့်ကျမ်းဖြစ်လေသည်။

**အလင်္ကာရတ္တဒီပနီ၊ ဝိမတာ ထိရစေတသာ။**
**ရစိတာ ထေရသေဋ္ဌေန၊ ပဏ္ဍိစ ပဏ္ဍိဝိမဟာ။**

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်အလှူခံရရှိခြင်း

ဖော်ပြခဲ့ပြီးသော ဂဏ္ဌဝါစကဂုဏ်၊ ဂန္ထကာရကဂုဏ်တို့နှင့်တကွ သီလဝန္တ သိက္ခာကာမ စသောဂုဏ်တို့ဖြင့် လွှမ်းခြုံကျော်ကြားတော်မူရကား သက်တော် ၆၇၊ ဝါတော် ၄၇-ဝါအရ သက္ကရာဇ် ၁၂၈၈-ခုနှစ်တွင် အင်္ဂလိပ်အစိုးရတို့ လှူဒါန်းသော ''ပဏ္ဍာဝါဘိသိရိသဒ္ဓမ္မဇဇအဂ္ဂမဟာပဏ္ဍိတ''ဟူသော ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

## ဘဝနတ်ထံဝင်စံတော်မူခြင်း

ဖော်ပြပါဂုဏ်တော်တို့၏ပိုင်ရှင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ပဏ္ဍာဝ ဆရာတော်ဘုရားကြီးသည် သက်တော် ၈၆၊ ဝါတော် ၆၆-ဝါရရှိရာ သက္ကရာဇ် ၁၂၉၉-ခုနှစ်တွင်ဘဝနတ်ထံဝင်စံတော်မူခဲ့လေသည်[၁]။

## သံဝေဂယူရန်

အစ္စယန္တိ အဟော ရတ္တာ၊ ဇီဝိတံ ဥပရုဇ္ဈတိ။
အာယု ခီယတိ မစ္စာနံ၊ ကုန္နဒီနံဝ ဩဒကံ[၂] ။

ကုန္နဒီနံ၊ ကျဉ်းငယ်တုံလစ် မြစ်ချောင်းတို့၏။ ဩဒကံ၊ ရေသည်။ ခီယတိ ဣဝ၊ ကာလကြာရှည် မတည်ပုံသေ ကုန်ခမ်းလေသကဲ့သို့။ တထာ၊ ထို့အတူ။ အဟောရတ္တာ၊ နေ့ညဥ့်တို့သည်။ အစ္စယန္တိ၊ မုချကေန် ကုန်လွယ်ကြကုန်၏။ မစ္စာနံ၊ ကြုံလာဖြစ်လာသတ္တဝါတို့၏။ ဇီဝိတံ၊ အသက်ဇီဝိန်သည်။ ဥပရုဇ္ဈတိ၊ ချုပ်၏။ မစ္စာနံ၊ ကြုံလာဖြစ်လာသတ္တဝါတို့၏။ အာယု၊ အသက်သမုတ် နာမ်ရုပ်သည်။ ခီယတိ၊ ပုံသေမုချ ကုန်ခမ်းပျက်စီးရလေ၏။

---

၁။ မန္တလေးသာသနာဝင် ၁၈။ ချမ်းသာကြီးသာသနာဝင်လည်းကြည့်။
၂။ သံ၊ ၁။ ၁၁၀။ (မာရသံယုတ်၊ ဒုတိယအာယုသုတ်)။

■ ■ ■

# ဆရာတော် အရှင်ဉာဏဝံသ

ဆရာတော်အရှင်ဉာဏဝံသသည်လည်း စံကျောင်းတိုက်ထွက်ဖြစ်၏။ အလုံမြို့နန်းတော်ဘုတာဟောင်းအနီးရှိ ကြေးခေါင်းတောရကျောင်းတိုက်ကို စတင်တည်ထောင်သော ပုဂ္ဂိုလ်ဖြစ်တော်မူသည်။

လယ်တီဆရာတော်အောက်အသက်ငယ်၍ လယ်တီရောတော်မဟာဇောတိကာရာမစံကျောင်းတိုက်၌ သီတင်းသုံးစဉ် လယ်တီဆရာတော်ထံ ပညာသင်ဘူး၏။ စံကျောင်းတိုက်အခြားစာချဆရာတော်များထံ၌လည်း ပညာသင်ကြားတော်မူခဲ့လေသည်။

အရှင်ဉာဏဝံသကား နောက်လူထွက်၍အိမ်ထောင်ပြု သားသမီးများရပြီးမှ တဖန်ပြန်၍ရဟန်းပြုပြီး ဖော်ပြပါကြေးခေါင်းကြီးတောရကျောင်းတိုက်ကို စတင်တည် ထောင်ခဲ့လေသည်။

လယ်တီဆရာတော်ဘုရားကြီးသည် အရှင်ဉာဏဝံ၏ပင့်လျှောက်ချက်အရ ဖော်ပြပါအရှင်ဉာဏဝံသ၏ ကြေးခေါင်းကြီးကျောင်းသို့လည်း ၁၂၆၅-ခုနှစ်က ကြွရောက်၍ သီတင်းသုံးတော်မူဘူးလေသည်။

တက္ကပဏ္ဍိတအာဒီပိ၊ ဗုဒ္ဓကုံရာဝရာ သုဓီ။
ဉစ္စတော နိစတံ ယထာ၊ အညေသု ဟိ ကထာဝကာ။

■ ■ ■

## စံကျောင်းတိုက်စာချ အရှင်နာဂ

ဆရာတော်အရှင်နာဂသည် စံကျောင်းတိုက်အတွင်းရှိခဲ့ဘူးသော ပန်းတင်ကျောင်း၌စာပေပို့ချ၍ ကြာမြင့်စွာသီတင်းသုံးတော်မူခဲ့လေသည်။ လယ်တီဆရာတော်ထက်သိက္ခာအနည်းငယ်ကြီး၏။ စံကျောင်းဆရာတော်ဘုရားကြီး "သုဒဿနဝရမဟာဓမ္မသာမိရာဇာဓိရာဇဂုရု"၏တပည့်ဖြစ်၍ စာပေပို့ချမှုကောင်းမွန်၏။ လယ်တီဆရာတော်နှင့်လည်းရင်းနှီး၏။ စံကျောင်းတိုက်လယ်တီဆရာတော် သီတင်းသုံးစဉ် တပါးနှင့်တပါး "သန္ဒေသကထာ" မေတ္တာစာမျိုး ရေးသားခြင်း၊ စာပေ ဆွေးနွေးခြင်းကိုလည်း ပြုလုပ်လေ့ရှိ၏။ သို့ရာတွင် အရှင်နာဂကား လယ်တီဆရာတော်လို ကျော်ကြားသည့်ပုဂ္ဂိုလ် ဖြစ်မလာပါချေ။

## စံကျောင်းတိုက်ပျက်စီးခဲ့

မူလစံကျောင်းတိုက်တည်စဉ်က မဟာရံတံတိုင်း ၂-ထပ်နှင့် ကျောင်းရံ ၂၀-ကျော်နှင့်ရတနာဘုံစံကျောင်းမကြီးသာရှိခဲ့၏။ သို့ရာတွင် နောက်တဖြည်းဖြည်း ပိုမိုတိုးတက်စည်ကားလာရာ ကျောင်းပေါင်း ၄၆-ကျောင်းအထိရှိခဲ့သည်ဟုသိရ၏။

သို့ရာတွင် သက္ကရာဇ် ၁၂၄၄-ခုနှစ်၊ တန်ခူးလဆုတ် ၃-ရက်နေ့တွင် မီးမျိုပါးခြင်းခံရသဖြင့် ခဏချင်းလောင်ကျွမ်းပျက်စီးဆုံးရှုံးခဲ့ရလေသည်။ နောက်တဖန် အသစ်ဆောက်လုပ်၍ တည်ရှိသောကျောင်းများမှာလည်း ဒုတိယကမ္ဘာစစ်အတွင်း ဗုံးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ပြန်ရာ မြေပြင်နှင့်အုတ်ကျိုးအုတ်ပဲ့တို့နှင့် အုတ်ရိုးနီနီနှင့်မဟာရံတံတိုင်း အပေါက်အပျက်တို့သာ ကျန်ခဲ့လေသည်။

ယခုလက်ရှိကျောင်းအဆောက်အအုံအနည်းငယ်မှာ စစ်ပြီးခေတ်နောက်ပိုင်းတွင်းမှပေါ်ပေါက်ခဲ့သော အဆောက်အအုံတို့သာဖြစ်ကုန်၏။ ဆရာတော်အရှင်သုဒဿနကတဆင့်တက်၍ ပြုစုပျိုးထောင်ခဲ့သော မဟာဇောတိကာရာမစာသင်တိုက်ကြီးကား ဆရာတော် သက်တော်ထင်ရှားရှိစဉ်ကပင် ပြိုပျက်စပြုခဲ့ရာ ဆရာတော်ပျံလွန်တော်မူပြီးနောက်တွင်ကား စာသင်ကျောင်းတိုက်အသွင်မှလုံးဝ ဆိတ်သုဉ်းခဲ့ပါပြီတကား။

မြင်မြင်သမျှ၊ သခါရ၊ စိတ်က နှလုံးသွင်း။
ဖြစ်ပြီးဆိုမှ၊ ပျက်မည်ပ၊ မုချ မှန်မယွင်း။

## သီဟိုဠ်ရဟန်းများနှင့်စံကျောင်းတိုက်

စံကျောင်းတိုက်ကြီးခေတ်ကောင်းစဉ်က သီဟိုဠ်ရဟန်းတော်များလည်း ရောက်ရှိကာ မြန်မာရဟန်းတော်များနည်းတူ ပိဋကတ်စာပေကို သင်ယူကြရကုန်၏။ သို့ဖြစ်၍ မဟာဇောတိကာရာမစံကျောင်းတိုက်ကြီးသည် သီဟိုဠ်သာသနာကပင် အားပြုရာစာသင်တိုက်ကြီးဖြစ်လေသည်။

## အစစအရာရာအဆင်ပြေ

မဟာဇောတိကာရာမစံကျောင်းတိုက်ကား အစစအရာရာအဆင်ပြေလှ၏။ မန္တလေးတောင်မှစေတီပုထိုးများကိုဖူးရန်လည်း အချိုးကျလှ၏။ တိုက်ဦးတွင်ကပ်လျက်ရှိသော မဟာသကျမာရဇိန်စေတီတော်မြတ်ကြီးကို ဖူးမြင်ရန်လည်း အဆင်ပြေ၏။ မြန်မာဘုရင်များခေတ်က နန်းတော်မှလာရောက်ဖူးမြော်ရန်လည်း မပင်မပန်လွယ်ကူ၏။ သို့စဉ်ကလောက် ပတိရူပဖြစ်၍ အဆင်ပြေလှပေသည်။

## အဋ္ဌကထာ၊ ဋီကာများ ကျောက်ထက်အက္ခရာတင်ရန် စံကျောင်းတိုက်၌ စည်းဝေးခဲ့

၁၂၇၅–ခုနှစ်တွင် ရသေ့ကြီးဦးခန္တီသည် အဋ္ဌကထာ၊ ဋီကာကျမ်းများကို ကျောက်ထက်အက္ခရာတင်လိုသဖြင့် တောင်ခွင်သာသနာပိုင် ဆရာတော်အမှူးထားပြီး သုဓမ္မာဝင်ဌာနချုပ်၊ အနုဝိဇ္ဇက၊ မဟာနာယကဆရာတော်များအား လျှောက်ထားသောအခါ သာသနာပိုင်အမှူးရှိသော ဆရာတော်သံဃာတော်များသည် စံကျောင်းတိုက်၌ စည်းဝေးတော်မူကြပြီး အသီးသီး ကိုယ်စီကိုယ်ငှ တာဝန်ခွဲဝေ သုတ်သင်ကြသည်။

## ပုဒ်ပါဠ်သုတ် သင်ပေးရသော ဆရာတော်များ

(၁) ကင်္ခါဝိတရဏီအဋ္ဌကထာနှင့်ဝိနည်း ၅–ကျမ်း အဋ္ဌကထာ – အရှေ့ပြင်တိုက်တော် အဂ္ဂမဟာပဏ္ဍိတ ကျောက်ပန်းတောင်းဆရာတော်၊ အရှေ့ပြင်ခင်မကန်ဆရာတော်နှင့် အတုမရှိဆရာတော်။

(၂) အဘိဓမ္မာ ၇–ကျမ်း အဋ္ဌကထာ – ဒိုင်းဝန်တိုက်ဆရာတော်၊ စံကျောင်းတိုက်ဆရာတော်အရှင်နန္ဒနှင့် ၎င်းတိုက်ဆရာတော်ဦးစိတြ။
(၃) ပဏ္ဏာသ ၃–ကျမ်း အဋ္ဌကထာများ – အနောက်ပြင်တိုက်တော်မောက်ကြီးဆရာတော်။
(၄) သံယုတ် ၅–ကျမ်း အဋ္ဌကထာများ – စိန်ပန်းတိုက်သစ်ဆရာတော်။
(၅) အင်္ဂုတ္တိုရ် ၁၁–ကျမ်း အဋ္ဌကထာများ – သက်ပန်းဆရာတော်။
(၆) ခုဒ္ဒကပါဌအဋ္ဌကထာ – အဂ္ဂမဟာပဏ္ဍိတ ခေမာသီဝံဆရာတော်။
(၇) ဓမ္မပဒအဋ္ဌကထာ – အဂ္ဂမဟာပဏ္ဍိတ ဒီပဲရင်းဆရာတော်။
(၈) သုတ္တနိပါတ်အဋ္ဌကထာ က္ကတိဝုတ်အဋ္ဌကထာ – ရွှေရေးဆောင်ဆရာတော်။
(၉) ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ – တံခွန်တိုင်ဆရာတော်။
(၁၀) ဝိသုဒ္ဓိမဂ်အဋ္ဌကထာ – ဂူကြီးတိုက်အဂ္ဂမဟာပဏ္ဍိတကျောက်စာကြပ်ဆရာတော်အရှင်ဝါယမ။
(၁၁) ကျန်းအဋ္ဌကထာ၊ ဋီကာများကို မိုးထိတိုက်အဂ္ဂမဟာပဏ္ဍိတ ကျောက်စာကြပ်ဆရာတော်အရှင်ဇာဂရ။

ဖော်ပြပါလုပ်ငန်းအစီအစဉ်မှာ မဟာဇောတိကာရာမစံကျောင်းတိုက်မှ ပေါက်ဖွား လာခဲ့လေသည်။ ဖော်ပြပါကျမ်းများနှင့် လက်သန်းအဋ္ဌကထာ စသည့် အဋ္ဌကထာ များရေးတင်ပြီး ကျောက်ချပ်ပေါင်း (၁၇၇၄)ချပ်ကို စန္ဒမုနိစေတီအတွင်း ရသေ့ကြီး ဦးခန္တီ ဦးစီးတည်ထား ကိုးကွယ်ခဲ့လေသည်။

## သံဃာဦးရေ

ဆရာတော်အရှင်စန္ဒိမာ၊ ပြည်ဆရာတော်လက်ထက်က သံဃာဦးရေမှာ ၂၀၀၊ ၃၀၀–ခန့်သာရှိသည်ဟုခန့်မှန်းရလေသည်။ ဆရာတော်အရှင်သုဒဿန လက်ထက်တွင် သံဃာဦးရေမှာ လွန်စွာများလှပေ၏။ ဆရာတော်အရှင်သုဒဿန လက်ထက်၌ စံကျောင်းတိုက်သည် ''သုဝဏ္ဏယုဂ'' ခေါ်ခေတ်ကောင်းဖြစ်၏။ ထိုခေတ်က သံဃာ ၁–ထောင်တော့ မပြည့်ဟုသိရ၏။ တထောင်နားပတ်ဝန်းကျင် ၈၀၀–၉၀၀–ကျော်အထိ ရှိတတ်သည်ဟုသိရသည်။

ယခုအခါတွင်ကား ရှေးနှင့်စာလျှင် လွန်စွာမှနည်းလှ၏။ ၁၃၂၄-ခုနှစ်က ရဟန်း ၅-ပါး၊ သာမဏေ ၄-ပါးရှိ၏။ ယခုမူ ၂-ပါး၊ ၃-ပါးမျှသာ ရှိလေတော့သည်။

## စံကျောင်းတိုက်သာသနာဝင်လက်စသတ်ခြင်း

"မဟာဇောတိကာရာမ"သာသနာဝင်၊ သို့မဟုတ်စံကျောင်းသာသနာဝင် ဟုလည်းခေါ်နိုင်၏။ မဟာဇောတိကာရာမစံကျောင်းတိုက် သာသနာ့ဝန်ဆောင် ဆရာတော်တို့၏ လုပ်ငန်းဆောင်တာအဝဝကို သမိုင်းအမျိုးမျိုး ချဉ်းနင်း၍လည်း ကောင်း၊ ဆရာတော်ကြီးများကို မေးလျှောက်၍လည်းကောင်း ရေးသားမှတ်တင် ဖော်ပြခဲ့ရာ သာသနာပြုလိုသူတို့ နည်းယူနိုင်လောက်ပြီဖြစ်ရာ ဤတွင်လက်စသတ် လိုက်ပါပြီ။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
စံကျောင်း သာသနာဝံသောယံ၊ သမတ္တော သာဓုဝဏ္ဏိတော။

## မဟာဇောတိကာရာမစံကျောင်း
## သာသနာဝင်ပြီး၏။

■■■

# မန္တလေးသာသနာဝင် ကေဝီသတိမတွဲကျမ်း အပြီးသတ်ခြင်း

မန္တလေးသာသနာဝင် ကေဝီသတိမတွဲကျမ်းကြီး ၁၃၄၆–ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၁–ရက်နေ့ မဟာသင်္ကြန်အကြပ်နေ့တွင် ပြီးဆုံးသဖြင့် နောက်တစ်နေ့ဖြစ်သော ၁၃၄၆–ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၂–ရက်နေ့မှစ၍ ခုဒ္ဒကပါဌပါဠိတော်ကို အဋ္ဌကထာတွဲဖက်ချပို့ခြင်း၊ သာမဏေ ဦးပဋ္ဌင်းငယ်များ ကစ္စည်းသဒ္ဒါကြီးချပို့ခြင်း၊ သဒ္ဒတ္ထဘေဒစိန္တာကျမ်းကိုချပို့ခြင်း စသည့်စာပေကိစ္စများ ကြားတွင် ဤမည်သော မန္တလေးသာသနာဝင် ကေဝီသတိမတွဲကျမ်းကြီးကို ဆက်လက်ရေးသားပြုစုရာ ၁၃၄၇–ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀–ရက်နေ့၊ ညနေ ၄–နာရီ၊ မိနစ်၃၀–အချိန်တွင် အောင်လံစိုက်ဆောက်ပြီးမြောက်ပါသဖြင့် အောက်ဖော်ပြပါ ၁၀–ဂါထာပါဠိမြန်မာစကားပြေတို့ကို အထွတ်တပ်၍နိဂုံးအုပ်လိုက်ပါသည်။

၁။　ပခုက္ကူပုရသေဋ္ဌသ္မာ၊ ပစ္ဆိမေ အာသိ ဝိသုတော။
　　စတုဂါတဒေသမှိ၊ ကန်ရပ်ဂါမော သုသောဘနော။

ဘုရားမြတ်စွာသာသနာရောင်တောက်ပြောင်ထိန်ဝင်း လင်းလက်ရာဖြစ်သဖြင့် မြို့မွန်မြို့မြတ်ဖြစ်သော ပခုက္ကူမြို့အနောက်ဖက် လေးဂါဝုတ်ပမာဏဝေးကွာသောအရပ်၌ ပခုက္ကူခရိုင်(ပခုက္ကူမြို့နယ်)အတွင်း ကျော်စောခြင်းရှိသောရွာ၏ လေးဖက်လေးတန်၌ ကျောင်းကန်ဘုရား စေတီပုထိုး အမျိုးမျိုးတို့ဖြင့်တင့်တယ်သော ကန်ရပ်ရွာကြီး တည်ရှိလေသည်။

၂။　ဒွိနောဒွိဝေကသာကမှိ၊ တမှိ ဇာတေန ဇာတိယာ။
　　လက်ာဘာရတအာဒီသု၊ ဝုဋ္ဌပုဗ္ဗသုတေသိနာ။

ထိုကန်ရပ်ရွာကြီး၌ မူလချက်မြှုပ်အနေအားဖြင့် ၁၂၉၁–ခုနှစ်၌ ဖွားမြင်သော[1] သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံ၊ ဘာရတခေါ်သည့် အိန္ဒိယနိုင်ငံစသည့် နိုင်ငံရပ်ခြားတိုင်းတပါးတို့၌ကြာမြင့်စွာ နေခဲ့ဘူး၍ သက္ကတ၊ ပရာကရိတ်၊ အင်္ဂလိပ်၊ သီဟိုဠ်

ထိုထိုဘာသန္တရစာပေဗဟုသုတ သမိုင်းရာဇဝင်အမျိုးမျိုးတို့ကို ရှာမှီး လေ့လာသင်ယူ လေ့ရှိသော။

၃။ ဝိသုတာရာမသီဟာနံ၊ သိက္ခိတေန တိပေဋကံ။
သန္တိကေ နဝဝဿာနိ၊ သံဂီတိကိစ္စကာရိနာ။

ပခုက္ကူမြို့၊ မဟာဝိသုတာရာမဝိဇ္ဇာယတနကြီး၌ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ် အစရှိသော ပညာရှင်မဟာထေရ်မြတ်တို့၏အထံ၌ ကိုးနှစ်တိုင် ပိဋကတ်သုံးပုံကိုသင်ယူခဲ့သော၊ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ဆဋ္ဌသံဂီတိကာရက၊ ဆဋ္ဌသံဂီတိဘာဏက၊ ပဋိဝိသောဓက၊ ဩသာနသောဓက ဖြစ်၍ စာပေလုပ်ငန်းအဝဝကို ပြုလုပ်လေ့ရှိသော။

၄။ ဒက္ခိဏာရာမဝါသီနံ၊ သန္တိကေပိ သုဝိညုနံ။
သိက္ခိတေန စတုတ္ထံသ-ဝဿိကေန ယသသိနာ။

ရတနာပုံဘွဲ့မည်ထုံသော မန္တလေးမြို့တောင်ပြင် ဒက္ခိဏာရာမဘုရားကြီး တိုက် အမရပူရကျောင်းဆရာတော် နိုင်ငံတော်သံဃမဟာနာယကအရှင်ဥက္ကံသာ ဘိဝံသ -အစရှိသော ပညာရှင်မဟာထေရ်မြတ်တို့၏အထံ၌လည်း သင်ယူအပ် သော နည်းနယအဝဝရှိသော ရဟန်းသိက္ခာ ၃၄-ဝါရပြီး မဟာထေရ်ကြီးဖြစ်သော တပည့်တပန်းအခြံအရံနှင့်လည်းပြည့်စုံသော။

---

၁။ ၁၂၉၂-ခုနှစ် နတ်တော်လပြည့်ကျော် ၁၁-ရက်နေ့တွင် ဦးဘရှန်၊ ဒေါ်လှပို တို့မှဖွားမြင်ခဲ့ လေသည်။ ကံတိမ်ရွာ ဦးဘသင်း၊ ဒေါ်စိန်ခ- သားသမီးတစ်စုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်း အဖြစ်သို့ရောက်ခဲ့လေသည်။ ကန်ရပ်ရွာ ဦးပျော်ပါး၊ ဒေါ်သောင်း တို့ကလည်းကောင်း၊ ပခုက္ကူ မြို့၊ သံခိပ်ဒေါ် အေးသိဂီကလည်းကောင်း၊ ညောင်တုန်းမြို့၊ ကျူတမာရွာ ဦးကျော်ထင်၊ ဒေါ်စိန်ချစ် တို့ကလည်းကောင်း၊ ပခုက္ကူမြို့၊ ထမကောက်ရပ် အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးဘညွန့်နှင့်အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်ပုမိသားစုတို့ကလည်းကောင်း သိမ်ထပ် ဒါနပြုကြသည်။

၅။ သုန္ဒရေ ပုရသေဋ္ဌမှိ၊ သုန္ဒရေ ဝိသုတေ သုဘေ။
သုန္ဒရေ ဇောတိပါလမှိ၊ ဝသတာ ဂဏဝါစိနာ။

ကောင်းမြတ်တင့်တယ် နေချင်စဖွယ်ကောင်းလှသော ပခုက္ကူ ပိဋကတ်အတတ်သင် မြို့တော်မြတ်၌ တင့်တယ်သာမော ကျော်ဇောထင်ရှားလှသော မဟာဝိသု တာရာမဝိဇ္ဇာယတနကြီးအတွင်း၌ တိပိဋကပါရဂူမီ ဒီဃဒဿီ ကျေးဇူးရှင်ရေစကြို ဘုရားကြီးအရှင်ဂန္ထသာရမဟာထေရ်၊ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်၊ အဂ္ဂမဟာပဏ္ဍိတအရှင်နန္ဒဝံသမဟာ ထေရ်တို့ သီတင်းသုံး၍ ဓုရနှစ်ပါး ပွားများအားသစ်ရာ ဌာနမွန်ဖြစ်သဖြင့် တင့်တယ်သာယာ နေချင်စရာကောင်းလှသော သာသနဇောတိပါလကျောင်းကြီး၌ သီတင်းသုံး၍ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဒွေမာတိကာ၊ သဒ္ဒတ္ထဘေဒစိန္တာ၊ ရူပသိဒ္ဓိ၊ ဋီကာကျော်၊ ကင်္ခါဝိတရဏီ အဋ္ဌကထာ –စသည့် ပိဋကတ်အခြေခံ စာငယ်၊ စာလတ်ဟူသော ကျမ်းဂန်များနှင့် တကွ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒီဃနိကာယ်ပါဠိ အဋ္ဌကထာ၊ မဇ္ဈိမနိကာယ် ပါဠိအဋ္ဌကထာ၊ သံယုတ္တနိကာယ် ပါဠိအဋ္ဌကထာ၊ အင်္ဂုတ္တရနိကာယ် ပါဠိ အဋ္ဌကထာ၊ ဝိနည်းငါးကျမ်း ပါဠိ အဋ္ဌကထာ၊ အဘိဓမ္မာခုနစ်ကျမ်း ပါဠိ အဋ္ဌကထာ၊ ခုဒ္ဒကပါဌ ပါဠိအဋ္ဌကထာ၊ နေတ္တိ ပါဠိ အဋ္ဌကထာစသော မာဂဓနှင့်မုဒ္ဒဗောဓ၊ အမရကောသ၊ စာဏကျနီတိအစရှိသော သက္ကတဘာသာစသည့် ဘာသန္တရ ဂန္ထန္တရကျမ်းဂန် အမျိုးမျိုးတို့ကို ချပို့လေ့ရှိသော။

၆။ နေကေသံ ဂန္ထဇာတာနံ၊ လေခကေန သုတေသိနာ။
မဟတော ယတိဂဏဿ၊ ဇနဿ ဟိတကာရိနာ။

ပခုက္ကူသာသနာဝင်၊ မဟာဝိသုတာရာမနိကာယသာသနာဝင်၊ စစ်ကိုင်းသာသနာဝင်၊ ကလျာဏီသာသနာဝင်၊ မန္တလေးသာသနာဝင်ကျမ်းကြီးများ၊ ပခုက္ကူ အဘိဓာန်နိဿယသစ် အစရှိသော မြားမြောက်လှစွာသော ကျမ်းဂန်တို့ကို ပြုစီရင်၊ လောကီ၊ လောကုတ္တရာ ဗဟုသုတအဝဝကိုလည်း ရှာမှီးလေ့ရှိသော များစွာသော ရဟန်း ရှင် လူအပေါင်းတို့၏ အစီးအပွားကို ပြုလေ့ရှိသော။

၇။ မကွေးမဏ္ဍလေသုသံဃ – နာယကပရိသာယ စ။
ပုဗ္ဗင်္ဂမဥက္ကဋ္ဌေန၊ သာသနကိစ္စကာရိနာ။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် မကွေးတိုင်းသံဃနာယကအဖွဲ့ မကွေးတိုင်း သံဃနာသကသဘာ၏ ရှေ့ဆောင်ပဓာနဥက္ကဋ္ဌဖြစ်၍ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးကိစ္စကို ပြုလုပ်ဆောင်ရွက်လေ့ရှိသော အကျွန်ုပ် သည်။

၈။ နိဿာယ ဋီကတိဟာသေ စ၊ သိလာလိပိ ပဘုတယော။
ဗဟုလေ ဂန္ထသေဋ္ဌေပိ၊ ကတောယံ ဝိဒုမာနိတော။

သမိုင်း ရာဇဝင် သာသနာဝင် အတ္ထုပ္ပတ္တိကျမ်းဂန်အမျိုးမျိုး ကျောက်စာ စသော ရှေးဟောင်းမှတ်တမ်းများ အခြားသက်ဆိုင်ရာ ဋီကာ၊ အနုဋီကာ၊ နိဿယ၊ ဒီပနီ၊ ဖြတ်ထုံးနိယံ စာချုန်ည်း– စသည့် အသီးသီးသော ကျမ်းဂန်များကို မှီငြမ်းပြု၍ ဤမန္တလေးသာသနာဝင် ကေဝီသတိမတွဲကျမ်းကြီးကို ကြိုးပမ်းပြုစီရင် အပ်ပါ သတည်း။

၉။ တိဋ္ဌတံ အယံ မေ ဂန္ထော၊ သုသာရော ယာဝ သာသနံ။
တိဋ္ဌတေဝ သုတေသီနံ၊ သုဝံသံ သုပကာသယံ။

အကျွန်ုပ် များလှစွာပြား ဝိုင်းဝိုင်းလည်းနေသော စာချစာရေး– စသည့် အလုပ်ကိစ္စတွေကြားမှ စိတ်စေတနာထက်သန်လှစွာ ရေးသားပြုစုစီရင်အပ်သော ဤမန္တလေးသာသနာဝင် ကေဝီသတိမတွဲကျမ်းကြီးသည် ဘုရားမြတ်စွာ သာသနာ ရောင်ခြည်တည်ရှိသရွေ့ကာလပတ်လုံး သာသနာဝင်သမိုင်း အတ္ထုပ္ပတ်သုတေသီ တို့အား ကောင်းမြတ်သော အနွယ်အဆက်ကိုပြလျှက်တည်ထွန်းပါစေသတည်း။

၁၀။ အနေန သုဝိသိဋ္ဌေန၊ ပုညေနညေန ကမ္မုနာ။
မနီသိဘိ ဂုရုဟော၀၊ ဂစ္ဆေယျံ အမတံ သိဝံ။

ဤမန္တလေးသာသနာဝင် ကေဝီသတိမတွဲကျမ်းကြီး ပြုစုရသော ကောင်းမှု

ထူးနှင့် အခြားသောကျမ်းစာများ ပြုစုရေးသားရသော ကောင်းမှု၊ စာပေကျမ်းဂန် ချပို့သာသနာပြုရသော ကောင်းမှုအစုစုကြောင့် ပညာရှင်ကြီးများသာ ဖြစ်တော်မူကြသည့် ကျေးဇူးရှင်မဟာထေရ်မြတ်ကြီးတို့နှင့်အတူ အမတကျွန်းငူ သိဝနန်းသို့ စံမြန်းရပါစေသတည်း။

၂၉၀၂၅

**အဌမပိုင်း ပြီး၏။**

**မန္တလေးသာသနာဝင်**

**ကေဝီသတိမတွဲကျမ်း**

# အလုံးစုံပြီး၏။

■ ■ ■

၁၃၇၅-(၂၄-၉-၂၀၁၃) ကွန်ပျူတာ စာမူချောပြီးပါသည်။

ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော သော မမစ္စယေန တုမှာကံ သတ္ထာ- မိန့်ရွှေဗျာဖြင့် ငါတည်းဘုရား မရှိငြားလည်း ကိုယ်စားဓမ္မက္ခန် လေးထောင်ကျော် ရှစ်သောင်းပင် ဘုရားပေါင်း ကျန်သေးသည် နိဗ္ဗာန်ကူး မဂ်ကူးတို့ ငါကဲ့သို့ ပို့လိမ့်မည် စိုးရိမ်ဖို့ မရှိသာ- ဟု သာသနာ တော်ရှောင် ငါးထောင်စကား ကြားတော်မူခဲ့သည်။

ပိဋကတ်တော်ကို ကြည်ညိုစောင့်ရှောက် ရေးသား ကိုးကွယ် (ပူဇော်လှူဒါန်း)ရသော အကျိုးအာနိသံသ ဇာတ်တော်မှာ "အက္ခရာ ဧကမေကဉ္စ၊ ဗုဒ္ဓရူပံ သိယာ" စသည်ဖြင့် တစ်လုံးတစ်လုံး မျှသော အက္ခရာသည် တစ်ဆူတစ်ဆူသော ဘုရားရှင်နှင့် တူသည်သာ-။

ပရိယတ္တိ တလာကေ ဌိတေ

ပရိယတ်ကန်ရိုးကန်ဘောင် ခိုင်လုံချေမှ ပဋိပတ်ရေ ပဋိဝေဓကြာမျိုးငါးပါး စည်ကားပွင့်လင်းလေသည်။ ပရိယတ် ကွယ်ပျောက်ချေက သာသနာကွယ်ပလေ တော့သည်။ အရှည်နှောင်လာ အလေးဂရု ပြုစုကိုးကွယ် စောင့်ရှောက်ရစ်စိမ့်သောငှါ မိန့်မှာတော်မူခဲ့သည်။

လောကမာရဇိန် အဋ္ဌုပ္ပတ္တိ

(စာ-၇၆-၇၇)

အတွဲအမှတ်စဉ်(၂၁)

Graphic Design by Shwemyay-Nanda